
ဒိဋ္ဌိ
သံနှင့်သွေး
တာတိယစာကြိုမ်

ရာပြည့်စာအုပ် ၁၇၈

နန္ဒ

# သံ နှင့် သွေး

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

[ ၁၊ အောက်တိုဘာ၊ ၂၀၀၂ ]

# နန္ဒ [ ၁၉၁၉ – ၁၉၈၂ ]

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဆိတ်ထိန်းကျေးရွာ၌ အဖ လယ်ဝန် ဦးဘသွင်၊ အမိ ဒေါ်ငွေခိုင်တို့က ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းလေးယောက်တွင် ဒုတိယမြောက်သား ဖြစ်သည်။ အမည်ရင်းမှာ ဦးအောင်ကြည် ဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် တောင်သာမြို့ ဘုန်းတော်ကြီးကျောင်း၊ ၁၉၂၆ ခုနှစ်တွင် ရန်ကုန် စိန့်ပွန်ကျောင်း၌ ပညာသင်ခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် စိန့်ပွန်းကျောင်းမှ ဆယ်တန်းအောင်သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်၊ ၁၉၃၆ ခုနှစ်မှစ၍ ဘီအိုစီကောလိပ်တို့တွင် ပညာသင်ခဲ့၏။ ၁၉၄၂ ခုနှစ်တွင် ဘီအက်စီ(အင်ဂျင်နီယာ)ဘွဲ့ ရသည်။ ၁၉၄၈–၅၂ တွင် အင်္ဂလန်နိုင်ငံ ချာသမ် ဗိုလ်သင်တန်းကျောင်း၌ ပညာသင်ခဲ့၏။

၁၉၄၂ ခုနှစ်တွင် ပြည်သူ့လုပ်ငန်းဌာန၌ အင်ဂျင်နီယာ ဝန်ထောက်အဖြစ် စတင် အမှုထမ်းသည်။ ထိုနှစ်မှာပင် ဘီအိုင်အေသို့ ဝင်ရောက်ခဲ့၏။ ဘီဒီအေတွင် ဆက်လက်ပါဝင်ခဲ့ပြီး၊ ဖက်ဆစ်တော်လှန်ရေးကာလတွင် တပ်ရင်း(၄)၌ ဒုဗိုလ်အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် မြန်မာနိုင်ငံ အိုးအိမ်ဆောက်လုပ်ရေး ကော်ပိုရေးရှင်းတွင် တာဝန်လွှဲပြောင်းကာ လက်ထောက် အမှုဆောင် အင်ဂျင်နီယာအဖြစ် အမှုထမ်းသည်။ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၌ ဆက်လက် အမှုထမ်းခဲ့သည်။

၁၉၄၀ ပြည့်နှစ်မှစ၍ သူရိယမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းတို့တွင် 'နန္ဒ' ကလောင်အမည်ဖြင့် ဆောင်းပါးများ စ ရေးသည်။ ၁၉၄၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်မှသည် စက်တင်ဘာလ ၁၂ ရက် အထိ မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြခဲ့သော "လေရူးသုန်သုန်" အခန်းဆက် ဝတ္ထုရှည်ကြီးသည် နန္ဒ၏ ပထမဆုံးလက်ရာ ဖြစ်သည်။ အမေရိကန် စာရေးဆရာမကြီး Margaret Mitchell ၏ Gone With The Wind ကို မှီငြမ်းပြုသည်ဟု အဆိုရှိသည်။ ထို့နောက် သိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာ **လမ်းပန်းအဆောက်အဦ အခြေခံပညာကျမ်း**(၁၉၄၉)၊ **အားနှင့် သက်ရောက်အားများ(အခြေခံ)**၊ **အပူနှင့်အပူရှိန်**၊ **အား**၊ **နေအိမ်ငယ်များ** စာအုပ်များကို လည်းကောင်း၊ စိတ်ပညာဆိုင်ရာ **ဖရိုဒ်၏ စိတ်ပညာကောက်နုတ်ချက်များ**(၁၉၆၄၊ ၁၉၆၅၊ ၁၉၆၆)၊ **တဏှာဟူသည်**၊ **စိတ်ခွဲပညာ**(၁၉၆၆)၊ **မျိုးသိပ်စိတ်**(၁၉၆၉) စသည့် စာအုပ်များနှင့် **ဆေးပညာသမိုင်း** စာအုပ်တို့ကို လည်းကောင်း၊ ပင်ကိုရေး လုံးချင်းဝတ္ထုရှည်ကြီးများ အဖြစ် **ချစ်တော်မူ**၊ **ချစ်ထုံးဖြေကွယ်**(၁၉၅၀)၊ **ပိုးကြိုး**(၁၉၅၀)၊ **အနိမ့်စံ**၊ **မေ့ရက်ကယ်နိုင်တော့တယ်**၊ **ရွာလေတသဲသဲ**၊ **ချစ်ချင်းပြိုင်**၊ **ချစ်လွန်းလို့**၊ **မွေးမှပန်**၊ **ဤဇာတ်ခုံ**၊ **စာ**၊ **နှောင်ဂျိန်ဝှမ်း**၊ **သံနှင့်သွေး**(၁၉၅၁၊ ၁၉၆၅)၊ **ဤဘဝ ဤမျှသာ**(၁၉၅၂၊ ၁၉၆၈)၊ **လေရူးသုန်သုန်** [ မြန်မာ့အလင်း သတင်းစာပါ ဝတ္ထုကို လုံးချင်းပြန်ထုတ်ခြင်း ၁၉၅၂(?) ]၊ **မိုးယံသို့ချီ**(၁၉၆၇)၊ **ခေါင်းလုံချီချီ သွေးနီနီနှင့်**(၁၉၆၈)၊ **ငါ့စား ငါ့သွေး ငါ့ရောဝတီ** (နိုဝင်ဘာ,ဒီဇင်ဘာ ၁၉၆၈၊ ဖေဖော်ဝါရီ, မေ,ဇူလိုင် ၁၉၆၉) စသည်တို့ကို လည်းကောင်း၊ အမေရိကန် စာရေးဆရာကြီး Jack London ၏ The Peope of the Abyss ကို **ချောက်ကမ်းပါးကြီးထဲမှ လူသားများ**(၁၉၆၆) အမည်ဖြင့် ဘာသာပြန်၍ လည်းကောင်း ရေးသားပြုစုခဲ့သည်။

၁၉၈၂ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။

# မာတိကာ


- အမှာ ၁၁
- မှိုင်းငြိမ်း ကိုးကားသော စာအုပ်စာတမ်းများ ၁၂
- စာအုပ် မှတ်တမ်း ၁၃
- နှစ်ငါးဆယ်က ငယ်သူငယ်ချင်း [ မောင်ခင်မင်(ဓနုဖြူ)] ၁၄

၁။ နယ်ကျွံသည့် ဤသုံးဦး ၁၇
၂။ ဘုရင့်လူနှင့် အသည့်သား ၂၄
၃။ ညီဖြူတဲ့မောင်၊ ဓားရောင်က ဖွေး ၃၀
၄။ ပျိုတို့မောင် ညိုညိုကြော့၊ ဆီးကြိုတော့လေး ၃၇
၅။ ပျို့အမိငယ် မြွင်၊ အိမ်ဝင် မောင်ကြီး နေး ၄၃
၆။ မင်းအရေးက ဥပါယ်တံမျဉ်၊ ချင့်ကလေးမှ ချစ်ဖွယ်ပလီ ၅၁
၇။ ညီလေးစို ပျော့တော့တော့၊ နန်းရေးကိုမှ ဆော့ ၅၆
၈။ ရန်သူနှင့် တိုး၊ အချစ်ကို နှိုး ၆၃
၉။ မင်းနေပြည် နန်းရွှေနဂရ ၇၀
၁၀။ ကိုယ်တော်ကြီးနှစ်ပါး ဇ္ဇကိထားဖုံးကွယ်ရာ ၇၇
၁၁။ ညီလေးစို နိုးနေရသဲ့ ညဉ့် ၈၄
၁၂။ ညောင်ရမ်းညီနောင်၊ မာရဘင် သေနတ်စုနှင့် ညီလေးစို ၉၁
၁၃။ သွယ်လေးခင်နှင့် ကိုကြီးညို ၉၇
၁၄။ စွဲလမ်းသည့် အချစ်၊ ဖွဲ့တန်းက အဖြစ် ၁၀၄
၁၅။ ပျိုခင်တို့ ရှာသားပေမို့၊ စကားလေးသဲ့ ပါးရအောင် ၁၁၁
၁၆။ သူ့အမိနှယ် စုန်းတတ်သယ် ၁၁၇

၁၇။ ဇော်ဂနီကို ကွင်းမလား၊ အချစ်စိတ်ကို ချဉ်းမလား ၁၂၃
၁၈။ ရွှေခါချဉ် ခါးချည့်ချည့်၊ မြင်းမိုရ်ကို ကလိ ၁၃၁
၁၉။ ရွှေညောင်ပင် ပွင့်စေတော့၊ ခါမလင့် ချစ်ပါ့မယ် ၁၃၈
၂၀။ ချစ်မဏ္ဍိုင် ခြဝါးလို့၊ ခင့်သံကြား မောင် မသိချင် ၁၄၂
၂၁။ ပြည်ပန်းညို့ ချိုချင်ရက်ပ၊ ဆားက မြက်သယ် ပျိုတို့မောင်ရယ် ၁၄၉
၂၂။ နှောင်းပလီ ပွေ့ရှုပ်လို့၊ ဖေ အဟုတ် ချစ်ခဲ့သူရယ် ၁၅၅
၂၃။ အချစ်ကို လုမှာလား၊ အနှစ်ကို စုသလား ၁၆၀
၂၄။ ကြောက်သူ လန့်သူနှင့် ခြောက်သူ လှန့်သူ ၁၆၇
၂၅။ တော် မပျော်ဘူး… ပလီပလာ ၁၇၄
၂၆။ ပျို့ချစ်ကို ထားရစ်ပ သက်လယ်ငယ် ၁၈၁
၂၇။ အကြေပြန် အညာသားနှယ် ၁၈၈
၂၈။ ဖုံးထားသည့် အချစ်၊ မြှုံးနားက အနှစ် ၁၉၄
၂၉။ ဖုန်းဘဝအဖို့၊ အဆုံးရဲ့ အစ ၂၀၁
၃၀။ ကိုယ်တို့ ကင်းဝန် ဖျင်းသလော၊ စင်းသလော ၂၀၈
၃၁။ ဓားပြကြီး ငရန်မင်း ၂၁၅
၃၂။ ရွှေဉာဏ်တော် ကွန့်မြူးရို့၊ ဒူးခိုက်ခိုက် တုန်စဖွယ် ၂၂၂
၃၃။ ပဲပြားပင်နှင့် ပါးပြင်းခွက် ၂၂၇
၃၄။ ကာနယ်ဝိုင်ဒမ်၏ မီးပုံးပျံ ၂၃၄
၃၅။ ညီအရေးက မအေးသကို၊ သည်သွေးကမှ နွေးသလို ၂၄၀
၃၆။ အထိုးအသုတ် အခုတ်အလဲ၊ ဓားတစ်ပွဲ ၂၄၇
၃၇။ ကိုညိုကြီးနှင့် သွယ်လေးခင် ၂၅၄
၃၈။ ပျို့အသည်းယဉ်မှာဖြင့် ချစ်သဝန်ရောင် သမ်းမိပေါ့ ၂၆၁
၃၉။ ရွာသူ့လက်ချက် လူထုအမျက် ၂၆၇
၄၀။ အငြိုး၊ အသက်နှင့် ကတိ ၂၇၃
၄၁။ အရိုး… အရွက်ဖြင့် ဖိ ၂၇၉
၄၂။ သည်းဘဝင် ကျွဲဝင်လို့ ခတ်သမို့ ၂၈၅
၄၃။ အကျင့် ချိုခဲ့ပြီ၊ အသင့် ကြိုလှည့် အတည် ၂၉၁
၄၄။ ရှုပ်လှချေ့ ရွှေနန်းရေး ၂၉၈
၄၅။ ဖုံးမရသူရဲ့ အစ၏ အဆုံး ၃၀၅
၄၆။ ထိမ်ထားသဲ့ အပြစ်၊ သိမ်နားက အဖြစ် ၃၁၃

၄၇။ ဘုရင့်လူနှင့် ဘုရင့်ရန်သူ ၃၂၀
၄၈။ ရှမ်းစက္ကူနှင့် ပေရွက်ဝါ၊ ထွေးအင်ပြင်က ပြာ ၃၂၈
၄၉။ ရွှေပင့်ကူ အိမ်ဖွဲ့ရော့၊ ရေတိမ်နော့ နစ်တော့မယောင် ၃၃၅
၅၀။ ပန်းကလေး ညှိုးနွမ်းရှာလေပြီ ၃၄၁
၅၁။ ညောင်ရမ်းယောင်ယောင် ဘသန်းမောင် ၃၄၈
၅၂။ ကုလားဖြူ ငါးခေါင်း၊ ငထွန်းပေါ်က ဓားတောင်း ၃၅၆
၅၃။ အချစ်ကို မဖြုန်း၊ အစစ်ကို မုန်း ၃၆၀
၅၄။ မင်းမဲ့ ပြည်၊ တပ်ပျက် ဗိုလ် ၃၆၆
၅၅။ ခေတ်ပြိုမှာမှ လက်ရဲသကို ၃၇၃
၅၆။ ပြေးသူနှင့် တွေ့သူ ၃၇၈
၅၇။ ပြေးသူနှင့် ရှာသူ ၃၈၇
၅၈။ ရန်ပင် ခုတ်ရှင်း၊ သွေးစုပ်ရင်း ၃၉၂
၅၉။ ဆုံးပြီးသူအတွက် အရှုံး ၃၉၈
၆၀။ နံ့ပြည်စုတ်ကလေးပါ ... နော ၄၀၄
၆၁။ သံ နှင့် သွေး ၄၁၁

# အမှာ

ကုန်းဘောင်ခေတ် ကုန်ချိန်ကလေး အတွင်း၌ပင်လျှင် မြန်မာတို့သည် ဇာတိမာန်ဖြင့် ရစ်ထန်သိမ်းကျုံး၊ ဘုန်းအဆူဆူ ကိုယ်ရည်ကို တလှူလှူ လွှင့်နိုင်ခဲ့သေးသည်။ လွတ်လပ်သော အရုဏ်၊ ရဲရင့်သော စိတ်၊ တင့်မြဲသော လက်ရုံးရည်နှင့် ဓားလွတ်ကို ကိုင်၊ မြင်းကောင်းတွင် ထိုင်ကာ ဆိုင်ပိုင်ရာ ကိုယ်ရေးကို သတ္တိဖြင့် သွေးနိုင်ခဲ့ပေသေးသည်။

ယောကျ်ားတို့သည် ကျားနိုင်ခဲ့ကြပါ၏။

သံကို ဓားလုပ်၊ ဉာဏ်ကို အားကုတ်ပြီးလျှင်၊ ဇွတ္တိကို ချုပ်၊ သတ္တိကို သွေးသုတ်၍ လွတ်လပ်ရေး ဇာတ်ထုပ်များကို ခင်းကျင်းနိုင်ကြသည်။

မြောက်မြားစွာသော ယင်းသည့်ဇာတ်ထုပ်တို့မှ ကောင်းနိုးရာရာများကို ဖွေရှာ စိစ်ဆေး ရေးသားပြုစုလိုက်သော ဤဝတ္ထုရှည်သည် မြန်မာ့ရာဇဝင်တွင် အရေးအကြီးဆုံး သီပေါလက်ထက် စနှင့်ဆုံး ပြည့်လျှမ်းအောင် မှုတည်ထားသည်။

သို့ မှုတည်ရေးသားရာတွင် သီပေါမင်းတရားကို လည်းကောင်း၊ ကင်းဝန် ဦးကောင်းကို လည်းကောင်း၊ တိုင်တားမင်းကြီး ဦးဖိုးကို လည်းကောင်း၊ အင်္ဂလိပ်ကို လည်းကောင်း မထည့်သွင်း မရေးသားဘဲ မဖြစ်နိုင်သောကြောင့် ထည့်သွင်းရေးသားရပေ၏။

သို့ ရေးသားရာ၌ ထိပါးပုတ်ခတ်မိသမျှနှင့် လွတ်လပ်ရက်ရောစွာ မှတ်ချက် ချထားသမျှတို့မှာ မှန်သောကရုဏာ ဒေါသော၊ မြင့်မြတ်သည့် စေတနာဖြင့် ရေးသားမိခြင်း ဖြစ်ပါသည်။ ထိုစေတနာကို တင်စားကြရန် မေတ္တာရပ်ခံပါကြောင်း။

**ရာပြည့်စာအုပ်တိုက်**

## မှီငြမ်း ကိုးကားသော စာအုပ်စာတမ်းများ

[၁] မှန်နန်း ရာဇဝင်တော်ကြီး
[၂] သီပေါမင်း ပါတော်မူ အရေးတော်ပုံ (ဦးဖိုးကျား)
[၃] မြန်မာဝန်ကြီးမှူးကြီးများ အတ္ထုပ္ပတ္တိ
(မှော်ဘီ ဆရာသိန်းကြီး)
[၄] ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ် စာတမ်း
[၅] ကင်းဝန်မင်းကြီး အတ္ထုပ္ပတ္တိသမိုင်း
(ဦးမောင်မောင်တင်)
[၆] သီပေါမင်း ပြည်တွင်းရေးနှင့် မြင်ကွန်းမင်းသား
အတ္ထုပ္ပတ္တိ (အသျှင်ဥတ္တမဗုဒ္ဓိ)
[၇] မြန်မာ့အလင်း မဂ္ဂဇင်း
[၈] မန္တလေး သူ့ရိယ
[၉] ဂန္ထလောက (၁၉၃၉ ခုနှစ်ထုတ် စာစောင်များ)
[၁၀]. ကျောင်းသုံး မြန်မာရာဇဝင် (ဆရာဦးအုန်းမောင်၊ ပန်းတနော်)
[၁၁] ဘိုးဝဇိရ အတ္ထုပ္ပတ္တိ

[ရာဇဝင်ပါ ပုဂ္ဂိုလ်များ၊ စကားအသုံးအနှုန်းများ၊ ဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်ပုံများ၊ နေရပ်ဌာနများ၊ ရာသီဥတု တောတောင် ရေမြေများကို တကယ့်သဘာဝ၊ ဒေသန္တရ၊ ဂန္ထန္တရ၊ ရာဇဝင် ဗဟုသုတ၊ ပေါရာဏ၊ ကိုယ်တွေ့ စာတွေ့ ဆည်းပူး မှတ်သားချက်များမှ မှီငြမ်း ရေးသားသည်။]

**စာအုပ်မှတ်တမ်း**

စတင်ပြုစုသည့် နေ့– သက္ကရာဇ် ၁၃၀၅ ခု၊ တပေါင်းလပြည့် တနင်္ဂနွေနေ့။

အလုံးစုံ ပြီးမြောက်သည့် နေ့– သက္ကရာဇ် ၁၃၁၃ ခု၊ တပေါင်းလဆုတ် ၃ ရက်၊ တနင်္ဂနွေနေ့။

ဤ၀တ္ထုပါ စာသား၊ ဓာတ်လမ်း စသည်မှ တစ်စိတ်တစ်ဒေသကိုမျှ ကူးယူသုံးနှုန်းခြင်း မပြုရ။ ရုပ်ရှင်၊ ပြဇာတ်၊ ရေဒီယို အသံလွှင့် အပါအဝင် စာရေးသူ၏ လုံး၀ မူပိုင်ဖြစ်သည်။

# နှစ်ငါးဆယ်က ငယ်သူငယ်ချင်း

"'သံနှင့်သွေး"ကို ကျွန်တော် အလယ်တန်းကျောင်းသားဘဝက စတွေ့ခဲ့သည်။ တွေ့စကမူ သူ့ကို အထင်မှားပြီး ခပ်စိမ်းစိမ်း နေခဲ့မိသည်။ နောက်မှ သူ့အကြောင်းကို သိရပြီး ခင်မင်ရင်းနှီးသွားပါသည်။

ကျွန်တော်တို့၏ ဗဟန်း အစိုးရအလယ်တန်းကျောင်း စာကြည့်တိုက်မှာ "သံနှင့်သွေး" ကို စတွေ့ခြင်း ဖြစ်သည်။ သို့သော် တွေ့စက သူ့ကို ဝတ္ထုစာအုပ်ဟု မထင်မိ။ ပျင်းစရာကောင်းသော ပညာပေး ကျမ်းစာအုပ်ကြီးဟုသာ ထင်မိသည်။ ထင်လည်း ထင်စရာပင်။ ကြည့်ပါဦး။ မျက်နှာဖုံး သရုပ်ဖော်ပုံလှလှကလေးများ ပါလေ့ရှိသော ဝတ္ထုစာအုပ်များ၏ အစဉ်အလာနှင့် သွေဖည်ကာ မျက်နှာဖုံးတွင် ဘာအရုပ်မှ မပါဘဲ ကနုတ်ပန်းများသာ ဝိုင်းရံထားပြီး "နန္ဒ ပြုစုရေးသားသော သံနှင့်သွေး"ဟူသည့် စာလုံးများသာ တွေ့ရသည်။ စာအုပ်က တစ်တွဲတည်းလည်း မဟုတ်။ နှစ်တွဲ ခွဲထားသည်။ ထူလည်း ထူသည်။ စာအုပ်နာမည်ကလည်း ထိုစဉ်က စာပေဗိမာန်က ထုတ်ဝေသော "သိပ္ပံနှင့် ဇီဝ"စသည့် ပညာပေးစာအုပ်များ၏ နာမည်မျိုး ဖြစ်နေသည်။ ထို့ကြောင့် 'သံအကြောင်း သွေးအကြောင်း ရေးထားတဲ့ ပညာပေးကျမ်းကြီး ဖြစ်မှာပါပဲ'ဟူသော အတွေးဖြင့် ထိုစာအုပ်နှစ်တွဲကို ငှားမဖတ်ဖြစ်ဘဲ ခပ်စိမ်းစိမ်း နေမိခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် ထိုစာအုပ်ကြီးကို အမှတ်မထင် လှန်ကြည့်ရင်း မာတိကာဆီသို့ မျက်စိရောက်သွားသည်။ 'ညိုတဲ့မောင် ဓားရောင်က ဖွေး'၊ 'ညီလေးစို ပျော့တော့တော့ နန်းရေးကိုမှ ဆော့'၊ 'ကိုယ်တော်ကြီးနှစ်ပါး ဇက်ထားဖုံးကွယ်ရာ'၊ 'ဘုရင့်လူနှင့် ဘုရင့်ရန်သူ' ဂသည့် အခန်းခေါင်းစဉ်များကို စိတ်ဝင်စားဖွယ် တွေ့လိုက်ရသည်။ သည်တော့မှ 'ဟာ ဝတ္ထုစာအုပ်ကြီးပါလား'ဟု သဘောပေါက်ပြီး ဝမ်းသာအားရ ငှားဖတ်မိပါသည်။ ဖတ်ကြည့်တော့မှ ကုန်းဘောင်ခေတ် နှောင်းပိုင်းကို နောက်ခံ ပြုထားသော ရာဇဝင်နောက်ခံ ဝတ္ထုကြီးဖြစ်ကြောင်း သိရပါတော့သည်။

**ရာပြည့်စာအုပ်တိုက်**

“သံနှင့်သွေး ဝတ္ထုသည် ဒုတိယကမ္ဘာစစ် အပြီးတွင် ထွက်ပေါ်လာသည့် သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည်များထဲ၌ မှတ်တိုင်တစ်ခု ဖြစ်သည်။”

[ ပါရဂူ၏ ပရကထာ.... မှ]

“လက်က မချချင်အောင် ကောင်းလှပါသည်။ ဇာတိသွေး ဇာတိမာန် တက်ကြွလာအောင် နှိုးဆော်ပေးနိုင်သော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ပါသည်။”

[ မောင်ခင်မင်(ဓနုဖြူ)၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ.... မှ]

“သမိုင်းနောက်ခံ ဝတ္ထုပေါင်း များစွာကို ကျွန်တော် ဖတ်ခဲ့ဖူးပါသည်။ ပထမဆုံး တအံ့တသြ တရှိုက်မက်မက် နှစ်သက်စွဲလမ်းခြင်း ဖြစ်မိခဲ့သည်မှာ ‘သံနှင့်သွေး’ ဖြစ်ပါသည်။”

[ အောင်သင်း၊ ၂၀ ရာစု အထူးခြားဆုံး မြန်မာစာအုပ်များ....မှ ]

“မည်သို့ဆိုစေ၊ သံနှင့်သွေးသည် နန္ဒ ရေးသမျှတွင်မှ အကောင်းဆုံး ဟု ပြောနိုင်သည်။”

[ မလိခ၏ မြန်မာဝတ္ထုအညွှန်း၊ အမှတ်(၂)....မှ]

“မိမိ အကြိုက်နှစ်သက်ဆုံး ဝတ္ထုများတွင် တစ်အုပ်အပါအဝင် ဖြစ်သွားသည်။.... သံနှင့်သွေးသည် မိမိအပေါ်တွင် အတော်ကြီးပင် လွှမ်းမိုးလျက် ရှိသည်။....မိမိ၏ *မြန်မာပြည်မြောက်ပိုင်း၊ တံခွန်တိုင် မောင်နှမများနှင့် ရာမည*တို့တွင် သံနှင့်သွေး၏ ဩဇာလွှမ်းမိုးမှု အငွေ့အသက်များ ရှိနေလိမ့်မည်ဟု ထင်မိသည်။”

[ နတ်နွယ်၏ မိမိနှင့် စာရေးဆရာများ၊ တောအကြောင်း တောင်အကြောင်း.... မှ]

သံနှင့်သွေးမှာ ဇာတ်ဆောင်များသည် ကျွန်တော့်အာရုံထဲတွင် ရုပ်လုံးကြွပြီး အသက်ဝင်လာပါသည်။ အင်း၀ တံတားဦးနယ်သား စားရေးကောင်းသော ငညို၊ လူပုံ ပျော့ပျော့နှင့် နန်းတွင်းရေးကိုမှ စိတ်ဝင်စားသော ငစို၊ နှုတ်ခမ်းမွေးစစနှင့် ကောက်ကျစ် စဉ်းလဲသော ရွှေဘိုငနောင်၊ ငညို၏ အနွံအတာခံသော သူငယ်ချင်းကောင်း ငတွန်၊ ငညို၏ချစ်သူ ဒွေးမယ်၊ ငစိုကို ချစ်ပါလျက် ငနောင်နှင့် လက်ထပ်ရပြီး ကြေကွဲဖွယ် ဘ၀အဆုံးသတ်ရသော ခင်မှုံ၊ မျက်နှာမှာ စားခုတ်ရာကြီးပါသော လူကြမ်းကြီး ဦးမင်းဒန် စသည့် ဇာတ်ဆောင်များ ကဏ္ဍအသီးသီး၌ ပါဝင်လှုပ်ရှားကြပုံကို မျက်စိထဲမှာ ကွင်းကွင်း ကွက်ကွက် မြင်ယောင်လာပါသည်။

ငနောင်က ခင်မှုံကို လက်ထပ်ပြီး အိမ်ခေါ်သွားသောအခါ အိပ်ရာပေါ်မှာ ပက်လက်ဖြစ်နေသော ငနောင့်မိခင်ကြီးက ခင်မှုံအား မိမိတို့၏ ဂုဏ်အဆင့်အတန်းကို ဂုဏ်တင်ပြီး မာနသံဖြင့် ပြောနေစဉ် အိမ်အိုကြီး၏ သက်ငယ်အမိုးကို ပိုးစားပြီး တဖွားဖွား ပဲ့ကြွေကျလာပုံကဲ့သို့ လှပသည့် အကွက်ကလေးများကိုလည်း အမှတ်ထင်ထင် ဖြစ်ရ ပါသည်။

အရေးအသားကလည်း အလွန် ဆွဲဆောင်အားကောင်းသည်။ 'ဟုတ်သယ်' တို့၊ 'မွေ့မေလေး'တို့ပို စကားသံတွေကို ကြားယောင်လာအောင် ရေးဖွဲ့နိုင်သည်။ အညာလေ အပြည့်ပါသော ပြောစကားများ အသက်ဝင်သည်။ ကုန်းဘောင်ခေတ် နှောင်းပိုင်း နန်းတွင်းရေးများနှင့်လည်း စိတ်ဝင်စားဖွယ် ဖွဲ့ယှက်ထားသည်။ မြန်မာ ယောက်ျားကောင်းတို့ သံနှင့် ပြုလုပ်ထားသော ဓားကို ကိုင်လိုက်သည်နှင့် သွေးကျိုက် ကျိုက် ဆူသည့် သဘောကို အလေးအနက် ဖော်ညွှန်းထားသည်။

ကျွန်တော်သည် "သံနှင့်သွေး"ကို သဘောကျလွန်းသည့်အတွက် ပြန်ပြန် ဖတ်မိပါသည်။ တက္ကသိုလ်ရောက်ချိန်တွင် စာအုပ်ရောင်းသမားကြီး စာပုလွေ ကိုဦးထံမှ ထိုစာအုပ်ကြီး နှစ်တွဲကို အပိုင်ဝယ်ပြီး တရိုတသေ သိမ်းထားခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင် "ကျော်ညွှန့်နှင့် အပေါင်းအသင်း"က သံနှင့်သွေးကို တစ်အုပ်တည်း ပေါင်းကာ ဒုတိယ အကြိမ် ပြန်ထုတ်သည်။ ပထမထုတ်သည့် စာအုပ်နှစ်တွဲလောက် ခံ့ခံ့ညားညား မရှိဟု ထင်မိပါသည်၊

သံနှင့်သွေးကို အကြောင်းပြု၍ စာရေးသူ နန္ဒကိုပါ စိတ်ဝင်စားမိသည်။ နန္ဒ၏ အမည်ရင်းမှာ ဦးအောင်ကြည် ဖြစ်ကြောင်း၊ ဗိုလ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အင်ဂျင်နီယာဖြစ်ကြောင်း သိရသောအခါ ပို၍ အံ့သြစရာ ဖြစ်ရသည်။ သံနှင့်သွေးအတွက် ညှိနှိုင်းကိုးကားသော ကျမ်းများကို ကြည့်ပြီး စာပေနှံ့စပ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရသည်။ "သံနှင့်သွေး" က ၁၉၅၀ ပြည့်နှစ် ကျော်ပိုင်းမှာ ထွက်သော စာအုပ်ဖြစ်သည်။ နောက် ၁၀ နှစ်ကျော်အကြာ ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းတွင် ဆရာနန္ဒ၏ ရာဇဝင်

နောက်ခံ ဝတ္ထုများ ဆက်လက်ပေါ်ထွက်လာသည်။ "မိုးယံသို့ ချီ"၊ "ဒေါင်းလံချိုချို သွေးနီနီ"၊ "ငါ့ဓား ငါ့သွေး ငါ့ရောဝတီ" တို့ ဖြစ်ကြသည်။ ပြောစမှတ်ပြုလောက်သော ဝတ္ထုများ ဖြစ်ပါသည်။ တစ်ခါတွင် နာရေးကြော်ငြာ၌ ဆရာနန္ဒ၏ အမည်ကို တွေ့လိုက်ရသောအခါ များစွာ နှမြောမိပါသည်။

သံနှင့်သွေး အစွဲရှိခဲ့သော ကျွန်တော့်ကို ရာပြည့်စာအုပ်တိုက်က ပြန်ထုတ်မည့် သံနှင့်သွေးအတွက် အမှာစာ ရေးပေးပါဟု ဆိုလာသောအခါ ကျွန်တော့်အကြိုက် ဖြစ်သွားသည်။ သံနှင့်သွေးအကြောင်း ထွေထွေရာရာ စဉ်းစားရင်း ဝမ်းသာစရာ တစ်ခုကိုလည်း သတိရလာသည်။ အခြားမဟုတ်ပါ၊ ကျွန်တော် သဘောကျခဲ့သော ပထမအကြိမ်ရိုက် သံနှင့်သွေး စာအုပ်ကြီးမှာ ခဲ့ညား ထူထဲပြီး အရေးအသား ချောမွေ့ပြေပြစ်သည် မှန်သော်လည်း စာလုံးပေါင်း သတ်ပုံ အမှားအယွင်း များလှသည့်အတွက် ဝတ္ထုဖတ်ရင်း စာလုံးပေါင်း သတ်ပုံမှားများကြောင့် စိတ်ထဲမှာ ကသိကအောက် ဖြစ်ခဲ့ရပါသည်။ ယခု ရာပြည့်က ပြန်ပုံနှိပ်လျှင်ကား စာလုံးပေါင်း သတ်ပုံမှားများ ပါစရာမရှိတော့သည့်အတွက်* ဝမ်းသာစရာ ဖြစ်ပါသည်။

ရာပြည့်က ပုံနှိပ်ပြီးမည့် သံနှင့်သွေးကို ပြန်ဖတ်ရသည့် အခါတွင်ကား လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်က ကွဲကွာသွားသည့် ငယ်သူငယ်ချင်းကို ပြန်တွေ့ရသကဲ့သို့ ခံစားရမည် ထင်ပါသည်။

**မောင်ခင်မင် (ဓနုဖြူ)**

---

*** စွမ်းသမျှ ကြိုးစားထားပါသည်။ [ ရာပြည့်စာအုပ်တိုက် ]**

လေပြည်လာ သာညင်းညင်း။

မြင်းညိုကြီးနှင့် လူသည် အသားကျနှင်လာရာမှ ကမ္ဘူစွန်းကလေးတွင် လေးဖက်ချ ညီညီ မြင်းဇက်ကိုဆွဲပြီး တန့်လိုက်သည်။

ပါးချုပ်တခဲခဲနှင့် မြင်းကြီးလည်း နှာခေါင်းနှစ်ပေါက် ပွချေပိန်ချေ၊ လည်ဆံတဖွားဖွားလန်ရင်း သခင်၏အလိုကို ကြည်ဖြူစွာ လိုက်လျောပြီးလျှင် ခေါင်းမော့မော့မြူးနေသည်။

မြင်းညိုကြီး ဇက်ငြိမ်စပြုလျှင် လာလမ်းအတိုင်း နောက်ပါးမှ မြင်းတစ်စီးရောက်လာပြန်သည်။ မြင်းပေါ်က လူလည်း မြင်းညိုကြီး မြီးဖွားအနီးသို့ ကပ်၍ သူ့မြင်းကိုဇက်သတ်သည်။ သူ့မြင်းက ရေနံရောင် မြင်းဟောင်းဖြစ်၏။

မြင်းညိုကြီးပေါ်မှလူ ဝတ်ထားသော ဆေးဆိုးပုဆိုး ခါးပုံစသည် လေပြည်၌ တဝေဝေလွင့်နေသည်။ ပိန်းတန်းပါးကိုလည်း ခါးနောက်မှ ညှပ်ထိုးထားလျက်ထွားလှသည့် လည်တိုင်ကို နွယ်ပတ်သလို ရစ်ခွေထားသော ပေါင်းပဝါ နုံ့သာရောင်မှာလည်း ခါးပုံစနှင့် ယှဉ်၍ လေရှေ့က ယိမ်းလွင့်နေသည်။

တရုတ်ပုံ အပေါ်ဖျင် အင်္ကျီပွနှင့်၊ သျှောင်ကြီးပွေ တစောင်းတွဲနှင့်၊ မျက်နှာမည်းဝိုင်း၊ နှာတံထင်းထင်း မျက်လုံးပြူးနှင့် မြင်းညိုရှင်သည် ကိစ္စဝိစ္စ မရှိ၊ မြင်းအပျော်စီး ထွက်လာခြင်းမျှ ဖြစ်၍လော မသိ၊ ကမ္ဘူစွန်းတွင် ငြိမ်သက်စွာ တန့်မြဲတန့်နေလျက်။

မြင်းညိုကြီးမှာလည်း ဇက်အိကျနေသည့်တိုင် သခင့်အလိုကျ ခြေတစ်ချက်မျှ မဆတ်ဘဲ နားရွက်နှစ်ဖက်၊ တစ်ဖက်ချင်း ခတ်နေသည်။ မြင်းနှင့်လူမှာ ရုတ်ခြည်းသော်တစ်ကြောတည်း ထုထားသော ကျောက်တုရုပ်လုံးကဲ့သို့ တစ်သားတည်း ငြိမ်နေသည်ဟု တွေးမိစရာ။

နောက်မှ ရောက်လာသည့် မြင်းပေါ်က လူမှာ မြင်းညိုရှင်ထက် အသက်ငယ်ပုံ ရ၏။ မြင်းညိုရှင့်တပည့် လူရင်းလည်း ဖြစ်သည်။ တစ်ပတ်ရစ် မဲပုဆိုး ခါးပုံစမှာ

မြင်းနံကြော၌ လျှောက်၍ လေထဲတွင် တဘတ်ဘတ် လွင့်နေသည်။ မတိုက်မချွတ်သဖြင့် ဆေးချေးနှင့် မည်းနေသော သွားကြီးတွေက ဆေးတံတိုကို ခဲပြီး လက်တစ်ဖက်မှာ မီးခတ်စုံ ကိုင်လျက်သား ဖြစ်လေရာ၊ တစ်နေရာတွင် ဆေးသောက်ရန် ခါးပုံကြားက မီးခတ်စုံထုတ်ရင်း ဒရောသောပါး လိုက်ခဲ့ရခြင်းကြောင့် ခါးပုံစပင် မသိမ်းအားသေးပေ။ ထိုနေရာကျမှ မြင်းကို ဇက်ပုံပေးပြီးလျှင် မြင်းအောက်ဆင်း၊ ဆေးတံသောက်၍ ပုဆိုးပြန်ကျိုက်ရသည်။ မေးအောက်က ချိတ်တင်ခဲ့သော ပေါင်းပဝါနီကိုလည်း သျှောင်ပေစူးတွင် ပြန်ပေါင်းရ၏။ သူ့မှာ ဖိနပ်မပါ။ လူကား ဗလန်ဖြစ်ပြီး သူ့အရှင်ကဲ့သို့ အသားညိုစပ်စပ်။

မြင်းပေါ်ပြန်တက်ပြီးမှ သူ့အရှင် အနီးသို့တိုးကာ ကမူအောက်သို့ ငုံ့ကြည့်သည်။

လေပြည်ကလေး သူတို့ဆီ တသွင်သွင်လာနေရာ သာသာယာယာ ညင်းညင်းလေးလေး။

သူတို့ဘေးတစ်ဖက်မှာ တောစပ်ကလေးဖြစ်သည်တွင် တစ်နေရာ တစောင်း၌ ပျဉ်းကတိုးပင် တစ်အုပ်စုနေသည်။ ကမ်းပါးစွန်းအထိကား ပေါင်းပင်၊ ပပြားပင်၊ နွယ်ချို၊ ခရာ၊ မြရာပင်များ ချုံတပုတ်ပုတ် ပေါက်နေ၏။ ကမူစွန်း အဖျားကလေးကို စွင့်ပြီး ထိကရုံး၊ မြက်နွယ်ပင်များ ခိုကပ်နေသည်။ သစ်ပင်၊ မြက်ပင်၊ ပေါင်းပင်များလည်း လေညင်းကလေးကို ခေါင်းငုံ့ ဦးခိုက်နေသည်။ သစ်ရွက်ရိုက်သံကိုကား မကြားရ။

မွန်းတည့်နေရောင်တွင် တစ်ပင်ပုံကျ တစ်ကိုင်းဝင်နား နေကြသော တောငှက်များပင် မမြည်ကြ၊ မတမ်းကြ။ လေသာ တိုက်သည်။ လေသာ မတိုက်လျှင် မြင်ရသော ထိုရှုမျှော်ခင်းမှာ အသက်ပင် ဝင်နေပါစဟု ထင်စရာ။ ဤမျှ တိတ်ဆိတ်လှသဖြင့်ပင် တိတ်ဆိတ်ခြင်းကို မဖျက်ဆီးချင်။ အားပါးနာ၍များ မြင်းကို နားနေသလားဟု မြင်းပေါ်က လူတွေအား မေးလိုက်ချင်စရာပင်။

နေကျော်နေသော စကားတောင်၊ နေဟပ်သော ရွှေတောင်တို့သည်ပင် အသက်မဲ့နေသော ပန်းချီကားချပ် တစ်ဖက်စွန်းက ပေါင်ယွန်းနေသကဲ့ ဖြစ်နေသည်။ တိမ်ထွေးရစ်ပတ် နှင်းတိုက်တွေ ရိုက်ကပ်နေသော ညို့ညို့ဆိုင်းဆိုင်းနှင့် ထိုတောင်ကြီးနှစ်လုံးပင် ခပ်မှိုင်းမှိုင်းကြီး မှုန်ကုပ်ကုပ် လုပ်နေကြဟန်။ စိမ်းရာတွင် စိမ်းညို့ညို့၊ ပြာရာတွင် ပြာနှန့်နှန့်၊ ဝါရာတွင် တဖန့်ဖန့်နေသော တောတန်း၊ ခင်တန်း၊ လျှိုမြောင်၊ ယာခင်း၊ ရွာကျဉ်းကလေးများသည် သာယာခြင်း၏ တန်ဆာပလာများပင် ဖြစ်နေသည်။

သာယာလှပေရာ ကြည်နူးလောက်ပေသည်။ သို့သော် မြင်းညို၊ မြင်းဟောင်းရှင် နှစ်ဦးသားသည် ကြည်နူးတတ်သသူများ မဟုတ်ပါပေ။

မြင်းညိုရှင်မှာ အထူးသဖြင့် မကြည်နူးတတ်သူပင်။ မတင်စားတတ်သူလည်း ဖြစ်ပေသေး၏။ သူ့ကိုယ်နေ ကိုယ်ဟန်က သို့မတင်စားတတ်သူ ဖြစ်ကြောင်း ထင်ရှားစေသည်။ နေတက်စပင် ဖြစ်လင့်ကစား မြင်းအသားကျပင် နှင်ခဲ့လင့်ပေသည့် သူ့တစ်ကိုယ်လုံး ချွေးတရွှမ်းရွှမ်း ရွှဲနေသည်။ ကိုယ်လုံးကိုယ်ထည် တော်တော် ထွားကျိုင်းသည်။

လက်မောင်း၊ လက်အိုးလုံး လှသည်။ ခြေဆံ လက်ဆံ ကောင်းသည်။ ရင်အုပ်ကြီး နှစ်လုံး တမို့မို့ တမောက်မောက်။ သို့သော် အသားက ညိုလှသည်။

ညိုသည်။ ညိုလှသော အသားကို ကိုယ်လုံးအရောင်၊ မျက်နှာထားမှင်၊ ကိုယ်အဟန့်ဖြင့် အုပ်မိအောင် ဖမ်းထားသောကြောင့်သာ မောင်ညိုကို လှသန့်တစ်ယောက်ဟု ဆိုရတော့၏။ မောင်ညို့မှာ လောကတွင် ခုံခုံမင်မင် စိတ်ကူးထည့်သမျှ လေးမျိုးလေးတန်သာ ရှိသည်။ ပထမဆုံး သူ့ကိုယ်သူ မာအောင်၊ ချာအောင်၊ သန်စွမ်းအောင် လုပ်ဖို့၊ နောက် သူ့ညီထွေး မောင်စိုကို အရိပ် တကြည့်ကြည့် ယုယနေချင်ဖို့၊ နောက် သူ့မိဘနှစ်ပါးကို တရိုတသေ စောင့်ရှောက်ဖို့အရေးနှင့် နောက်ဆုံး စားမည်၊ သွားမည်၊ ယူမည်၊ မိုက်မည်ဟု စိတ်တိုင်းကျရာ လုပ်ဖို့ အရေးတွေများသာ။ လေပြည်ကလေး သာညင်းညင်းကို ကြည်နူး၍ မနေတတ်။ ကြည်နူးခြင်းသည် မောင်ညို၏ ဘာသာဘာဝ စိတ်ဓာတ် မဟုတ်ပေ။ မောင်ညို့ ဇီဇတွင် မပါဘိ။

သို့စဉ်လျက် ကမူစွန်းတွင် အကြောင်းမဲ့ မြင်းတန့်ပြီး နေသည်။ မောင်ညို ဘာကိုများ သဘောကျနေသနည်း။

'နောင်ညိုကြီး၊ ချောက်ထဲက ရွာကလေးဟာ လေတဟူးဟူးမယ် သာသာယာယာ ရှိသဗျနော်'ဟု မောင်ဖြိုးတ စကားစသည်။ မောင်ညိုသည် တောင် လမောင်းက ရှမ်းရွာကလေးကို ငေးကြည့်နေသည်ဟု ထင်သောကြောင့် မေးခြင်း ဖြစ်၏။ မောင်ညိုက 'အိမ်း' တစ်လုံးသာ ဖြေသည်။ ဇက်ကို ပင့်၍ တွေမြဲ တွေနေသည်။ သူ့အရှင် ဘာငေးနေသနည်း။ ဘယ်စဉ်တုန်းကမှ တောတောင်ကို ဤသို့ တန့်မငေးဘူးဟု မောင်ဖြိုး စဉ်းစားရကျပ်သည်။ ဝမ်းလည်း ဟာ၏။ ဆွမ်းပြန်ချိန် ကျော်နေလေပြီ။

'လေကလေး တသွင်သွင်နဲ့ တစ်တောလုံး ဆိတ်နေတာပဲဗျ၊ နော.....'

မောင်ညိုက အဖက်ပြုပြီး အိမ်းပင် မအိန်းတော့။ မောင်ဖြိုးက တစ်ဖန် 'ဘဇာသံမှ မကြားရအောင် ဆိတ်နေတာပဲ' ဟု ဆိုတော့မှ မောင်ဖြိုးထံ လှည့်ကြည့်ပြီး 'ငဖြိုး၊ ဘဇာမှ မကြားရဘူးလားကွယ့်'

'ဟင့်အင်း.... လေသံတောင် မကြားရဘူး၊ နောင်ညို'

'ဂရုစိုက် နားထောင်စမ်း' ဟု ခိုင်းမှ မောင်ဖြိုးက မျက်မှောင်တစ်ချက် ကုတ်ပြီး နားထောင်သည်။

'မကြားဘူးဆို။ နားထောင်လေ၊ လေးလေးပင်ပင်'ဟု ထပ်ခိုင်းလျှင် မောင်ဖြိုးသည် ခေါင်းတစောင်း စောင်းလှည့်ပြီး နားရွက်နှစ်ဖက်မှာလည်း သူ့ ရေနံရောင် မြင်းအိုကြီး နားရွက်ချွန်တွေလို တလေပေဟု ထင်ရမတတ် နားစွင့်သော်လည်း ခြေတဆတ်ဆတ် အမြီးတယပ်ယပ် ခတ်နေသော မြင်းသံကိုသာ ကြားရသည့် အတွက်–

'ဆိတ်စာမှ မကြားပါလား နောင်ညို' ဟု နားမလည်သလို ပြောသည်။ မောင်ညိုက သဘောမတူဟန်ဖြင့် 'ချင့်များ တော်တော်ရယ် အားကိုးရတယ်' ဟု ညည်းတွားရင်း မြင်းကို တစ်ပတ်ဝဲ၍ ချာခနဲ လှည့်လိုက်ကာ လျင်မြန်စွာ ဇက်တန့်လျက်–

'ဟော့ ပဇာသားတုံး၊ ထွက်ခဲ့စမ်း၊ သည်ဘက်ဆီ'ဟု အသံမြှင့် အော်လိုက်သည်။

မောင်ညိုမှာ သူ့ကိုယ်လုံး ကိုယ်ထည်ဖြင့် ဤမျှလောက် လျှင်မြန်စွာ မြင်းခေါင်းလှည့်ပြီး၊ ကုန်းတွင် ချိတ်လာသော ဓားရိုးကိုလည်း ဆုပ်ပြီး၊ တစ်ကိုယ်လုံးလည်း အံ့ရောင်ထွက်စ လက်နေသော မျက်လုံးတွေက အစ ခြေနင်းကွင်းကို ချိတ်ထားသော ခြေဖျားတွေအထိ တောင့်ထားပုံကို တွေ့ရမှ မောင်ဖြိုးလည်း သူ့မြင်းကို တောအုပ်စွန်းပျဉ်းကတိုးပင်အုပ်ဘက်သို့ လှည့်ပြီး အရှင့်အမူအရာကို အကဲခတ်နေရ၏။ မောင်ဖြိုးကား လူဗုတ်ပွ၊ လူ့အန္တနီးပါးတည်း။ မောင်ညိုအား တစ်မိန့်တည်း နာခံပြီး မီးရေမရှောင် နွံတာခံ၍သာ မောင်ညို့ လက်သပ်မွေး ခံရသည်။

မြင်းလှည့်စဉ်က ရှေ့တစ်လျားခန့် တိုးရုံတိုးသော်လည်း မြင်းမှာ သခင့် ဩဇာ ညောင်းလှပုံဖြင့် ပေ၍ ရပ်လိုက်စဉ်မှ စ၍ ခွာတစ်ချက် မရွေ့ပ်သောကြောင့် ပြကတိ တိတ်ဆိတ်နေမြဲ တိတ်ဆိတ်နေသည်။ မောင်ညို့လက်သီးရင်းက လွင့်နေသော ရှာနီပန်းဖွားဆုပ်ကလေးများသာ ဓားအိမ်ကိုလိမ်လျက် လေတွင် လွင့်နေသည်။

'သည် ကမ္ဘူပြင်ဆီ ထွက်ရင် ထွက်ခဲ့နော်၊ နောက်မှ ကျောပေါ် ဓားရောက်ပီး အဆိုးမဆိုနဲ့။ ထွက်ခဲ့ဆို ဘယ်သူတုံး၊ ထွက် သွက်သွက်နော'ဟု မောင်ညို ထပ်ခေါ်နေသည်။ အတန်ကြာ ဘာမျှ မကြားရပြန်ပေ။ မောင်ညို့အသံကြီး အောတောတောနှင့် အောင်သော်လည်း မတိုးမကျယ် ခေါ်နေခြင်းမျှဖြစ်ရာ တောစပ်သို့ရောက်လျှင် အသံလွင့်သွားသည်။ မောင်ဖြိုးမှာကား ယခုထိ နားမလည်သေးသဖြင့် မောင်ညိုနှင့် မြင်းချင်းယှဉ်၍ မျက်နှာကဲ တွင်တွင်ခတ်နေ၏။

မောင်ညိုက ဘာမျှ မပြောပြဘဲ မောင်ဖြိုးထံ တစ်ချက်ငဲ့ကြည့်ရင်း မြင်းကို ရှေ့အနည်းငယ် တိုးစေပြီး– 'သယ်..... ချင့် လူမိုက်နှယ်၊ ညို့ဓားစာ ဖြစ်ကရော့မယ်' ဟု ရေရွတ်ရင်း– 'ဟော့ သမယ် ခေါ်သံကြားလားကွယ့်'ဟု အသံဝင့်တော့မှ ချွတ်ခနဲ ဖြစ်သွားသံကို မောင်ဖြိုး ကြားရသည်။ မောင်ညိုတို့ နှစ်ယောက်သား စွေ၍ စောင့်နေရာ ကွမ်းတစ်ယာညက်ခန့်ကြာမှ ပိစပ်တစ်ချုံမှာ ရိုးတိုးရွတ လှုပ်ရှားစ ပြုလာသည်။ မောင်ဖြိုးလည်း ပါးစောင်က ခဲထားသော ဆေးတံကို လျင်မြန်စွာ ဆေးခါပြီး ခါးပုံကြားသို့ သွင်းပြီးနောက် ကုန်းနှီးတွင် ချိတ်ထားသော ဆောင်ဓားကို လှမ်းကိုင်ထားလိုက်သည်။ ဤအခါကျတော့မှ ကမ္ဘူစွန်းတွင် မောင်ညို ဘာ့ကြောင့် မြင်းတန့်ထားသည်ကို သဘောပေါက်တော့သည်။

ခေတ္တမျှ ဆရာ၊ တပည့်တို့ ငြိမ်သက်စွာ ငံ့လင့်နေရာ ယခင်က လှုပ်သွားသော ချုံပုတ်သည် ပြန်၍ ငြိမ်သွားပြန်၏။ သို့သော် စောင့်သူတွေထားဦး၊ မြင်းတွေပင် ဤနေရာ၌ ဆက်လက် မနေချင်တော့သည့်အလား ခြေလက်ဆော့စ ပြုလာလေသည်။ မောင်ညိုသည် အစဉ်တစိုက် စိတ်မြန်လှသူ ဖြစ်သောကြောင့် ဓားကို ဆွဲချွတ်ပြီး တောက်တစ်ချက် ခေါက်ရာက မြင်းနံပါးကို ဖနောင့်တစ်ချက် ဖိပေးလိုက်သဖြင့် ရှူနေသော

မြင်းသည် တစ်မုဟုတ်ချင်း ပိစပ်ချုံအနီးသို့ ရောက်သွားသည်။ မြင်းညိုကြီးသည် လည်တမော့မော့ဖြင့် ချုံထဲ ခေါင်းဝင်နေရာက ပေကန်ကန် ဖြစ်နေတော့မှ လက်နှစ်ဖက်ကို လျှိုထွက်ကာ လူတစ်ယောက် လူးလဲ ထ လာတော့၏။

အသားတဆတ်ဆတ်ဖြင့် ကြောက်ဒူးတွေ တုန်နေသော ထိုလူကား လူ ဟု ခေါ်ရမည်သာ။ ဝတ်ထားသော ချည်ကြမ်းလက်ရှိတ်လွန်းပြန် နံငယ်ပြတ်နှင့် အင်္ကျီမပါ၊ ဗလာကျင်းနေသော ကိုယ်လက်တို့သည် သွေးမပါသော ပိုးဟပ်ဖြူပမာ ဖျော့တော့တော့ ဖြစ်နေသည်။ အရေပေါ်၌ စူးရာ ခြစ်ရာများနှင့် အဖုအပိမ့်များ ဗရပွာ ထ နေသည်။ ခြေသလုံးကျူတိုင်နှင့် ဒူးဆစ်တငေါငေါဖြစ်နေရာ ငေါနေသော ထိုဒူးနှစ်လုံးကား ဆတ်ဆတ်ခါနေသည်။ ခေါင်းတွင် ဆံတိုနှင့်ဖြစ်ရာ တစ်ကိုယ်လုံး ခြုံကြည့်လိုက်သော် လျင်မြန်သော မောင်ညိုက မြင်းနှစ်ကောင်ကြားမှ သတ္တဝါကို အောက်သားဟု အတပ် ထင်ပြီးပြီ။

အောက်သား ဆိုသည်ကို မောင်ညို များစွာ ဂရုမစိုက်။ ဂရုစိုက်မိသည်မှာ ထိုလူ၏ မျက်နှာပင် ဖြစ်သည်။

ထိုလူသည် ချုံပုတ်ထဲတွင် ရက်ရှည်လများ ဆိုသကဲ့သို့ ပုန်းအောင်းနေရာမှ အစာ ရေစာ ဝေးကွာ၊ မှက်၊ ခြင်၊ ဖြုတ်၊ ခူတို့ ထူပျစ်စွာ ကိုက်ခဲခြင်းကို ခံခဲ့ရသဖြင့် မည်းညစ် စုတ်ပေနေ၏။ တစ်ကိုယ်လုံး လူမြင်မကောင်းအောင် အရည်အသွေး ဖျင်းချာလှသော်လည်း သူ့မျက်နှာမှာ၊ အထူးသဖြင့် မျက်လုံးတွေ ပါးစပ်တွေမှာ တစ်မျိုး ထူးခြားနေစေသည်။ ထိုလူမှာ ဤပိစပ်ချုံတွင် အကြောင်းမဲ့ ပုန်းနေခြင်းမဟုတ်၊ မဆွက မောင်ညို မသင်္ကာမိ သကဲ့သို့ မကောင်းအကြံနှင့် ချောင်းမြောင်းနေခဲ့ခြင်းလည်း မဟုတ်။ တစ်စုံတစ်ရာသော ဥပဒ်အန္တရာယ်ကို ကြောက်ရွံ့သောကြောင့် တွင်းလျှိုးသော ယုန်ပမာ မျက်လုံးတွေ လင်းကွင်းခန့် ပြူးနေသည်ကို မောင်ညို မြင်ရ၏။

ဘေးကြောက်၍ ချုံထဲဝင် ပုန်းလျှိုးခြင်း မှန်လျှင် သူသည် အပုန်းမလုံသူ ဖြစ်သည်။ မြင်းအသားကျနှင့် သူပင် ချွတ်သံကြားအောင် အပုန်းဖျင်းလှသည်။ လေသည်လောက် ငြိမ်နေလျှင် ကိုင်းခြောက်တွေ ရှုပ်နေသည့် ပိစပ်ချုံတွင် ယင်တစ်ချက် ပုတ်ရုံဖြင့် ချိုးချိုးချွတ်ချွတ် မြည်မည်ကို သင်း မသိရှာ့လား။ မောင်ညိုသည် မြင်းအောက်က လူကို ခြေဆုံး ဆံဖျား ကြည့်ပြီးလျှင်–

'ဘယ့်မဲ့ကြောင့် သည်ချုံထဲ အောင်းနေရတုံး' ဟု မေးရင်း ချွတ်ထားသည့် ဓားကို ပြန်စွပ်တော့မှ ထိုလူက–

'မင်းဘေးက ပြေးနေတာပါ အစ်ကိုတို့ရယ်၊ သနားကြပါ' ဟု ပြောသည်။ အသံတွေ တုန်နေရာ အပူအဆေး မမျှတသဖြင့် ကိုယ်လက်မကျန်း ရှိနေပြီဟု သိသာသည်။ ညဥ့်ခါ သင်း ဘယ်လောက်ချမ်းလိုက်မလဲ။ တပို့တွဲ၊ တပေါင်းမယ် ချမ်းမိမှ ခိုက်ခိုက်တုန်။ "အသား တဆတ်ဆတ် တုန်နေသာဟာ ကြောက်ချမ်းထ နေသာ ထင်ပ" ဟု မောင်ညို တွေးသည်။ ကရုဏာ ပေါ်စပြု၏။ သို့သော်–

'မင်းဘောက ပြောသဲ့ ရာဇဝတ်သား ဖြစ်မင့်ဟာ ကျုပ်တို့အနီး နေလို့ မဖြစ်ဘူး ဗျ' ဟု ပြောကာ မြင်းဇက်ကို ဆွဲလှည့်မှ မြင်းရှေ့က ပြေးရပ်ပြီး–

'အစ်ကိုတို့ မကယ်နိုင်ဘူးလား ဗျာတို့၊ မင်းဘော ပြေးရတာ အကြောင်းမဲ့ အစွပ်အစွဲ ခံရတာပါ။ အင်မတန်မှ ဒုက္ခရောက်ပါပီ' ဟု သွက်လက်စွာ ပြောသည်။ မြင်းအောက်က လူသည် မြင်းညိုရှင်၏ မျက်နှာထားကို ချက်ချင်း ရိပ်မိသဖြင့်လည်းကောင်း၊ ဤမျှ ကြီးထွား သန်ပြန့်သူ တစ်ယောက်ထံသို့ တိုးဝင် ခိုကိုးရလျှင် ချမ်းသာခွင့် ရနိုင်သည်ဟု လျင်စွာ တွေးမိ၍လည်းကောင်း ဤသို့ ပြောဟန်တူသည်။

အစကပင် ထိုလူကို အကြောင်းသိချင်စိတ် ပေါ်မိသောကြောင့် မောင်ညိုသည် ဟန်ပြုခြင်းသာ ဖြစ်ရာ၊ တပည့်မောင်ဖြိုးလည်း သူ့လိုပင် စိတ်ဝင်စားနေသည်ကို အကဲခတ်မိလျှင်–

'ဘယ်လို စွပ်စွဲခံရသာမို့လဲ။ အကြောင်းမဲ့တော့ မင်းမှုထမ်းက ရမယ်ရှာမှာ မဟုတ်ဘူး' ဟု မေးသည်။

'အကျွန်က အောက်ရပ်ကပါ။ ဟို အနောက်နယ် ရေဦးက ဘိုးဆီ ဆေးကုလာရာမယ် ကောလင်း(ဝန်းသို)ကို တက်ပီး ဆေးကုရင်းက အကျွန်ကို မြင်စိုင်းမင်းသားသူလျှိုတမန်ဆိုပြီး ကောလင်း ကြေးထမ်းကြီးက ဖမ်းဆီး ချုပ်နှောင်ပါတယ်။ အဲသည်တုန်းက ကောလင်း မင်းသားကြီးကိုလည်း ဖမ်းရန် ကြံကြတယ် ဆိုတာလည်း ကြားခဲ့ရတယ်။ ဖမ်းထားရာက အကျွန် ကြံဖန်လွတ်ထွက်ခဲ့ရာမယ် အဲဒီကြေးထမ်းကြီးရဲ့ တူဝရီးစပ်တော်တဲ့ ရွှေဘိုသား မောင်နှောင်ဆိုတာက သူ ဖမ်းပေးမယ်ဆိုပီး အပြင်းလိုက်ပါတယ်။ အကျွန်လည်း မန်လည် အင်းတော် နဘားဆီ အရောက် ခြေဦးတည့်ရာ ပြေးခဲ့ရပါတယ်။ ပြင်လေးပင် ရောက်တော့ မောင်နှောင် ထက်ကြပ် ပါလာတယ် ကြားရပြန်လို့ ထီးချိုင့်ဘက် စုန်ခဲ့တယ်။

'ထီးချိုင့်မယ် မထင်မရှား ရှမ်း ကုန်ရောင်းအသည်ယောင် ဆောင်နေလို့ တစ်ဥပုသ်လောက် ကြာတယ်။ နောက် မောင်နှောင် အကျွန့်ခြေရာ ပြန်ကောက်မိသွားလို့ လက်မတင်ကလေး အလွတ်ပြေးပြီး မြတောင်ဘက်ကမ်း ကူး၊ မြတောင်က ရွှေလီအလယ်ရွာ မပိန်းတရီး လျှောက်စုန်ပြီး မြစ်ဆုံရောက်ရပါတယ်။ မြစ်ဆုံကျတော့ မောင်နှောင် အပြင်းရှာလို့ မိုးမိတ်၊ မိုးကုတ်က ကွေ့ပြီး ဒီဘက် ရွှေဥတောင်တောကြီးထဲ ဝင်ခိုနေရပါတယ်။ လေးရက်လောက်က အစာတော်လို့ တောပြင် ထွက်ရာမယ် မောင်နှောင်တို့အစုနဲ့ တွေ့ပီး ပြေးခဲ့ရာမယ် သူတို့လွှတ်တဲ့ ဒူးလေး မြားတံစိုက်ခံရလို့ ဒဏ်ရာကြောင့် အဖျားဝင်နေရပါသေးတယ်။ အဲဒီကတည်းက ဒီချုံထဲ ဝင်နေရတာပါပဲ။ အကြောင်းမဲ့ ထင်ကြေးနဲ့ လိုက်ဖမ်းကြတာပါ အစ်ကိုတို့ ရယ်။ ဒုက္ခသည် အစစ်ပါ' ဟု ပြောပြီး ချောက်ဘက်သို့ ခေါင်းငဲ့ကြည့်သည်။ ခေါင်းငဲ့ ကြည့်ရာက ခေတ္တမျှ တွေနေရာ သူကြည့်ရာသို့ မောင်ညိုတို့ပါ လိုက်ကြည့်သည်။ ဘာမျှ မမြင်ရ။ ထိုသူမှာ ကျီးကန်းတောင်းမှောက် ဖြစ်နေလေသည်။ ဘာမျှ မတွေ့ဟု စိတ်ချရဟန်ဖြင့်

ထိုလူလည်း မောင်ညိုအား– 'ဒီ ခါးစောင်းမယ်ဗျ၊ မြားရာ' ဟု ကျောလှည့်ပေးမှ မောင်ညိုတို့လည်း ပြည်ရည်ရွှဲနေသော ဒဏ်ရာပေါက်ပက်ကို မြင်ကြရသည်။

ဒုက္ခသည် ဆိုသူကို မြင်းညိုရှင် ကရုဏာ သက်မိသည်။

မောင်ညိုမှာ လူရည် လူကဲခတ် မြန်သည်။ ဓားထက်သူ ဖြစ်သောကြောင့် လည်းကောင်း၊ ရပ်ရှစ်ခွင်အနှံ့ သွားလာနေခဲ့သူဖြစ်သဖြင့် လည်းကောင်း လူကဲ လူရည်ကို အလျင်အမြန် ခတ်ရလေသော အလေ့အကျင့်ကို ရခဲ့သည်။ သူတစ်ပါး စွမ်းရည်ကို ဦးစွာ သိမြင်ထားနိုင်မှ ဓားထက်ရာ ကျမည်ဟု မောင်ညို နှလုံးပိုက်သည်။ လူတစ်ဖက်သား ပေါ်တွင် ယုံမိလျှင် ချက်ချင်းပိုပြီး ယုံကြည်တတ်၍ မုန်းရန်လည်း လုံးလုံးလျားလျား။

အောက်သား စကားကို မောင်ညို အကုန်အစင် ယုံကြည်လိုက်သည်။ ယုံလည်း ယုံစဖွယ်ပင်။ အင်္ဂါရပ်မှာ ထင်းလင်းကြီး ပေါ်လှသည်။ ထိုအခိုက် ယခင်ကြည့်ရာဘက်သို့ လှည့်ကြည့်ရာက ခေါင်း မတိမ်းတော့ဘဲ အတန်ကြာ တွေနေသည်။ မောင်ညိုတို့လည်း ဘာကို မြင်မည်နည်းဟု နေရောင်ကို မျက်နှာအပ်ထားရသောကြောင့် လက်ဝါးကာ ကြည့်ရသည်။

အရှေ့ဘက်ဆီတွင် တောင်ရိုးတစ်လုံး တန်းနေရာ ၎င်းတွင် တောင်စောင်းကို မြောင်နေသော တောလမ်းကွက်ကလေး ပြေးနေသည်။ တောလမ်းကလေး တစ်လျှောက် မြင်းနှစ်စီး တသုတ်သုတ် နှင်လာနေသည်ဟု ထင်ရသည်။

မြင်ရသည်မှာ ရေးရေးကလေးဖြစ်ရာ အကယ်၍ ထိုအခိုက်အတန့်တွင် ပြေးလက်စမှ တစ်နေရာ၌ တန့်မရပ်လျှင် မြင်းစီးသမားတွေဟု ထင်မိမည် မဟုတ်ပေ။ ထိုမြင်းများကလည်း သူတို့ထက် မြင့်၍ နေကိုကျောပေးပြီး ကြည့်ရသောကြောင့်၊ ပိုမိုထင်ရှားစွာ မြင်နေရသော မောင်ညိုတို့ကို မြင်ရသောကြောင့် မြင်းကို တန့်လိုက်ဟန် တူသည်။

မြင်းကို ခေတ္တ တန့်နေပြီးလျှင် မကြာမီ မောင်ညိုတို့ထံသို့ မြင်းခေါင်းလှည့်၍ တောင်စောင်းမှ ဖြတ်လမ်းတိုကို ရှာရင်း လာနေကြသည်ကို မြင်ရပြန်သည်။

မောင်ညိုသည် မြင်းနှစ်စီးကို ဟိုချုံဝင်၊ ဒီချုံလျှိုး၊ တောအုပ်ကလေးတွေ အောက်က ပျောက်ချည်ပေါ်ချည် မြင်နေရင်း မြင်းကောင်းပုံကို စိတ်ဝင်စားနေသည်။ ကွမ်းတစ်ယာညက်ခန့်ကြာလျှင် မြင်းနှင့်လူကို ရေးရေးလေး ခွဲခြားသိနိုင်အောင် နီးလာသည်။

ဤတွင် မြင်းအောက်က လူသည် မောင်ညို့မြင်းအနီးသို့ တိုးပြီး ဇက်စကို ကိုင်ရင်း–

'လာနေပြီ လာနေပြီ အစ်ကိုတို့၊ ဟိုတောင်ပေါ်က မြင်းတွေဟာ မောင်နောင်နဲ့ သူ့တပည့် ငပုဆိုတာပေါ့၊ ဒီဆီ လာနေတာပဲ။ ဘယ့်နဲ့ လုပ်ပါ့မလဲ'ဟု စိုးရိမ်တကြီး ဖြစ်သွားတော့သည်။

ဘယ့်နှယ် လုပ်မည်နည်း။ ဘယ့်နှယ်မှ မလုပ်တတ်ပေ။ အကယ်၍ မြင်းနှစ်စီးမှာ အောက်ပိုင်းသားကို အဖမ်းလာကြသော မင်းမှုထမ်းများ ဖြစ်ဘိမူ မည်သို့ပြုရမည်နည်း။ သူတို့ရှိနေသော ကမူစွန်းတွင် သူတို့အား နေရောင်ကြောင့် ကောင်းကောင်းမြင်နိုင်၏။ မြင်းနှစ်စီးနှင့် မြင်းအောက်က ရာဇဝတ်ကောင်ကိုပါ ရေးရေးပင် ဆိုစေဦး၊ ရေရေရာရာ မှန်းမြင်နိုင်သည်။ သို့ကြောင့်ပင် လာဟန်တူရာ မြင်ပြီးမှ ဖြတ်လမ်းရှာအပြင်းနှင်ခဲ့သည်ကို တွေ့ရသောအခါ ရှေ့က မြင်းနှင့် လူမှာ မောင်နောင်၊ နောက်က မောင်ပုဟု စိတ်ကူးကြည့်ရတော့၏။

မင်းမှုထမ်းတို့ကား လာနေကြပြီ။ ရာဇဝတ်ကောင်ကို ဖမ်းအံ့။ သည်တစ်ချီတွင် မလွတ်တော့ပြီ။ ပြေးလည်း မပြေးနိုင်။ အင်အား မမျှတော့ပြီ။

သို့ မလွတ်တော့သည့် ရာဇဝတ်သားသင့်သူကို မောင်ညိုတို့ ဘာလုပ်အံ့နည်း။ မင်းမှုထမ်းတို့နှင့် မိလိုရာမိ၊ ပြုလိုရာပြုစေ ထားရစ်ခဲ့ပြီး သွားမည့် ကိုယ့်ခရီးကို ဆက်လက်သွားအံ့လော။

မြင်းအောက်က လူကို မောင်ညို ငုံ့ကြည့်သည်။ မြင်းပေါ်က လူကို အောက်လူက မျက်ရည်စ ပြုသော မျက်နှာနှင့် မော့ကြည့်သည်။

အသားတွေ တုန်လျက်ပင် နှုတ်ခမ်းတွေ ဖြူ။ အသားတွေ ပြာချေ ဖြူချေ။ ထိုထက်လည်း ခါးစောင်းတွင် မြားချက် ယောက်ပက် အနာကြီး ပြည်တစိမ့်စိမ့် ရှိသေး၏။

လေပြည်ကလေးသည် စုတ်ဖွားနေသော နံငယ်ပြတ် အစကလေးများကို ကလူကျီစယ်နေသည်။ မွန်၏ဆံတို ပြောင်းမွေးကဲ့သို့ နီကြန် ကောက်ကျစ်နေသော ဆံစတွေကို လေညင်းကလေး ဖွေ့ယမ်းနေသည်။ နေရောင်သည် ရာဇဝတ်ကောင်၏ နောက်စေ့၊ ငယ်ထိပ်၊ ပခုံးများပေါ်တွင် ဘော်ရောင်ဝေဝေ လက်နေသည်။ မောင်ညို မြင်းအောက်က လူကို အတန်ကြာ ငုံ့ကြည့်ရာ နေရောင်ထိုးနေသောကြောင့် မျက်လုံးတွေ ပြာဖန့်သွားသည်။

## ၂ | ဘုရင့်လူနှင့် အသည့်သား

မျက်နှာလွဲပြီး ယခင်မြင်းတွေဆီ လှည့်ကြည့်သောအခါ ဘာမျှ မမြင်အောင် မျက်လုံးတွေ ဝေသွားသည်။ မောင်ညိုသည်– "သင်းပြောသလို အကြောင်းမဲ့ စွဲမှား စွပ်မှားဆိုရင် တကယ် အထင်မှား မတရား ဒုက္ခရောက်နေရတာပဲ" ဟု စဉ်းစားသည်။

အမှုထမ်းတွေလက်ထဲ ကျသွားလျှင် သည်ထက် အတိဒုက္ခရောက်မည် မလွဲပေ။ ထိုထက်လည်း အဖမ်းအဆီးခံရပြီးမှ တရားနည်းလမ်းအတိုင်း လျှောက်လဲ အသနား

ခံတန် ခံရမည်လော။ လွှတ်တင် တရားခွင် အရောက်ခံရလျှင် တရားအတိုင်း အမှန်သို့ ရောက်သင့်ပေသည်။

ထိုထက်လည်း လောလောဆယ် ဤလူတွင် အနာတကြီးနှင့် နာမကျန်း ရှိလှသည်။ ကိုယ်ဝတ်လည်း ဆင်းရဲလှသည်။ ဆေးဝါး၊ အဝတ်အစား ရသင့်သေးသည်။ သူ့ကို ဤနည်းဤပုံ တွေ့ရသည်။ တွေ့ရသည်မှာလည်း အတင်း ခြိမ်းခြောက် ခေါ်ထုတ်သည့်အတွက် ဖြစ်၏။ မောင်ညို ခေါ်မထုတ်လျှင် မောင်ညိုသည် မွန်ကို တွေ့ရမည် မဟုတ်လေရာ သင့်အမှုနှင့် သင့်ကုသိုလ်အလျောက် မင်းဆော သင့်သည်မှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သင့်ထိုက် သင့်ကံပင်။ သင့်အမှုကို ဝင်၍ မနှောင့်လိုသော်လည်း သင်းကို ဤအခြေအနေတိုင်း တွေ့ရလို့မှ ကိုယ်ဝတ်၊ ဆေးဝါး မကူညီမ မစလျှင် မောင်ညို့ အလွန်ပင်။ ထိုနောက်လည်း သင်းကို ငါ ခေါ်မထုတ်လျှင် သင့်ချုပ်ပုတ်နဲ့သင်း လုံရင် လုံနေမည်ဟုလည်း မောင်ညို စိတ် စနောင့်စနင်း ရှိသွားသေးသည်။

ဤအတွင်း သူ့ရှေ့တွင် ကိုးရိုးကားရား ဖြစ်နေသောလူကြောင့် မြင်းညိုကြီးက နှာခေါင်းတပွပွ လည်တလှုပ်လှုပ်နှင့် မနှစ်သက်သော အမူအရာပြနေသည်။ "အရှင်နှင့် စကားပြောနေ၍သာ၊ အနို့မို့ရင် ငါ ခေါင်းနဲ့ မွေ့ပစ်လိုက်ကရောမယ်"ဟု တတ်လျှင် ဆိုချေမည်။

မွန်သည် မောင်ညို စဉ်းစားနေခိုက် ချောက်ဘက်သို့ တစ်ချက် တစ်ချက် လှည့်လှည့်ကြည့်ရာမှ ကြာသော် မြင်းရှေ့က ကွေ့ပြီး ဘေးသို့လာရပ်ကာ မောင်ညို့ ခါးပုံစကို လက်တစ်ဖက်ဖြင့် ဆွဲတော့သည်။

'လာနေပြီ အစ်ကိုတို့ရယ်၊ တစ်ခုခု လုပ်ကြပါဦး။ ဒီနေရာမယ် နေလို့ ဖြစ်ပါတော့မလား'ဟု နားပူနားဆာ လုပ်လေသည်။ မောင်ဖြိုးမှာ မင်းမှုထမ်းတို့ဆီ တစ်ချက်၊ မောင်ညိုနှင့် မွန်ထံ တစ်ချက် တစ်လှည့်စီ ကြည့်နေ၏။ မျက်နှာသေကြီးနှင့် ဘာမျှ မပြောပေ။ သူ့မြင်းကလည်း မြက်ငုံ့စားရာက တစ်ခါနှစ်ခါ ဟီစပြုပြီ။

ဒုက္ခသည်ကို မောင်ညို တစ်ချက် ပြန်ငုံ့ကြည့်သည်။ ကြည့်ပြီးမှ 'ကိုင်း..... မြင်းပေါ် တက်' ဟု ဇက်ကို ထိန်းပေးသည်။

မွန်သည် ချက်ချင်း ဝမ်းသာမြူးထူးနှင့် ပထမသော် အံ့အားပင် သင့်သွားသေးပြီးမှ လျင်မြန်စွာ မြင်းညောင်းသို့ တက်စီးသည်။ မည်မျှ လျင်မြန်သည် မသိ၊ မြေပေါ်မှ မြင်းမြီးရင်းကို လက်တစ်ဖက်၊ ကုန်းနှီးစွန်းကို တစ်ဖက်ဆွဲ၍ မြင်းနံတောင်းကို ကုတ်ကန်တက်လိုက်ခြင်း ဖြစ်၏။ စိတ်ဆောင်ပြီး ထားသောကြောင့် မည်မျှ ချည့်နဲ့နေစေကာမူ လျင်မြန်နိုင်၏။

မြင်းပေါ်သို့ ထိုလူရောက်လျှင် မောင်ညိုလည်း မြင်းကို လွှတ်စပြုသည်။ ကမူစွန်းမှ ဆင်းလျှင် တောင်ခြေသို့ သွက်သွက်နှင်ခဲ့ရာ နောက်က လူလည်း မြင်းညောင်းကို တင်ပါးသား အကြွင်းအကျန်နှင့် ခု၍ လက်တစ်ဖက်က ကုန်းနှီးစွန်း၊ တစ်ဖက်က

ပိန်းတန်းပါး ထိုးထားသော မောင်ညို့ခါးစည်းကြိုးကို လက်ညှပ်သွင်းရင်း ရင်တမမ ပါခဲ့သည်။

မောင်ညို့နောက်ပါးမှ မောင်ဖြိုး ကပ်လိုက်ခဲ့သည်တွင် မောင်ညို၏အကြံကား ယခင် မောင်ဖြိုး သာယာလှချေရဲ့ ဟု ပြသော ရှမ်းရွာကလေးသို့ အလျင် ရောက်အောင် သွားရန် ဖြစ်သည်။ ရှမ်းရွာကလေးမှာ မြင့်မားသော တောင်နှစ်လုံးကြား ဗဟိုနီးနီးတွင် ရှိရာ မောင်ညိုတို့မှာ အမှုထမ်းတို့ထက် အလျင် ရွာရိပ်သို့ ဝင်နိုင်ရန် ကြိုးစားကြသည်။

တောင်ကမ်းပါးချင်း တစ်လုံးနှင့်တစ်လုံး အလွယ်နှင့် မြင်နိုင်သော်လည်း တောင်ခြေသို့ရောက်၍ မြေအပြင် ညီလာသောအခါ တောအုပ်တောရိပ်ဖြင့် ခိုနိုင် ကွယ်နိုင်လေရာ ရာဇဝတ်သားကို ရွာနှင့်နီးနီး တောအကွယ်တွင် ချပေးမည်။ သူ့ဉာဏ် ရှိသလို လွတ်အောင် ရွာထဲ ဝင်နိုင်က ဝင်၊ မဝင်နိုင်လည်း တော်သလို ပုန်းနိုင်သေးသည်။ အကယ်တန္တု မင်းမှုထမ်းတို့အား မွန်ကို မြင်းအောက်ချပေးပြီးမှ တွေ့ရဦး၊ တစ်စုံတစ်ရာ လိုးလွဲ ဆွယ်ပွားပြောမည်ဟု အကြံယူထားသည်။ ထိုအကြံနှင့် ရွာကလေးအရောက် အပြင်းစိုင်းစ ပြုသည်။

မြင်းညောင်းက လူတွင် ကုန်းမပါ ဗလာဖြစ်သောကြောင့် မြင်းညောင်းရိုးနှင့် တင်ပါး တဆွဆွ ဆောင့်မိသည့်တိုင် နာရမှန်း မသိနိုင်။ ရွာကလေးသို့ ဝင်မိပါစေဟု သာ ကျိတ် ဆုတောင်းခဲ့သည်။

တောင်ခြေကို ဆင်းမိသောအခါ တစ်ဖက်က မြင်းနှစ်စီးကို တောကွယ်၍ သွားတော့၏။

သူတို့ ဖြတ်ဝင်ခဲ့သော တောတန်းမှ အထွက်တွင် ကျွန်းပင်ကြီးများ၊ အင်ပင် ကြီးများ ကြားမှ ဖြတ်လျက် အပြင်နေရောင်ကို တဖွေးဖွေး မြင်ရ၏။ တောလွတ်လျှင် တောင်ခြေတွင် ကပ်မြောင်နေသည့် ယာဟောင်းကလေး တစ်ကွက်နှင့် ယာတဲပျက် ကလေး တစ်လုံးကို တွေ့ရသည့်အခါ တောရိပ် မလွတ်တလွတ်ကျမှ မွန်တွင် အနည်း ငယ် စိုးရိမ်ဟန်ဖြင့် မောင်ညိုအား 'တောပြင်ကို ရုတ်ခြည်း ထွက်လို့ ဖြစ်ပါ့မလား၊ စိတ်ချရမှ ထွက်ပါ အစ်ကို' ဟု တောင်းပန်ရှာ၏။

မောင်ညိုက ဇက်ပေးလက်စဖြင့် အပြင်းနှင်ထွက်ရင်း 'သည်က တစ်ယောက် လုံး ရှိမင့်ဟာ၊ ပသို့မို့ ကြောင့်ကြနေရတုံး' ဟု အားပေးတော့မှ မွန်တွင် စိတ်အေးရသည်။

သို့သော် ခဏမျှသာ။

ယာအနီးသို့ ရောက်လျှင်ပင် ရွာဘေးဆီမှ ပတ်၍ ပြူထွက်လာကြသော မြင်းနှစ်စီးနှင့် ခေါင်းချင်းဆိုင် တွေ့ရကြတော့သည်။ မွန်တွင် မည်သို့နေသည် မသိ။ မောင်ညိုတွင်ကား နှုတ်ခမ်းတစ်ချက် ကိုက်လိုက်မိသည်။

မောင်ညို စိတ်မှန်း မကိုက်ခဲ့။ အမှုထမ်းတို့သည် ရွာကို အလျင်ရောက်ခဲ့ရုံမျှ မက ရွာကိုလွန်၍ပင် လာကြပေပြီ။ မောင်ညိုတို့အား ရာဇဝတ်ကောင်နှင့် လက်ပူး လက်ကြပ် တွေ့သွားကြပြီ။

မောင်ဖြိုး ဒိတ်ခနဲ ကြက်သီးတစ်ချက် ထ သွားသော်လည်း မောင်ညိုကား ဣန္ဒြေမပျက်လှ။ ထိုခေတ်ကား ပြည့်ရှင်သနင်း အုပ်စိုးသော၊ မင်းကို ချစ်ကြောက်ရိုသေသော ခေတ်၊ မင်းအလိုမကျ မင်းပြစ်မင်းဒဏ် ခ မှာကို ငရဲတမျှ ရွံ့ကြောက်ကြသည့် အချိန်၊ မင်းမာန်အရှ ခံရသူအား ဆွေသားမျိုးချင်း ဖြစ်လင့်ကစား မတင်စား မပေါင်းဖော်ရဲသော ကာလဖြစ်လေရာ ယခုမူ မောင်ညိုမှာ မင်းဘေးမှ ပြေးနေပါသည်ဟု အတည်တကျ သိရသူတစ်ယောက်လုံးကို ကိုယ့်မြင်းပေါ် တင်ခဲ့မိလျက်သား ဖြစ်နေလေပြီ။ မောင်ညိုသည် သူပြုသော အမှု၏ လေးနက်ပုံ၊ အန္တရာယ်များပုံကို မသိသူ မဟုတ်၊ သိတတ်လေသည်။

သို့သော် မင်းပြစ်မင်းဒဏ် မင်းစနက် မလွတ်သည်မှာ တခြား၊ သတ္တဝါတစ်ဦးဖြစ်သော ဒုက္ခသည်ကို ကူညီမစရန် စိုင်းပြင်းခြင်းမှာ တစ်ဖုံဖြစ်ပြီး ထို့အပေါ်တွင် ထိုရာဇဝတ်ကောင်မှာ တစ်ဖက်သတ် ရိုးမှား စွဲမှား ခံနေရသူ ဖြစ်သောကြောင့် လွှတ်ခွင်သို့ ရောက်၍ တရားအတိုင်း အစစ်ဆေး ခံရစေ့ရမည်ဟု စိတ်ရင်း စွဲထားမိခြင်းကြောင့် ရိုးတွင်းခြင်ဆီတွင် ကိန်းအောင်းလာခဲ့သော၊ မိရိုးဖလာ အမွေခံဖြစ်သော ဘုရင်ကိုကျိုးနွံသည့် ကြောက်စိတ်ကို အသိဉာဏ်က အာခံနေခြင်း ဖြစ်တော့၏။

မြင်းနှစ်စီးမှာ မောင်ညိုတို့ကို မြင်ရမှပင် အပြင်း ထပ်စိုင်းလာခဲ့လေရာ မကြာမီ ခဲတစ်ပစ်ခန့် အထိ နီးကပ်ခဲ့သည်။ ဖုန်တထောင်းထောင်းနှင့် လှည်းလမ်းကလေးတစ်လမ်းအတိုင်း နှင်လာသော မြင်းပင်လျှင် ဒေါ် တထထ ဖြစ်နေသည်ဟု ထင်ရသည်။

မောင်ညိုမှာကား တရွေ့ရွေ့ ကပ်လာသောသူကို .လှမ်းကြည့်ရင်း ယာတဲပျက်ရှေ့ တလင်းပြောင်ပြောင်အထိ တိုးသွားပြီး ထိုနေရာတွင် မြင်းရပ်စောင့်သည်။ မောက်တိုကို ဆောင်း၍ ကတ္တီပါကိုယ်ကျပ်နှင့် ပိုးကြီးနွယ်လာ ပုဆိုးကို ဆီးလာသော မောင်နောင်၏ ခက်ထန်သော မျက်နှာကို ဖုန်ကြားမှ မြင်စပြုပြီ။ သူ့နောက်ရှိ လူမှာ ဓားလွတ်ကိုကိုင်၍ ဓားအိမ်ပခုံးချိတ်ဖြင့်။ သူလည်း ကတ္တီပါအင်္ကျီ ဝတ်ထားသည်။ မောက်တိုဆောင်းလာသည်။ ဆီးသော ပုဆိုးရောင်မှာ စိမ်းပုပ်ဟု မောင်ညို မြင်ပြီးပြီ။ မကြာမီ ယာပျက်ကို ဖြတ်လျက် မောင်ညိုတို့ထံ ရောက်ခဲ့ကြသည်။

အပြင်းပြေးခဲ့သော မြင်းကြီးတွေမှာ ဇွေသန့် အရပ်ကောင်းတစ်ကောင်က ဖောင်းဝတ်ရောင်နှင့်၊ ငပုဆိုးသူ၏ မြင်းမှာ မြင်းရွှေဖြစ်သည်။ နှစ်ကောင်သား ပါးချုပ်တဝါးဝါးနှင့် ရှူးရှူးရှဲရှဲ ချွေတရှပ်ရှပ် ဖြစ်နေကြသည်။

မြင်းရော လူတွေပါ ချွေးသီးချွေးပေါက် ကျနေသည်။ ရောက်လျှင် မောင်ညို့မြင်းကို တစ်ဖက်တစ်ချက် ဝင်ကပ်ရင်း မောင်ညိုနှင့် မောင်နောင် မြင်းနံတောင်းချင်း ယှဉ်လိုက်ကြသည်။

မောင်နောင်သည် မောင်ညိုနှင့် ယှဉ်မိလျှင် ရာဇဝတ်သားကို တစ်ချက် ငဲ့ကြည့်ရင်း--

ဟင် ရွှေကိုယ်တော် အောက်သားစုတ်၊ သိုင်းပုပ်၊ ငါးပိစား၊ ပြေးနိုင်သေး

ရဲ့လား၊ လွတ်ကရောလား' ဟု သရော်သည်။ ပေပုက ခါးတဝင့်ဝင့်နှင့် သူ့မြင်း သူ ချုပ်ရင်း မထေ့တထေ့ပင် မကြားဝံ့ မနာသာ ရေရွတ်ပြန်လျှင် အောက်သားမျက်လုံး ဆန်ကောခန့် ပြူးမတတ် မြင်းနံတောင်းနှင့်ဒူး တဇတ်ဇတ် ရိုက်နေတော့၏။

မောင်ညိုသည် ခက်ထရော်နေသော မောင်နောင်ကို အကဲဖြတ်နေ၏။ မောင်နောင်သည် မောက်တိုကို ချုတ်ပြီး မြင်းဇက်ကို ပုံပေးရာမှ ပုဆိုးစဖြင့် မျက်နှာ၊ လည်ပင်း စသည်တို့က ချွေးကိုသုတ်ရင်း မောက်တိုနှင့် လေယပ်နေသည်။ သျှောင် တစောင်းတွဲနှင့် မြင်းနှင့်လူ တစ်သားတစ်ကြောတည်း နိုင်နင်းစွာ ထိုင်နေသော မောင် နောင်ကို မောင်ညို မြင်သည်။ မောင်နောင်မှာ အသား အတန်လတ်၏။ နှာတံပေါ်သည်။ မျက်လုံးတွေ ပြူး၍ မျက်တောင်တွေ ကော့နေသည်။ တစောင်းတွဲ သျှောင်နှင့် လည်တိုင် ပေါ်ပေါ် စလုတ်ချွန်ကလေးပါ ထည့်ကြည့်လျှင် အမြင်အဟန့် ကောင်းသည်။

လက်ချောင်းကလေးတွေ သေးသေးသွယ်သွယ်။ မောက်တို ယပ်နေသော ဝဲလက်တွင် လက်သူကြွယ်၌ မြလက်စွပ်တစ်ကွင်း စွပ်ထားသည်။ မောင်နောင်သည် ကိုယ်လုံးကိုယ်ဖန် လူဗလန်သာသာ သေးသေးကြော့ကြော့ မာသူ၊ သန်သူ ဖြစ်သည်။ လူလုံးသန်သလောက် လူရည်သန့်သောကြောင့် ယောကျာ်းလှတစ်ဦး ဟု မောင်ညို ဆိုချင်သည်။

မောင်နောင် လှသော်လည်း မြင်မြင်ချင်း မောင်ညို မုန်းမိသည်။

မုန်းမိသည်။ မောင်နောင်၏ သေးသွယ်နွဲ့နှောင်းသော ခြေဆံလက်ဆံမှ စ၍ ပါးလွှာနီစိုနေသော နှုတ်ခမ်း၊ နှုတ်ခမ်းပါးပေါ်က နှုတ်ခမ်းမွေး ရေးရေးကလေး၊ မည်း နက်တောက်ပနေသော မျက်လုံးတို့ကို ကြည့်ရင်း ကြည့်ရင်း မောင်နောင်မှာ လူလှ သလောက် မာနကြီးမည်၊ ဒေါသထန်မည်၊ အငြိုးကြီးမည်ဟု ထင်သည်။

မြင်းပေါ်တွင် ထိုင်လျက် လေယပ်မြဲ ယပ်နေသည့် မောင်နောင်မှာ သူ အလိုရှိသော ရာဇဝတ်ကောင်နှင့် တကွ မောင်ညိုတို့အတွက်ပါ စိတ်ချလက်ချ မိမိရရ ရှိလှပြီဟု မထီမဲ့မြင် အမူအရာကို မကွယ်မထောင့် ပြနေ၏။ မောင်နောင်မှာ ပန်းပဝါ နံ့သာရောင်ကို ရင်တွင် စီးထားသည်။ ကုန်းတွင် ကျောက်စီဓားကို ကတ္တီပါစိမ်း အိတ်ဖြင့် ချိတ်ထားသည်။ ခြေထောက်တွင် သားရေခြေနင်း စီးထားရာ အမြင်ဖြင့်ပင် ခံ့ညား လောက်ပါပေသည်။

သို့သော် ဝတ်ထားသမျှ ပုဆိုး၊ အင်္ကျီတို့မှာ မသစ်မလွင်တော့ပြီ။ ဟောင်း နွမ်းလှပြီ။ အယုတ်သဖြင့် ဓားစွပ်ထားသော ကတ္တီပါအိတ်မှ အစ မြင်းက ပန်းပွား ချည်မျှားပင် တစ်ပတ်မက နှစ်ပတ်ရစ် သုံးပတ်ရစ် နွမ်းလှပြီ။

မောင်ညိုသည် မောင်နောင်အား စေ့စေ့စိန်းစိန်း အကဲခတ်နေလေရာ မောင်နောင် က ရိပ်မိသဖြင့် "ဘယ့်နှယ်လဲ ကိုယ့်လူ၊ ကြည့်ရဲလှချေလား။ ကျုပ် ရွှေဘိုမောင်နောင် ဆိုသာလေ" ဟု မပြောရုံတမည်သာ မခံချိ မခံသာ စောင်းငဲ့ကြည့်ရာမှ တစ်ဖန်–

'သည်က အစ်ကို၊ နောက်က လူဟာ ဘုရင့်ရာဇဝတ်ကောင်ပဲ' ဟု ဆိုသည်။ "ရာဇဝတ်ကောင်ပဲ၊ ရာဇဝတ်သားကို ကူညီတာ ခင်ဗျားတို့ပဲ" ဟုလည်း မပြောရုံပင်။

'သြော်.... အိမ်း အဟုတ်သားကလား၊ သူလည်း အပြောသားပဲ' ဟု မောင်ညိုက ပြောသည်။ ဤတွင် အောက်သားသည် မောင်နောင် တစ်လှည့်၊ ငပု တစ်လှည့် ကြည့်နေရာမှ အလျင်အမြန် မြင်းပေါ်က ခုန်ချလိုက်သည်။ သူ မြေပေါ်ရောက်မဆိုက်ပင် မောင်ပုက မြင်းကို သူ့နား တိုးကပ်လိုက်လေရာ ရောက်ရာတွင် ဒူးတစ်ဖက်ထောက် မှဆိုးထိုင် ထိုင်နေရသည်။

မောင်နောင်ကမူ ငုံ့မကြည့်သေးဘဲ 'နှယ်နှယ့်အမူ မဟုတ်ဘူး၊ ဘုရင့်ကို တော်လှန်ပုန်ကန်ဖို့ စိုင်းပြင်းသဲ့ ပုဂ္ဂိုလ်စုရဲ့ တမန်သူလျှိုပေါ့။ အထောက်အထား ကောင်းလို့သာ သင်းတို့အကြံ အထ မမြောက်သာ' ဟု ခပ်ဖြည်းဖြည်း ပြောသည်။ မိမိအား ချေချောင်ငံနှင့် ခြောက်လှန့်ခြင်းဟု မောင်ညို ထင်ပြန်သည်။

'အဲသဟာလည်း ပြောပါသယ်၊ အနို့ပေမဲ့ သူ့အပြောတော့ အောက်ဘက် ကုလားဖြူနယ်က ဆေးကုတက်လာရာမယ် အထင်မှား ခံရသာဆိုပဲ'

မောင်နောင် မျက်လုံးပိတ်မတတ် အသံကုန် ရယ်မောလိုက်သည်။ 'နှယ် နှယ့် အောက်သားပုပ်.... ဟင်း' ဟုသာ ဆိုသည်တွင် မောင်ညိုမှာ ရယ်ပုံရယ်နည်းကိုလည်း သဘောမကျသောကြောင့် မောင်နောင့်ရယ်သံကြားက အသံမြှင့်၍ 'အဲသာ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ လွှတ်ရုံးတရားခွင်မှာ ခုံတင်ပြီး စေ့စေ့စပ်စပ် စစ်ဆေး ဖို့တော့ ကောင်းသဗျာ့' ဟု ပြောသံကြားမှ မောင်နောင် အရယ်ရပ်သည်။

'သြော်....သာလား၊ စိတ်ချပါ' မောင်ညိုက စိတ်မချနိုင်သေး။

'အမှုကြီးဖြစ်မင့်လည်း ရွှေမြို့တော်အရောက် ဆောင်ကြဉ်းပြီး လမ်းခုလတ် မယ် အမှောက်မှောက် အမှားမှား လက်မလွှန်အောင်....' ဟု စကားမဆုံးမီ မောင်နောင် တွင် ဤအခါကျမှ မောင်ညိုကို စိတ်မရှည်ဟန်နှင့် 'သြော်.... အစ်ကို၊ မစိုးရိမ်ပါနဲ့ ဆိုနေ။ အစ်ကိုနဲ့ ဆွေသားတော်သာ လိုက်လို့။ အကျွန်တို့မယ် အချိန် အတော် လင့်နေပြီ။ သင့်နောက်လိုက်ရသာ တစ်ဆောင်းတွင်းလုံးလုံး ခုခါမှ မိတော့သယ်။ အခုလည်း မွန်းမတိမ်းခင် ချောင်းဆုံအရောက် ပြန်ဖို့အရေးက ရှိသေးသယ်' ဟုသာ ပြောပြီး အောက်သားထံသို့ ချဉ်းဝင်လာသည်။ မောင်ညိုမှာ ဤနေရာတွင် ရာဇဝတ်ကောင်ကို အပ်ဖို့သာ ကျန်သော်လည်း သူ့အရေးအတွက် ကိုယ်တွင် တာဝန်မကင်းဟု အထင်ရှိ နေသဖြင့် မောင်နောင် မြင်းပေါ်မှ ကိုင်းပြီး အောက်သားဆံတိုကို ဆွဲထူမည် အပြုတွင် မြင်းညိုဖြင့် ဝင်ကာသည်။

မောင်နောင်၏ မျက်လုံးရောင်သည် မောင်ညို့မျက်နှာသို့ ပြေးကပ်တော့သည်။ မောင်ညိုက မျက်နှာမပျက်ဘဲ 'သည်မယ် မိတ်ဆွေ....' ဟု စကားခေါ်သည်။

'ပသို့မို့ အချိန်ဖင့်အောင် လုပ်ချင်ရလဲ၊ မင်းမှုထမ်း နော့'

'သိပါသလေ၊ သာပေသိ သင်းအတွက် သည်က တာဝန်မကင်းသလို ပြုမိလို့

သင်းကို နေပြည်တော်အရောက် မထိမရှ ဆောင်ကြဉ်းပါ့မယ် ဆိုခါမှ အကျွန် စိတ်အေးနိုင်မယ်'

'သြော် အစ်ကိုတို့နှယ်၊ အိုးက မပူဘဲ သလောင်းတွေက နွေးရန်ကောဇျာတို့....'

'သည့်ပေါ် သင့်မယ် အစ်ကိုတို့မြားဒဏ်နဲ့ အနာပတ်ပြ ပြည်တရွရွနဲ့ နာမကျန်းရှိလှပါတယ်။ အဲသည်တော့ အကျွန် တောင်းပန်သလို စိတ်ချလောက်အောင် အစ်ကိုတို့ အာမဝန် ခံမှ....'

မောင်ညို့ စကား မဆုံးနိုင်ပေ။ မောင်ညိုနှင့် မောင်နောင် စကားဆိုနေသည်ကို နားထောင်ရင်းက မောင်နောင်၏ မျက်နှာထားကြောင့် အောက်သားတွင် အကြောက်လွန် အတွေးခေါင်အောင် လန့်ဖျပ်သွားလေရာ၊ မောင်ညို တောင်းပန်သကဲ့သို့ သူ့အား မတိမ်းမပါးအောင် ခေါ်မည်မဟုတ်ဟု တစ်ထစ်ချ စွဲယူလိုက်သောကြောင့် ပထမသော် သူပါ ပုဆစ်ဒူးတုပ် တောင်းပန်မည်ဟု ဟန်ပြင်မိသော်လည်း နောက် ချက်ချင်း စိတ်ပြောင်းကာ နေရာမှ ငေါက်ခနဲထလျက် မောင်ညိုနှင့် မောင်နောင် မြင်းနှစ်ကောင် ချက်အောက်မှ ငုံ့လျှိုးပြီး ယာပြင်သို့ တအားသွန် ပြေးတော့သည်။

အောက်သားမှာ တောစပ်ရေးရေးသို့ ရှေးရှုပြေးရာ အစဉ်မှ မြင်းသည်လေးဦး အံ့အားသင့် နေရစ်ကြသည်။

## ၃ | ညိုတဲ့ မောင်၊ စားရောင်က ဖွေး

တပေါင်းလနေ ချစ်ချစ်တောက်အောက်တွင် ပြေးနေသော အောက်သားကို မြင်ရသည်မှာ စိတ်မချမ်းသာစရာ။ နံငယ်စုတ်မှာ နဂိုဗရပွာ ဖြာနေရာမှ ယခု ပြေးလိုက်သောအခါ အမြှာမြှာစုတ်ရင်း နောက်တွင် ခါးက ကွဲပြတ်ပြီး သူ့တွင် ကိုယ်ဝတ်မပါ ဗလာကျင်းသည်သို့ ဖြစ်သွားတော့သည်။

ယာဟောင်းမှာ ပျက်နေပြီဖြစ်သဖြင့် ကန်သင်းမညီ၊ ပေါင်းမသင်ဘဲ ပစ်ထားလေရာ ပေါင်းတွေ၊ ခရာတွေ၊ ဆူးစောင်းတွေ ပေါက်လိုတိုင်း ပေါက်နေသည့် အတွက် အောက်သားကိုယ်ကို ရှကြ၊ စူးကြ၊ ခြစ်ကြမည် အမှန်ပင်။ ထိုထက် ယာမှာ မြေငူအမြင့် ခါးပန်းပေါ်၌ ဖြစ်ရာ လှေကားထစ်များလို ကမ်းပါးယံန်ဘေးကို ဆင့်ကာဆင့်ကာ လုပ်ထားသဖြင့် လေး ငါး ဆယ်လှမ်း ပြေးမိလျှင် တစ်ကြိမ် ခုန်ရ တက်ရသည့်အတွက် ခဲတစ်ပစ်ကျော်နေရာ ရောက်သောအခါ ရှေ့သို့ မပြေးနိုင်ဘဲ အလျားထိုးကြီး လဲ၍ ကန်သင်းရိုးတွင် ဝမ်းဗိုက်တင်ပြီး မှောက်နေတော့၏။

ဤအခိုက် မြင်းလေးစီးမှ ငပုက အစ အောက်သား ထပြေးမှန်း သိလျှင် သိချင်း မောင်နောင်ထံ လှမ်းကြည့်ရာ "အရှင်၊ ပလိုပြုရမတုံး" ဟု မေးသကဲ့သို့

တစ်ချက် စောင့်နေ၏။ မောင်နောင် ခပ်ထေ့ထေ့ ပြုံးနေလိုက်သည်တွင် ဓားတဆဆ စောင့်နေသော ငပုလည်း မြင်းကိုကောက်၍ အောက်သားထံ လွှတ်လိုက်သည်။

မောင်ညိုမှာ မောင်နောင်တို့ ဆရာတပည့် အချင်းချင်း မျက်နှာရိပ် ပေးလိုက်ပုံကို မြင်လိုက်သော်လည်း မည်သို့မျှ မပြောအား၊ ပြေးသော အောက်သားထံသာ ကြည့်မြဲကြည့်နေရာ အောက်သားမှာ နောက်က ငပု မြင်းနှင့်လာသည်ကို မြင်၍လော မသိ၊ လဲရာမှ ကုန်းထသည်။

ထိုအခိုက် ငပုသည် မြင်းကို တူရူမလိုက်ဘဲ ဝဲဘက်ဆီမှ ပန်းတက်ပြီး ရှေ့မှ ကွေ့ဆီးရန် စိုင်းနှင်နေသည်။ အောက်သားလည်း ထမိလျှင် မြင်းနှင်လာသော ငပုကို မြင်လေရာ မြင်မြင်ချင်း ရှေ့က ဆီးပိတ်နေပြီကို သိသောကြောင့် ယာတဲဘက်သို့ လှည့်ပြေးပြန်၏။

ဓားတဝင့်ဝင့်နှင့် ငပုထက် ကျောက်သားပကတိ စိန်းစိန်းကြီး ကြည့်နေသော မောင်နောင့်ထံတွင် လောလောဆယ် ချမ်းသာရာ ခေတ္တမျှ ရဦးမည်ဟု ယူဆသည် ထင်ရသည်။ သို့သော် ရှင်ကြီးကိုးသော ကျားကြောက်သူမှာ ကျားလက်က မလွတ်။ လူနှင့်မြင်း အပြေး ယှဉ်နိုင်မည်မဟုတ်ရာ မကြာမီ အောက်သားကို ငပု မီခဲ့တော့သည်။

မောင်ညိုနှင့် ဝါးသုံးရိုက်ခန့် အကွာတွင် အောက်သားကို ငပု ကျားအုပ်သည့်နှယ် မြင်းဇက်ကို မော့၍ အုပ်သွင်းလိုက်သည်။ အောက်သား၏ တစ်ချက်တည်း စူးစူးရှရှ အော်လိုက်သော ငယ်သံ ကြောက်ချေး အသံသည် ယာတစ်ခင်းလုံး လွှမ်းမိုးပြီး တောတွင်းသို့ တိုးဝင် ပျံ့နှံ့သွားတော့သည်။

တောတစ်လျှောက် ထိုအသံ ဂယက်ရိုက်၍ မဆုံးမီပင် ငပုသည် မြင်းဇက်ကို တစ်ဖက်ဆွဲ၍ ထိုလက်တွင် ဓားကိုင်လျက်ဖြင့် နီရဲသောသွေးကို ကျန်တစ်ဖက်က လက်ညှိုးနှင့်လက်မ ပူးပြီး သပ်ချနေရာ နေရောင်ကျဲကျဲ၌ ခြင်းခြင်းရဲ အစက်စက် ကျရစ်ခဲ့သည်။

ငပု ဓားထက်လှသည်။ အောက်သားမှာ ခေါင်းတစ်ခြမ်း ပဲ့စဉ်ပြီး ယာတစ်ကွက်ကျော် သွားကျလေရာ မြင်းနှင့်တိုက်လှဲလိုက်သော ကိုယ်ပေါ်မှာလည်း ဓားရာ သုံးချက် ပိုင်းမိသွားသေးသည်ကို မောင်ညို ရေးရေးထင်းထင်း မြင်လိုက်ရသည်။ ကွမ်းတစ်ယာ၊ ဆေးတစ်အိုးအတွင်း ကိုယ်လုံးတီး မွတ်မွတ်နှင့် လွတ်ရာသို့ ရည်စူးသည်သို့ စွတ်ပြေးရှာသော အောက်သားသည် ယခုသော် ပေါင်းပင်တွေကြားတွင် တိမ်တောင်မိလ္လာ ပြာပြာကင်းရှင်းသော ဝေယံတွင်း၌ ပျံဝဲရစ်သိုင်းနေကြသည့် သားရဲ၊ သိမ်း၊ စွန်၊ အောက်ချင်း၊ လင်းတတို့၏ စားမြိန်တုံး ဖြစ်သွားချေပြီ။ ထို အောက်သားကား မွန်းမတည့်မီကမှ မောင်ညို့ခါးကို ဖက်ပြီး မြင်းညောင်းတွင် ပါခဲ့သေးသည်။

ငပုမှာ သွေးသပ်ပြီးသော ဓားကို ဓားအိမ်တွင်စွပ်ရင်း ဘာမျှ မဖြစ်လိုက်သကဲ့သို့ သူ့အရှင်ထံသို့ ရောက်ခဲ့သည်။ မောင်နောင်သည် ယာကွင်းသို့ တစ်ချက်ထပ်ကြည့်ရင်း ငပုကိုလည်း ကြည့်ရာမှ မောင်ညိုဘက် မြင်းလှည့်လိုက်ပြီး–

'ပြေးဖို့အကြံ သင်းမလျှော့သာဘဲ ကြည့်တော့။ အင်တန် ဒုက္ခပေးသဲ့ အောက်သားစုတ်' ဟု ပြော၏။ မောင်ညိုက မည်သို့မျှ မကြားဟန်နှင့် ယာပြင်သို့ ငေးမြဲငေးနေသည်။ မောင်နောင်က မောင်ညို မကြားဟန် သို့မဟုတ် အံ့အားသင့်နေဟန်ဖြင့် ဆိတ်ဆိတ်နေသည် ထင်သောကြောင့်–

'သင်း ပြေးဖို့သာ သိပြီး၊ တစ်ရံဆံ ဘယ်လောက် ဒုက္ခရောက်မယ်ဆိုတာ ဆိတ်စာမှ မတွေးဘူး' ဟု ဆိုပြီး ဘာမျှ စကားမပြန်သောအခါ စိတ်မရှည်တော့၊ ဂရုမစိုက်တော့ဟန်ဖြင့် နေရာမှ မြင်းကို ချာချာလှည့်ရင်း 'ကိုင်း.... အစ်ကိုရို့၊ အမှင်းလည်း ဆာလှပြီ၊ ပြန်လိုက်ဦးမဗျို' ဟု သလင်းပြောင်သို့ ပြန်ထွက်စပြုသည်။

ဤတွင် ကျတော့မှ မောင်ညိုက မောင်နောင်ကို မကြည့်ဘဲ 'သမယ်' ဟု ခေါ်လိုက်၏။

မောင်နောင်ရော မောင်နောင့် နောက်ဆွဲ ငပုပါ မှင်တက်မိသလို တုံ့ခနဲ ရပ်လိုက်ကြသည်။ မောင်ညိုကို ကျောပေးရာမှ မလှည့်ဘဲ ရပ်လိုက်ကြခြင်း ဖြစ်၏။ မောင်ညိုထံ မကြည့်ဘဲပင် ငပုက 'အမှင်းဆာပီ အစ်ကိုရို့၊ ငယ်ထိပ် နေရိုက်နေပီဗျာ့' ဟု ပြောသည်ကို ဂရုမစိုက်သကဲ့သို့ မောင်ညိုသည် သူ့မြင်းနှင့် မောင်နောင်တို့ မြင်းနှစ်စီးကို ကန့်လန့် ပိတ်ဆီးလိုက်သည်။ ဤအခါကျမှ မောင်နောင်က မောင်ညိုကို စိန်းစိန်း ကြည့်ရင်း 'ဆိုစမ်းဗျ' ဟု ပြောသည်။

'မပြန်ကြပါနဲ့ဦး'

'အမှင်း ဆာလှကပြီ'

'ဆာဆာလေ၊ သည်ကလွတ်မှ သွားရမလေ'

မောင်ညို အသံအေးအေးနှင့် ပြောလေရာ မောင်ဖြိုးမှာ အကြောင်းသိ ဖြစ်သည့် အတိုင်း ကုန်းက ဓားကို ဆုပ်ထားသည်။ မောင်နောင်သည် နှုတ်ခမ်း တစ်ချက် စေ့လိုက်ပြီး–

'ဖယ်လဗျာ'

'မဖယ်နိုင်ဘူးလေ့'

မောင်ညိုအား ရူးများသွားသလော၊ သွေးမြင်သဖြင့် စိတ်နောက်သွားသည် ထင်၍လော မသိ၊ မျက်မှောင်ကုတ်ကြည့်သည်။ ပြီး နှုတ်ခမ်းစေ့ထားရာက–

'သမယ် အစ်ကို၊ ရာဇဝတ်သားကို အကူအညီ မပေးရဘူးဆိုသာ သတိရပါစ' ဟု မေးသည့်တိုင် မောင်ညိုက မြင်းနှင့် ပေကတ်ကတ် အမှုမပြုသကဲ့သို့ နေမြဲနေသည်။

'ရာဇဝတ်ကောင်ကို ကိုယ့်မြင်းပေါ်တင်ပီး ပြေးမယ်ကြံသာ အပြစ်ကင်းသယ်များ ထင်နေသလား'

'ပြေးသာ မဟုတ်ပေါင်'

မောင်နောင်က စေ့စေ့ကြည့်မြဲ ကြည့်ပြန်သည်။ 'ပြေးပြေး မပြေးပြေးလေ၊ သင့်အတွက်နဲ့ အစ်ကိုရို့ကို သည်က အမှတ်မထင်ပြုသာလည်း နားလည်ပါစ။ သာကို

နားဝေးနေတုန်းများလား' ဟု မေးသည်။ မောင်ညို ဂရုမစိုက်ပုံဖြင့် 'သည်ကလဲ ပြကတူး က ပြောထားမင့်ဟာ၊ ရာဇဝတ်ကောင် ဟုတ်ရိုးမှန်သည့်တိုင် နေပြည်တော်အရောက် ခေါ်သွားပါ။ လမ်းခုလတ်မယ် မတိမ်းမပါး ပါစေနဲ့လို့ ကတိဝတ္တ ထားခိုင်းနေရက်ဟာ ပြောလက်စတွင်းမယ် ခုလိုဖြစ်ရသာ မဟုတ်လား'

'သင်း ဘာပြုမဲ့ ပသို့မို့ ထွက်ပြေးလဲ'

'ပြေးရင် အမိပြန်ဖမ်းရုံပေါ့'

'သလောက် ဒုက္ခပေးမင့်ဟာ' ဟု ပြောပြီး မောင်နောင်က စကားဖြတ်ရန် ကြိုးစားသည့်သဘောနှင့် 'ဟာ အစ်ကိုရို့နှယ်၊ ရာဇဝတ်ကောင်နဲ့ မင်းမှုထမ်းကပဲ၊ အစ်ကိုရို့ ကြားက အနေသာဆို မဟုတ်လား' ဟု မေး၏။

'ကြားက မနေသာဘူး၊ သင့်အတွက် သည်က စိတ်ချရစေ့မယ် ဝန်ခံပီးမှ အစ်ကိုရို့ ထားမြန်လို့ ကမောက်ကမ ဖြစ်ရသာ'

'ဘယ်လိုကြောင့် ဖြစ်ရ ဖြစ်ရလေ၊ မင်းမှုထမ်းမို့ ဝတ္တရားအတိုင်း ဆောင်ရွက် ရသာပဲ'

'သဟာ ဝတ္တရားမဟုတ်ဘူး၊ ဝတ္တရားက လွှတ်တော်တရားခွင်ပို့ပီးမှ စစ်ဆေး မေးမြန်းဖို့။ သလိုလုပ်အောင် တောင်းပန်သဲ့ဟာ၊ တောင်းပန်သဲ့ကြားက သလိုပြုတော့ ကာ.....'

'သလိုပြုတော့ ဘဇာလုပ်ချင်လို့တုံး' ဟု ဓားကို လှမ်းကိုင်သည်။

မောင်ညိုက မမြင်ဟန်ဖြင့် 'သလိုပြုတော့ကာ သည်ကကို ဂရုမစိုက်ရာ ရောက်နေပေါ့။ တောင်းပန်ရက်ကနဲ့ သလိုလုပ်သာဟာ ကန်းတက်ရာ ကျသယ်' ဟု ပြောနေခိုက် မောင်နောင်တွင် စိတ်ကို မချုပ်တည်းနိုင်တော့ပြီ။ မောင်ညို့အသံမှာ အေးအေးလေးလေးကြီး ဖြစ်ရာ မောင်နောင့် အသည်းနှလုံးကြားသို့ ဆူးဝင်ထိုးမိသည်နှင့် တူစ ပြုသည်။

'စော်ကားရာ ကျသယ်။ အကယ်တန္တုဆိုရင် တောင်းပန်သူကို ဂရုမမူထား သဲ့ သဘောနဲ့ မျက်ကွယ်ကျမှ ပြုလိုရာ ပြုသယ်ဆို ခံသာသေးရဲ့။ ခုဟာက သက်သက်မဲ့ မထီမဲ့မြင် လုပ်သာဗျ'

မောင်နောင်သည် နောက်ဆုံး၌ ကုန်းမှ ဓားအိမ်ကို ဆွဲဖြုတ်လျက် 'လုပ် ဘာပြုတုံး' ဟု မေးလိုက်သည်။

'လုပ်တော့ ရှင်းရမယ်။ ဘယ်တုန်းခါကမှ မထီမဲ့မြင် အပြုမခံခဲ့ရဘူး။ ခုခါမှ ခံရသယ်ဆို ညို့ရာဇဝင် ရိုင်းရော့မယ်' ဟု လေအေးဆက်နေလျှင်ပင် မောင်နောင်တွင် ရုတ်ခြည်း ဓားချွတ်လိုက်သည်။

မောင်ညိုမှာ ကုန်းနှီးကို တံတောင်ထောက်၍ပင် စကားအေးအေး ပြောနေ ခြင်းဖြစ်ရာ မောင်နောင် ဓားချွတ် အဦးခံရမည်ဟု ထင်ရသော်လည်း မောင်နောင့် အလျင် သူ့ဓားကို ချွတ်ပြီး၊ မြင်းပေါ်က ဆင်းပြီးသား ဖြစ်နေ၏။

ဤမျှ ကြီးထွားသော ကိုယ်ကာယနှင့် သူ့ထက် လျင်မှန်း သိသောအခါ မောင်နောင်သည် စားတဆဆဖြင့် ခေတ္တ တွေသွားတော့သည်။ မောင်ညိုကမူ မြင်းဇက်ကို ကိုင်လျက်မှ စားတန်းလန်းထားရင်း 'စီးချင်း မတိုက်နဲ့လေ၊ စီးချင်းက မြင်းအခရာပါ။ စားသွားချင်းသာ စမ်းသာပ' ဟု ခိုင်း၏။ ခိုင်းပြီး မောင်နောင် မြင်းပေါ်က ပေကတ်ကတ် ဆင်းတော့မှ 'တပည့်တွေလည်း အလျောက်သာ ထားပါ။ ကျုပ်တို့ချင်း ကိစ္စကပဲ။ သင်းတို့ဘာသာ နေကြပါစေ' ဟု ပြောပြန်ကာ 'ဟေ့ ငဖြိုးရ' ဟု ခေါ်၍ မြင်းကို အပ်လိုက်၏။ မောင်နောင်လည်း သူတပည့်သို့ မြင်းအပ်ပြန်ရာ တပည့်နှစ်ယောက် မြင်းလွတ်ကိုယ်စီ ဆွဲပြီး တလင်းစွန်းသို့ ဖဲကြဉ်နေကြသည်။ သွေးတပွက်ပွက် ဆူစ ပြုလေပြီ။

မောင်နောင်သည် မောင်ညို့အမူအရာကြောင့် ဒေါသတွေ တစ်ဟုန်တည်း ထသွားသည့်အလျောက် လက်နှစ်ဖက်စလုံး အားလျှင်ပင် မလှမ်းမကမ်းရှိ မောင်ညို့အား ပြေးကပ်၍ အူထုတ်အံ့ဟု ရည်ရွယ်ချက်ဖြင့် ဝမ်းဗိုက်ဆီသို့ စားချက် စ သွင်းလိုက်သည်။

မောင်နောင်မှာ သက်တင်ရေသော်က် စားလျှောက်သွင်းလိုက်ခြင်း ဖြစ်ရာ ငဖြိုးပင် အံ့အားသင့်ပြီး 'မွေးမေ့လေး'ဟု တစ်ခွန်း အော်မိသေးရှာ၏။

'အစ်ကိုရို့ စားမရမ်းချင်နဲ့လေ၊ ပုဆိုး ပြင်ဆီးပါရစေဦး' ဟု မောင်ညိုက လက်မတင်ကလေး ဇွေ့သိမ်းပေးလိုက်သဖြင့်သာ ပုဆိုးတစ်စွန်း စားဦးငြိသွား၏။ မောင်ညို မျက်စေ့မလျင်က ဗိုက်ပေါက်မည် မလွဲပေ။ မောင်နောင်တွင် သာလွန် ဒေါပွ သွားသော်လည်း မောင်ညို၏ အေးစက်စက်ဟန်ကို ကြောင်၍ နေမိသည်။ မောင်ညိုကား ဤအတွင်း ပုဆိုးပြန်ဆီး၊ ခါးတောင်းကျိုက်နေပြန်သည်။

နောက်တစ်ကြိမ် ဝင်လာသော မောင်နောင့် စားချက်ကား မောင်ညို၏ ပြင်းထန်သော စားရွက်ဖြင့် ခံလျက်သား အရန်သင့်သွားလေသည်။

ထိုစားချက်မှ စ၍ နောက်အဖို့တွင်ကား သူတစ်ပြန် ငါတစ်လှည့် အရေးပြ ခြင်းသာ ဖြစ်တော့သည်။ မောင်ညိုမှာ စားထက်ခဲ့သူ ဖြစ်လေရာ စားချင်းကို သူမတူ၊ ဗိုလ်မထားဟု ကိုယ်တိုင် ယုံကြည်ခဲ့သည်။ မောင်နောင်၏ ဗလမှာ သူ့ထက် သေးသော ကြောင့် စားရေးချင်း ညီသည့်တိုင် စားအဆ၊ စားအားချင်း မမျှ၊ သူ သာရမည်ဟု ထင်သည်လည်း မှားသည်။ မောင်နောင့် စားအားကို မောင်ညိုက ခံနိုင်ရည်ရှိသည် ဆိုက မောင်နောင်ကလည်း မောင်ညို့လက်ရှိန်ကို ခံရည်တင်းနိုင်သည်။

နှစ်ဦးစလုံး စားချင်း စားရေး ညီကြသည်ကို ချက်ချင်း သိကြတော့သည်။ နှစ်ဦးစလုံး၏ စိတ်တွင် ရင်ခွဲ၊ သားလှန်၊ အူပြန် ချေဆုပ်လိုကြ၏။ ဘယ်ညာ အတင် အသုတ်၊ အသွင်းအဝိုက်၊ အဖွဲ့အကွဲ၊ အငင် အချီအချ အထိုး အမျိုးမျိုး ကြံဆ ကြိုးစား ကြသည်။ စားကိုင်ချင်း ညီလှသည်။

ဘစ်ချီတွင် မောင်နောင်က မောင်ညို့ရင်အုံကြားသို့ စင်ရော်သုတ်ဖြင့် စားဦး ထိုးသွင်းရင်း ပိုင်လောက်ဟန်ဖြင့် 'ရွှေဘိုမောင်နောင် စားရဲလှသနော' ဟု ပြောလိုက်

သည်။ မျက်လုံးတွေ လက်လက် ဖြစ်သွားသည်။ မောင်ညိုက ဓားဦးဖြင့် ပက်သွန်လိုက်ပြီး ခြေထားလျှင်လျှင် ပြောင်းပေးလိုက်ပြီး ဓားရွက်ချင်း ချပ်ထားသည်။ ဖြူဖွေး ညီညာသော သွားကြီးတွေကို ဖွေးခနဲနေအောင် ပြလိုက်သည်။

တစ်ကြိမ်တွင် မောင်ညိုသည် ဓားတစ်ဖက် နုတ်ပြီး နှစ်ဖက်သိမ်း သွင်းသည်ကို ဓားရင်းခံနေသဖြင့် ခြေပြောင်းလျက် နှစ်ဖက် နုတ်ပြန်ရာမှ ရှိသမျှအားကို သွန်ကာ အံခဲ၍ တစ်ဖက်တည်း စိုက်သွင်းပြန်သည်။ မရပေ။ မောင်နောင်၏ သေးကွေး နွဲ့နောင်းသော ကိုယ်ကလေးမှာ ပဲပြားပင်ပမာ ယိမ်းကာ နွဲ့ကာ ရှောင်ရှားနေသဖြင့် အသားလတ်ကလေးကို ဓားဦးပင် မဆတ်မိပေ။

ဓားချက် အသွင်းတွင် မောင်နောင်က အစဥ် လျှင်မြန်လှသည်။ မောင်နောင်၏ ကိုယ်မှာ သန်မာသည်နှင့်အမျှ သူ့လက်သူ့ခြေ တစ်ကိုယ်လုံးမှာ ပါးပြင်ခွက်နှင့် တရှုံ့ရှုံ့ ယိမ်းနွဲ့ သိမ်းပေါက်နေသော မြွေဟောက်ကြီးကဲ့သို့ တဖျတ်ဖျတ် လျှင်လှသည်။ ဓားမှာ ခုသွင်း၊ ခုနုတ်၊ ခုသိမ်း၊ ခုမိုးနှင့် မောင်ညို့ယယ်ထိပ်ပေါ် တဖြိုးဖြိုး ဖြစ်နေသည်။

မောင်ညိုမှာ တံတိုင်းစည်းရိုးပမာ သွင်းဝင်သမျှ ဓားချက်ကို လှန်ကာ၊ သွန်ကာ၊ ပက်ကာ ဖယ်ခါထုတ်ရင်းက မောင်နောင် တဖွဖွ ပြောနေသော 'ရွှေဘိုနောင်ကွ၊ ဓားရဲသဗျ၊ ဓားလျှင်သဗျ။ ကျုပ်ဓား သွေးခြောက် မခံဘူးဗျ' စသော ကြုံးဝါး ကြော်ငြာသံတို့ကြောင့် မုန်ထသော ဟိုင်းကြီးကဲ့သို့ တရွရွ တရှုးရှုး ဖြစ်နေသည့်အတွက် တစ်ချီတွင် ဓားကို လက်ဖျားစွန်းဖြင့် သိမ်းဝင်ပြီးလျှင် မောင်နောင့်မျက်နှာပေါ်မှ ပိုးချည်လွှားဟန် အရေးပြလျက် ခြေတစ်လှမ်းတိုးသည်ကို မောင်နောင်က အကယ်ထင်သဖြင့် သူ့ဓားကို ဘယက်လည်လျှောက် သိမ်း၍ ခြောက်ရင်း ကာသည်တွင် မောင်ညိုလည်း ချက်ကောင်းပွင့်ပြီဟု လက်သိမ်းဆင့်၍ ပန်းကုံးပြတ် ခုတ်ချလိုက်သည်။

ဓားခွေးချင်း မီးပွင့်အောင် ပွတ်ဆောင့်မိသွားရာ နေရောင်၌ပင် မီးစ ဖွားဖွား လွင့်သွားသည်။ ဓားချင်း နမ်းယှက်ရာက မျက်နှာချင်းလည်း တစ်ညိုခန့် ကပ်သွားကြသည်။

ချွေးသီးကြီးတွေ နဖူးတွင် သီးပြီး ပါးပေါ်မှ မေးအောက်သို့ လိမ့်ဆင်းနေကြလျက် ရင်အုံနှစ်ချပ်မှာ မို့ချေ မောက်ချေ အသက်ရှူသံ တဟဲဟဲ ဖြစ်နေသည်။

မလျော့အား၊ မကြုံးဝါးအားကြပေ။ သူ့ဓား သွေးဆွတ်၊ ငါ့ဓား သွေးသောက် ယောက်ယက်ခတ် ခုတ်ကြတော့သည်။

ထိုအတွင်း ငပုမှာ ဓားချင်းကို ကြည့်ရင်းက ဆေးတံတိုကို ထုတ်သောက်ရာမှ လက်ဆော့၍ ယာတဲအိုကလေးကို မီးတင်ရှို့လိုက်ရာ တစ်ခဏချင်း ဟုန်း ဟုန်း တောက်သွားသည်။ နေပူကျဲထဲ၌ မီးခိုးတလူလူ တက်သွားရာ မီးအရှိန်ဖြင့် ဓားခုတ်သူတို့မှာ ချွေးသန်ဖွားဖွား ထပ်ဖြစ်ရသည်။ တဲကို မီးရှို့သဖြင့် မီးစွဲနေပုံကို သတိပြုမိကြဟန် မတူ။

ဓားရည်တူသဖြင့် ပွဲရှည်လေရာ ရှည်သဖြင့်ပင် မောင်ညို တစ်ပန်းသာတော့မလို

ဖြစ်ခြင်းကား သူက အမောလုံနိုင်ခြင်း ဖြစ်သည်။ နေပူမီးတောက်တွင် တဟောဟော တဟဲဟဲ ခုန်ချေ လွှားချေ ပြုရလေရာ တကယ့်ယောကျ်ား ပီသနိုင်မှ တော်လေမည်။ အသက်ကို သွေးခဲစောင့်သည်ဟု ဆိုလျှင် ထိုခေတ် ထိုအခါမှာ အမှန်ဆုံးတည်း။ ဗလကို ဗရပွတ် သုံးကြစဉ် သွေးသား ရှိးရင်းသာ မတောင့်တင်းလျှင် သွေးကို သံသောက်မည် မလွဲပေ။ "သွေးနှင့်သံ"၊ "သံနှင့်သွေး" ညီတူ ဆတူနိုင်မှ ဘေးမခ ရန်မထိ ရှိဘိမည်။

မောင်နောင်မှာ တစ်စစနှင့် အမောဝင်စ ပြုလေရာ မောသဖြင့်လည်း "မောရန်ကော" ဟု သူ့ကိုယ်သူ အားမရနိုင်သောကြောင့် ဇောချွေးတွေ ဖြိုက်ခနဲ ကျစပြုသည်။ မောမှန်း မောင်ညိုကို အသိမပေးရဲပေ။ မောမှန်းသိလျှင် ရှုံးရချေမည် ဇကန်ပင်ဖြစ်၍ စိတ်ကို ထိန်းနိုင်သမျှ ထိန်းပြီး တောင့်ခံနေရာက တစ်ချက်တွင် လေးလံစပြုသော ယာခြေတစ်ဖက် အကွက်မှားသွားတော့သည်။

ကံသီသဖြင့် သာလျှင် ဆက်ရက်ထိုးဝင်လာသော မောင်ညို၏ ဓားဖျားသို့ အသက် ပါမသွားသည်။ နေရာတွင် နောက်လန် ပက်လက်လဲပြီး ဝဲလက်တစ်ဖက် မြေပေါ်ထောက်ကျသော မောင်နောင်၏ ဓားလက်ကို မောင်ညို၏ဓားက လက်တစ်ဆစ်ခန့် စူးစိုက်လိုက်တော့၏။

လက်ရုံးတွင် ဓားစိုက်သဖြင့် လန့်ကာ ခါလိုက်ရာ မောင်နောင့်ဓားမှာ သုံးလေး လှမ်း ကွာသို့ သွား၍ လွင့်ကျရစ်တော့၏။ သူ ရှက်လှသောကြောင့် မျက်ရည် ဝဲသွားသည်။

မောင်ညိုက သူ့ဓားကို အနုတ်လိုက်၊ ငပုတွင် မကြည့်ရဲသောကြောင့် မျက်လုံး မှိတ်မိသော်လည်း မောင်ဖြိုးမှာမူ အကြောင်းသိသောသူ ဖြစ်သည့်အတိုင်း ဣန္ဒြေမပျက် ကြည့်မြဲ ကြည့်နေ၏။ မြန်လှချေ့ ဟု အားမရသေးရုံ တစ်မည်။ လဲသူကို မသတ်ဟု သိထားသည်။ မောင်ညိုကမူ ကျနေသော မောင်နောင်၏ဓားကို ကောက်ယူပြီးလျှင် ဓားချင်းယှဉ် တိုင်းကြည့်နေသေး၏။ ပြီးမှ မောင်နောင့်ရှေ့သို့ ပြန်လာကာ ရင်ကြီး တမို့မို့ဖြင့်ပင် 'ဓားရှယ်ချင်းလည်း ညီ၊ အရွက်လည်း တစ်ဆင်တည်း၊ အစ်ကို့ဓားက တောင် အချွေးခံ့သေး။ ငှက်ခါးရောင် ပြေးနေမင့်ဟာ သံကောင်း အတေကောင်းကပဲ။ ဓားကြောင့်တော့ ဟုတ်တန်ဘူး နော' ဟု ဆိုသောအခါ ခုတ်နေစဉ်က သူ ကြေညာသထက် စိတ်ကို ဆွနိုင်သောကြောင့် ထောင်းခနဲ ခံပြင်းလှသည်။ အံကို ကြိတ်ရင်း မောင်ညိုထံမှ မျက်နှာလွှဲထားသည်။ မောင်ညိုသည် ဂရုမမူပုံနှင့် ဓားရွက်က ကိုင်၍ ဓားရိုးကမ်းပေးရင်းကမှ 'အလယ်၊ သွေး အတော်ထွက်နေမင့်ပဲ။ ရော့၊ သည်ပုဆိုးစနဲ့ စည်းထား' ဟု မောင်နောင့် ခါးပုံစ ပြေကျနေသည်ကို သူ့ဓားရွက်နှင့် ပင့်သိမ်း၍ ဓားဖျား ဆတ်လိုက်သဖြင့် လက်တစ်ဝါးခန့် အနံ ပုဆိုးတစ်မြိတ်စွန်းရသည့် တစ်စကို ပေးလှာသည်။ မောင်နောင်တွင် သူ့ပုဆိုးစုတ်ကို လက်မခံဘဲ မောင်ညိုကို အံခဲကြည့်မှ မောင်ညိုက သွားကြီးဖြဲရင်း 'အားရလှသဗျား' ဟု ဓားဦးမှ သွေးကို လက်ဖနောင့်ဖြင့် သုတ်သည်။

သူ့သွေး ခြင်းခြင်းနီကို သုတ်နေသော မောင်ညို့ဓားမှ သံရောင်မှာ နေရောင်တွင် တပြိုးပြိုး တပြက်ပြက် တလက်လက် တောက်နေသည်။

မောင်နောင် ရင်မီး တဟုန်းဟုန်း တောက်တော့သည်။ မြေပေါ်မှ လူးလဲ ထ လိုက်၏။

'အဝ တံတားဦးသား ညိုညှဲ့၊ မှတ်ထား အစ်ကိုရို့' ဟု မောင်ညိုကမူ အရေး မစိုက်တော့ပေ။ ဓားကို အိမ်သို့သွတ်ရာမှသာ ပြောပြောဆိုဆို အနီးသို့ဆွဲလာသော ငဖြိုးလက်မှ မြင်းဇက်ကို ကိုင်ကာ 'အဲသလို မိတ်ဆွေဖွဲ့ရသာ ဝမ်းသာသဗျား' ဟု မထေ့တထေ့ ပြောတော့မှ မောင်နောင်မှာ နှုတ်ခမ်းပေါက်မတတ် စေ့ထားရင်းမှ 'ကျုပ်လည်း ကျေနပ်ပါသယ်၊ နောက်လည်း တွေ့ကြသေးသပ။ သက်သက်မဲ့ အပျော် ဘက်ကလေးပေါ့ လဗျာ' ဟု ပြောသည်။

'တွေ့နိုင်ပါသယ်။ အချိန်မရွေး၊ နယ်မရွေး တွေ့ချင်ပါရဲ့။ ကျုပ်ကိုတော့ တွေ့လိုရာ ချိန်းတွေ့နိုင်ပါသယ်' ဟု ဆိုကာ 'ကိုင်း အမှင်း ဆာရော့ထင့်၊ စားချေ ရော့ လဗျာ' ဟု မြင်းညိုကြီး ကျောပေါ်သို့ လွှားခနဲ တက်ပြီးလျှင် ရွာဆီသို့ တပည့် ကျော် နောက်ဆွဲနှင့်အတူ တေးတအော်အော် ထွက်သွားတော့သည်။

နေပူကျဲကျဲ၌ အသံပုပ်ကြီးနှင့် တေးဆိုသွားသူ နှစ်ယောက်ကို ကြိတ်မနိုင် ခဲမရ ဖြစ်ကျန်သော မောင်နောင်တို့ နှစ်ဦးသားမှာ ဒေါသကို အဖော်ပြုရင်း ထမင်းမစားဘဲ သွေးသောက်ချင်စိတ် တဖွားဖွား ထ နေရစ်ကြတော့သည်။

## ၄ | ပျိုတို့မောင် ညိုညိုကြော့၊ ဆီးကြိုတော့လေး

ဓားနေ့းလျှင် အသက်ပေးခဲ့ရမည် မချွတ်သော ဓားပွဲသိမ်းခဲ့ပြီဟုပင် မောင်ညို အမှတ် မရတော့။ နယ်မျိုးစုံ လွတ်လပ်စွာ သွားလာခဲ့ရာ၌ ရန်ပွဲ မီးပွားအမျိုးမျိုး ခြားနားခဲ့ဖူးပြီ။ မိတ်သစ် ဆွေသစ်တွေကိုလည်း လောင်းခဲ့ ပျိုးခဲ့ရသည့်အတွက် တထူးတခြား ကြုံတွေ့ ရသော အမှတ်ထင်ရမည့် ကိစ္စ မဟုတ်တော့ပေ။

ရန်သူတစ်ယောက် စာရင်းတိုးခဲ့ရသည်။ နောင် ကြုံကြိုက်လျှင်သာ အမှတ် ရရန်ဟု ခေါင်းထဲသွင်းပြီးလျှင် တေးတကြော်ကြော် ခွေးတစီစီနှင့် ရွာတွင်းသို့ ဝင်ခဲ့သည်။ တေးမဆုံးခြင်းမှာ ရွာအဝင်တွင် ထန်းတဲတစ်တဲ၌ အရန်သင့် ပင်ကျနေကျော် သုံးလေးမြူ ကျိုက်ခဲ့ရခြင်းကြောင့်ပင်။ အမောပြေ အဆင်သင့်သော ထန်းရည်ချိုခါးကို ရောနှော လျက် အမှင်းကြမ်းခဲတွေဖြင့် လုံးထွေး လွေးမျိုခဲ့ကြသည်။

'ကိုယ်နေအဟန် သန့်ပြန့်ပါဘိသနဲ့ မြို့ကြီးသားနှယ် ဖိနပ်လည်း မစီး၊ ခါးကြား ထိုးပီး၊ ပဝါလည်ပင်းပတ်နဲ့ ချွေးဒီးဒီး သန်ဒီးဒီး စပ်ဖြဖြကြီးနှင့် အမှင်းကြမ်းခဲ အတင်းတောင်းစားသွားသယ်။ အတန်ပေတဲ့ လူတွေကပဲ' ဟု ဒေါင်းဒင်္ဂါးကိုင်ရင်း

ထန်းသမားကြီးက ကျေနပ် ကျန်ခဲ့သည်ကိုလည်း မသိ။ ရွာထိပ်မှ ဝင်ကာ ရွာဆုံးရွာဖျား မြင်းလျှောက်စီးနေသည်။

ခွေးတစီစီ၊ ကလေးတွေ တသီသီနှင့် နောက်လိုက် ပြောင်လိုက် ဖြစ်နေသည်။ ဆရာတပည့် နှစ်ယောက် ရွာထဲ နှစ်ခေါက်ခန့် လျှောက်ပြီး၊ တစ်ဖန် ရွာထိပ်သို့ ပြန်ထွက်ကြပြန်သည်။ ထန်းတဲသို့ ရောက်လျှင် 'ဟော့ ငဖြိုး'

'ဗျို့'

'မိုးကုတ် ပြန်လို့ ဖြစ်ပါ့မလား'

'နေစောင်းနေမင့်ဟာ' ဟု ရိတ်တိတိနှင့် ငဖြိုးက နေကို တည့်တည့် မော့ကြည့်သည်။ မျက်လုံးထဲ နေရောင်တန်းဝင်သည့် အခါကျမှ မျက်စေ့ကျိန်းမိ၏။

'အိမ်း.... မြင်းတွေလည်း ပန်းနေသယ်၊ ညဦးလလည်း မရှိဘူး၊ ပြန်လို့ မဖြစ်ဘူး။ သည်ထန်းတဲမဘဲ အိပ်စို့လား' ဟု ဝေတေတေနှင့် ဝင်သွားကြသော ဆရာတပည့်မှာ တဲရှင်နှင့် မည်သို့ စေ့စပ် ပြောဆိုကြသည် မသိ၊ အတန်ကြာလျှင် ယီးတီးယိုင်တိုင်ဖြင့် တစ်ယောက်ပခုံး တစ်ယောက်ဖက်၍ တဲပြင်ထွက်ကာ ရွာတွင်းသို့ ပြန်ဝင်သွားကြပြန်သည်။ တဲရှင် အဘိုးကြီးသည်လည်း တဲပြင်ရှိ ဘူးစင်ဟောင်းတွင် ချည်ထားသော မြင်းနှစ်စီးကို ဖြုတ်၍ အိမ့်နောက်ဖေး အဖီအောက်သို့ ဆွဲသွင်း၊ ပဲရွက်စိမ်းများ ဖြတ်လှီး ကျွေး၊ ရေတိုက် ၾနေရစ်တော့သည်။ ရွာတွင်းသို့ သည်တစ်ကြိမ် ပြန်အဝင်တွင် ကလေးတွေကို ကလူကျီစယ်ရင်းမှပင် ကြေးထမ်းကြီးခေါ် ရွာသူကြီးအိမ်ကို မေး၍ရလျှင် မူးမူးရူးရူးနှင့် ဝင်သွားပြီး 'ကြေးထမ်းကြီး၊ အကျွန်တို့ အဝတ်တားဦးသား ညေို့န်၊ ငဖြိုး အလည်လာရင်း ခရီးကျွန်လို့ သရွာမယ် အိပ်မဗျ နော' ဟု ပြောနေတော့သည်။ တစ်ညလုံးလိုလိုပင် ဟိုလူနှင့် အသိဖွဲ့၊ သည်လူနှင့် အလွမ်းသင့်ရင်း ပျော်နေကြ၏။

ဤနည်းဤပုံ ရောက်ရာတွင် တမေ့တမော ထင်ရာလုပ် ပျော်ပါးနေသည့် အကျင့်ဝါသနာ၊ တစ်ရပ်တစ်ကျေးဖြစ်သဖြင့် သိန်သိက္ခာဆည်ရန်ဟုလည်း သတိ မထား။ ပျော်ချင်လျှင် ရွှင်၊ တည်လိုက တန့်စမြဲ၊ ရဲလိုကလည်း ရှုပ်ရှုပ်ချွဲချွဲ လုပ်လေ့ ရှိခြင်းပင်လျှင် မောင်ညို၏ ဝါသနာဘာဂ ဖြစ်လေရာ သိကြားဆင်း ဖျက်သည့်တိုင် ပျက်အံ့ မထင်။ ယခုလည်း မူးရာ ရူးရာက ဆိုင်ပိုင်ရာကို ပန်ကြားပြီးလျှင် သူတကာနှင့် သင့်တင့်ဖော်ရွေအောင် ပြုလျက် ထိုရွာကလေးတွင်ပင် တစ်ညဉ့် အိပ်ခဲ့ခြင်းဖြစ်ရာ နံနက်လင်းလျှင် နေထွက်နှင့် ယှဉ်လျက် ရွာခံတွေ ခေါ်ရာသို့ လိုက်ရန် ပြင်ကြပြန်၏။ မိုးကုတ်သို့ပြန်ရန် သတိမေ့နေသကဲ့သို့ ဈေးနေ့ ကျနေသည်ဆိုသော မိုးမိတ်ဘက်သို့ မြင်းနှင်နေကြတော့သည်။

နှင်းအကွဲတွင် မိုးမိတ်သို့ရောက်ပြီး မြင်းတွေနှင့် ကန့်လန့်ကန့်လန့် ဈေးတန်းတွင် လျှောက်သွားနေမိကြပြန်သည်။ အတန်ကြာမှ ဈေးလာသူတွေ စည်သည်ထက် စည်ကားလာသောအခါ လက်ဖက်ကုန်သည်တစ်ဦးထံ လက်ဖက် ဈေးမေး၊ လက်ဖက်

ယူမည် စကားခံပြီးလျှင် မြင်းအပ်ခဲ့ပြီးမှ ကိုယ်လွတ် လက်လွတ် ဆရာတပည့် နှစ်ဦးသား ယောင်ပေပေ ထွက်ခဲ့ကြ၏။

ဈေးနေ့ ဆိုသည့်အတိုင်း အရောင်းအဝယ်စည်ကား၊ ပွဲတော်တမျှ လူများနေရာ သူတို့နှစ်ဦးသာ ချမ်းချမ်းနှင့် ခေါင်ရည်တမြမြ ဆွတ်ခဲ့ရာမှ လိမ္မော်သီး ဝယ်စားလိုက်၊ မုန့်ဖက်ထုပ်၊ မုန့်ဆီကြော် စသည် စားလိုက်၊ တို့ဟူးစားလိုက်နှင့် လူတိုးလိုက်ခံနေကြသည်။ သင်ကြိုးနှင့် သီဆွဲထားသော လိမ္မော်သီးတွေကား ရင်အုံပေါ်၌ တန်းလန်း။ သူတို့ မမြင်ဖူးသော ရှမ်းတွေ၊ ဝတွေ လူမျိုးစုံကို လိုက်ကြည့်နေရင်းလည်း အတန်ကြာ၍ နေမြင့်လှသောအခါ ပြန်ရန် ပြင်မှ သူတို့ရောက်နေရာနှင့် မလှမ်းမကမ်းရှိ ဆီသည်ထံမှာ စီခနဲ ညံသွားသဖြင့် အနီးသို့ တိုးသွားသည်။

ဆီသည်မှာ မြေလတ်သားနှင့် တူ၏။ ရှမ်းပြည်နယ်ဒေသတွင် ဆီရောင်းကောင်း၍ ရှမ်းအမျိုးသမီးနှင့် ညားသည့် လူစားမျိုးပင် ဖြစ်ရာ ဆီသည်ထံ၌ ရှမ်းနှင့်တူသော မိန်းမပျိုတစ်ယောက် ဝယ်နေသည်။ ရှမ်းနှင့် တူရုံ တူသည်။ အဆင်အပြင်မှာ မြန်မာဆန်ဆန် လက်ပွရင်ဖုံး ဖျင်အပေါ်အင်္ကျီ၊ မြင်းခြံထဘီ ဆီး၍ ခေါင်းမှာ သဘက်နီ ပေါင်းထားသည်။ လက်တွင် နန်းလုံးလက်ကောက်တစ်ရန်သာ ဝတ်ထားရာ သာမန် အသည်သမီးဟု မှန်းဆနိုင်၏။

ထိုမိန်းမပျိုနှင့် ဆီသည် အကြိတ်အနယ် စကားများနေသည်။ ဆီသည်ထံမှ ဆီ အချိန်မပြည့်သောကြောင့် အတင်း ရန်တွေ့နေခြင်း ဖြစ်ဟန်တူ၏။ မိန်းမပျို အပြောအဆိုဖြင့် အတော် နှုတ်သွက်သည်ဟု သိသာ၏။ ဆီသည်မှာ လက်အံသေနေသော ဈေးသည်ဟောင်းဖြစ်ရာ မိန်းမပျို ဆူဆူပူပူ လုပ်သဖြင့် ဆီကို ပြန်၍ ချိန်ပေးသည့်တိုင် ချိန်ခွင်နဖားကို လက်ဖနောင့်နှင့် မ၍ ချိတ်၍ မသိမသာ ပင့်ချိန် ပေးနေသည့်အတွက် လျော့မြဲ လျော့နေသေးသည်။

မိန်းမပျို၏ ဆီဘူးတောင်းမှာလည်း ဆူးရာနှင့် အမှတ်အသားပေး ခြစ်ထားသောကြောင့် အလေးမမှန်ကြောင်း ထင်လင်းပြနေရာ မိန်းမပျိုတွင် မကျေနပ်သေး။ ချိန်ခွင် ဘက်ပြောင်းချိန်လည်း မပြည့်နိုင်သဖြင့် စိတ်မရှည်တိုင်း တဖျစ်တောက်တောက်နှင့် ညည်းညည်းညူညူ ဒင်္ဂါးကိုသာ နောက်ဆုံးတွင် ထုတ်ပေးရသည်။

ဆီသည်လည်း စကားလုံး အတင်မခံ ပြန်ပြောရာက ဒင်္ဂါးတီးပြီး အကြွေဖွဲ့ပေးနေတော့မှ သူတို့ကို သေသေချာချာ အကဲခတ်နေသော မောင်ညိုက ဘာမပြောညာမဆိုနှင့် မိန်းမပျိုနှင့် ယှဉ်ရပ်ပြီး 'ဗျို့ ဆီသည်၊ သည်ဘူးတောင်းက ဆီ ပြန်ချိန်စမ်းပါ' ဟု ခိုင်းတော့၏။ ဆီသည် အကြွေအမ်းနေသည်ကိုလည်း 'မအမ်းနဲ့ဦး၊ ဘယ်မလဲ ဒင်္ဂါး' ဟု ဒင်္ဂါးကို ဆီသည့် ပိုက်ဆံပလုံးမှ ပိုင်စိုးပိုင်နင်း ပြန်ယူကာ 'ဟဲ့ လုံမ၊ ယူထားစမ်း ညည်းငွေ' ဟု မိန်းမပျိုကို မကြည့်အားဘဲ 'မှန်း.... ကိုရီ့ ချိန်ခွင်၊ ဘယ်မလဲ ဟသ်ာ' ဟု အလေးချိန်ခွင်ကို ပြန်ကိုင်မှ ဆီသည်လည်း အံ့အားသင့်ရာက တောင်းသော အလေး စသည်တို့ကို နားဝေတိမ်တောင် ထုတ်ပေးရင်း 'ကျုပ် ဟသ်ာ၊ ချိန်ခွင် အားလုံး

စံကိုက် လျှာမှန်ပါ။ သစ္စာလေး ပြည်တော်သုံးတွေပါ။ ရွှေစည်းခုံ စူးရစေရဲ့ အစ်ကိုရို့ ရယ်' ဟု ပြောနေသေးသည်တွင် ထုတ်ပေးသော ဟသာၤလေးကို မှောက်လှန် လက်ဆ ကြည့်ပြီး–

'ခုနက သည် ဟသာၤ ဘာပြုမယ့် မသုံးတုံး'

'သည် ဟသာၤပဲ'

'မဟုတ်ပေါင်ပါ၊ ဟိုဟသာၤက ခေါင်းပုံနေသော ကပဲ။ အကန်းလိုက်လို့' ဟု အတင်းဖွတ်ဆို၏။ 'မှန်း.... ဘယ်မတုံး ဆီ၊ တင် အလေး' ဟု ချိန်ခွင်ကို တည့်တည့် ငြိမ်ငြိမ် ချိန်ရာ ဆီမှာ အဝက်သားခန့် လျော့နည်းနေ၏။ ဆီသည်မှာ မျက်နှာ အိုးတိုး အမ်းတမ်း ဖြစ်နေခိုက် မိန်းမပျိုက ကျေနပ်ဟန်ဖြင့် ရန်ပြန်တွေ့ဖို့ ပြင်ပြန်သည်။ ဆီသည်မှာ စကားလိုးလွဲနှင့် ကတ်သတ်မည် ပြင်သည်ကို မောင်ညိုက အတင်း ပြန်ပြော ရင်း နောက်ဆုံးတွင် စိတ်မရှည်ဟန်ဖြင့် ဆီဆိုင်း နှစ်ဆိုင်း လက်တစ်ဖက်စီ မ၍ ဈေးတန်းအလယ်သို့ လွှင့်ပစ်မည် ပြင်မှ ငြိမ်သွားသည်။ ဆီတစ်ဆိုင်းလျှင် ခွက်တစ်ဆယ် ကျော်ကျော် စီးရာ ထိုမျှအလေးကို ပေါ့ပါးလျှင်မြန်စွာ ကိုင်လွှဲနေသော မောင်ညိုအား ဆီသည်မျှ မက ဈေးသည်၊ ဈေးဝယ် အချို့ပင် တအံ့တသြ ငေးမောနေကြ၏။ မောင်ညို ကမူ ဆီဆိုင်းတွေ ပြန်ချပေးပြီး 'အဲသလို ဝန္တာပေးပါ။ နောက် ဆီခိုးရောင်းရင် ဈေးကောက်ဆီ မပို့ဘူး၊ ဆီဆိုင်းနဲ့ လွှဲရိုက်မယ် ကြားလား။ ကျုပ်က မတရား လုပ်သာ ဆိတ်စာမှ မကြိုက်ဘူး'ဟု အနေသာကြီး မနေပါဘဲ ဝင်ပြောမိပြီးမှ ဆီဝယ် မိန်းမပျိုကို စေ့စေ့စပ်စပ် ငုံ့ကြည့်မိသည်။

ငုံ့ကြည့်မိသည် ဆိုရသော်လည်း မိန်းမပျိုသည် ငဖြိုးနီးပါး အမောင်းထွက် နေပြီး တင်၊ ရင် ပြည့်မောက် ကျစ်လျစ်သော လုံးကြီးပေါက်လှ ဖြစ်သည်။ မောင်ညိုအား ရဲတင်းစွာ မော့ကြည့်ရာက ပြုံးနေသည်တွင် မောင်ညိုမှာ တစ်မျိုးကြီး ဖြစ်သွားမိသည်။ မျက်နှာထိ မျက်နှာနေ ပျက်ကျန်ခဲ့သော ဆီသည်ကို ဂရုမထားအား၊ မိန်းမပျို အနီးမှ ကပ်လိုက်ခဲ့မိ၏။

'နောင်ခါ ဆီဝယ်ရင် လေးလေးပင်ပင် ဂရုစိုက် အမိ။ ချိန်ခွင်တစောင်း ချိန်သာ ရို့၊ ဟသာၤ မမှန်သာရို့ သတိထားနော။ သင်းတို့ ဆီသည်မှန် သူခိုးချည့်သဲ့' ဟု ပြောရာမှ စားမတတ် ဝါးမတတ် ကြည့်လက်စကို 'အနို့ သည်က နမက ပသူနဲ့ လာသာတုံး။ တစ်ကိုယ်တည်းလား၊ ဘယ်အရပ်သူလဲ' ဟု လျှာသွက်အာသွက် မေးစ ပြုသည်။ အစဉ်းသိ ငဖြိုးမှာ ပြုံးပြုံးကြီး နောက်ယောင်ခံလိုက်သည်။

'မိုင်းလွယ်ကရယ်၊ အကျွန်တို့ရွာက အစုနဲ့ပဲရှင့်' ဟု ဝဲတဲတဲ ပြန်ပြောသည်။

'နာမည်ကကောကွယ်၊ အစ်ကိုရို့ အလည်ရောက်မင့် မသိရင် အမေးခက် ရှော့မယ်' ဟု မေးကောင်းတုန်းတွင် ဝရှမ်းတစ်ယောက် လူအုပ်ကြားသို့ ခေါင်ရည် ထွေထွေနှင့် တိုးဝင်လာကာ မောင်ညို့ရှေ့မှ ဆီးဆို့နေသည်ကို မောင်ညိုက ချိုင်းတစ်ဖက် မှ မပြီး တွန်းလိုက်သည်။

'ဒွေးမယ်ပါသဲ့ရှင်၊ ရွာမယ် အစ်ကိုရို့ ဘသူ့မေးမေး သိကြပါသယ်' ဟု ပြောရင်း မောင်ညို အမှတ်မထင် ကြမ်းတမ်းပုံကို ပြုံးယောင်ယောင် သဘောကျနေသည်။ ဝရမ်းမှာ တစ်ဖက်သို့ စောင်းကန်းကန်း လည်ကျန်ခဲ့၏။

'အနို့ ရွာက ပသို့ ခေါ်သယ်'

'မိုင်းလွယ်ရှင့်' ဒွေးမယ်မှာ အညာသံကို ဝဲ၍ပြောသဖြင့် မောင်ညို နားဝင်အတော်ပင် ချိုစပြုသည်။ 'အင်း'ဟု မသိသောကြောင့် မျက်မှောင်ကုတ်မှ ဒွေးမယ်က အသံကလေး ထွက်တဲ့အောင် ပြုံးရင်း 'မနေ့ညနေက အစ်ကိုရို့ ကွေးအောင် ကခဲ့သဲ့ ရွာဟာကော' ဟု ပြောသောကြောင့် ဟက်ဟက်ပက်ပက် ရယ်လိုက်တော့သည်။ လူတွေဝိုင်းကြည့်ကြရာ မောင်ညိုမှာ မျက်လုံးပင် မပွင့်။ ဒွေးမယ်ကိုယ်တိုင်လည်း ကြည့်ကြမှန်း သတိပြုမည် မထင်။ ရယ်မောပြီးမှ 'အိမ်း'ဟု ခေါင်းညိတ်ရာက 'ဟုတ်ပီ....ဟုတ်ပီ' ဟု ပြောနေခိုက်၊ ဒွေးမယ်က 'အစ်ကိုရို့ အိပ်သဲ့ ထန်းတဲကိုသာ မေးပါ။ အကျွန့်အိမ် တန်းတန်းမတ်မတ် ရောက်လိမ့်မယ်။ သွားလိုက်ပါဦးမနော်'ဟု လှည့်ကြည့် လှည့်ကြည့် နှုတ်ဆက်ပြီးပြီးချင်း ချာခနဲ လှည့်သွားတော့မှ 'အိမ်း....'ဟု တစ်ခွန်းဆိုပြီး ငဖြိုးပခုံး လှမ်းဖက်၍ တဟားဟား အူမြူးပြန်သည်။

ထိုညနေတွင်လည်း မိုးကုတ်သို့ မပြန်သေး။ မိုင်းလွယ်သို့ သွားကြပြန်၏။

ဒွေးမယ်နှင့် ပြန်လမ်းတွင် မဆုံတော့ပေ။ ဈေးတွင် လူချင်းကွဲသွားပြီးနောက် မည်သူက မိုးမိတ်မှ အလျင်ထွက်သွားမိသည် မသိ။ တစ်လမ်းလုံး ဈေးပြန် လှည်းတွေ အစေ့လိုက်ကြည့်သော်လည်း ဒွေးမယ်တို့ အစုလှည်းကို မမြင်ရပေ။ မိုးမိတ်ကျမှ သူတို့ညဥ့်အိပ် ပျော်ပါးခဲ့ကြသည့် ရွာအမည်ကို သိရခြင်းဖြစ်ရာ တစ်လမ်းလုံး တွေးမိတိုင်း မောင်ညို တခစ်ခစ် ဖြစ်နေသည်။ မြင်းပေါ်မှ တစ်ချက် တစ်ချက် တွေခနဲ တွေခနဲ စဉ်းစားလိုက်၊ အသံထွက်အောင် ရယ်လိုက်နှင့် လုပ်နေသော ဆရာကို တပည့်က တထူးတဆန်းဖြစ်ဟန် စိုက်စိုက်ကြည့်သည်။ မောင်ဖြိုးသည် မြင်းအပ်မိသဖြင့် ဝယ်ခဲ့ရသော လက်ဖက်ထုပ် ကုန်းနှီးစွန်းက ပြုတ်မကျအောင် မေးရင်း၊ ဝါးကျည်တောက်နှင့် ပါလာသော ခေါင်ရည်ကို တမြမြစုပ်ရာမှ တစ်တောလုံး တစ်မြိုင်လုံး ဂယက်ရိုက်အောင် တစ်ခါတစ်ခါ သူ့အတွေးနှင့်သူ တွေးတွေး ရယ်လိုက်သော မောင်ညိုအား နောက်ပါးမှ ခေါင်းကုတ်၍ အရိပ်အခြည် ကြည့်လိုက်လာခဲ့၏။

စဉ်းစားလိုက်လျှင် တောပုန်းထုတ်သည်လည်း မဆန်း၊ ဓားရေးပြသည်လည်း မထူး။ သူတကာ ရွာကျေးတွင် မရှက်မကြောက် လျှောက်မူးသည်လည်း မခြားနား။ သူတကာ သားပျို သမီးပျိုကို ရဲတင်းစွာ ချဉ်းကပ်သည်လည်း ရိုးလှပြီ။ ကိုယ်ရေးမဆိုင်ဘဲနှင့် ဆီသည်ကို ဆိုင်းနှင့် ရွယ်ပေါက်သည့် အမှုမျိုးလည်း အကြိမ် များလှခဲ့ပြီ။ သို့သော် မြင်းပေါ်ထိုင်ပြီး သူရူးထသလို အသံပုပ်ကြီးနှင့် သူ့အရှင် ရယ်သွမ်းသွေးသည်ကိုကား ငဖြိုး မမြင်မိဖူးပေါင်ပါ။

အခါတိုင်း၌ လုံမပျို တစ်ယောက်ယောက်နှင့် တွေ့လျှင် အလိုသို့ ဆွဲပြီး၊

ပြီးလျှင် တပည့်ကျော်ကို စားမြို့ပြန်သည်။ အလိုသို့ မဆွဲမိလည်း ယင်းလုံမ အကြောင်းကို ထပ်တလဲလဲ ပြောတတ်၏။ ယခုမူ ဒွေးမယ်ကို တွေ့ပြီး၊ နာမည်မေးပြီးနောက် မောင်ဖြိုး ကိုပင် စကားအဖက်လုပ် မပြောတော့၊ ငဖြိုး လူအန္ဓ ဘုတ်ထိုင်းသည် ထိုအရေးကို သူ့ခေါင်းထဲတွင် ခပ်ဆိုင်းဆိုင်းမှ စဉ်းစားအံ့ဟု ခေါင်ရည်သာ မော့ရင်း ချောင်ထိုးထား လိုက်သည်။

မိုင်းလွယ်မှ ထန်းတက်သမားကြီးသည် ဆရာတပည့် နှစ်ယောက် မြင်းခွာ သံ ကြားသဖြင့် ဘူးစင်ဟောင်းအောက်က ခေါင်းလှိုကြည့်သည်တွင် သွားကြီး ဖွေးဖွေးနှင့် နှုတ်ဆက်လိုက်သော မောင်ညိုကို အတွေ့၌ အံ့အားသင့်သွားသည်။

ဒွေးမယ်ကို အမည်နာမပြောပြီး မေး၍ အိမ်ပြခိုင်းသောအခါ ပို၍ အံ့အား သင့်သွားသည်။ မောင်ညို့ကို တွေ၍ မျက်မှောင်ကုတ် အကဲခတ်ရင်း ပြုံးပြုံးကြီး ကြည့်၏။ မောင်ညိုက 'ပြစမ်းပါ၊ ဘကြီးမေးရင် အိမ်ပြလိုက်လိမ့်မယ်သဲ့ဗျ' ဟု အတင်း နားပူ နားဆာလုပ်ရင်း 'မိုးမိတ်ဈေးမယ် သွားတွေ့ပီး အိမ်လည်ခေါ်လို့ ဟာပါဗျ' ဟု ပြောမှ–

'ရှင်ဒွေးကိုယ်တိုင်နဲ့ တွေ့လို့လား' မောင်ညို ခေါင်းသွက်သွက် ညိတ်ပြသည် တွင် အဘိုးကြီးလည်း တဲတွင်း ဝင်သွားကာ ထန်းတက်ဓားတစ်ချောင်းနှင့် ပြန်ထွက် လာပြီး မောင်ညိုတို့အား ရှေ့က လမ်းပြလျှောက်သွားသည်။

တဲနောက်ဖေးတွင်ပင် ထန်းတောတစ်အုပ်ရှိရာ ထန်းပင်တွေ စီရရီ ပေါက် နေသည့် ကြားမှ ဖြတ်သွားကြရ၏။ သွားနေသောလမ်းကား ရွာတွင်းသို့ မဝင်ဘဲ ရွာပြင်က ဝိုက်ကွေ့နေသည်ကို ငဖြိုး သတိပြုမိသည်။

အဘိုးကြီး ခြေလှမ်းနှင့်ညီအောင် မြင်းကို ဇက်ပုံပေးထားရာ ငဖြိုးသည် သူ့တံတိုကို ခဲရင်း ခေါင်ရည်စုပ်လာသည်။ ရှေ့က မောင်ညိုကား လမ်းလျှောက်သူ နှင့် ရင်ပေါင်တန်းသွားရာမှ ဒွေးမယ်အကြောင်း တဖွဖွ မေးလိုက်ခဲ့သည်။

'သူရို့က ဘာလုပ်စားတုံး'

'သလိုပဲ ဆန်ဖွပ်မောင်းထောင်း ဆင်းရဲသားအလုပ်ပေါ့'

'ချင့် အဘကရော'

'ချင့် အမိ မုဆိုးမပဲ'

'နို့ ဟုတ္တ.....' ဟု စကားစပြီးမှ မောင်ညိုက တစ်ဖန် 'သားချင်း ဘယ်နှ ယောက် တုံး'

'ချင့် တစ်ယောက်ပဲ' ဟု အဘိုးကြီး ပြန်ပြောပြီး အတန်ကလေး သွားမိမှ 'နို့ သင်းမယ် ဟုတ္တများ ရှိသလား' ဟု မေးလိုက်သည်။

'ဘဇာတုံး'

'အဟုတ္တလေ့၊ သင်းမယ် လင်သား သနာ ရှိလားလို့လေ'

'ဩော် မဆိဘူး၊ လုံမ ငယ်ငယ်ဆိသေးမင့်ဟာ အပျိုစစ်ပါ' ဟု ပြောသဖြင့် ကိုယ်ကြီးကိုင်းနေသော မောင်ညိုသည် မြင်းပေါ်တွင် မတ်မတ်ထိုင်နိုင်သည်။

ဒွေးမယ်တို့အိမ်မှာ သက်ငယ်မိုး၊ အင်ဖက်ကာ ရှမ်းတဲကုပ်ကလေး ဖြစ်သည်ကို တွေ့ရ၏။ ရွာပြင်ကျကျ စိမ့်ကလေးတစ်ခု အနီးတွင် တလင်းဖြူကလေးနှင့် ယာငယ်လေး အလယ်၌ဖြစ်၏။ ယာကလေးတွင် ပဲပင်များ ပွင့်နေသည်။ ငှက်ပျောပင်ကလေးတွေလည်း စိမ်း၍ တောင်လေနှင့် တဖျပ်ဖျပ် လှုပ်ယမ်းနေသည်။ ငရုတ်ခင်း၊ ခရမ်းခင်းကလေးများနှင့် အခြား သီးပင်ကလေးများကိုလည်း သပ်သပ်ရပ်ရပ် စိမ်းစိမ်းစိုစို စိုက်ထားသည်။ အိမ်ရှေ့ဘက် စည်းတန်းနှင့် ဝါးတစ်ရိုက်ခန့် အကွာ၌ ဝါးရုံကြီးတစ်ရုံ ထွန်းနေရာ ၎င်းအနီး၌ ရေတွင်းတစ်တွင်း ရှိပြီး ရေတွင်းတွင် အဘွားအိုတစ်ယောက် မောင်းလက်ဖြင့် ရေငင်နေသည်ကို တွေ့ရသည်။ အဘွားအိုကို ကျောပေးနေသည့်အတိုင်း မြင်ရလျှင်ပင် ဒွေးမယ့်မိခင် ဟု မှတ်လိုက်၏။

မြင်းတွေနှင့် ဝင်လာသော ထန်းသမား အဘိုးအိုက 'ဟေး ရှင်နော်ဇာ' ဟု ခေါ်၍ 'ညည်း့ အိမ်မေးသဲ့ ဧည့်သည်တွေပဲဟေ့' ဟု ပြောလိုက်သည်။

မောင်ညိုသည် စည်းတန်းသို့ ဝင်မိလျှင်ပင် မြင်းပေါ်မှ ဆင်းပြီး အဘွားကြီး ထံ ခပ်ပြုံးပြုံးကြီး မျက်နှာချိုသွေးနေ၏။

မြင်းကြီးတွေနှင့် ဧည့်သည်ဆိုသူ မျက်နှာစိမ်းတွေကို မြင်တွေ့ရလျှင် အဘွားကြီးသည် အံ့အားသင့်သွားမည် ထင်ရ၏။ သို့သော် အံ့ဩသော မျက်နှာထားကို မပြ။ မောင်ညိုကို ကြည့်ပြီး ငဖြိုးကို ကြည့်ကာ၊ တစ်ဖန် မောင်ညိုကို ပြန်၍ ခေတ္တကြည့်ပြီး ရေငင်လက်စကို ငင်နေ၏။ ငင်ပြီးတော့မှ ရေစိုနေသော လက်ကို တင်ပါးတွင် သုတ်ရင်း 'အိမ်.....' ဟု ပြန်ပြောကာ ရေတွင်းမှ ထွက်လာသည်။ မောင်ညိုတို့လည်း မြင်းကိုဆွဲ၍ ရပ်မြဲ ရပ်နေရာ ငဖြိုးသည် တံတိုက မီးခိုးတငွေ့ငွေ့ထုတ်ရင်း ကြောင်တက်တက်ငေး အကဲဖြတ်နေသည်။

အဘွားကြီးသည် ဖျင်ထဘီနက်ကို ရင်ရှား၍ အင်္ကျီမပါ။ အသား အတော် လတ်သည်။ အသားအရေ ခြောက်သွေ့ ပိန်ညှော်နေသည်။ ပခုံးရိုးတွေ ငေါ်ထွက်လျက် ခြေသလုံးကြွက်သား မရှိတော့။ လက်ချောင်းများမှာ ရှည်လျား သေးသွယ်၍ လက်ဆစ်ရိုးတွေ တငေါငေါနှင့် လက်သည်း ခြေသည်းလည်း ရှည်မည်းနေသည်။ ဆံပင်ကား ဆွတ်ဆွတ်ဖြူနေသည်။ သို့သော် ထိပ်တည့်တည့်၌ သျှောင်ပေစူး ထုံးထားသည်။ မေးရိုး ပါးရိုး ကျနေသည်။ သွားလည်း ကျိုးကုန်ပြီ ဟု ထင်ရ၏။

၎င်းတို့ထက် မောင်ညို ဂရုပြုမိဆုံးကား အဘွားကြီး၏ မျက်လုံးတွေတည်း။

## ၅ | ပျို့အမိငယ် မြင်၊ အိမ်ဝင် မောင်ကြီး နေး

ရှင်နော်ဇာဟု အခေါ်ခံရသော ထိုအဘွားအို၏ မျက်လုံးတို့သည် မေ့မွှားမှုန်ထိုင်း နေရမည့်အစား အရောင်တဝင်းဝင်းနှင့် လက်နေသည်ကို တွေ့ရ၏။ အရောင် တဝင်းဝင်း

နေသည်နှင့်အမျှ မောင်ညိုကို တစ်ချက် လှန်ကြည့်ပြန်ပြီး နောက်ထပ် မကြည့်တော့။ စကားပြောနေသော်လည်း မျက်လွှာမပင့်တော့အောင် မျက်လုံးချင်း အဆုံမခံပေ။

'အိမ်း'ဟု အဘွားကြီးက ထပ်ခေါင်းညိတ်ရင်း 'လာ နေပူသယ်'ဟု တဲရိပ်သို့ ခေါ်သွားမှ ထန်းသမားကြီးက နောက်မှ လိုက်ဝင်ကာ 'ညည့်သမီး တွေ့ချင်လို့သဲ့'ဟု ပြော၏။ အဘွားကြီးက တဲပေါ်တက်သွားပြီး မြက်ဖျာတစ်ချပ် ခင်းပေးသည်။ မောင်ညိုလည်း ငဖြိုးထံ မြင်းပေး၍ တဲထောက်ကဲလား တံခါးရွက်အောက်က ခေါင်းငုံ့ ဝင်ခဲ့သည်။ တဲကလေးမှာ မောင်ညို့တင်ပါးအောက်က ခွက်ကျမတတ်။ အဘွားကြီးသည် အိမ်ဆောင်ရှိ ကွမ်းစင်သို့ ကွမ်းရွက်ထွက်ရူး၊ စဥ့်အိုးတွင် ရေဆေးပြီး ဇန်းနှင့်ပြင်ကာ အသင့်ရှိသော လက်ဖက်ရည်ကြမ်းအိုးနှင့် အတူ ခွဲ့သည်များထံ လာချပေးသည်။ ပြီးလျှင် အိမ်အတွင်း ခေါင်တိုင်အနီး သွားထိုင်ရာကမှ 'အနို့ သည်က အမောင်ရို့က အတီရပ်သားတေတုံး' ဟု မေးရင်း 'ဒွေးကလေးတော့ ဈေးပြန်မရောက်လာသေးဘူး' ဟု ပြောသည်။

မောင်ညိုသည် ဒွေးမယ်ကို ရှိနိုးနှင့် စေ့စေ့စပ်စပ် မျက်လုံးဖြင့် လိုက်ရှာနေရာက အဘွားကြီး ပြောသံကြားမှ ဣန္ဒြေပြုကာ အမ်းတမ်းတမ်းနှင့် အမေးကို ဖြေရ၏။

ထိုအခိုက်တွင်ကျမှ ရွာစပ်သို့ လှည်းတစ်စီးရောက်လာပြီး လှည်းပေါ်က ဆင်းလာသော ဒွေးမယ်ကို မြင်ကြ၏။ ဒွေးမယ်လည်း ဈေးတောင်းကိုရွက်ပြီး တဲဘက်သို့ ဝင်လာသည်။ တဲအဖီတွင် မြင်းနှစ်ကောင်ချည်ပြီး ထင်းပုံပေါ်၌ ခြေတွဲလဲ ချ၊ ဆေးတံဖွာနေသော ငဖြိုးကို ဘွားခနဲ မြင်ရလျှင် ဒွေးမယ် ရင်ဒိတ်ခနဲ ခုန်လျက် အံ့အားသင့်ခြေတစ်လှမ်းတုံ့သွားသည်။

တဲထဲသို့ လျင်မြန်စွာ လှမ်းကြည့်ပြီး သွားကြီးဖြဲ၍ ပြုံးလိုက်သော မောင်ညိုကို မျက်နှာချင်းဆုံမိမှ ပြုံးပြုံး ပြုံးပြုံးနှင့် တဲအောက်သို့ ဝင်ခဲ့သည်။ ဒွေးမယ်မျက်နှာမှာ တစ်မျိုးကြီးဖြစ်ကာ နီမြန်းသွားသော်လည်း 'ဟင် အကိုရို့ပါလား' ဟုသာ ပြောနိုက် အဘွားကြီးက 'အိမ်း ရှင်ဒွေးရ၊ ညည့်လာစောင့်သာ အတော်ကြာပီတော့' ဟု ပြောပြောဆိုဆို နေရာမှထ၍ တဲပြင်သို့ ထွက်ကာ ရေတွင်းဘက်သို့ ပြန်သွားသည်။

မောင်ညိုမှာ ဒွေးမယ်ကို မြင်ရလျှင် ဝမ်းသာသွား၏။ အဘွားကြီး ထသွားမှန်း သတိပြုမိသည်ပင် မထင်။ ဒွေးမယ်သည် ဈေးတောင်းကို ရွက်လက်စဖြင့် ဝါးလှေကားမှ တက်၍ တဲအဆင့်ပေါ် ရောက်သွားပြီး ခေတ္တနေလျှင် သနပ်ဖက် ဆေးလိပ်နှင့် မီးခတ်စုံကို ကိုင်ဆင်းပြီး ကွမ်းဇန်းတွင် ထည့်၏။ နဖူးမှ စီးကျနေသော ချွေးကို သဘက်စဖြင့် သုတ်ရင်း 'သြော် ဘယ်တုန်းက ပြန်ရောက်ကြပြန်လဲ။ အကျွန်ဖြင့် ခုလို ရုတ်ခြည်းလာကြမယ် မထင်ပေါင်' ဟု ပြော၍ 'ဆေး သောက်ပါ' ဟု ဆိုသည်။ မောင်ညိုသည် သူကိုယ်တိုင်လည်း ခုလိုချက်ချင်း အလည် ဘာကြောင့် လာသနည်းဟု အဖြေမပေးနိုင်ခဲ့သဖြင့် အဖြေမပေးတတ်ဘဲ ဆေးလိပ်ကို ကောက်ညှိရတော့သည်။

ဒွေးမယ်တို့အိမ် အလည်လာရာ ရောက်လျှင် ပြောမည်ဟု ရည်ရွယ်ထားသော စကားတွေလည်း မပြောနိုင်။ တစ်လမ်းလုံး လှည်းပြန်တွေတွင် ပါမလားဟု ကြည့်၏။

ရှေ့နှင့်နောက် အပြန်ကွာနေ၍ လွဲကြသည်၊ သို့မဟုတ်က အတူတူ ပြန်နိုင်ကြမည်စသော ပို၍ မထူးတော့မည့် စကားမျိုးတွေသာ ပြောပြီး အတန်ကြာသော် ပြန်ရန်ထ ရ၏။

သို့နှင့် မြင်းကိုယ်စီ ကိုင်ရင်း နှုတ်ဆက်တော့မှ မောင်ညိုသည် ဈေးမှ ဝယ်ခဲ့သော လက်ဖက်ထုပ်ကို သတိရပြီး 'ရော ရှင်ဒွေး၊ လက်ဆောင်ကောင်း' ဟု ပေးသည်။ ဒွေးမယ်တွင် လက်ဆောင်ထူး မဟုတ်သော်လည်း လက်ဖက်ထုပ်ကို ယူပြီး မျက်နှာကလေး နီရာက ကျေးဇူးတင်စကား ပြောရမည့်အစား 'အင်း၊ အန့်..... ဪ' ဟုသာ ဆိုနိုင်၏။ မြင်းပေါ်တက်ပြီး အဘွားကြီးက ရေငင်ရာမှ 'ပြန်ကြရော့လား' ဟု မေးသည်ကို 'ဟုတ်ပ၊ ပြန်လိုက်ပါဦးမယ် အမေကြီး' ဟု နှုတ်ဆက်သည်။ ဒွေးမယ်သည် စကားမပြောဘဲ နေပူအောက်တွင် သဘက်မဆောင်း၊ ခေါင်းဗလာနှင့်ပင် စည်းရိုးတံခါးအထိ မောင်ညို့မြင်းအောက်က လျှောက်၍ လိုက်ပို့သည်။

စည်းတန်းကျမှ မောင်ညိုက ဒွေးမယ်ကို ငုံ့ကြည့်ကာ 'ပြန်မနော'

'ဟုတ်ကဲ့ရှင့်၊ နောက် ရောက်ရင် ဝင်သာပေါ့' ဟု ခပ်တိုးတိုး မှာ၏။ မောင်ညိုသည် မြင်းကို ထန်းသမားကြီးနှင့် ယှဉ်၍ သွားစေရာမှ ဒွေးမယ်ကို သမင်လည်ပြန် ကြည့်မိရာ သုံးလေးခါပင်။ ဒွေးမယ်မှာ နေချစ်ချစ်ပူအောက်၌ ခြံတံခါးတိုင် မှီပြီး သူ့ထံ ငေးနေရစ်သည်ကို မြင်ရသေးသည်။ ရွာတန်းနှင့် ကွယ်မှ မောင်ညိုလည်း နောက်သို့ ပြန်မလှည့်တော့။ လည်ပင်းထဲ၌ကား တစ်ဆို့ဆို့ နေသွား၏။

သို့နှင့် ထန်းထဲသို့ ရောက်ကြပြီး သည်တစ်ည အိပ်ပါဦးဟု လောကွတ်ပြုသည်ကို ငြင်းဆန်ရင်း အိတ်ထောင်မှ ဒေါင်းဒင်္ဂါးတစ်ဆယ်ကို အတင်း လက်ဆောင်ပါး၍ မောင်ညိုတို့ ပြန်ရန် နှုတ်ဆက်မှ ထန်းသမားကြီးက 'မောင်ရင်.....' ဟု ခေါ်ကာ 'နောက် လာဦးမလား' ဟု မေးသဖြင့် မောင်ညိုက ပြုံးပြုံးကြီးနှင့် 'လာပေါ့၊ ချက်တစ်ဖြုတ်ခါတင်ခု' ဟု ဆိုသည်။ ပြီးမှ 'ဘကြီးတို့ မိုင်းလွယ် မလာစေချင်လို့လား' ဟု စကားနာထိုးသည်။ 'မဟုတ်ပေါင်ပါ၊ လာရင်.....' ဟု စကားကို မတင်မကျ ဖြစ်နေမှ မောင်ညိုက လည်ပင်းတွင် ပဝါပြင်ပတ်ရင်း 'လာရင် ပဇာပြုတုံး' ဟု မေး၏။

'ဪ ဒွေးမယ်အတွက် လာရင် သတိပေးထားချင်လို့ပါ'

'ဘယ်လိုများလဲ၊ ချင့် ပိုးပန်းနေသဲ့ ရည်းစား သနာများ ရှိလို့လား' ဟု မေးပြီး 'ရှိကော ဘကြီးတစ်ယောက်လုံး ရှိမင့်ဟာ။ ပီး အကျွန်လည်း ခားမထက်ဘဲ နယ်မကျယ်ပါဘူး' ဟု ရယ်ရယ်ပြုံးပြုံး ကိုယ်ရည်သွေးသည်ကို ထန်းသမားကြီးက 'သဟာပြောသာ မဟုတ်ဘူး မောင်ရဲ့'

'အနို့ သဟာမဟုတ် ပဇာတုံးဗျ'

'သာဆို ပဇာအရေးလဲ၊ ကျုပ်လည်း သည်မိုင်းလွယ်မယ် လူစွာကပဲ။ သာ့ထက် စိုးရိမ်ရသာ ပြောပါသယ်။ မောင့်ခားစွမ်းနဲ့လည်း မခံနိုင်၊ ကျုပ်ခားနဲ့လည်း မခံနိုင်သဲ့ ရန်ကို သတိပေးသာ'

'သလိုရန်က ပဇာ့ရန်မို့လဲဗျ' ဟု မောင်ညို မျက်မှောင်ကုတ်ရင်း မေးမှ အဘိုးကြီးက မောင်ညိုကို စေ့စေ့ကြည့်ပြီး 'ဒွေးမယ် အမေဟာ စုန်း' ဟု ပြောသည်။

မောင်ညိုတွင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထန်းသမားကြီး၏ မျက်နှာကို မျက်တောင်မခတ်ဘဲ တွေ၍သာ နေမိသည်။ ဘာမျှ မပြောတော့။ အဘိုးကြီးက မောင်ညိုကို အတန်ကြာ ပြန်အကဲခတ်ပြီးမှ 'တစ်ရွာလုံး မုန်းနေကြသယ်။ တစ်နေ့နေ့ မယ် သည်အမယ်ကြီး ဒုက္ခရောက်မှာပဲ။ ခုခါတော့ ကြောက်နေကြတုန်းမို့' ဟု ထပ်ပြောသည်တွင်လည်း တွေမြဲ တွေနေသည်။ မြင်းညိုကြီးကား အမြီးတယပ်ယပ် ဇက်တမော့မော့ ခွာတရှပ်ရှပ် ဖြစ်နေသည်။ အတန်ကြာမှ မောင်ညိုသည် မည်သို့မျှ မပြောဘဲ နေရာက ချာခနဲ မြင်းခေါင်းလှည့် ထွက်ခဲ့တော့သည်။ ထန်းသမားကြီးကား တဲရှေ့တွင် ထန်းဓားကိုင်လျက် ငေးကျန်ရစ်တော့၏။

ပေါက်လဲ အငုံကလေးတွေ တစီစီနှင့် ဖူးတံတွေ သီနေကြပြီ။ ကျွန်းပင်၊ အင်ပင်ကြီးများလည်း ရွက်ဟောင်းတွေကို မြေသို့ ခါချထားသည့်အတွက် ရွက်နုစို့ရာ အကိုင်း အညွန့်များတွင်သာ စိမ်းနုဖပ် စိုပြည်နေကြလျက် ပင်စည်၊ ပင်မ၊ ကိုင်းခွများတွင်ကား မြေနီရောင် ချင့်ချင့်ပြေးနေသည်။ တစ်ပင်ပုံကျ၊ တစ်ကိုင်းဝင်နား နေကြသော တောငှက်ကျေးသံများလည်း တတီတီ တတာတာ ပလီပလာ။ ဆက်ရက်တွေ၊ တောကြက်တွေမှာ ဖိုမသံ တွန်ကျူးမြူးဟန်ပြပြီးလျှင် တောစပ် တောင်စောင်းတို့တွင် အအုပ်အသင်းဖြင့် ဆင်းနေကြရာ မြင်းခွာသံကြားမှ တောနက်ရာသို့ ကတွတ်ကတော် အော်ဝင်ပြေးကြသည်။

လေရူးကလေးသည် မြေပေါ်တွင် ရှပ်ကာ ရွက်ဟောင်းတွေကို မွှေ့ယမ်းကျီစယ်သွားသည်။

ရေးရေးမျှ မထင်သော လမ်းကို စမ်း၍သာ မြင်းနှင်ရ၏။ တောလမ်း ဟူသည် ထွင်သူ အမြဲဥဒဟို အရောက်များမှ လမ်းရာထင်နိုင်လျက် လူသူ အလာအသွား အကူးအသန်း နည်းရာ၌ ချုံနွယ်ပိတ်ဆို့နေမြဲပင်။ ခရာစူးစောင်း သောင်းပြောင်း ဖုံးဝှက်နေတော့သည်။ ပုဆိုးတစ်ပတ် နှစ်ပတ် ပင်စည် ထွားကြသည့် အင်ပင်၊ ကျွန်းပင်၊ ညောင်ညိုပင်ကြီးများပေါ်၌ အစွန်အဖျား ခွကြားကို တွယ်ကပ်လျက် ပေါက်နေကြသော သန့်စင်တင့်တင့်၊ ဖရောင်းပန်းပွင့်၊ ကြောင်မြီးတူ အဆင့်ဆင့်များလည်း ဖူးကြ ငုံကြလေရာ စွင့်စွင့်မွှတ်မွှတ်မှ နေ၍ ချူဝံ့သူ၊ ခူးမည့်သူကို သရော်ကလူ နေကြဟန် တူလေသည်။ တောပန်း တောင်ပန်းတွေ တမြိုင်မြိုင် ကင်းငုံဖူးစို့စ အခါသမယ ဖြစ်လေရာ ပတ်လည် ရှုခင်းသည် သာခြင်းကြီး သာလေး သာစွ၊ သာစွ။

တစ်တောင်ငိုခိ၊ တစ်တောင်ဝင်ကပ်၊ မြင်းကို တရစပ် နှင်လာကြသူ နှစ်ယောက်မှာ စကားမပြောအားပေ။ သင်းပျံ့ကြည်လင်သော လေညင်းလေသာတွင် အမော မဝင်နိုင်ဘဲ သာယာခြင်း၏ ဖမ်းညှို့မှုကို သူတို့ကိုယ်တိုင် သတိမပြုမိဘဲနှင့် ခံစားနေခဲ့ရသည်။

မောင်ညိုု၏စိတ်တွင် တောတောင်၏ သာယာခြင်း၊ ရာသီ၏ ကြည်နူးစဖွယ် ဖြစ်ပေါ်နေခြင်းကို သတိမပြုဘဲ မနေနိုင်တော့ပေ။ နှစ်ဟောင်း နှစ်သွေးကို ဆေးကြော နေသည့်အလား မြင်မြင်သမျှ တောတောင်၊ ရေမြေ၊ သစ်ဝါး၊ ပန်းမန် တို့သည် အားအင် သစ် ပြုနေကြသည်ကိုသာ ကြည့်လေတိုင်း မြင်မိတော့မှ သူ့စိတ်ကို သူ အံ့သြမိသည်။ ဤသို့သော စိတ်မျိုး၊ ရာသီ တောတောင်ကို တင်စားရန် အရေးသည် ငါလိုလူမျိုးနှင့် မထိုက်တန်၊ မောင်စိုနှင့်သာ အလွန်းသင့်ပေသည်။

မောင်စိုသည် ငါနှင့်မတူသော ညီလေးဖြစ်ပေသည်။ သူသာ သည်တော သည်တောင်ကို ယခုကဲ့သို့ ရောက်နေလျှင် ရောက်သည့် ကာလတွင်ပင် သူ့နှုတ်မှ တဖွဖွ ဆိုမြည်နေလေ့ရှိသော တောလား၊ တောင်လား၊ ရတု၊ ရကန်၊ သာချင်းတို့ကို သီမည်၊ တာမည်၊ သာမည် မချွတ်ပေ။ တော၏ သာယာပုံ၊ တောင်၏ ကြည်နူးစဖွယ် လှပပုံကို မောင်စိုသာ ဆိုလျှင် လျော်ကန်သင့်မြတ်အောင် ချီးမွမ်းတင်စားမိမည် အမှန် ပင်။ ယခု ငါ့မှာ လှကြောင်း တွေ့ခဲ့ရုံသာဟု စဉ်းစားမိပြန်၏။

မောင်ညိုကား ထိုစဉ်က အသက်စစ်လိုက်သော် နှစ်ဆယ့်သုံးနှစ်ကျော်ကျော် သွေးကြွ၊ သွေးထသော အရွယ်ဖြစ်၏။ ညီရင်းအစစ် မောင်ညို့ အချစ်ဖြစ်သော မောင်စို ကား ဤသက္ကရာဇ် ၁၂၄၀ ပြည့်တွင် အသက်နှစ်ဆယ် တင်းတင်း ပြည့်ခဲ့လေပြီ။ မင်းနေပြည်ဟောင်း အဝရွှေမြို့တော်အနီး တံတားဦးခေါ် မြို့ငယ်ကလေး၌ ဥစ္စာလယ်မြေ၊ ကိုင်းကျွန်း၊ ယာခင်းတို့ဖြင့် ကုံလုံကြွယ်ဝသော ဘုရားတကာ ဦးမြတ်စံ၊ ဒေါ်လှမယ်တို့၏ သားရင်းသည်းချာများ ဖြစ်လေသည်။

တပို့တွဲ လဆန်းလောက်က ရှမ်းပြည်နယ် မိုးကုတ်သို့ ဦးမြတ်စံ၏ အသိ အကျွမ်း ကျောက်ကုန်သည်တစ်ဦးနှင့်အတူ သားငယ်ဖြစ်သူ မောင်စိုအား ကျောက်အဝယ် လွှတ်လိုက်ရာ အချိန်တန်လျက် ပြန်မရောက်သေးသောကြောင့်၊ မိခင် ဒေါ်လှမယ်တွင် စိုးရိမ်ပူပန်သောအားဖြင့် သားအကြီးကို ညီငယ်အကြို လွှတ်လိုက်သည့်အတွက် မောင်ညို တို့ ဆရာတပည့် ဤရွှေဥတောင် တောစပ်သို့ ရောက်နေကြခြင်း ဖြစ်တော့သည်။

တောလမ်း ခင်တန်းတစ်လျှောက် ခရီးစဉ်လျှောက်ရသော အလုပ်မျိုးမှာ စင်စစ် မောင်စိုနှင့် မသင့်။ ထိုစဉ်က မောင်ညိုတွင် မြို့သာသို့ နမ်းကောက်သွားနေခိုက် မိုးကုတ်သွားမည့် ကျောက်ကုန်သည်မှာလည်း ခရီးမဆိုင်းနိုင်သဖြင့်သာ မောင်စို ပါသွား ခြင်း ဖြစ်၏။ မောင်ညိုမှာ ကိုယ်လက်အင်္ဂါ သေးကွေးနုစိုသော ညီထွေးကို ကလေးငယ် ပမာ ယခုတိုင် အရာရာ၌ စိတ်မချရက်နိုင်သေးပေ။

ခရီးဖင့်နေသဖြင့် လိုက်ရသည်တွင်ကား တံတားဦးနှင့် မိုးကုတ်ကို တစ်သိ တင်း တည်းနှင့် အရောက် နှင်ခဲ့ရှာသည်။ မိုးကုတ်ရောက်၍ မောင်စို တည်းသော ကျောက်ကုန်သည်အိမ် ရောက်ပြီး မောင်စိုအတွက် မစိုးရိမ်ပါနှင့်၊ ကျန်းကျန်းမာမာ ပါပဲ။ ကျောက်ကောင်းတစ်လုံး ရမည် ဆိုသဖြင့် တောဘက်သို့ တက်နေပါသည်၊ သုံးရက်ကြာလျှင် ပြန်လာပါလိမ့်မည်ဟု ကြားရမှ စိတ်အေးရသည်။

မောင်စိုအပြန် စောင့်ရင်း ကြားသုံးရက်တွင် သူငယ်ငယ် ရှင်ထွက်စက တစ်ခေါက်မျှ ရောက်ဖူးသော ရှင်ဥတောင်တောရသို့ အလည်သွားဦးမည်ဟု အကြံယူကာ တည်းအိမ်ကို အကြောင်းကြားခဲ့ပြီး မိုးကုတ်မှ ထွက်လာစဉ် ရှင်ဥတောင် ရောက်လုနီးပါး၌ မွန်ရာဇဝတ်ကောင်နှင့် သွားတွေ့ခြင်း ဖြစ်လေသည်။ ထိုမှလည်း မောင်စိုသည် သုံးရက်ကြာမှ ရောက်မည် ဆိုထားသဖြင့် မိုင်းလွယ်၊ မိုးမိတ်တို့သို့ ခရီးကျွဲခဲ့ခြင်း ဖြစ်ပြန်ရာ တောနက်သို့ရောက်၍ တောတောင်စိုပြည်ပုံကို သတိပြုမိတော့မှ တောနှင့် စပ်၍ မောင်စိုကို သတိရသွားတော့သည်။ သတိရလျှင် ရချင်း ညီနှင့် တွေ့လိုစိတ်၊ ညီ့မျက်နှာ မြင်လိုစိတ် တဖွားဖွား ပေါ်လာပြန်၏။ ညီ့အသံကြား၊ ညီနှင့် စကားပြော မရယ်မမော ရသည်မှာ နှစ်လမျှ ကြာသွားပေပြီ။

ထိုခဏမှ စ၍ မောင်ညိုသည် နေလုံးမပျောက်မီ မိုးကုတ်အရောက် ပြန်ရန် စိတ်ကူးပြီး ညီလေးမောင်စိုများ ရောက်နေနှင့်ကရောလားဟု စိတ်စောခဲ့တော့သည်။ စိတ်စောသည့်အတိုင်းလည်း တည်းအိမ်သို့ ပြန်ရောက်သောအခါ အိမ်ရှင်တို့က ညီတော် မောင် ပြန်ရောက်ပကော၊ အမောင်က ဘယ်ဆီများ ခရီးလွန်နေပါလိမ့်ဟု ဆီးမေးသည်ကို မြင်းပေါ်က အူယားဖားယား ဆင်း၊ ဖြိုးလက် မြင်းပေးခဲ့ပြီး 'ဟုတ်လား၊ ရောက်ပြီလား၊ ဘယ်မတုံး' ဟု မေးလျက် အိမ်ပေါ်တက်ခဲ့သည်။

အိမ်ဦးခန်းတွင် စာအုပ်ကိုင်ဖတ်နေသော ညီက လှူးလဲ ထပြီး ဆင်ဝင် ခွေးကတက်၌ ဆီးကြိုမှပင် လှေကားသုံးထစ်ကို အပြေးကြီး လွှားတက်ကာ 'ဟရို၊ ငစို၊ မင့်နှယ် ကိုကြီးအမေး မကြားရှော့လား' ဟု အော်ရင်း မောင်စို စာအုပ်ချိုင်းညှပ် ရယ်ပြုံးနေရာ အနီးသို့သွားကာ ညီအား ဘာမပြော ညာမဆိုတော့ဘဲ ခြေတံ ကောက်ကွေး တစ်ဖက်၊ ကျောတစ်ဖက် ကိုင်၍ ချီမလိုက်သည်။

မောင်ညို၏ ကျယ်ပြန့်သော ရင်အုပ်ကြားမှ မောင်စိုတွင် ပြုံးရင်း ရွှင်ရင်း အလိုက်သင့် မြောက်ပါသွားရာမှ 'ဗျို့ အစ်ကို၊ လူကို သားမယားကျနေသာပဲ။ အောက် ပြန်ချပါဦး' ဟု ဆိုသည်။ ဤတွင် မောင်ညိုသည် မောင်စိုကို ပြန်ပြီးတစ်ဖန် ချီပွေ့မည် ပြုပြီးမှ အိမ်သားတွေကို သတိရကာ သွားကြီးတဖွေးဖွေးနှင့် မိုင်းလွယ်ဘက် ခရီးလွန်ပြီး မိုးချုပ်သွားသဖြင့် မပြန်နိုင်ကြောင်း ပြောရသည်။ အိမ်သားများလည်း အလိုက်သင့်ပင် 'ကိုင်း ကိုင်း အမှင်းစားရအောင် ရေမိုးချိုးချေဦး' ဟု ခိုင်းတော့မှ မောင်ညိုကို မောင်စိုသည် သူ့အတွက် သီးသန့်ပေးထားသော အခန်းသို့ ခေါ်ခဲ့သည်။

'အစ်ကို့ အဝတ်တွေမလည်း ညစ်လို့ပါကလား။ ညဥ့်အိပ်ညဥ့်နေ သွားရင် အထည်ပိုယူသွားမှပေါ့။ ခင်ဗျ အဝတ်ဖာလည်း လှေကားဆောင် ခြေရင်းမယ် ထားရစ် သယ်။ အစ်ကိုဟာလေ အင်တန် ပစ္စုတ်တရာ လုပ်တတ်သဗျာ' ဟု မောင်စိုက ဆိုသည်။

'ဟာ မေ့သွားမင့်ဟာ၊ ခု သည်အခန်းထဲ ယူထားပြီး မဟုတ်လား။ သာနဲ့ ငါ့ညီ၊ မင်းနဲ့ မတွေ့ရသာ နှစ်လတောင် ကြာသွားပြီ .... မှန်း' ဟု မောင်စိုအား နေရာတွင် အရပ်ခိုင်းပြီးလျှင် ရှေ့နောက်ဝဲယာမှ လှည့်ပတ်ကြည့်ရှု နေပြန်၏။

မောင်စိုလည်း ပြုံးစနဲ့နဲ့နှင့် အစ်ကို့အကြည့် ခံနေရာ မောင်စိုမှာ ခါးတွင် ချိတ်ပုဆိုး စိမ်းဖျော့ ဆီးထား၍ ကိုယ်တွင် ဖျင်ချောအပေါ်အင်္ကျီ လက်ကျပ်ကို ဝတ်ထား၏။ သျှောင်ကို ဆီတရွှမ်းရွှမ်းနှင့် ထုံး၍ သျှောင်အောက်က ပင့်ကာ ဖက်ဖူးရောင် ပန်းပေါက်အပြောက်ရိုက် ပိုးသားပဝါကို အစကွမ်းရွက်ထောင် ပေါင်းထားသည်။ ဝဲလက်တွင် မြတစ်ကွင်း၊ စိန်စံပယ်ဖူး တစ်ကွင်း၊ လက်စွပ်နှစ်ဆင့် ဝတ်ထားပြီးလျှင် အိစတန်ရေမွှေးနံ့ကလေး တသင်းသင်း ဆွတ်ထားသော ပဝါတစ်ထည်ကို ကိုင်ထား၏။

မောင်စိုမှာ မောင်ညိုနှင့် အကယ်ပင် မတူပေ။ မောင်စို့အသားမှာ လတ်လှသည်။ လည်တိုင်ကလေး ရှင်းရှင်းနှင့် အကြောစိမ်းလေးများ ယှက်နေသည်။ ပါးနှစ်ပြင်မှာ မို့မို့လေး ဖောင်း၍ နေစားထားသဖြင့် နီစို့စို့ ဖြစ်နေ၏။ မျက်လုံး ဝိုင်း၏။ မေးချွန်သည်။ နှုတ်ခမ်းတွေမှာ ထူ၍ ခန့်သော်လည်း ပြုံးနေလေ့ရှိသောကြောင့်လော မသိ၊ မိန်းမပျိုကလေးကဲ့သို့ ပါးလွှာ နုနယ်သည် ထင်ရသည်။

ကိုယ်လုံးချင်းလည်း ကွာလှတော့၏။ လက်မောင်း၊ လက်ရုံး၊ ခြေဆံ၊ လက်ဆံ၊ ကိုယ်လုံးကိုယ်ထည်မှာ ကျစ်ကျစ်ကလေး သေးကွေးလှရာ ဗလကြီးလှသော အစ်ကိုသည် ထိုညီအား ကလေးပမာ ယုယ စိုးရိမ်သည်မှာ မဆန်းဟု ဆိုရမလောက် ဖြစ်နေ၏။

မောင်ညိုသည် ညီကို နှစ်တန်မျှ ပတ်ကြည့်ပြီး၊ နှစ်ပတ်ခန့် ပခုံးစွန်းက ကိုင်လှည့်ကြည့်ပြီးမှ ကြမ်းပေါ်တွင် ခင်းထားသော သင်ဖျာတစ်ချပ်၌ သူ့ကိုယ်ကြီးကို လေးလေးလံလံ ပစ်လှဲချကာ 'အိမ်း ငါ့ညီ .... အင်တန် ချော၊ အင်တန် လှသကွာ' ဟု တကယ်ချီးမွမ်းပြီး နှာခေါင်းကြီး ပွချည် ပိန်ချည်လုပ်ရာက 'မွှေးလည်း အင်တန် မွှေးသကွ' ဟု ပြောလိုက်၏။

မောင်ညိုမှာ အကယ်ပင် ချီးမွမ်းပြီး သူ့အကျည်းတန်ပုံ၊ အရုပ်ဆိုးပုံကို မောင်စိုနှင့် မယှဉ်ရက် သကဲ့သို့သော လေသံမျိုး ဖြစ်ပေါ်သွားသည်တွင် မောင်စိုလည်း ဖုန်အထပ်ထပ် ချေးအဖတ်ဖတ် လိုက်နေသော အစ်ကို့ကိုကြည့်ရင်း ပြုံးပြုံးလေးနှင့် 'ထဘီပဲ ဝတ်ကရော့လို့ ပြောချင်သပေါ့' ဟု မေးရာမှ လေသံတစ်ဆက်တည်းဖြင့် 'ကိုင်း အစ်ကို၊ ရေမိုးချိုးချေရအောင် လုပ်လဗျာ' ဟု ရေချိုးခေါ်ခဲ့သည်။ အိမ်၏ လက်တီး နောက်ဆွယ် ခန်းရှိ ရက်ကန်းစင်ပေါ်မှ ရေလဲနံငယ်ကို ဝင်ယူကာ သရက်ပင်ကြီး တစ်ပင်အောက်ရှိ ရေတွင်းသို့ ရောက်ကြမှ မောင်စိုက 'အစ်ကိုရို့ လမ်းမယ် ပဇာဖြစ်သေးတုံး။ ဉပဒ်ကင်းရဲ့ပေါ့' ဟု မေးသည်။ မေးရာ၌ တစ်ဆက်တည်း 'အဘတို့ မာရဲနော့၊ အမိရော နာမကျန်းဖြစ်သေးလား။ ဦးဝါကြီးနဲ့ နင်ပဲဆေ ဖြစ်ခဲ့သေးပေါ့၊ ဟုတ်စ' စသည်ဖြင့် အိမ်အကြောင်းတွေပါ သိချင်နေသည်ကို မောင်ညိုလည်း ထိုးကွင်းဒူးကျ ခြေပေါ် ပေါင်ပေါ် ရေတဖွားဖွား ချိုးရင်းက အိမ်အကြောင်းပြောပြရင်း 'အလာမယ်တော့ ပဇာမှ မဖြစ်ပေါင်ပါ။ သည်ဘက်နယ် ကျတော့ကမှ ရွှေဥနတ် တောင်ခြေမယ် ဓားတစ်ပွဲ စမ်းခဲ့ရသေး' ဟု ပြော၏။ မောင်စိုက မျက်စ ပင့်ကြည့်ပြီး 'ဘသားပီခဲ့ရဲ့ မဟုတ်လား၊ အသူနဲ့ များပါလိမ့်' ဟု သိလို၏။

'ဟို အနောက် ရွှေဘိုနယ်သားသဲ့ကွယ်'

'ပသို့ စဖြစ်တာတုံး'

'ဟာ မဖြစ်စလောက်ရယ်။ ဟိုအကြေက မွန်တစ်ယောက် ကာဘိုဆီ ဆေးကု လာရာမယ် ကောလင်း၊ ဝန်းသိုက အနာကုလာပင့်လို့ လိုက်အသွား ဟိုဆိကျတော့ ကောလင်းကိုယ်တော်ဆီ တိတ်တဆိတ်လာသဲ့ လျှိုရယ်လို့ စွပ်စွဲကြတာနဲ့ တောပုန်း ပြေးခဲ့သယ်။ သူ့နောက်က အမှုထမ်းတွေလိုက်လို့ သည်ဘက်နယ်ကို မြစ်ကူးပီး ပြေးခဲ့ ရာမယ် ငါနဲ့ တောစပ် သွားတွေ့သာနဲ့.....' ဟု အစချီကာ အဖြစ်အပျက်ကို ပြောပြစ ပြု၏။ 'အဲသာပဲ၊ ငါက သင့်ကို နေပြည်တော်အရောက် ခေါ်သွားပါ တောင်းပန်ရက် လက်စမယ် သူတို့ ဓားရမ်းပစ်လိုက်ကြသာပဲ။ ငါလည်း မခံချင်လို့ အစွမ်းပြခဲ့သယ်၊ သည်ငနောင်ဆိုသာတော့ ငါ့အပေါ် အတန်ငြိုးသွားမှာ မချွတ်ဘဲ' ဟု ပြောရင်း နံငယ် စိုနှင့် နံငယ်ခြောက် လဲရာမှာ 'သည်ရွှေဘို ငနောင်ဆိုသာ မင်းသိလား၊ ကြားဖူးလား။ မင်းကရော နေပြည်တော် အရောက်များပီး ဦးရီးမှန်တို့ မန်လည်ဘက်လည်း ခဏခဏ ချက်တစ်ဖြုတ် ရောက်တတ်လို့ သင့်သတင်းများ ကြားဖူးသလားလို့' ဟု မေး၏။ မောင်စိုကမူ တွေ၍ စဉ်းစားနေသည်။ ရေတွင်းမောင်းတိုင်ကို မှီကာ မေးကိုစမ်း၍ ရင်ဘတ်ပေါ် လက်ပိုက်လျက် တွေးနေရာက မောင်ညို့အမေးကို မဖြေဘဲ 'အစ်ကို့ကို မွန်ပြောသလို ကောလင်းကိုယ်တော်ကြီးနဲ့ ပတ်သက်သဲ့ သလိုသတင်းမျိုးတော့ ကြားမိ သလိုလိုပဲ' ဟု ဆိုနေသဖြင့် ရေစိုကို ညစ်မည်ပြင်နေရာက 'မင့် အသူပြောလို့လဲ၊ သည် မင်းရေးစိုးရာ စကားသတင်းတွေက ကိုယ်နဲ့ မတန်ဘဲ အမှတ်မထင်ရဘူးကွ ငစိုရ' ဟု မျက်မှောင်ကုတ်ကြည့်သည်။ မောင်စိုမှာ ဤကဲ့သို့သော နန်းရေးနန်းရာကို ပေါက်ပေါက်ရှာရှာ သိလေ့ရှိသည်။ မောင်ညိုက သူညီလေးသည် ဤအရေးမျိုး စိတ်ဝင် စားခြင်းကို သဘောမကျပေ။ မောင်စိုကမူ စဉ်းစားရင်းလက်စဖြင့် 'မန်လည်တုန်း က ကိုယ်တော်ကြီး ကိုယ်လုပ်တော် မိအေးဆီက ကြားမိသာပဲ' ဟု ပြောနေတော့မှ စကားလွှဲသလို မောင်ညိုတွင် 'ပီး မင့်ပြောပြဖို့ အကြောင်းတစ်ခု ကျန်သေးသယ်' ဟု ဆိုမှ မောင်စိုက–

'ပဇာများတုံးဗျ'

'ငါ မိုင်းလွယ်မယ် အပျိုတစ်ယောက် မြင်ခဲ့သယ်'

'ချောလား' ဟု မေးလျှင်ကား မောင်ညို အမ်းတမ်းတမ်းနှင့် နေသွားရာမှ သွားကြီး ဖြဲပြသဖြင့် မောင်စိုတွင် ပြုံးရင်း 'တစ်ညအိပ်ရုံနဲ့ အပျိုတစ်ယောက် ရသာ တော်သဗျာ အစ်ကို'

'ရသေးပါဘူးကွ'

'ခင်ဗျာ့လား၊ ယုံနိုင်ပေါင်ဗျာ'

'အကယ်ဟရို့ရဲ့၊ စကားသာ ပြောခဲ့ရသယ်'

'ခင်ဗျလားဗျာ၊ မိန်းမတွေ မှိုလိုပေါပီး၊ တစ်ရွာတစ်ယောက် ယူယူထားခဲ့

သုံ့ လူက' ဟု အတင်း ဇွတ်ဆိုနေသဖြင့် ရေတွင်းမှ ထွက်ခဲ့ရင်း 'အဟုတ်ပါ၊ မရခဲ့သေးပါဘူး'

'ပဇာမို့လဲဗျ'

'ပဇာမှ မမို့ဘူး၊ သင့်အမေက စုန်းသုံ့ ဟုံ့ ငစိုရ'

မောင်စိုသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ မောင်ညိုက စုန်းဟု မျက်နှာထိ မျက်နှာထားနှင့် ပြောပုံကို မရယ်မိဘဲ မနေနိုင်။ ဓားပွဲဝင်သူက စုန်း ဆိုသည်နှင့် လန့်လာသည်။

'စုန်းမသမီးဆိုသာနဲ့ ခင်ဗျ မရသာနဲ့ တစ်လွဲစီကပဲ။ တန်ဗျာ၊ ခင်ဗျ အပျို ဒီကလည်း လိုက်မပိုးပါဘူး' ဟု ပြောလိုက်မှ ညီနောင်နှစ်ယောက်လည်း နောက်ထပ် စကားမဆက်ဘဲ အိမ်ပေါ်တက်ခဲ့ကြတော့သည်။

## ၆ | မင်းအရေးက ဥပါယ်တံမျဉ်၊ ချင့်ကလေးမှ ချစ်ဖွယ်ပလီ

မောင်ညိုတို့ ဆရာတာပည့်အတွက်သာ ထမင်းပွဲပြင်ပေး၍ အခြားသူများကား စောစောကပင် စားထားပြီး ဖြစ်နေသည်တွင် မောင်ညိုမှာ မောင်စိုကို ထမင်းပွဲအနီးမှ နေစေကာ စကားတဖောင်ဖောင် ဆက်နေသေးသည်။

အိမ်သားများကား ကိုယ်တံ လက်တံကြီး ထွားထွားနှင့်၊ စကားပြော မချေမင် ဘွင်းဘွင်းဖွက်ဖွက် အသံအောကြီးနှင့် အစ်ကို မောင်ညိုကို စကားပြော ပြေပြစ် လိမ္မာသော ညီ မောင်စိုနှင့် နှိုင်းယှဉ်၍ ကြည့်မိတိုင်း ညီအစ်ကို အချစ်ကြီးကြပုံကို ကြိတ်ကြိတ် တိုး ချီးမွမ်းကြရ၏။

အိမ်ရှင်တွင် အသက် ဆယ့်သုံးလေးနှစ် သမီးကလေးတစ်ယောက်ရှိရာ ၎င်းမှာ နံနက်အစောကြီး အရုဏ်ဆွမ်းချက် အထဦ တစ်ညဉ့်ဦးလုံး တတွတ်တွတ် စကားသံကြားသော အခန်းသို့ တင်းထိမ်ကို လက်ဖြင့် အသာဖယ်၍ ကြည့်မိလျှင်၊ မောင်ညိုကြီးက မောင်စိုအား ရင်ညွှန့်ကလေးပေါ်မှာ သူ့လက်ကြီးတင် ဖက်ကာ အိပ်ပျော်နေသည်ကို တွေ့ရလေသည်။ "သူ့ညီကို သင်တိုင်းဆီးသုံ့ ကလေးများ ထင်ရှော့လား" ဟု ပြုံးစနဲ့နဲ့ နေသွား၏။

ထိုကြောင့်ပင် နောက်တစ်နေ့ နားပြီး၊ တတိယနေ့ နံနက်စောစောကြီး မြင်း ကိုယ်စီနှင့် ပြန်ရန် ပြင်သောအခါ သူငယ်မက 'အစ်ကိုညိုကြီး၊ အစ်ကိုညိုကြီး' ဟု ခေါ်၍ မောင်ညို ထူးလျှင် 'အစ်ကိုစို့ကို ကောင်းကောင်းခေါ်သွားနော၊ သူငယ်နာ နာစေး ချောင်းဆိုး ဖြစ်ပါ့မတော့' ဟု အမှာခံရတော့၏။

ရယ်ရယ်မောမောနှင့် ခရီး စ ထွက်ခဲ့ကြရာ လမ်းတွင် မောင်စိုမှာ တေး တကြိုကြိုနှင့် ပါခဲ့သည်။ မောင်စို ဆိုသော တေးသံကို နာခံရင်း ဆရာတပည့် အကြည်နူးကြီး ကြည်နူးနေခဲ့ရသည်။

အဖိုးတန် ကျောက်တစ်လုံး ပါလာသဖြင့် အထူး သတိ ဝီရိယထားပြီး လာကြရသော်လည်း ခရီးလမ်းတစ်လျှောက် မည်သို့မျှ မဖြစ်ပေ။ မိုးကုတ်မှ အထွက် ကသဲအလွန်၌ တောစပ်တွင် ဖျင်စင်းပုဆိုးနှင့် လူတုတ်ဗုတ်တစ်ယောက် နှုတ်ခမ်းမွေး ထွားထွားနှင့် ခြေကားရား လက်ကားရား လည်ဟောက်ပက် သေနေသည်။ ၎င်းအလောင်းကောင်အနီးသို့ ဖြတ်မိလျှင် ကျီး၊ လင်းတနှင့် စွန်ငှက်များ တသောသောလန့်ပျံကြသည်ကို တွေ့ခဲ့ရ၏။

ထိုခေတ်အခါကား ဤသို့တည်း။ တောပုန်း ဓားပြ၊ သူခိုး လူဆိုး ဘေးလည်း ထူလှသည်။ တောချုံအုံကြား ထင်းခွေယာခုတ် သွားကြသော မိန်းမကြီး ငယ်တို့လည်း မုဒိမ်းတန္တ ပေါများလှစွာ အပြုခံရတတ်၏။ ဤအခင်းအရေးများကား ဓမ္မတာပင်တည်း။ ခိုးသူ ဓားပြသည် ခိုးယူသတ်ပုတ်မှ စားရသည်။ အခိုးအလု ခံရမည့် နုံနသူတို့ အလုအယက်ခံရခြင်းသည် မဆန်းဖွယ်။ ဓားရေးမကျယ်လျှင် အသက်နှင့် လှယ်ရမည်သို့ သာပင်ဟု မောင်ညို့အဖို့ မထူးခြားသော်လည်း မောင်စိုမှာကား ဘုရင့်တန်ခိုး လွှမ်းမိုးရခက်သော ဤတောကြိုအုံကြား အလေ့များကို လွန်စွာ စက်ဆုပ်ပေသည်။ မြို့ရိုးတံတိုင်း အပြင်တွင် လူအများ အန္တရာယ်ပွားနေကြရသည်ကို သူ မနှစ်လို။ နန်းတွင်း လုံသလို နန်းပြင်လည်း လုံလဲအောင် အုပ်ချုပ်စီမံတတ်မှ လျော်သင့်မည်ဟု ယူဆသည်။

ပဟိုရ်သံနှင့် ဝေးခဲ့ရသည်မှာ အတော်ရက်ညောင်းပြီ။ နေပြည်တော်ဆီသို့ ရောက်လိုလှသော မောင်စိုပင် တောသံတောင်သံကို နားခါးစ ပြုလာသည်။ ထိုထက်လည်း မောင်စိုမှာ မင်းရေးစိုးရာကို မလိုက်စားသော်လည်း မင်းရေးစိုးရေးကို အမြဲတစေ ဂရုပြုနေသူ ဖြစ်သည်။ သူ၏ဗီဇမှာ မောင်ညိုကဲ့သို့ ချွေးဖြင့် သံဖြင့် ရင်းနှီးလျက် လူမလုပ်လို။ သွေးကို အရင်းပြုလျက် သွေးဟုန်သွေးဓောကို လှုံ့ဆော် ဆေးကြောမည့် ကျမ်းဂန်စာပေတို့ကိုသာ လိုက်စားပြီး မသေမီ ဤတစ်သက်ပန်ကလေးဖြင့် ကျမ်းတစ်စောင်စောင်ကို ပြုစုထားရစ်ခဲ့မည့် ဆန္ဒပြင်းသူ ဖြစ်တော့သည်။

ထိုထက်လည်း မောင်စိုသည် ငယ်စဉ်က တောင်တော်ဆရာတော်ကျောင်း၌ ကိုယ်ရင်ဘဝဖြင့် စာသင်ခဲ့စဉ်မှ စပြီး ကျွမ်းခဲ့သော ကျပင်းကိုယ်တော်လေးကို အလွန် စိုးရိမ် စိတ်စောသွားမိသည်။ ကျပင်းကိုယ်တော်လေးမှာ မောင်စိုကဲ့သို့ပင် အေးအေးလူလူ နေထိုင်တော်မူရင်း ကျမ်းဂန်စာပေ ရေးသားပြုစုလိုစိတ် တဖွားဖွား မွေးကာ ထိးရေးနန်းရာကို များစွာ အာရုံမပြုပေ။ သို့သော် လွန်ခဲ့သော ဝါဆိုဦးမှာ ကိုယ်တော်ကလေးနှင့် ဥပုသ်အတူယူရင်း စကားစပ်မိစပ်ရာ ပြောကြားရာ၌၊ မင်းတရားကြီး နတ်ရွာလားလျှင် အရိုက်အရာ ဆက်ခံမည့် မင်းသားမင်းသွေးကို မည်သို့ ရွေးမည် မသိကြောင်း မိန့်တော်မူလျက် တစ်ဆက်တစ်ကြောတည်း ညည်းတော်မူလိုက်ဖူးသည့် 'တို့မင်းသွေး အားလုံးထဲက ဘယ်သူ မင်းလုပ်လုပ် ကျန်တဲ့ မင်းသားတွေ အေးအေးထားရင် တော်လောက်ပြီ။ ရှင်ဘုရင်လည်း မလုပ်လိုပါဘူး။ နို့ပေမဲ့ တစ်နေ့နေ့မယ် ဘယ်လိုဒုက္ခမျိုး ရောက်မယ်ဆိုသာ မသိရသာ ဆိုးပေကွာ' ဟု ညည်းညူတော်မူသည်ကို ပြန်လည် ကြားယောင်မိသည်။

ထိုစကားကို တမေ့တမော မေ့လျော့နေခဲ့သည်မှာ ယခု မောင်ညို့ထံမှ အကြေအောက်သား မွန်ကိစ္စ ကြားရသောအခါ အထိ ဖြစ်သည်။ ကြားရလျှင်ပင် နေပြည်တော်တစ်ဝိုက် မည်သို့များ ဖြစ်နေသနည်းဟု တွေးမိမှ တုတ်နှင့်ထိုးမိသော ပလူအုံ ကဲ့သို့မထိုးမိမီက ဘာမျှမဖြစ်၊ ထိုးမိမှ တဝီဝီတဝဲဝဲ ဖြစ်သွားသည့်အတိုင်း သံယောဇဉ်ငြိတွယ်ရာ ငြိတွယ်ကြောင်း ကျပင်းမင်းသားအတွက် ပြေးပူသောကြောင့် အစ်ကိုနှင့်မြင်းချင်း ယှဉ်စီးလာရင်းမှ စကားမပျိုးဘဲ 'ဟို မွန် မသေခင်က ပဇာပြောသေးသလဲ' ဟု လွတ်ခနဲ မေးမိတော့သည်။ မောင်ညိုတွင် ပထမသော် အံ့အားသင့်သွားပြီး–

'ငနောင်တို့ သတ်ပစ်သဲ့ ရာဇဝတ်သား ဆိုသာလား' ဟု ပြော၍ နားမလည်သေးပုံ နေတော့သည်ကို 'ဟုတ်သယ်၊ ကောလင်းကိုယ်တော်ကြီး အကြောင်းနဲ့ပတ်သက်လို့ ပဇာများ ပြောသွားသေးသလဲလို့' ဟု မေး၏။ ဤသည်ကို မောင်ညိုသဘောမကျပုံဖြင့် 'သည်အကြောင်းတွေ မင့် ဂရုထားတုန်းကိုး'ဟု ညည်းသည်ကို 'အစ်ကိုနှယ်၊ မသိသေးပါဘူးလေ။ ကိုယ့် သက်ဦးဆံပိုင်မင်းရဲ့ အရေးအရာဆိုသာသိတန်သရွေ့ သိထား၊ လိုက်စားတန်သရွေ့ လိုက်စားထားရသယ်။ အကျွန် သိချင်သာသာ ဖြေပါ။ နောက် အကျွန် ပြောပြပါ့မယ်' ဟု အတင်းခေါင်းမာသည်။ မောင်ညိုတွင် တွေ၍သွားပြီးမှ ကသိကအောက်နိုင်လှပုံဖြင့်–

'ကွာ.... ပြောပါကော၊ မြင်စိုင်းကိုယ်တော်ကြီးဆီက ကောလင်းကိုယ်တော်ဆီလွှတ်သဲ့ လျှိုဆိုပီး ဖမ်းသာပဲလို့ ပြောသာ။ ဟို ငနောင်တို့ကလည်း လျှိုသဲ့။ မင်းတရားကြီးကို တော်လှန်ပုန်ကန်ပြုဖို့ စိုင်းပြင်းနေသဲ့ အစုက လူသဲ့၊ အဲသာပဲ' ဟု ဆိုလိုက်သည်။ မောင်စိုက အိမ်းဟု တစ်လုံးပြောပြီး ခေတ္တ ရှေ့တည့်တည့် ကြည့်လိုက်လာ၏။ အတန်ငယ် သွားမိပြန်မှ တစ်ဖန်–

'အစ်ကို နေပြည်တော်က ဖြတ်လာသယ် ဟုတ်စ။ အဲသည်စဉ်က ပဇာသတင်းများ ထူးလဲ'

'မင်းတရားကြီး ရောဂါတော် မထူးခြားဘူးသဲ့။ ညီလာသဘင်ကိုတောင် ခေတ္တရုပ်သိမ်းထားသယ်။ အမှုအခင်းတွေ ဦးကောင်းတစ်ယောက်တည်း စီရင်နေရသတဲ့'

'အိမ်း တော်တော်တော့ ထူးခြားပြီ။ မင်းတရားကြီးလည်း အသည်းအသန်နာမကျန်း ဖြစ်နေသယ်။ ကောလင်း၊ မြင်စိုင်းတို့ အချင်းချင်း လျှိုလွှတ်သယ် ဆိုပီးမင်းမှုထမ်းတွေက ဟိုလူဖမ်း၊ သည်လူဆီး လုပ်သယ်။ အိမ်း.... အိမ်း ပီး ကင်းဝန်တစ်ဦးတည်း လွှတ်ကို ကိုင်နေသယ် ဆိုတော့' ဟု မောင်စိုတစ်ယောက်တည်း တွေးသလိုပြောသည်။ မောင်ညိုမှာ ဤကိစ္စကို နဂိုခံ ဂရုမထားလိုသူ ဖြစ်သောကြောင့်ဆိတ်ဆိတ်ပင် မြင်းနှင်လိုက်လာသည်။ မောင်စိုမှာသာ ကွမ်းတစ်ယာညက်ခန့် မည်သို့မျှ မပြောဘဲ နေလိုက်ပြီးတော့မှ–

'မင်းတရားကြီးအတွက် တိတ်နိမိတ် မကောင်းလှဘူး။ နက္ခတ်ဂြိုဟ်နေလည်းအတန်မှ ညှံ့ဖျင်းလှသယ်။ သည်တစ်ခါ နာမကျန်းရှိတော်မူသာမယ် သူ့အတွက်

တော်တော်ပဲ စိုးရိမ်ရသယ်။ သာမှ နတ်ရွာလားရင် နောက်မင်းအတွက် အတော် အရေးပွားဦးမယ်။ အကြေမယ်ကလည်း ကုလားမင်း အာဏာတပြပြ လုပ်နေမင့်ဟာ။ တိုင်းရေးပြည်ရာ တစ်ခုခုတော့ ထူးခြားဦးမယ်။ ဟုတ်သယ်၊ မင်းတရားကြီးများ အခုနေ.....' ဟု စကားမဆုံးဘဲ ချန်ထားသည့် အခါကျမှ မောင်ညိုက စိတ်မရှည် တော့ဟန်ဖြင့် 'ကွာ' ဟု ဆိုလိုက်ရင်း–

'တစ်မင်း နတ်ရွာလား တစ်မင်း တက်လိမ့်မပေါ့။ သည်အရေးက တို့ အရေး မဟုတ်ဘူး'ဟု ပြောလိုက်တော့သည်။ မောင်စိုလည်း ဆိတ်ဆိတ်နေလိုက်ရင်း ခရီး တစ်လျှောက်လုံး ၎င်းအကြောင်းကို နောက်ထပ် စပ်မပြောတော့ပေ။ တံတားဦးသို့ ချောချောမောမော ပြန်ရောက်ကြလျှင် မောင်ညိုကြီးက ညီနှင့် ကျောက်ကို မိဘများအား အပ်လိုက်ပြီးနောက် တစ်လနီးပါး ခွဲခွာထားခဲ့ရသော မိတ်ဆွေသင်္ဂဟများထံ လိုက်လံ နှုတ်ဆက်နေတော့သည်။ မိတ်ဆွေများကား အများအားဖြင့် လက်လုပ်လက်စား မိန်းမ သား များသာ ဖြစ်တတ်ရာ လမ်းခရီးတွင် တွေ့ကြုံ ဖြစ်ပျက်သမျှကို အာဝဇ္ဇန်း ရွှင်သရွေ့ တသောသော ပွဲကျနေတော့သည်။ တစ်ရပ်နှင့် တစ်ကျေး သတင်းပလင်း စသည်ကို မောင်ညိုတို့လို ခရီးသွားများထံမှသာ ကြားနာရသော ကာလ ဖြစ်ရှာခဲ့သည်။

မောင်စိုမှာကား မောင်ညိုကဲ့သို့ ရွှင်ရွှင်ပျပျ မရှိနိုင်လောက်အောင်ပင် ကျပင်း မင်းသားအတွက် ပူပန်နေရလေရာ၊ မောင်ညိုတွင် တစ်နေ့လုံးလိုလို အလည်ထွက်ပြန်ရာ မှ အိပ်ရာဝင်တိုင်း ညီ၏ မျက်နှာကို မြင်ရသဖြင့် အတင်းအကျပ် မေးမြန်းပြီး၊ မောင်စို ကလည်း တစ်သက်လုံးပင် အတွင်းအပြင် စင်းလုံးချော တိုင်ပင်မြဲ ညီအစ်ကို ဖြစ်သည့် အလျောက် အကျိုးအကြောင်း ပြောပြ၏။ မောင်ညိုလည်း ဤတွင် 'ကောင်းပြီ၊ မင့် စိတ်မချသဲ့ မင်းသားဆီ သွားချင်ရင် ချက်တစ်ဖြုတ်သွား၊ ပီး သုတ်သုတ်ပြန်လာ။ တကယ်လို့ မင့်ထင်သလို အရှုပ်အယှက်ဖြစ်ရင် မင့် မပါစေနဲ့နော။ မင့် အရည်နဲ့ သူ့ရို့ မင်းရေးစိုးရေး မတန်ဘူး သိလား' ဟု အတန်တန် သတိပေးပြီးလျှင် ဦးမြတ်စံ တို့အား ကျေနပ်အောင် ခွင့် ပိုင်းပန်ပေးလိုက်ရသည်။

မောင်ညို သတိပေးသည်မှာ နိမိတ်ဖတ်သည့်အလား မောင်စို စိုးရိမ်သည့် အတိုင်း ဖြစ်နေတော့သည်။ နေပြည်တော်သို့ ရောက်လျှင် ရောက်ချင်း တွေ့နေကျ နေရာ တွင် ကျပင်းကိုယ်တော်လေးကို မဖူးတွေ့ရပေ။ အိမ်တော်ကျွန် ငနောက်ထံမှလည်း မောင်စို မလာမီ လေးရက်ခန့်က ညနေဆည်းဆာချိန် ကိုယ်တော်လေး ညဥ့် စားပွဲတော် တည်နေခိုက်တွင်ပင် နန်းတော်ကြီးမှ ဒိုင်းဝန့်လူတစ်စု လာရောက်ကြပြီး၊ မင်းတရားကြီး နာမကျန်းရှိရာဝယ် ရောဂါတော်အတွက် စိုးရိမ်ရသဲ့လို့ အိပ်ဖန်တော်မှာ တူတော် သား တော်များ အလှည့်ကျ အရန်သင့် ခစားရန် အရှင့်အမိန့်တော် ပါလာပါသယ် ဆိုပြီး ကိုယ်တော်ကို ကမန်းကတန်းပင် ဆောင်ကြဉ်းသွားကြကြောင်း၊ ယခုတိုင် မပြန်ရသေး သည်မှာ မင်းတရားကြီးအတွက် စိုးရိမ်ရသဖြင့် ထင်ရကြောင်း ပြောသံ ကြားရ၏။

မောင်စိုမှာ သာ၍ပင် စိုးရိမ်သွားလေသည်။ အိပ်ဖန်တော်စောင့်ရန် ကိုယ်

လုပ်တော် ထောင်သောင်း၊ ဟူရားတော်တွေ အစဉ် ကြပ်မတ်ကုသနေသည့် အတွက် ကိုယ်တော်ကလေးကို လာခေါ်သည်မှာ အတွေးရ ခက်စဖွယ် ဖြစ်နေသည်ဟု စဉ်းစားပြီး မောင်နောက်အား 'သည်အတွင်း ပဇာသတင်းများ ထူးသလဲ၊ ကြားသလဲ။ နန်းတော်ကြီး က အသူနဲ့များ တွေ့သေးလဲ' စသည် အထပ်ထပ် မေးသည်။ မောင်နောက်လည်း အိမ်တော်အပြင်ပ မထွက်အားသည့်အတွက် ဘာမျှမကြား၊ မသိရဟု ဆိုသည်။ ပြီးမှ တစ်စုံတစ်ရာကို သတိရပုံဖြင့်–

'သြော် ခုနကပဲ ညောင်ရမ်းကိုယ်တော်ကြီးရဲ့ မြင်းကျွန် ငထွန်းပေါ် လမ်းမ က လျှောက်သွားသယ်။ အသွားတုန်းက မေးတော့ကာ အကျွန့်ကို တိုးတိုးကပ်ပီး ရန်အောင်မြင်မြို့စား ဝန်ထောက်ဆီ သွားမလို့သဲ့။ အဲသည် ချင့် ငထွန်းပေါ်ဆီမှာတော့ သတင်းပလင်း ရနိုင်မှာပေါ့' ဟု ပြောသည်။

'ပဇာ ဝန်ထောက်တုံး'ဟု မောင်စိုက မျက်မှောင်ကုတ်မေးသဖြင့် ငနောက် က 'ဟို ကွမ်းကြိုက်တတ်သဲ့ ဝန်ထောက်ဦးအိုကြီးဟာကော။ ကင်းဝန်နဲ့ အတော် ကျွမ်းသဲ့ လူစုထဲကပေါ့' ဟု ပြောမှ ငထွန်းပေါ်ထံ အမြန်လိုက်ရန် စဉ်းစားမိပြီး၊ အကယ်၍ ကျပင်းမင်းသား ပြန်လာတော်မူလျှင် သူ ဖူးလိုပါသေးကြောင်း လျှောက်ထား နှင့်ရန် မှာထား၍ ငထွန်းပေါ်ကို တွေ့နိုင်မည့် ရပ်ကွင်းဘက်သို့ လိုက်ခဲ့သည်။

အရန်သင့်ပင် ငထွန်းပေါ်ကို အိမ်တော်တွင်ရှိကြောင်း ကြားရသော်လည်း အိမ်တော်တွင်းသို့ ဝင်ခွင့်ကား မရပေ။

အိမ်တော် ဝင်းတွင်း ဝင်းပြင်တွင် ကြည်းဝန်ထံမှ လက်နက်ကိုင် နှစ်ကျိပ် ကျော်ခန့် အစောင့်နေ နေကြသည်ကို တွေ့ရသည်။ မောင်စိုတွင် ရင်တဒိတ်ဒိတ် ခုန်စပြုရင်း 'ငထွန်းပေါ် ချက်ချင်း ထွက်လာပါလိမ့်မယ်။ ဆိတ်စာလောက် စောင့်ပါဦး' ဆိုထားသည်ကိုပင် ဣန္ဒြေမနည်းဆောင် စောင့်နေရသည်။ တစ်စုံတစ်ရာတော့ အမှန် ဖြစ်ပြီ ဟူသော အတွေးမှာ သူ့ခေါင်းထဲသို့ ဝင်ပြီး အမြစ်တွယ်စ ပြုတော့သတည်း။

မကြာမီ ငထွန်းပေါ်သည် မြင်းတစ်ပေါင်ကျိုးတစ်ကောင်ကို ဆွဲ၍ မြင်းကျော ပေါ်၌လည်း ထန်းခေါက်ဖာ တစ်လုံး၊ အိပ်ရာလိပ် တစ်လိပ် တင်ထွက်လာသည်ကို တွေ့ရသဖြင့် အစောင့်တွေကိုမျှ သတိမရနိုင်တော့ဘဲ အပြေးလေးသွားကာ 'ဟရို့ ငထွန်းပေါ်၊ ပဇာ ဖြစ်လာသာတုံး'ဟု မေးမိရှာသည်။ ငထွန်းပေါ်မှာ မျက်နှာထား အောက်သိုးသိုးနှင့် ရှိရာမှ မောင်စိုကို မမြင်နိုင်ဘဲ ငိုင်တွေလာရာက မောင်စို အူယား ဖားယား မေးသည်တွင် ခေါင်း အသာပင့် ကြည့်ပြီး တွေငေးနေလျက် မောင်စိုအား 'ဟင်' ဟုသာ ဆိုနေသဖြင့် 'ပဇာ ဖြစ်လာသာတုံး'ဟု မေးပြန်သည်။

ဤတွင် မောင်စိုအား ထွန်းပေါ်က ပြန်ဖြေရမည့်အစား ကိုယ်ကို ချာခနဲ လှည့် လိုက်ပြီး ဇက်ငုံ့ကာ တစောင်းထုံးလာသော သျှောင်ကို ပင့်ပြသည်။ မောင်စိုမှာ ထွန်းပေါ် ကုပ်ပိုးတွင် လက်သုံးလုံးခန့်ရှည်သော ဓားရာကို အနာကင်း မတက်တတက် မြင်ရသည့် တိုင် ဘာမျှ မသိသဖြင့် ငထွန်းပေါ်ကဲ့သို့ ကြောင်ငေးငေး ဖြစ်သွားပြီး 'အလယ်၊

အတန်များသဲ့ ဓားရာပါလား’ ဟုသာ ဆိုနိုင်သည်။ ငထွန်းပေါ်သည် မောင်စို့ အာမေဍိတ်သံကိုလည်း မကြားမိလိုက်သေးဟန် အနီးမှ ကပ်လျှောက်မြဲ လျှောက်သွားတော့မှ ရှေ့နားတွင် ကာကိုလှဲ၍ လုံဖျားဖြင့် လှည့်ကစားနေသော အစောင့်တစ်ယောက်က ‘ချင့်သခင် ဆုံးမသွားသဲ့ အရှုံးရာလေ’ ဟု ပြောသည်။ မောင်စို့က ‘ဗျာ’ဟု မေးသည်ကိုမှ–

‘ဟို တမြန်တစ်နေ့က မြင်းကကြိုး အလဲခိုင်းရာမယ် ဆိုလား ဘာလား မသိဘူး၊ အပြစ်တစ်ခုကြောင့် ချင့်ကို မာန်မဲရာမယ် ခံတန်တန် လုပ်လို့ လက်သုံးတော်ဓားနဲ့ လည်ကို အပိုင်းခံရသာ။ ချင့်ကံ မ လို့ ရနောင်ကိုတုတ်ဝင်း ရှေ့မယ် သွားဖြစ်တာ။ ရနောင့်လူစု ထွက်ပြီး ဖျန်ဖြေလိုက်လို့ ဓားရာ ဆင့်ဆင့် မထိသာ။ အဲသည်ကတည်းက အပါးတော်က နှင်ထားသာ။ ခုခါမှ အိမ်တော်ထဲ ဝင်ဝံ့သာဗျ’ ဟု ပြောပြောဆိုဆို ငထွန်းပေါ်၏ ကုပ်ချောင်းချောင်း အမူအရာကို နောက်မှကြည့်ရင်း သဘောကျစရာ ဘာကို တွေ့သည်မသိ၊ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။

ငထွန်းပေါ်မှာ စိတ်မြန်သည်၊ နှုတ်ရဲသည်ဟု သိထားဖူးရာ ကျွန်တော်စုတွင် မလိုသူ အတော် ပေါခဲ့ပေသည်။ အစောင့် ရယ်သည်ကို မအံ့သြသော်လည်း ငထွန်းပေါ်မှာ မြင်စိုင်း၊ ညောင်ရမ်း၊ ညောင်အုပ်၊ မင်းသားသုံးပါးစလုံး ယုယ မြှောက်စားခဲ့သူ ဖြစ်သဖြင့်၊ ယခုလို ညောင်ရမ်းကိုယ်တော်တိုင် ဓားနှင့် ဆုံးမသည် ဆိုခြင်းမှာ အံ့သြစဖွယ် ထူးခြား ဆန်းကြယ် နေပြန်တော့သည်။

## ၇။ ညီလေးစို ပျော့တော့တော့၊ နန်းရေးကိုမှ ဆော့

အစောင့်ပြောသည်ကို နားထောင်နေခိုက် ငထွန်းပေါ်သည် စိုက်စိုက်ကြီး မြင်းဆွဲပြီး ထွက်သွားသည်မှာ အတော်လှမ်းသွားသည်ကို မြင်ရတော့မှ မောင်စိုလည်း ‘သြော် ဟုတ်စ’ဟု ပြောရုံပြော၍ နောက်က လိုက်ရသည်။

ထွန်းပေါ်ကို မီသည်တိုင် ငိုင်ငေးငေးပင် လုပ်နေသေးသောကြောင့် အံ့အားသင့်သင့်ဖြင့် ‘ဟာရို့ ထွန်းပေါ်ရဲ့၊ ပဇာများ ဖြစ်ကြသာတုံး။ ကြားရသာ နားမချမ်းရှိလှသကွယ်’ဟု မေးသည်ကို အိမ်ဝင်းဆီသို့ ပြန်ကြည့်ရင်း ‘ပဇာများ ကြားခဲ့လို့တုံး’ဟု ပြန်မေးသည်။ မောင်စိုက ကြားရသမျှ ပြောပြပြီး ‘သည်အတိုင်း အမှန်ပဲပေါ့၊ ဟုတ်စ’ဟု မေးပြန်သည်ကို ‘နေဦးလေ၊ ကြားချင်ရင် မြို့ပြင်ရောက်မှ ပြောသာပ’ဟု ဖြေ၏။ မောင်စိုမှာ ပိုလို့ပင် သိချင်စိတ် တိုးသွားသည်။ တစ်ဖန် မြို့ပြင်ရောက်တော့လည်း မြင်းကျိုးပေါ် တက်စီးမည် ပြင်ပြီးမှ ‘သတင်းထူး ကြားချင်လှပေါ့။ ကြားချင်ရင် တောင်မြို့ လိုက်ခဲ့။ ဟိုက စကုကိုယ်တော် တိုက်ကျောင်းမှာ စောင့်နေမယ်ဗျာ့’ဟု မှာသွားပြန်သည်တွင် မောင်စိုမှာ တစ်စတစ်စ ထူးထူးခြားခြား ဖြစ်နေသော အခြင်းအရာကို နားမလည်နိုင်တိုင်း မြင်းထားရစ်ခဲ့သည့် ကျပင်းအိမ်တော်သို့ မြင်းပြန်ယူကာ ထွန်းပေါ် မှာသွားသော အမရပူရ စကုတိုက်သို့ ရှေးရှု လိုက်သွားရပြန်သည်။

ထွန်းပေါ်၏ ထူးခြားသော သတင်း၊ ထူးခြားသော အမူအရာနှင့် ထူးခြားစွာ မှာသွားသော အခြင်းအရာများကြောင့် မောင်စိုမှာ ယခင် တွေးမိခဲ့သည့် သူ့အတွေးကို "ဟုတ်ပြီ၊ တစ်ခုခု ဖြစ်နေပြီ"ဟု တစ်ထစ်ချ စွဲမှတ်လိုက်ပြန်သည်။ ဘာဖြစ်သည်ကို နေပြည်တော်တွင် ပြောလျှင် ပြီးမည့်အရေး တောင်မြို့သို့ တကူးတကန့် ချိန်းခေါ်သွားသည်ကို မောင်စို မတွေးတတ်ပေ။

ရောက်လျှင် ထွန်းပေါ်အား ကျောင်းအောက်တွင် အရန်သင့် တွေ့ရသည်။ ဤအခါကျမှ ထွန်းပေါ်မှာ ယခင် အမူအရာများ မရှိတော့ဘဲ ရေးတုန်းက တွေ့ဖူး နေကျအတိုင်း ရွှင်ရွှင်ပျပျ တွေ့ရသည်။ ပါးစောင်၌ ဆေးငုံထားသဖြင့် တံထွေး စာပြစ်ပြစ် ထွေးရင်း မောင်စို မြင်းပေါ်မှ ဆင်းလျှင်ပင် ကပ္ပိယကြီးတစ်ယောက်အား မြင်းသွားအပ် ဆေးခဲ့ရာက 'ကိုရင်စို၊ အတော် အတွေးကျပ်သွားသေ့'ဟု ခစ်ခနဲ ရယ်မောပြီး 'ချင်းတို့ရှေ့မို့ ဟန်လုပ်ရသာပါ' ဟု ပြောသည်။ ဤတွင် မောင်စိုမှာ ဆက်လက် မအောင့်အည်းနိုင် တော့ပေ။ ထွန်းပေါ် လက်ကို ဖျတ်ခနဲဆွဲပြီး နေရိပ်သို့ ခေါ်သွားကာ–

'ကိုင်း ပြောစမ်း ထွန်းပေါ်၊ ကြားချင်လှပီ'ဟု ဆိုသည်။ ထွန်းပေါ်က ဝဲယာကို ကြည့်ပြီး 'လာ' ဟု ကျောင်းဆောာ မန်ကျည်းပင်ကြီး တစ်ပင်အောက်သို့ ခေါ်သွားပြီးမှ–

'ပဇာ ပြောရမှာတုံး'

'အို နေပြည်တော်မယ် ဖြစ်နေသဲ့ အကြောင်းပေါ့။ တစ်ခုခု ဖြစ်နေသယ် ဟုတ်စ။ ကျပင်းလည်း မတွေ့ခဲ့ရဘူး။ လေးရက်လောက်က မင်းတရားကြီးအမိန့်နဲ့ ဆိုပီး.....'ဟု စကားမဆုံးမီ ထွန်းပေါ် ကြားဖြတ်၍ 'တိုးတိုး ကိုရင်ရဲ့'ဟု ပြောပြီးမှ– 'ကိုရင့် ကျပင်းတွင်မှ မဟုတ်ဘဲ။ မြင်စိုင်း၊ ကောလင်း၊ မက္ခရာ၊ သုံးဆယ်၊ ဗျည်းမနား၊ လယ်ကျားတို့နဲ့ အတူတူ အားလုံး မင်းသား မင်းသမီး လေးကျိပ်ကျော် ပါသွားပကော' ဟု ဆေးဖတ်ကို ထွီခနဲ ထွေးသဖြင့် မောင်စိုတွင် 'ဟင်'ခနဲ ဖြစ်သွား၏။

ထွန်းပေါ်က မောင်စို့မျက်နှာကို အကဲစမ်းသလို ကြည့်ပြီးမှ–

'သည်က ကိုယ်တော်ကြီးနဲ့ ညောင်အုပ်မင်းသားကြီးသာ သင်းတို့အကြံကို ရိပ်မိလို့ဗျရဲ့'

'ပဇာ၊ ပသူ့အကြံလဲ'ဟု သိစပြုလျှင် သိချင်ချင်ကြောင့် ဖျတ်ခနဲ မေးမှ ထွန်းပေါ်တွင် မချင့်မရဲ မျက်နှာထားမျိုးဖြင့်–

'ပဇာ အကြံရမတုံး၊ ချင်းတို့ လိုတိုင်း ဆွဲရာပါမယ့် သီပေါကိုယ်တော်ကို နန်းတင်ပီး ချင့်သမီးတွေနဲ့ ပေးစားမယ့် ရှင်ဖြူမရှင်နဲ့ ကင်းဝန်တို့ အကြံပေါ့။ မင်း တရားကြီး အမိန့်နဲ့ ဆိုပီး လီဆယ်ခေါ်၊ အားလုံးအချုပ်အချယ်နဲ့ ထားသာပေါ့။ ကိုရင့် ကျပင်းဆီ အထောက် လွတ်သာမယ် ဟုတ်နိုင်ပါဘူး။ အကယ်လို့ ဖမ်းထည့် ခမည်း တော်နဲ့ ဘိုးတော်တို့ ထုံးလို ကျန်လူတွေ အိမ်နိမ့်ထား စောင့်ရှောက်မှာပေါ့ ဆိုသယ်'ဟု ပြော၍ 'ကိုရင့် ကျပင်းက ရေမန်ကန်းထုံး နှလုံးပြုတော်မူ ထင်ပါ့ဗျာ' ဟု ထင်ကြေး ပေးနေရှာ၏။

'ကျုပ် မင်းသားတော့ မပြောနဲ့၊ ချင့်မယ် ကျောင်းမထိုင်ရဲ့ တစ်မည်သာ'ဟု ညည်းရင်း 'အနို့ ပဇာဖြစ်ဦးမသဲ့တုံး'ဟု စကားဆက်သည်။

'ခုခါမတော့ ပြောနိုင်သေးဘူး၊ အချိန်နှသေးသယ်'

'အချုပ်အကျဉ်းနဲ့ ထားရင် တော်သေးရဲ့၊ ဖျောက်ဖျက်ပစ်ကြမှဖြင့်....'ဟု မောင်စို စိတ်တွင် စိုးရိမ်စပြုလာသည်ကို 'ရုတ်ခြည်းတော့ လုပ်မယ် မထင်သေးဘူး။ မင်းတရားကြီးလည်း နတ်ရွာလားမယ်၊ မလားမယ် အသူ အမှန် ပြောနိုင်မတုံး။ သတ္တဝါချင်း သေရေး ရှင်ရေး အတပ်ဆိုနိုင်သာ လိုက်လို့'

'အနို့.....'ဟု မောင်စိုသည် တစ်စုံတစ်ရာကို ပြောမည် ပြင်ပြီးမှ တန့်၍ တွေနေခိုက် 'ပဇာတုံး၊ ကိုရင့်ကျောင်း သေမှာ ပူရို့လား'ဟု ထွန်းပေါ်က အတပ်သိသည့်ပုံဖြင့် မေးလိုက်သည်။ မောင်စို့စိတ်၌ ထိုအတိုင်းပင် တွေးပူမိစ ပြုနေလေရာ ထွန်းပေါ်ကို ဟုတ်ကြောင်း ဝန်ခံသည့်အလား 'သြော် သည်အတိုင်း သူရို့ အကြဲအောင်သဲ့အထိ ကြည့်နေရတော့မလား လို့'ဟု မေးမိရှာသည်။

'သာမတော့ သင်းတို့တစ်တွေ အ လို့ အကဲမသိလို့ အညှဉ်းခံရမင့် ဟာပဲ၊ မကြည့်နေရို့ ပဇာလုပ်နိုင်မလဲ' ဟု ပြောပြီးမှ မောင်စိုကို ပြုံးပြုံးကြီး အကဲခတ်နေရာက 'ကိုရင့် ကျောင်းအတွက် ကွက်သဲ့ပီး ပူသာ ဟုတ်စ'ဟု ဆိုရာမှ တစ်ဆက်တည်း မျက်နှာထားတည်လိုက်ရင်း 'လွတ်အောင် ကယ်ဆယ်ချင်လို့လား'ဟု မေးလိုက်သည်။ မောင်စိုတွင် အမေးကို မဖြေမိ အစ်ကိုဖြစ်သူ မှာလိုက်သော"အကယ်လို့ မင်းထင်သလို အရှုပ်အယှက် ဖြစ်ရင် မင့် မပါစေနဲ့နော"ဆိုသော တဖွဖွအသံကို ထင့်ခနဲ ကြားမိသွားပြန်၏။

"မင့်အရည်နဲ့ သူရို့ မင်းရေးစိုးရာ မတန်ဘူး"ဟု သတိပေးသည်ကိုလည်း မမေ့နိုင်ပေ။

လွတ်အောင် ကယ်ချင်လို့လား ဟု မေးနေ၏။ ကယ်ချင်သည်။

ကျောင်းနှင့်ကား မောင်ညိုကဲ့သို့ အတူတူ တစ်အူထုံ့ မဆင်းခဲ့ရုံ တစ်မည်ပင်။ ကလေးအရွယ် လူမမည်မှ စ၍ အတူတကွ အကြဲတူ ဉာဏ်တူ၊ ဝါသနာတူ ကြီးပြင်းခဲ့ရ၏။

မင်းသားကလည်း မင်းသား မမှတ်၊ မောင်စိုကိုလည်း အဆင့်အတန်း မထားဘဲ အမြဲပင် လက်ပွန်းတတီး ဆိုသလို နေခွင့်ရသည်။ တစ်ဦးမှာ လက်ငင်း ဘေးဥပဒ်နှင့် ကြုံကြိုက်နေရပြီ။

နန်းရေး ထီးရာအတွက် အသက်ကိုပင် ရမယ်အရှာ ခံရလျှင် ခံရမည် ဖြစ်ရာ မိတ်ဆွေတို့ ဝတ္တရားအတိုင်း ထိုဘေးအန္တရာယ်မှ တတ်စွမ်းသမျှ ကြိုးပမ်း ကယ်ဆယ်ထိုက်ပေသည်။ မိမိမှာ သာမန်အဆင့်အတန်းမှ လူဖြစ်နေသဖြင့်သာ ဤအရေး၌ ချက်ချက်ချာချာ ဝင်မစွက်နိုင်ခြင်း ဖြစ်ရာ အခြေအနေမကောင်း၍ ဤအတိုင်း လျစ်လျူလည်း မရှုသင့်ဟု တွေးသည်။

တိမ်တောင်သဖွယ် မင်းရေးကျယ်နိုင်လေဘိတောင်း။

သို့သော် မိတ်ဆွေဖြစ်ဖူးသဖြင့် ကိုယ့်အရည်အသွေးနှင့် မတန်မရာသော အမှုကို ပြုမိမှားချေက မင်းမျက် မင်းငြိုး ခံရမည် မလွဲဟု မသိသား ဆိုးရွားခြင်း မဟုတ်ပေ။ မင်းဒဏ်ကို စိုးကြောက်၍ မိတ်ဆွေကို မကူညီဟု ဆိုလျှင် မိတ်ဆွေပီရာ ကျပါမည်လော။ ထိုအပေါ်တွင် တဖွဖွ မှာကြားလိုက်သော အစ်ကို့စကားကလည်း နားဝ၌ ဆတ်ဆတ် တင်နေသေးသည်။

ဤအစ်ကိုကား သူ့ကို သား၏ဖခင်ပမာ အရာရာ၌ ယုယပိုက်ထွေး ချစ်ခင် လေးစားခဲ့သူ ဖြစ်ပေသည်။ သူ့အရေးဆိုက အသက်သွေးခဲနှင့်ပင် လဲမည့်သူ။ သူ့အတွက် ဆိုလျှင် သူ့အပေါ်တွင် ယင်တစ်ကောင် မှက်တစ်သားမျှ အနားမခံနိုင်အောင် ချစ်ခင် ကာကွယ် တာတွယ်နေရှာသူ ဖြစ်လေရာ၊ ဤအစ်ကို၏စကားကို ဖယ်ရှားပြီး မိတ်ဆွေကို ကယ်ဆယ်ရန် စိုင်းပြင်းဖို့အရေးမှာ အတော်ပင် ဝန်လေးစရာ ဖြစ်နေပြန်ပါ၏။

ကယ်ချင်သည်။ အလွန် ကယ်ချင်သည်။

ထိုအတွေးဖြင့် ဤအခိုက် မောင်စိုတွင် အဖြေကို ပေးရခက်တိုင်း ရင်တမမ ဖြစ်နေသည်ကို ငထွန်းပေါ်လည်း ဆေးကိုဆုပ်၍ ခါပြီး လက်ဝါးနှစ်ချပ်ဖြင့် ခြေရင်း ပွတ်ရင်း အကဲကြည့်နေရာမှ 'အနေတော့ အနေသာကြီးကပဲ။ ချင်းတို့ အရှုပ်ထဲ ကိုယ်က ဝင်ပြီး ခုတ်မယ့်ဓားအောက် လက်ဝင်လျှိုသလို လုပ်ဖို့ရာ အခက်ပဲ ဆိုသာ နားလည်ပါ တယ်'ဟု ပြောပြီး ဆေးလုံးကို ပါးစောင်ထဲ ပစ်သွင်းဝါး၍ အရည်ကို တံတွေးနှင့် ရောထွေးနေသည်။ မောင်စိုက မန်ကျည်းပင်ခေါက်ကို လက်သည်းဖြင့် ခြစ်ဖဲ့နေ၏။

'အေးလဗျာ၊ သည်အတွက်နဲ့ သိပ်လည်း မပူပန်နေနဲ့လေ။ ကျုပ်တို့ မင်းသား နှစ်ပါးလည်း ပြကတူးကတည်းက သည်အကြံ ရိပ်မိလို့ ကောလင်း၊ မြင်စိုင်း၊ မက္ခရာတို့နဲ့ စိုင်းပြင်း လက်စမယ် ချင်းတို့ လက်ဦးသွားမင့်ကိုး'ဟု ဆိုစပြုမှ မောင်စိုက ရှင်ဥတောင် တောတွင် မောင်ညိုကြီး ကြုံခဲ့သော အဖြစ်အပျက်ကို ကွက်ခနဲ ပြေးသတိရ၏။ ငထွန်း ပေါ်ကိုကား ပြောမပြပေ။ ငထွန်းပေါ်ကသာ ဆေးဝါးရင်း ဆက်လက်၍ 'အကြံတော့ မလျှော့ပါဘူး။ ကိုယ်နဲ့ရင်းပီး ကိုယ်နဲ့တားနီးသဲ့ မင်းသား မင်းသမီးတွေကို ကိုယ်နဲ့ တားရင်းသဲ့ လူစုနဲ့ ကယ်ဆယ် ထုတ်ယူမရှိ အစီအမံ ပြုနေသာပဲ။ သည့်အတွက်ပဲ ဟိုတမြန်နေ့မှာ ရနောင့်ဝင်း ရှေ့မယ် တမင်ဟန်ပြပီး ကျုပ်ကို ကိုယ်တော်ကြီးက အမျက်ထွက်ယောင်နဲ့ တားနဲ့ပိုင်းသာ။ သူ့ရှိ လူစုက ကျုပ်ကို ကိုယ်တော်ကြီး အပေါင်းပါ မဟုတ်တော့ဘူး အထင်ရောက်သဲ့အောင် လီဆယ်သာပေါ့လေ။ ကိုယ်တော့်တားက ထင်သထက် ထက်ပီး လက်ဆ ပိုသွားရှိ ကိုရင်ရဲ'ဟု အနာကို လက်တစ်ဖက်ဖြင့် စမ်းလျက် 'ဒီကကို လျှိုအဖြစ်နဲ့ နေပြည်တော် တစ်ဝိုက်ရဲ အရေးကို ထောက်လှမ်း ရိုင်းခဲ့သယ်။ သူ့ရှိ မင်းနှစ်ပါးတော့ တောဘက်မယ် ခဏ ထွက်ရှောင်နေကြသယ်။ နန်းတော်ကြီးကလည်း အလယ်ဆောင်မယ်လည်း အပျိုတော်ထဲက ပင်းယ တစ်ယောက် လုံး ရှိနှင့်သယ်။ ပီး ဝက်မစွတ်နဲ့ မြို့သစ်စား ဦးကြီးလှိုင်နဲ့ ဦးခိုတို့ပါ သည်ဘက်ကို ပါနေသယ်'ဟု ပြောပြသည်။ ပြီးလျှင် 'ကိုရင့်ကို ခင်မင်ရင်းမို့ ယုံကြည်ပီး ပြောသာပဲ။

ကိုရင့် မင်းသား ချမ်းသာချင်ရင် ဆိတ်ဆိတ်နေ။ အခြေပိုင်ပိုင် မကူညီရဲတောင် သတင်းပလင်း ကြားမိသလောက် တစ်ဆိတ် မှတ်သားထားနှင့်ပါနော။ မကြာခင်လည်း သတင်းထူး ကြားရပါလိမ့်မယ်။ အကြံတော် အောင်အောင်သာ ဆုတောင်းသာပ' ဟု ပါးနပ်လှစွာ အရှင့်ကျွန်ကောင်းပီပီ အဆုံးသတ်လိုက်၏။ ငထွန်းပေါ်က "ခုနေတော့ ခင်ဗျားမလည်း သည်အရှုပ်ကို တွေ့ခါစ၊ ခင်ဗျားလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး။ ခပ်ရှောင်ရှောင် နေချင်သေး ဆိုလည်း နေ။ နောင်ခါမှ....."ဟု မဆိုသော်လည်း ဆိုသလို အမူအရာကြောင့် မောင်စိုး ခများ သက်ပြင်းတစ်ချက် ပြင်းပြင်းချပြီး ခေါင်းညိတ် လည်ညိတ်နှင့် 'ဟုတ်သယ်၊ ခုခါတော့ ဆိတ်ဆိတ်ပဲ နေရုံ။ နောင် အကြောင်းအရေး ပေါ်လို့ ကျုပ်ကို အကူလိုရင်သာ အမိန့်တော်ရှိသာပ။ အမြဲအစဉ် အဆင်သင့် ပါနိုင် ပါသယ်'ဟု ပြောခဲ့နိုင်ကာ ငထွန်းပေါ်အား မိမိ၏ နေအိမ်နှင့် တည်းအိမ်ကို ပြောပြ လူချင်း ခွဲထွက်ခဲ့၏။

မောင်ညိုကိုကား ထိုကိစ္စနှင့် ပတ်သက်၍ မင်းသားတွေကို နန်းတော်ကြီး အမိန့်နှင့် သိမ်းရုံး ဖမ်းဆီးထားကြောင်း အမြွက်မျှပြောရင်း ကျပင်းနှင့် မတွေ့ခဲ့ရ ကြောင်းမျှသာ အသိပေးထားလိုက်၏။ မောင်ညိုမှာ ကျပင်းနှင့် မတွေ့ခဲ့ရ ဆိုကတည်း က ကျေနပ်သွားပုံဖြင့် 'အိမ်း သာဖြင့် သည်မယ် အေးအေးလူလူ နေပေရော့' ဟု ဆိုထားတော့သည်။

အေးအေးလူလူ မနေ၍လည်း မည်သို့မျှ မဖြစ်နိုင်။ မောင်စိုးတွင် အေးအေး နေလျက်မှ နေပြည်တော်အရေးကိုသာ နားတစွင့်စွင့် ထောင်နေရတော့၏။ ထိုအတွင်း ၌ပင် မကြာမီ မင်းတရားကြီး နတ်ရွာလားသည့် သတင်းသည် နိုင်ငံတော်တစ်ဝန်း ကြိမ်မီးအုံးသို့ ဆူကျူးပူဆွေး စိတ်မအေးအောင် ဝေးနီး ပျံ့နှံ့ခဲ့တော့သည်။

နေပြည်တော်သို့ မသာတော် အခမ်းအနားတွင် ညီအစ်ကိုနှစ်ယောက် အပြေး ကလေး ရောက်ကြရင်း ရေမြေ့ရှင်ကို နောက်ဆုံးအဖြစ် ကန်တော့ပန်း ဆင်ခဲ့ရသည်။ ထိုအခါက်တွင်ကား မင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သည့် လောင်းရှည်မိဖုရားမှ မြင်သော သီပေါမင်းသားငယ်ကို နန်းတင်မည် ဆိုသော သတင်းကို အခိုင်အမာ ကြားခဲ့ရ သည်။

နေပြည်တော်မှ အပြန် တောင်မြို့အလွန် တစ်နေရာ၌ မြေအငူ တောင်နံပါး တစ်စွန်းတွင် မြင်းနားနေ့ခိုက် မောင်ညိုက ဟင်းခနဲ သက်ပြင်းချ၏။ မင်းတုန်းမင်း တရားကြီးမှာ တိုင်းသူပြည်သား ရင်ဝယ်သားကဲ့သို့ မတိမ်းမပါး အုပ်ချုပ်တော်မူခဲ့ သော မင်းဖြစ်ခဲ့၏။ နိုင်ငံတော်အရေးမှာလည်း ရှေးမင်းများ လက်ထက်က ကဲ့သို့ မဟုတ်မူ၍ အောက်မြန်မာပြည် တစ်ပိုင်းလုံးကို အင်္ဂလိပ်တို့ သိမ်းကျုံး ယူငင်ထား သည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါး ကြာသွားနှင့်ပြီ။ နိုင်ငံတော် တွင်းပြင်တွင်လည်း နိုင်ငံခြားသား ပြင်သစ်၊ အင်္ဂလိပ်တို့ နှစ်ဦးနှစ်ဖက် ဝင်စွက် ရှုပ်ထွေးစ ပြုနေလေရာ မင်းတရားကြီးသည် ဘုန်းသမ္ဘာ ပညာဉာဏ် အမြော်အမြင် ပြည့်စုံတော်မူလှ၍သာ

နိုင်ငံတော်မှာ သစ်နှစ်ပင်ကြား ပေါက်ရသော ဝါးဘဝ၌ ကလိမ့်ကလဲ အခြေဆိုးသို့ မသက်ဆင်းသေးခြင်းပေတည်း။

ညီအစ်ကို နှစ်ဦးသား နေပြည်တော်အထွက် ကတည်းက စကားမပြောဘဲ တစ်ဦးအတွေးနှင့် တစ်ဦး စိတ်ကူးခဲ့ကြသဖြင့် တိတ်ဆိတ်လာခဲ့ရာ ကမ်းပါးစွန်းရှိ ကုက္ကိုပင် တစ်ပင်အောက်ကျမှ မြင်းတွေကို ခေတ္တ နားနေကြရင်းမှ မောင်ညိုက သက်ပြင်းကြီး ပြင်းပြင်းမှုတ်လျက် "ကိုင်း ရှင်ဘုရင် နတ်ရွာလားလို့ သွားကန်တော့ခဲ့ပြီ။ သူ့အတွက် ခုအချိန်က စပီး သည်ကိစ္စကို စိတ်ထဲက ဖယ်ထုတ်တော့မယ်" ဟု ဆိုသကဲ့သို့ အမူအရာမျိုးဖြင့် အနောက်ဘက်တစ်ခို အဝမြို့စွန်သို့ ငေးတွေနေသော မောင်စိုနှင့် ယှဉ်ရာမှ 'တစ်မင်း နတ်ရွာလားလို့ နောက်တစ်မင်း တက်မှာလည်း ကြားခဲ့ပီ။ သည် မင်းပြောင်းမင်းလွဲ ကိစ္စတွေ သည်မျှနဲ့ ပီးပြီဥစ္စာ သည်အရေး သည်တွင်ဖျောက်၊ အိမ်ကို မရောက်စေနဲ့။ သွားစို့' ဟု ပြောလိုက်သည်။

မောင်စို့ စိတ်တွင်ကား သည်ကိစ္စ သည်တွင် မပျောက်နိုင်ပေ။ မောင်ညို ခေါ်၍သာ လိုက်ခဲ့သည်။ စိတ်ထဲ၌ကား အမျိုးစုံ တွေးတောနေခဲ့သည်။ မသာတော် အခမ်းအနားတွင် မောင်ညိုမှာ မျက်စိအောက်မှ အပျောက်မခံသောကြောင့် ဖမ်းဆီး ထားသော မင်းသား၊ မင်းသမီးများ သတင်းကို စနည်းမနာခဲ့ရပေ။ စိတ်တွင် အလွန် သိလိုနေသည့်အတွက် အမျိုးမျိုး ဆက်စပ် တွေးတောနေခြင်း ဖြစ်လေသည်။

နန်းတက်မည့်သူမှာ သီပေါဖြစ်ရာ၊ ရှမ်းဗိုလ်မှူး မင်းသားကြီး၏ မြေးတော် ဖြစ်သော မထင်မရှားလှသည့် မင်းသားငယ်ဖြစ်သည်ဟု မောင်စို သိသည်။ ငယ်စဉ်က တောင်တော်ဆရာတော့်ထံတွင် ပညာဆည်းပူးခဲ့သည့် အကြောင်း၊ သူတကာ အညှဉ်းဆဲ ခံရလေ့ရှိသော လူပျော့တစ်ယောက် ဖြစ်ကြောင်းကိုလည်း သတိရသည်။

ဆရာတော့်ကျောင်း၌ ကျပင်းမင်းသားနှင့် မောင်စို အတူတကွ နေပြီးမှ သီပေါမှာ လူ့ဆရာထံတွင် သင်နေရာက တပယ်မင်းသား၏ သား မောင်မျောက်ဖြူ၏ အနိုင် အထက် ညှဉ်းဆဲခြင်းကို မခံနိုင်သဖြင့် ဘုန်းကြီးကျောင်းသို့ ရောက်လာပုံကိုလည်း စားမြုံ့ပြန်မိသည်။ နောက် ဆရာတော့်ထံတွင်ပင် ပထမပြန် နိုင်ခဲ့သည်ဟု ကြားရလေရာ အကယ်၍ သူနန်းရခဲ့သော် ကျန်လူတွေကို ရက်ရက်စက်စက် မဖျောက်ဖျက်တန်ရာ။ သီပေါနှင့် မောင်စိုမှာ အသက်ချင်း ရွယ်တူ။ ထိုစဉ်က အသက်နှစ်ဆယ်ခန့်မျှစီ ရှိသေး ရာ ဤနုနယ် ပျော့ပျောင်းသော ဘုရင့်လက်ထဲ၌ သူ၏မိတ်ရင်း ကျပင်းအတွက် တွေးကွက်ဖြင့် စိတ်ချမိရ မလိုလို စိတ်အေးမိသည်။

'ငါသာ ရှင်ဘုရင်ဖြစ်ရင်.....' ဟု သူနှင့် ရွယ်လည်း ရွယ်တူ၊ သူ့လိုပင် ပျော့ပျောင်းနုနယ်၊ သူ့လိုပင် ချွေးနှင့် သံ အစား၊ သွေးနှင့် ဂန်ကို လေးစားသော ရှင် ဘုရင်၊ တစ်ကျောင်းတည်းထွက် နေရာ၌ သူ့ကိုယ်ကို သူထားပြီး သူ့မိတ်ဆွေ မင်းသား အတွက် စိတ်ချရန် တွေးနေရသော်လည်း သတင်းအမှန်ကို မကြားရမချင်း မကျေနပ်နိုင်

သဖြင့် တံတားဦး ပြန်ရောက်သည်မှ စ၍ နေပြည်တော်သို့ ဘယ်နေ့ သွားခွင့်ရပါမည်နည်း ဟူသော စိတ်အာရုံ မှုန်ဝါးနေရှာ၏။

ဤအတွင်း နန်းတက်ပွဲတွေ တမြိုင်မြိုင် ကျင်းပကြသည်ဆိုသော သတင်းကို ဆက်လက်ကြားရသော်လည်း ကျပင်းမှ အစ ဖမ်းဆီးထားသော မင်းသားတွေ၏ သတင်းကိုကား မည်သူ တစ်ဦးတစ်ယောက်ထံကမျှ မကြားရပေ။ မည်သူမျှလည်း ဤမင်းရေးကို မပြောရဲပေ။ သို့နှင့် ရက်ကို လစား၊ အချိန်တွေ ရွေ့လျားသွားလျက်မှ သုံးလခန့်သို့ပင် ကျွံခဲ့တော့သည်။

ဤအခါကျမှ ဦးမြတ်စံမှာ ဇနီးဖြစ်သူနှင့် တိုင်ပင် ရည်စူးရင်း ရှိသော ဘုရားတည်ရန် အရေးအတွက် နေပြည်တော်သို့ လွှတ်ရန် အကြံယူကာ သားနှစ်ယောက်အနက် တစ်ယောက်ယောက်အား ခိုင်းစေရန် ပြင်ဆင်သည်။ မောင်ညိုကို မေးရာ 'ဟာ နေပြည်တော်မယ် ခြေရှုပ်သယ်'ဟု ငြင်းသောကြောင့် မောင်စိုကို ခိုင်း၏။ မောင်စိုကား ရေငတ်စဉ် ရေတွင်းထဲ ကျသည်ဟု သူ့ကံကို သူ ချီးမွမ်းမိသေးသည်။

မောင်စိုတို့၏ မွေးသမိခင် ဒေါ်လှမယ်မှာ အသက်ငါးဆယ်အရွယ် မီးယပ်သွေးဆုံး ရောဂါဖြင့် ချုချာသည်ဖြစ်လေရာ ထိုနှစ်အတွင်း ဗေဒင် ယာယီ ညံ့ဖျင်းသည်ဟု အဟောထွက်ထားသောကြောင့် သူ့မွေးနံသင့်သော အရှေ့မုံရွာတိုက် စလင်းကျောင်း ပရိဝုဏ်အတွင်း ကိုးတောင်ပြည့် နဂါးလိမ်စေတီပုထိုး တည်ထား ကိုးကွယ်မည်ဟု စေတနာ ရည်စူးထားခြင်း ဖြစ်သည်။ ပုထိုးတည်ရန် ဌာပနာသွတ်သွင်းဖို့ အဖိုးတန် ကျောက်သံပတ္တမြား စသည် စုဆောင်း သိမ်းဆည်းထားပြီးလည်း ဖြစ်ရာ မောင်စိုအား ဘမိတို့နှင့် ကျွမ်းဝင်သူ မိတ်သင်္ဂဟ ဆွေစု မျိုးစုများထံသို့ သတင်းကြားရန် တစ်ချက်၊ ပုထိုးတည်ရန်လိုမည့် အုတ်ဖုတ်ဆရာ၊ ပန်းရံဆရာ၊ ထုံးဖောက်ဆရာ စသည့် ပညာသည်များကိုလည်း ရှာဖွေရန် လွှတ်လိုက်ခြင်း ဖြစ်သည်။

သို့ဖြင့် နေပြည်တော်ဝန်းကျင် တွင်းပြင်သို့ သွားရောက်နှံ့စပ်ပြီး ပြန်လာခဲ့သည့်အခါ အလိုရှိသော ပစ္စည်းနှင့် ပညာသည်တွေပါ ပါလာ၏။ မျက်ပါးရပ်မှ ဦးမြတ်စံ၏ ငယ်သူငယ်ချင်း ပွဲစားကြီး ကျောင်းတကာ ဦးသာလှ၊ ဒေါ်စပယ်တို့ မိသားတစ်စုကလည်း ဌာပနာတိုက်သွင်းရန် ဒက္ခိဏာသာခါ ရုပ်ပွားတစ်ဆူကို တန်ဆောင်မုန်းလ အမီ သွန်းလုပ် ပို့အပ်ပါမည်ဟု ကတိပေးသည် စသော သတင်းများကို မိဘတို့အား ပြောကြားသည်။

ဘယ်သားချင်း၊ ဘယ်မိတ်၊ ဘယ်ဆွေက မည်သည်ကို အလှူဝင်သည်၊ ပါသည် စသည့် စာရင်းကို မေးသော်လည်း မောင်ညိုကြီးနှင့် တွေ့၍ အစင်းသိ အစ်ကိုက 'ကိုင်း နေပြည်တော်သွားသာ နိဗ္ဗာန်ဆော်ဖို့သာ မဟုတ်ပေါင်။ မင့်အရေးလည်း ပါသေးသယ် ဟုတ်စ။ ကြားသမျှ ပြောစမ်း'ဟု ခိုင်းတော့၏။ မောင်ညိုမှာ သဘောဖြူ အစင်းရိုးရိုးကြီး ဖြစ်သော်လည်း လူရိပ်လူကဲကို အခတ် မည့်ပေ။ ညီဖြစ်သူမှာ သူ့ကျပင်းအတွက် တနောင့်နောင့် ဖြစ်နေသည်ကို မဟန့်တားလို။ မဟန့်တားခြင်းမှာလည်း ညီဖြစ်သူမှာ

ကိုယ်တိုင် ဘာမျှလုပ်နိုင်မှာ မဟုတ်။ လုပ်လည်း မတတ်။ တစ်နေ့နေ့ကျလျှင် အရှိန်ပြေသော လှည်းဘီးကဲ့သို့ ရပ်ချိန်တွင် ရပ်တန့်မည်ဟု စိတ်ချထားခြင်းကြောင့်တည်း။

မောင်စိုမှာကား ကြားလာသော သတင်းကို အစ်ကိုအား အရေးတကြီး ရှိလှဟန် အမူအရာဖြင့် 'စုစုပေါင်း မင်းသား၊ မင်းသမီး၊ မြေးတော်၊ သားတော်တွေပါ မကျန် လေးကျိပ်ကျော် ကျော်မသာဆိုပဲ။ အားလုံး ဖမ်းဆီး ခြေကျင်းစွဲရိုက် ထားသယ်သဲ့ဗျ'ဟု ပြောသည်။

'မသုတ်သင်သေးဘူး၊ ဟုတ်စ'

'မသတ်ပစ်သေးပါဘူး။ နန်းတော်ကြီး မြောက်ဥယျာဉ် ကြေးတိုက်ထဲမယ် ထားသယ်သဲ့။ အဲသည်ကြေးတိုက်လည်း သီပေါမယ်တော်ဘုရားရဲ့ အိမ်ဖြူတော်ဦး ကျနေရို့ စည်ရှည်တံခါး လမ်းမတော်တောင်ဘက် ရွှေးလက်ဝဲ ကွင်းပြင်ထဲမယ် တံတိုင်းကာပီး ထားဖို့ တံတိုင်းတောင် ဆောက်နေပီဆိုပဲ'ဟု ပြောသည်။ မောင်ညိုတွင် ဤသတင်းမှာ သတင်းမျှ ဖြစ်သလောက် မောင်စိုကား မျက်လုံးတွေ အရောင်တောက်နေရှာသည်။

## ၈ | ရန်သူနှင့် တိုး၊ အချစ်ကို နိုး

မောင်ညိုအား ပြောပြလိုက်သည်မှာ သိသမျှ အကုန်အစင် ဖြစ်သော်လည်း ဤသတင်းကို ညောင်ရမ်းတပည့် ထွေနီးပေါ်ထံမှ ကြားခဲ့ရသည်ဟုကား မပြောပြပေ။ ၎င်းထံမှပင် မကြာခင်ကလေးအတွင်း အနောက်ဘက်တစ်ခွင်က နန်းလုရန်အရေး စိုင်းပြင်းမည်။ ကျုပင်းကိုသာ မက အားလုံးကို ထုတ်နုတ်ပေးမည်ဟု ကိုယ်တော်ကြီးများ ဆန္ဒ ထားတော်မူကြောင်းလည်း ကြားခဲ့သေးရာ မောင်စိုသည် သိသိသာသာ မျက်နှာရွှင်ပျနေသည်။ မကြာမီလည်း နေပြည်တော်တစ်ဝိုက်နှင့် တော်လက်ကျေးရွာ အချို့တွင် လုယက်တိုက်ခိုက်မှုများ၊ ရွာကြီးရွာငယ် စသည်များကို ဝင်ရောက် စီးနင်းမှုများ တစ်စစ ပေါ်ပေါက်လာခဲ့ရာ နေပြည်တော်မှ ကြည်းတပ်၊ ရေတပ် စသည် လွှတ်ခဲ့ရလေ၏။ ထိုအရေးအခင်းများမှာ မကြာမီ ပပျောက် ငြိမ်သက်သွားသော်လည်း ထိုအရေးများနှင့် ဆက်စပ်လျက် ထကြွ လှုံ့ဆော်သူများမှာ ညောင်ရမ်းနှင့် ညောင်အုပ် မင်းသားကြီးနှစ်ပါး ဖြစ်ကြောင်းကို နှုတ်တဖွဖွ ပြောကြလေသည်။ ဤအတွင်း မောင်စိုမှာ ကျုပင်းတို့ကို ဘယ်နေ့ ဘယ်ရက်တွင် လွှတ်လိုက်၊ ကယ်လိုက်ပြီ ဟူသော သတင်းကို ကြားရမည် အမှန်ပုံဖြင့် တစောင့်စောင့် တလင့်လင့် နားစွင့်မြဲ စွင့်နေရှာ၏။

သို့ စောင့်ငံ့နေစဉ် အတွင်းတွင် ထိုမင်းသားကြီးနှစ်ပါး၏ သတင်းမှာ ရုတ်ခြည်း ရှိုးငုပ်သွားပြန်သည့်အတွက် စိတ်ပျက်စ ပြုမိပြန်သည်။ သို့နှင့်ပင် တန်ဆောင်မုန်းလ ဆန်းခဲ့ပြန်ရာ နေပြည်တော်သို့ ဌာပနာ ရုပ်ပွားတော် အပင့်သွားရန် အချိန်တန်ခဲ့တော့သည်။ မျက်ပါးရပ်မှ ဦးသာလှတို့ လူစုက တစ်အိမ်သားလုံး မိသားတစ်စု အကုန်အစင်

လာကြရန်၊ ရွှေမြို့တော်တွင် လဆန်းငါးရက်မှ လပြည့်နေ့အထိ ဆယ်ရက်တိတိ ဆွမ်းကျွေး အလှူလုပ်ပါမည်ဟု ဖိတ်မန္တက ပြုသော်လည်း ဒေါ်လှမယ်မှာ ကောက်ရသကဲ့သို့ နေထိုင်မကောင်းသောကြောင့် မောင်စိုတို့ ညီအစ်ကိုနှစ်ယောက်သာ သွားနိုင်သည်။

မောင်စိုသည် နေပြည်တော်၌ တန်ဆောင်မုန်းလဆန်း ခုနစ်ရက်မှ ဘုရားပင့်ရမည့် လဆုတ် ရှစ်ရက်အထိ အရက်နှစ်ဆယ်နီးပါး နေရမည့် အရေးအတွက် အကျေနပ်ကြီး ကျေနပ်နေခဲ့သည့်အခိုက်၊ မောင်ညိုမှာကား ဝါသနာအလျောက် လမ်းတစ်ဝက်သို့ ရောက်လျှင်ပင် တစ်နေရာရှိ ထန်းတဲတစ်တဲ၌ ထန်းရည်တမြမြ နေရာမှ 'ဟေ့ ငစိုရ'ဟု ခေါ်ရင်း 'ခု တို့သွားမှာ ပွဲစားကြီး ဦးသာလှ ဆိုရော့ သင့်မယ် သမီးတစ်ယောက်ရှိသယ် ဟုတ်စ၊ ညီလေးရ' ဟု မေး၏။

'ရှိသလေ့'

'အခုလောက်ဆို အပျိုဖြားဖား ဖြစ်ကရောပေါ့ နော။ ဟိုတုန်းနှစ် ရန်ကင်းတောင် ဘုရားပွဲတုန်းက မင့်နဲ့သင်းကို အတူတူ လှောင်ကြတုန်းမှာပဲ သင့်အသက် ကိုးနှစ် ဆယ်နှစ် ရှိပီဟာ၊ ဟုတ်စ။ အရင်တစ်ခေါက် မင့်ရောက်တုန်းမယ် တွေ့ခဲ့ဖူးလား'

'မတွေ့ဘူးဗျ၊ တောင်ပြုံးပွဲကို သွားနေကြသယ်'ဟု ပြောပြီး တစ်စုံတစ်ရာကို သတိရပုံဖြင့် 'အကိုမယ်ဗျာ ငယ်ကျိုးငယ်နာတွေ ဖော်နိုင်ကော။ သင့်ကို ခင်ဗျ ထင်သလို အပျိုဖြားဖားနဲ့ တွေ့ရရင် သွားပီး မလှောင်မပြောင်ပါနဲ့၊ ခုကတည်းက နှုတ်ပိတ်ထားပါရဲ့'ဟု မှာထားနှင့်ရသည်။ မောင်ညိုကား သွားကြီးတွေ တဖွေးဖွေး ဖြစ်ပြသည်။

နေပြည်တော်သို့ ညနေစောင်းတွင် ရောက်ခဲ့ကြရာ မြို့အဝင်တွင် မြို့ပြင်သို့ ထွက်လာသော ငထွန်းပေါ်နှင့် တွေ့ကြသောကြောင့် မောင်စိုက 'အစ်ကို၊ ဟိုဘက်နားက လာနေသဲ့ အုတ်ဖုတ်သမားတစ်ယောက်ကို အမိလိုက်ဦးမယ်။ အကိုသွားနှင့်'ဟု မှာပြီး ငထွန်းပေါ်နှင့် တစ်စုံတစ်ရာကို တီးတိုး အတန်ကြာ ပြောခဲ့သည်။ မောင်ညိုကား အကယ်ပင် အုတ်ဖုတ်သမား မှတ်သဖြင့် စောင့်နေသည်။ မောင်စို အနီးသို့ရောက်မှ 'ပဓာတဲ့တုံး'ဟု မေးသည်ကို မောင်စိုက 'အို တခြားမယ် အလုပ်လက်ခံ ရှိသယ်။ စစ်ကိုင်း ပုညရှင်မယ် ဇရပ်တစ်လုံး ဆောက်နေရို့ မအားဘူးသဲ့'ဟု ပြောလိုက်သည်။

ဦးသာလှအိမ် ဝင်းတစ်ဝင်းလုံးကား ကျူကာ၊ သက်ငယ်မိုး၊ သဲဖြူ ရာဇမတ် ခင်းနှင့် အလှူမဏ္ဍပ်ကြီး တဟိန်းဟိန်းဖြင့် စည်သံ၊ ဗျောသံ တခြိမ့်ခြိမ့် တွေ့ရသည်။

ထိုစဉ် အခါသမယကပင် နေပြည်တော်၌ အလုပ်တိုက်များ ဖွင့်လှစ်၍ မြန်မာပြည်ရှိ အဆီအနှစ် အစုစုကို သွေးစုပ်လျက် အသားမကျတကျ ဖြစ်နေကြသော အင်္ဂလိပ်နှင့် ပြင်သစ်ကုန်သည်ကြီးများနှင့် ဆက်သွယ်လျက် ပွဲခစား ကုန်ချင်း ဖလှယ်သည့် အလုပ်ဖြင့် ဥစ္စာဓန ဒီရေတမျှ တိုးပွား ထွန်းကားနေသူကား ဦးသာလှပင် ဖြစ်တော့သည်။

အထူးသဖြင့် တွင်းထွက် ကျောက်သံ ပတ္တမြား စသော အဖိုးတန် ရတနာများကို နိုင်ငံခြားသား ကုန်သည်ကြီးများအား ရောင်း၍၊ ၎င်းတို့ထံမှ ပိုး ဖဲ ကတ္တီပါ ပိတ်ချော စသော ကုန်နု ကုန်ဆန်းများ၊ ရေမွှေး နံ့သာဆီ စသော ကုန်သေးများကို

ဝယ်ယူ ဖောက်ကားခြင်းဖြင့် အထည် ပွဲစားကြီး၊ နံ့သာဆီ ပွဲစားကြီးဟု အမည်သတင်း ကျော်ကြားခြင်း ဖြစ်နေပြီ။

ညီအစ်ကိုနှစ်ယောက် မဏ္ဍပ်ဝသို့ မြင်းကိုယ်စီနှင့် ရောက်လျှင်ပင် အစေအပါး စသူတို့အား ပြောကြားလိုက်သဖြင့် ပွဲစားကြီးကိုယ်တိုင် ထွက်၍ကြိုဆိုကာ အိမ်တွင်းသို့ ခေါ်ခဲ့ပါသည်။

အိမ်သားများလက်သို့ ပါလာသော အိပ်ရာလိပ်၊ ပစ္စည်း စသည်နှင့် မြင်းတွေကို အပ်ပြီးလျှင် မောင်ညီတို့လည်း ပွဲကြည့်နေကြသည့် ကလေးမြေးငယ် စသော နေ့ပရိသတ်များ ကြားမှ ဖြတ်ကာ နှစ်ထပ်တိုက်ခံ အိမ်ကြီးပေါ်သို့ လိုက်ခဲ့ရရာ ပွဲစားကြီးမှာ အိမ်အတွင်းဘက်သို့ အားပါးတရ 'ရှိ ရှင်စပယ်ရေ၊ တံတားဦးက ဘုရားတကာ့ သားနှစ်ယောက် ရောက်သဟေ့'ဟု လှမ်းအော်ပြောပြီး အိမ်ရှေ့ဆောင်သို့ ခေါ်ခဲ့သည်။ မောင်ညီတို့လည်း ချွေးတွေသံတွေ သုတ်ရင်း အိမ်ဦးခန်းသို့ လိုက်ခဲ့ရာတွင် အဝတ်ပုဆိုး သစ်သစ်လွင်လွင်နှင့် ထိုင်နေကြသော ဧည့်ပရိသတ် နှစ်ဆယ် အစိတ်ခန့်ကို တွေ့ရလေသည်။

သို့ တွေ့ရသည့် ကြားမှပင် နေရာထိုင်ခင်း ပေးရာသို့ ဝင်မထိုင်မိ ရှေးဦးစွာ မောင်ညီသည် သူ့အား တစ်နေရာမှ စိန်းစိန်းကြီး ကြည့်နေသော မောင်နောင်နှင့် မျက်နှာချင်း သွားဆုံမိတော့သည်။

ခေတ္တမျှသော် မျက်လုံးအရောင်ချင်းသည် မာကျောသော သံချောင်းနှစ်ချောင်း ပမာ ပြေး၍ ယှက်မိ တင်မိကြပြီးမှ အသီးသီး ဣန္ဒြေဆောင်နေလိုက်ကြ၏။ မောင်နောင်တို့မှာ မောင်ညီတို့နှင့် ကျောချင်းကပ် ခပ်လှမ်းလှမ်းတွင် အချိုတည်းလျက် ရှိကြသောကြောင့် နေသားတကျ ထိုင်မိသောအခါ မောင်စိုနှင့်သာ မျက်နှာတူရူ ကျနေသည်။

ထိုင်မိလျှင် ထိုင်မိချင်းပင် မောင်ညီက လေသံအေးကြီးဖြင့် 'ရှိ ငစို၊ ငါ့ရန်သူတော့ တွေ့နေပြီ'ဟု ပြောသည်ကို မောင်စိုက 'အသူလဲ'ဟု တိုးတိုးမေးမှ 'ရှေ့ဘိုငနောင်လေ၊ ဟိုဘက်က သင်တိုင်းဖြူ ငွေကလနားသတ်နဲ့ ဘောင်းလုံး တစောင်းကျနေသဲ့ အဘိုးကြီးဘေးက လက်တစ်ဖက်ထောက်နေသဲ့ အကောင်ဟာကော'ဟု ပြောသည်။ ထိုအခိုက် အလှူရှင် ပွဲစားကြီးမှာ အနီးတွင်ထိုင်လျက် စားဖွယ်သောက်ရာ စသည်များကို အချနိုင်းပြီး တံတားဦးမှ မောင်ညီတို့ အိမ်အကြောင်း ရောက်တတ်ရာရာကို မေးမြန်းနေသည့်အတွက် ညီအစ်ကို စကားပြတ်သွားသည်။ စကားကြောပြင်ပြီး ပြန်လှန် ပြောဆိုနေရစဉ် အတွင်းတွင် မောင်စိုသည် မောင်ညီ ပြသူကို မျက်လုံးဖြင့် ရှာသည်။ အဘယ်ကြောင့် မသိ၊ မောင်နောင်ကို အလွယ်နှင့်တွေ့ပြီး တွေ့လျှင်ပင် မောင်နောင်၏ မျက်နှာထားကို မောင်ညီ့ရန်သူ ဟု ဆိုထားသဖြင့် မုန်းရမည့်အစား မမုန်းနိုင်ပေ။ မမုန်းနိုင်သောကြောင့်လည်း မနှစ်သက်နိုင်သေးဘဲ "သည်မျက်နှာဟာ အတန်ထူးသဲ့ မျက်နှာပဲ" ဟု သာမန်တွေးပြီး အကဲခတ်နေမိ၏။

မောင်နောင်ကလည်း မောင်စိုကို ခေတ္တမျှ အကဲခတ်နေပြီး မျက်နှာထား မပျက်

တစ်ဖက်သို့ လွှဲပြီး သူ့အစုနှင့်သူ စကားပြောနေသည်။ အတန်ကြာလျှင် သူတို့တစ်ဝိုင်းလုံး နေရာမှ ထပြီး ပြန်ကြရန် ပြင်သဖြင့် ဦးသာလှလည်း အူယားဖားယား အနီးသို့တိုးကာ နှုတ်ခွန်းဆက်၏။ လေး ငါး ခြောက်ယောက်မျှသော ဧည့်သည်များကို ဆင်ဝင်ခြေရင်း အထိ လိုက်ပို့ရင်းမှ 'မောင်ရင်နောင်၊ ညဘက် လျှောက်ခဲ့ဦးနော်'ဟု မောင်နောင် တစ်ယောက်တည်း ဖိတ်သည်ကို မောင်နောင်က သူ့နှုတ်ခမ်းမွေး ရေးရေးလေးနှင့် နှုတ်ခမ်းကလေးကို လှပစွာ ပင့်၍ ပြုံးရင်း 'ဟုတ်ကဲ့ဗျ၊ ကောင်းလှပါပြီ'ဟု ဆိုပြီး မောင်ညို့ထံ စူးခနဲ တစ်ချက် စောင်းငဲ့ကြည့်သည်။

'အေးကွာ၊ ဆက်ဆက်လာပါ။ ဟောဟိုက ကျုပ်မိတ်ဆွေ သား ညီအစ်ကိုနဲ့ လည်း မိတ်ဖွဲ့ရသဲ့အောင်'ဟု မှာသည်ကို မောင်နောင်တွင် ပြုံးစနဲ့နဲ့ သာ၍ လုပ်မိ သကဲ့သို့ မောင်ညို့တွင်လည်း မထေ့တထေ့ ပြုံးမိသည်။

မောင်နောင်တို့ ပြန်သွားကြမှ ဦးသာလှက မောင်ညိုတို့နှင့် ပြန်ထိုင်ရင်း 'ခုနက လူစုဟာ နှယ်နှယ့် ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ခေါင်းပေါင်းဖြူ ဖော့လုံးနဲ့ သင်တိုင်းဖြူ ဝတ်ထားတာဟာ ရနောင်ကိုတုတ်ရဲ့ အဖ ဦးသေးပိန် ဆိုသာပေါ့။ နောက်တစ်ယောက် က တိုင်တားမင်းကြီးရဲ့ အထောက်ဝန်လေးလေ။ ဟိုငွေချည်ထိုး ကိုယ်ကျပ်အင်္ကျီနဲ့ လူစုကရော့ မောင်နောင်ရို့ သေနတ်ကိုင် အစုထဲကပေါ့' ဟု ပြော၏။ ဦးသာလှတွင် သူ၏အလှူသို့ ပုဂ္ဂိုလ်ကျော်ကြီးများ ကိုယ်တိုင် လာရောက် ချီးမြှင့်ကြသည်ကို များစွာ အားရတင်စား ကြွားဝင့်လိုဟန် ပေါ်ပေါက်လေရာ၊ မောင်စိုမှာ အားတောင့်အားနာ နားထောင်နေရသော်လည်း မောင်ညိုကမူ စကားကို လိုးလွှဲလိုလှပြီ ဖြစ်သောကြောင့် နောက်ထပ် မဆက်နိုင်မီ 'သာနဲ့ ဦးရီးလှ၊ ဒွေးလေးစပယ် တစ်ယောက်ကောဗျ' ဟု မေးလိုက်သည့်အတွက် 'သြော် ရှင်စပယ်လား၊ နောက်ဖေးမယ် မနက်အတွက် ဆွမ်းဟင်း ပြင်နေသယ်'ဟု ပြောပြီး 'ကိုင်း မောင်ရို့လည်း ကိုယ်လက် သုတ်သင်ချေရအောင် လား' ဟု နေရာမှ ထတော့သည်။ မောင်ညိုမှာ စကားပြတ်သွားခိုက် မောင်စိုက ဦးသာလှ နောက်ပါးမှ ထလိုက်ရင်း တိုးတိုးကပ်၍ 'အစ်ကို'ဟု ခေါ်ကာ ပြုံးစနဲ့နဲ့နှင့် 'ကိုယ်ရို့ ပွဲစားကြီးက တိုင်တားနဲ့ ရနောင့် လူကိုး' ဟု ပြောသည်။ မောင်ညို ဘာမျှ ပြန်မပြောဘဲ မောင်နောင်မှာ သေနတ်စုတွင် အမှုတော်ထမ်းနေသည်၊ ညဘက်ကို လာလိမ့်မည် ဟုသာ တွေး၍ ကျေနပ်နေသည်။

သို့သော် မောင်ညိုနှင့် မောင်နောင်မှာ ယခင်ဖြစ်ပျက်ခဲ့သော ရန်စနက်ကို ပြန်၍ မဖော်နိုင်သေးပေ။ အလှူအိမ်ဖြစ်နေသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခုခါမှ တွေ့သိရပုံနှင့်သာ မေးတစ်ခွန်း၊ ခေါ်တစ်ခွန်း လုပ်နေရသည်။ အခြား ရွယ်တူတန်းတူ လူရွယ်လူလတ်များလည်း လာရောက်ကြရာ မကြာမီ မောင်ညိုမှာ စကားတပြောပြောနှင့် မောင်စိုတို့အနီး ပွဲကြည့်နေရာမှ အလှော်ကောင်းသော အသိသစ် သုံးလေးယောက်နှင့် အတူ အပြင်သို့ ပါသွားတော့သည်။

တစ်ဝင်းလုံး ဆီမီးတိုင်များဖြင့် ညီးညီးထိန်လျက် ပွဲကြည့် ဧည့်ပရိသတ်

တွေလည်း တမြိုင်မြိုင် ကျနေ၏။ မောင်စိုမှာ ပုဆိုးမရန်းစေ့ရောင်၊ အင်္ကျီကိုယ်ကျပ် အဖြူထည်၊ ခေါင်းပေါင်း မရန်းစေ့ရောင်အဖျော့ အုပ်ပေါင်း ပေါင်းလျက်၊ ကတ္တီပါ ပုံတော်ပါးကို စီးထားသည်။ မောင်နောင်နှင့် တစ်နေရာတွင် ဆုံပြီး 'မာရဲ့နော၊ ချာရဲ့နော' စသည်မျှ စကားပြောရသေး၏။ မောင်နောင်မှာ နံ့သာရောင် ရေးရေးကလေး ပြေးနေသော အပေါ်ကိုယ်ကျပ် ထိုင်မသိမ်းနှင့် ချိပ်ပုဆိုး ဖက်ဖူးရောင်၊ ခေါင်းပေါင်း ဖက်ဖူးတွင် ကြယ်ဝါပြောက် ဖောက်လျက် အစ တစ်ထွာသာသာ ချကာ၊ ပုံတော် ရေညှိရောင်စီးလျက် လက်တွင် ပိုးပဝါအပြာ တစ်ထည်ကို ရေမွှေး တသင်းသင်းနှင့် ကိုင်နေသည်။ သူ့အစု သုံးလေးယောက်နှင့် ပေါ်ကြော့ အခံ့ ဝတ်ဆင်ထားပြီး ပွဲခင်းတစ်လျှောက် ပြုံးပြုံး ပြုံးပြုံးနှင့် သွားလာနေ၏။ ရတ်တရက်သော် မောင်ညိုနှင့် ဓားရေးပြခဲ့သူဟု ယုံနိုင်ဖွယ် မရှိအောင် ဖြစ်နေသော်လည်း မောင်စိုမှာ ဂရုစိုက် ကြည့်မိမှ မောင်နောင်တွင် အပြော အဆို၊ အမူအရာမှာ သူ့အစု သူ့အဝန်းနှင့်ပင် သွေးတကြွကြွ အသွားအလာ ကြွပ် ဆတ်ဆတ် နေသည်ကို တွေ့ရသည်။ မောင်နောင်မှာ သူ ချောသည်၊ ခံ့သည်၊ တန်ခိုး ထွက်သည်ဟု မာနကလေး တလူလူ လွင့်နေသည့် လူစားမျိုးပဲဟု တွေးတောလိုက်၏။

မောင်စိုသည် အလွန်းသင့်ရာ လူရွယ်သုံးလေးဦးနှင့်အတူ ပွဲကို တစ်ထောင့်မှ ထိုင်ကြည့်နေသည်။ ပွဲမှာ ထိုခေတ် ထိုအခါက အတော်ပင် ခေတ်စား လူကြိုက်များ သော မယ်နဂိုဇာတ်ကို ပြနေသည်။ ရုပ်စုံဆရာကြီး ဦးသာခဲ ကိုယ်တိုင် မင်းသမီး ကိုင်ရာ မင်းသမီးကိုင် ကောင်းသည်ဟု နာမည်ထွက်လက်စ ပညာသည်ကြီးတစ်ဦး ဖြစ်သောကြောင့် သူ့အခန်း၊ သူ့အကွက်နှင့် အရုပ်ကလေးများမှာ တကယ်ပင် အသက်ဝင် နေသည်ဟုလည်း ထင်ရပေသည်။

ကပြသော ဇာတ်ကွက် ဇာတ်လမ်းမှာလည်း ယခု သီပေါလက်ထက်တွင်သာ မဟုတ်၊ ခမည်းတော် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက်တော် ကပင် နာမည်ကျော်ကြား လူကြိုက်များသော ဇာတ်ဆရာကြီး ဦးမြတ်သာဒွန်း ကိုယ်တိုင် စိစဉ် ဆက်သွင်းခဲ့သည့် ပြဇာတ်အကျော်များ ဖြစ်ပေသည်။ ကေသာသီရိဇာတ်၊ မယ်နဂို ဇာတ် စသော ဇာတ်များကား နန်းသုံး တော်ဝင်များ ဖြစ်ခဲ့ပေသတည်း။

ခရီးလည်း ပန်းလာသဖြင့် နှစ်ပါးသွား အသိမ်းတွင်ပင် မောင်စိုသည် ညည်ဦးက အလှူဒကာမ ဒေါ်စပယ်ကိုယ်တိုင် ပြသထားသော သူတို့အတွက် အဆောင်သို့ ပြန်၍ အိပ်နှင့်သည်။ မောင်ညို့ကိုကား အစအနမှ မမြင်ရသေး။ သူများအိမ်တွင် ဧည့်သည် လာလုပ်ခိုက်တွင် မူးမူးရူးရူး ဖြစ်တတ်သည်ကို သိသွားမည့်အရေး တွေး၍ အားနာ သော်လည်း မောင်ညိုမှာ မူးရုံမူးပြီး မရမ်းတတ်သည် တစ်ကြောင်း၊ အိမ်ရှင်များကလည်း မိဘလက်ထက်မှ စ၍ အတော်ပင် ရင်းနှီးထားကြသူများ ဖြစ်သည်ပင်ဟု စိတ်ဖြေထား လိုက်သည်။

သို့ ဖြေမိမှပင် အိမ်သားတွေထဲမှ ယခုတိုင် မတွေ့ရသေးသော ဦးသာလှ၊ ဒေါ်စပယ်တို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ခင်မှုံကို သတိရမိသည်။ ခင်မှုံနှင့်

မောင်ညို ပြောသည့်အတိုင်း ငယ်စဉ်ကသာ တွေ့ဖူးပြီး အပျို လူပျိုဘ၀တွင် တစ်ခါမျှ မတွေ့ရသေးသဖြင့် ခင်မှုံ ဘယ်အရွယ်လောက်များ ရှိနေပလဲ၊ အပျိုဖြားဖြားဖြစ်နေရောပေါ့၊ ဆံထုံးဆံမြိတ်တွေနဲ့များ ဖြစ်နေပလား၊ ဆယ့်သုံးလေးနှစ်ရွယ် ဆံပင်ငှက်မွေး ရှေ့ကတော့ထောင် ဆံထောက် တဖားဖားတွင်ပဲ လှနေသလား၊ ချောနေပြီလားဟု တွေးရင်း တစ်စစနှင့် အိပ်ပျော်သွားရ၏။

မောင်စိုတွင် ညဉ့်နက် မည်မျှခဲခဲ အရုဏ်ကျင်းလျှင် နိုးတတ်စမြဲပင်။ အိပ်ရာမှ လူးလဲ ထလိုက်သည်။ ရုပ်သေးပွဲဘက်မှ လွမ်းချင်းသံတစ်ပုဒ် ကြားရပြီး ပွဲခင်းတစ်ခင်းလုံး တိတ်ဆိတ်နေသည်။ အိမ်ပေါ်၌လည်း တခေါခေါ အိပ်ပျော်နေကြသည့် အသက်ရှူသံများကိုသာ ကြားရလေ၏။ အခန်းပြင်သို့ ထွက်၍ မျက်နှာသစ်ရန် စိတ်ကူးဖြင့် တွေ၍ ရပ်နေ၏။ နောက်ဖေးအဆွယ်သို့ မည်သည့်ဘက်မှ မည်သို့ သွားရမည်ဟု မသိသေး။ အခန်း၀နှင့် မလှမ်းမကမ်း ခန်းမဆောင် နှစ်ဆောင်ကြားမှ အလယ်ဆောင်ကြမ်းပေါ်တွင်လည်း ဧည့်သည်အချို့ အိပ်ပျော်နေကြရာ ကျော်လွှားသွားရန်လည်း မသင့်သဖြင့် "မသစ်သေးပါဘူးလေ့၊ သူတကာ နိုးမှပဲ သစ်ပါတော့မယ်"ဟု စိတ်ကူး၍ အိပ်ရာသို့ ပြန်လှည့်မည် ပြင်သည်။

တစောင်းခွေနေသော သျှောင်ကို ပြင်ထုံးရင်း အခန်း၀တွင် မတင်မကျ တွေနေစဉ် ဒေါင်းလန်းတစ်ချပ် ခါးစောင်းတင် တက်လာသော မိန်းမပျိုတစ်ယောက်နှင့် ၎င်း၏ခြေသံကြောင့် လှမ်းအကြည့် မျက်နှာချင်း ဆုံလိုက်မိတော့၏။

လှေကားတိုင်တွင် ကြေးပန်းနွယ် ယှက်၍ ဆီမီးခွက်ကို ချိတ်ထွန်းထားရာ ဆီမီးရောင်နှင့် အပြင်မှ ပြတင်းပေါက်၊ မျက်နှာကြက် စသည်တို့က မသိမသာ တိုး၀င်လာနေသော အရုဏ်ပြေး အရောင်ဖျော့လေးတို့ ပေါင်းစပ်ရောယှက်လျက် ထိုနေရာတွင် မှုန်တိမှုန်မွှား ဖြစ်နေသည်။

မိန်းမပျိုမှာ လွမ်းချင်းသံကို ထပ်ပြန်တစ်ကျော့ ခပ်တိုးတိုး လိုက်ဆိုရင်း ဒေါင်းလန်းတွင် လက်ချောင်းကလေးများဖြင့် စည်း၀ါးလိုက်ကာ ခေါင်းငုံ့တက်လာရာ လှေကားထစ်ကုန်မှ မောင်စိုကို မြင်သည်။ တစ်ယောက်နှင့် တစ်ယောက်ကား လက်နှစ်ဖောင်ခန့် ကွာသည်။ မောင်စိုသည် ကေနံမဲလုံကွင်း၊ လည်ကြာပေါက်နှင့် ပိတ်ပါးအင်္ကျီ လက်ကျပ်ပေါ်မှ သူ့ဖဲစောင် အနီရဲရဲကို ပခုံးတင် လွှားထားသည်။ 'အလို အမိရဲ့' ဟု အမ်း၍ သူ့ကို မြင်သဖြင့် အဆိုရပ်သွားသော မိန်းမပျိုကလေးမှာ အသက်အားဖြင့် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်ခန့် ရှိပြီး ကိုယ်လုံးကိုယ်ဖန် ကျစ်လျစ် သေးကွေးသည်။ မျက်နှာသွယ်သွယ်၊ မျက်လုံး ဝိုင်းသယောင်ယောင်၊ မျက်တောင် ကော့၍ မျက်ခုံးမွေးကလေး နှစ်စင်းမှာ မျက်လုံးအိမ်ပေါ်က လေးကိုင်းလို ညွတ်နေသည်။ နှုတ်ခမ်းပါး၍ ယော်ယော်ကျဉ်းကျဉ်း အထူးသဖြင့် ချွန်နေသော မေးစေ့လေးနှင့် လည်တိုင်ကလေးမှာ ရှင်းလှသည်။ အသားကား ညိုယောင်ယောင်။

ဝွမ်းထိုးရင်ဖုံး လက်ကျယ်အင်္ကျီကို ၀တ်လျက် ထဘီကွမ်းရိုးစင်း ကြက်သွေး

မကျတကျကို ဆီးထားသည်။ လက်တွင် ကြံဆစ်လက်ကောက် နှစ်ကွင်း၊ နန်းလုံးကျောက်စီ တစ်ကွင်း ဆင့်ဝတ်၍ မြလက်စွပ် တစ်ကွင်း စွပ်ထားသည်။ နန်းလုံးခြေကျင်း ဝါဝါကြီးကား ကလေးမ၏ ခြေမျက်စိကလေးတွင် တလှုပ်လှုပ် ဖြစ်နေသေး၏။

ဆံပင်ကိုကား ကပိုကရို နောက်တွဲ ထုံးထားသည်။ မကြာသေးမီကမှ အိပ်ရာနိုးပြီး မျက်နှာသစ်လာစ သနပ်ခါးရည်ကျဲပင် မသွေ့သေးသည်ကို သတိထားမိသည်။ အောက်တွင် အတော်ချမ်းမည်။ ချမ်းလှသည့် ရာသီတွင် သူပါးပေါ်၌ သနပ်ခါး တင်လာသေးသည်။ မောင်စိုက စဉ်းစားကြည့်သည်။

တစ်ယောက်ကို တစ်ယောက် အတန်ကြာ ငေးကြည့်နေကြသည်။ တစ်ယောက်တစ်ကိုယ်လုံး တစ်ယောက် စေ့စေ့စပ်စပ် ကြည့်မိကြ၏။ တစ်အိမ်သားလုံး ဧည့်တွေစောင်တွေ အများကြီးထဲကမှ သူတကာတွေ အိပ်နေတုန်း သူတို့နှစ်ယောက် ယခုကဲ့သို့ လာဆုံကြရသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြပြီးမှ နှစ်ဦးသား ပြုံးမိကြရင်း–

'ဟင် .... ခင်မှုံ'

'ရို .... ကိုရင်စို' ဟု ပြိုင်တူ ခေါ်လိုက်မိကြသည်။ တစ်ယောက်ကိုတစ်ယောက် မယုံနိုင်အောင်ပင် ငေးမိကြပြန်၏။ 'ငါ ငယ်ငယ်က ငါနဲ့အတူတူ ကစားဖက် ဆိုသာ သင်းလား၊ သင်းကို ငါ ငယ်ငယ်ကလေးရယ် ထင်တုန်း၊ ခုတော့ ကြည့်ပ .... ထွားနေလိုက်သာ' ဟု တွေးမိကြရင်း ထပ်၍ ပြုံးကြသည်။ ပြုံးရင်းက အသံ ထွက်သွားပြီး တစ်ယောက်ရှေ့သို့ တစ်ယောက် တိုးခဲ့ကြသည်။

သူတို့ချင်း ညှို့မိသလို လက်ချင်း လှမ်းဆွဲမည် ပြင်ပြီးမှ တုံ့ခနဲ ရပ်နေလိုက်ကြ၏။ အတန်ကြာ မှင်တက်မိဟန် ဖြစ်နေမိပြီးမှ မရဲတရဲ မရွံ့တရွံ့ မျက်နှာလွှဲမိကြသည်။ စူးစူးစိုက်စိုက် အကြည့်ချင်း မဆိုင်ရဲတော့ရှာ။

ရှေးယခင် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ဖြင့် အတူတကွ နီးစပ် ပျော်ပါး ကစားမြူးထူးဖူးသော အဖြစ်သနစ် အခြင်းအရာများသည် နှစ်ပေါင်းများစွာ ကင်းကွာ လှမ်းဝေးနေခိုက်မှာသာ သူတို့၏ သမ္ပဇဉ် အသိဓာတ်၌ တဖျတ်ဖျတ် တမြူးမြူး မဖြစ်ဘဲ မီးခဲတွင် ပြာဖုံးသကဲ့သို့ ပုန်းလျှိုးနေခဲ့သည်။

ငါနဲ့ ကစားဖော် မှုံကလေးဟာ ခုနေဆို ဘယ်လောက်များ လှနေပြီတုံး၊ ချောနေပြီတုံး.... ။ ငါ့ကို တီတီတာတာ ကလူကျီစယ်ဖူးသဲ့ ကိုရင်စိုဟာ ခုဆိုရင် ယောကျ်ားကြီးဖားဖား ကြွားကြွားစွင့်စွင့် ယဉ်စစကို ဖြစ်နေမှာပဲ တော် .... ဟု တွေးနေမေးနေမိကြ၏။

ယခုကား ဤအခိုက်အတန့်ဖြင့် ငယ်နှောင်းစိတ်တွေ ထုတ်ဖော်လော်လီရန် ချစ်ယန္တရား ခလုတ်ကို ဖြုတ်ဖြုတ်ပျာပျာ ဖိနှိပ်လိုက်သကဲ့သို့ ချစ်ဟောင်းတို့ဖြင့် ရစ်ကြတော့မည်။ ကြည်လင်သန့်ရှင်း သစ်လွင်နုညက်သော အရုဏ်တက်ကဲ့သို့ပင် အချစ်န အချစ်လွင်ဖြင့် ငယ်ကချစ်ကို သစ်ခဲ့နိုင်ပြီ။

မောင်ညိုတွင် သူ့ရန်သူနှင့် တွေ့ရသကဲ့သို့၊ မောင်စိုကား သူ့အချစ်နှင့် ဤအိမ်တွင် လာ၍ တွေ့ခဲ့ရတော့သတည်း။

## ၉ | မင်းနေပြည် မန်းရွှေနဂရ

မနေ့က ရောက်မဆိုက် ခင်မှုံနှင့် တွေ့ရလျှင် ယခုကဲ့သို့ ချက်ချင်း မြင်လျှင်မြင်ချင်း ချစ်ဟောင်းတွေ ကြွမည် မဟုတ်ဟု မောင်စို ထင်သည်။ သူတို့နှစ်ယောက် မြင်လျှင် မြင်ချင်း ငယ်နှောင်းချစ်ကို သစ်လျက်သား ချစ်တဲ့စိတ်ကို လှုံ့ဆော်ပေးနိုင်အောင် ယခုမှ လာ၍ ဆုံစည်းပေးသည်ဟု ထင်သည်။

မနေ့က တစ်ညနေလုံး၊ တစ်ည၌ဦးလုံး မြင်ချင်လျက်က မမြင်ခဲ့ကြရ။ ယခုမှ လာ၍ ဘွားခနဲ တွေ့ကြရခြင်းဖြစ်ရာ ခင်မှုံက စတင်၍ တစ်စုံတစ်ရာကို စကား စဖြစ်သွားအောင် ရည်ရွယ်ဟန်ဖြင့် 'အစောကြီး ရှိသေး၊ ကိုရင်စို နိုးနှင့်ပလား'ဟု မေးသည်။ ခင်လက်စ ကျွမ်းလက်စကို ပြန်၍ဖော်အံ့ ပြင်သကဲ့သို့ပင်၊ ငယ်စဉ်ကကဲ့သို့ ရဲတင်းစွာ ပြောစ ပြု၏။ ဤတွင်မှ မောင်စိုလည်း ရင်တဖိုဖို နေရာမှ ကိုယ်ကို ချုပ်တည်းလျက် 'အေးဟယ် .... အကျင့်ကို ပါနေသယ်၊ မျက်နှာသစ်မရှိ့ဟာ' ဟု ညည့်သည်တွေကို လှမ်းကြည့်သဖြင့် ခင်မှုံက 'ဩော်'ဟု ဆိုပြီး၊ 'နေဦးနော်၊ အကျွန် ကွမ်းစားဆေး ယူချေဦးမယ်'ဟု ဝဲဘက်ရှိ အခန်းတစ်ခန်းသို့ ဝင်သွားပြီး ခေတ္တနေလျှင် ဒေါင်းလန်းတွင် ဆေးရွက်ကြီး နှစ်ပိသာခန့် ထည့်ထွက်လာရင်း 'လာ ကိုရင်စို' ဟု မောင်စို့ရှေ့နားမှ သီ၍ အိမ်ဘေးဘက်ဆီသို့ သွားကာ တံခါးတစ်ရွက် ဖွင့်ပေးသည်။ အပြင်ဇရန်တာသို့ ထွက်မိလျှင် အိမ်နောက်ဖေး ရေချိုးခုံဘက်သို့ ဆင်းသော လှေကားလိမ် တစ်ချောင်းကို တွေ့ရတော့သည်။ ဤတွင် အောက်သို့မဆင်းမိ အတွင်းသို့ ပြန်ဝင်မည် ပြင်ပြန်သဖြင့် ခင်မှုံက 'ဘယ်တုံး ရှင့်' ဟု မေးမှ 'ဇဘက်ဖြူ ချေမရှိ့'ဟု သတိရသဖြင့် 'ဆင်းနှင့်ပါ၊ အကျွန် ယူခဲ့ပါ့မယ်' ဟု လှေကားမှ ဆင်းစပြုသည်တွင် မောင်စိုလည်း နောက်မှ လိုက်ဆင်း၊ အောက်သို့ရောက်လျှင် ရေချိုးခုံသို့ သွားနှင့်ရသည်။ ခင်မှုံသည် အိမ်နောက်ဖေး အပေါက်မှ ဝင်သွားပြီး ချက်ချင်းလိုလိုပင် သဘက်မွေးပွ တစ်ထည်၊ ဆားခွက်နှင့် ပြင်သစ် ဆပ်ပြာမွှေး စိမ်းစိမ်းတစ်တုံးကို ယွန်းခွက်ကလေးတစ်ချပ်ဖြင့် ယူလာခဲ့သည်။

မောင်စို သွားတိုက်၊ မျက်နှာသစ်နေစဉ် ခင်မှုံက တံတားဦးမှ အကြောင်းကို တစ်လုံးချင်း နှစ်လုံးချင်း မေးနေ၏။ မောင်စိုလည်း မျက်နှာသစ်သည့် ကြားမှာပင် မေးသမျှကို ဖြေကြားလေရာ ဆပ်ပြာလှမ်းပေး၊ သဘက်လှမ်းယူ လုပ်ရင်းက တစ်ယောက်နှင့် တစ်ယောက် လက်ချင်း အသားချင်း ထိမိ တို့မိသွားသည်။ နှစ်ယောက်စလုံးတွင် ထူးခြားသော အာရုံဖြင့် တစ်ကိုယ်လုံး ရှိန်းဖိန်းသွားသော်လည်း ဝမ်းတွင်းကျိတ် သဘောကိုကား ဖွင့်မပြောရဲနိုင်ကြသေးပေ။

ထိုနေ့ တစ်နေ့လုံး တစ်ယောက်နှင့် တစ်ယောက် အတွေ့အမြင် မများ၊

များအောင် နေထိုင်ကြသဖြင့် မလှမ်းမကမ်းတွင် အမြဲတစေ တရစ်ဝဲဝဲ ရှိစပြုသည်။ မောင်ညိုမှာ မိုးလင်းလုနီးမှ ဘယ်ဆီက ပြန်ရောက်လာသည် မသိ။ ပြန်ရောက်ပြီး မောင်စိုထံ 'ပဇာတုံးကွ၊ မင်းတို့ အိပ်သဲ့ အဆောင်'ဟု မေး၍ ပြလိုက်လျှင် အဝတ်အစား မလဲနိုင်ဘဲ အပေါက်ဝ တံခါးစေ့လျက် အိပ်ချလိုက်တော့သည်။ သူနှင့် အတူတူ အလှူကျမှ သိကြသော ညဥ့်အိပ် သူငယ်ချင်းသုံးယောက်နှင့်တကွ မကြာမီ တခေါခေါ ပျော်သွားတော့သည်။

သို့လျှင် အလှူအိမ်တွင် ညီအစ်ကိုချင်းပင် နေ့လူ၊ ညဥ့်လူ ကွဲပြားနေသဖြင့် အတွေ့နည်းနေလေရာ သုံးလေးညဥ့် အိပ်မိသောအခါ မောင်စိုနှင့်ခင်မှုံမှာ ခွန်းတုံ့ခွန်းလှယ် နှုတ်ဖြင့်ဖွင့်ယူ လှစ်ကြူခြင်း မပြုဘဲလျက် ကိုယ်အမူ၊ နှုတ်အသံဖြင့် သိသိသာသာ လက်ခံကြည်ဖြူမိကြသော ရည်ငံ ချစ်တင်း ရည်းစားချင်းချင်း ဘဝသို့ ရောက်သွားကြသည်ကို မောင်ညို မသိလိုက်ခြင်း ဖြစ်တော့သည်။ မောင်စိုမှာ အစ်ကို့အား တစ်နေ့တွင် အတင်း လိုက်လံရှာဖွေ၍ အားပါးတရ ပြောပြချင်လောက်အောင် တစ်ကိုယ်လုံး ရှိန်းဖိန်းပူနွေး အချစ်သွေး တိုးသွားခဲ့သော်လည်း မောင်ညိုအား ရုတ်တရက် ရှာမတွေ့ပေ။ ထိုနေ့က နောက်ဖေးရေချိုးခုံ အနီးတွင် စိုက်ထားသော ငှက်ပျောအုပ်ကြားမှ မယ်မှုံ အလျင် ထွက်ခဲ့ပြီး နီမြန်း၍ ရှက်သွေးဖြန်းနေသော မျက်နှာကို အောက်ငုံ့၍ အိမ်ဘက်သို့ အပြေးလေး ပြေးဝင်သွားသည်ကို လည်းကောင်း၊ ကွမ်းတစ်ယာညက်ခန့်တွင် ငှက်ပျောရွက် တစ်ရွက်တစ်ဖက် လက်နှင့်ဖယ်၍ ဝဲယာကို စောင်းငဲ့ကြည့်ရင်း မျက်နှာနီမြန်းလျက် (သူက သာ၍ နီမှန်း သိသာသည်မှာ အသား ခင်မှုံထက် လတ်သော ကြောင့်ပင်) ရေချိုးခုံမှ နံငယ်စိုနှင့် ဆပ်ပြာအစ်တို့ကို ဣန္ဒြေမပျက် ယူပြီး အိမ်မဆီသို့ပင် လိုက်သွားသော မောင်စိုကိုလည်းကောင်း ခင်မှုံ၏ ဘတူ မိကွဲ မောင်နှမဖြစ်သူ မောင်လွန်းက မြင်လိုက်တော့သည်။

မောင်လွန်းမှာ ရေချိုးခုံ နံဘေးဆီသို့ ရေချိုးထွက်လာခိုက် ရေချိုးခုံတွင် ဆပ်ပြာ၊ သဘက်၊ ရေစိုပုဆိုးပိုင်း၊ ဤအရာဝတ္ထု သုံးမျိုးကိုသာ တွေ့ပြီး ချိုးသူကို မတွေ့သဖြင့် အနီးရှိ ပဒိုင်းချုံအတွင်းသို့ ကိစ္စတစ်ခုဖြင့် ဝင်တိုးရင်း စောင့်နေခိုက်၊ ငှက်ပျောပင်အုပ်ထဲမှ လူသံသဲ့သဲ့ ကြားပြီး မရှေးမနှောင်း ခင်မှုံနှင့် မောင်စိုတို့ ထွက်သွားသည်ကို မြင်ရခြင်း ဖြစ်သည်တွင် မျက်နှာကြီးတစ်ခုလုံး ပြုံးဖြဲဖြဲကြီး နေသွားရာမှ ခေါင်းတဆတ်ဆတ် ညိတ်၍ နေလိုက်မိ၏။

လမ်းခုလတ်၌ မောင်စိုသည် ကိုင်ခဲ့သော ဆပ်ပြာခွက် တစ်ခါ၊ ရေစိုက သုံးခါ၊ တစ်ဖက်လှ သဘက်က တစ်ခါ၊ လက်ထဲမှ လွတ်ကျသည်ကိုလည်း အသံထွက်အောင် ရယ်မိသေးသည်။ နောက် ရေမိုးချိုးပြီး အိမ်မသို့ ပြန်လာရာ အိမ်ဘေးပေါက်တွင် ထင်းခွဲရန် ပြင်နေသော ဦးထင်က မောင်လွန်းအား ဆီး၍—

'ရို့ မောင်လွန်း၊ ခုနက မင့်ရှေ့က ရေချိုးပြန်လာသာ တံတားဦးက ငစိုလေး

ဟုတ်စ' ဟု မေးသည်။ မောင်လွန်းလည်း ပြုံးလက်စကျန်သော မျက်နှာမှ အပြုံးကိုဖယ်၍ အတည်ထားပြီး–

'သိဘူး၊ အသူလည်း မသိပေါင်ဗျာ'

'မင့် ရှေ့တွင်ကပဲ'

'အမှတ် မထင်မိဘူးဆို'

'သူ့ရှေ့က အိမ်ဘက် ပြေးဝင်သွားသာရော မိမ့်လား'

'သိဘူးဆို'ဟု အိမ်ထဲသို့ ထင်းတုံးတွေပေါ်မှ ကျော်ဝင်နေသည့် အတွင်း တစ်စုံတစ်ရာကို သတိရပုံဖြင့် 'ဗျ ဦးကြီးထင်'ဟု နောက်က လှမ်းခေါ်ရင်း 'ကျုပ် နှမသယ်ကို မိမ့်လို့ နင့်နင့်သီးသီး ခေါ်စမ်းပါနဲ့ဆို'ဟု ပြောသည်။ ဦးထင်က ဂရုမစိုက်ပုံဖြင့် 'အို ခေါ်တတ်သလို ခေါ်သကွာ။ မင့်လို အကြေဆင်းပြီး မွန်သံပေါက်နေသူမှ မဟုတ်ဘဲ'ဟု ပြောလိုက်၏။ မောင်လွန်း မကျေမချမ်းနှင့် အိမ်ထဲ ဝင်သွားသည့် အခါကျမှ ဦးထင်သည် 'ဟုတ်ပါသယ်၊ မိမ့်နဲ့ ငစိုပါ။ အိမ်း သင်းရို့က သည်ပုံကိုး။ အိမ်း အိမ်း'ဟု ထင်းကို တဖြန်းဖြန်း ခွဲနေရစ်တော့သည်။

ထိုတစ်နေ့တည်းသာ မောင်စိုနှင့်ခင်မှု တစ်ယောက်ကို တစ်ယောက် ရှုံးတိုးရှန့်တန့် ဖြစ်နေကြသော်လည်း နောက်တစ်နေ့မှ စ၍ ယခင်ကထက်ပင် ရင်းရင်းနှီးနှီး ဖြစ်လာကြ၏။ ကွန္ဒြေဆောင်ရသော မလေ့သည် အချစ်ပင်ကို ပျိုးထောင်နေကြသော မောင်စိုနှင့် ခင်မှုတို့ အပေါ်မှ နိုင်နင်းစွာ လွှမ်းမိုး အုပ်ဆိုင်းနေသေးသည်။

မောင်လွန်းတွင်ကား မောင်စိုနှင့် အထူးတလည် တွဲနေတော့သည်။ ပုထိုးအတွက် ဆင်းတုပင့် ပြန်လျှင် သူလည်း တံတားဦးသို့ လိုက်ခဲ့မည်။ တံတားဦးတွင် ပုထိုးအနေကဇာ တင်ပြီးမှ ပြန်မည်ဟုပင် ပြောဆိုထားတော့သည်။ မောင်စိုမှာကား ခင်မှုတစ်ဖက်ဖြင့် ယခင် သူ ရည်ရွယ်ရင်းဖြစ်သော ကျပင်းကိစ္စအတွက် မည်သို့မျှ မလုံးပန်းအားပေ။ သတိကား မမေ့။ အမြဲပင် ထိုအကြောင်းကို တွေးနေသည်။

သို့ တွေးရင်းကပင် မောင်စိုမှာ အဘယ်ကြောင့် မသိ။ မောင်နောင်နှင့် မျက်နှာဆိုင်ရ၊ နီးနီးကပ်ကပ် နေရသောအခါတွင် စိတ်ထဲမှ မလုံမလဲ ဖြစ်တတ်သည်။ သူ့ဝမ်းတွင်းစိတ်ကူးကို မောင်နောင် ရိပ်မိနိုင်သည်ဟု မထင်သော်လည်း မောင်နောင့်ရှေ့၌ မောင်စိုမှာ တစ်စုံတစ်ရာကို ပြုမှားမိသော ကလေးငယ်သည် ကြိမ်းမောင်းမည့် လူကြီးရှေ့သို့ ရောက်သကဲ့သို့ ဖြစ်မိသည်။ မောင်နောင်သည် သေနတ်စုမှ အမှုထမ်းသားဟု ဆိုခြင်းကြောင့်လော မပြောတတ်ပေ။

မောင်နောင်က တစ်နေ့ကို နှစ်ခေါက် အနည်းဆုံး အလှူသို့ ရောက်တတ်သည်။ ရောက်လျှင် သက်တူရွယ်မျှတို့နှင့် ဝိုင်းဖွဲ့ပျော်ပါးကြသည်ထက် ဦးသာလှတို့ လူကြီးစုတွင် ဦးသာလှအနီး၌ မလှမ်းမကမ်း နေတတ်သည်သာ များသည်။ ရွယ်တူများနှင့် နေပြန်ကလည်း စကား အလွန်နည်းတတ်သည်။ သူ ပြောလိုသော စကားကို လူငယ်ချင်းက

တင်စားမည် မထင်ပုံ၊ သူတို့က ပြောသမျှ စကားစမြည် တောက်တိုမည်ရကို စိတ်မဝင်စားပုံ ပေါ်နေ၏။

မောင်နောင်မှာ အိမ်သားများနှင့် အတော်ပင် အကျွမ်းဝင်နေပုံ ပေါ်သည်။ ဦးသာလှတွင် မောင်နောင် ရှိသေရာ တွေ့သကဲ့သို့ ဒေါ်စပယ်၌ မြတ်နိုးစဖွယ် မြင်ဟန်ပေါ်၏။ ခင်မှုံကို စူးစူးစိုက်စိုက် အရေးတယူ ကြည့်တတ်၍ မောင်လွန်းကို မေးတဆတ်ဆတ် လည်တပင့်ပင့်မျှ ပြုလုပ်သော်လည်း ဦးဘိုးထင်က ကျေနပ်စွာ လက်ခံတတ်သည်ဟု မောင်စို အကဲခတ်မိသည်။

ဦးထင်.... ဦးထင်၊ သူ့ကို မောင်စို အနည်းငယ် သတိထားစရာ တွေ့မိသည်။ ဦးထင်သည် ဦးသာလှထက် အသက်ကြီးသည်၊ အသက်ခြောက်ဆယ်ပင် ကျော်ပြီဟု ထင်ရသည်။ တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင် အပြည့်ပိန်းနေသည်။ အသားမည်းမှောင်၊ နဖူး ကျယ်ပြန့်သည်။ နှာခေါင်း ကြီးသည်။ မေး တိုသည်။ မေးဖျားတွင် အမာရွတ်ကြီး တစ်ခု ရှိသည်။ အရပ်အမောင်း ပုသော်လည်း ကိုယ်လုံး ထွားသည်။ ခြေဆံလက်ဆံ ရှည်လျားသည်။ လမ်းလျှောက်လျှင် ခပ်ဖြည်းဖြည်း လူလုံးလူထည်နှင့် မလိုက်အောင် ခြေသံပေါ့သည်။ ဤအခြင်းအရာတွေ နောက်မှ သူ့အသံအောကြီးကို ဂရုပြုမိမည်။

အသံအောင်ပြီး မာသော ဦးထင်ကား ဦးသာလှတို့အိမ်တွင် အတွင်းဘုရင်ဖြစ်လေ၏။ ခင်မှုံနှင့် မောင်လွန်းတို့၏ လူဆရာ ဖြစ်သည်။ ခင်မှုံ ရေးတတ်၊ ဖတ်တတ်သမျှ နမက္ကာရ အနက်ပါဌ်သည် ဦးထင့်ထံမှ အကြွေးအဝါး အဆူအပူဖြင့် ဆည်းပူးယူရသော ပညာဖြစ်သည်။ မောင်လွန်းမှာကား ဦးသာလှ၏ ပထမ ဇနီးမှ မြင်သောသားဖြစ်ရာ ခင်မှုံ၏မိခင် ဒေါ်စပယ်နှင့် အိမ်ထောင်ပြုမည်ဟု စီစဉ်ခိုက် အတွင်းမှာ ဇနီးဟောင်း၏ ဆွေစုမျိုးစုက မိဒွေးလက်တွင် ညှဉ်းဆဲခံရကောင်း၏ဟု သူတို့နေရာ အောက်နယ် ရန်ကုန်မြို့သို့ ခေါ်သွားပြီးမှ တမြန်တစ်နှစ်က ရှင်သာမဏေ ဝတ်ရန် အဘထံ ပြန်ရောက်လာသူ ဖြစ်၏။ ဦးထင်ထံမှ သင်ပုန်းကြီးအကုန်၌ ခွဲခွာထွက်သွားပြီး ယခုကဲ့သို့ ပြန်လာသောအခါတွင် ဦးထင ဖန်ဆင်းလိုက်သော အကြောက်မျိုးစေ့ကလေးသည် အရွှံနှင့်အမုန်း အသီးနှစ်လုံး ပွင့်လျက်သား ဖြစ်နေသော်လည်း၊ မိဒွေးဖြစ်သူနှင့် မိဒွေးမှမြင်ပြီး ကြီးမှ ဘွားခနဲ တွေ့ရသော နှမလေး ခင်မှုံကို အသဲအမဲ ချစ်ခင်ရှာနေတော့သည်။ မောင်လွန်းမှာ အဘလက်သို့ ပြန်ရောက်သောအခါ ကုလားစာကို ရေရေလည်လည် ရေးတတ် ဖတ်တတ်နေသည်ကို တွေ့ရသော်လည်း ရိုးရာဖြစ်သော ပွဲစားဘဝနှင့် ပါရမီဝေးနေသည်ကို ဦးသာလှတွင် ဝမ်းနည်းစွာ မချင့်မရဲ ဖြစ်နေရတော့၏။

ဆန်းကြယ်သော လူ့စိတ်သည်ပင် သဘာဝ၏ နိယာမအလျဉ်ကို လိုက်စမြဲဖြစ်သည်။ အမုန်းနှင့် ကန်လျှင်၊ ဆန့်ကျင်လျှင် အချစ်ဖြစ်တတ်ရာ မောင်လွန်းသည် မောင်စိုကို မြင်မြင်ချင်း ခင်မင်သည့်အပေါ်တွင် ဦးထင်က မောင်စိုအား အထူးရွှေးချယ် အကဲတခတ်ခတ် တစောင်စောင် ပြုနေသည်ကို မြင်ရသောအခါ မောင်စိုဘက်သို့ ပြေး၍ ကပ်ရင်း မောင်စိုကို ခင်ရာမှ သွေးစပ်သော ညီငယ်ပမာ ချစ်မိသည်။

ဦးထင် အရေးပေးသော မောင်နောင်ကိုကား ချောသည်၊ လှသည်၊ ခံ့သည်၊ ရဲသည် ဆိုသဖြင့် အားကျမိသော်လည်း အားကျသည့် စိတ်ကိုပင် မုန်းသည့်စိတ်က နေရာလုနေတတ်၏။

စင်စစ်လည်း မောင်လွန်းမှာ မောင်စိုအား ခင်မှုံနှင့်ကိစ္စတွင် မလိုသူရှိသည်ဟု မဖွင့်ဆိုသော်လည်း သူ ကာကွယ်ပေးရမည်ဟု ကိုယ်တိုင်ဝတ္တရားကို ယူခဲ့ခြင်း ဖြစ်သည်။ ကာကွယ်သည် ဆိုရာမှာလည်း အမှန်အားဖြင့် မောင်လွန်းသည် မောင်စို လောက်မှ အရပ်အမောင်း မရှိလှ။ အသားညိုသော အမျိုးအလျောက် ညိုညိုနှင့် မည်းကတ်ကတ် ဖြစ်သည်။ မျက်လုံးကြည်၍ ကလေးငယ်ကဲ့သို့ ဝိုင်းစက် တောက်ပနေသည်။ သူစိမ်းတစ်ရံဆံကဲ့သို့ မိရင်းဘရင်း မဟုတ်သူတို့ ကြားမှာ ကြီးပြင်းခဲ့ရသူ ဖြစ်သောကြောင့် အသက်အားဖြင့် မောင်ညိုနှင့်ရွယ်တူ အစိတ်နီးပါး ဖြစ်နေသည့်တိုင် သူ့တကာ အငေါက်အငမ်းကို မခံရဲ။ ပင်ကိုဗီဇအတိုင်း ကျိုးကန်းတောင်းမှောက် ဖြစ်ဖြစ်သွားတတ်ရှာသည်။

ဤသို့အားဖြင့် မောင်စိုတွင် တစ်သက်တစ်ခါ ကြုံကြိုက်ခဲ့သော စိတ် အကြည်နူး ကြီး ကြည်နူးမှုကို ခံစားရင်း ၄င်းလဆန်း ဆယ့်သုံးရက်သို့ ရောက်ခဲ့သည်။ ယခင် အစီအစဉ်အတိုင်းပင် ဦးသာလှတို့ထံ၌ လပြည့်ကျော်ကျမှ ဘုရားပင့် ပြန်မည် ဖြစ်သဖြင့် အတော်ကြာနေရမည် ဖြစ်ရာ ဤအတွင်း ခင်မှုံနှင့် ချစ်ခင်ရင်းနှီးနေရင်းဖြင့် ရက်သတ္တ တစ်ပတ်ပြည့်၊ ပြည့်ရာမှ ကျော်လွန်ခဲ့သည်ပင် အမှတ်မထင်နိုင်အောင် ဖြစ်ခဲ့ရာမှ ထိုနေ့နံနက် ဆွမ်းခံပြန်ချိန်တွင် မြင်းစီးတစ်ယောက် ရောက်လာခဲ့သည်။ မြင်းစီးလာသူမှာ အပန်းတကြီး အလျင်စလို လာခဲ့ရကြောင်းကို ကျယ်ပြန့် မို့မောက်နေသော ရင်အုပ်ကြီးဖြင့် သက်သေခံနေလျက်။ မြင်းရွှေကြီးမှာလည်း ချွေးတွေသံတွေ ထွက်နေလေရာ မောင်ညိုတို့ ညီအစ်ကိုမှာ မောင်ဖြိုးကို ကြည့်ရင်း အံ့အားသင့်နေကြသည်။

ချက်ချင်းလည်း ထိုညီအစ်ကို တံတားဦးသို့ ကောက်လိုက်ရမည်ကဲ့သို့ မိခင် ဖြစ်သူ အသည်းအသန် ဖြစ်နေသည် ဆိုသော သတင်းကို ကြားကြရသည်။ ဤတွင် မောင်စိုမှာ မိခင်ကို ပြေး၍ ပူမိသည့်ကြားမှပင် ဤမျှလျင်မြန်စွာ ခင်မှုံနှင့် ခွဲပြန်ရမည်ကို စိတ်လေးသွားမိသော်လည်း ပွဲစားကြီးကိုယ်တိုင်က ပွန်းပွန်းတီးတီး ခင်မင်ခဲ့ကြသူ ဘုရားအစ်မကြီး ဤမျှ နာမကျန်း အသည်းအသန် ဖြစ်နေသည်ကို လိုက်လံပြုစုရန်ဟု ဇနီးဖြစ်သူနှင့် သမီးခင်မှုံကို မောင်ညိုတို့နှင့်အတူ ထည့်တော့မှ မောင်စိုတွင် ချက်ချင်း မျက်နှာ ပြန်ကြည်လာနိုင်တော့၏။

မောင်ညိုက အတင်း ငြင်းဆန်၍ 'ဟာ ဒုက္ခမရှာပါနဲ့လေ့။ သည်မလည်း အလှူကြီး လုပ်နေလက်စနှင့် ကပဲ'ဟု ပြောသည်ကိုပင် မရ။ အတင်းပင် 'အို တစ်ညနှစ်ည အိပ်ကမှ လိုက်မပြုစုရဘူးလားကွယ်။ လူချင်း သည့်ကလောက် ခင်မင်သာ မင်း မသိပါဘူးလေ့။ သည်က အလှူလည်း ကျောင်းအစ်မ ပြန်သဲ့နေ့မယ် ရေစက်ချ

မိမှာပဲ' ဟု ဖွတ်အတင်း လှည်းယဉ်တစ်စီး ဆင့်ခိုင်း၍ လူမမာအတွက် မေးမြန်း၍ သိရသမျှနှင့် ချင့်ချိန်ပြီး ဆေးဝါးဓာတ်စာ အသီးအနှံ စသည်တို့နှင့်အတူ မယားနှင့် သမီး၊ သားအမိကို ဦးထင် လက်တွင် ကြပ်မတ်စောင့်ရှောက်စေလျက် မောင်ညိုတို့ထံ ထည့်လိုက်ရုံမျှ မက မောင်နောင်ကလည်း အနီးက တပြုံးပြုံးကြည့်ရင်း 'ဪ အစ်ကိုရို့ တံတားဦးလား၊ ပွဲကတော်ကြီး သားအမိ လိုက်သွားမှာ။ ဪ ဪ အစ်ကိုရို့အမိ အတန်ပဲ နာမကျန်း ကြီးနေသလား။ ကျွတ် ကျွတ် ကျွတ်'ဟု စုတ်သပ်နေသည်ကိုပါ 'မောင်ရင်နောင် အားလပ်ရင် မောင့်မိတ်ဆွေတွေအရပ် လိုက်သွားလိုက်ပါလား'ဟု လှော်သည်။ ပွဲစားကြီးမှာ ဝတ္တရားကို သိပါသည်ဟု သူ့မိတ်ဆွေ ဘုရားတကာကြီးထံသို့ အလှူကြီးတန်းလန်းနှင့်ပင် ဇနီးနှင့်သမီးကို လွှတ်ပါသေးသည်ဟု သိသာ ထင်ရှားအောင် ပြုခြင်းဖြစ်သည်။ တော်ပါသေး၏။ သို့ကြောင့်လည်း ပွဲစားကြီး.... ပွဲစားကြီးဟု နေပြည်တော် ဝန်းကျင် ကျော်ကြား ကြီးပွားပေသည်။ သို့သော် စိတ်မချပုံဖြင့် လိုက်နိုင်သမျှ လူစုကိုပါ လိုက်စေလိုခြင်းဖြစ်ရာ ထိုအခိုက် ဦးထင်ကပါ 'ဟုတ်သားကပဲ၊ အကြပ်ကလေးရော အားသမို့ဖြင့် လိုက်ခဲ့ရောပေါ့'ဟု ခေါ်ပြန်သည်တွင် မောင်နောင်လည်း လိုက်ရန် ဝန်ခံလိုက်သည်။ မောင်စိုတွင် ဤတစ်ချီတွင် မောင်နောင်အား အကယ်ပင် ခင်မင်သွားမိသည်။ မောင်ညိုပင် မျက်နှာထား အနည်းငယ် ပျော့မိ၏။

သို့နှင့် မောင်ဖြိုးအား မောင်နောင်နှင့်အတူ လှည်းယဉ်အနီးတွင် ချန်ရစ် လိုက်ခဲ့စေကာ ညီအစ်ကို နှစ်ယောက်သား အမိထံ အပြေးနှင်ခဲ့ကြသည်။ ရောက်လျှင် ဒေါ်လှမယ်အား အမှန်ပင် အသည်းအသန် ရောဂါတက်လျက် တွေ့ရသော်လည်း ဖခင်ဖြစ်သူနှင့်တကွ ကြပ်မတ်ကုသနေသော ဆေးဆရာကြီးကပါ 'မစိုးရိမ်ရတော့ပါဘူး၊ စဉ်းငယ် အအေးရိုက် အစားမှားသွားရို့ပါ၊ ကနေ့ နက်ဖြန် ပြန်မာလာမှာကပဲ' ဟု ပြောပြမှ ဟင်းချကြရတော့သည်။

ပွဲကတော်ကြီး သားအမိပင် နောက်မှ လှည်းယဉ်ဖြင့် လာနေကြသည် ဆိုလျှင် လူမမာကိုယ်တိုင်ကပါ အားအနာကြီး နာသွားမိရရှာသည် 'နို့ကွယ် သူရို့ အလှူကြီး လက်စနဲ့ဟာ'ဟု ပြောသည်ကို 'အို တစ်ည နှစ်ညအိပ်ပဲ၊ ရေစက်ချ အမီ ပြန်နိုင်မှာပဲ။ အမိလည်း ချက်ချင်းမာမှာပဲ။ ကလိမ့်ကလဲ မဖြစ်ပါဘူးသဲ့။ ခေါ်သာ ခေါ်သွားပါ အတင်း ဖွတ်ထည့်လိုက်ရို့ဗျ'ဟု မောင်ညိုကြီးရော မောင်စိုကပါ ပြောပြရသည်။

မောင်စိုမှာ မိခင်အတွက် ချက်ချင်း ရတက်အေးသွားပြီးနောက် သူတို့အိမ်တွင် ခင်မှုံတို့ ရောက်နေသည့်အတွက် တစ်မျိုးကြီး ကျေနပ်နေသည်။ သို့သော် မိခင်၏ အနီးတွင် အမြဲလို ခေါ်ခေါ်ထားသဖြင့် အပြင် လေသာ နေသာတွင် ထွက်နေကြသော လူစုနှင့် သွားမရောနိုင်သေးဘဲ နီးလျက်ဖြင့် ဝေးနေရရှာပြန်၏။

မောင်ညိုသည် သူ့အမုန်းဆုံး ရန်သူကို အိမ်၌ လက်ခံထားရသဖြင့် အတော်ပင် အနေရခက်မိသော်လည်း လူမမာ မေးဖော်ရသေးသယ်လေဟု သဘောကြီးနေနိုင်သည်။

မောင်ဖြိုးကမူ နှုတ်တရွရွ ဖြစ်နေလေပြီ။ သို့ကြောင့်ပင် ရောက်သည့် ထိုညနေတွင် မောင်နောင်နှင့် ဦးထင်တို့ကို ရေချိုးခုံပြရင်းမှာ ကိုယ်တွင် အင်္ကျီမရှိသော မောင်နောင်အား 'ကိုရင့် ယာလက်ရုံးမယ် နှယ်နှယ့် အမှတ်ကြီးပါလား'ဟု အသိသားကြောင်ရန် ပြင်လျက် မလှမ်းမကမ်း၌ ထင်းခွဲနေသော မောင်ညိုကြားအောင် အသံမြှင့်၍ 'အလယ်၊ အမှတ်မှ မဟုတ်ဘဲ၊ အမာရွတ် ကပဲ။ ပဇာဖြစ်သာတုံးဗျ ဟင်'ဟု မေးသည်။ မောင်ညိုသည် အခိုင်းအစေတွေကို ခိုင်းရသည်ထက် ကိုယ်တိုင် ဝင်ပေါက်ရမှ အားရသဖြင့် ဘုရားတကာ လယ်ပိုင်ရှင့် သားတန်မဲ့ ထင်းဝင်ပေါက်နေသည်ကို မရှက်။ ထို့အပေါ် တပည့်က မောင်နောင်ကို မေးသံကြားသဖြင့် ထင်းတုံးပြင်ဟန်ပြု၍ နားစွင့်နေသည်။

မောင်နောင်က မျက်နှာကြီးတစ်ပြင်လုံး နီမြန်းသွားအောင် ရှက်သွေးဖြန်းသွားသော်လည်း အနာဟောင်းကို တုတ်နှင့် အဆွမခံဟု ဉာဏ်နှင့်သိသိပ်၍ ချက်ချင်းမျက်နှာပြင်ကာ 'သြော် သလား၊ ဟိုတလောက မြစ်အရှေ့ ရှမ်းပြည်နယ် နယ်စပ်ဆီမယ် တောခွေးကိုက်မိရို့'ဟု မောင်ညို့ထံ စိန်းစိန်းကြည့်သည်။ မောင်ညိုတွင် ထောင်းခနဲ ဒေါထသွားသော်လည်း အကြောင်းမသိသေးသော ဦးထင်က စုတ်တသပ်သပ် ဖြစ်ရင်း 'အိမ်း၊ သည်ခွေးမိုက်နှယ်'ဟု ဆိုကာ 'သင့် သတ်မပစ်လိုက်ဘူးသဲ့လား'ဟု မေးရာ၊ မောင်ဖြိုးက လျင်မြန်စွာ 'မသတ်ခဲ့နိုင်ဘူးနဲ့ တူသယ်' ဟု လွှတ်ခနဲ ပြောမိပြီးမှ ဟန်ပြန်လုပ်ရင်း 'ဟုတ်စ' ဟု မျက်နှာချိုသွေး၏။

'သင်းက အရင်ဦးသွားရို့။ နောက်တစ်ခါ သည်ခွေးစုတ် တွေ့ရင် အူထုတ်ပီး အသည်းကင်၊ မစင်ထဲ စဉ်းချလိုက်မရို့ စိတ်ကူးထားသယ်' မောင်နောင်က အားရပါးရ ဆိုသည်ကို မောင်ဖြိုးက လျင်မြန်စွာ 'အိမ်း၊ ကိုရင် မဦးခင် သူက ပြန်ဦးပီး ကိုရင့်အသည်း ချင်း ဝင်ခဲမှာပဲ ပူ ပူသေး'ဟု ပြောသည်။ ဤတွင် မောင်ညိုကြီးက အူလန်သည်းလန် ရယ်ပစ်လိုက်ရာ၊ ဦးထင်တွင် နောက်ခိုင်းရာသို့ လျင်မြန်စွာ လှည့်ကြည့်ပြီး 'ပဇာများတုံးကွယ့် မောင်ရင်ညိုရဲ့'ဟု မေးယူရ၏။ မောင်ညိုက 'သြော်'ဟု တစ်စုံတစ်ရာ ပြန်ပြောမည့်အစား ရယ်ပြီးရင်း ရယ်ရင်းနှင့်သာ ဖြစ်နေခိုက် ဦးမြတ်စံ အိမ်ဝမှ ခေါင်းပြူ၍ 'ဟဲ့ ဟိုကောင်ကြီး၊ ချင့်အမိ အိပ်နေသာ၊ သယ်.... ငါ့လခွီး၊ သာ့လောက် မိုက်ရန်ကွာ'ဟု ထိုစကားရည်လုပွဲကို ကြားဝင်ဖျန်သလို အမှတ်မထင် လှမ်းငေါက်လိုက်၍သာ ကံအားလျော်စွာ စကားဆက် ပြတ်သွားသည်။ သို့မဟုတ်က စားရေးတချို့ ပြမိကြဦးမည် မလွဲဟု ထင်ရ၏။

သို့နှင့် ထိုတစ်ညဉ့် အိပ်၍ နောက်တစ်ညနေသို့ ရောက်လာပြန်သည်။ လူမမာက အလူအတွက် အပြန်လွှတ်သည်ပင် မတွေ့ရသည်မှာ ကြာမြင့်သော ဒေါ်စပယ်တွင် 'ဟာ နေပေ့စေ ယောင်းမရေ့၊ လပြည့်နေ့ မနက်စောစောမှပဲ ပြန်မယ်'ဟု ပြောထားခြင်းကြောင့် ထိုညလည်း ခင်မှုံတို့တစ်တွေ အိမ်ရှေ့ တလင်းပြင်သို့ ထွက်၍ လေညင်းခံနေကြခြင်း ဖြစ်တော့သည်။

လဆန်း ဆယ့်လေးရက်ညနေ ဖြစ်သည်။ နေ့တာ တိုသည့်အလျောက် နေမင်းသည် အနောက်ဘက် စည်းတန်းရှိ မန်ကျည်းပင်ကြီးတွေ ကြားမှ နီမြန်းသော မျက်နှာဝိုင်းကြီးဖြင့် နှုတ်ခွန်းဆက်နေ၏။ မန်ကျည်းပင်တွေ ကြားမှ ပေါက်နေကြသော တစောင်းဆူးပေါက်ပင်တွေ၊ ကြက်ဆူရိုးနီတွေမှာ ဝိုးတိုးဝါးတား စိမ်းပုပ်ပုပ်ဖြင့် ငုတ်တုတ်တုတ် ငြိမ်နေ၏။ မန်ကျည်းပင်ပေါ်ဒြကား အိပ်တန်းလုနေကြသော ကျီးတွေ၊ ဆက်ရက်တွေ တကျည်ကျည် ဆူညံနေကြ၏။ ကင်ပွန်း ဆူးပေါက်ပင်များထဲမှာကား စာညို၊ စာဝတီး စာဖုန်းကြီးတွေ တစာစာ။

ဆည်းဆာအချိန် ဆောင်းလေချမ်းကလေးသည် ရေချိုးအံ့ ပြင်နေသော မောင်စိုအား ကြက်သီးကလေးတွေ ဖိန်းခနဲ ဖြန်းသွားအောင် ရမ်းသွားသည်။ မောင်စိုမှာ မိခင်အား ထမင်းဆီဆမ်း ကျွေးပြီးလျှင် ရေချိုးရန် ထွက်လာခြင်း ဖြစ်သည်။ အမိဖြစ်သူမှာ သားငယ်အား ချစ်မြတ်နိုးလှ၍ သူ့အနီးတွင် အမြဲတစေ နေစေခြင်းဖြစ်ရာ၊ သားကိုယ်တော် လူလှက သူ့တွင် ရည်းစားရပြီး သူ့ရည်းစားနှင့် ယခုလိုဆည်းဆာ၌ စကားတီတာ နှုတ်ခွန်းသာနေချင်မှန်း မည်ကဲ့သို့ သိနိုင်ရှာမည်နည်း။ မောင်စိုမှာ နီးလျက်နှင့် ဝေးနေရှာသည်ဟု ငယ်သူ့ဘာဝ မချင့်မရဲ ဖြစ်နေရှာ၏။

သူ့ အလျင်လူတွေ ချိုးသုံးသွားသော နံငယ်စိုကို ရေညှစ်ပြီး လည်ပင်းတွင် လိမ်ဆွဲလျက် စဉ့်အိုးဝ တင်ပါးပိတ်၍ နေဝင်ကို ကြည့်နေသည်။ အရှေ့ဘက် စလင်းတိုက်ဆီမှ ကောင်းကင်ပြင်သည် တဖြည်းဖြည်း စိမ်းရာမှ ပြာ၊ ပြာရာမှ ညိုလိုက်လာပြီး တိမ်တောင်ဆို၍ ကြက်တစ်ဝပ်စာပင် မတွေ့ရ။ နောက်ဆီမှာ ပန်းဆီရောင် ဆွတ်နေထွတ်နေ၏။ ပန်းဆီရောင် မဟုတ်၊ ကြက်သွေးရောင် .... ကြက်သွေးရောင်။ ခင်မှုံကို ပထမဆုံး အရဏ်တက်ကြီး တွေ့တုန်းမှာ ထဘီကြက်သွေးလေးနှင့်ပေါ့၊ သိပ်လှသယ်၊ နေဝင်နေသာလည်း လှပ ဟိုမှ သည်မှ စိတ်ကစားနေသည်။

မန်ကျည်းပင်တွေ၏ ခေါင်ကိုင်းတွေကြားမှ ထိုးဆင်းကာ နေလုံးနီနီကြီးသည် အကိုင်းရင်းတွေ ခွကြားသို့ ဝင်နေပြီ။ ထိုမှတစ်ဖန် ပင်စည်တွေက ကွယ်၍ လျောကျသွားရင်း တစောင်းဆူးပေါက်တွေနှင့် ပိတ်၍ ကွယ်နေပြီ။ "နေလုံးပျောက်သာ သိပ်မြန်ပါလား။ နေဝင်သဲ့ဟာ သည်အညာမှာထက် ဟိုအကြေ ဟံသာဝတီ၊ ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်ဘက်ဆီ ပင်လယ်ကမ်းခြေမယ် သာပီး လှသေးဆိုပဲ။ တစ်နေ့နေ့ အဲသည်အကြေဆီ အင်္ဂလိပ်ပိုင်နယ်ထဲအရောက် တစ်ခေါက်လောက် သွားချင်စမ်းပါဘိ"ဟု တွေးပြန်သည်။

"ကြည့်ပ၊ နေရောင်တွေ ရဲပီး မိုးပေါ်ဖြာတက်နေသာ။ ပီး ဟိုမယ်ကြည့်စမ်းပ၊ တစောင်းပင်တွေ အကြိုကြားက ထိုးထိုးပီး....."ဟု အတွေးမဆုံးမီ မောင်စိုသည် မျက်နှာမူထားမိသော နေရာဘက်သို့ တစ်ချက် စူးစိုက်ကြည့်သည်။ မျက်လုံးကို ကာ၍

ကြည့်သည်။ ပွတ်၍ ကြည့်သည်။ တစ်ဖန်ပြန်၍ ကာပြီး ကြည့်ရ၏။ နောက်ဆုံးတွင် အိုးခေါင်းပေါ်မှ ဖြုတ်ခနဲ ခုန်ချပြီး အိမ်မကြီး အဆောင်ဘေးဆီသို့ တစေ့တစောင်း ပျာပျာသလဲ အကဲခတ်၍ ရှေ့တူရူ မန်ကျည်းပင်ကြား တစောင်းပင်တွေ အနီးသို့ ခပ်သုတ်သုတ် ပြေးသွားတော့သည်။

ချုံကိုကွယ်၍ မန်ကျည်းပင်နှင့် တစောင်းပင်ကြားသို့ ကိုယ်ကလေး ကျုံ့ဝင်မိမှ ထွန်းပေါ်က ဟီးခနဲ သက်ပြင်းချပြီး 'အောင်မလေးဟဲ့ ကိုရင်နှယ်၊ ငေး ငေးရန်ဗျာ။ သည်မှာဘက်ဆီ ကြည့်နေရက်က မမြင်သဲ့ဟာများ၊ အရေးကြီးရသဲ့ထဲ'ဟု အပြစ်တင်သံနှောပြီး မောင်စို၏ 'သြော် ငေးကောင်းကောင်းနဲ့ ငေးနေမိလို့ပါ'ဟု အပြောကိုပင် မစောင့်နိုင်ဘဲ 'ခုလာသာ တခြားကြောင့်တော့ မဟုတ်ဘူး။ ကိုယ်တော်ကြီးနှစ်ပါး ပါတော်မူလာသယ်'ဟု ပြောသည့်အတွက် မောင်စို စောင်းငဲ့ လိုက်ကြည့်သည်တွင် သူပင် မမြင်မိသေးသော တစောင်းပင် ချုံအတွင်းဘက်မှ ညောင်ရမ်းမင်းသားကြီး ညီနောင်ကို မြင်ရလေရာ ချက်ချင်း လက်ယှက်ရတော့သည်။ တစ်ကိုယ်လုံးလည်း သွေးတဆတ်ဆတ် တိုးမိရှာ၏။

မင်းသားကြီးနှစ်ပါးက ပြိုင်တူပင် 'ကွယ် တို့တစ်တွေကို အဖူးအမြော် လုပ်မနေပါနဲ့'ဟု ဆိုမှ လက်ချမိရင်း ငထွန်းပေါ်ကို စကားဖြတ်၍ ကိုယ်တော်နှစ်ပါးအနက် အကြီးဖြစ်သော ညောင်ရမ်းမင်းသားကြီးက လေသံဖြင့် 'တို့ မင့်အကြောင်း ဟောသည် ငထွန်းပေါ်က တစ်ဆင့် ကြားထားသယ်။ အရေးရှိ မင့်ဆီ အကူအပံ့ ရနိုင်သယ်ထင်လို့ လာသာပဲ။ ဟိုရွှေမြို့ဆီ ညအိပ်မရို့ဟာ ဟိုမယ် ပင်းသာ ငပြောင်အစုနဲ့ သွားဆုံနေရို့'ဟု မိန့်တော်မူသည်။ မောင်စိုမှာ ကျပင်းကိုယ်တော်ကလေးနှင့်အတူ ဤကိုယ်တော်ကြီးနှစ်ပါးထံ နှစ်ခေါက်မျှ အဖူးမြော် ရောက်ဖူးခဲ့လေရာ ယခင်က မြင်ရသော အခြေအနေနှင့် ယခုပက်ပင်း လာတွေ့ရသော သူတို့နှစ်ပါး၏ ဖြစ်အင်တော်ကို မနှိုင်းယှဉ်ရက်အောင် စိတ်ဆင်းရဲသွားမိသည်။

ကိုယ်တော်ကြီးတို့မှာ သာမန်ဆင်းရဲသား အသည်အသွင် ဖျင်အကျႌကြမ်း မြေညိုရောင်တွင် ချေးအလိမ်းလိမ်းနှင့် မဲပုဆိုးလည်း ညစ်လှပြီးလျှင် မျက်နှာ၊ ခြေ၊ လက်တို့တွင်လည်း ဖုတ်အလူးလူး ကပ်နေတော်မူသည်။ ညောင်အုပ်ကိုယ်တော်လေးမှာ ထိုစဉ်က သက်တော် နှစ်ဆယ့်ကိုးနှစ်ခန့်သာ ရှိသေးရာ ကိုယ်လက်ကြန်အင် နု၍ စို၍ ကောင်းတုန်းဖြစ်သည်။ နုလှ စိုလှသော ကိုယ်တော်တွင် ဆူးခြစ်ရာတွေ တရဲရဲနှင့် စီးလာသော ခြေနင်းမှာလည်း ဆင်းရဲသားအသွင်ဖြစ်အောင် ပြုခဲ့ရသဖြင့် လျှော်သည်းကြိုးတပ် ဖြစ်ရာ နုနယ်သော ကိုယ်တော့်ခြေပန်းခုံတွင် အရေဖောင်းကြီးဖြင့် အဖုကြီး ပေါက်နေရှာသည်။

ပင်ပန်းဆင်းရဲစွာ ပြေးလွှားပုန်းအောင်း လာခဲ့ရသော ဒုက္ခသည် မင်းသားကြီးတွေကို မောင်စို ကရုဏာမသက်ဘဲ မနေနိုင်ပေ။ ယခင်က နန်းမူနန်းဟန်ဆို၍ စိုးစိမျှ မဖူးမမြင်၊ ကိုယ်တော်နှစ်ပါးမှာ ရုပ်ဆင်းတော်ဖျက်၍ စိုးအံ့စဖွယ်ပင် မရှိဟု ထင်မိသေးရာ

စိတ်နသော မောင်စိုတွင် ဘာအကူအညီကို ပေးဆက်ရမည်နည်းဟုသာ စောင့်ငံ့နေရတော့၏။

မောင်စို၏ ကရုဏာသက်ပုံ မျက်နှာကြောင့်ပင် ကိုယ်တော်ကြီးက ဆက်၍ 'တိရစ္ဆာန်တွေအစုနဲ့ နောက်တစ်ခါ တိုးနေရင် ခက်မှာမို့ သည်တစ်ည သည်မယ်ပဲ နိုမလားရို့ စိတ်ကူးခဲ့သယ်'ဟု မိန့်တော်မူပြီး 'မင့်အတွက်တော့ ဘေးမကင်းဘူးပေါ့။ သည့်ပေါ် ဟိုခွေးပေါက်စ အမွေးမစုံသေးသဲ့ ရွှေဘိုငနောင်လေးလည်း ရှိသေးသယ်။ သင်းကလေးလည်း တစ်နေ့တခြား ငါ့ဓား နီးနီးလာပီ'ဟု မိန့်သည်ကိုပင် 'သာအတွက် အရေးတော် မထားလောက်ပါဘူးဖျ၊ ကိုယ်တော်ရို့မယ်သာ....'ဟု ပြန်လည် လျှောက်ထားရင်းမှ အိမ်ဘက်ဆီသို့ ခေတ္တ လှမ်းမျှော်ကြည့်ကာ–

'ဖျ ကျွန်တော့်အဆောင်မယ် သည်တစ်ည ကိုယ်တော်ရို့ စံမြန်းနိုင်ပါသယ်'ဟု အလွယ်တကူ ပင့်ခေါ်ရှာသည်။ ငထွန်းပေါ်ကလည်း 'အဲသည်လို ကြံပြီး ကိုရင့် သတိပြေးရလို့ ကိုရင့်အားကိုး လာတော်မူကြသာပဲ'ဟု ပြောသည်။ ကိုယ်တော်နှစ်ပါးမှာကား မျက်နှာ အတော်ရွှင်စ ပြုလာသည်။

'သာဖြင့် ကိုယ်တော်ရို့ သည်ဆီမယ် ဆိတ်စာလောက် စောင့်တော်မူပါဦးဖျ။ ဖျကျွန်တော် အိမ်ဆီက အရိပ်အခြည် ကြည့်ဦးမယ်။ ဟိုက အရိပ်ပြရင် ကိုယ်တော်ရို့ ခပ်သုတ်သုတ် အိမ်ဘက်ကို ကြွမြန်းတော်မူရော့ဖျ။ ကိုရင်ထွန်းပေါ်ရော ပါမယ်ဟုတ်စ'ဟု ထွန်းပေါ်ကိုပါ ကိုရင်ဟု ခေါ်မိသည်။ ပြီးလျှင် မန်ကျည်းပင်ကွယ်မှ လျင်မြန်စွာ ထွက်ခဲ့၏။

မောင်စိုတို့ အိမ်ကြီးမှာ သစ်ဝါးကို မခိုမကပ်ဘဲ ဖောဖောသီသီ ဆောက်လုပ်ခဲ့သော ဆောင်စုံနှစ်ထပ်အိမ် ဖြစ်သည်။ ဘိုးဘလက်ထက်မှ စတင် ဆောက်လုပ်ခဲ့ရာ အဘဆုံး၍ သားနေလျှင် သားက အဆောင် ဖြည့်ရင်း၊ စွက်ရင်း၊ ထုတ်ရင်းဖြင့် အဆောက်အခန်းတွေ အတော်ပွားခဲ့သည်။ နှစ်ထပ်ဖြစ်လေရာ မောင်စိုတို့ ညီအစ်ကိုအတွက် တစ်ယောက်လျှင် တစ်ဆောင်စီ ပေးထားသော အခန်းမှာ အိမ်၏အဆွယ် အပေါ်ထပ်၌ ဖြစ်လေသည်။

မောင်ညိုနှင့် မောင်စိုမှာကား မောင်ညို့အတွက် အခန်း၌သာ အတူတကွ အိပ်ပြီး ညီအခန်းကိုကား သူတို့နှစ်ဦးအတွက် ပစ္စည်းပစ္စယ ပရိဘောဂတွေ သိုသိပ်ရန်သာ သဘောတူ အသုံးပြုကြသည်။ မောင်စို့အကြံ ရုတ်ခြည်းပေါ်လာသည်မှာ ထိုမသုံးဘဲ ထားသော သူ့အခန်းတွင် ကိုယ်တော်နှစ်ပါးကို သိုဝှက် စံမြန်းတော်မူကြစေရန် ဖြစ်လေသည်။

အိမ်အရိပ်အခြည်ကို လျင်မြန်စွာ အကဲခတ်ပြီး အိမ်သားအိမ်သူ ဧည့်သည်တွေပါ အိမ်ရှေ့လသာဆောင်တွင် ရောက်နေကြသည်။ အခိုင်းအစေများလည်း မြောက်ဘက် မီးဖိုတွင် ရှိနေကြသဖြင့် အိမ်၏ တောင်ဘက်ကျသော မင်းသားကြီးတို့ ရှိသည့် မျက်နှာစာဝင်းတွင် လူရှင်းနေသည်ကို ကံအားလျော်စွာ တွေ့ရသောကြောင့် အိမ်တွင်းသို့

ထင်းတဲ လက်တီးဆောင်ငယ်မှ ကပ်ဝင်ကာ အပေါ်တက်သော လှေကားဖုံးကို သံမင်းတုပ် ချက်ဖြုတ်၍ အခန်းတံခါးကိုလည်း အတွင်းမှ တံကျင် ချခဲ့ပြီးလျှင် အောက်သို့ ပြန်ဆင်းခဲ့သည်။ မောင်စို့ရင်ကား မြင်းတစ်ကျိပ်ခန့် ဝင်၍ စိုင်းနှင်နေသကဲ့သို့ တဒုန်းဒုန်း ဟည်းနေသည်။

အိမ်အောက် ရောက်လျှင်ပင် မီးဖိုဘက်မှ ကွေ့ထွက်လာသော အိမ်တွင် အစေအပါး ပြုနေသူ ဦးဝါကြီးနှင့် သွား၍ ရင်ဆိုင်တိုးမိသဖြင့် မနည်းဟန်လုပ်၍ ကိုယ်ရှိန်သတ်လိုက်ရသည်။ ဦးဝါက မောင်စိုကို နံငယ်စိုတင်လျက် မြင်လျှင် 'ဟင် မောင်ရင်လေး ခုထိ ရေမချိုးသေးဘဲကိုး၊ ရေချိုးသွားသာ ကြာပေါ့ဆို'ဟု မေးသဖြင့် 'ဟုတ်သယ်၊ အိမ်သာ တက်နေရို့' ဟု ပြီးစလွယ် ပြောသည်တွင် 'ခုဟာက အိမ်ထဲ ပဓာ ဝင်လုပ်သာတုံး'ဟု သိချင်ပြန်၏။ ဦးဝါမှာ မောင်စိုတို့ ညီအစ်ကိုနှင့် အလွန်း မသင့်လှ။ ငယ်ငယ်ကလေးတွေမှ စပြီး မရိုသေ မခံ့ညားခဲ့ပေ။ မောင်ညိုက သာ၍ပင် ကဲသေး၏။

မောင်စိုတွင် စိတ်မရှည်နိုင်တော့ပေ။

'သပ်ပြာ ဝင်ယူသယ်'ဟု ခါးပုံစ၌ ဆပ်ပြာပါလာဟန်ပြုမှ 'အာမာ သပ်ပြာတွေ ဘာတွေတောင် တိုက်လို့ပေါ့။ အိမ်း အိမ်း သုတ်သုတ်ချိုး၊ အမှင်းစား စောင့်နေကြ သယ်'ဟု အတွင်းသို့ ဝင်သွားတော့မှ အိမ်ဘေး ထောင့်တစ်ထောင့်ကပ်၊ ခေတ္တ စောင့် နေပြီး လက်ရိပ်ပြလိုက်သည်တွင် မင်းသားနှစ်ပါးလည်း အရိပ်အခြည်ကို ကြည့်ကာ တစောင်း ချုံကြားမှ ချွတ်သံမထွက်အောင် ထွက်ပြီး ဝဲယာကို အကဲခတ်၍ မောင်စိုထံ လျှင်မြန်စွာ ပြေးရောက်ခဲ့သည်။ မောင်စိုလည်း မင်းသားတွေကို ရှေ့ဆောင်၍ ထင်းတဲ အောက်က ဖြတ်ကာ အပေါ်တက်ရန် ဘေးလှေကားသို့ ကပ်လိုက်၏။

ထိုလှေကားမှာ ဘေးပေါက်သို့ ထွက်သော တစ်ဆစ်ချိုးလှေကား ဖြစ်ရာ ရံဖန်ရံခါ အကြောင်းပေါ်မှ သုံးသော လှေကားလည်း ဖြစ်သည်။ သို့သော် မောင်စို တွင် အရဲမစွန့်ဝံ့ပေ။ အသက်မှ ပြင်းပြင်းမရှူဘဲ တစ်ထစ်ချင်း တက်ခဲ့ကြရသည်။

သုံးယောက်သား အသံမပြုဘဲ လှို့ဝှက်စွာသာ နင်းခဲ့ရင်း တစ်ဆစ်ချိုးသို့ ရောက်မှ ညောင်အုပ်က 'ငထွန်းပေါ်ရော့ နေပြည်တော် သွားလေရဲ့'ဟု မိန့်ရာ နော်င်တော်ကြီးက 'ဘုရားသိကြားမလို့ ဘေးမထိ ရန်မသီပါစေနဲ့ဗျား'ဟု တပည့်ချစ် အတွက် ဆုတောင်းတော်မူရှာခြင်းမှ လွဲ၍ မည်သူမျှ စကားသံမပြု။ လှေကားတစ်စင်း လုံးလည်း ဝင်ခဲ့သော ဘေးတံခါး ပြန်စေ့လိုက်သောအခါ မည်းမှောင်သွားသည်။ အပြင်ဘက် အိမ်ရှေ့ဆီမှာကား တစ်ချက် တစ်ချက် အသံမြင့်လိုက်သော ခင်မှူးတို့လူစု ရယ်သွမ်းသွေးသံ၊ မန်ကျည်းပင်ပေါ်မှ ငှက်ညံသံများကို သဲ့သဲ့ကြားရသည်။

လှေကားအပေါ်ချိုးသို့ ဆက်လက်မတက်မီ မောင်စိုသည် ရှေ့မှ အလျင် တက်သွားပြီး အံဖုံးကို တဖြည်းဖြည်းချင်း မ ဖွင့်၏။ အပေါ်တွင် ဘာမျှ မမြင်၊ ဘာမျှ မကြားရမှ လက်ရိပ်ပြကာ အံဖုံးလှန်တက်လိုက်ရသည်။ နောက်က မင်းသားတွေလည်း

ထက်ကြပ်လျင်စွာ တက်လိုက်ခဲ့ရာ မကြာမီ အံဖုံးပြန်ချပြီး မောင်စိုတို့သည် ယခင် အခန်းသို့ ဝင်မိကြတော့သည်။

မင်းသားတွေကို မောင်စိုသည် သူတို့မသုံးဘဲထားသော ဗီရိုထောင်ကြီး တစ်လုံး၊ တံကဲခေါ် ကျွန်းသေတ္တာမတ်ရပ်ကြီး တစ်လုံး ပိတ်၍ကွယ်နေရာ အခန်းထောင့်သို့ မြန်းဝင်တော်မူစေရသည်။ ကျွန်းသေတ္တာကြီးပေါ်မှလည်း ပင့်ကူအိမ်တွေ မြွေးမြွေးတက် နေသော နီးခေါက်ဖာကြီးတစ်လုံးကို ထပ်ဆင့်လိုက်၏။

မင်းသားတွေမှာ ဝင်ရောက်ပုန်းအောင်းရသည့် နေရာကို ကျဉ်းကျပ်သည် ဟု သဘောတော်မထားကြဘဲ ကျေနပ်သည့် အမူအရာနှင့်သာ '[illegible]' ဟု မိန့်ဆိုပြီး 'သာနဲ့ ငစိုရ၊ တို့တစ်တွေ ညီအစ်ကို တမြန်မနက်ကတည်းက ဘာမှ ပွဲတော် မတည်ခဲ့ရသေးဘူးကွယ့်၊ အဲသာ.....'ဟု ပြုံးတော်မူရှာ၏။

မောင်စိုသည် မည်သို့မျှ ပြန်မလျှောက်သေးဘဲ အခန်းကြမ်းပေါ်တွင် ယင်နေ ရစ်သော ဖုန်ထဲမှ ခြေရာများကို လျင်မြန်စွာ လက်ဖြင့် ယက်ပက်ဖျောက်ဖျက်ပြီး တံခါးဝ ကျမှ အတွင်းသို့ အရိပ်အခြည်ဖြင့် တံခါးတံကျင်ကို လာလျှိုပါ၊ ပြီးလျှင် ခြေရာကို သူ့လို ဖျောက်တော်မူပါဟု လက်ပြန်ပြနေခိုက် အပြင်မှ ခြေသံတစ်သံ ကြားရတော့၏။

ခြေသံမှာ အတော်ပြင်းလေရာ ဦးဝါ၏ခြေသံဟု မောင်စို ချက်ချင်းသိသော် လည်း မင်းသားတွေမှာမူ ခါးကြားနောက်သို့ အသီးသီး လက်လျှိုလိုက်မိကြသည်။ ဦးဝါမှာ ညနေတိုင်း မောင်စိုတို့အခန်းသို့ အဝတ်ညစ်လာ၍ သိမ်းရလေရာ ယခုလည်း အဝတ်ညစ် လာယူခြင်းဖြစ်သည်ကို သတိရမှ မောင်စို ဟင်းခနဲ သက်ပြင်းချနိုင်သည်။

ရင်ထဲ၌ တစ်ကျိပ် နှင်နေသည်ဟု ထင်ရပုံ ဆိုထားသော မောင်စိုတွင် မြင်း ခြောက်ကောင်ခန့် တိုးမိမတတ်။ အပြင်တွင် ဦးဝါသည် တဖျစ်တောက်တောက် လုပ်နေ သံကို သဲ့သဲ့နှင့် နားလည်အောင် ကြားရ၏။

'ဟို အကောင်ငယ့် အဝတ်က တော်သေး၊ သည် မိုင်းတာမသားကြီး အဝတ်က မဖြင့် ဆီသည့် ပုဆိုးစုတ်သား ကျနေသာပဲ'ဟု ညည်းတွားရင်း 'သယ်လေ၊ ငါ သိတ်ပေါက်ပေါက်ရှိ သည်ဇောင်ခန်းထဲ သွင်းထိုးလိုက်ပြန်ကရော့'ဟု ဆိုကာ အခန်း တံခါးကို ဘတ်ခနဲ လာတွန်းသည်။ မောင်စိုတွင်ကား အသည်းနှင့်အူ နေရာချင်း လွဲသွား သည်ဟု ထင်မိရှာတော့သည်။ အသက်ရှူသံကိုပင် ကြားများသွားမလားဟု အောင့်ထား သည်တွင် မအောင့်နိုင်၍ ရှူလိုက် ရှိုက်လိုက်ရသော လေသံမှာ ကာလနဂါးပင် နိုးလာ မတတ် ကျယ်သည် ထင်ရသောကြောင့် မျက်လုံးဝိုင်းလေး ပြူး ပြူတ်မတတ် ဖြစ်နေ သေးတော့။

အပြင်က ဦးဝါ အသံတိမ်သွားပြီး ချက်ချင်းလိုပင် ခြေသံလည်း ဝေးဝေးသွား မှ ဟင်းဟု သက်ပြင်းထပ်ချပြီး အခန်းပြင်သို့ ပျာပျာသလဲ တံခါးဖွင့်ထွက်ရသည်။ တံခါး ရွက်ကို ခေတ္တ မှီရပ်နေပြီးမှ အံဖုံးထဲ ပြေးဖွင့်၊ လှေကားမှ လျင်မြန်စွာ ဆင်းခဲ့ရသည်။

ရေ ကမန်းကတန်း ချိုးရလေရာ ချိုးနေစဉ်လည်း ရင်မအေးနိုင်၊ ချိုးပြီး

ပျာပျာသလဲ ပြေးပြီး အိမ်ပေါ်တက်မိသည်။ မင်းသားတွေ ဝှက်ထားသောအခန်းကို ပထမဆုံး သွားစမ်းမိသည်။ အတွင်းမှ မင်းတုပ်တံကျင် လျှိုထားသည်ကို တွေ့ရ၍တော့မှ သူ့အစ်ကိုအခန်း ဝင် အဝတ်လဲရတော့သည်။

အဝတ်လဲနေခိုက်ပင် အောက်ထပ်မှ ထမင်းစားခေါ်သံ ကြားရသောကြောင့် အလျင်အမြန် ပြီးစီးအောင်ဝတ်ပြီး ပြေးဆင်းသွားရသည်။ ထမင်းစားချိန်မှာ သုံးနာရီခန့်ပင် နောက်ကျနေပြီ ဖြစ်၏။ အမှန်မှာ ယခုခေတ် သုံးနာရီခန့်ဆိုလျှင် ညဥ့်စာ စားပြီးကြသည့် သမယဖြစ်ရာ လူမမာလည်း ရှိ၊ တစ်နေ့လုံးလည်း ဖွယ်ဖွယ်ရာရာ စားသုံးထားကြ၍သာ နောက်ကျခြင်း ဖြစ်သည်။ ထမင်းစား နောက်ကျသဖြင့်လည်း အခြားသူများတွင် စားမြိန်တုန်းတွင် မောင်စို တစ်ယောက်သည် သာလျှင် စား၍ မျိုမကျနိုင်အောင် ဝမ်းပြည့်နေသည်။

ဟန်မပျက်ရုံ အနည်းငယ် စားပြီး ခံတွင်းမကောင်းဟု ဆိုကာ ထမင်းပွဲမှ ဒေါင်းလန်းကို ကိုင်၍ ထ လေသည်။ အခြားသူများက ဝိုင်းမေးသည်ကို 'ရင်ခံနေသယ်' ဟု ပြောပြီး၊ 'ခေါင်းထဲ အုံတုံတုံကြီးနဲ့'ဟု ဟန်လုပ်၍ ရှုံမဲ့ပြရာ၊ ခင်မှုံတွင် အကယ်မှတ်၍ မျက်နှာပေါ် အစိုးရိမ်ကလေး သမ်းသွားသေးသည်။ အဘဖြစ်သူကလည်း 'သာနဲ့တောင် ရေသွားချိုးသေးကွာ'ဟု ကရုဏာဒေါသော ပြောရာ မလှမ်းမကမ်းတွင် ဆီမီးခွက်ပြင်၍ ဘုရားစင်ရှေ့၌ ရေချမ်းလဲနေသော ဦးဝါက 'ဘယ်ဟုတ်မလဲ၊ ရေချိုးမယ့်အရေး အအေး ခံနေသာက တညောင်း'ဟု ဝင်အပြစ်တင်သည်။ အကြံသမား မောင်စိုက မျက်စောင်း တစ်ချက် လှည့်ခဲ့ပြီး မီးဖိုဘက်သို့ ထွက်သွားသည်။ ထမင်းပွဲတွင်ကား–

'ဟဲ့ ကောင်ကြီး၊ ဟိုကောင်ချည့် အအိပ်ပျက် ခံနေရသယ်။ မင့် သည်တစ်ည မင့်အမိဆီ သွားစောင့်အိပ်'ဟု မောင်ညိုကို အချောင် ဝတ္တရားလဲပေးနေသော အသံကို ကြားနေရသည်။ ဒေါ်စပယ်ကပါ ရော၍ မောင်စိုအတွက် ရှေ့နေလိုက်နေစဉ် သမီးချော ကလည်း ခေါင်းတင့်ငုံ့ သဘောတူကြောင်း စိတ်ထဲတွင် ကျေနပ်နေခိုက် ကာယကံရှင် မောင်ရင်တွင်ကား စဖိုချောင်၌ ထမင်းချက် ဒေါ်အိုဇာနှင့် အတိုင်အဖောက် ဖြစ်နေရှာသည်။

'ဟဲ့ တတောင်းဇားပဲဟာ အမှင်းတွေ သာလောက် မောက်မောက် ပေးနေရ လားဟဲ့၊ မောင်ရင်လေးရဲ့'

'တစ်ယောက်တည်းကမှ မဟုတ်ဘဲဗျာ ရဲ့။ သားအဖ လေးဦးတောင်' ဟု ပြောပြောဆိုဆို ရေဆေးပြီး စစ်ထားသော ယွန်းဒေါင်းလန်း တစ်ချပ်နှင့် ထမင်း ထည့်သည်ကို 'အို ဟို အုန်းမှုတ်နဲ့ ပုံယူသွား ဆိုနေသာ'ဟု ညည်းရင်း 'တော်ဖျ တော်၊ အလိုလေးတော်၊ ကြက်ပေါင်တွေ ဘာတွေ ယူသွားရို့၊ အိမ်ရှေ့က ချည့်သည်'ဟု နကျယ်အုံ တုတ်ထိုးမိသလို ဖြစ်နေပြန်သဖြင့် စကားမဆုံးမီ 'အာ သည်အမယ်အိုနှယ်၊ သူတကာ လူမဲ့ တန်းမဲ့ဟာ။ နောက်ဘဝကျ အမှင်းမဝသဲ့ ပြိတ္တာဖြစ်ချင်ပီ ထင်သယ်'ဟု ရယ်သလို မောသလိုပင် ဖွတ် ဟင်းဗန်းထဲမှ အဖတ်ကောင်းတွေကို နှိုက်ယူသွားသည်။

ကောင်စိမှာ အိမ်သားများ၊ ဧည့်သည်များ ထမင်းစားကောင်းနေခိုက် မင်းသားနှစ်ပါးအား သွားဆက်ရန်ဖြစ်ရာ အရိပ်အခြည် ကြည့်ပြီး အပေါ်တက်၊ တံခါးကို အသာပုတ်၊ ဖွင့်ပေးလျှင် ဒေါင်းလန်းကို အထဲသို့ လှမ်းဆက်လိုက်ရသည်။ အပြင်မှ အရိပ်အကဲကို အားတစ္စင့်စွင့် စောင့်နေပေး၏။

ထိုအခိုက် မင်းသားနှစ်ပါး၏ ဖြစ်အင်ကို စဉ်းစားနေသည်။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်း စံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာ ကြား၊ သမုဒ္ဒရာထက်၊ ခဏာတက်သည့်၊ ရေပွက်ပမာ ဟု အနန္တသူရိယ၏ အမျက် ဖြေ လက်ာပါ စာပိုဒ်ကို မောင်စို ကွက်ခနဲ ပြေး၍ သတိရသည်။ သမုဒ္ဒရာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

ယမန်ခါ ရှေးတမြန် တစ်နှစ်ဆီမှာ ကျပင်းကိုယ်တော်လေးနှင့် အတူ သူ့ အဖူးမြော်ကို ခံတော်မူသည့် ကိုယ်တော်ကြီးတွေ၏ ကြမ္မာကျိုးပေး ညှိုးမှေးသိမ်ဖျင်း အဆင်းရဲကြီး ဆင်းရဲရရှာပုံ၊ သူတကာအိမ် သူတကာ မသုံးဘဲ ပစ်ထားသော အခန်းတွင် မြသက်မသာ စံမြန်းပုန်းအောင်း ရရှာသည်။ သူတကာ သူသူငါငါ စားသုံးသည့် ဟင်းကျွေး ဟင်းရံကိုပင် သူတောင်းစားစာ ဟု ပြောပြီး ယူပေး၊ ဝှက်ပေးသူထံမှ နှီးဒေါင်းလန်း တစ်ချပ်တည်းဖြင့် ညီတော်၊ နောင်တော် ပွဲတော်တည်ရရှာသည်။

သူတို့ကလောက်မှ အရည်အသွေး မမြင့်မြတ်သူ အစုမှာ တစ်မိုးအောက်တွင်ပင် မဟုတ်လော။ ပွဲဖြင့်ပြင်လျက် ရယ်ကာမောကာ ဝဝလင်လင် ရွှန်းရွှန်းဝေဝေ စားသောက် နေကြသည်။ အို ကုသိုလ်ကံ.... ကုသိုလ်ကံ၊ ဖြစ်လေရာရာ ဘဝဆက်ဆက် သမားရိုး ကျ အတိုင်း ဒါနပါရမီ အကျိုးပေး ဆုတောင်းချက်မှ ကွက်ချန်၍ မင့်သွေး မင့်သား မဖြစ်ရပါလို၏ ဟုပင် ဆုတောင်းမိရှာသည်။

“တစ်မင်းအတွက် ကျန်လူတွေ ဒုက္ခမရောက်ရင် တော်ပေါ့ကွာ”ဟု ပြောသံ ကြားဖူးပါ၏။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့် ကာသာ၊ ဓမ္မတာတည်း ဟု အနန္တသူရိယပင် ဆိုသွားသည်။

ဤကိစ္စကား ဓမ္မတာအတိုင်း၊ အမှန်အတိုင်း ဖြစ်ထိုက်၍၊ ခံထိုက်၍ ခံရခြင်း လော။ မောင်စို အတွေးရ၊ အဖြေရ ခက်ဘိ၏။

သိပေါက်ကို မလို မရှိပါ။

သူ နန်းတက်သည်မှာ လ ပိုင်းမျှသာ ရှိသေးသော်လည်း၊ နိုင်ငံတော်တစ်ဝန်း အေးချမ်းရိပ်ငြိမ် ဝပြောစည်ပင်အောင် အုပ်ချုပ်နိုင်မည့် အရည်အချင်းကို ပြစ ပြု တော်မူပေပြီ။

မမုန်းပါ။

သူ့ကို တော်လှန်ခံပြင်းသော စေတနာလည်း စိုးစိမျှ မပေါ်ပါ။ သို့သော် ဤ တံခါးရွက်နောက် မှောင်နှင့်မည်းမည်း သဲနှင့်ရှုပ်ရှုပ် ထောင့်၌ကပ်၍ ဆင်းရဲလှစွာ

ပွဲတော်တည်နေရရှာသော မင်းသားနှစ်ပါး၏ ငြိုငြင်ပင်ပန်းလှသည့် ဖြစ်အင်မှာ သိပေါ်အတွက်ပင် မဟုတ်ပါလော။

အကယ်၍ ကင်းဝန်နှင့် ရှင်ဖြူမရှင်၊ ဆင်ဖြူမရှင်နှင့် သူ့သမီးတော် ထိပ်စုလတ်ဖုရားတို့ အတွင်းဉာဏ် မကစားလျှင်.....။အကယ်၍.... အို.... မောင်စို အတွေးချဲ့တိုင်ကျယ်နိုင်သေးသည်။ သူတို့ညီနောင်နှစ်ပါးအနက် နောင်တော်သည်ပင် နန်းနှင့်နီးခဲ့သူဖြစ်သည် မဟုတ်ပါလောဟု ယူကျုံးမရ ဖြစ်မိသည်။ ထိုအတွင်း အထဲမှ တံခါးပုတ်၍ဖွင့်ပြီး ဒေါင်းလန်းကို ပြန်ပေးရာ ဒေါင်းလန်းမှာ ဗလာကျင်းနေသည်ကို တွေ့ရသည်။ မောင်စိုကား မျက်ရည်ပင် စို့မိမတတ်။

ရာဇဝင်၏ အကယ်၍တွေ.....။

## ၁၁ | ညီလေးစို နိုးနေရသဲ့ ညဥ့်

ရေနှယ်သာဦးမှာ လ၊ ခြူးစိန်နွဲ့ရံ
ဟေမန်ထွေဟန်၊ လေပြန်လောင်း
ရွှေလျှံမောင်းလို့၊ ဒေါင်းယာဉ်သာ
ဂေါရာစကြာ ယွန်းလှူဖန်မင်း။

မောင်စိုသည် ဒေါင်းလန်းကို မဲပုဆိုးခါးပုံကြား၌ ဝှက်၍ ယူကာ ထမင်းပွဲမှ ထစပြုသူတွေရှေ့ကို လှစ်ခနဲဖြတ်ပြီး ရေဆေးအင်ပြင်သို့ သွားထားလိုက်၏။ ကိုယ်တော်ကြီးများအစာနှင့် ဝေးတော်မူခဲ့သည်မှာ နှစ်ရက်နီးပါးမျှ ရှိလေရာ ပါလာသမျှ ထမင်းဟင်းလျာကို ကုန်စင်အောင် ပွဲတော်တည်ပစ်ကြ၏။ ကိုယ်တော်ကလေးကိုယ်တိုင် ဒေါင်းလန်းပြန်ပေးရာက လေချဉ်တတက်တက်ဖြင့် 'သောက်ရေ ဆက်ပါဦး' ဟု မှာလိုက်သဖြင့် သောက်ရေ ဆက်ရန် အပေါ်သို့ တက်ခဲ့ရင်းက လေှကားရန်းမှ အပြင်သို့ လှမ်းကြည့်လိုက်စဉ် ဒေါင်းမင်းသူရိန် ဖန်မင်းရှိန်လည်း ထိန်ထိန်ညီးညီး ထွန်းတောက်ပြီး၍ ကျွန်းကြီးဂေါရာ ယွန်းသွားရှာပြီကို မြင်လိုက်မိခြင်း ဖြစ်၏။

သောက်ရေတကောင်းကို မောင်စိုတို့အိပ်သော အခန်းတွင်ပင် ထားလေရာ ကံအားလျော်စွာ ရေတကောင်း အလွတ်တစ်လုံးလည်း ရှိသဖြင့် ရေကို ဆေးကြောလဲလှယ်ထည့်ပြီး ယွန်းပလုံးတစ်လုံးပါ ဆက်ထားလိုက်သည်။ မောင်ညို့ ဆေးပြင်းလိပ်အစ်ထဲမှ ယူကာ ဆေးလိပ်ဆက်ရာ 'ဟရို့ရဲ့၊ ဆေးသောက်ရင် မီးခိုးထွက်မှာပ'ဟု ငြင်းဆန်တော်မူသည်။ ပျာယီးပျာယာပင် အပေါ်ထပ်၌ လူမရှိခိုက် ခေါက်စောင်နှစ်ထည်ကိုပါ သွင်းပေးပြီး၊ အကယ်၍ အလိုတော်ရှိလျှင် တစ်ဖက်ခန်း၌ပင် အခစား မြဲနေပါမည်၊ အချက်ပေးတော်မူပါဟု အချက်ကို ပြထားပြီး၊ ညဥ့်ဦး၌ အောက်တွင် အခြေမပျက်ခေတ္တ ဆင်းနေပါမည်၊ အပေါ်ပြန်တက်လျှင် ဒေါင်းမင်းပရိတ်ကို အသံမြင့်မြင့် ရွတ်

တက်ခဲ့ပါမည်၊ ထိုစဉ်မှ စပြီး အမြဲ ရှိနေပါမည်ဖျ ဟု အလုံးစုံ မှာကြား လျှောက်ထား ပြီးလျှင် အောက်သို့ ဆင်းခဲ့ရပြန်သည်။

ပုဏ္ဏမာ ယုံလွှာခင်း၊ ဘုံသာလင်းလို့ ဝင်းပြေပြေ

သပြေဒီပါ အေးမြလေ။

ပြာတနန်.နန်. မည်းတမှောင်မှောင် ရဲရောင်ကို ဆေးကြောလျက် အရှေ့ ကောင်းကင်ထက်မှ ပြည့်လုရွှန်းဝေ ကြည်လင်ပေသော လမင်းကြီးသည် ဝင်းဝင်း ဝါဝါ ထွက်ပေါ်လာခဲ့သည်။ ဆောင်းလေသာလေးသည် အိမ်ရှေ့ဇရန်တာခြေရင်းတွင် စိုက်ထားသော စံပယ်ရုံလေးတွေ၊ မြလေးနွယ်ချုံလေးတွေဆီမှ သင်းသင်းပျံ့ပျံ့ ရနံ့အေး ကို ဆွတ်ထွေးဆောင်လာခဲ့၏။

ထန်းပင် ထန်းရွက်ဖျားကို လေကစားနေသဖြင့် ထန်းလုံးတွေ ယိမ်းလျက် ကနွဲ့ကလျကို လရောင်၌ အမည်းခံ၍ မြင်ရသည်။ အကိုင်းငယ် အရွက်အုပ်ကလေးတွေ ရုပ်ယှက်ခတ်နေသည့် ကြားမှ ဝိုင်းစက်စက်လမင်းအား တရွေ့ရွေ့တက်နေလျက်ဖြင့် အတိုင်းသား မြင်ရ၏။ အပြင်တွင် ပုရစ်တွေ တစီစီညံနေခိုက် ထမင်းဆီ ယစ်နေသော လူတစ်စုကား လသာဆောင်တွင် စကားရုံးကာ ရှိနေကြသည်။

ဦးမြတ်စံနှင့် ဒေါ်စပယ်၊ မောင်ဖြိုးတို့က တစ်စု။ ကွမ်းတဝါးဝါးဖြင့် စကား တိုးတိုး ပြောနေသည်။ ဒေါ်စပယ်၏ ပယင်းစစ် နားတောင်းကြီးကား လရောင်တွင် ရှရောင်ဝင်းနေသည်။ မောင်နောင်နှင့် ဦးထင်က မလှမ်းမကမ်း၌ ဆေး တစ်ယောက် တစ်လိပ် ညှိ၍ ညောင်စောင်းမှာ ခပ်ကိုင်းကိုင်း ထိုင်နေကြ၏။

မောင်ညိုကိုကား အိမ်ရှေ့ တလင်းမြေသာပေါ်ရှိ ကွပ်ပျစ်နိမ့်ကလေး၌ ပိုးလိုး ပက်လက် ဆေးပြင်းလိပ်ကြီး ခဲ၍၊ အုတ်စီလမ်းပေါ်မှာ လမ်းလျှောက်နေသော ခင်မှုံနှင့် စကားတပြောပြော တွေ့ရသည်။

အိမ်တွင်းရှိ ဆီချေးတိုင်များကို မီးစာတိုတို ထားသည်။ လရောင်ကိုသာ အရသာ ခံစားနေကြဟန် ပေါ်သည်။ ခေါင်းရင်းခန်း ဘုရားစင်၌သာ ဆီမီးတထိန်ထိန် လင်းနေ အောင် ပူဇော်ထား၏။

ဆိတ်ငြိမ် ကြည်လင်ပေသော အချိန်လေးတွင် ကြည်နူးနှစ်သိမ့်စဖွယ် အရှုအခင်း ပင်။ မောင်စိုမှာ တစ်ညနေအတွင်း မထင်မမြော် မတွေးမခေါ်ဘဲနှင့် ကြုံရဆုံရ ပြုလုပ် ရသည့် အရေးအတွက် မနိုင်မနင်းနိုင်အောင် စိတ်ကို အထိခိုက် ခံနေရရာ၊ အိမ်ရှေ့သို့ ဖြည်းဖြည်း လျှောက်ထွက်ပြီး တလင်းပြင်၌ ခင်မှုံ၊ မောင်ညိုတို့နှင့် တွေ့မှ အနည်းငယ် အနေမှန် စိတ်သက်သာမှု ရတော့မလို ဖြစ်မိရှာသည်။

ဤသူတွေ ဤသူတွေကား စိတ်အေးရွှင်ပျ တသသနှင့် ကျေနပ်သည့် အတိုင်း အတာ အလျောက် အိမ်ပေါ်၌ကား လောကကြီး၏ လျစ်လျူပြုခြင်းကို မညာမထောက် ခံရောက်နေသူများကို ခင်မှုံ၏ နီးစပ်မှုပင် မောင်စို့အား မေ့အောင် မပြုနိုင်တော့ပေ။ ခင်မှုံ့အနီးတွင် စကားပြောနေခိုက် နက်ဖြန်နံနက်စောစော ပြန်မည့်အရေး တွတ်တီး

တွတ်တာ မှာသည်ကို နားထောင်ရင်း အဆောင်ဘေးတိုင်၌ ရစ်ကပ်နွယ်ပတ်နေသော မြတ်လေးချုံအကွယ်တွင် ခင်မှုံအား ယုယစွာ မွေးရသည့်တိုင် သူ့ကို အားကိုးပြု၍ထားသူ နှစ်ဦးကို စိတ်မချနိုင်။ နောက်ဆံ ငင်နေရှာ၏။

ခင်မှုံက ကြည်လင်နူးညံ့သော သူ့ပါးကလေးကို မောင်စိုမီအောင် မောင်စို့ ရင်ဘတ်ပေါ်သို့ မြလက်ဖွပ်ကလေးတွေ၊ ကျောက်စီလက်ကောက်လေးတွေ ဝတ်ထားသည့် သူ့ သေးသေးသွယ်သွယ် လက်ကလေးနှစ်ဖက် တင်ပြီး ခြေဖျားလေးထောက်၊ ပါးကလေး မော့ပေးသည်ကို မောင်စို ယုယစွာ ငုံ့၍ နမ်း၏။ နေပြည်တော်တွင် ခင်မှုံတို့ အိမ် ငှက်ပျောချုံထဲတွင် နမ်းရစဉ် အကြိမ်များကလည်း ခင်မှုံ ဤသို့ပင် ခြေဖျားလေး ထောက်၊ မျက်နှာကလေး ပင့်ပေးရှာသည်။

ခင်မှုံကို ရင်ခွင်သွင်းနေခိုက် ဘာမျှ သတိမရ ဖြစ်သွားသော်လည်း ခင်မှုံကို ရှေ့က ထားပြီး လရောင်သို့ ထွက်လိုက်ရလျှင်ပင် အိမ်ပေါ်သို့ ပြေးသတိရသွားသည်။ ပြေးပူမိကာ စိတ်ပြန်စောသွား၏။

မကြာမီလည်း အဘဖြစ်သူက မောင်စိုကို မေးရင်း၊ ဦးဝါထံမှ အိမ်ရှေ့ပန်းခြံထဲ ထွက်နေကြောင်းသိရလျှင် 'ရို့ ဟိုလူသေး၊ အေးသဗျနော'ဟု လှမ်းခေါ်၊ ဒေါ်စပယ် ကလည်း ခင်မှုံကို မရှေးမနှောင်း 'ဟဲ့ သမီးမှုံ၊ မနက်အစောကြီး ထရမယ့်ဟာ အေရို့'ဟု ခေါ်တင်လိုက်သဖြင့် မောင်ညိုကြီးသာ 'အိမ်းကွာ၊ မင်ရို့ တစ်တွေရော့ အကျသားပဲ။ သည်ကသာ အိပ်ဖန်စောင့် အချခံနေရသယ်'ဟု အပြင်းဆန့် ကျန်ရစ်သည်။

မောင်စိုသည် အိပ်ပေါ်သို့ ပြန်တက်လာရာ အိမ်ရှေ့ပြင်တွင် ထိုင်နေကြသော မောင်နောင်နှင့် ဦးထင်တို့ရှေ့မှ ဖြတ်လျှောက်ခဲ့ရသည်။ မောင်စိုသည် သူတို့နှစ်ယောက်ကို ရဲရဲမကြည့်ဝံ့ပေ။ ခြေလှမ်းမမှားအောင် မနည်း ဂရုစိုက်နေရ၏။ သူတို့နှစ်ဦးလုံး သူ့အား နောက်မှ စေ့စေ့စူးစူး ကြည့်နေကြသည်ဟု ထင်မိသည်။

"မင့်အတွက်တော့ စိုးရိမ်စရာပဲ။ ဟိုတိရစ္ဆာန် ခွေးပေါက်စ ရွှေဘိုင်နောင် ကလေးကလည်း ရှိသေး"ဟု ကြားယောင်ယောင်အသံသည် သူ့နားဝသို့ ပြေးဝင်လာခဲ့ သည်။ မင့်အတွက် စိုးရိမ်စရာပဲ၊ စိုးရိမ်စရာ....အကယ်၍များ မင်းသားတွေကို ဝှက်ထား မှန်း သိသွားလျှင်....

' သိသွားလျှင်....

သက်ဦးပိုင်သ တန်ခိုးရှသည့် မင်း၏ ရန်သူကို သူ ထိန်ဝှက် ကာဆီးထားပြီး ဖြစ်နေပြီ။ ညနေဦးက ရေချိုးထွက်သွားခဲ့သော မောင်စိုမှာ ဤပြဿနာကြီး လက်ပေါ် မတင်မရောက်သေး။ ယခုသော် မောင်စိုမှာ သူ့ကိစ္စကို သူ မတွေးရဲတော့ပေ။ တစ်ဆွေ တစ်မျိုးစုလုံး ရက်စက်ကြမ်းကြုတ်စွာ ပါးကွက်အာဏာသား၊ အကယ်၍ မောင်နောင် သိသွားလျှင်.... မောင်နောင်မှာ ဘုရင့်အမှုတော်ထမ်း တစ်ယောက် ဖြစ်ပါကလား။ ထိုသူကို ခင်သော ဦးထင်မှာ မောင်စိုကို မုန်းနေပြီ။ ဦးဝါကလည်း မုန်းသည်။ ဤအိမ်၌ မုန်းသူတွေ သုံးဦး။ မျက်လုံးသုံးစုံ၊ နားရွက်ခြောက်ဖက်ဖြင့် ပြိုင်လျက် မောင်စို

တစ်ယောက်တည်းဖြင့် ဖြစ်ပါ့မလားဟု ကြောင့်ကြသည်။ မောင်နောင်တို့ သူ့ကို နောက်က စိုက်ကြည့်နေ၏။ သိမျှားထားနှင့်သလား၊ ညနေက တစောင်းချုံအနီး ငါ သွားသာ လာသာ အစ သူတို့များ မြင်သွားလား၊ မြင်ထားလျက်က ဉာဏ်ဆင်ထားသလို ဟန်ပြင်နေကြသလား၊ မင်းသားကြီးတွေ ထားသဲ့နေရာ သူတို့ သိသွားပြီလားဟု တွေးရင်း လှေကား သုံးလေးထစ် ပြေးတက်မိသည်။

ပြီးမှ ကိုယ်ရှိန်သတ်၍ သိမယ် မထင်သေးပါဘူး၊ ငါ့လိပ်ပြာက ငါ့ပြန် ခြောက် နေသာပါဟု စိတ်ဖြေပြီး ခြေလှမ်းမှန်မိသည်။ မောင်နောင်အား သူ မြင်မြင်ချင်း၊ မောင်ညို ပြပြချင်း အဘယ့်ကြောင့် မမုန်းဘဲ သည်မျက်နှာ ထူးပါသယ်ဟု တွေးမိကြောင်း ယခုမှ အဖြေတွေ့လေသည်။

မောင်နောင်ကား ကြောက်စရာကောင်းသော မြွေးပွေးဖြစ်သည်။ မြွေပွေးကဲ့သို့ သူ့အခွေပေါ်မှ သူ့ခေါင်းဖော်၍ သူ့တကာ ခြေလှမ်းအမှားကို စောင့်တတ်သူ ဖြစ်တန် သည်ဟု တွေးမိ၏။ တွေးပြီးမှ ကြောက်သည်။ ကြောက်ပြီးတော့မှ မုန်းလိုက်တော့၏။ မောင်နောင် သူ့အကြံကို သိလိုက်ပြီ။ တစ်စုံတစ်ရာ မသင်္ကာနေပြီဟု မောင်စို အဘယ် ကြောင့် မသိ၊ အတပ်ထင်မိရာ ဤအရေးတွင် ငုပ်မိပြီ ဖြစ်သဖြင့် သံကို ကိုင်ရတော့မည် ဟု စိတ်ကိုတင်းရင်းမှာ နံနက်မလင်းမချင်း သတိသမ္ပဇဉ်ကို အမျှင်မပြတ် စောင့်ထိန်းရ တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

ညဉ့်ဦး ကြက်တွန်ပြီး မရှေးမနှောင်းပင် အိမ်၏ တောင်ဥပစာ အဆွယ်ဘက်မှ သံနိမ့်သံမြင့် အဆင့်ဆင့်ဖြင့် သာယာစဖွယ် ကြူးရင့်ရွတ်ဖတ် သရဇ္ဈာယ်နေသော မောင်စို့ ဒေါင်းမင်းပရိတ်မွန်းသံကို ကြည်ရွှန်းစဖွယ် ဆောင်းလေအေးသည် သယ်ဆောင် သွားရှာသည်။

တစ်ညဉ့်လုံးကား သူ အိပ်စက်၍ မပျော်နိုင်ရှာပေ။ မင်းလမ်း ခြားနေသော ကြမ်းတပြေးတည်းရှိ တစ်ဖက်ခန်းဆီမှ ဘာသံကို ကြားရပါ့မည်နည်းဟုသာ နားတစွင့် စွင့်ဖြင့် အချိန်တွေ ကုန်ခဲ့သည်။ ကုန်ခဲ့သည်ဟု မောင်စို ဆိုချင်သည်။ သူငယ်တိတ်ဆိတ်၊ သက်ကြီးခေါင်းချ၊ လုလင်ပြန်၊ လမွန်းတည့်၊ သန်းလွဲကြက် စသော တောကြက်ဖကြီး တွေ တောင်ပံခတ် ခတ်ပြီး တွန်ကြသည့် ကြက်သံပဟိုရ်နာရီမှာ အသွားနှေးလှသည်ဟု အားမရနိုင်။

ကိုယ်တော်နှစ်ပါးအတွက် စောင့်ရှောက်ရန် သူ့တွင် တစ်ယောက်သာ ရှိသည်။ စဉ်းငယ်မျှ မသင်္ကာရုံဖြင့် ကိုယ်တော်ကြီးတို့ကို လည်းကောင်း၊ မောင်စိုတို့ ဆွေစုမျိုးစုကို လည်းကောင်း အားလုံး ဒုက္ခရောက်အောင် ပြုလုပ်ရန်ကို ဝန်မလေးဘဲ မောင်စို့ကို မုန်းကြသူက သုံးဦးမျှရှိသည်။ ခင်မှုံ့အရေးကြောင့် ဦးထင်က မောင်စိုကို မျက်မုန်းကျိုး နေသည်။ ဦးဝါကြီးကမူ ငယ်စဉ်မှ စ၍ မြင်ပြင်းကတ်ခဲ့သည်။ မောင်နောင်ကား အစ်ကို ဖြစ်သူနှင့် အသက်ကိုပင် ရန်ရှာခဲ့သည့် ဓားရေးပြဘက် ရန်သူ အရင့်မကြီးဖြစ်လေရာ မောင်ညို၏ ညီ.....

မိမိအပေါ်တွင် အငြိုးမဖက်ဟု အသူဆိုနိုင်အံ့နည်း။ ထိုထက်လည်း မောင်နောင်သည် ကိုယ်ရေး ကိုယ်ရည်အတွက် မာနကလေး တလူလူတက်နေသော ကိုယ်ရည်သွေးနေဆဲ မင်းမှုထမ်းကလေးဖြစ်ရာ ဘုရင့်မျက်နှာတော်ရအောင် ဘာမဆို လုပ်မည်ဖြစ်သည်။ ယခုကဲ့သို့ ဘုရင့်ရန်သူကို မိအောင်ဖမ်းပေးနိုင်က သူ့တွင် အတ္တကျိုး မည်မျှတိုးပွားမည်နည်း။ အချက်ပေါ် အခွင့်ရလျှင် ထန်းသမားအဖို့ ထန်းနို့ အရန်သင့်။

သူ့ကိုယ်ရည်ကို ဤကဲ့သို့ သွေးနိုင်ခွင့်ရလျှင် ကိုယ်ရည်သွေးရန် သူ့ရန်သူ၏ ညီကို ထောက်ထား ညှာတာပါမည်လော။ မောင်စို မထင်။ ဤသူတွေမှာ သူ့ကိုအားကိုးပြုလာကြသော မင်းနှစ်ပါး၏ ရန်သူဖြစ်ပေသည်။ မင်းနှစ်ပါးအတွက် မင်းနှစ်ပါးတွင် ဘေးဥပဒ် တစ်စုံတစ်ရာ မကျရောက်အောင်၊ အယုတ်ဆုံး ယခုတစ်ညအတွင်းနှမ်းတစ်ထောက် သဲတစ်ပွင့်မျှ မစွန်းမထင်းအောင် မောင်စို ကာကွယ်ဖို့ လိုလေသည်။ ထိုဝတ္တရားမှာ မင်းရေး စိုးရာတွင် ဝင့်စွက်ခြင်းမဟုတ်။ ကိုယ်ကျိုးစီးပွားလည်း မဖြစ်နိုင်။ ကိုယ်ကျိုးမပွားသည့်အပြင် ကိုယ်ကျိုးနည်းရန်ပင် နီးလှသော်လည်း မိမိကို အားကိုးသမှုပြုပြီး မိမိ တစ်လက်ခုပ်ထဲတွင် သူတို့မင်းနှစ်ပါး၏ အသက်တွေကို ပုံ၍အပ်ထားသည်ကို လေးစားကာကွယ် ဆောင်ရွက်ပေးရမည်ဖြစ်သော၊ မိတ်ကောင်းဆွေစစ်တို့ မလစ်မလပ် ပြုအပ်ပြုရာသော ဝတ္တရားဖြစ်သည်ဟု မောင်စို ယူဆသည်။

ဤတွင်ကျမှ မည်သည့် ရန်သူပင် ပေါ်စေ၊ သွေးကို ရင်း၍ပင် ကာကွယ်စောင့်ရှောက်ရန် စိတ်ပိုင်းဖြတ်လိုက်မိသည်။ ဤအခါကျမှလည်း မောင်စို့စိတ်တွင် ရဲသွေး သတ္တိငုတ်လေး ပြန်လည် ပေါ်ပေါက်လာတော့၏။

သူ၏ လဲမွေ့ရာပေါ်တွင် လှဲရင်း အခါတိုင်းဆိုလျှင် ခေါင်းရင်းထောင့်တိုင်၌ ချိတ်ထားလေ့ရှိသော သူ့ဆောင်ဓားကို ယခု သူ ဖြုတ်ယူ ကိုင်ထားသည်။ သွေးသမားက သံကို စမ်းရှာပြီတကား။

တစ်အိမ်လုံးကား တိတ်ဆိတ် ငြိမ်သက်နေသည်။ အောက်ထပ် မိခင်ကြီးအခန်းမှ တစ်ခါတစ်ခါ ခြောက်ကပ်ကပ် ဆိုးလိုက်သော ချောင်းသံကို ကြားရ၏။ အိမ်တိုင်တွင် ကပ်ပြီး ဟိုထောင့် သည်ထောင့်မှ စုတ်ထိုးသော အိမ်မြှောင်ကလေးများ အသံ၊ အိမ်ရှေ့ဘုရားဆောင်၏ အမိုးမျက်နှာကြက်၌ ကပ်နေတတ်သော တောက်တဲ့မိသားသုံးဦး၏ မြည်သံများကို တစ်လှည့်စီ ကြားမိ၏။

တစ်ချက်တစ်ချက် ထရံ၌ ကပ်၍ခိုကာ ကြမ်းပေါ်သို့ ဖုတ်ခနဲ ဖတ်ခနဲ ခုန်ဆင်းပြီး တရှပ်ရှပ် လျှောက်ပြေးသော ကြွက်ဖလောင်းတွေ ကမြင်းသည့် အသံများကြားမှ ခေါင်းတထောင်ထောင် ဖြစ်မိသည်။ တစ်ကြိမ်ကမူ လသာဆောင်ဘက်ခန်းကလေးဆီမှ တချွတ်ချွတ် အသံကြားသဖြင့် အိပ်ရာမှ ငေါက်ခနဲ အသာအယာ ထသည်။ လက်ထဲမှ ဆောင်ဓား တဆဆနှင့်နေသော မောင်စို၏ အရိပ်သည် တရုတ်ကတ်ပေါ်မှ ထိုးဝင်နေသော လရောင်၌ မလှုပ်မယှက် ငြိမ်နေသည်။ ခဏသော် တစ်စုံ

တစ်ယောက်သည် မင်းနှစ်ပါးရှိသော အခန်းဘက်သို့ ချွတ်နင်း၍ လာသည်ဟု ထင်ပြီး တစ်ကိုယ်လုံး နတ်ဝင်သည်တမျှ တဆတ်ဆတ် တုန်၍ အံတခဲခဲ ဖြစ်မိသည်။

ပြီးမှ ထန်းလျက် ဝင်ခိုးသော ကြွက်ဝမ်းဖြူတွေ ဝေစုမတည့်သည့် အသံဖြစ်နေသဖြင့် အိပ်ရာသို့ ပြန်လာခဲ့သည်။ ရုတ်ခြည်းသော် လှဲ၍ပင် မအိပ်နေချင်တော့ပေ။

သို့နှင့် အခန်းဘက်သို့ နားတစွင့်စွင့်ဖြင့် အချိန်တွေ ကျွံလာတော့သည်။ လမင်းဝိုင်းစက်စက်ကြီးလည်း မောင်စိုတို့ အိမ်မိုးပေါ်မှ အနောက်ဘက် ကောင်းကင်ဆီသို့ ကျော်လွှားသွားတော့သည်။ အစာရှာထွက်သော ခင်ပုပ်၊ ဇီးကွက်၊ ညဥ့်ငှက်တို့ပင် တစုတ်စုတ် တကျည်ကျည်ဖြင့် ရှူးရှူးရှရှ အော်မြည်ပြီး ပြန်ခဲ့ကြလေပြီ။ ပုရစ်တွေ တဒီးဒီး ညည်းနေသည့် အသံကြားသို့ တစ်ခါ နှစ်ခါမျှသာ လရောင်နှင့် နေရောင်များ၍ သော်လည်းကောင်း၊ ညဥ့်ငှက်နိုးက်သဖြင့် လည်းကောင်း “အာ” လိုက်သော ကြီးလန့်သံ၊ ကြီးပြိုသံများ ဝင်ရောက်နှောင့်ယှက်ခဲ့သည်။

အရှေ့ဘက် ခင်တန်းနှင့် မြိုင်စပ်ပေါ်သို့ နေရောင်ကြင့်ကြင့်ကလေး ရဲထွေးပေါ်ဆင်း အရုဏ်ကျင်းစ ပြုလာပြန်သည့် အခါကျမှ မင်းနှစ်ပါး စံမြန်းတော်မူရာ အခန်းဆီက တံခါးပုတ်ပြီး အချက်ပေးသံကို မောင်စို ကြားရ၏။

ခြေသံ ဖော့နင်းပြီး လျင်မြန်စွာ ပြေးသွားရာ တံခါးကို အနည်းငယ်လှပ်၍ထားကာ ‘ငစိုလား’ဟု ကိုယ်တော်ကြီး၏ မေးသောလေသံ ထွက်လာသည်။ ‘ဟုတ်ကြောင်းပါဖျ’ဟု လျှောက်လျှင်ပင် ‘တို့နှစ်ပါး ပြန်လိုက်ဦးမှ’

‘အရုဏ် တက်ပါစေဦးဖျ’

‘မဖြစ်ဘူး၊ လသာနေကမင့်ဟာ’ဟု မိန့်တော်မူခိုက် ညီတော်သြောင်အုပ်က ညဥ့်ဦး၌ ပေးထားသော စောင်နှစ်ထည်နှင့် ရေတကောင်း၊ ရေခွက်တွေကို လှမ်းပေးတော်မူ၏။ ‘ရော့၊ သာတွေ ထားချေဦး။ တို့ သည်မယ် ခြေရာတွေ ဖျောက်ဦးမယ်’ဟု စေခိုင်းမှ မောင်စိုလည်း လှမ်းပေးသော စောင် စသည်ကို ယူ၍ သူ့အခန်းသို့ သွားထားသည်။ အနီးသို့ ပြန်ထွက်လာသောအခါ မင်းနှစ်ပါးမှာ အခန်းအပြင်သို့ ထွက်နှင့်ကြပြီကို ဖူးတွေ့ရသည်။ အိမ်ထဲတွင် မှုန်တိမှုန်မွှားဖြင့်သာ တစ်ဦးအား တစ်ဦး မြင်နိုင်လေရာ သုံးဦးသားလည်း တစ်လှမ်းချင်း ဖြည်းညင်းစွာ အံဖုံးထံ ရွှေ့ခဲ့ကြရသည်။

မောင်စိုသည် အံဖုံးကို အသံမထွက်အောင် ဖြည်းညင်းစွာ ဖွင့်နေစဉ် ကိုယ်တော်တို့တွင်လည်း ရှိသမျှ အာရုံတော်များဖြင့် လူသံကို နားစွင့်နေရ၏။ အံဖုံးပွင့်လျှင် လှေကားသို့ ဆင်းကြသည်။ လှေကားတွင်လည်း တစ်ထစ်ချင်း အသံတစွင့်စွင့် ဆင်းကြလေရာ၊ ဘေးတံခါးသို့ ရောက်လျှင် တစ်ဖန် တံကျင်ကို ဖြည်းညင်းစွာ မ ဖြုတ်၊ တံခါးပေါင်နှင့် တံခါးရွက် အသံမမြည်အောင် တွန်းဖွင့်သည်။ တံခါးရွက်မှာ တစ်ညဥ့်လုံး နှင်းရိုက်ထားလေရာ ပွပြီး အနည်းငယ် ကျပ်နေသောကြောင့် ကျွီ ကျွီ ဟု မြည်သွားသည့်အတွက် သုံးဦးသား အသက်အောင့်၍ ထားလိုက်ရသေးသည်။

တံခါး ပွင့်သွားလျှင်ပင် အပြင်မှ အေးမြသော ဆောင်းလေကလေး အတင်း

တိုးဝင်လာသည်။ ထင်းတဲသို့ အရောက်၌ မောင်စိုအား 'ကိုင်း ခင်း သည်ကပဲ နေရစ်၊ စည်းတန်းထိအောင် လိုက်မပို့နေနဲ့တော့'ဟု မိန့်သဖြင့် မောင်စိုလည်း မတ်ရပ်ပင် လက်အုပ်ချီသည်ကို 'အေးကွာ၊ သာဓု၊ သာဓု၊ မင့်ကျေးဇူး ကြီးလှပေ့ကွာ'ဟု ဆိုကြရင်း နောင်တော်ကြီးက 'တစ်နေ့နေ့တော့ သည်ကျေးဇူးတွေ ဆပ်ခွင့်ရမပေါ့လကွာ'ဟု မိန့်တော်မူသည်။ ပြီးလျှင် ဟင်းခနဲ သက်ပြင်းချတော်မူရာမှ 'ယောကျာ်းကပဲ အသက်နဲ့ ခန္ဓာ မြဲသရွေ့ အကြံယူနိုင်သေးသယ်'ဟု ဆိုတော်မူလျက် 'အနို့ပေမဲ့ တို့ သည်မယ် နေမဖြစ်တော့ဘူး။ အောက် ကုလားနယ်ဘက် ဝင်မှဖြစ်မယ်'ဟု ဆိုခိုက် ညောင်အုပ်က ကြားဖြတ်၍ 'ကိုင်း နောင်နောင်၊ အချိန်လင့်နေမယ်။ မိုးမလင်းမီ နေပြည်တော် ဝင်မိမှ ဖြစ်မယ်ဖျ'ဟု မိန့်တော်မူသဖြင့် မောင်စို့အနီးမှ နောင်တော်ကြီးလည်း ရှေ့သို့ ထွက်စ ပြုနေသော ညီတော်နှင့် ကပ်၍ ထွက်ကြွသွားတော်မူသည်။ မိုးမလင်းမီ နေပြည်တော်သို့ မည်သို့ ရောက်နိုင်ကြပါ့မည်နည်း။ လမ်းက ငထွန်းပေါ် မြင်းနဲ့များ အထောက်ကြိုနေမှာ လားဟု စဉ်းစားရင်းက တဖြိုင်ဖြိုင် ကျဆင်းနေသော နှင်းတော တမှုန်မှုန်အတွင်း၌ တစ်စစနှင့် ပျောက်ကွယ်တော်မူသွားကြသော မင်းနှစ်ပါးထံ ငေးမျှော် နေရစ်မိတော့ သည်။

ဘယ်ဆီ ဘယ်လမ်းသို့ ကြွမြန်းတော်မူသွားကြသည်ဟု အတပ် မထင်နိုင် သော်လည်း ကွမ်းတစ်ယာညက်ခန့် အတွင်း ရွာတောင်ဘက်မှ ဟပ်ထိုးကြီး ဟောင် လိုက်သော ခွေးတွေ တစ်ကောင်ပြီး တစ်ကောင်အသံ တရွေ့ရွေ့နှင့် ရွာပြင်ဘက်ဆီ သို့ ရွေ့ရွေ့သွားခြင်းဖြင့် မင်းနှစ်ပါးသည် ရွာပြင်သို့ ရောက်သွားကြပြီဟု ချင့်ချိန် ယူရသည်။

အပြင်တွင် နှင်းတွေ တဖွဲဖွဲ ပက်ပက်နေသောကြောင့် ပထမ၌ အမှုမဲ့ဖြင့် မချမ်းမိသော မောင်စိုသည် စိမ့်ခနဲ နေသွားမှ ဘေးပေါက်က ဝင်၊ တံခါး ဖြည်းညင်း စွာ ပိတ်ပြီး အပေါ်သို့ တက်ခဲ့ရ၏။ ကိုယ်တော်တို့ မရှိသကောဟု အရမ်းမစွန့်ရဲ သဖြင့် ဖြည်းဖြည်းပင် တက်၍ အံဖုံး မ ဖွင့်၏။ အပေါ်ရောက်လျှင် အသံကို စွင့်ရင်း အံဖုံး ပြန်ပိတ်ကာ မင်းနှစ်ပါး စံမြန်းသွားသည့် အခန်းတံခါးရွက်ကို နဂိုမူလအတိုင်း ရှိ မရှိ စမ်းသေးသည်။ ထိုအထိလည်း ဘာသံမျှ မကြားမိသော်လည်း.....

သူ့အိပ်ရာသို့ ပြန်အိပ်ရန် အခန်းဝသို့ အဝင်၊ အခန်းဝမှာ ကိုယ်တစ်ခြမ်း သွင်းမိလျှင် အပြင်တစ်နေရာမှ ရှပ် ရှပ်ဟု အသံသဲ့သဲ့ တစ်စုံတစ်ရာကို ကြားလိုက်ရ၏။ ကြားရသောအသံမှာ တစ်ညဉ့်လုံး ကြားနေမိကျ ပိုးသံ၊ မွှားသံ၊ ကြွက် စသည့် အသံနှင့် မတူ၊ အနည်းငယ် ထူးခြားသည် ထင်မိသောကြောင့် လျှင်မြန်စွာ အပြင်သို့ ပြန်ပြီး ကြည့်မိသေး၏။ သို့သော် နောက်ထပ်ကား ဘာကိုမျှ မကြားတော့ပေ။ မောင်စို မျက်မှောင်တစ်ချက် ကုတ်မိသော်လည်း "မဟုတ်ပါဘူးလေ့"ဟု တိုးတိုး ရေရွတ်မိရင်း သူ့အိပ်ရာသို့ ပြန်ရောက်၊ လှဲအိပ်လိုက်ရတော့သည်။

ပြကတိ တိတ်ဆိတ် ငြိမ်သက်ခြင်းသည် တစ်အိမ်လုံးအား သိုင်းခြုံပတ်စိုး လွှမ်းမိုးသွားတော့သတည်း။

## ၁၂ | ညောင်ရမ်းညီနောင်၊ မာရဘင် သေနတ်စုနှင့် ညီလေး စို

နေပြည်တော် မျက်ပါးရပ် ပွဲစားကြီး ဦးသာလှအိမ်ဝင်းမှ ထွက်လာသည့် စလူရွက်၊ တောင်စဉ်ရွက်၊ ပိန်းရွက်၊ ထန်းရွက် စသော အရွက်စုတ်များ၊ နှီးစ ဝါးစများ၊ ငှက်ပျောခွံ၊ လိမ္မော်ခွံ၊ သလဲခွံ စသော အသီးအနှံခွံများ၊ ဖုန်တထောင်းထောင်း လမ်းဘေးတွင် ယင် တလောင်းလောင်း ပုံ့ပုံ့ကြီး ပုံလျက်သား တပ်စွဲနေကြသည်။

အကြွင်းအကျန် အပုပ်အသိုးကို တိုးတိုးဖွေ့ဖွေ့ ထိုးဆိတ် စားသောက်ရသော ကျီးကန်းနှင့် ဆက်ရက်တွေလည်း တသောသော ညံနေသည်။

အလှူကြီး အထမြောက်ပြီး ဖြစ်သဖြင့် အိမ်သူအိမ်သားများနှင့် အခိုင်းအစေများ၊ ဇာတ်တွေ ရုပ်သေးတွေမှ ဆိုင်းသံ ဗုံသံတွေကြောင့် ရောယောင် အိပ်ပျက်ရသော အိမ်နီးနားချင်းတို့လည်း ထိုနေ့လယ်တွင် တခေါခေါ အိပ်ပျော်လျက် ရှိကြသည်။

ဦးသာလှတို့ အိမ်ဝင်းတစ်ဝင်းလုံးတွင် နိုးကြား ထကြွ ရှိနေကြသော ကျီး၊ ဆက်ရက်၊ ခွေးနံပိန်တွေမှ အပ အခြားလူသူ သတ္တဝါဆို၍ ခင်မှုံတစ်ယောက်သာ အိမ်ရှေ့ကပြင်၌ ဝင်းဝသို့ လည်တဆန့်ဆန့် မျှော်ငံ့နေ၏။

ခင်မှုံနှင့် ပြောဆို မှာကြားထားသည့်အတိုင်းလည်း ထိုလပြည့်ကျော် နှစ်ရက်နေ့ နေမွန်းတိမ်းတွင် ခင်မှုံထံ မောင်စို အရောက်လာခဲ့ခြင်း ဖြစ်သည်။ မောင်စို ဆင်ဝင် အောက် ရောက်ခိုက် နန်းတော်ကြီးဘက်မှ တဒိုင်းဒိုင်းနှင့် မြည်ဟည်းနေသော စည်တော်သံ သုံးကျိပ်သုံးချက် လေသာ၌ ညည်းနေခိုက်ဖြစ်သည်။ မောင်စိုက ချိန်းဆိုသည့် အချိန်တွင် လာရောက်ရသည်ဟု မဆိုဘဲနှင့် ဆိုသည့်အသွင်ဖြင့် ပြုံးရွှင်ရွှင် ပြသည်။

မောင်စိုနှင့် ခင်မှုံမှာ ချစ်စ ခင်စ ကြင်နာစ ဖြစ်သည်အတိုင်း အခွင့်အရေး ကို ကြံဖန်ယူပြီး ချစ်တင်းနှီးနှောရတော့သည်။ မောင်စို့ မိခင်ကြီး၏ ရောဂါမှာ သိသိ သာသာ သက်ကျသွားသဖြင့် ခင်မှုံတို့ မိဘထံမှပင် လှူရန်ဆင်းတုကို လာ၍ ပင့်ဆောင် ခြင်း ဖြစ်သည်။

သို့သော် ဆင်းတုတော်မှာ ချိန်းဆိုထားသော နေ့ရက်မတိုင်မီ ပန်းတဉ်းထံ မှ မရနိုင်သေးသဖြင့် စိုင်ကော် ချူပေါ်ရောက်သော မောင်စိုသည် နေပြည်တော်တွင် ယောင်ပေပေ နေနိုင်သေး၏။

သို့ နေရင်းက ဟိုဟိုသည်သည် သွားလာသည့်အခါ သွားတတ်သည်။ သို့ သွားရင်းပင် လဆုတ်ခြောက်ရက်နေ့ နံနက်အချိန်တွင် ငထွန်းပေါ်နှင့် မမျှော်လင့်ဘဲ ကျောက်တော်ကြီး ခြေတော်ရင်း၌ သွားတွေ့လေသည်။ ငထွန်းပေါ်ကို တွေ့ချင်နေသော မောင်စိုက အူယားဖားယားဖြင့် အနီးကပ်ပြီး 'ငထွန်းပေါ်၊ ကိုယ်တော်ကြီးရို့'ဟု စကားမှ

မဆုံးမီ 'ရှိသယ်၊ ရှိသယ်၊ ကိုရင့်အကြောင်း တဖွဖွ ကျေးဇူးတင်တော်မူနေသယ်'ဟု ပြောလက်စက 'သာ အသာထားပါဦး၊ ကျုပ် ကိုရင့် လိုက်ရှာနေသယ်'ဟု ပြောသဖြင့် 'ရှာ ရှာသေး မောင်မင်းကြီးသားနှယ်၊ ချင့်နဲ့ တွေ့မှဖြင့် ရှာနေရသာချည့်'ဟု ပြောသည်။ ထွန်းပေါ် မျက်နှာကား တည်တည်နှင့်ပင် မပြောင်းဘဲ 'လာ၊ သည်လမ်းမကြီးမယ် လူမြင်ပါ့မယ်'ဟု ဘုရားပရိဝုဏ်အကွယ်သို့ ဝင်မိကြတော့မှ မောင်စို့ပခုံးကို လှမ်းကိုင်ပြီး 'ကိုယ်တော်ကြီးရို့ နေပြည်တော်ထဲ ရောက်နေကြပြီ။ သည်ညပဲ အကြေကို စုန်တော်မူကြမလို့'ဟု ပြောသည်တွင် မောင်စိုမှာ စိတ်ဝင်စားလှပုံ၊ စိတ်ပူနေရာမှ သက်သာရာ ရသွားပုံဖြင့်–

'ဟုတ်စ၊ ခု ဘယ်နေရာမလဲ'ဟု သိချင်ဇော အားကြီးလာသည်။

'အင်္ဂလိပ်အရေးပိုင် ရှောအိမ်မှာ'

'ဟင် ဟုတ်စ၊ ဘယ့်နှယ့်.....'

'ဘယ်နှယ့် ဘယ့်နှာ.... အသာထားပါ။ အဲသည်မယ် ကြာကြာစံမြန်းလို့ မဖြစ်ဘူးဗျ။ ရွှေနန်းတော်ကြီးကို ပေါက်ကြားသွားရို့ အရေးပိုင်ဆီ တမြန်နေ့က အတောင်း လွှတ်တော်မူသတဲ့'

'ဩော.....'

'ရှောက တိုင်းရေးပြည်ရေးအတွက် အလိုရှိသာလား။ တိုင်းရေးပြည်ရေးအတွက် ပြေးလာသူဆိုရင် အတင်းအကျပ် ပေးအပ်ရိုး မရှိ။ သူ့အလိုအလျောက် လာအောင် ကြံဖန်ခေါ်ယူကြပါ။ ခေါ်ယူလို့ ရသမို့ဖြင့် သူ ကန့်ကွက်ရန် မရှိလို့၊ အဲသလို ပြန်လျှောက် လိုက်ရို့'

'သည်တော့ နန်းတော်ကြီးက ပဇာသဲ့တုံး'

'သည်တော့ နန်းတော်ကြီးကရော့ ပါမှ မမိန့်သေးဘူးသဲ့။ သာပေသိ ရန်အောင် စား အေိုတို့က သူ့အစုနဲ့ ရှော ဝင်းကို ဝင်းစီးပီး အတင်းအကျပ် ကိုယ်တော်နှစ်ပါးကို လုယူမယ်ရို့ အခိုင်အမာ သတင်းပြေးနေသယ်။ သာကြောင့်.....'

'အိမ်း.... အစ်ကိုရို့ရ၊ အိမ်း သည်တော့.....'

'အဲသာကြောင့် သင်း အေိုတို့အစု အကြံမအောင်ခင် အခွင့်ရခိုက် မင်းနှစ်ပါးကို အကြေအရောက် ဆောင်းကြဉ်းဖို့ စီစဉ်နေသယ်။ အစီအစဉ် အားလုံး ပြီးပီ။ ပြည့်စုံပီ။ အရန်သင့်ပဲ။ သာပေသိ ချိန်းချက်ထားသဲ့ အချိန်မယ် ကိုယ်တော်ကြီးတွေကို ဝင်လျှောက် ထားဖို့ဟာ အေိုတို့အစု နန်းတော်က လူတွေ မမြင်မသိသဲ့ တစ်ရံဆံတစ်ယောက်ကို ရှာနေသယ်။ ရှောအိမ်ဝင်းကို အဲသည်လူက ဝင်ပီး အတွင်းက ကိုယ်တော်ကြီးတွေနဲ့အတူ ထွက်လိုက်ဖို့ပဲ။ အနို့ပေမဲ့ အဲသည် အထောက်သွားသဲ့ လူဟာ အေိုတို့အစု မသိပေမဲ့ ကိုယ်တော်နှစ်ပါးနဲ့ သိတော်မူပီး ယုံကြည်ရသဲ့လူ ဖြစ်ရမှာမို့ အဲသလိုလူကို ရဖို့ အတန် ခဲယဉ်းသာကြောင့် ကိုရင့်ပဲ သတိတရရ လိုက်ရှာနေသယ်။ ကိုရင့်ကို ချက်တစ်ဖြုတ် ဒုက္ခပေးရလွန်းလို့ နောက်ထပ် ဒုက္ခမရှာပါဘူးလို့ နေသာပဲ။ လိုချင်တဲ့လူ တစ်ယောက်

ကမှ မမြင်ရလို့သာ အားတော့ နာလှပါသယ်'ဟု ပြောတော့သည်။ မောင်စိုတွင် ကြားရသော သတင်းအတွက် စိတ်တွင် တစ်မျိုးကြီး ဖြစ်သွားသည်။ မည်သို့မျှ ပြန်မပြောနိုင်မီ တစ်ဖန် ထွေန်းပေါ်က ဆက်လက်၍ ပခုံးပေါ်မှ လက်ပြန်ချရင်း 'ကိုရင့် ကျပင်းသတင်းလည်း ကြားရပါသယ်'

'ဟုတ်စ.....'ဟု ပျာတိပျာယာ ပြန်ဖြစ်သွားမှ 'ကျန်းကျန်းမာမာ ရှိတော်မူရဲ့သဲ့' ဟု ပြောပြရင်း 'သူ့အတွက်လည်း ပဇာမျှ စိုးထောင့်ပူပင် မရှိပါနဲ့လို့ အခုကိုယ်တော်ကြီးကို ကယ်မယ့် ပုဂ္ဂိုလ်ဆီကပဲ ကြားရသယ်'

'အသူများတုံးဗျ၊ သိရဘူးလား'ဟု မေးသည်ကို ထွေန်းပေါ်က တော်တော်နှင့် မဖြေသေးဘဲ ဘေးဆီသို့ လှမ်းကြည့်နေ၏။ သူတို့နှစ်ယောက်မှာ မဟာရံတံတိုင်းချိုးသို့ ကွယ်၍ ပိတောက်ပင် တစ်ပင်အောက်၌ ဆောင့်ကြောင့်ထိုင်လျက်ရှိသည်။ မုခ်ဦးတန်ဆောင်းဘေးမှ သီ၍ ဘုရားဖူး သုံးလေးဦးသာ မြင်ရသည်။ မောင်စိုက အလိုက်သိစွာ 'အေးလဗျာ၊ အတွင်းရေးတော်အတွက် စိတ်မချလည်း ရှိစေတော့ဗျာ'ဟု ပြောမှ 'စိတ်မချရို့တော့ မဟုတ်ပေါင်ပါ။ အရေးတော် လေးနက်လှလို့ပါ။ သာပေမင့်လေ ကိုရင့်ကျေးဇူးလည်း အပိန်းသား ရှိပီးမင့်ဟာ' ဟု ထွေန်းပေါ်က ဆိုစပြုရင်းမှ အသံ သာ၍နိမ့်နိမ့်ဖြင့် 'ကင်းဝန်ပေါ့' ဟု ပြောသည်ကို မောင်စိုတွင် 'ဗျာ.....'ဟု အံ့အားသင့် သွားပြီးမှ မယုံနိုင်သေးသလို 'သူ့ပယောဂနဲ့ မင်းသားတွေ သည်လို ဖြစ်ရသာပဲ။ သူက.....'

'ဟုတ်သလေ၊ သာပေသိ မင်းရေးမင်းရာ ဆိုသာ.....'ဟု ပိတောက်ပင်ကြားမှ မြင်ရသော တရွေ့ရွေ့ လှုပ်ရှားနေသည့် ဆန်ကောတစ်ချပ်စာမျှစီ လွင့်နေသော တိမ်တောင် တိမ်လိပ်ကလေးများကို လက်ညှိုးထိုးပြရင်း ပြုံးသည်။ 'တိမ်တောင်သဖွယ် မင်းရေးကျယ်သဲ့။ သည်အရေးတွေ တစ်နေ့နေ့ကျ အရည်လည်လာပါလိမ့်မယ်။ ခုတော့ သည်မျှပဲ အကျွန်လည်း ပြောနိုင်သေးဗျာ'ဟု နေရာမှ ထသည်။ 'ဘယ့်နှယ် ပို့မယ့် ပို့မင့်ဟာ ကူးတို့ရောက်အောင်ပဲ ပို့မယ်မဟုတ်လား ကိုရင်'ဟု မောင်စို့မျက်နှာကို စေ့စေ့ကြည့်သည်။

'ဥပဒ်အန္တရာယ် မများပါဘူး၊ တောင်မာရဘင် အမှုထမ်းတွေတောင် အကူအညီရမယ်။ အားလုံး အရန်သင့် ဆိုနေ'ဟု ထပ်လောင်းပြောပြနေမှ မောင်စိုတွင် ဤအရေးမှာ ပင်လယ်ရေ သောက်မိသူကဲ့သို့ တစ်စစနှင့် သူ့စိတ်ကို ဆွဲဆောင်နေနှင့်ပြီး ဖြစ်သည့် အတိုင်း သဘောတူ ကူညီဦးမည် ဆိုသည့် ပုံဖြင့် 'ဟုတ်ပေါ့လဗျာ'ဟု ပြောလိုက်သည်။

'အဲသာဖြင့် ညဦး လထွက်မယ် ခင်ဗျ တည်းအိမ်အရှေ့ ဝင်းထောင့် ခရာပင် အုပ်ထဲက စောင့်နေမယ်' ဟု ပြောပြီး 'ပွဲစားကြီးအိမ်မယ်ပဲ တည်းနေသယ် ဟုတ်စ' ဟု မေးသွားသည်။

အသက်လေးကလည်း နှစ်ဆယ်အရွယ် လူမမည်သာသာ၊ စိတ်ကလေး

ကလည်း နှ၊ မာန်လေးကလည်း မြန်လှ တင်းလှသော မောင်စို၏အာရုံမှာ ထိုဆယ့်လေးငါးရက် အတောအတွင်းလေး၌ အချစ်က တစ်ဖက်၊ ဤနိုင်ငံရေး အရှုပ်အထွေးသို့ မမျှော်လင့်ဘဲ ကနဦးက မိတ်ဆွေဖြစ်သူ ကျပင်းအတွက်နှင့် ပါဝင် စွက်ဖက်မိခြင်းဖြစ်ရာ သူ့ရင်အုံကလေးကား ထိုအချိန် အတောအတွင်းက တအုံအုံ တနွေးနွေးသာ ဖြစ်နေရရှာသည်။ ယခုလည်း ပွဲစားကြီးအိမ်တွင် ဣန္ဒြေမပျက်နေရင်း ခင်မှုနှင့်လည်း ပြုံးပြုံးရွှင်ရွှင်နေထိုင် ပြောဆို နေရသည့် ကြားမှ ရင်တဖိုဖို ဖြစ်နေရှာသည်။

ပွဲစားကြီးအိမ်သားများအား ၎င်းတစ်ညတွင် အရှေ့ပြင် အသိအိမ်တစ်အိမ်မှ ဖိတ်ထားရာသို့ သွားပြောင်းအိပ်ရန်ဟု ခွင့်ပန်ထားနှင့်၏။ လထွက်ကိုသာ စောင့်ရင်း ညဦးကပင် အပြင်သို့ ထွက်နေသည်။ လထွက်ခါနီးကျမှ အိမ်ရှေ့သို့ သီကာကပ်ကာ လာခဲ့ရာ အရန်သင့်ပင် ခရာချုံထဲမှ ငထွန်းပေါ်နှင့် တွေ့ပြီး ငထွန်းပေါ်နှင့်အတူ ခြေမြန်သုတ်ခဲ့ကြ၏။

မောင်စိုတွင် ကျစ်ပိုးပုဆိုးအမည်းနှင့် မြေနီရောင် အပေါ်အင်္ကျီကို ဝတ်ထားသည်။ လိုလိုမည်မည်ဟုလည်း ဆောင်ဓားကို ပခုံးမှာ ချိတ်ခဲ့၏။

နှစ်ဦးသား စကားမပြောဘဲ တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ ကူးသန်းသွားလာနေကြ၏။ နေပြည်တော်သူ နေပြည်တော်သားတို့ကား အေးအေးနှင့် ကွေးနေနှင့်ကြ၍လော မသိ၊ လထွက်လေးနှင့် ယှဉ်၍ တဝေဝေ မှုန်ထွေးနေသော နှင်းဖွဲများကြား၌ သူတို့နှစ်ယောက်သာ လျှောက်နေကြသည်ဟု ထင်ရအောင် တိတ်ဆိတ်နေသည်။

တစ်နေရာရာက ခွေးနံပိန်တွေ ထိုးထိုး ဟောင်တတ်၍၊ တစ်နေရာရာတွင်လည်း အိမ်တစ်အိမ်၏ ခွေးကတက်တွင် ကွေးအောင်ငိုက်နေသော ကင်းသမားတစ်ယောက်တလေနှင့် တွေ့ကြသည်။ လှံနှင့်ဆောင်ဓား နှောင့်ချင်းရိုက်၍ အချက်ပေးကာ 'ဟေ့ အသူတုံးဟေ့'ဟု မေးရင်း 'ဟရို့ မေးသာ မကြားလား၊ အသူတုံးဆို'ဟု လှမ်းအော်လျက် မောင်စိုအစား ငထွန်းပေါ်က တစ်စုံတစ်ရာ တော်သင့်အောင်ပြောရာမှ 'ဗျို့ သြော်'ဟု ထူး၍ 'ဟိုဆိဘက်က ဆေးကု လာပင့်ရို့ကွယ့်'ဟု ဆေးဆရာသံ ခုံခုံပေးခဲ့တတ်သည်။

နေပြည်တော်မှာ နာမည်ကြီးသလောက် ဖုန်ထူပူအိုက် နှင်းတပြိုက်ပြိုက်ရိုက်တတ်လေရာ ဆောင်းလပင် ဖြစ်လင့်ကစား လမ်းများမှာ ဖုန်တထောင်းထောင်း၊ သဲတလူးလူး၊ မြူတထွေးထွေး အေးစက်နေတတ်သည်။ လမ်းခရီးသွားစဉ် စကားမပြောရဲ။ ပြောလျှင် ပါးစပ်ဟတိုင်း ဖုန်ဝင်တတ်၏။ စည်ပင်သာယာမှုဆို၍ မည်သည့်ကိစ္စမျှ မရှိသေးသော ကာလဖြစ်ရာ အိမ်၏အမှိုက်သရိုက်ကို ပစ်စုခေါ် လမ်းဆုံလမ်းခွနေရာလွတ်မှန်လျှင် ပစ်စုပုံတိုက်ထားရာသို့သာ ပြီးစလွယ် စွန့်ထားတတ်သဖြင့် အနံ့တဟောင်းဟောင်း ထနေတတ်သည်။ အုပ်ချုပ်မင်းလုပ်သူများက ဤမျှပင် အအုပ်ချုပ်ခံလူသာမန် (လူထု)အတွက် ဂရုပြုတော်မူကြပါပေသည်။ ပစ္စုတ္တရာ နိုင်လှသောခေတ်ပေ။

နေဝင်မီးငြိမ်းဟု ဆိုရမလောက်ဖြစ်သော ဓလေ့ကြောင့်လည်း တစ်လမ်းလုံး

တိတ်ဆိတ်လျက် တစ်အိမ်က ကလေးငိုသံ၊ တစ်အိမ်က ချောင်းဟန့်သံ စသည် တစ်ခါ တစ်ရံ လူနာညည်းသံပင် ကြားခဲ့ရသည်။

အချို့လမ်းတွေမှာ နှင်းဖြင့် သိပ်နေသဖြင့် လမ်းလျှောက်၍ ကောင်းသည်။ မောင်စိုဖိနပ်နှင့် ဖနောင့် တဖျပ်ဖျပ် ရိုက်သံ၊ ငထွန်းပေါ်၏ ချည်သည်းကြိုး ပိန်းတန်း ရှပ်တိုက်သံ နှစ်သံသည်သာ ပဲ့တင်ရိုက်သွားမတတ်။ အတန်ကြာ သွားမိလျှင် မောင်စို သည် သူသွားနေသည်မှာ မြို့ကို ခရုပတ်ပမာ လှည့်ပတ်၍ တစ်ပြ၊ နှစ်ပြမက တစ်ပြင်၊ နှစ်ပြင်မနည်း ခြေဦးတည့်ရာ သွားနေခြင်းဟု သတိပြုမိ၏။ သို့သော် မည်သို့မျှ မမေးပေ။ လ တစ်ခြမ်းပြတ်ကြီးသည် ထန်းတစ်ဝက်ခန့် တက်လာမှ အရှေ့နားဆီတွင် ကုက္ကို ပိတောက်ပင်ကြီးတွေ ဝေဝေဆာဆာနှင့် ထုံးဖြူသုတ် အုတ်ဝင်းထရံကာ အင်္ဂလိပ် အရေးပိုင် ရှောအိမ်ကို မြင်စပြုသည်။ ထိုအခါကျမှ 'ငထွန်းပေါ်ရဲ့ ရှေ့နားဆီမယ် ရှောအိမ် ဟုတ်စ'ဟု မေးရသည်။ ငထွန်းပေါ်က ဘာမျှပြန်မပြောသေးဘဲ ငုပင်ကလေး တစ်ပင်အောက်သို့ အရောက်ဝင်ပြီး လရောင်ကွယ်ရာ အရိပ်ခိုမိမှ မောင်စိုကို အနီးသို့ ကပ်စေကာ 'ဟုတ်သယ်'ဟု ပြောပြီး 'ကိုင်း ကိုရင်'ဟု အသံနိမ့်နိမ့်ဖြင့် 'ကိုယ်ရင့်စခန်း ရောက်ပြန်ကပြီ။ ဟောဟို အရှေ့လမ်းမတော်ဘက် တံခါးကိုပဲ သွား၊ ဝင်းဝမယ် သေနတ်ကိုင် ကုလားမည်း အစောင့်တစ်ယောက် တွေ့လိမ့်မယ်။ မြန်မာစကား နားလည် သယ်။ သူနဲ့တွေ့တော့ အရေးပိုင်အိမ်မှာ ရှိသဲ့ အောက်အရပ် ရန်ကုန်ပြန်မယ့် ဧည့်သည်နဲ့ တွေ့ချင်လို့ပါလို့ ပြော။ ပြောပီး ဟောသည် အင်္ဂလိပ်ကြီး ဒင်္ဂါးပြားတံဆိပ်ကို ပြရင် အတွင်းဝင်ခွင့်ရလိမ့်မယ်'ဟု မောင်စိုလက်သို့ အင်္ဂလိပ် ရွှေဒင်္ဂါးတစ်ပြား ပေးသည်။ ထိုဒင်္ဂါးကား အမှန်စင်စစ် ဆိုလျှင် အရှေ့အိန္ဒိယကုမ္ပဏီ အင်္ဂလိပ်ကုန်သည်ကြီးများ ထုနှိပ် ထုတ်ဝေခဲ့သော ဒင်္ဂါးဖြစ်၍ သက္ကရာဇ် ၁၀၄၉ ဝမ်းဘဲအင်းစံ မင်းလက်ထက်က စ၍ ၎င်းကုမ္ပဏီသည် သံလျင်နှင့် ပုသိမ်၊ ဟိုင်းကြီးကျွန်းတို့တွင် ကုန်တိုက် ဆောက်လုပ် သုံးစွဲခဲ့ခြင်းဖြစ်၏။ ယခုမူ လျှို့ဝှက်သော အထိမ်းအမှတ်အဖြစ် ကိုင်ဆောင်ခဲ့ရန် ရှောက ငထွန်းပေါ်တို့ထံ ပေးထားခြင်း ဖြစ်သည်။ မောင်စို ထိုဒင်္ဂါးကို လှမ်းယူပြီး 'အိမ်း နားလည်ပီ'ဟု ဆိုမှ ငထွန်းပေါ်က ဆက်လက်၍ 'အတွင်းရောက်ရင် ကိုယ်တော်ကြီးတွေ အရန်သင့် စောင့်နေသော ဖူးရလိမ့်မယ်။ ကိုရင့်ဝတ္တရားက ကိုယ်တော်နှစ်ပါးနဲ့အတူ ရှော အိမ်သားထဲက ကုလားသေနတ်ကိုင် နှစ်ယောက်၊ မြန်မာစာရေးတော်ကြီး တစ်ယောက်နဲ့ အတူ အနောက်ဆွယ် ဝင်းထရံမယ် ရှိသဲ့ မလွယ်တံခါးက ထွက်သွား လိုက်ရုံပဲ။ ဝင်းပြင်ရောက်ရင် ခရာချုံတွေထဲမှာ အသင့်စောင့်နေသဲ့ မနက်ချေက ကျုပ်ပြောထားသဲ့ တောင်မာရဘင် သေနတ်အမှုထမ်း ဆယ်ယောက်နဲ့အတူ စာရေး တော်ကြီး ဦးဖိုးလှ၊ ခန်းပတ်ဝန် ဦးကြယ်တို့ကို တွေ့လိမ့်မယ်။

'ဝင်းဆုံးရင် အနောက်လမ်းမကြီးနဲ့ဆုံသဲ့ နေရာကျတော့ နောက်ထပ် မာရဘင် သေနတ်စု နှစ်ရာလောက် လက်နက်အပြည့်အစုံ စောင့်ကြိုနေသော တွေ့ရလိမ့်။ အဲသည် အခြေကျတော့ မစိုးရိမ်ရဘူး။ မြစ်ဆိပ်အရောက် သွားရုံပဲ။ မြစ်ဆိပ်မယ် တုလွတ်ယာဉ်ပျံ

သဘော်ာ စောင့်နေမှာ အရန်သင့်ပဲ။ ကိုရင် သဘော်ာအထိ လိုက်သွားပြီး ဟိုကနေ စောင့်။ အကျွန်က သည်ဆီမယ် အနေ့ာင့်အယှက်ပေါ်ရင် အချက်ပေးဖို့ အရန်သင့် ကင်းထိန်းပုန်းရဦးမယ်။ ကိုင်း သွားနှင့်ကရော့’ ဟု ပြောပြီး မောင်စိုလည်း သစ်ပင်ရိပ်မှ တဖြည်းဖြည်း ထွက်စပြုလျှင်–

‘ဘာမှ မစိုးရိမ်နဲ့၊ စိတ်ရဲရဲထားပါ။ သည်မှာဆီက ကျုပ်တို့တစ်စု အရန်သင့်ရှိပါသယ်’ဟု ငထွန်းပေါ်က အားပေးလိုက်သည်။ မောင်စိုလည်း လရောင်ဖွေးဖွေးတွင် တရွေ့ရွေ့ဖြင့် အရေးပိုင်ရှော ဝင်းသို့ ချဉ်းကပ်သွားတော့သည်။

*

ထိုအခိုက် လမှာ ထန်းတစ်ဖျားနီးနီး ရှိနေပြီဖြစ်ရာ ပွဲစားကြီးတို့ အိမ်သားတစ်စုမှာ အရေးတကြီး ပြင်းပြင်းထန်ထန် ပုတ်နှိုးနေသော တံခါးထုသံကြောင့် ‘ဟဲ့ အသူရို့၊ အဗ္ဗာရို့’ဟု အော်ရင်း၊ နှိုးရင်း ထခဲ့သည်။ ဆင်ဝင် ခွေးကတက်သို့ လက်က ရေနံချေးတိုင်ကြီး ကိုင်၊ စားရှည်ကြီး တဝင့်ဝင့်၊ သျှောင်ကြီးဗွေ တစောင်းပြုတ်နှင့် အိပ်မှုန်စုံမွှား ထွက်ခဲ့သည့် ပွဲစားကြီးမှာ ဆင်ဝင်အောက် လရောင်၌ မြင်းဖြူကြီး တရှူရှူနှင့် စောင့်နေသော မောင်နှောင်ကို မြင်ရမှ ‘အမေလေးလေ.... မောင်ရင်နှောင့်နှယ်၊ အသူများတုံးလို့၊ ညဉ့်နက်သန်းခေါင်’ဟု ဆိုလိုက်သည်ကို မောင်နှောင်က သွားကလေးတွေ လရောင်ဖြင့် ဖွေးခနဲ ဝင်းသွားအောင် ပြုံးလျက် ‘ဩော်’ဟု ဆိုကာ ‘ကိုရင်စိုတစ်ယောက် မရှိဘူးလားရို့’ဟု မေး၏။

‘ရှိဘူးကွယ့်’

‘ဗျာ.... ဘယ်သွားတုံးဗျ’ မောင်နှောင်က ဖျတ်ခနဲ လျှင်မြန်စွာ မေးသဖြင့် ပွဲစားကြီးက မီးတိုင် ခေါင်းပေါ်ပင့်၊ မောင်နှောင့်အား မျက်မှောင်ကုတ်ကြည့်ရင်း ‘အရှေ့ပြင် သူ့အသိတစ်အိမ် သွားအိပ်မယ်ဆိုပြီး ထွက်သွားသာပဲ’ဟု လေအေးဖြင့် ပြောသည်။

‘အသူ့အိမ်လဲ.... ဝရီးတော်ရဲ့’

‘သိဘူးကွယ့်.... မောင်ရင်နှောင်ရဲ့’ဟု ဦးသာလှတွင် ပိုမို နားမလည်သွားသည်ကို မောင်နှောင်က အရေးတကြီးနိုင်လှပုံကို မနည်းသိုသိပ်ကာ ‘ဘယ်တုံးက သွားပါသလဲဗျာ့’

‘ညနေကတည်းကကွယ့်’

‘တစ်ယောက်တည်းလားဗျ’

ဤတွင် ဦးသာလှမှာ မအောင့်အည်းနိုင်တော့ပေ။ ‘တစ်ယောက်တည်းပေါ့ကွယ့်၊ ပဇာ’ဟု သိချင်စပြုမှ ‘ဩော် အခြားကိစ္စတော့ မဟုတ်ပေါင်ပါ။ အကျွန်နဲ့ ကင်းလှည့်ထွက် လိုက်ချင်သယ် မှာထားလို့ ဝင်ခေါ်သာပဲ။ မရှိမင့်လည်း ပြန်လိုက်ပါဦးမယ် ခင်ဗျ’ဟု ပြောပြောဆိုဆို မြင်းခေါင်းလှည့်၍ ဝင်းပြင်သို့ အပြင်းစိုင်းသွားရာ သူ့နောက်မှလည်း သေနတ်စုသားနှစ်ယောက် မြင်းကိုယ်စီနှင့် လိုက်သွားသည်။ ဦးသာလှ

ကား ခေါင်းတခါခါ "မောင်စိုကို မနက်ခြေကျ မေးစမ်းကြည့်ဦးမယ်"ဟု စိတ်ကူးဖြင့် ကျန်ရစ်ခဲ့တော့သတည်း။

## ၁၃ | သွယ်လေးခင်နှင့် ကိုကြီးညို

### ဇေယျတု သဗ္ဗမင်္ဂလံ

သာသနာတော် သက္ကရာဇ် ၂၄၂၂ ခု၊ ကောဇာ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ ဝေါဟာရမာသ တပို့တွဲလပြည့်၊ မြန်မာ ၄ ချက်တီးကျော် ၈ နာရီပါဒ်ပြည့် ၂ ဗီဇနာ၊ ၂ ပြန်၊ ၃ ခရာကြဋ္ဌ၊ လက်မကာရစန်း၊ ၂ သာ ဟောရတ်၊ ၃ ဂ်ါကြင်း ၅ တေး နဝင်း စနေ ဒွါဒသင်း ၅ ခတေးတိသင်း၊ ကာလဝ ကရိဏ်း၊ လက်စီး နက္ခတ် ၈ လုံးပါဒ်ပြည့်၊ နဝင်းထီတိ ဃဋီ ၂၀၊ ဝိဃဋီ ၅၃၊ အနုဃဋီထက် လက်စီးလျက် ထိုနာရီ၏ နေရိပ်၊ သတ္တဘဝါး သော်ကား ၇ ဘဝါးတိတိ အချိန်၊ တံတားဦးမည်နှက် ဤမြို့ချက်တွင် မဟာတက်တိုးအောင်မြေ တိလောကမာရ်ဇိန် စောမုနိ စေတီ ပုထိုးတော် မြတ်ကြီးကို ထီးတော်တင် လှူဒါန်းခဲ့သည်။ မြန်မာ့တန်ခိုး ဘက်တိုး အောင်မြင်၍ ကောင်းကျိုးသုခ ဖြစ်စေသောဝ်....။

'တော်ပါဦး၊ တော်ပါဦး။ ကိုင်း ကိုရင်ညို အခု ဖတ်ပီးသမျှကိုပဲ အကျွန် နားမလည်လို့ ပြန်ပြောစမ်းပါတော်'

အသက်အားဖြင့် တစ်ဆယ့်လေးနှစ်ခန့်ပင် ရှိသေးဦးမည့် ဆံထုံးအဝိုင်းသား၊ ဆံထောက်ကြီး တဖားဖားနှင့် အသားမည်းမည်း သူငယ်မလေးက မောင်ညို့ လက်ရုံးကို တွဲလဲဟီးလေးခိုရင်းဖြင့် ထနောင်းပင် နှစ်ပင်ကြား ညောင်ညိုပင်ကြီး ရှေ့ဘက်တွင် အသစ်စက်စက် စိုက်ထူထားသော သံလျက်ထမ်း ဘီးလူးရုပ်စုံစောင့် အမြင့်နှစ်တောင်ခန့် ကျောက်စာကို တစ်လုံးချင်း ဖတ်နေသော မောင်ညို့အသံအား ဖြတ်၍ မေးလိုက်လျှင်၊ မောင်ညိုက ကျောက်စာကို ကြည့်နေရင်း အဟမ်းဟု ချောင်းဟန့်သဖြင့် သူငယ်မက နားကလေး စွင့်ထောင်နေခြင်း ဖြစ်သည်။

'သည် မော်ကွန်းကျောက်စာ အဆိုက ဇေယျတု သဗ္ဗမင်္ဂလံ ဆိုရော့ အဟမ်း .... အဟမ်း'ဟု မောင်ညိုက စသည်တွင် သူငယ်မက မျက်နှာတစ်ချက် ကြည့်ပြီး 'ဟုတ်ကဲ့ရှင့်'

'အဟမ်း'ဟု ထပ်ဟမ်းပြီးမှ 'ခုနက ဖတ်ပြသဲ့ အတိုင်းပဲ'ဟု ပြောပြလေသည်။ သူငယ်မတွင် အကယ်ပင် နားလည်အောင် သိချင်သောကြောင့် နားကလေး စွင့် စိတ်ဝင်စားနေရာ မောင်ညိုက အဟမ်းဆုံး၍ စကားလုံး ပျိုးပုံ၊ နောက် မသိမသာ ပြုံးစနဲ့နဲ့ မျက်စောင်းငဲ့ကြည့်သည်ကိုမှ သတိမထားလိုက်ဘဲ အတန်ကလေး ကြာ၊ နောက် ဘာမျှ

ဆက်မကြားရသည့် အခါကျလျှင် 'မှန်ပါ့ တော့'ဟု ထပ်ဆိုမိသည်။ ပြီးမှ မောင်ညို့ထံ မော့ကြည့်မိရာ မောင်ညိုက မျက်နှာကြီး အတည်ပြုရန် ကြိုးစားပုံဖြင့် သွားကြီးတွေ ပေါ်လာမတတ်နှင့် တွေ့ရတော့မှ 'ကြည့်ပ၊ သူများက အကယ်မှတ်ရို့ နားထောင်နေမင့် ဟာ'ဟု မောင်ညို့လက်မောင်းကြီးကို ဆောင့်ဆောင့် ဆွဲလျက် 'ကိုရင်ညိုဟာ အားကြီး ရွှတ်သာနော'ဟု ငိုမဲ့မဲ့ဟန် ပြင်ပြီးမှ 'ရွှတ်ဦး၊ ရွှတ်ဦးတော့၊ ကိုင်း.....ကိုင်း'ဟု လက်မောင်းကိုင်ထားသော လက်ကို လွှတ်၍ သူ့လက်သီးဆုပ်ကလေး နှစ်ဖက်ဖြင့် မောင်ညို့ရင်အုံကြီး၊ ဝမ်းဗိုက်ကြီးတွေကို ဆင့်ကဲ ဆင့်ကဲထုရင်း ရွှေခြေချင်း နန်းသေး လိမ်ကြီးများ တချွင်ချွင်တိုက်မြည်အောင် ခြေကလေးတွေ ဆောင့်နေသည်။ အချက်ပေါင်း များစွာ ထုနှက်ပြီးသည်ကိုလည်း မကျေနပ်သေးပုံဖြင့် မောင်ညို့ပုဆိုး ခါးပုံကြားမှ ပိုးခါးစီးကြိုးစိမ်း အစကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်သည်။

ခါးစီးကြိုး သူ့လက် ပြုတ်ပါလာပြီး မောင်ညိုတွင် ပြေကျသော ခါးပုံစနှင့် ဗလုံးဗထွေး သောကများနေတော့မှ အသံကလေး တခစ်ခစ်ထွက်တဲ့အောင် သဘောကျ နေတော့သဖြင့် မောင်ညိုတွင် ပုဆိုးကို ရှေ့မှ လုံးထွေးယူငင်၊ ချိုင်းအောက်သို့ ချိတ်ညှပ်ရာ မှ 'ဟဲ့၊ ဟဲ့'ဟု မျက်လုံးမျက်ဆန် ပြူးသွားကာ 'မလုပ်နဲ့ ဟ၊ ခင်သွယ်ရ။ ပေးပါ ခါးစီးကြိုး။ သည်မယ် ကွင်းလုံးကျွတ်ကျရော့မယ်' ပြန်တောင်းလျက် ကြိုးစ မရမိပင် 'ဟဲ့ အမိငယ်ရ၊ မြောက်ဘက် လှည့်နေစမ်း၊ ပုဆိုး ဝတ်မရို့'

'လှည့်နိုင်ပေါင်တော်၊ ကိုရင်ညို့မယ် အတွင်းဘောင်းဘီ ပါသားနဲ့။ ဟော ကိုရင်ညို့ဘောင်းဘီ ငွေကလနားပတ်တွေ ဘာတွေနဲ့ သယ်ကြည့်ကောင်းတော့' ဟု ရွှတ်တိရွှတ်ထိုး ရှေ့တိုးလာသည်တွင်ကား 'ရို့ သည် လူမဟုတ်သဲ့ သတ္တဝါမလေးနဲ့တော့ အခက်ကြုံနေပီ' ဟု သူ့ကိုယ်တိုင် ချာချာလှည့်ပြီး မောင်ညိုသည် ပုဆိုးပြီးအောင် ဆီးရတော့သည်။

ခင်သွယ်မှာ အထက်ရွှေဘိုနယ် ကင်းဦးသူ ဖြစ်သည်။ ဦးမြတ်စံ၊ ဒေါ်လှ မယ်တို့၏ များလှစွာသော မိတ်ရင်းဆွေရင်းများတွင် အဝင်အပါတစ်ဦးဖြစ်သူ ကင်းဦးရွာ ပန်းပဲဆရာကြီး ဦးအင်၊ ဒေါ်မိုးသူတို့၏ တစ်ဦးတည်းသော ချစ်ရင်သွေးပင်တည်း။ ငယ်စဉ်တောင်ကျေး အရွယ်မှ စ၍ အလိုလိုက်ထားခဲ့ရာ မိဘကိုသာမက သူခင်မင်သည့် သူ မှန်လျှင် အားမထောင့် အားမနာ နွဲ့တတ် ဆိုးတတ်သည်။ မောင်ညို့မိခင်အတွက် ရည်စူး၍ တည်ထားကိုးကွယ်သော ပုထိုးတော် ထီးတော်တင် အလှူပွဲသို့ နေရပ်မှ တကူးတကန့် လာရောက် ချီးမြှင့်ကြသဖြင့် မောင်ညိုနှင့် လာတွေ့ပြီးကာ တွေ့တွေ့ချင်း တစ်ယောက်နှင့်တစ်ယောက် လျင်မြန်စွာ ရင်းနှီး ခင်မင်သွားကြခြင်း ဖြစ်တော့သည်။

မောင်ညိုလည်း ခင်သွယ်ကို မြင်စမှ စပြီး သဘောကျခဲ့သည်။ ခြေဆံလက် ဆံ ရှည်ရှည်၊ ကိုယ်လုံးကိုယ်ထည်ကလည်း သွေးမညီသေးသည့် အရွယ်ဖြစ်သော ကြောင့် အတောင် မစုံတစုံ ဖြစ်နေသော ငှက်မကလေးကဲ့သို့ လုံးလုံးကြီး အချိုးမကျ သေးသည်ကို ကြည့်ရင်း ခင်သွယ်တွင်.....။ စစ်ကိုင်းမှ အဝဘက် ငှက်ဖြင့်ကူးစဉ်

လည်းကောင်း၊ တံတားဦးအလာ တစ်လမ်းလုံး လှည်းကလည်း ဆောင့်၊ ရာသီကလည်း ပေါင်းမိုးကြီးအောက်သို့ပင် ပြာပူဖြင့် ပက်ထားသကဲ့သို့ နေပူ လေပူ သဲပူ ခံခဲ့ရသဖြင့် နွမ်းလျှ နုံးနယ်နေရသည့် အပေါ်တွင် အပြင် ပိုးသားထဘီက ချွေးမစွတ်အောင် အတွင်း ပိတ်ထဘီနှင့် နှစ်ထပ်ဝတ်ရ၊ အပေါ်ထည် ပိတ်အင်္ကျီကလည်း ကျောတွေ ရင်တွေကို ချုပ်နှောင် ပိတ်ဆီးနေသည်ဟု အနေကျပ်လှသောကြောင့် မောင်ညိုတို့အိမ် အရောက် လှည်းပေါ်က ခုန်ချလိုက်ရလျှင်ပင် ထဘီကို အောက်နားမှကိုင်၍ ကုန်းရင်း ကွရင်း တရှပ်ရှပ် လေယပ်နေစဉ်မှ စ၍ မောင်ညိုသည် ခင်သွယ်အား သူထင်ရာသူ နေရာမရှောင် လုပ်ချင်ရင် ဖွတ်လုပ်မယ့် ကလေးမပဲဟု သဘောကျသွားမိခဲ့သည်။

မောင်ညိုတို့ ညီအစ်ကိုပါ မိဘများနှင့်အတူ ဝမ်းသာအယ်လဲ ဆီးကြိုနေလေရာ ဦးအင်တို့ ဇနီးမောင်နှံက သံပြိုင် 'အို ဟရို၊ ကိုရင့်သားတွေ အတော်ကြီးနေကြမင့်ကိုး၊ ဟို ခြောက်ခုနှစ်တုန်းက မင်းကွန်းပွဲတော်မယ် တွေ့တုန်း ချင့်တို့ သာလော်က် ထွားကြ သေးဘူးဗျို့၊ ခုကြည့်စမ်းပ .... ဟောဟိုဘက်က ညို့ အကြီးကောင် ဟုတ်စ' ဟု အားပါးတရ ဖြစ်ရင်း မောင်ညိုထံ တိုးကာ လက်မောင်း လက်ရုံး ရင်သားကြီးတွေကို ကိုင်စမ်းနှိပ်နယ်လျက် 'အိမ်း၊ သန်မယ့်စွမ်းမယ့် ဘသားပီသဲ့ ယောကျ်ားပဲ။ အောင်းတူ ကောင်းကောင်းနဲ့ဆို တစ်နေ့တွင်း မီးသွေးသုံးတင်း ဖြိုက်ခနဲ နေမှာပဲ။ ဟုတ်သယ်၊ ဟင် ရှင်မိုး'ဟု ပန်းပဲဆရာ ကတော် သဘောတူရန် အရန်သင့် ပြင်နေရာသို့ လှည့်မေး နေရာ သားကြီးတောင့်တောင့်ကို မွေးထုတ်လိုက်ရသော ဒေါ်လှမယ်တွင် မျက်ရည်စို့ မတတ် ဝမ်းသာအားရ ဖြစ်သွားမိသေးသည် မဟုတ်ပါလော။

ခင်သွယ်လည်း ထဘီဖြင့် လေယပ်ရာမှ ခါးဆန့်၍ မောင်ညို့ကို မျက်လုံး ဝိုင်းနှင့် လှမ်းကြည့်ရာ လူကြီးတစ်စု ပြုံးပြုံးကြီး စကားပြတ်သွားခိုက်တွင် မောင်ညို့ ထံ တိုးရင်း 'ကိုရင်ညိုကြီး ဆိုသာလား၊ အဘက တော်ငယ်ငယ်က အင်တန် တေ သယ်၊ ပေသယ်သဲ့။ ရှင်ပြုတုန်းက ရှင်လောင်းလှည့်တုန်း ရွာလမ်းပေါ်မယ် နွားသိုး နှစ်ကောင် ဝှေ့နေသာ မြင်းပေါ်က အတင်းခုန်ဆင်းပီး နွားခေါင်းနှစ်လုံးကြားမှာ ချို တစ်ချောင်းစီ ကိုင်တွန်းပီး ထားနိုင်သယ်ဆိုတော့၊ နှမ်းခြောက်တင်း ထမ်းနိုင်သယ် ဆိုတော့၊ အမှင်းနှစ်ပြည်ချက် ကုန်အောင် စားနိုင်သယ် ဆိုတော့.....'ဟု ကြားထားသည့် မောင်ညို့ ကိုယ်ရည်သွေးတွေကို တစ်ကြောကြီး လျှောက်မေးရာ မလှမ်းမကမ်းရှိ မောင်စို က ရယ်သွမ်းကလေး သွေးရာမှ 'ဟုတ်ဘူးကွယ့်၊ ဆန်တစ်စိတ်ချက် စားနိုင်နေပီ'ဟု ဝင်ထောက်ပေးသဖြင့် မောင်စိုဘက် လှည့်ပြီး 'ရော'ဟု စိန်းစိန်းကြီးကြည့်လျက် ခြေဆုံး ခေါင်းဆုံး အကဲခတ်ရင်း 'ဩော် ကိုရင်ညိုကြီး ညီ ကိုစို ဆိုသာလား။ ကိုရင့်ကြည့်ရသာ ကိုရင်ညိုလိုလည်း မဟုတ်ဘူးနော။ ပိန်ကပ်ကပ် အေးသက်သက်နဲ့ သယ် ပျော့တော့ တော့ နိုင်ပါ့တော်'ဟု ဆိုလိုက်မှ မောင်စိုတွင် မျက်နှာလေး နီမြန်းသွားခိုက် ဦးမြတ်စံတို့ ပြုံးပြုံး ပြုံးပြုံးနှင့်ကို ဦးအင်တို့က 'ဟဲ့ သမီး၊ လုံမရာ၊ အပြောရမ်းလှချေ့လား။ သာ

ညည့်အိမ် မှတ်နေရို့လား။ ခက်ပနော’ဟု အားတုံ့အားနာ ရှိသွားသည်ကို ခင်သွယ်တွင် မျက်နှာမပျက် ခေါင်းပေါ်က တဘက်ဖြင့် မတိတ်နိုင်သော ချွေးကို သုတ်နေလိုက်၏။

ထိုစဉ်၌ မောင်ညိုကြ ညီ ရှက်စနိုးနိုး ဖြစ်သွားသည်ကို အသံထွက်အောင် ရယ်မိသကဲ့သို့ ခင်သွယ်၏ ရှင်းရှင်းနှင့် ဘွင်းဘွင်း အမူအရာကိုလည်း သဘောကျသွားမိသည်။

ထိုခဏမှ စ၍လည်း မောင်ညိုနှင့် ခင်သွယ်မှာ ဘုရားပွဲတော် ကျင်းပနေသော ဘုန်းကြီးကျောင်း ပရိဝုဏ်အတွင်းတွင် အမြဲလိုလို အတူတကွ ဥဒဟို ရယ်မောပျော်ပါး သွားလာနေတတ်သည်။ မောင်ညိုတွင် သူ့နောက်ဆွယ်မှ ကလေးငယ်ပမာ အမြဲ အမြီးတန်း၍ ပါနေသော ခင်သွယ်အတွက် အနှောင့်အယှက် ဖြစ်မိသည်။ သို့သော် အစတွင်သာ ဖြစ်ပြီး မောင်ညိုမှာ သူ့ဝါသနာအလျောက် အချိတ်အဆက်ပြုထားသော ကိစ္စများတွင် ခင်သွယ်အတွက် ရှုံးတိုးရှန့်တန့် နေသော်လည်း မကြာမီပင် ထိုကိစ္စမျိုး၌ ခင်သွယ်က ‘ပဇာတုံးတော့၊ အကျွန် ပါနေရို့ ကိုရင့်ရဲဇာတွေဆီ မသွားဝံ့သာလား။ အာမာ သည်အတွက်ဖြင့် အားမနာနေပါနဲ့တော်။ အကျွန် သွားခေါ်ပေးရမလား။ ဟောဟို အရှေ့ဘက် မဏ္ဍပ်တိုင်ကို မှီနေသဲ့ အစုက အပျိုတစ်ယောက် ကြည့်နေသယ်။ အကျွန် ပွဲခင်းထဲ ဝင်သွားမနော’ ဆိုင်းသံတခြိမ့်ခြိမ့်နှင့် ဦးသာဗျော၏ နာမည်ကျော် ရုပ်ကြီးစင်ကို ပွဲကျနေသည့် ပရိသတ်ပွဲခင်းသို့ မောင်ညို မဟန့်တားနိုင်မီ ယခင် သူပြသော လုံမပျိုကို တိုးတိုးသွား၍ ပါအောင် ပြောခေါ်ပေးတတ်လေရာ မောင်ညိုတွင် လက်မြန်ဇက်လွယ် ခင်သွယ်အတွက် စိတ်အယ်.... ကျဉ်းကျပ်ရမည့်အစား အတော်ပင် စားလမ်းပွင့်နေသည် ဆိုသကဲ့သို့ စိတ်ကျေနပ်နေတတ်သည်။

ခင်သွယ်မှာ အရုပ်ဆိုးသည်ဟု ဆိုရမတတ် အဆင်းအင်္ဂါ မပြေပြစ်သေးသော်လည်း သူ့ဇာတိရပ်ရွာ၌ ယခုမူအတိုင်းပင် သွားချင်သလို သွား၊ နေချင်သလို လွတ်လွတ်လပ်လပ် နေ၍လော မသိ၊ အသားအရေကလေးများမှာ ပြောင်၍ စိုကျစ်နေသည်။ သူ့ကိုကြည့်ရလျှင် လူမှန်သမျှ ဖျားကြ နာကြ ဆိုသည်ကိုပင် မေ့မိပေသည်။ အမြဲ နှုတ်ဖျတ်လတ် ပေါ့ပါးလှသည်။ အထူးသဖြင့် သူ့မျက်လုံးနှင့် နှုတ်ခမ်းကလေးတွေက သူ့အတွင်းသဘောရင်းကို ပြနေသည်။

လူတစ်ဖက်သားကို ကြည့်လျှင် အတွင်း အူသေးအူမအထိများ သူမြင်သွားသလား ထင်ရအောင် တကယ် သေသေချာချာကြည့်ပြီး သည်လူကို သဘောကျပြီ၊ သည်လူကို သူ စိတ်ချ ပေါင်းနိုင်သင်းနိုင်ပြီဟု ယုံကြည်လျှင် ထိုလူအား ကိုယ်ဖိရင်ဖိ တကယ်စိတ်ရင်းကောင်း နှလုံးမှန်ဖြင့် ပေါင်းသင်းမည်။ ပေါင်းသင်းဖူးလျှင်လည်း ပေါင်းသင်းသည့် သူ့မိတ်ဆွေ ဖြစ်သည်နှင့်တစ်ပြိုင်နက် တကယ့်သစ္စာရှိရှိ မကွဲစတမ်း၊ မမေ့စတမ်း မြဲမြဲသိုသိပ်မည် မလွဲ။ ခင်သွယ်မှာ ငယ်သေးသည်။ ငယ်သေးသော ခင်သွယ် ကြီးပြင်းလာလျှင် အပြင်ပန်းမလှသည့် သူ့အရည်အသွေးကလေးသည် အတွင်းလှရုံဖြင့်ပင် လောကကြီးနှင့် ဝင်ဆံ့ပေါ်လွင်မည် မုချဟု မောင်ညို အကဲခတ်ထားနှင့်သည်။

ဤသို့အားဖြင့် မောင်ညိုနှင့် ခင်သွယ်သည် တတွဲတွဲနေရင်း အလှူရေစက်ချသည့်နေ့ နံနက်ပိုင်း၌ ကျောက်စာတိုင်သစ်ထံသို့ လာကာ မော်ကွန်းကို ဖတ်နေကြခိုက် တစ်ယောက်နှင့်တစ်ယောက် ကလူကျီစယ် နေကြခြင်း ဖြစ်တော့သည်။

ကျောက်စာပါ စာသားကို ပထမ အပေါ်ဆုံး "ဧယျတု"ဆိုသည့် စာလုံးကိုပင် အနက်စုံစုံ မပြန်တတ်။ အောက်နားဆိမှ "ကောင်းကျိုးချမ်းသာ ပြည့်စေသောဝ်" ဟု ရေးထွင်းထားသည်ကိုသာ နားလည်သဖြင့် မောင်ညိုက ရွတ်ကာ နောက်ကာ ဟန်ရေးပြသည်ကို အဟုတ်မှတ်၍ သူကိုယ်တိုင် ဖတ်သာ ဖတ်၊ မသိသူ ခင်သွယ်က မခံချိ မခံချင် ဖြစ်နေခြင်းဖြစ်ရာ မောင်ညိုပုဆိုးဆီးပြီးမှ ခါးစီးကြိုးကို လှမ်းပေးရင်း ခါးပုံအောက်မှ လျှို၍ မောင်ညို ပုဆိုးပြင်ဆီးပြီးသည်အထိ စောင့်နေသည်။ ပြီးလျှင် မောင်ညို့လက်မောင်းအောက်က ခေါင်းအတင်း ဝင်လျှို၍ မောင်ညို့ ယာလက်မောင်းကို ကိုင်ကာ အလှူမဏ္ဍာပ်ဆီသို့ ပြန်ခဲ့ကြသည်။

မဏ္ဍာပ်အနီးသို့ ရောက်လုနီးနီးတွင် မောင်ဖြိုးနှင့် ကာလသားသုံးယောက် မောင်ညိုအား တစေ့တစောင်း မျက်ရိပ်ပြခေါ်မှ ခင်သွယ်ကို ဘေးကခွာပြီး သုံးလေးလှမ်းကွာသို့ သွားစကားပြောသည်။ 'အစ်ကို၊ ရမန်းက ရှမ်းခွန်ထော်တို့အစု အစ်ကို့ မေးနေသယ်။ ပျော်ချင်လို့သဲ'ဟု မောင်ဖြိုးက ခေါ်ရင်း 'ကိုရင် သင်းကလေး ငယ်လှပါသေးသယ်၊ သတိထားပါ'ဟု ရယ်ရွှန်းပတ်ရွှန်း ပြောသွားသဖြင့် မောင်ညိုက ဘေးတစ်ချက် လက်သီးနှင့် ပိတ်တွယ်ရသည်။

'ဟုတ်သယ်၊ အကောင်းပြောသာ။ ကိုရင်က ဒီအရာမျိုးမယ် မြန်လွန်းရို့။ ဝါကျွတ်ဦးမယ် မြောက်ဘက်ဖျားက မိဆုံ ကလေးမွေးတော့ ကိုရင့် သူကြီးခေါ်စစ်လို့ အမှုပွေသာ မေ့နေပေါ့ ဟုတ်စ'ဟု ပြောပြီးမှ အပါးက ခွာသွားသည်။ မောင်ညိုကြီးလည်း ငဖြိုးကို အယုတ်တနာ တိုးတိုး ပြောဆိုလွှတ်ပြီး ခင်သွယ်ထံ ပြန်လာသည်။ ခင်သွယ်က 'ကိုရင်ညို့ တပည့်ကျော် မဟုတ်လားရှင့်'ဟုသာ မေးပြီး လက်မောင်းအောက်သို့ ပြန်ဝင်သည်။ မောင်ညိုတွင် ဤအခါ၌ ရှိုးတိုးရှန့်တန့် ဖြစ်သွားတော့သဖြင့် တစ်မျိုးကြီး ထူပူနေစဉ် နောက်ကျောမလှံမှပင် မောင်ဖြိုးတို့အသိုက်က တစ်ယောက်ယောက်၏ အသံဖျက်ပြီး အောတောတော အော်လိုက်သော 'နံ့ပြည်စုတ်ကလေးပါနော'ဟူသော အသံကြောင့် လက်ပြန်ရုပ်မည် ပြင်ရ၏။ အကဲမရိပ်မိရှာသော ခင်သွယ်က လက်ကို ဆွဲကိုင်မြဲကိုင်၍ မဏ္ဍာပ်ထဲမှ နှစ်ယောက်အတူ ထွက်လာသော မောင်စိုနှင့် မောင်နောင်တို့အား လှမ်းမြင်သဖြင့် မောင်ညို့လက်ကို ခပ်ပြင်းပြင်း ဆွဲလက်စနှင့် 'ကိုရင်ညို၊ ကိုရင်ညို .... ဟို မဏ္ဍာပ်ဝမယ် ကိုရင်စိုနဲ့ ရပ်စကားပြောနေသာ ရွှေဘိုင်နောင် မဟုတ်လားတော့' ဟု မေးသည်။

'ဟဲ့ နင်သိရို့လား'

'သိသာပေါ့တော်၊ ပဇာမို့ မသိရမှာတုံး။ ရွှေဘိုထန်းတစ်ပင်သားပဲ၊ အကျွန်တို့

ကင်းဦးနဲ့ တစ်မနက်ခရီးတောင် မဝေးဘူး။ သိသာပေါ့တော့၊ သင့်အမိကြီးဟာ အင်တန်သွေးကြီးဆိုပဲ'

'ဩော် . . . . ဟုတ်စ'

'ဟုတ်သတော့၊ သင်းကို ဘယ်တုန်းက တော်တို့ သိသာလဲဟင်' ဟု ခင်သွယ်က မေးရင်း 'သင်းကော သွေးမကြီးဘူးလား' ဟု ဆိုသည်ကို မောင်ညိုသည် ဇာတ်စုံခင်းပြလိုက်ချင်သော်လည်း 'မကြာသေးပါဘူး၊ ငါ့ထက် ငစိုနဲ့ သာလို့ကျွမ်းသယ်' ဟုသာ ဖြေ၏။ ငစိုနှင့် ဘာကြောင့် သွားကျွမ်းနေကြပါလိမ့်ဟု ညို မကြာမကြာ တွေးသည်။ အဖြေမရနိုင်ရှာ။

'ကိုရင်စိုနဲ့တော့ သိပ်တွဲသာပဲတော့၊ အနားက ခွာသယ် မဆိဘူး။ သာပေသိ ကိုရင်စိုကို . . . . .' ဟု ရုတ်တရက် စကားဖြတ်ထားပြီး မောင်နောင်တို့ ရောက်ရာက မောင်ညိုတို့ထံ တစ်မျိုးပြုံးနှင့် နှစ်ယောက်သား ပြုံးကြည့်နေကြသဖြင့် မောင်ညိုတွင် အိုးမလုံ အုံပွင့်မတတ် ဖြစ်လုပြီး ခြေလှမ်းမှားမလို နေသွားခိုက် ခင်သွယ်က တည့်တည့် မသွားဘဲ ဘေးသို့ ဖှဲဆွဲသွားမှ အလိုက်သင့် ပြုံး၍ ခေါင်းဆတ်ပြခဲ့ရစဉ် ခင်သွယ့်စကားကို 'ပဇာဖြစ်တုံး ငစိုနဲ့ . . . . .' ဟု ဆက်မေးရာ ခင်သွယ်က မောင်ညိုထံ ဆတ်ခနဲ ခေါင်းမော့ကြည့်ပြီး 'ကိုရင်ညို၊ မနက်ချေက ပြန်သွားကြသဲ့ နေပြည်တော်သူ မမှုံနဲ့ ကိုရင်စိုရို့ဟာ ရဲဇာလားတော့' ဟု လွှတ်ခနဲ မေး၏။

'ဟင် . . . . .' ဟု မောင်ညိုတွင် ဖြစ်သွားပြီးတော့မှ ခင်သွယ်ကို ငုံ့ကြည့်ကာ 'ပဇာဖြစ်လို့တုံး' ဟု မေးသည်ကို–

'ဩော် . . . . သိချင်လို့ပေါ့တော့'

'သိဘူးကွယ့်၊ သူရို့ချင်းတော့ တစ်မျိုးပဲ။ သာပေသိ နင်ပြောသလို ဟုတ်ရင် ငစို ငါ့ကို ပြောမှာပေါ့။ ဘာမဆို ငါ့ညီ ငါ့ကို အသိပေး ပြောပြသာပဲ'

'နို့ အဲသည် ရွှေမြို့တော်သူနဲ့ ရွှေဘိုငနောင်နဲ့ရော . . . .' ဟု ခင်သွယ်သည် မောင်နောင်ကို ရင့်ရင့်သီးသီးပင် ခေါ်မှန်း ဒုတိယအကြိမ် သတိထားမိသည်။

'သိဘူးဆို၊ ပဇာမို့ သာတွေ ငါ့မေးနေသာတုံး . . . . ဟဲ့'

'ဩော် တော် သိချင်လို့ ဆိုနေမင့်ဟာ။ အဲသည်မိန်းမရဲ့ အမိနဲ့ ငနောင်နဲ့ အင်တန် သင့်လွန်း ကျွမ်းလွန်းရို့။ ယောက္ခမလောင်းနဲ့ သမက်လောင်း သာလို့တည့်ရင် အမှန် ညားတတ်သာပဲရှင့်' ဟု ပြော့ပြီးမှ မဏ္ဍပ်ဘက်သို့ ပြန်ဖှဲဆွဲခဲ့ကာ 'အဲသာပဲ၊ ကိုရင်စိုနဲ့ သည်မိန်းမ ရည်ငံနေရင် အဲသာ သတိပေးထားပါလားရို့လေ့' ဟု အဆုံးသတ်တော့သည်။

'နေစမ်းပါဦးလေ၊ ငါ့ညီ ငါမေး မေးပါရစေဦး' ဟု ညိုကြီး ပြောလိုက်၏။ မဏ္ဍပ်ထဲရောက်လျှင် ခင်သွယ်အား ဒေါ်လှမယ်၊ ဒေါ်မိုးသူတို့ ရှေ့ကျမှ 'အေ ရှင်သွယ်ရဲ့၊ ညည့်ကိုရင်ညိုကို သူ့အသိအကျွမ်းတွေဆီ တစ်လှည့် လွှတ်ပါချေဦး။ ဟို ရဲရမန်းဆီကတောင် တဝေးတလှမ်း လာခဲ့ကြပါသယ်သဲ့ အေရဲ့' ဟု ဆိုသဖြင့် မောင်ညို

လက်အောက်မှ ဖြုတ်နေရစ်ခဲ့သည်။ မောင်ညိုသည် မဏ္ဍပ်ပြင်သို့ ထွက်လာရာ ကျောင်းပေါ်သို့ တက်မည်ပြင်နေသော မောင်စိုကို မြင်သဖြင့် 'ရို့ ငစို'ဟု လှမ်းခေါ်လိုက်သည်။ မောင်စိုလာလျှင် ကျောင်းမြောက်ဘက် သင်ပုတ်ပလ္လင်ဆောင်းသို့ ခေါ်သွားပြီး စကားအချီးနိဒါန်းမပျိုးဘဲ 'ရို့ ငါ့ညီ၊ ခင်မှုံနဲ့ မင်းနဲ့ ကြိုက်နေကြဆို'ဟု မေးလိုက်သည်။ အစ်ကိုက ညီမျက်စိ မလွဲအောင် စေ့စေ့ကြည့်သည်တွင် ညီက တစ်စစ ပြုံးပြုံးလာရင်း–

'အသူ ပြောတုံး'

'သိသာပေါ့ကွ၊ မျက်စိနဲ့ပဲ'ဟု မောင်ညို ခပ်ခဲ့ခဲ့ ပြန်ပြော၍ 'ဟုတ်စ'

'ဟုတ်သယ်၊ ကြာပေါ့ဟာကပဲ'ဟု ဆိုသဖြင့် မောင်ညိုက 'ငစို'ဟု ခေါ်ကာ 'ငါ့ ပဇာမို့ မပြောတုံး။ ခု ငါမေးမှ၊ မမေးရင် .....' ဟု ဝမ်းနည်းသံကြီးဖြင့်–

'မင်းနဲ့ငါဟာ ညီအစ်ကိုဆိုပေသိ သူတကာ ညီအစ်ကိုနဲ့ မတူဘူး။ ဘာမဆို သိတတ်သဲ့အရွယ်၊ ပုဆိုးကွင်းသိုင်း အရွယ်ကတည်းက တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင်နဲ့ နေလာသယ်။ ခု သည်အရွယ်ထိ ရောက်လာပီ၊ ငါက အသက်အစိတ်၊ မင်းက နှစ်ဆယ်ကျော်လာပီ၊ ပဇာအရေးဖြစ်ဖြစ် ကောင်းတိုင်ပင် ဆိုးတိုင်ပင် စဉ်းငယ်မျှ မထိမ်ဝှက်ဖူး ဟုတ်စ။ အဲသလို ညီအစ်ကိုမျိုး ဖြစ်လျက်က ငါ့မယ် ငါပဇာ လုပ်လာ လုပ်လာ မင့်ကို ရှက်တောင် မရှက်နိုင်ဘူး၊ အကုန်ပြောပြသာပဲ။ မင်းကသာ အခု .....' ဟု အကယ်ပင် မချိတင်ကဲသံကြီးဖြင့် တစ်ဆို့ဆို့ကြီး ဖြစ်လာသောကြောင့် မောင်စိုက သင်ပုတ်ပလ္လင်ပေါ်မှ ဆွမ်းခြောက်ကလေးတွေကို လက်ညှိုးဖြင့် တောက်ရင်း တောက်ရင်း မှ ခေါင်းမထောင်ဘဲ–

'ကနဦး ဖြစ်စက ပြောမရို့ဘဲ၊ ပီးတော့ .....'ဟု စကားဖြတ်ပြီး 'မေ့နေရို့'ဟု ပြုံးသည်။

'မွန်ထူ နေရို့ပေါ့လေ'ဟု မချိတင်ကဲ အားမလို အားမရ ပြောသူ အစ်ကိုကြီးက လေသံတစ်ဆက်တည်းနှင့် 'မင်းတို့လို အူရိုင်းတွေဟာ သည်လိုဖြစ်သယ်ဆို မိုးမမြင် လေမမြင် မွန်ထူပီး အရူးအမူး ဖြစ်တတ်သာပဲလေ့၊ အိမ်း အိမ်း'ဟု ပြောသည်။ မောင်စိုက ခေါင်းငုံ့မြဲ ငုံ့နေသည်။

'မင်း အကယ်လား'

မောင်စိုက ခေါင်းညိတ်ရင်း တစ်စုံတစ်ရာကြောင့် မောင်ညို့မျက်နှာ လှန်ကြည့်သဖြင့် 'မဟုတ်ဘူးလေ၊ ငါက ငါ့လို .....'ဟု စပြီးမှ စကားချိုးမည့်ပုံဖြင့် 'သူကကော'

မောင်စိုက ခေါင်းညိတ်ပြန်သည်။

'မင်း ဘယ့်နဲ့ အတပ်သိတုံး'

'သိသာပေါ့၊ ပဇာဖြစ်လို့တုံး'ဟု မေးပြီး မခံချင်စိတ်၊ အထင်သေးရန်ကော၊ မတင်စားရန်ကောဟု ဝမ်းနည်းလှသည့် အတွက် 'ခင်မှုံ အကျွန့်အတွက်ဆိုရင် သူ့အသက်တောင် လဲရင်လဲ၊ စွန့်ရင် စွန့်မှာ။ သင့်ပေါ် သံသယဖြစ်စရာ စိုးစိမှ အကျွန်မမြင်ဘူး'ဟု အစ်ကိုအား စေ့စေ့ကြီး ကြည့်ပြောနေတော့မှ မောင်ညိုလည်း အတန်ကြာပင်

သူ့ညီကို ခြေဆုံးဆံဖျားကြည့်ပြီး ခေါင်းတစ်ချက် ဆတ်မိအောင် တစ်စုံတစ်ရာကို တွေးလျက်–

'အိမ်း .... သလို စိတ်ချရရင်လည်း ကောင်းပေါ့'ဟု အနီးမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

မောင်စိုသည် အစ်ကို့ထံ နောက်မှ ငေးလျက် မခံချိ မခံသာပင် ကျန်ရစ်ခဲ့ရှာသည်။

## ၁၄ | စွဲလမ်းသည့် အချစ်၊ ဖွဲ့တန်းက အဖြစ်

မောင်စို့ တစ်သက်တာတွင် မ ဆိုလျှင် မှုံတစ်ယောက်သာ ချစ်ဖူးသည်ဖြစ်ရာ သူချစ်သည့်ရည်းစားအတွက် မေတ္တာကဲ ခတ်ရန် အစ်ကိုက သတိပေးသည်ကိုပင် မခံနိုင်အောင် ဖြစ်နေသည်။ မောင်ညီမှာ မိန်းမဆိုလျှင် အလိုသို့ ဆွဲဆောင်ရန် ပစ္စည်းတစ်ခုဟုသာ အယူရှိတတ်၏။ နက်နဲသော အချစ်ကို သူမသိဟု မောင်စို ယူဆထားသည်။ ယူဆသည့်အတိုင်းလည်း ဖြစ်ရာ တွေ့လျှင် မရသည် မရှိ၊ ရခဲ့သည်သာ များခဲ့၏။ ယခင်နှေ့ဦးက မိုးကုတ်ဘက်တွင် တွေ့သည်ဆိုသော မိန်းကလေးတစ်ယောက်သာလျှင် စုန်းမသမီးဟု ပြောသံကြားခဲ့၍ မောင်ညီ နောက်ဆုတ်ခဲ့၏။'သူတစ်ယောက်သာ တွေ့ဖူး ကြားဖူးသည်။ "အစ်ကိုက သူတွေ့ဖူးသဲ့ မိန်းမတွေလို မှတ်လို့"ဟု ခံပြင်းနေရစ်ခြင်း ဖြစ်သည်။

မောင်စိုသည် ခင်မှုံအား မမြင်ရလျှင် မနေနိုင်အောင် စွဲလမ်းနေလေရာ နေပြည်တော်မှ ဘုရားရုပ်တုတော် ပင့်ပြန်ခဲ့ရပြီး တစ်လကိုးသီတင်း မိမိဌာနတွင် နေရသည်ပင် မနေတတ် မထိုင်တတ် ဖြစ်ခဲ့သည်။ ကံအားလျော်စွာ သူနှင့်အတူ ပါလာခဲ့သော မောင်လွန်းကို ပြန်ပို့မည်ဟု ရမယ်ရှာ၍ နောက်တစ်ခေါက် ပြန်လိုက်သွားနိုင်သေး၏။ နှစ်ဖက်မိဘများမှာလည်း အကြောင်းမရိပ်မိကြသေးပုံဖြင့် ဤအရေးနှင့် ပတ်သက်၍ မည်သို့မျှ မမေးမြန်းကြသေး။ သိလျှင်လည်း ခင်မှုံနှင့် သူ့ကို သဘောမမှုစရာ အကြောင်းမမြင်၊ ကျေနပ်စွာ ခွင့်ပြု၊ တင့်တယ်စွာ လက်ထပ်ပေးစားကြမည်ဟု ယုံကြည်နေသည်။

ဟိုတစ်ခါက ညောင်အုပ်၊ ညောင်ရမ်း မင်းနှစ်ပါးကို အကြေသို့ တိတ်တဆိတ် ဝက်ပို့သည့် နောက်တစ်နေ့တွင် ဦးသာလှက 'ရို့ မောင်ရင်စို၊ ညက အကြပ်ကလေးနဲ့ ကင်းလှည့်လိုက်ဖို့ရာ ချိန်းဆိုထားသဆို'ဟု မေးသည်ကို မောင်စိုတွင် ဒိတ်ခနဲ ရင်တစ်ချက် ဖိုပြီး 'ဟုတ်သယ်၊ သူ လာမေးသပေါ့ဗျ ဟုတ်ပါစ။ အကျွန်လည်း လုံးလုံးကြီး မေ့သွားမိသယ်။ အားနာဖို့ ကောင်း ကောင်းသေးဗျာ'ဟု မျက်နှာ မနည်းတင်း၍ ပြောပြရဖူး၏။ ပွဲစားကြီးက မျက်နှာထားတစ်မျိုးဖြင့် 'သလိုဆိုလည်း ပြောထားလိုက်နှင့်ရောပေါ့' ဟု ဆိုသည့် တစ်ကြိမ်မှလွဲ၍ မောင်စိုအား နောက်ထပ် မည်သို့မျှ မထူးခြားသော အမြဲရှင်ပြုံးသည့် အမူအရာဖြင့်သာ ကြည်ကြည်ဖြူဖြူ ကူးလူးဆက်ဆံခဲ့ကြသည်။

ယခုလည်း ခင်မှုံတို့ မိသားတစ်စု အားလုံး ထီးတင်ပွဲသို့ လာကြရင်း ခုနစ်ရက်

ခုနစ်လီ စည်စည်ကားကား ရှိလှသော အလှူကြီးတွင် ခုနစ်ရက်လုံးလုံး ချီးမြှင့်ပြီးလျှင် ရေစက်ချသည့် နောက်ကျမှ ပြန်သွားကြခြင်းဖြစ်ရာ မောင်စိုမှာ ခင်မှုနှင့် ခွဲနေလိုက်ရပြန်သည့်အတွက် စိတ်ထဲမှာ ဟာနေခိုက်တွင် မောင်ညိုက ရတ်တရက် ဘယ်က ဘယ်လိုကြားလာမှန်းမသိ လာမေးရန်ရော။ စိတ်ကို တမင် လာဆွပေးသည်၊ အလွမ်းပင်ကိုရေလောင်းသည်ဟု ဝမ်းနည်းပြီး ကျောင်းပေါ်၌ ဦးပဉ္စင်းတစ်ပါး၏ အခန်း တင်းထိမ်နောက်သို့ ဝင်ကွေးနေတော့သည်။

သူ့အရေးတွင် တိုးတိုးဖော် တိုးတိုးဖက်ဖြစ်သော မောင်လွန်းကို 'နေရစ်ပါဦးလား၊ နောက်တော့ အကျွန်လိုက်ပို့မပေါ့'ဟု ဆွဲထားစဉ် အနီးတွင် မောင်နောင်လည်းရှိသဖြင့် မောင်နောင်ကိုပါ 'အစ်ကိုရော သည်တစ်ည နေဦးလဗျာ။ ပွဲတစ်ချီ ကျန်သေးမင့်ဟာ'ဟု လောကွတ်ပြုရသောကြောင့် မောင်နောင်လည်း ကျန်နေရစ်ခြင်း ဖြစ်၏။

မောင်စို ရည်းစားပူဖြင့် ကွေးနေစဉ် မောင်ညိုတွင်ကား တစ်ခါလည်း နှစ်ခါလည်းကြား နွားတက်တက် ဝယ်ရင်း အသိအကျွမ်း ဖြစ်နေခဲ့သော ရဲရမန်းခေါ် ရှမ်းမြန်မာနယ်စပ်ရွာလေးမှ တကူးတကန့် လာကြသူ ခွန်ထော်တို့ ရှမ်းသူငယ်ချင်း မိတ်ဆွေလေးယောက်နှင့် ငဖြိုး စသော ရွာခံ ကာလသားတစ်စု အထဲဝယ် တရုန်းရုန်း ပျော်မြူးနေတော့သည်။

နေကျော် ပင်ကျ အိုးကပ်မရှောင် ထန်းပင်တွေ အမြစ်က တူးပြီး မျိုချမလောက်ရေတံလျှောက် သောက်စားရင်းက 'ဖန်ပြာရောင် ရွှေခွက်နှင့် တစ်ဝက်ကလေး မကုန်ခင်ဖမ်းချက်က ယဉ်။ နှမများတို့ ကြိုက်သဲ့လင်၊ နှမများတို့ ချစ်သဲ့လင်၊ ပြေလိမ့်မယ်လို့မထင်ဘူး။ စကားဝါ ပင်ပျိုရိပ်မှာ အိုကွယ် .... ဘီးလိမ့်သို့မှူး' ဆိုသည့်အတိုင်း အရမ်းကာရော မူးယစ်ပျော်ပါး တဟားဟား တိုက်ခဲ့သည်။ နေဝင်၍ မိုးချုပ်၊ လဆုတ်ရက်လထွက်ဦးကျမှ ထန်းတောက တစ်အုပ်တစ်သင်းကြီး ပြန်ခဲ့ကြသည်။ ပြန်ခဲ့သည်တွင်လည်း အိုးတွေ၊ မြူတွေ၊ သရွတ်ကိုင် ပလုံးတွေဖြင့် မောက်လျှံဝေဖိတ်နေအောင်ရွာအရောက် ထမ်းပိုး သယ်ယူလာခဲ့ကြပြီး လူနိုင်တစ်အိမ်၌ ဝင်ထားခဲ့သည်။ ပွဲခင်းနှင့်ထိုအိမ်ကား သူတို့လူစု အသွားချင်း အပြန်ချင်း ခြေရှုပ်နေရန် ဖြစ်သတည်း။

အလှူရေချမ်း လက်နှင့်မကွာ ပြည်သူအများ စည်ကားဝလင်သည့် သာသနာပြုမင်း လက်ထက်အခါ ဖြစ်သောကြောင့်လည်း သောသောညံအောင် လှူနိုင်ခဲ့ကြပါပေ၏။ တက်တိုးအောင်မြေပုထိုး ထီးတင်ပွဲတော်တွင် ကန်တော့ပန်းဆင်ယင်ခဲ့သော ရုပ်ကြီးဆရာ ဦးသာဗျော၊ ဦးသာဖဲ စသည့် ပညာသည်ကြီးများကိုယ်တိုင် တစ်ညဥ့်စီ တစ်လှည့်စီဝတ္တာရားကို မလစ်မလပ် မခိုမကပ် သည်ပိုးရွက်ဆောင်ဖူးသည်ကို အမှတ်ရမိနိုင်ပါသည်။

နောက်ဆုံးဖြစ်သော ထိုညဥ့်တွင်ကား ကျွဲပွဲ၊ နွားပွဲ၊ လက်ဖွေ့ပွဲ၊ နပန်းပွဲများမှာမီးကြီးတိုင်များ ထွန်း၍ပင် တစ်ညဥ့်လုံးအထိ အသုံးတော်ခံနေသေး၏။ ကျောင်းပရိဝုဏ်တွင်းပြင်လည်း နီးဝေးရပ်ရွာတို့မှ လှည်းယဉ်၊ လှည်းကြမ်းမျိုးစုံနှင့် လာရောက်ကြသောပရိသတ်ဖြင့် ကျိုကျိုတက် ပြည့်နေ၏။ ပွဲမှာ ဘိတ်ဆုံးညဥ့် ဖြစ်သောကြောင့် စင်ပြိုင်

ကကြရာ ပွဲခင်းဖြစ်သော လှည်းဝိုင်းကြီး နှစ်ဝိုင်းမှာ ရွာကလေးနှစ်ရွာမျှ တရှရှ စည်ကားနေတော့၏။

ကျွဲပွဲ၊ နွားပွဲ၊ လက်ဖွေ့ပွဲ စသော လောင်းကစားတွေအပြင် ဂျင်၊ ကျား၊ ပဆစ်၊ ကြွေအန်ပွဲများလည်း တသဲသဲ တမဲမဲ ဖြစ်နေသည့်ကြားသို့ မောင်ညိုတို့ ယစ်ထုတ်တစ်စု ရှန်းရှန်း ရှန်းရှန်းဖြင့် ယိမ်းယိုင် ဝင်လာခဲ့ကြသည်။

မောင်ညိုတွင် ပွဲမထွက်မီကလေးအတွင်း ဆိုင်းဆရာတွေထံ ဆိုင်းတောင်း၍ ခါးပုံကြားမှ ဒေါင်းဒင်္ဂါး တချွင်ချွင် ဆုချကာ ဦးမင်းကျော်ဇာတ် ခင်းနေသေး၏။ သူတကာ ပျော်ကြသည့်ပွဲ ဖြစ်သောကြောင့် မိဘနှစ်ပါးကလည်း လက်လျှော့ထားလေရာ အလှူတကာ ဘုရားတကာသား ရင့်မကြီးမှာ အားမနာတမ်း ဖြစ်နေတော့သည်။

ပွဲထွက် နတ်သံပစ်ခါနီးကျမှ မနည်းချော့မော့ တောင်းပန်၍ ပွဲခင်းပြင်သို့ မောင်မင်းကြီးသားကို ထုတ်လိုက်ရသည်။ ဤအခြေ၌ မောင်ညို့အစုအဖွဲ့တွင် ငဖြိုး၊ ခွန်ထော်နှင့် အခြား အရွယ်ကြီး နှစ်ယောက်အပြင် သူပါ ပေါင်းမှ ငါးယောက်သာ မြေပေါင်၌ လျှောက်နိုင်တော့သည်။ ကျန်လူတွေကား ဘယ်ကြိုဘယ်ကြားတွင် အလျားထိုး လဲကျန်နေသည် မသိတတ်ပေ။

ပွဲခင်းပြင်သို့ မောင်ညို့ကို ထုတ်ယူရသည်ဟု ကြားသောကြောင့် အမိဖြစ်သူက သားငယ်ကို ပူပင်သောကဖြင့် လွှတ်လိုက်သည့်အတွက် ပွဲပြင်သို့ တွဲသူတွေ လက်မှ ရှန်းရင်းကန်ရင်း၊ ဝိုင်းထားသော လှည်းတစ်စီးအောက်က လေးဖက်ထောက် ထွက်လာသည့် ညြိုနှင့် ဆုံမိကြ၏။ မောင်စိုနှင့်အတူ မောင်နောင်၊ မောင်လွန်းတို့လည်း ပါလာရာ မောင်ညိုမှာ ထိုအခိုက် ပုဆိုးခါးပုံစနှင့် လှည်းထောက်ခွ ဘယ်ကဲ့သို့မသိ ငြိနေသည်ကို အတင်းကုန်းလျက်က ရုန်းထနေသည်။

မောင်ညို တစ်ခါနှစ်ခါ ရုန်းလျှင်ပင် လှည်းထောက် ခြေချော်စ ပြုသည်ကို မြင်သဖြင့် ညီက စိုးရိမ်ကြီးစွာနှင့် 'အစ်ကို.... လှည်းထောက်နဲ့ ပုဆိုးစ ငြိနေသယ်၊ ငြိနေသယ်။ မရုန်းနဲ့၊ အသာကျော့ယူ'ဟု ပြော၍မှ မဆုံးမီ လှည်းထောက်ပြုတ်ထွက်သွားပြီး လှည်းပေါ်တွင် ပွဲကြည့်နေသော လူအပြည့်နှင့် လှည်းအိမ်ကြီး တစ်ခုလုံး မောင်ညို့ပေါ် ပိကျတော့သည်။

ကံအားလျော်စွာ လှည်းအိမ်တည့်တည့် အနည်းငယ်လိမ့်လာသော လှည်းဘီးအောက်သို့ မဝင်သွားဘဲ လှည်းတံဖြင့်သာ ပိသွားသည်။ ဤတွင် လှည်းပေါ်ရှိ မိန်းမတွေက ငယ်သံပါအောင် ကျည်ခနဲအော်သော အသံကြားမှ မူးမူးရူးရူးနှင့် မောင်ညိုလည်း သုံးလေးချက် အားပြုပြီး တအားကုန်း ထလိုက်သည့်အတွက် လှည်းတံ ကြွတက်သွားမှ အနီးက လှည်းတွေပေါ်မှ လူအချို့ ပြေးဆင်း၊ သူ့ကျောပေါ်က လှည်းတံကို ဝိုင်းပင့်ထားလိုက်ရ၏။

မောင်ညိုလည်း ပုဆိုးစကို မြေတရွတ်တိုက် ထွက်လိုက်ရင်း ကြောင်တက်တက်နှင့် ဆောဘီကို လှည့်ကြည့်သည်။ တော်ရုံလူဆိုလျှင် ကျောရိုးပိုင်းပိုင်းကျိုးလျှင် ကျိုးသွား

ပေမည်။ မောင်ညိုတွင်ကား မျက်လုံးထဲမှ မှိုင်းထနေသော အရက်ခိုး၊ ထန်းရည်ခိုးပင် မပျောက်။ ဘာဖြစ်လိုက်မှန်းပင် မသိ။ သူနှင့် ရတ်ခြည်း မျက်နှာချင်း ဆိုင်လိုက်သော မောင်နောင်မျက်နှာ တစ်ခုတည်းကိုသာ ကွက်ခနဲ သူ မြင်တော့သတည်း။

ဤမျှ မျက်လုံးပြာအောင် လူမှန်းသူမှန်းမသိ မူးနေသည့်ကြားမှ မထေ့တထေ့ ပြုံးပြီး ကြည့်နေသည့် မောင်နောင့် နှုတ်ခမ်းပါးကလေး၊ နှုတ်ခမ်းပါးကလေးပေါ်မှ နှုတ်ခမ်းမွေး ရေးရေးလေး၊ ၎င်းအထက်က နှာတံစင်းလေး၊ မျက်လုံးဝိုင်းကလေးကို ထင်းထင်းကြီး မြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ အဘယ်ကြောင့်မသိ မြင်ရသူကို အမှုန်းမှုန်း အနုပ်နုပ် စဉ်းပစ်လိုက်ချင်အောင် မုန်းမိသောစိတ်သည် မောင်ညို၊ ခေါင်းထဲသို့ ချက်ချင်း ဝင်ရောက်လာခဲ့ရာ မောင်ညိုသည် တွေတွေကြီး ကြည့်နေရာက ရှုးရှုးရှဲရှဲ ဖြစ်လာပြီး 'ရို့ တွေ့ကြပြန်ပေါ့၊ မင်းလားဟဲ့ ငနောင်' ဟု ခါးတွင် ဓားစမ်းသည်။ ဓားကား အဘယ်မှာ ရှိပါမည်နည်း။

ထိုအခိုက် မောင်နောင်က ဖျတ်ခနဲ လျင်မြန်စွာ သူ့ခါးပုံကြားမှ ဆင်စွယ်ရိုးဖြူနှင့် ဓားမြှောင်တစ်လက်ကို လရောင်တွင် ဝင်းခနဲ လက်သွားအောင် ဆွဲထုတ်လိုက်၏။

ထိုအခြင်းအရာမှာ လျှပ်တစ်ပြက်ခန့်အတွင်း ဖြစ်ပျက်လိုက်ခြင်းမျှ ဖြစ်သော်လည်း ကိုရင်ညို.... ကိုရင်နောင် .... စသည် သူ့လူ ကိုယ့်လူ ဆွဲ၍ လူချင်း မခွဲလိုက်မီကလေးတွင် တစ်ယောက်ကိုတစ်ယောက် တကယ်ပင် ရက်ရက်စက်စက် ချေမှုန်းဖျောက်ဖျက်ချင်သည့် မုန်းစိတ်တွေကို ကွက်ခနဲ ဖော်လိုက်မိကြလေသည်။

မောင်ညိုမှာ သူ့လူစုတွေနှင့်အတူ ဆွဲဆောင် ခေါ်ယူကြသူများထံ တအော်အော် တငြင်းငြင်း ပါသွားရင်းက ညဥ့်ကလေး အတော်နက်လာမှ အနည်းငယ် တစ်စစ လူမှန်းသိလာသဖြင့် ဘေးလူတွေလည်း ဖဲကြဥ်ခွဲခွာ ထားရစ်ခဲ့ရတော့၏။

သောက်ဖော် ငါးဦးသား ကျောင်းပရိဝုဏ်တစ်ဝိုက် ပတ်လှည့်ရင်း လက်ဖွဲ့ပွဲ ကနားဖျင်းသို့ ရောက်ခဲ့၏။ ကနားဖျင်းတွင် ပွဲကုန်ပြီး လူမရှိဟု ထင်ခဲ့သော်လည်း အနီးသို့ ရောက်သောအခါ အတွင်း၌ ရေနံချေး မီးခွက်များ အမှိုင်းမှိုင်း အရောင်ဖြင့် ကာလသားတစ်စု တသောသော ဖြစ်နေသည်ကို တွေ့ရသည်။

အပြင်နားဆီတွင် မတ်ရပ်ကြည့်နေသူတွေ ကြားမှ တိုးဝင်ခဲ့ရာ လက်ဖွဲ့သတ်သည့် ဖွဲကြမ်းပတ်လည်၌ တင်ပျဉ်ချိတ်ထိုင်၍ လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ဆူပူနေသော အသိမိတ်ဆွေတစ်စုက မောင်ညိုကြီးအား မြင်လျှင် မြင်ချင်း အတင်းဆွဲဆောင် သူတို့အနီး ထိုင်စေတော့သည်။

နေရာပြင်ပေးရာ၌ ငဖြိုးတို့ကပင် ခင်းထားသော နီးကြောဖျာ၊ သပေါ့ဖျာများပေါ်မှ သူတကာ့ ခြေဖဝါးက ထားရစ်သည့် သဲတွေ၊ မြေတွေကို ပုဆိုးစဖြင့် ယပ်လှည့်နေသေးသော်လည်း မောင်ညိုကမူ မူးစဉ်တွင် ခြေပေါ် တရွတ်ဆွဲခဲ့သည့်အတွက် ပေကျံနေသော သူ့ပုဆိုးကိုမှ မ မဘဲ ဝင်ထိုင်လိုက်တော့၏။

ကာလသား နှစ်ယောက်မှာ အပျော်ပွဲ ထ၍ ထိုးနေလေရာ ကျန်လူအချို့က

ဆိုင်းဆရာများ မသိမ်းနိုင်ဘဲ ထားရစ်သော စခွန့်၊ လင်းကွင်း၊ ဗုံတို၊ ဝါးလက်ခုပ်များဖြင့် တဖြုန်းဖြုန်း တဖြန်းဖြန်း နပန်းဆိုင်း ရောက်တတ်ရာရာ တီးပေးနေကြသည်။

လက်ဝှေ့ပွဲသာ ဆိုသည်၊ စည်းလွတ် ဝါးလွတ်ပင်။ လက်ဝှေ့ရော နပန်းပါ သတ်ချင်သည့်နည်းဖြင့် သတ်နိုင်ခဲ့၍ သွေးထွက်၊ ကျောမြေကျ၊ ခါးတောင်းပြုတ်လျှင် ထွက်သူ၊ ကျသူ၊ ပြုတ်သူ ရှုံးစတမ်း ပွဲကြမ်းတွေဖြစ်လေရာ ကြေးစားတွေထက်ပင် သဲသဲမဲမဲ ပွဲကောင်း ပွဲကျနေကြတော့သည်။ မောင်ညိုကြီးကား တပြုံးပြုံးနှင့် လက်ခုပ် လက်ဝါးတီးကာ'ရှိ့ ဘသူထွက်ပါရော့၊ ဘသူ လာပါရော့။ သွေး မပါဘူးလား၊ ထဘီ အဆင် ရွေးနေသလား။ ဟ ....ဟဲ့'နှင့် သူ့ငယ်ပေါင်းတွေမှ ဟိုလူသည်လူ ရွေးထုတ် သတ်ပုတ် မြှောက်ပင့် ခိုင်းပေးနေသည်။ ကြေးစားတွေထဲကပင် လောင်းကြ၊ ကစားကြ သော မဲကြေးအတွက် မဟုတ်၊ သက်သက်အပျော်ဝင်၍ သတ်ကြ၏။ မောင်ညို လာမှ ပင် ကနားဖျင်းလေးအတွင်းမှ တဝေါဝေါ ဖြစ်သည်ထက်ဖြစ်ကာ အသက်ပြန်ဝင် တော့၏။

သို့ဖြင့် တစ်ပွဲပြီးတစ်ပွဲ ထိုး ထိုးလာကြရာ နောက်ဆုံးတွင် တော်ရုံတန်ရုံ နွဲ့သူ၊ ပျော့သူ၊ ကိုယ်လေးမစီးသူတွေ တစ်တွဲပြီးတစ်တွဲ ပြုတ် ပြုတ်ကုန်ကြသည့်အတွက် ညဉ့်နက်လာသည့်အခါ တကယ်ခွဲကောင်းသူ၊ အမောခံနိုင်သူ လက်ဝှေ့နပန်း အနည်း အကျဉ်းထက် ပို၍ ထိုးတတ်သတ်တတ်သူ တစ်စုသာ ရေစစ်ပြီး ကျန်ရစ်ခဲ့တော့သည်။

ဤတွင် လောင်းကြေးတွေလည်း တဖြည်းဖြည်း ကြီးလာကြ၏။ အပျော်သက် သက် စခဲ့သော်လည်း လောင်းသူချင်း စောင်စ မြှောင်စ ပြုရာမှ အကယ် အကြိတ်အနယ် ကြေးတင် မဲတင်းလာသကဲ့သို့ စိတ်မကျေပွဲ၊ မခံချင်ပွဲ၊ ညှိုးပွဲ စသည်ဖြင့် ဝင်ဝင်နွှဲကြသော လက်ဝှေ့ နပန်းဆရာ လက်သစ် လက်ဟောင်း တစ်စုကလည်း သဲသဲမဲမဲ ထိုးစ သတ်စ ပြုလာကြ၏။

ဤသို့ဖြင့် တစ်စစ ပွဲဝင်မည့်သူ ကုန်သွားသကဲ့သို့ ဖွဲပေါ်တွင် ကြေးစား တစ်ယောက်သာ လက်ပန်းပေါက် တခတ်ခတ် လေးကင်းပြသူ ပေါ်ခဲ့တော့သည်။ ပရိသတ်မှာ ဤမျှ လျင်မြန်စွာ ပွဲတွေကုန်မည်ဟု မထင်။ ကြည့်ကောင်းခိုက်ကလေး၊ သွေးနွေးစကလေး။ အပြင်၌ နှင်းတွေတဖွဲဖွဲ မှိုင်းထွေးရီမှုန် တုန်နေအောင် အေးနေသည်။ သည် ကနားဖျင်းထဲတွင်နေမှ နွေးမည်ဟု ရမယ် ရှာချင်ကြသူများ ဖြစ်သောကြောင့် ဖွဲထဲ လုံ့အိပ်နေသော လူထံ သူ့နှင့် ဖက်ပြိုင် ထိုးသတ်မည့်သူ ထွက်ပါရော့လား၊ ဝင်ပါရော့ လား စသည် အော်ပေးနေကြ၏။

ရုတ်တရက်သော် မည်သူ တစ်ဦးတစ်ယောက်မျှ မထွက်ပေ။ ဖွဲထဲမှ လုံ့စောင့် နေသူမှာ ကြေးစားလည်းဖြစ်သည်၊ အသတ်လည်း ကောင်းသည်ဟု မျက်စိအောက်တွင် ပင် မြင်ထားခဲ့လေရာ မည်မျှပျော်တတ်၊ မည်မျှ သွေးကောင်းသူပင် မဆို ထွက်ရန် နောက်ကြောတင်း ဝန်လေးနေဟန် တူပါ၏။

ထိုအခိုက် လောင်းကြေးကို တစ်ဦးက ပေး၍ တစ်ယောက်က စတင်ပြီးနောက်

တစ်ယောက်က လိုက်ထပ် လိုက်ဆင့်နှင့် တဖြည်းဖြည်း ကြေးမှာ ဒေါင်းဒင်္ဂါးကြီးငါးရာ နီးပါးသို့ပင် ဝဲနေလေရာ ထိုးရမည့် ကြေးစားမှာ ကြေးကိုမြင်လေ ထွက်သူ မပေါ်မှာကို စိုးရိမ်ပြီး ပွဲမဖြစ်လျှင် အလဟဿ ပြန်နုတ်သွားကြမည့် ငွေတွေ တချင်ချင်ကို သွားရည် တမျှားမျှား ကျနေမိတော့သည်။

ကွမ်းတစ်ယာ ညက်ခန့်သော် ပွဲသိမ်းရတော့မည်ကဲ့သို့ ကနားဖျင်းတစ်ခုလုံး ကြေးတင်ပြီး အော်လိုက်သည့်အခါ ဆူကြ ညံကြသံတွေ နောက်မှ ပြကတိ တိတ်ဆိတ်၍ နေသွားပြီး အသက်ပြင်းပြင်း ရှူသံတွေကို ကြား၊ ထွက်သူ ဘယ်ထောင့်မှ ပေါ်လာပါမည် နည်းဟု လိုက်ရှာသည်ကိုသာ မြင်ရ၍ ထန်းရည်ခါးအနံ့ တစူးစူး၊ ချွေးနံ့ တထောင်း ထောင်းသာ ရှူနေမိသည်။

မည်သူမျှ ထွက်သူမပေါ်လျှင် မောင်ညိုတွင် အားမလို အားမရ ဖြစ်လာပုံဖြင့် 'ရှိ'ဟု ဖျစ်ညှစ်အော်ကာ 'ပဇာမို့ မထွက်သတုံး၊ သနပ်ခါး သွေးနေကြရို့လား၊ ဗိုင်းထောင်မလောင်းတွေ။ ဟင် တံတားဦးနယ်သား၊ အဝနယ်သားတွေဆို ....နင်ရို့ မရှက်ကြရော့လား။ ငါက အရှင်းမတတ်ရို့။ နို့ မင့်လား .... လက်တစ်ချက် မြှောက် တတ်ရုံနဲ့ ထွက်သယ်'ဟု ဆိုသည်ကို လက်ဖွေ့သမားမှာ သဘောအကယ်ကျပြီး ပြုံးကြည့် နေမှ နေရာက လူးလဲထသည်။ ပုဆိုးမှ ခါးပုံ မချိတ်ရသေးသောကြောင့် တွဲလောင်းကြီး ကျနေသည်။ ကိုယ်ကျပ် ပိတ်ချောအင်္ကျီလည်း ရင်ဘတ်တစ်ခြမ်းလုံး စွန်းထင်း ကွဲပြဲနေ ကာ ပဝါဖဲပေါက်ရိုက်ကလည်း တစ်ထွေးကြီး ပြေကျနေသော ဆံပင်တွေကြားမှ ကျော ပေါ် တွဲလဲဖွာနေသည်။ လက်သီးလက်မောင်းတန်းကာ 'ကိုင်း ထွက်ကြဘူးပေါ့ ဟုတ်စ၊ မင်းတို့မှ မထွက်ရဲရင် ငါထွက်မယ်'ဟု ထွက်ရန်ပြင်လျှင် လက်ဖွေ့သမား ကိုယ်တိုင်က 'ရှိ အစ်ကို မလုပ်ပါနဲ့၊ အစ်ကိုဆိုရင် ကျုပ် ခုကတည်းက အရှုံးပေးပါသယ်'ဟု ရယ်မောပြောဆို၍ လူးလဲထသည်။ သူ့လူစုနှင့်တကွ အခြားအသိတွေကပါ ဝိုင်း၍တားမှ မောင်ညိုကြီးက 'တယ် ရိုင်းလှလေ .... ထွက်စမ်းပါ၊ ယောကျ်ားတစ်ယောက်' ဟု ထပ်ခေါ်ရင်က နောက်ဆုံး စိတ်လုံးလုံးမရှည်တော့ပုံနှင့် 'ထွက်ရင် သူတကာ လောင်းသဲ့ ကြေးနဲ့ ကျုပ်တစ်ယောက်တည်း ထွက်သူဘက်က လိုက်ထပ်မယ်။ နိုင်ရင် အားလုံး ယူရစေ့မဗျား၊ ကိုင်း'ဟု ပုဆိုး ကပိုကရိုနှင့် ရေနံဆီမီးရောင်တွင် ယိမ်းနွဲ့နေသည်။

တစ်ခဏသော် အစကထက်ပင် တိတ်ဆိတ်သွားတော့သည်။ လက်ဖွေ့သမား တွင်မူ ခါးတစ်ဝက် ဗလာကျင်းထားသော သူ့ကိုယ်ပေါ်မှ ချွေးချေးကိုပွတ်ရင်း မသိမသာ အကဲလိုက်ခတ်နေ၏။ မောင်ညို၏ ကြုံးဝါးသံမှာ တော်ရုံ သွေးနွေးသူပင် ဆူထွက် လာလောက်ပေ၏။

ဆူလည်း ဆူသူ တစ်ယောက် ပေါ်ခဲ့လေတော့သည်။

မောင်ညို ကြိမ်းပသံနောက်မှ ငြိမ်သက် တိတ်ဆိတ်သွားသည်မှာ အတန်ကလေး ကြာသည်။ ပြီးမှ တစ်ထောင့်က လေသံတိုးတိုး တိုးတိုး ထွက်လာသော စကားသံတွေနှင့် မရှေးမနှောင်း ခေါင်းပေါင်း ပန်းဆီရောင်ဖြင့် လူတစ်ယောက် ထလိုက်သည်ကို မြင်ကြရ

၏။ ထိုသူမှာ သူ့အဖော်တွေ လေးငါးယောက်နှင့် ပုဆိုးစကို ဆွဲလု တားဆီးသူထံမှ ရုန်းရင်း 'အစ်ကို မလုပ်နဲ့လေ၊ အသာထိုင်နေပါ။ အစ်ကို မထွက်နဲ့လေ' ဟု စိုးရိမ်သံများ မတိတ်မီ လူတွေကို ဖယ်ရန် ပြုံးပြုံး ပြုံးပြုံး ပြောပြော ရှဲခိုင်းပြီး စည်းဝိုင်းဖွဲပြင် မီးရောင် အောက်သို့ ထွက်လာခဲ့လေသည်။

မောင်ညိုမှာ ဝမ်းသာအားရ 'သာမှ ယောကျ်ားကွယ့်၊ ဘသား ပီသသာ' ဟု ထိုလူက အပေါ်အင်္ကျီ၊ အတွင်းခံ ချည်နီကိုယ်ကျပ်၊ ပဝါခေါင်းပေါင်း စသည်တို့ကို ချွတ်နေရာသို့ ဝိုင်းကူ ချွတ်ပေးရင်း ပြောနေ၏။ ထိုသူကိုကား သိ၍ မဟုတ်ပေ။ မျက်နှာကို တစ်ခါမျှ မမြင်ဖူးပါ။ မောင်ညိုမှာ သူထွက်လာသော မြို့သာသား ကာလ သားစုနှင့် သိကျွမ်းသော်လည်း သူ့ကိုကား တစ်ခါမျှ မမြင်ဖူးသေး။

အင်္ကျီချွတ်ပြီး ပုဆိုးခါးတောင်းကျိုက်လိုက်သောအခါ ထိုလူမှာ ကိုယ်လုံး ကိုယ်ဖန် မညှံ့လှ၊ ဗလ မခေသူ။ အသားလတ်လတ်နှင့် တောင့်တောင့်ရောင့်ရောင့်မှန်း သိကြရလေရာ ကြေးစားကို သတ်ရဲ၍သာ ထွက်သူပဲ၊ ပွဲကောင်း ကြည့်ရမည်ဟု စောင့် နေကြသော ပရိသတ်တွင် အတော်ကျေနပ်သွားသဖြင့် နေရာပြင်ထိုင် ကြည့်နေကြသည်။

နောက်ဆုံးတွင် နှစ်ယောက် သတ်ပုတ်ကြရန် အရန်သင့် ဖြစ်သွားသည်။ မောင်ညိုက နောက်ဆုံး ပရိသတ်ကျေနပ်အောင် အလောင်းအစား ခေါ်သေးသည်တွင် သူပြောထားသော ကတိကိုလည်း ထပ်ပေးနေသည်။ နောက်ထပ် မည်သူမျှ ကြေးမထပ် တော့ဘဲ မောင်ညိုတွင်လည်း ကြေးစားဘက်မှ လောင်းသမျှကို လူသစ်ဘက်က ဒိုင်ခံပြီး ထပ်နေစဉ် မဏ္ဍပ် မြောက်ထောင့်ဘက်မှ 'ကြေးစားဘက်က ဒင်္ဂါးကြီးတစ်ရာ ထပ်ပိုး သယ်' ဟု အသံတစ်သံ ထွက်ပေါ်လာသည်။ မောင်ညိုမှာ ဒင်္ဂါးတွေကို သိမ်းရင်း တွဲလဲ ကျနေသော ခါးပုံစကို ပြန်ပွေ့၍ ထည့်နေခိုက် ဆတ်ခနဲ အသံလာရာဘက်သို့ ခေါင်း ထောင်ကြည့်၏။

မီးရောင်ဖျော့ဖျော့တွင် ချိတ်ပုဆိုး ကြက်ဥနှစ်ရောင်ကို လည်ပင်းမှ ခါးပုံသိုင်း၍ ခါးပုံစကို ရင်ဘတ်ပေါ် လက်ပိုက်ဖိကာ မထေ့တထေ့ ကြည့်နေသော မောင်နောင်နှင့် မျက်နှာသွားဆိုင်ပြန်တော့သည်။

အမူးပြေခါစက သူ့စိတ်တွင် ဝိုးတိုးဝါးတားနှင့် ငနောင်အား ဓားဖြင့် နုတ်နုတ် စဉ်းခဲ့ရသလိုလို ဘာလိုလို ဇဝေဇဝါ ဖြစ်မိသည်မှာ ယခုတိုင် ဝိုးတိုးဝါးတားပင် ရှိနေခိုက် မောင်နောင်ကို မြင်ရမှ ရှူးခနဲ ဒေါပြန်ထသွားသည်။ သို့သော် ဘာမျှ မပြောဘဲ တွေ၍သာ ကြည့်နေရာ မောင်နောင်ကလည်း မျက်တောင်မခတ် ပြန်ကြည့်နေရာမှ 'ပေးပေး၊ အိမ်း၊ ခွပ်လက်သိသဲ့ ကြက်ဘက်ကချည့် ကြေးတင်နေပေ့' ဟု မထေ့တထေ့သာ ပြော လိုက်၏။ မောင်နောင်ကမူ ဘာမျှပြန်မပြော။ နောက်တစ်ခဏကြာလျှင် ပွဲစတော့သည်။

ထင်သည်ထက် မှန်းသည်ထက် ကြည့်ကောင်းနေတော့၏။ လူစိမ်းမှာ ပွဲဝင်မိ လျှင်ပင် ပညာမတိမ်မှန်း ချက်ချင်း ရိပ်မိကြတော့သည်။ ကြေးစားကိုယ်နှိုက်လည်း သူအထင်မှားပြီဟု သိရတော့သဖြင့် မခံချိလှသောကြောင့် အထူး သဲသဲမဲမဲ ထိုးသတ်

တော့သည်။ ပွဲဖြစ်သောကြောင့် ကျေနပ်မိသော်လည်း ဖြစ်သောပွဲမှာ ရေသာမျှော်ယူရမည့် အစား အကြိတ်အနယ် ဖြစ်နေပြီး အနိုင်အရှုံး လုံးလုံး မမှန်းနိုင်သောကြောင့် စိတ်လည်း ပျက်မိတော့၏။ ကြေးစားပီပီ အချောင်ထင်မိသည်။

ကြေးစားက လူစိမ်းသည် အစိမ်းခံသက်သက် မဟုတ်။ ရွက်ပုန်းသီးများကဲ့သို့ ကြေးစားတွေနီးနီး၊ တစ်ခါတစ်ရံ သူတို့ထက် သာတတ်သော အပျော်သမားသက်သက်ဟု သိရသောကြောင့် ဂရုတစိုက် သတ်ပုတ်သည့်အခါ လူစိမ်းမှာလည်း ကြေးစားနှင့် ပြိုင်ရသောကြောင့် သတိထားရတော့သည်။ ယင်းသို့ဖြင့် ထိုပွဲမှာ ပွဲကောင်းသက်သက် ဖြစ်သွားခဲ့တော့၏။

## ၁၅ | ပျိုခင်တို့ ရွာသားပေမို့၊ စကားလေးသဲ့ ပါးရအောင်

ဖွဲပေါ်က တရှုးရှုး တရှဲရှဲဖြင့် ထိုးသတ်နေကြသူတွေချည်း မဟုတ်။ မောင်ညိုနှင့် မောင်နောင်တို့မှာလည်း ပြင်းပြစူးရှသော အာရုံအသီးသီးဖြင့် မျက်တောင်မခတ် စိတ်ဝင်စားနေတော့၏။ သတ်သူတွေချည်း မောသည်မဟုတ်။ သူတို့နှစ်ဦးမှာလည်း အသက်ရှူ တမှားမှား ဝိတက်တများများဖြင့် ချွေးစီးတွေ ထပ်မနား စို့နေမိကြသည်ကို သူတို့ချင်းသာ သိမိပေမည်။

ပွဲပရိသတ်တွေလည်း စိတ်ဝင်စားစွာ ကြည့်နေကြရာ သူနိုင် သူရှုံး ဝေခွဲမရ ရင်တမမ ဖြစ်နေကြသည်။ တစ်ခါတစ်ရံ စခွန့်လိုက်သူ၊ ဗုံတိုဗုံသာ နှက်သူများပင် မတီးမိ မလိုက်မိကြအောင် မေ့မျောနေတတ်ကြ၍၊ အချို့လည်း သောက်နေသော ဆေးပြင်းလိပ်တို့ ပါးစပ်အဟောင်းသား ဟမိအောင် အငေးကောင်း၍ ရှေ့တွင် ထိုင်နေသူ၏ ခေါင်းပေါ်ကျပြီး ဆံပင်နှင့် ခေါင်းပေါင်း၊ သဘက် စသည် မီးစွဲမှ ကပျာကသီ ကောက်ယူရသူလည်း ကောက်ယူရလေသည်။ ဟင်..... ဟယ်..... ဟရို..... အို စသော အသံအောကြီးတွေလည်း မကြာခဏ ပေါ်ထွက်ခဲ့သည်။

သို့ဖြင့် ခေါင်းပေါင်းမီးစွဲခံရသူပင် မီးစွဲမှန်း မသိလိုက်အောင် စွဲမိသောပွဲမှာ တစ်စစနှင့် မြို့သားသားတွေ အစုမှ လူဘက်သို့ သာလာသည်ကို သတိပြုမိကြတော့သည်။ ကြေးစားမှာ သူ့ပညာစွမ်း အားကိုးပြုရသည်သာ ရှိ၍ ပွဲသုံးပွဲမျှ ဆက်ထားပြီ၊ ကြားတွင် ခဏမျှသာ နားခွင့်ရသည့်အတွက် အားမသစ်နိုင်သော်လည်း လက်ရည်မသာဟု ထင်ရသော လူစိမ်းမှာကား အားသစ်သက်သက် ဖြစ်သည်အတွက် ပွဲရှည် ရေရှည်တွင် ကြေးစားက ထိုင်းသွားသည်။ ထိုထက်လည်း ကြေးစားတွင် သူနှင့် ပြိုင်သတ်နေသူ၏ ထိုးခြေ သတ်ခြေကို အလျှင်းမသိထား၊ ထိုးရင်းကမှ မှတ်နေခိုက် လူစိမ်းတွင် သူ့ကို ပွဲဟောင်းတွေ ထိုးနေစဉ်ကတည်းက မြင်ထားပြီး ဖြစ်ခဲ့သည်။ ဤအချက်ဖြင့် များစွာ သာနေလေရာ ကြေးစား သွင်းသမျှ ဒူး၊ တံတောင်၊ လက်သီး၊ ခြေဖျား စသည်မှာ သေချာပေါက်ဝင်သည် မရှိ။ ပရိသတ် ပွဲတသောသော ကျဖို့မျှသာ ဖြစ်နေခဲ့၏။

ရေရှည်တွင်ကား မောင်ညိုကြီးမှာ သူ့လူဘက်မှ အသံတွေ ခြောက်ကပ်သွားအောင် အားပေးနေသည့်ကြားမှ ပါးစပ်က အမြှုပ်တစီစီ စို့နေသော ကြေးစားကို အလစ်တွင် ခြေတစ်ဖက်၊ လက်တစ်ဖက်မှ ခြေမျက်စိ လက်ကောက်ဝတ်က လှမ်းဆွဲပြီး ဖွဲပေါ် ဖြန်းခနဲ နှစ်ပတ်ခန့်မျှ လိမ့်သွားအောင် ပစ်ချလိုက်သော သူ့လူထံ အလျားထိုးကြီး ပြေးဖက်နိုင်တော့သည်။ ရှုံးသူကြေးစားကို မည်သူထူသွားသည် မသိသော်လည်း နိုင်သည့် သူ့လူကိုကား ချွေးမှ မသုတ်ရသေးမီ အတင်းဖက်၍ အားမရဘဲ ခါးလယ်မှ ပွေ့ပွေ့ မြှောက်နေတော့သည်။

လူစိမ်းမှာ သွားကြီးဝါဝါတွေ ဝင်းနေအောင် ပြုံးရင်း သူ၏ လက်မောင်းကြီးနှစ်ဖက်ဖြင့် မောင်ညို့လက်တွေကို အသာဖယ်၍ မောင်ညို့ရင်ခွင်မှ လွန့်ထွက်ရာက 'အောက်ချစမ်းပါဦး ကိုရင်ရဲ့၊ ချွေးတွေနဲ့ မျက်စိ စပ်လှပြီ'ဟု ရယ်ပြောမှ လက်ထဲတွင် ပွေ့မြှောက်ရာက ချတော့သည်။ မောင်နောင့်ထံ လှမ်းကြည့်ရာ မောင်နောင်က သူ့အား တစ်ချက် ငဲ့ကြည့်ရင်း သောက်လက်စ ဆေးလိပ်ကို မြေပေါ်သို့ ပေါက်ပစ်ခဲ့သည်ကို မြင်ရသောကြောင့် တသောသော ကောက်ရယ်လိုက်တော့သည်။ ရယ်ပြီးမှ ချွေးတွေ တပြောင်ပြောင်နှင့် ရေသောက်ရန် ပြင်နေသော လူထံ 'သာမှ ယောကျ်ားကွ၊ ဘသားကြီး ပီလှသကွယ့်'ဟု ချီးမွမ်းနေ၏။ မောင်ညို့အသံကား ဝင်နေလေပြီ။ ထိုလူမှာ အသက်ချင်း မောင်ညိုနှင့် မတိမ်းမယိမ်း ဖြစ်သည်။ အသားလတ်ပြီး မောင်ညိုနီးနီးမြင့်သော သူ့ကိုယ်လုံးသည် မောင်ညို့လောက် မထွားသော်လည်း ကျစ်လျစ်တင်းမာလှသည်။ မျက်နှာကြီးပြဲ၍ နှုတ်ခမ်းကြီးတွေ ပြည့်လှ ထူလှ၏။ မျက်လုံးတွေ ကြည်လင်တောက်ပသည်။ ဆံပင် မကောင်းလှ။ ပါးတစ်ဖက်၌ အမာရွတ်ကလေးတစ်ခု လက်တစ်ဆစ်ခန့် ပါ၏။ မောင်ညိုသည် ချက်ချင်း ခင်မင်မိသောကြောင့် ထိုသူ့လက်မောင်းတစ်လုံးကို ကိုင်စမ်းရင်း 'ကိုရင် မြို့သာက လာသလား၊ မြို့သာသားရော့ ဟုတ်ဘူးထင်ပါ'ဟု မေးသည်။ မြို့သာသားတွေလည်း ထိုသူ့ထံ လာကြသည်။ အနီးသို့ရောက်လျှင် အားရဝမ်းသာ ဖက်ကြ ကိုင်ကြရင်း 'သာမှ ကိုရင်တွန်ကွ'ဟု ဆိုကြသည်ကို ထိုသူက မထေ့တထေ့ ပြုံးဟန်ဖြင့် 'တန်ပါ၊ ခုခါမှ လာပီး'ဟု ရှန်းဆုတ်နေသည်။ မောင်ညိုက နာမည်ခေါ်သံ ကြားသောကြောင့် သူပါ 'ကိုရင့်နာမယ် ကိုတွန်သဲ့လား'ဟု မေးပြီး ထိုသူက ရေသောက်ရင်း ခေါင်းညိတ်မှ–

'ဘယ်နယ်သားတုံးဗျ'

'မိုးကုတ်နယ်ဘက်ကပဲ'

မောင်ညို၏ နားရွက်များ ရှည်ပင် ရှည်လျှင် ယုံနားရွက်ကဲ့သို့ ပေ၍ ထားသည်ကို မြင်ရမတတ်။ 'အကျွန် မိုးကုတ်လည်း ရောက်ဖူးပါရဲ့' ဟု စကားလျင်မြန်စွာ စသည်ကို ထိုသူက ရေခွက်ပြန်ချ၍ ရေတစ်ခွက် ထပ်ပေးရန် မျက်စပစ်နေရာမှ–

'မိုးကုတ်မြို့ပေါ်က မဟုတ်ပေါင်ပါ။ မိုးကုတ်က တစ်ဆင့် မိုးမိတ်ဘက် သွားသဲ့လမ်းက မိုင်းလွယ်ဆိုသဲ့ ရွာငယ်ကလေးကပါ'ဟု ပြောသည်။ မောင်ညိုတွင် ရင်ထဲမှ

အေးခဲ ဖြစ်သွားပြီး ကျောထဲက ရှိန်းခနဲ ဖြစ်သွားသည်ကိုသာ သူသိသည်။ သူ့ပါးစပ်မှ လျှင်မြန်စွာ 'မိုင်းလွယ်ကဖြင့် ဒွေးမယ်ဆိုသာ သိမှာပေါ့'ဟု ပြောလိုက်မိသည်ကို သတိမထားလိုက်မိ။ မောင်တွန်က မျက်စပင့်ကြည့်ရင်း သူ့နားသူ မယုံသလို 'ဗျာ .... ဒွေးမယ် ဟုတ်စ'ဟု မေးနေတော့မှ–

'ဟုတ်သယ် ဒွေးမယ်'ဟု လေးလေးကြီး ဖြေသည်။ မောင်တွန်တွင် သာ၍ မယုံနိုင်အောင် ဖြစ်သွားပုံနှင့် မောင်ညို့အား တွေကြည့်နေရာ နောက်က ကမ်းပေးသော ရေခွက်ကို မြင်မှ လှမ်းယူလျက် 'သိသားပဲ'ဟု ပြောပြီး လျှင်မြန်စွာ မောင်ညို့ထံမှ မျက်နှာမလွှဲနိုင်ဘဲ ဖြစ်ရင်းက 'အဲသည် ဒွေးမယ်အမိရော ကိုရင် သိပါစ'ဟု မေးလိုက်သည်။ မောင်ညိုက လွယ်ကူစွာ 'သိသယ်'ဟု မောင်တွန့် လက်မောင်းမှ သူ့လက်ကို ပြန်ရုပ်နေခိုက်–

'ဒေါ်နော်ဇာ.... ကိုလေ....'

'သိပါသယ်၊ ပဇာဖြစ်လို့လဲ'

'မဖြစ်ပါဘူး'ဟု တိုတိုပြန်ပြော၏။ မောင်ညိုက ခေတ္တကြောင်သွားမိရင်း– 'အစ်ကိုနဲ့ သိပ်ကျွမ်းလား'ဟု မေးသည်ကို–

'ကျွမ်းပါဘူး၊ တစ်ရွာတည်းမို့ သိသာပဲ'ဟု ပြောမှ မောင်ညိုတွင် တစ်စုံတစ်ရာ ကို စိတ်ကူး၍ ချက်ချင်း–

'အစ်ကို ဘယ်မှာ တည်းလဲ'

'မြို့သာမယ်'

'ဘယ်တော့ မိုင်းလွယ်ကို ပြန်မလဲ'

'သန်ဘက်ခါ'ဟု ပြောလျှင်–

'ပြန်ရင် အကျွန့်ကို စောင့်နေပါ'

'ပဇာအတွက်လဲ၊ လက်ဆောင် ပါးလိုက်မရို့လား'

'ဟုတ်ဘူး၊ အကျွန်ပါ လိုက်ခဲ့မရို့'ဟု ပြောလိုက်သည်။

ဤအခိုက် မောင်တွန့်လူစုက အင်္ကျီအဝတ်အစားတွေ ပြန်ပေးနေကြသဖြင့် မောင်တွန်လည်း ဝတ်ရင်းက မောင်ညိုအား အံ့အားသင့်စွာ ကြည့်နေခိုက်မှာပင် မောင်ညို လည်း 'အစ်ကို ဆက်ဆက် စောင့်နေနော်၊ အကျွန် သန်ဘက်ခါ ဆွမ်းခံပြန်ချိန် အရောက် လာခဲ့မယ်'ဟု ထပ်မှာ၍ 'ရော့ အစ်ကို့ နိုင်ကြေးတွေ'ဟု လောင်းကြေးထပ်ထားသမျှ အကုန်ပေးရစ်ခဲ့သည်။ မောင်တွန်လည်း မောင်ညို့ထံမှ ငွေများနှင့် ပွဲဦးစက မောင်နောင် လောင်းသွားသော ဒင်္ဂါးကြီးတစ်ရာကိုပါ သူ့အပေါင်းအဖော် တစ်သိုက်နှင့် ဆူညံရွှင်ပျစွာ သိမ်းယူ ရေတွက်နေရင်း မောင်ညိုနှင့် ထိုညဉ့်တွင် လူချင်းကွဲသွားခဲ့လေသည်။

အလှူကိစ္စ အပြီးသတ်သော နောက်တစ်နေ့တွင် မောင်ညိုသည် သိမ်းတန် ဆည်းတန်သရွေ့ သိမ်းဆည်းသယ်ပိုး ပေးပြုပြီးလျှင် မောင်စိုနှင့် ငဖြိုးအား ကျန်သေးသော ဝတ္ထုရားများကို ကြည့်ရှုဆောင်ရွက်ပေးရန် မှာကြားထားလျက် မိဘများထံ မိုးကုတ်သို့

အသိတစ်ယောက်နှင့် အလည်လိုက်သွားမည့် အကြောင်း ခွင့်ပန်၍ တတိယနေ့ နံနက်စောစော ထမင်းစားပြီးပြီးချင်း မြို့သာသို့ ထွက်ခဲ့တော့၏။

မိဘများက ခါတိုင်းကဲ့သို့ပင် လွယ်ကူစွာ ခွင့်ပေး၍ မိုးကုတ်မှ မိတ်ဆွေကျောက်ပွဲစား မိသားတစ်စုကိုလည်း အဘယ့်ကြောင့် ထီးတင်ပွဲသို့ မလာကြသနည်း၊ လူကြုံနှင့်ပေးပို့သော အမှာစာပင် မရောက်၍လော၊ သို့တည်းမဟုတ် နေခင်း ထိုင်တာမကောင်းများ ဖြစ်နေပါ၍လောဟု ဝင်ရောက် မေးမြန်းစုံစမ်းရန် မှာလိုက်သေးသည်။

မောင်ညို ထွက်ခဲ့သောနေ့၌ပင် ကင်းဦးမှ ဦးအင်တို့ မိသားတစ်စုလည်း နေရပ်သို့ ပြန်မည်ဖြစ်ရာ ခင်သွယ် ဆတ်ဆတ်ကြဲက 'အမယ်လေး ကိုရင်ညိုကြီးရဲ့၊ အကျွန်ရို့အပြန်တောင် မဆိုင်းနိုင်လောက်အောင် ပဇာကိစ္စများ သာ့လောက် အရေးကြီးနေပါလိမ့်တော်။ တကယ်ဆို ရွှေမြို့တော်အထိတွင်ပဲ လိုက်ပို့ပါဦး၊ အကျွန်ရို့ ကျေနပ်ပါသယ်။ ခုတော့ .....'ဟု စကားနာထိုးပြီး မျက်လုံးတွေ ပြူး၍ နှုတ်ခမ်းစူသယောင် ပြုသည်ကိုမောင်ညိုတွင် ရုတ်တရက် ဘာမျှ စကားသင့်လျော်အောင် ပြန်မပြောနိုင်တိုင်း ဟဲ ... ဟဲ ဟု သွားကြီးတွေ ဖော်ရုံဖော်နိုင်ခိုက် 'အေးထဲ့တော် .... သွားပ သွားပါ။ အကျွန်တို့ဆီလာရင်သာ....'ဟု ပြောကျန်ခဲ့၏။ မောင်ညိုကြီးက 'ကွယ် မသွားမဖြစ်လို့ပါ၊ ပီးသွားမယ့် အဖော်ကလည်း မြို့သာက စောင့်နေမှာမို့ပါ'ဟု ကျေနပ်အောင် ပြောခဲ့ရသည်။

မောင်တွန်သည် မောင်ညို အကယ်လာလိမ့်မည် မထင်ပေ။ မောင်ညို့အလာကိုစောင့်ရာမှ မောင်ညို့အကြောင်းကို စဉ်းစားမိသည်။ သူ့တည်းအိမ်မှ လူစုထဲက မောင်ညို့သတင်း ကြားထားပြီး ဖြစ်လေရာ နဂိုခင်မင်သည့် စိတ်တွင် ထပ်လောင်း၍ ခင်မင်နေမိတော့၏။

မောင်ညိုကြီး အကယ်ပင် သူ့မြင်းညိုကြီးပေါ်တွင် အိပ်ရာလိပ်၊ ထန်းခေါက်ဖာနှင့် အဝတ်ပို စသော ခရီးသွား ပစ္စည်းများနှင့် ချိန်းဆိုသော အချိန်မီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလျှင် ဝမ်းသာသလိုလို ဖြစ်မိရှာသည်။

ထိုနေ့ပင် ခရီးစထွက်ခဲ့ရာ တွန်က သူ လက်ဖဲ့နိုင်၍ ရထားသော ငွေကြေးဖြင့်မိခင်ကြီးဖို့ဟု ဆိုကာ ပိတ်ဖျင်၊ ဆေးဝါး၊ အခြား တောက်တိုမည်ရ အသုံးအဆောင်စသည်ကို ဝယ်ခြမ်းပြီး ရွှေမြို့တော် တစ်နေရာ တွန့်အသိ တစ်အိမ်၌ပင် တစ်ညဥ့်တည်းခဲ့ကြသည်။ မောင်တွန် ဝယ်ခြမ်းနေသည်ကို စိတ်လက်ရှည်ရှည် စောင့်နေသောမောင်ညိုက တွန်ဝယ်သော ပစ္စည်းစုတွင် ပြင်သစ်ရေမွှေး၊ ပိုးသားပဝါနှင့် အိမ်တော်ရာထီး၊ ဆိတ်ရေနှ သည်းကြီးတပ် ပိန်းတန်း မိန်းမစီးတစ်ရန် စသည်တို့လည်း ပါဝင်သည်ကိုသတိထားမိသည်။ သို့သော် ပြုံး၍သာ ကြည့်နေသည်။ "ဘယ်သူ့ဖို့လဲ"ဟု မမေးခဲ့ပေ။

မောင်ညိုနှင့် တွန် အမရပူရ မြို့ဟောင်းကတည်းက လူချင်း တကယ် ရင်းနှီးသွားကြ၏။ ရွှေမြို့တော်တွင် ထိုထက်နီးစပ်သွားပြီး အိုးဘို ရောက်သောအခါ တစ်

ယောက် အကြောင်း တစ်ယောက် သိကြလျက်၊ မတ္တရာလွန်လျှင်ကား အနှစ်နှစ် အလလ က ပေါင်းခဲ့သော ငယ်သူငယ်ချင်းဟောင်းနှင့် မခြား ရင်းသွားကြတော့သည်။

မောင်ညိုက တွေန်ထက် အသက် အခါလည်ကျော် ကြီးလေရာ တစ်ယောက်ကို တစ်ယောက် အခေါ်တွေ ပြင်လိုက်ကြသည်။ မောင်ညို့အကြောင်း ဝမ်းတွင်းအူမ မကျန် သိရသကဲ့သို့ တွေန်မှာလည်း မိုးကုတ်နေ မောင်ညို့မိဘများ၏ မိတ်ဆွေ ကျောက်ကုန် သည်ထံ၌ပင် အလုပ်လုပ်သူဖြစ်ကြောင်း သိရ၏။ မောင်တွန့် ဖွားဇာတိမှာ မောင်တွန် ပြောသကဲ့သို့ မိုင်းလွယ်ဖြစ်၍ ဒွေးမယ်တို့ကဲ့သို့ပင် ရှမ်းကပြား ဖြစ်၏။ တွေန့်မိခင် မုဆိုးမကြီးမှာ အသက်ခြောက်ဆယ်ကျော်ပြီ။ တွေန်မှာ တတိယသား ဖြစ်၏။ မိခင်ကြီး မှာ ခင်ပွန်းသည် ဆုံးသွားစဉ် လွန်ခဲ့သော သုံးနှစ်ခန့်က စ၍ တရှောင်ရှောင် မမာနေတတ် သည်။ တွေန်တွင် အခြားဆွေရင်းမျိုးချာ မရှိ။ မိခင်ကြီးအား လုပ်ကျွေးရန် ဦးမြတ်စံ၏ မိတ်ဆွေဖြစ်သူ ဦးနောင်ဖိုး၊ ဒေါ်မိတ်တို့ထံ၌ ထမင်းစား၊ စရိတ်ယူ လက်လုပ် လက် ကျွေး အစေအပါးသဖွယ် နေထိုင်သည်ဟု မောင်ညို သိရ၏။

ယခင်နေ့ဦးက မောင်ညိုတို့ ဦးနောင်ဖိုးအိမ်သို့ ရောက်စဉ် တွေန်မှာ ရွှေမြို့တော် သို့ ကျောက်ပို့ သွားနေသောကြောင့် လွဲသွားခဲ့သည်ဟုလည်း သိရသည်။

သို့နှင့်လာခဲ့ရာ မောင်ညိုတွင် ဒွေးမယ်နှင့်တွေ့ရန် အရေးအတွက်သာ အမြဲလိုလို စဉ်းစားလိုက်ခဲ့သည်။ တွေန်သည် ဒွေးမယ်အကြောင်းနှင့် ပတ်သက်၍ မည်သို့မျှ နောက်ထပ် မမေးတော့။ နဂိုခံ သဘောကပင် စကားအတော်နည်းသည်။ စကားပေါက် စကားစ မရှိ။ ပြောလျှင် ပြတ်ပြတ်သာ ပြောတတ်သည်ဟု တွေ့ရသော မောင်ညိုတွင် သူကဲ့သို့ပင် မောင်တွန်ကလည်း ဒွေးမယ်အကြောင်း မကြာခဏ တွေးတွေးပြီး သူ့ကို တစ်မျိုးကြီး ကြည့်ကြည့် ခေါင်းခါတတ်သည်ကို သတိမထားမိပေ။ သူကသာ ရေနံ့သာ တွင် တစ်ညဉ့်အိပ်စဉ်က–

'ရို့ တွေန်၊ မင်းဝယ်ခဲ့သဲ့ ပစ္စည်းတွေထဲက ဟို အနံ့စူးစူးနဲ့ ပြင်သစ်ရေမွှေးဟာ အသူမှာလို့လဲ။ အသူ့ဖို့ လက်ဆောင်တုံးကွယ့်'ဟု မေးမိသည်ကို တွေန်က သူလိုပင် သွားကြီးဖြဲရင်း 'အသူ့ပေးလဲဆိုသာ အကျွန်ပေးတော့ ကိုရင်ညို သိလိမ့်မပေါ့'ဟုသာ ဝေ့လည်လည် ပြောဖူးသည်။

လမ်းတွင် ထူးထူးထွေထွေ မည်သို့မျှ မကြုံမတွေ့ကြဘဲ မိုးကုတ်သို့ တပေါင်း လဆန်းနှစ်ရက်နေ့ ဆွမ်းခံပြန်ချိန် ချောချောမောမော ဆိုက်ရောက်ကြ၏။ ဦးနောင်ဖိုးတို့ အိမ်သို့ ရောက်မှ တွေန်၏ ရေမွှေး စသော အသုံးအဆောင်ကလေးများ မည်သူ့လက်သို့ လက်ဆောင်ပါးလိုက်သည်ကို သိရတော့သည်။

မိဘများ သင်ပေးလိုက်သည့်အတိုင်း မောင်ညိုကြီးက မကျေနပ်နိုင်ပုံဖြင့် သူတို့ အလျှုသို့ အိမ်သားများ မလာကြသည်ကို အပြစ်တင်နေသည်။ အိမ်သားများကလည်း သူတို့တွင် တွေန် ကျောက်ပို့သွားခိုက်နှင့် ကြုံကြိုက်၍ အခြား လူရင်းလူချာလည်း

မရှိသောကြောင့် တစ်ကြောင်း၊ ဒေါ်မိတ် ကိုယ်တိုင်လည်း အနည်းငယ် နာမကျန်း ဖြစ်နေသည်က တစ်တန်ကြောင့် မလာနိုင်ကြောင်း တောင်းပန်ရင်း အလှူစည်ကားရဲ့၊ စေတနာ ပြဋ္ဌာန်းသည်နှင့် အမျှ အလှူဖြစ်မြောက် အောင်မြင်ပါစ စသည် ပြန်လှန် မေးမြန်း ဝမ်းမြောက်စွာ သာဓု အနုမောဒနာ ခေါ်နေခိုက်၊ မောင်တွန်သည် သူ့ သိုးသန့် လက်ဆောင်စုကို ဦးနောင်ဖိုးတို့၏ တစ်ဦးတည်းသော ချစ်သမီးဖြစ်သူ အေးမယ်ကလေး အား ကျေနပ်စွာ ပေးနေသည်။ အေးမယ်ကလည်း ဂရုတစိုက် ဝယ်ခြမ်းလာသည့် လက်ဆောင်တွေဖြင့် တွန်အား ကျေးဇူးတင်စွာ ကြည့်နေပုံတို့ကို မောင်ညို လူပါးက မျက်စိတစ်စွန်းမှ မြင်ပြီး ဖြစ်နေတော့သည်။

အေးမယ်လေးမှာ မနှစ်ကနှင့်မတူ ကိုယ်ရေအတော်စစ်ပြီး ထွားကျိုင်းစိုပြည် လာသည်ကို မြင်ရ၏။ အသားဝါချော မိုးကုတ်သူကလေးမှာ မနှစ်က မောင်ညိုကြီးအား 'အစ်ကိုညိုကြီး၊ ကိုရင်စို နှာစေးပါ့မနော'ဟု နှုတ်ဆက်လိုက်သကဲ့သို့ ယခုလည်း တွန့် လက်ဆောင်တွေကို ကျေနပ်စွာ ပွေ့ပိုက်ရင်းက 'အစ်ကိုညိုကြီး တစ်ယောက်တည်း လှူဖို့လုပ်လာသပေါ့လေ။ ကလေးတော့ မခေါ်ခဲ့ဘူးပေါ့။ ပဇာမို့လဲ၊ သူငယ်နာ ထောင့် တန်း ဆွဲနေလို့လား'ဟု နောက်ပြောင်နေသေးသည်။

မိုးကုတ်၌ တစ်ညသာနားပြီး မိုင်းလွယ်သို့ နောက်တစ်နေ့ ညဦးကလေး အရောက် ခရီးဆက်ခဲ့ကြတော့သည်။ တွန်တို့အိမ်သို့ ရောက်သောအခါ သုံးရက်လ ကလေးပင် ဝင်သွားနှင့်ပြီ ဖြစ်သောကြောင့် ရောက်မဆိုက် မြင်းဖြုတ်၊ ရေမိုးချိုး၊ ထမင်း စားနှင့် မိုးချုပ်သွားသည်။ မောင်ညိုတွင် ရောက်သဆို ဒွေးမယ်ထံ ပြေးမတွေ့ရသည်ကို ဝမ်းနည်းလှသည်။ ညကြီးမိုးချုပ်လည်း သွားတွေ့ရမှာ လူချင်း များစွာ မကျွမ်းသေးသော ကြောင့် ထိုအကြံကို ခေတ္တ နောက်သို့ ဆုတ်ထားရသည်။ တွန့်မိခင် ဒေါ်ချုကိုလည်း နာမကျန်းနှင့် တွေ့ရသည်။ ဒေါ်ချုမှာ တွန်နှင့် တူလှ၏။ သားအမိ စကားပြောသည့် လေယူလေသိမ်းပင် တူလှ၍ စိတ်သဘောကောင်းပုံချင်းလည်း တူသည်။ မောင်ညို့ကိုမူ မြင်မြင်ချင်း အနီးသို့ အတိုးခိုင်းပြီး ကြည့်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျောပုတ် ရင်ပုတ်ဖြင့် အိပ်ရာထဲ လဲရာက ထ ထိုင်မတတ် အသံထွက်အောင် ရယ်ရင်း–

'ဩော် ငါက အသူများလဲရို့၊ လက်စသတ်တော့ ဟိုတပေါင်းလက ရွာထဲ မျောက်ပွဲ လျှောက်ကသဲ့ ဦးမင်းကျော်ကိုးတော်။ ရို့ တွန်ရယ်၊ သားနှယ် သင်းနဲ့မှ သွားတွေ့ တွေ့တတ်သနော်'ဟု သဘောကျလျက် 'မင့် အစ်ကိုကြီး မွန်နဲ့ တူဘူးလား ကွယ့် ဟင်။ ထန်းရည်မူးမှ သာတူသယ် ဟဲ့။ နင်က သင်း ထန်းရည်မူးသာ တွေ့ဖူးသေး မထင်ပါဘူး'ဟု မေးနေသည်ကို တွန်ကပါ မောင်ညို့မျက်နှာ စပ်ဖြဲဖြဲကြီးကို လှမ်းပြုံး ရာမှ 'တွေ့ဖူးပါသယ် အမိရ'ဟု ပြောသည်။

မောင်ညိုတွင် အဘွားကြီး အမှတ်သညာ ကောင်းလှပုံ၊ မြင်မြင်ချင်း ခင်မင်တတ် ပုံကိုသာ ချီးမွမ်းနေမိတော့သည်။

မောင်ညိုသည် နောက်တစ်နေ့နံနက် နှင်းမကွဲမီပင် နှင်းကြားက မြင်းထုတ်ပြီး အချမ်းလုံရန် ပုဆိုးခေါင်းမြီးချုံကာ ဒွေးမယ်ထံ ထွက်ခဲ့တော့သည်။ ငတွန်တို့အိမ်မှာ ရွာမြောက်ပိုင်းတွင် ဖြစ်၍ ဒွေးမယ်တို့တဲနှင့် အတော်လှမ်းနေသည်။ ဒွေးမယ်တို့ တဲကလေးမှာ ရွာပြင်ကျကျ ဖြစ်သောကြောင့် မောင်ညိုလည်း ရွာလယ်လမ်းမှ မသွားဘဲ ရွာစည်းတန်းနှင့်မြောင်နေသည့် လှည်းလမ်းကြောင်းအတိုင်း မြင်းအသားကျ နှင်ခဲ့သည်။

ဂဝံကျောက်တုံး နီနီရဲရဲကလေးတွေ၊ သဲလုံးတွေမှာ နှင်းသိပ်ထားသောကြောင့် မြင်းခွာနှင့် ယက်ပက်မိမှ ဖွာခနဲ ဖွာခနဲ လွင့်လွင့်ကျန်ခဲ့သည်။ အရှေ့တောင်စွယ်မှ ပြူထွက်လာသော နေမင်းမှာလည်း သူကိုယ်တိုင် ချမ်းရှာလွန်း၍လော မသိ၊ နှင်းတွေနောက်မှ မျက်နှာဝိုင်းကြီးကို မရဲတရဲသာ ပြနေတော့သည်။

သို့ လာခဲ့ရာ ဒွေးမယ်တို့ တဲကလေးအနီး ရွာတန်းကွေ့ကလေးသို့ ရောက်ခဲ့လျှင် ရွာထဲမှ ပြန်လာသော ဒွေးမယ်နှင့် မမျှော်လင့်သေးဘဲ သွားဆုံမိတော့သည်။

ဒွေးမယ်သည် ခေါင်းပေါ်၌ ဟင်းရွက်ရောင်းပြီး ပြန်လာခဲ့သော နှီးဇန်းကိုရွက်၍ လှည်းလမ်းအတိုင်း ထွက်လျှောက်ခဲ့ရာ၊ နောက်က မြင်းခွာသံကြားမှ ဘေးသို့ ကိုယ်လေးကျုံ့၍ ဖယ်ပေးသည်။

မြင်းကြီး သူ့နားကပ်လာမှ ခေါင်းပေါ်က နှီးဇန်းကို ချပြီး ကိုင်ရင်း မြင်းထံကြည့်မိရာ၊ ထိုအခိုက် နှင်းထဲမှ လှုပ်လှုပ် လှုပ်လှုပ် သွားရာက သူ့ကို လမ်းဖယ်ပေးသောလူထံ မောင်ညိုက အမှတ်မထင် စောင်းငဲ့ ငုံ့ကြည့်သွားသည်နှင့် ဆုံမိကြ၏။

မောင်ညို့ဇောမှာ ရေးရေးလေး မြင်နေရပြီဖြစ်သော တဲဆီသို့ ရောက်နေခြင်းကြောင့် ရုတ်တရက် လမ်းဖယ်ပေးသူကို သတိပြု၍ စေ့စေ့စပ်စပ် မကြည့်မိ။ မြင်းတစ်လျားခန့် လွန်သွားမှ နှင်းကြားက မြင်ရသော မော့နေသည့် မျက်နှာဖွေးဖွေးကလေးကြောင့် ဒိတ်ခနဲ ရင်ထဲမှ ခုန်သွားရင်း၊ နောက်တစ်ချက် ပြန်ကြည့်ရင်း 'ဟင် ဒွေးမယ်' ဟု မြင်းညိုကြီးကို ဆတ်ခနဲ ဇက်ကျော့ဆွဲရာ မြင်းမှာ အပြေးကလေး လာခဲ့ရာ၌ သခင့် အလိုသို့ ဇက်ကြီးလန်အောင် မော့၍ ရှေ့လက်တွေနှင့် သဲထဲ ရှပ်ထောက်ပေးမှ မြင်းပေါ်က လွှားခနဲ ခုန်ဆင်းလိုက်သည်။

ဒွေးမယ်ကလည်း မြင်းပေါ်က မျက်နှာကို မြင်မြင်ချင်း မှတ်မိလိုက်ရာ ရင်ထဲမှ တဖိုဖို ဖြစ်လျက်က 'ရို ကိုရင်ညို'ဟု အသံကလေး ဝဲဝဲမှ တုန်သွားရှာသည်။

ပြီးလျှင် နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် အတင်း ပြေးဖက်ကြမတတ် နီးကပ်သွားပြီးမှ ကိုယ်တွေကို ကျုံ့ထားရင်း အတန်ကြာ စကားမပြောနိုင်အောင် ဖြစ်သွားကြသည်။ မောင်ညိုက တရှုပ်ရှုပ် ခွာလေးဖက် ပေါက်နေသော မြင်းကို ဇက်ဆွဲလျက်၊ ဒွေးမယ်က ဈေးဇန်းကို ချိုင်းကြားညှပ်လျက် တွေ၍ကြည့်ရာမှ ပြုံးပြုံးလာမိကြ၏။

'ကိုညို'ဟု ဒွေးမယ်က ထပ်ခေါ်ရုံ ခေါ်လိုက်သည့်အခါ 'ဒွေးမယ်'ဟု ပြန်၍ပင် ခေါ်ပြီး–

'ကိုညို မနေ့ညက ရောက်သယ်'

'ဩော်'

'ဟုတ်သယ်၊ မြောက်ပိုင်းက တွေနံတို့အိမ်မယ် တည်းသယ်'

'ဩော်'ဟု ဆိုပြီး 'လာလေ၊ အကျွန်ဆီ လာသာဟုတ်စ'ဟု ရှေ့က အလျင်သွားစပြုသည်။ မောင်ညိုလည်း ဒွေးမယ်နှင့် ယှဉ်၍ မြင်းဆွဲပြီး လျှောက်သည်။ ဒွေးမယ်က မြင်းကြီးကို တစ်ချက်မျှ လှမ်းကြည့်ရင်း 'မနှစ်က မြင်းညိုကြီးနော'ဟု မေးသည်။ တဲရောက်သည်တိုင် တစ်ယောက်နှင့်တစ်ယောက် နောက်ထပ် စကားမပြောကြပေ။ တဲဝရောက်ပြီး မြင်းကို တဲခေါင်းရင်း သဘော်တမာ တစ်ပင်တွင် ချည်ခဲ့ပြီးမှ–

'မင့် အမိတစ်ယောက်ရော'

'ဩော် အမိလား၊ တောစပ်မယ် ရှိမလား မသိဘူး။ လာပါလိမ့်မယ်'ဟု ပြောပြီး ဗန်းသွားထားသည်။ ကွမ်း၊ ဆေး စသည်လည်း ယူလာသည်။ သူတို့ချင်း စကားမပြောသေးဘဲ ခေတ္တနေပြီးမှ ဒွေးမယ်က–

'ဟို လေးငါးရက်က အကျွန် အိပ်မက် မက်သယ်'

'ဘယ်လိုတုံး'

'ကိုညို လာသယ်ရို့'

'ဩော် ဟုတ်စ'ဟု မောင်ညိုက ပြုံးသည်။ ဒွေးမယ်က မပြုံးဘဲ 'အဲသည်တစ်ခါပဲ ထူးထူးခြားခြား မက်သာ။ ကိုညို သွားကတည်းက တစ်ခါမှ မမက်ဖူးဘူး'ဟု ပြော၏။ ဒွေးမယ်က ကိုရင်ညိုဟု မခေါ်ဘဲ ကိုညိုဟု ခေါ်သည်ကို မောင်ညို သတိပြုမိ၏။ 'ဩော်' ဟု နှုတ်လေးနေသေးသည်။ ဒွေးမယ်ကသာ 'သိပ်မှန်သဲ့ အိပ်မက်ပဲနော'ဟု ပြောတော့မှ–

'ဒွေးမယ်'ဟု ခေါ်ကာ 'သည်က အိပ်မက် မက်နေရို့လား မသိဘူး၊ ကိုညိုရို့ အလှူလုပ်နေသယ်။ လုပ်နေသဲ့ အလှူမယ် တွေနံနဲ့ ဖြုန်းခနဲ တွေ့သယ်။ သူနဲ့ နောက်နောက်က တစ်ခါမှ တွေ့ဖူးပါဘူး။ သူ့ တွေ့ပြီး ပဇာသားတုံး မေးရော့ မိုင်းလွယ်သားရို့ လည်း ပြောရော သူပြန်မယ့်နေ့ ပြောပါ၊ လိုက်ခဲ့စမ်းပါရစေ ဆိုပီး ငေါက်ခနဲ ထလိုက်လာမိသာပဲ။ မင်းနဲ့ တွေ့သာ စေ့စေ့တွေးရင် မနှစ်တုန်းကလည်း သည် တပို့တွဲ၊ တပေါင်းပဲ။ တစ်ခါလည် တင်းတင်းပြည့်သွားပီ'ဟု ပြောပြနိုင်၏။ ပြီးလျှင် 'တစ်ခါတည်း တွေ့ဖူးပြီး လူချင်းမတွေ့ဘဲ တစ်ခါလည်ကျော်မှ ဖြုန်းခနဲ မနေနိုင်အောင် စိတ်ကူးရပီး ငေါက်ခနဲ လာမိသာ ပဇာကြောင့်တုံး မသိဘူးနော'ဟု ပြော၍ ဒွေးမယ်ကိုလည်း စိန်းစိန်းကြီး ကြည့်သည်။

ကွဲလက်စ နှင်းထွေးများ သွဲ့ပျော်စ စပြုနေပြီ။ သက်ငယ်မိုးစွန်းမှ တစ်စက်စက် တစ်ပေါက်ပေါက် ညင်းသွဲ့သွဲ့ ဟီးလေးခိုပြီး မြေသို့ ခနေသော နှင်းရည်ဥကလေးများ

ဆော့သံ နှော့သံ၊ မလှမ်းမကမ်း သစ်ပင်သစ်ကိုင်းပေါ်၌ နေရောင်အပူဓာတ် ဟပ်မိသဖြင့် တဖျတ်ဖျတ် လွန့်မြူးရင်း တောင်ပံဖြန့်ကာ တီတာ ကျူညာကြသော ကျေးငှက်များ သော့သံ ကျော့သံများ၊ မဝေးမလှမ်းဆီမှ နွားခလောက်သံ၊ ယာတောသူ တေးမြူသံ ရှိသဲ့သဲ့တွေဖြင့် နှောင်ပြီးလျှင် သူတို့နှစ်ဦးထံ ရောက်လာနေကြသည်။

ဒွေးမယ်က မောင်ညိုစကားဆုံးလျှင် ခေါင်းငုံ့၍သွားသည်။ မောင်ညိုသည် စကားကို လုပ်ကြံစီစဉ်၍ ပြောရခြင်းမဟုတ်။ အမှန်အတိုင်း ပြောခြင်းဖြစ်ရာ ပြောပြီးလျှင် တစ်ကိုယ်လုံး နွေးလာသည့်စိတ်အဟုန်ကြောင့် အသားများ တဆတ်ဆတ်တုန်နေသည်။

တုန်နေသည့် သူ့လက်ညှိုးကြီးဖြင့် အနီးက ခေါင်းငုံ့ထိုင်နေသော ဒွေးမယ်မေးစေ့ ကလေးကို အသာ ဆတ်ခနဲ လှမ်းပင့်ပြီး–

'ကိုညို မင့်ကို ချစ်နေပီ ထင်သယ်နော'ဟု မေးသည်။ မောင်ညို့စကားမှာ အတော် ရယ်စရာကောင်းနေသည်။ "မင်းတို့လို အရှိုင်းတွေဟာ ဖြစ်မိရင် အရူးအမူး ချည့်"ဟု အပြောခံရသော မောင်စိုး မြင်လျှင် အူနှိပ်၍ ရယ်မိပေမည်။ ဒွေးမယ်က မပြုံးဘဲ မနေနိုင်သောကြောင့် မျက်လုံးကလေးတွေ အရောင်တောက်သွားမှ 'မင်းရော'ဟု ပြောကာ အတင်း ဒွေးမယ်ကို ခါးလယ်မှ ဆွဲယူပြီး ပွေ့ဖက်တော့သည်။

ဒွေးမယ်မှာ ပထမသော် ကြောင်တက်တက်နှင့် လန့်သွားသောကြောင့် 'အမိ ရေ့'ဟု အသာ အော်လိုက်မိသော်လည်း နောက်အဖို့တွင် မောင်ညိုပြုသမျှ ခံနေ၏။ တစ်ကိုယ်လုံးကား မောင်ညိုထက် တဆတ်ဆတ်တုန်၍ အသားကလေးတွေ နီမြန်းနေ တော့သည်။

မောင်ညို ကိုယ်ကလေးအား ပွေ့ထားသော လက်ကြီးတွေကို လျှော့လိုက်မှ ဘေးသို့ဆင်း၍ မျက်နှာမဖော်ရဲဘဲ ကြေမွသွားသော အဝတ်အစားကလေးတွေကို လက် ကလေး တစ်ဖက်ဖြင့် ဖြန့်သပ်နေတော့သည်။

မောင်ညိုမှာ ဒွေးမယ်ကိုကြည့်ပြီး အံ့အားသင့်နေတော့သည်။ ယခု ဒွေးမယ်လို အခြားမိန်းမတွေကိုလည်း နမ်းခဲ့ဖူးသည်။ မိန်းမမာယာဖြင့် မူကာတီဂဲာ ဟန်မပြင်ဘဲ သဘောရင်းအတိုင်း ဒွေးမယ်ကဲ့သို့ ပြုလိုရာပြု ဟူသော စေတနာနှင့် သူ့လက်တွင် လုံးဝ ခွင့်ပြုကျေနပ်ခဲ့သူကိုကား မတွေ့ခဲ့ဖူးပေ။ ယခုမှာမူ ဒွေးမယ်တွင် သူ့ကို မကြည့်ရဲ သလို ခေါင်းကလေး ငုံ့ရာက တစ်ကိုယ်လုံးလည်း အသားတွေ နီနေပြီး ထဘီစကလေး ဖြင့် ခြေဖမိုးကလေးကို ဆွဲဆွဲအုပ်နေသော သူ့လက်ချောင်းကလေးတွေလည်း တုန်နေ သည်ကို တွေ့ရသော်လည်း သူ စိတ်လိုက်မာန်ပါ ပြုလိုက်စတွင်သာ လန့်၍ တစ်ချက် အော်သံကြားမိသည်ကို သတိပြုမိသောကြောင့် မောင်ညိုသည် နောက်ထပ် ဤမျှရှန့်ရင်း ကြမ်းတမ်းစွာ ပြုမိမည်ကိုပင် တွေး၍ ပူပင်သနားသွားမိတော့သည်။ သက်ပြင်းကိုသာ ချပြီး 'ကိုညို သလိုလုပ်သာ ဒွေးမယ်.....'ဟု စကားပြောပြီး 'စိတ်မျက်သွားလား'ဟု မေး၏။ ဒွေးမယ်က ခေါင်းမဖော်ဘဲ 'မျက်ပါဘူး'ဟု ဖြေမှ တကယ် ကြေကွဲလှပုံဖြင့် 'စိတ်မမျက်ပါနဲ့ကွယ်၊ ချစ်လွန်းလို့ပါ။ မင်းကရော.....'ဟု မေးသည်ကိုသာ ဒွေးမယ်က

'ဟုတ်ကဲ့'ဟု အမိပွာယ် မသဲကွဲသော်လည်း သဘောပေါက်အောင် ဖြေလိုက်ရှာသည်။ မောင်ညို့တွင် ဒွေးမယ်၏ "ဟုတ်ကဲ့"ဖြင့် သွားကြီး ဖွေးခနဲ ပြသွားတော့ခိုက် ဒွေးမယ်က 'အမိ လာနေပီ'ဟု အသံအုပ်၍ ဣန္ဒြေမပျက် နေရာအနည်းငယ် ပြင်ထိုင်ပါသည်။

ဤတွင်ကျမှ အိမ့်တောင်ဘက်မှ နွားကို မောင်းသလော၊ ကျီးချောက်သလော မသိ မောင်းခြောက်နေသော ရှွေး.... ရှွေး ဟူသည့်အသံကို မောင်ညို ကြားမိတော့သဖြင့် ကိုယ်ပြင်၍ ထိုင်နေရ၏။

ဒေါ်နော်ဇာသည် လက်တစ်ဖက်တွင် ပတဲကောပင်ငယ် တစ်ပင် နှစ်ပင်နှင့် မိဿလင် အနည်းငယ်ဆုပ်၍ ဓားမတို ကိုင်ထားသော ကျန်တစ်ဖက်ကို မြှောက်ကာ မြှောက်ကာ ကျီးခြောက်ရင်း တဲရှေ့သို့ ရောက်လာသည်။ မြင်းချည်ထားသည်ကို ကြည့်ပြီးမှ တဲထဲသို့ ငုံ့ဝင်ခဲ့သည်။

မောင်ညိုက အုကဲခတ်သလို လှမ်းကြည့်ရင်း ထိုင်နေခိုက် ဒွေးမယ်က သူ့မိခင်လက်မှ သစ်ရွက်၊ သစ်ပင်ကလေးများနှင့် ဓားကို ပြေးယူပြီး 'အမိရ၊ တံတားဦးက ကိုရင်ညို လာသယ်လေ'ဟု ပြော၏။ တဲကဲလားကို ခေါင်းငုံ့ဝင်လာစဉ်မှပင် မောင်ညို့ကို မြင်ပြီးသားဟု မောင်ညို သတိပြုမိသည်။ ဒေါ်နော်ဇာကမူ မောင်ညို့ထံ ဖျတ်ခနဲ ကြည့်ပြီး 'အိမ်း ငါသိသားပဲ၊ စောလှချည့်လား'ဟု ပြောလျက် လေသံ တစ်ဆက်တည်း 'အမောင်၊ မနေ့ညက ရောက်သယ် ဟုတ်စ'ဟု မေးလိုက်သည်။ မေးပြီး ခေါင်းတွင် ဆောင်းလာသော သဘက်ကို အပေါ်ဆင့်သို့ တက်သော ဝါးလှေကားလေး လက်ရန်းပေါ် လွှားနေသည်တွင် မောင်ညိုမှာ ရုတ်တရက် ပြန်မဖြေနိုင်ဘဲ အံ့အားကောင်းကောင်း သင့်သွားရာမှ တဖြည်းဖြည်း တစ်မျိုးကြီး ဖြစ်သွားသည်။ 'ဟုတ်ပါ့'ဟုသာ ပြန်ပြောပြီးလျှင် မျက်နှာမပျက်အောင် မနည်းကြိုးစားနေရ၏။ "မနေ့ညက မောင်နှင့် မည်းမည်း ငါနဲ့တွေ့န် ရောက်သာ ချင်း ဘယ်နည်းနဲ့ သိပါလိမ့်"ဟု စ၍ တွေးသော အတွေးနောက်က အခြား အတွေးကြောတွေ တန်းလိုက်ခဲ့သည်။ မောင်ညိုမှာ ရွာစဉ် လျှောက် ပေါက်သောက် နေလာခဲ့သူ ဖြစ်သဖြင့် ကဝေ၊ ရွာသူ စသည်များနှင့်တကွ ဣတ္ထိယဘက်မှ အစားမှား၊ အပင်းလျှို၊ ဓာတ်ရိုက်၊ ဂမုန်း၊ ဂဝံ၊ အင်းမှော်၊ ညို့ စသည်များကို အတော် နှံ့နှံ့စပ်စပ် ကြားဖူး ကြုံဖူးခဲ့သော်လည်း ကိုယ်တိုင် ကိုယ်နှိုက်ကား တစ်ခါမျှ မထိ၊ တစ်ခါမျှ မျက်မြင် မကြည့် မတွေ့ဖူး။ တစ်ဆင့်ပြောတွေသာ များနေသောကြောင့် အယုံနှင့်မယုံ၊ မယုံချင်သည်ဘက်က များခဲ့သည်။

မယုံကြောင်းကို ထင်ထင်ပေါ်ပေါ် မပြောပြတတ်ပေ။ ဤကိစ္စများမှာ ဘုရားဟော မဟုတ်၊ လောကီသက်သက်မျှသာ ဖြစ်သည့်အတွက် မှန်သည်ဟု မယူဆနိုင်။ လူတကာ သတိပေးလျှင်၊ ဆေးထိုး၊ မှော်သွင်း၊ အပ်မြှုံကြလျှင် ကြည့်ရှုံ ကြည့်နေပြီး သူ့ကို အဖော်စပ်သောအခါ ခေါင်းကို ပုတ်ပြ၊ လက်ကို ထောင်ပြ၊ ရင်ဘတ်ကို ဖွင့်ပြရာက သည်လက် သည်ခြေ၊ သည်အား သည်အင်၊ သည်အသိဉာဏ်ကလေး ရှိနေသေးသရွေ့ တော်ရုံရန်ကို တွန်းလှန်နိုင်မည်ဟု ယုံကြည်သည်။ မွေးကတည်းက ယခုထိလည်း

ဤဥပဒ်ရန်မျိုး မကြုံဖူး။ တွေ့သမျှ ရန်ဟူသမျှကို ကာကွယ်ရန် သူ့ဓားတစ်လက်ဖြင့်ပင် ဖူလုံခဲ့သောကြောင့် နောက်ထပ် အကာအကွယ် လက်နက်ပို မဆောင်ချင်ဟု ပြုံးပြုံးကြီး ပြောပြတတ်သည်။

လူကြီးစုက တစ်ခါတစ်ရံ 'အေး....မင်း ဒါတွေ အားမကိုးချင်လို့ မလုပ်လည်း ပဋ္ဌသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲပါ။ မြဲရင် တော်ရုံရန်ပင် အနားမသီနိုင်'ဟု ပြောသည်ကို သာ ကျွန်တော့်အတွက်ကတော့ တရားကို စောင့်မနေဘူး။ တရားတယ်ထင်ရင် ဘာ ဖြစ်ဖြစ် လုပ်မှာပဲ။ ကျွန်တော့်တရားကတော့ အဲဒီတရားမျိုးပဲ ဆိုသည့်သဘော သက် ရောက်သော အသုံးအနှုန်းကိုသာ ပြန်ဆိုတတ်သည်။

စင်စစ်လည်း မောင်ညို့သဘောမှာ ဤကဲ့သို့သော စားမည် အိပ်မည်၊ သွားမည် ကြံမည်၊ လုပ်မည် ကိုင်မည်၊ ခုတ်မည် ထစ်မည်၊ မေထုန်မှီဝဲမည် စသော လက်တွေ့ အမှုအခင်းများတွင်သာ သက်ဝင်နေတတ်၍ ထိုထက်တစ်ဆင့် တက်သည် ခေါ်ရမည်၊ သက်သည် ခေါ်ရမည် အမှန်မဆုံးဖြတ်နိုင်သော စိတ်နှင့်ပတ်သက်သည့် စိတ်တွေ့ အမှု အခင်းတို့၌ အကျုံးမဝင်ခဲ့ပေ။ မောင်ညိုသည် အနုပညာသမား ဟုတ်ဟန် မတူပေါင်ပါ။

ဤသို့သော မောင်ညိုမှာ သူ မမျှော်လင့်သော အတွေ့အကြုံနှင့် ယခုသော် ပက်ပင်းလာ၍ ကြုံနေရသည်။ ဒွေးမယ်ကို ချစ်သည်။ ချစ်လျှင်ချစ်ချင်း ဒွေးမယ့်အမိသည် စုန်းဟု ကြားခဲ့ရသည်။ ယခု ဒွေးမယ်ကို ချစ်ကြောင်း ဖွင့်ပြောသဖြင့် ဒွေးမယ်ကလည်း ချစ်ကြောင်း ဝန်ခံပြန်သောအခါ သူ့အမေမှာ စုန်းဟု ဆိုသည်ကို ယုံရမတတ် ဖြစ်နေ သည်။

မောင်ညို မယုံချင်ပေ။ မယုံချင်လိုခြင်းမှာ မောင်ညို့ နဂိုသဘောအတိုင်း ဖြစ်သည်။ ထိုသဘောကို မောင်ညို့အချစ်က လိုက်၍ ကူညီပေးနေသည်။ ကူညီပေးသဖြင့် မယုံချင်ဟု တစ်ထစ်ချ စွဲမြဲမှတ်ယူရန် ပြင်သောအခါ သူ့အသိဉာဏ်က ယုံရကောင်း မလားဟု သံသယဖြစ်အောင် လှုံ့ဆော်နေပြန်သည်။

"သူ ဘယ့်နဲ့ ငါ ညက ရောက်သာ သိထားနှင့်ရသတုံး"ဟူသော ပဟေဠိကို မရှင်းရမချင်း မိုင်းလွယ်က မပြန်ဟု တစ်ထိုင်တည်း သန္နိဋ္ဌာန်ပြုလိုက်မှ မျက်နှာထား ပြင်နိုင်ရှာတော့သည်။ အခြားလူဆိုလျှင် အကြားနောက်က ယခုကဲ့သို့ အမြင်ကြုံရလျှင် ချက်ချင်း တစ်ခုတည်းသော ယူဆချက်ကို ကောက်ယူမည် အမှန်ပင်။ သို့သော် မောင်ညို မှာ အခြားသူ မဟုတ်ပေ။ မောင်ညိုကဲ့သို့သော လူမျိုးကား ထိုပဟေဠိမျိုးကို သူတို့ သိပေါ်ခေတ်ထက် ဟောင်းသော ခေတ်များမှ ယခုတိုင် ဖြေလျက် ရှင်းလျက် ရှိချေ သေးသည်။

မောင်ညို မျက်နှာပျက်သွားသည်ကို လွတ်ခနဲ မေးလိုက်သော အမိနှင့် မေးသံ ဖြေသံကြားပြီး အနီးသို့ ရောက်လာသော သမီး၊ နှစ်ဦးစလုံး မြင်လိုက်မိသောကြောင့် မရွှင်ပျသော စိတ်ကို မျက်နှာတွင် မပေါ်အောင် အသီးသီး ကြိုးစားမျိုသိပ် ထားလိုက် ရသည်။

ဒွေးမယ် မောင်ညို့အနီးသို့ ရောက်သောအခါ ဒေါ်နော်ဇာက မောင်ညို့ကို မကြည့်တော့၊ မျက်နှာချင်း မဆိုင်တော့ဘဲ တောက်တိုမည်ရ ဆိုသလို ဘယ်မှ ကြာကြာ နေမည်၊ ဘယ်မှာ တည်းသည်၊ ဘယ်အရပ်က လာသည်၊ မည်သူမည်ဝါ့ သားဖြစ်၍ မည်သည့် အလုပ်အကိုင် လုပ်ကိုင်သည်ကို အနည်းငယ်စီ မေးသဖြင့် မောင်ညိုလည်း မေးသမျှ အမှန်အတိုင်း လိုက်ဖြေသည့် အဆုံး၌ အပြင်ယာခင်းသို့ ထွက်သွားတော့သည်။

နှစ်ယောက်တည်း ကျန်သောအခါ စကားအနည်းငယ် ဆက်ပြောပြီး ပြန်ခဲ့သည်။ ထိုနေ့အဖို့ နောက်ထပ် မရောက်သော်လည်း နောက်တစ်ရက်မှ စ၍ နေ့စဉ်လိုပင် ရောက်ခဲ့တော့သည့်အတိုင်း လေးငါးခြောက်ရက် ကြာမြင့်ခဲ့သည့်အခါ နှစ်ဦးသား အကယ်ဖြူစင်သော စေတနာဖြင့် ချစ်ခင် စုံမက်မိကြတော့သည်။ သုံးလေးခါပင် ဒွေးမယ်အား ဒေါ်နော်ဇာမှာ စုန်းဟု တစ်ရွာလုံး သမုတ်နေသည့်အတိုင်း မှန် မမှန် ဖွင့်ဟမေးမြန်းရန် ကြံဆသော်လည်း မေးရန်ကြံတိုင်း မမေးရက်ဘဲသာ ဖြစ်ဖြစ်သွားမိသည်။

သို့ နေရင်းက တစ်နေ့သော် ငွေနှမိခင် ဒေါ်ချိုကိုယ်တိုင် ငွေနှထံမှ ဒွေးမယ် အား မောင်ညို လူပျိုလှည့်နေသည်ဟု သိသွားသောကြောင့် အနီးသို့အရောက် အချိုးနိဒါန်း မပျိုးဘဲ 'ညို' ဟု ခေါ်ကာ 'မင်း ဒွေးမယ်ကို အကယ်စုံမက်ရို့ လှည့်သာလား'ဟု ပြောင်သက်သက်ကြီး မေးသဖြင့် မောင်ညိုတွင် အမ်းတမ်းတမ်းကြီးဖြင့် ဟုတ်ပါကြောင်း ဝန်ခံမှ 'အိမ်း သင်းကလေးရော မြင်သူတိုင်း ချစ်ကြ ခင်ကြပါသယ်။ သာပေသိ သင့်အမိအတွက် ခက်နေသာပဲ'ဟု ပြောရင်း 'သင့်အမိ နော်ဇာဟာ စုန်းမှန်း မသိသေး ဘူး ထင်သယ်'ဟု မေးသဖြင့် မောင်ညိုက မသိသေးဟန်ဖြင့် 'ဟုတ်စ၊ စုန်းမှန်း အရီး ပဇာကြောင့် အတပ်သိတုံးဗျ'ဟု ပြန်မေးလျှင် 'စုန်းမို့ စုန်းမှန်း သိသာပေါ့ လူမိုက်ရဲ့။ မင်းရို့ ကလေးတွေဟာ အတန်ခက်ကြသေးပါရဲ့။ လူမြင်ရို့မှ နဖူးရေ ဒူးရေ မသိတတ်ဘဲ ကိုးဟဲ့။ သင်းဟာ စုန်း၊ စုန်းမှ ဆယ့်နှစ်ကြိုး တတ်နေသတဲ့တော့'

'အရီး ပသူ ပြောတုံးဗျ'

'ပသူက ပြောနေရဦးမလဲ၊ ကျုပ်ဟာကျုပ် သိသာပေါ့။ လူကလေး ငွေနှလည်း သိသာပဲ'

'ပဇာလို သိရသာလဲ၊ အကျွန်ဖြင့် သိပ်သိချင်သာ။ စုန်း စုန်းနဲ့သာ သမုတ်ကြ သယ်။ အသူမှလည်း တပ်အပ် မပြောနိုင်ကြဘူး'ဟု မောင်ညိုကိုယ်တိုင်လည်း တကယ် သေသေချာချာ သိလိုသဖြင့် စိတ်ဝင်စားစွာ မေး၏။ ဒေါ်ချိုတွင် မောင်ညို့ကို စေ့စေ့ကြီး တွေကြည့်လျက်မှ တစ်စုံတစ်ရာကို တွေးတောနေသည်။ ပြီးမှ 'နားထောင် ဟဲ့ကောင်' ဟု ဆေးလိပ်ညှိရင်း 'ဟို ငွေနှတို့ကို ရှင်ပြု၊ သက်န်းဆီးပေးသဲ့နှစ်က သင်း နော်ဇာနဲ့ ကျုပ်နဲ့ ဈေးဝယ်ရင်းမယ် ဈေးဖိုးအမ်းသဲ့ ကိစ္စနဲ့ စကားများကြသယ်။ အဲသည်တုံးက ကျုပ်ကလည်း စွာတာတာ၊ သင်းကလည်း စွာတာတာဆိုရော အတန်လေး သဲသဲမဲမဲ ဖြစ်ကြသတော့။ ဖြစ်ပြီး သူတကာ ကြားဝင်ဖျန်ဖြေသာနဲ့ ပီးသွားကြရော့။ သင်းက ကျုပ်ကို အေ ရှင်ချိုရယ် နေသေးသပအေ သဲ့၊ တစ်နေ့နေ့ ညည့်ကို ငါ့အကြောင်း

ပြရသေးသပလို့ ဆိုသွားသယ်တော့။ ဆိုသွားပီးရို့ တစ်ရက်လည်းရှိရော ဖြုန်းဆို ကျုပ် သားကြီး ယာခုတ်ရင်း ပိုးထိသာပဲ၊ ဆေးမမီဘူး။ အဲသာလည်း သင်းလက်ချက်လို့ မထင်သေးပေါင်။ နောက် တစ်ဉပုသ်လောက်ကြာပီး တစ်ခါ သင့်အောက်အကောင် ထန်းပင်ပေါ်တက်တုန်း လိမ့်ကျပီး ခါးကြီး ထက်ပိုင်းကျိုး သေပြန်သယ်။ သာလည်း မထင်သေးဘူး၊ လေထန်တုန်း ထန်းပင်တက်ရို့ ခြေချော်ကျသယ်ပဲ ထင်မိသတော့။ သူတကာကတောင် ပြောသာ ကျုပ် မနာယူဘူး။ အဲ နောက်ဆုံး တွေန့်အဘ ကျရော့မှပဲ သင်းမှန်း ကျုပ် သိရတော့သာပဲ။ သိပီးရို့ သင်းရို့ဘကို ကုသဲ့ ဆရာဘုန်းကြီးကလည်း ကျုပ်ကို ရွာသူပြုစားသယ်၊ ဖမ်းစားသယ်လည်း ပြောရော နုတ်မရဘူးဆိုပီး တစ်ခါတည်း ပစ်လိုက်ရပါရော မောင်ရေ'ဟု ပြောရင်း ပြောရင်း တစ်စစ ချုံးပွဲချ၍ ငိုလိုက်လာလျက် နောက်ဆုံးတွင်– 'အဲသာပဲ၊ မင်းမယုံရင် ဟိုအကောင် တွေန့်မေးကြည့်ရော့ အကောင် မိုက်ရဲ့'ဟု ရှိုက်သံဖြင့် အဆုံးသတ်တော့သည်။ မောင်ညိုလည်း အနာဟောင်း သွားဆွ မိလေခြင်းဟု စိတ်လက် လေးလံစွာ အပါးမှ ခွာခဲ့ရတော့သည်။

## ၁၇ | ဇော်ဂနီကို ကွင်းမလား၊ အချစ်စိတ်ကို ချဉ်းမလား

ထိုအခါကျမှလည်း ဒွေးမယ်အကြောင်းနှင့် ပတ်သက်လျှင် တွေန် အဘယ်ကြောင့် စကားလိုးလွှဲလေ့ရှိသည်၊ ဒွေးမယ်ထံ အလည်သွားလျှင် မလိုက်ဘဲနေသည်ကို နားလည် မိလေရာ မောင်ညိုသည် တွေန်ရှိတတ်သော အိမ်တစ်အိမ်သို့ လိုက်သွားပြီး တွေန်ကို ခေါ်ကာ ရွာပြင်ကွင်းစပ်သို့ လျှောက်ခဲ့ကြသည်။

မောင်ညိုတွင် ဤကိစ္စကို မြန်မြန် ရှင်းလိုလှပေပြီ။ ရောက်လျှင် တွေန့်အား ဒေါ်ချို ပြောပြသမျှ ပြန်ပြောပြပြီး 'တွေန် အဲသာ အမှန်ပဲလား၊ မင်း အမှန်သာ ပြောရ မနော'ဟု မေးလိုက်သည်။ တွေန်က အတန်ကြာ မည်သို့မျှ ပြန်မပြောသေးဘဲ ထိုင် နေရာက ရှေ့တူရူကိုသာ ကြည့်နေသည်။ အတန်ကြီးကြာမှ 'ခု ကိုရင် ကျုပ်ကို ရွာခေါ် လာသာ သည်ကိစ္စအတွက်ကိုး'ဟု ဆို၏။

'ဟုတ်သယ်၊ သည်ကိစ္စပဲ တွေန်ရ'

'အိမ်း'ဟု ခေါင်းညိတ်ပြန်၏။ ပြီးမှ မောင်ညိုထံ ကြည့်ရင်း 'အမိဆီက ကြား သာ မှန် မမှန် သိချင်သာထက် ဒေါ်နော်ဇာဟာ သူတကာ ပြောသလို စုန်း ဟုတ်သယ် မဟုတ်ဘူးဆိုသာ အစ်ကို ကိုယ်ထိလက်ရောက် သိရရင် သာပီး မကောင်းပါလား'

'ကောင်းသာပေါ့၊ သာလို သာပီး မြန်မြန်သိချင်သယ်'

'အကျွန်တို့ အစ်ကိုတို့၊ အဘတို့ ကိစ္စကရော့ ဆရာဘုန်းကြီး မိန့်ခဲ့ရို့သာကိုး။ နို့မဟုတ်ရင် အစ်ကိုကြီးက ပိုးထိသာ၊ ပိုးကို ခါးလယ်က တက်နင်းမိရို့။ အစ်ကိုလေး ကရော့ လေထန်တုန်း ထန်းပင်ပေါ် တက်မိရို့ ထန်းပင်ပေါ်က လန်ကျသယ်။ အဘ ကလည်း အစားမှား၊ အပူမိပီး ငန်းဖောက်ရို့ သွေးရူးသွေးတန်း ဖြစ်သွားသာကို ပရော

ထင်လို့ ဆိုပြီး အတန်တန် ပြောနိုင်သေးတော့ကာ အကျွန်ရို့ ကိစ္စတွေနဲ့ ပတ်သက်ပြီး သင်းကို သမုတ်တာထက် ကိုညို့ဘာသာ ကိုညို ချင့်ချိန်ပြီးမှ ယုံရရင် သာလို့ မကောင်းပါစ'ဟု လေအေးကြီးနှင့် မေး၏။ မောင်ညိုက မျက်မှောင်ကုတ်မိသည်။ 'ပဇာနည်းနဲ့ ချင့်ချိန် သိနိုင်မှာတုံးကွယ့်'

'သိနိုင်သယ်လေ့၊ အကျွန် ပြောသလိုသာ လုပ်'

'ပဇာ လုပ်ရမှာတုံး တွေန်ရ'

'ခု ဘယ်နှရက်နေ့တုံး၊ လဆန်း ဆယ့်သုံးရက် မဟုတ်လား

'အိမ်း .... သာ ပဇာပြုတုံး'

'လပြည့်နေ့ကျ အကျွန်ခေါ်သဲ့ဆီသာ ကိုညို လိုက်ခဲ့။ ဟိုကျတော့ မျက်မြင်တွေ့ရလိမ့်မယ်'

'ပဇာ မြင်ရမှာတုံးကွ၊ လူရ'

'အို ပဇာပဲ ဖြစ်ဖြစ်လေ့၊ မြင်ပြီးရော့သာ သည်အကြောင်း ထပ်မမေးနဲ့။ ကိုညို့ဘာသာ ကိုညို ဉာဏ်ရှိသလို တွေးယူရော့'ဟု ပြောပြီး 'လိုက်မပေါ့ ဟုတ်စ'ဟု မေးသည်ကို .....

'အိမ်း'ဟု ဖြေလိုက်ရသည်။ စိတ်တွင်ကား ဘယ်ကို ဘာများ ခေါ်ပြမည်နည်းဟု မမှန်းတတ်ပေ။ ထိုအတွင်းလည်း တွေန်က ဤစကားနှင့် ပတ်သက်၍ မည်သို့မျှ မပြောတော့။ ဒေါ်ချို့ကိုလည်း နောက်ထပ် ဝမ်းနည်းနေဦးမည်ဟု မောင်ညို စကားမစရဲတော့ပေ။

ဒွေးမယ်ထံလည်း မှုမပျက် ဝင်ထွက် သွားလာနေခဲ့ရင်းဖြင့် လပြည့်နေ့သို့ ရောက်ခဲ့တော့သည်။ မောင်ညိုတွင် နံနက်ခြေတည်းကပင် စိတ်ထဲမှ တစ်မျိုးကြီးဖြစ်ပြီး ဘာကို မြင်ရ ကြုံရမည်နည်းဟု အမျိုးမျိုး ကြိုတင် စဉ်းစားနေရင်းဖြင့် မိုးချုပ်စ ပြုခဲ့တော့သည်။ တွေန်ကမူ မိုးချုပ်စပြုသည်အထိ မောင်ညို့အား သွားမည့်ကိစ္စကိုမျှ မပြောဘဲ နေသေးသောကြောင့် သတိများ မေ့နေသလောဟု ထင်မိသည်။ သတိပေးမည်ပြင်မှ မောင်ညို့အား တွေန်က 'စောသေးသယ်၊ လ မွန်းမတိမ်းခင် ရောက် ပြီးသာပဲ'ဟု တိုးတိုး ပြောလာ၏။ ပြီးမှ ဒေါ်ချို့ မရိပ်မိအောင် မြင်းကိုယ်စီ ဆွဲထုတ်ခဲ့ပြီးလျှင် အိမ်နှင့် အတော်လေးဝေးသည့် နေရာကျမှ နှစ်ယောက်သား တောစပ်သို့ ရှေးရှုနှင်ခဲ့ကြသည်။

တွေန်သည် အရှေ့စူးစူး လ ထွက်ရာဘက် တောတွင်းကို တရစပ် တိုးဝင်သွားရာသို့ မောင်ညိုလည်း ထက်ကြပ်လိုက်ရသည်။ တောပြင် ယာစပ်၌ မြူတွေဆိုင်းနေသည့်အခိုက်တွင် တောတွင်းမှာကား မှုန်မှိုင်းနေတော့သည်။ သစ်ပင်ကြီးတွေကြားမှ ထိုးဖောက်ဝင်ရောက်လာသော လရောင်သည် မြူခိုးနှင့် ထိုင်း၍နေလေရာ သစ်ပင် သစ်ရွက်များတွင် တင်ကျနေသော နှင်းရည် နှင်းဥကလေးများကပင် လရောင်ကို နှင်းခလောက်၍ သမအောင် မွေထားသည်ဟုပင် ထင်မိစရာ။

မောင်ညိုတို့သည် ချောင်းငယ်ကလေး တစ်စင်း၏ ကမ်းပါးကို မြှောင်၍ သွားနေခြင်းဖြစ်ရာ ထိုတစ်လျှောက်တွင်ပင် နှင်းဒဏ်ခံသဖြင့် ဆိုင်းကျနေသော အကိုင်းအရွက်၊ အလက်အခက်၊ ချုံပုတ်များကို ဖေ့ဖြတ်သွားမိသောအခါ ငြိမ်သက်နေသည့် အရှုအခင်း၌ မြင်း ဝင်တိုးမိသည့်အတွက် ဖြာခနဲကျရစ်သော နှင်းရည်သံဖြင့် မိုးကျနေသဟန်ဟန်၊ ဘေးပတ်လည်တွင် ဝါးတစ်ရိုက်ခန့်မျှသာ မြင်ရအောင် ပိန်းပိတ်၍ မှောင်နေ၏။ တော တစ်စစ နက်နက်လိုက်ခဲ့ရာ တောလယ်သို့ စောင်းငဲ့ကြည့်တိုင်း သစ်ကြီးဝါးကြီးတို့ ပင်စည်တွေကိုပင် သဲသဲကွဲကွဲ မမြင်ရ။ အမည်းတွင်သာ အမှောင်ဟပ်၍ နေ၏။ တစ်နေရာ တစ်နေရာတွင်သာ အတွင်းဆီမှ သစ်ပင်ဝါးပင် ရှင်းရာသို့ လရောင်ကြောကလေးများ ခက်ဖြာ ယှက်ဝင်နေသည်ကိုမူ မှုန်မွှားမွှားမြင်ရသည်။

ချောင်းရိုးစပ်တွင် ဘေးဝဲယာမှ ဝင်းခနဲ လက်ခနဲ၊ နီခနဲ ရဲခနဲ နေသော တောတိရစ္ဆာန် ယုန်၊ ဖွတ်၊ ပုတတ်၊ ကြောင်၊ ဆတ်၊ ဒရယ်၊ သမင် စသော အကောင်ငယ်များမှ စ၍ ကျား၊ ဝံ၊ တောခွေးတို့၏ မီးတောက်နေသော မျက်လုံးများကို ဟိုနားသည်နား ကွက်ခနဲ တစ်စုံချင်း နှစ်စုံချင်း အစုလိုက် အပြုံလိုက် မြင်လိုက်မိသော်လည်း၊ အပြင်းနှင်သော မြင်းခွာသံတွေကြောင့် အနီးသို့ မရောက်မီ တောနက်သို့ ရှဲရှောင်ဝင်ပြေး သွားကြသည်ကို သတိပြုမိ၏။ ရဲခနဲ ဝင်းခနဲနေအောင် မီးထွက်နေသော ကျား၊ ဝံတို့ သာလျှင် အတွင်းသို့ ပြေးဝင်ပြီးမှ ခေါင်းငဲ့၍ အကဲခတ် ကြည့်သကဲ့သို့ တောတွင်းမှာ တလက်လက် တောက်ပနေသော မျက်လုံးကြီးတွေကို စူစွင့်နေရစ်ကြ၏။

တစ်တောလုံးကား ပြကတိ တိတ်ဆိတ်နေသည်။ လထွက်ဦးကသာလျှင် သားလိုက်သော သစ်၊ ကျားတို့ ဟောက်သံ၊ ဟိန်းသံ၊ အလိုက်ခံရသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့၏ ကြောက်လန့်တကြား ပြေးလွှားခုန်မြောက် တွန်တောက်သရွေ့ အသံပြည့်နေသည်။ လ ထန်းတစ်ဝက်ကျော်သော ထိုအချိန်တွင်ကား တစ်ကောင်နှင့်တစ်ကောင် အကြိတ်အနယ် အမိချောင်းသူ ချောင်း၊ အလွတ်ပြေးသူ ပြေးနှင့် သဘာဝ အစွမ်းကုန် ချွတ်နင်းငြိမ်သက် တိတ်ဆိတ်နေခိုက်၊ ဓမ္မတာနိယာမ စစ်ပွဲကြီး သဲသဲမဲမဲ ဆင်နွှဲနေခိုက် ဖြစ်တော့သည်။ မြင်းခွာသံ တဖြောင်းဖြောင်းမှာ ထိုတိတ်ဆိတ်ခြင်းကို အရုပ်ဆိုးအောင် ဖျက်ဆီးခဲ့လျက် တစ်ခါတစ်ရံ ချောင်းကမ်းပါးမှ မြင်းခြေထောက်ဖြင့် တွန်းတိုက်မိသောကြောင့် ပြုတ်ပဲ့ လွင့်စဉ်ကျသွားသော မြေစိုင်၊ ကျောက်စိုင်ခဲကြီးတွေ ချောင်းရေထဲသို့ အရှိန်ပြု၍ လိမ့်ကျသွားသော ဗွမ်းခနဲ ဖြုန်းခနဲ အသံကလည်း တောတောင်၏ ငြိမ်သက်မှုကို ထိပါး ဖြိုဖျက်ခဲ့ရစ်တော့၏။

နှစ်ဦးသား မြင်းချင်း ရှေ့နောက် နှင်ခဲ့သည်။ စကားတစ်ခွန်းမျှ မပြောခဲ့ပေ။ တောမှာ နက်သည်ထက်သာ နက်လာရာမှ မောင်ညို့စိတ်ထင် ထမင်းအိုးနှစ်လုံးချက်ခန့် ကြာလျှင် အရှေ့ဘက်သို့ ရှေးရှုသွားနေရာမှ မြောက်ဘက်သို့ ကွေ့လိုက်ရသည်။

သို့ သွားရသော ခရီးမှာ ချောင်းကမ်းပါးကလေးမှ မြောက်စူးစူးသို့ ထွက်နေသော တောလမ်းကလေးအတိုင်း ဖြစ်သည်။ တောလမ်းကလေးအတိုင်း အတန်ကြာ နှင်ခဲ့ပြီးမှ

တစ်နေရာတွင် ငတွန် မြင်းကို ဖြည်းညင်းစွာ ချုပ်လိုက်သဖြင့် မောင်ညိုလည်း တန့်လိုက်ရ၏။ အနီးကပ်မိလျှင်ပင် အရှေ့သို့ ပြန်ချိုးပြီး 'ကိုညို အသားကျနော'ဟု ပြောလျက် သူလည်း ရှေ့က အသားကျနှင်ပြီး ကွမ်းတစ်ယာညက်ခန့် ကြာမှ မြင်းကို တစ်ဖန် ရပ်ပြန်သည်။ မောင်ညို မြင်းချင်းယှဉ်မိလျှင် လက်ပြသဖြင့် မြင်းပေါ်မှ ဆင်းရသည်။ နှစ်ယောက်သား မြင်းကိုယ်စီ ဆွဲခဲ့ရင်းက မောင်ညိုအား 'ရောက်လုနီးပြီ'ဟု ပြောထားသဖြင့် မောင်ညိုတွင် ရင်တဒိတ်ဒိတ် ခုန်စ ပြုတော့သည်။

နောက် အတန်ငယ် သွားပြီးလျှင် တစ်ဖန် မြင်းနှစ်ကောင်ကို တစ်နေရာတွင် သစ်ပင်တစ်ပင်၌ ချည်ထားခဲ့ပြီး လူချည်းသက်သက် ရှေ့သို့ တိုးခဲ့သည်။ မောင်ညိုမှာ ဝါသနာအလျောက် ကုန်းနှီးထိပ်မှ သူ့ဓားကိုဖြုတ်၍ ပခုံးတွင် ချိတ်ယူခဲ့သည်။ ရင်ထဲ ခုန်နေသော အသံမှာ တိမ်ရမည့်အစား တဒုန်းဒုန်းဟည်းနေသည်။ ဘာကိုပြ၍ ဘာမြင်ရမည်၊ ဘာဖြစ်မည် မသိခြင်းသည် မောင်ညို့သဘာဝ အရည်အချင်းဖြစ်သော သောတ၊ ဂန္ဓ၊ အာရုံနှစ်ဝကို အစွမ်းကုန် ကြွအောင် ဆွစ ပြုလေပြီ။

တစ်ဖန် ခဲတစ်ပစ်ခန့် သွားမိသောအခါ ခြေသံမကြားအောင် လျှောက်ရမည်၊ အောက်က သစ်ကိုင်း သစ်ရွက်ခြောက်တွေ၊ ပေါင်းတွေ၊ မြက်တွေနှင့် တိုက်မိ နင်းမိသံမှာ ယခုလို တောတိတ်နေလျှင် သာ၍ကျယ်သည် ဟု ငတွန်က ပြောနေသဖြင့် ချွတ်သံမထွက်အောင် လျှောက်ရပြန်၏။ ဤနေရာမျိုးမှာ ညိုနှင့် ငတွန် သူမသာ ငါမသာပင် တောအကြောင်း နှံ့စပ်ပေသည်။ နောက်တစ်ဖန် မတ်ရပ်မသွားဘဲ ထိုင်ချပါဦး၊ ဆောင့်ကြောင့် လေးဖက်ပင် တွား၍ သွားပါ၊ ရှေ့တည့်တည့်မှ လရောင်ကြောင့် ချောက်ထဲက လူတွေ မြင်နိုင်ပါသည်ဟု ပြောပြန်သဖြင့် ထိုင်၍ ပုတွား သွားရပြန်သည်။

သူတို့နှစ်ယောက်မှာ အထက်သို့ မသိမသာ မော့နေသော တောင်နံရံကလေးကို တက်နေရလေရာ အမြင့်နားဆီ၌ စိ၍ ပေါက်နေသော အင်ပင်ကြီးများ၊ ကျွန်းပင်ကြီးများ၊ တောသဖန်းပင်ကြီးများကို လရောင်ရှေ့က ထင်းထင်းမည်း၍ မြင်ရ၏။ အင်ပင်၊ ကျွန်းပင်ကြီးတွေမှာ ရွက်ဟောင်းချွေပြီး ရွက်နုကလေးတွေ ဝေနေခိုက်ဖြစ်ရာ အကိုင်းကြားမှ ပန်း၍ ထိုးထွက်နေသော လရောင်နှင့် လမင်းကြီး မျက်နှာတစ်ခြမ်းကို မောင်ညို မြင်ရသည်။ အပေါ်နား တိုးသွားမှ ဝိုင်းစက်စက် သာနေသော လမင်းကြီးကို မျက်နှာပြည့် မြင်ရ၏။ အထက်သို့ ရောက်လုနီးလျှင် လေးဖက်တွားရာမှ မောင်တွန်က ပုဆိုးနှစ်ဖက်စာမျှ ကျွန်းပင်ကြီးခြေရင်းသို့ ကုန်း၍ ပြေးကွယ် ကပ်လိုက်သည့်အတွက် ညိုလည်း နောက်မှ ထက်ကြပ်မကွာ ကျွန်းပင်ကြီး တစ်ဖက်သို့ ပြေးလိုက်ရာ၊ မကြာမီ နှစ်ယောက်သား အမြစ်ခြေတွင် မြက်ပေါ် အလျားမှောက်၍ ကျွန်းပင် တစ်ဖက်တစ်ချက်စီမှ ခေါင်းတစ်လုံးစီ ပြူမိလျက် ဖြစ်နေတော့သည်။

မောင်ညိုသည် လျင်မြန်စွာ ရှေ့သို့ လှမ်းကြည့်လိုက်ရာ သူတို့ ရှေ့တည့်တည့်၌ တောင်ကြီးမှာ ထိပ်တစ်ခြမ်းပဲ့၍ ကျနေသည့်အလား စောက်စောက်ကြီး ချောက်ကမ်းပါးယံ ပြတ်ကျနေသည်။ ကျွန်းပင်ကြီးမှာ ထိုချောက်စွန်းတွင် စွင့်ပြီး ပေါက်နေခြင်း

ဖြစ်သောကြောင့် အမြဲစိမ်းတစ်ခြမ်းမှာ ကမ်းပါး၌ တွယ်ကပ်နေရသဖြင့် ချောက်ဘက်သို့ ပင် အနည်းငယ် ပင်စည်ကြီး ကိုင်းနေသည်။ လက်တစ်ဖောင်ခန့်သို့ လှမ်းကြည့်လျှင် မြေကိုမထိဘဲ လေကို စမ်းမိသည်ဟု အသည်းအူ ယားမိသွားသည်။

ချောက်အောက်ကိုကား ရုတ်တရက် ဘာမျှ မမြင်နိုင်ပေ။ မြူနှင်းထွေး၍ ထိုင်းနေသောကြောင့် ရုတ်ခြည်းသော် အပြင်ငြိမ်လျက် ညီလှသော ရေကန်ကြီးဟုပင် ထင်လိုက်မိသည်။ မျက်စိ ကျင့်သားရမှ သုံးဖက်သုံးတန်မှ ချောက်ကမ်းပါးကြီးများ ရံလျက်၊ တစ်ဖက်တည်း ပွင့်နေသော ယခင်ချောင်းငယ်ကလေး၏ ချောင်းဖျားခံရာ တောင်ဘက်ဟု သိရတော့သည်။ ဖွေးဖွေးဖြူနေသော မြူတွေကြားမှ စိမ်းညို့ညို့ သစ်ပင်ဖျားကလေးတွေ အောက်တွင် လရောင်နှင့်လွေး၍ လက်နေသော ဘော်ရောင်တောက်နေသည့် ချောင်းပေါက်ကလေးကို မြင်ရနိုင်၏။

ထိုထက် ထူးခြား၍ကား မတွေ့ရသေးပေ။ ကျွန်းပင်ကြီးကွယ်၍ နေသားကျမှ တွေနက 'ကိုညို မြင်ချင်သာ တွေ့ရပါလိမ့်မယ်၊ မကြာတော့ပါဘူး။ လမွန်းတည့်ပြီး ယောဟိုဘက် ကမ်းပါးစွန်းကို လွတ်ထွက်လာရင် လရောင်ထင်းထင်းနဲ့ မြင်နိုင်ပါသယ်' ဟု ပြောထားသည်။

ချောက်အောက်ကိုကား ကြည့်ရင်းက တစ်ခါတစ်ရံ မြူဆိုင်းတောင်နိုးတွေ အုံမှိုင်း ရိုဝေသွားသောကြောင့် ချောက်တွင်းအခြေကို မမြင်နိုင်အောင် မှုန်မွှားသွားတတ်၏။ တောင်လေကလေး ညင်သာစွာ တိုက်နေရာ၌ တောင်ငွေ့ နှင်းမြူကလေးတွေ လုံးထွေးလုံးထွေးနှင့် မောင်ညိုတို့ ရှေ့ကို တရွေ့ရွေ့ လွင့်လွင့်ပါလာသည်။ မောင်ညိုသည် ရောက်စက ဘာမျှ သတိမရသော်လည်း အတန်ငယ် စောင့်မိလျှင် ချမ်းရမှန်း သိလာသောကြောင့် မှောက်ရာမှ လူးလဲထပြီး ပုဆိုးစဖြင့် ခေါင်းလုံအောင်ပတ်၍ မျက်လုံးနှင့် နှာခေါင်းသာ ဖော်ထား၏။ နေရာတွင် ပြန်မှောက်မိလျှင် ကျွန်းကိုင်းပေါ်က မြူးသွားကြသော လင်းဝက်နှစ်ကောင် တကျွိကျွိ မြည်သွားသည်။ ကမ်းပါးစွန်း တစ်လျှောက်မှ ပုတတ်တစ်ကောင် ရှပ်ခနဲ တိုးပြေးသွား၏။ ခပ်လှမ်းလှမ်းမှ အုံ.... အုံနှင့် စိုင်ဟောက်သည်။ မနီးမဝေးဆီမှ ဝက်ဝံတစ်ကောင် သစ်ကိုင်းအောက်သို့ ဖုတ်ခနဲ လျှောချလိုက်သည်ကို ကြားမိသည်။ ထိုနောက်ကား ပြန်၍ တစ်တောလုံး တိတ်နေတော့သတည်း။

အတန်ကြာမှ လ တက်လာတော့သည်။ ဝါကြင့်ကြင့် ဖြစ်နေသော မြူထွေးတွေကို ဖောက်ထွင်း၍ အားကုန်ပြုကာ သာနေသည့် လကြီးမှာ သစ်ပင်တွေ အဖျားတွင် ကြည်လင် ငြိမ်တန့်နေသည်။ လ တက်လာသည်နှင့် မရှေးမနှောင်းလည်း တစ်နေရာဆီမှ ဝူးခနဲ၊ ဝေါခနဲ ပေါ်ထွက်ပြီး တစ်စစ နီးနီးချဉ်းလာသော တစ်မျိုးတစ်မည် အသံများကို ကြားရစ ပြု၏။ အနီးသို့ ကပ်ရောက်လာလေ အုံသံတွေ မြည်လာလေနှင့်၊ နောက်ဆုံးတွင် တစ်တောလုံး တစ်တောင်လုံး အသံမျိုးစုံ ဆူညံသွားရင်း ခွာသံ ခြေသံချင်း ရှုပ်ယှက်ခတ် ဆူညံရှုပ်ထွေး တောကောင် သားကောင်တွေ ပြေးကြ လွှားကြသည်ကို တဖြန်းဖြန်း

တဖြောင်းဖြောင်း ကြားရရာမှ ဝဲယာတွင် ရုတ်ခြည်း အုတ်အုတ်အက်အက် ညံဆူသွားတော့သည်။

နောက် ချက်ချင်းပင် ပေါ်စဉ်က ရုတ်တရက် အစမထင် ပေါ်ခဲ့သလို အသံတွေ တစ်စစ လျင်မြန်စွာ ပျောက်တိမ်သွားတော့သည်။ ရုတ်ခြည်းပင် နားမှ မယုံနိုင်စဖွယ် ပြကတိ ချွတ်သံတစ်ချက် မကြား၊ ငြိမ်သက် တိတ်ဆိတ်သွားမှ နှစ်ဦးသား တောခြောက် လိုက်မှန်း သိကြသည်။ ကြက်သီးမထရန် ကြိုးစားသည့်ကြားမှ တစ်ကျောလုံး ရွရွတက် စိမ့်သွားမိကြသည်။ ခေါင်းလျှိုးပြီး နားစွင့်နေရင်း ပုကွေး ငြိမ်နေကြရ၏။

သို့ ကျောစိမ့်သွား၍မှ မနွေးမီပင် ချောက်အောက်ဆီမှ မီးရောင်လက်ခနဲ မြင်ကြရသောကြောင့် နှစ်ဦးသား အရဲစွန့်ပြီး ရှေ့သို့ မိကျောင်းတွား တွားသွားမိပြန်သည်။

တောင်ငွေ့တွေမှာ တောင်ခါးပန်းတွင် ဝိုက်၍ တောင်နဖူးစွန်းတွေ မလွတ်တလွတ်ဝဲ၍ ပျံလွင့်နေရာ အောက်က လက်ခနဲလင်းသွားသော မီးရောင်သည် နှင်းထွေးကလေးကို ပန်းစီဆွတ်သကဲ့သို့ ရဲသွားစေသည်။

ရှေ့သို့ အားပြုကြည့်သူ နှစ်ဦးမှာ ချောက်အလယ်ကျကျ ချောင်းကမ်းပါးလေး အနီးတွင် မီးပုံတစ်ပုံ ပျိုးနေကြသော လူတစ်စုကို မြင်ရတော့သတည်း။

ပထမသော် မီးတောက်မမြင့်မီ မီးပုံအနီးမှ လူများကို သဲသဲကွဲကွဲ မမြင်ရသေးပေ။ မီးအရှိန်ရ၍ မီးမွှေးသူများကလည်း သစ်ကိုင်း၊ ချုံခြောက် စသည်များကို ထပ်ထပ် ထည့်၍လော မသိ၊ မီးတောက်ကြီးရဲ၍ နီမြန်းလာသောအခါ ချောက်ခြေရင်း ခဲတစ်ပစ် စာခန့် ပတ်လည်ကို မီးရောင်ကြင့်ကြင့် ရဲထွေးထွေးလက်၍ လင်းဖြာသွားသည်။

မောင်ညို ရင်မခုန်တော့ပေ။ ဤလူတွေမှာ ဤအချိန်၊ ဤအခါတွင် ဤကဲ့သို့သော တောကြီးမျက်မည်းသို့ မည်သည့်ကိစ္စနှင့် လာကြသည်ကို သိလိုသော ဇောတစ်ခုသာ ရှိနေတော့၏။ လူစုတွင် မိန်းမခြောက်ယောက်ခန့်နှင့် ယောကျ်ားတစ်ယောက်သာ ပါသည်ကို တွေ့ရလေရာ ထိုလူစုကို များစွာ မနီးလှသော်လည်း လူလုံးပေါ်အောင် မြင်ရသော နေရာက ပုန်း၍ ကြည့်နေရသော မောင်ညိုတွင် အထူးအဆန်းကို သိလို စိတ်သာ တဖွဖွဖော်၍ စိတ်အဆွအနှိုး ခံနေရရှာတော့၏။

အောက်ကလူစုမှာ သူတို့ဘာသာ မီးကို မတောက် တောက်အောင် မွှေးနေကြသည်။ ၎င်းတို့အား စိတ်ဝင်စားစွာ ကြည့်နေကြသော ချောက်နဖူးမှ လူနှစ်ယောက်ကို ရှိမှန်း သိမြင်ပါအံ့လော့။

တွန်မှာ မြင်ရသော ထိုလူစုကို အတန်ကြာ အကဲခတ်ရင်း 'မြင်လား ကိုညို.... တွေ့စ၊ ဟိုဘက်က အရပ်မြင့်မြင့် .... မီးကို တုတ်နဲ့ ဆွနေသဲ့ဟာ' ဟု လက်ညှိုးထိုးပြ နေရာ မောင်ညိုတွင်လည်း ထိုလူကို ရင်တတုန်တုန်ဖြစ်လျက် မျက်တောင်မခတ် အကဲခတ်နေမိရာမှ တွေ၍ စိုက်ကြည့်နေသည်။ ပြီးမှ 'အိမ်း' ဟု ပြောသဖြင့် 'အမယ်ကြီး ဒေါ်နော်ဇာ ဟုတ်စ' ဟု မေးတော့သည်။ မောင်ညိုမှာ သူမြင်ရသော မီးရောင်နီးနီး ဟပ်နေသည့် မျက်နှာကြောင့် အသံတိုးတိုးနှင့် 'အိမ်း' ဟု ဆိုရတော့သည်။ 'ဒွေးမယ်

အမိလေ့’ဟု ငွေနှက ထပ်ဆင့်ပြောသည်။ ပြီးလျှင် လူစုကို ကြည့်နေရာက လက်ညှိုး တထိုးထိုးဖြင့် ‘သူ့အနားက မဲထဘီ မဲအင်္ကျီနဲ့ဟာက တောင်ဘက်ပိုင်းက မိရှမ်းလေ။ တစ်နေ့ ကိုညိုနဲ့ ကျုပ် ထန်းရည် နေမကျော်သေးရို စိတ်ပျက်ပြီး ပြန်လာတုန်း ကိုရင်က တယ်အလုံးထွားပါလားဟော့ ဆိုပြီး သဘောတွေ့သဲ့ အပျိုမဟာလေဗျာ။ သူနဲ့ စကား လာပြောသာကရော့ .... မိုင်းဖွတ်က ပန်းပဲကတော် မိမြိုင်ပေါ့။ မနှစ်က တောကျောင်းက ပဒ္ဒင်းကလေးကို အပင်းသွတ်သတ်သာ။ ဟောဟိုဘက် လျှောက်သွားသာကတော့ မိုးမိတ် က အဘွားကြီး ဒေါ်ဓနဲ့ တူသာပဲ။ လူတကာကရော့ ဆယ့်နှစ်ကြိုး သင်နေသဲ့ ကဝေမ ကြီးရို့ ပြောသာပဲ။ အဲ .... ဟို မဲပုဆိုး ကတော့ထိုးနဲ့ဟာက ထဘီခြုံ ဦးထော်ပေါ့။ ကဝေ့ဆရာ အောက်လမ်း ဇော်ဂနီကြီးသဲ့၊ သိပ်စွမ်းသယ်ဆိုပဲ။ မျက်စောင်းတစ်ချက် ခဲရုံနဲ့ ဗုန်းဗုန်းသား မသာတုံး ဖြစ်နိုင်သယ်သဲ့ဗျ’ဟု ပြနေသည်။ သူတို့နေရာမှ ရုပ်လုံး ပေါ်အောင် မြင်ရလေရာ နဂိုက သိဖူး မြင်ဖူးထားသည့် မျက်နှာသိတွေကို ငွေနှ အလွယ်တကူ ရွေးပြနေခြင်း ဖြစ်သည်။ ညိုသည် ပြသည့်လူတွေကို လိုက်ကြည့်နေ သော်လည်း မျက်နှာတွေကို ကောင်းကောင်း မမြင်မိပေ။ သူ မြင်မိသည်မှာ ဒေါ်နော်ဇာ တစ်ယောက်သာ ဖြစ်၍ အဘွားကြီးမှာ ကျန်မိန်းမတွေပေါ်၌ အတော်ဩဇာပေးနိုင်၍ ဇော်ဂနီကြီးဆိုသူနှင့် တစ်စုံတစ်ရာ ခေါင်းချင်းဆိုင်ဆိုင် တိုင်ပင်သည်ကိုလည်း တွေ့ရ သည်။ ဒေါ်နော်ဇာကို လာမြင်ရသဖြင့် စိတ်တွင် ပိုမိုထူးခြားခြင်း မရှိလှသော်လည်း တစ်မျိုးကြီးကား ဖြစ်သွားသည်။ မြင်ရသော အခြင်းအရာနှင့် သူ့ကြား၌ ဒွေးမယ်၏ မျက်နှာကလေးမှာ တဝဲဝဲ ဖြစ်နေသည်။ အတန်ကြာ ငေး၍ ကြည့်နေပြီးမှ မောင်ညိုက ‘ရို့ ငွေနှ၊ သင်းတို့တစ်တွေ ပဇာနဲ့ လာကြပြီး ပဇာ လုပ်နေကြတုံးကွယ့်’ဟု မေး၏။

‘ကျုပ်တို့လို မြင်းနဲ့လာချင် လာ၊ သာမှမဟုတ် လှည်းနဲ့ လာမှာပေါ့’ဟု ပြော သည်။ အတန်ကြာလျှင် တစ်ဖန် ‘သည် တောလယ်ကောင် ပဇာလာလုပ်သာတုံးကွယ့်’

‘ပဇာလုပ်ရမလဲ့၊ ကြိုး သင်သာပ၊ ပညာသင် မှော်သွင်းသာပေါ့။ သင်းရို့ စွမ်းသထက် စွမ်းအောင် လုပ်သာပဗျာ’

‘ဩော်’ဟု ညို တစ်ခွန်းတည်း ခေါင်းညိတ်ရင်း မီးပုံသို့ ငေးမြဲ ငေးနေသည်။

မီးပုံအနီးမှ လူစုမှာ မီးတောက်ကောင်းလာသောအခါ ဆားတွင်ဝိုင်း၍ ထိုင်ချကြ ၏။ အကြီးအကဲလုပ်သူ ဇော်ဂနီကြီးက အရှေ့ဘက်မှာ တင်ပျဉ်ခွေထိုင်သည်ဟု ထင်၍ ကျန်မိန်းမတွေက ပုဆစ်ဒူးတုပ် ထိုင်ဟန်တူသည်။ သဲသဲကွဲကွဲကား မမြင်ရ၍ မသိပေ။

ဇော်ဂနီရှေ့တွင် တစ်စုံတစ်ရာ ပသသူမှာ ဒေါ်နော်ဇာဖြစ်၍ ကျန်မိန်းမတွေကို လည်း သူကပင် လက်ဟန်ခြေဟန်ဖြင့် သင်ကြားနေသကဲ့သို့ တွေ့ရသည်။ မကြာမီ သူတို့တစ်တွေ တစ်စုံတစ်ရာကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်သော အသံတွေ တောင်နဖူး ညိုတို့ထံ သဲ့သဲ့ သဲ့သဲ့ လွင့်တက်လာသော်လည်း ဉ၊ အိန် စသော ဉခံသံတွေကိုသာ နားလည်မိကြသည်။

ရွတ်ရင်းရွတ်ရင်း အသံတိုင်ပေးသော ဒေါ်နော်ဇာ့ အသံနှင့်အတူ ကျန်မိန်းမတွေ

အသံပါ တဖြည်းဖြည်း မြင့်မြင့်လာသည်။ အသံမြင့်သော်လည်း စကားလုံးကား မကွဲပြားပေ။ အသံတွေမှာ စူးရှ နက်ကျယ်လှသဖြင့် ကြားရသောသူတို့တွင် ကျောတစိမ့်စိမ့်ဖြစ်မတတ်။ ရွတ်သူတွေ၊ တိုင်သူတွေမှာ ရွတ်ရင်းရွတ်ရင်း ကိုယ်တွေပါ ယိမ်းထိုး၍ လိုက်လာခဲ့ကြရာ နတ်ဝင်သည်တွေလိုပင် ကိုယ်တွေ တုန်နေမည်ဟု စိတ်တွေးဖြင့် မှန်းကြည့်ရသည်။

အတန်ကြာလျှင် စူးရှနက်ကျယ်သော အသံများ တိတ်သွားပြီး ဇော်ဂနီကြီးက ဒေါ်နော်ဇာမှတစ်ဆင့် မိန်းမများထံ တစ်စုံတစ်ရာ ပေးသည်ကို ဝိုင်း၍လှမ်းယူ၊ နှုတ်ခမ်းဖြင့် တေ့ကြသည်ကို မြင်ရပြန်သည်။ 'အင်း မှော်သွင်းသာ။ သူရို့ ခုသောက်သာ အင်းပြာပေါ့၊ ကိုညို'ရ'ဟု ငတွန်က ပြောပြ၏။

ပြီးလျှင် အားလုံး တုပည့်မတွေ ငြိမ်သက်စွာရှိခိုက် ဆရာကြီးက စူးရှနက်ကျယ်သူတို့ထက် ကြောက်စရာကောင်းသော အသံကြီးဖြင့် တစ်စုံတစ်ရာကို တိုင်တည်၍ ရွတ်ပြန်၏။ မိန်းမတွေက ချောင်းထဲမှရေဖြင့် မီးပုံကို ဖျန်း၍ သတ်ကြတော့သည်။

ခေတ္တနေလျှင် မီးတောက် တစ်စစနိမ့်ပြီး နောက်ဆုံးတွင် မီးခဲရဲရဲကို ရေးရေးသာ မြင်ရသည်။ တစ်နေရာလုံးကား ရုတ်တရက်ဖြင့် မှုပ်သွားသည် ထင်ရသော်လည်း လရောင်ဖွေးဖွေးမှာ သာမြဲ သာနေသည်ကို တွေ့ရသည်။

'ကိုင်း ကိုညို၊ သတိထားပီးသာ ကြည့်ပေရော့။ တွေ့ရတော့မှာပဲ'ဟု ပြောသော ငတွန့်အသံမှာ ကိုယ်တိုင် စိတ်ဝင်စားလှပုံ ပေါ်နေတော့၏။

အသံတွေ ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားရာ လရောင်တွင် မည်းမည်း ဖွေးဖွေးနှင့် ရေးရေးကလေး ယခင်လူစုကို မြင်နေရသည်။ ထိုလူစုမှာ ပုပု ပုပုနှင့် စီတန်းလျက် တောင်စောင်းဘက်သို့ ပြေးနေကြသည်ကို လည်းကောင်း၊ မကြာမီလည်း တစ်ဖက်တူရူ တောင်ကမ်းပါးဘေးသို့ တက်နေသည်ကို လည်းကောင်း၊ သူတို့တစ်စု တောင်စွန်းသို့ ရောက်လျှင်ပင် သူတို့ပေါ်သို့ တည့်တည့်ထင်းထင်းကြီး ထိုးဆင်းနေသော လရောင်၌ မြုံနေကြသည်ကို လည်းကောင်း.....။

တစ်နေရာတွင် အားလုံး တန်းရပ်နေကြပြီး ဆရာကြီးလုပ်သူ နောက်မှ ဒေါ်နော်ဇာက ရုတ်တရက် ဝတ်ထားသောထဘီကို သူ့ကိုယ်ပေါ် လွှားလိုက်သည်ကို လည်းကောင်း၊ နောက် တစ်ယောက်ပြီး တစ်ယောက် ကိုယ့်ထဘီဖြင့်ကိုယ် အသီးသီး လိုက် လိုက် ခြုံလွှားကြပြီးလျှင် တောစပ်သို့ ပျောက်ကွယ် သွားကြတော့သည်ကို လည်းကောင်း တအံ့အဲအဲ မြင်လိုက်ရပေသည်။

မောင်ညိုတွင် ရုတ်တရက် ပျောက်ကွယ်သွားသူတွေကြောင့် အံ့အားသင့်နေရာမှ ခေတ္တနေသော် ထိုနေရာနားဆီမှပင် အရောင်လက်လက် လက်လက် ဝင်းဝင်းသွားသည်ကို မြင်ရပြန်သည်။ ကြည့်ရင်း ကြည့်ရင်းပင် တလက်လက်အရောင်မှာ တဝင်းဝင်း ဖြစ်သွားရာက ကြာသော် တောင်စောင်းတွင် ပေါက်နေသော ပိစပ်၊ မြရာ၊ ခရာ စသော

ချုံတွေကြား၌ ရဲခနဲ လင်းခနဲနေသော အရောင့်လုံးကြီးတွေကို ငုပ်ချည် ပေါ်ချည်၊ ပျောက်ချည် လင်းချည် မြင်ရပြန်၏။

ထိုအလုံးကြီးများမှာ ကွမ်းတစ်ယာညက်ခန့်ကြာကြာ ချုံစပ်ကလေးတွေကို လှည့်ကာ ပတ်ကာ မြူးနေကြရင်း တစ်လုံးနှင့်တစ်လုံး မြင့်ချည် နိမ့်ချည်၊ နီးချည် လှမ်းချည် ဖြစ်နေကြ၏။ တစ်လုံးနောက်သို့ တစ်လုံး လက်လက် ဝင်းဝင်းနှင့် လိုက်နေသည်။

တစ်လုံးပျောက်သွားပြီး တစ်လုံးပေါ်နှင့် အတန်ကြာ တောင်စောင်းတွင် ဝဲ....ပျံနေကြဟန် ပြုရာမှ တစ်စစနှင့် ရှေ့ဆုံးက အခြားမီးလုံးကြီးတွေထက် ကြီးထွားလှသော မီးလုံးကြီးသည် အထက်တောင်ကမ်းပါးစွန်းသို့ တရွေ့ရွေ့တက်စပြုလျှင် နောက်က အလုံးတွေလည်း လိုက်တက်၏။ တောင်ကမ်းပါးစွန်းမှာ အားလုံးစုလျှင် ခေတ္တမျှ ဝဲပျံမြူးထူးနေကြသည် ထင်ရပြီး ကောင်းကင်သို့ လွင့်စဉ်သွားကြတော့သည်။ ထိုအခြင်းအရာနှင့် မရေးမနှောင်းပင် ဟော ....ရွှေး ....ရွှေး ....ဟား.... စသော အသံများသည် တောင်ကမ်းပါးဆီမှ မောင်ညိုတို့ထံ ပေါ်ထွက်လာခဲ့လေရာ လရောင်၌ တစ်စစ လွင့်လွင့်တက်ရင်းက နောက်ဆုံး ကောင်းကင်တွင် နိမ့် မြင့် မညီ စီတန်း ဝဲပျံနေကြသော ထိုမီးလုံးကြီးများသည် တစ်စစနှင့် ပျောက်ကွယ်သွားသည့်နောက်မှ လမင်းဝိုင်းစက်စက်ကြီး ရှေ့သို့ ဖြတ်ကာ သီကာ ရိပ်ခနဲ မြင်တွေ့ရသလိုလို ဖြစ်သွားသည်။ ထိုအရာများမှာ စုန်းမများ ထဘီခြုံ ဝဲသွားကြသလော၊ လင်းနို့တွေ အစာရှာထွက်ရန် တောင်ပံဖြန့်သွားကြသလောဟု မောင်ညို အတပ်သေချာ မပြောနိုင်ပေ။ ကြားရသောအသံမှာ တောင်ကမ်းပါးမှ ထွက်ပေါ်လာစဉ်က လူသံနှင့် တူသော်လည်း သူတို့ရှိရာ ချောက်ကမ်းပါးယံပေါ်မှ ဖြတ်ကျော်သွားသော အခါ၌ကား တကျိုကျို စုတ်ထိုးလျက် သွားသော လင်းဝက်ကြီးတွေ၊ လင်းနို့ကြီးတွေ တောင်ပံရိုက်သံလိုလို ထင်မိတော့သတည်း။

နောက်ဆုံး တစ်တောလုံး ဆိတ်ငြိမ်သွားမှ တွေန် နေရာမှ စ ထသည်။ 'ပြန်စို့ ကိုညို'ဟု ပြောမှ မောင်ညိုလည်း ထိုင်းမှိုင်းသောစိတ်၊ လေးလံသောကိုယ်ဖြင့် ထရသည်။ မြင်းတွေအနီး ရောက်လျှင် တွေန်ကပင် 'မြင်ပြီ မဟုတ်လား' ဟု မေးပြီး မြင်းပေါ် တက်မိသောအခါ 'သည်အတိုင်းဆိုရင် သည်ဒေါ်နော်ဇာဆိုသဲ့ အဘွားကြီးဟာ တစ်နေ့နေ့ သေခြင်းဆိုးနဲ့ သေရမှာပဲ'ဟု ပြောလိုက်တော့သည်။

မောင်ညိုကမူ ဟင်းခနဲ သက်ပြင်းရှည်ကြီးသာ မှုတ်ထုတ်နိုင်တော့၏။

## ၁၈ | ရွှေခါချဉ် ခါးချည့်ချည့်၊ မြင်းမိုရ်ကို ကလိ

မောင်ညိုသည် ရွာသို့ပြန်ရောက်သည့်တိုင် စိတ်မချမ်းမြေ့လှသောကြောင့် ရောက်မဆိုက် တွေန် တရှူးရှူး အိပ်မော ချက်ချင်း ကျသွားသည့်တိုင် သူ့တွင် မအိပ်နိုင်သေးပေ။

ဒွေးမယ်အတွက် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချရသေးတိုင်း အတန်တန်

တွေးကြံ၊ အလှန်လှန် ဝေဖန်ခဲ့ရင်း နံနက်လင်းရသည်။ ခါတိုင်းကဲ့သို့ စောစောကြီး ဒွေးမယ်ထံ မသွားမူ၍ တစ်နံနက်လုံး တွေန်တို့အိမ်တွင် စကားစမြည် ပြောဆိုနေခဲ့ရာ ထမင်းစားပြီးချိန်ခန့်ကျမှ ထ လာခဲ့တော့သည်။ မောင်ညိုတွင် တစ်နံနက်လုံး တစ်စုံ တစ်ရာကို နက်နဲစွာ တွေးနေရာ အဖြေရင်းကို မရသေးသောကြောင့် ထိုအတွေးကိုပင် ဆက်တွေးနေပြန်သည်။

ရွာဘား လှည်းလမ်းကလေးအတိုင်း လမ်းလျှောက်စဉ်းစားလာခဲ့ရာ တစ်နေရာ၌ ထမင်းစားပြန်လာသော တွေန်ကို ရွာတွင်းအဝင်နှင့် ဆုံသည်ကိုလည်း မမြင်။ တွေန်က စ၍ 'ရို့. ကိုညို၊ ဟိုလား'ဟု အမေးကိုသာ ပြုံးရန်ကြိုးစားရာမှ ခေါင်းငဲ့ပြရစ်ခဲ့သည်။

သို့ တွေးတောလျက် ခေါင်းငုံ့လျှောက်လာခဲ့ရာ ဝါးနှစ်ပြန်ခန့် သွားမိသောအခါ သူ့နောက်စေ့ကို တစ်စုံတစ်ရာ မာကျောသော အရာဝတ္ထုတစ်ခုဖြင့် တစ်စုံတစ်ယောက်က ဒုန်ခနဲနေအောင် ရိုက်လိုက်သည်ကို အရိုက်ခံပြီး ရှေ့သို့အနည်းငယ် ထိုးယိုင်သွားပြီးမှ သိရတော့၏။

အရိုက်ခံရမှန်း သိမှ ညိုသည် သူ့ခေါင်းကို သူ့လက်ဝါးဖြင့် လျင်မြန်စွာ အုပ်ပြီး နောက်သို့ ချာခနဲလှည့်လိုက်ရာ ခြေနှစ်လှမ်းခန့်အကွာတွင် ရင်းတိုက်သား လေးမြှောင့်တုတ်တစ်ချောင်းကို လက်နှစ်ဖက်ဖြင့် မနိုင်မနင်းကိုင်လျက် ကြောင်တက် တက် တွေနေသော လူပုပုတစ်ယောက်ကို တွေ့ရလေသတည်း။

မောင်ညိုတွင် ဒေါသဖြစ်ရမည့်အစား ထိုလူမှာ သူရိုက်စဉ်က တစ်ချက်တည်း ရှေ့သို့ ဟပ်ထိုးကြီး ပုံလျက်သား ကျကရော့ဟု ရိုက်ဟန်တူပြီး၊ မောင်ညိုက ခေါင်း ကလေး ကျုံ့၍ နောက်သို့ မူမပျက် လှည့်ကြည့်သည်ကို မြင်ရသောအခါ ထိုလူတွင် နောက်ထပ် ဆင့်ရိုက်ရမည့်အစား အံ့အားသင့် မှင်တက်မိနေသည့်ပုံ ပေါ်သည်။ ကျွဲကြီးလို ထုံပေပေနိုင်လှသော မောင်ညိုကို သူ တအားကုန် ဖျစ်ညှစ် ရိုက်လိုက်ပါလျက်နှင့် ဣန္ဒြေမပျက် ခါချဉ်တုပ်သလောက် ဖြစ်နေသည် တွေ့ရသောကြောင့် ထိုလူတွင် မောင်ညို မျက်နှာပြဲကြီးကို မြင်သည်နှင့် တစ်ပြိုင်နက် မျက်စိမျက်နှာ ပျက်သွားကာ ရင်းတိုက် တုတ်ကို နေရာတွင် ဖုတ်ခနဲ ချပစ်ခဲ့ပြီး နောက်သို့ ချာခနဲ လှည့်ပြေးတော့၏။

မောင်ညိုသည် နောက်စေ့ကို ကိုင်ရင်းက အူထဲ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲ ရှိလှပုံဖြင့် အသံအောကြီးထွက်အောင် ခွက်ထိုးခွက်လန် ရယ်လိုက်မိတော့သည်။

မောင်ညို့ရယ်သံကြောင့် နောက်သို့ ဖျတ်ခနဲ လှည့်အကြည့်၌ အူယားဖားယား ပြေးလာသောသူကို တွေ့ရသော တွေန်တွင် လျင်မြန်စွာ ရှေ့မှဆီး၍ ထိုသူအား ဘာမှန်း မသိသေးသော်လည်း စိတ်ထဲမှ မျက်ခနဲ ထင့်သွားသောကြောင့် မိအောင် ဖမ်းထားလိုက် ၏။

ထိုသူမှာ တစ်ကိုယ်လုံး အသားတွေတုန်၍ မျက်နှာကြီး ဖွေးသွားရာမှ တွေန့် လက်တွင် ရှန်းရင်း ကန်ရင်း ပါလာတော့သည်။ ပါးစပ်မှ တစ်စုံတစ်ရာကို ပြောရန် ပြင်သော်လည်း အသံ အလျှင်း မထွက်နိုင်ရှာသေးပေ။

မောင်ညိုသည် ထိုအခိုက် အူလန် ရယ်ကောင်းနေခိုက် ဖြစ်လေရာ ရိုက်သူကို တရွတ်ဆွဲ၍လာသော တွေနက ‘ရို့ ကိုညို၊ ပဇာဖြစ်သာတုံး’ဟု အရေးတကြီး မေးတော့မှ ရယ်သံကြားက ‘ငါ့ကို ရိုက်ပြေးသလေ့ ဟေးဟေး’ဟု ရယ်သံနောက်သို့ စကားပါ မျောသွားသည်။ ဤတွင်မှ တွေနက ဖိကုပ်ပြီး ခေါ်လာသူကို လက်ထဲတွင် မြဲမြဲချုပ်ရင်း ‘မှန်း၊ ပဇာဖြစ်သွားတုံး။ ဘယ်နေရာ ထိသွားလဲ’ဟု မောင်ညို့နောက်စေ့မှ လက်ကို ခွာကြည့်ရသည်။ ကံအားလျော်စွာ ရိုက်စဉ်က တအားလွဲရိုက်သော်လည်း တစောင်းတွဲနေသော သျှောင်နှင့် ခံနေသောကြောင့် အရေကွဲရုံမျှ ကွဲ၍ သွေးမှာကား ဆူစ ပြုသဖြင့် ကုပ်ပေါ်သို့ စီးကျနေပြီကို တွေ့ရသည်။

ညို့ခေါင်းက သွေးကို မြင်လျှင် တွေနတွင် ဒေါသ ထောင်းခနဲ ထသွားသောကြောင့် လက်ထဲရှိလူကို ကိုင်မြှောက်၍ ဒူးနှင့် တအားဆောင့်တိုက်မည် ပြုပြီးမှ မျက်နှာကို မြင်လျှင် မတိုက်ဖြစ်တော့ဘဲ အံ့အားသင့်သွားသည်။

သူ့လက်ထဲ၌ မျက်ဖြူဆိုက်တော့မတတ် အသားတဆတ်ဆတ်ခါပြီး ကြောက်သေးပါမတတ် ဖြစ်နေသူမှာ အခြားမဟုတ်၊ နဂိုကပင် ကြောက်ရာ၊ ရွံ့ရာ၊ သွေးနည်းရာ၊ သတ္တိကြောင်ရာတွင် ဗိုလ်မကြွား နှစ်ယောက်မထားသော ရှာ့ခိုင်းဖတ် ပေု ဖြစ်နေမှန်း သတိပြု မြင်မိသောကြောင့်တည်း။

ဘုံကျွန် ပေုမှာ ဘယ်တုန်းကမှ လူတစ်ဖက်သားကို အပ်တစ်ချောင်းဖြင့် မရွယ်ဖူးပေ။ ရွယ်ဖို့ နေနေသာသာ ရဲရဲပင် မော်မကြည့်ဝံ့သူ ဖြစ်လေရာ ယခု ညို့ကိုကျမှ ရင်းတိုက်နှစ် လေးမြှောင့်တုတ်နှင့် တအားကျုံးပြီး တွယ်လိုက်ပေပြီ။

တွေန အံ့သြ၍ မဆုံးတော့။

အင်မတန် ကြောက်တတ်သော ပေုက ညိုလို နေရာမရှောင် သတ္တိကောင်းသူကို သွေးထွက်အောင် ရိုက်ရဲသည်။ ဝံ့စားပြလိုက်ပြီ။

အဘယ်နည်းဖြင့် ရိုက်ဝံ့ပါသနည်း။ ကြွက်က ကျွဲကို၊ ဆိတ်က ဆင်ကို အန်တုရဲသည်ဆိုလျှင် ဟုတ်ပေသေးတော့။ မောင်ညို ဓားရဲ လက်ရဲသူကို ပေု နင်ပဲဆေ တုတ်ကြီးဖြင့် ချလေပြီ။ တွေန မစဉ်းစားတတ်ပေ။ နောက်နောက်ကလည်း ရန်စ ရန်ကြွင်း မခင်းမိဘူး။ တစ်ရံဆံမျှလည်း ညို မဆိုထားနှင့်၊ တွေနကိုယ်တိုင် သည် နှုတ်ခမ်းဖွေးဖွေး မျက်စိမှေးမှေး အသည်းသေးသော ပေုကို လူ့ပြည်လူ့ရွာတွင် ရှိလေသဲ့ သတ္တဝါဟု အမှတ်အသား မပြုခဲ့ဖူးပေ။ ယခုမှ .....

မောင်ညိုတွင် တွေန့လက်မှ သာခွေယိုင်နှင့် ငိုင်ကျနေသော သူ့ကိုရိုက်သည့် လက်သည်ကို ကြည့်ရင်းကြည့်ရင်း သဘောကျလာလေသည်။ ကြည့်လေ ကြည့်လေ ရယ်ချင်လေ ဖြစ်နေတော့၏။ ထိုအခိုက် အနီးအနားမှ ညို့ရယ်သံ ကြားပြီး အကြောင်း သိလိုသဖြင့် ရောက်လာကြသည့် ရွာသူရွာသားအချို့တွင် မောင်ညို့ရယ်သံကို ရောယောင် ရယ်မိမတတ် ဖြစ်နေမှ မျက်မှောင်တကုတ်ကုတ်ဖြစ်နေသော တွေနက ပွဲကျရန် ဟန်ပြင်သူတွေအား ‘ရို့လူတွေရ ပဇာတုံး၊ ပွဲမှတ်သလား။ ရို့ ဟိုဘက်ဆီက ခေါင်းဖြူကြီး

သည်ကပြောသာ မကြားလား’ဟု စိတ်လိုက်မာန်ပါ နှင်နေသဖြင့် တွေန့်ကိုလည်း ရွံ့နေကြသူ ရွာသားတွေမှာ ခပ်လှမ်းလှမ်းသို့ ရှဲခွာသွားတော့မှ–

‘ပဇာနဲ့ ရိုက်လိုက်သာတုံးဗျ ကိုညိုရ။ ခင်ဗျနှယ် ရယ်ချည့်တဲ့နေ’ဟု ကရုဏာဒေါသော မေးရင်း ညိုက လက်နက်ကို ခြေဖြင့်ထိုးပြမှ ‘ရို့ သည်မယ် ပေုရ၊ မင့်အသူ မြှောက်ပင့်နိုင်းရို့လဲ။ မင့်သတ္တိနဲ့ သာလိုလုပ်ဖို့ နေနေသာသာ ကြိမ်တစ်ညွှန့်တောင် ကိုင်ဝံ့မယ့်ကောင် မဟုတ်ဘဲနဲ့ ဟင်’ဟု ပေုကို ကုပ်ကလေးဖိဖိ လှုပ်မေးသည်။ ပေုတွင် မျက်စိ မဖွင့်ရဲတော့သဖြင့် ပါးစပ်က တအစ်အစ် တအော့အော့သာ ဖြစ်နေမှ စိတ်မရှည်ပုံဖြင့် ‘ရို့ ခွေးကောင်၊ သည်ကမေးသာ ကြားဘူးလားဟ’ဟု ထပ်ဆောင့်သည်။ ‘ဟင် အသူမြှောက်ပေးတုံး၊ ပြောစမ်းဆို’ဟု တွေန်က သွားကြီးစေ့၍ အသံညှစ်ပြီး မေးတော့မှ–

‘အသူမှ မမြှောက်ခိုင်းပါဘူး’

‘သာဖြင့် မင့်သတ္တိနဲ့ မင်းလုပ်သာပေါ့’

ပေုက မျက်လုံး မဖွင့်သေးပေ။ တွေန့်လက်၌ သားအုပ်ပြောင်းသော ခွေးမကြီး နူတ်သီးမှ တန်းလန်းလေးကျ ပါသွားသော ခွေးပေါက်ကလေးနှင့်သာ တူနေတော့သည်။ ပေုမှာ တစ်ညှိုခန့် ဆံပင်ကျဲကို သျှောင်ပေစူးထုံး၍၊ မဲပဝါ အညစ်ကို ပခုံးစွန်းပတ်၍ အင်္ကျီဗလာ၊ နံငယ်နီ အဟောင်းပိုင်းကို ဆီးထား၏။ နာမည်နှင့်လိုက်အောင် ပုပျပ်ပျပ် ဖြစ်ရှာပါ၏။

မလှမ်းမကမ်းတွင် တွေန့်ကို ရွံ့ကြောက်ကြီး ကြောက်ရသဖြင့် ခွာရှဲနေရသူ တစ်စုက ဘာကိုမေး၊ ဘာကိုပြောသည်ကို ရှရှထိုး သိလိုလှပြီ။ ထိုအခိုက် မောင်ညို ကလည်း အရယ် တစ်စစရပ်ပြီး တွေန်မေးနေပုံကို အာရုံပြုနေသည်။ သူ့ကုပ်ပိုးသို့ ဆံပင်ကြားမှ သွေးကြောင်းကလေး ထိုးဆင်းနေသည်။

‘ဟုတ်စ’ မဖြေနိုင်သေးသူအား မေးသူက မျက်စပင့် မေးပြန်၏။

ပေု တုဏှိဘော။

‘ပဇာအညှိုးနဲ့ မင့်က သည်လို ရိုက်ရသာတုံးကွယ့်။ ငါဖြင့် မစဉ်းစားတတ်ဘူး ဟာရို့’ဟု တွေန်က စိတ်ပျက်ပုံဖြင့် ဒေါထွက် ညည်းစပြုမှ–

‘ဒွေးမယ်.....’

မမျှော်လင့်သော စကားလုံးဖြင့် ဖြေလိုက်သည်။ တွေန့်အလျင် မောင်ညိုက ရှေ့သို့ တိုးသွားပြီး–

‘ပဇာ....ကွ’

‘ဒွေးမယ်....ရယ်’

ကြောက်သည့်ကြားက ပီပီသသကြီး တစ်လုံးချင်း ဖြေပြန်သည်။

ထိုနောက် တွေန်နှင့် ညိုကို တစ်ချက်စီ လျင်မြန်စွာ လှမ်းကြည့်ပြီးမှ နောက်ထပ် ဘာမျှ မမေးနိုင်မီ–

‘ဒီက ကိုရင် ဒွေးမယ်ကို လည်နေရို့’ ရှင်းရှင်းကြီး ပြောလိုက်ကာ လျင်မြန်စွာ

အရဲစွန့်၍ ပြောရသည့် အတိုင်းအတာဖြင့် ပြောတော့ပြီးပြီ၊ ကျုပ်ကို ပြုလိုရာ ပြုပေရော့ဟု ဆိုသကဲ့သို့ ဖျတ်ခနဲ သူ့မျက်လုံးတွေကို ပိတ်လိုက်ရှာတော့သတည်း။

'ရှိ.....'

ထိုသို့ တစ်ခွန်းတည်းသာ မောင်ညိုကြီး ဆိုနိုင်ရှာပါသည်။

ငွေနှင်တွင် ကုပ်ကိုင်ထားသော လက်ကို ပြန်လွှတ်လိုက်မိပြီး 'သြော် သာကြောင့်ကိုး'ဟု အံ့အားလုံးလုံး သင့်သွားရတော့သည်။ ဤတွင်မှ တစိမ့်စိမ့်တွေးရင်း မောင်ညိုတွင် သာ၍ပင် ခွက်ထိုးခွက်လန်ဖြစ်အောင် ရယ်မောမိတော့၏။ သူတို့နှစ်ဦးကြားက မောင်ပုတွင် မနည်းကြိုးစား၍ မတ်တတ်ရပ်ရင်း မောင်ညိုရယ်သံ မရပ်မချင်း ခြေချင်းပြောင်းပြီးရွေ့ကာ ကုပ်ချောင်းချောင်းပင် ဖြစ်နေသေးသည်။

အတန်ကြာမှ 'အိမ်း၊ ဟုတ်ပလေကွယ်ရှိ။ ဟန် ဟန်ကျသေးကွာ'ဟု ငွေနှင်တွင် အားမလို အားမရ ဆိုမိတော့သည်။ မောင်ညိုတွင်သာ ရယ်ပြီးရင်း ရယ်ရင်း 'သြော် အိမ်း အိမ်း ဟုတ်စ'ဟု မေးရာမှ ဖျတ်ခနဲ ပေအား လက်ကောက်ဝတ် တစ်ဖက်ကို ကိုင်ဆွဲခေါ်စ ပြု၏။ ငွေနှင်ပင် ရုတ်တရက်သော် ကြောင်၍ ကြည့်နေမိပြီးမှ–

'ဘယ်ဆီ ခေါ်သွားမလို့တုံး'ဟု မေးယူရသည်။

'မင်း မလိုက်ချင် နေရစ်လေ့'ဟု ဆိုပြီး အသံနိမ့်၍ 'ဟို....ဟိုကို'ဟု ပြောမှ 'အစ်ကို့ဒဏ်ရာ.....'

'အို အရေးမကြီးပါဘူး၊ ပဓာပြုသာလိုက်ရှိ'ဟုသာ သွားမြဲ သွားတော့သည်တွင် ငွေနှင်လည်း နောက်ကလိုက်မည် ပြင်နေကြသူတွေကို ဟန့်ကာ တားကာ ချန်ရစ်နေခဲ့၏။ ညိုသည် ပေကို လက်တစ်ဖက်က ဆွဲ၊ တစ်ဖက်က သူ့ရိုက်သည့်တုတ် သူ ကိုင်လျက် လှည်းလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်သွားရာ ပေမှာ မရုန်းရဲ မကန်ရဲ ဆုတ်ကန် ဆုတ်ကန်ဖြင့် ပါသွားရှာတော့သည်။

ကံအားလျော်စွာ ဒွေးမယ်တို့တဲ၌ ဒွေးမယ်တစ်ယောက်တည်း ရှိ၍ သူ့မိခင်ကို 'တောထဲ ဆေးမြစ်သွားရှာနေသယ်'ဟု သိရသည်။

ဒွေးမယ်သည် ပေတစ်ဖက်၊ တုတ်ကြီးတစ်ဖက် တရွတ်ဆွဲဝင်လာသော ညို့ကို မြင်လျှင် မြင်ချင်းပင် ဝိုင်းပြင်သို့ ပြေးထွက်၊ ညို့ကုပ်ပေါ်က သွေးဖြင့် အပေါ်ပိတ်အင်္ကျီ ပခုံးသား စွန်းစပြုသည်ကို မြင်လျှင် ခြေမကိုင်မိ လက်မကိုင်မိ မျက်စိမျက်နှာ မကောင်းဖြစ်ပြီး 'ရှိ့ ကိုညို၊ ပဓာဖြစ်သာတုံးရှင့် ဟင်....ဟင်'ဟု မေးနေတော့၏။ မောင်ညိုသည် အမေးကို မဖြေသေးဘဲ အိမ်ဆောင် တမာပင်ရိပ်သို့သာ အရောက်သွားပြီးမှ ပေကို လက်က လွှတ်၍ တုတ်ကိုလည်း အနီးတွင် ပစ်ချလိုက်ကာ ရှူးဟု သက်ပြင်းမှုတ်ပြန်သည်။

ပေတွင် ညိုကြီး တရွတ်တိုက် ဆွဲခေါ်လာစမှပင် ဤတဲဝိုင်းသို့ လာမှာပဲဟု အတပ်တွေးထားသဖြင့် ရင်တဖိုဖိုဖြစ်နေရာက ယခုသော် မျက်စိကလေး ပေကလတ် ပေကလတ် လှန်လှန်နေရှာသည်။

ထိုအခိုက် ဒွေးမယ်သည် အနီးရှိ ပေကိုပင် သတိမရနိုင်ဘဲ ညို့နောက်စေ့ကို

စမ်းရင်း 'ဟင် ကိုညို၊ သည်က သွေးတွေက ပဇာဖြစ်လာသာတုံး တော်ရဲ့'ဟု မေးနေသည်။ ဒွေးမယ်မှာ သနပ်ခါးရည်ကျဲလေး လိမ်း၍ ဖျင်အင်္ကျီဖြူ မဲထဘီနှင့် ဖြစ်သည်။ အသားလေး စိုဝင်း၍ ညို့အရပ်နီးပါး ငယ်ထိပ်နှင့် မေးခန့် မြင့်သော ကိုယ်ကလေးကို မြင့်ကာ မြင့်ကာ ညို့ပခုံးကို လက်တင်၍ ဒဏ်ရာကိုကြည့်ရင်း သွေးကို လက်ညှိုးကလေးနှင့် သုတ်ပေးနေမှ–

'သည်အကောင် ဟောသည်တုတ်နဲ့ ချောင်းရိုက်ရို့လေ'ဟု လေအေးကြီးနှင့် ပြော၏။ ဒွေးမယ်သည် ညို့နောက်မှ ဖြုန်းခနဲ ညိုနှင့် ယှဉ်ရပ်မိလျက်သားဖြစ်ကာ အသား တဆတ်ဆတ်ခါသွားပြီး ငပုအား အနုပ်နုပ် စဉ်းတော့မတတ် ကြောင်၍ ကြည့်မိတော့သည်။ ငပုက ခေါင်း ဆတ်ခနဲ ထောင်ကြည့်ရာ ဒွေးမယ့်မျက်နှာ မြင်လျှင် အံ့အားသင့်သွားပုံဖြင့် ချက်ချင်း ခေါင်းငုံ့လိုက်၏။ ညိုက–

'ပဇာမို့ ရိုက်ရတုံး မေးစမ်းပါ'ဟု ပြောမှ ဒွေးမယ်က 'ရို့ ငပု၊ ပဇာမို့တုံး'ဟု ဒေါသနှင့် မေးသည်။ ပထမ၌ ငပုသည် ပြန်မဖြေဘဲ နေမည် ပြင်ဟန်ပေါ်သော်လည်း ဒွေးမယ်က တစ်ဖက်သတ် ရောက်မဆိုက် သူ့ပေါ် ဒေါသပြုပုံကို သတိပြုမိတော့မှ ခံပြင်းလာစိတ် ပေါက်လာသည်။ ထိုကြောင့် ညိုကို ကြောက်ရွံ့စိတ်ကိုပင် ဖုံးလွှမ်းပြီး အတော် သတ္တိကောင်းသွားပုံဖြင့် ခေါင်း ဆတ်ခနဲ ပြန်မော့ကြည့်ရင်း 'နင့်ကိုလည်သာ ငါ့ မကြိုက်ရို့'ဟု ရဲရဲကြီး ပြောချလိုက်၏။

ဒွေးမယ် အံ့အားသင့်သွားသည်။ 'ဟင် ပဇာပြောသယ်'

'နင့် လည်ရို့'ဟု ထပ်ပြောမှ–

'ကိုညို ကျုပ်လည်သာနဲ့ ပဇာမို့ တော် ရိုက်ရမတုံးတော့'

'နင့် ငါ လိုချင်ရို့၊ လိုချင်နေသာ ကြာလှပေါ့ အမိရဲ့။ နင်ကသာ.....'

မောင်မင်းကြီးသားမှာ အကြောက်တွေဖယ်ထုတ်၍ ရဲသွေးကလေး ပြန်ဆူလာသည်ကို မောင်ညိုတွင် ရည်းစားလုဘက်ဟု တပ်အပ်သိရသည့်ကြားမှ ငပု၏ တကယ့်ခွဲ၊ တကယ်ပင် အကြောက်ဖုံးမိအောင် စိတ်အဟုန် ပြင်းပြနိုင်ပုံအား ချီးကျူးချင်လာသည်။ သို့ကြောင့် ငပု ရှေ့ဆက်မပြောနိုင်မီ 'နေဦး နေဦး၊ ငါ တစ်ခုမေးဦးမယ် နားထောင်စမ်း'ဟု ဟန့်တား၍–

'ငပု၊ မင်း အကယ် သူ့ကို လိုချင်လား'

'လိုချင်သာပေါ့ဗျ'

'သင့်အမိ ရှင်နော်ဇာဟာ စုန်းမှန်း သိပါစ'

'သိသားပဲ၊ ပဇာပြုတုံး'

'အေး တော်သယ် တော်သကွ၊ မင်းနဲ့ငါ တယ်တူ'ပြောပြီး အတော် ကျေနပ်သွားဟန်ဖြင့်–

'ဒွေးမယ်၊ နင်ကော သူ့ လိုချင်လား'ဟု မျက်စိမှိတ်ပြသည်ကို ဒွေးမယ်ကမူ

အကယ် ဒေါသထွက် မှန်းတီးလှဟန်ဖြင့် 'သတ်ပစ်ချင်သယ်'ဟု ခပ်ပြတ်ပြတ် ပြန်ပြောသည်။

ထိုတွင် ငပုက 'အကယ်လားဟယ် ဒွေးမယ်ရယ်၊ နင့်ကို ဟိုငယ်ငယ်ကလေးတည်းက နင် ဆံရစ်ဝိုင်းလေးနဲ့ရှိတုန်း ကြေးထမ်းကြီးအိမ်က အောင်နက် ထွက်ဆွဲတုန်း ငါက အောင်နက်ကို ဝင်ဖက်ရို့ ငါ့ကို အောင်နက်က ကိုက်သာများ နင် မေ့သွားပေါ့ ဟုတ်စ။ ဒွေးမယ် ကြည့်စမ်းပ၊ သည်မယ် အမာရွတ် ခုထိရှိတုန်း'ဟု လက်ပြင်ကြောမှ တစ်ထွာခန့် အမာရွတ်ကို ပြသည့်တိုင် ဒွေးမယ်က မျက်နှာမပျော့သည့်အပြင်–

'သမယ် ငပု၊ သည်စကားမျိုး နင် သည်တစ်ခါပဲ ပြော။ နောက်တစ်ခါပြောရင် နင်နဲ့ ငါနဲ့ အသတ်ပဲ။ ဗီး ယောသည်က ကိုညိုကို ထိရင်လည်း နင့်ကို ငါ အမဲဖျက်သလို ဖျက်မယ် ကြားစ။ မောင်မင်းကြီးသား သွားပတော်။ ငါ့စည်းထဲက ထွက်၊ နင် ခုထွက်'ဟု အတင်းအဓမ္မ ရင်းတိုက်တုတ်ကြီး ကိုင်ကာ တမိုးမိုးနှင့် နေသည်ကို ညိုက လှမ်းဆွဲထားရင်း ခါးပုံကြားမှ ဒေါင်းဒင်္ဂါးအစိတ်ထုပ်ကို ထုတ်ပြီး ငပုလက်သို့ အတင်းထည့်ပေးကာ 'သွား သွား၊ နောက်တစ်ခါ သည်လိုကျီစယ်ရင် ငါ မင်းကို ယောသလို လက်ဝါးထဲ ခြေပစ်မယ် သိလား'ဟု ပြောလိုက်သည်။ ငပု စောင်းကန်းကန်း ထွက်သွားသည်ကိုကား သဘောကျနေပြန်သည်။

မောင်ညို လက်တစ်ဖက် ဆွဲထားသဖြင့် မောင်ညိုနှင့် ယှဉ်လျက်သား ရပ်နေရသော ဒွေးမယ်က မကျေမချမ်းဖြင့် 'ဒင်္ဂါး ပဇာမို့ ပေးရသာတုံးရှင့်'

'ဆုချသာ'

'ပဇာဆုတုံး'ဟု စိတ်မရှည်ပုံဖြင့် အသံလေး မှုန်း၍မေးမှ 'သတ္တိကောင်းရို့'ဟု ပြောသောကြောင့် သာ၍ နားမလည်ဘဲ မော့ကြည့်နေသည့်အခါ–

'သတ္တိကောင်းရို့၊ စုန်းမသမီးမှန်း သိရက်နဲ့ အမိကို ကြိုက်ရဲရို့'ဟု ပြောလိုက်တော့သည်။ ဒွေးမယ်တွင် မျက်နှာအောက်ချနှင့် စိတ်မကောင်း ဖြစ်သွားသည်။ မောင်ညို့အမူအရာမှာလည်း အလွန် သိသာနေသည်။ ယခင်က မောင်ညို စိတ်မတင်မကျ ဖြစ်နေသည်မှာ ငပု ရိုက်ပေးလိုက်မှ အရိုက်ခံရသည့် နောက်စေ့မှ အသိဉာဏ်တုံးလေး တစ်တုံး ဦးနှောက်ထဲ လိမ့်ဝင်သွားသည်ဟု ကျေးဇူးတင်နေပုံ ပေါ်သည်။

မောင်ညိုကမူ ဒွေးမယ့် ငေးတေးတေးလေး ဖြစ်နေသည့် ကိုယ်ကလေးကို ဖျတ်ခနဲ ချီပွေ့ပြီး တဲကလေးထဲသို့ ဝင်သွားတော့သည်။

တဲပေါ်တက်ပြီး ဒွေးမယ် အိပ်သော ဂွမ်းကပ်ပါးလေး လိပ်ထားသည့်နေရာတွင် ဒွေးမယ်ကို ပွေ့လျက်ပင် ရင်ခွင်ကြီးထဲ သွင်းထားမိသည့်တိုင် စကား ရုတ်တရက် မပြောသေးပေ။

မောင်ညိုမှာ နေ့စဉ်လိုပင် ဤကဲ့သို့ နှစ်ယောက်တည်း ဒွေးမယ်နှင့် တွေ့ဆုံခွင့်ရ၍၊ ဒေါ်နော်ဇာသည် ညနေ နေဝင်မှ ပြန်လာတတ်သည်ကို သိထား၏။ တဲအပြင် ယာခင်းထဲ၌ သစ်ရွက်တွေ လေဖေ့သံ၊ ငှက်တွေ မြူးသံနှင့် တောစပ်ကလေးဘက်မှ

ချိုးကလေး ကူနေသံ၊ ယာပြင် သစ်ပင်ရိပ်တွင် စားမြုံ့ပြန်နေသော နွားမတွေ သားခေါ်သံ၊ နွားပေါက်တွေ မြူးသံနှင့် နွားခလောက်သံ တထုံထုံ တခေါက်ခေါက်များနှင့်အတူ နွားကျောင်းသားလေး တစ်ယောက်၏ ခွန်းထောက်သံဖြင့် တီတာနေသော ဝါးပလွေသံ ကလေးများကို ကြားနေရသည်။

## ၁၉ | ရွှေညောင်ပင် ပွင့်စေတော့၊ ခါမလင့် ချစ်ပါ့မယ်

ရင်ခွင်၌ အလိုက်သင့်ငြိမ်လျက် သနပ်ခါးနံ့လေး တသင်းသင်းနှင့် ဒွေးမယ့်နဖူးမှ ဆံစ ဆံယဉ်လေးတွေကို ယုယစွာ သပ်ပေးရင်း မောင်ညိုသည် တစ်စုံတစ်ရာကို တွေးနေ၏။ ဒွေးမယ်ကို ချစ်သောကြောင့် ဒေါ်နော်ဇာ၏ ရန်နှင့် သူ့ရန်ကိုပါ မကြောက်မရွံ့ အန်တုခံ့ သူ ပေုကို ချီးမွမ်း၍ အတောမသတ်နိုင်သေး။ တွေးလေ တွေးလေ ပေုမှာ သူ ညို့၏ လက်တွေ့ နဖူးတွေ့ ဒူးတွေ့ ရန်ကိုသာမက ဒေါ်နော်ဇာ၏ လူပြောများပြီး တစ်ရွာလုံး ရွံ့ထိတ်နေရသည့် စိတ်တွေး မမြင်နိုင်သဖြင့် ကြီးကျယ်လှသော ရန်ကိုပင် ဂရုမထားဘဲ ကောင်းလှအောင် မွေးလိုက်သော သတ္တိကလေးကို မတင်စားဘဲ မနေနိုင်။ ဒွေးမယ် အတွက် ဤမျှ လုပ်ရဲပေသည်ဟု ချီးမွမ်းမိခြင်း ဖြစ်လေတော့သည်။

ရင်ခွင်မှ ဒွေးမယ်ကို တင်းတင်းကလေး ပွေ့ရင်းက 'ဒွေးမယ်'ဟု ခေါ်သဖြင့် 'ရှင် ကိုညို'ဟု ထူးမှ 'မင့်အမိဟာ အကယ် စုန်းလား'ဟု မေးလိုက်သည်။ ဒွေးမယ်က မည်သို့မျှ မဖြေသေးဘဲ တွေတွေလေး ငြိမ်နေပြီးမှ 'မသိဘူး ကိုညိုရဲ့'ဟု ပြောသည်။

မောင်ညိုသည် အံ့အားသင့်သွား၏။ သူတကာထက် မွေးထုတ်သော သမီးရင်း၊ အတူတကွ နေသူက သာ၍ သိမည်ဟု ထင်သောကြောင့် ယခုကျမှ မေးခြင်းဖြစ်ရာ ဒွေးမယ်ကိုယ်တိုင် ယခုလို ဖြေသံကြားရလျှင် အံ့အားမသင့်ဘဲ နေမိမည်လော။

'အကယ် မင်း မသိဘူးလား'

'မသိဘူးဆို၊ သူတကာကတော့ သမုတ်သာပဲ'

'နို့၊ မင်းကရော ဟုတ်သယ် ထင်လား'ဟု မေးမှ မောင်ညို့ရင်ခွင်က လူးလဲ ထကာ မောင်ညို့အား စေ့စေ့လေး ကြည့်ပြီး မျက်နှာကလေး မသာယာလှပုံဖြင့် 'အကျွန်ရော့ ဟုတ်သယ်လည်း မထင်တတ်၊ မဟုတ်ဘူးလည်း မထင်တတ်ဘူး'ဟု စပြော၏။ ဝမ်းနည်းသံ ပေါ်လာသည်။ 'မင့် အမိနဲ့ အတူနေလာသာပဲ။ ပဇာမှ မတွေ့မိ မမြင်မိဘူးလား'

'အဲသာ အဖြေရခက်သယ်။ တွေ့ဖူးလားဆို အမိ နေပုံ ထိုင်ပုံတော့ အတန် ထူးခြားသာ အမှန်ပဲ။ အချိန်မတော် အချိန်တော် အိမ်က ထွက်ချင် ထွက်သွားသာပဲ။ အမင်းလည်း စားချင်မှ စားသယ်။ တောထဲဝင် ဆေးမြစ် ဝါးမြစ် ရှာပီး ဆေးဖော်သာ လည်း တွေ့သာပဲ။ အမိ ပဇာလုပ်တုံး မေးရော့လည်း မပြောဘူး၊ ဆေးဖော်သယ်ပဲ ဖြေသာပဲ။ သူတကာက အမိကို စုန်းရို့ သမုတ်သယ် ဆိုပြန်လည်း "အို ရှင်ဒွေးရယ်၊

ရွာက သမုတ်ရော ညည့်တစ်ထွာ တစ်မိုက် လျှော့သလား။ သူတကာ ပဇာပြောပြော ညည့်နေသာသလို နေပေါ့တော့” သဲ့။

‘အနေသာမို့ နေသာ အပန်းမကြီးဘူး၊ အကျွန့်ကို သူတကာ စုန်းမသမီးရို့ ခေါ်သယ်။ အဲသာ အမိ ကြည့်နေမလား။ အမိနဲ့ မုန်းသူတွေလည်း ပေါလှပါပီ။ ဆိတ်စာ လောက် ဂရုထားပါဦး ဆိုသာတောင် အေ ညည့်ကိုယ်ညည့် စုန်းမသမီး ထင်ရင်လည်း ကျုပ် မတတ်နိုင်၊ မထင်လည်း ကျုပ်မတတ်နိုင်။ အဲသလိုသာ ပြောရို့ အကျွန်လည်း ထပ်မပြောတတ်ဘူး’ဟု ပြောရင်း မျက်ရည်ဥလေးများ မျက်လုံးဝိုင်းကလေးတွင် စုလာ ပြီးမှ ‘သလိုသာဆိုရင် အမိ တစ်နေ့နေ့ အမုန် ရွာနဲ့ ရန်များမှာပဲ’ဟု ပြောသည်။

‘စုန်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အကျွန့်အမိဟာ အမိပဲ။ အကျွန်ရှော့ ချစ်ရမှာပဲ။ တစ်ရွာလုံးမုန်းသဲ့ အမိမယ် ချစ်မယ့် အကျွန်တစ်ယောက်ပဲ ရှိသာပဲ’ဟု အဆုံးသတ်ပြီး အင်္ကျီလက်မောင်းပွဖြင့် မျက်ရည်ဥကို သုတ်ရှာသည်။

မောင်ညိုသည် မျက်နှာသေကြီးကို ငြိမ်၍ ဒွေးမယ်အား အတန်ကြာ စိုက်ကြည့် နေပြီးမှ ဒွေးမယ်ကို ရင်ခွင်သို့ ပြန်သွင်းပြီး ဒွေးမယ် ရင်ဘတ်ပေါ် လက်နှစ်ဖက်တင်၊ ဒွေးမယ့်နဖူးကို သူ့ပါးကြီးဖြင့် ဖိကပ်ထားကာ သက်ပြင်းရှည်ကြီး ချသည်။

နောက်ထပ်ကား ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မပြောတော့ဘဲ ဒေါ်နော်ဇာ အလာတွင် နက်ဖြန်ပင် ပြန်မည့်အကြောင်း ပြောဆိုနှုတ်ဆက်ခဲ့တော့၏။

ငတွန်တွင် မိုးကုတ်သို့ပြန်ရန် အချိန်ရောက်လာပြီ ဖြစ်သောကြောင့် မောင်ညို လည်း မိုင်းလွယ်မှ နောက်တစ်နေ့တွင် ပြန်ခဲ့ရတော့သည်။ မိုးကုတ်၌ ခေတ္တနားပြီး ငတွန်အား နောင် နေပြည်တော် ကျောက်ပို့လာတိုင်း တံတားဦးသို့ ဝင်နိုင်လျှင် ဝင်ခဲ့ပါဟု မှာကြားလျက် တစ်ယောက်တည်း ခရီးဆက်လက် ပြန်ခဲ့တော့ရာ တံတားဦးသို့ တပေါင်း လကွယ်နေ့ နံနက်တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေသည်။

သို့သော် အိမ်၌ အမိနှင့် ဦးဝါသာ အခြား အခိုင်းအစေများနှင့် တွေ့ပြီး အဘနှင့် ငစို၊ ငဖြိုးတို့မှာ မန်လည်ရှိ ဒေါ်လှမယ်၏ အစ်ကို၊ ငစို ညီတို့၏ ဦးရီးတော် ဦးရွှေမှန် အသည်းအသန် မမာနေသဖြင့် လူလွှတ်ခေါ်ရာသို့ လိုက်ပါသွားကြကြောင်း သိရ၏။ ‘မင့်ဘက သည်ကြားထဲ မင်းပြန်ရောက်ရင် ဘယ်မှ မသွားစေနဲ့သဲ့ကွ ညိုရ’ ဟု ပြောသောကြောင့် အိမ်တွင်ပင် နေရတော့သည်။

စိတ်ထဲ၌ကား လွန်စွာ ပူပင်မိလေသည်။ ဦးရီးတော် ဦးရွှေမှန်မှာ ညိုတို့ ငယ်စဉ် လူမှန်း မသိတသိ အရွယ်မှ သက်န်းဆီးသည့်အထိ အတူတကွ နေသွားရလေရာ ညီအစ်ကို နှစ်ယောက်လုံး၏ အသည်းစွဲ အချစ်တုံးကြီး ဖြစ်ခဲ့သည်။ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်လေရာ ငယ်စဉ်က ရည်မှန်းထားသော ရည်းစားသည် ရုတ်တရက် ဆုံးပါး သွားချိန်မှ စ၍ သားမယားယူရန် စိတ်မကူးဘဲ အတွေးနှင့် အဆွေးကို ရေလဲအမျိုးမျိုးနှင့် မှိဝဲရင်း ချစ်ရသာစုံကို တမြုံမြုံ အချိန်ကုန်ခံခဲ့သူ ဖြစ်၏။ မောင်စို၏ စိတ်ဓာတ်အစဉ်သည် မိခင်ဘက်က သက်ဆင်းလာသော ဤဦးရီးတော်ကဲ့သို့ အတွေးသမား သွေးမျိုးပင်

ဖြစ်ဟန်တူသည်ဟု မောင်ညို မကြာ မကြာ ယူဆမိ၏။ အသွင်အမူ တူလွန်း၍လော မသိ၊ မောင်စိုကို အသည်းတုန်နေအောင် ချစ်ခင်လေရာ ငစိုကလည်း အကယ်မြတ်နိုး ချစ်ခင်လေသည်။ တစ်မိုးအောက် တစ်ယောက်ဟု သစ္စာထောက်ထား နောင်မယား မရှာသော တကယ့်အချစ် မေတ္တာစစ်ကို တင်စားနိုင်သူဟု သူ့ဦးရီးအား သူ မကြာခဏ ချီးမွမ်းတတ်သည်။ မောင်ညိုမှာ ထိုစကားမျိုးကို နားခါးလှဘိတောင်း။ နားမလည်သေး။ အိမ်း၊ မင်းလည်း သူလိုပဲ ဟုသာ ပြန်လှန် ပြောနေတတ်လေသည်။

တန်ခူးလဆန်း ဆယ့်တစ်ရက်မှာ ငစိုတို့ ပြန်လာကြပြီး မရွှင်ပျသော မျက်နှာများဖြင့် သတင်းဆိုးကို မိခင်အား ပြောပြ၏။ ဒေါ်လှမယ်မှာ ဆွေရင်းမျိုးချာ သားချင်း ပေါက်ဖော် ဆို၍ ဤမောင်ကြီးတစ်ယောက် လောက်လောက်လားလားသာ ရှိတော့ရာ ယခုတစ်ဖန် ဤမောင်က ရက်ရက်စက်စက် ပစ်သွားရက်လေခြင်းဟု ယူကျုံးမရ တသသ ဖြစ်နေရှာတော့သည်။ ဤတွင် သွားလေသူအတွက် ရည်စူးလျက် အလှူဒါနပြု ဆွမ်းသွတ် အမှုအတန်း ဝေပြီးလျှင် သူ့ဦးရီး မဆုံးမီက တဖွဖွ မှာကြားထားခဲ့သည်ကို အဘရှေ့ထား သဘောတူ ဝန်ခံလိုက်သည့်အတိုင်း အမိထံ ခွင့်ပန်၍ မန်လည်သို့ ငစိုသည် ငဖြိုးနှင့်အတူ ဘမိနှင့် အစ်ကိုတို့အား ကန်တော့ပန်းဆင်လျက် သွားရောက် နေထိုင်ရလေသည်။

မောင်ညိုမှာ မမျှော်လင့်ဘဲ ညီနှင့် ခွဲခွာ နေထိုင်ရမည်ကို စိတ်၌ တစ်မျိုးကြီး ဖြစ်နေမိရင်း ငစိုကိုလည်း စိတ်မချပုံဖြင့် အမျိုးမျိုး ရမယ်ရှာ၍ တိတ်တဆိတ် ဖျက်သည် တိုင် ငစိုက မနာယူ။ ‘ရို့ ညီရ၊ မင့်ခင်မှုလေး ပဇာလုပ်မတုံး’ဟု ခင်မှုကို ဖော်သေးပြီး– ‘သင်းကို ယူချင်သယ်ဆို။ ယူပီးမှ မင်းတို့ ဟိုမယ် ချမ်းချမ်းမြေ့မြေ့ သွားနေပေါ့လားကွယ့်’ ဟု ဆွယ်တရားဖြင့် တားသည်၊ မရ။ ‘အို သာက ဘယ်တော့ယူယူ ရပါသယ်’ဟုသာ အလွယ်တကူ ဖြေကြားလျက် သွားရန်ကို တွင်တွင်သား ပြင်ဆင်နေတော့သည့်အတွက် နောက်ဆုံး၌ ‘ကွာ မင်းက ငါ့ ခွဲထွက်သွားနိုင်ပေါ့။ ငါက ပဇာမို့.....’ဟု စကားအဆုံး မသတ်ဘဲ နေရာမှ ချာခနဲ ထွက်သွားသည်။ သူ့ညီဟာ နောက်နောက်ကနှင့် မတူဘူး၊ ငါချစ်သလို သင်း မချစ်တော့ဘူးဟု စိတ်တွင် မျက်လှသောကြောင့် ငစို အိမ်မှ ထွက်သော နေ့တွင် သူ အိမ်မှ အစောကြီးပျောက်သွားပြီး တစ်နေ့လုံး အရမ်းကာရော မူးပစ်ရန် ထန်းတော ခိုနေလိုက်၏။

ငစို ထွက်သွားသော နေ့သည်လျှင် ညီ၏ သက်တမ်းတွင် တစ်ထောင့်နားပြီး တစ်မျိုး ပြောင်းလွဲသော ဘဝမှတ်တိုင် ဖြစ်တော့သည်။

ယနေ့အထိ ညို့အသက် အစိတ်မျှသော နှစ်ပရိစ္ဆေဒ အချိန်ကာလကို ပြန်လည် စိစစ်လျှင် အပျော်သက်သက် ဇာတ်ကွက်သွားခဲ့ရသည်ကိုသာ တွေ့ရမည်။ ညို့စိတ်တွင် အနှောင့်အယှက် ဖြစ်စရာဟူ၍ စိုးစေ့မျှ အတွေ့မခံ၊ တွေ့အောင်လည်း မလုပ်၊ တွေ့ လည်း မတွေ့ရသော်ငြား သတ္တဝါတစ်ဦး၏ ဖြစ်စဉ်သည် ကံတည်းဟူသော သံသရာစက် ၏ လှည့်ကွက်သို့သာ အကျုံးဝင်၍ လိုက်ပါ ကျက်စား ကြွဆုံခွာရှဲရစမြဲ ဖြစ်သည့်အတိုင်း ပစ္စက္ခဘဝ၏ အကျိုးပေး ဖြစ်အင် ဇာတ်ကြောင်း ဇာတ်ကွက် ဆင်ယင်သရွေ့မှာ အတိတ်

ဘဝ၏ အကျိုးအာနိသင် အလိုကျ ပြုပြင်ဖန်ဆင်းမှု ဖြစ်လျက် အအေးရှိလျှင် အပူရှိစမြဲ၊ ပျော်ပွဲကြုံလျှင် ဆွေးပွဲဆုံတတ်သည့် သံသရာဝဋ်အစဉ် ချားရဟတ် စကြာရှိန်အား အသူမျှ မလွန်ဆန် မတားဆီးနိုင်။

ပုဆိုးကွင်းသိုင်း နှပ်တွဲလောင်းအရွယ် လူမမည်မှ စ၍ ချစ်တတ်ခင်တတ် ခုံမင်တတ်သော စိတ်ဖြင့် ယုယချစ်ခင် အမြဲအစဉ် အတူနေထိုင်ခဲ့ရသော ညီငယ် ငစိုနှင့် ရှင်ကွဲခွဲရပြီး ခြောက်လခန့် ကြာလျှင် ချစ်ခင်မြတ်နိုး ရိုကျိုးယုယခဲ့သည့် မိခင်ကြီး နှင့် တစ်ဖန် သေကွဲ ကွဲရရှာပြန်သော မောင်ညိုတွင် ပူမှုကို မကြုံဖူးတိုင်း လူးလဲ၍ ခံရရှာသည်။ ကြီးထွားလှသော သူ့ကိုယ်ကြီးသည်ပင် ယူကျုံးမရ ပူလုံးခ ဆွေးတမြမြ သောကမီး ပရိဒေဝ အဟုန်ကို ခေါင်းငုံ့ကြံ့ခိုင် မခံနိုင် မျက်ရည်အဖြိုင်ဖြိုင် ယိုဆင်းစေလျှင် ငိုပွဲကြီးဝင် ကြွေးပွဲကြီး ဆင်ခဲ့ရရှာ၏။

ဒေါ်လှမယ်မှာ သူရည်စူးထားသော ပုထိုးကို အောင်မြင်စွာ တည်ထားကိုးကွယ် ပြီး ကတည်းက လောကကြီးအလယ်မှ ခွဲခွာသွားရန် အရန်သင့်ဟု ထင်နေရသည့် အပေါ်၌ မောင်ဖြစ်သူ သေဆုံးသွားသည့် သတင်းကြောင့် လုံးလုံးကြီး အားပြတ်သွားရာမှ နောက်ဆုံးတွင် မီးစာကုန်ဆီခန်း စိတ်နွမ်းကိုယ်ကြေ ဖြစ်သွားလေရာ ကျန်ရစ်သော သားအဘမှာ တသသ ပူဆွေးရင်း နေ့ရက်တွေ ကုန်ခန်းစေရတော့သတည်း။

ငစိုမှာ မိခင် ဈာပနကိစ္စပြီးမှ ရောက်ခဲ့ပြီး မိခင်အလောင်းကိုမှ မမြင်လိုက်ရပေ။ သူလည်း ယူကျုံးမရ အပူလုံး ကြွရင်းဖြင့်ပင် အမိလည်း မရှိပြီဟု ထပ်ဆင့်ပြောကာ မန်လည်သို့ ပြန်တက်သွားပြန်တော့သည်။

မိခင် ဆုံးပါးသွားပြီးသည့် နောက်၌လည်း အဘဖြစ်သူမှာ တစ်ဖန် စိတ်စက် မကြည်ရွှင်နိုင်တော့ဘဲ အမြဲလိုပင် တမှိုင်မှိုင်ဖြစ်လျက် စိတ်ပြေလက်ပျောက်ဖြစ်ရန် ပုတီးကို အဖော်ပြုနေပြန်သဖြင့် အိမ်တာဝန်၊ လယ်ယာကိုင်းကျွန်း အခင်းအရေးကိစ္စတွေ အတွက် ညီုတစ်ယောက်တည်း ဝန်တာယူကာ လုပ်ကိုင်နေရတော့သည်။ ဤတွင် ငဖြိုးထံမှ မန်လည်မှာ မနေလိုကြောင်း သတင်းစကား လူကြုံကြားဖြင့် ပြန်ခေါ်ကာ ၎င်းနှင့်အတူ နှစ်ယောက်သား တာဝန်တာခင်း အားလုံးကို ဦးဆောင်လုပ်ကိုင်နေကြ၏။

ယင်းသို့ဖြင့် မောင်ညိုတွင် ယခင်က သွားလိုရာ သွား၊ ပြုချင်တိုင်း ပြုသော လွတ်လပ်သည့် ဘဝကို ခြိုးခြံပြီး စွန့်လွှတ်ကာ တာဝန်ဝတ္တရားကို သိသိပိပိဖြင့် အစွန်းအစ မငြိအောင် လုပ်ကိုင်ရောင်းဝယ် ဖောက်ကား၍ လူကြီးသားကျအောင် အစစ အရာရာ ကိုယ်ရောစိတ်ပါ ပြင်ဆင် နေထိုင်ရရှာပါလေသည်။

အချိန်ကို မတင်စားဘဲ လည်ပတ်ရင်းဖြင့် အပျော်၌ သဲသဲမဲမဲ အာသာ ငမ်းကြူး မြူးထူးခဲ့သော ညိုမှာ အလုပ်ကိုလည်း လောဘဇော ကြီးနိုင်လေသည်။ သို့ ကြီးနိုင် သလောက်လည်း မောင်ညို လုံးဝတာဝန်ယူ၍ လုပ်ကိုင်သောနှစ်တွင် စပါး၊ ပြောင်း၊ နှမ်း၊ ပဲ၊ ငရုတ်၊ ဝါကြီး၊ လူး၊ ဆတ်တို့မှာ အနှစ်နှစ်တို့ထက်ပင် ဆထက်ပိုကဲ အထွက် သည်းလျက် မြေဆီ ရွှဲခဲ့လေသည်။

မောင်ညိုကိုယ်တိုင်လည်း လေပူ နေပူ မိုးပူတွင် ပင်ပန်းသည်ဟု သဘောမထားဘဲ လွတ်လပ်စွာ အုပ်စည်းလုပ်ကိုင်ရသော သူ့အလုပ်ကို သူ ကျေနပ်နှစ်သက်လေသည်။ သီးစား ယာသမား ခင်းသူ ခင်းသား သူရင်းငှား လုပ်ဖော် လုပ်ဖက်တို့မှာလည်း မောင်ညို၏ ဘွင်းဘွင်းရှင်းရှင်းနှင့် ဒိုးတူပေါင်းဖက် ရက်ရောလိုက်လျော သမမျှတ ပျော်ပါးစွာ လုပ်ကိုင် ပြုစုတတ်သော စေတနာရင်းခံကို ချက်ချင်း သဘောနှစ်ခြိုက် သွားကြလေရာ၊ မောင်ညိုမှာ သူ့အလုပ်နှင့်သူ များစွာ အလွန်းသင့် ဆီလျော်နေတော့သည်။ မောင်ညိုနှင့် လုပ်ရရန် ရှေ့လာမည့်နှစ်တို့တွင် တစ်နှစ်ထက်တစ်နှစ် ကြီးပွားထွန်းကားမည့် အရိပ်အဆင်ကို ယခုမှပင် တင်ကြိုမှန်းဆ ထင်မြင် ကျေနပ် နေနိုင်ကြတော့သည်။

ဤသို့အားဖြင့် နှစ်မိုးကုန် နှစ်ဆောင်းကျူး ရာသီကူးခဲ့ပြန်သည်။ မောင်ညိုတွင် အလုပ်အကိုင် ပါးစပြုသည့် ထိုရာသီ၌ ကောက်စရာရှိသော သီးနှံမြေဆီတို့ကို ငဖြိုးအား ကောက်ခံရန် လွှဲခဲ့ပြီးလျှင် ဖခင်ထံ ခွင့်ပန်လျက် နှစ်ခါလည်းနီးနီး ကွဲကွာနေရသော ညီတော်မောင်ထံ ရည်မှန်းပြီး နေရပ် တံတားဦးမှ ခရီးထွက်ခွာခဲ့တော့သတည်း။

## ၂၀ | ချစ်မဏ္ဍိုင် ခြံဝါးလို့၊ ခင့်သံကြား မောင် မသိချင်

မောင်ညို မန်လည် ရောက်သောအခါ မောင်စိုကို စိတ်လက် မကြည်မရွှင် ဖြစ်နေလျက်သား တွေ့ရပါသည်။

မောင်ညိုသည် အသားအရေ ယခင်ကထက် ညိုမည်း၍ ကိုယ်လုံးကိုယ်ထည် ကျစ်လျစ် ကြီးထွားလာသည်။ အသံကြီးအောအောမှာ စကားကို လေးလေးကြီး သတိထား ပြောတတ်လာသည်။ ငစို့ကိုလည်း သာ၍ ပူပင် စိုးရိမ်တတ်လာသည်။

ညီကို တွေ့ရလျှင် တွေ့ရချင်း အားမရပေ။ ဦးရိုးတော် ဦးရွှေမှန်၏ အိမ်နှင့်ခြံကို မောင်စို အမွေရလိုက်သည် ဆိုသော်လည်း ဤအိမ်နှင့်ခြံသို့ မောင်ညို တစ်ခါမျှ မရောက်ဖူးပေ။ ဦးရိုးတော်သည် အထက် မန်လည် အင်းတော်၌ သွားရောက် အခြေစိုက်ရင်း ကြီးပွားနေရာ သူ့အိမ်နှင့်ခြံမှာ အလွန်ပနံစားပြီး သာယာသည်ဟုသာ ကြားထားလျက်၊ ယခုကဲ့သို့ လူကိုယ်တိုင် ရောက်ဖူးမှ ကြားထားသမျှ သူ့အတွက် တက်တက်စင် လွဲမှားနေလေပြီဟု ညို ဆိုချင်သွား၏။

အိမ်မှာ တစ်ထပ်သစ်သားအိမ်၊ ပျဉ်မိုး ပျဉ်ကာဖြစ်ပြီး အခင်းအကျင်း ခံ့ညားသော်လည်း ထုထည်မှာ ကျယ်ကျယ်ဝန်းဝန်း နေလာခဲ့ရသော မောင်ညို့အဖို့ ကျဉ်းကျပ်သေးကွေးလှသည်။ သရက်၊ ပိန္နဲ၊ မာလကာ၊ တညင်း၊ လိမ္မော်၊ ဩဇာ စသော သီးပင်များနှင့် ခြံမြေမှာလည်း သူ့ယာခင်းကြီးတွေ၊ ပြောင်းခင်းကြီးတွေ၊ လယ်ကွက်ကြီးတွေကဲ့သို့ နေသာလေသာ မဟုတ်၊ ပြန့်ပြန့်ပြောပြော မရှိ၊ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းမှုန်မှုန် စိတ်အဟုန် ကျဉ်းကျပ်လှသည်ဟု ညို အသက်ရှူမဝအောင် မနေတတ် မထိုင်တတ် ဖြစ်မိပါ၏။

အိမ်အခန်းဖွဲ့ပုံ၊ ပရိဘောဂ အထားအသိုမှာလည်း ပွတ်လုံး ပွတ်တိုင်၊ ပန်းဆွဲ ပန်းအိုး၊ ပန်းလိုင်းတွေနှင့် မျက်စိရှုပ်လှသည်ဟု တွေးပြန်သည်။ မောင်စိုမှာကား သူ့အိမ်ကလေးနှင့် ခြံကလေးတွင် များစွာ ကျေနပ်နေပုံပေါ်၏။ မောင်စို့မျက်နှာ မသာခြင်းမှာ ထိုအိမ်တွေ၊ ခြံတွေကို မနှစ်သက်သောကြောင့် မဟုတ်ပါ။ နှစ်သက်လွန်းသဖြင့် ဖြစ်၏။ တော်ရုံ စိတ်ညစ်ချင်၊ စိတ်အိုက်ချင်လျှင် နေရသော ထိုအိမ်ထဲ ဝင်မိမှ သာ၍ စိတ်ရှုပ်မိမည်ဟု တစ်ယူသန်ကြီး စွဲမှတ်မိသည်မှာ မောင်ညိုဖြစ်သည်။

ထိုအိမ်တွင် ငစိုနှင့် အဖော်ပြုလျက် လာနေသူ အသက်ငါးဆယ်ခန့် ရှိမည့် ဦးသာပေါ ခေါ် အဘိုးကြီးမှာလည်း ဆံပင်ဖြူစ ပြုနေလေပြီ။ ထိုအဘိုးကြီးမှာ မောင်စို အတွက် ထမင်းချက်နှင့် တိုးတိုးဖော် တိုးတိုးဖက် ဖြစ်နေပုံ ပေါ်၏။ အဘိုးကြီး၏ ယုယပြုစုမှုဖြင့် သူ့ညီ ပေါ်ကြော့ကို မောင်ညို အားမရပြန်။ ငစိုမှာ နဂိုက ပျော့ပျောင်းလှသည့်ပေါ် ယခုသော့ မင်းသားဟန် ပေါက်နေလေပြီ။

မင်းတွေ စိုးတွေနှင့်လည်း ပေါင်းသင်းသည်မှာ ယုံမှားဖွယ် မရှိပေ။ အဆိုပါ အဘိုးကြီးမှာ ကောလင်းကိုယ်တော်၏ ခြေတော်တင် အပျိုတော်ကြီး ပွင့်လှနှင့် ဘထွေးတော်သည်ဟု သိရပြန်၏။ ထိုထက်လည်း ညီ့ရှိစဉ် အတောအတွင်း၌ပင် ထိုမင်းသားကြီး အိမ်တော်မှ ဆိုသော အသက်လေးဆယ်ခန့် လူကြီးနှစ်ဦး မောင်စိုနှင့် တီးတိုး စကားစမြည် လာပြော၏။ လေသံသဲ့သဲ့တွေနှင့် စကားပြောသည်ကို ဘွင်းဘွင်းသမား မောင်ညိုက အားမရနိုင်သဖြင့် ထိုစဉ်က နေရာမှပင် ထ ထွက်ခဲ့မိသေးတော့သည်။

ယင်းသို့ဖြင့် မောင်ညိုတွင် ညီ့အိမ်သို့ လာရောက် အကဲခတ်ရင်း ညီ့အနေ အထိုင်ကို သဘောမကျ။ ညီ့မျက်နှာ မသာယာပုံကို အားမရသည့်အတိုင်း မည်သို့ပြုပြင် ကူညီရမည်ကို အကြံရလိုရငြား အိမ်၌ အနေနည်းပြီး အင်းတော်၊ နဘား၊ ကသာ စသည်တို့သို့ တက်၍ လည်ပတ်သည့်အခါ လည်ပတ်လျက်၊ မင်းချင်းတောရ စသော သူ ကြိုက်တတ် သွားတတ်သည့် တောစပ် တောင်စပ်များသို့ သွားနေတတ်၏။

မောင်စိုကို စိုးရိမ်ပူပင်မိခြင်းမှာ သူကဲ့သို့ လွတ်လွတ်လပ်လပ် လုပ်ကိုင်သွားလာခြင်း မပြုဘဲ အိမ်ထဲ ခြံထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ် နေရသော သူ့အိမ်အလုပ် ခြံကိစ္စ အတွက်ဟုသာ တွေးမိပြန်၏။ စင်စစ် မောင်စို သူကိုယ်တိုင် အနေအထိုင်မှာ ယခင် တံတားဦး၌ နေစဉ်က ကဲ့သို့ စာပေရေးသား လေ့လာ၊ စကားစမြည် ဆွေးနွေးအချိန်ကုန် သော အကျင့်သာ ဖြစ်သည်။ တံတားဦး၌ နေစဉ်က ညီနှင့်အတူ သွားရာလာရာ ပျော်ရာပါးရာမှာ အတူ ပါ ပါလာသည်။ ယခု မန်လည်တွင်ကား ဤကဲ့သို့ ကြားဖောက် ကြားဖောက်ပြီး စိတ်ဖြေပေးမည့်သူ မရှိ၍ သူ့အကျင့်က သူ့ကိုယ်ထဲ၌ အနည်ထိုင် သွားခြင်း ဖြစ်သည်ဟု မောင်ညို ယူဆ၏။

သူ မကြိုက်သော မင်းရေးစိုးရာကို မောင်စိုလိုက်စားသည်ဟုကား အသေအချာ မတွေ့မိပေ။ ထင့်ယုံပင်။ ငစို့အိမ်၌ စကားကို လေသံဖျော့ကလေးတွေနှင့် ပြောသော လူစုတွေ ညဲ့သည် လာလုပ်ကြ၏။ ညီ့အိမ်၌ကား ဟောင်ဖွာ ဟောင်ဖွာ ဆူညံ

စားသောက်ကြသော လယ်သမား ယာသမား အသည်တွေ၊ လူရှင်း လူသန့်ကြီးတွေ ဧည့်သည် လာလုပ်ကြ၏။

လယ်သမား ယာသမားတွေ၊ လယ်အကြောင်း ယာအကြောင်း၊ ကောက်ပဲသီးနှံ အလုပ်အကိုင် အကြောင်း ပြောကြသကဲ့သို့ပင် ဧစို့ဧည့်သည်တို့က တိုင်းရေးပြည်ရာကို ပြောခြင်းမှာ ဓမ္မတာပင်။ သူတို့ပြောသည့် လေသံမှာ ပျော့ပျော့နွဲ့နွဲ့ ယဉ်ယဉ်ကျေးကျေး ရှိလှသော်လည်း ညသြ မကြိုက်စရာ အကြောင်း မမြင်ပေသင့်။ သို့သော် မကြိုက်နိုင်ပါ။

တစ်ခါက ကောလင်းကိုယ်တော်ကြီး၏ အိမ်တော်စောင့် ဆိုသူ အသက်ငါးဆယ်ကျော် အဘိုးကြီးထံမှ သီပေါနန်းတက်စက အကြောင်းခြင်းတကိုပင် မောင်ညိုကြားရသည်။ အဘိုးကြီး ပြောပြသည်မှာ.....

သီပေါ နန်းရအောင် ကင်းဝန်၊ ဆင်ဖြူမရှင် မိဖုရားနှင့် သမီးတော်တို့က ကူဆောင် ကြံစည်ရကြောင်း၊ မင်းသား မင်းသမီး လေးကျိပ်ကျော်ကို ဖမ်းဆီး ချုပ်နှောင်သော်လည်း သူတို့ ရည်ရွယ်ချက်မှာ သုတ်သင်ဖျက်ဆီးပစ်ရန် မဟုတ်ဘဲ အကျယ်ချုပ်ဖြင့် အိမ်နိမ့်တွေနှင့် ထားရန်ဖြစ်သည်။ သို့သော် မြောက်ထားဝယ်ဗိုလ် ရနောင်မောင်တုတ်နှင့် သူ့ညီ ပင်းသာစား မောင်ပြောင်၊ ရွှေလက်ဝဲဗိုလ်၊ မာရဘင်ဗိုလ်တို့နှင့် လက်သုံးတော်ကြီးကိုင် အချို့ တိတ်တဆိတ် တိုင်ပင်ပြီး ပွဲရအောင် စားရမ်းချင်လှ၍ အာဏာကို အလွဲပြုလျက် ဖျက်ဆီး သုတ်သင်ပစ်လိုက်ကြပုံ၊ မင်းသားတွေ သွေးမြေမကျအောင် မျက်နှာ ပဝါနက် စီး၍ လည်မျိုတွေ တုတ်တိုနှင့် ရိုက်သတ်ကြပုံတို့ကို မောင်ညို စိတ်ဝင်စားစွာ ကြားရသည်။

သီပေါအမိန့်နှင့် သုတ်သင်ခြင်း မဟုတ်။ မင်းသားတွေဖို့ အကျယ်ချုပ် အိမ်နိမ့်တော် တည်ဖို့ပင် ဝင်းကာနေသေးသည်။ နန်းတက်ပြီး ငါးလခန့် အချိန်ထိပင် ဘာမျှ အမိန့်တစ်စုံတစ်ရာ မချမှတ်သေး။

**'သီပေါမင်းမှာ မိဖုရားခေါင်ကြီးနဲ့ နှစ်ပါးအတူ နန်းတော်အနောက်ဆွယ်မယ်**ပင်းယတို့၊ ခင်တုတ်တို့၊ ခင်ဖုန်း၊ ခင်သက်၊ ဖွားသစ်တို့ အပျိုတော်တစ်စုနဲ့ စကားစမြည် မိန့်ဆိုတော်မူနေတုန်း မယ်တော် လောင်းရှည်မိဖုရားကြီး ရုတ်တရက် ကြွလာတော်မူပြီး "ရို့ မောင်ရင် မောင်ရင်၊ သည်နန်းစည်းစိမ်ကို မလိုချင်ပါနဲ့။ မောင့်ညီတော်တွေ နှမတော်တွေ ရှိသေးရဲ့လားလို့ စစ်ဆေးကြည့်ပါဦးရို့" မိန့်တော်မူမှ ထိတ်ထိတ်ပျာပျာ စစ်ဆေးတော်မူရော မင်းကြီးများက မရှိတော့ကြောင်း၊ ယမန် ညဉ့်ဦးကတည်းက တိုင်းပြည် ငြိမ်ဝပ်ပိပြားရှိအောင် ဖျောက်ဖျက်ပစ်လိုက်ရကြောင်း လျှောက်တင်သယ်သဲ့။ အဲသည်တော့မှ ရှင်ဘုရင် ဗျာပါတော်များပြီး ချက်ချင်း အမိန့်တော် ထုတ်ဆင့်တော်မူပြီး ကျန်သေးသဲ့ မင်းသားတွေကို ကယ်ဆယ်လို့မဟုတ်လား။ တို့ ကောလင်းကိုယ်တော်ကြီးတို့၊ မြင်စိုင်းတို့၊ လယ်ကြား ပျဉ်းမနားတို့ အသက်တော်တွေ ချမ်းသာရသာ။ မောင်ရင်စို့ ကျပင်းကိုယ်တော်လေးတောင် လူချင်း အလဲမြန်လိုက်လို့ လက်မတင်လေး လွတ်သာဆို မဟုတ်လား၊ ဟင် မောင်ရင်စို့'ဟု စိတ်ဝင်စားဖွယ်ပင် ဆက်လက်ကြားရသေးသည်။

ထိုအခါ မောင်စိုက ပြုံး၍ နားထောင်ရင်း 'ဟုတ်ကဲ့'ဟု အဘိုးကြီးအား ပြန်ပြောပြီး အဘိုးကြီး မရှိမှ–

'ဟုတ်သယ် အစ်ကို၊ အကျွန်ုပ် ကျပင်းမယ် ကယ်သူပေါ်လို့။ ရနောင်တော့တ်တို့ ညီအစ်ကို့ အမိန့်နဲ့ အောက်လက်တွေ လုပ်ချင်တိုင်း လုပ်နေတုန်း ကိုယ်တော်လေး အလှည့်ကျတော့ ကိုယ်တော်လေးဘက်က ကူညီ ကြံစည်ပေးနေသူက တံစိုးလက်ဆောင် ပေးပီး လူချင်း လဲထားလိုက်နိုင်လို့။ သီပေါ တောင်းယူ ကယ်တော်မူတော့ မသေဘဲ ကျန်နေသာ တွေ့ရသာပ။ နို့မဟုတ်ရင်.....'ဟု မောင်ညို့အား မောင်စိုက ပြောဖူးသည်။ ကူညီ ကြံစည်ပေးသူမှာ ကင်းဝန်ပင် ဖြစ်ကြောင်းကိုကား မပြောပြ၍ ညို သိလိုက်နိုင်ပါ အံ့လော။

ယင်းသည့်ကိစ္စများမှာ အမှန်စင်စစ် ငစို့စိတ်ကို ဤမျှ ထိုင်းမှိုင်းစေမည် မဟုတ်ပေ။ မထိုင်းမှိုင်းစေသည့်ပြင် အကြံဉာဏ် သစ်ရ ထုတ်ရသောကြောင့် လျင်မြန်ဖျတ်လတ် စေဦးမည်။ ဤမင်းရေးစိုးရာ ကိစ္စမှာလည်း နန်းတက်ပြီး ငါးလခန့်က ပြီးစီးခဲ့ပြီဖြစ်ရာ ယခု မောင်စို့ ကျပင်းမှာ အိမ်နီမ့်နှင့်ပင် ကျန်းမာပျော်ရွှင်စွာ စံမြန်းတော်မူနေလေပြီ။ ကျပင်းကိစ္စ မဟုတ်တန်ရာ။ ကျပင်းထက် အရေးကြီးသော ကိစ္စသာ ဖြစ်ရမည်ဟု တွေးရင်းကမှ ညီအစ်ကို နှစ်ဦးချည်း ရှိခိုက် တစ်ညနေတွင် မောင်ညိုက–

'ငစို၊ မင့် မြင်ရသာ သယ်ကြီး မရွှင်ပျဘူး'ဟု ဆိုရင်း 'မင့်စိတ် မချမ်းသာရ အောင် တစ်ခုခုတော့ ဖြစ်လို့ပဲ။ ပဏာဖြစ်သတုံး၊ ပြောစမ်း'ဟု မေးမှ–

'အစ်ကို'ဟု ခေါ်ကာ 'သမယ် အကျွန်ုပ်လာနေမယ် ပြင်တုန်း အစ်ကို အကျွန်ုပ်ကို ဖျက်သာ အမှတ်ရသေးလား'ဟု မေးပြန်သဖြင့် မောင်ညိုက တွေ၍ စဉ်းစားရင်း 'ဟင့်အင်'ဟု ခေါင်းခါသည်ကို 'မသွားပါနဲ့ကွာ၊ ခင်မှုံနဲ့ ညားပီးမှ အေးအေးချမ်းချမ်း သွားနေပါလို့ ပြောသာလေ'ဟု ဆိုသည်တွင်မှ–

'အိမ်း အဲသာ ပဏာပြုတုံး။ ခု မင်း ခင်မှုံ လိုချင်လာလို့လား'

'လိုချင်သယ်၊ လိုချင်ပေသည့် မရနိုင်လို့'

'ဟင်.....'

'သူ့မိဘက အကျွန်ုပ်နဲ့ မပေးစားနိုင်ဘူးသဲ့။ ပဏာကြောင့် မပေးစားနိုင်သယ် လည်း သင်းတို့ မပြောဘူး'

'ချင်းတို့ကလား ဟိတ်ကြီးဟန်ပါ။ မင်းနဲ့ ချင်းတို့သမီး ပဏာမို့ မပေးစားချင် ရတုံး၊ မင်းရုပ် မင်းရည် မင့်အခြေအနေနဲ့လေ'ဟု ဒေါထစ ပြုလာသော မောင်ညိုကို ငစိုက မျက်နှာသေကလေးနှင့် ကြည့်၍–

'ဟုတ်သယ်၊ အဲသာ တွေးရခက်သာပေါ့။ ပဏာရယ်လို့လည်း အကြောင်းမပြ ဘူး။ ဟိုတစ်နှစ်က အစ်ကို မိုးကုတ်တက်တုန်းကတည်းက အကျွန်ုပ်နဲ့ဆိုရင် သဘော မမှုနိုင်ဘူး ဆိုပီး လူကြီးချင်း မေတ္တာမပျက်စေချင်ရင် သင်းတို့အိမ် အဝင်အထွက် ချက်တစ်ဖြုတ် မလုပ်ပါနဲ့သဲ့၊ သင်းတို့ သမီးကိုလည်း အချုပ်အချယ်နဲ့ ထားကြတော့

သယ်။ အကျွန်လည်း သည်အကြောင်း အစ်ကိုတို့၊ အဘတို့ ကြားရင် အကြောင်းမဲ့ ဒေါသဖြစ်ကြမှာစိုးပြီး ကိုယ်တိုင် စိတ်ကို ချုပ်တည်းလို့ သည့်ကို လာနေသာပဲ'ဟု ဝမ်းနည်းပန်းနည်း ပြောပြသည်။ ပြီးမှ 'အဲသာပဲ၊ ပဇာ့အတွက် အကျွန့်ကို သဘော မကျသယ်ဆိုသာ မသိရသာ ဆိုးလှသယ်။ သိရရင် အကျွန် ကျေနပ်ပါသယ်။ ခင်မှူ့ ဆီကလည်း မသိရတော့ကာ အစ်ကို တစ်နည်းနည်းနဲ့ ကြဲဖန် စုံစမ်းပေးစေချင်သာပဲ။ အကျွန်တော့ အစ်ကို့ပဲ အားကိုးရသာပဲ။ အစဦးက အစ်ကို့ သည်အကြောင်း ပြောမလို့ဘဲ။ အမိဆုံးသဲ့ အရေးတို့ ဘာတို့နဲ့ အစ်ကို့မယ် ဗျာများနေလို့ အားနာလှသမို့ပါ။ အဲသာ.....'

'ငါတော့ ကြံဖန် စုံစမ်းမနေဘူး။ ချင်းတို့ ပွဲစားကြီး လင်မယားကိုပဲ သွားမေး ချင်သာပဲ။ သည့်ပြင်လူ နားဖောက်နေလို့ အချိန်ကုန်သယ်'

'အစ်ကို့သဘောလေ့၊ ကောင်းသယ် ထင်သလို လုပ်။ သိရရင် အကျွန် စိတ်ဖြေ နိုင်သယ်။ ခုတော့ အကျွန့်မယ် နေ့မအေး ညမအေး စိတ်ဒုက္ခ ရောက်လှပါသယ်'

မောင်ညိုတွင် ညီ၏ ဖျော့တော့ နွမ်းလျသော မျက်နှာကို ကြင်နာ ယုယစွာ တွေ၍ ကြည့်လျက်–

'ချင်းတို့သမီးကို မင်း သိပ်စွဲလမ်းနေလား။ ချင်း ခင်မှူ့မှ မရရင် မင်း မဖြစ်ဘူးပ'

ဟု မေးမိသည်ကို–

'ချင့် မရရင် အကျွန် ရှူးရချေ့'ဟု ရိုးရိုးပင် ပြန်ပြောမှ တောက်ခနဲ တစ်ချက် ပြင်းပြင်းခေါက်ပြီး 'ရိုင်းလိုက်လေကွာ၊ ချင်းတို့က ပဇာမို့လဲ။ ဟော့ ဇိုရ တဲတားဦးသား ဦးမြတ်စံ ဒေါ်လှမယ့် သားတွေပါကွယ့်၊ နှယ်နှယ်မှတ်ရို့။ ငါ ခံပြင်းလှသကွာ၊ ခံပြင်း သယ်။ နက်ဖြန်မနက် ငါ ပြန်မဟော့၊ မင်းပါ လိုက်ခဲ့'ဟု စိတ်လိုက်မာန်ပါ ပြောတော့ သည်။ မောင်ဇိုတွင် ချက်ချင်း စိတ်အေးသွားသကဲ့သို့ မျက်နှာရွှင်သွားသည်။

'အစ်ကိုတစ်ယောက်တည်း သွားပါ။ အကျွန် သည်ကပဲ စောင့်ပါ့မယ်။ အကျိုး အကြောင်းကိုသာ လူကြုံနဲ့ အမြန် လွှတ်ပြောပါ'ဟု မှာလိုက်သည်။

နဂိုဗီဇက စိတ်မြန်ကိုယ်မြန် ဖြစ်သည့်အလျောက် ဒေါသဇော မသတ်နိုင်ဘဲ မောင်ညိုသည် နောက်တစ်နေ့ နံနက်ပင် မန်လည်မှ ချက်ချင်း ကောက်ပြန်ခဲ့သည်။ နေပြည်တော် ပွဲစားကြီးဦးသာလှ၊ ဒေါ်စပယ်တို့ အိမ်ကြီးရှေ့သို့ မန်လည်မှ ထွက်ခဲ့ပြီး နှစ်သီတင်းနီးပါး ကြာသော ပြာသိုလဆန်း လေးရက်နေ့ နံနက် ဆွမ်းခံပြန်ချိန်ပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေသည်။

လမ်းတွင် စမန်းအလွန် အုန်းတောအနီး၌ ရာဇဝတ်ပြေး ဓားပြနှစ်ယောက်နှင့် တွေ့ဆုံတိုက်ခိုက်ပြီး တစ်ယောက်ကို ဓားထိ၊ တစ်ယောက်ကို လက်ရမိလိုက်သဖြင့် အုန်းတောရှိ သေနတ်စုလက်သို့ အပ်ခဲ့ရသော အဖြစ်အပျက်သာ ညှိုကြုံကြိုက်ခဲ့သည်။ တစ်လမ်းလုံးကား တစ်နေရာမှာမျှ အချိန်ပို မနားခဲ့ပေ။ ရွှေမြို့တော် အရောက်သာ အပြင်းသုတ်ခဲ့ခြင်း ဖြစ်သည်။ ညိုသည် ဇို့ထံ သွားစဉ်က အိမ်ရှိမြင်းကို ယူမသွားဘဲ စစ်ကိုင်းမှ မြင်းအသွားအပြန် ငှားစီးသွားခြင်း ဖြစ်သောကြောင့် ဦးသာလှတို့အိမ်သို့

လူချည့်သက်သက် ထန်းခေါက်ဖာတစ်လုံး ပိုက်ပြီး ဖုန်တလူးလူး မြူအထပ်ထပ် ညစ်ပတ်ပေရေ ရောက်ခဲ့လေသည်။

ညီရောက်သော ထိုနံနက်ခင်းတွင် ဦးသာလှတို့အိမ်၌ အလုပ်အကိုင်အတွက်ဖြင့် ရောက်ရှိနေနှင့်ပြီး ဧည့်သည် စောင်သည်၊ ပွဲစားပွဲကြို ကုန်သည်များနှင့် ယောက်ယက်ခတ်နေ၏။ ကုန်သည်များတွင် ပြင်သစ်လူမျိုး တစ်ယောက်နှင့် အင်္ဂလိပ်ကုန်သည်ကိုယ်စားလှယ် နှစ်ယောက်ကိုပါ တွေ့ရသည်။ ဦးသာလှမှာ အိမ်ရှေ့ခန်း၌ စားပွဲနိမ့်တစ်လုံးတွင် ထိုင်၍ တွက်ချက်ပြောဆိုနေရာမှ မအားလပ်သေးပုံ ပေါ်နေ၏။

မောင်ညိုသည် သူ့ဖာနှင့် ဆောင်စားကို ဆင်ဝင်ဇရပ်တာမှာ ချထားခဲ့ပြီး ဦးသာလှနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်သည်။ မောင်ညို ထိုင်နေ၍ ကွမ်းတစ်ယာညက်ခန့်ရှိမှ ဦးသာလှက မောင်ညို့ကို မြင်၏။ သူ့ထံ တစ်ချက်ခေါင်းထောင်ပြုံးပြီး အိမ်သားတစ်ယောက်ကို တစ်စုံတစ်ရာ ခေါ်ပြောလိုက်မှ ထိုအိမ်သားက ညီ့အား အခြားအခန်းတစ်ခန်းသို့ ခေါ်သွားကာ ကွမ်း၊ ဆေး၊ လက်ဖက် စသည်ဖြင့် ဧည့်ခံထားသည်။

နေရာမှ ထ မလိုက်ခဲ့မီ မောင်ညိုသည် ဦးသာလှနှင့် မနီးမဝေးတွင် ထိုင်၍ အင်္ဂလိပ်ကိုယ်စားလှယ် နှစ်ယောက်နှင့် အင်္ဂလိပ်စကား ပြောနေသော မောင်လွန်းကို မြင်မိသည်။ မောင်လွန်းကလည်း မအားလပ်သေးပုံဖြင့် ခေတ္တသာ ခေါင်းလှည့်ပြုံးပြီး 'ရှိ'ဟု အားရပါးရ ဆိုပြီးမှ 'ကိုရင်ညို ခဏလေးဗျနော်'ဟု လှမ်းပြောထား၏။ သူနှင့် မနီးမဝေးတွင်လည်း အသက်သုံးဆယ်ခန့်ရှိ အသားလတ်လတ်၊ ဆံပင်ကောင်းကောင်း၊ သျှောင်ကြီးဖွေ့ တစောင်းကြီးနှင့် လူတစ်ယောက် ပြင်သစ်ကုန်သည်အား စကားပြောနေရာ ထိုလူကိုလည်း မောင်ညိုက ချီးမွမ်းပုံဖြင့် အကဲခတ်ရင်း "မော်လမြိုင်သားဆိုသဲ့ အကြေသားနဲ့ တူသယ်"ဟု စိတ်မှတ်ချက် ချနေခဲ့မိသည်။

ဦးသာလှမှာ အကယ်ပင် အလုပ်အကိုင် ဖွံ့ဖြိုး ကြီးပွားနေသည်ကို မျက်မြင်မလွဲ အကဲခတ်မိသည်။ အိမ်တွင်းအိမ်ပြင် တစ်ယောက်တက်ဆင်း၊ တစ်ဦးထွက်ဝင်၊ ခြေချင်းလိမ်နေကြသော ကုန်သည် ပွဲစား အစေအပါးတို့ဖြင့် စည်ကားသိုက်မြိုက်လှသည်။ ဝင်းထဲ၌လည်း လှည်းအစီး သုံးလေးဆယ်ဖြင့် ကုန်စည်အထုပ်အပိုး ပစ္စည်းများကို တင်ချ သယ်ယူနေကြဟန် အသံဗလံများကို ကြားနေရသော မောင်ညိုတွင် သူ့ကို ဧည့်ခံသည့်အခန်းမှာ အငြိမ်ထိုင်မနေနိုင်။ ပြတင်းဝမှ ကိုယ်တစ်ခြမ်းပြူပြီး တစ်ဝင်းလုံး ဥဒဟို လုပ်ကိုင် အော်ဟစ်နေကြသော အရှုအခင်းကို စိတ်ဝင်စားစွာ ကြည့်နေမိ၏။

မောင်ညို့စိတ်တွင် မြင်သမျှ ထူးဆန်းနေတော့၏။ မြင်သမျှကို သဘောလည်း မကျပေ။ လူတွေ၊ လှည်းတွေ၊ ကုန်တွေမှာ တစ်နေရာမှ တစ်နေရာသို့ အလောသုံးဆယ် ကူးလူးသွားလာနေကြရာ ငြိမ်သက်မြဲမြံသည် မရှိ။ မစွဲ မမြဲ မတည်တံ့သော အမူအရာကိုသာ ပြနေသည်။ မောင်ညို မည်သို့ စဉ်းစား၍မျှ ထိုအခြင်းအရာ ဣန္ဒြေမဲ့ပုံအား သဘောမကျနိုင်ပေ။ ဤနေရာမှ လွဲလျှင် ဟိုဆီ ကြည့်ပ....။

လမ်းမတော်ပေါ်၌ လျှောက်နေသော မိန်းမတစ်ယောက်နှင့် ကလေးယယ်

တစ်ယောက်မှာ အေးအေးဆေးဆေးပင်။ ဘေးဘီကို မျှော်ငေး၍ သွားနေသည်။ တစ်ဖက်မှ နေပြည်တော်သူ နုနုကလေး၊ အိမ်တော်ရာ ထီးအဝါလေး ဆောင်း၍ ချိတ်ထဘီ၊ ဖျင်ကိုယ်ကျပ်နှင့် သားရေစို ပိန်းတန်းကို စီးပြီး လုလင်တစ်ယောက်နှင့် စကားတပြောပြော လျှောက်နေသည်။ လုလင်မှာ ပုဆိုးစိမ်းနှင့် ဖျင်အပေါ်အင်္ကျီ ဝတ်ကာ ခေါင်းပေါင်းဝါနှင့် ဓားကို လွယ်လျက် မရဲတရဲ ခေါင်းငုံ့နေသော ရည်းစားသည်ကို လက်ဟန်ခြေဟန်ဖြင့် စကားပြောနေသည်။ သူတို့အနီးမှ ဗိုရိုစိမ်းနှင့် မြင်းလှည်းတစ်စီး အသားကျနှင်သွားသည်ကိုပင် သူတို့ သိလိုက်မည် မထင်။ ဗိုရိုနောက်မှ မြင်းစီးတစ်ယောက် မြင်းပေါ်မှာ ငိုက်၍ ပါလာသည်။ လုလင်နှင့် တိုးမိလုနီးမှ ဇက်ဖယ်လိုက်သည်။

ဘုန်းတော်ကြီးတစ်ပါး မလှမ်းမကမ်းရှိ အိမ်ဝင်းပေါက်မှသည် သိတင်းသုံးရာကျောင်းတိုက်သို့ ကြွတော့ဟန် ပြင်နေသော သင်္ကန်းတော်ဝါဝါနှင့် ပေရွက်ယပ်ဖြင့် နေကိုကွယ်ပြီး၊ အိမ်သားသုံးလေးဦးတို့က သဲပေါ်တွင် ထိုင်၍ ဦးချကန်တော့နေပုံကို အကန်တော့ခံ ကြွသွားသည်။ သျှောင်ပေစူးနှင့် ကျောင်းသားက ဆိုင်းထမ်းဆွမ်းပွဲကို ထမ်းပိုးကလေး ညွှတ်ပဲ့ ညွှတ်ပဲ့နေတဲ့အောင် ဘုန်းကြီးနောက်မှ ထမ်းလိုက်သွားသည်။

အတွင်းတော်မှ အပြန် မြို့ရိုးတော် ပြအိုးအောက်ဆီကအထွက် နေရောင်ကို ဦးခိုက်၍ ဝန်မင်းတစ်ပါး ကြွလာသည်ကို မောင်ညို မြင်ပြန်သည်။ ရွှေထီးကြီးတဝါဝါကို လက်သုံးတော်ကိုင်က တပင့်ပင့် မြှင့်မိုးလိုက်လာသည်။ ပိတ်အင်္ကျီရင်ကွဲနှင့် ပုဆိုးခါးတောင်းစသည် လေထဲတွင် လွင့်ပျံ့နေလျက် ထိုးကွင်းဒူးကျကို မိမိနေရာ ပြတင်းပေါက်မှ အထင်းသား မြင်မိသေးတော့ဟု ညို ထင်ချင်သည်။ ဝန်ကြီး၏ ကတ္တီပါဝတ်လုံစိမ်းနှင့် အချိတ်ကြီး ပိုးပုဆိုးစကြီးကလည်း လေတွင် ပျံလျက် ဝင့်လျက် ကြွားလျက်။ ဖောင်းဖြူကြီးမှာလည်း အစနှစ်ဖက် သျှောင်နောက်မှ ယုန်နားရွက်လေးတွေလို လေပြည်သာမှာ ပေကလတ် ပေကလတ် တဖျတ်ဖျတ် ဖြစ်နေသည်။

ရွှေထီးတဝါဝါ၊ ဝဲလက်ယာ ရွှေကျိုင်းနှင့် သိုင်းဝင့်လို့လာသော ဝန်ကြီးကို မြင်လျှင် လမ်းသွားလမ်းလာ မှန်သမျှ ပုဆစ်ဒူးတုပ် လက်ယှက်၍ လမ်းပေါ်တွင် ထိုင်လျက်သား ကန်တော့ဦးခိုက် လေးစားသမှု ပြုလိုက်ကြ၏။

နန်းတော်ကြီးဆီမှ နေတက်ချိန် အချက်ပေးသည့် ခေါင်းလောင်းသံ သာသာနှင့် စည်တော်သံ တဒိုင်းဒိုင်းသည် ရိပ်ငြိမ်သော လေညာမှာ ညင်သာစွာ ထွက်ပေါ်လာခဲ့ပြန်သည်။ ခေါင်းလောင်းသံ သာသာနှင့် စည်ကြီးသံ ဝါဝါနှင့် ညင်းလိုက် မှုဉ်းလိုက်ပြီ။ သာယာလှပေစွ။ ဤမင်းဟန်တွေ မင်းသံတွေ၊ ဤအခင်း ဤအရေး၊ အေးအေးဆေးဆေး သာသာယာယာ လေးလေးကွေးကွေး၊ စိတ်ဆေးစရာ စိတ်ဘေးစရာ စိတ်မေ့စရာ အရှုအခင်းတွေသည်သာလျှင် မောင်ညို၏ကိုယ်ကို အေးစေနိုင်သည်။

မင်းဟန် မင်းသံတွေနှင့် ထရံစည်းရိုးကလေး ပါးပါးလွှာလွှာ ခြားနားနေရာ ဤဝင်းအတွင်း၌ကား ဆူညံ ရှုပ်ထွေး မအေးအောင် တွေ့နေရပြီ။ ပြေးကြဟယ်၊ လွှားကြ

ဟယ်၊ သယ်ကြ ပိုးကြဟယ်၊ ပြောကြ ဆိုကြဟယ် ဟူသမျှမှာ အဓိပ္ပာယ် သက္ကာရ မရှိ။ မောင်ညို ကြည့်ရင်း ကြည့်ရင်း စိတ်လေးလာ၏။ စိတ်ထွေးလာ၏။

"ဦးသာလှမယ် ပြင်သစ်တွေ၊ အင်္ဂလိပ်တွေ အစရှိသဲ့ နိုင်ငံခြားသားတွေကို အရေးပေးပြီး ကြီးပွားနေရို့ သည်လို စည်ကားနေသာပဲ။ ချင့်စည်းဝင်းထဲက သလို စည်ကား ကြီးကျယ်နေသာမျိုးများ ဝင်းတိုင်း ဝင်းတိုင်း အိမ်တိုင်း အိမ်တိုင်းမှာ တွေ့ရရင် နေပြည်တော်ကိုတောင် ငါလာရဲမယ် မထင်ဘူး။ ဟို လမ်းမတော်ပေါ်က အေးအေးလူလူ ရှိသဲ့ကြားထဲ သည်ဝင်းထဲက ဆူဆူညံညံတွေ ရောက်သွားရင် ဘယ့်ကလောက် အရုပ်ဆိုးလိမ့် မလဲ"ဟု စဉ်းစားပြီး–

"သူ့ရို့ ကုလားကြီး နိုင်ငံခြားသားတွေနဲ့ စပ်ယှက်သဲ့ ဦးသာလှလိုလူမျိုး များလာရင် သည်လို သာသာယာယာ အေးအေးချမ်းချမ်း ရှိသမျှ အားလုံး ပျောက်ပျက်ကုန်မှာပဲ" ဟု ရင်တွင်းမှ ရုတ်တရက် ဖိုသွားသောကြောင့် ထိုခဏ၌ပင် ထိုသာသာယာယာ အရှုအခင်းကလေး တစ်ကွက်လုံး ပျောက်ပျက်သွားအံ့ဟု စိုးရိမ်လှပုံဖြင့် အတန်ကြာ စုံစုံမက်မက် စူးစူးစိုက်စိုက် မဝတမ ထပ်ပြန်တစ်ကျော့ ကြည့်ပြီးမှ ပြတင်းပေါက်က ခွာခဲ့ကာ နေရာတွင် ပြန်ထိုင်စောင့်နေ၏။ ခေတ္တနေလျှင် တစ်နေရာမှ ဦးသာလှ တစ်စုံတစ်ရာကို ပြောဆိုမှာကြားရင်း လာနေသည်ကို မြင်ရလေသည်။

## ၂၁ | ပြည်ပန်းညို ချိုချင်ရက်ပ၊ ဆားက မြက်သယ် ပျိုတို့မောင်ရယ်

မောင်ညိုကို မြင်မှ နှုတ်ခမ်းမွေးကြီးနှစ်စ ကားတက်သွားအောင် ပြုံးပြီး 'ငါ့တူကြီးတော့ အင်တန် အားနာဖို့ ကောင်းနေပီ။ အလုပ်တွေက များလို့ကွယ်။ ခုတောင် မနည်း စကားဖြတ်ပစ်ခဲ့ရသယ်'ဟု မျက်နှာချိုသွေး၏။ မောင်ညို လူပါးက ချက်ချင်းပင် ဦးသာလှ ပြုံးခြင်းမှာ အကယ်စေတနာနှင့် ရင်း၍ ပြုံးခြင်းမဟုတ်၊ အပေါ်ယံ ပြုံးမှန်း သိသည်။ နိုင်ငံခြားသားတွေနှင့် အတွေ့အမြင် များလွန်းသဖြင့် မျက်နှာထား အမျိုးမျိုး ပြောင်းတတ်သည်၊ ဥပါယ်တံမျဉ် များသည်ဟု သဘောပေါက်သွားသည်။ "ကျုပ်ကို အားနာသာ မဟုတ်ပေါင်ပါ။ အလုပ်များသဲ့အထဲ လာရန်ကောလို့ စိတ်တောင် ဆိုးသွားချင်သယ်၊ ဟုတ်စ၊ ပွဲစားကြီးရ" ဟု တွေးသော်လည်း မောင်ညိုက 'ဩော် အကျွန်က ကိစ္စမရှိလှပါ ဘူး။ ဧည့်သည်တော်တွေနဲ့သာ ပြီးပြတ်အောင် ရွက်ဆောင်ပါချေဗျာ'ဟု ပြန်ပြောသည်။

'မင့်ဘတို့ မာရဲ့နော။ မင့်ဘနဲ့မတွေ့သာ မင့်အမိ မဆုံးခင်ကတည်းကပဲကွယ့်။ မင့်ပြန်ရင် ပြောပြလိုက်ပါကွယ်၊ ကျုပ်ရော ပွဲကတော် ကျောင်းအစ်မကြီးကပါ သတိရပါ သယ်လို့'ဟု ဆိုမှ မောင်ညိုတွင် ဒေါ်စပယ်တို့သားအမိ ယခုတိုင် ထွက်ဧည့်မခံသေးသည် ကို သတိပြုမိသည့်အခိုက် ဦးသာလှက 'နို့ မောင်ရင်ညို၊ ပဓာကိစ္စနဲ့ နေပြည်တော် လာသတုံး'ဟု မေးရင်း 'ဘယ်လောက်ကြာဦးမတုံး'

'သည်ကနေ့ပဲ ပြန်မရို့။ အကျွန် မန်လည်က ပြန်လာသာပါ။ ငစို့ဆီကလေ'ဟု

ပြောသော် မောင်ညိုကို ဖျတ်ခနဲ လှန်ကြည့်၍ 'ဩော် မင့်ညီ မန်လည်မှာလား'ဟု မေး၏။ ဦးသာလှ အသံမှာ ချက်ချင်း ပျော့သွားသည်။

'ဟုတ်ပါ့ဗျ၊ ဟိုမယ် သွားနေသာ အမိ မဆုံးခင်ကတည်းကပဲ'

'ဩော်'ဟု ဦးသာလှက ဆိုသဖြင့် စကားပြတ်သွားသည်။ ဦးသာလှ၏ အမူအရာမှာ ငစိုနှင့် ပတ်သက်သော စကားများကို များစွာ မပြောလိုကြောင်း အတိအလင်း ပြနေသည့်အတွက် ငစို ပြောသကဲ့သို့ ဦးသာလှတို့မှာ သူ့ညီအပေါ်တွင် တစ်စုံတစ်ရာ မျက်ကွက်နေပြီဟု ထပ်မံထင်မြင်မိမှ ဤကိစ္စနှင့်ပင် လာသည်၊ မြန်မြန် သည်ကိစ္စကို ရှင်းလျှင် ငြိမ်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်ကာ မောင်ညိုက 'ခု သည်ကို အပြန်မယ် လှည့်ဝင်လာသာပဲ'ဟု စပြောသဖြင့် ဦးသာလှက 'အိမ်း၊ ဩော် သာဖြင့် မင့် တံတားဦး မရောက်သေးဘူးပေါ့'ဟု ပြုံးရန်ပြင်သည်ကို ဂရုမစိုက်တော့ဘဲ 'မရောက်သေးဘူးဗျ၊ ချင်းဆီမယ် သွားနေတုန်းက ချင်းဆီက စကားတစ်ခွန်း ကြားလာရို့ ဦးရီးဆီ ဝင်ခဲ့သာပဲ' ဟု ပြောလိုက်သည်။ ဦးသာလှက အနီးရှိ ကွမ်းအစ်ကိုဆွဲယူကာ ကွမ်းစားရန် ပြင်နေပြီးမှ ကွမ်းသီးစိတ်ကို ပါးစောင်သွင်း 'ဟင်.....'ဟု တစ်ချက်၊ နှစ်ချက် ဝါးရင်း 'ပဇာများ ပါလိမ့်'ဟု မမေးချင် မေးချင်၊ မမေး၍ မဖြစ်ပုံ မေးသည်။

'အခြားကိစ္စတော့ မဟုတ်ပေါင်ပါ'ဟု မောင်ညိုက ဦးသာလှကို စေ့စေ့ကြည့် လျက် 'ဦးရီးကို ငစို တစ်ခါက သူနဲ့ခင်မှု ပေးစားဖို့ရာ ခွင့်ပန်ဖူးသယ်ဆို'ဟု မေးချလိုက် တော့၏။

ဦးသာလှတွင် တစ်မျိုးကြီး အမ်းသွားပုံ ပေါ်လာသည်။ ပြီးမှ မောင်ညိုကို မျက်နှာလွှဲ၍ 'သာ ပဇာပြုတုံး'

'အဲသလို ခွင့်ပန်တော့ရင် ဦးရီးတော်က ပသို့ ပြောလိုက်ပါတုံး ခင်ဗျာ့' ပွဲစားကြီး မှာ အတော် အဖြေရ ကျပ်ကျပ်ဖြင့် 'သဘောမမျှသဲ့ အကြောင်းပါပဲ၊ မောင်ရင်ရဲ့'ဟု မျက်နှာကြီးတစ်ခုလုံး နီမြန်းသွားသည်။ မောင်ညိုက သူ့မျက်နှာ ပျက်သွားမှန်းသိလျက် က စိုက်ကြည့်နေသောကြောင့် မျက်နှာကို မဖော်ဝံ့သလို ကွမ်းကိုခေါက်၍ ထုံးတို့နေသည်။ မောင်ညိုမှာ ထိုအထိ သတင်းအသစ် မဟုတ်သေးသဖြင့် စိတ်တွင် မထူးခြားသေးသော် လည်း ဦးသာလှ ကွမ်းရွက် ထုံးသုတ်ပြီးသည်အထိ သည်းခံစောင့်ဆိုင်းနေပြီးမှ–

'ပဇာပြုလို့ ငစို့ကို ခင်မှုံနဲ့ သဘောမမျှနိုင်သာတုံးဗျာ'ဟု မေးလိုက်ပြန်သည်။ ဦးသာလှက ကွမ်းရွက်ပေါ်သို့ ဆေးရွက်ဖွဲ့ပြီး ခေါက်နေပြန်၏။ ခေါင်းမဖော်သေးပေ။ မောင်ညိုတွင် စိတ်ထဲမှ တမျှဉ်းမျှဉ်း မခံချင်စိတ်ကလေး ထွက်ပြူစ ပြုလာသည့်အတွက် 'အကျွန့်ညီဟာ ရုပ်ဆင်းအင်္ဂါ ကြန်အင်လက္ခဏာ မသန့်မပြန့်လို့တော့ ဟုတ်မယ် မထင်ပါဘူး။ ပီး ချင့် အမျိုးအရိုးဆိုသာလည်း ဦးရီးတော် အစင်းသားသိ။ မိဘချင်း အတွင်းအပြင် ထွက်ဝင် နှီးနှောခဲ့သာပဲ ဟုတ်စ'ဟု ပြောရင်း ပြောရင်းက ဒေါသထွက် ထွက်လာပြီ ဖြစ်သဖြင့် 'ပီး.....'ကိုယ်ကြီး ရှေ့ကိုင်းလိုက်ကာ 'ကျုပ်တို့ အခြေအနေ အရိုက်အရာ ဆိုသာမှာလည်း အဝ တံတားဦးနယ်မယ်ဆိုရင် နှစ်နံမည် မထားဘဲ.....'ဟု

စိတ်လိုက်မာန်ပါ လက်တစ်ဖက်ဝိုက် ပြောမိစဉ် ထွေးအင်နှင့် တိုက်မိပြီး ထွေးအင်မှောက်သွားသည့်တိုင် အတွင်းမှ စီးဆင်းလာသော ကွမ်းတံတွေးစီးကြောင်းကို နေရာရှောင်ကာ တစ်စုံတစ်ရာ နင်းပြောမည်လုပ်ပြီး၊ ရုတ်တရက် ဦးသာလှက လက်ရပ်ပြသည့်အတွက် စကား ဖြတ်ထားလိုက်ရသည်။ ဤတွင်မှ–

'မောင်ရင်ညို.....'ဟု ဦးသာလှက ခေါင်းမထောင်သေးဘဲပင် 'ကျုပ်သမီးနဲ့ မောင်ရင့်ညီ ပဇာကြောင့် သဘောမမျှသယ်ဆိုသာ သိချင်ရင် ဆိတ်စာ သည်းခံပြီး သည်ကကို ကောင်းကောင်းနားထောင်။ ကြားရပါလိမ့်မယ်'ဟု လေသံအေးအေး စလျက်–

'အစဦးဆုံး အချက်က သည်ကိစ္စမျိုးမယ် ကျုပ်ကို တိုက်ရိုက်လာပီး ပြောသဲ့ မောင့်ညီဟာ အင်တန်မှ လူ့လိုက်ကန်းဆိုး မသိသဲ့ အကောင်မှန်း သိရသာ တစ်မုံ့။ အကယ်ဆို ချင့်မိ ချင့်ဘတွေ သေကြသေးသာမှ မဟုတ်ဘဲနဲ့ကို၊ လူကြီးမိဘချင်း ထုံးတမ်းစဉ်လာအရ နားဖောက်ပါစေဦးရှော့လား။ ခုတော့ကာ အို သာတွေ ပြောလို့ ဆုံးမယ် မထင်သယ့်ပါဘူး။ ပီး ဒုတိယအချက်ကွယ့်။ အဲသည် အချက်ကရော့ ကျုပ်လို သမီးရှင် မပြောနဲ့၊ မောင်တို့ ကိုယ်တိုင်ပဲ ကျုပ်နေရာမယ် ဝင်ပီး ကိုယ်ချင်းစာကြည့်မှ ဘယ့်ကလောက် အရေးကြီးသယ်ဆိုသာ သိရမယ်'ဟု ပြောပြောဆိုဆို ထွေးအင်ကို ပြန်လှန်၍ ကွမ်းအစ် အနီးသို့ ဆွဲထားရင်း 'ရို့ ဦးထင်၊ တစ်ဆိတ် သည်ဆီ ဆိတ်စာလေး လာပါဦး'ဟု လှမ်းခေါ်လိုက်၏။ ပြီးမှ ကွမ်းယာကို နှုတ်တွင် ထည့်ဝါးတော့သည်။ မောင်ညိုသည် ကွမ်းကို တစိစိ ဝါးနေသော ဦးသာလှထံ မထေ့တထေ့ ကြည့်လျက် တင်ပျဉ်ချိတ် ထိုင်လျက်ရှိသော ကိုယ်ကြီးကို နောက်သို့ ပစ်လှန်၍ ဦးထင်ခြေသံကို နားစွင့်နေသည်။ ဤအရေးတွင် ဦးထင် ဘာဝင်ပြောနိုင်သနည်း၊ ဝင်ပြောစရာ အချက် မည်သို့ရှိသနည်း။ ညို စဉ်းစား၍ကား မရပေ။

ချက်ချင်းလိုပင် ဦးထင် အနီးသို့ ရောက်လာ၏။ ဦးထင်မှာ စင်စစ် သူတို့နှစ်ဦး နှင့် မလှမ်းမကမ်းတွင်ပင် နဂိုက ရှိနှင့်သည်ဟု ထင်ရ၏။

မောင်ညိုနှင့် မျက်နှာချင်းဆိုင် ဦးသာလှ ဘေးမှာ ဝင်ရပ်မှ 'ထိုင်ပါဦးဗျ၊ ဦးထင်ရ'ဟု ဦးသာလှက ခိုင်းသည်တွင် မောင်ညို့ကို မိုး၍ မျက်နှာထားတစ်မျိုးကြီးဖြင့် ကြည့်ပြီး နောက်မှ အံ့အားသင့်ပုံနှင့် 'ဟင် ညိုပါလား၊ ရောက်နေသော ကြာလှထင်ပဲ' ဟု မေး၍ စူးခနဲ လှန်၍ ကြည့်လိုက်သည်။ ဦးထင်ကို မြင်ဖူးစမှ စပြီး မုန်းခဲ့သည်။ ယခုလည်း မုန်းလိုက်၏။

'ဟောသည် မောင်ရင်ညိုက ပဇာကြောင့် သင့်ညီနဲ့ ကျုပ်သမီးကို သဘော မမျှလဲရို့ မေးနေသယ်။ အဲသာ ခင်ဗျ ကြည့်ပြောစမ်းပါဦး။ ကျုပ်တော့ ထပ်တလဲလဲ ပြောချင်ဘူး' ဟု ခိုင်းကာ ဦးသာလှသည် ကွမ်းဝါးရင်း ပြတင်းပေါက်သို့ ကျော်ကြည့် နေလိုက်တော့၏။

ဦးထင်က 'ဪ သည်ကိစ္စကြောင့် ခေါ်သာကိုး'ဟု ပြောပြီး အတန်ကြာမှ 'လူကြီးကို လူကြီးမှန်း မသိ'ဟု ပြောစပြုသည်တွင် ဦးသာလှက တစ်ဖန် 'အဲသာတွေ

ပြောပြပြီးပီ၊ သည့်ပြင် .....’ဟု ဆိုသည်။ ဦးထင်က ‘သည့်ပြင်ဆိုရင် .....’ဟု စကားစလိုက်ရင်း မောင်ညို့ကို စေ့စေ့ကြည့်သည်။ သူပြောမည့် စကားကို သူချိန်ဆနေသော ဦးထင်အား မောင်ညိုက စေ့စေ့ပင် ပြန်ကြည့်နေမှ တစ်တစ်ခွခွကြီး အားပါးတရ ရှိလှသော လေသံမျိုးဖြင့် ပြောချလိုက်ခြင်း ဖြစ်သည်။

‘ငစိုဟာ ညောင်အုပ် ညောင်ရမ်းတို့ရဲ့ သူလျှိုမို့’

မောင်ညို မျက်လုံးတွေ ပြာခနဲနေသွားပြီး ခေါင်းထဲမှ မိုက်ခနဲဖြစ်သွားကာ နားထဲမှ ဝီခေါ်သွား၏။ ခေတ္တသော် အသက်ရှူ တကယ်မှားသွားသည်။ ပြီးမှ အာရုံတွေ ပျံ့လွင့်ထွက်သွားသမျှကို ပြန်ထိန်းသိမ်းလျက်၊ ‘ဗျာ’ဟု ဆိုလျက် ‘ဗျာ’ဟုပင် ထပ်မေးသည်။ ကိုယ်ကြီးလှန်ရာမှ ရှေ့သို့ ချက်ချင်းကိုင်းလိုက်၏။ မျက်နှာကြီး ရဲသွားသည်ကို ဦးသာလှက မြင်ရသောကြောင့် မောင်ညို့အလျင် ဦးအောင် ‘သည် သူပုန်မင်းသားကြီး နှစ်ပါးရဲ့ သူလျှိုမှန်း ဘယ်လို သိရသယ်ဆိုသာ ပြောဦးမှပေါ့ ဦးထင်’ဟု ထောက်ပေး၏။ ဦးထင်တွင် စွဲချက်တင်လိုက်ရပြီး ကတည်းက များစွာ ကျေနပ်သွားခဲ့ပေပြီ။

‘ဘယ်လို သိရမတုံး၊ မျက်စိနဲ့ တပ်အပ်သေချာ မြင်ရလို့ပေါ့’

‘ပဇာလို တွေ့ရလို့တုံး’ဟု မောင်ညိုက ဖျတ်ခနဲမေးသည်။ အသံကား စေ့ထားသော သွားကြီးတွေ ကြားမှ ထွက်ခဲ့ခြင်း ဖြစ်သည်။

‘ဟို တစ်နှစ်၊ လေးဆယ်ပြည့်နှစ်က မင့်အမိ နာမကျန်းဖြစ်လို့ သည်က မစပယ်ရယ်၊ ခင်မှုံရယ်၊ ကျုပ်ရယ်၊ မောင်ရင်နှောင်ရယ် မင့်တို့အိမ် လိုက်ခဲ့ကြသယ် ဟုတ်စ။ အဲသည်အခေါက်က ပြန်မယ့်နေ့ မရောက်ခင် တစ်ညနေ ငစို့ဆီ ကိုယ်တော်ကြီးနှစ်ပါး တိတ်တဆိတ် ရောက်လာသယ်။ ရောက်တုန်းက သူတို့မှန်း မသိဘူး၊ ပြန်မယ် ပြင်ကြမှ သိရလို့ပေါ့။ နို့မဟုတ်ရင် .....

‘အဲသည်နေ့ညက မောင်ရင်နှောင်နဲ့ ကျုပ် မင်းတို့အိမ်ရှေ့ ပန်းခြံထဲရှိတုန်း အိမ့် တောင်ဘက် စည်းတန်းက လူနှစ်ယောက် အိမ်မဘက်ကို ရိပ်ခနဲ အပြေးကလေး ဝင်ကပ်သာ မြင်ရလို့ ချက်တစ်ဖြုတ် သွားစုံစမ်းတော့ မတွေ့လိုက်ရဘူး။ စိတ်ထဲကတော့ ထင့်သွားသယ်။

‘နောက် အမှင်းပွဲမယ် ငစို အရင်ထသွားပီး ကျုပ်တို့ တခြားလူစုတွေ အမှင်းစားမပြီးခင် သင်းက ကိုယ်တော်နှစ်ပါး ဝှက်ထားရာမယ် အမှင်း ခိုးပို့ပေးသယ်။ အမှင်းချက် ဒေါ်အိုဇာက ငစို အမှင်းတစ်ပွဲပြင် ထွက်သွားသယ်လို့ ဦးဝါကို ပြောလို့ ဦးဝါက ဝင်းတွင်း ဝင်းပြင် လိုက်ကြည့်သယ်၊ မတွေ့ဘူး။ နောက်မှ အမှင်းထည့်ယူသွားသဲ့ နီးဒေါင်းလန်းကို ရေဆေးအင်မယ် ငစိုပဲ လာထားသာ တွေ့သယ်သဲ့။

‘အဲသာလည်း ပြန်မယ့် မနက်ကျမှ ဦးဝါကို မေးမိလို့ သိရသာ။ ဟိုညက မသိရသေးဘူး။ ကျုပ်တို့လည်း စိတ်ထဲက မသင်္ကာလို့ တစ်ညလုံး အိပ်မပျော်ဘဲ စောင့်နေသာ မနက် အရုဏ်တက်လောက်ကျရော ငစို့ အခန်းဘက်ဆီက ခြေသံကြားသယ်။ ကြား ကြားချင်း ထကြည့်ရော ငစို့ကို ဘေးပေါက်ဆင်းသဲ့ လှေကားဖုံး

ဖွင့်တက်လာသော မြင်ရသည်။ သည်အထိလည်း တို့ နောက်ကျလိုက်သေးသာပဲ။ ကမန်းကတန်း ပြတင်းဝက ကြည့်ရော၊ သူ ဝှက်ထားသဲ့ ကိုယ်တော်နှစ်ပါး စည်းတန်းက ခပ်သုတ်သုတ် ထွက်သွားနှင့်သာကို နှင်းကြားမှာ ဝိုးတိုးဝါးတားသာ မြင်ရတော့သည်။

'အဲသာက တစ်တန်၊ ပီးတော့.....'ဟု ဆက်လက် မပြောမီ မောင်ညို့ မျက်နှာကြီး ပျက်နေပုံကို ကျေနပ်နေပြီးမှ 'နောက်တစ်တန်က အဲသည်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက်ညမယ် တစ်ခုခုဖြစ်လိမ့်မယ်။ ကိုယ်တော်ကြီးတွေ အကြောကို စုန်မယ်ဆိုသဲ့ သတင်းလည်း နန်းတော်ကြီးက ရနောင်ကိုတုတ်တို့ လူစုက ရထားသယ်။ ငစိုလည်း နေပြည်တော် ရောက်နေသယ်။ အဲသည်ည ငစိုကို ဝိရိယစိုက်ပီး အကဲခတ်ပါလို့ မောင်ရင်နောင်က ပြောထားသယ်။ သင်း လွတ်ချင် ကံဦးချင်ရော့ ကျုပ်ကို ဟောသည်က ပွဲစားကြီးက တောင်ပြင်ဘက် လွှတ်ထားတုန်း သင်း အသိအိမ် ပြောင်းအိပ်မယ် ပလီပလာ ပြောပီး သည်ကနေ ပျောက်သွားသယ်။

'ချိန်းထားသဲ့ အချိန်မယ် မောင်ရင်နောင် လာစုံစမ်းကြည့်ရော့ သင်းမရှိတော့မှန်းသိသာနဲ့ ချက်တစ်ဖြုတ် အပြင်းလိုက်ရှာသယ်။ မတွေ့ဘူး။ သာနဲ့ နောက်ခေါက်ကျော့ပီးလာရှာသဲ့ မောင်ရင်နောင်ကို ကျုပ်တွေ့ရော့ မောင်ရင်နောင်နဲ့အတူ ကျုပ်ပါ ထွက်လိုက်သွားသယ်။ မြို့တွင်း ကင်းအားလုံး စုံစမ်းကြည့်ပေမင့် မတင်မကျ ဖြစ်နေသာနဲ့ မြို့ပြင်ထွက်ရှာတော့မှ မြစ်ဆိပ်က တက်လာသဲ့ ငစိုနဲ့ အဖော်တစ်ယောက်ကို တွေ့တော့သယ်။

'သင်းတို့ နှစ်ယောက်က မြင်းအနေးစီးရင်း ဖက်ဖြူလိပ် သောက်လာသယ်။ ကျုပ်တို့ချင်း မြင်းချင်း နီးအလာမှာ တာဘေးက ပဒိုင်းချုံကွယ် စောင့်နေသယ်။ သင့်အဖော်ကိုဖြင့် ပုဆိုး ခေါင်းမြီးခြုံနဲ့မို့ မမှတ်မိဘူး။ သင့်ကိုတော့ လရောင်နဲ့ ဖွေးဖွေးထင်းထင်းသား မြင်လိုက်ရသယ်။

'နောက်တစ်နေ့ပဲ ကိုယ်တော်ကြီးနှစ်ပါး တုလွတ်ယာဉ်ပျံ မီးသင်္ဘောနဲ့ အကြေကို ပါသွားသယ် ကြားရသာပဲ'ဟု ပြောရင်းက 'နှစ်ကြိမ်စလုံး မျက်စိနဲ့ တပ်အပ်တွေ့ရသာချည့်ပဲ။ ရွှေစည်းခုံ စူးရချေ့၊ နှစ်ခါစလုံး သင့်ကံ ကောင်းနေရို့ လက်ပူးလက်ကြပ် မမိဘဲ စဉ်းငယ် ဦးနေနှင့်သယ်။ နို့မို့ရင်.....'ဟု စကားမပြတ်ဘဲ ပုဂံသားဦးထင်က ကျေနပ်စွာ အဆုံးသတ်တော့၏။ အဆုံးသတ်သည်နှင့် တစ်ပြိုင်နက်လည်း မောင်ညိုသည် ဦးထင်ကို စေ့စေ့ကြည့်ရာမှ ဒေါသလှိုင်း တက်လာသဖြင့် ကိုယ်ကိုမသိမသာ ကြွ၍ ကြွ၍ နောက်ဆုံး၌ ဘာကိုမျှ သတိမရတော့ဘဲ–

'သာဖြင့် ခင်ဗျ နှစ်ခါစလုံး ကျုပ်ညီနောက်က လိုက်ပီး ပုဂံနဲ့ညောင်ဦး အနံ့စူးစူး လိုက်ခံသဲ့ ခွေးအိုကြီးလို စအိုအောက် အနံ့ ခံနေသာပေါ့လေ'ဟု ရင့်ရင့်သီးသီးသတိလက်လွတ် ရိုင်းရိုင်းလေး ပြောလိုက်မိပြီးမှ နေရာ၌ ဖြုန်းခနဲ ခုန်ထလိုက်၏။

လျှပ်ပြက်သည့်နှယ် ချက်ချင်းပင် မောင်ညိုသည် တင်ပျဉ်ခွေထိုင်နေသော ဦးထင်၏ သျှောင်ထေးကို လက်ကြီးတစ်ဖက်ဖြင့် လှမ်းဆွဲပြီး ကျောကို နှိမ်၍ ကျောပြင်ကြီးကို တံတောင်ဖြင့် အုန်းခနဲ အုန်းခနဲ နေတဲ့အောင် ဆင့်ဆင့် ထုတော့သည်။

အံ့အားသင့်၍ ဘာမျှမလုပ်ဘဲ ဦးသာလှ ကြောင်ကြည့်နေရာမှ သတိမရမိ ဦးထင်ကို ဆံပင်ဆွဲ၊ မယူပြီး တစ်ဖန် မျက်နှာကြီးကို သူ့လက်ဝါးကြီးဖြင့် တဖြန်းဖြန်း ရိုက်ပြန်တော့သည်။ နောက်မှ ဦးသာလှက 'ရို့ ညို၊ ဟိုက လူကြီးနော၊ အမောင် လွန်မယ်၊ အမောင် လွန်မယ်'ဟု ဝင်ဆွဲခိုက် ဦးထင် ရုန်းထွက်လိုက်ရတော့သည်။

ဦးထင်မှာ နဂိုကပင် မောင်ညို့အား ရွံကြောက်ကြီး ကြောက်နေခဲ့သူ ဖြစ်လေရာ ယခုကဲ့သို့ အသား တဖျဉ်းဖျဉ်းစပ်အောင် အထု၊ နင်ဘဲငဆ အရိုက်ခံရသောအခါ မီးတောက်နေသော မျက်လုံးတွေကို လက်ဝါးဖြင့်အုပ်ရင်း ရောက်ရာနေရာကပင် တစ်ကိုယ်လုံးတုန်ပြီး ဇွေနှာနှာ အံ့ခဲ၍ ရပ်နေ၏။ ဝမ်းတွင်းစိတ်တွင်းရှိသမျှ အာရုံတွေနှင့်ကား သူ့နှလုံးသား၌ မောင်ညို့အား တစ်သက်ပန် ရန်သူဟု ရန်ညှိုးကြစ်ဖြင့် ထစ်ထစ်ရစ်ရစ် ထွင်းခြစ်လိုက်ပြီ မလွဲ။

မောင်ညိုလည်း ဦးထင်အား စားတော့ ဝါးတော့မတတ် မကျေမနပ်ရှိရာက ပွဲစားကြီး ဆွဲရာသို့ တရွတ်တယိုင် ဆုတ်ကန်ခံပြင်း ပါသွားရတော့သည်။

'ကိုင်း သိရရော ဟုတ်စ၊ ပြောသဲ့လူကို သွားနှိပ်စက်လို့ ပဇာအကျိုးမှ မရှိဘူး ကွယ့် မောင်ရင်ညိုရဲ့'ဟု ဦးသာလှက ပြောမှ ဦးသာလှထံ လှည့်ကြည့်ရင်း လက်ကို ဖျတ်ခနဲ ခပ်ဆတ်ဆတ်ပင် ပုတ်ပစ်လိုက်သည်။ ဦးသာလှက စိန်းစိန်းကြီး ကြည့်လျက်ဖြင့် ဒေါသကိုချုပ်ပြီး 'အဲသာပဲ၊ ကျုပ်သမီးကို အသက်တိုမယ့် လူမိုက်နဲ့ မပေးစားချင်လို့ဘဲ' အသံထိန်းလျက် နေရာတွင် ပြန်မထိုင်တော့ဘဲ 'မောင့်ညီ သည်အလုပ်ကို လုပ်မြဲ လုပ်နေရင် တစ်နေ့နေ့ ရွှေနားတော် ပေါက်ကြားပီး သင်းတွင်မက တစ်ဆွေတစ်မျိုးလုံး မင်းဒဏ် အခတ်ခံရမယ်။ ကြားပါစ၊ တစ်နေ့မဟုတ် တစ်နေ့မယ် သင်း ခြေလှမ်းမှားမှာပဲ၊ ခုထိလည်း သင်း သည်အလုပ်ကို မစွန့်သေးဘူး။ အကြေမယ် စံမြန်းနေသဲ့ ကိုယ်တော်ကြီးနဲ့ အဆက်အသွယ် ပြုရက်ပဲသဲ့။ သူနဲ့ အဖော်တစ်ယောက်လည်း ပါသယ်။ သာပေသည့် အဲသည်အဖော်က သူ့ထက် လိမ္မာရို့၊ အလျှိုကောင်းရို့ ဘယ်သူဘယ်ဝါ ခုထိ မသိသေးဘူးသဲ့။ အဲသာ ကိုယ့်ညီ ကိုယ်ချစ်ရင် မောင် ကြည့်ပီး .....'ဟု စကားမှ မဆုံးမီ ကြားဖြတ်၍ 'ခင်ဗျ သည်သတင်းတွေ အသူပြောတုံး၊ ငနောင်ပေါ့၊ ဟုတ်စ'ဟု မထေ့တထေ့ပင် မခံချိ မခံသာ မခန့်လေးစားပင် မေးသော မောင်ညိုကို ပွဲစားကြီးက ဦးထင်နှင့် သူ လုံးလားထွေးလားလုပ်စဉ် ဆွဲရ လွဲရခိုက်က ကြေသွားသည့် ပိတ်အချော အပေါ်အင်္ကျီ လက်မောင်းကို သပ်ရင်း 'မောင်ရင်နောင်တွင် မကဘူး၊ ရနောင်ကိုတုတ်တို့၊ တောင်မာရဘောင်ဗိုလ်တို့၊ ရွှေလက်ဝဲဗိုလ်တို့ .....'ဟု စကားမဆုံးမီပင် မောင်ညိုသည် 'တောက် ရှိုင်းလိုက်လေဗျာ'ဟု တစ်ချက်ပြင်းပြင်းခေါက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်ခဲ့ကာ အိမ်ရှေ့ဆင်ဝင်တွင် ထားခဲ့သော ဖာနှင့် ဓားကို ဆွဲယူ၊ ဝင်းပြင်သို့ လျင်မြန်စွာ ထွက်သွားတော့သည်။ ဝင်းပြင် ရောက်သည်အထိ မည်သည်ကိုမျှ မမြင်နိုင်ခဲ့တော့ပေ။

"ငစို .... သူလျှို၊ ငစို .... သူလျှို"ဟူသော အသံသည်သာလျှင် သူ့ခေါင်းကြီးထဲသို့ ရောက်နေပြီး သူ့နားမှ မထွက်ဘဲ စွဲမြဲစွာ ပါလာတော့သတည်း။

ဣတ္ထိ ဝဏ်၊ နဒီ ဝဏ်

မိန်းမဟူသည်၊ နှုတ်မတည်သား၊ စကားပလီ၊ သောမညီဘဲ၊ ပြောသည် တစ်ခု၊ ပြုသည် တစ်ထွေ၊ ဆောင်းလေပွေသို့.....

သြော် ခင်မှုံ.... ခင်မှုံ၊ ကိုစိုက လွဲရင် ဝတိ ဖျားက သိကြားဖျက်စေ၊ ပျက်မသွေဘူး ဆိုပြီး ခုခါမတော့ ကိုစို့ကို ရက်ရက်စက်စက် လုပ်လိုက်ရက်လေခြင်းကွယ်။

သည် လှတစ်ပါးပြင်ဖြင့် ခြားမသွေ၊ နတ်ကုမ္မာ လာစေတော့ သွေပေါင်ဘယ်နဲ့၊ ကမ္ဘာတိုင် ခွဲပါဘု မြဲနှစ်ကိုယ်၊ နှောင်ငဲ့ မေတ္တာ ဂင်္ဂါသဲလိုလေး၊ ကဲဆထက်ပို ဆိုပြီး ယောသည် ကိုစို့ရင်ခွင်ကို ဖွင့်၊ ကိုစို့လည်တိုင်ကို ဖက်ပြီး မင့်လက်ညှိုးလေးက မြလက်စွပ်လေး လရောင်မယ် ဖွေးသွားအောင် မင့်လက်ကလေး နွေးနွေး သေးသေးကလေးတွေနဲ့ ကိုစို့ပခုံးကို စမ်းပြီး ခြေဖျားကလေးထောက်လို့ နမ်းလိုက်၊ ရှုပ်လိုက်တာတွေဟာ ခုခါမတော့ မင့်ဘောလယ်ထဲက ဂင်္ဂါဝါလု သဲအစုမယ် ပစ်စုဖယ်ကျွံ အရှိန်နဲ့ သွန်ချသဲ့ ရေနဲ့သာ တူနေသာပေါ့လေ၊ ဟုတ်စ။ ခင်မှုံရယ်.... ဟုတ်ပါသယ်။ ဟုတ်ပါသယ်၊ ယုံတော်မူစမ်းပါတော့ နန်းပင်ကို၊ မှန်သစ္စာ ဆိုမယ်ပ ညှိုမပြယ်ဘူး။ နှောင်မဂ္ဂင်မူးမယ်လို့၊ ဆုထူးဆင် မရသည် မှန်စေတော့၊ နှောင်တညဏ် ဆန်းပေါင် နန်းညာငဲ့ပြင်–ဆိုသာဟာ ဆိုဆိုပဲ ကြားမိနေတော့သာ။ ပဏာကမှ အဓိပ္ပာယ် မရှိတော့ဘူးကွယ်။

ဟိုတုန်းက လေကလေးက ပြည်ပြည်၊ လကလေးက ဇွေဇွေ၊ နှင်းကလေးတွေ ဝေဝေမယ် ကိုစို့ရင်ခွင်ထဲ အမမှတိုးတိုးပြီး မင့်ကိုယ်လေး ကျစ်ကျစ်လျစ်လျစ်ကို အတင်း ဝင်ဝင် ခွေသာများ ခုခါမယ် အမှတ်ရတော့မယ် မထင်ပါဘူး။ သြော် ခင်မှုံရယ်၊ ခုခါမတော့ ကိုစိုက အငွေ့၊ ဟိုက အတွေ့ကိုး။

သည့်ပေါ်မယ် မိန်းမဆိုသာ လှေလို မြင်းလိုပဲ။ လှော်သဲ့လူ လှော်ရာကိုသာ ရေစုန်စုန် ရေဆန်ဆန် မှန်မှန်ပါရသယ်။ စီးသဲ့သူ ဇက်ကိုင်သလို စီးသူ သွားလိုတိုင်း သွားတတ်သယ်။ သင်းတို့ရဲ့ ပင်ကိုသဘောကိုကလည်း မဖြောင့်မမှန် မတည်မငြိမ်ဘူးသဲ့။ ဆောင်းတွင်းမှာ တိုက်သဲ့ ဆောင်းလေအေးကလေးလိုပဲ၊ ဟိုဘက်က တိုက်လိုတိုက်၊ သည်ဆီက ဝှေ့လိုဝှေ့၊ အရှေ့ဆီက ဝဲဝဲ၊ အနောက်ဆီက ဝဲဝဲနဲ့ ကွေ့ကာ ဖွေ့ကာပဲသဲ့ ကွယ့်။ အဲသည်တော့ ဟို ကိုစိုနဲ့ နီးစပ် တွေ့ကြုံနေတုန်းက မင်းဟာ ကိုစို့အလိုကို လိုက်လျောမယ် ဖြစ်သလို ခုခါမယ် သင်းနဲ့ နီးစပ်သွားလေတော့ သင့်အလို လိုက်တော့မပေါ့။ တော်ပါပေ့ ခင်မှုံရယ်၊ တော်ပါပေ့ အမိပျိုရာ။

သည်က ကိုစိုမှာဖြင့် နလှသဲ့ ခင်မှုံ၊ အိလှသဲ့ အချစ်ကို စိတ်ရှိတိုင်း ကလိမှဖြင့် အသားကလေးတွေ တစ်တိတစ်တိ ကြွေအံ့ထင်လို့ မတို့ရက်၊ မထိရက်၊ ပြင်းပြင်းကလေး တောင် မမွှေးရက်လေသမျှဟာ သြော်.... သင်း နောက်လူ ကောင်းစားဖို့ ဖြစ်နေပေါ့ ကလား ကွယ်ရို့ရဲ့ ဟင်....။

ခုလို ပစ်ပစ်ခါးခါး ကိုစိုးအပေါ် စိမ်းကားသာဟာလည်း စင်စစ်မယ်ဆိုရင် ကိုစိုးကို .... ခင်မှူ၊ မင်းတို့တစ်တွေအားလုံး အထင်လွဲကြသာပဲကွယ်။

ကိုစိုးကို မင့်မိဘတွေက မင်းနဲ့သဘောမမျှနိုင်သဲ့ အကြောင်းကို ကိုစိုကိုယ်တိုင် မေးတုန်းကတော့ မပြောဘူး။ အဲသည် ကိုစိုးကို မင်းနဲ့ စကားပြောသာ ဦးထင် တွေ့သွားသာနဲ့ တစ်အိမ်လုံး ရှုုးရှုုးရှားရှားဖြစ်သွားတော့ မင်းတို့မိဘ အိမ်သားတွေက ကိုစိုဟာ ကြောက်လန့်တကြား ပြေးရှောင်သွားလိမ့်မယ် ထင်သယ်။ မင်းကလည်း ပြေးပါ ကိုစို၊ မိသွားရင် ကိုစို ဒုက္ခရောက်ပါလိမ့်မယ်လို့ စိုးရိမ်ပူပန် ပြောသာကိုလည်း ကိုစို ဂရုမစိုက်ဘဲ မင့်အဘဆီ ဘသားပီပီ ရဲရဲတင်းတင်း ဝင်ပီး မင်းနဲ့သဘောတူဖို့ ခွင့်တောင်းသယ် မဟုတ်လား။ ဟုတ်စ .... အဲသည်တုန်းက ကိုစိုးကို သဘောမမျှစရာ အကြောင်းအချက် ရှိရင် ပြောပါဆိုသာလည်း မပြော။

နောက် အစ်ကိုညို လာပီး မေးမှ အကျွန်တော့ဖြင့် မသိပေါင်ပါ၊ အစ်ကို စုံစမ်းပါချေ ပြောတောင်းပန်မှ အစ်ကိုညို မင်းတို့ဆီ ချက်တစ်ဖြုတ် ထွက်ခွာသွားသယ်။

အို ခင်မှူရယ်၊ အဲသည်နောက်မှ အစ်ကိုညို့ဆီက ပေးစာကို ဖတ်ရတော့ကာ ကိုစို့ ရင်ထဲ မီးဝင်စွဲမတတ် ဖြစ်ရသာပါပဲကွယ်။ ကိုစိုဟာ ကိုယ်တော်ကြီးနှစ်ပါးရဲ့ သူလျှိုဆိုသာ မတရားစွပ်စွဲ သမုတ်ခေါ်ဆိုသာပါကွယ်။ ကိုယ်တော်ကြီးတွေနဲ့ ယခုတိုင် အကျွးအသန်း ပြုလျက် ရှိသေးသယ် ဆိုသာလည်း အစ်ကိုညိုတို့၊ မင့်မိဘတို့ ထင်သလို နိုင်ငံရေးမဖက် မိတ်ဆွေဖြစ် သက်သက်ပါပဲကွယ်။ သည့်ပေါ် ခုခါမယ် ကိုစိုက ဆက်သွယ်ချင်ပါသယ် ဆိုသာတောင် မဆက်သွယ်နိုင်ပါဘူး။ ကိုယ်တော်ကြီးတွေဟာ အကြေမယ်တောင် မရှိတော့ဘဲ ကုလားပြည် ဘင်္ဂလားမယ် နွမ်းပါးတော်မူနေကြပါပြီ သဲ့ကွယ်။ သည် ဒုက္ခသည် မင်းနှစ်ပါးနဲ့ ကိုစို ဘယ်လို ဆက်သွယ်နိုင်ပါ့မလဲကွယ်။

စင်စစ်ဆိုရင်လည်း သူတို့ဟာ ကိုစို အင်မတန်ချစ်သဲ့ သူငယ်ချင်း ကျပင်း ကိုယ်တော်လေး အသက်ကို ကယ်ဆယ်တော်မူပေးသဲ့ ကျေးဇူးရှင်တွေပါကွယ်။ သူတို့ကို ကင်းဝန်ဦးကောင်း သူ့ဉာဏ်စွမ်းနဲ့ နန်းတော်ကြီးက မသိအောင် ပိပိပြားပြား ရွှေဉာဏ်တော် ကစားပြီး အကြေကုလားနယ်အရောက် ဆောင်ကြဉ်းပေးသလို သူတို့ကလည်း သူတို့မင်းနှစ်ပါးရဲ့ အတွင်းလူယုံအချို့နဲ့ ကင်းဝန့်အကူအညီကို တောင်းခံပီး သူ့သတ်လက် ဝကွက်အပ်မယ် တဲတဲမှာ လက်မတင်ကလေး လွဲအောင် လူချင်းဖလှယ် လဲပေးလို့ အသက်တော်ကလေး ချမ်းသာခွင့် ရသာပါ။ သည်လို ကိုစို့ မိတ်ဆွေစစ်ရဲ့ အသက်ကို ကယ်ဆယ်သဲ့ ကျေးဇူးတွေကို ထောက်ထားပီး ကိုယ်တော်ကြီးတွေ တိတ်တဆိတ် ပြေးလွှားရာမယ် ပါရသာပါ။

ပါရသာမလည်း ကိုစိုမယ် အကယ် ဉာဏ်ထုဉာဏ်လွှာ ထုတ်ပီး သည် ဇာတ်ကွက်ရှုပ်ထဲ လက်စွက်ရသာ မဟုတ်ပေါင်ပါ။ အလွန်းသင့် အရန်သင့်သလို အပေါ်ယံကြောလေး ကူညီသဲ့ သဘောပါ။ ကိုစိုးကို အထင်မလွဲကြပါနဲ့ ကွယ်ရို့ရယ်။ ကိုစိုမှာ ခုလို သီပေါမင်းကို မလိုတန္တ စေတနာနဲ့ တော်လှန်ပုန်ကန်ရန် ကောက်ကျစ်စဉ်းလဲသဲ့ အကြံအစည်ကို မကြံရဲ မတွေးရဲသာ အမှန်ပါပဲကွယ်။

သာပေသည့် နဂိုဗီဇက မတရားသည့် အခြင်းအရာကို တရားရာကျအောင် ပြုပြင်ချင်၊ ဒုက္ခရောက်သာ တွေ့ရရင် သုခရောက်အောင် ကူညီချင်သဲ့ စေတနာကလေး ကြောင့်သာ ခုလို ပြုရပါသယ်ဆိုသာ သုံ့ကြည်ကြပါ။

သာကိုမှ မသက်ဝင် မယုံကြည်ကြဘဲ ကိုစို့ကို သူလျှိုလို့ ယိုးစွပ် စွဲဆိုကြမယ် ဆိုရင် ကိုစို့ကို သက်သက်မဲ့ မတရားနှိပ်စက်သာနဲ့ တူနေပါမယ်။ ကိုစိုမှာတော့ ငုပ်မိ သဲကိုင် တက်နိုင်ဖျားရောက် ဆိုသာလို စိုပြီးသောလက်ကို မခြောက်စေမူ၍ မိမိ၏ချမှတ် စွဲမြဲထားသော တရားအတိုင်း ဖြစ်စေရာကို အစွမ်းကုန် ဆောင်ရွက်ရန် အရေးနှင့် ဒုက္ခ ကို သုခဖြစ်စေသည့် စိတ်တွေန ဒါနကို တစ်သက်ပန် မဆုတ်မနစ်၊ လစ်လပ်အောင် ပြုစု သွားမှာပဲ။ သည်လိုလုပ်သာဟာ မတရားဘူး၊ မကောင်းဘူး ညံ့သယ် ဖျင်းသယ် ထင်ရင် တော့ ခင်မှုံရယ်.... မင်းကို ခုလို စွန့်လွှတ်တန် စွန့်လွှတ်ရမယ်။ အစ်ကိုညို ပြောသလို သည်လို နေသရွေ့ မင်း စိတ်သောက ဗျာပါဒ များရမယ်ဆိုဆို၊ ကိုစိုတော့ လုပ်မြဲ လုပ်ရ မှာပဲ။

သည်စိတ်တွေနဲ့ ခင်မှုံကို အသည်းစွဲအောင် ချစ်သဲ့စိတ်နဲ့ ဘယ်နေရာမယ် မအပ်စပ် မဆီလျော်လို့လဲကွယ်။ သူတကာ လျှိုခေါ်ရသာနဲ့ပဲ ကိုစိုဟာ လျှိုဖြစ်ရရော့ လား။ ကိုစို လျှို ဆိုသာနဲ့ပဲ မင်းရဲ့ မြင်းမိုရ်မေရု ဂင်္ဂါဝါလု အစုစုထက် ဆထက်ပြန်ပွား များလှသဲ့ မြဲလှသဲ့ အချစ်ဆိုသာဟာ ကိုစို့အပေါ်က တောင်ရေပမာ လျှောကာ လွင့်ပါး စိမ်းကားရရော့သဲ့လား မှုံရယ်။ ကိုစို့မှာတော့ မင်းကို မရတော့ဘူးဆိုသဲ့ အချိန်က စပီး နေ၍ မသာ၊ စား၍ မမြိက်၊ အိပ်၍ ပျက်ပျက် ဖြစ်နေပြီ။

သည်အတိုင်းဆိုရင် ကိုစို ယူကျုံးမရ တသသနဲ့ ရူးရချေရဲ့ကွယ်၊ အရူးကြီး လုံးလုံး ဖြစ်ရချေရဲ့။ ခက်ကပြီ၊ သြော် ....ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောပါကလားကွယ်။ မဖြစ်ချေဘူး၊ မဖြစ်ချေဘူး၊ မင့်မောင် မောင်လွန်း ပြောသဲ့ အကြောကို မြန်မြန်သွားမှပဲ။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီကြီးတို့၊ ရွှေမော်ဓော ရွှေဆံတော် စသဲ့ တန်ခိုးကြီးဘုရားတွေ ဖူးမြော်ရင်း မင့်စိတ်၊ ခင်မှုံစွဲသဲ့ စိတ်ကို ဘဝံသရာ ကျင်လည်ရာတိုင်း သိုင်းဝိုင်း သွဲ့သွဲ့ ပါသဲ့လေအောင် အကြေကုလားနယ်ကို အလည်အပတ် သွားဦးတော့မှပဲ။ အညာဒေသ ရွှေလှကလျာ ရှိသဲ့ နေရာကိုတော့ဖြင့် ကိုစို စိတ်နာစ ပြုပြီကွယ်။

သြော် .... ခင်မှုံ.... ခင်မှုံ၊ ခင်စိမ်းပင်၊ မစိမ်းပင်၊ ရှင်စိမ်းပင်။

ရှစ်ရက်လုံးလုံး ထမင်းတစ်စေ့မျှ မသုံးဆောင်ဘဲ ရေကလေး တစ်ခွက်စ နှစ်ခွက် စ၊ သစ်သီးကလေး တစ်လုံးစ နှစ်လုံးစသာ သုံးဆောင်မှီဝဲလျက် နေ့ညဥ့်မနား စိတ်ဒုက္ခ ညှဥ်းဆဲခြင်းကို အထပ်ထပ် ခံစားခဲ့ရရှာသော မောင်စိုသည် အိမ်အရှေ့ဆောင်တွင် စားပွဲနိမ့်ကလေးပေါ်သို့ ရုတ်တရက် သတိလစ်ဟင်း မေ့မြောပြီး ကိုယ်ကလေးခွေ၍ ကျသွားရှာတော့၏။

အရှေ့တောစပ်မှ တရွေ့ရွေ့ ခေါင်းဖော်၍ ပြူလာသော နေလုံးရဲရင့်ကြီးသည် ညိုမှောင်မှောင် ကောင်းကင်သို့ မေးတင်စ ပြုလျက် ငြိမ်သက် အိပ်စက်နေသော ယာစပ် တောခြေကလေးပေါ်သို့ လွှမ်းခြုံပေးလိုက်လေပြီ။

အေးမြကြည်လင်သော လေပြည်ကလေးသို့လည်း အိပ်တန်းရှင်းစ တောင်ပံရှုကြမည့် သာရကာ ကျေးငှက်တို့၏ ခေါ်အော်မြည်တမ်း လမ်းကြွသံသည် တစ်စစဝင်ရောက် ရောယှက်ခဲ့လေသည်။ အိမ်နှင့် မနီးမဝေးတွင် ပေါက်နေသော သီးပင်ပေါ်သို့ ကြက်တူရွေး မိသားတစ်စု ပျံနားကြသည်။ ထန်းနောင်းပင်ပုကလေးပေါ်တွင်ကား ဆက်ရက်အုပ် တစ်သင်း တိုးဝင်နေကြသည်။ မာလကာပင်လေးနှင့် သလဲပင်ကလေး၌ကား တစ်တီတူးကလေး မောင်နှံသည် အမြီးတံရှည်လေးကို လှုပ်ကာ နွဲ့ကာ တစ်ပင်ပြောင်းကူး ချစ်ပလူး တီတာနေကြသည်။

မှိုင်းမှုန်ပြာရီ တန့်တည်နေသော နှင်းရည်ပြည့်ပြည့် လေပြည်ငွေ့လေးသည် ဘယ်ဇော့ညာယမ်းနှင့် အိမ်လက်တန်းကလေးကို မော်ကာ၊ ပွင့်နေသော ပြတင်းပေါက်မှ မောင်စို့ထံ ကျူးကျော်ဝင်ရောက်လာ၏။ လေနှင့်အတူ ငှက်ကျေး သာရကာတို့၏ တီတီတာတာ အသံသာကလေးတွေလည်း တစာစာ ပါလာခဲ့၏။

သို့သော် မောင်စို မကြားပေ။ အချစ်ဝေဒနာ၏ ပြင်းပြသော ဒဏ်ချက်ဖြင့် အသက်ရှုမှားလျက်ပင် ရှိသေးသည်။ ချစ်မှိုင်းဝေဝေ ထိုင်းထွေနေရှာပါပြီ။

ဂုံစက္ကူ ဝါဝါကြင့်ကြင့်တွင် ကျပ်ခိုးဆီဖျော် မင်အရောင် မှောင်ပျစ်ပျစ်ဖြင့် ရေးသားထားသော သူ့အချစ်သွေး အချစ်ဥ သွေးတုံးသွေးခဲ သွေးစက်ကလေးတွေကား ပြာပုံအတိ ကျနေလေပြီ။ လေပြည်လာ သာညင်းညင်းတွင် ဝဲ၍ ပျံ၍ လွင့်စဉ်နေကြလေပြီ။

စားပွဲပေါ်သို့ မျက်လုံးကလေး မှိတ်ပြီး ကိုယ်ကလေးကိုင်းကျကာ သူ့မျက်နှာလေး တစ်ခြမ်းသည် သူ့လက်ရုံးကလေးပေါ် အသာကလေး တင်နေသည်။ သူ့လက်ချောင်း ကလေးတွေ ကြားမှ လွတ်ကျသွားသော ငှက်တောင် ကလောင်ကလေးသည် လေဇော့ရာ ချာချာကွေ့၍ မြူးနေ၏။ သူ့လက်နှင့်တိုက်ပြီး လဲကျကာ မီးတောက်ကလေး ကူး၍ ဂုံစက္ကူစွန်းကို မသနားမညှာတာ ဝါးမျိုလိုက်သော ငွေကြေးရိုးခံ ဆီးမီးခွက်တိုင်ကလေးလည်း မောင်စို့ခြေရင်းသို့ လိမ့်၍ ငြိမ်သက်နေပေပြီ။ ငါ့အရှင်ကို ငါ ပြစ်မှားမိလေခြင်းဟု ယူကျုံးမရ ဖြစ်နေဟန်ပင်။

ဆီမသ ဘီးမချဘဲ ထားသော မောင်စို၏ ရှည်လျားမည်းမှောင် ပိတုန်းရောင် တောက်နေသည့် ဆံပင်တွေလည်း မွဲခြောက်သွေ့အရောင်ဖြင့် အရုဏ်တက်နေရောင်တွင် ရဲရဲကလေး နီကြောင်ကာ လေပြည်၌ လွင့်ပါလှုပ်ရှား အချစ်စိတ်ဖြင့် အချစ်ဒဏ်ကို ငြိမ်သက်စွာ ခံစားနေရရှာသော မျက်နှာပေါ်သို့ ကလူကျီစယ် နယ်ကျယ်ဆော့မြူးနေပါပြီ။

သက္ကရာဇ် ၁၂၄၃ ခုနှစ် ကဆုန်လဆုတ် တစ်ဆယ့်သုံးရက်နေ့တွင် ခင်မှုံကို မောင်နောင်နှင့် ထိမ်းမြား လက်ထပ်ပေးခဲ့သည်။ နေပြည်တော် မျက်ပါးရပ် ပွဲစားကြီး ဦးသာလှ၊ ဒေါ်စပယ်တို့ အိမ်ကြီးမှာ ခင်မှုံ့မင်္ဂလာပွဲ အတွင်းက ခြိမ့်ခြိမ့်ညီးမျှ စည်ကားလှ၏။ ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများနှင့်တကွ ပွဲစားကြီး၏ မိတ်ဆွေ ကုန်သည်ပွဲစား စသည်များ၊

သတို့သား၏ မိတ်ဆွေ မာရာဘင်ဗိုလ်၊ ရွေးလက်ဝဲဗိုလ်၊ လွှတ်တော်ကြီးစု၊ သေနတ်စု၊ ဖြဲတိုက်ဝန်စု စသော အရာရှိ အရာခံ ကြီးငယ်များစွာပင် သိုက်မြိုက်စွာ လာရောက် ချီးမြှင့်ခဲ့ကြသည်။

ထိုမင်္ဂလာပွဲ၏ ထူးခြားချက်တစ်ရပ်မှာ သတို့သား၏မိခင် မုဆိုးမကြီး ဒေါ်ဒါလီ ကိုယ်တိုင် မလာရောက်နိုင်သောကြောင့် သတို့သားဘက်မှ နေ၍ ရနောင်ကိုတုတ်နှင့် ပင်းသာကိုပြောင်တို့ ညီအစ်ကိုက ဦးစီးပြုလျက် သတို့သမီးကို တောင်းယူပေးခြင်း ဖြစ်သည်။ နောက်ထပ် တစ်ချက်မှာ သတို့သမီးအိမ်တွင် တစ်ညဥ့်သာ သတို့သားနေ၍၊ လဆုတ် ၁၄ ရက်နေ့ နံနက်ပင်လျှင် သတို့သမီးကို ခေါ်ဆောင်လျက် သတို့သား၏ ဇာတိရပ်ဌာန်ဖြစ်သော ရွှေဘိုပိုင် ထန်းတစ်ပင်ရွာသို့ ရှေးရှု ခရီးထွက်သွားခြင်း ဖြစ်တော့သည်။

ပုလဲဒါရှ မျက်ရွှေသဏ္ဌာန် နုထွတ်စိုပြည် ရွှေစင်အိနယ် တစ်မိသည်ဟု မြတ်နိုး ခင်တွယ် ချစ်၍မဝ ရှု၍မငြီး တစ်ဦးတည်းသော သမီးငယ်ကို သတို့သားလက်သို့ မခွဲချင် မခွာရက် ခပ်ခက်ခက်ပင် အပ်လိုက်ရသည့် ပွဲစားကြီးလင်မယားမှာ ဆူကျူးသော နှလုံးဖြင့်သာ သမီးငယ်အား အမျိုးမျိုး အထွေထွေ မှာကြားဆုံးမ ဩဝါဒပေး၍ နှမြော တသ စိတ်မချဘဲ သမက်လှလက်မှာ ထည့်လိုက်ရရှာပါပြီ။

နယုန် လပြည့်ကျော် ငါးရက်နေ့ ညနေစောင်းလေးတွင် ခင်မှူတို့ လင်မယား စီးနင်းလိုက်ပါလာသည့် လှည်းယဉ်ကလေးနှင့် မင်္ဂလာလက်ထပ်ပွဲတွင် ကူညီ ချီးမြှင့် လိုက်သော မင်္ဂလာ လက်ဖွဲ့ပစ္စည်းများ၊ ခန်းဝင် ပစ္စည်းများ၊ ခရီးသွား အသုံးအဆောင်၊ သတို့သမီး၏ များလှစွာသော ကိုယ်ပိုင် အသုံးအဆောင် အဝတ်အစား၊ အိပ်ရာ ပရိဘောဂ စသည် တင်ဆောင်လာသော အခြားလှည်းကြမ်း လေးစီး၊ ပေါင်း လှည်းငါးစီး သည် ကျယ်ပြန့်သော ယာခင်းတွေကြားမှ ဖြတ်လျက် တအိအိစီတန်း၍ မောင်နောင်၏ ဇာတိချက်မြှုပ် ထန်းတစ်ပင်ရွာကလေးသို့ တရွေ့ရွေ့ ခရီးတာဝေ နီးကပ်နေလေသည်။

မျက်စိတစ်ဆုံး မြင်ရသော လယ်ကွက် ကိုင်းသာ ယာခင်းကလေးတွေမှာ အနောက်တစ်ခွင် ရေဦး၊ ကာဘိုးတို့ဆီမှ ညို့ညို့ဆိုင်းဆိုင်း ပိတ်သိုင်း စီတန်းနေသော တောင်ပူစာကလေးတွေ ခြေရင်းအထိ ပြူးပြူးပြန့်ပြန့် ကျယ်ဝှမ်း စိမ်းစိုနေသည်။ အနောက်ဘက် ကောင်းကင်တွင် ဝင်လုဆဲဆဲ ဖြစ်နေသော နေမင်းကြီးမှာ တစ်နေ့တာလုံး လောင်ညီးသော အရှိန်ဖြင့် ခရီးသွားလှည်းစုကလေးကို မသနား မညှာတာ ရှိန်ရှိန် ဟည်းဟည်း ကစားကလူ ခဲ့သည်ကို အားမရ မတင်းတိမ်သေးပုံဖြင့် ထွေးထွေးနီနီ ခနဲ့ နေသေးပြီ။

ယာကွက်တွေထဲမှ လူးပင်၊ ပြောင်း၊ နှမ်း၊ ပဲ၊ ခရမ်း၊ ငရုတ်များပေါ်သို့ နေရောင် ကြင့်ကြင့် ကျနေသည်။ ယာပြင်အလယ် ဟိုတစ်ပင် သည်တစ်ပင် မားမားကြီး ပေါက်နေ သော သျှောင်နံ့သာပင်တွေ၊ ထန်းနှောင်းပင်တွေပေါ်၌လည်း ပြာရဲရဲအရောင်တွေ စွဲနေ သည်။

ရွာခြေဘက်တွင်လည်း ထန်းပင်စုကလေးတစ်စု ရှိရာ ထန်းရွက်အထုပ်ကလေး တွေပေါ်သို့လည်း ပုစွန်ဆီရောင် ဖျန်းနေ၍ သီးပင်ကြီးတွေ၊ ကျွဲတညင်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေ၏ အရွက်တွေလည်း နီဖန့်ဖန့်ဖြစ်လျက်။ တဆွတ်ဆွတ် တဆုပ်ဆုပ် ပွင့်နေကြသော ပိတောက်တွေပင်လျှင် ရွှေရောင်ထက် နေရောင်ရဲရဲက သာလွန် ပေါ်လွင် နေတော့သည်။

ယာတွေ၊ ရွာတွေ၊ တောစပ် တောင်စပ်လေးတွေ အားလုံး ခင်မှုံ မြင်ရသမျှ အရှုအခင်းတွင် အနီရောင်ကြီးသာ ဆွတ်ဖျန်း ခြယ်လှယ်ထားသည်ကို တွေ့ရလျက်၊ လှည်းဆောင့်တိုင်း မျက်နှာကြီး ရှုံ့တွနေသော မောင်နောင်၏ ကိုယ်ကျပ် ပိတ်ဖြူ အင်္ကျီပေါ်သို့ပင် ထိုအနီရောင်ဆေး စွန်းထင်နေသည်ဟု ခင်မှုံ တွေးမိသည်။

မောင်နောင့် အင်္ကျီလက်မောင်းမှ လက်ရုံးပေါ်သို့ မျက်လုံးရောက်သွားပြီး တစောင်းခွေကျနေသော သျှောင်နှင့်၊ အသားဝါကြင့်ကြင့် ရဲသွေးပြေးနေသော မောင်နောင့် လည်တိုင်နှင့်၊ နေရောင်တွင် ရဲတစ်လှည့် နီတစ်ချည် ဖြူတစ်လီ လက်တစ်ချက် နေသော မောင်နောင့် နားတောင်းကလေးကို ငေးမိသည်။

ထိုအခိုက် မောင်နောင်က ခင်မှုံ့ထံ ဖျတ်ခနဲ လှည့်လိုက်ရာ သူ့ကို ကြည့်နေသော ဇနီးလက်သစ်နှင့် မျက်နှာချင်း ဆုံသွားသည်။ မောင်နောင်၏ မျက်လုံးတွေလည်း နေရောင်ထံမှ အနီရောင်ကို တောင်းယူထားသည်ဟု ထင်မိသည်။ ခင်မှုံသည် ရင်ထဲမှ အေးခနဲ ဖြစ်ရာက နွေးခနဲ ခုန်သွားသဖြင့် ခေါင်းကို ဆတ်ခနဲ ငုံ့လိုက်ရသည်။

'ရောက်လုပေါ့ ခင်မှုံ' ဟု မောင်နောင့်အသံကို ခင်မှုံ သဲ့သဲ့သာ ကြားမိရှာသည်။

ရောက်တော့မည်။ ခင်မှုံ တစ်လမ်းလုံး စိုးရိမ်ပူပန်ခဲ့သော ခင်မှုံ့ဘဝလမ်းလေး လည်း ဆုံးတော့မည်။ တစ်လမ်းလုံး ခင်မှုံ ရှောင်လွှဲ သွေဖည်နိုင်ခဲ့သော အခြင်းအရာကို ခင်မှုံ တွေ့ဆုံ ကြုံကြိုက်ရတော့မည်။

## ၂၃ | အချစ်ကို လုမှာလား၊ အနှစ်ကို စုသလား

မောင်နောင်၏ အသံမှာ မာလျက်ပင် ရှိသေးသည်။ နေပြည်တော်မှ စစ်ကိုင်းသို့ ကူး၍ တစ်ညဉ့် အိပ်ခဲ့သည်။ ထိုညဉ့်က မောင်နောင် အနီးသို့ လာသောအခါ 'ကိုနောင်ရယ်.... အကျွန် အိုက်လှသယ်၊ ခဏလေး အပြင်ဆီ နေပါရစေ'ဟု ပြောပြီး၊ တစ်ဖန် ညဉ့်နက် သောအခါ မောင်နောင်က 'အိပ်စို့'ဟု ခေါ်သည်တွင် အတန်နှင့် မဝင်၊ မောင်နောင် အိပ်မောကျသွားမှ ဝင်ခဲ့သည်။ နောက်တစ်ညဉ့် စမန်းတွင် အိပ်သည်။ တည်းအိမ် ကျဉ်းသောကြောင့် တစ်နေရာစီ အိပ်ရသည်။ နောက် အုန်းတောကြီးတွင်လည်း ထို့အတူ ပင်။ နောက်ဆုံး ရွှေဘို အဝင်မှ စ၍ မောင်နောင် သူ့အနီးသို့ မချဉ်းကပ်တော့ပေ။ စကားပြောသာ မာခဲ့လေသည်။

ခင်မှုံ မတတ်နိုင်။ မောင်နောင် စကားပြော မာသည်ကို ခံရလျှင်သာ ခံရမည်။

မောင်နောင်၏ အငွေ့အဖက် အယုအယကိုကား မခံရပေ။ သူ၏ ကျယ်ပြန့်သော ရင်အုပ်ကြားသို့ သန်လှသော လက်ကြီးနှစ်ဖက်ဖြင့် မှုံ့ပခုံးလေးနှစ်ဖက်ကို အတင်း ဆုပ်ချုပ် ကိုင်လျက်၊ ပူနွေးလှသည့် သူ့နှာခေါင်းကြီးတွေက ခင်မှုံ့ ပါးပြင်ကလေးပေါ် ဝဲလာသောအခါ ခင်မှုံတွင် မျက်ရည်စို့မတတ် ဖြစ်သွားမိသည်။

မောင်နောင်ကို မုန်း၍ကား မဟုတ်လှပါပေ။ လက်ကလေးတွေ ချုပ်ပြီး ရင်အုပ်ကြားသို့ ဆွဲသွင်းတိုင်း အခြားတစ်ယောက်၏ ပြုံးရွှင်သော မျက်နှာကို ကွက်ခနဲ ပြေးမြင်လေသည်။ အရောင် မတောက်လှသော မျက်လုံးလေးတွေနှင့် အသံလေး တုန်ကာ ခင်မှုံ့ခါးကလေးကို တင်းကျပ်စွာ ဖက်ထားသော ကိုစို့မျက်နှာလေးသည် ခင်မှုံ့မျက်လုံးသို့ မမျှော်လင့်ဘဲ ဝင်ပေါ်လာတတ်သည်။

ခင်မှုံ မမျှော်လင့်ပေ။

မောင်စိုနှင့်သူ စကားချိန်းဆို ချစ်တင်း နှီးနှောရသော ညဉ့်က ဦးထင်ကြီး ချောင်းဖမ်းသဖြင့် တစ်အိမ်လုံး ရှုးရှုးရှားရှား ဖြစ်သွားစဉ်မှ စ၍ ခင်မှုံ တစ်သက်တွင် ကိုစိုနှင့် ပေါင်းရမည် မဟုတ်၊ ပေါင်းဖြစ်ရန်လည်း မမျှော်လင့်တော့ပေ။

နောက်တစ်ဖန် 'ကိုစိုရယ်၊ ကိုစို့ကို အသက်နဲ့လဲပြီး ချစ်ဆိုသမှုဖြင့် အကျွန် ချစ်နိုင်ပါသယ်။ အနို့ပေသိ အကျွန့်မိဘ ပြောသဲ့အတိုင်း ကိုစို ပြုလုပ်နေသရွေ့ဖြင့် အမှုံ့ မျှော်လင့်ချက်ကို စွန့်လွှတ်ရမှာပဲ။ အကျွန့်ကို ချစ်ရိုးမှန်ရင်ဖြင့် သည်အမှုကို ပြုမိသယ်၊ သည်မင်းသားကြီးတွေနဲ့ ကိုစို မပတ်သက်ဖူးဘူးလို့ တစ်ခွန်းတည်းသာ ဆိုပါ။ အကျွန် ယုံပါ့မယ်။ သူတကာ စွပ်စွဲသလို မင်းသားကြီးတွေကို တိတ်တဆိတ် ဖွက်သို ကယ်ဆယ် ခဲ့သာ မဟုတ်ဘူးလို့ ကိုစို တစ်ခွန်းသာ ပြောပါ။ မှုံ ချစ်နိုင်ပါမယ်၊ မှုံ စို့အလိုကို ခု ချက်တစ်ဖြုတ် လိုက်ပါ့မယ်'ဟု ခင်မှုံက ဝမ်းနည်းလှိုက်လှဲစွာ တောင်းပန်စဉ်က ကိုစိုသည် တွေတွေကြီး ခေါင်းခါပြီး 'ကိုယ်တော်နှစ်ပါးကို ဝှက်သာ၊ အကြေကို ပို့သာ အားလုံး မှန်သယ်'

'မမှန်ဘူးလို့ ပြောစမ်းပါ ကိုစိုရယ်'

'မှန်သယ်'

ခင်မှုံက အင့်ခနဲ ရှိုက်မိသည်ကိုလည်း မကြား။ 'မှန်သယ်၊ သာကို လုပ်မိလို့ အမိ ကျုပ်နောက် မလိုက်လိုဘူး ဆိုသပါ့ဖြင့် ကျုပ်ကုသိုလ်ပဲ ထားရမပေါ့' ဟု မောင်စိုက ပြောပြီး–

'ကိုင်း မှုံရယ်၊ ကိုစို့နောက် လိုက်မယ် ဟုတ်စ'ဟု မေးသံသည်လျှင် ခင်မှုံ နောက်ဆုံးကြားရသော မောင်စို့အသံ ဖြစ်ခဲ့ပေသည်။ ခင်မှုံမှာ ထိုညဉ့်က ဘယ်အချိန်ကျမှ အိမ်တွင်းသို့ ပြန်ရောက်မိသည် မသိပေ။ ခင်မှုံ့ လက်ပါးစေ ဒေါ်လပ်က ခင်မှုံ့ကိုယ် ကလေးကို အိပ်ရာပေါ် ပွေ့တင်ပေးသည်ကို သတိပြုမိ၏။

ယခု ထိုအသံကို ပြန်၍ ကြားနေ၏။ "ကိုင်း ခင်မှုံရယ်၊ ကိုစို့နောက် လိုက်မယ် ဟုတ်စ" ခင်မှုံသည် သက်ပြင်းကလေး ညင်သာစွာ ပင့်ပြီး လှည်းရှေ့သို့ လှမ်းကြည့်

လိုက်မိတော့မှ ချုံတချွင်ချွင်ဖြင့် တအိအိဆွဲနေသော ချိုကားကလေး တစ်ရှဉ်းကို မြင်နိုင်သည်။ နွားချိုကြားသို့သာ စူးစိုက်ကြည့်လာမိ၏။ ဘယ်အချိန်က လှည်းရပ်လိုက်သည်ဟု သူ သတိမပြုမိရှာ။

'ကိုင်း ခင်မှူ၊ ကိုနောင့်နောက် လိုက်မယ် ဟုတ်စ'ဟု ပြုံးယောင်ယောင် ပြောသံကို ကြားမှ ဆတ်ခနဲ ခေါင်းကလေး မော့လိုက်မိသည်။

'ကဲ လှည်းအောက် ဆင်းမှာလား၊ လှည်းနဲ့ပဲ ဆက်လိုက်သွားတော့မလားလို့ မေးပါသယ်'ဟု ဆိုမှ 'ဩော်'ဟု ဆိုမိကာ၊ လှမ်းပေးသော မောင်နောင့်လက်ကို ကိုင်၍ လှည်းအောက်သို့ ဆင်းရသည်။ ခင်မှူ ပြန်၍ ပြုံးမိသည်၊ မပြုံးမိသည်ကို သတိမရမိရှာ။

'ရောက်ပီ၊ ဟောသာ ကိုနောင်တို့ အိမ်ပဲ'ဟု ခင်မှူကို လက်ဆွဲလျက်သား ချာခနဲ လှည့်ပြလိုက်ရာ၊ မှိုင်းမှုန် ဝေထွေးနေသော ခင်မှူသည် ရှေ့တွင် မားမားကြီး မြင်ရသော အိမ်ကြီးနှင့် ပက်ပင်း ဆိုင်မိတော့သတည်း။

"သာ.... သူ့ရို့အိမ်"

"ဩော်.... သာဟာ ကိုနောင်ရို့ အိမ်"သည်မျှပဲ ခင်မှူ တွေးလိုက်မိပါ၏။

အိမ်ကြီးမှာ မျက်နှာစာ လေးခန်း ငါးပင်၊ ပျဉ်ကာ ပျဉ်မိုး အိမ်ဟောင်းကြီး ဖြစ်၏။ အိမ်မကြီးမှာ ပျဉ်ဖြစ်၍ ဆင်ဝင်ခန်းမနှင့် ဇရန်တာ လက်ရန်းကို အုတ်ဖြင့် ဆောက်ထားသည်။ ပျဉ်နေရာတွင် ရေနံမသုတ်ဘဲ ထားသဖြင့် ဖြူသည့်နေရာ ဖြူ၊ ကွက်သည့်နေရာ ကွက်၍ ပန်းအိ ပန်းလှိုင်းတွေလည်း ပြုတ်သည့်နေရာ ပြုတ်ကာ တန်းလန်း တွဲလောင်း နေသည့်နေရာဌ တန်းလန်းတွဲလောင်း ကျနေ၏။ တိုင်ခြေတွေတွင် ခြပိုးထိုးလျက်၊ ခြတောင်ပို့ကြီး သုံးလုံးလည်း ဆင်ဝင်လှေကားထစ်အောက် တည့်တည့်ဌ ဖိုခုံလောက်ဆိုင် ပေါက်နေသည်။

အုတ်အင်္ဂတေ ဆင်ဝင်မှာလည်း အပေါ်ယံ အင်္ဂတေသရွတ် ကွာနေသည့်နေရာ ကွာ၍ အုတ်ချပ်တွေကြားဌ ရေညှိဟောင်းတွေ စွဲသည့်နေရာ စွဲနေလေသည်။ အမိုးပျဉ်ချပ် သုံးလေးခုလည်း သုံးလေးနေရာတွင် လန်၍ထွက်နေရာ ရုတ်တရက် ထင်းထင်းကြီး မြင်ရသော ထိုအိမ်ကြီးမှာ နေချင်စဖွယ် မရှိ။ တစ်လမ်းလုံး ထိုင်းလာသော ခင်မှူ့စိတ်ကို မှိုင်းသွားစေတော့သည်။ ခရီးပန်းသူအား လှမ်းယူ လန်းဆန်းရန်ကား ဤအိမ်ကြီး ကိုယ်နှိုက်က အားထုတ်မည်မဟုတ် ဟုသာ ထင်မိရှာ၏။

မောင်နောင့်ထံ လှည့်မကြည့်မီ နောက်ထပ် ခင်မှူ သတိပြုမိသည့် အချက်မှာ အိမ်ရိပ်ကျရာ ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းပင်ဆို၍ အလျှင်းမရှိ။ မစိုက်မပျိုးထားသဖြင့် သလင်းပြောင်သဖွယ် ရှင်းနေခြင်းဖြစ်ရာ ခင်မှူ တစ်ခါက မြင်မိသော ကျောက်ပေါက်မာ ရာနှင့် အရုပ်ဆိုးမကြီးတစ်ယောက် မျက်နှာပေါ် မှုန်မသဘဲ ထားသည်နှင့် တစ်ထေရာ တည်း တူနေသည်ဟု ထင်နှိုင်းမိသည်။

ဤဆုံးဖြတ်ချက်၊ ထင်မြင်ချက်တွေကို မောင်နောင်က အကွင်းသား မြင်၍လော မသိ၊ မောင်နောင်၏ အသံမှာ ပြန်၍ မာမာပင် 'မင်း နေရမယ်ဆိုသာ သည်အိမ်ပေါ့'ဟု

မျက်နှာမှာလည်း "မင်းက တို့အိမ်အိုကြီးဟာ မင့်မိဘအိမ်လို ကြီးကြီးကျယ်ကျယ် စည်စည်ပင်ပင် လှလှပပ မဟုတ်လို့ မင်း စိတ်ပျက်နေသပေါ့"ဟု မေးနေသကဲ့သို့ အမူအရာ ဖြစ်နေသောကြောင့် ခင်မှုံက လျင်မြန်စွာ ကြိုးစားပြုံးရင်း 'သြော် ဟုတ်ကဲ့ရှင့်' ဟု ပြောသည်။ မောင်နောင်သည် ခင်မှုံကို လက်ထဲမှ လွှတ်လိုက်ပြီး 'သွား၊ ဟိုရှေ့ လှေကားထိပ်ဆီ'ဟု ခိုင်းလိုက်၏။ ခင်မှုံက ခေါင်းကလေးငုံ့သွားကာ လှည်းစီးလာစဉ်က ကပ်နေသော ဖုန်တွေကို ပုတ်ပက်ခါယပ်နေသည့်အခိုက် မောင်နောင်က လှည်းပေါ်မှ ပစ္စည်းပစ္စယတွေကို ချရန် စီမံခန့်ခွဲနေသည်။ လှည်းသံကြားသောအခါ အိမ့်နောက်ဆွယ်မှ အစေအပါးဟု ထင်ရသူ သုံးယောက် ထွက်လာသည်ကို ခင်မှုံ မြင်မိသည်။

ပြီးလျှင် မောင်နောင်သည် အိမ်ပေါ်သို့ ပြေးတက်လာရင်း 'လာ အထဲကို'ဟု ခင်မှုံရှေ့မှ အိမ်ထဲသို့ ဝင်သွားသည့်အတွက် ခင်မှုံလည်း ကုပ်ချောင်းချောင်း ဝင်လိုက်သွားရသည်။

အိမ်ပြင်နှင့် အိမ်အတွင်း များစွာ ပန်းစားလှသည်။ အိမ်တွင်းတွင် ပရိဘောဂ များများစားစား မရှိလှ။ ဝင်ခဲ့သောအခန်းမှာ ဧည့်ခန်းနှင့်တူသည်။ မြင်ရသမျှမှာ ပိတ်ထားသော ပြတင်းပေါက်အနီး စားပွဲနိမ့်ကလေးတစ်လုံး ရှိသည်။ စားပွဲကလေးမှာ ပွတ်လုံးတိုင် နရားရုပ်ခံ သုံးချောင်းထောက် ဖြစ်၏။ စားပွဲအနီး၌ သင်ဖြူနှစ်လိပ် ထောင်ထားရာ သင်ဖြူ အနားစတွေ ဖွာနေသည်။ စားပွဲကလေးပေါ်၌ ယွန်းကွမ်းအစ်ကြီး အနီရောင် တစ်လုံးတည်း ရှိသည်။ ခင်မှုံ သေသေချာချာ ကြည့်မိရာ အဖုံးပေါ်၌ ဆူးခြစ် ရေးသား ထားသော အရုပ်ပန်းခွေမှ ဓာလီနှင့် စူစကာတွင် ခေါင်းတစ်လုံးစီ မပါ။ ဝေဿန္တရာ မင်းကြီးနှင့် မဒ္ဒီမိဖုရားတွင် လက်တစ်ဖက်စီ ပြုတ်နေသည်ကို တွေ့ရ၍ ဂဏှာနှင့် ခေါင်းမပါသော ဓာလီတို့ တက်ပုန်းနေသည့် သစ်ပင်တွင် ပင်စည်တစ်ပိုင်း ပြတ်နေသည် ကို ဝမ်းနည်းစွာ တွေ့ရသည်။

ထိုအခိုက် မောင်နောင်က အပြင်တွင် ချွတ်ရစ်ခဲ့သော ပိန်းတန်းတွေကို အခန်း တွင်း ယူထားရန်ပြောပြီး 'ဟောဟို မြောက်ဘက်ခန်းကို လိုက်ခဲ့။ ခြေသံ ဖော့ဖော့နင်း၊ အမိ အိပ်နေသလား မသိဘူး'ဟု မှာခဲ့သည်။

ခင်မှုံသည် ဝရန်တာသို့ ပြန်သွားပြီး ပိန်းတန်းနှစ်ရန်ကို ဖုတ်ခါ၍ အခန်း၌ ထားခဲ့သည်။ ခြေသံပျော့ပျော့ နင်းရင်း တစ်လှမ်းချင်း မောင်နောင်ပြရာသို့ လိုက်လာခဲ့ သည်။ ဤအိမ်တည်း။ ဤအိမ်၊ ဤအိမ်မှာ သူ့လင်၏အိမ် ဖြစ်သောကြောင့် သူ့အိမ်ပင် ဖြစ်ရပေတော့မည်။ နေချင်စဖွယ် စည်ပင်သည်ဖြစ်စေ၊ မစည်ပင် မစိုပြည် မခံ့ညားသည် ဖြစ်စေ သူ့အိမ်မှာ သူ့အိမ်ပင် ဖြစ်လေသည်။ အခြွေအရံ၊ အစေအပါး၊ အသုံးအဆောင်၊ အခင်းအကျင်း များမြောင်စည်ပင်သော မိဘ၏အိမ်မှ ယခုကဲ့သို့သော ယောက်ျမ၏ အိမ်သို့ ဖြုန်းခနဲ ရောက်လာရခြင်းကို ခင်မှုံ မျက်ရည်ဝေမတတ် ဖြစ်မိသော်လည်း မထူးတော့ပြီ။ မိဘအိမ်မှာ ခင်မှုံ့အိမ် မဟုတ်ပေ၊ လင့်အိမ်သည်သာလျှင် မယားပျော်ရာ ဖြစ်စိမ့်ရချေတော့မည်။

တစ်လှမ်းချင်း လျှောက်ခဲ့ရင်းက နေပြည်တော်တွင် နိစ္စဓူဝ မြင်ရသော မောင်နောင်၏ အခြေအနေကို ပြန်၍ မြင်မိသည်။ အချိတ်ကြီး လွန်းတင်၊ ဖဲနကိုယ်ချပ်၊ ကြယ်ဝါပြောက် ဖက်ဖူးရောင်ပဝါစနှင့် သျှောင်ကြီးဖွေ တစောင်းတွဲဖြင့် သွားကလေးတွေဖွေး၊ နှုတ်ခမ်းမွေးကလေး ရေးရေး၊ ငွေကလံနားနှင့် ပိုးကြီးဆောင်းဘီစကလေးပေါ်မှ ပုဆိုးခါးပုံသိမ်း၍ ရှမ်းမြင်းကြီး စီးကာ ဓားကြီးဝဲဝဲ၊ သွားကြီးတဖြဲဖြဲနှင့် ခုံညားဖော်ရွေ ကျက်သရေဝေခဲ့သော မောင်နောင်၏ ရက်ရောဖွယ်ရာလှပုံ ပေါ်သည့် အခြင်းအရာသည် ဝေးလံသော ခရီးစဥ် ကြွင်းကျန် နေရစ်ခဲ့လေပြီ။ ဤခရီးဆုံးအထိ မပါလာခဲ့။

ရွှေးလက်ဝဲဗိုလ်စုနှင့် မာန်ပါပါ မင်းဟန်ပေး၍ ညနေ နေသာသာ၌ မြင်းချင်း ဝဲယာထားပြီး လမ်းမတော်မှ ပြုံးပြုံး ပြုံးပြုံး ဝင်လာသော မောင်နောင့်ကို မြင်ရသောအခါ ခင်မှူ့ စိတ်မှန်ကူတွင် လောကမှာ ယောကျ်ားမှန် သင်းလို ခံ့ချော၊ သင်းလို တောင့်၊ သင်းလို တင်းပြီး တို့တစ်တွေ မိန်းမသားများ ရင်ချင်းအပ်လို့ထားမှဖြင့် ဘေးမသီ ရန်မခ ဘယ့်ကလောက် အေးမြလိမ့်မတုံးဟု အသက်ကလေး ငယ်ငယ်၊ အရွယ်ကလေး လူမမည်က ရှာရှာဖွေဖွေ တွေးကွက် လည်ခဲ့ဖူးပေသည်။ မောင်နောင်ကား လှပေ့ ချောပေ့ ခန့်ပေ့ မောက်မာ ပါပေ၏။

သူ့ကိုယ်ကို သူ အလွန်မြတ်နိုးလျက် သူ့ကိုယ်လို ကိုယ်မျိုး ရှာမှရှား၊ သူ့အရည် အချင်းကို ထပ်ပွား ထိုးထည့်တော့ တွေ့မတွေ့စဖူးဟု အမြဲ ကြုံးဝါး၊ ကိုယ်စိတ် ကိုယ်မာန် တက်နေခဲ့၏။ သူ့အိမ်လို အိမ်မျိုး နိုင်ငံတော်တစ်ဝန်း ရှာမှရှား၊ ဘိုးတော်မင်းတြားကြီး လက်ထက်တော်က အိမ်တော်ပါ ဦးမြတ်စံ ကောင်းစားတုန်းအခိုက် သိုက်သိုက်မြိုက်မြိုက် ကြီး ထူထောင် ဆောက်တည်ခဲ့သော အထိကရ အဆောက်အအုံကြီး ဖြစ်သည်။ မောင်နောင့် မိဘတို့ မြတ်မြတ်နိုးနိုး လက်ဆက် နေထိုင်ခဲ့သည်မှာ ယခု မောင်နောင်တို့ လက်ထက်အထိ ဖြစ်ရာ ဘိုးဘပိုင် မောင်နောင်၏အိမ်မှာ ခြံ ထိုးထိုး၊ ပိုး တက်တက်၊ မိုး ပက်ပက်၊ လေ ဝင်ဝင် မောင်နောင့်အိမ်ပင်ဖြစ်သည်။ မောင်နောင့်အိမ်ကို မောင်နောင် ဂုဏ်ယူနိုင်လျှင် မောင်နောင့်မယား ခင်မှူ့က .....။

ခင်မှူ့သည် မောင်နောင့်အသံ သဲ့သဲ့ကြားရသော အခန်းဝသို့ ရောက်သောအခါ ထဘီကလေး ပြင်ဝတ်၊ အင်္ကျီလက်မောင်း ကြေနေရာ ပြန်သပ်၊ ဆံပင် ကပိုကရိုကို ပြန်သိမ်းပြီးလျှင် ခေါင်းကလေး တစ်ချက်မော့မော့ ထားပြီး ဝင်လိုက်ခဲ့သည်။

'လာပါပေါ့ အမိ၊ အဲ ဟိုဟာ အကျွန့်မယား'ဟု မောင်နောင်သည် ညောင်စောင်း သားတွင် တစောင်းထိုင်ရာမှ ခင်မှူ့ဘက်သို့ စိုက်ကြည့်ရင်း ပြောသောကြောင့် ခင်မှူ့သည် တွေ၍ ရပ်တုံ့သွားမိရှာ၏။

ညောင်စောင်းထားသော အခန်းမှာ ယခင် အခန်းကဲ့သို့ပင် ညောင်စောင်းအပြင် သောက်ရေအိုးစင် တစ်ခု၊ စားပွဲနိမ့်ကလေး တစ်လုံး၊ ညောင်စောင်းရှေ့၌ ခင်းထားသော သင်ဖျာတစ်ချပ်၊ သင်ဖျာပေါ်မှ ထပ်ခင်းထားသော ကော်ဇောဟောင်းတစ်ချပ်၊ ကော်ဇော အနားတွေလည်း ဖွာနေသည်။ ဖျာကို ရှုံ့နီနှင့် ကွပ်ထားသည်။ စားပွဲပေါ်တွင် ဆေးခွက်၊

ကွမ်းအစ်၊ နီးပလုံး၊ ဒေါင်းလန်း၊ ရေနံချေးနှင့် အမှင်းကြမ်းခဲတွေ ပေါင်းလန်နေသော မီးခွက်၊ ရေအိုးစင်တွင် ရေအိုးတစ်လုံး၊ ဒေါင်းလန်းရေအိုးဖုံး၊ ရေစစ်ပိတ်ပိုင်းနှင့် ယွန်းရေမှုတ် နှုတ်ခမ်းပဲ့တစ်လုံး တွေ့ရ၍ ညောင်စောင်းပေါ်၌ လဲမွေ့ရာခင်းကာ ကတ္တီပါမှိုအုံးဟောင်းနှင့် မောင်နောင့်အမိကို မြင်ရသည်။

'ဘယ်မတုံးတော့၊ ဟဲ့ သည်ရှေ့ဆီ တိုးခဲ့စမ်း'ဟု ခေါ်သည်။ မောင်နောင့်အသံနှင့် ဆင်ဆင်၊ မြန်မြန် .... မာမာ။

'တက်၊ ကော်ဇောပေါ် တက်သာ တက်ပါ။ ထိုင်နဲ့ဦးတော့၊ မှန်း'ဟု ခင်မှုံကို ကြည့်သည်။ အသက် ငါးဆယ်ကျော်ကျော်၊ ဆံပင် ဆွတ်ဆွတ်ဖြူနေပြီ။ ဆံပင် သျှောင်ပေစူးနှင့်။ ဆံတစ်မျှင်မျှ မလွတ် သပ်သပ်ရပ်ရပ် ထုံးထားသည်။ မောင်နောင့်မျက်လုံး၊ မောင်နောင့်နှာတံ၊ မောင်နောင့်နှုတ်ခမ်း၊ မောင်နောင့်သွားပင်။ သွားတွေ ဖွေးဖွေးဖြူဖြူ စုံစုံစေ့စေ့၊ မျက်စိလည်း မမှုန်၊ သွားလည်း မကျိုး၊ သို့စဉ်လျက် လဲလျောင်းနေရာမှ သားက ပျာပျာသလဲ ယုယုယယ ရှိသေစွာ ထူပေးနေပုံကို ချွေးမသူ အသစ်စက်စက်က သတိပြုမိသည်။

ဤဘွားအိုကား ခင်မှုံ့ယောက္ခမ ဒေါ်ဒါလီ ဆိုသူပင် ဖြစ်ပေတကား။

ဒေါ်ဒါလီသည် ခင်မှုံ့အား စူးစူးစိုက်စိုက် အတန်ကြာ ကြည့်သည်။ ကြည့်သည်။ တစ်ကိုယ်လုံး တွင်းပြင် မြင်ရအောင် ကြည့်သည်။ ခင်မှုံမှာ ကြည့်ပြီး သဘောမှ ကျပါ့မလားဟု စိုးရိမ်စွာ တစ်ချက်လှန်ကြည့်၍ ခေါင်းငိုက်စိုက် ချနေလိုက်မိသည်။ ရင်တဒိတ်ဒိတ် ခုန်စ ပြုံးသည်။ ဒေါ်ဒါလီသည် ခင်မှုံကို ကြည့်၍ ပြီးလျှင် 'အိမ်း'ဟု စရာမှ– 'မိန်းမက သယ် သေးကွေးလှသကိုးကွယ့်။ ကြည့်စမ်းပတော်၊ လေတိုက်ရင် လွင့်လွယ်နဲ့ ယိမ်းမတတ်'ဟု ဆိုရင်း 'ဟင် ငနောင် .... သား၊ သင့်ထက် တောင့်တောင့်ရောင့်ရောင့် မိန်းမသူများ နေပြည်တော်မယ် ရှားသမို့လားကွယ်'ဟု ဆိုလိုက်တော့သည်။

ခင်မှုံ ခေါင်းမထောင်ရဲတော့ပေ။ ရင်တဖိုဖိုမှာ အေးနိုင်မည် မထင်တော့။ ဘာသံမျှ မပြုရဲ။ ထိုင်လည်း မထိုင်ရဲ။ ထ ၍လည်း မနေနိုင်။ ဒူးခေါင်းထဲမှ အေးလာပြီ။ မောင်နောင့်ထံ မသိမသာ မရဲတရဲလေး လှန်ကြည့်မိ၏။ မောင်နောင်မှာ မိခင်အား မကြည့်ရဲသကဲ့သို့ ခင်မှုံကိုသာ လိုက်ကြည့်နေသည်။

'ဟဲ့ သင်းနာမယ် အသူ'

မောင်နောင်က 'ခင်မှုံပါသဲ့'ဟု ရှိသေစွာ ပြန်ပြောသည်။ မောင်နောင် သူ့အမိကို အလွန်ပျော့ပျောင်း ရှိသေစွာ ပြောသည်ကို ခင်မှုံ အမှတ်ထားမိ၏။

'ရို့ ခင်မှုံ .... ထိုင်၊ တိုးစမ်း သည်ဆီ'ဟု ညောင်စောင်းဆောသို့ ခေါ်ပြီး ခင်မှုံက ခေါင်းမဖော်ဘဲ အနီးမှာ ပုဆစ်တုပ်ထိုင်မှ လက်တွေ၊ ပခုံးတွေ၊ ပါးတွေကို ကိုင်စမ်းပွတ်သပ်သည်။ ဒေါ်ဒါလီ၏လက်မှာ ပူနွေးသော ခင်မှုံ့ကိုယ်ပေါ်သို့ အေးခနဲ စိမ့်ခနဲ ပွတ်စမ်းနေလေသည်။ ပြီးမှ 'ညည့်တို့ မင်္ဂလာဆောင်သာ ဘယ်ကလောက် ကြာသွားမင့်တုံး'ဟု မေး၏။ အသံ အနည်းငယ် ပျော့စ ပြုသည်ဟု ခင်မှုံ ထင်ချင်ရှာသည်။

'တစ်လနီးပါး ရှိပါပီ'ဟု အသံ ခြောက်ကပ်ကပ် နေသွားသည်ကို မောင်နောင်က–

'ရှိသွားပါပီ အမိလို့'ဟု လျင်မြန်စွာ ပြင်ပေးပြန်သည်။ ခင်မှုံ ဒိတ်ခနဲ ဖြစ်မိပြန်၏။

'ညည့်လင် ပဇာကောင်ဆိုသာ ညည့် သိပလား'ဟု မေးလိုက်သည်။ ခင်မှုံ နားမလည်သေး။ ဘယ်လို စဉ်းစား၍မျှ နားမလည်ရှာ။ နားမလည်သောကြောင့် ဆိတ်ဆိတ် နေမှ အဘွားကြီးက 'တိုင်တားမောင်ဖိုးရဲ့ လက်သုံးတော်ကိုင် ဟုတ်စ'ဟု ထပ်မေးမှ 'ဟုတ်ကဲ့' ဟု ဖြေပြီး လျင်မြန်စွာ 'အမိ'ဟု ဖြည့်စွက်နေရသည်။ 'အိမ်း ဟုတ်သယ်၊ ခု ငနောင် ကျုပ်သားဟာ တိုင်တားမင်းကြီး လက်သုံးတော်ကိုင် ဖြစ်နေပီ .... ညည့်လင်လေ့။ ကျုပ်ဝမ်းက ကျွတ်တုန်းက ပဇာမှ မဟုတ်ပေါင်ပါ၊ ပဇာ့မင်းကြီးရဲ့ လက်သုံးတော် ကိုင်မှ မဟုတ်ဖူးတော့၊ လူလုံးလေးချည့်သက်သက် တော်ရိုရဲ့။ သာပေသိသင့် မွေးလိုက်ရကတည်းက တစ်နေ့နေ့မယ် သင်းဟာ ရာထူးရာခံနဲ့ ထူးထူးခြားခြား တန်ခိုးသြဇာ အာဏာ ထက်မြက် ကြီးပွားရစေမယ်လို့ ကျုပ် စိတ်ကူးခဲ့သယ်'ဟု စကားကို ဖြတ်ထားသည်။ အတန်ကြာ ငြိမ်သက်လျက် နေပြီးမှ ကွမ်းအစ်ကို ဆွဲယူ၊ ကွမ်းယာသည်။

'စိတ်ကူးတိုင်းဖြစ်ဖို့ရာ လွယ်သာမဟုတ်ဘူး၊ မလွယ်ဘူး အေတို့ရဲ့။ ငယ်စဉ် တောင်ကျေး ကလေးဘဝက ခုအခြေအထိ ပြုစု ထူထောင် ကြိုးစည် ဆောင်ကြဉ်းရသာတွေဟာ....'ဟု ကွမ်းဝါးနေပြန်သည်။ ကွမ်းကြိတ်ဆုံ မသုံးဘဲ အလွတ်ဝါးခြင်း ဖြစ်သည်။

'အင်း....ကြိုးစည်သယ် ဆိုသာမှာလည်း ကြိုးရုံနဲ့ ပီးသာ မဟုတ်ဘူး။ သင့်ဉာဏ် ရော သင့်အမိဉာဏ်ရော၊ သင့်ကိုယ် သင့်စိတ်၊ သင့်ပစ္စည်း သင့်ဥစ္စာတွေနဲ့ အရင်းပြုပြီး....' ဟု အခန်းဝန်းကျင်ကို လိုက်၍ ကြည့်သည်။ အဘွားကြီးမျက်လုံးမှာ မှုန်မှုန်မွှားမွှား ဝေသွားသည်ဟု ထင်ရ၏။

'ရွှေနန်းတော်ကြီးရောက်ပီး ရွှေဘုန်းတော်အောက် ခိုလှုံမိရသဲ့အောင်ဟာ အလွယ်နဲ့ ပြုနိုင်သဲ့ အခွင့်အရေး မဟုတ်ပေါင်ပါ အေတို့ရယ်။ လွယ်လွယ်နဲ့ မရသေမင့် ရအောင်ကြံလို့ ခု ရပီတော့။ ရသဲ့အတွက် ညည့်ရသဲ့လင် ဖြစ်လာတော့ကာ တိုင်တားရဲ့ လက်သုံးတော်ကြီးကိုင် ဖြစ်နေသာပဲ။

'ညည့်တို့မိဘက သားပေးသဲ့ မုဆိုးမဆိက နွားတစ်ရှဉ်း ယာတစ်ကွက်ကမှ မပါဘူး ဆိုသဲ့ပီး စိတ်ကွက်ကြသယ် ကြားသယ်.... ကြားသယ် .... ကြားသယ်။ ညည့် မိဘကို ညည့်နာဖို့ မလိုဘူး။ ကျုပ် ကြားလို့ ပြောရသာပဲ တော်ရဲ့'ဟု စကားပြတ်နေပြန် သည်။ ကွမ်းတံတွေး ထွေးနေရင်းကမှ 'သာတွေ ပြောနေလို့ မထူးဘူး။ ခု ညည့် သူ့အိမ်လိုက်ပီး သူ့မယားဘဝနဲ့ နေရကပြီ။ သူ့မယားအနေနဲ့ ဝတ္တရားကို ကုန်စင်အောင် လုပ်ရတော့မယ်။ ဝတ္တရား မကျေပွန်ရင် ညည့်အပြစ်'ဟု ဆိုပြီးမှ 'အိမ်း ထ၊ ကန်တော့ ကြ'ဟု ခိုင်းသောကြောင့် မောင်နောင်သည် ခင်မှုံ့ယာဘက်သို့ ဝင်ထိုင်ကာ လင်စုံမယား ဖက် အတူ မိခင်အား ကန်တော့ဦးချကြသည်။ ပြီးလျှင် ဒေါ်ဒါလီက ဘာဆုကိုမျှ

မပေးသေးဘဲ 'ထကြစမ်း၊ မင်းတို့ လင်မယား'ဟု ခိုင်းပြီး 'အိမ်း.... မိန်းမကိုက သေးကွေးလှပါသယ်လေ့' ဟု ဆိုပြန်သည်။

အတန်ကြာ ခင်မှုံကို ကြည့်ပြန်ပြီး 'ကျုပ် မသေခင် ညည့်သားကို ကျုပ်ချီသွားချင်သယ်။ အဲသာပဲ၊ ကျုပ်မြေး မြန်မြန် လူဖြစ်အောင် ညည့် ကြိုးစားပေရော့'ဟု ဆိုသည်။ ပြီးလျှင် အသံကလေး ထွက်သဲ့အောင် ရယ်ရင်းက 'ကိုင်း သွားကြ.... သွားကြ၊ မင်းတို့ ခရီးပန်းလာကြမင့်ဟာ'ဟု ပြောသည်။ မောင်နောင်သည် မိခင်ကို ညောင်စောင်းပေါ်သို့ ပြန်လှဲပေးပြီး ခင်မှုံအား 'လာ'တစ်ခွန်းဖြင့် ရှေ့မှ ထွက်သွား၏။

ခင်မှုံကား အသားတဆတ်ဆတ်ခါ၍ အဘွားကြီးထံ ပြန်မကြည့်ရဲတော့ပေ။ မိန်းမသူချင်း ပြောသော ထိုစကားမျိုးမှာ တစ်သက်တာ သူ သည်တစ်ခါသာ နားဖြင့် ဆတ်ဆတ် ကြားရခြင်း ဖြစ်သောကြောင့် အနေခက် အသက်ရှူမှားကာ မျက်နှာကလေး ရဲသွားအောင် ရှက်သွေးမွှန်သွားသည်။

ညစာကျွေးသော ထမင်းပွဲတွင် မည်သူမျှ မတွေ့။ မောင်နောင်နှင့် နှစ်ဦးတည်း ထမင်းလက်ဆုံ စားရ၏။ ခင်မှုံ ထမင်းမစားနိုင်။ ထမင်းအစားနည်းသော မယားကို လင်တော်မောင်က ဘာမျှ မေးလည်းမမေး၊ မြန်းလည်းမမြန်း၊ သူ့ဘာသာ မောမော ဆာဆာနှင့် အဝစားနေသည်။ ထမင်းပွဲ သိမ်းအထိ သောက်ရေ ခပ်ပေး၊ လက်ဆေး အင် ယူပေး စသည်ပြုရင်း စောင့်နေသော ခင်မှုံကိုသာ 'လာ'ဟု ဒုတိယ တစ်ခွန်းဖြင့် ခြေရင်းဘက် မြောက်ဆွယ်ခန်းသို့ ခေါ်သွားကာ အခန်းဝကျမှ 'အဲသာ တို့အခန်းပဲ၊ မင့် မောရင် သည်ထဲ ဝင်လှဲနေ။ မင့်အိပ်ရာလိပ် ပစ္စည်းတွေ အထဲမယ် ရောက်နှင့်ပီ။ ငါ အပြင်ထွက်ပြီး ဦးမင်းဒန်နဲ့ စကားပြောချေ့ဦးမယ်။ ဆိတ်စာကလေးရယ်၊ မနက်ခြေ ကျကမှ သင့်ကို ငါ့မယား ပြရဦးမယ်။ ကိုင်း.... ဝင်'ဟု ခင်မှုံအား ထိုနေရာ၌ တစ် ယောက်တည်း ထားရစ်ခဲ့တော့သည်။

## ၂၄ | ကြောက်သူ လန့်သူနှင့် ခြောက်သူ လှန့်သူ

ခင်မှုံ့ အိပ်ရာလိပ် အသုံးအဆောင် အထုပ်အပိုးများ စုပုံ၍ထားသည်ကို ခင်မှုံ ဝင်ဝင်ချင်း တွေ့ရသည်။ ဝင်ခဲ့သောတံခါးကို ဘေးတိုက်ယှဉ်၍ အပြင်ပြတင်းပေါက်ကို ဦးခိုက် နေသော ကျွန်းခုတင်ကြီးတစ်လုံးသာလျှင် ထိုအခန်းတွင်းတွင် ရှိသည်။

ခုတင်ကြီးမှာ နှစ်ယောက်အိပ် ပွတ်လုံးခြေတိုင်နှင့် ခြေရင်းခေါင်းရင်း နှစ်ဖက် စလုံး ပန်းကွက်ဖော်ထားသည်။ ရေနံ့ဝနေသည်ကို တွေ့ရ၍ မကြာသေးမီလေးကမှ ရေနှင့် တိုက်ချွတ် စင်ကြယ်စေခဲ့မှန်း သတိပြုမိသည်။

ခုတင်ကြီးကို မြင်လျှင်မြင်ချင်း ခင်မှုံကျောထဲမှ စိမ့်ခနဲ ဖြစ်သွားသည်။ ပြီးမှ သက်မတစ်ချက် ပင့်၍ အိပ်ရာလိပ်ပါသော အထုပ်ကိုဖြေကာ အတွင်းမှ ခရီးဆောင် လဲမွေ့ရာ အပါးနှစ်နံစပ်ကို ထုတ်ခင်းရ၏။ ခုတင်နှင့် မတော်၊ ငယ်နေသည်။ ပြီးလျှင်

ခေါင်းအုံး၊ စောင် စသည်ကို စီစဉ် ခင်းကျင်းသည်။ သို့ ခင်းရင်း နေရောင်ပျောက်သွားသောကြောင့် ခုတင်ခေါင်းရင်းဘက်ရှိ တိုင်၌ မြှောင်၍ ရိုက်ထားသော စင်ကလေးပေါ်မှ ရေနံချေးမီးခွက်ကို သူနှင့်ပါလာသော မီးခတ်ဖြင့် ထွန်းညှိရသည်။

ကျန် အထုပ်အပိုး စသည်လည်း အခန်းတွင်းတွင် ကြည့်ကောင်းအောင် မနိုင့်တနိုင် ရွှေ့ဖယ် စီစဉ်ထားလိုက်ရလေရာ အားလုံး ပြီးစီးသောအခါ သူငယ်တိတ်ဆိတ်အချိန်သို့ပင် တိုင်သွားသည်။ ခင်မှုလည်း မောဟိုက်စ ပြုလာသည်။ ထိုအခိုက်တွင်မှပင် အခန်းပြင်မှ လူတစ်ယောက် 'ရှိ့ အစ်မ'ဟု ခပ်ကျယ်ကျယ်ခေါ်သဖြင့် လှည့်ကြည့်ရာ 'ရေချိုးအင် ပြမယ်၊ လိုက်ကြည့်စမ်းပါ'ဟု ပြောမှ ခင်မှုလည်း ထ လိုက်သွားသည်။ ရေချိုးအင် သိခဲ့ပြီးလျှင် ခင်မှုသည် အခန်းသို့ ပြန်လာ၊ အဝတ်အစား စသည် ယူငင်၍ ရေမိုးချိုးရသည်။

အခန်းသို့ ပြန်ရောက်သောအခါ သူ ထားရစ်ခဲ့သည့် အတိုင်းပင်။ တစ်ခန်းလုံး၊ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေသည်။ ခင်မှုသည် ကျောက်ပြင်၊ သနပ်ခါး စသည် ထုတ်ယူ၍ သနပ်ခါးရည်ကျဲ လိမ်းပြီးလျှင် ဖျင်အပေါ်အင်္ကျီလက်ပွ၊ မတ္တရာထဘီ တစ်ပတ်ရစ် ဆီး၍ ခုတင်ကြီးတွင် တင်ပါးလွှဲ ထိုင်နေသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေရာ ခင်မှု့အား စိတ်မငယ် ငယ်အောင် ဖန်တီးနေခြင်းနှင့် တူတော့၏။ ပထမဆုံး ခင်မှု အားငယ်ခြင်းကား ယခုလို အိပ်ရာဝင်ခါနီးလျှင် နွေနွေ ဆောင်းဆောင်း ဘယ်ရာသီမဆို ဒေါ်လပ်ကိုယ်တိုင် သနပ်ခါးသွေး၍ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဖျား လိမ်းပေးသည်၊ အင်္ကျီဝတ်ပေးသည်၊ ဆံပင်ရှင်းထုံးပေးသည်၊ အိပ်ရာပြင်ခင်းပေးသည်။ ဘုရားအာရုံပြု ဂုဏ်တော်ပုတီး စိပ်ခိုင်းသည်။ ပြီးလျှင် ခင်မှု့ ကျောကလေး သပ်၍ ယပ်၍ အိနောင်၊ ဣန္ဒာဝံသ၊ ရာမ စသော နန်းတွင်းဇာတ်တော်ကြီးတွေ၊ ပုံပြင်ဝတ္ထု အစုစုကို တစ်ခုမဟုတ် တစ်ခု ပြောတတ်ရာ ခင်မှုမှာ ဝတ္ထုဇာတ်ကြောင်း ဘယ်သို့ရောက်သည် မသိ၊ တစိမ့်စိမ့်ငိုက်၍ ပျော်သွားတတ်သည်။

ယခုမူ ကိုယ့်ဘာသာ သနပ်ခါးသွေးရ၊ လိမ်းရ၊ ကိုနောင်ကို စောင့်ရသည်။ ကြက်သီး ဖြန်းခနဲ ထသွားပြီး ကျောထဲမှ စိမ့်သွားပြန်သည်။ ခင်မှုမှာ အိမ်ထောင်မကျမီက နေရထိုင်ရသော ဘဝကို ကျဉ်းကျပ်သည်၊ ချုပ်ချယ်သည်ဟု ထင်သည်။ ဟိုဟာ လုပ်ပါ၊ သည်ဟာ ကိုင်ပါ၊ သည်လို ချက်ပါ၊ သည်လို ပြုတ်ပါဟု တဖွဖွ တဆူဆူနှင့် တစ်နေကုန်ရသော အမိနှင့် အလုပ်ကို တလုပ်တည်း လုပ်၊ စကားကို တပြောတည်း ပြောနေသောအဘ၊ ထိုနှစ်ဦးသား၏ ကြား၌ ခင်မှုမှာ တစ်ယောက်တည်း ယောင်လည်လည် ဖြစ်ခဲ့သည်။ မောင်ကြီးတစ်ယောက် ရှယ်တူတန်းတူ ရှိပါသော်လည်း သူ့ခမျာ အဘအနီးမှ ခွာရသည် မရှိ။ သူ့ခမျာ နမကလေးကို ယုယုယယ ပြုစုချင်သော်လည်း အခွင့်အရေး မရ။ ခင်မှုမှာ ဒေါ်လပ် လက်ပေါ်တွင် ဦးထင်၏ အမြဲနှိပ်ကွပ် ချုပ်ချယ်ခြင်းကိုသာ ခံခဲ့ရသည်။

ပြောစမ်းပါ ဦးထင်၊ ဆိုစမ်းပါ ဦးထင်၊ ဆုံးမစမ်းပါ ဦးထင်။ ဘာမဆို ဦးထင်၊

ဦးထင်ပြီးလျှင် အားလုံးပြီးကြသည်။ ဦးထင်သာလျှင် ချက်ရာ ပြုတ်ရာ၊ စားရာ သောက်ရာ နေရာတကာတွင် ဦးစီးခြယ်လှယ်ခဲ့သည်။ ဦးထင်သည် အတွင်းဘုရင် ဖြစ်သည်။ ဦးထင်ကို အရေးပေးခဲ့ကြသည်။ သို့သော် ဦးထင် တစ်ခါက ခင်မှုံ့အခန်းထဲသို့ ဝင်ပြီး ခင်မှုံ့ ခြေဖျားကို လာစမ်းစဉ်က 'ဟင် ဦးထင်'ဟု အော်ရန် မပြင်နိုင်မီ 'အိပ်သေးဘူးလား ခုထိ၊ အိပ်သာ စောင်ကို ပဇာမို့ လုံလုံလဲလဲ မခြုံတုံး'ဟု မောင်းမဲ၍ အပြင်သို့ လျှင်မြန်စွာ ထွက်သွားဖူးသည်ကို အမိတို့၊ အဘတို့ သိကြမည် မထင်။ ထို ဦးထင် အတွင်းဘုရင် အုပ်စိုးသောအိမ်တွင် နေသည်ထက်.....

ဖောင်းဝတ်ရောင် မြင်းကြီး တရှူရှူစီးလျက် ဟိတ်နှင့် ဟန်နှင့် ပြုံးကာ ရွှင်ကာ ဖော်ရွေပျော့ပျောင်း သာယာချေင်သော မောင်နောင်ကို အမှီပြု၍ သွားလိုတိုင်း သွား၊ စားလိုတိုင်း စား၊ ဝတ်ချင်တိုင်း ဝတ်၊ သူတကာ ရွယ်တူ လင်ကိုယ် မယားကလေးများလို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေနိုင်ရသဲ့လေအောင် ထိုအိမ်မှ ထွက်လာခဲ့သည်။

ခင်မှုံ့သည် နွမ်းလျသော ကိုယ်ကလေးဖြင့် ခုတင် ခြင်ထောင်တိုင် ပွတ်လုံးကို လက်မောင်းကလေး မြှောက်ကိုင်၊ လက်မောင်းပေါ် ပါးကလေးတစ်ဖက် ကပ်၍ မျက်လုံးကလေး မှေးနေသည်။ မျက်ရည်လေး စို့လာအောင် ဝူးခနဲ သမ်းမိသည်။ ပြီးမှ နေရာက ထကာ ချည်တဘက်ဖြူတစ်ထည် ပခုံးပေါ်လွှားလျက် အရှေ့ဘက်ဆီသို့ မျှော်မှန်း၍ ကြမ်းပေါ်တွင်ထိုင်ပြီး ဘုရားဝတ်ပြုနေသည်။

ဘုရားဝတ်ပြုပြီးလျှင် တဘက်ကို ခုတင်ခေါင်းရင်းသို့တင်ပြီး ယခင်က အတိုင်း တင်ပါးလွှဲ ထိုင်သည်။ ထိုင်ပြီးမှ အခန်းတံခါးကို ကျောပေးပိတ်၍ သူ့ထံ ကြည့်နေသော မောင်နောင်ကို မြင်လိုက်ရ၏။ ဘယ်အချိန် ဘယ်ကာလက မောင်နောင် အခန်းထဲ ဝင်နေသည် မသိပေ။ နေရာမှ ထ ပြီး ပြေးရန် ဟန်ပြင်မိ၏။ ပြီးမှ မောင်နောင်က စိန်းစိန်းကြီး ကြည့်ရင်း သူ့ထံ လာနေသောကြောင့် ကိုယ်ကလေး ကျုံ့ထိုင်နေရသည်။ အသားတဆတ်ဆတ် တုန်နေသော ခင်မှုံ့မှာ ထိုအခိုက်အတန့်အထိ အပျိုစင်အိအိ ဖြစ်သည်။ "သြော် ငါဟာ သူ့မယား"

ခင်မှုံ့အကြံကို မောင်နောင် သိသည့်အလား အနီးသို့ ရောက်လုနီးနီးတွင် တုံ့ခနဲ ရပ်ရာမှ ပြုံးစနဲ့နဲ့ဖြင့် 'မပြေးနဲ့ အပိုပဲ၊ တံခါးတံကျင် ထိုးပီးပီ'ဟု ပြောလိုက်သည်။ ခင်မှုံ့က မောင်နောင့်ကိုယ်ကို ကျော်၍ တံခါးပိတ်ထားရာသို့ လှမ်းကြည့်မိ၏။ ပြီးမှ မောင်နောင့်မျက်နှာသို့ ဖျတ်ခနဲ လှန်ကြည့်ပြီး ခေါင်းငုံ့နေသည်။

'ခင်မှုံ့၊ သည်ကို ကြည့်စမ်း'ဟု မောင်နောင်မှာ ညနေစောင်းကအတိုင်း အသံမာနေသေးသည်။ ခင်မှုံ့က မမော့ဘဲ မနေဝံ့သဖြင့် မော့ကြည့်လျှင် 'မင်း အသူတုံး၊ ငါနဲ့ ပဇာတော်တုံး'ဟု မေးသောကြောင့် 'ကိုနောင့်မယားပါ'

'နို့ မယားမှန်းသိရက်နဲ့ တစ်လမ်းလုံး ပဇာမို့ ငါ့အကပ် မခံသာတုံး။ မင့်မိဘအိမ်မတုန်းက လူတွေရှုပ်လို့၊ ခွဲရခါနီး အမိနဲ့ စကားဝအောင် ပြောပါစေဦး။ လမ်းကျတော့လည်း အိုက်လို့၊ လူများလို့။ သူတကာ မြင်ရင် ရှက်စရာမို့၊ မရဲလို့။ ဟင် မချစ်လို့

ဆိုသာတော့ ပဓာမို့ မပြောတုံး’ဟု မေးသည်။ ခင်မှုံသည် တွေတွေကြီး ကြည့်နေသေး၏။ မည်သို့မျှ ပြန်မဖြေနိုင်ပေ။ မောင်နောင့်တွင်သာ အားမလို အားမရ ရှိလာပုံနှင့် ‘ခင်မှုံ၊ မင်း ငါ့ကို ချစ်ပါစ’ဟု မေးသည်။

ခင်မှုံ မဖြေမိ အဖြေကို မစောင့်သေးဘဲ ကိုယ်ကျပ်အင်္ကျီကို ချွတ်ပြီး ယပ်သဖွယ် လှုပ်ယမ်း လှည့်မွှေ့နေ၏။ မောင်နောင်၏ ကျယ်ပြန့်သော ရင်အုံနှစ်ပြင်ကြားတွင် အမွေးနုကလေးတွေ ရေးရေးပေါက်နေသည်။ ခင်မှုံသည် ကျယ်ပြန့် မို့မောက်နေသော ရင်အုံကြီးကို ကြည့်ရာမှ ခေါင်းဖျတ်ခနဲ ငုံ့ချလိုက်သည်ကို မြင်ရသဖြင့် ‘ဟင် ခင်မှုံ၊ မင့် ငစိုလိုတော့ ပျော့ပျော့ပျောင်းပျောင်း ကုပ်ချောင်းချောင်း မဟုတ်ဘူး’ဟု ဆိုပြန်သည်။ မောင်စိုနှင့် သူ့အဖြစ်အပျက်ကို မောင်နောင် သိနှင့်မှန်း ခင်မှုံ တစ်ကြိမ်မက အကဲခတ်မိသော်လည်း ယခုလို တဲ့ထိုး တစ်ခါမျှ မပြောဖူးပေ။

‘မင့်ကို ချစ်သယ်ဆိုသဲ့ ငစိုလေ၊ ဟိုတံတားဦးက ခွေးတိရစ္ဆာန် ညှိုကြီးရဲ့ ညီလေ၊ နှစ်ကောင်စလုံး ငါရွံသယ်။ အကြီးကောင်ကို သာပီး ရွံသေး။ ဟောသည် အမာရွတ်ဟာ သင့်ဓားဖျားထိသဲ့ အမာရွတ်ပေါ့။ ငါ မကျေဘူး၊ တစ်နေ့နေ့ သင့်အသက် ငါ မသတ်ရသရွေ့ သင့်ဓားမယ် ငါ့သွေးစွန်းသွားသာ မမေ့ဘူး’ဟု ပြောပြောဆိုဆို ရင်ဘတ်ကို လက်ဖြင့် ပွတ်ဖိ နယ်နှိပ်ရာက တစ်ဖန်–

‘အဲသည် ငစိုလိုတော့ ချစ်ပါသယ်ဆိုပီး မင်းကို အလိုပါအောင်ဆွဲမယ့်လူ ဟုတ်ဘူး။ ချစ်အောင် လုပ်လို့ ချစ်ရသာ မလိုချင်၊ ချစ်ချင်လာလို့ အလိုလို ချစ်ထာသာ လိုချင်သယ် .... သာပဲ။ ကိုင်း ခင်မှုံ ....’ဟု မေးပြန်သည်။

ခင်မှုံသည် တွေတွေကလေး စဉ်းစားနေရင်းက တစ်စုံတစ်ရာကို ပြန်သတိရနေသည်။ ခင်မှုံ၊ မင့်ကို ခုလို စွန့်လွှတ်တန် စွန့်လွှတ်ရမယ်ဟု ပြန်လည် ကြားယောင်မိ၍မျှ မဆုံးမိကို မောင်နောင်က ခင်မှုံ့ကို ခါးမှ ပွေ့၍ ရင်ခွင်တွင် ကပ်မိအောင် ဆွဲယူလိုက်ပြီး ပါးကလေးကို အတင်းနမ်းသည်။ မောင်နောင့် အသက်ရှူသံ နွေးနွေးကြီးမှာ ပြင်းလှပေသည်။

‘ငါ့ကို ချစ်ကဲ့လား ခင်မှုံ’ ဟု နားဝတွင် ကပ်၍ မေးရာ ခင်မှုံမှာ တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်သည့်အလား ခေါင်းညိတ်ပြသည့်တိုင် အားမရသေးပုံဖြင့် ‘ပြောစမ်းပါ့ ခင်မှုံရယ်၊ ခေါင်းဆတ်ရုံနဲ့ ငါ မကျေနပ်နိုင်ဘူး။ တစ်လမ်းလုံး ငါ့စိတ်ကို ငါ ချုံးနှိမ်ထားရသာ’ ဟု ထပ်မေးသည်။ မောင်နောင်၏အသံမှာ ခင်မှုံ ခေါင်းညိတ်ပြလျှင် ပျော့ပျောင်းလာလိမ့်မည်ဟု ခင်မှုံ မျှော်လင့်ခဲ့သော်လည်း မာလျက်သားပင် ရှိသေးလေရာ ခင်မှုံသည် မျက်စိမှိတ်ထားရာမှ ဖျတ်ခနဲ မော့ကြည့်မိ၏။

‘ပြောဘူးပေါ့၊ ဟုတ်စ’ဟု ထပ်မေးသောအခါ ခင်မှုံတွင် ကိုယ်ကို လွန့်၍ ထွက်ရန် တောင့်လိုက်သည့်အတွက်–

‘မပြောသာ မချစ်လိုပေါ့၊ ကိုင်း မချစ်ချင်သဲ့ မိန်းမ သည်ညတော့ သိရကရော ပေါ့’ ဟု ပြောပြောဆိုဆို မောင်နောင်သည် လက်တစ်ဖက်ဖြင့် ခင်မှုံ့လက်နှစ်ဖက်စလုံး

မိအောင် ဖမ်း၍ ခင်မှုံ့ကျောနောက်သို့ ဆွဲကာ ချုပ်ကိုင်ထားပြီးလျှင် ကျန်တစ်ဖက်ဖြင့် ခင်မှုံ့အပေါ်အင်္ကျီ ကြယ်သီးကြိုးကို ဖြုတ်စပြုမှ ခင်မှုံက–

'ချစ်ပါသယ် ကိုနောင်ရယ်'ဟု သနားစဖွယ် ပြောသည်။

မိဘလက်ထဲတွင် ကလေးပမာ အပူအပင်မရှိ ကန္တကလျှ နေခဲ့ရသော အခြေအနေမှ ယခုသော် ခင်မှုံ့စိတ်တွင် ပျော်ရန်ကို တစ်စတစ်စ တစ်နေ့ထက် တစ်နေ့ စွန့်လွှတ်ခဲ့ရလေသည်။ ကန္တကလျှ သောကမရှိဘဲ နေလာသူ ခင်မှုံသည် ယခင်က ဘာကိုမျှ မကြောက်၊ မလန့်၊ မစိုးရိမ်ခဲ့ပေ။ မိဘ၏ အချုပ်အချယ်၊ အိမ်၌ အတူနေသော သက်ကြီးရွယ်ရင့်တို့၏ အပဲ့အပြင်ကို ခံရသည်မှာ ခင်မှုံ့စိတ်ကို ကွပ်ကဲထားရာ ကျသည်ဟု ထင်မိခဲ့သော်လည်း စိတ်ထဲတွင် မကျဉ်းကျပ်ခဲ့ပေ။ ထိုထက်လည်း နှိပ်ကွပ် ပဲ့ပြင်သူတွေကို ခင်မှုံ မကြောက်မလန့်ခဲ့ပေ။ အကြောက်အလန့်ဆိုသည်မှာ ခင်မှုံ၏ နုနယ်သော စိတ်အပြင်တွင် ရေးရေးမျှ မထင်ခဲ့ပေ။

ပျိုရာမှ ယခု အိုရသောအခါ .....

မောင်နောင်နှင့် ညားပြီးခါမှ ခင်မှုံ ကြောက်တတ်လေသည်။

မောင်နောင်ကို ကြောက်၏။ ဒေါ်ဒါလီကို ရွံ၏။ ဦးမင်းဒန်ကို ခင်မှုံ လန့်လေသည်။ ဦးမင်းဒန် မျက်နှာပေါ်၌ ဝဲဘက်မျက်ခုံးမှ နှာခေါင်းကိုဖြတ်ပြီး ယာဘက်နားဖျားအထိ ဓားထိရာ အမာရွတ်ကြီးတစ်ခု ရှိလေသည်။ ဦးမင်းဒန်၏ မျက်ခုံးတွေမှာ ရှည်လျားထူပျစ် ညိုညစ်ညစ်နေရာ ရှည်လွန်း ထူလွန်းသောကြောင့် နှာနုထိပ် အနီးတွင် မျက်ခုံးမွေး နှစ်ဖက်မှာ ကြက်တိန်ညင် အမြီးကလေးတွေလို ကော့၍ တက်နေသည်။ ထိုမျက်ခုံးမွေး နှစ်တန်းမှ ဝဲဘက် မျက်ခုံးမွေးက အစွန်းပဲ့ထွက်နေရာ မျက်လုံးကြီးတွေ မှေး၍ နှုတ်ခမ်းထူကြီးတွေ စေ့ကာ နှာခေါင်းကြီးပွ၍ အကြည့်ခံရသော ခင်မှုံ့စိတ်တွင် အပါယ်ကျလျှင် ငရဲမင်းကြီးနှင့် တွေ့ရသည် ဆိုသော စကားကို သရုပ်ဖော်နေမိရှာ၏။ ဦးမင်းဒန်ကို ဤမျှ ခင်မှုံ မြင်မြင်ချင်း ကြောက်မိ၍ အသက်လေးဆယ်ကျော် အရုပ်ပျပ်ပျပ်၊ အသားမည်းမည်းနှင့် ဦးမင်းဒန်ကလည်း ခင်မှုံ သူ့ကို မြင်မြင်ချင်း မောင်နောင့်ဘေးသို့ လျင်မြန်စွာ ပြေးကပ်သည်ကို တွေ့ရစဉ်က သဘောအကျကြီး ကျကာ အစိပ္ပာယ်ပြည့်လျှမ်းစွာ ဟပ်ထိုးကြီး ရယ်လိုက်ဖူး၏။

'မင့်မယား ငါ့ မြင်မြင်ချင်း အသက်ထွက်မတတ် .....'ဟု ဦးမင်းဒန် ပြောသည်ကို မောင်နောင်လည်း သဘောကျသွားသည့်ပုံဖြင့် လိုက်၍ ခွက်ထိုးခွက်လန်ရယ်ပြီး ခင်မှုံ့ကိုယ်ကလေးကို သူ့ဘေးမှ တွန်းခွာလိုက်သည်။ 'အိမ်းဗျာ၊ တစ်သက်လုံး အိမ်ဗိုလ်ဆွဲလာသဲ့ သတ္တဝါ ခုခါမှ ငြိမ်တော့မှာပ'ဟု သူကပါ ရော၍ မခိုးမခန့် ရယ်လေသည်။ ထိုသည်ကို .....။

ခင်မှုံ မျက်နှာသေကလေးဖြင့် သူ့လင်အား အကဲခတ်လေပြီ။ ညဦးက သူ့ရင်ခွင်ကြား အတင်းသွင်းထားသော ခင်မှုံ့လင်မှာ ဤသူတည်းဟု အစိပ္ပာယ်ပါလှစွာ

တွေးပြီး ထိုခဏမှစ၍ မောင်နောင်ကို ကြောက်ခဲ့တော့သည်။ ထိုအကြောက်အစား အချစ်ကို သွင်း၍ မရရှာတော့ပေ။

ဒေါ်ဒါလီကလည်း ခင်မှုံ ဦးမင်းဒန်ကို ကြောက်သည်ဟု ကြားရစဉ် မောင်နောင်ကဲ့သို့ပင် ရယ်သွမ်းသွေးသေးရာ ခင်မှုံမှာ ကြောက်သူ၊ ရွံ့သူ၊ လန့်သူ၊ သုံးဦးကြားတွင် အနေကျပ်ခဲ့တော့သည်။

ခင်မှုံ အနေကျပ်သည်ကိုပင် သုံးဦးစလုံးက အသားယူလိုက်ကြလျက် ထိုခဏမှစ၍လည်း ခင်မှုံ အကြောက်၊ အရွံ့၊ အလန့် လျော့သွားမည်ကို ပူပန်စိုးရိမ်စွာ ဂရုစိုက်ခဲ့ကြသည်။

ဦးမင်းဒန် တစ်ယောက်သည်သာလျှင် ဒေါ်ဒါလီအား စကားမာမာကြမ်းကြမ်း ပြောရဲ၏။ ဒေါ်ဒါလီကိုမူ မက အိမ်တွင်နေသော အစေအပါး ချည့်နဲ့နဲ့ သုံးယောက်အပေါ်မှ စ၍ တွေ့လေလေ မြင်လေလေသမျှပေါ်တွင် မာမာကြမ်းကြမ်း ပြောလေ့ရှိရာ ဤအလေ့ကြောင့်ပင် မျက်နှာ်မှ ဓားဒဏ်ရာကို ရခဲ့လေသည်။ ဦးမင်းဒန်အား မကွဲရာ မင်းသားကြီးအကြောင်း စပ်၍ပြောလျှင် ရှူးခနဲ ဒေါသဖြစ်တတ်၍– 'ခင်ဗျ မျက်နှာပေါ်က တံဆိပ်တော်ကိုလည်း သတိရပ ဦးဒင်။ ကိုယ်တော်ကြီး နှလုံးကောင်းရှာပေလို့သာ အပ်နှင်းထားသာဗျ နော'ဟု ဆိုလိုက်လျှင် ငေါက်ခနဲ ဓားဆွဲ၍ ထ တတ်သည်။

ဦးမင်းဒန်ကို ဒဏ်ခတ်လိုလျှင် ဤအမာရွတ်နှင့် ပတ်သက်သော စကားကိုသာ ပြောပါလေ၊ သူ ရှူးခနဲ ဒေါထလိမ့်မည်။ မခံချင်အောင် ရွတ်ချပြစ်တင်လိုလျှင် မောင်နောင် ဤအတိုင်းသာ ပြောတတ်သည်။ ပြောမဆုံးမီ ဓားမချဘဲ အိပ်သော ဦးမင်းဒန်က ဓားဦးတတ်သည်။ မောင်နောင့်ကိုကား သူ ဓားမရွယ်သေးပေ။

မောင်နောင်မှာ သူ့ဓားနှင့် မတန်ဟု သူ အမြဲ ပြောလေ့ရှိသည်။ ဓားထက်သူမှန်လျှင် အသူ့ အစေအပါးမျှ မလုပ်၊ အခိုင်းမခံ အလွှမ်းမိုး မခံ။ တံတားဦးသား ညီတို့လို နေရသည်ဟု သတိရတိုင်း ပြောတတ်သည်။ ညီ၊ ဓားရည်ကောင်းပုံကို ကြားဖူးသည်မှာ စောရဲဓားပြမှုကတည်းက ဖြစ်သည်။ ထိုစဉ်က သည်ငနောင် ဓားတောင်ကိုင်ဖူးရဲ့လား မသိဘူး။ ရွှေနန်းတော်ကြီးဝင်နိုင်ဖို့ ဟိုဝန် ကပ်၊ သည်ဝန် မော့၊ သည်မင်းသား ရှိခိုး၊ ဟိုမင်းသား တိုးလျှိုး လုပ်တုန်း နေမှာပေါ့။ ဟိုငညီက အဲသည်တုန်းမယ် ရှင်ထွက်စ၊ ဆံတို သဘက်ပေါင်းနဲ့ ခုံညင်းဝိုင်းက ဓားဆွဲပီး လိုက်လာသာ။

သာပေသိ ငါ့ကို လူကြားထဲ မရိုမသေ မျက်နှာကြည့်လျှောင်သာ ငါ ခုထိ မမေ့ဘူး။ သည်ကိစ္စ တစ်နေ့နေ့ ရှင်းရဦးမည်။ သင်းကတော့ ငါ မှတ်မိတော့မယ် မထင်ဘူး၊ ငါကတော့.....။

ဤဦးမင်းဒန် အစရှိသော လူတစ်မျိုးများ၏ အိမ်၌ ခင်မှုံမှာ ကလေးဘဝမှ လင်ရှိမယားဘဝသို့ ရောက်ခဲ့ရလေရာ ခင်မှုံခမျာ ကြောက်၍ ကုပ်နေရသည်ဆိုလျှင် ကုပ်နေရာ၌ပင်လျှင် သူ့ဘဝကို သူ စိစစ်လျက် သူ့အဖြစ်သနစ်ကို သူ ဝေဖန်နေတတ်လေရာ၊ မောင်နောင်တို့မှာလည်း ခင်မှုံကို ခြောက်ရန် အကွက်ရှာမရသည့်အဆုံးတွင်

ခင်မှုံ့မိဘဘက်မှ ချမ်းသာသည်၊ ဒေါ်ဒါလီအိမ်က အိုပြီး ဟောင်းလောင်းဖြစ်နေသည်ကို ပင် နှိုင်းယှဉ်လျက် စိတ်ကို အနှောင့်အယှက် ပြုလေ့ရှိသည်။ ထိပါး ရိပါးတတ်သည်။

ခြောက်သမျှ လှန့်သမျှကို ခင်မှုံ့ အစွမ်းကုန် ခံယူနိုင်စလည်း ပြုလာသည်။ မောင်နောင်တို့ သားအမိမှာ မာနတွေ ထောင်နေရာမှ–

'အလကမဲ့ ပဇာရည်ရွယ်ချက်မှ မထားဘဲ ကျိုကျိုတက် ချမ်းသာအောင် ငွေတွေ ရှာ၊ ငွေရရင် ပီးကရော၊ ကိုယ်နဲ့ မျိုးမတူ ဘာသာခြားသဲ့ တိုင်းတစ်ပါးသား ကုလားတွေ အရေးပေးလို ပေး၊ မြှောက်စားလို မြှောက်စား လုပ်သဲ့လူမယ် ငွေတွေ ပေါချင်တိုင်း ပေါနေသာ အချည်းနှီးပဲ။

'ငွေပေါလို့ ပဇာအရေးရောက်မတုံး။ အရေးရောက်အောင် ငွေကို အသုံးချတတ်မှ အရေးရောက်သာ။' တို့သားအမိမယ် ငွေမပေါပေါင်ပါ။ ငွေပေါသဲ့ သူ့သမီးတော့ ရအောင် ယူနိုင်သေးသယ်'ဟု ပြောတတ်သည်။ ဤအခါကျမှလည်း သူတို့မှာ အာဏာကို မည်မျှ မက်မော၊ တန်ခိုးကို မည်မျှခုံမင်ကြမှန်း ရိပ်မိနိုင်လာသည်။ အာဏာတန်ခိုး လွှမ်းမိုးနိုင် သည့်အခါတွင် ဘိုးတော်မင်းတြားကြီးလက်ထက်မှ အိမ်အိုကို ရေနံမသုတ်နိုင်၊ ဖျာစုတ်ကို မပစ်နိုင်၊ ယွန်းကွမ်းအစ်ပေါ်မှ ဝေဿန္တရာမင်းကြီးအသစ်ကို မထားနိုင်သေးသည့် သူတို့အခြေအနေကို အားမလိုအားမရ ဖြစ်နေကြခြင်း ဖြစ်ပါတကားဟု ခင်မှုံ ဝမ်းသာစွာ၊ ကျေနပ်စွာ နားလည်မိသည်။ သူတို့ အာဏာတွေ၊ တန်ခိုးတွေ၊ ရာထူးဌာနန္တရတွေ နောက်မှ ကြေးငွေဥစ္စာ ခြွေရံသင်းပင်း မြောက်မြားစွာ ရမည်ဟု ထင်ခဲ့ဟန်တူသည်။ သူတို့ အိမ်အိုကြီးတစ်လုံးဖြင့် မောင်နောင့်ရာထူးကို အရင်းတည်ရလျှင် ထန်းတစ်ပင်ရှာ၍ ဘုရင်တစ်ဆူ ဖြစ်ကောင်းဖြစ်မည်ဟု အထင်ကြီးခဲ့ကြ၏။ အမိဖြစ်သူကလည်း ထိုမျှ ကြီးလှသည့် အထင်နှင့်ပင် တစ်နေ့နေ့မှာ သူမွေးသောသားသည် ရာထူးရာခံရှင် ဖြစ်ချိမ့် မည်ဟု ဝန်းကျင်နီးနား၌ နံ့စပ်ကျော်ကြားအောင် မာနတံခွန် ထူထား လွင့်စူခဲ့ဟန် တူသတည်း။

ယခု မောင်နောင်သည် တိုင်တားမင်းကြီး၏ လက်သုံးတော်ကြီးကိုင် ခေါ် တိုင်တားနီးနီး တန်ခိုးကြီးသူ ဖြစ်နေလေပြီ။ အိမ်အိုကြီးကား ရေနံကို ဆာဆာလောင် လောင်နှင့် ငံ့မျှော်နေဆဲ ဖြစ်နေသေးသည်။

သူတို့သားအမိ မှန်းခြေ မကိုက်ခဲ့ပေ။ ခင်မှုံ့ကို မှန်းခြေကိုက်မည် ထင်ပြန်သည်။ ခင်မှုံ့ကား လူမမည် ကလေးမ ဖြစ်လျက်ဖြင့် အတင်းဇွတ်ချစ်ဟန် အကြောက်မာန် ကျွေး၊ လှောင်လှော် ခြောက်လှန့်၊ ဟန့်ဟိန်း မောက်မာမှုများကို တစိမ့်စိမ့်ခံယူရင်း ကြောက်တတ်ရာမှ ပါးနပ်နေလေပြီလော။

ယုန်ငယ်နှင့် ခွေးလို ကြောက်တတ်လာသောအခါ ကိုယ်ရေးကို တာလုံအောင် ကာကွယ်ထိန်းသိမ်းရန်သာ ရှိတော့သည်။ ကာကွယ်ထိန်းသိမ်းမှုသည် ကြောက်အောင် ခြောက်သူတွေ ကျေနပ်လောက်သည်အထိ ကြောက်ပြနိုင်မှ တော်ရုံကျပေမည်။

ထိုသို့လျှင် နံ့သာပွဲစားကြီး သမီး၊ မင်းနေပြည်တော်သူ၊ နန်းတော်တံတိုင်းနှင့် အနီးအပါးမှာ ကြီးထွားလာသူပိပိ ပါးနပ်နေလေပြီလော။

မကြာမီအတွင်း လောကအကြောင်း ဘာမျှနားမလည်သော စင်းလုံးချော အကြမ်းထည် ခင်မှုကို သူတို့ကိုယ်တိုင် လှူဖြစ်အောင် ထုလုပ် ထွင်းဖော်နေကြသည်ဟု သူတို့ မသိကြသေးပေ။ အချိန်ကား ထိုအတွင်း တရွေ့ရွေ့ ရှေ့သို့တွင်တွင် တိုးခဲ့လေပြီ။

## ၂၅ | တော် မပျော်ဘူး... ပလီပလာ

သျှောင်နောက် ဆံထုံးပါရမည် ဆိုရိုးရှိ၍သာလျှင် သမီးကို သမက်နောက်သို့ ထည့်လိုက်ရသော နံ့သာပွဲစားကြီး လင်မယားမှာ နို့ရည်မစင်သေးဟု စိတ်မချတချ အောက်မေ့နေသည့် သမီးခင်မှုအတွက် တစ်နေ့တစ်ရက်မျှ စိတ်စက်မအေးရပေ။ ထန်းတစ်ပင်ရွာ ယောက္ခမအိမ်သို့ ချောချောမောမော ရောက်ပါသည်ဟု ပေးစာတစ်စောင် ရဖူးပြီး ဝါဝင်ဝါထွက်ကလေးပင် မိဘထံ အကန်တော့ မလာအားရှာ။

"အကျွန့်ခင်ပွန်းမှာ အိမ်တွင် နေရသည် မရှိပါ။ နေပြည်တော်သို့ ခါတွင်ခု သွားရောက်နေခြင်းဖြင့် မအားလပ်သောကြောင့် အိမ်၌ မိခင်အိုကြီး နာမကျန်းဖြစ်နေသည်ကို အကျွန်ကိုယ်တိုင် ပြုစုနေရပါသဖြင့် အမိနှင့်အဘတို့ထံ လူကိုယ်တိုင် မရောက်ဘဲ ဤနေရပ်မှပင် စိတ်တွင်ရည်စူးပြီး ဦးထိပ်ရွက်ဆင် ကန်တော့ပန်း ဆင်လိုက်ရပါသည်ရှင့်။ အကျွန် ကျန်းမာပျော်ရွှင်စွာ ရှိပါသဖြင့် အမိအဘတို့လည်း သားဘယာ ရန်မခ ကျန်းမာကြပါစေရှင့်"ဟု ဖတ်ရစဉ်မှ စ၍ တို့သမီး တို့နှင့် ဝေးလေပြီဟု မျက်ရည်ကျခဲ့ဖူးသည်။

နေပြည်တော်သို့ ခါတွင်ခု လာရသည်ဆိုသော သမက်ကိုကား နေပြည်တော်တွင်ပင် နေထိုင်သေးပါသော ယောက္ခမအိမ်သို့ အလည်မျှ ရောက်သည်ကို မတွေ့ရပေ။ သီတင်းကျွတ် လကွယ်နေ့က ချက်တစ်ဖြုတ် ရောက်လာပြီး အလျင်အမြန်ပင် ပြန်သွားသည်။ ထိုနောက်ကား မောင်နှောင် ဘယ်နေ့ နေပြည်တော်လာသည်၊ ဘယ်နေ့ ပြန်သည်ဟုပင် မကြားသိရတော့ပေ။ ထိုမျှသာ အရေးတယူ အပြုခံရပါ၏။

နံ့သာပွဲစားကြီးသည် နံ့သာကုန်တစ်မည်တည်းဖြင့် မတင်းတိမ်နိုင်။ ထိုထက် အမည်များသော အခြားကုန်စည်များကိုလည်း ရောင်းဝယ်ဖောက်ကား လိုသေးသော ကြီးပွားရေးစိတ်ဓာတ် ကိန်းအောင်းမွေးမြူခဲ့သည်။ ခေတ်နှင့် ဆီလျော်ပြီး ရှေ့ အလားအလာကောင်းသော ကုန်စည်တစ်ခုကို ဦးသာလှ၏ ပွဲစားမျက်စိဖြင့် မြင်ထားသည်။ ထိုကုန်စည်ကို မည်သို့မည်ပုံ ရောင်းဝယ်ဖောက်ကားရမည်ဆိုသော နည်းလမ်း အခွင့်အရေးကိုလည်း ကြံဆ တွေးတောနေခဲ့သည်။

သေနတ်ဝန်၊ သံချက်အတွင်းဝန်တို့နှင့် ဝင်းဒိုင်း ခွန်နှစ်စို့ ဆင်စု အမြောက်စုပိုင်တိုင်တားမင်းကြီးတို့နှင့် ဆက်သွယ်လျက် ပြင်သစ်လုပ်သေနတ်များကို ပေးသွင်းရသော် ထိုအကြံအစည်သည် အကောင်အထည် ပေါ်လွင်သော ဒေါင်းဒင်္ဂါးအဖြစ်သို့ မကြာမီ ပြောင်းလဲလာမည်ဟု အတပ်သိသည်။ ထိုအခိုက်တွင်ပင် သေနတ် အမြောက်အမြား

ပေးသွင်းနိုင်မည့် ပြင်သစ်ကုန်သည်စုကို လက်သိပ်ထိုး အခိုင်အမာ ဆက်သွယ်မိပြီး ရနောင်ကိုတုတ်၏ အဘဖြစ်သူ ကိုသေးပိန်အိမ်တွင် လာရောက်နေထိုင်သော မောင်နောင် လူချောကို လူချင်း မိတ်ဖွဲ့ခွင့် ရသွားခဲ့၏။ မောင်နောင်ဟူသော ဤမောင်ရင်၌ တစ်မိုး နှစ်မိုးအတွင်း မည်သို့ ထူးခြား ပြောင်းလဲမည့် ရှေ့အလားအလာများ ရှိမည်ကိုလည်း အကဲဖြတ်မိလေရာ ထိုခဏမှစ၍ နံ့သာပွဲစားကြီးမှာ ရေမြေ့ရှင်၏ သေနတ်စု၊ အမြောက် စု တို့၏ အသက်သွေးခဲ လက်နက်ပွဲစားကြီးဘဝသို့ ထုတ်ချောက်လျင်စွာ ရောက်လေ တော့မည်ဟု လက်ပမ်းပေါက်ခတ်ချင်လောက်အောင် တွေးကွက်ကွန်ချာ ဖြန့်ကာထားခဲ့ သတည်း။

ယခုသော် ထိုအခိုက်အတန့်နှင့် နှစ်မိုး သုံးဆောင်းကွာသော အချိန်သို့ ရောက်ခဲ့ သော်လည်း လက်ပနမးပေါက်ခတ်မည် ပြင်ထားသော လက်နှစ်ဖက်မှာ လက်အမြောက် သာ အဖတ်တင်နေလေပြီ။ အကဲဖြတ်အတိုင်း ထူးခြားပြောင်းလဲလာသော မောင်နောင် လည်း ပွဲစားကြီးထံ မလာ။ ဒိုင်းဝန်၊ သေနတ်စုဝန်၊ သံချက်ဝန်၊ တောင်မာရဘင်ဗိုလ် တို့လည်း ပွဲစားကြီးနှင့် အတွေ့နည်းစ ပြုခဲ့လေပြီ။

ခင်မှုံ့မင်္ဂလာဆောင်တွင် ဦးသာလှတို့ သတို့သမီးဘက်မှ ငွေသား ခုနစ်ပိဿာ၊ လက်ဝတ်လက်စား တစ်ဆင်စာနှင့် ကာဘိုးရှိ အပေါင်ဆုံး ယာဓကေ ငါးဆယ်ဖြင့် ချိုထားသည့်အခါ သတို့သားဘက်မှ စိန်ပန်းခွေတစ်ရန်၊ မြလက်စွပ် နှစ်ကွင်းသာ လူအမြင်ခံသည့်တွက် ထိုမျှနှင့် တန့်ထားလိုက်သည်။ ယခုမူ ဤလက်ဝတ်လက်ရင်းတွေ မည်သို့ရှိနေသနည်း ပွဲစားကြီး သိလိုလှသည်။ ထိုထက်လည်း ခင်မှုံ့ထံမှ ကိုးလလုံးလုံး စာတစ်စောင်မျှ မရောက်။ သူ့မိခင် ပေးစာကိုလည်း အတန်တန် မပြန်သောကြောင့် စိုးရိမ်ပူပန်မိသည်။ ခမည်းခမက်လည်း လူချင်း တစ်ခါမျှသာ ဆုံဖူးလေရာ အလုပ်အကိုင် က တစ်ဖက်နှင့် ကြားကပင် နောက်ဆုံး သားဖြစ်သူကို သတင်းမေးလွှတ်ရန် စိတ်ပိုင်း ဖြတ်မိကြတော့သည်။

မောင်လွန်း ကင်းဦးရွာ ဦးအင်၊ ဒေါ်မိုးသူတို့ထံ ရောက်သောအခါ ၄၄ ခု နယုန်လဆန်း နှစ်ရက်ပင် ဖြစ်နေပေပြီ။ ရောက်လျှင်ရောက်ချင်းပင် နှမကဲ လာခတ်သည်၊ ယောက်ဖအိမ်တွင် မတည်းလို၊ ကင်းဦးမှတစ်ဆင့် နေ့ချင်းပြန် သွားမည်ဟု ပြောထား လိုက်လေသည်။

ဒေါ်မိုးသူတို့ အိမ်သားတစ်စုနှင့် ယခင်က သိဖူးသော်လည်း ဦးမြတ်စံ၊ ဒေါ်လှ မယ်တို့ ပုထိုးထီးတင်ပွဲတော်ကျမှ လူချင်းကျွမ်းခဲ့သော မောင်လွန်းသည် အိမ်မှထွက်လာ ကတည်းက ကင်းဦးမှာ စတည်းချရန် စိတ်ကူးခဲ့ခြင်းဖြစ်သည်။ ဒေါ်မိုးသူတို့မှာ လူပိန်ပိန်၊ ဖလံ မောင်လွန်းကို ထူးထူးခြားခြား ခင်မင်မိသည်။ မောင်လွန်းကိုယ်တိုင်က လူ တစ်ဖက် သားကို ကူညီ ကာကွယ်ချင်စိတ်ရှိသော်လည်း စင်စစ် သူတစ်ပါးက သူ့အကာအကွယ် ခံဖို့ နေနေသာသာ သူ့ကိုပင် ပြန်၍ ပူပင်နေရတတ်သည်။ ဤစိတ်နှင့်ပင် ဦးအင်တို့ သားအမိထဲမှ ခင်သွယ်က အစ မောင်လွန်းကို ခင်မင်လျှင် သတိပြု စောင့်ရှောက်ရမည်ဟု

အယူရှိထားကြသည့်အတွက် ဒေါ်ဒါလီအိမ်သို့ သွားမည်ဟု ကြားရလျှင် ကြားရချင်း စိတ်ပူလျက်သားကြီး ဖြစ်နှင့် နေမိကြ၏။

'ခင်မှုံ့သတင်း ဘာများ ကြားလဲဗျာ'ဟု မေးသော ခင်မှုံ့အစ်ကိုအား ဒေါ်မိုးသူက 'ပဓာမှ ထွေထွေထူးထူး မကြားပါဘူး မောင်ရင်လွန်းရဲ့၊ ယောက္ခမကြီးက အစ တစ်အိမ်လုံးက နိုင်ရသယ်။ ယောက္ခမကြီးလိုပဲ မာနကလေး ထောင်ထောင်တောင် ဖြစ်ချင်လာသယ် ဆိုသာပဲတော့'ဟု ပြောသဖြင့်– 'ကျန်းကျန်းမာမာ ရှိရဲ့လားတဲ့ဗျ။ အမိတို့ အဘတို့မှာဖြင့် မာကြောင်း ချာကြောင်းကလေးမှ မသိရအောင် သစ်စိမ်းချိုးချိုးထားတယ်ဆိုပီး စိတ်ပူလို့ လွှတ်တာပဲ'ဟု အောက်သားလေသံဖြင့် ပြောပြသူကို–

'အဲသာပဲ တို့တကာတွေလည်း သူတကာဆီက တစ်ဆင့် ထန်းတစ်ပင်ဆင်း ဈေးရောင်းသူတွေ ပြောသာ ကြားရသာပဲ။ သင့်ကိုတော့ ခင်ရိုးအမှန်ပါ။ သင့်ယောက္ခမနဲ့ သင့်လင်သတင်းက မောက်မောက်မာမာ ဆိုသာနဲ့။ သင်းဆီ တစ်ခါတစ်ခေါက် သွား လည်ဦးမှ၊ သင့်မိဘမျက်နှာကလည်း ရှိသေး၊ တစ်နေ့နေ့ကျ....ဗျာ ခင်ဗျားတို့ နေနိုင် သယ်၊ ကျုပ်သမီး တစ်ယောက်တည်း မျက်နှာလွှဲ ထည့်ပိုက်ရသာ၊ အရပ်ချင်း နီးသားနဲ့ သတင်းမေးလေး တစ်ခေါက် မသွားဘူးလို့ အပြစ်တင် ခံရမယ်မှန်း သိရက်နဲ့ မသွားဘဲ နေသာ။ မင်း တစ်ယောက်တည်း သွားရမှာ ခက်ရင် တို့ပါ လိုက်မလေ'ဟု အားပေးကြပြီး နောက်တစ်နေ့တွင်လည်း မောင်လွန်းနှင့်အတူ သားအမိ သားအဖ သုံးဦးစလုံး လှည်းယဉ် တစ်စီးဖြင့် ကင်းဦးမှ ထန်းတစ်ပင်သို့ ထွက်ခဲ့ကြသည်။

ဒေါ်ဒါလီ၏ အိမ်ဟောင်းကြီးသို့ ထိုနေ့မွန်းတိမ်း အချိန်ခန့်တွင် ရောက်သွားရာ အိမ်သားများမှာ မမျှော်လင့်ဘဲ ပေါ်လာကြသော ဧည့်သည်များအား အတော်ပင် စိတ်ရှုပ် သွားကြမိပေမည်။ မောင်နောင်ကမူ မောင်လွန်းကို တွေ့တွေ့ချင်း ပြုံးယောင်ယောင်ပြုပြီး သည်နှင့် တစ်ပြိုင်နက် 'လာမယ်ဆိုသာ လူကြုံဖြစ်ဖြစ် ပြောရောပေါ့'ဟု အပြစ်တင်ပြီး မှ 'သည်က ကြိုတန် ကြိုနှင့်ရအောင်'ဟု စကားကာလိုက်သည်။ ပြီးမှ 'တစ်ယောက်တည်း ပေါ့ ဟုတ်စ၊ ခင်မှုံ့အမိတို့ အဘတို့ ပဓာမို့ တစ်ပါတည်း ခေါ်မလာတုံး။ ခေါ်ပဲလာရော ပေါ့'ဟု လောကွတ်ပြုသည်။ မောင်လွန်းသည် မောင်နောင်ကို အမြဲမုန်းပြီး အမြဲ ကြောက် နေခဲ့ရာ၊ မောင်နောင်မှာလည်း ကြောက်တတ်သော ယောက်ဖကို ဖြဲခြောက်ရန် ဝန်မလေး ပေ။

အဖော်ပါလာသော ဧည့်သည်များကို ကွမ်းဆေးမှလွဲလျှင် ဘာမျှ မပြုစု။ ကွမ်း ဆေးမှ လွဲ၍လည်း ခင်မှုံ့တို့ထံတွင် ဘာမျှ မရှိပေ။ ခင်မှုံ့မှာ ဒေါ်မိုးသူတို့၏ ဖော်ဖော်ရွေရွေ မေးမြန်းသမျှကို ခပ်ပြတ်ပြတ်ပင် ပြန်ပြော၍၊ ယောက္ခမကြီးနှင့် လင်ဖြစ်သူထံပါးမှ အလှမ်းကွာကွာ မနေပေ။ နေ၍လည်း မရပေ။ ဒေါ်မိုးသူထက် အရပ်ပျပ်ပျပ်၊ ဗလ ကောင်းကောင်း၊ မျက်လုံးကြည်ကြည်နှင့် ပန်းပဲဆရာကြီးကို ခင်မှုံ့နှင့် ဒေါ်ဒါလီ ပိုပြီး အကဲခတ်သည်။

ဦးအင်ကမူ အိမ်ထဲ ဝင်ကတည်းက အနံ့အစပ်ပင် လိုက်၍ မျက်လုံးနှင့် ကြည့်နေ

သည်။ သူတကာ စကားပြောနေသည့် အတွင်းတွင် ကွမ်းမစား၊ ဆေးမသောက်တတ်သူ ဦးအင်က ကွမ်းသီးစိတ်ဝါးရင်း အတန်ကြာ ထိုင်ရာမှ ထကာ 'ရှိ. အိမ်ကြီးရှင်တို့၊ ထိုင်ရသာ ညောင်းပြီ၊ သည်အနား ဗရပွ ဖွာနေသဲ့ သင်ဖျာအပြင် ဖျင်ကုလားထိုင် တစ်လုံးတလေ မရှိဘူးလား'ဟု လွတ်ခနဲ မေးလိုက်၏။ အိမ်ရှင်များမှာ မျက်နှာပျက် သွားပြီး မောင်နောင်က ခပ်ပြတ်ပြတ်ပင် မရှိကြောင်း ပြန်ပြောသည်ကို 'ခက်သကွာ၊ သင်ဖြူးပေါ် ကြာကြာမထိုင်တတ်သာ အခက်ပဲကွ'ဟု ဂရုမစိုက်သလို ပြန်ပြောသည်။ အမှန်အတိုင်းလည်း အမြဲ ကိုယ်လက်လှုပ်ရှားနေရသော ဦးအင် ကြာကြာ မထိုင်နိုင်ပေ။ ထိုထက်လည်း တစ်အိမ်သားလုံး မာနကြီးသည်၊ သည်အိမ်ကြီးမှာ ရာဇဝင်ပါ အဓိကရ ဖြစ်သည်ဟု ကြားထားသောကြောင့် "ပဇာ အဓိကရ သာတုံး"ဟု သိလို မြင်လိုသော ကြောင့် သူ့ ကင်းဦး ပန်းဘဲဖိုမှ ထ လိုက်လာခြင်းဖြစ်သည်။ ဦးအင်က ဖျင်ကုလားထိုင် မရသောအခါ နေရာမှထ၍ ဇရန်တာသို့ ထွက်ပြီး လမ်းသလားနေရာ ကျန်ရစ်သူတစ်စုမှ ခင်သွယ်က ခင်မှုံကို စိန်းစိန်းကြီး ကြည့်နေသည်။

ခင်သွယ်ကလည်း ခင်မှုံကို စိန်းစိန်းကြီး အားမနာတမ်း ငေး၍ အကဲခတ်နေ သည်။ အကဲခတ်နေသည်ဟု အကြည့်ခံရသူနှင့် အကဲခတ် ခံရသူ၏ လင်နှင့် ယောက္ခမ က ခင်သွယ်အား ရိုင်းစိုင်းလှသည် ဟူသော မျက်နှာထားတွေနှင့် ပြန်ကြည့်သည်ကိုလည်း အရေးမစိုက်ပေ။

ခင်သွယ်မှာ ဆယ့်ခွန်၊ ဆယ့်ရှစ်နှစ်နီးနီး အပျိုကြီးဖားဖား ဖြစ်နေပြီ။ ဆံထုံး လလယ်ယုန်နှင့် ဆံမြိတ်နီကြင့်ကြင့် ချ၍ သနပ်ခါးမှာလည်း ကုပ်နှင့် နားရွက်နောက်တွင် မလိမ်းမိ၊ လိမ်းခဲ့သမျှမှာလည်း ချွေးဖြင့် မျောပါသွားနှင့်ပြီ ဖြစ်သောကြောင့် ကွက်ကျား ရိုက်နေသည်။ ပိတ်အပေါ်အင်္ကျီလက်ပွ၊ ပိုးထဘီ အပြာရောင်နှင့် ကင်းဦးသူ ခင်သွယ်မှာ လှချင်လျက် အကျည်းတန်နေသည်။ သနပ်ခါး လိမ်းရမည့်အစား သူငယ်ချင်း အဖော်စု နှင့် ပျော်ပါး ကစားနေခဲ့၊ ဆံပင်ကို ဘီးတင် ဆီသရမည့်အစား အဘပန်းပဲဖို ဝင်၍ ထွန်ခြစ်တွေ တေ အောင်းနေခဲ့သော ခင်သွယ်မှာ မြို့ကြီးသူ အရာခံကတော်တို့လောက် မယဉ်ကျေး မနုနယ်။ ကြီးထွားသော ဘင်ပါးဆုံ၊ မို့မောက်သော ရင်အုံ၊ စိုပြည်သော အသားအရေ၊ ပျော့ပျောင်းသော ခြေဆံလက်ဆံတို့ဖြင့် တောင့်တင်း ကျစ်လျစ်နေသည်။ ဒေါ်ဒါလီမှာ ခင်သွယ်လို ချွေးမမျိုးသာရလျှင် ငါမသေခင် ငါ့မြေး ငါချီသွားပါရစေ ဟု သတိပေးရန်ပင် လိုလိမ့်မထင်။ အားရအောင် ချီသွားရမည့် မြေးကြီး၊ မြေးငယ်ကို နိုင်နင်းစွာ ဖန်တီးပေးမည် အမှန်ပင်။ သို့သော် ကလေးမသည် ရောက်ကတည်းက စ၍ စကားတစ်ခွန်းမျှ မပြောသေးပေ။ ပြောစရာတွေကို ခင်သွယ် လိုက်အကဲမှတ်နေခြင်း ဖြစ်သည်။

ဒေါ်မိုးသူကသာ စကားကို ပြောနေသည်။ ခပြောချင်သမျှကို ပြောနေသည်။ မကြိုက်သော မောင်နောင့် မျက်နှာ၊ မကျေနပ်သော ဒေါ်ဒါလီ့ အမူအရာတို့သည် ဒေါ်မိုးသူ့နှုတ်ကို ပိတ်၍ မရပေ။ ညည့် သာလောက် ရိုင်းရန်ကော၊ သာလောက် ဝတ္တရား

မသိရန်ကော၊ အိမ်အလုပ် ပဇာလောက် များလို့ မိဘဆီ တစ်ခါတစ်ခေါက် အလည် မရောက်သာတုံး။ လင်သား မအားလပ်သည့်တိုင် ကိုယ့်ဘာသာ မသွားနိုင်ဘူးသဲ့လား တော်။ လင်တွေ သားတွေကလည်း ယောက္ခမ မိဘထံ တစ်ခါလည်မှာ တစ်ခေါက် အလည်မရောက်ခြင်းကို နားမလည်ကြောင်း ပွင့်ပွင့်နှင့်တင်းတင်း ပြောသည်။ ပြောရန် အခွင့်အရေး ရှိသည် မရှိသည် နားမလည်။ ပြောချင်၍ ပြောသည်။ မာနအိုး ဒေါ်ဒါလီ၊ အာဏာစိုး မောင်နောင်တို့ မကြိုက်ချင် နေချေတော့ဟူသော အမူအရာဖြစ်ရာ မောင်လွန်း ပင်လျှင် မျက်နှာမထားရဲအောင် စကားပြောသူတစ်စု အသားနွေးနွေး ဖြစ်လာမှ ကံအား လျော်စွာ ဦးအင် အပြင်မှ ဝင်လာပြီး–

'ကိုင်း ပြန်ရမှာ ရှိသေး၊ ကင်းဦးကို မိုးမချုပ်ခင် ရောက်ချင်သဟေ့'ဟု ပြောကာ မောင်နောင်အား 'ကိုင်း ငါ့လူ၊ မင့်တို့အိမ်ကြီး အမိကရကို ရောက်လည်း ရောက်ခဲ့သယ်၊ ရောက်သဲ့အခိုက်လေး မမြင်ဖူးသာ မြင်ရချေ့အောင် ပြမယ် ဟုတ်စ'ဟု မေးတော့မှ မောင်နောင်က 'သြော်' ဟု ဆိုကာ 'ပြသာပ .... လာလေ'ဟု ခေါ်ရတော့သည်။ ဤတွင် ကျမှလည်း ဒေါ်ဒါလီကို နေရာတွင် ပြန်လှဲပေးခဲ့ပြီး အနီးတွင် ဦးမင်းဒန်နှင့် ထားရစ်ကာ အခန်းထဲမှ ထွက်ခဲ့ကြသည်။

မောင်နောင်နှင့် ဦးအင်ရှေ့မှ အတူယှဉ်၍ ခင်မှုံနှင့် ဒေါ်မိုးသူတို့ ရှေ့သုံးလေး လှမ်းမှ လိုက်ရာ ဤတွင်ကျမှ မောင်နှမ စကားပြောခွင့် ရလေ၏။ ခင်မှုံမှာ မောင်လွန်းကို မြင်လျှင်မြင်ချင်း ရင်ကလေး ဖိုသွားကာ မောင်ဖြစ်သူ ရင်ခွင်ကြားသို့ အတင်းပြေးဝင် လိုက်ချင်အောင် နေသွားသော်လည်း ယောက္ခမသူတို့ ရှေ့၌ မျက်နှာအောက်ချသာ နေခဲ့ရလေသည်။ ယခု အခွင့်အရေးရသည်နှင့် တစ်ပြိုင်နက် မောင်လွန်းထံသို့ကား လှည့်မကြည့်ရဲဘဲ လေသံလေးဖြင့် 'အစ်ကို၊ အမိနဲ့အဘ မာရဲ့လား'ဟု မေးရှာသည်။ ရှေ့မှ မောင်နောင် ဤအမူအရာကို မြင်လျှင် တစ်လကိုးသီတင်း ခင်မှုံ ခေါင်းကျိန်းရချေ့။

မောင်လွန်းမှာလည်း ရောက်လျှင် ရောက်ချင်းပင် နှမဖြစ်သူသည် လင်နှင့် ယောက္ခမကြားတွင် မည်သို့ ဖြစ်နေပြီကို အသေအချာ ရိပ်မိ သိရှိထားနှင့်လေပြီ။

'မာတယ်၊ မာတယ်၊ အိမ်ကလူတွေကို နင် ဘာမှ မစိုးရိမ်နဲ့။ နင့်အတွက်သာ ဟိုက....'ဟု စိတ်အဟုန်ဖြင့် အသံတွေ တုန်နေသည်။ ထိုအခိုက် မောင်နောင်က နောက်လူတွေဘက် လှည့်၍ 'ဟောသာက ဦးမြတ်စံတို့ နေစဉ်က လက်ဖက်ရည်တော် ဆောင်ပေါ့။ သည်အခန်း အနားပတ်က ပန်းလှိုင်းဟာ အကြေက မွန်လက်သမားဆရာ ကြီး ဦးမှတ်ရဲ့ လက်ရာ၊ ပညာသည် ပစ္စည်းနကလေးတွေပေါ့'ဟု ခင်မှုံနှင့် မောင်လွန်းကို တစ်ချက်စီ လှမ်းကြည့်ရင်း ဦးအင်ထံ လှည့်၍ 'အားလုံး ခြထိုးနေပီ၊ သည်အိမ်တစ်အိမ်လုံး ခြထိုးသာချည့်ပဲ။ ခြ....ခြ....ခြ....နေရာတကာ ခြ....ခြထိုး ပိုးကိုက်သာနဲ့ သည်အိမ် တက်တက်စင် ချုံးချုံးကျကုန်မှာပဲ၊ ကိုက်ကြပေစေ.... ကိုက်ပေစေ။ သင်းတို့ပဲ ကိုက်နိုင် မလား၊ တို့ပဲ နေနိုင်မလား။ ကိုက်....ကိုက်'ဟု ထိုအခိုက်မှာပင် သူ့ပခုံးစွန်းဖြင့် အသာအယာ ထိမိသောကြောင့် တိုင်တစ်တိုင်၏ ပန်းလှစွန်းတစ်ခု ကြမ်းပေါ်သို့ ကွာကျ

လာသည်ကို အတင်း အံကြိတ်၍ ဖိနင်းနေရာ အတွင်းမှ ရွရွထွက်လာစ ခြကောင်ကလေးတွေ စိစိညက်ညက် ကြေသေကုန်သည်။ ကြမ်းဆွေးမှာ သူ့ခြေဒဏ်ကို မခံနိုင်သဖြင့် ကျွံကျိုးကျသွားမှ ကိုယ်ကို မတ်၊ မေးကိုမော့ပြီး သက်ပြင်းမှုတ်ကာ ဘေးရှိ ပရိသတ်ထံ မူရာကင်းမဲ့ မာကျောသောမျက်နှာထားဖြင့် တစ်ချက် လှန်ကြည့်ပြီးလျှင် ရင်ကော့လျက် ရှေ့သို့ ဆက်သွားပြန်သည်။

'အဘရော အလုပ်အကိုင်....'ဟု ခင်မှုံက ပါးစပ်လှုပ်ရုံ ရှေ့မှ သိလိုနေပြန်သည်ကို လျင်မြန်စွာ ကြားဖြတ်၍ မောင်လွန်းက 'အိမ်ကို မပူနဲ့ဆို၊ နင့်အတွက်သာ နင် နေရသာ စိတ်ချမ်းသာရဲ့လား'ဟု မေးသည်။ ခင်မှုံ့ထံမှ စကားမပြန်ပေ။ အတန်ကြာ အားမလို အားမရ ဖြစ်လွန်းနေသော မောင်လွန်းက–

'နင် မိုက်တယ်၊ သိပ်မိုက်တယ်။ အစက သည်လိုဖြစ်မယ်မှန်း နင်မသိဘူးလား ခင်မှုံ'

'ပဇာမဲ့ သိနိုင်မတုံး ရှင်ရဲ့၊ အကျွန် ငယ်သေးသယ် တော့'

'ငယ်သာ ကြီးသာ မဆိုင်ဘူး၊ နင် မသိဘူးလား'

'ပဇာလို သိနိုင်မှာတုံး အစ်ကိုရဲ့။ သိအောင် ဘသူ သတိပေးခဲ့လို့တုံး။ အကျွန့်ကို ဘသူကမှ သတိပေး သွန်သင် မလုပ်လို့ အကျွန် သည်လိုဖြစ်သာပါ့ရှင့်'ဟုသာ ခင်မှုံ ပြန်ပြောသည်။ မောင်လွန်းတွင် ရင်ထဲမှ ဟာသွားသည်။ ဣန္ဒြေ မဆောင်နိုင်တော့ပေ။ မောင်နောင်သော မနောင်သော ဂရုမစိုက်။ သူ ဓားထက်သည်။ ငါ ဓားပင် မကိုင်ဘူးပေ။ "ဟင်း"

ခင်မှုံ ရှေ့သို့ ဖျတ်ခနဲ ကျော်တက်ခဲ့သည်။ ထိုအခိုက် ဦးအင်နှင့် မောင်နောင်မှာ ပွဲဆောင် ခေါ်သော နေရာသို့ ထောင့်တစ်ခု ချိုးကွယ်သွားကြသည်။ 'ခင်မှုံ'ဟု အံကြားထဲမှ ထွက်လာသော လေသံဖြင့် 'နင် မှန်သာ ပြောရမနော်'ဟု ဆိုသည်။ ဒေါ်မိုးသူတို့ သားအမိက ခင်မှုံကို ဝိုင်းကြည့်နေကြသည်။ ခင်မှုံက ခေါင်းညိတ်ရင်း တံတွေးမျိုချသည်။

'နင် စိတ်ချမ်းသာရဲ့လား'

မောင်လွန်း၏ မေးခွန်းအပေါ်တွင် ခင်မှုံ၊ မောင်နောင်၊ ဒေါ်ဒါလီတို့၏ အခြေအနေ တည်နေသကဲ့သို့ ထိုအမေးကို ဖြေရမည့် ခင်မှုံ့အဖြေတွင် ဒေါ်စပယ်၊ ဦးသာလှတို့၏ စိတ်အခြေအနေ တည်နေသည် မဟုတ်ပါလော။

ခင်မှုံ စိတ်ချမ်းသာ၊ မချမ်းသာသည်မှာ ပဓာန မဟုတ်တော့သော၊ အရေးမကြီးတော့သော အချိန်သို့လည်း ဆိုက်ရောက်နေပေပြီ။ အစက ခင်မှုံ ယူရသော လင်ကို ခင်မှုံကိုယ်တိုင်ပင် မှန်းခြေမကိုက်သကဲ့သို့ မောင်နောင်တို့နှင့် ဦးသာလှတို့လည်း ယခုမှ ခေါင်းမြီးခြုံကို အသီးသီး ခွာလိုက်ကြသော အခြေအနေသို့ ရောက်နေပေပြီ။

သူတို့ မှန်းခြေမကိုက်သော အခိုက်အတန့်တွင် ခင်မှုံသည် တစ်ခုတည်းသော အချက်ကို သတိရသည်။ သတိရသည့် ထိုတစ်ခုတည်းသော အခြင်းအရာအတွက်လည်း မိခင် ဒေါ်စပယ်ကိုပင် ကျေးဇူးတင်၍ မဆုံးနိုင်ပေ။ သူတကာထက် ခင်မှုံ ယခု ပေးရမည့်

အဖြေသည် ဒေါ်စပယ်အတွက် အရေးကြီးသော်လည်း ထိုအမိဖြစ်သူကပင် သမီးအား "အိမ်တွင်းမီးကို အိမ်ပြင် မထုတ်ရ"ဟု သွန်သင်လိုက်ရှာသည်။

ခင်မှူ ခေါင်းညိတ်ပြန်သည်။ မောင်လွန်းကို တွေတွေလေး ကြည့်နေသည်။ မျက်နှာလွှဲ၍ မဖြစ်နိုင်ပေ။ မောင်လွန်းမျက်လုံးတွေမှာ အမှန်ကို စစ်ဆေးနေခြင်း မဟုတ်။ ပင်ကို သူ့အမူအရာအတိုင်း သူတစ်ပါးအား သနားရန် ကြိုးစားသည့် သူ့ကို အသနားခံရမည့်သူက ပြန်လှန် သနားနေသကဲ့သို့ အမှန်ကို အသနားခံနေခြင်း ဖြစ်၏။

'ဟင့်အင်း.... နင် မပျော်ပါဘူး၊ ငါ သိတယ်'ဟု ဆိုသည်ကို ခင်မှူက 'ပျော်ပါသယ်'ဟု ပြန်ဖြေ၏။ ရင်ထဲ၌ အေးသွားသည်ကို မောင်လွန်း အဘယ်ကဲ့သို့ သိနိုင်အံ့နည်း။

'မှန်မှန်ပြောကွယ် ညီမလေးရယ်၊ ငါ့အတွက်က အရေးမကြီးဘူး။ နင့်အမိအရင်း ငါ့မိထွေးအတွက်ပါ။ နင့်မွေးထုတ်တဲ့ အမိရင်း။ အဲဒီ နင့်အမိအတွက် နင့်အခြေအနေ သတင်းဟာ အများကြီး အရေးကြီးတယ်။ နင် မပျော်ရင် မပျော်ဘူး တစ်ခွန်းတည်းပြော၊ ငါ ပြန်သွားပြီး အဘတို့နဲ့.....'ဟု မောင်လွန်း စကားကို လျင်မြန်စွာ ကြားဖြတ်ပြီး ခင်မှူက ရုတ်တရက် ယောင်၍ တိုးတိုးလေး လွှတ်ခနဲ 'အစ်ကို အကျွန်'ဟု ဆိုမိရာက ရုတ်ခြည်းပင် စကားဆိုင်းသွားပြန်၏။ ပြီးမှ 'ပျော်သားပဲ၊ ပျော်သယ်'ဟု အသံကလေး ပင့်မြှင့်ရင်း ရှေ့သို့ တိုးသွားသည်။ ထိုအခိုက်တွင်ပင် မောင်နောင်နှင့် ဦးအင် သူတို့ထံ ပြန်လာကြသည်။ ဦးအင်က 'ဟေ နင်တို့တစ်တွေ ပါလာသယ် မှတ်သာ'ဟု ခင်သွယ်ထံ လှမ်းပြောခိုက် မောင်နောင်က အနီးမှဖြတ်၍ ကျော်တက်သွားသည်။ ကြမ်းပြင်တွေမှာ သံကြွနေရာ၌ မောင်နောင့် ခြေသံနောက်တွင် တဂျုံးဂျုံး မြည်သွားသည်။

ခင်မှူက 'အိမ်ရောက်ရင် အမိတို့ကို ပြောလိုက်ပါ။ အကျွန့်အတွက် ပဓာမှ စိုးထောင့်ပူပင် မဖြစ်နေကြပါနဲ့။ အကျွန် ထန်းတစ်ပင်မယ် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ တွေ့ရပါသယ်လို့ ဆိုသာ အစ်ကို မြင်သဲ့အတိုင်းသာ ပြောလိုက်ပါနော။ အစ်ကိုလည်း အားရင် ချက်တစ်ဖြုတ် အလည်လာသာပ'ဟု မောင်လွန်းရှေ့မှ လျှောက်သွားသည်။ ခင်မှူ့အသံမှာ လေသံမဟုတ်တော့။ သုံးလေးလှမ်းကွာ နေရာမှ ပြောသည်ကို နားလည်အောင် ကြားရသည်။ မောင်လွန်းကမူ ခင်မှူ့မျက်နှာကို မမြင်ရပေ။ နောက်ဆုံးက လိုက်လာသော ခင်သွယ်နှင့် ယခုလို ပြန်လှည့်ကြသောအခါ ရှေ့မှ ထွက်သွားသူ ခင်မှူက သွား၍ ရင်ပေါင်တန်းမိကြ၏။

တစ်နေရာမှ တစ်နေရာသို့ ကူးလူး သွားလာကြရင်းက အိမ်တစ်အိမ်လုံး နှံ့စပ်ပြီဖြစ်သောကြောင့် အိမ်ပြင်သို့ထွက်ကာ အိမ်နောက်ကွယ်ရှိ မြင်းဇောင်း၊ နွားတင်းကုပ်စသည်ကို သွားကြည့်ကြသည်။ အိမ်မကြီး၏ ဆင်ဝင် လသာဆောင် ဆောင်မ လက်တီးတို့ ခြိုးထိုးနေသည့်အခိုက် ဤဇောင်းများ၊ စားဖိုရုံဟောင်းများမှာ ရှေးခေတ်က သာယာစည်ကား ဆူညံပျော်ရွှင်စရာ ကောင်းပုံကိုမျှ အိပ်မက်မမြင်နိုင်အောင် ချုံးချုံးကျ ပျက်စီးယိုယွင်းနေလေပြီ။ ဤနေရာမှ အပြန်တွင်ကျလျှင် ရောက်စကတည်းက စကားမပြော

သော ခင်သွယ်နှင့် ခင်မှုံသည် မမျှော်လင့်ဘဲ ရှေ့မှ အိမ်ကြီးဘက်သို့ ပြန်သွားသူ လေးဦးနှင့် ဝါးတစ်ရိုက်ခန့် ပြတ်လပ် ကျန်ရစ်ခဲ့သည်။

ကျန်ရစ်ခဲ့မှန်း သိသည်နှင့် တစ်ပြိုင်နက် ခင်သွယ်က ခင်မှုံ့ လက်တစ်ဖက်ကို ဆွဲတဲ့ပြီး ဖျတ်ခနဲ–

'တော် မပျော်ဘူး၊ ပလီသာ'ဟု ဆိုလိုက်သည်။ ခင်မှုံမှာ ထိုစဉ်က အသက်အားဖြင့် ခင်သွယ်နှင့် မတိမ်းမယိမ်း ဖြစ်သော်လည်း နေသာသာတွင် နှစ်ယောက်အတူ ယှဉ်လိုက်သောအခါ သူ့ကိုယ်ကလေး သေးသေးကွေးကွေး ချည့်ချည့်နဲ့နဲ့နှင့်ပင် ခင်သွယ်ထက် သုံးလေးခါလည် ငယ်သော ကလေးငယ်ကဲ့သို့ ဖြစ်နေသည်။ ထိုခင်မှုံက ခင်သွယ့်မျက်စိအောက်တွင် ဘာမျှ မပြောနိုင်။ မျက်ရည်ဥကလေးတစ်လုံး မျက်တောင်ခတ်ရင်း ပါးခြောက်ပေါ် လိမ့်ဆင်းကျသွားရှာသည်။

'သင်းတို့သားအမိ သိပ်နှိပ်စက်ကြသပေါ့၊ ဟုတ်စ'ဟု မေးပြန်သည်။ ခင်မှုံက ဘာမျှ ပြန်မပြောနိုင်သေး။ ခင်သွယ်က ဆွဲထားသောလက်ကို တင်းတင်းကလေး ဆောင့်ခါရင်း 'တစ်ယောက်တည်းမို့ နိုင်လိုတိုင်း နိုင်ကြသပေါ့'ဟု ဆိုပြန်သည်။ ခင်မှုံသည် မျက်ရည်ဥကလေးကို မသိမသာ အင်္ကျီလက်မောင်းစဖြင့် တို့လိုက်ပြီးမှ သူ့ထံ တွေ့၍ မျက်တောင်မခတ်ဘဲ ပြန်ကြည့်မှ 'တော် တစ်ယောက်တည်းမို့ အနှိပ်စက်ခံရရင် အကျွန်လာနေပေးမယ်'ဟု ပြောလိုက်တော့သည်။ ခင်သွယ်သည် ခင်မှုံ့လက်ကို ပြန်လွှတ်ပြီး အတန်ကြာ အကဲခတ်နေ၏။ အိမ်ထဲသို့ မဝင်ဘဲ ရပ်စောင့်နေကြသူတွေကို စောင့်မှန်းသိလျက်က နေရာမှ မခွာသေးပေ။ 'ဘယ့်နဲ့ မမှုံ'ဟု မေးတော့သည်။ ခင်မှုံက သက်ပြင်းချရင်း မျက်လုံးပြူးကလေးနှင့် ခင်သွယ်ကို ကြည့်ရင်း 'နောင်ခါတော့ ကြည့်နေသာပ'ဟု ရှေ့က အလျင် အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

## ၂၆ | ပျို့ချစ်ကို ထားရစ်ပ သက်လယ်ငယ်

ပ သံ တာ ရှည်
တီး သံ မြည်
လက်ဆီကံစာလေး။
ပ သည့် နေ ရောင်
တ သန်း မှောင်
လှစ်ဆောင်ကွာဆင်း ဝေး။ ။

ခြောက်ဆယ်နာရီ အလီလီဖြင့် နေ့ရက်တွေ တသီသီ တတန်းတန်း ကွာလှမ်းကြာမြင့်ခဲ့ပေပြီ။ တစ်ဆယ်တိုးလို့ ထံပိုးတင် ညဉ့်လျှင် အကြွင်းပေးသော လင်းချိန်မှောင်ခ တွက်ချက်ရသည့် တန်ခူးမာသ ခါသမယမှာ စံပြတွက်ယူ ရာသီဆူတွေလည်း တလူလူ ပြောင်းရွှေ့ပြီးပေပြီ။

ငုပင်လေးတွေ ပွင့်ချပ်ဝါဝါ ဝင့်ကြပြီး အသီးတံ နှာမောင်းလေးတွေ လှုပ်ယမ်းနေခိုက် ဖျိုင်းတောင်ရောင် ဖွေးနေသော သီး သီးတွေလည်း ကြွေခဲ့လေပြီ။ လဲပင်တွေ အငုံကင်းစ ပြုသော တပေါင်းလရာသီ တောင်လေလေး မြူးပြီဆိုမှဖြင့် မောင်ညိုကြီးမှာ မြောက်ဘက်တစ်ခို ညို့ညို့မှိုင်းမှိုင်း ဆိုင်းဆိုင်းစိုအေး ရှမ်းပြည်နယ်ရှိ ရွာကလေးဆီသို့ မလွမ်းဘဲ၊ မတဘဲ မနေနိုင်တော့ပေ။ တပို့တွဲလွန်ဝင် နွေဦးလေးမို့ တွန်လိုက်လျှင် မိုင်းလွယ်ဘက်ဆီသို့ စိတ်စက်မွှန်မွှန် ဝေ့လည်လည်ကျွဲ သွားတတ်သည်။

ရက်သြောင်း လပြောင်း နှစ်တွေဟောင်းရင်းမှသည် ကျေးဇူးရှင် ဖခင်ကြီးလည်း မွေးသမိခင် ချစ်ရေစင်နောက်သို့ မျောပါလိုက်သွားရှာခဲ့လေပြီ။ ဖလည်းမဲ့၊ ညီနှင့်ဝေးနေသော မောင်ညိုကြီးတွင် အပူဆိုသောမီးကို ပူပါကလား သိလာတတ်ရှာပြီ။ ငစို အကြေသို့ စုန်ဆင်းသွားသည်မှာ နှစ်ခါလည်ခန့်ပင် ကြာမြင့်ခဲ့လေပြီ။ ဘယ်ရပ် ဘယ်ဌာနီတွင် သူ့အဆွေးဆီ အလွမ်းနှစ်ကို ဖျက်သုဉ်း ညှစ်ဖုံးနေသည် မသိ။ ဤညီကလေးမှာ မောင်ညို့စိတ်ကို တအုံ့နွေးနွေးဖြစ်အောင် လုပ်နိုင်ပါပေ့။

သောကဟူသော အပူကို ညို အလိုမရှိပါ။ အအေးကိုသာ အမြဲတစေ လိုချင်နေပါ၏။ အေးချင်လှ၏။ မပူလို။ မပူချင်သော မောင်ညိုသည် မိဘရိုက်ရာကို ဆက်ခံစိုးမိုး၍ ကြိုးစား လုပ်ကိုင်ကာဖြင့်သာ အချိန်အား အနိုင်ကျင့်ခဲ့ရတော့သည်။

သို့သော် သူလည်း သူ့သံယောဇဉ်ဖြင့် ငြိတွယ်ခဲ့လေရာ မိုင်းလွယ်ရှိ စုန်းမကြီးသမီးကို တစ်နေ့တစ်ရက်မျှ မေ့ကွက် မဆင်နိုင်ရှာ။ အစဉ်သာ တွေးတော စိတ်ဇောဟုန်ပြင်းလျက်သာ နေခဲ့ရသည်။ ဤအတွင်း သတင်းမေးရသူ ငတွန်နှင့် လေးငါးကြိမ်တွေ့ရသော်လည်း မာကြောင်း ချာကြောင်းထက် ပိုသော အခြေအနေကို မသိရပေ။ ဝေးလျှင် တသက်သက် ဆိုသည့်အတိုင်း ဒွေးမယ်ကို မတွေ့ဘဲနေရမှ ဒွေးမယ်အပေါ်တွင် သူ မည်မျှ စွဲလမ်းနေမိပြီကို သူ သတိပြုမိပေ၏။

ထိုစွဲလမ်းသော စိတ်ကို အလိုလိုက်ရန်မှာလည်း မောင်ညို့အဖို့ မလွယ်တော့ပြီ။ မိဘမျိုးရိုး အစဉ်အလာကို မစွန့်မခွာ ထိန်းသိမ်းရန် ဝတ္တရားသည် မောင်ညို၏ သန့်ရှင်းသော ရည်ရွယ်ချက်တွင် ထင်းထင်းကြီး ပေါ်လွင်နေခဲ့သည်။ ဒွေးမယ်ကို မရလျှင် မနေနိုင်အောင် ဖြစ်တတ်သည့်တိုင် မိမိအဖအားပင် ညိုကြီး ဖွင့်ဟ မပန်ကြားခဲ့ပေ။

ယခုသော် အဖလည်း မရှိတော့ပြီ။

ဘဝချင်း ကွာခြားသော လုံမပျိုကို စွဲလမ်းမှု၌ မယူရဲ မပေါင်းဖြစ်ဟု ထင်သော အကျိုးအပြစ်ကို မစဉ်းစားမိသည့်တိုင် သူ့ဒွေးမယ်ကို တစ်ခါတည်း ဝဝ တွေ့ရ မြင်ရ စကားပြောရလျှင် တော်ပြီဟု စိတ်ပိုင်းဖြတ်ကာ ညိုသည် တစ်ကိုယ်တည်းပင် ထိုတပို့တွဲလ မကုန်မီ မိုင်းလွယ်သို့ ရောက်ခဲ့ပြန်သည်။ လယ်တွေယာတွေ၊ အိမ်တွေမြေတွေ အားလုံး ငဖြိုး ကြည့်ထားနှင့်မည်။ မောင်ညိုကား ဤတစ်ခေါ်တွင် အလုပ်ကို ခေတ္တမေ့ရဦးမည်ဟု ပေါ့ပါးသောစိတ်ဖြင့် တံတားဦးမှ ခရီးထွက်ခဲ့တော့သည်။

မိုးကုတ်တွင် ငတွန်နှင့် တွေ့ခဲ့၏။ တွေ့စဉ်က ငတွန့်မိခင် ဒေါ်ချို ကွယ်လွန်နှင့်

ပြီဟု ဝမ်းနည်းစွာ သိရ၍ 'သွားနှင့် ကိုညို၊ အိမ်မယ် ကျုပ်အရီးတော်တစ်ယောက် နေသယ်။ အကျိုးအကြောင်း ပြောပြပြီး တည်းနှင့်။ အလုပ်ကိစ္စပါးရင် လိုက်ခဲ့ပါမယ်'ဟု မှာလိုက်သည်။ သို့နှင့် တွေန့်အိမ်တွင်ပင် တည်းခိုရင်း ဒွေးမယ်ထံ နိစ္စဓူဝ သွားရောက် လည်ပတ်နေခဲ့သည်။ တစ်ရွာလုံးတွင်ကား မောင်ညိုနှင့် ဒွေးမယ် အကြောင်းခြင်းရာကို လူတိုင်း သိနေကြသည်ကိုမျှ ဂရုမစိုက်အားပေ။ တစ်ခါတစ်ရံ ရွာစပ် လှည်းလမ်းကလေး တွင် နှစ်ယောက် တတွဲတွဲနှင့် ရယ်ကာမောကာ သွားလာနေကြ၍၊ တစ်ခါတစ်ရံလည်း တောစပ် တောင်စပ်လေးများတွင် လက်ချင်းယှက်တင် တွေ့မြင်ရ၏။ မောင်ညိုနှင့် ဒွေးမယ်မှာ အရပ်အမောင်းချင်း မနိမ့်မမြင့်၊ ကိုယ်လုံးကိုယ်ထည် အလွန်အဆင်ပြေအောင် ကြည့်၍ တင့်တယ်ကြပေသည်။ နှစ်ယောက်သား ပြုံးပြုံးရွှင်ရွှင်နှင့် ကလေးငယ်နှစ်ဦးတို့ ကဲ့သို့ လွတ်လပ်စွာ ရှိကြပေ၏။

ထိုသို့ ရင်းနှီးစွာ သွားလာနေကြရာမှ တစ်နေ့၌ မောင်ညိုသည် ဒွေးမယ်ကို မြင်းရှေ့မှတင်ကာ တောတွင်းသို့ ခေါ်ခဲ့လေသည်။ ဒွေးမယ်လည်း မငြင်းမဆန် လိုက်ခဲ့ လေရာ တစ်လမ်းလုံးတွင် နှစ်ဦးသား ရင်ချင်း ကျောချင်း အပ်၍ မြင်းအသွားကျနှင့် စကားမပြောနိုင်ရက်အောင် စိတ်တွေ ကြည်နူးနေခဲ့ကြသည်။

မောင်ညိုသည် ယခင်တစ်ခေါက်က ညကြီးမင်းကြီး ရောက်ခဲ့သောနေရာသို့ ယခင် ချောင်းရိုးကလေးအတိုင်းပင် တဖြည်းဖြည်း လမ်းရှာပြီး လိုက်ခဲ့၏။ ရောက်လျှင် လှိုဏ်ကမ်းပါးကြီးထိပ်တွင် ယခင် သူတို့ပုန်း၍ ကွယ်ဖူးသော ကျွန်းပင်ကြီးမှာ အမြစ်ခြေမှ လန်၍ ချောက်အလယ်သို့ ကျပြီး ချောင်းကမ်းစောင်းကလေး၌ ပင်စည်ပိုင်းကြီးတင်ကာ ဆွေးနေသည်ကို တွေ့ရ၏။

မောင်ညိုသည် မြင်းပေါ်မှ ဒွေးမယ်အား ချပေးပြီး မြင်းကို ထိုကျွန်းပင်ဟောင်း ကြီး မှာပင် အရိပ်အာဝါသ ကောင်းရာ၌ ချည်ပေးခဲ့သည်။ နှစ်ဦးသား ချောင်းရိုးကလေး အတိုင်း လက်တွဲပြီး လျှောက်ခဲ့ကြသည်။ မြင်းထားရစ်သော နေရာနှင့် တစ်ခေါ်လောက် ဝေးသည့်နေရာတွင် ချောင်းကလေးမှာ ဝါးတစ်ပြန်ဝက်ခန့်သာ ကျယ်တော့သည်။ ဤနေရာ၌ အိုင်ကလေးသဖွယ် အိုက်ပြီး ရေစီးနှေးနှေးနှင့် ကြည်လင်နေ၍ အနီးရှိ အင်ပင်ကြီးတွေ၏ အရိပ်အောက်မှာ အေးမြသာယာနေသည်။ ယင်းမာပင်ကြီးများလည်း စိမ်းညို့ညို့၊ မောင်ညိုနှင့် ဒွေးမယ်သည် ချောင်းစပ် သဲပြင်ကလေးပေါ်တွင် နှစ်ယောက် သား ဘေးချင်းယှဉ် ကိုယ်ချင်းထိလျက် မှောက်၍နေရင်းက တသွင်သွင် စီးမှန်းမသိ စီးနေသော တောင်ကျရေလေးကို လက်နှင့် ပုတ်ကစားနေသည်။

စမ်းချောင်းလေးမှာ ကြည်လင်အေးမြလှသည်။ တစ်တောင်ကျော်ကျော်နက် သော ရေအောက်မှ ကျောက်စရစ်ခဲ ဖြူဖြူ ဝါဝါ နီနီပြာပြာကလေးတွေကို အတိုင်းသား မြင်ရ၏။ ကျောက်စရစ်ခဲလေးတွေကြား၌ ရေညှိကလေးတွေ တက်နေရာ ရေညှိကြားတွင် ကျောက်ခဲကလေး တစ်လုံးမှ တစ်လုံးသို့ တရွေ့ရွေ့ ကူးသွားနေကြသော ခရုဆံလုံးလေး တွေကိုပါ မြင်ရပြန်သည်။

ရေစီးကြောင်းကလေးတွေတွင် စုန်ချည်ဆန်ချည် မြူးနေကြသော ငါးသလဲထိုးကလေးတွေ၊ ငါးဖောင်ရိုး ပေါက်စလေးတွေမှာလည်း မောင်ညို့လက်ခုပ် ပက်ပက်ကြီးထဲသို့ ဒွေးမယ် လက်ဝါးဖွေးဖွေးလေးနှင့် သဲ့သဲ့ထည့်သဖြင့် စမ်းရေစစ်ပြီး လက်ဝါးကြီးတွေ ပေါ်၌ ငွေရောင်တလက်လက် ပိုးလိုးပက်လက် လန်နေကြသည့်တိုင် အမြူးအခုန် မလျော့ကြပေ။ ရေပြင်တွင် လူးကြ လွန့်ကြ ကွေ့ကာ ကောက်ကာ ကူးနေကြ၏။

ချစ်သူနှစ်ဦးမှာ စကားတစ်လုံးမျှ မပြောဘဲ တစ်ခါတစ်ခါသာ တစ်ယောက်မျက်နှာ တစ်ယောက် မော့မော့ပြုံးရင်း စူးစိုက်ကြည့်ရှု ကြည့်နေကြသည်။ တိတ်ဆိတ်ငြိမ်သက်၍ သာယာနေကြလေရာ ခဲတစ်ပစ်ခန့်အကွာ ရေညာ၌ ရေဆင်းသောက်နေကြသော သမင်ကလေး သုံးလေးကောင်ပင် ချိုတလှုပ်လှုပ်ဖြင့် ခေါင်းခါရာက လူရှိမှန်းသတိမပြုမိပေ။ ဖိုမ မြူးထူး တွန်သံကျူးရင်း ရေစပ်တွင် ကလူကျီစယ် နေမိကြသည်။

ရေတင်မှ ငါးရသဖြင့် ရုတ်တရက် ထပျံသော ဗျိုင်းညိုကြီး တောင်ပံရိုက်သံကြားမှ တောတွင်းသို့ ကခုန်မြူးထူး ဝင်ပြေးကြသည်။ နေရောင်မှာလည်း ဘိုကျိုတက်ဖြူစင်အောင် ပူပြင်းနေသည့်တိုင် သစ်ပင်တွေကြားသို့ နေတစ်ပြောက် မထိုးနိုင်သေးပေ။ ရွက်သစ်လောင်းစ အကိုင်းနုတွေနှင့် ရှုပ်ယှက် ဝေဖြာနေလေသည်။ သစ်ပင် သစ်ကိုင်းကြားမှ သာသာကျယ်ကျယ် တွန်သော ဥသြငှက်သံကလေးပင် မြိုင်လှပေ၏။

မောင်ညိုတို့နှင့် မလှမ်းမကမ်း သမင်ကလေးတွေ မြင်ရသောနေရာမှာ တောတိရစ္ဆာန်လေးတွေ၊ ကျေးငှက်တွေ၏ ရေသောက် အင်းပက်ကလေးဖြစ်ရာ၊ တစ်ကောင်ပြီး တစ်ကောင် ဖိုမ စုံတွဲ အုပ်ဖွဲ့သင်းတွဲ ဆင်းဆင်းသောက်ရာမှ ရေဝလျှင် ရေထဲတွင် ပူအိုက်လှသော ရာသီဒဏ်ကို ခံနိုင်ရည်ရှိအောင် ဆင်း၍ ကစားကြ၍ အားရလျှင် လည်းကောင်း၊ တစ်ကောင်ပြီးတစ်ကောင် ထပျံနေသော ယောင်ယင်၊ စစ်စလီ၊ တစ်တီတူး၊ ကုပ်ကလောင်၊ ကြက်တူရွေး၊ ချိုး၊ ခါ၊ ငှက်တော်၊ ငှက်ခါး စသည် မောင်ညိုခေါ်တတ်သရွေ့ ကျေးငှက်မျိုးစုံကိုလည်း နှစ်ယောက်သား ငြိမ်သက်စွာ ကြည့်နေနိုင်သည်။ သူတို့နှစ်ယောက်မှာ ဤတော၏ သာယာ ကြည်နူးစဖွယ်ကိုပင် စကား မပြောစတမ်း လာ၍ ကြည်နူးနေကြဟန် တူနေတော့၏။

နေကလေး အတော်စောင်းမှ နေရာက လူးလဲထကြပြီး ကိုယ်တွင်ကပ်နေသော သဲလုံးလေးတွေကို ခါကြသည်။ စမ်းစပ်တွင် မှောက်နေကြခြင်း ဖြစ်ရာ စမ်းရေမှာ သဲအောက်မှ စိမ့်ထွက်ပြီး သူတို့ရင်ဘတ်တွေကို စိုအောင် ဆွတ်ခဲ့သည့်အတွက် ထိုနေရာမှ ပြန်၍ မြင်းချည်ထားခဲ့သော ကျွန်းတုံးကြီးပေါ် နှစ်ယောက်အတူ ထိုင်မိကြသောအခါ မောင်ညို့ ပိတ်ချောအင်္ကျီက ရင်အုံကြီးပေါ် ကပ်နေသကဲ့သို့ ဒွေးမယ် ဖျင်အင်္ကျီ လက်ပွကလည်း ဒွေးမယ့်ရင်ပေါ်တွင် တင်း၍ စိုနေသည်။

ထိုနေရာမှာ ထိုင်မိကြမှလည်း မောင်ညိုက ဒွေးမယ့်လက်နှစ်ဖက်ကို ဖျတ်ခနဲဆွဲ၍ 'ဒွေးမယ်'ဟု ခေါ်လိုက်သဖြင့် 'ကိုညို'ဟု အထူး 'ငါ တစ်ခုပြောမယ်၊ နားထောင်စမ်း'။ ဟိုတစ်ခေါက်လာတုန်းက နင်ကိုယ်တိုင်က သဘောမတူလို့ နင့်ကိုငါ မဲ့တစ်ပေါက်

စွန်းအောင်မှ မလုပ်ဘူး။ ခုတစ်ခါ အလာမလီည်း ဆယ့်နှစ်ရက်တောင် ကြာသွားပြီ။ နေ့တိုင်း နင်နဲ့ငါ လွတ်လွတ်လပ်လပ် သွားလာနေကြသယ်။ ပဇာမှ ငါ နင်မကြိုက်သာ မလုပ်ဘူး။ ခု တောကြီးထဲမယ်လည်း တို့အနားမှာ လူဆိုလို့ တစ်ယောက်မှ မရှိဘဲနဲ့ တောင် နင်သဘောမတူဘူး ပြောထားသာ ငါမလုပ်ဘူး။ ဟုတ်စ ဒွေးမယ်’ဟု မေးသည်။ ဒွေးမယ်သည် မောင်ညို့ တံတောင်ဆစ်မှ သဲလုံးကလေးတွေကို ပုတ်ပေးရင်း ‘ဟုတ်သယ်’ ဟု ခေါင်းညိတ်သည်။

‘ငါ့ကို နင်ချစ်သယ်ဆိုသာ ငါသိသယ်။ ငါ နင့်ကို ချစ်မှန်းလည်း နင်သိသာပဲ။ သာနဲ့တောင် နင် ငါ့အလိုကို မလိုက်ဘူး။ သူစိမ်းတစ်ရံဆံ မိန်းမဆိုရင် ငါသည်လို ဘယ်တော့မှ စည်းမစောင့်ဘူး။ ပီး တခြားမိန်းမဆိုရင်လည်း ငါ့ကို အကြောင်းမသိခင်၊ အခြေအနေ မသိခင်ကတည်းကတောင် သည်လို အလိုကို မငြင်းဆန်သဲ့ဘူး။ ခု နင့်ဟာက ငါ့အကြောင်း အကုန်သိထားရက်နဲ့ ပဇာမို့ ငါ့အလိုကို မလိုက်ချင်သေးသာတုံး။ နင့်မယ် ငါ့အပြင် နင် ငါ့ထက် ပိုချစ်ရမယ့် ယောကျ်ားသနာ ရှိနေရို့လား ဟင် .... ဒွေးမယ်’

‘တစ်သက်မယ် ကိုညို့ကို အကျွန် အချစ်ဆုံးပဲ။ အကျွန့်အတွက် အခြား ယောကျ်ားသနာ ဆိုရင် ကိုညိုက လွဲပြီး မရှိသဲ့ပေါင်ပါ’

‘အနို့ .... ပဇာမို့ ငါ့အလိုကို မလိုက်ချင်ရသာတုံး။ နင့် မြင်ရရင် ငါ စိတ်ကို အတန် ထိန်းနေရသယ် ဆိုသာ မသိဘူးလား’ဟု ဒွေးမယ်ကို မောင်ညိုက ခါးကလေးမှ သိမ်းပွေ့ကာ ပါးကလေးကို ငုံ့နမ်းသည်။ ဒွေးမယ်က အလိုက်သင့်ပါသွားပြီး မောင်ညို့ ပါးကြီးကို သူ့လက်ဝါးတစ်ဖက်ဖြင့် ပွတ်သပ်နေရင်းကမှ ရှေ့တည့်တည့် ချောင်းစပ် ကလေးရှိ တောင်စဉ်ရွက်ကလေးတွေ လေပြည်မှာ ယိမ်းနွဲ့နေသည်ကို ကြည့်လျက်–

‘ချစ်လွန်းလို့ .... ဆို’

‘ဟင့်အင်းကွာ.... ချစ်ရင် အလိုလိုက်ရမှာပေါ့’

‘အကျွန့်အတွက် အကျွန့်အခြေအနေက ချစ်ရင် အလိုမလိုက်ရအောင် ဖြစ်နေပါ သယ်ဆို။ ကိုညို့အလိုလိုက်ရင် ချစ်ရာ ပဇာနဲ့ ကျပါ့မတုံး။ ကိုညို မတွေးမိဘူးလားရှင့်’

‘အို မဟုတ်သာကွယ်၊ မင့် အခြေအနေက ပဇာမို့တုံး။ ဟောသည်က ကိုညိုနဲ့ တံတားဦးကို လိုက်လာခဲ့ရင် ဟိုကျ မင်း ဘသူဘဝါဆိုသာ ချင်းတို့ သိမသဲ့လား။ ပီး ငါ့မယ် ငါ့မိ ငါ့ဘလည်း မရှိကြတော့ဘူး။ ငါ့အိုး ငါ့အိမ်နဲ့ ငါလုပ်ချင်သာ လုပ်နိုင်သာပဲ’ ဟု မောင်ညိုက အားရပါးရ ပြောရင်း ဒွေးမယ်အား ရင်ခွင်မှ ခွာ၊ ကိုယ်ကလေး သူ့ ဘက် ဆွဲလှည့်၊ မေးကလေး လက်ညှိုးကြီးဖြင့် ပင့်ပြီး ‘ဘယ့်နဲ့တုံး၊ ကိုညိုနဲ့ လိုက်မယ် ဟုတ်စ’ ဟု မေးလိုက်သည်။

ဒွေးမယ်က မျက်တောင်လေးတွေ မခတ်ဘဲ ပြန်ကြည့်ရာမှ ခေါင်းကလေး ညင်သာစွာ ခါလိုက်သည်။ မောင်ညိုကြီး သက်ပြင်း ဟင်းခနဲ ချတော့၏။

‘အတန် ခေါင်းမာသဲ့ မိန်းကလေးဟဲ့’ဟု ညည်းရှာသည်။

‘မဖြစ်ဘူး ကိုညိုရယ်၊ အကျွန့်ဘဝက သည်မိုင်းလွယ်မယ် ကြီး၊ မိုင်းလွယ်မယ်

ဇာတ်သိမ်းရမယ်ဆိုသာ အကျွန် သိသယ်။ ကိုညို အတွေးမခေါင်နဲ့၊ အကျွန် တစ်ခါက ပြောသလိုပဲ အကျွန်တို့နှစ်ယောက် အချစ်ကို မြဲသထက်မြဲ၊ ဖွဲသထက် ဖွဲစေချင်ရင် အကျွန်တို့ ကိုယ်တွေကို အလိုမလိုက်နဲ့။ အကျွန်လည်း ငယ်ငယ်ရွယ်ရွယ်ပဲ၊ ကိုညို့လို စိုစိုပြည်ပြည် ချစ်ချင်သာပဲ။ ကိုညို့ ရင်ခွင်မယ် အမြဲမှီပီး အိပ်နေချင်သာပဲ။ သာပေသိ သည့်စိတ်ကို အလိုလိုက်ရင် အချစ်ကို အလိုမလိုက်သာနဲ့ အတူတူပဲ'ဟု ပြောပြရင်းမှ အသံတွေ တုန်စပြုလျက် နေရာက ထကာ 'ကိုညို၊ အကျွန့်ကို သာ့အပြင် ပြုချင်တိုင်း ပြုသွားပါ။ အချစ်ကိုတော့ ထားရစ်ခဲ့ပါ။ ထားခဲ့သဲ့ အချစ်ဟာ အကျွန့်ကိုယ်ထဲ စိတ်ထဲ မယ် သေအထိ ကျန်နေပါစေ့မယ် ကိုညို'ဟု မောင်ညို့ ပါးနှစ်ဖက်ကို ယုယစွာကိုင်ဆုပ်၍ ဒွေးမယ်က ရင်လေးကော့ကာ မောင်ညို့ရှေ့၌ ရပ်နေရာ၊ မောင်ညိုတွင် ပြင်းပြသော စိတ်အဟုန်ကို ချုပ်တည်းရင်း ဒွေးမယ်၏ ရင်အုံကြားသို့ သူ့မျက်နှာကို တင်းကျပ်စွာ အပ်ထားပြီး အတန်ကြာမှ ခါးလယ်က ပွေ့၍ ထလျက် ပါးကလေးနှစ်ဖက်ကို တစ်ဖက်စီ ညင်သာစွာ နမ်းပြန်၏။ ပြီးလျှင် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်နေ လိုက်ကြပြီးမှ 'ကိုင်း ပြန်စို့'ဟု မောင်ညိုသည် ဒွေးမယ်အနီးမှ ခွာသွားပြီး ချည်ထားသော မြင်းကို ဖြုတ်လေသည်။

နောက်တစ်နေ့နံနက် အစောကြီးပင် မောင်ညိုသည် နေရပ်ပြန်ရန် ပြင်ဆင်တော့ သည်။ ဒွေးမယ်အား တောထဲမှ တဲသို့အရောက် ပြန်ပို့ ထားခဲ့ပြီးနောက် ယခုတွင် သွား၍ပင် နှုတ်မဆက်တော့ပေ။ မြင်းပြင်ပြီး တွင်တွင်သား လျင်မြန်စွာ တည်းအိမ်မှ လူစုကိုသာ နှုတ်ဆက် ထွက်ခဲ့တော့သည်။

သို့ လာရင်းက လမ်းတွင် တွေန်နှင့် မမျှော်လင့်ဘဲ သွားဆုံလေသည်။ လူချင်း တွေ့လျှင်ပင်–

'ရှိ တွေန်၊ နောက်ထပ် လိုက်လာမယ်ဆို။ မင့် မရောက်လာနိုင်သာနဲ့ ပြန်ခဲ့ရပီ' ဟု မောင်ညိုက ဝမ်းသာအားရ ပြောသည်ကို တွေန်တွင် မျက်နှာ မသာယာလှပုံဖြင့် တစ်စုံတစ်ရာကို စဉ်းစားနေရာမှ 'လာမလို့ဘဲ၊ ကျုပ်မယ် မမျှော်လင့်သဲ့ ကိစ္စတစ်ခု ပေါ်နေရို့ဗျာ'

'ပဇာများတုံး တွေန်ရာ'ဟု မောင်ညို စိုးရိမ်စွာ မေးမှ– 'တခြားကိစ္စတော့ ဟုတ်ပါဘူး၊ မ အတွက်ပေါ့'

'ဟင် ငါနားမလည်ပေါင်'

'မ အတွက်ပေါ့၊ ဦးနောင်ဖိုး သမီး အေးမယ်ဟာကောဗျာ'

'အိမ်း ပဇာပြုတုံး'

'သင့်အတွက်နဲ့ ကျုပ် ဦးနောင်ဖိုးဆီက ထွက်လာခဲ့ပီ။ တိုတိုပြောကြစို့ ဆိုဗျာ၊ သင်းနဲ့ကျုပ် ကလေးချင်း ရည်ငံနေသာ သူ့မိဘက မလိုဘူးဗျာ။ အဲသာကြောင့် သင်းတို့ ဆီ မနေချင်ရို့ ထွက်လာသာပဲ'

'ဟ နေစမ်းပါဦး တွေန်ရ၊ သာ့လောက် စိတ်မဆတ်နဲ့ဦးလေ။ ငါ ချင်းရို့လူကြီး တွေ တီးခေါက် ကြည့်ပေးဦးမလေကွယ့်'

'ကျေးဇူးကြီးလှပဗျာ၊ သာပေသိ ကန်းတက်နေမှာ၊ အပိုလိုနေမှာမို့ပဲ။ ကျုပ်လည်း သင်းတို့မျက်နှာ ပြန်မကြည့်ချင်တော့ပါဘူး။ ဖြစ်ချင်ရာ ဖြစ်၊ ရောက်ချင်ရာ ရောက်၊ သွားချေတော့မယ်ဗျာ'

'သည်လိုလည်း တခေါက်ကန်း တစ်ရှူးထိုး မလုပ်နဲ့လေ့။ အနို့ မင့်က ဘယ်ဆီအရောက် ဘယ်ဆီအပေါက် သွားမှာမို့တုံး။ ထင်ရာ သွားခြင်းသွားမယ့် အတူတူဖြင့် ငါနဲ့ လိုက်ခဲ့ပေါ့ကွယ့်။ လိုက်နိုင်မလား'

'ခင်ဗျ အကယ် ခေါ်သာလား ကိုညို'

'ရှမ်းပြည်နယ်ကို ခွဲပြီး တို့ဆီ မင်းက လိုက်ခဲ့နိုင်သမို့ ဖင့်ဗျာ၊ မခေါ်မရှိ ဖြုတ်ဖြုတ်ပျာပျာ ဖိတ်ခေါ်ပဗျာ'

ညိုကြီးက ပြုံးစိစိ ကြည့်ပြောသည်ကို တွေန်က ပြန်၍ ပြုံးပြသည်။

'ခုပဲ လိုက်ပါ့မဗျာ။ သည်က ကိုညို ခေါ်မှ မဟုတ်ပေါင်ပါ၊ ပြကတူးထဲကိုက လိုက်မရှိ့ဟာ၊ သင့်တို့ သံယောဇဉ်ကြောင့်'

'နိပ်ဟ၊ နို့ သာနဲ့ မေးရဦးမယ်။ မင်း ငါနဲ့ လိုက်နေမှာက ဟုတ်ကပြီ၊ နေပါး ငါ့လို သောက်တတ်ရဲ့လား'ဟု မောင်ညိုတွင် ကျေနပ်စ ပြုလာရင်း မေးသည်။

'သိသားနဲ့'

'မိုက်ရဲရဲ့လား'

'စမ်းဖို့ လိုသေးသာမို့လားဗျာ'

'နို့ ဓားရေး တတ်စ'

'ပွဲတိုးတော့ မြင်ရမပေါ့ ကိုရင်ညိုရာ'

'အဲ ....သာဖြင့် မြင်းခေါင်း ပြန်လှည့်ပေရော့ ကိုယ့်လူ။ ငါ .... တံတားဦး ပြန်တော့မရှိ့'

မောင်ညိုတွင် ကောက်ကရ ခွန်းထောက်တစ်ပုဒ်ကို သူမှတ်မိသော အူတိုင်မှ သံကြောင်ဖောက်ပြီး အော်ပစ်လိုက်တော့သည်။

တွေန်လည်း မျက်နှာ ချက်ချင်းကြည်သွားပြီး မောင်ညို့ ခွန်းထောက် ဆုံးသည်အထိ စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ 'သာပေသိ ကျုပ်မယ် မြင်းကောင်းတစ်စီးမှ မရှိသေးဘူး။ သာ မိုးကုတ်က ငှားလာသာ။ မြင်းတစ်စီး ကောက်ပေးပေဦးတော့ နော့ဗျ'

'ကောင်းပီလေ၊ လာမှာသာ လာချေစမ်းပ'

'ဓားကလေးလည်း တစ်လက်'

'အိမ်းပါဆို၊ လာသာ လာပါ ငါ့လူရာ'ဟု နောက်ထပ် ဘာမပြော ညာမဆိုဘဲ တွေန် စီးထားသော ငှားမြင်းနံပိန်၏ မြီးညောင်းကို ညိုကြီးက ဖနောင့်ဖြင့် တစ်ချက်ခပ်ပြင်းပြင်း လှမ်းပေါက်လိုက်သည်တွင် တွေန့်မြင်း လန့်ပြီး ဟီရင်း ဖင်လန်ကဆုန်ပေါက် ပြေးရန် ပြင်မှ နောက်ကနေ ဟားတိုက်လျက် တောစပ်ခင်ရိုးအရောက် နှစ်စီးသားယှဉ်ကာ တိုးဝင် ပျောက် ကွယ်သွားကြလေတော့သတည်း။

၄၄ ခုနှစ် အနှောင်း၊ ၅ ခုနှစ် အဆန်း၊ အတာသင်္ကြန် မကျမီ သုံးလေးရက် အလိုတွင် မောင်စိုသည် အစ်ကို့အိမ်သို့ အကြေမှ ပြန်ရောက်ခဲ့လေသည်။

သင်္ကြန်အခါတွင်း၌ တစ်သီတင်းလုံးလုံး ပျော်မြူးနှင့်အတူ ဥပုသ်စောင့်ပြီးမှ အခါလွန် လေးငါးရက်မှာ မန္တလေးသို့ပြန်ရန် နှုတ်ဆက် ထွက်ခွာသွားလေသည်။

ဤအခါတွင်း ရက်သတ္တတစ်ပတ် အချိန်မှာ မြင်လိုက်ရသော မောင်စိုကို မောင်ညို စိတ်ကျေနပ်မိသည်။ စိတ်ချမိ၏။

မောင်ညိုတွင် အလုပ်အကိုင်အတွက် တစ်မျိုး၊ အိမ်ရှင်မ မိန်းမသူ မဲ့သော အိမ်ထောင် မလုံမလဲက တစ်တန်နှင့် နေဝင်နေထွက် မနားမနေ အလုပ်လုပ်ရင်းဖြင့် တစ်ကိုယ်လုံး မည်းပြီး ထွားကျိုင်း ကြမ်းတမ်းနေသည်။ အသက်သုံးဆယ်သို့ သီ၍ ကပ်နေသော မောင်ညို့နဖူးပြင်တွင် အရစ်ကြောင်း သုံးလေးကြောင်း ထင်နေပြီ။ ပါးဖုံးကျင်စွယ်တို့လည်း နုတ်ပယ်မနိုင်၊ ကြမ်းပျစ်လှ၏။ မျက်တောင်ကြီးတွေ ကော့၍ နေပူမရှောင် မိုးရွာမရှောင် လေပြင်နေပြင် ထွက်နေသော မျက်လုံးတွေလည်း ကြည်သလောက် မှေးစပ်နေသည်။ နားတောင်းမပန်ဘဲ ထားသော နားရွက်စွန်းမှ မွေးနုကလေးတွေ ဖြာထွက်၊ မေးထိပ်မှလည်း မင်းမွေးတိုကလေး သုံးပင် ပေါက်နေ၊ လက်သီးကြီး တင်းတင်း ဆုပ်လိုက်လျှင် လက်ဆစ်တွေ၊ လက်ပခုံးတွေတွင် ချွေးပေါက်ကလေးများ သီးနေသော အမွေးမည်းကလေးတွေ ထောင်နေတတ်သည်။ ရင်အုပ်ကြီး ထွား၊ သလုံးကြီး တင်း၍ လက်မွေးခြေမွေး စုံစုံလင်လင်နှင့် လူကြမ်းလူမာ လူတောင့်ကြီး ဖြစ်နေလေပြီ။

ထိုမောင်ညို့ရှေ့မှာ သူ့ထက် အရပ်နိမ့်နိမ့်၊ အသားလတ်လတ် ညီက အလှပိုနေတော့သည်။ မောင်စိုမှာလည်း လူမွေးလူတောင် စုံလင်လာပြီ ဆိုလျှင် လှလှပပ ခံ့ခံ့ညားညား ရှိအောင် စုံလင်ခြင်း ဖြစ်သည်။ ထွားယောင်ယောင် ကိုယ်အလုံးမှာ တောင့်တင်းနွဲ့ပျောင်း၏။ ခါးသိမ်၊ ရင်ကျယ်နှင့် အမောင်းသန့်သန့် ညီကလေးသည် အစ်ကိုကြီးသဘောကျ လျှင်မြန် ဖျတ်လတ်လာသည်။ လက်ရုံးလေးတွေ တင်း၍ ပါးကလေးတွေ ဖောင်းဝင်းလာပါသည်။

အကြေလေကို ရှူလာခဲ့ရသော အညာသားကလေးမှာ အသားရောင်ပင် ပြောင်းစင် လာပြီဟု မောင်ညို ထင်သည်။ အကြေတို့ သတ္တိကြောင့် မောင်စို အသားလတ်ပြီး ယဉ်စစ ပိုဖြစ်လာသည်ဆိုလျှင် မောင်စို့မျက်နှာထားမှာလည်း ယခင်ကနှင့်မတူ တစ်မူခြားလာသည်ဟုလည်း ပြောရချေမည်။

မောင်စိုမှာ အကြေတွင် နှစ်ခါလည်သာသာ နေခဲ့ရသည့် အတွင်း၌ အချိန်ကို အလဟဿ မဖြုန်းတီးခဲ့ပေ။ မျက်လုံးအကြည့်ပင် မတူအောင် ခပ်ထည်ထည် တင်းတင်း ဖြစ်လာ၏။ နှုတ်ခမ်းမွေးလေး ရေးရေးထင်နေသည့် ပါးစပ်ကလေးမှာလည်း မတင်းတတင်း မပွင့်တပွင့်လေး စေ့ထားခြင်းဖြင့် မျက်နှာထား တသွင်လုံးကို အမူအရာ ပြောင်း

စေခဲ့သည်။ ယခု မောင်စိုမှာ ယခင် မောင်စို မဟုတ်တော့ပေ။ နုနွဲ့ နွယ်နောင်းသော မှင်တွေအစား တင်းတောင့် တည်တံ့သော သိရ်ကို အားမနာစတမ်း ဖော်ပြနိုင်လေပြီ။ ဟုတ်ပါပေသည်။ ငစို လူသစ်ဖြစ်အောင် အကြေတို့သတ္တိဖြင့် ဖန်ဆင်းလွှတ်လိုက်ပေသည်။ အကြေအကြောင်း ပြောသမျှတွင်လည်း လိုက်လံဖူးမြော်ခဲ့ရသမျှ စေတီပုထိုးတို့၏ သမိုင်းအဆူဆူမှလွဲလျှင် ပျော့သည့် နွဲ့သည့် အခြင်းအရာ စိုးစေ့မျှ မပါပေ။ အကြေ၌ ကုလားမင်း တန်ခိုးထူနေပုံ၊ အကြေသားတွေ ကုလားကြောက်ရပုံ၊ ပစ္စည်းမက်ပုံ၊ ကုလားမင်း ဖောက်သော ရန်ကုန်နှင့် ပြည်သွား မီးရထားလမ်းတစ်လျှောက် သုံးလေးခေါက် စုန်ဆန်ခဲ့ရပုံ၊ ရန်ကုန်မြို့ကလေးမှာ ကုလားလက်တွင် ကြီးကျယ်စည်ကားမည့် အရိပ်အယောင်ကို ပြနေပုံ စသော သတင်းတွေသာ ဖြစ်ရာ နောက်ဆုံး အစ်ကိုအား ပြန်ရန် နှုတ်ဆက်စဉ် မောင်ညိုက 'ငါ့ညီ၊ လမ်းမယ် သတိနဲ့သွားကွယ့်နော'ဟု မောင်စို ပြန်ရမည်မှာ ငနောင်တို့ ခြေလှမ်းကျဲသော အရပ်ကို ဖြတ်သွားရမည့်အတွက် စိုးရိမ်သောကြောင့် 'တစ်ယောက်တည်း ခရီးသွားဖော် မရှိရင် ငဖြိုးကို ခေါ်သွားလေ့'ဟု ထည့်သည်တွင် 'အကျွန့်မယ် ပါသားပဲ အဖော်'ဟု လွယ်ထားသောဓားကို ပုတ်ပြရင်း 'အကြေမယ် အစ်ကိုဓားဆရာ ပဥ္စင်းစက္ကိ'နဲ့ သွားတွေ့ခဲ့သလေ'ဟု သွားလေးတွေ ဖွေးခနဲ လက်သွားအောင် ပြသွားသည်အထိ အစ်ကိုကြီးမှာ ညီအား အထင်ကြီး ကျေနပ်နေရစ်ခဲ့တော့သည်။

မောင်ညို "မြင်"လိုက်ရသော ယခု မောင်စိုမှာ ယခင် မောင်စို မဟုတ်တော့သည်ကား ဧကန် အမှန်ပါပေ။

"မမြင်နိုင်သော မောင်စို"မှာကား ယခင် မောင်စိုပင် ဖြစ်နေပါသေး၏။ မောင်စိုသည် အောက်မြန်မာပြည် အင်္ဂလိပ်နယ်တွင် နှစ်ခါလည်းလုံးလုံး သွားလာလည်ပတ်နေရင်းဖြင့် စိတ်ကိုပြုပြင်၊ လူကို သစ်လွင်လာခဲ့နိုင်သော်လည်း ချစ်ဒဏ်ဝပြီး နာလန်မထူနိုင်သော သူ့စိတ်ကိုမူ သူ မပြင်နိုင်ခဲ့ရှာ။ အသက်ဖြင့် လိုက်ပြီး သဘောကြီးလာနိုင်ပါ၏။ စိတ်နိုင်လာပါ၏။ သူသည် တစ်စုံတစ်ရာကို ပယ်ပယ်နယ်နယ် မွန်မွန်ရည်ရည် ပြုဆောင်နိုင်စွမ်းအောင် နှလုံးရည်၊ လက်ရုံးရည် တိုးပွားခဲ့သော အခိုက်အတန့်၌ တစ်ဖက်က အသည်းနာကိုမူကား ကုစား၍ မရနိုင်ခဲ့သေးပါပေ။

ထိုအပေါ်တွင် နေပြည်တော်ဆီအဝင်မှာ မောင်လွန်းနှင့် သွားတွေ့ရသောကြောင့် ခင်မှုံ့သတင်းကို ကြားမိခဲ့သည်။ မောင်စိုမှာ ယူကျုံးမရ ဝမ်းနည်းလှသည်။ သို့သော် မည်သို့မျှ မတတ်နိုင်ပေ။ မန်လည်အရောက်သာ သုတ်ခြေတင်ခဲ့ရှာ၏။ မန်လည်ရောက်ပြီး သူ့အိမ်ရာ ခြံမြေကို စိတ်ပြန်ဝင်စားမိလျှင် ခင်မှုံ့အား မေ့ပစ်နိုင်မည်ဟု မျှော်လင့်မိ၏။

နှစ်ခါလည်းလုံးလုံး ရေမြေမတူရာ သွားလာနေလျက်ကပင် မမေ့နိုင်သော ခင်မှုံ့အား သူ အဘယ်နည်းဖြင့် ယခု မေ့ပျောက်အောင် လုပ်နိုင်အံ့နည်း။ ဝါဆိုလဆန်းလျှင်ပင် မောင်စိုသည် ယမန်တစ်ခါက မောင်လွန်း ထန်းတစ်ပင်အသွား ကင်းဦးမှာ စတည်းချသည်ဟု ကြားခဲ့ရပြီးနောက် တစ်စုံတစ်ရာသော အကြံဖြင့် ပန်းပဲဖိုသို့ လက်လွှတ်စပယ် အလည်လာသဟန် ရောက်သွားခဲ့တော့၏။

ပန်းပဲဆရာ လင်မယားမှာ မောင်စို မလာစဖူး ထူးထူးခြားခြား အလည်ရောက်သည့် ကိစ္စရင်းကို မပြောဘဲ သိထားနှင့်ကြသော်လည်း မောင်စို စိတ်မကောင်းမည်စိုးသောကြောင့် ခင်မှုံ့အကြောင်း စပ်၍ပင် မပြောပေ။ မောင်စိုတွင် သူကစပြီး စကားတောင်းရန် ခက်နေတော့သည်။

သုံးလေးရက် နေမိမှ စကားဝယ်ခံကာ အကြောင်းစကြသည်။ သို့သော် ထူးထူးထွေထွေ မပြောပေ။

'တို့တစ်တွေ မောင်လွှန်းနဲ့ အဖော်ပါသဲ့ အခေါက်ပဲ ရောက်သယ်။ သင်းကလေး လိမ္မာရှာပါပေသယ်။ အပြောအဆို အင်တန် ပိနေသာပဲ။ သာပေသိ သည့်နောက်ကြားရသာကတော့ တစ်နေ့တခြား မောက်မောက်မာမာ စကားပြော အင်တန် ဆတ်သယ်ဆိုပဲ။ သည်က ဈေးရောင်းသွားသဲ့ ဈေးသည်မှန်သမျှ အသူမှ သင်းအကြောင်း အကောင်း မပြောဘူး'ဟု ဒေါ်မိုးသူထံမှ ကြားပြီး 'အေးလေ၊ သာပေသိ သင်း ဘယ်လောက်ပဲ သင်းလင် သင်းယောက္ခမမာန် တက်နေနေ ကျုန်းကျုန်းမာမာနဲ့ နောက်တုန်းကထက်တောင် အသားအရေတိုးပြီး လှလာသယ်၊ ခန့်လာသယ် ကြားရရင်ပဲ သင်းဘဝသင်း ပျော်နိုင်သကိုးလို့ စိတ်ဖြေနိုင်သာပဲ။ သင်းမိဘကရော သင်းကို စကားတောင်စပ်မပြောဘူးသဲ့ ဟဲ့'ဟု ပြောသည်တွင် ဦးအင်ကမူ မောင်စိုအား 'သည့်ပြင်လူ ပဇာပြောပြောကွယ့်၊ ဟောသည်က ကျုပ်တူလေး ရိုးလွှန်းသာပဲ ကျုပ် မခံချိသာ'ဟု တစ်ခါမကအားမလို အားမရ ဆိုဖူးသည်။

မောင်စိုမှာ ကင်းဦးတွင် စတည်းချရင်းမှ ခင်မှုံ့နှင့် အဘယ်ကဲ့သို့ တွေ့နိုင်ပါအံ့နည်း၊ အဘယ် အဆက်အသွယ်နှင့် တွေ့အောင် ဖန်တီးယူရမည်နည်း၊ ခင်မှုံ့က သူ့အားအတွေ့ခံချင်ပါမည်လော၊ အတွေ့ခံရဲပါမည်လားဟု အမျိုးမျိုးတွေးလျက်ဖြင့် အကြံမျိုးစုံထုတ်နေလေသည်။ ဆီရောင်းသဲ့ ဆီသည်ယောင်ပဲ ဆောင်သွားရကောင်းနိုးနိုး၊ အိုးရောင်းသဲ့ အိုးသည်ယောင်ပဲ ရှပ်ဖျက်သွားရဟန်နိုးနိုး အမျိုးမျိုး အကြံအိုက်လျက်သာ အချိန်ကုန်စ ပြုသည်။

ထန်းတစ်ပင်သို့ နှစ်ခေါက်ခန့် မယောင်မလည် ရောက်ခဲ့သော်လည်း ဒေါ်မိုးသူထံမှ သတင်းကြားဖြင့် လည်းကောင်း၊ ရွာခံတွေ တစ်ဦးစ နှစ်ဦးစထံမှ လည်းကောင်း၊ မေးစမ်း တီးခေါက်ခြင်းဖြင့် ခင်မှုံ့တို့အိမ်ကြီး အနီးအပါး ရောက်ခဲ့၊ အိမ်ဝိုင်း အခြေအနေအတာအခင်းကို သိမှတ်ပြီးနောက် အောင့်အည်းအောင့်အက် ပြန်ခဲ့ရ၏။

ကင်းဦးက ထန်းတစ်ပင်ထက် ရွာကြီး၍ ထန်းတစ်ပင်ထက်လည်း စည်စည်ကားကား ရှိ၏။ တူးမြောင်း ဆည်စုန် ဆည်ဆန် ဈေးသည်တို့လည်း အရောင်းသွက်လှသည်။ နေခင်းထိုင်တာလည်း သာပါပေ၏။ သို့သော် ....ဇော့စိတ်မှာ ထန်းတစ်ပင်သို့သာ ရောက်နေသည်။

ထိုအခိုက် ခင်သွယ်နှင့် မျက်နှာကြော မတည့်နိုင်သေးပေ။ သိသိသာသာကြီးကတောက်ကဆ ဖြစ်နေခြင်း မဟုတ်ပါ။ အနေအထိုင် အပြောအဆို ကြမ်းတမ်းသည်၊

ရှိုင်းသည်ဟု မောင်စိုး အယူရှိသော ခင်သွယ်အား သူ လန့်လည်း လန့်သည်။ ခင်သွယ်က လည်း မောင်စိုးမှာ မောင်ညိုနှင့်မတူသော အချက်တစ်ခုတည်းဖြင့်ပင် မကြည်ညိုသည့် အပေါ် အေးစက်စက် အမူအရာကို သဘောမကျပေ။

တစ်ခါက စကားလည်း စပ်၍ မပြောမိဘဲ ခင်သွယ်နှင့် နှစ်ယောက်တည်း အိမ်ရှေ့ပြင်မှာ ဆုံမိခိုက် ခင်သွယ်က 'ကိုရင်စိုး၊ ကိုရင်စိုး ညကပြောသဲ့ မမှုံဆိုသာနဲ့ တော်နဲ့ ကြိုက်ဖူးသယ် ဟုတ်စ'ဟု မေးသည်။ စင်စစ် ခင်သွယ်လို အပျိုဖားဖားက မည်မျှခင်မင်သည့် လူပျိုများမားကို မဆို မေးရမည့်စကား မဟုတ်ဟု မောင်စိုး ထင်သော် လည်း ခင်သွယ်မှာ သည်စည်းကမ်းတွေကို နားမလည်၊ ဂရုလည်း မစိုက်သဖြင့် မေးခြင်း ဖြစ်သည်။ မောင်စိုးတွင် အမ်းတမ်းတမ်း ဖြစ်သွားရင်း 'အိမ်း'ဟု ရှက်ကိုးရှက်ကန်း ဝန်ခံမှ 'သိသားပဲ၊ တော်တို့တည်သဲ့ တက်တိုး ပဇာဆိုလားလေ အဲသည် ပုထိုးထီးတင်ပွဲ ကတည်းက အစ်ကိုညိုကြီးတောင် ပြောဖူးသေး'ဟု ဆိုကာ 'တော် ညှဲ့သာကိုးတော်ရဲ့၊ ညှဲ့မှန်း အကျွန် ဟိုတုန်းကတည်းက သိသားပဲ။ အဲသာလည်း အစ်ကိုညို့ ပြောဖူးသာပဲ။ တစ်နေ့နေ့ ငနောင့်နောက် ပါလိမ့်မနောလို့'ဟု မြိန်ရေရှက်ရေ ပြောသည်။ ပြောပြီး 'တော့်အစ်ကို တော့်ကို သတိမပေးဘူးလား တော်ရဲ့'

'ပေးပေါင်....'

ငစိုက စကားတိုဖြင့် ပြတ်ပြတ် ပြန်ပြောလိုက်သည်ကို စွေနာနာကြည့်ရင်း 'ပေးလည်း ပဇာ အကျိုးရှိမှာလိုက်ရို့။ ဟိုကနဲ့သာ သည်လိုဖြစ်စမ်း၊ သူတကာ့လက် အပါ ခံမသဲ့လား၊ ပါသည့်တိုင်အောင် ခုလို စိတ်ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်း ထားမှန်း သိရင် ငြိမ်နေမသဲ့လား။ တစ်ခါတည်း သွားလုယူလာပီး ဝင်ရှုပ်လေလေ မှန်သမျှ နှောင့်ယှက်ရန်ကောလို့ သင့်ဓားနဲ့ နုပ်နုပ်စဉ်းပစ်မှာ၊ စဉ်းငယ်မှ မှုမှာ မဟုတ်ပေါင်တော်။ ကိုညိုကြီး မပြောပါနဲ့၊ အကျွန်သာလေ တော်တို့လို ယောကျ်ားဆိုရင် တော့်လို သွား ကလေး ဖြဲသဲ့ပီး၊ ပေါ်ကြော့လုပ်နေမှာ မဟုတ်ပေါင်'ဟု မောင်စိုး မျက်နှာကြီး နီရဲလာသည် ကို သိလျက်က တမင်အားရပါးရ ဆက်လက်၍ 'ဟုတ်သယ်၊ တော်တို့လိုလူမျိုး ရဲဇာား သနာ ဖြစ်ရသာ ပဇာအကြောင်း ထူးမတုံးတော့။ အကျွန်တို့ရော့ အဖြစ်မခံပေါင်တော်။ ဖြစ်ခြင်းဖြစ်ရင် အစ်ကိုညိုကြီးတို့လို ယောကျ်ားမျိုးမှ....'ဟု သူကိုယ်တိုင် ကျောကလေး စိမ့်သွားတော့မှ ခေတ္တအကဲခတ်ရင်း 'ကိုရင်စိုး၊ ဟိုဆီသွားပါလား။ သင်းတို့ အိမ်ပျက်ကြီး ထဲ ဝင်သဲ့ပီး မမှုံကို ဆွဲထုတ်ချေပါလား တော်ရဲ့'ဟု အဆုံးသတ်၍ ပြောချလိုက်လေ၏။

အပြောခံရစဉ်က မောင်စိုးသည် ဒေါသလည်း ထွက်၊ ရှက်လည်း ရှက်လှသော် လည်း ခေါင်းငုံ့ပြီး ငြိမ်ခံခဲ့သည်။ ယခုသော် ခင်သွယ်ပြောသလို လုပ်ရဲမှပဲ တွေ့နိုင်တော့ မလို ဖြစ်နေသောကြောင့် ထိုအကြံကို အကောင်ဒြပ်ဖော်ရန် အိမ်အဖီ ရက်ကန်းစင်တွင် တင်ပါးလွှဲထိုင် စဉ်းစားနေခိုက် စောင်ရက်ရန် လွန်းနှင့်ချည်ထွေးကို ပွေ့ဝင်လာသော ခင်သွယ်နှင့် နှစ်ယောက်တည်း သွားတိုးမိပြန်သည်။ ခင်သွယ်မှာ ခေါက်စောင် နှစ်နံစပ် တစ်ထည်အတွက် စင်ပေါ်မှာ စထားလက်စ ဖြစ်သဖြင့် ခင်သွယ်ထိုင်ရန် နေရာက ထ

ပေးမှ လုံမပျိုက ချည်တိုင်ချည်ဖောက်ကို စစ်ဆေးရင်း 'ထိုင်လေ၊ ကိုရင်စို ထိုင်နေရင် အကျွန် မစသေးပါဘူး။ သည်လွန်းကို တင်ရပါဦးမယ်'ဟု မတ်ရပ်ပင် လွန်းကို ပြင်နေသဖြင့် မောင်စိုလည်း နေရာမှ လှျောဆင်းပေးလိုက်သော်လည်း အဖီအပြင်သို့ ထွက်မသွားဘဲ စင်ကိုမှီကာ ခင်သွယ် သွက်သွက်လက်လက်နိုင်ပုံအား စိတ်ဝင်စားစွာ ကြည့်နေမိသည်။ ခင်သွယ်ကမူ သူ့ကိုမကြည့်ဘဲ 'သည်ရက်ကန်းစင်ပေါ် ပဇာလာမှိုင်နေသာလဲ၊ ရဲဇား လူလုရို့ အလွမ်းနာ စုသာလား ကိုရင်စို'ဟု စကားခေါ်၏။ မောင်စိုမှာ အခံရခက်သွားသော်လည်း ခင်သွယ်အား 'ပူလွန်းရို့ပါဟယ်။ သည်ဆီက အေးရို့'ဟု ဆင်ခြေပေးသည်ကို လုံမ မကြားဟန်ဖြင့် 'သြော်၊ ဟုတ်စ၊ သာဖြင့်လည်း ပဇာမို့ အချိန်ဖြုန်းနေတုံး၊ သွားမှာဖြင့်လည်း သွားပါရောလား၊ တော့မယ် ဓားလည်း တစ်လက်၊ မြင်းလည်း တစ်ဇက် ပါနေရက်ကနယ့်ဟာ... တော်'ဟု ဆိုနေသည်တွင်ကား မောင်စိုသည် ချာခနဲ မျက်နှာကြီးရဲပြီး အပြင်သို့ ထွက်သွားသည်။ ညစာ ထမင်းစားပြီးလျှင် မောင်စို အိမ်မှ ပျောက်သွားလေရာ အကင်းပါးသော သမီးက 'သြော် သည်ဆီမယ် သူ့မိတ်ဆွေတစ်ယောက် ရှိသတဲ့။ အဲသည်လူနဲ့ ဟို တောင်ဘက်ရွာက အလှူသွားကြ ထင်ပရှင့်'ဟု မိဘများအား ပြောထားလိုက်ရှာသည်။ သူ့ကိုမူ မောင်စို စိတ်အလွန်ဆိုးသွားသည်ကိုလည်း သိသည်။ သူ ပြောသည့်အတိုင်းလည်း ထန်းတစ်ပင်သို့ သွားမှန်း အတပ် တွေးထား၏။ မောင်စို ဘေးမထိ ရန်မကွာ ညဥ့်တွင်းချင်း ပြန်ရောက်လာပါစေ၊ နံနက်လင်းလျှင် ထန်းတစ်ပင်ရွာနေ ရွှေဘိုငနောင် အသူ ခုတ်သတ်မှန်း မသိ ပွဲချင်းပြီး သေသည်ဟုလည်း ကြားရပါစေဟု တီးတိုး ဆုတောင်းနေမိရှာသေး၏။

ခင်သွယ် မေတ္တာပို့ခံနေရသော ငစိုသည် လထွက်ကလေးနှင့် ကြို၍ ထန်းတစ်ပင်သို့ ရောက်နေလေပြီ။ မြင်းကို ရွာနှင့် တစ်ပြသာသာရှိ မူးလက်တက် ချောင်းရိုးဘေး ထိန်ပင်တစ်ပင်နှင့် ထန်းနှောင်းပင်အုပ်ကွယ်၌ ကြိုးမြဲမြဲချည်ပြီး ယာတစ်ခင်းမှ သဲ့ယူလာခဲ့သော လူးထုံးနှင့် ပဲရွက်တစ်ပွေ့ကို ပုံကျွေးရစ်ခဲ့သည်။ ဓားတစ်လက်နှင့် လူသက်သက် မောင်နောင်တို့အိမ်သို့ ရှေးရှုပြီး ထွက်ခဲ့လေသည်။

လပြည့်ကျော် သုံးရက် လကလေးမထွက်မီ အိမ်နောက်ဘက် ညောင်နံ့သာပင်ကြီး အရိပ်ကို ခိုမိသော မောင်စိုသည် တစ်စစ မှောင်စပြုသည်ကို စောင့်လျက် အရိပ်အဆင်ကို အကဲခတ်နေသည်။ အကဲခတ်ရင်းက လူသူလေးပါးကို ကြည့်ပြီး အိမ်နောက် မြင်းဇောင်းဟောင်းကြီး အကွယ်သို့ ပြေးကပ်လိုက်သည်။ မြင်းဇောင်းဟောင်းကြီးမှာ ရှေးအိမ်ကြီး ကောင်းစားစဥ်က မြင်းအစိတ် သုံးဆယ်ခန့်ပင် ထားခဲ့ပေရာ တောင်နှင့်မြောက် အလျားလိုက် တန်းနေသည်။ နေရာများစွာပင် ဆွေးမြည့်ကျိုးပွဲနေပြီ။ အောက်ခြေပန္နက်နှင့် အုတ်ခုံမှာလည်း အင်္ဂတေကွာပြီး ကြွက်တွင်း ဗရဗွာပေါက်၍ မြေကျစ်ဆံတွေ တင်းကျမ်း ပြည့်နေသည်။ ဇောင်းနောက်ဘက်၌ ပန္နက်ခုံမှာ မြေပြင်ထက် နှစ်တောင်သာသာ မြင့်နေ၍ မြေပြင်နှင့်ပန္နက်ခုံ ဆက်သည့် တစ်လျှောက်မှာလည်း မြင်းဇောင်းမှ

ကျဆင်းသည့် အညစ်အကြေးတို့ စီးဆင်းရန် ဒူးတစ်မြုပ်စာ နက်၍ တောင်ဆုပ်ခန့် ကျယ်သော အုတ်မြောင်းတစ်စင်း ပေါက်နေ၏။

မောင်စိုသည် ထိုမြောင်းတစ်လျှောက် ပုၡသွားပြီး တစ်နေရာတွင်ကျမှ ဇောင်း ပေါ် တက်နိုင်မည်။ ဇောင်းပေါ်ကမှ စားဖိုချောင်ကိုမှီ၍ အိမ်မဘက်သို့ ဝင်နိုင်မည်။ တခြား ဝင်ပေါက်ကား မရှိ။ မောင်စို ကပ်ခဲ့သော စည်းတန်း၌ ကြခတ်ဆူးချုံတွေ၊ ဆူးလေပင်တွေ၊ တစောင်းပင်တွေ ပိန်းပိတ်နေကြသည်။

ဝါးတစ်ပြန်ခန့်၌ ဖျောက်ဆိပ်ပင်ပု တစ်ပင်ရှိရာ ၎င်းကို အကွယ်အကာယူသော် ကောင်းမည်ဟု တွေးထား၏။

ဤအကြံဖြင့် ဇောင်းတစ်နေရာမှ အပေါ်သို့ တက်မည်ပြင်ခိုက် လူသံသဲ့သဲ့ ကြားရ၏။ ကြားရသဖြင့် မြောင်းထဲပုချပြီး ပန္နက်ခုံကို ကိုယ်ကျုံ့ကပ်နေရ၏။ အသံဝေး သွားလျှင် ခေတ္တစောင့်ပြီး အပေါ်သို့ ဖျတ်ခနဲ လွှားတက်လိုက်သည်။ တက်မိသော နေရာမှာ အိမ်ရှင်များ လက်ရှိ မြင်းထားသည့်နေရာ ဖြစ်လေသည်။

ဇောင်းဟောင်းမှာ မလုံမလဲ ဖြစ်နေသောကြောင့် တစ်ဖက်တွင် လူ့ခါးခန့် ရိုင်ပတ်ကာ၍ ရိုင်ပတ်တွင် မြင်းစားခွက် မှီထားသည်ကို တွေ့ရ၏။ မြင်းကိုမူ မတွေ့ရ သေးပေ။ ထိုနေရာ၌ ရိုင်ပတ်ကိုကိုင်၍ အိမ်ဘက်သို့ မျှော်နေ၏။ အချိန်မှာ လူလုံးမကွဲ တကွဲ အချိန် ဖြစ်သောကြောင့် အိမ်ကြီးကို မည်းမည်းကြီး မြင်ရပြီး တစ်နေရာမှ ပြတင်းပေါက် မှန်ကူကွက်တွင် မီးရောင်လက်လက် တွေ့ရသည်။ မီးရောင်နှင့်လည်း မှန်ကူကွက်တွင် မိန်းမတစ်ယောက်အရိပ် ထင်းခနဲ တွေ့မိသလိုလို ရှိသောကြောင့် ထိုနေရာသို့ အရောက်သွားရန် မှန်း၍ လှမ်းကြည့်နေပြန်၏။ မြင်ရသည်မှာ ခင်မှုံ့အရိပ်ဟု အတပ် စွဲနေမိရှာ၏။

ထိုအခိုက် လူတစ်ယောက် မြင်းဆွဲပြီး ဇောင်းထဲ ဝင်လာသည်ကို ဒမြင်ပေ။ ဇောင်းကြမ်းပေါ် မြင်းကြီး တဒုန်းဒုန်းနင်းသော ခွာသံကြားမှ နေရာမှာ သျှင်မြန်စွာ ပုၡ ဝပ်ချလိုက်ရသည်။

မြင်းဆွဲလာသူမှာ ရုတ်တရက် အတွင်းသို့ မဝင်သေးဘဲနေပြီး ခပ်လှမ်းလှမ်းရှိ တစ်ဦးတစ်ယောက်ထံ–

'အိမ်း၊ မီးဖိုထောင့်ရှိသဲ့ တောင်းထဲက ပဲ ပဲ ယူခဲ့ပါ။ မြင်းထိန်းလုပ်နေပီး ပဲတစ်တင်း ဘယ်နရက် ကျွေးရသယ်ဆိုသာ အမှတ်မထားဘူးလား ကွယ်ရို့'ဟု မာမာ လှမ်းအော်သော အသံကြားမှ မြင်းဆွဲလာသူမှာ မောင်နောင်ကိုယ်တိုင်ပင် ဖြစ်ကြောင်း သိရသည်။

မောင်စိုတွင် ဓားကို တင်းခနဲဆုပ်မိပြီး ရင်တဒိတ်ဒိတ် တုန်သွား၏။ ကြောက်၍ မဟုတ်ပေ။ လန့်၍ မဟုတ်။ ငနောင်ကို ကြောက်မိသည့်စိတ်တွေ ဆွေးမြည့်လွင့်စဉ်သွားပြီ မှာ ကြာမြင့်ခဲ့ပေပြီ။ ယခု မုန်းနေသည်။

မောင်နောင်သည် မြင်းကို ချည်တိုင်တွင် ချည်ပြီး ခေါင်းပုတ်၊ ဇက်ပုတ်၊ စုတ်

သပ်သပ် လုပ်နေရင်းက 'သောက်ကြွက်တွေ ကမြင့်းရန်ကောဗျာ'ဟု စားခွက်အောက် ဆီသို့ လှမ်းကန်ရာ ရိုင်ပတ်အကွပ်ခွေကို ကန်မိပြီး ရိုင်ပတ်ဟာကာ ပုနေသော မောင်စို့ ဓားအိမ်ဖျားပင် မြောက်သွားပြီးမှ အောက်သို့ ချောက်ခနဲ ကျသည်။ မောင်စိုသည် ထိတ်ခနဲ ဖြစ်သွားရင်း ဓားကို အိမ်မှ ကြွ ချွတ်မိသည်။

မောင်နောင့် မျက်နှာ၊ ပခုံး၊ ရင်အုပ် စသည့် အပေါ်တစ်ခြမ်းကို မှုန်တိမှုန်မွှား ရေးရေးမြင်ရ၍ အသက်ရှုသံပင် ကြားမိသကဲ့သို့ သူတို့နှစ်ဦးသားမှာ ရွေးတစ်လုံးစာမျှ မထူသော ရိုင်ပတ်တစ်ချပ်ဖြင့် ခြားနေသည်။

'ကြွက်၊ ကြွက်၊ ကြွက်၊ ဇောင်းထဲမှာ ကြွက်၊ အိမ်အောက်က ခြ၊ အိမ်ထဲဆီ ပိုး၊ အိမ့်အထက်မယ် မိုးကွယ့်... ဖျက်ကြဗျူ၊ ဖျက်ကြ... ဖျက်...ဖျက်။ မပြင်နိုင်မှန်းသိရို့ အငြိုးနဲ့ ဖျက်ကြသာကွ နော။ ဖျက်... ဖျက်၊ ချင်းတို့တစ်တွေပဲ ဖျက်နိုင်မလား....'

မောင်နောင့် စကားသံ ညည်းသံမှာ ဟီးခနဲ မြူးလိုက်သော မြင်းသံနှင့် ဇောင်း ခင်းပေါ် ခွာရှုပ်သံကြား၌ တိမ်၍ ပျောက်သွားသည်။

## ၂၈။ ဖုံးထားသည့် အချစ်၊ မြှူးနားက အနှစ်

မောင်စိုသည် အသက်ပင် ပြင်းပြင်းမရှူဘဲ ငြိမ်နေသည်။ မည်မျှကြာသည် မသိ၊ ခေါင်း တဖြည်းဖြည်းမော်၍ ထ လိုက်သောအခါ ဇောင်းထဲတွင် မောင်နောင် မရှိတော့မှန်း သိရသည်။

ဇောင်းထဲ၌ ခေတ္တရပ်စောင့်နေပြီးမှ အပြင်သို့ လျင်မြန်စွာ ထွက်၍ မီးဖိုဘက်သို့ ပြေးကူးလိုက်သည်။ ဇောင်းနှင့်မီးဖို ဝါးတစ်ပြန်ခန့်ကွာရာ မှောင်နှင့်ရေးရေးတွင် မီးဖို ထရံအနီး၌ မီးဖိုထဲမှ ထွက်လာသူ တစ်ယောက်နှင့် လေဟပ်မိအောင် ကပ်သွားမိ သည်။ လူချင်းကပ်မိပြီးမှ ထိုလူကို သတိပြုမိရာ ကံအားလျော်စွာ ၎င်းလူမှာ လက်တွင် တောင်းတစ်တောင်းကို မနိုင်မနင်း ပွေ့သွားခိုက် ဖြစ်သောကြောင့် သူ့အား သတိပြု မြင်မိဟန် မတူပေ။

ထိုလူ မြင်းဇောင်း ဝင်သွားမှ ယခင် ငနောင် အော်နေသော မြင်းထိန်းပင် ဖြစ်တန်သည်ဟု မြင်းထိန်း မြင်းစာကျွေးပြီး ပြန်ထွက်သွားသည်အထိ မီးဖိုထရံကို ကပ်၍ စောင့်နေသည်။ မကြာမီ မြင်းထိန်း တောင်းလွတ်ကိုင် ထွက်လာသည်ကို တွေ့ရ သည်။ မောင်စို့ ရှေ့တည့်တည့်မှာ မြေနှင့်ရိုက်၍ တောင်းကိုပင် ခါသွားရာ ခြေဖြင့် စမ်းလျှင် ကန်မိပေမည်။ ထိုလူက မြင်ဟန်မတူ။ မြင်းထိန်း အိမ်ပေါ်တက်သွားမှ နောက်က မသိမသာ ခပ်ခွာခွာ လိုက်သွား၏။

ကြောက်ရမှန်း မသိသော မောင်စိုသည် ဓားကိုလွယ်၍ ဓားရိုးကိုင်ကာ ပွင့်နေ သော တံခါးပေါက်မှ အိမ်တွင်းသို့ ဖြည်းညင်းစွာ ဝင်လိုက်သည်။

အိမ်ထဲတွင် အပြင်ထက်ပင် မှောင်နေသည်။ အိမ်တစ်နေရာမှ မီးရောင်အနည်း

ငယ် မြင်ရသည်။ ထိုမီးရောင်မှာ အတော် အလှမ်းဝေးပေသည်။ မောင်စို ဝင်မိသောနေရာမှာ အိမ့်လက်တီးဆောင်ဖြစ်၍ မီးတစ်တိုင်မျှ ထွန်းမထားပေ။ အပြင်က ကြယ်ရောင်ကလေးသာ တံခါးဝမှ ဝင်နေသည်။

ရှေ့သို့ဆက်သွားရာ သုံးလေးလှမ်း သွားမိလျှင်ပင် ဖြည်းဖြည်းညင်ညင် နင်းမှဖြစ်မည်၊ ကြမ်းတွေမှာ ဆွေး၍ ကျဲနေပြီဟု သတိပြုမိတော့သည်။ အိမ်ထဲ ရောက်လျှင်ပင် မောင်စိုသည် ပထမဦးစွာ ယခင် မှန်ကူကွက်မှ မီးရောင်မြင်ရသည့် အခန်းကို မှန်း၍ ရှာသည်။ အခန်းသုံးလေးခန်း ထောင့်ဆိုင်ဖွဲ့ထားရာ မောင်စိုမှာ တစ်ခန်းဝင်မိပြီး တစ်ခန်းသို့ ပြန်လည်ရောက်နှင့် ခေတ္တသော် ဝက်ပါ လှည့်နေရင်း အချိန်ဖြုန်းနေမိသည့်အတွက် ချွေး စို့ခနဲ ထွက်စ ပြုမိ၏။

ရှေ့သို့ တစ်တောင်သာသာမျှထက် ပိုမမြင်။ ခြေလည်း အရမ်း မလှမ်းရဲအောင် ခြတောင်ပို့တွေ မွနေ၊ ခြကိုက်၍ ဆွေးနေသည်ကို သတိပြုမိလေရာ အထူးဂရုထားမှဖြစ်တော့မည်ဟု ရောက်ရာ၌ တုံ့ရပ်ပြီး ဝဲယာကို ခေတ္တစောင့်ကြည့်သည်။ မျက်လုံးကျင့်သားရမှ အခန်းတစ်ခန်း ထောင့်စွယ်မှာ မင်းလမ်းမြှောင်တစ်စင်း သွားတွေ့သည်။

မင်းလမ်းအတိုင်း စမ်းပြီး ဖော့နင်း၊ ချွတ်နင်းခဲ့ရာမှ လက်ယာဘက် တစ်ချိုးအလွန်တွင် မီးရောင် မျဉ်းကြောင်းရာကလေး လင်းနေသော တံခါးပေါက်တစ်ချပ်မြင်သောကြောင့် အပြေးကလေးနီးပါး သွားပြီး ထိုမစေ့တစေ့ တံခါးရွက် နှစ်ချပ်ကြားမှ အတွင်းသို့ အသာအယာ ချောင်းကြည့်၏။

အတွင်း၌ ခင်မှူ သူ့ကို ကျောပေး၍ ဘုရားဝတ်ပြုနေသည်ကို မြင်ရလျှင် မြင်ရချင်း အခန်းတွင်း၌ ခင်မှူ့အပြင် မည်သူမည်ဝါ ရှိသည်ဟု မစိုးရိမ်နိုင်။ တစ်ခါတည်း တစ်ကိုယ်လုံးသွင်း၍ ဝင်လိုက်ပြီးမှ တံခါးကို ညင်သာစွာ ပြန်စေ့လျက် ကျောနှင့်ကပ်ဖိကာ အသက်ရှူမှားမတတ် ရင်တဒုန်ဒုန် ခုန်လျက် တွေရပ်နေမိသည်။

ခင်မှူသည် ခုတင်ကြီး ခေါင်းရင်းရှိ သုံးချောင်းထောက် နရားရုပ်ခံ သစ်သားစားပွဲနိမ့်ကလေးပေါ်၌ ဆီမီးခွက်နှစ်ခွက် ထွန်းညှိကာ တဘက်ဖြူတစ်ထည်ကို ပခုံးတွင် တင်လျက် ဘုရားအာရုံပြုနေသည်။ မောင်စို့ထံမှ ခင်မှူ့အသံကို မကြားနိုင်။ ကျောပြင်ပုံ့ပုံ့ကလေးကိုသာ မြင်နေရ၏။

မောင်စိုသည် ကျုံ့ကျုံ့လေးဝပ်၍ ဦးချနေသော ခင်မှူကို တင်ပါးဆုံကလေးမှ ပြေးမပြီးလျှင် သူ့ရင်ခွင်ကြားသို့ တအားကုန် သွင်း၍ ပွေ့ထားလိုက်ချင်သော်လည်း မျက်တောင်မခတ်ဘဲသာ တွေပြီး စောင့်ကြည့်နေသည်။

စုံဆယ်ဖြာ နေ့ကြွေးလေးလံစွာ ကန်တော့ဝတ်ပြုပြီးလျှင် ခင်မှူသည် နေရာမှ ဖြည်းညင်းစွာ ထ သည်။ ထ ပြီးမှ မောင်စို့ဘက်သို့ လှည့်သည်။ မောင်စိုအား မမြင်သေးပေ။ ခင်မှူမှာ မျက်နှာသေကလေးဖြင့် တစ်စုံတစ်ရာကို စဉ်းစားနေဟန် ရှိ၏။ ပခုံးမှ တဘက်ကို ခုတင်ခေါင်းရင်းသို့ တင်ပြီးမှ ခင်မှူ မောင်စိုကို မြင်မိတော့၏။

မိုတ်တုတ်မိုတ်တုတ် လင်းနေသော ဆီမီးရောင်သည် စားပွဲထံမှ တစ်လံကျော်

ကျော် ပတ်လည်မျှသာ ထင်းထင်းလင်း၍ ထိုထက်ဝေးလျှင်ကား အထက်မှနေပြီး အရောင်ပြန် ဟပ်နေသော နံရံ၊ မျက်နှာကြက်တို့မှ မှုန်ဖွါးမွှား အရောင်ဖြင့်သာ တစ်ခန်းလုံး ရေးတိရေးတေး ဝိုးတိုးဝါးတား နေသည်။

ခင်မှုံသည် ထိုမှုန်မွှားမွှား မီးရောင်ဖြင့် အခန်းတံခါးကို ကျောကပ်၍ ကြည့်နေသော မောင်စိုကို မြင်ခြင်း ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် အသံလည်း မပြု၊ လှုပ်လည်း မလှုပ်၊ အသက်လည်း မရှူ။ အသံပေးလျှင်၊ လှုပ်လိုက် အသက်ရှူလိုက်လျှင် မြင်မိသော တစ်ဖက်သားမှာ ဤနေရာမှ ပျောက်ကွယ်သွားအံ့ကို စိုးရိမ်ပူပင် ရှိကြဟန်ဖြင့် ငြိမ်သက်စွာ ခေတ္တခဏမက စူးစိုက်နေမိကြ၏။ ပြီးမှ တစ်ယောက်ထံတစ်ယောက် အပြေးကလေး တစ်ယောက် ရင်ခွင်သို့ တစ်ယောက်အား သွင်းရန် လက်နှစ်ဖက်စီ ဆန့်တန်းလျက် အခန်းအလယ်သို့ တိုးခဲ့ကြသည်။

ပြီးလျှင် မောင်စိုက 'ဟင် မှုံ၊ ကိုစိုတော့ ပြန်သွားရင် နေတတ်မှာ မဟုတ်ဘူး ကွယ့်။ ဘယ့်နဲ့လုပ်မလဲ'ဟု မေးလိုက်၏။

ဤတွင်ကျမှ ခင်မှုံ မောင်နောင့်ကို သတိရသည်။ ဟုတ်သယ်၊ ဘယ့်နဲ့လုပ်မလဲ။ ယခု မောင်နောင် သိလျှင်၊ မောင်နောင်နှင့် ဦးမင်းဒန် သိလျှင် ...။

ခင်မှုံသည် မောင်စို့ရင်ခွင်မှ ကိုယ်ကလေးကို လျင်မြန်စွာ လူးလွန့်ထွက်ရင်း ရုတ်တရက် မောင်စို့ထံပါးမှ ဖြုတ်ဖြုတ်ပျာပျာ ဆုတ်ခွာလိုက်၏။ ယခုမှ သူ့ခမျာ အိပ်မက်နှင့် လန့်နိုးသကဲ့သို့ အံ့အားလေးသင့်စွာ–

'ကိုစို၊ သူ....'ဟု လွတ်ခနဲ ဆိုလိုက်သည်။ မောင်စိုက နားမလည်ဟန် မျက်ခုံးကလေး ပင့်၏။ နှုတ်ခမ်းမွေးလေးရေးရေးနှင့် သျှောင်တစောင်းတွဲ၊ နားတောင်းကလေး တလက်လက်နှင့် မောင်စို အလှကျက်သရေ တိုးဝေနေသည်။

'သင်း၊ သင်း ခုတလော အင်တန် စိတ်ထန်နေသယ်' မျက်လုံးအဝိုင်းသားဖြင့် ခင်မှုံ ကြောက်သံကို မထိမ်ဝှက်ဘဲ ပြော၏။

'အသူတုံး'ဟု မေးပြီးမှ 'ငနောင်လား'ဟု ပြေး၍ သတိရလိုက်သည်။

သို့သော် ငနောင့်မျက်နှာမှာ လျင်မြန်စွာ ပျောက်သွားပြီး လက်ကိုင်တစ်မွေ့ ရှေ့တွင် ဆီမီးရောင်မှုန်မှုန်၌ ခင်မှုံကို ထင်းထင်းကြီး ယခင့် ယခင်ထက် လှပစိုပြည်နေသမျှကိုသာ သူ မြင်နေရပြီ။

'ဟုတ်သယ်၊ သင်း... သင်း အရင်ကနဲ့ မတူဘူး၊ သာလို့ ကြမ်းတမ်း၊ သာလို့ မာကျော၊ သာလို့ သန်၊ သာလို့ မြန်သယ်။ ပီး ကိုရင်ညို့ကို သာလို့ ငြိုး၊ သာလို့ မုန်းနေသယ်'

မောင်စိုက ဤတွင်မှ ခုတင်ပေါ် လက်ထောက်၊ ကိုယ်ကလေး နောက်လှန်၍ ပြုံးသည်။

'နောက်ပီး သင်းနဲ့အတူ ဦးမင်းဒန်လည်း ရှိသယ်။ အင်တန် ဓားစွမ်းသတဲ့

ကိုစိုရဲ့။ မဏ္ဍရာကိုယ်တော်ကြီးရဲ့ ကျွန်ဟောင်း....'ဟု ပြောနေသော ခင်မှုံကို မောင်စိုက လှမ်းဆွဲပြီး ပါးစပ်ကလေးကို ခပ်မျှဉ်းမျှဉ်း ပိတ်ထားလိုက်သည်။ ပိတ်ထားသည့် လက်နောက်မှ 'ကိုစို၊ ဟိုက နှစ်ယောက်နဲ့....'ဟု ခင်မှုံ မျက်တောင်တွေ ပင့်၏။ မောင်စိုက ဂရုမစိုက်ဟန်ဖြင့်...

'မှုံ၊ ခုလို တွေ့ပီးမှ တစ်ယောက်တည်း ပြန်ရရင် စိုတော့ အခက်ပဲ'ဟု ပြောကာ ခါးကလေးကို ဆွဲလျက် နေရာမှ ထပြီး 'လိုက်ခဲ့တော့ကွယ်'ဟု ခေါ်လိုက်၏။

ခင်မှုံသည် ငစို့ရင်အုံပေါ်မှ လက်ကလေးတွေကို ညင်သာစွာ ပြန်ချသည်။

'လိုက်မယ် ဟုတ်စ၊ မှုံ'

ခင်မှုံ ခေါင်း ဖြည်းညင်းစွာ ခါတော့၏။

မောင်စိုက နှုတ်ခမ်းကိုက်ပြီး နဖူးကြောကြီးတွေ ထ သွားသည်။ ခင်မှုံက မော့မကြည့်ဘဲ 'မဖြစ်နိုင်ပါဘူး စိုရယ်'ဟု အသံကလေး တုန်ရာမှ ခေါင်းကလေး ဆက်ခါရင်း 'သင့်ကလေး ကိုယ်ဝန် သုံးလကျော်သွားပြီ'ဟု အတော်ကြာ ငြိမ်နေပြီးမှ မျက်ရည်ပေါက်ကို တို့လျက် လေသံပျော့ဖြင့် ပြောသည်။ ငစိုတွင် အရုပ်ကြိုးပြတ်သလို ဖြစ်သွားတော့သည်။ သက်ပြင်း ဟင်းခနဲ ချတော့မှ–

'စိုရယ် နောင်ခါမှ....'ဟု ခင်မှုံက ရင်ခွင်သို့ ခေါင်းသွင်းသည်။ ထိုအခိုက် ခင်မှုံ့အခန်းပြင်မှ ခြေသံကို ကြားရသည်။ မောင်စိုတွင်ကား တွေနေသည့်ကြားမှ ဘာမျှ မကြားမိ။ ခင်မှုံက လက်မောင်းကို ဆတ်ခနဲ လှမ်းဆွဲပြီး ခုတင်နောက်သို့ ငုံ့ဆွဲချမှ ဓားကို အိမ်မှချွတ်ရန် ပြင်ရင်း ကိုယ်ကိုတောင့်၍ ရပ်ထားသည်။

'မဖြစ်ဘူး ကိုစို၊ တစ်ယောက်နဲ့ နှစ်ယောက်၊ မဖြစ်ဘူးနော'ဟု ဆိုသည့်တိုင် တံခါးပေါက်သို့သာ တွေ၍ ကြည့်နေသည်။ ခြေသံကား တရွေ့ရွေ့ နီးလာသည်။ 'ကိုစို ... မှုံလေ... မှုံ၊ မှုံ့ကို ချစ်ရင်....'ဟု ဆိုမှ ဓားအိမ်ကို တင်းတင်းဆုပ်လျက် ကိုယ်ကို ပုထိုင်ပြီး ခုတင်နောက်သို့ လျှိုးဝင်လိုက်ရသည်။ အခန်းတစ်ခန်းလုံးကား ခုတင်နှင့် စားပွဲကလေးမှ တစ်ပါး ကျွန်းသေတ္တာကြီးတစ်လုံးအပြင် ဘာမျှ မရှိပေ။ အကင်းပါးသော ခင်မှုံက မောင်စို့အား လျင်မြန်စွာသွင်းပြီး မရှေးမနှောင်းပင် တံခါးရွက် ပွင့်သွားပြီး အခန်းဝသို့ ဦးမင်းဒန် ရောက်လာလေသည်။

'ရှိ ဘုရားမီးတွေ ထိန်လို့ပါလား။ ဆီမီးခွက်ကို သည်လို မထွန်းပါနဲ့။ မတော်တဆ ကြွက်ပါခုန်ပီး လဲကျမှဖြင့် ခြထိုးထားလို့ အရန်သင့် ဆွေးနေသဲ့ သူတို့ အဓိကရ အိမ်စုတ်ကြီး ပြာကျသွားလို့ သားအမိနှစ်ယောက်စလုံးက အမိလေးကို ဝိုင်းဖဲ့လိမ့်မယ် ဆိုသာ ဘယ်နှကြိမ် ပြောရမတုံ့ကွယ်'ဟု ပြောပြောဆိုဆို အခန်းတွင်းသို့ ပိုင်စိုးပိုင်နင်း ဝင်လာသည်။ မောင်စိုတွင် ခုတင်နောက်မှ ဝပ်ရင်း ဝင်လာသူထံ ရင်တမမ ကြည့်နေသည်။ ခင်မှုံ့အသံကိုကား မကြားရ။ ခင်မှုံမှာ ပြန်ပြောဖို့ထက် အရေးကြီးသော ကိစ္စတစ်ခု ရှိနေသည် မဟုတ်လော။ သူ့ခမျာ အသက်ရှူပင် မမှန်။ 'လာ၊ မင့်လင် မေးနေသယ်။ ဟိုအမယ်ကြီး အရိုးတွန်နေပြန်ပီသဲ့'ဟု ခေါ်ကာ ဦးမင်းဒန်က ဆီမီးတွေ ဟူးဟူးနှင့်မှုတ်

ပြီး ရှေ့မှ ထွက်သွားသည်။ ခင်မှုံလည်း နောက်က ထက်ကြပ်လိုက်သွားရလျက် သူတို့ နှစ်ဦးသား တံခါးဝရောက်လျှင် မှန်ကူကွက်ဖော် ပြတင်းပေါက်၏ မင်းတုပ်ချက် ချောက်ခနဲ မြည်သွားသံကြားမှ ဟင်းခနဲ သက်ပြင်းချနိုင်ရှာတော့သည်။ မောင်စိုမှာကား ခင်မှုံတို့ ခြေသံဝေးသည်နှင့် မရှေးမနှောင်းပင် ပြတင်းပေါက်ကိုဖွင့်၍ အပြင်သို့ ခုန်ချလိုက်ခြင်း ဖြစ်ပေသတည်း။

အပြင်၌ လရောင်ကလေး မှုန်တိမှုန်မွား ဖြစ်နေသော်လည်း လမင်းကြီးကိုကား အရှေ့ဘက် ခင်တန်းစပ်ကို ကျော်နေတုန်းအခိုက် ရေးတေးတေးသာ မြင်ရသည်။ မြင်းဇောင်းကို ဖြတ်၍ ယခင်ကအတိုင်း ထွက်ပြန်ခဲ့ရင်းမှာ ခေါင်းထဲတွင်ကား အထွေထွေ အထွာထွာ ဖွေရှာတွေးတော သွားရှာမိတော့သည်။

ပါပ ကရဏေ၊ ရဟာ ဘာဝတောဝိ အရဟံ။

ပါပကရဏေ၊ အကုသိုလ်ပြုခြင်း၌။ ရဟာ ဘာဝတောဝိ၊ ဆိတ်ငြိမ် ကွယ်ရာ အရပ် မရှိသည်၏ အဖြစ်ကြောင့်လည်း။ အရဟံ၊ အရဟံ မည်တော်မူ၏ ဟု ပါရာဇိကဏ် အဋ္ဌကထာ ပါဠ်၌ ထာဝစဉ် မှတ်ရစ်အောင် ဘုရားရှင်စော ဖွင့်လှစ် မြွက်ဆိုတော်မူ၏။ အဋ္ဌကထာ ပါဠ်၌ပင်လျှင် ဆက်လက်၍–

နရဟော၊ ကရောတိ ပါပနိ၊ အရဟံ တေန ဝုစ္စတိ။

ယောဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ရဟော၊ ဆိတ်ကွယ်ရာ အရပ်၌။ ပါပနိ၊ မကောင်းမှုတို့ကို။ နကရောတိ၊ ပြုတော်မမူ။ တေန၊ ထိုကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ ဟု ဖွင့်ဆိုတော်မူပြန်သည်။

ဆိတ်ကွယ်ရာ အရပ်၌ မကောင်းသောအမှုကို မပြုအပ်ဟု မြစ်တားဆုံးမ သြဝါဒ ဒေသနာ ကြားတော်မူရှာသော ဘုရားရှင့် တရားတော်မြတ်ကို မပြတ် လေ့လာနိုင်မှသာလျှင် ဘုရားကို ကိုးကွယ်ရာ၊ ယုံကြည်ရာ ရောက်ပေမည်။

ပဥ္စသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်ဟု ဆိုလင့်ကစား ထိုပုဆိုးမြဲအောင် ခါးပုံကြားမှ စီးရသော ခါးစီးကြိုးနှင့်တူသည့် ကိုယ်ကျင့်တရား မရှိငြားမူ ပုဆိုးမြဲမည် မဟုတ်ပေ။ ပုဆိုးချည့်သက်သက်ကို မြဲအောင် ဝတ်နိုင်လျှင်သော်ကား ခါးစီးကြိုး မလို။

မည်မျှပင် သိမ်မွေ့နူးညံ့သည်၊ ကိုယ်နှုတ် အမူအရာ ချိုသာသည်၊ ပညာဉာဏ် ဗဟုသုတ ကြီးမားသည် ဆိုလင့်ကစား ခါးစီးကြိုး မမြဲသူ ပုဆိုးကျွတ်သကဲ့သို့ ကိုယ်ကျင့်တရား ကိုယ်နှုတ်နှလုံး ထိန်းသိမ်းစောင့်စည်းမှ အကျင့်သိက္ခာကောင်းနှင့် ပြည့်စုံသည်ဟု ခေါ်ရပေမည်။

နောက်နောက်က ဤသူ ဤသူသည် ကိုယ်ကျင့်တရား စာရိတ္တ မှန်ကန် ဖြောင့်မတ်သည်ဟူ၍ ချမှတ် လက်ခံထားပြီးသူမှာ နောက်နောင်ကိုလည်း ဤအတိုင်း ပြုမူ နေထိုင်မည်ဟု အချိုးမွမ်း မစောရာ။ မဖြောင့်မမှန် မှားယွင်းသောအမှုကို အခါအခွင့်

ရလျှင်ရချင်း ပြုလုပ်ရန် ဝန်လေးမည်လော၊ မလေးမည်လောဟု သတိပြု၍ စိစစ်ရာသည်။ စောကြောရာ၏။

အတိတ်တုန်းက ကိုယ်ကျင့်တရား မည်မျှပင် သော့သွမ်း ပေါ့ရမ်းသည်ဟု အဓိကရ သတင်းကြီးသူပင် ဖြစ်လင့်ကစား တကယ့်အရေးတွင် တကယ် အရာရောက် အောင် လက်ထိလက်ရောက် ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းလျက် မကောင်းဟု ထင်သော အမှုကို အခွင့်အရေး မည်မျှပင် ရာကြ၍ရစေ၊ ချိုးနှိမ်ပဲ့ပြင်နိုင်တတ်ကြောင်းဖြင့် အကြောင်း အားလျော်စွာပင် သာဓက ထားနိုင်လေသည်။ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပင် ဖြစ်ငြား၊ တူညီသော အရေးအခင်း အမှုအခြေတွင် ပြုနေလုပ်ပုံကို အဖုံဖုံ ခြားနားနိုင်ပေသည်။

ရွှေဘိုကျေးလက် ရွှေဘိုမြို့နှင့် အရှေ့ယွန်းယွန်း အရပ်တွင် ဧရာဝတီမြစ်မကြီး၏ အနောက်ကမ်းခြေ၌ သစ်ဆိမ့်ကြီး၊ ရှိမ္မကား စသော ရွာကြီးနှစ်ရွာ တည်ရှိလေသည်။ ထိုရွာကြီးများ ရှေ့ပတ်ဝန်းကျင်တွင် ဧရာဝတီမြစ်အတွင်း သစ်ကြီးဝါးကြီးတို့ဖြင့် ပိတ် ပေါင်း ခြုံလွှမ်းနေသော ကျွန်းကြီးများသည် မြစ်ရေ တသွင်သွင်ကို ဦးတိုက်၍ ညို့ညို့ မှိုင်းမှိုင်း အုံ့ဆိုင်း ပေါ်ထွန်းနေလေသည်။

ကျွန်းကြီးများ၏ ကမ်းပါးယံတို့မှာ ကျောက်သားပြကတိဖြစ်၍ အချို့နေရာများ တွင် သစ်ပင် နွယ်ပင်များ အလျှင်း မပေါက်နိုင်အောင် အငူအငေါ် ထွန်းပေါ်နေသည်။ ပေါက်ရောက်နိုင်သည့် အကွက်၌ ကျွန်းပင်၊ အင်ပင်၊ ညောင်နံ့သာပင်၊ သရက်၊ ပိန္နဲ၊ ကုက္ကို စသော အပင်ကြီးများ လုယက်ပြွတ်သိပ် ဖြစ်ထွန်းနေ၍ တောပန်း တောင်ပန်း များလည်း အဆန်းအပြား ပွင့်ဖူး စွင့်ငွားနေတတ်သည်။

တောကြီးများကဲ့သို့ သစ်ကြီးဝါးကြီးများ ထူပျစ်သောအပိုင်း၌ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် စသော တောတိရစ္ဆာန်နှင့် ကျေးငှက်များ နေထိုင်ကျက်စားကြ၍၊ အချို့ ကျွန်းကြီးကျွန်းငယ်များတွင်လည်း မြစ်ရေစပ်အထိ လွင်ပြင် မြေပြန့်ကလေးများ ဖြစ်ထွန်းနေလေ့ ရှိ၏။ နွေရာသီဦး ဆောင်းရာသီနှောင်း တန်ဆောင်မုန်း၊ နတ်တော်လ များမှ စတင်လျက် ရေလယ်အထိ သောင်ကောစ ပြုတတ်၏။ ထိုအခါများမှာ နှောင် တစ်မိုး မကျမီအထိ သောင်ပြင်ကြီးများပေါ်အရောက် ယာကွက် ကိုင်းခင်း သွား၍ လုပ်ကိုင်နိုင် လေသည်။ ထိုသောင်ကြီးများ၊ မြေနုကျွန်းငူကြီးများနှင့် တောရှင်းသော ကျွန်းမြေသားများပေါ်မှာ မိတင်းနေထိုင်ကြသော ယာသမား၊ ကိုင်းသမားများ အပြင် အမဲလိုက် မုဆိုးအချို့လည်း ရှိနေတတ်သေး၏။

ရှိမ္မကားမှ အရှေ့တောင်ယွန်းယွန်း ကူးတို့ဆိပ်ကို ရေးရေးမျှ မြင်ရသောနေရာ တွင် ကျွန်းငယ်ကလေး တစ်မြှောင်ရှိရာ ထိုကျွန်းကလေး၏ မြောက်မျက်နှာစာတွင် တောတန်းအုပ်ကလေး ဖြစ်နေ၍၊ တောင်ဘက်အစွန်း၌ကား ကိုင်းကွက်ကလေးတစ်ခင်း ရှိသည်။ ကိုင်းထဲတွင် သက်ငယ်မိုး၊ အင်ဖက်ကာနှင့် တဲကလေးနှစ်လုံးရှိရာ တစ်တဲမှာ ယာသမားကြီး မိသားတစ်စု လေးဦးနေ၍ တဲလွတ်တစ်လုံးသည်ကား ယာရှင်အဘိုးကြီး

၏ တူတော်သူ မုဆိုးတစ်ယောက် ရံဖန်ရံခါ အသုံးပြုတတ်သည့် စတည်းချရာ စခန်း ဖြစ်သည်။ ယခု ထိုမုဆိုးသည် အထက် ကောလင်းနယ် မန်လည်မြို့ မောင်စို့အိမ်တွင် ရောက်နေ၍ မောင်စိုကမူ သူ့ယာတဲကလေးမြောက်ဘက် မြစ်ရေစပ်ရှိ ပိန်းကောမလေး ဝမ်းပြင်တွင် ငုတ်တုတ်ထိုင်နေသည်။

ပိန်းကောကလေးသည် ရေစပ်တွင် လှိုင်းပုတ်ပြီး ခေါင်းကလေး တမော့မော့နှင့် ရေညာသို့ စင်း၍နေသည်။ ဦးမှ ပိုက်ဆံကြိုးတစ်လုံးဖြင့် ငုတ်သို့ချည်ထားသည်။ မောင်စို သည် အနောက်ဘက်ကမ်းစပ်သို့ မျှော်ကြည့်နေ၏။ ဝင်လုဆဲဆဲ နေမင်းသည် နီထွေး သော မျက်နှာဝိုင်းကြီးဖြင့် ရေးရေးမျှ မြင်ရသော မြစ်ကမ်းခြေ ကိုင်းစပ် ယာစပ်ကလေး များ ပေါ်တွင် ဝဲနေသည်။ မောင်စို ကြည့်ရာ အနောက်ဘက်ကမ်းစပ်အထိ ရေပြင်တွင် နေလုံးနီကြီး၏ မျက်နှာရိပ်သည် တန်း၍ထင်နေသည်။ မြစ်တစ်စင်းလုံးရှိ ရေပြင်ကား မျက်စေ့တစ်ဆုံး ပုစွန်ဆီရောင်ႇမြန်း၍နေသည်။ အနီရောင် အနားသတ်၍ အပြာရောင် မှိုင်းမှိုင်းနှင့် ညို့စ ပြုနေသည်။

ရေပေါ်ဝဲ၍ ကောင်းကင်တစ်ပြင်လုံး မြူတွေဆိုင်းစ ပြုသည်။ သောင်စပ်တစ်ဝိုက် ကျွန်းငူလိုက်ရာ ရေလယ် ရေအိဉ် ငါးကြင်းပေါက်ကလေးတွေ၊ ငါးထွေတွေ မြူးလိုက်နေ ကြသည်။ မြစ်ရေကို ဆန်၍ တောင်လေကလေး ထန်နေရာ လှိုင်းလုံးကလေးတွေမှာ ရေစီးကိုကန်ပြီး ခုန်ပေါက်မြူးထူးနေသည်။ သောင်စပ် သဲပြင်နွယ်လေးများ တစ်ဝိုက်တွင် ထိုလှိုင်းကြက်ခွပ်ကလေးတွေမှာ နေရောင်ရဲရဲ၌ ဖွာခနဲ ဖွာခနဲ ရိုက်ကာ ငိုက်ကာ ဝိုက်ကာ ကစားနေရာ လှိုင်းလုံးကလေးတွေကြားမှ တစ်နေရာနှင့် တစ်နေရာ ခုန်လွှား ကူးလူး နေသော ငါးကြင်း၊ ငါးထွေကလေးများကို စင်ရော်တွေ၊ ဗျိုင်းတွေ၊ တိန်ညင်းတွေက ဝဲကာ ပျံကာ ထိုးသုတ် ချီသွားနေကြသည်။

သောင်ပြင်စပ်မှာ ကွန်ရက်ဖြင့် လည်းကောင်း၊ ပိုက်စိပ်ဖြင့် လည်းကောင်း ငါးဖမ်းနေခဲ့သော တံငါလှေကလေးတွေလည်း တအိအိနှင့် မြူလုံးပိကာ ကျွန်းကလေး တွေ အစွယ်၌ နေလုံးကြီးကို ကျောပေး၍ ပျောက်ကွယ်သွားကြသည်။

နေလုံးလည်း ကိုင်းစပ်သို့ ငုံ့လျှိုး၍ သွားခဲ့ပြန်ရာ မောင်စိုသည် ပိန်းကောကလေး ပေါ်တွင် သက်ပြင်း ဟင်းခနဲ ချပြီး ရေစပ်သို့ ဖြည်းညင်းစွာ ဆင်း၍ သဲသောင်ပြင်ကလေး ပေါ်မှ လေးလံသောကိုယ်ဖြင့် ကိုင်းထဲသို့ ဝင်လာခဲ့သည်။

ကိုင်းတဲရှေ့မှ အဘိုးအိုက ဆေးတံတိုကို ခဲရင်း စိတ်လက်မကြည်သာ အလို မပြည့်သော သွင်ပြင်မူရာဖြင့် ခေါင်းငိုက်စိုက်ချလာသော မောင်စိုအား ‘မြင်သေးဘူး ဟုတ်စ’ဟု ညင်သာစွာ မေးသည်ကို မောင်စိုက ‘မြင်သေးဘူးဗျာ၊ မြစ်ထဲမလည်း လှေစ လှေနတောင် မကျန်တော့ဘူး။ သည်ကနေ့တော့ ရောက်မယ် မထင်ပါဘူး’ဟု တစ်စုံတစ်ရာကို အားလျော့သလို မမြင်သော မျက်လုံးဖြင့် အဘိုးကြီးထံ မော့ကြည့်မှ ‘ကွယ် လာပါလိမ့်မယ်၊ ညဉ့်ဦး လကလေး အရှိသားကပဲ’ဟု နှစ်သိမ့်စေသည်။ မောင်စို သည် သူ့အတွက် ပေးထားသော တဲယယ်သို့ ဝင်သွားမှ ဖြူဖွေးသောခေါင်းကို ခါရင်း

အနီးသို့ရောက်လာသော ရင်လျားဖြင့် ဇနီးသည်နှင့်အတူ မြစ်ပြင်သို့ ခေါင်းတခါခါ လည်တဆန့်ဆန့် မျှော်ငုံ့ကြည့်ရှု နေရစ်တော့သည်။

## ၂၉ | ဖုန်းဘ၀ အဖို့၊ အဆုံးရဲ့ အစ

နတ္ထိ အန္တော ကုန္တော အန္တာ၊
အန္တောစ နာပိဿတိ။
တဒါဟိ ပကတံ ပါပံ၊
မမ တုယှဉ္စ မာရိသာ။

မာရိသာ၊ အိုအချင်းတို့။ အန္တော၊ ငရဲ၏ အဆုံးသည်။ နတ္ထိ၊ မရှိ။ ဟိ၊ သင့်စွ။ ။ တဒါ၊ ထိုလူ့ပြည်၌။ မမစ၊ ငါသည်လည်းကောင်း။ တုယှဉ္စ၊ သင်တို့သည်လည်းကောင်း။ ပါပံ၊ မကောင်းမှုကို။ ပကတံ၊ ပြုမိ၏။ အန္တော၊ မကောင်းမှု၏ အဆုံးကို။ နာပိပဿတိ၊ မမြင်ပါတကား။ **(ဓမ္မပဒဝတ္ထု)**

'ကိုရင်သင်... ကိုရင်သင်၊ လာပြီ၊ လာပါပြီ တော်ရေ့'ကိုင်းရှင် အဘိုးကြီး၏ သမီးလေး ခေါ်သံကြားမှ မောင်စိုသည် တဲပေါ်က တရမန်းကြမ်း အပြေးဆင်းခဲ့၏။ ပုဆိုးခါးပုံ မသိမ်းမိဘဲ တဲပေါ်၌ တရွတ်တန်း တိုက်လာရှာသည်။ တစောင်းခွေ ဆံထုံး လည်း ပြေလျက် ... ဝေလျက်....။

'ဘယ်မတုံး၊ ဘယ်မတုံး'ဟု မေးပြီး မိန်းမငယ်က 'ဟိုဘက်ဆီမယ်၊ အရှေ့က ကျွန်းငူလေး မြောက်ဘက်စွန်းဆီမယ်။ ပိန်းကောမကြီးပေါ့တော့'ဟု ပြောပြီး လက်ညှိုး ညွှန်ရာသို့ ရှေးရှု၍ ရေစပ်သို့ ငစို တရစပ် ပြေးဆင်းရှာသည်။

ပိန်းကောမကြီးတစ်စင်းမှာ နေလုံးကွယ်ပျောက် ညိုရောင်ကို ပြာရောင်နှောင့် နေသော ဆည်းဆာအချိန်တွင် မြစ်ရေပြင်၌ မည်းမည်းအုံ့အုံ့ကြီး တမြုံ့မြုံ့ လာနေသည်။ ကျွန်းငူကလေးကို လွန်ပြီး သူ့ထံ တည့်တည့်မှန်းကာ တန်းလာနေသော လှေကြီးထံသို့ အရောက် ရေပေါ်က ပြေးလျှောက်မိ မတတ်ပင်။ ရေဒူးခေါင်းခန့် နက်ရာရောက်မှ မောင်စို ရပ်တန့်လိုက်သည်။ ပုဆိုးစမှာ ရေစီးအသွင်နောက်သို့ အမျှင်မျော၍ ပေါလော ပါနေလေပြီ။

လေပြည်ညင်းကလေးတွင် ဆံပင်တွေ၊ ဆံစတွေ နဖူး နားသယ် ကုပ်ပေါ်သို့ ဝဲပျံနေလျက်။ မောင်စိုသည် လှေကြီးထံသို့သာ စူးစိုက် ငမ်းစောနေရှာ၏။ လှေကြီးကား ရေစီးကြောင်းအတိုင်း စုံ၍လိုက်ခဲ့သည့်တိုင် အလာနှေးလှသည်ဟု ထင်မိစရာ။ ရွက်လည်း ဖွင့်ထားမှန်း သိသော်လည်း တစ်စစ နီးလာသောအခါ ရွက်ထဲသို့ လေမဝင်တော့မှန်း သိရသည်။ ကျွန်းငူကလေးနှင့် ကွယ်သွားစဉ်က စ၍ မြစ်လယ်မှ ရွက်ရှိန်ဖြင့်သာ တလူပ်လူပ် လာရခြင်း ဖြစ်ဟန်တူသည်။

တဖြည်းဖြည်း မောင်စိုနှင့် နီးနီးလာရာ ရွက်ကိုလေပုတ်သော တဖတ်ဖတ် အသံနှင့် လှေသမားတို့၏ တက်ခတ်သံ၊ ထိုးဝါးစိုက်သံ၊ နတ်သံ စွတ်စွက်စုပ်စပ်

စသည်ကို ကြားလာရသည်။ မရှေးမနှောင်းပင် ပိန်းကောမကြီး၏ ဝမ်းပေါင်းအောက်မှ ကိုယ်တစ်ပိုင်းဖော်နေသော အင်္ကျီဖြူကလေးကို မြင်ရလေသည်။ မောင်စိုမှာ ရေထဲတွင်ပင် ရှေ့သို့ တစ်လှမ်းတိုးမိ၏။ ခြေဖဝါးအောက်မှ သဲကလေးတွေ ရေစီးဖြင့် တရွရွ တိုးထွက်နေမှန်းပင် သတိမပြုမိ။ အင်္ကျီဖြူကလေးနှင့်အတူ ဖြူရောင်ရောင် မျက်နှာကလေး၊ လေတွင် တသွင်သွင်နေသော ဆံယဉ် ဆံစ......။

ပိန်းကောပေါ်မှ ကုန်းပေါ်မထိုးမီ လှေနံစောင်းသို့ မောင်စို ကိုင်မိလျက်သား ဖြစ်နေသည်။ ခင်မှုံ လှေပေါ်မှ ဆင်းပြီး လှေသူကြီးနှင့် နက်ဖြန်နံနက် နေ့ထွက်အရောက် လာကြိုရန် မှာကြားသည်ကိုပင် ကြာရှည်မစောင့်နိုင်။ လက်ချင်းတွဲပြီး ကိုင်းပေါ်သို့ ပြေးဝင်လာခဲ့တော့သည်။ နောက်ခိုင်းထားခဲ့သော ပိန်းကောမကြီးလည်း ကမ်းစပ်မှ တဗျတ်ဗျတ် ခွာထွက်သွားတော့သဖြင့် ညို့မှိုင်းမှိုင်း မြစ်ပြင်လယ်သို့ တရွေ့ရွေ့ ကွယ်ပျောက်သွားလေသည်။

မောင်စို ဣန္ဒြေမဆည်နိုင်အောင် စောင့်မျှော်နေရသူကိုကား ကိုင်းရှင် မိသားတစ်စု ကောင်းစွာ မမြင်ရပေ။

စံပန္နဂိုရ် ရွာသား မောင်ရင်သင်မှာ သူတို့၏တူ ငကွမ်းနှင့် သိကျွမ်းသည်။ ထိုမောင်ရင်သင်မှာ အကြေကုန် ကူးသည်။ သူနှင့် ရည်ငံနေသော သပိတ်ကျင်းသူ၏ မိဘများက သူနှင့် သဘောမမျှကြသဖြင့် တစ်ဦးကိုတစ်ဦး ချိန်းဆို၍ ပြေးရှောင်ခဲ့ကြသည် ဟုသာ သိထားကြသည်။ 'ကွယ် အမှင်းစားပီးပလား မေးချေပါ'ဟု ခိုင်းသဖြင့် သမီးအကြီးက တဲပြင်မှ သွားမေးရာ တဲတွင်းမှ မောင်စို့အသံနှင့် မစားရသေးပါ၊ စောစောက ချက်ပို့သည့် အမှင်းပွဲကို တစ်ဆိတ်ယူခဲ့ပါဟု ပြောသဖြင့် 'သွားပို့ချေပါကွယ် အမိရယ်၊ ရေနံတိုင်လည်း ယူသွားဟော့။ ပီး ချက်တစ်ဖြုတ် ပြန်လာ။ စကားကောင်းမနေနဲ့ အေရဲ့။ သူတကာမယ် ပုန်းလျှိုးဝှက်လျှိုး နေရသာနော'ဟု အဘိုးကြီး လင်မယားက အလိုက်သိစွာ ထမင်းပွဲ အပို့သွားသော သမီးအား မှာကြားရှာ၏။

သူတို့အဖို့ အပို့လာသော စားစရာများကို မျိုး၍မကျ ဖြစ်နေသည်။ ခံတွင်းမတွေ့၍ မဟုတ်ပေါင်ပါ။

ငါးပြုတ်ရေလုံ၊ ငရုတ်ဆီဆမ်း၊ ပဲပုတ်နှမ်းဖြူး၊ ခဝဲညွန့်ဖူး တို့စရာ၊ သူ့နေရာ သူ့အချိန်နှင့် မြိန်ချင်စရာ။ မှိတ်တုတ်တုတ် ရေနံတိုင် အရောင်ဖြင့် မျက်လုံးတွေ တလက်လက်နှင့် ငေးသည် ထမင်းကို မျိုး၍မရပေ။ 'စားကွယ် မှုံရယ်၊ သည် ငါးဖတ်လေး' ဟု ခင်မှုံ့ရှေ့မှ ဒေါင်းလန်းစောင်းတွင် ပုံပေးရာ ခင်မှုံကလည်း မောင်စို့ဘက်သို့ ငါးသားကို တွန်းပေးသည်။ 'ရှိပါစေ ကိုစိုရယ်၊ အကျွန့်ရင်ထဲ ပြည့်နေရို့ပါ' မှုံစားကွယ်၊ စိုစားကွယ်နှင့် ငါးဖတ်နနွင်းဆင်းရဲ အတုံးကလေးမှာ ဒေါင်းလန်းဟိုဘက် သည်ဘက် နှစ်ခွန်းကြား၌ ဒုန်းရိုက်၍ လှည့်နေရပြီး နောက်ဆုံးကျမှ ထမင်းပုံဖွေးဖွေး နှစ်ပုံကြား အလယ်တွင် မောမောနှင့် လဲနေရှာတော့သည်။

'မှုံ မလာတော့ဘူး မှတ်လို့ စိတ်ပျက်ပျက်နှင့် ထိုးလှဲနေလိုက်ရော့မလို့၊ ကြည့်စမ်း

ပ အိပ်ရာ'ဟု မောင်စိုက သူ့ခရီးသွား လဲမွေ့ရာကလေးကို ပြသည်။ လဲမွေ့ရာကလေး သည် တွန့်ရှုံ့တွနေသည်။

'သာတောင် ရေစုန် လေစုန်မို့ ပစ္စည်းတွေတင်သဲ့ စေည်သူ့လှေကို အမီလိုက်ပီး မှာနေရလို့။ သစ်ဆိမ့်ကြီးမယ် တစ်ထောင့်ကြာနေသာ။ စေည်သူက မနက်ဖြန် နေအရှက် တက်မယ် သစ်ဆိမ့်ကြီးက ထွက်လာမယ်။ အကျွန်က သည် ရှိမ္ဗကားက ဆီးစောင့်ရမယ် လေ'ဟု ခင်မှုံက ပြန်ပြောပြီး ထမင်းပွဲမှ ထကြသည်။ ဒေါင်းလန်း၊ ဟင်းခွက်၊ လက်ဆေး ပလုံး စသည်ကို တဲတစ်နေရာတွင် သွားထားနေခိုက် မောင်စိုသည် လက်ပါ သုတ်၊ ရေပါ သောက်ပြီး အိပ်ရာပေါ်မှာ တစောင်းလှဲရင်း ခင်မှုံ့အား နောက်ကျောမှ မချင့်မရဲ ငေးနေမိ၏။

ခင်မှုံမှာ သိမ်းဆည်းနေရာ၊ ရေသောက်နေရာမှ မောင်စို သူ့ကို ကြည့်နေမှန်း သိသည့်အတွက် တစ်ကိုယ်လုံး ပူရှိမ်းရှိမ်းကြီး ဖြစ်နေသည်။ လက်သုတ်ပဝါဖြင့် လက် သုတ်နေရင်းကျမှ မောင်စို့ခြေရင်းက ရပ်၍ တစ်မျိုးလေး ပြုံးသည်။ နှလုံးသားကား ဒုန်းကြွနေပြီ ဖြစ်လေရာ မို့မို့ပိပိ သူ့ရင်သားလှ အိအိလေးမှာ တရိရိတုန်သလို အသက်ရှူ မလုံ ပါးစပ်ကလေးစေ့၍ လည်ပင်းထဲက အစ်တက်ကာ ခေါင်းထဲမှာ အုံစ ပြုလေပြီ။

အပြင်၌ တိတ်ဆိတ် ငြိမ်သက်နေ၏။ တစ်ဖက်သော တဲမှပင် စကားသံ မပြုကြ တော့ပေ။ ကိုင်းပင်တွေ လေရှပ်ပြီး ဖြတ်သံ၊ ငုတ်တိုင်မှာ ဦးခိုက်ပြီး လေတိုက်သို့ အပါရန်နေသော သောင်စပ်က တံငါလှေကလေးထံမှ ပဲ့စင်ကို ့ပွိုင်းပုတ်နေသော အသံ၊ ညဉ့်ဦး လေပျို့ဖြင့် တခိုခို ရိသဲ့သဲ့သာ။

လက်သုတ်ပဝါကိုင်ပြီး ခင်မှုံ အတန်ကြာ မောင်စို့ကို ကြည့်ရင်းက ခေါင်းငုံ့သွား ၏။ မို့ယောင်ယောင် ရင်အုံကလေးမှာ ဖျင်အင်္ကျီအောက်မှ ကြွချည် ဖောင်းချည် ဖြစ်နေ သည်။ မောင်စိုမှာလည်း ဒူးနှစ်ဖက်စေ့၍ တစောင်းလှဲနေရာမှ ခင်မှုံ့ထံ ကြည့်နေရင်း ရင်အုံကြီးတွေ နိမ့်ချည် မြင့်ချည် ဖြစ်နေသည်။ သွေးပူပူကလေးမှာ ခြေဖျားလက်ဖျားမှ တရွရွတိုး၍ နားထင်နားသယ်သို့ တထုတ်ထုတ် ထိုးလာပြီ။

အတန်ကြာမှ မောင်စိုက နေရာမှ ဖျတ်ခနဲထပြီး ခင်မှုံ့ထံ လက်လှမ်းပေးသည်။ ခင်မှုံ့လက်ကို ကိုင်မိသောအခါ နှစ်ဦးစလုံး အသားများ တုန်နေသည်ကို သတိပြုမိပြီး တစ်ဖန် ပြုံးယောင်ယောင် မထိတရိ ဖြစ်ကုန်ကြရာသည်။

ချက်ချင်း ခင်မှုံသည် မောင်စို့ရင်ခွင်အရောက် ဒူးကလေးထောက်၍ ထိုင်မိတော့ သည်။ ကျွန်းကလေး တစ်ကျွန်းလုံးကား ဆက်လက် ငြိမ်သက်လျက်......။

ခင်မှုံ့လက်ကလေးကို ဆုပ်၍ နယ်နေသော မောင်စို့လက်သည် ခင်မှုံ့ခါးကလေး ကို သိမ်း၍ ဆွဲလိုက်ရာ ခင်မှုံက မောင်စို့ ရင်သားပေါ်သို့ မှောက်လျက်သား ပါသွား၏။ နှစ်ယောက်သား စို... မှုံ... ဟု တစ်ခွန်းစီခေါ်ရာမှ ပူနွေးသော ပါးနှစ်ပြင်ကို ဖိ၍ အပ်ထားမိကြသည်။ အတန်ကြာမှ ပါးချင်းခွာကြပြီး မောင်စိုက အသံ အောတောတော နှင့် 'ကိုစိုတို့အကြံ သည်လိုမှ ဖြစ်မြောက်ပါ့မလားလို့'ဟု ပြောသည်။

ရေနံတိုင်ကလေးကား ငုတ်တုတ်။ မီးတောက်ငြိမ်း၍ လဲမွေ့ရာပေါ်၌ကား မောင်စိုသည် ဝဲဘက်သို့ တစောင်းကလေး လှည့်၍ ပက်လက်။ သူ့ရင်ဘတ်ပေါ်တွင် ခင်မှုံ့လက်ဝါးကလေး တင်၍၊ ခင်မှုံ့ပါးပေါ်၌ သူ့လက်ဖဝါးကလေး တင်လျက် ပါးစပ်ကလေး မပွင့်တပွင့် နှစ်ခြိုက်စွာ အိပ်ပျော်နေလေပြီ။

မိုးပြင်ထက်မှ ဒီးဒုတ်တစ်ကောင် တွတ်ထိုးပြီး ပျံသွားသည်။ ခင်မှုံ့လက်ကလေး လှုပ်၍ ဖျတ်ခနဲ ဖြစ်သွားသည်။ မျက်ခွံကလေး စင်းရင်းက မျက်တောင်လေးတွေ ပေကလတ် ပေကလတ် ခတ်လာသည်။ ပြီးလျှင် မျက်လုံးပြူးကြီးတွေက တစောင်းလန် အိပ်နေသော ဘေးက မျက်နှာရှင်ကို သတိရလေသည်။

မောင်စို့သျှောင်ကလေးမှာ ပခုံးစွန်းမှပြု၍ ထွက်နေသည်။ နှာတံစင်း မျက်တောင်မည်းကလေးနှင့် အိပ်မောလုံးလုံးကျနေသော မောင်စိုကို ကြည့်လျက်က သက်ပြင်း တစ်ချက်ချ၍ မျက်လုံးလေး ပြန်မှေးသွားကာ သူ့ပါးပေါ်ရှိ လက်ကို ဖိ၍ကိုင်သည်။ နောက် သူ့လက်ဖြင့် မောင်စို့ပါးပြင်ကလေးကို ပွတ်၍ သပ်၍ ငြိမ်ကျသွားပြန်၏။

အတန်ကြာလျှင် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်ပြီး ငိုင်တွေတွေကြီးနေရာမှ တစ်စစ ဖြင့် အသက်ရှူ သွက်လာသည်။

နဖူးကျယ်ကျယ်၊ နှာတံချွန်ချွန်၊ မျက်လုံးလှလှစူးစူး၊ နှုတ်ခမ်းမွေးရေးရေးနှင့် မျက်နှာမျိုးက တစ်မျက်နှာ။ နှုတ်ခမ်းပါးကလေးတွေသည် မထေ့တထေ့၊ ခင်မှုံ့နှင့် မောင်စိုကို ကြည့်နေသည်ဟု ခင်မှုံ့ ထင်မိသလိုလို၊ တွေးမိသလိုလို......။

ခင်မှုံ့ တဒိတ်ဒိတ် ရင်တုန်သွားပြီး......။

အေးမြစွာ ညဥ့်လေလေးတိုက်နေသော တဲကလေးမှာ ရုတ်ခြည်း ပေါင်းအိုးဟု ထင်ရအောင် ဇောချွေးတွေ အဖြိုင်ဖြိုင်ကျမိသည်။ ဟိုယခင် နောက်နောက်က မောင်နောင့် ရင်ခွင်အောက်မှာ ရောက်နေစဥ်အခါတိုင်း မောင်စို့မျက်နှာကို မြင်မိ၍ သူ့အား အတင်း အကျပ် ပွေ့ဖက် နမ်းရှုပ်နေသော နှုတ်ခမ်းမွေးရေးရေး၊ နှာတံချွန်ကလေးမှာ မောင်စို့နှာတံ လေးပဲ ဖြစ်ပါတော့၊ သူ့ဝမ်းတွင် လွယ်ထားခဲ့ရသော ကလေးမှာ မောင်စို့မျက်နှာပဲ တူပါစေဟု အမြဲတစေ စိတ်ကူးနေခဲ့၊ စိတ်သမ်းနေခဲ့၏။

ယခု သူ စင်းစင်းလေး မောင်စို့ရင်ခွင်ကြားမှာ အပိုင်သား ရောက်နေပါပြီ။

ခင်မှုံ့သည် အင့်ခနဲ ရှိုက်လိုက်အောင် ငိုချင်လာတော့၏။ မျက်ရည်တွေ ချက်ချင်း တတွေတွေ စီးစို့လာတော့၏။ ရင်ကလေး ကြွရွရွ မို့သွားအောင် ရှိုက်မိသဖြင့် ကြယ်သီး ကွင်း အနားပတ်နှင့် အင်္ကျီလည်ကြားမှာ လန်ပြီး ပွင့်သွားသည်။ ခင်မှုံ့သည် အင်္ကျီကို ပြန်ဖိရင်း အသံထိန်းနေမိမှ မောင်စို ဖျတ်ခနဲ မျက်လုံးဖွင့်မိသည်။

'ဟင် မှုံ၊ မှုံ၊ ပဇာမို့ ငိုရတုံး' လူးလဲထရန် ကြိုးစားရာမှ ခင်မှုံ့အား ပါးချင်းလာအပ် ရှာ၏။ ခင်မှုံ့က အတန်ကြာ ဘာမျှမပြောဘဲ မျက်ရည်ဥတွေ လုထုတ်နေဟန် ဖြစ်နေ သည်ကို သတိပြုမိမှ သူလည်း တွေတွေလေး ငြိမ်ကျသွားသည်။ အတန်ကြာ ခင်မှုံ့ရင်ညွန့် ပေါ် သူ လက်တင် ဖိဖက်မိကာ ငိုင်နေပြီးမှ 'ကွာ ပဇာပြုတုံး၊ ခုခါကျမှတော့....'ဟု ဆို

သည်။ ခင်မှုံက ရှိုက်သံနိမ့်နိမ့်သွားရာမှ ငြိမ်နေသည်။ ငစို့အမေးကို ခင်မှုံ နားလည်ပါ၏။

'ပဇာပြုတုံး၊ မှုံ့ကို စိုက ဗွေဇော်ဦးတွေ့ပီး စိုပဲ မှုံ့အချစ်ကို အရင်ရသာ။ ပီးသည့်နောက်လည်း စိုတို့ မှုံတို့ အချစ်ဟာ ပျက်ပြယ်သွားသာမှ မဟုတ်ဘဲ။ နောက်နောက်ကလည်း ချစ်သယ်၊ ခုလည်း ချစ်သာပဲ။ နောင်လည်း ချစ်မှာပဲ။ သိနဲ့ အတူတူတော့....' ဟု အတင်း ခင်မှုံ့ကိုယ်ကလေးကို သူ့ရင်ခွင်ကြားသို့ ပြန်၍ ဆွဲသွင်း သိမ်းကျုံးယူလိုက်လေသည်။ ခင်မှုံ့ ရှိုက်သံကလေးလည်း မသိမသာ ပျောက်သွားလေသည်။

ခင်မှုံနှင့် မောင်စိုမှာ လွန်ခဲ့သော ရက်သတ္တပတ်အတွင်းကမှ လူကြုံဖြင့် ချိန်းချက်ဂီစဉ်ပြီး ယခုမှ ဤကိုင်းကျွန်းကလေးပေါ်သို့ ရောက်ခဲ့ကြခြင်း ဖြစ်လေသည်။

ယခင် ကင်းဦးသို့ သွား၍ စတည်းချရင်း ခင်မှုံနှင့် ပထမဆုံး တိတ်တဆိတ်တွေ့ပြီးသည့်နောက်တွင် သုံးကြိမ်တိတိမျှ လူချင်းမြင်ရသည်။ ထို့နောက်ကား ခင်မှုံတို့အိမ်မှ မြင်းထိန်းလုပ်သူ မောင်စည်သူနှင့် လူယုံထားကာ ဆက်သွယ်၍ စည်သူ၏ ညီဝမ်းကွဲတော်သူ ဆန်းတစ်ပင်ရွာနေ လူတစ်ယောက်မှတစ်ဆင့် မန်လည်ရှိ မောင်စိုနှင့် စာပေးစာယူ အဆက်ထားခဲ့ကြရ၏။ စည်သူ့ညီဝမ်းကွဲမှာ အင်းတော်နှင့် ထန်းတစ်ပင်ကို တစ်လတစ်ကြိမ်ခန့် အရောင်းအဝယ်ကိစ္စဖြင့် အကူးအသန်း ပြုရသည်။ ထိုသူ့ခရီးစဉ်တွင် အင်းတော် မရောက်မီ မောင်စို နေသော မန်လည်ကို ဖြတ်ရသည်ဖြစ်ရာ ဤကိစ္စအတွက် အလွန်းသင့်နေတော့သည်။

ထိုအတွင်း မောင်နောင်အား ရွှေဘိုအရှေ့ ကျောက်မြောင်းကြီး၌ ဆိပ်ခွန်အရာရှိလေး အဖြစ် ခန့်အပ်သဖြင့် ခင်မှုံသည် ကျောက်မြောင်းကြီးသို့ လိုက်နေရပြီး၊ သုံးလခန့်အကြာတွင် တစ်ဖန် မောင်နောင်ကို ရွှေမြို့တော်သို့ လာရောက်အမှုထမ်းခွင့် ပေးသနားပြန်သဖြင့်၊ ကျောက်မြောင်းမှ ရွှေမြို့တော်သို့ အပြောင်းမှာ စာချင်းချိန်း၍ မောင်စိုနှင့် ခင်မှုံ လူချင်း ယခုကဲ့သို့ နီးစပ်အောင် တွေ့ကြခြင်း ဖြစ်လေသည်။

မောင်နောင်သည် ခင်မှုံ့အလျင် မြင်းဖြင့် ရွှေမြို့တော်အရောက် ဦးမင်းဒန်ကို အဖော်ပြု၍ သွားနှင့်လေပြီ။ မောင်နောင်မှာ သူ အနှစ်နှစ် အလလ ကြံဆောင်ကြိုးပမ်းမှန်းရည်ခဲ့သည့်အတိုင်း ယခု ရာထူးဖြင့် ရွှေမြို့တော်နေ တိုင်တားမင်းကြီး ဦးဖိုးနှင့်အတူ ရွှေနန်းတော်ပြင်သို့ ထွက်ဝင် ခစားခွင့် ရခဲ့လေပြီ။

ခင်မှုံနှင့် သူတို့ပစ္စည်း ပစ္စယများကို နောက်ပိုင်းမှ လှေဖြင့်လိုက်ရန် မှာထားရစ်ရာ ခင်မှုံသည် ကျောက်မြောင်းမှ လှေတစ်စင်းတည်း ထွက်သော်လည်း၊ စဉ့်ဦးကမ်းသို့ ရောက်သောအခါ အခြားလှေတစ်စီးသို့ ပြောင်းစီးပြီး မောင်စိုနှင့် ကြိုတင်စီစဉ်ထားသည့် အဆိုပါ ကျွန်းကလေးသို့ လူချည်းသက်သက် ရောက်လာခြင်း ဖြစ်သတည်း။

အကုသိုလ်နှင့်ယှဉ်သော အလုပ်မျိုးမှာ လျင်မြန်စွာ အထမြောက်စမြဲဖြစ်သောကြောင့် မောင်စိုသည် ခင်မှုံ့ အမှာစာရရချင်း အချိန်ကြာမြင့်စွာက မျှော်လင့်တောင့်တခဲ့သော အကြံအစည်ကို အဘယ်သို့ ထမြောက်အောင် စွမ်းဆောင်ရမည်နည်း၊ ယခုလို

ရတောင့်ရခဲ အခွင့်အရေးကို လက်မလွှတ်အောင် မည်သို့ကြံစည်အံ့နည်းဟု စိတ်အိုက်နေခိုက် သူရှိရာ မန်လည်သို့ သုံးလေးခါ အမဲပစ်လိုက်လာရင်း မောင်စို အမှတ်မထင် သိကျွမ်းခဲ့ဖူးသော မုဆိုး ငကွမ်းနှင့် ကျောက်မြောင်းဆိပ်တွင် သွားဆုံပြီး အကြံအစည်ကို ထုတ်ဖော်တိုင်ပင်ရာ ငကွမ်းက မောင်စို အပြောအရ အဟုတ်ထင်ကာ အကယ်ကရုဏာသက်သွားပြီး မိန်းမပျို သပိတ်ကျင်းသူနှင့် တွေ့ရစေအောင် လျင်မြန်ဖျတ်လတ်စွာ စီစဉ်ဆောင်ကြဉ်းပေးသည့် ကျေးဇူးကြောင့် ခင်မှုံနှင့် မောင်စိုမှာ ဤသို့ပင် ချစ်ရေယဉ်ကြော၌ မျောချင်တိုင်း မျောနေနိုင်ကြခြင်း ဖြစ်တော့သည်။

တဏှာပင်လယ်မှ ဝေဝေဆာဆာ လျှံတက်လာသော ရေငန်ဆားရည်ကို သောက်စပြုပြီ ဆိုမှဖြင့် အတောမသတ် သောက်ချင်ချင်ပင် ဖြစ်တော့မည်။ ခင်မှုံနှင့် မောင်စိုကား ပထမဆုံး သူတို့နှစ်ဦး မှောက်မှားဖြစ်ပျက်ကြသော ကိုင်းကျွန်းကလေးမှ ခွဲခွာ ထွက်ခဲ့ရပြီးနောက် နေပြည်တော်တွင် ရောက်နေကြသည့်တိုင် ရသမျှ အခွင့်အရေးကို မဝ မလင် ယူချင်တိုင်း ဆက်လက် ယူငင်နေကြပြန်ပြီ။ နေပြည်တော် အရောက်မှာ–

ငနောင်သည် နိုင်ငံရေးနှင့် မသက်ဘဲ ညောင်ရမ်း၊ ညောင်အုပ်အရေးတွင် ပါဝင်သည်ဟု ထင်ရသဖြင့် အိမ်နိမ့်ထားသော အခြား မင်းသွေးတွေမှ တစ်သီးပုဂ္ဂလ ခွဲထားရသော အညတရ မင်းသားတစ်ပါးကို နေ့ညဥ့်မလပ် စောင့်ရှောက် ထိန်းသိမ်းရသော ဝတ္တရားဖြင့် အိုးဘိုသို့ သွားနေရ၏။

ခင်မှုံကိုကား နေပြည်တော် ရွှေချည်ထိုးရပ်ကွက်တွင် အိမ်တစ်ဆောင်တစ်ဝင်းနှင့် ထားခဲ့ပြီး၊ အိုးဘိုသို့သာ ရက်ရှည်သွား၍ အိမ်တွင်ကား အနေပါးနေခိုက် ခင်မှုံတို့မှာ စိတ်ကြိုက်ကျနေကြတော့သည်။

အတွင်းလူကလည်း ရှိထားပြန်သဖြင့် စည်သူပင် စီစဉ်ပေးသော ဆိုင်းတန်းရှိ လူယုံတစ်ဦး၏ အိမ်တွင် ခင်မှုံနှင့်မောင်စို နေ့စဉ်လိုလိုပင် တွေ့ဆုံကြတော့သည်။ မောင်စိုမှာကား နေပြည်တော်တစ်နေရာ၌ မထင်မရှား အထွက်အဝင် သိုသိပ်စွာ အညတရ နေသည်။ သို့နေပုံကို လျှို့ဝှက်ထားသလောက် မလွဲသာ၍ ငနောင်နှင့် လမ်းတွေ့စခန်းကြုံလျှင် မှုမပျက် မျက်နှာချိုသွေးကာ ဖော်ဖော်ရွေရွေနေ၏။

အကြံသမားပီပီ ထိုကဲ့သို့ နေထိုင်ခဲ့သောကြောင့် တစ်စတစ်စနှင့် သူတို့နှစ်ဦးမှာ အလျင်ကထက်ပင် ရင်းနှီး ခင်မင်နေကြလျက် ဝန်ကြီးဝန်လေး မင်းခင်းမင်းရေး သွားကြသည့်တိုင် မောင်နောင်က မောင်စို့ကို မကြာမကြာ ခေါ် ခေါ်သွားတတ်သည်။ မောင်စိုလည်း နန်းတော်ကြီးမှ လူစုနှင့် တစ်နေ့တခြား လူသိများ၍ ရွှေမြို့တော်တွင်ပင် အသားကျမတတ် ဖြစ်နေတော့သည်။ မန်လည်အိမ်တွင်ကား ဦးသာပေါ် တစ်ယောက်တည်း ကျန်ရစ်ရှာတော့သည်။

ယင်းသို့အားဖြင့် ရွှေနန်းတော်တိုင်ကို မှီ၍ တစ်ယောက်နှင့် တစ်ယောက် ယှဉ်ပါးနေကြသူ မောင်စိုနှင့်မောင်နောင် နှစ်ဦးသားမှာ လူမြင်ကွင်းအားဖြင့် များစွာ

အလွန်းသင့် ခင်မင်နေကြသည်ဟု ထင်ရသော်လည်း စင်စစ် တစ်ယောက်ကို တစ်ယောက် သေအထိ ကျိတ်၍ မုန်းတီးနေသူများပင်။

ရွှေနန်းတော်တိုင် တစ်ဖက်စီမှ တစ်မျိုးစီ ကြိုးပမ်း၍ တစ်ဖုံစီ ကြံဆကာ တစ်ချိုးစီက နေကြသော ရန်ဘက်တွေ ဖြစ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် မည်မျှ မုန်းတီး ရွံရှာသည်ကိုလည်း နှစ်ဦးလုံး သိကြသည်။ အသေအချာ သိသည်။ သို့သော် သူတို့ရန်စ ကား မောင်ညိုနှင့် ထောင်ခဲ့သကဲ့သို့ ဓားဖြင့် ထွင်ခုတ်ရှင်းလင်း၍ မရသော သိမ်မွေ့သည့် ရန်စ ဖြစ်လေသည်။ ကြိုးလုံးကြီးကြီးတွေ ရှုပ်လျှင် ရှင်း၍ လွယ်၏။ ဝါမျှင် ချည်မျှင်လေးတွေ ရှုပ်သောအခါ အမယ်ပုတ်ရဲ့ ချည်ခင်ခက်လို အရှင်းရ အလွန်ခက်ပေသည်။

သူတို့နှစ်ဦးစလုံး တစ်ဦးပေါ်တွင် တစ်ဦး အာဃာတ ထားကြသူချည်း နှင့်နှင့်ပင်။ သီပေါ နန်းတက်စက မောင်နောင်ကိုယ်တိုင် မောင်စိုကို မည်မျှ မကောင်းကြံသည်ကို မောင်စို သိခဲ့သည်။ သတိလည်း ရသည်။ မေ့လည်း မမေ့နိုင်။ မောင်နောင့် ပယောဂကြောင့်ပင် ယခင် မောင်စိုဘဝမှ ယခု မောင်စိုဘဝသို့ ရောက်ခဲ့ရသည် မဟုတ်ပါလော။

မောင်နောင်ကလည်း မောင်စို့အတွက်ကြောင့်ပင် သူ့မှန်းခြေ၊ သူတို့သားအမိ၏ မှန်းခြေတွေ လုံးလုံးမကိုက်ခြင်းဖြစ်သည်။ အကယ်၍သာ မောင်နောင့် တစ်သက်တာတွင် မောင်စို တည်းဟူသော သတ္တဝါတစ်ဦး မစွက်ဖက် မထွန်းပေါက်ခဲ့လျှင် ပွဲစားကြီး ဦးသာလှ၊ ဒေါ်စဗယ်တို့၏ သမက် ရွှေဘိုမောင်နောင် မည်မျှ ထွန်းကားကြီးပွား ဘုန်းခိုးထွားချိမ့်မည်နည်း။ ငစို့စနက်ဖြင့် သူ့မှန်းခြေတွေ လွဲသွားခဲ့ပြီ။ ဘာမျှ လူမှန်းသူမှန်း မသိ၊ ငနောင်တို့ သားအမိအား သေလုမြောပါး ထားရာကနေ ဆွဲရာမှ ကရသော ခင်မှုသည် ယခုမှ ပါးလှ နပ်လှ သိတတ်လှပေသည်။ မည်မျှ ပါးနပ် သိတတ်သနည်းဟူမူ ခင်မှုမှာ သူ့မိဘတွေထံသို့ တစ်ခါတစ်ခေါက်မျှ ထွက်ဝင်သွားလာ မပြုပေ။ သူ့ဇနီးက ထွက်ဝင် သွားလာ မပြုသောကြောင့် မောင်နောင်လည်း ပွဲစားကြီးများနှင့် အနေဝေး တစ်စစ စိမ်းခဲ့ရသည်။ ရွှေဘိုငနောင်မှာ ကျိုကျိုတက် ချမ်းသာနေသော နံ့သာပွဲစားကြီးနှင့် မကျွမ်းတော့သောကြောင့် ......။

ငနောင်က မောင်စို့ကို မုန်းသည်၊ စိတ်နာသည်၊ ခံပြင်းစွာ ငြိုးသည်။ မောင်စို့ကြောင့် ......။

ယခုတစ်တန် ငနောင့်အတွင်းရေးမှာ မောင်စို ဝင်နှောင့်ပြန်ပြီ။ သူတို့ဉာဏ်ကို သူတို့ အလွန်ယုံကြပေသည်။ မောင်နောင် ကဲ့သို့သော လူကို သင်းတို့ ကလေးကလား သဘောထားကြသည်။ မောင်နောင့်အား အရူးလုပ်ထားကြပြန်ပြီ တကား။

သို့သော် သူတို့ တစ်စုံတစ်ရာကိုဖြင့် ပေါ့လျော့ခဲ့ကြပြီ။ မေ့နေသည်။ သူတို့ဓာတ်ကွက်၌ တစ်ချက်ချက်မှာ အဆက် ဟာနေ လိုနေသည်။ ဧရာဝတီမြစ်ကြီး ဆိတ်ငြိမ်တည်တံ့စွာ စီးဆင်းနေသည်ကိုသာ သူတို့ သိခဲ့ကြ၏။ မြစ်ကြီး "မြင်"သည်ကိုကား သူတို့ မသိကြသေး။

မောင်စိုး ရွှေမြို့တော်တွင် လာရောက်နေထိုင်သည်၊ နန်းတော်ရင်ပြင်၌ ရစ်သီနေသည် ဆိုသော သတင်းကို မောင်ညိုကြီး မကြားသေးပေ။ သူ့လယ်ယာ အိမ်မြေနှင့် သူ စာရင်းရှုပ် အလုပ်များနေသေးသည်။ နဂိုကလည်း နေပြည်တော်မှာ ခြေရှုပ်သည်ဟု အရောက်အပေါက် နည်းနိုင်သမျှ နည်းအောင်နေသူ ဖြစ်သောကြောင့် ဆို ၄၅ ခု တစ်နှစ်လုံးလုံး မောင်စိုးသည် မန်လည်မှာ ရှိနေသည်ဟု ယုံကြည်နေခဲ့၏။

မောင်စို့ ခြေလှမ်းကိုလည်း သူ မရိပ်မိရှာ။ ငယ်စဉ်က မည်မျှပင် ချစ်ခင်ပြီး ညီအစ်ကိုချင်း တိုင်တိုင်ပင်ပင် အတွင်းအပြင် သိလင့်ကစား သူတို့နှစ်ဦးမှာ စိတ်ဓာတ်ချင်း တစ်မျိုးစီ၊ အလေ့အကျင့်ချင်း တစ်ဖုံစီ သီးသန့်၍ ကြီးပြင်းလာကြလေသည်။ လူကောင် ကြီးထွားလာခဲ့ကြသဖြင့် လူငယ်ဘဝမှ လူရွယ်၊ လူလတ်သို့ ရောက်ခဲ့လျှင်ပင် ရှေ့အဖို့ မည်သို့မည်ပုံ ကျင့်ကြံ နေထိုင်သွားကြမည်၊ မည်သို့သော လူမျိုးအဖြစ် လူလုပ်ကြမည်ကို အကဲဖြတ်မိနိုင်၏။ လူချင်း စိတ်ချင်းမတူ ခြားနားလှပုံကိုလည်း ညီရော အစ်ကိုပါ ဖွင့်ဆိုမပြောဘဲ ရိပ်ကဲ ဖမ်းမိလာကြပေပြီ။

စိတ်ဓာတ်ချင်း မတူ၊ တစ်ယောက် အလေ့အကျင့် အယူအဆနှင့် တစ်ယောက် မတူညီမှန်း သိကြသော်လည်း သွေးကိုကား ကျဲမပစ်။ သွေးမှာ တစ်ရောင်တည်းဖြစ်၍ အတွင်းဗီဇ အဇ္ဈတ္တသန္တာန်တွင်ကား တစ်ဖုံတည်း၊ တစ်မျိုးတည်းပင်။ မဟုတ်မခံ၊ အနိုင်မပေး၊ မတရားရေးကို မုန်း၏။ ရက်ရောသည်၊ စွန့်စားသည်ချည်း နှင်နှင်ပင်။

ကွဲပြားသည့် နေရာတွင် ကွဲပြားကြသဖြင့် စိတ်၏ နယ်နိမိတ်ကို ခြားနားထားခဲ့ သော်လည်း သွေးကိုကား မခွဲပေ။ မခြားနားစေရ။ သွေးမကွဲစိမ့်သောငှာ အထူးတလည် စောင့်ထိန်းကြ၏။ သွေးကွဲမည် ထင်သောကြောင့်လည်း ညီအစ်ကိုချင်း စိတ်ဓာတ်အသွင် မညီပါဟု အသီးသီး ဖွင့်ဟ ထုတ်ဖော် မပြောကြားခြင်းဖြစ်သည်။ ဤစိတ်ဓာတ်မျိုးနှင့် ဖွဲ့သန်သန် ဖီလာကျနေသော သူစိမ်းတစ်ရံဆံဆိုလျှင် တစ်ဦးနှင့်တစ်ဦး မဆုံတွေ့ကြ စတမ်း သန္နိဋ္ဌာန် ပြုထားမည်မှာ အမှန်ဖြစ်၏။

သို့သော် ညီနှင့်အစ်ကိုဟူသော သွေးနီးမှုကိုကား ကြားလေသွေးမခံ၊ သေအထိ တည်တံ့ မြဲမြဲကြမည် အမှန်ပင်။ ဤညီအစ်ကို ဤမျှ ချစ်ကြသည်။

ဤသို့အားဖြင့်ပင် မောင်စိုးသည် အကြေခေါ် အောက်မြန်မာပြည်မှ အပြန်တွင် ထူးခြားစွာ ပြုမူခဲ့သော အခြင်းအရာ အကုန်ကို မပြောပြခြင်း ဖြစ်သည့်အတွက် မောင်ညို က မောင်စိုးအား အမြင်ပန်းဖြင့်သာ တွေ့ရခြင်း ဖြစ်ပေသည်။

မောင်စိုးမှာ ကမ္ဘာ့ရာဇဝင်တွင် မပါဝင်ဘဲ မဖြစ်သော လူစုတစ်စုတွင် တစ် ယောက် အဝင်အပါ ဖြစ်၏။ ထိုတစ်စုကား နိုင်ငံရေးသမားတွေ၏ လက်သီးပုန်း ဖြစ် လေသည်။ သူတို့ကိုယ်တိုင် နိုင်ငံရေးကို မလိုက်စားဟု အစကလည်း ပြောမည်၊ အလယ် တွင်လည်း ဆိုမည်၊ အဆုံး၌လည်း နိုင်ငံရေးသမား မဟုတ်ဟု ပြောပြီး ဘဝနိဂုံးချုပ် ဓာတ်မြှုပ်ကြမည့် လူစားတွေ ဖြစ်၏။

သူတို့အပြောအရ သူတို့မှာ နိုင်ငံရေးသမား မဟုတ်ဟု ပြတ်သားစွာ ကင်ပွန်းတပ်ဖို့လည်း ကကယ့်နိုင်ငံရေးသမား စစ်စစ်တွေက ဝန်လေးပေမည်။

မောင်စိုသည် အကြေသို့ သွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် မန်လည်မှ ထွက်ခဲ့စဉ် နေပြည်တော်၌ တစ်ထောက်နားရသည်။ နားရစဉ်က ငထွန်းပေါ်နှင့် အမှတ်မထင်တွေ့သည်။ အမှတ်မထင် တွေ့ခြင်းဟု မောင်စို ယူဆခြင်း ဖြစ်သည်။ ငထွန်းပေါ်နှင့်တွေ့ပြီး ငထွန်းပေါ်ထံမှပင် ရန်ကုန်မြို့တွင် ဘည်းခိုရန် အိမ်တစ်အိမ်ကို ညွှန်ကြားပြီး၊ ထိုအိမ်တွင် တည်းဖြစ်မှာဖြင့် သူ့ထံမှ စာတစ်စောင် ပါးလိုက်စမ်းပါရစေဟု ခွင့်ပန်ခဲ့ဖူး၏။

"နေမိ" ခေါ် မီးသဘော်ဖြင့် ရန်ကုန်သို့ ချောချောမောမော ဆိုက်ရောက်ပြီးလျှင် ပုဇွန်တောင် မောင်းတန်းရပ် လှေသူကြီးဦးစို အိမ်ကို ရှာဖွေသွားရောက်၍ စာကို ပါးလိုက်သည်။

ချက်ချင်းပင် အိမ့်ရှင်တို့က မောင်စိုအား အထူးဂရုဓမ္မထား၍ ပြုစုစောင့်ရှောက်လေ၏။ ဦးစိုအိမ်တွင် နေရင်းက စိတ်ပြေလက်ပျောက် ရှိစေချင်သော် ရန်ကုန်မြို့ထက် သာယာအေးဆေးသော အရပ်သို့ ပို့ပေးပါမည်ဟု ဆိုပြီးလျှင် မှော်ဝန်းကျောက်တန်းသို့ ပို့ပေးလေသည်။

မှော်ဝန်းကျောက်တန်းတွင် တောင်သာဗိုလ်ခေါ် ပုဂ္ဂိုလ်နှင့် အမှတ်မထင်ပင် တွေ့ရသည်။ တွေ့တွေ့ချင်း မောင်စိုသည် အဘိုးကြီးအား သဘောကျ မြတ်နိုးမိလေသည်။ မြတ်နိုးသည့်စိတ်နှင့်ပင် တောင်သာဗိုလ်၏ သားမယား အိုးအိမ်ရှိသော ကျောက်တန်း အပိုင် ပျဉ်းမကန်ရွာ အညာစုသို့ လိုက်သွားပြန်သည်။

အချစ်ရောဂါသည် မောင်စိုမှာ တောင်သာဗိုလ်၏ အိမ်သားတစ်စု၏ ဖြေဖျော်ပြုစုခြင်းဖြင့် တစ်စစ စိတ်လက်ကြည်လင်စ ပြုသည်။ ကြည်လင်သည်ထက် ကြည်လင်စေရန်ဟု ဆိုကာ မောင်စိုနှင့်အတူ တောင်သာဗိုလ်အပြင် ၎င်း၏ ယောက်ဖတော်သူ ဦးကျေးကိုပါ ခေါ်ပြီး ပဲခူး၊ ကျိုက်ထို၊ သထုံ၊ ဘားအံ၊ မော်လမြိုင်၊ ရေး၊ မြိတ် အထိ သွားလာ လည်ပတ်ခဲ့သည်။ ရောက်လေရာရာ အရပ်တို့မှာ တောင်နှင့် ညို့ညို့၊ တောနှင့် ဆိုင်းဆိုင်း ရှုတိုင်းပ လွမ်းအောင် ဖန်တီးစေသည့်အတွက် မောင်စိုသည် စိတ်လေးလေးဖြင့် မှော်ဝန်းသို့ ပြန်ရောက်ခဲ့သည်။

အလွမ်းနာကား အမြစ်တွယ်တော့မည် ဖြစ်သဖြင့် နောက်ဆုံးတွင် လုံးလုံးလျားလျား အိပ်ရာ၌ လဲတော့မှ တောင်သာဗိုလ်အား သူ့အဖြစ်သနစ်နှင့် အကြောင်းချင်းတကို အလုံးစုံ ဖွင့်ဟ ပြောပြလိုက်တော့သည်။

ဤတွင်ကျမှလည်း အနာနှင့် သင့်မည့်ဆေးကို ပေးလေသည်။ ပေးသောဆေးကား အခြားမဟုတ်။ မောင်စို၏ စိတ်ဒုတ်စိတ်ရင်းကို ဖော်ထုတ် စိစစ်ပေးခြင်း ဖြစ်လေသည်။ အလွမ်းပင် ပျိုးရခြင်းမှာ မှီ့အတွက်ကြောင့် ဖြစ်၍ မှီ့နှင့် မပေါင်းရခြင်းသည် လျှို့ဟု ယိုးမှားခြင်းကြောင့်၊ အယိုးမှား ခံရခြင်းမှာ ကိုယ်တော်ကြီးနှစ်ပါးကြောင့်ဖြစ်ကာ၊

ထိုကိုယ်တော်ကြီးများအား ကူညီပေးမိခြင်းမှာ အဘယ်ကြောင့်ဟု မိမိဘာသာ လိပ်ပတ်လည်မိတော့သည်။

ထိုအခါကျမှလည်း သူ၏ စိတ်ဓာတ်အပြင်တွင် "ငါကား မတရားစုကို အန်မတုရဲပါဟု ဝန်မခံရဲသော်လည်း တရားမှုကို ကူညီစွမ်းဆောင်ပေးသည့်အတွက် ဤစိတ်ဒုက္ခကြီးကို လက်ဝယ်အရောက် ခံစားနေရခြင်း ဖြစ်ပေသည် တကား"ဟူသော ဥယျောဇဉ်ကို ထင်လင်း ပြတ်သားစွာ ဆိုမြည်တမ်းတ ကြွေးကြော်နိုင်ခဲ့သတည်း။

ထိုခဏမှ စ၍လည်း မောင်စိုဟောင်းမှ မောင်စိုသစ် တစ်ယောက် ထွန်းပေါက်ပေါ်ထွန်းခဲ့တော့သည်။ တရားမှုအတွက် မောင်စိုကား အနစ်နာခံပြီး စွန့်လွှတ်ပြီးပေပြီ။ မတရားမှုကား ယခုတိုင် စိုးမိုး ကြီးကျယ်နေသေး၏။ ထိုမတရားမှုကို ပြုပြင်ရဦးမည်ဟူသော သန္နိဋ္ဌာန် ရည်ရွယ်ချက်အား ရှေ့ဆုံးမှ ထားလိုက်သည့် ခဏမှစ၍ ထိုလမ်းစဉ်အရ ကိုယ်ထိလက်ရောက် ဆောင်ရွက်ရန် လိုအပ်သမျှ အရည်အချင်းကို လေ့လာဆည်းပူးခဲ့တော့သည်။

သို့ ဆည်းပူးခြင်းဖြင့်ပင် နေပြည်တော်မှ အထွက်တွင် ထွန်းပေါ်နှင့် တွေ့ရခြင်း၊ ရန်ကုန်တွင် လေ့သူကြီး ဦးစိုနှင့် သိရခြင်း၊ ယခု တောင်သာဗိုလ်နှင့် ကျောက်တန်းဌ ခင်မင်ရခြင်းတို့သည် အမှတ်မထင်ဖြစ်သော အကြောင်းများ မဟုတ်။ တစ်စုံတစ်ရာ ရည်ရွယ်ချက်ဖြင့် ပုဂ္ဂိုလ်တစ်စုက လမ်းစဉ်ချမှတ်ကာ တွေ့ဆုံအောင် ဖန်တီးပေးကြခြင်းကြောင့် တွေ့ရ ဆုံရခြင်း ဖြစ်သည်ဟု သဘောပေါက်မိတော့သည်။ တောင်သာဗိုလ်မှာ နေပြည်တော်ရှိ ကင်းဝန်၏ အတွင်းလူယုံတစ်ဦး ဖြစ်၍ ငစိုကိုယ်တိုင် မိမိအချစ်ဖြင့် တန်ဖိုးထားပြီး စွန့်လွှတ် ကယ်ဆယ်လိုက်ရသော၊ ကူညီ ကယ်ဆယ်ရာတွင် ပါဝင်ခဲ့ရသော ညောင်အုပ် ကိုယ်တော်ကြီးနှစ်ပါးကို နန်းတင်ရန် ကြံရာပါ တစ်ဦးလည်း ဖြစ်ကြောင်း သိရလေသည်။

ဘုရားပြီးလျှင် ငြိမ်းဖျက်သော ခလေ့အတိုင်းပင် သီပေါမင်းသား အထွတ်အထိပ်ရောက်သောအခါ နန်းယူပေးရာတွင် ကြီးကဲကြီးကိုင်သော အလယ်နန်းမတော် ဆင်ဖြူမရှင် မိဖုရားကြီးနှင့် ကင်းဝန်ဦးကောင်းတို့၏ ဩဇာကို မခံညောင်းတော့ပေ။ နန်းရစဉ်က နုနယ်သော အရွယ်တော် သက်တော်နှစ်ဆယ်မျှသာ ရှိသေးရာ အမြှောက်ချော့ အလိုလိုက် အကြိုက်ဆက်ကြသော မှူးစု၊ မတ်စုနှင့် လျှင်မြန်စွာ အလွန်းသင့်သွားတော်မူသည်။ နန်းတင်ပေးသော ဆင်ဖြူမရှင် မိဖုရားကြီး၏ မဆွက အလိုတော်ကိုလည်း ဆန့်ကျင်ပြု၍ သမီးတော် ထိပ်စုဖုရားလတ်ကို မိဖုရားခေါင်ထားကာ စံမြန်းတော်မူသည်။ ဆင်ဖြူမရှင် မိဖုရား၏ အလိုတော်မှာ သမီးတော်နှစ်ပါး စုဖုရားကြီးနှင့် စုဖုရားလတ်တွင် စုဖုရားကြီးကို တောင်နန်းမတော် တင်ရန် ဖြစ်မှန်းလည်း ရှင်ဘုရင် သိတော်မူလျက်က ကိုယ်တော်နှင့် ရည်ငံတော်မူနေသော စုဖုရားလတ်ကို အရေးပေးတော်မူခဲ့ပြီ။

ရှင်ဘုရင် ပေါ့လျော့တော်မူသည့်ဖြင့်လည်း နန်းရရန် စိုင်းပြင်းစဉ်က အကျဉ်းထားသော မင်းသွေး လေးကျိပ်ကျော်၏ အသက်များသည် အောက်လက်တို့၏ ပွဲရရန်

လက်လွန်ခြင်းကို သက်သက်မဲ့ အကျိုးမထင် ခံခဲ့ရပြီး ရာဇဝင်မျက်နှာ တစ်ရွက်ကို အရုပ်ဆိုးစေတော်မူခဲ့သည်။ နန်းတင်သူ၊ နန်းတက်သူတို့၏ ရည်ရွယ်ချက်များအတိုင်း မင်းသွေးအချို့ကို ကယ်ဆယ်ရာ၌လည်း တိုင်တားတို့ လူစုကို လိုလားတော်မူစ အခိုက် ဖြစ်သဖြင့်......။

မင်းသွေးတွေ သုတ်သင်ပြီးကြောင်း သိရသော နောက်တစ်နေ့ နံနက် ညီလာခံတွင် ကင်းဝန်က "ထွီ"ဟု ဆို၍ စိတ်ပျက်ပျက်နှင့် ထ လာခဲ့ခြင်းကိုလည်း အရှင်နှစ်ပါး အနက် အထူးသဖြင့် ထိပ်စုဖုရားလတ်က ရွှေစိတ်တော် ခုသွားသည်။

မရှေးမနှောင်းပင် တစ်ဖန် ညောင်ရမ်းမင်းသားကြီးနှစ်ပါး၏ လူယုံတော် ငထွန်း ပေါ်တို့ လူစု၏ လျှို့ဝှက်ကြံစည် တိတ်တဆိတ် အကူတောင်းခံခြင်းကြောင့် နောက်ဆုံး တွင် အင်္ဂလိပ်အရေးပိုင် ရှောအိမ်တွင် ခေတ္တ ဝှက်ခွင့်ရပြီးမှ တစ်ဖန် အကြေသို့ ပို့ဆောင် ပေးသည်ကိုလည်း ရနောင်ကိုတုတ်တို့ လူစုနှင့် သင်းပင်းပါ ရွှေဘို ငနောင်တို့ထံမှ တစ်ဆင့် တိုင်တား သိသွားပြီး ဘုရင်ကို လျှောက်ထားသည့်အတွက် အငြိုးတော် အထား ခံရသည်။ မကြာမီလည်း ကင်းဝန်ကို သေနတ်ဝန်ရာထူးမှ ချပြီး လွှတ်တော်တွင် ဥပဒေပြု အရာရှိ အဖြစ်သာ ထားတော်မူသည်။

ဦးကောင်းမှာ သူ့အား နန်းတင်ပေးဖူးသော ကျေးဇူးမျှကိုသာ ထောက်ထားပြီး မင်းကြီးစိုးရာတို့၏ အဆောင်အယောင်နှင့်ထား၊ ပွဲတော်အုပ် စေတော်မူနေသော ရှင်ဘုရင် ကို စိတ်ခုမိတော့သည်။ မခုမိရန် အကြောင်းမမြင်။ မျက်စိအောက်၌ပင် ရနောင်မင်းသား အစုနှင့် တိုင်တားတို့ကို အရေးတော် ပေးနေလေပြီ။

ဤသို့အားဖြင့် ရနောင်ကိုတုတ်နှင့် သူ့ဖခင် ရေနံချောင်းမင်းကြီး ကိုသေးပိန်နှင့် တိုင်တားမင်းကြီးတို့ တန်ခိုးကြီးနေသောကြောင့် ကင်းဝန်ကို တိုင်ကွယ်နေ၍ ရှင်ဘုရင် မြင်တော်မမူ။ "တိုင်ကို ရေနံသုတ်ထားသဖြင့် ကင်းမတတ်နိုင်"ဟူ၍ပင် ဦးကောင်းတွင် အထင်သေးခံရလေရာ နောက်ဆုံးမှာ သူ့ဩဇာ တကယ်ညောင်းမည့် အခြားသူ တစ်ဦးဦး အား စောကြော ခစားပြီးလျှင် ညီလာအခပင် မဝင်ချင်လောက်အောင် သူ စိတ်နာကြည်း နေပြီဖြစ်သော သီပေါအား သီဟာသန ပလ္လင်ပေါ်မှ အမြင်တော်အောင် ဆွဲချရန် စိတ်သန် ရည်ကာ ကျိတ်ကြံစည်ခြင်း ဖြစ်လေသတည်း။

ထိုအတောအတွင်းတွင်လည်း အင်္ဂလိပ်တို့မှာ အောက်ပြည်တွင် တန်ခိုးလှူစ ပြုနေသည်။ နန်းရင်ပြင်တွင်လည်း ပြင်သစ်တို့ အရောက်အပေါက် များနေရာ နိုင်ငံခြား သား ကုလားနှစ်မျိုးကြားတွင် မြန်မာတို့ ညှပ်ပိလျက် ကပ်ထိမှာကို စိုးရိမ်ရသောအခြေသို့ ဆိုက်ရောက်နေလေသည်။

သက်တော်ရွယ်တော် နုနယ်၊ အောက်လက်များ၏ ကြိုးဆွဲရာပါသော ရှင်ဘုရင် နှင့် ထိုပြည်တွင်းပြည်ပ အရေးများမှာ မနိုင်မနင်း ကလိမ့်ကလဲ ဖြစ်ရချေ့ဟု အချိန်လွန်မှ နောင်တရခြင်း ဖြစ်သည်။ ထိုနောင်တနှင့်ပင် ဦးကောင်းနှင့် ဆင်ဖြူမရှင် မိဖုရားကြီးတို့ တိတ်တဆိတ် စက်ပုန်းတော် ခုတ်ကြရခြင်း ဖြစ်၏။

ယင်းသို့သော အချိန်ကာလအတွင်းတွင် ညောင်ရမ်း ညောင်အုပ် မင်းနှစ်ပါးမှာ ဘင်္ဂလား၌ စံမြန်းနေတော်မူကြခိုက်ဖြစ်ရာ ထိုမင်းသားကြီးတို့ထံ တိတ်တဆိတ် စာဖြင့် ဆက်သွယ်ခဲ့ကြသည်။

မဇ္ဈိမဒေသသို့ ဘုရားဖူးသွားကြသော ဥပသကာ၊ ဥပသိကာ၊ သီလရှင်၊ ရဟန်း၊ သာမဏေတို့ လက်တွင် ဦးကောင်းထံမှ ပုဇွန်တောင် ဦးစိုထံ လျှို့ဝှက်ပို့ဆောင်ထားသော စာလွှာ၊ ပစ္စည်းပစ္စယ အစုစုကို ဦးစိုက တစ်ဆင့် တောင်သာဗိုလ်၏ အစီအမံဖြင့် မင်းသားနှစ်ပါး စံမြန်းတော်မူရာ ဘင်္ဂလားသို့အရောက် ပေးပို့နေကြသည်။ မင်းသားကြီး နှစ်ပါးထံသို့လည်း "၎င်းပစ္စည်းများကို ထုခွဲ စရိတ်ပြု၍ နိုင်ငံတော်ကို လက်ဝယ်တော် အရောက် ကြံတော်မူကြပါ။ အလွယ်ဖြင့် အလိုတော် ပြည့်စေပါ့မည်" အကြောင်းကြား ထားပြီး ဖြစ်သည်။ ပစ္စည်းများမှာ ဆင်ဖြူမရှင့် သမီးတော်တစ်ပါး၏ ပစ္စည်းများဖြစ်၍ အကြံတော် အထမြောက်လျှင် ညောင်ရမ်းကိုယ်တော်ကြီးနှင့် ၎င်းမင်းသမီး စုလျားရစ်ပတ် တောင်နန်းအပ်စေလျက် နန်းမြတ်ပလ္လင် ဆက်တင်မည်ဟု ရည်မှန်းထားလေသည်။

မောင်စိုသည် နံနက်စောစောကပင် ဂေါဝိန်ဆိပ်မှ မြို့တွင်းသို့ ပြန်ရောက်ခဲ့လေ သည်။ တစ်ညဥ့်လုံး အင်္ဂလိပ် သင်္ဘောကလေး၏ မီးထိုးခန်းနှင့် စာရေးခန်းငယ်တွင် ကျဉ်းကျဉ်းကျပ်ကျပ် ဆင်းဆင်းရဲရဲ ဖြစ်နေလေသည်။ ငထွန်းပေါ်မှာကား ပို့လာသော အင်္ဂလိပ်လုပ်၊ ပြင်သစ်လုပ် သေနတ်ငါးရာကို သင်္ဘောပေါ်မှ ပိန်းကောမကြီးနှင့် သယ်ယူ သွားပြီးသည့်နောက် အချိန်မကောင်းတော့သဖြင့် သင်္ဘောပေါ်၌ပင် ငစိုက နေရခြင်း ဖြစ်ရာ၊ ငထွန်းပေါ် မင်းကွန်းသို့ ချောချောမောမော ရောက်ပါစေဟု စိုးရိမ်စိတ်စောရင်း ကြက်အိပ် ကြက်နိုး ညဥ့်လုံးပေါက် လင်းခဲ့ရ၏။

မိုးသောက်သည်နှင့် တစ်ပြိုင်နက် အိမ်သို့ရောက်ပြီး ရေမိုးချိုး အဝတ်လဲလှယ်ကာ မြင်းတစ်စီးဖြင့် ထွက်ခဲ့ခိုက် ဈေးချိုတော်ကြီး ရှေ့တွင် ငထွန်းပေါ်အား မြင်ရ၊ နှစ်ယောက် သား တိတ်တဆိတ် ခပ်ကွာကွာက အရိပ်အဆင် ပြရတော့မှ စိတ်အေးရသည်။

မောင်စိုလည်း အရေးကြီးသော တာဝန်တစ်ရပ် ပြီးပြတ်သွားပြန်ပြီဟု စိတ်လက် ပေါ့ပါးစွာ အိုးဘိုဘက်သို့ ရှေးရှုထွက်ခဲ့လေသည်။

ဆွမ်းခံချိန်ဖြစ်သောကြောင့် လမ်းမကြီးငယ်တို့တွင် သင်္ကန်းရောင် တထိန်ထိန်၊ ဆွမ်း နီဗွာန်ဆော် ပိတ်ဖြူပိုင်း လက်ကတော့ထိုးနှင့် အဘိုးအိုတို့၏ ကြေးစည်သံ တနောင်နောင်နှင့် ဆွမ်းတော်ဖျို့....ဆွမ်းတော်ဖျို့ဟု သံကုန်ကြော်ကြွေးကြသည့် ပုဆိုးကွင်းသိုင်း ဆံပင်ကြက်တောင်စီး ချာရစ်ဝိုင်းနှင့် ကျောင်းသားတွေ၏အသံဖြင့် စည်ပင်နေတော့သည်။

နေပြည်တော်သူ အပျိုယမင်းကလေးတို့မှာလည်း ဆံထုံးဆံမြိတ် ဆံတောက် ဖားဖား ရွှေကတော့စွပ်နှင့် မှုန်နံ့သာ တသင်းသင်း သကာ၊ ပိတ်ဖြူချော ကိုယ်ကျပ်အင်္ကျီ၊ ပိုးထဘီ ခြေဖဝါး မပေါ်တပေါ် ခြေကျင်းကြီးတွေ တဝင်းဝင်း၊ မလှုပ်တလှုပ်ဖြင့် ဆွမ်းအုပ် နီတျာကို ပိုက်ပြီး ဆွမ်းလောင်းရင်းမှ မြင်းပေါ်က လူလုကို မျက်လွှာကလေး တွေ မချ တချ ပင့်၍ ကြည့်ကြသည်။

နေသာသာတွင် မောင်စိုသည် တေးသံကလေး တညည်းညည်းနှင့် မြို့ပြင်သို့ တရွေ့ရွေ့ ထွက်လာရင်း နံနက်ခင်း၏ သာယာခြင်းကို ကြည်နူးနေခဲ့သည်။ သို့နှင့်ပင် မဟာ့မြတ်မုနိဘုရားကြီး မုခ်ဝသို့ ရောက်ခဲ့သည်။ ထိုမှတစ်ဖန် တောင်မြို့သို့သွားရာ လမ်းမနှင့် မတ္တရာသွားရာ လမ်းဆုံသို့ ရောက်လျှင် မြင်းကို ခေတ္တနား၍ မြင်းပေါ်မှ ဆင်းကာ သစ်တစ်ပင်ရိပ်အောက်သို့ ဝင်နိုသည်။ သစ်ပင်အောက်ကမှ ကွင်းစပ်သို့ ကြည့်မိသည်။ ဤတွင်မှ ကွင်းတဲက ဖြတ်ပြီး သွားနေကြသော လူအုပ်ကြီးဖွေးဖွေးကို မြင်တော့သည်။

လူတွေမှာ တစ်စုစီ တစ်ဖွဲ့စီ တစ်နေ့ရာသို့ သွားချည် ပြန်ချည်နှင့် ကြိတ်ကြိတ် တိုးနေကြသည်ကို တွေ့ရသောကြောင့် မြင်းကို ပြန်စီးပြီး လူအုပ်ဘက်သို့ ခပ်သွက်သွက် ကပ်ခဲ့၏။ လူအုပ်အနီး ရောက်ခါမှ မြို့တွင်းဘက်သို့ ပြန်လာသော လူတစ်ယောက်ထံ 'ဟိုအရှေ့ဆီက လူတွေ မည်းမည်း မည်းမည်းစုနေသာ ပဇာတုံးဗျ'ဟု မေးရသည်တွင် ထိုလူက မောင်စိုအား အားမလိုအားမရ ကြည့်ပြီး 'ခင်ဗျ မသိဘူးလား၊ သုသာန်မယ် ငရန်မင်းတို့တစ်စုရဲ့ အလောင်းတွေ လာထားသာလေ၊ နိုင်ငံတော်တစ်ဝန်း ဟိုးလေး တကျော်'ဟု မောင်စို မကြားမိသည်ကို အပြစ်တင်ဟန် ပြောရင်း 'သွားကြည့်ပါဗျာ၊ စင်းစင်းကြီး သေနေသဲ့ တိရစ္ဆာန်တွေ'ဟု ဆက်လက်ပြောပြန်မှ မောင်စိုလည်း ငရန်မင်း တို့ အလောင်းကို မြင်လိုလှသည့်အတွက် ဩဇာန်ပြရာသို့ ရှေးရှုခဲ့၏။ လူအုပ်အနီးသို့ ရောက်သောအခါ မြင်းနှင့်စီးသွား၍ မရသဖြင့် မြင်းပေါ်မှ ဆင်းဆွဲရသည်။

ငရန်မင်းတို့ အစုမှာ နာမည်ကျော် လူဆိုးဓားပြကြီးများ ဖြစ်၍ မကြာမီကမှ သူ့သင်းပင်းတွေပါ လက်ရဖမ်းမိ ထောင်သွင်း အကျဉ်းချထားခြင်း ခံရသည်ဟု သိရ သည်။ ဘယ်နေ့က သတ်လိုက်ကြသည်ကိုကား မသိ။ မောင်စိုသည် လွန်ခဲ့သော ရက် သတ္တပတ်က စ၍ အကြေမှ ယူဆောင်လာမည့် လက်နက်များကို သွားကြိုရန် အောက် ကုလားမင်း၏ သံဘက်အရာရှိကလေး တစ်ဦး၏ မီးသင်္ဘောကို ဆင်ဖြူကန်မှ တိတ် တဆိတ် သွားစောင့်စီးနေရသည့်အတွက် ထိုရက်များအတွင်း နေပြည်တော်တွင် ဖြစ်ပျက် လိုက်သော သတင်းကို မသိမိခြင်း ဖြစ်သည်။

မြင်းဆွဲရင်း လူအုပ်အနီးသို့ ရောက်သွားသော်လည်း မြင်းနှင့် တန်းလန်း ဖြစ် သဖြင့် လူကြားသို့ တိုးမဝင်နိုင်ဘဲ ရှိနေခိုက် လူ ဝဝ ပုပု တစ်ယောက်နှင့် ပခုံးချင်း တိုက်မိကြသည်။ နှစ်ဦးသား 'ကန်တော့ဗျား'ဟု ဆိုမိမှ ချက်ချင်း မျက်မှန်းတန်းမိကြ သည်။ ထိုလူကပင် 'ကိုရင်၊ မြင်းကြီးနဲ့ ကန့်လန့်မို့ မမြင်ရသေးဘူး ထင်ပ'ဟု ဆိုလျက် သူ့နောက်က ပါလာသော ဆံတောက်ဖားဖား မျက်နှာတွင် ညင်းကွက်ဖွေးဖွေးနှင့် လူပျိုပေါက်ကလေးထံ လှည့်၍ 'ဟော့ ပေါ်တာ၊ သည်က ကိုရင့်မြင်း ခဏ ဆွဲထားရစ်စမ်း၊ စီးလည်း မနေနှင့်နော'ဟု အပ်စေမှ မောင်စိုလည်း ကျေးဇူးတင်စွာ မြင်းပေးခဲ့ပြီး လူအုပ်ကြားသို့ တိုးဝင်ရသည်။

ထိုလူက ရှေ့မှ ကာ၍ တိုးရာ လူက ဖလ်၊ သန်၍လော မသိ၊ လူတွေ ရှဲခနဲ

ရှဲခနဲ ဖယ် ဖယ်ပေးကြ၏။ မောင်စိုသည် ရှေ့လူနောက်မှ ကပ်၍ အလွယ်ဖြင့် လိုက်နိုင်သည်။ ရှေ့လူမှာ မောင်စို့ထက် ပုသည်။ ခေါင်းတုံးထိပ်ပြောင်နှင့် ကုပ်တစ်ခြမ်းလုံး အမှတ်ကြီး မည်းမည်းနှင့်၊ နားပေါက် ပေါင်းလောင်းဖြင့် ဖြစ်၏။

စောစောက မြင်းအပ်ခိုင်းစဉ် သတိပြုမိသောကြောင့် နှာခေါင်းပွပွ၊ မျက်စိမှေးမှေး ထိုလူ၏ သွားတွေအားလုံး ကွမ်းစားလွန်းသဖြင့် မည်းချိပ်နေသည်ကို မြင်ထားသည်။ ရှေ့က ထိုပုကွကွနှင့် လူမှာ အရုပ်အတော်ဆိုးသည်။ သို့သော် မောင်စို မျက်နှာ ချက်ချင်း တန်းမိသည်။

ထိုလူ့နောက်မှ လိုက်သွားရင်း လူတွေကြားတွင် ချွေးနံ့၊ ဖုန်နံ့၊ လူနံ့ဖြင့် တပေါင်းပေါင်း ဖြစ်နေသည့်အတွက် အတန်ကြာသွားမိလျှင် မောင်စိုသည် ရေမွှေးဆွတ်လာသော ပိုးပဝါတစ်ပိုင်ကို နှာဝမှာ တေ့ထားရသည်။ လူချင်းကား အလုအယက် ကြိတ်ကြိတ်တိုး ဖြစ်နေသည်။ တစ်နေရာတွင် ကြည့်ပြီး အပြန် အသက်ငါးဆယ်ကျော် အဘွားအို၏ ခြုံစောင်အမြိတ်နှင့် မောင်စို့ဆောင်စား ချိတ်နေသဖြင့် ခေတ္တ စောင့်ဖြုတ်နေရသည်။ လူသံတွေလည်း အမျိုးမျိုး ပြောလာကြသဖြင့် ဘာမျှ နားမလည်။ ဝုန်းဝုန်း၊ ဝုန်းဝုန်းနှင့် နားဝမှာ ဆူနေ၏။ နေပူကျဲကျဲတွင် ဤမျှ အဆင်းရဲခံ၊ တစ်ယောက်နှင့် တစ်ယောက် တိုးရင်းဖိ့ရင်း ဝတ်ကောင်းစားကောင်း မောင်စို့လို ဝတ်လာသူတွေ မှန်သမျှ ညစ်သူညစ်၊ စုတ်သူစုတ်နှင့် ဒုက္ခခံ၍ တကူးတကန့် လာကြည့်ကြသည်။ လူသတ္တဝါ တစ်ဦးတစ်ယောက်အား လူကိုလူချင်း ကွပ်ကဲစီမံသော လူ့ဥပဒေအရ လူတွေကပင် သတ်ဖြတ်ခဲ့သဖြင့် သေနေသော အလောင်းကို သနားမဖက် ပွဲလမ်းသဘင် ထက် စည်ကားစွာ လာရောက်ပြီး သဲသဲမဲမဲ အားရအယ်လဲ လာ၍ ကြည့်ကြသည်။ သတ္တဝါချင်း သနားခြင်း ကိုယ်ချင်းစာတရား ဤမျှ ခေါင်းပါးကြပါပေသည်။

မောင်စိုသည် ထမင်းအိုးတစ်လုံးချက်ခန့် ကြာမှ သုသာန်မြေပေါ်သို့ ရောက်မှန်းမသိ ရောက်ခဲ့၏။ မြေပုံ၊ ကန်သင်း၊ အုတ်ဂူ စသည်တွေ၊ တလားပျက်တွေကို နင်းမိ တိုက်မိမှ သူ ယခင် လမ်းဆုံက မျှော်ကြည့်ခိုက် မြင်ရသော တစ်ခေါ်မျှရှိသည့် ခရီးကို မည်မျှ ကြာအောင် အပင်ပန်းခံ၍ တိုးလာရသည်ကို သတိပြုမိသည်။ 'သည်ရှေ့လူက တိုးဖယ်ပေးပေလို့သာ၊ နို့မဟုတ်ရင် နေဝင်မှ မြင်ရမယ်'ဟုပင် ဆိုမိသည်။

ခဏကြာလျှင် အလောင်းကောင်တွေ အနီးသို့ ရောက်သွားသည်။

ချက်ချင်းပင် ဆိုးဝါးလှသော အနံ့ကြီးသည် အမွှေးရှုနေသော မောင်စို့နှာခေါင်း ထဲသို့ပင် စူးဝင်လာသောကြောင့် ပုဆိုးစွန်းဖြင့် ပိတ်ထားရသည်။ ငရန်မင်းနှင့် သူ့အဖော် လေးယောက်မျှ၏ အလောင်းတွေမှာ နေပူတွင် ပုပ်ရောင်ဖူပွစ ပြုနေပြီ။ မြင်မကောင်း စဖွယ် ဖြစ်နေ၏။

သေသေချာချာ ကြည့်မိရာ ပုဆိုးခါးတောင်းမြှောင်အောင် ကျိုက်၍ တစ်ကိုယ်လုံး မင်ကြောင်ဆေးနီဖြင့် ပိန်းနေသော ငရန်မင်း၏ဝမ်းဗိုက်မှ ဟက်ပက်ကြီး ကျည်ဝင်ပေါက်တွေ ပြဲနေသည်။ မျက်လုံးတွေရွဲ၍ ပြူးကာ ပါးစပ်ဟောင်းလောင်း ဟ၍ သွားကြီး

တွေ ဖွေးနေသည်။ သို့ မြင်ရသမျှ အရှုအခင်းမှာ ငစို တံထွေး မျိုမရလောက်အောင် အော့နှလုံးမသာ ဖြစ်နေသည်။

မောင်စိုမှာ ရင်ထဲမှ လေးသွားသည်။ ကြည့်လည်း ကြည့်ချင်သည်။ ချက်ချင်းလည်း နေရာမှ လှည့်ပြန်ချင်သည်။ စိတ်၌ တုန်လှုပ် ထိခိုက် ခံရတော့၏။

လမ်းပြလိုက်လာသူကား နှာခေါင်းပင် မရှုံ့ပေ။ အလောင်းတွေကို မျက်နှာမပျက် ဣန္ဒြေရရပင် ကြည့်နေသည်။ ကြည့်လျက်က မောင်စို့ထံလှည့်၍ အလောင်းတွေထံ လက်ညှိုးထိုးပြရင်း 'အဲသည် နှုတ်ခမ်းမွေးကားကားနဲ့ဟာ ငရန်မင်းပေါ့။ ကျည်ဝင်တော့ ငယ်သံပါအောင် အော်သလေ။ သူတကာက သင်း အင်တန် သတ္တိကောင်းသယ် ပြောသာ' ဟု ပြောသည်။ မောင်စိုက 'သြော်'ဟု ဆိုကာ အသံတွေ တုန်နေပြီ။ မောင်စို အသံတုန်သွားသည်ကို တွေ့ရသဖြင့် မော့ကြည့်နေပြီးမှ ဆက်လက်၍ 'ကျုပ် တွေ့ဖူးသမျှ မတော့ သေခါနီးမယ် အသည်းကြောင်သာချည့်ပဲ။ မကြောင်သာ တစ်ယောက်ပဲ မြင်ဖူးသယ်'

'အသူတုံးဗျ'ဟု မောင်စိုက မေးမိသောကြောင့် 'ပြင်စည်မင်းသမီးလေ့၊ သီပေါကိုယ်တော်လေး နန်းသိမ်းစက နန်းတော်ထဲမယ် သင်းတို့ မင်းသွေးတွေကို သတ်ပစ်တုန်းက'

မင်းသမီးတစ်ပါး၏ အတွင်းစိတ်ဓာတ် အခြေအနေကိုပင် သူက အတွင်းသိ အနေဖြင့် လေသံအေးအေး ပြောနေသူအား မောင်စိုတွင် ခေတ္တသော် အတွေးရ အထင်ရ ဇဝေဇဝါဖြင့် ပြန်ငေးနေမိသေးသည်။ ဤလို အညတရလူက နန်းတော်ကြီးအရေးကို ထမင်းစား ရေသောက် အခင်းသိအနေ ပြောချေသည်တကားဟု စဉ်းစားရင်း 'သြော်'ဟု မောင်စိုက ဆိုမိပြန်၏။ ပြီးမှ ငရန်မင်းတို့ အလောင်းကို ကြည့်မိသည်။ ယင်ကောင်တွေ တဝီဝီ တလောင်းလောင်းဖြင့် မြင်ရသည်။ ဤအတွင်း ထိုလူက စကားဆက်၍ ပြောနေသေးတော့၏။

'ဟုတ်သယ်၊ သည်အကောင်တွေလည်း တူတူပေါ့။ သတ်တာ သည်ကနေ့ပါနဲ့ သုံးရက် ဇေ့ပီ၊ ညနေကျမှ သင်္ဂြိုဟ်မယ်။ သင်္ဂြိုဟ်သာ လာကြည့်ဦးမလား'

'ဟင့်အင်း'ဟု မောင်စိုသည် ပြောပြောဆိုဆို နေရာမှ လှည့်ပြန်ရန် ပြင်သဖြင့် ထိုလူကလည်း 'ပြန်တော့မလား'ဟု ဆိုကာ မောင်စိုနှင့် ယှဉ်၍ ထွက်ခဲ့သည်။

## ၃၁ | ဓားပြကြီး ငရန်မင်း

လူအုပ်ကြားမှ တွန်းကာ ဖယ်ကာ ထွက်ခဲ့ရင်းကပင် ထိုလူက စကားဆက်လက် ပြောနေသည်။

'သုသာန်မယ် သုံးရက်စေ့အောင် ထားမယ်သဲ့၊ တချို့က ငရန်မင်း မသေဘူး ဆိုလို့ တမင်ထားသာ'

'သြော် ဟုတ်ပါစ'

'ဟုတ်သယ်လေ၊ တမြန်နေ့က သင်းတို့အစုနဲ့ ထောင်ထဲက တခြား အကျဉ်းသားတွေ ထောင်ထလို့ မာရာဘင်ဗိုလ်စုနဲ့ တိုင်တားမင်းကြီး သေနတ်စုက လာပြီးနှိမ်နင်းရပါကော။ စုစုပေါင်း သုံးရာကျော်သယ်၊ သေသာ'

'သြော် ရန်းရင်းဆန်ခတ် အတန် ဖြစ်လိုက်မှာပ နော့ဗျာ'

'ဟုတ်သယ်၊ အားလုံး သေနတ်နဲ့ချည့် ကျည်ကုန် လွတ်ပစ်သာ မသေခံနိုင်ရိုးလား'ဟု ပြောပြီး မောင်စို့လက်ရုံးကို ကိုင်၍ နားဝသို့ မီအောင် ခြေဖျားထောက်ပြီး–

'ဟို အရင် မင်းတရားကြီး လက်ထက်တော်က မြင်ကွန်းမင်းသားကြီး ကြံရာပါတွေ တစ်စုလည်း ပါသယ်။ အပြင်က သူတို့ လူတစ်စုက ထောင်ထအောင် လုပ်ပြီး ထရင် သူတို့လူ သူတို့ ဝင်ဆွဲဖို့ရာ စီစဉ်သယ်လည်း ပြောသံ ကြားသာပဲ'ဟု လေသံနှိမ့်၍ ပြောသည်။ မောင်စို့ပါးကလေးမှာ ထိုသူ့နှုတ်ခမ်းမွေး ပေါက်စကလေးတွေနှင့် ပွတ်မိပြီး ယားသွားကာ ကြက်သီးဖြန်းသွားမိ၏။

'သြော် ဟုတ်စ'ဟု နားဝေတိမ်တောင် မေးမိ၏။ ထိုလူက ဘာမျှမပြောဘဲ လူအုပ်အပြင်ရောက်အောင်သာ တွင်တွင်သား ထွက်သည်။ အပြင်ရောက်လျှင် မြင်းအပ်ခဲ့သော သူငယ်အား မြင်းကို ခွစီးလျက်သား မြင်ရသည်။ မောင်စို့နှင့် စကားပြတ်သွားသဖြင့် နောက်ထပ် မပြောတော့ဟု ထင်သော်လည်း 'ဟုတ်သယ်၊ သာပေသိ သေသေချာချာ မသိရရို့။ သိရရင် နိုင်ငံရေးနဲ့ကျသဲ့ အကျဉ်းသားဆို ရက်ရက်စက်စက် သတ်ရသယ်။ ဘသူမှ မသနားရဘူး၊ ဟုတ်သယ်'ဟု ပြောသည်။ မောင်စို့မှာ အဘယ့်ကြောင့်မသိ၊ ကျောထဲမှ စိမ့်သွားမိသည်။

ဘာတွေ လာမြင်၊ ဘာတွေ လာကြားနေရပါလိမ့်။ နေပြည်တော်တွင်းက သာသာယာယာ ကြည်ကြည်လင်လင် အရှုအခင်းနှင့် မင်္ဂလာ၊ ယခုမူကား မသာမယာလှသော အမင်္ဂလာတွေ။ အလွန် ကွာခြားလှပါ့ကလားနော်ဟု တွေးမိသည်။ ထိုအခိုက် ထိုသူက မြင်းစီးထားသော သူငယ့်ထံ 'ရို့ ပေါ်တာ၊ မင့်ဘ ကလွှားရိမှပဲ။ မြင်းကို စီးမနေပါမင့် ဆိုမှ၊ လာ မြင်းပေး'ဟု အော်ခေါ်နေသည်။ ပြီးမှ 'ကိုရင့်နာမည် အသူပါလိမ့်'ဟု မေးသဖြင့် မောင်စို့က ပဝါကို ခါးကြားတွင် ပြန်လိမ်ရင်းက ပြုံး၍ 'ငစိုပါသဲ့'ဟု ပြောသည်ကို–

'မြင်ဖူးသလိုလို မို့ပါ၊ အစ်ကို့ မြင်မြင်ချင်း စိတ်ထဲက တစ်မျိုးပဲ။ ခင်သလို၊ မင်သလို'

'သြော်'ဟု ထပ်ပြုံးရင်း 'အနို့ အကျွန့်ကို ဘယ်မှာ မြင်ဖူးပါတုံးဗျ'ဟု မြင်းလှမ်းပေးသော သူငယ့်ထံမှ ယူရင်း မေးသဖြင့်–

'ရွှေနန်းတော်ကြီးက ဗြဲတိုက်ဝင်းနားဆီ ချက်တစ်ဖြုတ် ရွှေဘိုငနောင်နှင့် တွဲတွဲမြင်ရသလိုလို ထင်မိပါရဲ့'ဟု ပြောမှ–

'သြော် ... သည့်က အစ်ကိုက နန်းတော်ကြီးကကိုး'

'ဟုတ်ပါ့၊ ထောင်ကြီးချုပ်က ပါးကွက်ကြီး ပြောင်ဆိုသာ အကျွန်ပါပဲဗျာ့'ဟု ပြောသည်။ မောင်စိုတွင် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားသည်။ ရင်လည်း တုန်သွားမိသည်။ သို့သော် ပြောင်အား အပြုံးမပျက် ကြိုးစားကြည့်လျက် 'သြော် ဟုတ်စ…သတိမပြုမိဘူး၊ အမှတ်မဲ့ပဲ'ဟု ဆိုပြီး မြင်းပေါ် လျင်မြန်စွာ တက်၊ 'သွားလိုက်ဦးမနော၊ ခွင့်ပြုပါဦး'ဟု ဇက်ကို ဆတ်၍ မြင်းနံကို ဖနောင့် တို့ပေးလိုက်သည်။ မြင်း ဒုန်းမပြေးမီ–

'ဟုတ်ကဲ့၊ နောက် တွေ့ကြသေးသာပ'ဟု နှုတ်ဆက်လိုက်သော ပြောင့်အသံကို ကြားမိခဲ့သေး၏။

မောင်စိုကား အကြောင်းမဲ့ပင် အဘယ့်ကြောင့်မသိ။ "ငါ့နယ် ရှာရှာဖွေဖွေ သည်ဟာမှ သွားကြည့်မိသယ်နော။ ပီး သည်ပါးကွက်ဆိုသဲ့ လူနှင့်မှ သွားအသိဖွဲ့မိသေးဗျာ"ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိနေတော့ကာ ထိုနေရာနှင့် ဝေးသည်ထက် ဝေးအောင် မြင်းကို ဒုန်းစွတ်၍ စိုင်းနေမိတော့သည်။

အိုးဘိုရောက်လုနီးမှ မြင်းကို အရှိန်လျှော့စီးခဲ့ရင်း အိုးဘိုရွာမမှ ဖြတ်ကာ မောင်နောင်တို့ လူစုရှိသော မင်းသားကို အကျဉ်းထားရာ ဝင်းတော်သို့ မွန်းမတိမ်းမီ ရောက်ခဲ့၏။

အကျယ်ချုပ်ဖြင့်ထားသော မင်းသားကို ပထမအစက ခပ်ပေါ့ပေါ့ပင် ထားခဲ့သော်လည်း လွန်ခဲ့သော အရက်နှစ်ဆယ်ခန့်မှ စ၍ အထူးတလည် ကြပ်မတ် စောင့်ရှောက်နေကြသည်ကို တွေ့ခဲ့ရသည်။ မောင်နောင် ကိုယ်တိုင်ပင် အိမ်တော်တွင် နေ့ညဥ့်မလပ်အမြဲနေသဲ့ ခင်မှုံကိုလည်း နေပြည်တော်မှ ထိုအိမ်သို့ ခေါ်ယူထားလေသည်။

အစောင့် အနေတို့လည်း နှစ်ဆယ်မျှ တိုး၍ ချထားသည်။ မင်းသား၏ အလိုတော်ရှိရာ အစားအသောက် ပွဲတော်ပွဲအုပ် အသုံးအဆောင် လိုလေသေးမရှိ ပြည့်စုံအောင် ပေးဆက်ထားသော်လည်း၊ မင်းသားခမျာမှာ သံချိုင့်ဌ်လျောင်၍ သစ်သီးသစ်ဥ အဆီအဆိမ့်များကိုကား ကျွေးမွေးခံရသော ကျေးငှက်ငယ်သို့ မခြား၊ အိမ်တော်ဝင်း အပြင်သို့ပင် မကြွမြန်းရ။ ဝင်းတော်အပြင်မှ ခရီးသွား လမ်းလာကိုမျှ လှမ်း၍ စကားမပြောရရှာပေ။

'အို မင်းတို့ အစာတွေလည်း မစားချင်၊ မင်းတို့ အပြုအစုလည်း မခံချင်၊ မင်းတို့ မျက်နှာတွေလည်း မကြည့်ချင်၊ မင်းတို့ ဘုရားထူးလည်း မခံချင်ပါဘူး။ ဟောဟိုလမ်းပေါ်က သူတောင်းစားလောက်ကမှ မလွတ်လပ်သဲ့အတူတူ သေရသာက ကောင်းသေး။ ငါ့ကို ဘယ်အပြစ်နှင့် သာလောက် ချုပ်ချယ်ရသာတုံး။ ညီတော့် အလိုတော်မှ ဟုတ်ပါစ။ မင်းတို့ တိုင်တားတို့၊ ရေနံချောင်းတို့တစ်တွေ လက်သီးပုန်း ပြကြသာများလား ကွယ်ရို့'ဟု တစ်ကြိမ်မက ညည်းညူတော်မူသံကို နားဖြင့် ဆတ်ဆတ်ကြားရသော မောင်စိုမှာ တစ်ခါမက စိတ်ထဲမှ အေးခနဲ ဖြစ်သွားမိဖူးသည်။

'အို ကိုယ်တော့်နယ်၊ ဘုရင့်အမိန့်တော် မပါဘဲ ကိုယ်တော့်ကို ဘယ်သူ ချုပ်ချယ်ဝံ့ပါ့မလဲ'

'ဟုတ်မယ် မထင်ပါဘူးကွာ။ တို့ညီတော် သည်လိုစိတ်မျိုး မရှိပါဘူး၊ ဘယ့်နှယ် မုန်းချင်းမုန်းရင် သူနန်းရကတည်းက သတ်ပစ်မှာပ။ ခုဟာမယ်က သူကိုယ်တိုင် အသက်ကယ်ဆယ်ပေးပြီး....'

'တန်ပါလေ ကိုယ်တော်၊ အသူ့အမိန့်ပဲဖြစ်ဖြစ် ကိုယ်တော် ပဇာတတ်နိုင်လို့တုံး' ဟု မောင်နောင်က ခပ်မာမာ ပြန်ပြောတတ်သည်။ မင်းသားကြီးနှင့် ထိုက်တန်သော ရှိသေသည့် အသုံးအနှုန်းကိုမျှ မသုံးစွဲ၊ စကားသံပြောင်လှသည့်အတွက် မင်းသားကြီးမှာ ချည့်နဲ့သော မျက်လုံးတွေ အရှိန်တော်ကလာရင်း 'အေးကွယ် ...မတတ်နိုင်သေးလို့သာပ၊ တတ်နိုင်ရင်....'ဟု စကားမဆုံးနိုင်ဘဲ နေရာမှ မောင်နောင် ငေါက်ခနဲ လှည့်ထွက်သွားသည်ကို မကျေမနပ် တစ်ကိုယ်လုံး အသားတဆတ်ဆတ် တုန်နေရစ်ခဲ့တတ်သည်။

မောင်စိုသည် ထိုမင်းသားကြီးကို အလိုလို သနားမိရင်းက မောင်နောင်တို့ အနိုင်ကျင့်ချင်တိုင်း ကျင့်နေပုံတွေကို ခံပြင်းလှလေသည်။ အိမ်တော်သို့လာတိုင်း မရောက်မိကပင် မင်းသားကြီးမျက်နှာကို တရေးရေး မြင်နေမိပြီး ဘာများ ကြားရ၊ ဘာများ မြင်ရပါ့မလဲဟု အမြဲ ပူပန်မိခဲ့တတ်သည်။

မောင်စိုသည် ဝင်းတော်ဝသို့ ရောက်လျှင် ခါတိုင်းလိုပင် အဝမှာ စောင့်နေသော မာရဘင်တပ်သား တစ်ဦးနှင့် နှုတ်ဆက်ရင်း အတွင်းသို့ ဝင်ခဲ့သည်။

ဝင်မိမှလည်း အိမ်တော်တွင် ထူးထူးခြားခြား တိတ်ဆိတ်နေသည်ကို တွေ့ရသည်။ ခါတိုင်း ဆင်ဝင်အောက်၌ ထားနေကျ သေနတ်ကိုင် ကင်းသားတစ်စုကိုလည်း မတွေ့။ အိမ်တော်ဘေးဘက် သရက်ပင်ကြီးအောက်တွင် ထားသော မြင်းတွေလည်း မရှိမှန်း သိရသောကြောင့် မြင်းပေါ်မှ လေးလံစွာဆင်းရင်း မြင်းဇက်ကြိုးကိုကိုင်ကာ တောင်မြောက်ဝဲယာကို မျက်မှောင်ကုတ်ပြီး ကြည့်သည်။

"ဘယ့်နှယ် အိမ်တော် တိတ်ဆိတ်လှချေ့ကလား။ ပဇာများ ဖြစ်လို့ပါလိမ့်နော" ဟု တွေးပြီး ခေတ္တတွေရပ်ကာ မြင်းဇက်ကြိုးစဖြင့် မြင်းဇက်နှင့် ပခုံးတွင် လာနားနေသော မှက်နှင့်ယင် သုံးလေးကောင်ကို ပုတ်၍ မောင်းရင်းက စဉ်းစားနေမိသည်။ ပြီးလျှင် မြင်းကို အရှေ့ဆောင်ထောင့်ရှိ ကွမ်းသီးပင် ဘစ်ပင်တွင် ချည်ထားခဲ့ရန် ပြင်နေခိုက်တွင် ကျုမှ ဆင်ဝင်အောက်သို့ ထွက်လာသော ခင်မှူးနှင့် သွားတွေ့လေသည်။ ခင်မှူးက ဝမ်းသာအားရ–

'သာကြောင့် ခုနက မြင်းခွာသံ ကြားပါသယ်လို့၊ စိုရောက်သာ ကြာပလား'ဟု မေးသည်ကို မောင်စိုက မျက်မှောင်အကုတ်မပျက် 'အိမ်း ခုတွင်ပဲ၊ ဘယ့်နှယ် တိတ်လှချေ့'ဟု မေးသည်။ ခင်မှူးက အောက်အုတ်စီလမ်းပေါ်သို့ ဆင်းခဲ့ပြီး မြင်းလည်ဆံကို ပုတ်ရင်းကမှ 'တိတ်ဆို ကိုယ်တော်ကြီးမှ မရှိဘဲ'

'ဟေ ... ဘယ်ခေါ်သွားကြပြန်ပလဲ'

'ခေါ်သာ ဟုတ်ပေါင်ပါ။ ကိုယ်တော်ကြီး ချက်တစ်ဖြုတ် အလိုရှိလွန်းလို့ မတ္တရာဆီကို စိတ်ပြေလက်ပျောက် ရှိတော်မူရန် ဆိုပြီး မြင်းတော် အပျော်စီး ထွက်သွားကြ

သယ်'ဟု ပြောသည်။ မောင်စိုမှာ အဘယ့်ကြောင့်မသိ၊ ရင်ထဲမှ ဒိတ်ခနဲ ခုန်သွားသည်။ မောင်စိုမှာ ယခုတလော ရင်အခုန် အလွန်မြန်နေလေသည်။ ဤမျှ ချုပ်ချယ်ထားခဲ့ပြီးမှ ယခုလို ရုတ်တရက် မြင်းအပျော်စီးဆို၍ အပြင်သို့ ခေါ်သွားသည်မှာ ဧကန် အကြောင်း တစ်ခုခုတော့ ရှိပြီဟု တွေးမိသောကြောင့် မြန်လျင်စွာ 'ဟုတ်စ၊ ဘယ့်လောက် ကြာသွား ပတုံး'

'သိပ် မကြာသေးပေါင်၊ ကွမ်းတစ်ယာညက်သာသာ ရှိသေးမယ်'

'ဘယ်ဆီ သွားကြတုံး မှူ'ဟု သိလိုရာမှ လေသံဆက်ဖြင့် 'ကိုနောင်ပါ ပါသွား လား'ဟု မေးမိ၏။

'ဟုတ်ဂဲ့'

'သည့်ပြင် အသူ ပါသွားသေးတုံး'

'သည့်ပြင်တော့ သည်က မြင်းစု ဆယ့်နှစ်ယောက်အပြင် ရွှေနန်းတော်ကြီးက ရနောင့်ညီ ပင်းသာစား ကိုပြောင်တစ်ယောက်တော့ ပါလေရဲ့။ မနက်စောစော ရောက် လာပြီး နန်းတော်ကြီးက မတ္တရာလောက်မျှတော့ ထွက်တော်မူခွင့်ပေးသည်။ သာပေသည့် မာရဘင်သေနတ်သား ဆယ့်လေးငါးယောက် ပါပေစေလို့ အမိန့်တော် ယူလာသယ်သဲ့' ဟု ပြောလျှင်ပင် မောင်စိုသည် ချည်တော့ရန် ပြင်ထားသော မြင်းကိုဆွဲ၍ ကုန်းနှီးကို ပြင်ကာ ခြေနင်းကွင်းပေါ်သို့ ခြေတစ်ဖက်တင်လျှင် 'ဘယ်တုံး စို'ဟု ခင်မှူက မေးလေ သည်။

'သင်းတို့နောက် လိုက်မလို့လေ'

'ပဇာမို့ လိုက်မတုံး၊ ခုတွင် ပြန်လာကြမှာ... မလိုက်ပါနဲ့။ အကျွန့် စို့ကို ပြောစရာ စကားတစ်ခွန်း ရှိသေး....'

'အရေးကြီးစ'

'ကြီးလှပေါင်ပါ၊ သာပေသိ....'

'မကြီးလည်း ပြန်ခါမှ ပြောသာပ'ဟု ဆိုပြီး မြင်းပေါ် လွှားခနဲ တက်လိုက်ကာ 'မတ္တရာဘက် ဟုတ်စ'ဟု ပြန်မေး၍ ခင်မှူ့အပါးမှ မြင်းကို စီးထွက်သွားသည်။ ဝင်းဝတွင် အစောင့်နှင့် မြင်းပေါ်က ကိုယ်ကို လေးကိုင်း ကိုင်း၍ တစ်စုံတစ်ရာ မေးမြန်းကာ အစောင့်က သေနတ်ပြောင်းဖြင့် မြောက်သို့ ထိုးပြရာသို့ မြင်းဇက်လှည့် ထွက်သွားတော့ သည်။

မောင်စိုသည် မောင်နောင်၊ မောင်ပြောင်တို့လူစု သွားရာသို့ အပြင်းလိုက်ခဲ့လေ သည်။ လမ်းတစ်လျှောက်လုံးလည်း ရှေ့တည့်တည့်ကို ကြည့်၍သာ စီး၍ ဖြတ်လမ်း လမ်းတိုရှိမည် ထင်လျှင်လည်း လိုက်ရန် ဆားဘီကို ကြည့်သေးသည်။ မင်းသားကြီးအား တစ်စုံတစ်ခုသော အကြံဖြင့် ခေါ်သွားကြခြင်းဖြစ်သည်။ မတ္တရာဘက် သွားသည်ဆိုလျှင် မတ္တရာတောထဲသို့ အရောက်ခေါ်သွားပြီး သူတို့လူစုဖြင့်ပင် အစတုံး သုတ်သင်ပစ်ဖို့ အမိန့်များ ကျလာသည့်အတွက် ဥပါယ်တံမျဉ်ဖြင့် ခေါ်ယူသွားခြင်းလောဟု စိတ်ပူသည်။

မင်းသားကြီးမှာ သူ့ဘာသာ အေးအေးလူလူ အဆိပ်မဲ့သော ရေမြွေဘဝတွင် အောက်ကျ နောက်ကျ စံမြန်းနေလျက်က အဘယ့်ကြောင့် ဤကဲ့သို့ မတရား အပြုခံရစိမ့်မည်နည်းဟု မောင်စို ခံပြင်းလှသည်။

မွန်းတိမ်းပြီးမှ ရှေ့က မြင်းအုပ်ကို မြင်ရသည်။ မြင်လျှင်ပင် မောင်စိုသည် မြင်းကို ဇက်ပုံပေးပြီး ကမူ ကန်သင်းတို့ကိုမှု ဂရုမထားနိုင်၊ မြင်းဘာသာမြင်း ကျော်လွှား ပြီး ပြေးစေတော့သည်။

ရှေ့က မြင်းအုပ်သည် မတ္တရာမရောက်မီ တောင်ကမူစာမြင့်မြင့်တွင် နေကိုခံ၍ ခပ်ဖြည်းဖြည်း သွားနေရာမှ လမ်းတစ်လျှောက် ဖုန်တထောင်းထောင်းနှင့် ဒုန်းနှင်လာ သော မြင်းကို နောက်ပြန်ရပ်၍ ကြည့်နေကြသည်။ မြင်းမှာ ဇက်စင်း၍ မြင်းစီးမှာလည်း မြင်းဇက်နှင့် သူ ခေါင်းကပ်၍ ကိုယ်ကိုကြွကာ မြင်းနှင့်တစ်သားတည်း တစ်ရှိန်ထိုး လာ နေသည်ကို မြင်ရသောကြောင့် နေပူတွင် ခေတ္တရပ်နေရာကမှ ရှေ့မလှမ်းမကမ်းရှိ တော အုပ်ကလေး အရိပ်သို့ တိုးဝင်ကြကာ နောက်က မြင်းစီးကို စောင့်၍ ကြည့်နေကြသည်။

နေကျဲကျဲတောက်ပူပြီး မြေငွေ့တွေ တလူလူပြန်နေသောကြောင့် ပိတ်ဖြူအင်္ကျီ၊ ဖောင်းဝတ်ရောင် မြင်းရောင် စသည်တို့မှာ နေရောင်တွင် မျက်စိပြာပြီး ပျောက်ပျောက် သွားသည်။ နောက်က သိပြီး တန်းကျန်ရစ်ကာ လေပွေမွှေ၍ ယမ်းနေခဲ့သော ဖုန်တွေ ကြောင့်သာ သူတို့ထံ တည့်တည့်ကြီး လာနေမှန်း သိရသည်။

မကြာမီလည်း ကျောက်တုံး ကျောက်ခဲတွေကို ကျော်ကာ လမ်းတစ်လျှောက် စုန်ကန် ဒုန်းသွင်းလာသော မြင်းခွာသံသည် သူတို့မြင်းစုကို ကျော်ဖြတ်ကာ တောအုပ် ကလေးထဲသို့ ပဲ့တင်ဝင်ရိုက်သွားတော့၏။ မြင်းတွေအလယ်သို့ အတင်းစွတ်ဝင်လာပြီး မြင်းခြေလေးချောင်း စုသွားအောင် ဇက်ကို ဆွဲလိုက်သဖြင့် မြေမှုန့်တွေ၊ သစ်ရွက်ဟောင်း တွေ ရှဲခနဲ ပွလန်သွားပြီးမှ ဇက်ကြိုးမော့၍ ပတတ်လန်သွားသော မြင်းပေါ်တွင် ချွေး တလုံးလုံး ရင်တမမနှင့် မောင်စိုကို မြင်ကြရ၏။ 'ဟင်း အသူများပါလိမ့်လို့၊ လက်စသတ် တော့ ကိုရင်ကိုး'ဟု မောင်ပြောင်က ပြော၍ ဤတွင်မှ မောင်စိုလည်း မြင်းကို မြေညီချစေ ရင်း သွားကလေးတွေ ဖွေးခနဲနေအောင် ပြုံးသည်ကို မြင်းစုအလယ် မြင်းဖြူကြီးပေါ်မှ ထိုင်နေသော မင်းသားကြီးက ဝမ်းသာသော သွင်ပြင်ဖြင့် 'မောင်ရင်စိုကိုး၊ အသူ့ဆီက ကြားလို့ လိုက်ခဲ့သာတုံး။ ကိုယ်တော်တို့ ပြန်တောင် လှည့်တော့မရို့။ နေက အင်တန်ပူ သကိုးနော'ဟု ဆီးကြိုနှုတ်ဆက်သည်။ မောင်စိုက ငနောင့်ထံ ပြုံးပြသဖြင့် မောင်နောင် ကလည်း ပြုံးပြသည်။ ပြီးမှ 'မှန်ပါ့ဖျ'ဟု ရှူးခနဲ လေမှုတ်၍ အင်္ကျီကို လည်ကြာဖွင့်သည် တွင် မောင်နောင်က 'ကိုင်း သည်နားဆီ ပူလှသဗျာ၊ ရှေ့သရက်ပင်အုပ်ကလေးထဲ ရောက်သဲ့အောင်....'ဟု မြင်းဇက်ကို စလှည့်မှ ကျန်လူတွေနှင့် မောင်စိုလည်း မောင်နောင် ပြောသော သရက်ပင်အုပ်ကလေးဆီသို့ ဆက်လက်သွားကြသည်။ စကားပြောသံ မကြား ရတော့။ မြင်းခွာသံ တခွပ်ခွပ်၊ ကကြိုးမှ သားရေချင်း ကုန်းသားရေချင်း ပွတ်သံ၊

မြင်းမြီးယပ်သံ တရှပ်ရှပ်ကိုသာ ကြားရသည်။ သရက်ပင်တွေမှာ တောင်ကမ္ဘာကလေး တစောင်းတွင် ပေါက်နေရာ လေတဟူးဟူးနှင့် အေးမြသာယာလှသည်။

မင်းသားကြီးမှာ မြင်းဖြူကြီးကို အသားကျစီးရင်း မြင်းနှင့် တသားတည်း ရင်ကော့ကော့ မေးမော့မော့ဖြင့် ဖက်ဖူးညွန့် ခေါင်းပေါင်းတော် တလူလူ၊ ရွှေကလနား ပတ် ဘောင်းဘီ၊ ကတ္တီပါစိမ်းအရောင် တလွင့်လွင့်နှင့် များစွာ ကြည်နူးနေဟန် တူသည်။ လက်သုံးတော် ဓားမှာလည်း မိုးကြိုးဆောင်ဓား ထားခွေးမငယ်နှင့် ဓားသွတ် ကတ္တီပါ အိတ်နီတွင် နောက်ပိတ်ပတ္တမြားစီ၍ ကြိုးပုဒယက်ကတော့ လက်ပန်ကွင်းဖြင့် မြင်းကုန်း ထိပ်တွင် တွဲလောင်းပါသည်။ ငါ မင်းသားဟဲ့ ဆိုသော မင်းသွေးကလေးမှာ သူ့အား ချိုးနှိမ် ချုပ်ချယ်သူတွေ ရှေ့မှ သွားရင်းက တသွင်သွင် သုတ်သွင်းနေသော လေယဉ်တွင် ပြန့်ပြော မျောပါသွားနေမတတ်။ မင်းသားကြီးနှင့် ဝါးတစ်ရိုက်ခန့်ကမှ မောင်စို၊ မောင်နောင်၊ မောင်ပြောင်တို့ မြင်းသုံးစီး လိုက်၍ သူတို့နောက်က သေနတ်ကိုင် မြင်းစီး ဆယ့်နှစ်ယောက်မှာ ကိုယ့်စိတ်ကူးနှင့်ကိုယ် ပါလာကြသည်။

သရက်ပင် တစ်ပင်ပြီးတစ်ပင် အောက်မှ ခပ်ညင်းညင်းစီးလာကြရာက မင်းသား ကြီးသည် ရွှေစိတ်တော် မြူးထူးဟန်ဖြင့် 'ရို့ လူတို့... လာကြလကွယ်၊ သည်ရှေ့ဆီက တောင်နှာမောင်းကလေးပေါ် ခြေသွက်ကလေး နှင်ရသဲ့အောင်'ဟု ပြောပြောဆိုဆို မြင်းကို ဖနောင့်ဖြင့် ဖိပေးလိုက်ရာ သူ့မြင်းဖြူကြီးလည်း ခြေသွက်စ ပြုတော့သည်။

သို့ဖြင့် မောင်စိုတို့လည်း အမီလိုက်ရသည့်အတွင်း မင်းသားကြီးမြင်းနှင့် နောက်ထပ် ဝါးတစ်ရိုက်ခန့် ထပ်ကွာသွားရာမှ အတန်ငယ်သွားမိပြီး တောင်နှာမောင်း ကလေးပေါ်သို့ ရောက်လုနီးနီးတွင် သရက်အုပ်ကလေးထဲမှ ဒိုင်းခနဲ သေနတ်တစ်ချက် ရုတ်တရက် ကြားလိုက်ရသဖြင့် မြင်းစီးအားလုံး မြင်းဇက်အုပ်ပြီး အံ့အားသင့် ရပ်တန့်မိ ကြ၍မှ မပြီးမီ တောအုပ် သရက်ပင်တွေကြားမှ လည်းကောင်း၊ ရှေ့တည့်တည့် တောင် နှာမောင်းပေါ်မှ လည်းကောင်း၊ နောက်က လည်းကောင်း မြင်းစီး နှစ်ရာနီးပါးမျှ သူတို့အား ဝိုင်းမိကြပြီး သေနတ်ကိုယ်စီဖြင့် ချိန်ကာ မောင်းတင် ကိုင်ထားကြသည်ကို တွေ့ကြရတော့သည်။

မောင်စိုတို့မှာ အံ့အားသင့်၍သာ နေကြတော့သည်။ သေနတ်ကိုင် မြင်းစီးများမှာ မောင်စို မမြင်ဖူးသော လူများဖြစ်၍ စကားမပြောကြမိ နှုတ်ခမ်းတွေ စေ့၍ စိန်းစိန်းကြီး ကြည့်နေသည်။ မောင်နောင်တို့၊ မောင်ပြောင်တို့မှာ ဓားနတ်မိကြပြီးမှ ပြန်သွတ်ရင်း ငြိမ်နေကြရသည်။

မင်းသားကြီးမှာ ထိုအခိုက် ရှေ့တွင် တစ်ယောက်တည်း ကျွံပြီး၊ တောင်နှာမောင်း ကလေးပေါ်က စောင့်နေသော မြင်းစု ဆယ့်လေးငါးယောက် အလယ်သို့ ရောက်သွားပြီး သူကိုယ်တိုင်လည်း အံ့အားသင့်နေပုံ ပေါ်သည်။

သို့သော် ထိုအခိုက် မောင်နောင်တို့က မြင်းသုံးစီးယှဉ်လျက်ပင် မင်းသားကြီးနှင့် ဝါးတစ်ရိုက်ခန့်သို့ နီးအောင် လာကြသည့်အတွင်း မင်းသားကြီးနှင့် ခပ်နီးနီးမှ—

'တပ်တော်သားများ'ဟု အသံကျယ်ကျယ်နှင့် 'သင်းတို့ လက်နက်မှန်သမျှ အကုန်သိမ်း'ဟု ဩဇာသံပါပါဖြင့် အကြီးအကဲနှင့် တူသူ၏ အမိန့်နှင့် မရှေးမနှောင်းပင် သူတို့ သုံးယောက်နှင့်တကွ တပည့်လက်သား ဆယ့်နှစ်ယောက်၏ ဓား၊ လှံ၊ သေနတ် ဟူသမျှကို တစ်ခုမကျန် အသိမ်းခံလိုက်ရတော့သည်။

## ၃၂။ ရွှေဉာဏ်တော် ကွန့်မြူးရို့၊ ဒူးခိုက်ခိုက် တုန်စဖွယ်

ထိုအကြီးအကဲ လုပ်သူမှစ၍ သူ့ငယ်သားများပါ အားလုံး ချပ်ဝတ်တန်ဆာ အပြည့်အစုံဖြင့် တည်ကြည် ငြိမ်သက်လှပေသည်။ သို့သော် မည်သူမည်ဝါဖြစ်၍ မည်သည့်တပ်သားများ ဖွဲ့စည်းကာ မည်သို့သော အကြံဖြင့် မောင်နှောင် စသော ဘုရင့်တပ်တော်သားတွေကို အန်တုဖက်ပြိုင်လျက် ဝိုင်းဝန်းထားခြင်း ဖြစ်သည်ကိုကား မောင်စို မတွေးတတ်ပေ။

ပါလာသော ဆောင်ဓားကို နှမြောလှစွာ ပေးလိုက်ရပြီး ရန်သူတပ်သား တစ်ယောက်၏ ပယ်ပယ်နယ်နယ် တစ်ကိုယ်လုံး အနှိုက်အချွတ် အရှာအဖွေ အစမ်းအသပ်ကို ခံရပြီးမှ မင်းသားကြီးထံ လှမ်းကြည့်မိသည်။

မင်းသားကြီးကိုကား ဘာမျှမပြုလုပ်ဘဲ မောင်နှောင်တို့ လူစုအားလုံး လက်နက်သိမ်းခံရပြီးကြောင်း ငယ်သားတစ်ယောက်ထံမှ ကြားရသည်နှင့် တစ်ပြိုင်နက် အကြီးအကဲအဖြစ် ဩဇာပေးသူသည် မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းကာ မင်းသားကြီး မြင်းအောက်မှ ပုဆစ်ဒူးတုပ် လက်တွင် ဓားလွတ်ကို ညှပ်၍ လက်အုပ်ချီကာ တစ်စုံတစ်ရာကို မော့ပြောလေသည်။

ဤတွင်ကျမှ မင်းသားကြီး၏ အံ့အားသင့်သော မျက်နှာတော်တွင် တစ်စုံတစ်ရာကို မယုံကြည်နိုင်လောက်အောင် ဖြစ်လှပုံမျိုးဖြင့် တစ်စုံတစ်ရာကို ခပ်တိုးတိုးပင် မျက်မှောင်ကုတ်၍ မေးသည်ကို မြင်းအောက်က လူက ရင်ဘတ်ကြားမှ တစ်စုံတစ်ရာကို ထုတ်ယူ၍ မင်းသားကြီးက ကိုင်း၍ ခံယူသော လက်ထဲသို့ ဆက်သလိုက်၏။ လက်ထဲတွင် ပါလာသော ဂုံစက္ကူ တစ်ထွာသာသာခန့်ကို နေကွယ်ရာသို့ ကိုယ်ရိပ်ဖြင့်ကွယ်ပြီး တစ်စုံတစ်ရာကို ဖတ်နေပြီးမှ စာရွက်ကို ဖြည်းညင်းစွာခေါက်၍ ခါးပိုက်ချောင်တွင် သွင်းသည်။ ပြီးလျှင် အကြီးအကဲလုပ်သူကို တစ်စုံတစ်ရာ ပြန်ပြောလိုက်သည်တွင် ထိုလူက နေရာမှထ၍ မြင်းပေါ် ပြန်တက်ကာ သူ့လူအချို့ထံ လက်ရိပ်ပြလိုက်သည်။

မောင်နှောင်တို့ လူစုအနီးမှ လွဲလျှင် ကျန်လူတစ်ရာခန့်သည် တောင်ကမူစွန်း ကလေးပေါ်သို့ တက်လာကြကာ မင်းသားကြီးအနီးတွင် ဝိုင်း၍ မြင်းပေါ်မှ ဆင်းကန်တော့ပြီးမှ မြင်းပေါ်ပြန်စီးလျက် ရံထားကြသည်တွင် မင်းသားကြီးလည်း အားရကျေနပ်လှပုံဖြင့် မောင်နှောင်တို့ အနီးသို့ တိုးခဲ့တော်မူသည်။

ဩဇာပေးသူက မင်းသားကြီး နောက်တော်ပါးမှ ကပ်၍ လိုက်လာကာ မောင်နှောင်တို့အား မထေ့တထေ့ ကြည့်နေခိုက် မင်းသားကြီးမှာကား သာလွန်ပြုံးရွှင်သော

ရွှေမျက်နှာတော်ကို မော့လျက် ရင်ကော့ကော့ ခါးမတ်မတ် လက်သုံးတော်ဓားကို ခပ်တင်းတင်း ဆုပ်လျက် မောင်ပြောင်၊ မောင်နောင်တို့နှင့် တစ်လံခန့် အကွာသို့ ကြွလာသည်။ ရောက်လျှင် ပြုံးရွှင်သော မျက်နှာနှင့်ပင်–

'ကိုင်း ကိုယ့်လူတို့၊ ကိုယ်တော်ကို ကန်တော့ကြ... ကန်တော့ကြ'ဟု ရုတ်တရက် ခိုင်းလေသည်။ မောင်စိုမှာ မောင်ပြောင်ကဲ့သို့ပင် အံ့အားသင့်သွားသောကြောင့် လော မသိ။ 'ပဇာပြုလို့တုံး ကိုယ်တော်ဖျ'ဟု မေးသည်ကို–

'ဘာပြုလဲ မင်းတို့ မသိသေးဘူးလား။ ငါကိုယ်တော့် အကြံအောင်သာပေါ့။ ဟောသာက ကိုယ်တော့် အတွင်းလူစုတွေက လွှတ်လိုက်သဲ့ တပ်မှူးပဲ'ဟု ဝမ်းသာလွန်းသဖြင့် အသံတွေပင် တုန်နေသည်။ 'ကိုင်း မောင်ရင်စို၊ ကိုယ်တော်ကြီးကို ကန်တော့ထား လိုက်လကွယ်။ ခွဲရမှာတော့ ဝမ်းနည်းသားဟ'ဟု မောင်စို့ထံ ငဲ့၍ မိန့်တော်မူပြန်ရာ မောင်ပြောင်နှင့် မောင်စိုမှာ တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်အောင် ဖြစ်ရင်း ဘယ့်နှယ့်လုပ်ရမတုံး ဟူသော အကြည့်မျိုးဖြင့် ကြည့်မိကြပြီး၊ ထိုအခိုက်လည်း ကိုယ်တော်ကြီးက အိုးဘိုမှ မြင်းစုထံ 'ကန်တော့ကြကွာ... ကန်တော့ကြ၊ အချိန်မဖြုန်းနိုင်ဘူး ဟေ့' ဟု မိန့်တော်မူသဖြင့် မြင်းစီးတွေလည်း ကြောင်တောင်တောင် ဖြစ်နေသည်ကို တွေ့ရသောကြောင့် မကန်တော့၍ မဖြစ်တော့ပြီ၊ မင်းသားကြီးမှာ အကယ်ပင် သူ့ကို ကယ်ဆယ်ကြသူတွေ လက်တွင် လိုက်ပါကြွသွားမည်ဟု အတပ် တွေးမိသည့်အတွက် နှစ်ဦးသား မျက်ရိပ်ပြ၍ မြင်းပေါ်မှ ဆင်းကန်တော့ရတော့သည်။

သူတို့ ဆယ့်ငါးယောက်ကို ဘယ်လိုများ စီရင်ခဲ့မည်နည်း။ ကိုယ်တော်ကြီးမှာ သူ့လက်ခုပ်တွင်း သူ့လူစု နှစ်ရာကျော်နှင့် ဝိုင်းမိထားသော သူတို့ ဆယ့်ငါးဦးကို အငြိုးတော်နှင့်များ ဓားစတေးတော်မူသွားမည်လားဟု ဇက်တွန့်မိ၍မှ မပြီးမီ ကိုယ်တော်ကြီးက 'ဟဲ့ ငနောင်၊ မကြားလား၊ ငါ အမိန့်တော်ရှိသာ'ဟု ပြောသံကို ကြားရသဖြင့် ခေါင်းမော်၍ ထ ရ၏။ မောင်နောင်မှာ တွေတွေကြီးပင် မထေ့တထေ့ ပြုံးတုံးတုံးနှင့် မခိုးမခန့် မြင်းပေါ်က မဆင်းသေးသည်ကို မောင်စို တွေ့ရသည်။ မောင်စိုသည် မြင်းဇက်ကို ကိုင်ရင်း မောင်နောင်ကို အကဲခတ်နေခိုက် မောင်နောင်က 'ကြားသားပဲ'ဟု ခပ်ငေါ့ ငေါ့ ဆိုသည်။

ကိုယ်တော်ကြီး မျက်နှာမှာ နီမြန်းသွားရာမှ ချက်ချင်းပင် ငနောင့် မြင်းဘေးသို့ ယှဉ်ကပ်ကာ မောင်နောင့်ပါးနှစ်ဖက်ကို တဖြန်းဖြန်း ရိုက်လိုက်တော်မူ၏။ တပ်မှူးကိုပင် အမိန့်ပေးမနေတော့ပေ။ အားလုံး အံ့အားသင့်သွားခိုက် မောင်နောင်မှာ စပ်ဖျဉ်းဖျဉ်း နေသွားပြီး လက်ချောင်းရာတွေ ထင်သွားသော မျက်နှာကို ပွတ်ရင်း အံကြိတ်၍ ခဲနေ သည်ကို မြင်ရသော မောင်စိုတွင် တစ်မျိုးကြီး အားရပါးရ ရှိသွားသည့်အတွက် ဟား ...ဟား...ဟား...ဟား ဟု တစ်တောလုံး ဟိန်းသွားအောင် ရယ်လိုက်မိသည်။

မောင်စို အားရပါးရ ခွက်ထိုးခွက်လန် ရယ်သည်ကို မောင်နောင် တစ်ချက် တွေပြီး ကြည့်ရာမှ နဖူးကြောကြီးတွေ ထသွားသည်။ ထသွားရင်းက မြင်းဇက်ကြိုးကို

ပြန်ဆွဲ၍ မြင်းနံကို ဖနောင့်ဖြင့် ဖိပေးလိုက်ရာ မောင်နောင့်မြင်းသည် သူ့ကို ပါးရိုက်ပြီး လှည့်ထွက်တော်မူသွားသော မင်းသားကြီးမြင်းထံ တစ်ရှိန်ထိုး ထွက်ပြေးသည်တွင် မောင်စိုမှာ လျင်မြန်စွာ သူ့မြင်းကို ဇက်လှန်ပင့်ပြီး မြင်းတင်ပါးကို လက်ဝါးဆတ်ဆတ် ပုတ်ပေးလိုက်သဖြင့် ရှေ့မှ အမှတ်မထင် ထွက်ကြွသွားသော မင်းသားကြီး မြင်းနှင့် မောင်နောင့် မြင်းကြားသို့ သူ့မြင်းကြီး ကန့်လန့်ဖြတ်ဝင်သွားသည်။

သို့ ကြားဖြတ် မတားထားလိုက်လျှင် မောင်နောင် ဘာကို ပြုမိမည် မသိပေ။ မင်းသားကြီး ဘက်တော်သားများမှာကား လက်နက် အရန်သင့်ပင်။

ဤတွင်ကျမှ မောင်နောင်သည် သူ့မြင်းကို ဘေးသို့ တိမ်းဆွဲရှောင်ရာမှ ခပ်လှမ်း လှမ်းတွင် တစ်ပတ်ပြန်ကျော့ခဲ့ကာ မောင်စို့ရှေ့ရောက်လျှင် စားမတတ် ဝါးမတတ် မျက်နှာဖြင့်–

'ခင်ဗျ ဘာလုပ်လိုက်သယ် ဆိုသာ ခင်ဗျ သိစ'ဟု အံကြိတ်ကြိတ်မေးသည်။ မောင်စိုက သူ့ကို ဂရုမစိုက်၊ အရယ်ရပ်ပြီးစ အရှိန်မသေသေးပုံဖြင့် ပြုံးကြည့်ရာမှ မြင်းပေါ်သို့ ကျွန်မြွေမပျက် ပြန်တက်သည်။

ဤတွင် မောင်နောင်က 'ဘုရင့်ရန်သူကို ကာကွယ်ပေးသယ် ဆိုသာလေ့'

'ဩော်... ရှေ့က အမှတ်မထင် သွားနေသူကို နောက်က လူက အလစ်မယ် ရန်ပြုမှာ မြင်လို့ တားဆီးသာကိုလား'

'ခု သည်မင်းသားဟာ သူ့ကြံရာပါ အစုနဲ့ ကျုပ်တို့ ဘုရင့်အမှုတော်ထမ်းသား တွေကို ဝန်းဝိုင်းနေတုန်းမယ်လေ......'ဟု ဆိုကာ မောင်ပြောင့်ဘက်သို့ လှည့်၍ 'ဘယ့်နှယ် ပင်းသာစားကြီး၊ မျက်စိအောက် မြင်သဲ့အတိုင်းဗျား။ အဲသာ....'ဟု စကား ဖြတ်လိုက်သည်။ ပင်းသာကိုပြောင်သည် မောင်စို့မျက်နှာကို အကဲတွင်တွင် ခတ်နေသော် လည်း မည်သို့မျှ မပြောပေ။ ထိုအခိုက် မင်းသားကြီးက မောင်နောင်တို့အား စောင်းငဲ့ ရှုတော်မူရာမှ တပ်မှူးနှင့် တစ်စုံတစ်ရာ တီးတိုး တိုင်ပင်နေသည်။ ပြီးမှ ခပ်လှမ်းလှမ်းတွင် မြင်းဇက်ကြိုးကို ပြင်ရင်း 'ကဲ....ကဲ ကိုယ်တော် သွားလိုက်ဦးမယ်။ နေလည်း အတော် စောင်းရော့မယ်။ ရွှေနန်းတော်ကြီး ရောက်ကြရင်သာ ကိုယ်တော်က ညီတော်မင်းတရား လေးကို သက်တော်ရာကျော် ရှည်တော်မူပြီး ဘုန်းတန်ခိုးတောဇော် ကြီးနိုင်ပါစေလို့ ဆုတောင်းတော်မူသဲ့ အကြောင်း လျှောက်ထားလိုက်ပါကွယ့်'ဟု မိန့်တော်မူပြီး 'ကိုင်း သင်းတို့ကို အိုးဘို အနီးထိ ကောင်းကောင်း ပို့လိုက်ကြပါကွာ'ဟု သူ့တပ်ကို စုပြီး မောင်နောင်တို့ မည်သို့မျှ မပြုနိုင်မီ နေရာမှ အပြင်းနှင်၍ ကြွသွားလေသည်။ မင်းသား ကြီးနှင့် သူ့တပ်စု တောင်ကမူတစ်လုံး ကွယ်သွားမှ မောင်နောင်တို့ကို ဝိုင်းထားရစ်သော တပ်သားသုံးဆယ် လက်နက်အပြည့်အစုံနှင့်လူထဲမှ အကွပ်နှင့် တူသူက 'လာ...သွားစို့' ဟု တောအုပ်အပြင် လာလမ်းအတိုင်း အိုးဘိုသို့ ရှေးရှု ထွက်ခဲ့ရသည်။

ထိုအဖြစ်အပျက်မှာ ရတ်တရက် ကွမ်းတစ်ယာညက်ခန့်သာသာ အတွင်း ဖြစ်ပျက်လိုက်ခြင်းဖြစ်ရာ မောင်နောင်တို့နှင့် ဝိုင်းဝန်းထားသော တပ်သားများကပါ

စကားနောက်ထပ် မပြောဘဲ အိုးဘိုအရောက်သာ တွင်တွင်ပြန်ခဲ့သည်။ အိုးဘိုသို့ ညနေမစောင်းမီ ပြန်ရောက်ခဲ့ကြတော့သည်။

မောင်စိုနှင့် မောင်နှောင်လည်း ခပ်ကွာကွာဆီမှ တစ်ဦးကို တစ်ဦး စောင်၍ လိုက်လာကြသည်တွင် ဝင်းတော်သို့ ရောက်လျှင်ရောက်ချင်း ပို့လိုက်သော တပ်စုသည် ဝင်းဝတွင် ချန်နေရာမှ ရုတ်တရက် ပြန်လှည့်ကာ ဝင်းထဲမှ မည်သို့မျှ မလုပ်နိုင်မီ အပြင်းနှင်၍ ပြန်သွားကြသည်။

ဝင်းထဲက မည်သို့မျှလည်း မလုပ်ပေ။

မောင်နှောင်နှင့် မောင်ပြောင်မှာ ဆင်ဝင်အောက် ရောက်လျှင်ပင် မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းပြီး အိမ်တော်အတွင်းဘက်မှ ပြေးထွက်လာသော ခင်မှုံကိုပင် နှုတ်မဆက်နိုင်ဘဲ အိမ်ထဲသို့ ပြေးတက်သွားကြသည်။

မောင်စိုတွင် ဤတွင်မှ ရင်တဖိုဖိုဖြစ်ရင်း အနီးသို့ ပြေးလာသော ခင်မှုံအား 'မှုံ'ဟု ခေါ်၍ 'ကိုယ်တော်ကြီး လွတ်သွားပြီ'ဟု အားရစွာပြော၏။ ပြောပြီးမှ မြင်းပေါ်က ဆင်းနေရာ ခင်မှုံတွင် အနီးသို့ တိုးရင်းက မျက်လုံးကလေးတွေ လက်သွားလျက်–

'ဟုတ်စ၊ ဘယ်လို လွတ်သာတုံး'ဟု မေးသည်။ ထိုအခိုက် အိမ်ထဲမှ မင်းစေလုလင်တစ်ဦး ထွက်လာသဖြင့် မြင်းကို သရက်ပင်အောက်သို့ သွားထားရန် မောင်နှောင်တို့ မြင်းနှစ်စီးနှင့်အတူ ပေးလိုက်သည်။ ခင်မှုံက 'ဟင်....စို၊ ဘယ်လို လွတ်သွားသာတုံး'ဟု ထပ်မေးမှ ဆင်ဝင်ရိပ်သို့ဝင်ကာ နှစ်ယောက်အတူ ယှဉ်ရပ်ရင်း အဖြစ်အပျက်ကို အားရပါးရ တိုးတိုးပြောပြ၏။ ပြီးလျှင် ခင်မှုံက 'သာဖြင့် ကိုယ်တော်ကြီးက ကျိတ်ပီးကြံနေသာကိုး။ မှုံတို့ဖြင့် ဆိတ်စာမှ မရိပ်မိပေါင်'ဟု ချီးမွမ်းသည်။ 'ဟုတ်သယ်၊ သိပ် အကြံတော် ပိပိရိရိရှိသာ။ ကိုစိုတို့ဖြင့် သူ့လူတွေ အပိုင်းခံရတော့ သာတောင် မရိပ်မိသေးဘူး'ဟု ဆိုရာမှ 'သာက အရေးမကြီးဘူး။ ကိုစို့ဓား ပါသွားသာ နှမြောလှသယ်။ အင်တန် ကောင်းသဲ့ဓား၊ သွေးတောင် မစွန်းရသေးဘူး'ဟု ပြော၍မှ မဆုံးမီ ဆင်ဝင်သို့ မောင်နှောင် ထွက်လာကာ သူ့ပြောသံကို ကြားသည့်အလား 'ခင်ဗျားဓား မဆုံးသေးပါဘူး၊ ရော့'ဟု ဆိုမှ ချာခနဲ လှည့်လိုက်သည်တွင် မောင်နှောင်သည် ပြုံးစနဲ့နဲ့ မျက်နှာဖြင့် မောင်စိုအား ဓားတစ်လက် လှမ်းပေးသည်ကို တွေ့ရတော့သည်။

ဓားကို အိမ်မှမချွတ်ဘဲ ပေးနေခြင်းဖြစ်ရာ မောင်နှောင်က ဆင်ဝင်လှေကားထစ်အပေါ်ဆုံးမှ၊ မောင်စိုက အောက် အုတ်စီလမ်းပေါ်မှ ဖြစ်သဖြင့် အံ့အားသင့် ကြောင်ကြည့်နေ၏။ မောင်နှောင့်လက်မှ ဓားကို ကြည့်လိုက်ရာတွင်လည်း သူကိုယ်တိုင် မင်းသားကြီး၏ တပ်စုတွင် ကုန်းနှီးမှ ချွတ်ပေးခဲ့ရသော သူ့ဓားမှန်း ချက်ချင်း သိရလေသည်။ မောင်စိုမှာ အံ့အားလုံးလုံး သင့်နေတော့သည်။

'ရော့လေ ယူပါ၊ ဟုတ်ပါသယ် ခင်ဗျားဓား။ ကိုယ့်ဓားမှန်း အသွေး၊ အရိုး၊ အကွပ်၊ အိတ်ကို မြင်လို့မှ မသိရော့လားဗျ'ဟု မောင်နှောင်က လှေကားထစ်မှ ဆင်းရင်း ထိုးပေးမှ မောင်စိုလည်း လှမ်းယူရသည်။ အံ့အားကား သင့်လျက်....။

ထိုအခိုက် အိမ်တွင်းမှ မောင်ပြောင် ထွက်လာပြန်သည်။ ချိုင်းအောက်၌ကား ကတ္တီပါ အိတ်တစ်အိတ်၊ အလျား တစ်တောင်၊ အနံ နှစ်ထွာခန့်၊ အတွင်းတွင် ဂုံစက္ကူရွက် စသည်နှင့် တင်းတင်းပြည့်နေသည်ကို ညှပ်ထားသည်။ မောင်နောင်နှင့် မောင်စိုကို မြင်မှ လေ့ကားပေါ်က–

'ဟုတ်ပါသယ် ကိုရင်စို၊ အဲသာ ခင်ဗျားစားပါ'ဟု ပြုံးကြည့်ပြန်၏။ မောင်စိုသည် စားကိုကိုင်ရင်း အိတ်မှ ချွတ်ချည် သွတ်ချည် ပြုနေတော့မှ မောင်ပြောင်ကပင်–

'အတန် အဲ့အားသင့်နေသယ် ထင်ပါ့'ဟု အသံထွက်အောင် ရယ်၏။ ပြီးမှ 'ကိုရင်နောင်၊ သင့်စား သည်ဆီ ပြန်ပြေးလာပုံ အကြောင်းချင်းတကလေး ရှင်းပြလိုက်ပါ့ဗျာ'ဟု ကတ္တီပါအိတ်ကို ပိုက်၍ပြောသည်။

'ရှင်းစရာ မလိုလှပါဘူး'ဟု မောင်နောင်က မောင်စို့ထံ မထေ့တထေ့ပင် အကြည့်မပျက် စရင်းကမှ ခင်မှူကိုလည်း လှမ်းကြည့်သည်။ ခင်မှူသည် မောင်စို့အနီးမှ ခပ်ခွာခွာ ဆင်ဝင်တိုင်ကို မှီ၍ နားထောင်နေသည်။

'ဟုတ်သယ်၊ ရှင်းစရာ မလိုပါဘူး။ လူတစ်ကိုယ် အကြံတစ်မျိုးစီ ကြီးကြသာပဲ။ အကြံမပီတော့ ပျက်စီးရသာချည့်ပေါ့။ တိုတိုပြောကြစို့ဆိုတော့ ဟောသည်က မင်းသား ကြီးမယ် သူ့မြင်ရတော့ကာ ခင်ဗျတို့လို ပျော့တော့တော့ရယ်၊ အမြဲ အကြံယူရက်ဗျ။ မက္ခရာမင်းသားကြီး လူစုတွေရော၊ ညောင်ရမ်းတို့ အစုနဲ့ရော တိတ်တဆိတ် စာပေးစာယူ လုပ်နေသယ်၊ တစ်နေ့နေ့မယ် မက္ခရာတို့လူစုနဲ့ ကြပ်မတ်ပီး အလွတ်ထွက်ပြေးဖို့လည်း စီစဉ်နေသယ်ဆိုသာ ကျုပ်တို့ တိုင်တားဝန်မင်း ရွှေနန်းတော် ပေါက်ကြားခဲ့သယ်။ နန်းတော်ကြီးကို တင်လျှောက်တော့ ယုံတော်မမူဘူး။ မင်းသားကြီးဟာ အေးအေးစံနေ သာပ ဆိုပီး နာယူတော်မမူသဲ့အတွက် ခုလို ဥပါယ်တံမျဉ် သုံးရသာပဲ။ မင်းသားကြီးကို မြင်းအပျော်စီး ခေါ်သွားပီး တောထဲက ဝိုင်းသာလည်း ကျုပ်တို့ မာရာဘင်သေနတ်သား တွေပဲ။ ကျုပ်တို့ ခင်ဗျားတို့ လက်နက်တွေသိမ်းပြီး သည်အထိ ပြန်ပို့သာလည်း ကျုပ်တို့ လူတွေပဲ။ အဲဟို မင်းသားကြီးနဲ့ ပါသွားသဲ့ လူစုနဲ့ တပ်မှူးဆိုသာလည်း ကျုပ်တို့ လူရင်းတွေပဲ။ မတ္တရာကို တစ်ပတ်လောက် လှည့်ပြီးရင် ပြန်ပေါက်လာပါလိမ့်မယ်။

'အဲ သည်မင်းသားကြီး ပြန်မကြွခင် သူ့အတွင်းတော် ပစ္စည်းစုထဲက အရေးကြီး အရာရောက်သဲ့ စာရွက်စာတမ်းတွေလည်း စိတ်ချလက်ချ ရှာလို့ ဟောဟို ကိုပြောင့်လက် က ကတ္တီပါအိတ်ထဲ စိတ်ချလက်ချ ရောက်ပေါ့'ဟု ပြောသည်။ မောင်စိုမှာ မောင်နောင်တို့ အကြံကောင်းခြင်းကို ဝမ်းနည်းစွာ လက်ဖျားခါမတတ် ဖြစ်နေသည်။ မည်သို့မျှ ပြန်မပြော နိုင်တော့ပေ။ အားပါးတရ ချီးမွမ်းဝမ်းသာမိသော ခင်မှူမှာလည်း အံ့အားသင့်မိတော့သည်။ ထိုအခိုက် ခင်မှူ့အား အစေအပါးက အိမ်တွင်းကိစ္စ တစ်စုံတစ်ရာအတွက် လာခေါ်သည် တွင်ပင် နားထောင်၍ အားမရသေးပုံဖြင့်သာ လိုက်ပါသွားရသည်။

မောင်နောင်သည် ပြောပြရသဖြင့် ကျေနပ်ပုံကို မကွယ်မဝှက် မျက်နှာထားဖြင့် ပြနေသည်။ ထိုတွင်ကျမှ မောင်ပြောင်က 'ရှင်းသွားပီ ဟုတ်စ'ဟု မေးရင်း 'ကျုပ်တို့

အစီအစဉ်ထဲ ဟောသည် ကိုရင်နောင်က စည်းဖောက်မလို့။ ကျုပ်တို့ ဆင်သဲ့ဇာတ်ကွက်ထဲ မယ် မင်းသားကြီးက ပါးရိုက်တော့ကာ ကိုရင်နောင် စိတ်ကိုမချုပ်ဘဲ မှားမိမလို့ နည်း နည်း လိုသယ်'ဟု ပြောသည်ကို မောင်နောင်က မောင်စို့ကို ကြည့်ရင်းပင် 'ဟာ သာတော့ မှားသဲ့ အခါလည်း မှားသပေါ့။ နေရာတကာ ဘယ်စေ့စပ် သိပ်သည်းနိုင်ပါ့မလဲ။ ဟာသဲ့နေရာ ဟာသွားမိသာပဲ၊ ဟုတ်စ ကိုစို'ဟု အစိပ္ပာယ်ပါပါ မေးသည်။ မောင်စိုတွင် မောင်နောင် ဘာကိုဆိုလိုမှန်း မရိပ်မိရှာပေ။ 'ဘယ်သိနိုင်ပါ့မတုံး'ဟု ခပ်ပေါ့ပေါ့ ပြန်ပြော သည်။ ဤတွင် မောင်နောင်က မျက်နှာချက်ချင်း ပြောင်းသွားလေသည်။ မောင်စိုသည် ထူးခြားစွာ မျက်နှာပြောင်းသွားပုံကို အကဲခတ်ရင်း တွေ့၍ ကြည့်နေခိုက် ကိုပြောင်က 'ပြန်ဦးမဗျာ ကိုရင်နောင်၊ ကျန်တဲ့ကိစ္စ ခင်ဗျာ့ပဲ ကြည့်စီမံသာပေါ့'ဟု နှုတ်ဆက်ရင်း 'ကိုရင်စို၊ နောက်တစ်ခါ လူပေါင်းမှားဦးမနော'ဟု ပြောပြီး မြင်းထားရာသို့ ထွက်သွား သည်။ ဤတွင်မှ မောင်နောင်က 'စောစောက ခင်ဗျားဓား နှမြောလှသယ်၊ သွေးမစွန်းရ သေးဘူးလို့ ပြောသံကြားပါသယ်'ဟု မောင်စိုကို စေ့စေ့ကြည့်ရင်းက မောင်စိုက 'သာ ပဇာပြုတုံး'ဟု ပြန်မေးသဖြင့် 'သြော် ...ပဇာမှတော့ မပြုပေါင်ပါ။ နေ့လယ်က တောထဲ ခွက်ထိုးခွက်လန် ရယ်သာ မောသာလေးလည်း ရှင်းသွားရ၊ ဓားလည်း သွေးစွန်းနိုင် မစွန်းနိုင် စမ်းရသဲ့အောင်'ဟု စကားဆုံးအောင် မပြောဘဲ အသင့်လွယ်ထားသော သူ့ဓားဖြင့် မောင်စို့အား မိုး၍ ခုတ်လိုက်လေသည်။

## ၃၃ | ပဲပြားပင်နှင့် ပါးပြင်းခွက်

ရုတ်တရက် လစ်ပြီအထင်နှင့် ပန်းကုန်းပြတ်မိုး၍ ခုတ်လိုက်သော မောင်နောင့်ဓားကို မောင်စိုက လျှင်မြန်စွာ လက်ထဲရှိ သူ့ဓားဖြင့် ခံလိုက်သည်။ ဓားကို အိမ်မှပင် မချွတ်ရ သေးပေ။

မောင်နောင်မှာ အံ့အားသင့်သွားသည်နှင့် ခေတ္တ ကြောင်၍နေမိသည်။ မောင်စို ဤမျှ မျက်စိလျှင်လိမ့်မည်ဟု မထင်ခဲ့ပေ။

မောင်စိုမှာကား ရုတ်ခြည်း တစ်ကိုယ်လုံးရှိ အာရုံကြောတွေကို တောင့်၍ ထားလိုက်ပြီးမှ ဓားကို အိမ်မှ လျှင်မြန်စွာ ချွတ်ကိုင်ထားလိုက်သည်။ မျက်နှာမှာကား သွားတွေ ဖွေးအောင်ပေါ်သော အပြုံးမျိုးဖြင့် ပြုံးတော့သည်။

သွေး.... သွေး....။

'ကိုရင်နောင် ဓားရမ်းသယ်ဆိုသာ အကယ်ကိုး'ဟု မျက်တောင်စင်းကလေးဖြင့် မထေ့တထေ့ ပြောရင်း ခါးပုံစကို ဆွဲပြင်ပြီးမှ တွေ့၍ ဓားစင်းကိုင်ထားသော မောင်နောင့် ထံ—

'ကျုပ် အစ်ကိုကြီး ပြောအထားသားကပဲ'ဟု ပြောရင်း 'အစ်ကိုညီလေ၊ တံတား ဦးသား ညီဆိုသာ ကိုရင် မေ့နေပလား'ဟု မေးမှ—

'မေ့ဘူးဟ'ဟု ဆိုကာ အတင်း စားသွင်းတော့သည်။ အရှိန်နှင့် သွင်းလာသော စွန်ဘုတ်ထိုး ဝင်လာသည့် စားဦးကို ပက်၍ ဖယ်ရင်း 'ဩော်… မေ့များသွားပလား လို့'ဟု မောင်စို သူပါ ဒေါ်ထစ ပြုလာသည်။ မောင်စို့ဒေါ်မှာ တစိမ့်စိမ့် ယဉ်ယဉ်ကလေး ထ သောဒေါ် ဖြစ်သည်။ စားချင်း ချွင်ခနဲ ချွမ်ခနဲ မီးပွင့် ပွင့်သွားတိုင်း သွားတိုင်း သူ့နှလုံးကြားက ဒေါ်သစက်ကလေးတွေ တစ်စက်ချင်း တစ်စက်ချင်း စိမ့်ထွက်လာသည် ဟု ဆိုရမတတ်။

စားအားလည်း တစ်စစ ပြင်းလေသည်။ မောင်နောင့်စားဒဏ်ဖြင့် သူ့လက် ကောက်ဝတ် တင်းခနဲ တင်းခနဲနေလျှင် နောက်ထပ် သည်ထက် တင်းဆုပ်၍ ပြင်းပြင်း ခုတ်လေသည်။

"အစ်ကို့စားဆရာ ပဥ္စင်းပိန်နဲ့ အကြေမယ် သွားတွေ့ရသလေ"ဟု မောင်စို တစ်ခါက ပြောဖူးသည်။ စားရေးမည့်မှန်း မောင်နောင် သိရတော့သည်။ စားရေးကောင်း မှန်း သိရသောကြောင့်လည်း သာ၍ ဝမ်းသာသည်။ သည် ညီအစ်ကိုကို မှန်း၏။ နှစ်ယောက်စလုံး အသေရှင်းရလျှင် ကောင်းလှ၏။ နှစ်ယောက်စလုံးမှ မရှင်းလင်းနိုင်လျှင် ဤငစို …ပျော့တော့တော့….ကို….။

မောင်နောင်သည် ဘာသံမျှမပြု၊ ဘာမျှလည်း မကြော်ငြာ၊ တွင်တွင်သား ခုတ် သည်၊ တွင်တွင်သား သွင်းသည်။

စင်ရော် သုတ်သည်။ စွန်ဘုတ် ထိုးသည်။ သက်တင်ရေသောက်၊ ဘယက်လည် လျှောက် သွေးဝေါက်ခနဲ ပန်းရန် ကြိုးစားသည်။ မရပေ။

ပန်းကုန်းပြတ် ဆင့်ခုတ်ပြန်သည်၊ အကျိုးမထူးလှ။ စားရေးပြသည်။ ဉာဏ်ကူ သည်။ လက်ဖက်သည်။ မရပေ။ စားချေးချင်း မီးတဖောက်ဖောက် ပွင့်ရုံ၊ စားရွက်ချင်း မီးတဖွာဖွာ လွင့်ရုံမျှသာ ဖြစ်နေလေသည်။

မောင်စိုကား ပြုံးပြုံး ပြုံးပြုံးပင်။ ဤသူကား မောင်နောင်တည်း။ သင့်အတွက် သင့်ကြောင့် သင့်စနက်ကြောင့် ဟူသော အငြိုးသည် မောင်စို၏ ဒေါ်သကို စားသံဖြင့် မွှန်းပေးသည်။ စားချက်ဖြင့် ဆွ ပေးသည်။

စားသံ တချွင်ချွင်၊ ပုဆိုးစ တလွင့်လွင့်၊ ပဝါစ တလူလူနှင့် လူလှနှစ်ယောက် စားရေးပြနေ၏။ နှစ်ယောက်စလုံး ခါးနွံ့ကလေးတွေ၊ ရင်ကားကလေးတွေနှင့် မြွေ ဟောက်နှစ်ကောင် ပါးပြင်းထောင်နေသကဲ့သို့ပင်။ စားရွက်တွေ လေဖွေ့ပြီး ရှဲရှဲရှူးရှူးနှင့် ဖြစ်နေသည်။ ထိုအသံမှလွဲ၍ အခြား ဘာသံမျှ မကြားရ။ အနီးသို့လည်း မည်သူမျှ မလာကြသေး။ ဆင်ဝင်အကွယ် အရိပ်အောက်မှ နေပူစပ်သို့ ထွက်စ ပြုသည်။

နှစ်ယောက်စလုံး လူပါးချည်းနှင်နှင် ဖြစ်နေကြသည်။ တစ်ယောက်ကို တစ်ယောက် နေဘက် မျက်နှာလှည့်အောင် ခြေသိုင်းနင်းသည်။ နှစ်ဦးစလုံး နေကို ဆားတိုက်ပေးထားသည်။ သူတို့နှစ်ယောက်၏ အရိပ်သည် အုတ်စီလမ်းပေါ်နှင့် မြက်ခင်း စပ်တွင် ခုန်ချည် လွှားချည်၊ လွင့်ချည် မြောက်ချည် ကစားနေသည်။

နေနှင့် ညာဏ်ကူ၍ မရသော မောင်နောင်သည် မောင်စိုအား တစ်နေရာသို့ တွန်း၍ ပေးသကဲ့သို့ ဓားဖျား ဓားဦးနှင့်သာ ဓားကမ်းနေသည်။ မောင်စိုတွင် လက်တစ်ဖောင်ခန့် ခွာ၍ အပူးမခံသော မောင်နောင်အား ခပ်တွေတွေလေးကြည့်ကာ နောက်သို့ မဆုတ်ဘဲ ဘေးသို့ ဝဲ၍ ဝဲ၍ ထွက်သည်။

လေး ငါး ဆယ်ချက်ခန့် ခုတ်ပြီး ခြေသုံးလေးခါမျှ ရွှေ့ပြီးမှ သူ့အမှားကို သူ သိရတော့သည်။ သိသည်နှင့် တစ်ပြိုင်နက် မောင်နောင်၏ဓားသည် သူ့ခေါင်း တစ်ခြမ်းပေါ်သို့ သက်တင်ရေသောက် တောက်လျှောက်ကြီး ငင်လာတော့သည်။

မောင်စိုကား သွင်းမိသောခြေကို ပြန်မတုံ့နိုင်။ ဝင်လာသောဓားကို အတင်း စွန့်ပြီး လက်ကိုပတ်၍ သူ့ဓားပြားနှင့် ခံရသည်။ မောင်နောင်က သူ့ကို မသိမသာ၊ မသိမသာ ဓားရှေ့မှ ထားပြီး ယခင် သူ့မြင်းချည်ရန် ပြင်ဖူးသော အိမ်ရှေ့ဆောင်အနီးမှ ကွမ်းသီးပင်ကလေး နှစ်ပင်ကြားသို့ ဘေးတိုက်သွင်းပြီးမှ ချက်ကောင်းယူ၍ ပိုင်းချခြင်း ဖြစ်သည်။

မောင်စို လျင်လှ၍သာ ဆောင့်ကြောင့် ဒူးထောက်ထိုင်လိုက်သော သူ့ကိုယ်မှ ခေါင်းကလေးသည် တစ်ခြမ်းပဲ့၍ လေသာသို့ ပါမသွားခြင်း ဖြစ်၏။ တအားမိုး၍ ခုတ်သော မောင်နောင့်ဓားကား ကွမ်းသီးပင်ကလေးကို လူတစ်ရပ်ခန့်မျှ နေရာက ဖြတ်ဝင်ပြီး မောင်စို့ခေါင်းပေါ်သို့ ဝဲရှပ်သွားသည်။

မောင်နောင့်ဓား ဝီခနဲ ဖြတ်သွားပြီးသည်နှင့် တစ်ပြိုင်နက် မောင်စိုသည် နေရာမှ ဘေးတိုက်ထပြီး မောင်နောင့်ရင်အုံဆီသို့ ဓားသွင်းထည့်လိုက်သည်။

မောင်နောင့်ဓားပြားနှင့် ဘေးချင်းဆိုင် မြောက်ပါသွားသည်။ မောင်နောင်မှာ အားမရတော့။ ရှုးရှုးရှဲရှဲနှင့် ဝင်ကပ်တော့သည်။ ဓား သုံးလေးချက်မှာ လျှပ်ပစ်နေသည် ဟု ပင် ထင်ရမတတ်။ ထိုမျှ ဓားမြန်၊ ထိုမျှ ဒေါသအငြိုးကြီးနှင့် အမျက်ထားသောကြောင့် လည်း ကွမ်းသီးပင်ကလေးကို ဓားဦးဆတ်မိ၏။ ဓားဦးဆတ်သောကြောင့်လည်း ပင်စည် ကို ထုတ်ချင်းခပ်ဖြတ်၍ ပြတ်နှင့်သော ကွမ်းသီးပင်မှာ မားသွားဖြတ်ကျော်သွားမှန်း မသိသကဲ့သို့ ငြိမ်သက် ရပ်တည်နေရာမှ ဘယ်ညာယိမ်းစပြုရင်း မောင်နောင့်ပေါ်သို့ တစ်ရှိန်ထိုးကြီး ပြတ်ကျတော့သည်။

မောင်နောင့် လက်မောင်းဖျားသို့ ပင်စည်ပြတ်ကြီး လဲကျလေရာ ဓားကိုင်ထား သော လက်သီးဆုပ်ကလေးမှာ ကျင်ခနဲ ဖြစ်သွားပြီး ဓားလွတ်၍ သွားသည်။ ဓားမှာ လက်က လွတ်သည်နှင့်တစ်ပြိုင်နက် မောင်နောင့်ခေါင်းပေါ်မှ ကျော်မြောက်ကာ မောင် နောင်နှင့် သုံးလေးလံကွာ ကျောဘက် မြက်ခင်းစပ်တွင် ခပ်ရွှေရွှေကလေး စိုက်ထောက်နေ တော့သည်။

မောင်စိုကား ကွမ်းသီးပင်ပြတ်၏ အရွက်ဖျားတွေ လွတ်ရုံကလေး ရှောင်ပေး လိုက်နိုင်ရာမှ မောင်နောင့်လက်တွင် ဓားမရှိတော့မှန်း သိသည်နှင့်တစ်ပြိုင်နက် ဓားကို မြဲမြဲဆုပ်ကာ အံကလေး တင်းခနဲကြိတ်၍ ဓားရိုးကိုင်သော လက်သီးဆုပ်ကို ခါးလည်

လောက်မှစပြီး အရှိန်ယူ၍ မောင်နောင့် ရင်အုပ်အောက်ဆီသို့ တအားထိုးသွင်းရန် ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။

မောင်နောင့် မျက်နှာတွင်ကား အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်း၊ ရှက်ခြင်း၊ မခံချိလှခြင်းတို့ဖြင့် ကြောင်၍ ငေးနေတော့သည်။ မျက်တောင်ကော့ကလေးတွေ အရိပ်မှာ တလက်လက် ပြောင်နေသော မျက်လုံးအိမ်ကလေးအပေါ်တွင် မှောင်၍ ကျနေသည်။ နှုတ်ခမ်းမွေး ရေးရေးကလေးသည် တင်း၍ ငြိမ်နေသည်။ မျက်စိတွေကား အရှိန်နှင့် လျှပ်ပစ်သကဲ့သို့ ဝင်လာသော မောင်စို့ဓားသွား၏ အညှို့ကို ခံနေရသည့်အလား ပြူး၍ သွားတော့သည်။

ထိုအခိုက် 'ကိုစို...'ဟူသော အသံသည် ဆင်ဝင်အပေါ် ဝရန်တာသို့ တအားသွန် ပြေးထွက်ပြီး ခေါ်လိုက်သော ခင်မှုံ့ထံမှ ပေါ်ထွက်လာတော့သည်။

မောင်နောင်၏ ရင်ဘတ်ပေါ်မှ ပိတ်ချော အင်္ကျီကလေးကို အရှိန်ဖြင့် ပြေးနမ်း လိုက်သော မောင်စို၏ဓားဦးသည် အောက်သို့ အနည်းငယ်လျှောကျ ရပ်တန့်နေလိုက် သည်။ ဓားကို ကိုင်သွင်းသော ဓားရှင်ကား ဆင်ဝင်ပေါ်သို့ မော့ကြည့်မိတော့သည်။ ခင်မှုံ၏ မျက်နှာသွယ်သွယ်ကလေးမှာ အံ့အားသင့် စိုးရိမ်လှစွာနှင့် မိမိထံ ငုံ့ကြည့်နေ သည်ကို မောင်စို မြင်ရလေသည်။ နေရောင်ကလေး ဟပ်၍ ဆံပင်တွေပြောက်ကာ၊ လေတွင် ဝဲကာ ဆင်ဝင် ဝရန်တာပေါ်မှ ခုန်ချလုဘနန်း စိတ်ဇောတွေ သမ်းနေသော ခင်မှုံကို မောင်စိုက မျက်တောင်ကလေး စင်း၍ ပြုံးမိသည်။ ပြုံးပြီးမှ ဓားချက်ကို အဆုံးသတ်လိုက် သည်။

ဓားချက်ကား မဆုံး၊ မောင်နောင်၏ ယာဘက်ခြေတွင် စီးထားသော နွားသား ရေ ဖိနပ်နှင့်အတူ ဆင်ဝင်တိုင်ထိပ်သို့ သီ၍ ဝဲ၍ လည်၍ မြောက်လွင့်သွားတော့သည်။

ဓားလက်လွတ်ကိုယ်စီဖြင့် ရန်သူနှစ်ဦးသား ဓားရေးဆုံးသွားပြီး တွေ၍ ခဲ၍ မဲ၍ ကြည့်နေကြတော့သည်။ တစ်အိမ် တစ်ဝင်းလုံးကား အုတ်အုတ်အဲအဲ ဖြစ်သွားတော့ သည်။

*

ဤခေတ် ဤအခါကား စည်ပင်ဝပြောစွာ အေးချမ်းသာယာခြင်းနှင့် ကြိမ်မီးအုံးသို့ ဆူကျုံးစ ပြုသော အတွင်းအပြင် အမှုအခင်းတို့သည် ရောပြွမ်းစ ပြုသည့်အချိန် ဖြစ်တော့ ၏။ နိုင်ငံတော်မှာ ရှေးမင်းလက်ထက်တော်များက ကဲ့သို့ မဟုတ်တော်မူ၍ အဘက်ဘက် သော မျက်နှာစာတို့မှ အမျိုးမျိုးသော အန္တရာယ်တို့သည် အချိန်မရွေး တိုးဝင် ထိုးဖောက် ရန် တအုံနွေးနွေး ချိုသွေးနေခိုက် ဖြစ်လေသည်။

နိုင်ငံသူ နိုင်ငံသားများမှာလည်း ရန်သူ အင်္ဂလိပ်တို့၏ ဖြန့်ဖြူးသော ဝါဒ လွှင့်မှုတွင် ပါမှန်းမသိ ပါဝင်ယုံကြည်စ ပြုနေကြသည်။ ဆန်ရေစပါး ပေါများသော အောက်မြန်မာပြည် တစ်ပိုင်းကို လက်လွှတ်လိုက်ရခြင်းသည်ပင် မြန်မာတို့ အသက်သွေး ချောင်းကို တမံဆီးဆို့ခြင်းနှင့် တူတော့သည်။ အောက်မြန်မာပြည်တွင် ရှိနေသော

အင်္ဂလိပ်မှာ မြန်မာပြည်အထက်ပိုင်းရှိ မြန်မာဘုရင်၏ တန်ခိုးအရှိန်တို့ ညှိုးမှိန်အောင် ပြုနိုင်တော့သည်။

နိုင်ငံတော် စည်ပင်ဝပြောမှုသည်လည်း တစ်စစ လျော့နည်းစ ပြုသည်။ အချို့သော လက်အောက်ခံ အိမ်ထောင်သည် ကြီးငယ်များသည် အနေကောင်း အခြေကောင်း မည်ဟု အထင်ရှိသော အောက်မြို့ကျေးရွာတို့သို့ ရွှေဘုန်းတော်အောက်မှ ထွက်ရှောင် ရွှေ့ပြောင်းနေကြသည်။ ဤလူစုတွေနောက်မှ သာမန်လူစုတွေ အချိုးကျထက်ပိုသော အရေအတွက်ဖြင့် လိုက်ပါ ရွှေ့လျောလာကြပြန်သည်။

နိုင်ငံခြားနှင့် ဆက်သွယ်ရေးတွင် မျက်စိဖွင့်မည်ကြံသော မြန်မာနိုင်ငံမှာ ဇဟိုပေါက် တံခါးဝတွင် ရန်သူအား မားမားကြီးတွေ့ရသောအခါ ခြေလှမ်းကျဉ်းရသည်။ အရှေ့အင်ဒိုချိုင်းနား ယွန်းကြီးပြည်ကို ပြင်သစ်ရယူပြီး ဖြစ်သဖြင့် ကုန်းလမ်းမှ ဝင်သော ပြင်သစ်နှင့် အလွန်းသင့် ပေါင်းသင်းမည် ပြင်သောခါ အင်္ဂလိပ်က သစ်ခိုးပြီး ရမယ်ရှာလေသည်။ အင်္ဂလိပ်ပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီနှင့် ရွှေနန်းတော်ကြီးတို့ သစ်လုံးတန်ဖိုးအတွက် အရှုပ်အရှင်းဖြစ်ခိုက် အင်္ဂလိပ်သည် ရွှေနန်းတော်ကြီးအား မျက်စောင်းတခဲခဲနှင့် နေသည်။ မည်မျှပင် သေးကွေးပြီး အရာမရောက်သော အခြင်းအရာကလေးပင် မဆို အင်္ဂလိပ်ဘက်မှ ကြီးကျယ်ပြီး အရေးခွင်ကျယ်စ ပြုနေသည်။ ပြင်သစ်ကလည်း အိန္ဒိယပြည်တွင် ကြီးစိုးခဲ့ပြီး မြန်မာပြည် တံခါးဝမှ စောင့်နေသော အင်္ဂလိပ်ကို စောင်၍ ခဲနေသည်။

ဤသို့ နိုင်ငံတွင်းပြင် ရှုပ်ထွေးစပြုနေသော အချိန်တွင် အုပ်ချုပ်မှု၊ တိုင်းသားပြည်သူတို့ စည်ပင်ငြိမ်သက်မှု၊ ပညာ ချမ်းသာ သာယာဝပြော တိုးတက်မှုကို ပိုမိုကရုဏာထားဖို့ ကောင်းခဲ့လေသည်။ ထိုအချိန် ထိုအခါကား တစ်နိုင်ငံလုံး၏ အစွန့်ရှည်စွာ တည်တံ့မှုသည် လွန်မင်းစွာ အရေးကြီးနေသော အခိုက်အတန့် ဖြစ်ခဲ့သည်။

နိုင်ငံတော် တည်တံ့ တောင့်တင်းမှုသည် တိုင်းနှင့်ပြည်သူ စည်းလုံးပူးပေါင်းလျက် တစ်မိန့်၊ တစ်သံ၊ တစ်သွေး ပေါင်းထွေး ရောယှက်၍ တိုးတက်အောင် ခြေလှမ်းမှန်ရန် အရေးကြီးဆုံး ဖြစ်ခဲ့သည်။ ရွှေနန်းတော်နှင့် ပြည်တစ်ခွင်မှာ တစ်ပြင်တည်း ဖြစ်နေရန် ကောင်းခဲ့လေသည်။

ထိုသို့ကား မဖြစ်ခဲ့ပေ။

ထိုခေတ်ကို ဦးစီးခဲ့သော ဘုရင်ကိုယ်တိုင်က သွေးစည်းမှုကို နားမလည်။ ဘုရင်ကို ကူညီအုပ်ချုပ်ရမည့် အမှူးအမတ်တို့ကလည်း ပူးပေါင်းမှုကို မတင်စား။ နိုင်ငံကို မှူးရန်၊ နိုင်ငံတော် မတိမ်းမစောင်းအောင် မတ်ပေးရမည့်အစား အချင်းချင်း ကွဲပြားခြားနားလျက် ရှိလေသည်။

ထိုသို့ ကွဲပြားခြားနားလျက် ရှိသူတွေ လက်ထဲတွင် နိုင်ငံတော်တစ်ခုလုံး၏ ကံကြမ္မာ ဖန်တီးရေးသည် လုံးဝ ရောက်နေလေသည်။

အကွပ်အကဲ မကောင်းသော တောင်းသည် အမှန်ပင် မခိုင်ခံ့ မတောင့်တင်း

သကဲ့သို့ အုပ်ချုပ်မှု ညံ့ဖျင်းသော အစိုးရသူတို့၏ လက်ထဲရှိ တိုင်းပြည်လည်း ပျက်စီးတိမ်းပါးရသည်သာ။

တိုင်းပြည်ကို အစိုးရသူတွေ ကိုယ်တိုင်မှာ တစ်ဦးနှင့်တစ်ဦး စောင်းမြောင်းလျက် ကြိစည်ပုတ်ခတ်ရန် သေးသိမ်သော အကြံအစည်ဖြင့် ညံ့ဖျင်းစွာ လုပ်ကြံနေကြသည်။ ထိုခေတ်၏ ရုပ်ထွေးပုံ၊ ညံ့ဖျင်းပုံ၊ စိုပြည်ပုံ၊ သာယာပုံတွေမှာ ဆန့်ကျင်သော ဆေးရောင်ဖြင့် ဆွဲထားသော ပန်းချီကားချပ်ကြီးကဲ့သို့ ထာဝစဉ် တည်မြဲ၍ နေပေတော့သည်။

*

ထိုနှစ်အတွင်းတွင် မြစ်အနောက်တစ်ခွင် တစ်လျှောက် ခိုးသားဓားပြ သောင်းကျန်းကြသည်။ ဓားပြတွေ ဇက်ရဲ လက်ရဲနိုင်လှသည်။ အပေါင်းပါ အလုံးအရင်း ကောင်းလှသည်ဟု နိုင်ငံတော်တစ်ဝန်း သတင်းပျံ့နှံ့ခဲ့၏။

ငရန်မင်းတို့ ကဲ့သို့သော ဓားပြကြီးများကို လက်ရဖမ်းဆီးလျက် အများပြည်သူတို့ နည်းယူ မှတ်သားစိမ့်သောငှာ ရက်စက်စွာ သတ်ဖြတ် သုတ်သင်ပြသည့်တိုင်လည်း သောင်းကျန်းသူတို့မှာ ဆက်လက် သောင်းကျန်းမြဲပင် ရှိသေးသည်။

ထိုအရေးအတွက်လည်း နန်းတော်တစ်ဝိုက်တွင် အယူအဆချင်း ကွဲလွဲနေကြသည်။ ကင်းဝန်တို့အစုမှာ တန်ခိုးသေးသိမ် မှေးမှိန်နေခိုက်၌ ဓားပြလူဆိုးတို့မှာ "တိုင်ကွယ်၍ သောင်းကျန်းနေခြင်း"ဖြစ်ဟန် တူယောင်ယောင်၊ မတည့်မသင့်သော တိုင်တားနှင့် ရေနံချောင်းဝန် ဦးဖိုးတို့အား စောင်းချိတ်နေခြင်းဖြင့်သာ တင်းတိမ်နေကြသည်။

နန်းတော်ကြီးတွင် တစ်ယောက်နှင့်တစ်ယောက် အပြစ်ဖို့နေခိုက် ဓားပြများက သောင်းကျန်း၍ ကောင်းနေကြသည်တွင် ဥစ္စာစနေ ပြည့်ဝကုံလုံသော မောင်ညိုကဲ့သို့သော လူစုမှာ အကာအကွယ် ကင်းဝေးရာ၌ ဓားပြလူဆိုးတို့ကို ကိုယ်တိုင် ကာကွယ်နေကြရတော့ မလိုလို ဖြစ်နေသည်။

ထိုအတွင်း ဓားပြများလက်တွင် သေနတ်လက်နက်များပင် ရှိနေသည်။ ဘယ်နေ့ဘယ်ရက်တွင် တိုက်မည်၊ စီးမည် စသော ကောလာဟလ သတင်းများကိုလည်း ဥဒဟိုရရှိနေရာ မောင်ညိုတို့ အိမ်သားတစ်စုမှာ နေ့မအိပ်ရ၊ ညမအိပ်ရ။ ဆင်းရဲလှသည့်အပေါ်တွင် လက်နက်ချင်း မတူလျှင် မဖြစ်ဟု ရန်ကို ရန်ချင်းခွင်းရန် နေပြည်တော်သို့ သေနတ်ရှာ တက်ခဲ့ကြသည်။

တွေန်နှင့်အတူ မောင်ညိုသည် သူ့အပေါင်းအသင်း မိတ်သင်္ဂဟတို့ထံမှ တီးတိုးမေးမြန်းရရှိသော သတင်းအရ ပြင်သစ်ကိုယ်စားလှယ် တစ်ဦးထံမှ သေနတ် တိတ်တဆိတ် ဝယ်ရန် အကြံဖြင့် တံတားဦးတွင် ငဖြိုးအား အခြား ကာလသားတစ်စုကို ပေးကမ်း ကျွေးမွေးထား၍ အဖော်ပြု နေရစ်စေခဲ့သည်။

သတင်းရခဲ့သည့် အဆက်အသွယ်အတိုင်း လိုက်သော်လည်း နေရာမကျပေ။ နေပြည်တော်တွင်လည်း တစ်ညဥ့်ထက်ပို၍ အိပ်မနေရဲသဖြင့် နောက်တစ်နေ့ တစ်နေ့လုံးရှာကြ၍ မရသည့်အဆုံးတွင် ပြန်ရန် ဆုံးဖြတ်လိုက်ရသည်။ ပြင်သစ်ကိုယ်စားလှယ်

ကိုယ်တိုင်ကလည်း ယခုတလောတွင် ရွှေနန်းတော်ကြီးမှ လက်နက်ဥပဒေကို တင်းကျပ်တော်မူကာ အရောင်းအဝယ်ပြုသူတွေ ကိုယ်တိုင်ကိုပင် ချုပ်ချယ်စစ်ဆေးနေသည်။ ယခင်ကမူ လက်ကြားမှ ရေယို၍ ရပါသည်။ အင်္ဂလိပ် ကိုယ်စားလှယ်ထံ မေးချေပါဟု ဆိုသည်။

အင်္ဂလိပ် ကိုယ်စားလှယ်ထံမှလည်း ထို့အတူပင် နန်းတော်ကြီးမှ မာရဘင်ဗိုလ်စုတို့ အထူးတာလည်ပင် လက်နက် အထုတ်အနုတ် အရောင်းအဝယ်ကို စေ့စေ့စပ်စပ် စစ်ဆေးနေကြသောကြောင့် သည်းခံပါ၊ ယခုကကို လက်ရဲဇက်ရဲလျှင် စားခုတ်တုန်းလည်စင်းပေးရာ ကျပြီး ဝယ်သူရောင်းသူ နှစ်ဦးစလုံး ဒုက္ခရောက်ပါမည်ဟု ဆိုကာ ရက်ရောစွာ ပုံတိုက်ပေးသော မောင်ညို့ငွေကို ပြန်ပေးကြသည့်အတွက် ‘ကိုင်း တို့စားပဲ ပြန်သွားကြစို့’ဟု သူငယ်ချင်း နှစ်ယောက်သား မြို့ပြင်သို့ ထွက်ခဲ့ကြသည်။ အချိန်ကား မွန်းတိမ်း နှစ်ချက်တီးခန့် ဖြစ်ပေသည်။

မြို့ပြင်သို့ ရောက်လျှင်ပင် တစ်နေရာရှိ ကွင်းပြင်ကြီးတွင် လူချင်းကြိတ်ကြိတ်တိုး၍ တစ်စုံတစ်ရာကို တိုးခွေ့ ဝိုင်းအုံကြည့်နေကြသည်ကို တွေ့ရသောကြောင့် သူတို့လည်း မြင်းကိုယ်စီနှင့် သွားရောက်ကြည့်ကြသည်။

လူအများ ဝိုင်းအုံကြည့်နေကြသည်ကား အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက်စီးရန် မိးပုံးပျံကြီးကို မှုိင်းသွင်းနေကြသည့် အခြင်းအရာ ဖြစ်လေသည်။ မောင်ညိုတို့မှာ မြင်းတွေနှင့် လူကြားသို့ တိုးမဝင်နိုင်သောကြောင့် မြင်းပေါ်မှ ထိုင်ပြီး ကြည့်ရလေသည်။ သို့သော် မှိုင်းသွင်းနေသောလူစုကို ကောင်းစွာ မမြင်ရပေ။ ထိုအတွင်း လာရောက်ကြည့်သူ လူကြီး၊ လူငယ်၊ ကလေး၊ မိန်းမ၊ ဘုန်းကြီး ရဟန်းတို့ တစ်စစ များပြား၍ လာပြန်သဖြင့် ရှေ့သို့ နီးမည့်အစား နောက်သို့သာ ဆုတ်ဆုတ် ပေးနေရသည်။

မိးပုံးပျံရှိသည့် နေရာတစ်ဝိုက်တွင်လည်း လွှတ်တော်၊ နန်းတော်မှ အရာရှိ အရာခံကတော် စိုးမင်းတစ်စု ရောက်လာသူတို့အတွက် သီးသန့်နေရာ ပေးနေရသဖြင့် လူအုပ်ကြီးက ခပ်ဝေးဝေးက ဖယ်၍ ကြည့်နေရ၏။ နောက်ဆုံးတွင် ငတွန်က အကြံရသဖြင့် နှစ်ယောက်သား ကွင်းစပ်ရှိ မန်ကျည်းပင်ကြီး တစ်ပင်အောက်တွင် မြင်းနှစ်ကောင် ချည်ထားခဲ့ပြီး သစ်ပင်ပေါ်တက်၊ ခွဆုံကောင်းကောင်းက ထိုင်ကြည့်ကြတော့သည်။

ထိုနေရာမှာ မိးပုံးမှိုင်းသွင်းသော နေရာနှင့် အတော်ကလေး ကွာသော်လည်း လူအုပ်ကြီး တဖွေးဖွေး တရှုရှုနှင့် ကြိုးဝိုင်းခတ်၍ မိးပုံးထဲ မှိုင်းသွင်းနေသော နေရာကလေးကို မြင်နိုင်သည်။ မှိုင်းသွင်းနေကြသူ အင်္ဂလိပ်တပ်သား တစ်စုနှင့် မြန်မာတစ်စုအပြင် မိးပုံးပျံစီးမည့် စစ်ဗိုလ်ကိုလည်း မြင်နိုင်သည်။ စစ်ဗိုလ်မှာ ခါးထောက်၊ လက်ပိုက်နှင့် အတော် ဟန်ရေးကောင်းပေသည်။

‘သင်း မိးပုံးစီးပီး မိုးပေါ် ပဇာပျံလုပ်မလို့တုံး’ဟု ငတွန်က မောင်ညို့ကိုပဲ စီးပျံမည့်သူက ပြောထားသလိုလို မေးရာ မောင်ညိုက လှည့်မကြည့်ဘဲ ‘သုဇိတာဆီ ထဘီတက်ခိုးမရို့’ဟု ပြောသည်။ သစ်ခိုးမှ ခေတ်စားနေလေရာ အင်္ဂလိပ်ကို ငေါ့ခြင်း

ဖြစ်သည်။ တွေ့ခဲ့က သဘောကျပုံဖြင့် ပြုံးမှ သူတို့နှစ်ယောက် နောက်က ပင်စည်ကို မှီ၍ လာကြည့်နေသော သူက 'ဟုတ်ဘူး ကိုရင်ရဲ့၊ ကျုပ်တို့ ကြားတော့ကာ မီးပုံးစီးပြီး မိုးပေါ်ရောက်တော့ရင် နေပြည်တော်တစ်ခွင်လုံး မြင်နိုင်သယ်ဆိုပဲ။ မိုးပေါ်ကနေ ကြည့် သပဆို နေပြည်တော်ကို ဆန်ကောတစ်ချပ်လောက် သေးသေး ဆိတ်စာပဲ မြင်နိုင်ဆိုပဲ'ဟု မျက်နှာထိ မျက်နှာထားဖြင့် ပြောသည်ကို မောင်ညိုတို့က စိတ်ဝင်စားစွာ 'ဩော်'ဟု သံပြိုင်လိုက်မှ 'ဟုတ်သယ်၊ အဲသည်ဆီကျတော့ကမှ သင်းက နေပြည်တော်ကို မြေပုံ ဆွဲမယ် ဆိုပဲဗျ။ အင်တန်လည်း တတ်နိုင်သဲ့ လူစုပါ့ ဗျာနော'

ထိုသူမှာ မောင်ညိုတို့နောက်မှ သစ်ပင်ပေါ် တက်လာခြင်းဖြစ်ရာ ထိုအခါကျမှ လည်း ထိုသူမှာ သေနတ်သားတစ်ယောက်ဟု သတိထားမိပြီး သူ့လက်ထဲတွင် သေနတ် တစ်လက် ပါလာသည်ကို သေနတ်သူရဲ နှစ်ယောက်သားက မြင်မိကြသည်။

ခေတ္တသော် မီးပုံးပျံပွဲကို မေ့၍ သေနတ်ကို လုပြီး ပြေးချင်မိကြသည်။

## ၃၄ | ကာနယ်ဝိုင်ဒမ်၏ မီးပုံးပျံ

တွေ့ခဲ့သည် သေနတ်မြင်ကတည်းက တောင်း၍ ကိုင်ကြည့်လိုလှပြီ။ သူ့အကြံမှာ အကယ် ၍ သေနတ်ဝယ်မရလျှင် လုပ်ယူမည်ဟု တွေးထားခြင်းဖြစ်ရာ သေနတ်ပစ်ပုံကို သာမန် ကာ လျှံကာ ကြားဖူးနားဝလည်း ရှိသည်။ ပြောင်းတစ်ချောင်း ရှိရမည်၊ မောင်း သံပတ် တစ်ခု ပါရမည်၊ ကျည်ကို ယမ်းရှေ့က ထားရမည်၊ ယမ်းမှာလည်း ဘုန်းကြီးပျံတွေတွင် ဦးပဥ္စင်းများ လုပ်သော ဒုန်းကဲ့သို့ပင် စပ်ရသည် စသည့် သေနတ်ဗျူဟာကို အဖျား ဆွတ်ပြီး ခူးထားဖူးသည့် လက်နက်ဝိဇ္ဇာပေပင်။

မျက်စိအောက်က သေနတ်ကို တောင်းပြီး စမ်းသပ် နမူနာ ပုံပန်းကြည့်ရန် အကြံဖြင့် သေနတ်သားအား ပါလာသော ဆေးလိပ်စ၊ ခါးပိုက်ချောင်မှ ကြေးကွမ်းဘူး စသည်နှင့် လောကွတ်ကောင်းနေသည်။ မီးပုံးပျံပွဲကိုပင် ကောင်းကောင်းမကြည့်ပေ။

အတန်ကြာမှ ကြည့်နေသော လူအုပ်တစ်နေရာမှ ဝေါခနဲ ဆူညံလာသဖြင့် လှည့်ကြည့်ရာ မီးပုံးကြီးမှာ မြေပေါ်မှ ဖောင်းစပြုနေသည်ကို တွေ့ရတော့၏။ မောင်ညိုနှင့် သေနတ်သားမှာ အာရုံစူးစိုက်၍ နေသည်။ မီးပုံးကြီးမှာ အတော်ကြီးပုံ ပေါ်ပေသည်။ တစ်ခါမျှ ဤမီးပုံးကြီးမျိုး မမြင်ဖူးခဲ့။ ဝါကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲတို့တွင် မောင်ညိုတို့ တစ်တွေ ရွာမှ စလင်းတိုက်က ဦးပဥ္စင်း၊ ကိုရင် တစ်စုနှင့်အတူ ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်၊ နွားရုပ် လုပ်၍ ပူဖော်ခဲ့ကြသည်မှာ ပဲပုတ်၊ ဆေးပုတ်သာသာ ဖြစ်လေသည်။

ဆင်ကြီးခန့်ကြီးသော မီးပုံးကြီးမျိုး တစ်ခါမျှ မမြင်ဖူး။ မီးပုံးကြီး ဖြူတစ်ကွက် ညိုတစ်ကွက် ကျားတိကျားတားမှာ မြေပေါ်မှ လေးလေးကြီး ကြွ၍နေသည်။ ပိန်ချည် ဖောင်းချည်နှင့် ဖြစ်နေသည်။

မီးပုံးကို လူစီးတက်မည် ဆိုသည်မှာ အလွန်ဆန်းကြယ်နေသည်။ အပေါ်ကျလျှင်

ဘယ်လို နေမည်နည်း၊ ဘယ်လို ပြန်ဆင်းမည်နည်းဟု မစဉ်းစားတတ်ပေ။ မီးပုံးထဲ မှိုင်းဝင်ပုံ အတော်ပင် နှေးသည်ဟု ထင်ပြီ။ မောင်ညိုက သူကိုယ်တိုင် ပြေး၍ သွင်းပေးလိုက်ချင်မိသည်။ သေနတ်သားနှင့် မောင်ညို နှစ်ယောက်သား မီးပုံးကြီးထဲ ငေး၍ စီးမည့်သူ၊ မှိုင်းသွင်းသူ စသော ကြိုးဝိုင်းထဲမှလူတွေ လှုပ်ရှား သွားလာသမျှကို စိတ်ဝင်စားစွာ ကြည့်နေခိုက် မောင်တွန်က 'ပေးထားဗျာ အစ်ကိုသေနတ်၊ ကြည့်ချင်ရင် လွတ်လွတ်လပ်လပ် ကြည့်ပ။ သည်သေနတ်ကြီးနဲ့ ရှုပ်တီးရှုပ်တုတ်'ဟု တောင်းသည်ကို 'ဟုတ်ပဗျာ၊ ရော့ ဆိတ်စာလေး ကိုင်ထားစမ်းပ။ ကျည်ထိုးပြီး အရန်သင့် ကိုင်ထားရမယ် ဆိုလို့သာ၊ နို့မို့ သစ်ပင်အောက် ပစ်ချလိုက်သာ ကြာပေါ့'ဟု မောင်တွန့်လက်သို့ ပေးထားသည်။ မောင်တွန်နှင့် နေရာချင်းလဲ၍ မီးပုံးပွဲကို ကောင်းကောင်းမြင်ရသော မောင်ညို့အနီး အကိုင်းဆုံသို့ ပြောင်းထိုင်သည်။

မီးပုံးသည် မှိုင်းပြည့်လာသောအခါ အင်္ဂလိပ်တွေတစ်စုက သူတို့ဘာသာ ဆူညံဟစ်ကြွေးကြ၏။ အင်္ဂလိပ် အလံကလေး သုံးလေးခုလည်း ကြိုးဝိုင်းအတွင်းတွင် ကျူရိုးဖြင့် ထောင်၍ လွှင့်ထားသည်။ ကြိုးဝိုင်းအတွင်းတွင် သူတို့အပြင်က သက်န်းဝါဝါနှင့် ဘုန်းကြီးတွေ တစ်သိုက်နှင့် လူတစ်စု ဝိုင်း၍နေသည်။

မီးပုံးကြီးကား မှိုင်းဝင်ရုံ ဝင်၍ ထောင်ထနေခိုက် ဖြစ်သည်။ ဆင်ကျားကြီး ထူးခတ်ထားရာက လူးလဲထသည်နှင့် တူနေရာ၊ တစ်ခါတစ်ခါလည်း လေတွန်းသဖြင့် လန်သွားခိုက် မှိုင်းဝင်ပေါက်ကို မှိုင်းတွေအန်၍ ထွက်တတ်ရာ အပြင်ကလူစုက ဟေးလားဝါးလား အော်ကြသည်။

ဤသို့အားဖြင့် မီးပုံးထဲ မှိုင်းဝင်၍ မီးပုံးကြီးဖောင်းလာလျှင် အင်္ဂလိပ်စစ်ဗိုလ်နှင့် သူ့အဖော်စုက ဝမ်းသာစွာ အော်၊ မှိုင်းအန်ထွက်၍ ပိန်ချပ်သွားလျှင် အပြင်က ကြည့်နေသူတွေက ဆူနှင့် တစ်ပြန်စီ ဆူပွက်လာကြ၏။ မောင်ညိုတို့မှာ အဝေးကသာ ကြည့်ရလေရာ တစ်ချည်တစ်ချည် ငြိမ်သက်စွာနှင့် မီးပုံးထဲ မှိုင်းတစိမ့်စိမ့် ဝင်သည်၊ မဝင်သည် စောင့်စားကြည့်နေသည့် အချိန်ကလေးတွေအတွင်း ကြိုးဝိုင်းထဲက အင်္ဂလိပ်တွေ လူစုနှင့် အပြင်က ကြည့်နေသူတစ်စု ဘာကိုပြောသည်ဟုကား မသိပေ။ မီးပုံးပျံစီးမည့် စစ်ဗိုလ်က တစ်ခါ၊ နှစ်ခါပင် ကြိုးဝိုင်းနှုတ်ခမ်းသို့ သွားပြီး အပြင်က ဘုန်းတော်ကြီးတစ်စုကို ခြေဟန် လက်ဟန်ဖြင့် ပြ ပြနေသည်ကို မြင်ရ၊ ထိုအင်္ဂလိပ်၏ အမူအရာမှာ မောင်ညို့သစ်ပင် ပေါ်ကပင် တော်တော် ကြွတ်ဆတ်ဆတ်နေပုံ ပေါ်သည်ကို တွေ့ရသည်။

မောင်တွန်မှာကား လူသံတွေ ဆူလာမှ ကွင်းပေါ်သို့ ခေါင်းငဲ့ကြည့်၏။ ပြီးလျှင် သေနတ်ကို ခေါင်းတစ်ပြန်၊ ဖင်တစ်ပြန် လှည့်ပတ် ပွတ်သပ်ကိုင်စမ်း ယုယနေလေသည်။

သို့နေရင်းက အတော်ကလေး နေစောင်းသော အချိန်သို့ရောက်လျှင် မီးပုံးကြီးမှာ မှိုင်းဝလုနီးနီး လေပြင်တွင် ခေါင်းယိမ်းထိုး၍ ရုန်းနေသည်ကို တွေ့ရသည်။ သေနတ်သားနှင့် မောင်ညိုမှာ ရွှင်ပျသောမျက်နှာနှင့် တစ်ခါဖြင့် မီးပုံး လူစီးသည်ကို မကြုံစဖူး ထူးကဲလှစွာ မြင်ရတော့မည်ဟု ပီတိဖြစ်နေသည်။

သို့သော် သူတို့ ပီတိဖြစ်နေသည်မှာ အပိုဖြစ်သွားတော့သည်။ မီးပုံးကြီး မှိုင်း၀၍ ကြွတက်တော့မည် ပြင်သောအခါ ကြိုးဝိုင်းထဲမှ လူတွေမှာ လက်ခုပ်လက်ဝါးတီး၍ ဆူညံစွာ အော်ဟစ်မြူးထူးကြ၏။ မြူးထူးနေရင်းက ယခင်ကြိုးပြင်မှ ဘုန်းတော်ကြီးစု အနီးတွင် အတန်ကြာ စကားအကြိတ်အနယ် ပြောနေသည်။ လူတို့အထဲတွင် စီးမည့် စစ်ဗိုလ်က သူများထက် ထူးကဲစွာ ခြေဟန်လက်ဟန် ပြင်းပြင်းနှင့် မီးပုံးတစ်လှည့်၊ မိုးပေါ်တစ်လှည့် လက်ညှိုးထိုးပြ၊ နန်းတော်ကြီးဘက်သို့လည်း လက်ညှိုးထိုးပြနှင့် ဘာကို ပြောနေသည် မသိပေ။ အပြင်ကလူတွေမှာ သူပြောသည်ကို မကျေနပ်သော အမူအရာဖြင့် အသံထွက်စ ပြုလာရာမှ နောက်ဆုံးတွင် မည်သူ မည်သို့ အသံတိုင်လိုက်သည် မသိ၊ လူစု တစ်စုလုံးလိုက်ပင် ဆူညံအော်ဟစ် တွန်းထိုးလိုက်တော့သည်။

လူတစ်ယောက်ကို အထိန်းရ လွယ်သည်။ လူတစ်စုကို အထိန်းရခက်၏။ သို့သော် လူတစ်ယောက်ကို သွေးဆောင်၍ အနိုင်းရခက်ပြီး၊ လူတစ်စုကို သွေးဆောင်၍ နိုင်းရန်ကား လွယ်သည်ဟု လူ့သဘောကို လေ့လာဖူးသူတိုင်း သိရလေသည်။

မီးပုံးပျံစီးမည့် အင်္ဂလိပ်စစ်ဗိုလ်နှင့် အပြင်လူတွေ ဘာကို အချေအတင် ပြောသည်၊ အင်္ဂလိပ်စစ်ဗိုလ်က အပြင်က မြန်မာတွေ မကျေနပ်အောင် မဖွယ်မရာ ဘာကို ပြောမိသည်၊ အပြင်လူတွေကလည်း ဘာကို ပြန်ဆိုမိသည် ဟူ၍ကား ယနေ့ထက်တိုင်ပင် မည်သူမျှ မပြောနိုင်ပေ။ ထိုစဉ်ခဏ အခိုက်အတန့်ကလေးက မည်သူ မည်သို့ 'ပြောမိသည်ဟုကား ပြောသူ မြန်မာအချို့နှင့် ယခုအချိန်တွင်ဆိုလျှင် အရိုးဆွေးနေပြီ ဖြစ်သော ထိုမီးပုံးပျံ စီးပြမည့် အင်္ဂလိပ်စစ်ဗိုလ် ကာနယ်ဝိုင်ဒမ်ကို မေးကြည့်မှ သိရပေတော့မည်။

စစ်ဗိုလ် ဝိုင်ဒမ်နှင့် အပြင်လူတစ်စု စကားအချေအတင် ဖြစ်ပြီးသည်နှင့် မရှေးမနှောင်းပင် တစ်နေရာရာမှ တစ်စုံတစ်ယောက်က ညာသံပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကြိုးဝိုင်းအတွင်းသို့ အပြင်မှ လူတွေ အတင်း တိုး၀င်လာကြသည်။ ဆူညံစွာ အော်ဟစ်ကြေညာ၍ ပါလာသော ထီး၊ ဖိနပ် စသည်တို့ဖြင့် စစ်ဗိုလ်ဝိုင်ဒမ်နှင့် သူ့အဖော်များကို ရိုက်ကြ ပေါက်ကြသည်။ အချို့ကလည်း မှိုင်းတအိအိဖြင့် ဖောင်း၍ ကြွနေသော မီးပုံးပျံကြီးကို ပေါက်ကျသည်။ မောင်ညိုတို့ ကြောင်တိကြောင်တောင် ငေးတေးတေးကြီး မြင်ရတော့သည်။

ယခင်က ငြိမ်သက်စွာ ကြည့်နေကြသော လူတွေမှာ တုတ်ကြီးဖြင့် မွှေလိုက်သဖြင့် လှိုင်းဂယက် ဆူပွက်သွားသော ရေကန်ကြီးကဲ့သို့ ပြေးကြဟယ်၊ လွှားကြဟယ်၊ အော်ကြ ဟစ်ကြဟယ်နှင့် ရုတ်ရုတ်ရက်ရက် ဖြစ်သွားသည်ကို တွေ့ရသည်။

တွေ့ရသည့် အခိုက်၌ပင် ဒိုင်းခနဲ မြည်သွားသော အသံတစ်သံနှင့်အတူ မောင်ညို၏ ခေါင်းပေါင်းစိမ်းကလေး တစ်စမှာ ရှေ့သို့ ပြတ်ပြုတ်မြောက်တက်ပြီး လေထဲတွင် လွင့်သွားတော့သည်။ နောက်သို့ ပြန်မကြည့်နိုင်မီ မှိုင်းအိနေသော မီးပုံးကြီးလည်း ဆားသို့ ယိုင်လျက် လဲပုံကျသွားသည်ကို မြင်ရတော့သည်။

သေနတ်သားနှင့် မောင်ညို အုံ့အားသင့်လက်စနှင့် ဆတ်ခနဲ ပြိုင်တူ လှည့်ကြည့်လိုက်သောအခါ မန်ကျည်းပင် ခွကြားတွင် ခြေတစ်ဖက်စီ ကန်ကာ ပင်စည်ကို ကျောဖြင့်မှီ၍၊ ဝဲရင်အုံကို ယာလက်ဖြင့် စမ်း၍ ဝဲလက်တွင် သေနတ်ကိုင်ကာ အုံ့အားသင့်ရှုံ့တွပြီး ပြန်ကြည့်သော မောင်တွန်နှင့် သေနတ်ပြောင်းဝက ထွက်နေသော မီးခိုးဖြူပြာပြာကလေး တလူလူကို မြင်ကြရသည်။

သေနတ်သားက စပြီး သတိရသဖြင့် နေရာမှ ချက်ချင်း အကိုင်းပေါ် လျင်မြန်စွာလျှောက်ပြေးရင်းက 'ရှိ. သည်တစ်ခါဖြင့် အပုံကြီး ဒုက္ခရောက်တော့မယ်'ဟု တွေန်လက်မှ သေနတ်ကို ပြန်ယူလိုက်ပြီးမှ 'အလိုလေးလေး အစ်ကိုရယ်၊ ပဇာကို သွားလုပ်လိုက်သာတုံး။ အလကားမယ့် သက်သက် ကျည်တစ်လုံး ဖြုန်းပစ်သာ မိုလ်ကလေးသိမှဖြင့် အကျွန်တော့ ဓားစတေးပွဲ ဝင်ရတော့မှာပဲ'ဟု မျက်စိမျက်နှာပျက်၍ ညည်းသည်တွင်၊ တွေန်မှာ သေနတ်ဒင် ကန်ဆောင့်သွားစဉ်က နာရစ်ခဲ့သော ရင်အုံကို လက်ဖြင့်ဖိရင်းမျက်နှာတွင် ရှုံ့တွနေသည်။ မျက်နှာထားမှာကား ဝမ်းနည်း အားနာပုံ အနည်းငယ်ပေါ်နေသည်။ ဤတွင် မောင်ညိုလည်း သစ်ကိုင်းကို လျှောက်လာရင်းက 'ဟုတ်ပတွေန်ရာ၊ ပဇာများ သွားလုပ်လိုက်သာတုံး'ဟု အားနာပါးနာ မေးမှ–

'ပစ်လိုက်သာပဲ ကိုညိုရ'ဟု ပြောတော့သည်။ မောင်ညိုမှာ ငိုအားထက် ရယ်အားသာ သန်ချင်သွားတော့သည်။ သေနတ်သားတွင် စိတ်အိုက်လှပုံဖြင့် 'ဟုတ်ပါသယ်၊ အစ်ကိုကတော့ ပစ်လိုက်ရုံ ပစ်လိုက်သာပါ၊ သည်ကသာ....'ဟု ညည်းညူနေသေးသည့်အတွက် မောင်ညိုတွင် ရင်အုံအောင့်သွားသော တွေန့်ထက် သေနတ်သားကို ကျေနပ်အောင် တောင်းပန်ရန် မျက်နှာချိုသွေးရတော့သည်။

သို့ပြုမည် ပြင်လျှင်ပင် သစ်ပင်အောက်သို့ မာရဘင်တပ်သား သုံးလေးယောက်၏ မြင်းသံနှင့်အတူ 'ဟော့ ဟိုတပ်သား၊ ဆင်းစမ်း'ဟု ခေါ်လိုက်သော မောင်နောင့်အသံကိုကြားရတော့သည်။ မောင်ညိုမှာ အသံကြောင့် ခေါင်းဖျတ်ခနဲ ငုံ့ကြည့်လိုက်ရာ မောင်နောင်က မော့အကြည့်ဖြင့် ဆုံသွားတော့၏။ နှစ်ယောက်စလုံး မျက်နှာတွေ တင်းသွားသည်။ ပြီးမှ မောင်နောင်က မျက်နှာပြင်ရင်း 'ဟဲ့ ဟိုအကောင်'ဟု ထပ်ခေါ်သည်။

သေနတ်သားတွင် တစ်ကိုယ်လုံး သွေးမရှိအောင် မည်းသောမျက်နှာ ဖွေးသွားသည်။ မောင်ညိုသည် လေးလံသောစိတ်ဖြင့် သေနတ်သား ဆင်းသွားသည်ကို ကြည့်ရစ်ခဲ့သည်။ တွေန်မှာကား မောင်နောင်ဟု မသိသေးပေ။ အောင့်နေသော ရင်အုံကိုနှိပ်ရင်းသစ်ပင်အောက်က မြင်းစီးများနှင့် ဆူညံ ကြွေးကြော် သောင်းကျန်းနေသော လူအုပ်ကြီး၊ လူအုပ်ကြီးထဲသို့ တိုးဝင်ရှင်းလင်းနေသော နန်းတော်ကြီးမှ ကင်းတော်သားများ၊ သေနတ်သားများ၊ အင်္ဂလိပ် အရေးပိုင်၏ အစောင့်တပ်သားအချို့ကို လိုက်ကြည့်နေသည်။

ပြီးမှ ဆင်းသွားသော သေနတ်သားထံ ကြည့်မိရာ ၎င်းကို မောင်နောင့်မြင်းဆားတွင် မတုန်ဝံ့၊ မလှုပ်ဝံ့ ရပ်နေရသည်ကို တွေ့ရသည်။ မောင်ညိုတွင် ဘာဖြစ်မည်ကိုအကဲခတ်နေသည်။ အောက်က မောင်နောင်ကမူ သူတို့အား ဂရုမစိုက်ပုံဖြင့် အမှုထမ်း

သားကို မြင်းနှင့် နီးကပ်နေအောင် ခေါ်ယူသည်။ မောင်နောင်၏ အဝတ်အစားများမှာ သစ်သစ်လွင်လွင်နှင့် ချပ်ဝတ်အစုံဖြင့် ခပ်ခံ့ခံ့ကလေး ဖြစ်နေသည်။ ငယ်သားရှေ့၊ မောင်ညို့မျက်စိအောက်တွင် ဖြစ်သောကြောင့် သာ၍ပင် ခံ့အောင် မျက်နှာထား၏။

မောင်တွန်သည် သေနတ်ကို ကိုင်ရကတည်းက လက်တရွရွ ယားနေသည်။ ထိုအခိုက် မီးပုံးပျံပွဲက ရုတ်ရုတ်ရက်ရက် ဖြစ်လိုက်သောအခါတွင် လက်ထဲမှ သေနတ်ဖြင့် အကြောင်းမဲ့ မီးပုံးပျံကို လက်တည့်စမ်းလိုက်ခြင်း ဖြစ်၏။ သေနတ်က ပြင်းထန်စွာ ရင်အုံကို ဒင်ဖြင့် ဆောင့်လိုက်သောကြောင့် မောင်ညို့ခေါင်းပေါ်မှ လက်မတင်ကလေး ရှပ်ပြီး ကျည်လွဲသွားခြင်း ဖြစ်သည်။

သူ ပစ်ပြီးပြီးချင်း ရင်အုံက တဖျင်းဖျင်း နာနေသော်လည်း သေနတ်သားကို အကြီးအကဲနှင့် တူသူက အမိန့်နှင့် ခေါ်သဖြင့် ဆင်းသွားပြီး တစ်ဖန် မြင်းဘေးသို့တိုးရန် ခေါ်သောအခါ တွေ၍နားထောင်ရင်း အောက်သို့ ငုံ့ကြည့်နေသည်။ ရင်အုံက ဒဏ်ကို မေ့စ ပြု၏။

'သေနတ်ကို အကြောင်းမဲ့ ပဓာမို့ ပစ်ရတုံး'

'အကျွန် မပစ်ပေါင်ပါ'ဟု သေနတ်သားက ပြောပြီးသည်နှင့် တစ်ပြိုင်နက် မောင်နောင်၏ လက်ဝါးသည် အမှုထမ်း၏ ပါးပေါ်သို့ တဖြန်းဖြန်းနှင့် ရောက်သွားလေသည်။ မောင်တွန်နှင့် မောင်ညိုလည်း သစ်ပင်ပေါ်မှ လျင်မြန်စွာ လျှောဆင်းကြသည်။ မောင်ညိုက ရှေ့က ဆင်းသော်လည်း မောင်တွန်က ပင်စည်မှ ဆင်းမနေတော့ဘဲ အောက်ကိုင်းတစ်ကိုင်းကို တွဲလဲခိုပြီး သူ့မြင်းပေါ်ခုန်ချခြင်း ဖြစ်သည့်အတွက် မောင်ညို မြေပေါ် ရောက်သောအခါ တွန်က မြင်းပေါ် ကျကျနန ထိုင်မိပြီး ဖြစ်နေသည်။

'ပဓာမို့ ပစ်တုံး၊ ကျည်ရှားမှန်း နင် မသိစ'ဟု မောင်နောင်က မောင်ညိုတို့ ဆင်းလာမှန်း သိသောကြောင့် ခပ်မာမာ မေးသည်။ သူနှင့်အဖော် မြင်းစီးနှစ်ဦးက စောင့်ကြည့်နေသည်။ ထိုအခိုက် လူအုပ်ကြီးမှာ အသံတွေ ဆူညံရင်းဖြင့် သူတို့ဘက်သို့ တရွေ့ရွေ့ လာနေသည်။

'အကျွန် မပစ်ရပါ'ဟုပင် ထပ်ပြောရှာရင်း သစ်ပင်ပေါ်မှ ဆင်းလာသူ နှစ်ဦးထံ စောင်း၍ အသနားခံသကဲ့သို့ ကြည့်သည်။ နှုတ်ခမ်းတွေကား တုန်လျက်ပင် ရှိသေးသည်။ မောင်ညိုတွင် မနေနိုင်တော့သဖြင့် 'ဟုတ်သယ်၊ သင်း မပစ်ပေါင်ပါ'ဟု အသံခပ်အုပ်အုပ် ပြောမှပင် မောင်နောင်က သာလွန် မနှစ်မြို့ဟန်ဖြင့် မောင်ညို့ကို မကြည့်ဘဲ၊ နှုတ်မဆက်ဘဲ 'နင်မပစ် အသူ ပစ်မှာတုံး၊ နင့်လက်ထဲ သေနတ် အမြင်သားနဲ့'ဟု ပြောကာ သေနတ်ကို ဆတ်ခနဲ ဆွဲယူ၊ ခလုတ်ဖြုတ်၍ ချိူးကြည့်ပြီး တစ်ဖန် 'နင် မပစ်ရင် ဘယ်မတုံး ကျည်'ဟု ဇွတ်မေးနေသည်။ အမှုထမ်း ရုတ်တရက် ပြန်မဖြေနိုင်မီ ကုန်းထိပ်တွင် ချိတ်ပါလာသော သူ့ဓားကို အိတ်မှမချွတ်ဘဲ ဆွဲဖြုတ်ကာ မြင်းပေါ်က မိုး၍ ရိုက်တော့သည်။

သုံးလေးချက် ရိုက်မိပြီးလျှင် မောင်နောင့်ဓားသည် လက်မှလွတ်ပြီး မြေပေါ်

မြောက်ကျသွား၏။ မြေပေါ်သို့ ဓားလွတ်သွားလျှင် မောင်နောင်သည် မသတ်နိုင်သော ဒေါသရှိန်ဖြင့် တဆတ်ဆတ် ခါနေခိုက် ထိုတဆတ်ဆတ်တုန်အောင် ခါနေသော ကိုယ်ကလေးသည် ငတွန်၏ ကုန်းနှီးပေါ်တွင် ငတွန်၏ ဒူးနှစ်လုံးပေါ်သို့ စင်းလျက်သား ရောက်နေလေသည်။

'သင်း မပစ်ဘူးဆိုရက်က မတရား မဆုံးမပါနဲ့ အစ်ကို'ဟု ငတွန်က ခပ်မျှဉ်းမျှဉ်း ပြောသည်။

ငတွန်မှာ မျက်စိအောက်တွင် သူ့အတွက်ကြောင့် မတရား အရိုက်ခံနေရသော စစ်သားကို မရှုဆိတ်နိုင်သောကြောင့် စီးထားသော မြင်းကို ရှေ့သို့ တိုးစေပြီး ပါလာသော ဓားမ အိတ်ကြီးကို ကွင်းပြုခံကာ မောင်နောင့်ဓားကို ရုတ်တရက် တုပ်ဆွဲပစ်လိုက်၍၊ ဓားလွတ်ကျသွားလျှင် မြင်းချင်းပူး၍ မောင်နောင်ကို ခါးလယ်မှ ဝင်၍ ပွေ့ဆွဲယူလိုက်ခြင်း ဖြစ်လေသည်။

မောင်ညိုက ခပ်ပြုံးပြုံး ကြည့်နေ၏။ မြင်းစီးတို့လည်း ကြောင်၍ နေကြသည်တွင် မောင်နောင်မှာ အံ့အားသင့် စိတ်ဆိုးလှပုံဖြင့် 'လွှတ်'ဟု တစ်လုံးသာ ဆိုသည်။ ငတွန်က ကိုယ်ကလေးကို ဒူးနှင့် တံတောင်ဆစ်ကြားတွင် ခပ်နာနာလေး ဖိရင်း 'ပစ်သာ ကျုပ်ပဲ'ဟု ပြောပြီးမှ လွှတ်လိုက်သည်။

ခြေအထောက် လျင်မြန်၍သာ မောင်နောင်သည် ငတွန့်မြင်းဘေးတွင် မတ်တတ် ရပ်ကျသည်။ ခါးမှဓားကို စမ်း၍လည်း အပိုင်၊ မရှိတော့ပြီ။ ကျည်ထိုးပြီးသား သေနတ် လည်း မြင်းကုန်းတွင် ကျန်ရစ်သည်။

မောင်တွန်က မောင်နောင့်ကို စေ့စေ့ကြည့်ရင်းက မောင်နောင့်အကြံကို ရိပ်မိလေ သည်။ မောင်နောင်မှာကား မျက်လုံးတလက်လက်ဖြင့် အဝတ်အစားတွေကြေကာ မောက် တိုလည်း ကျွတ်၍ ခေါင်း ဗလာ ဖြစ်နေသည်။

'ဟုတ်သယ်၊ သင်း မပစ်ဘူး။ ကျုပ် ပစ်သာ'ဟု ငတွန်က ရင်ဘတ်ကို စမ်းရင်း လေအေးဖြင့် မြင်းပေါ်က ပြောသည်။ မောင်ညိုမှာ ငနောင့်ဖြစ်အင်ကို သဘောမကျဘဲ မနေနိုင်၊ မြင်းပေါ်တက်၍ ကြည့်နေသည်။

'ပဇာမို့ ပစ်ရတုံး'ဟု အံကြိတ်၍ မေး၏။ မောင်တွန်က ထိုအခိုက် လူအုပ်ကြီး အနီးသို့ ရုတ်တရက် ရောက်လာသဖြင့် မြင်းလန့်ပြီး ခုန်သွားသောကြောင့် ချက်ချင်း ပြန်မပြောနိုင်။ မြင်းကို ထိန်းရင်းကမှ 'ပစ်ချင်လို့ ပစ်သာပဲ'ဟု အော်ပြောရသည်။ မြင်းတွေမှာ တအောအော ဆူညံ အော်ဟစ်လာကြသော လူအုပ်ရှေ့တွင် ထိန်း၍ မနိုင်တော့ပေ။ မောင်ညို့မြင်းမှာ မျက်လုံးတွေပြူးပြီး တဟီးဟီးအော်ကာ အမြီးကြီး တန်းလျက် မန်ကျည်းပင်ကို သုံးပတ်မျှ ပတ်လှည့်နေပြီ။ မောင်နောင့် မြင်းစီးနှစ်ယောက် ၏ မြင်းတွေလည်း ပတတ်ရပ်နေပြီဖြစ်ရာ မြင်းစီးတစ်ယောက်က သတိရသောကြောင့် မောင်နောင့်မြင်း လူအုပ်ထဲတွင် ခြေစုံလန့်၍ ကန်နေသည်ကို အတင်း ဇက်ကြိုး ဝင် ကောက်ဆွဲရသည်။ ဆွဲ၍ရလျှင် မောင်နောင့်လက်သို့ ဇက်အပ်ပေးမှ မောင်နောင်လည်း

မြင်းပေါ် အတင်း စုတ်သပ်ချော့မော့ပြီး ခုန်တက် စီးနေရလေရာ လူချင်း မမျှော်လင့်ဘဲ ရုတ်တရက် အလှမ်းကွာသွားကြတော့သည်။

မောင်နောင်နှင့် သူ့မြင်းစီးဖော်နှစ်ဦးအပြင် သေနတ်သားကို မောင်နောင့်မြင်းခြေတွေ ပေါက်ခုန်ပြီး လန့်ကျောက်နေသည်။ ဖုန်တွေ လူတွေကြားတွင် ပျောက်ကွယ်သွားကြတော့မှ မောင်ညိုတို့ သူငယ်ချင်းနှစ်ယောက်လည်း အုပ်ထိန်း၍ မနိုင်အောင် သောင်းကျန်းနေသော လူအုပ်ကြားမှ မနည်းလမ်းရှာပြီး ထွက်ယူရသည်။ လူရှင်းသော နေရာကျမှ မောင်ညိုက 'အဲသာပဲ၊ ငါပြောသဲ့ ရွှေဘိုငနောင် ဆိုသာ'ဟု ပြော၏။ မောင်တွန်တွင် အားမလို အားမရ ဖြစ်လွန်းမက ဖြစ်ရင်း–

'ခုနက ပြောပဲ ပြောပါတော့ အစ်ကိုရာ'ဟု မကျေမချမ်း ဖြစ်သွားတော့သည်။

*

သေနတ် ဝယ်မရသည့်အပြင် သေနတ်အတွက်နှင့် အမှုရောက်လုနီးနီးတွင် လက်မတင်ကလေး လွဲသွားရပြီးသည့်တိုင် သေနတ်အတွက် ဇောမကုန်သေးပေ။ အမြဲလိုပင် မောင်ညိုတို့ တစ်စုသည် သေနတ် စနည်းနာနေသည်။ အိမ်တွင် တိတ်တဆိတ် ခိုးဝှက်လုပ်ကြပြန်သည်။ လုပ်ပြီးသေနတ်ကို စမ်းသပ်ရာ၌လည်း လူသူမနီးသော တောကြီးများ၊ လတာပြင် အင်းကြီးများသို့ တကူးတကန့် သွားသွားနေရသည်။ လုပ်သမျှကိုလည်း စိတ်တိုင်းမကျပေ။ ထိုအပေါ်တွင် ကြေးထမ်းကြီးများ၊ သူကြီးမင်းများကလည်း လက်နက်ဥပဒေကို များစွာ ဂရုစိုက်နေရသော အခါဆိုး ဖြစ်နေလေရာ မောင်ညိုတို့တွင် စိတ်ပျက်စ ပြုနေတော့၏။

သို့သော် ငတွန်ကအစ သေနတ်....သေနတ်....ဟု တဖွဖွနှင့်ဖြစ်နေ၊ သူခိုးဓားပြတို့ကလည်း တစ်နေ့တခြား အတင့်ရဲနေ၊ မောင်ညို တောသူဌေးကြီး နာမည်ကလည်း ဓားပြများနှုတ်တွင် တဖွဖွဖြစ်နေမှန်း နားစွန်နားဖျား ကြားနေရလေရာ နောက်ဆုံးတွင် အထက် တကောင်းဆီမှ ပြန်လာသော တံတားဦးသား တစ်ယောက်ထံမှ 'အထက် ကောလင်းနယ်ဆီမယ် သေနတ်တွေ ပေါသယ်သဲ့။ ဟိုဆီမယ် အလွယ်နဲ့ ရနိုင်သယ်'ဟု တိတ်တဆိတ် နှစ်ကိုယ်ကြား သတင်းရသောအခါ မောင်တွန်နှင့် မောင်ညို နှစ်ဦးသား ငဖြိုးကို အိမ်စောင့်ထားပြီး မြောက်ဘက်တစ်ခွင်သို့ သေနတ်ရှာ တက်ကြပြန်သည်။

## ၃၅ | ညီအရေးက မအေးသကို၊ သည်သွေးကမှ နွေးသလို

မောင်ညို့ အကြံမှာ မန်လည်အထိသွား၍ မောင်စိုအိမ်တွင် တစ်လကိုးသီတင်း တည်းခိုပြီး သေနတ် စနည်းနာ ဝယ်ယူရန် ဖြစ်သည်။

မောင်စိုနှင့်လည်း လွန်ခဲ့သော သုံးလေးလအတွင်းက တစ်ခါ တွေ့ရသည်။ ဘယ်တော့ ပြန်မတုံးဟု မေးရာ ချက်တစ်ဖြုတ် အလည်လာသည်၊ မကြာမီ ပြန်မည်ဟု

ဆိုကာ အစ်ကို့ထံတွင် ခေတ္တတည်းခို ပြန်သွားသည်။ ညီဖြစ်သူမှာ နေပြည်တော် တစ်ဝိုက်တွင်ပင် သွားလာကျက်စား နေသည်ကိုကား အစ်ကိုက မသိရှာပေ။

မန်လည်သို့ ရောက်သောအခါ ညီကို အိမ်တွင် မတွေ့ရပေ။ မတွေ့ရုံတွင်မျှမက ညီ၏ အလိမ်တွေပါ ပေါ်သွားလေရာ မောင်ညိုတွင် ဝမ်းနည်းလှ၊ ဒေါလည်းပွလှသည့်အတွက် သေနတ်အကြောင်းကိုပင် မေ့သွားမတတ် ဖြစ်သွားသည်။ 'မရှာတော့ဘူး၊ ချင်း ငါ့ကို အရင်ကလို မချစ်မခင်၊ ငါ့ပေါ်မယ် သစ္စာမရှိသဲ့နောက် ချင်းအိမ်မလည်း ငါ မနေချင်ပါဘူး'ဟု မျက်ရည်ပင် စို့မိခဲ့သည်။

အိမ်စောင့်ထားရစ်သော ဦးသာပေါကြီးမှာလည်း တစ်ဖက်က အိမ်ရှင်ညီဖြစ်သူ၊ တစ်ဖက်က ဧည့်သည်အစ်ကိုနှင့် "ကြားထဲက ငါ့နှယ် သည်ညီအစ်ကို သာလောက်ချစ်ကြမှန်း မသိ။ သင်းညီကို သင်း သာလောက် အထင်ကြီးနေ မင့်ဟာ၊ သင်းမှ စိတ်ချမ်းသာရအောင်ဟာ ငါ တစ်စုံတစ်ရာ လိုးလွဲပြောမိ အကောင်းသား"ဟု ယူကျုံးမရ ဖြစ်သွားသည်။

တွေ့နက 'ဟာဗျာ....ကိုညို၊ ကိုရင့်ညီ ကိုရင့် မချစ်ရိုးမှ မဟုတ်ဘဲဟာ။ သူလည်း သူ့ကိစ္စနဲ့၊ ငါလည်း ငါ့ကိစ္စနဲ့ ဆိုသာလို သင်းအရေးအတွက် တစ်စုံတစ်ရာ အကြောင်းရှိရို့ နေပြည်တော်မယ် နေသာပ။ ပီး သည်ဆီ ဆိုရာမလည်း အတန် ခြောက်သွေ့သာကလား'ဟု ပြောသည်ကိုလည်း 'ကွာ....ချင့်အကြောင်းအရေးက ပဇာလောက် များမို့တံတားဦးနဲ့ နေပြည်တော် တပြေးတည်းကို ချက်တစ်ဖြုတ် မလာရသာတုံး။ တစ်လတစ်ခေါက် ရောက်ရင် ငါ ကျေနပ်နိုင်မယ်'ဟု ထပ်ညည်းသည့်အတွက် 'အို....ညီနဲ့အစ်ကိုကပဲ၊ တစ်ရုံဆံလို လောကွတ်လုပ်နေဖို့ လိုမယ် မထင်ရှာလို့နဲ့ တူပါသယ်'ဟု ထပ်ပြောသဖြင့် အနည်းငယ် စိတ်ကျေနပ်သကဲ့သို့ အသံတိမ်တိမ်ဖြင့်–

'လောကွတ်လုပ်ရမယ်လည်း ငါ မဆိုပါဘူး၊ မလာသာ ခံပြင်းသာပဲ။ မလာနိုင်ရအောင် ပီး....'ဟု ဒေါကလေး ပြန်ထလာရင်း ခေတ္တနားနေ၍ 'နေပြည်တော်မယ်နေသာ ပဇာကြောင့် ငါ့ကို အသိမပေးရသတုံး။ အဲသာ ငါ ရှင်းချင်သယ်၊ သိပ်ရှင်းချင်သယ်'ဟု အသံပြင်းပြင်းနှင့် ပြောပြီးမှ "ချင်း သာလောက် ပုန်းလျှိုးကွယ်လျှိုး လုပ်ရအောင် ပဇာမှုများ ပွေနေပြန်ပလဲ မသိဘူးကွ"ဟု တစ်ယောက်တည်း ညည်းသည်။ ပြီးမှ ဆတ်ခနဲ 'ရို့ ဦးရိုးသာပေါ၊ ချင်းဆီက ကျုပ် ပြန်သွားပီးတဲ့နောက် ချင့်ဆီ ဟိုမင်းသားတွေ၊ မင်းသွေးတွေ လာသေးသပေါ့ ဟုတ်စ'ဟု မေးသည်။ ဦးသာပေါကခေါင်းညိတ်ရင်း လေးကန်စွာ 'လာသာတော့ အပုံပဲ။ ကောလင်းကိုယ်တော်ကြီးလည်း တစ်ခါနှစ်ခါ ကြွလာဖူးသယ်။ ဟို ရွှေနန်းတော်ကြီးဆီက ကျပင်းမင်းသားကလေးရဲ့လူယုံငနောက် ဆိုသဲ့ မောင်ရင်လည်း ချက်တစ်ဖြုတ် လာတတ်သယ်။ သည်အိမ် အဝင်အထွက်ပြုသာတော့ သည်မင်းသားကြီးနှစ်ပါး လူစုတွင်ပဲ။ အိမ်း၊ နောက်ဆုံး နေပြည်တော်သွားခါနီးမယ် ခုနက ငနောက် အတန်ကလေး ကြာကြာနေသွားသာပဲ'ဟု ပြော၏။ တွေ့နက ကြားဝင်၍ 'ကိုရင့်ညီနဲ့ ကျပင်းနဲ့ တစ်ကျောင်းတည်းထွက်ဆို။ သူငယ်ချင်း

မိတ်ဆွေမို့ ဝင်သာ ထွက်သာကို အစ်ကိုက ပဇာ ဆိုချင်သေးလို့တုံး’ဟု မေးကာ ‘ဗျာ ကိုရင်၊ ခင်ဗျားညီဟာ ကလေးငယ်မှ မဟုတ်ဘဲ။ သင်းလည်း သင့်ကိစ္စ သင့်အရေးနဲ့ပဲဆို။ ပဇာမို့ ပူစရာမရှိ ရှာပူနေကြတုံး။ ဆံဖြူသွားကျိုး အမယ်အို ရွတ်တွ ကျရန်ကောဗျာ’ဟု ဆိုသည်ကိုမှ မနာကြည်းနိုင်ဘဲ သက်ပြင်းတွင်တွင်ချရာမှ ‘မင်း မသိဘူးနော၊ ချင်းကလေး အင်တန်ဂြိုဟ်ကြွသယ်။ ချင်းအတွက်နဲ့ချည့် ငါ့မယ် သံယောဇဉ် ဖြစ်ဖြစ်နေရသာ’ဟု ပြောနေသေးသည့်အတွက် ‘သာတော့ သာပေါ့ဗျာ၊ ညီနဲ့ အစ်ကိုကပဲ။ သာပေသိ သင့်လည်း ငယ်သာမှ မဟုတ်ဘဲ။ သင့်ဇာတ် သင်းနိုင်လို့ ဖြစ်တော့မပေါ့။ ယောကျ်ား ကပဲ၊ ကိုရင့်ညီ ကိုယ်ရင့်လို နေတော့မပေါ့။ ပဇာ တွေးပူနေရတုံး ဆို’ဟု ငတွန် အားမလို အားမရ ဖြစ်လာသည်။

‘ပူရသယ်… ပူရသယ်၊ ချင်းက ငါ့ညီဆိုပေမဲ့ ငါနဲ့ မတူသဲ့နေရာလည်း မတူဘူး။ ချင့်ကွယ်ရာမို့ ပြောသာ၊ ချင်းအကြံတွေ နည်းနည်းမှ မကြိုက်ဘူး’

‘ပဇာများ ကျုပ်တို့ ကိုရင်တို့ထက် ထူးချွန်ပီး သင်း ကြံနိုင် လုပ်နိုင်မှာမို့လဲဗျ’

‘နှယ်နှယ်မှတ်လို့ ငတွန်၊ ချင့်ကြည့်တော့ ပျော့တော့တော့ရယ်၊ ချင့်အကြံကျ တော့ သံထက်တောင် မာသေး’ဟု ဆိုပြီး ‘ငါလည်း အနံ့ အန လိုက်လို့ကွယ်။ ချင်းအကြံ က ချင့် ကျပင်းက စပီး မင်းသွေးတွေ သေးခြင်းဆိုး သေရသာကို အခဲမကျေဘူး ထင်ပီး မတရား အလုပ်ခံရသဲ့ မင်းသားတွေဘက်က ချင်းက နာကြည်းပီဆိုမှဖြင့် ချင့်မယ် အဲသည် မင်းသွေးတွေနဲ့ ပူးပေါင်းပီး ချင်းတို့ မြှောက်ပင့်ပေးသဲ့ဟာတွေ သည်က တိရစ္ဆာန်က လိုက်လုပ်နေသာပဲသဲ့ဗျ။ ဟုတ်စ… ဦးရိုးသာပေါ၊ ခင်ဗျ မှန်မှန်ပြော နော။ အနို့မို့ရင် ဟောသည် ကျုပ်ဓားနဲ့….’ဟု ကရုဏာ ဒေါသော ဖြစ်ရှာသည်ကို ဦးသာပေါက ဝမ်းနည်းစွာ–

‘ကြံရာပါသယ်၊ နိုင်းသာ လုပ်သယ်တော့ အတပ်မဆိုနိုင်ဘူးပ။ သည်မင်းသွေး တွေနဲ့ ပေါင်းသာတော့ မြင်ရသဗျ’ဟု ပြောရှာသည်ကို ငတွန်က ‘ဟင် သာဖြင့် ချင်းက နိုင်ငံရေး လိုက်နေသပေါ့’ဟု ဆိုသည်။

‘ပဇာရေးလဲတော့ သိဘူးကွာ။ မင့် မြင်သဲ့အတိုင်း ငါ့တော့ဖြင့် လိမ်သာပဲ။ ချင်းလုပ်နေသာ ပဇာမှ မဟုတ်ဘူး။ ခပ်ရှိုင်းရှိုင်း ဆိုကြစို့ဆိုရင် ချင့်ဖင် ချင်းမနိုင်ဘဲ ပဲကြီးဟင်း သောက်နေသာပဲ။ နိုင်ငံရေးဆိုသာ နိုင်ငံအုပ်စိုးသဲ့ မင်း မှူးမတ်တွေ အလုပ် ကပဲ၊ တို့ မင်းတို့တစ်တွေ အနေသာကြီးပ’ဟု ပြောသည်ကို ငတွန်က ‘မင်း မှူးမတ်တွေ လုပ်သဲ့ နိုင်ငံရေးဟာ မတရားဘူး၊ နေရာမကျဘူး၊ မမှန်ဘူး ထင်ရင်တော့ကောဗျာ’ဟု မေးသည်ကို ‘မမှန်လည်း ကံပေါ့၊ မှန်လည်း ကံပဲ။ ချင်းတို့အလုပ် ချင်းတို့ မလုပ်တတ်ရင် တို့တွင် မင်းတို့တွင် ပျက်စီးမှာလိုက်လို့၊ ချင်းတို့လည်း ပျက်စီးမှာပ။ ကွာ ငါပြောပကော၊ နိုင်ငံရေးက နိုင်ငံအုပ်ချုပ်သဲ့ လူတွေအလုပ်၊ လယ်သမားအရေးက တို့လို လယ်သမား အလုပ်၊ အသည့်အရေးက အသည်၊ ဝန်ရေးက ဝန်၊ မင်းရေးက မင်း၊ အရိုးပေါ် အရွက် မဖုံးရဘူးကွ။ ခု ချင်းလုပ်သာက ချင့်အရိုးပေါ် အရွက်ဖုံးနေသာ’ဟု မောင်ညို ပြောခဲ့ဖူး

သည်။ စင်စစ်လည်း ထိုခေတ် ထိုအခါတွင် မောင်ညိုတို့ကဲ့သို့သော "အရိုးပေါ် အရွက် မဖုံးလျှင် ပြီးစတမ်း"ဟု သမားရိုးကျ နေထိုင် သွားလာသူတွေ အနတက္ကမ ပေါ်များလှလျက် မောင်စိုတို့နှင့်တူသူ တစ်စုက အခွင့်အရေး၊ လွတ်လပ်ခွင့်ကို ရရှိအောင် တောင်းခံရာ၌ အသံမကျယ်ခဲ့ခြင်းကြောင့်ပင် မြန်မာ့အုပ်ချုပ်မှုကြီးမှာ ပျက်ပြုန်း ပျောက်ကွယ်ရခြင်း ဖြစ်သည်။ ထိုခေတ်တွင် နိုင်ငံခြားသားများသည် အဘက်ဘက်တွင် ကြီးပွားထွန်းကားနေချေပြီ။ မျက်စိကြီးနေ၊ နားကြီးနေသည်။

နိုင်ငံတော် စည်ပင်ဝပြောလှသည်ကိုလည်း အကွင်းသား သိနေကြပြီဖြစ်ရာ အင်္ဂလိပ် နယ်ချဲ့ဘီလူး၏ လက်လှမ်းသည် နိုင်ငံတော်၏ အနောက်နှင့် တောင်တွင် စောင့်လျက်၊ ပြင်သစ် နယ်ချဲ့ဘီလူး၏ ခြေလှမ်းလည်း အရှေ့နှင့် မြောက်ဘက်က ဆိုင်းလျက် ရှိသည်။

နိုင်ငံတော်ကို မိမိရရ သိမ်းပိုက်ယူငင်ရန် ဟူသော တစ်ခုတည်းသော ဝါဒဖြင့် မဖြစ်မနေ ကြံစည်နေကြသည်ကိုလည်း လိပ်ပတ်ကောင်းကောင်း မလည်သေးပေ။ လိုချင်နေသူသည် ရမှ အေးမည်၊ ပူသည်ကိုလည်း နားမလည်ကြ။

ဗဟုသုတလည်း မဖွေရှာ၊ အင်အားကိုလည်း မဖြည့်တင်း၊ ကိုယ့်အချင်းချင်းသာ အိမ်ကြက်ချင်း ခွပ်နေကြသည်။ အကယ်၍ နိုင်ငံတော်သည် သူတကာလက်တွင်းသို့ သက်ဆင်းရလျှင် သက်ဆင်းသည်မှာ မည်သူ့ပယောဂမျှ ဟုတ်မည် မထင်။ မည်သူ လော်လည်၍မှလည်း မဟုတ်၊ မည်သူ ညံ့၍မှလည်း မဖြစ်နိုင်သည့်အတွက် တစ်ဦးတစ်ယောက်ကိုမျှ အပြစ်ဖို့၍ မနေသင့်ဘဲ အားလုံးအပေါ်တွင် ရာဇဝင်ကြွေးကို တင်ဖို့ရန် ဖြစ်တော့သည်။

အပြင်ရန်ကို ခုခံရမည့်အစား အိမ်သားချင်း မာန်စောင်နေရလျှင် အဘယ်မှာလျှင် ရန်သူကို ခုခံရန် အကြံယူနိုင်ပါမည်နည်း။ မိုးလွန်ခါနီးမှ ထွန်ကိုချသူပမာ နိုင်ငံတော်ပျက်စီးပြီးမှ ငါ့အကြံ မပိုင်လေခြင်းဟု ညည်းနေ၍လည်း အပိုပင်။ အပြစ်တင်ခံရမည့်သူ ကိုယ်တိုင် ညံ့ဖျင်းပျော့နဲ့သော ရှင်ဘုရင်အပါး၌ ခစား၍ နေသည်။

ရှင်ဘုရင်မှာ ငယ်သေးသည်၊ တရားရှိသည်၊ စိတ်ရင်း မြင့်မြတ်သည်။ မင်းကျင့်တရား ဆယ်ပါး၊ ဗြဟ္မစိုရ်တရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါးတို့ဖြင့် သတ္တဝါများအား ရင်ဝယ်သားကဲ့သို့ သနားကရုဏာတော် ရှိသည်ဟု ဆိုလင့်ကစား နိုင်ငံတစ်ခုလုံး ရန်သူ့လက်သို့ ယိမ်းပါးသက်ရောက်အောင် ဖြစ်ရသည်မှာ သည်ဘုရင့်လက်ထက် ဟူ၍ ရာဇဝင်မျက်နှာစာတွင် ထင်လင်းရစ်ခဲ့သည်ကိုကား မေ့နိုင်မည် မထင်။

ရန်သူက မတရားယူသည်၊ လုညှ့်စားယူသည်၊ ခြောက်လှန့်ယူသည်၊ မြှောက်ပင့်ယူသည်ဟု မည်မျှဆိုဆို ရန်သူ့ မတရားသဘောကို မခုခံနိုင်၊ အလှည့်စားကို ခံရသည်၊ ခြောက်လှန့်သည်ကို ကြောက်ခဲ့ရသည်၊ မြှောက်ပင့်သည်ကို မြှောက်ခဲ့သည် ဟူ၍ကား အကဲ့ရဲ့ မပြုဘဲ နေမည် မဟုတ်ပေ။

ရန်သူကား လိုချင်နေသူ ဖြစ်ရာ၊ လိုချင်၍ ယူသူက ပြုလုပ်သမျှမှာ တရားသည် သာ ချည့်ပင်။

ရန်သူ့အယူကို မခံချင်လျှင် ရန်သူ့ကို လွှမ်းမိုးအောင်၊ ရန်သူ့ထက် မတရားပြု၊ လှည့်စား၊ ခြောက်လှန့်၊ မြှောက်ပင့်ရသည်။

ရန်သူက အကယ်၍ အနိုင်ရကာ နိုင်ငံတော်တစ်ခုလုံး စိုးမိုးချုပ်ချယ်သွားခဲ့ပါမူ စိုးမိုးချုပ်ချယ်ခြင်းမှ လွတ်ကင်းအောင်၊ လွတ်လပ်အောင် ပြုလုပ်ရပေမည်။ လွတ်လပ်ရေး ကို ပြန်၍ရအောင် ယူရချေမည်။ သို့ လွတ်လပ်ရေးကို လိုချင်သဖြင့် ယူရသော အခါတွင် လည်း လိုချင်နေသူက လိုချင်နေသည့်နည်းဖြင့် ရအောင် ယူရချိမ့်မည်။ ရသည်သာ မူလ။ အဘယ်နည်းဖြင့် ရယူသည်မှာ ရပြီးသည့်နောက်တွင် ကွယ်ပျောက်၍ သွားနိုင်မည် တည်း။

ထိုသို့ကား သဘောမပေါက်ကြသေး။ မောင်ညိုတို့နှစ်ယောက်သည် မှန်းခြေ မကိုက် စိတ်အိုက်သောပုံပန်းဖြင့် မန်လည်မှ ပြန်ခဲ့ကြသည်။ အလာက အိမ်မှ မြင်းမယူခဲ့ ဘဲ စစ်ကိုင်းမှ မြင်းဝယ်စီးခဲ့ကြသော်လည်း လမ်းတစ်လျှောက်လုံး အသွားအပြန်တွင် သေနတ်ကို တိတ်တဆိတ် သတင်းမေးပြီး ရနိုင်မည် ထင်ရသောနေရာများသို့ ဝင်ထောက် နားနေကြသောကြောင့် ခရီးကြာ၍ မြင်းတွေ ပန်းနေတော့သည်။

သို့နှင့် မြင်းပန်း လူပန်း စိတ်မောနှင့် လာကြရာမှ သစ်ရာပင်အောက် ကန့်ဘလူ အနီးသို့ ရောက်ခဲ့ရင်း၊ ကန့်ဘလူတွင် ညဥ့်အိပ်ရန် စိတ်ကူးဖြင့် နေခပ်စောင်းစောင်း ကလေးတွင် တောင်ခါးပန်းကလေးတွေ တစ်လျှောက် မြင်းခြေကို အလိုလိုက်ပြီး လာခဲ့ ကြ၏။

ဆောင်းလရာသီ တောပန်းတွေ တသီကြီး ပွင့်ကြ၊ မွေးကြ၊ သင်းကြသည့်အခါ ဖြစ်သောကြောင့် အေးမြကြည်လင်သော တောတန်းကလေးတွေတွင် မောင်ညိုတို့ နှစ်ယောက် ကောက်ကရ ခွန်းထောက် သဖြန်တွေကို ရရာမှ အာဂုံဆောင်နေခဲ့ကြသည်။

တောငှက် တောကြက်ကလေးတွေ မြူးထူးပျော်ရွှင် ခွန်းသံလွင်လှသည်ကိုလည်း ကြည်နူး၍ လာကြသည်။ မြင်းတွေကို ဇက်ပုံပေးထားသည့်တိုင် သူတို့ကို အားမနာတမ်း စီးထားကြသူတို့အား ခပ်လေးလေးပင် သယ်ယူ ပို့ဆောင်ပေးနေသည်။ နှစ်ယောက်သား မှာ ကုန်းပေါ်တွင် ပါသည်ဆိုရုံသာ ထိုင်လိုက်ပြီး ကိုယ်ကြီးတွေ ဇာမကို ပိုးလိုးပက်လန် လှန်ကာ မြင်းညောင်းတွင် တံတောင်ထောက်၍ ပျင်းတွဲတွဲ လိုက်နေကြသည်။

ခေါင်းပေါ်တွင်ရှိသော မြက်ခမောက်ကြီးတွေမှာလည်း ပက်လက်လန်နေသော မျက်နှာကို တစ်ခြမ်းဖုံး၍၊ ပုဆိုးတွေ မဝတ်ဘဲ အတွင်းဘောင်းဘီပွတွေနှင့် ဖိနပ်မနိုင်သော ခြေထောက်ကြီးတွေမှာ မြင်းနံတွင် တွဲလောင်းကျပြီး၊ ကုန်းထိပ်က ချိတ်လာသော ဓားအိမ်နှင့် ခြေနင်းကွင်းများ တချောက်ချောက် ရိုက်ရိုက်မြည်အောင် တန်းလန်း တွဲထား ကြသည်။

မြင်းတွေကို ကန့်ဘလူဆီသို့ ခေါင်းတေ့ပေးထားပြီး နေပူကျဲထဲတွင် ဖျင်အင်္ကျီ

ရင်ဖွင့်၍ အပျင်းထူလိုက်ခဲ့ကြခြင်း ဖြစ်သည်။ မြင်းနှစ်စီးမှာ ခေါင်းချင်းယှဉ်၍ တစ်တောဝင်၊ တစ်တောင်တက်နှင့် သစ်ပင်တွေအောက်က ထွက်ချည်ဝင်ချည်၊ နေပူလိုက် အရိပ်ခိုလိုက်၊ ကျောက်တုံး ကျောက်ခဲတွေ ကျော်လိုက်၊ ကွေ့လိုက်နှင့် ခွာသံ တခွပ်ခွပ်၊ တားနှင့် ခြေနင်းကွင်းသံ တချပ်ချပ်သာ အသံပြုလာ၏။ တစ်ချက်တစ်ချက် မျက်နှာပေါ်က မြက်ခမောက်ကြီးတွေ မဖော်ဘဲ အား... အဲ ဟု သမ်းလိုက်သော မြင်းစီးတွေ အပျင်းထူသံ ပေါ်ထွက်လာမှသာ သစ်ပင်တွေပေါ်မှ ခေါင်းကလေး ငုံ့၍ ကျောက်တုံးကလေးတွေကြားမှ မျက်လုံးကလေးတွေ ဝိုင်း၍ ကြည့်နေကြသော ကျေးငှက် တောကောင်ကလေးတွေသည် ပျာယီးပျာယာ ထိတ်လန့် ပြေးသွားရစ်ခဲ့ကြလေသည်။

သို့ လာခဲ့ရာမှ ကန့်ဘလူသို့ ရေးရေး လွင်လွင်ကလေး မြင်လုနီးနီးသို့ ရောက်ခဲ့တော့သည်တွင် နေမှာ အတော်ပင် စောင်းသွားပြီး သစ်ပင်ကြားတွေမှ ဖြတ်ကျော်နေသော မြင်းရိပ်နှင့် လူရိပ်တွေလည်း အရှေ့ဘက် တောထဲသို့ ရှည်လျားစွာ ထိုးဝင်နေပြီကို တွေ့ရ၏။

ထိုအခိုက်တွင်ပင် ပျင်းတွဲတွဲ ခွာသံကြားမှ လျင်မြန်သော ခွာသံတွေကို သဲ့သဲ့ကြားရသည်။ ခွာသံကြားရာသို့ မှန်းဆကြည့်လိုက်ရာ ရှေ့တည့်တည့်တွင်ရှိသော တောင်နှာမောင်းပေါ်တွင် ရေးရေးမျှမြင်ရသော မြင်းစီးတစ်စုကို တွေ့သည်။ လူပျင်းနှစ်ယောက်က ခမောက်ကို ပင့်ရုံ ပင့်၍ကြည့်ရာ၊ မြင်းအားလုံး ငါးစီးမျှဖြစ်၍ အားလုံး သူတို့နှင့်တူရူသို့ လာနေကြသည်ကို တွေ့ရသည်။ ရေးရေး ကလေးပင်။

အသွားမပျက်ပင် လာမြဲ လာရာက ရှေ့က မြင်းစုကို သဲသဲကွဲကွဲ မြင်းနှင့်လူခြားနား၍ မြင်ရမှ ခမောက်ကို ထပ်ပင့်ကြည့်ရာ မြင်းငါးစီးစလုံး သူတို့ကို အတန်ကြာရပ်ကြည့်နေသည်။ ရပ်ကြည့်နေပြီးမှ ရှေ့သို့ အရှိန်တိုး၍ ဆက်လက် လာနေကြသည်ကို တွေ့ရသည်။

ရှေ့က တောင်ခြေသို့ မြင်းစီးငါးဦး ဆင်းလုနီးမှ ခမောက်ကို မျက်နှာမှလှန်၍ ကျောပေါ်တင်ကာ ကုန်းနှီးတွင် မတ်မတ် ထိုင်လိုက်ကြသည်။ ဟုတ်သည်။ ရှေ့က မြင်းငါးစီး သူတို့နှစ်ယောက်ထံ လာနေကြခြင်း ဖြစ်သည်။

တစ်စစ တောင်ခြေသို့ ဆင်းမိ၍ မြင်းအရောင်တွေကို ကွဲကွဲပြားပြား မြင်ရတော့မှ သူတို့ မြင်းဇက်တွေကို ကောက်ကိုင်ကြသည်။ ကိုင်ရင်းက အရိပ်အခြည် အရှုအခင်းကို ကြည့်လေသည်။

မြင်းငါးစီး သူတို့ထံ လာနေသည်။ လာပုံ ထူးသည်။ လာပုံလည်း ဆန်းသည်။ ဘာကြောင့် လာသည်ကိုလည်း သိသည်။ သည်ဘက်နယ်သားတွေ ညှို့အကြောင်း သိကြသေးမည် မထင်။ သည်ဘက်ဆီက စားပြတွေ သေနတ် အလွန်ပေါလှသည်။ သေနတ်ပါလာကြလျှင် သေနတ်ရှေ့က စားမပြီးနိုင်။ အို ညှို့သုံ၊ သေနတ်တစ်လက်စီလောက် ဆုကြေးရ နည်းသာမှတ်လို့ ...လာကြပါစေ၊ မြင်းငါးစီးဟု အားခနဲ သမ်းလိုက်ပြန်သည်။ တွေန်ကလည်း အင်းခနဲ အညောင်းဆန့်၍ ခြေလက်ဆန့်တန်းသည်။

ခေတ္တနေလျှင် ရှေ့သို့ လျှောဆင်းရမည့် တောင်စောင်းကလေး နဖူးသို့ ရောက်ခဲ့ကြသည်။

'ငတွန်'

'ဗျို'

'မြင်သယ်နော'

'မြင်ပေါ့၊ သင်းတို့ ငါးစီး'

'ရန်ပဲ'

'ဘေး၊ ကျုပ်တို့ဆီ လာနေသဲ့ ဘေးပေါ့'

'အဲသာ....'ဟု ငတွန့်ထံ မောင်ညိုက လှည့်ကြည့်သည်ကို ငတွန်က 'ပြေးတွေ့ရုံပ'ဟု မြင်းနံပါးသားကို ဖနောင့်ဖြင့် ဆောင့်လိုက်သည်။ သူတို့မြင်းနှစ်စီးလည်း တောင်စောင်းကလေးမှ ခပ်သွက်သွက် ပြေးဆင်းလာကြသည်။ ခြေတွေကား ကုန်နှင့်နေပြီဖြစ်ရာ စိတ်မှန်းသလောက် မသွက်လှပေ။

မောင်ညိုမှာ မြင်းပေါ်က စဉ်းစား၍ လိုက်လာသည်။ သူတို့ ဆင်းလာသော တောင်စောင်းနှင့် ရှေ့က မြင်းတွေဆင်းလာသော တောင်နှာမောင်းသည် သူတို့မြင်းနှစ်စု၏ အလယ်ဗဟိုခန့် ချောင်းကလေးနံပါးတွင် ဆုံကြသည်။ ချောင်းကလေးကမ်းစောင်းတွင် မြေကွက်လပ်ကလေးတစ်ကွက် ရှိ၍ ၎င်းတွင် တောရဘုန်းကြီး ကျောင်းယောင်းကြီးတစ်ကျောင်းရှိသည်။ ဘုန်းကြီးကျောင်း ပရိဝုဏ်ဖြစ်ဟန်တူသော မြေကွက်ကလေး၏ အရှေ့စွန်းတွင် စေတီငယ်ပျက်ကလေးတစ်ဆူ ရှိသည်။ ၎င်းတွင် ထန်းတောကလေး ဖြစ်နေသည်။ ထန်းပင်တွေ ခေါင်းချင်းပူး၍ လေပြည်တွင် ယိုင်ကာ နေရောင်အနီ ဖြာနေသည့်ဘက်တွင် ထန်းရွက်တွေ နီယောင်ယောင် ဖြစ်နေသည်ကို ကောင်းစွာ မြင်နိုင်သည်။ တောင်တွေကြားမှ စီးနေသော ချောင်းရိုးကလေး တစ်လျှောက်ကား တောင်ငွေ့ဝေစပြုနေသည်။

ရှေ့က မြင်းစုနှင့် ဆုံချင်း ဆုံရလျှင် ကျောင်းပျက်ကြီးအနီးတွင် ဆုံမှဖြစ်မည်။ တောင်ခြေ၌ လည်းကောင်း၊ ချောင်းစပ်မြေပြန့်၌ လည်းကောင်း အဆုံခံလျှင် သူတို့က နှစ်ယောက်၊ ထိုလူစုက ငါးယောက်ဖြစ်သောကြောင့် နှစ်ယောက်ကို ငါးယောက်က အလွယ်နှင့် ဝိုင်းနိုင်မည်။ စားနည်းသူက စားများသူ အဝိုင်းကို မခံနိုင်။ နောက်ပိုင်းလုံမှ တော်ရုံကျမည်။ နောက်ပိုင်းလုံအောင် ကျောင်းပျက်ပရိဝုဏ်သို့ ဦးအောင်သွားရမည်ဟု အကြံယူပြီးလျှင် မြင်းတွေကို ပြေးဆေး သွင်းခဲ့ကြ၏။

ကျောင်းပျက်မှာ မောင်ညိုတို့နှင့် သာ၍ နီးပုံပေါ်သော်လည်း တောင်နှာမောင်းကို ကွေ့၍ လိုက်ဆင်းခဲ့ကြသော မြင်းငါးစီးက လက်မတင်ကလေး အရောက်စောနေသည်။ မောင်ညိုတို့မြင်းတွေ ရောက်သောအခါ ကျောင်းပျက်ကြီးရှေ့က မြင်းငါးစီး အရန်သင့်စောင့်နေကြသည်ကို တွေ့ရသည်။ တွေ့ရလျှင် တွေ့ရချင်း မြင်းအတင်း စိုင်းဝင်ကာ ထိုလူစု မည်သို့မျှ မလုပ်မီ မြင်းတွေကြားမှ ဖြတ်၍ ကျောင်းဘက်ကျကျသို့ ကပ်ပြီးမှ

မြင်းခေါင်းတွေကို လှူစုထံ လှည့်လိုက်သည်။ မောင်ညိုကြား အင်္ကျီလက်မောင်းဖြင့် ချွေးသုတ်ရင်း လှမ်းကြည့်လိုက်သည်။

ရုတ်တရက် မြင်းငါးစီးက လန့်၍ ကိုယ်တွေ ယိမ်းလှည့်နေရာ မြင်းပေါ်က လှူစုသည် သူတို့မြင်းတွေကို ထိန်းပြီး မောင်ညိုတို့နှစ်ယောက်အား ခပ်ထေ့ထေ့ ကြည့်နေသည်။ မည်သို့မျှ မပြောပေ။

မောင်ညိုတို့ကလည်း ပြန်၍ ဂရုမစိုက်လှပုံနှင့် လှူစုတက်စေ့ လိုက်ကြည့်သည်။ ပထမဆုံး မောင်ညို မြင်မိသူကား အသက်လေးဆယ်ကျော်ကျော်၊ အသားမည်းမည်း၊ လူပြတ်ပြတ်၊ ဗလကောင်းကောင်းနှင့်လူ ဖြစ်သည်။ မျက်နှာတွင် ဝဲဘက်မျက်ခုန်းမွေး အစွန်းမှ ယာဘက်နားဖျားအထိ ဓားထိရာ အမာရွတ်နှင့် နှာခေါင်းပွပွလူ ဖြစ်သည်။ သူဝတ်ထားသည်မှာ အဝတ်အစား အဖိုးတန်ချည့် ဖြစ်သော်လည်း များစွာ မသစ်လွင်လှ။ ခါးတွင် နွားသားရေပိန်းတန်း စီးထားသည်။ သူ့ကုန်နီးထိပ်က ဓားအိမ်မှာ ကတ္တီပါမည်း ကြေွစေ့စီဖြစ်၍ အတွင်းက ဓားကို မမြင်ရသော်လည်း ငွေရိုးဖြင့် ဖြစ်သည်။ ဓားကောင်း ဖြစ်မှာပဲ၊ ဓားကောင်းတော့ ကိုင်သည်။

သူ့အဖော် လေးယောက်မှာ အဝတ်အစား မစုံလင်လှပေ။ အင်္ကျီပင်လျှင် ပုဆိုး မဆီးဘဲ ဘောင်းဘီပွဝတ်သည်။ ပုဆိုးဆီးလျှင် ကိုယ်တစ်ဝက် ဗလာကျင်းထားကြသည်။ အားလုံး ဗလကောင်းကောင်း ဂင်တိုများဖြစ်၍ မိုက်တိုက်တိုက် မျက်နှာဆိုးတွေ ဖြစ်သည်။ ဘောင်းဘီပွ အမည်းနှင့် မျက်နှာသုတ်ပဝါ ပေါင်းထားသော လူတစ်ယောက်၏ ရင်အုံ နှစ်ဖက်ပေါ်တွင် စမအင်းကွက် ဆေးနီထိုးထားသည်။ သူ့လက်တွင် ကိုင်ထားသော ဓားလွတ်မှာ အရွက် အရိုး ကောင်းလှသည်။

ခေတ္တ သူ့ဘက် ကိုယ့်ဘက် အကဲခတ် နေကြပြီးမှ မည်သူက မည်သို့စ၍ ဘာကိုလုပ်မည်ဟု အကဲစမ်းနေကြသည်။ မောင်တွန်က မြင်းဇက်ကို ပုတ်ရင်းက ပေါင်တွင် လာကိုက်သော တောခြင်ကြီးတစ်ကောင်ကို ပုတ်သတ်နေသည်။ သူ့ကြည့်ရပုံမှာ ရန်သူနှင့် တွေ့နေသည်နှင့် လုံးလုံး မတူပေ။

ကျောင်းပျက်ကြီး တစ်ဝိုက်တွင်လည်း ထိကရုံး၊ ဆူးပေါက်၊ မြက်ချို၊ မြရာ၊ ပဒိုင်း၊ ခရာ စသော ပေါင်းမြက်တွေမှာ မြင်းဗိုက်တွေ ထိအောင် ရှည်လျားစွာ ပေါက်နေသည်။

## ၃၆ | အထိုးအသုတ် အခုတ်အလဲ၊ ဓားတစ်ပွဲ

တောကျောင်းကြီးမှာ ရှေးခေတ်ဟောင်းကို ပြန်ပြောင်း အောက်မေ့စဖွယ်။ ပန်းလှိုင်၊ ပန်းအိ၊ တုရင်၊ အထွတ် ပြသာဒ်ဆောင်တွေနှင့် မားမားကြီး ရှိနေသေးသော်လည်း နေရာ များစွာတွင် ရာသီဥတု၏ ပြင်းပြသောဒဏ်ဖြင့် ပျက်စီးယွင်းရော်လျက် နေချေပြီ။ နံရံ၊ ခါးပန်း၊ တိုင်ရင်း၊ ထုတ်၊ ဆင့်တွေကိုလည်း ခြကိုက် မိုးထွင်းပြီး အကွင်းလိုက် ပြုတ်ကျ ကျိုးပဲ့နေသည့်အတိုင်း လေပြင်တွင် ငုတ်တုတ်ခံလျက် မြင်ရသည်။

ကောင်းစားစဉ် သူ့ခေတ်သူ့အခါက ကြမ်းနှစ်ထပ်ရှိပြန် တူသော်လည်း ယခုမူ အောက်ထပ်ရှိခဲ့သည့် နေရာတွင် ခါးပန်းတွေ၊ ထုပ်တွေပင် မရှိတော့။ အပေါ်ထပ်သဘော်ကြမ်းတွင်လည်း ဆင်းရဲသား နွားကျောင်းသားများ၏ ထင်းအဖြစ်သို့ သက်ဆင်းရွေ့လျောရသော အသွင်အပြင်တွေ ဟောင်းလောင်းကြီး ပြသနေသည်။ အထက်ထပ်သို့ တက်ဆင်းရန်အတွက် အဖြစ်သာ ချန်ထားသော မြေစိုက်လှေကား တစ်စင်းသာလျှင် မားမားထောင်နေသည်။ သစ်သားလှေကားမှာ မြေတွင် အုတ်သားအထိုင်ခုံနှင့် အုတ်နရား လက်ရန်းဖြစ်သည်။ သို့သော် အထက်ပိုင်းရှိ လှေကားရန်း လှေကားရိုင်တို့ကား အလျှင်း မရှိတော့။ ထိုသို့သော လှေကား အစိတ်အပိုင်းတွေ ရှိခဲ့ကြောင်းကို လှေကားပေါင်ရှိ စရွေးပေါက်များဖြင့် သက်သေခံနေသေးသည်။

မောင်ညိုသည် ထိုလှေကားသို့ ခပ်နီးနီးကပ်၍ နေသည်။

မည်သည့်ဘက်ကမျှ စကားမပြောကြသေး။ ကျနေကလေးတွင် လေပြည်ကလေး တိုက်သဖြင့် မြောက်မြားစွာ အရိုင်းတောအဖြစ် ပေါက်နေကြသော ထန်းပင်ကြီးတွေ ထိပ်ဖျားမှ ထန်းရွက်ကို လေတိုးသံ၊ ထန်းနို့ကြားရှိ ကျီးသိုက်မှ ကျီးအော်သံသာ ကြားရသည်။

ခေတ္တကြာမှ မြင်းငါးစီးက အကြီးအကဲဖြစ်သူ၊ မျက်နှာပေါ် အမာရွတ် ကန့်လန့်နှင့် လူတွင် မောင်ညိုတို့ တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းကို စိတ်မရှည်နိုင်တော့ပုံဖြင့် 'တံတားဦးသား ညိုဆိုသာ ဟုတ်စ'ဟု လွှတ်ခနဲ မေးလိုက်သည်။ မောင်ညိုက မြင်းကကြိုးမှ သံကွင်းကို ငုံ့ပြင်နေရာမှ မျက်နှာမော့၍ မျက်ခုံးချီရတော့သည်။ တွေန်ကလည်း သူ့ပေါင်ပေါ်တွင် ခြေထောင်ပြီး ခဲနေသော ခြင်တစ်ကောင်ကို လက်ဖြင့် အမိအရ သတ်ရန် လက်ပြင်နေရာမှ ခေါင်းငဲ့ကြည့်သည်။ နှစ်ယောက်စလုံးကား ထိုမျှထက် အမူအရာ မပြောင်းလဲပေ။ အမေး မခံရသကဲ့သို့ နေကြ၏။

မေးသူက အသံတိုးမြှင့်၍ 'မေးသာ ကြားစ'ဟု ဆိုသည့်တိုင် မောင်ညိုက မျက်နှာပြန်ငုံ့ရာမှ 'ဗျို့'ဟု တစ်ခွန်းသာ ဆိုသည်။

'တံတားဦးသား ညို ဆိုသာလား လို့'

'အခုမေးသာက အသူတဲ့'ဟု မောင်ညိုက ပြန်မေးပြီးမှ ခေါင်းထောင်ကြည့်ရင်း 'သည်ကျောင်းပျက်ကြီးက သူကြီးမင်းများလား'ဟု ဆိုသည်။ မေးသူတွင် မျက်နှာနီစပြုလေသည်။

'ကျောင်းပိုင် တောရဘုန်းကြီးလား'

'အသူဖြစ်ဖြစ် သည်ကမေးသာ ဖြေစမ်းပ'

'အကျွန်က စကားစသာ မဟုတ်ပေါင်ပါ။ အသိဖွဲ့သာက အစ်ကိုတို့ကပဲမို့ အကျွန်တို့နဲ့ အသိဖွဲ့ချင်သူတွေဟာ ဘယ်လိုလူစုဆိုသာ သိမှ ဖြစ်မယ်'

အမာရွတ်နှင့် မေးသူကား စိတ်တိုလှပေပြီ။

'မင်း တကယ် မသိဘူးပေါ့'

'ကျားကိုက် သေပါသယ်ဆို နာတာရှည်လားသဲ့ ... အရပ်ကတို့'

'မင်းဒန်သဲ့ ... ငါ့လူ၊ မင်းဒန်သဲ့'

'သြော် ... ဦးမင်းဒန် ဟုတ်စ၊ မာရဲ့နော'

ဦးမင်းဒန်က ဂရုမစိုက်ပုံဖြင့် 'စောရဲမယ် ဓားပြမှုဖြစ်တုန်းက မင်းက ရှင်ထွက်စ ဆံတိုစီးကလေးနဲ့ပဲ။ မင်း ခုညင်းထိုးနေရာက တို့တစ်တွေတစ်စုနဲ့လိုက်ပီး ဓားပြ ဖမ်းပေးသာ မမေ့နေပလား'ဟု ပြောရာ မောင်ညိုက မျက်နှာကြီး ရွှင်ပျ သွားကြီးဖြဲရင်း 'သြော် ...လက်စသတ်တော့ အကယ့် မိတ်ဟောင်းကြီးနဲ့မှ လာတွေ့ရသာကိုး။ ဝမ်းသာ သဗျား'

'အိမ်း... မိတ်လည်း မိတ်ဟောင်း၊ ရန်လည်း ရန်ဘက်ဟောင်းကပဲ'

'ဗျို၊ ဗျို'ဟု မောင်ညိုက နားမလည်သလို ဖြစ်သွားသည်ကို ဦးမင်းဒန်က မျက်စိတွေ ကျဉ်း၍ ကြည့်သည်။

'အဲသည်တုန်းက မင်း ငါ့ကို လှောင်သာ မမေ့ပလား'ဟု မေးသည်။ ဤတွင် မောင်ညိုသည် သူ့ရှေးရာဇဝင် အစောင်စောင်ကို စိစစ် ကောက်နုတ်ကြည့်ရသည်။ တစ်နေရာ တစ်ခုသော စာမျက်နှာတွင် ဦးမင်းဒန်အား တစ်စုံတစ်ရာပြော၍ လှောင်သည်။ ဦးမင်းဒန်က စိတ်ဆိုးပြီး လိုက်၍ ဓားနှင့် ရမ်းသည်ကို မောင်ညိုက ခွေးသားအုပ်မ တစ်ကောင်ဖြင့် ရှူးတိုက်၍ ထားရစ်သည်။ ဦးမင်းဒန် ပုဆိုးစ ခွေးမ ဆွဲထားသဖြင့် မောင်ညိုနှင့် သူ့အဖော်များ အားရပါးရ ရယ်ကြ လှောင်ကြသံများသည် ထိုစာမျက်နှာမှ အကောင်အထည်အဖြစ်သို့ ပြန်ပြောင်း ပေါ်ထွက်လာသည့်အတွက် မောင်ညိုက အသံ တစ်ချက်ထွက်အောင် ရယ်မိ၏။ ရယ်၍ မပြီးမီ 'အမှတ်ရပေါ့ ဟုတ်စ'ဟု ဦးမင်းဒန်က မေးပြီး 'ထန်းတစ်ပင်မယ် ငနှောင်ဆိုသဲ့ အကောင်တစ်ကောင် နေသယ်'ဟု ကြားမိသော ကြောင့် ရယ်သည်ကို ရပ်လိုက်ရသည်။ မောင်ညို၏ မျက်လုံးတွေ မီးတောက်သွားသည်။ 'ဟုတ်စ'ဟု နှုတ်ခမ်းကြီး စေ့၍ မေးသည်။

'အဲသည် ငနှောင့်အိမ်ကနေပီး မင်းကို တွေ့ရသဲ့အောင် လာကြိုသာပဲ'ဟု ပြောလိုက်တော့သည်။

ရှင်းသွားပေပြီ။ မောင်ညို့ခေါင်းထဲတွင် ကောင်းကောင်းကြီး ရှင်းသွားပေပြီ။

'သြော် သည်လိုကိုး'ဟု မောင်ညိုက ပြန်ပြုံးမှ 'အိမ်း'ဟု ဦးမင်းဒန်က ပြောပြီး ကုန်းနီးမှ ငွေရိုးနှင့်ဓားကို ငုံ့၍ လက်ညှိုးကလေးဖြင့် ခေါက်နေသည်။ မြင်းစီးလေးဦးက ရှေ့သို့ အနည်းငယ် တိုးလာသည်။

'သာဖြင့် ခင်ဗျက ငနှောင် အထောက်လွှတ်သဲ့ အထောက်တော်ကြီးပ'ဟု ပြောကာ မောင်ညိုသည် ပါးစပ်ကြီးဖြဲပြီး ဘာကိုရယ်စရာတွေ့၍ မသိ၊ ခွက်ထိုးခွက်လန် ရယ်မောနေတော့သည်။ သူ့ရယ်သံကြောင့် ဂယက်ရိုက်သွား၍လော သို့မဟုတ် လေတိုက် ၍လော မသိ၊ ကျောင်းကြီး၏ တံစက်မြိတ် ပန်းအိတစ်စမှာ ဆွေးနေရာက မြေပေါ်သို့ ဖြန်းခနဲ ပြုတ်ကျသည်။

ဦးမင်းဒန်က ပေ၍ ကြည့်နေသည်။ မောင်ညိုက ရယ်၍ အားရသည်တွင် ကျမှ 'တွေန် သူငယ်ချင်း....'

'ဗျို....'

'မိတ်ဆွေဟောင်းကြီးဆီက အခေါ်ရောက်သယ်'

'ဟုတ်စ'

'အဲသာ လိုက်သွားရကောင်းမလား'

'မကောင်းဘူး'

'သာဖြင့် မလိုက်ရဘူးပေါ့'

'မလိုက်ပါနဲ့လဗျာ'ဟု သူတို့ချင်း အတိုင်အဖောက် လုပ်သည်။ ဦးမင်းဒန်သည် တွေန်ကို အကဲခတ်လိုက်၊ မောင်ညိုကို ကြည့်လိုက်နှင့် နေသည်။

'ဦးမင်းဒန်... ဝမ်းနည်းသဗျာ၊ သည်က ကျုပ်ရဲ့ အင်တန်ချစ်သဲ့ သူငယ်ချင်းက မလိုက်ပါချေနဲ့လို့ ပြောနေသယ်။ သာကြောင့်....'ဟု စကားမဆုံးမီ 'မလိုက်လို့ မဖြစ်ဘူးကွယ့်... မောင်ရင်ရဲ့'ဟု အသံချိုချိုအေးအေး ခပ်ငေါ့ငေါ့ ဦးမင်းဒန်က ပြောလိုက်သည်။

'မလိုက်ချင်ဘူး လဗျာ'

'လိုက်ရမလေ'

'ရို ...အရပ်ကတို့၊ လိုက်ချင်ပါဘူး ဆိုပါမှပဲ လောကွတ် သယ်ကောင်းကြပါလား နော'ဟု ကုန်းပေါ်သို့ တံတောင်ထောက်၍ မေးစေ့ကို လက်ဖြင့်ထောက်ပြီး ပြောသည်ကို စိတ်မချုပ်တည်းနိုင်တော့သည့် အဆုံး၌ ဟန်ပင်မလုပ်နိုင်သော ဦးမင်းဒန်က လျှင်မြန်စွာ မြင်းကို ရှေ့တိုးပြီး ဓားချွတ်လိုက်သည်။ မောင်ညို့အနီးသို့ 'မလိုက်ရင် လိုက်အောင် ခေါ်ရသပ'ဟု အံကြိတ်ကြိတ်ပြီး ပြောသည်။

လျင်လှသော မောင်ညိုနှင့် တွေန်ကား မြေပေါ်သို့ ဓားဆွဲပြီး ရောက်နှင့်ကာ မြင်းနှစ်ကောင်ကို ရင်ရှေ့က ကတုတ်ခံ၍ တားနှင့်ပြီး ဖြစ်နေသည်။ ဦးမင်းဒန်၏ မြင်းကြီးမှာ ရှေ့က တည့်တည့် ဖြတ်ခံနေသော မြင်းနှင့် ဇက်ချင်းတိုက် ဟီးပြု၍ ခုန်နေတော့၏။ အမှန်ပင် သူတို့ ရန်လိုကြပေပြီ။

မောင်ညို့အတွက် ဤရန်ကို မည်သို့ပြုရမည်ဟု စဉ်းစားရန် ပေါ်ထွက်လာလေသည်။ **ပထမဆုံး** သူတို့က နှစ်ယောက်နှင့် ငါးယောက်။ **ဒုတိယ** ဦးမင်းဒန်ကို အကဲခတ်ကြည့်ရသလောက် ဓားရေးမည့်။ **တတိယ** သူ့တပည့်တွေ လေးယောက်မှာလည်း မျက်နှာထား ဆိုးလှသည်၊ ဓားညံ့ကြမည် မထင်။ **စတုတ္ထ** တွေန်မှာ သတ္တိကောင်းသည်၊ သစ္စာရှိသည် ဆိုလင့်ကစား သူ့ဓားကို မောင်ညို မမြင်ဖူးသေးသဖြင့် သူ့ဘက်က တာကို သူလုံအောင် စွမ်းဆောင်နိုင်ပါမည်လောဟု အသေအချာ မသိ။ **ပဉ္စမ** နေရာအခင်းအကျင်း မကောင်းလှ။ မြက်တွေ ပေါင်းတွေ ထူလှသည်။ ခြေကွက်များလျှင် မြက်နှင့်တုပ်၍ လဲနေဦးမည်။ **ဆဋ္ဌမ** အချိန်မကောင်းတော့။ နေဝင်လုဆဲဆဲ ဖြစ်နေသည်။

ဓားပွဲအလယ်တွင် နေလုံးပျောက်သွားလျှင် ခက်မည်။ သတ္တမ မောင်ညို ဓားပွဲမနွဲ့ရသည်မှာ ကြာမြင့်လှပြီ ဖြစ်သဖြင့် သည်တစ်ပွဲ လွတ်သွားမှာ စိုးလှသည်။ အဋ္ဌမ မောင်ညို ဓား တစ်ကြိမ်တစ်ခါမျှ မည့်ခဲ့ဘူး။ နောက်ဆုံး နဝမ အချက်ကို စဉ်းစားရသော် ခုတ်မယ် ....ခုတ်မယ်။

မောင်ညိုသည် ဓားကို လက်က ဆပြီး ရှေ့မှ မြင်းကို တင်ပါးဆုံသို့ ခြေနှင့်ဆောင့်၍ ကန်လိုက်သည်တွင် မြင်းသည် ဘေးသို့လန့်၍ ခုန်ထွက်သွားတော့သည်။ တွေန်လည်း မောင်ညို့အကဲကို ခတ်နေခြင်းဖြစ်ရာ မရှေးမနှောင်းပင် သူ့မြင်းကိုလည်း ကန်ထုတ်လိုက်သည်။

'ဆင်းလဗျာ၊ မြင်းကြီးတွေနဲ့ ရှုပ်လှပါသယ်'ဟု မောင်ညိုက ပြောရာ ဘောင်းဘီ ပေါ်မှ ခါးစီးကြိုး ပြင်စီးသည်တွင် ဦးမင်းဒန်လည်း မြင်းပေါ်မှ လွှားခနဲ ခုန်ချကာ မရှေးမနှောင်း သူ့လို ခုန်ဆင်းခဲ့ကြသော တပည့်လေးယောက်နှင့် ယှဉ်၍ အနီးသို့ တိုးလာသည်။

အနီးသို့ ရောက်လျှင် သူတို့ငါးယောက်က တစ်ဖက်နှစ်ယောက်၊ အလယ်က ဦးမင်းဒန် ထား၍ မောင်ညိုတို့ နှစ်ယောက်ကို ဝိုင်း၍ ရပ်ရန်ပြင်သည်ကို မောင်ညိုက လျင်မြန်စွာ 'တွေန်... လေ့ကား'ဟု ပြောပြောဆိုဆို လေ့ကားခုံပေါ်သို့ နောက်ဆုတ်၍ ခုန်တက်လိုက်သည်။

မောင်တွေန်လည်း နောက်မှ ထက်ကြပ် မောင်ညိုနှင့် တံတောင်သာသာ အကွာ၊ မောင်ညို့ ယာဘက်တွင် လက်လည်းမရှုပ်အောင် သတိပြု၍ ရင်ပေါင်တန်းယှဉ်ပြီး ရပ်မိလျက်သား ဓားဆ၍ ရောက်လာ၏။

ဦးမင်းဒန်တို့က နေရာတွင် တွေ၍ ကျန်ခဲ့ရာမှ 'ကိုယ့်လူနှစ်ယောက်က သယ်ပါး သကိုး၊ နောက်မလုံဘူး ထင်ပ'ဟု မကျေမချမ်း ဖြစ်သွားသည်။

'ပဇာရမတုံး မိတ်ဆွေကြီးရယ်၊ ကျုပ်တို့က နှစ်ယောက်ထဲ၊ တစ်ရွာသားတွေမို့ တအားတော့ မဲ့သာပ'ပြောရာမှ မထေ့တထေ့ကလေး ထပ်၍ 'ပီး ဓားချည့်တဲ့သက်သက် ဉာဏ်မဖက်စေချင်ပေါင်ပါ'ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် 'ဓားချည့်သက်သက်ကွာ' ဟု ဆိုကာ ဦးမင်းဒန်၏ဓားသည် မောင်ညို့ထံသို့ လျင်မြန်စွာ ပြေးဝင်လာတော့သည်။ သို့သော်.....

သူ့ဓား မဦး။ မောင်ညိုက ကိုယ်တစ်ဖက် ရှဲပေးပြီး ဓားကို ဝဲယာအလှကလေး သွယ်၍ ပက်ချလိုက်သည့်အတွက် ဦးမင်းဒန်၏ ဓားရှက်အလယ်ကို ချွမ်ခနဲ သွားဖယ် လိုက်နိုင်သည်။ ဓားပွဲလည်း စ ဖြစ်တော့သည်။

ခုတ်မိ၍ လေးငါးဆယ်ချက် သွင်းမိလျှင်ပင် တစ်ဖက်အကြံကို ရိပ်မိလေသည်။ မောင်ညိုကို ဦးမင်းဒန်က ထိန်းနေစဉ်အခိုက် မောင်တွေန်အား ကျန်လေးယောက်က ဝိုင်းခုတ်ရန် ဖြစ်လေသည်။ ညိုတို့က သူတို့အကြောင်း မသိသော်လည်း သူတို့ကမူ ညို့သတင်းကို ကြိုတင် လေ့လာထားကြဟန် တူပေသည်။

သူတို့အကြဲ အဦး မခံပေ။

မောင်ညိုသည် ဓားမစမီကပင် လူလေးယောက်ကို ကြည့်ပြီး အမှတ်အသား တစ်ခုစီ ပြုထားလိုက်သည်။ တစ်ယောက်ကို ဘောင်းဘီ၊ တစ်ယောက်ကို ပုဆိုး၊ တစ် ယောက်ကို မျက်နှာဝိုင်း၊ တစ်ယောက်ကို ကျောက်ဖရုံဟု ကျောက်ပေါက်မရာ သက်သက် နှင့် လူကိုပါ အမည်ပေးထားသည်။

မောင်ညိုသည် ဝင်လာသမျှ ဦးမင်းဒန် ဓားကို ခံရာမှ မောင်တွန့်ကို မဲနေသော သူနှင့် အနီးဆုံး ဘောင်းဘီနှင့် ကျောက်ဖရုံကိုပါ ကူ၍ ဓားရှင်းပေးနေရသည်။ မောင်ညို တစ်ဖက်သို့ ဓားရှင်းပေးနေမှန်း သိသောအခါ ဦးမင်းဒန်က ဓားချက်သွက်ပေးသည်။

အထိုးအသုတ်၊ အပက်အလှန်၊ အသိမ်းအဆွဲ အမျိုးမျိုးလဲ၍ စမ်းသည်။ အရာ မရောက်ပေ။ သို့သော် ဓားချက်သွက်လာသောအခါ ငတွန့်ကို မဲနေသူတို့အား သူ့ထံသို့ အာရုံပြောင်းအောင် မလုပ်နိုင်တော့ပေ။ ငတွန်မှာ ဓားလေးစင်းကို အပေါ်မှဆီး၍ ကောက် ရိုတ်သကဲ့သို့ သိမ်း၍ ယမ်းနေသည်။ ရုတ်တရက်သော် သဲသဲမဲမဲ ဖြစ်စဉ်၌ ကြော်ငြာ အားပေးသံ မကြားရသော်လည်း အနည်းငယ် ချွေးစို့လာသောအခါ ဦးမင်းဒန်ဘက်မှ လေးဦးက စ၍ ကြွေးကြော်စ ပြုလေသည်။ ငတွန်မှာ ပြန်လှန်ကြုံးဝါးရင်း တွင်တွင်သား ခုတ်နေသည်။ မျက်နှာကြီးပြုံး၍ တစ်ချက်တစ်ချက်တွင် မောင်ညို့ဘက် လှည့်မည် ပြင်သူကိုပင် ထိန်းသိမ်းခေါ်ယူ၍ နေလေသည်။

သူတကာ ကြော်ငြာစပြုသောအခါ မောင်ညိုလည်း လိုက်၍ ကြော်ငြာစပြုတော့ သည်။ 'ခုတ်ပါရော့ ဦးမင်းဒန်၊ ပဇာ တွေနေတုံး၊ သုတ်ပဗျာ စင်ရော်၊ မေ့နေပလားဗျ၊ ပါးကပ် သွယ်သွယ်ကလေး သင်းရောပေ့၊ မောင်းကပ်ကလေး အဘိုးကြီး သွားကျိုးလု နီးလို့ ဓားရေးမေ့ပီ ဟုတ်စ'ဟု မောင်ညိုကြီးက သတိပေးနေသည်။ သူ အလွန်ပျော်လာ သည်။

နေလည်း ဝင်အံ့ဆဲဆဲ၊ ဓားပွဲကို ဖွဲ့ဖြင့် စောင့်နေသည်။

ချွေးလည်း ရွှဲတော့မည်။ အချိန်လင့်၍ မဖြစ်ချေပြီဟု မောင်ညိုသည် အကြဲတစ်ခု ကို လျင်မြန်စွာ ယူနေသည်။ အုတ်ခုံတွင် လှေကားငါးထစ်ရှိရာ မောင်ညိုတို့နှစ်ယောက် အပေါ်ဆုံးတွင် ရပ်နေသောကြောင့် မြေပေါ်က လူတွေ၏ ရင်ခေါင်းခန့် မြင့်နေသော် လည်း အောက်က ဓားဖျားတွေမှာ သူတို့ခြေသလုံးကို အလွန် ဝဲလေသည်။

ထိုထက် မြင့်မြင့်နေမှ ဖြစ်မည်ဟု ငတွန်အား 'လှေကားပေါ် တက်ဟေ့'ဟု ပြောပြောဆိုဆို ရှေ့မှ တက်လေသည်။ မောင်တွန်လည်း နောက်က တစ်ထစ်ခြားလိုက် တက်ရာ ငတွန့်နောက်မှ ဘောင်းဘီနှင့် မျက်နှာဝိုင်းတို့ ကပ်၍ပါလာသည်။

လှေကားမှာ လူနှစ်ယောက်သာ ရင်ဆိုင်ခုတ်၍ ရသဖြင့် မောင်ညို့အကြိုက် ဖြစ်နေတော့သည်။ ဦးမင်းဒန်မှာကား ပထမ လှေကားပေါ် အတက်မခံ၊ ဆီး၍ တားသော် လည်း မရလိုက်သောအခါ နောက်ဆုံးက ဓားခင်း၍ စောင့်နေခဲ့သည်။

မျက်နှာတို့ကား ရှေ့ရှည်မခံနိုင်ရှာ။ မကြာမီပင် မောင်ညိုတို့ဓားဦးတွင် သူတို့

သွေး ပါလာတော့သည်။ ဘောင်းဘီမှာ ဝဲဘက်ရင်အုံမှ တွေန့်ဓား ထွက်သွားပြီးသည့် နောက် ဘေးသို့ယိုင်ကာ သူ့လက်မှလွတ်သွားသော ဓားနောက်သို့ လှေကားပေါင်ကို ကျော်ပြီး ကျသွားရှာတော့သည်။ သူ့နေရာသို့ ပုဆိုးရောက်လာသည်။ မျက်နှာဝိုင်းမှာ လက်ရုံးကို မောင်ညို ကျိုးစားထားသည့်တိုင် သဲသဲမဲမဲ ခွဲကောင်းတုန်းပင်။

'မျက်နှာဝိုင်းလေးလားကွ၊ တစ်ခြမ်း ပဲ့သွားမနော'ဟု မောင်ညိုက သွားကြီးဖြဲ ရင်း ဓားသွက်သည့်တိုင် စကားတစ်ခွန်းမျှ မပြောဘဲ တွင်တွင်သာ ခုတ်သည်။ ဓားမည့်လှ ပေ။

မောင်ညိုတွင် ဓားသွင်းပြီး မှုဉ်းမှုဉ်းယူကာ သူ့ရှေ့သို့ လှေကားတစ်ထစ်ချင်း တိုးတက်လာသူအား ဖွင့်သည်နှင့် တစ်ပြိုင်နက် ခမ်းအောက်သို့လှပ်၍ သုတ်ယူလိုက် သည်။ ရွှီခနဲမြည်သွားသော မောင်ညို့ဓားရွက်မှာ မျက်နှာဝိုင်းကလေးအောက်မှ ရှပ်ခနဲ ထွက်၍လာသည်။ ခေါင်းနောက်မှ ကိုယ်ကျသွားသလော၊ ကိုယ်နောက်က ခေါင်းလိုက် သွားသလောဟု ငုံ့၍ မကြည့်လိုက်ရမီ ကျောက်ဖရုံက လူစားလာသွင်းတော့သည်။

တရွေ့ရွေ့နှင့် တစ်ထစ်ချင်း လှေကားဆုံးအောင် ရှေ့က သူတို့ကို တွန်းသွားပြီး လှေကားဆုံး၍ အပေါ် သဘော်ကြမ်းပေါ်ရောက်လျှင် ရှင်းရှင်းခုတ်နိုင်မည်ဟု အကြံနှင့် ကျောက်ဖရုံ ရောက်လာသောအခါ လှေကားသုံးထစ်မျှသာ ကျန်တော့၏။ ထိုအခိုက် တွေန့်ကို ဓားထိသွားမှန်း မောင်ညို သိရတော့သည်။ မောင်တွန့်ဘောင်းဘီမှာ ဝဲဘက် ပေါင်လယ်မှစ၍ ဟပြဲကြီး ပွင့်ကျနေတော့သည်။ တွေန့်ခြေလည်း နှေးသွားသည့်အခိုက် အပေါ်ဆုံးအထစ်သို့ ရောက်ခဲ့ကြတော့သည်။ လှေကားခြောက်ထစ်ခန့်တွင် ဦးမင်းဒန် မားမားကြီး ရပ်နေလေသည်။

အပေါ်ဆုံးအထစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း မောင်တွန် နောက်သို့ မိုင်းခနဲ လဲကျသွားတော့သည်။ လဲသည်နှင့် တစ်ပြိုင်နက် ပုဆိုးက သူ့ကို ပန်းကုန်းပြတ် ဆင့်ခုတ်လေသည်။ သို့သော် မောင်တွန် ဓားထိသည်မှာ ပေါင်၊ ဓားကိုင်ထားသော လက်မဟုတ်ဟု သူ သတိမပြုမိရှာ၍လော မသိ၊ ဗိုက်ကို ရှပ်ခနဲ ဖွင့်ပေးလိုက်သော မောင်တွန့်ဓားကို အံ့အားသင့်သကဲ့သို့ ခေတ္တတွေကြည့်ရင်း မောင်တွန့်ပေါ်သို့ ဒူးထောက် လျက်ကလေး ပုံ၍ ကျလာတော့သည်။

ထိုအခိုက်လည်း စွပ်ခနဲ မြည်သွားသံနှင့်အတူ မောင်ညို့ရင်ခွင်တွင် ကျောက် ဖရုံ ပျော့ပျော့ကလေး ပါလာ၍ လေးလံသော မောင်ညို့ကိုယ်ပေါ်တွင် ဖိနေရာ မောင်ညို သည် ကျောက်ပေါက်မရာနှင့် မျက်နှာကို တွန်း၍ ရင်အုံမှ သူ့ဓားကို ဆွဲယူလိုက်မှသာ ကျောက်ဖရုံမှာ နောက်သို့ အရုပ်ကြိုးပြတ် လန်ပြီး အသာကလေး တိမ်းရှောင်ပေးလိုက် သည့် ဦးမင်းဒန်ဘေးမှ ကပ်ကာ လှေကားမှ တလိမ့်ခေါက်ကွေး ဆင်းသွားရှာတော့သည်။

လှေကားမှ ဦးမင်းဒန် တက်လာရာ မောင်ညိုက နောက်သို့ ဆုတ်ရင်း အပေါ် သဘော်ကြမ်းပေါ်သို့ နင်း၍ စောင့်နေသည်။ ဦးမင်းဒန်က မောင်တွန့်ဘေးမှ ကပ်၍ မောင်ညို့ထံ လာသည်။ မောင်တွန်သည် သူ့ရင်ဘတ်ပေါ်မှ ပုဆိုးကို ရင်ဘတ်က

ကိုင်တွန်းပြီး ထ သော်လည်း မထနိုင်၊ လှေကားဦးတွင် ပေါင်တန်း၍ ထိုင်ချရသည်။ နှုတ်ခမ်းလည်း ပေါက်မတတ် ကိုက်ထားရှာသည်။

'ကိုင်း ခုမှ ရှင်းသွားသနော'ဟု မောင်ညိုက နဖူးမှ ချွေးကို လက်မောင်းနှင့် သုတ်၏။

ဦးမင်းဒန်ကမူ မည်သို့မျှ မပြောပေ။ သဘော်ကြမ်းပေါ်တွင် အရှုအခင်း ကြည့်ပြီး သည်နှင့် တစ်ပြိုင်နက် ဓား စ၍ သွင်းပြန်တော့သည်။

နေမင်းမှာကား သူမြင်ရသည့် နေရာတွင် ခားရေး မပြကြဘဲ မမြင်ရသည့် ကျောင်းအိုပေါ် တက်ကြရန်ကောဟု စိတ်မာန်တော် ခုသွားသည့်အလား အနောက်ဘက် တောင်စွယ်သို့ ငုံ့ကွယ်၍ သွားတော့သည်။ နေရောင်မရှိဘဲ တိမ်ရောင်သာ တောက်ပြီး တိမ်တောက်သည့် အရောင်သည် အမိုးမရှိသော မြားတန်း၊ လျောက်တန်းတွေ ကြားမှ ကျောင်းပေါ်သို့ လင်းနေတော့သည်။

## ၃၇ | ကိုညိုကြီးနှင့် သွယ်လေးခင်

ဓားချင်းကား သူမသာ ကိုယ်မသာ ထက်ကြပေသည်။ တစ်ယောက်သွင်းလျှင် တစ် ယောက် ခံနှင့်လျက်သား၊ တစ်ယောက်ပင်းလျှင် တစ်ယောက်ပက်၍။ ဓားသွက်တိုင်း အရာ မရောက်ပေ။ မောင်ညို တစ်ပန်းရှုံးခြင်းမှာ ဆက်တိုက်ခုတ်ရခြင်း ဖြစ်သည်။ လူလေးယောက်ကို ငတွန်နှင့် နှစ်ယောက်စီ ခွဲခုတ်ခဲ့ရစဉ် ဦးမင်းဒန်က ဓားစင်း၍သာ အနားယူလျက် အကြံကောင်း ရှာနေခဲ့၏။

သို့သော် မောင်ညိုက အသက်ငယ်၍ အမောခံနိုင်လေသည်။

နေရောင် အကြွင်းအကျန်ကလေးထဲတွင် တစ်ယောက်နှင့် တစ်ယောက်ကား အကြိတ်အနယ် ဖြစ်နေကြသည်။ သင်း သတင်းကြီးလှသည်၊ ဓားရဲလှသည်၊ အပါးဝ လှသည်၊ မျက်နှာပြောင်လှသည်ဟု ဦးမင်းဒန် မခံစိမ့်နိုင်။ ဖိ၍သာ ခုတ်လေသည်။

မောင်ညိုတွင်ကား လူငယ် စိတ်မြန်ဖြစ်လေသည်။ ပွဲဆိုလျှင် ခုတ်ရပေမည်။ ခုတ်နိုင်မှ ပြီးအံ့။ ငနောင် ခိုင်းတိုင်း လုပ်သဲ့ လူ့ပေါသောကြီးဟဲ့ဟု အားပြု၍ သွင်းသည်။

မောင်ညို ဓားကောင်းလျှင် အဘိုးကြီးက ဓားရည်ဝသည်။ ကောင်းရုံကောင်း သော မောင်ညိုနှင့်စာလျှင် အရည်ဝနေသော ဦးမင်းဒန်၏ လက်က အဆ ပိုပြီးမှန်သည်။ အသွင်း ပိုပြီးမြန်သည်။ ရွှေဘုန်းတော် နိဒေါပဒေသ၊ ပိုက်ဦးစ၍၊ သွယ်ချစဉ်စီ၊ ကုံးရစ် သီဆော်၊ ဓားချီဓားခင်း၊ အခြင်းထွေရာ၊ အဖြာဖြာကို၊ ကြိမ်ခါမြောက်မြား၊ ကြုံခဲ့ညားသူ ဖြစ်ပေသည်။ အံ့ခွအောင် ခုတ်ခဲ့ဖူးပြီးသူ ဓားဟောင်းကြီး ဖြစ်ခဲ့သည်။ ဓားသစ်ကလေး တွေ ထက်ချင်လှသည်။ ထက်ချင်သည်ကို ဓားဟောင်းနှင့်လာ၍ သွေးသည်။ သင်းတို့ ထက် မိုက်သဲ့သတ္တဝါ လောကမှာ ရှိသေး မထင်ဟု ဦးမင်းဒန့် စိတ်တွင် စောပြီး ဒေါဖြင့် ခုတ်သည်။

သို့သော် ဦးမင်းဒန်ထက် သာသောတစ်ချက် ရှိလေသေးသည်။ ကျန်ပါသေး၏။ မောင်ညိုက ယခုမှ အသက်သုံးဆယ် မပြည့်တပြည့်၊ ချွေးနှင့် သွေးကြွတုန်း ထတုန်း ဖြစ်နေသေးရာ မကြာမီ ဦးမင်းဒန်မှာ ရင်အုံကြီး ကွဲမတတ် မောစ ပြု၏။

မောသည်။ တစ်စစဖြင့် မောရင်း ဟိုက်လာသည်။ ပထမ စ၍ သွင်းသော ဦးမင်းဒန်မှာ ယခုမှ မောင်ညို့ အသွင်းကို ခံရသည်။ မောင်ညို့ဓား ပြင်းလှသည်၊ မာလှသည်၊ တင်းလှသည်၊ သွက်လှသည်။

ထိုအထဲမှပင် မောင်ညို့မေးဖျားတွင် စစ်ခနဲ သွေးစို့သွား၏။ ညြို မြန်ပေ၍သာ။ သို့မဟုတ်လျှင် ဦးမင်းဒန်၏ ဓားသည် မောင်ညို့ လည်ချောင်းသွေးကို ဖောက်၍ သောက်မိပေလိမ့်မည်။

သွေးထွက်မှန်း မောင်ညို ချက်ချင်း သိလေသည်။ နဖူးမှ ပါးပေါ်သို့ လိမ့်ကာ စီးဆင်းပြီး မေးအောက်က ခုန်ချနေသော သူ့ချွေးထဲတွင် သူ့သွေး ပါသွားသည်။

ဟုတ်သည်။ သွေး ပါသွားသည်။

မောင်ညိုသည် အံကြိတ်၍၊ အသက်ပြင်းပြင်း ရှု၍၊ မျက်လုံးပြူး၍ အသံမပြုဘဲ၊ မကြော်ငြာဘဲ နေရောင်မွဲမွဲတွင် သဲသဲမဲမဲ ခုတ်တော့၏။

မကြာမီလည်း ဦးမင်းဒန်သည် သဘော်ကြမ်းပေါ်တွင် ဒူးတစ်ဖက်ထောက် ကျသွားပြီး အပေါ်က ပန်းကုန်းပြုတ် ဆင့်ခုတ်သော မောင်ညို့ဓားကို သူ့ဓားဖြင့် စင်း၍ ခံလိုက်ရတော့သည်။

ဓားချင်း ထိသံနောက်တွင် ဦးမင်းဒန်၏ လက်ကောက်ဝတ်မှာ ကျင်တက်သွားပြီး လက်ထဲမှ ဓားလွတ်ကာ မောင်ညို့ခြေကြားသို့ အလျားလိုက် ဒေါက်ခနဲ ကျသွားတော့၏။

ဓားကိုမိုး၍ အပေါ်မှ မောင်ညိုနှင့်၊ အောက်က ဒူးထောက်လျက် ဓားလွတ်ပြီး မော့နေသော ဦးမင်းဒန်ကို လှေကားဦးရှိ မောင်တွန့် ရင်ထဲ၌ နွေးပြီးသွားအောင် ငေးကြည့်မိ၏။

မောင်ညို့ဓားကား ဦးမင်းဒန်ကုပ်ဆီသို့ မကျပေ။ ဓားရွက်ဖြင့် ကျောပြားကြီးကို ဖြန်းခနဲ ကျုံးရိုက်လိုက်သည်။

'သယ်လေ လူ့ဗာလကြီး၊ လုပ်လိုက်ရ ကိစ္စတုံးဖြစ်သွားရောမယ်'ဟု တောက်ခေါက်ရင်းက အင်္ကျီလက်မောင်းဖြင့် မျက်နှာက ချွေးကိုသုတ်ရာမှ ဦးမင်းဒန့်ဓားကို တွေ့ တစောင်းလဲ နေရာသို့ ခြေနှင့် ကန်ပို့လိုက်၏။ တွေ့က ဓားကို သူ့လက်ထဲရှိ မလွှတ်သေးသော ဓားရွက်ဖြင့် ဆီးခံပြီး ယူထားသည်။ သူ့လက်တွင် စုစု ဓားသုံးစင်း ရောက်နေသည်။ ပုဆိုး၏ဓားကို စောစွာကပင် ယူပြီးလေပြီ။

'ထလဗျာ'ဟု မောင်ညိုက ပြောမှ ကျောပြင်ကြီး ဖျင်းခနဲနေသွားသော ဦးမင်းဒန်က ရှုသိုးသိုးဖြင့် ထ သည်။ မျက်နှာတွင်ကား စားမတတ် ဝါးမတတ်။ 'ခင်ဗျာကို ကျုပ် သတ်ချင်ရင် အလွယ်ရယ်။ သာပေသိ မသတ်ချင်ဘူး။ ခင်ဗျားက ကြားက

သက်သက် ဓားစာခံဆိုသာ ခင်ဗျ သတိမရပေမင့် ကျုပ် သတိရသယ်။ ခင်ဗျ သတ်လို့ အပိုပဲ။ ထ လဗျာ’ဟု ထ လက်စ လူကို ထပ်၍ အထခိုင်းရင်းက ‘မှန်း…ခင်ဗျ ဓားအိမ်’ဟု ဓားအိမ်လွယ်ထားသော ကြိုးသိုင်းကို မောင်ညိုက ဓားဦးဖြင့် ဆတ်၍ ဖြုတ်ဖြုတ်ယူသည်။

‘အိမ်း….ကတ္တီပါမည်းမယ် ကြွေတွေပါတွေစီရို့။ အတန်ခံ့သာပဲ။ ကျောင်းကြီးပိုင် သူကြီးမင်းကိုး၊ သာလောက်တော့ ခံ့ပေဦးမှ။ အိမ်း…. အိမ်း’ဟု ပြောသည်။ ဦးမင်းဒန်တွင် အသံမထွက်နိုင်အောင် ဒေါသဖြစ်နေရှာသည်။ အသား တဆတ်ဆတ် တုန်နေသည်။ သို့သော် ဦးမင်းဒန်၏ အတွင်းသတ္တိကား အလွန် ကြောင်လေသည်။ နိုင်သူကို ညှဉ်းရာဒွဲသာ ရဲသူဖြစ်၏။

‘ဓားလည်း ရပီ၊ ဓားအိမ်လည်း ရပီ။ အပြန်မယ် မြင်းကောင်းလည်း ရွေးစီးရဦးမယ်။ နိပ်ဟ၊ ဘယ့်နဲ့ မဟန်လားဗျ ဦးမင်းဒန်။ မကျေနပ်ဖူး ဟုတ်စ’ဟု မေးပြန်သည်။ သွားကြီးတွေ ဖွေးနေအောင် ပြုံးသော်လည်း မေးစေ့ကို သွေးစို့အောင် ခတ်လိုက်သော ဦးမင်းဒန့်ဓားကို မောင်ညို မမေ့ပေ။ ငနောင့်အတွက် ချင်း သက်သက်မဲ့ ဓားစာခံ အလွတ်ခံရသာဟု မတွေးမိလျှင် ဦးမင်းဒန် ဇာတ်သိမ်းသည်မှာ ကြာပြီ။ ဦးမင်းဒန်က မောင်ညို့အား စေ့စေ့ကြည့်၍–

‘မကျေနပ်ဘူး’

‘ဗျို့….ပဇာ မကျေနပ်သာတုံး’

‘ငါ့ကို မင်း မသတ်လို့’

မောင်ညိုက ခေတ္တတွေ၍ စဉ်းစား၏။ ပြီးမှ ဦးမင်းဒန်ကို သဘောပေါက်အောင် နားလည်သွားသည်။

‘အိမ်း အိမ်း၊ ဩ ဩ၊ ဓားရေးနိမ့်လို့ ခံပြင်းသပေါ့၊ သေသာက ကောင်းသေးသပေါ့ ဟုတ်စ’ဟု မေးပြီး ဦးမင်းဒန် တွေတွေကြီး နှုတ်ခမ်းထူကြီးနှင့် အံခဲနေသည်ကို သဘောကျသွားဟန်ဖြင့် ဓားကိုကိုင်လျက် ခါးထောက်စဉ်းစားပြီးမှ မောင်ညိုက–

‘သေချင်ပါနဲ့ဦးဗျာ၊ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပဦး။ လူဖြစ်ဖို့ အတန်ခဲယဉ်းသာ။ ခင်ဗျ ငနောင်ဆီ ရောက်ရင်သာ ကျုပ်နဲ့ တွေ့ခဲ့သဲ့အကြောင်း ပြောနိုင်ရသဲ့အောင် ကျုပ် သည်ကနေ တံဆိပ်နှိပ်ပေးလိုက်ပါ့မယ်’ဟု အံကြိတ်ကြိတ်လိုက်ကာ ‘ဦးမင်းဒန်အား သန်မာသော လက်ကြီးတစ်ဖက်ဖြင့် တင်းကျပ်စွာ ပခုံးမှ ဆုပ်ကိုင်၍ မျက်နှာပေါ်တွင် ယာဘက်မျက်ခုံးမှ ဝဲဘက် နားရွက်ဖျားအထိ နှာခေါင်းကို လွှားပြီး သူ့ဓားနှင့် ခပ်နက်နက်ကလေး ဖိ၍ လှီးလိုက်သည်။ ဓားရာမှ သွေး သိမ့်ခနဲ စိမ့်ထွက်လာမှ ‘ကျွတ်ကျွတ် ငြိမ်ငြိမ်ခံလေ့၊ ခဏလေး ဆိတ်စာရယ်’ဟု စုတ်သပ်ပေးပြီးမှ နောက်သို့ဆုတ်ကာ ‘ကိုင်း ဘယ့်နဲ့ တွေန်၊ မလှလားဟော့။ တို့သူကြီးမင်း မျက်နှာမယ် လူချင်း မမှားရသဲ့အောင် ကြက်ခြေခတ် တံဆိပ်တော်နဲ့ ဟင်’ဟု အားရပါးရ ခါးကြီးကော့၍ ခွက်ထိုးခွက်လန် ရယ်နေရာ တွေန်တွင်လည်း နဂိုကပင် ရယ်ချင်နေဟန်ဖြင့် ပေါင်မှ ဒဏ်ရာကိုမှ သတိမရနိုင်။ သူပါ လိုက်၍ ရယ်နေလိုက်တော့၏။

ဦးမင်းဒန်တွင် မျက်ခုံးမွေးထူထူမှ အောက်သို့ ပူခနဲ စီးဆင်းလာသော သွေးကို မျက်လုံးထဲ မဝင်အောင် အံကြိတ်၍နေပြီး မောင်ညို ရယ်မောနေသည်ကို ခေတ္တမျှ ကြောင်ကြည့်နေသည်။ ပြီးလျှင် မောင်ညို အရယ်မဆုံးမီ နေရာမှ ဖျတ်ခနဲ ကိုယ်ကိုလှည့်ကာ လှေကားထံသို့ တအားကြီးပြေး၍ ဆင်းသွားတော့၏။

လှေကားမှ ခြေသံ၊ ကျောင်းဝင်းမှ မြင်းခွာသံ ဝေးသွားတော့မှ မောင်ညိုလည်း မောင်တွန့်ကို ပခုံးတွင်ထမ်း၊ မောင်တွန့်က ဓားတွေပွေ့၍ ကျောင်းအောက်သို့ ဣန္ဒြေရရ ဆင်းလာကြတော့သည်။ အချိန်ကား ညီအစ်ကို မသိတသိနီးပါး၊ ဆည်းဆာပြာပြာ ညဥ့်ရောင်လာနေလေပြီ။ ကျောင်းပျက်ကြီး ခေါင်မိုးဆီမှ တကျိုကျိုအော်မြည်ကာ အစာရှာ ထွက်ကြသော လင်းနို့ကြီးများ၊ လင်းဆွဲကြီးများပင် ကြယ်ရောင်တောက်စပြုသော ကောင်းကင်ယံ၌ တောင်ပံတဖျပ်ဖျပ် ပျံမြူးနေကြပေပြီ။

နောက်တစ်နေ့နံနက် နေထွက်ကလေးတွင် နွားကျောင်းရန်လာကြသော သူငယ် အချို့ တအံ့တသြ မြင်ရသည့် အခြင်းအရာကား ကျောင်းပျက်ကြီး လှေကားရင်းတွင် ခေါင်းချင်းဆိုင်၍ စီထားသော ဓားထိရာတွေ အသီးသီးနှင့် လူလေးယောက်၊ ခြေကုန်နေ သော မြင်းနှစ်စီးနှင့် ကုန်းမပါဘဲ ဘေးမဲ့လွှတ်ထားသော မြင်းကောင်းနှစ်စီး ဖြစ်လေ သည်။ ခေါင်းချင်းဆိုင်၍ ကြက်ခြေခတ်သဏ္ဌာန် စီထားသော လူလေးယောက်တွင် တစ်ယောက်၏ဗိုက်မှာ ယောက်ပက်၊ တစ်ယောက်ရင်ဘတ်တွင် ဟက်ပက်၊ တစ်ယောက် လည်မျိုတွင် ဓားချက်နှင့် တစ်ယောက်၏ ခေါင်းနှင့်ကိုယ်မှာ အကယ်ပင် ဆက်နေသေး သည်၊ မဆက်ဘဲ ပြတ်နေသည်ကိုကား သီချင်းကြီးတွေ အက်အက်ကွဲ အော်ရင်းက မြက်ခမောက် မျက်နှာပေါ်အုပ်ကာ လူတစ်ကိုယ် ဓားနှစ်လက်၊ ကုန်းတစ်ဖက် တစ်စင်းစီ ချိတ်၍ နေပူကျဲကျဲတွင် ဖိမ်ဆွဲ၍ မြင်းစီးထွက်သွားကြသော ကန့်ဘလူအလွန် ယာကွက် တွေ အတွင်းမှ လူပျင်းထူကြီး နှစ်ယောက်ထံ အမီလိုက်ပြီး ပြေးမေးမှ သိရတော့မည်။

မောင်ညိုတို့ နှစ်ဦးသားသည် မြင်းကောင်းတွေ ရွေးစီးလာခဲ့သည့်တိုင် ခရီးများစွာ မသွက်လှပေ။ မောင်တွန့်ဒဏ်ရာမှာ ပေါင်လယ်တွင် အသားကိုထွင်း၍ အတော်များများ ထိသွားခြင်း ဖြစ်သောကြောင့် သုံးလေးရက်အတွင်း အနာရင်း၍ လိုက်လာသည်။ ကိုယ်လက် တောင့်တင်းသန်စွမ်း ကျန်းမာပြီး ဖွဲကောင်းလှသူ ဖြစ်သော်လည်း မောင်နှောင် တို့ ထန်းတစ်ပင် အလွန်က စ၍ ဖျားသွေးဖောက် ဝင်လာတော့သည့်အတွက် ကင်းဦး ဦးအင်၊ ဒေါ်မိုးသူတို့ အိမ်သို့ တစ်ထောက် ဝင်နားသောအခါ မောင်တွန့်မှာ တုံးလုံး လဲတော့၏။

မိသား သုံးဦးစလုံးမှာ ရင်တမမ ဖြစ်သွားကာ စုတ်တသပ်သပ် ပြုရင်း မောင်တွန့် အား ဆွေရင်းမျိုးချာ တစ်ယောက်ကဲ့သို့ ပြုစု ကုမ ကြလေသည်။

မောင်ညိုတို့က အကျိုးအကြောင်း အကုန်အစင်ကို ပြောပြရလေသည်။ ငနှောင် မှာ အငြိုးထားလှပုံ ပေါ်၏။ မောင်ညိုက ထူးထူးခြားခြား အမျက် ရန်စွယ်ပွားရန် အကြောင်းမရှာသော်လည်း မန်လည်သို့ မလာမီ အတောအတွင်းက နေပြည်တော်

မိးပုံးပျံပွဲတွင် ရန်စ ပြန်ဖြစ်ရပုံ၊ ထိုရန်စကိုပင် ရမယ်ရှာပြီးလျှင် သူကိုယ်တိုင် မလာရဲဘဲ သူ့ တပည့်သားမြေး ငါးယောက်ကို ဦးမင်းဒန် ဦးစီးပြုစေလျက် ကန့်ဘလူအထက် သစ်ရာပင်အောက် တောအုပ်ကစောင့်၍ မတရား အနိုင်ယူခိုင်းဟန် တူသည်။ မန်လည်သွားမှန်း သူတို့ သိလျှင်လည်း သိမည်။ အသွားတုန်းက ထန်းတစ်ပင်မှပင် ဖြတ်သွားရသည်ဟု ပြောပြရသည်။

'သာဖြင့် သင်းက ကိုယ်တိုင် မလုပ်နိုင်တိုင်း တပည့် သားမြေး လွှတ်သာပ။ ညီပု မင်း တော်ပေလို့မောင်။ အနို့မဟုတ်ရင်လား သည်မင်းဒန်ဆိုသဲ့လူဟာ မကွဲရာ ကိုယ်တော်ကြီး ကျေးကျွန်ဟောင်း၊ အင်တန် ဓားထက်သယ်ဆိုပဲ'ဟု အားပါးတရ ပန်းပဲဆရာ လင်မယား ဖြစ်သွားသည်ကို မောင်ညိုသွားကြီးဖြဲရင်းက 'ဟုတ်သယ်၊ အကျွန်လည်း ချင်းဓား ကောင်းလွန်းလို့ ဆုတ်ဆိပ် ခတ်နှိပ်ပေးလိုက်ပါသေးသယ်'ဟု ဦးမင်းဒန် မျက်နှာပေါ်၌ အမာရွတ်ဟောင်းကို အမာရွတ်သစ်ဖြင့် ကြက်ခြေခတ် လွှတ်လိုက်ပုံ၊ ဓားနှင့် မြင်းတွေကို ဓားပွဲအတွက် ကြေးအဖြစ်ယူလာခဲ့ပုံ အလုံးစုံကို ပြောပြရပြန်သည့် အဆုံး၌ လူမမာ တွေန်ပါ ရော၍ အားလုံး သဘောကျ ကျေနပ်နေကြတော့၏။

မောင်ညိုလုပ်သမျှတွင် မကျေနပ်စရာ တစ်ချက်ကို တွေ့နေသူ တစ်ယောက်သာ ရှိလေသည်။

မောင်ညိုသည် နောက်တစ်နေ့ ညနေတွင် အိမ်နောက်ဖေး ငှက်ပျောပင်စုကလေး အနီး ဆီးဖြူပင်တစ်ပင် အောက်၌ ရှိသော လှည်းအိုပျက်ကြီး တစ်လုံးပေါ် ထိုင်ကာ တောင်မြောက် ဝဲယာကို ကြည့်နေသည်။

နေရောင်ကလေး ဖျော့စပြုပြီဖြစ်သဖြင့် ကျေးငှက်တွေလည်း အသိုက်အအုံရှိရာ အနီးအနားသို့ ပျံရောက်ကြကာ တစာစာ ဖြစ်နေကြသည်။ မန်ကျည်းပင်ကြီးတွေပေါ်ရှိ ဗျိုင်းသိုက်များတွင် ဗျိုင်းတွေ အော်နေကြ၏။ ထန်းပင်တွေလည်း ထန်းနို့ပြုသည့် အပင်က ပြု၊ သီးသည့်အပင်က သီး၍ လေပြည်မှာ မလှုပ်တလှုပ် ယိမ်းထိုး၍ နေ၏။ ထန်းနောင်း၊ ငု၊ သီး၊ ညောင်နံ့သာ၊ တမာ၊ မန်ကျည်း စသော အပင်များမှာလည်း စိမ်းစိမ်းစိုစိုနှင့် ဖြစ်နေသည်။ သူနှင့်နီးသော ဆီးဖြူပင်ပေါ်တွင်လည်း စာဝတီးတစ်မြုံ အံ့သိုက်ဝတွေ၌ တကျစ်ကျစ် မြည်ဟစ်နေကြရာ အရှုအခင်းတစ်ခုလုံး သာယာလှပေသည်။ ထိုအသံတွေထဲသို့ မီးငြိမ်း ဖိုအေးခဲလုနီးတွင် ခပ်သွက်သွက်ကလေး ထု တေအောင်းနေသော ဦးအင်၏ ပန်းပဲဖိုသား တစ်စု၏ တူသံ တထုံထုံ တနောင်နောင်၊ အိမ်နီးချင်းတစ်အိမ်မှ မောင်းထောင်းနေသော မောင်းသံလေးလေး တဒုန်းဒုန်းနှင့် တစ်နေ့လုံး နေပူတွင် နွားကျောင်းပြီး အိမ်သို့ နွားအုပ် မ၍ ပြန်လာသော နွားကျောင်းသား၏ ဗုံကြီးသံ တီတာလာသည့် ဝါးပလွေသံ စသည်တို့မှာ သာယာနာပျော်စဖွယ် ဝင်နှောင့်ရောရောက်ခဲ့လေသည်။

မောင်ညို၏ စိတ်ကြမ်းကြီးကို နအောင် ချွတ်နိုင်ပါပေ၏။ မောင်ညိုသည်

ဆေးလိပ်တစ်တိုကို ခဲရင်း သာယာသော အရှုအခင်းကို နားထောင်၍ လှည်းပျက်ကြီး ရှိင်ကို ကျောပြားကြီးမှီကာ တစ်စုံတစ်ရာကို တွေးတောနေ၏။

ထိုအခိုက် ခပ်လှမ်းလှမ်းရှိ ချိုးခန်းတွင်းမှ အိုးထဲသို့ ရေလောင်းသံ ကြားရသည်။ ရေလောင်းသံနှင့် မရှေးမနှောင်းပင် 'ရို့ ကိုရင်ညိုကြီး၊ ဆီးဖြူပင်အောက်မယ် ဘယ်ရဲဇာ လွမ်းလို့ မှိုင်နေသတုံးတော့'ဟု အော်ပြောလိုက်သံနှင့်အတူ ခေါင်းဆတ်ခနဲ ထောင်ကြည့် သော မောင်ညိုက ကျူထရံစုတ် ကာထားသည့် ရေချိုးခုံထဲမှ ရေအိုးရွက်ပြီး ထွက်လာ သော ခင်သွယ်ကို ရင်ရှားနှင့် တွေ့ရသဖြင့် သွားကြီးဖြဲပြ၏။ မောင်ညို လှုးလဲမထမီပင် ခင်သွယ်က အနီးသို့ ရောက်လာပြီး ခေါင်းခုဖြင့် မျက်နှာမှ ရေနှင့် ချွေးကိုသုတ်ရင်း 'ပဇာ ထိုင်လုပ်နေတုံးရှင့်'ဟု မေးသည်။

မောင်ညိုက 'ပဇာမှ လုပ်ပေါင်ဗျာ၊ ထိုင်နေသာပဲ'ဟု ဆို၏။ ခင်သွယ်က ဤတွင် သွားကလေး ဖွေးသွားအောင် ငုံ့ပြုံးရင်းက–

'နေဦး၊ ကိုရင်ညိုကြီးကို အကျွန် မကျေနပ်သာ တစ်ချက်ရှိသေးသယ်။ ချိုးအိုး ပြည့်အောင် ခပ်ဦးမယ်။ ပီးတော့မှ လာမေးမယ်။ အဲသာ ကျေနပ်အောင် ဖြေနိုင်ရင် ဖြေ၊ မဖြေနိုင်ရင်တော့ တော်.....'

'ပဇာတုံးဟ'

'အို မေးတော့ သိလိမ့်မပေါ့'ဟု ငယ်မူငယ်ဟန် မပျက် ခင်သွယ်က ခပ်သွက် သွက် ပြောပြီး တစ်ဖက်သော ခြံဝင်းရှိ ရေတွင်းသို့ ထွက်သွားသည်။ ချိုးအိုးသို့ ရေသုံး ခေါက်မျှ ရွက်ထည့်နေရာ မောင်ညိုက အနီးသို့ရောက်တိုင်း 'ပဇာတုံးဟ... အရှူးမ'ဟု မေးလျှင် 'နေဦးတော့... ရေပြည့်မှ'ဟု ပြောပြီး ပြုံးထားခဲ့သည်။

မောင်ညိုမှာ မျက်နှာကြီး ပြုံးလျက်မှ ခင်သွယ်ကို အကဲခတ်ရင်း တစ်စစနှင့် တွေငြိမ်သွားသည်။ ခင်သွယ်မှာ ထိုစဉ်က အသက်နှစ်ဆယ်၊ နှစ်ဆယ့်တစ်နှစ် သမီးခန့် အပျိုကြီးဖားဖား ဖြစ်နေသည်။ အသားအရေ စိုပြည်တောင့်တင်း၏။ မျက်နှာမှ စပါးညှင်း ကလေးတွေလည်း ငယ်စဉ်ကဲ့သို့ ခင်သွယ့်အလှကို မဖျက်ဆီးတော့ပေ။ ရင်သားကြီးတွေ မှာလည်း ရင်ရှားထားသော မဲထဘီ အထက်ဆင့်အောက်က အတင်း နင်းကန်ရုန်းကြွ နေသည်။ ခါးကလေး လုံး၍သွယ်ကာ တင်ပါးကြီးတွေ ဖောင်းအိ၍ ရေစိုဖြင့် ကပ်နေ သော ပေါင်လုံး၊ ခြေသလုံး စသည်တို့လည်း တောင့်တင်း လုံးတစ်နေသည်။ မျက်လုံး ကလေးတွေ ကြည်ပြီး ရွှင်ရီနေ၏။ ထိုမျက်လုံးလေးတွေမှာ လူတစ်ဖက်သားကို ရိုးရိုးနှင့် ရဲရဲကြီး ကြည့်တတ်သော မျက်လုံးကြည်ကလေးတွေ ဖြစ်ရာ ငယ်စဉ်က အမူအရာကို ယခုတိုင် ဆောင်နေသေးသည်။ မျက်နှာကလေး တည်ကြည် ခံ့ညားလာသော်လည်း မျက်လုံးကလေးတွေမှာ ငယ်ဟန် မပျက်သေးပေ။ ခင်သွယ်ကား ဒေါင်းမကလေး အတောင်စုံစ ပြုသလို ယဉ်စစ ဖြစ်လာလေသည်။ ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ တမှည့်မှည့် လှ လာလေပြီ။

မောင်ညို သက်ပြင်းရှည်ကြီး ဟင်းခနဲ ချလိုက်၏။ ခင်သွယ်တောင် အတော်

ခင်သွယ်က ရေအိုးကို နှုတ်ခမ်းမှဆွဲပြီး ညော်ရှေ့နားသို့ လာကာ လှည်းပျက်ပေါ် တင်ပါးလွှဲ ဝင်ထိုင်မှ မောင်ညိုသည် သွားကြီးတွေဖွေးအောင် ပြုံးပြန်ရင်း 'ပဇာဂါထာမှ မစုတ်ပေါင်ဗျာ'ဟု ပြောသည်။ ခင်သွယ်က ရေအိုးကို ပေါင်ပေါ်မှောက်တင်၊ ရင်ဘတ်နှင့် ညှပ်ဖိရင်းက 'ယုံနိုင်ပေါင်၊ တော် တစ်ခုခု တွေးနေသာပါ။ ဘယ်ရွာသူ ရဲ့ဖားများ လွမ်းလဲမှ မသိဘဲ'ဟု မကျေနပ်သကဲ့သို့ ဖြစ်သွားပြီးလျှင် 'ဟင်း တော်ကြီး... မည့်တော့ ဘူး၊ ပြော၊ အသူ့ လွမ်းလို့တုံး။ အကျွန်ပါ ကူလွမ်းပေးမယ်လေ့'

'ဟဲ့ အရူးမ၊ ငါ့မယ် အသူမှ လွမ်းစရာ မရှိသေးပါဘူးဟယ်'

'မရှိပေလို့ဘဲတော်၊ ရှိများရှိရင် အကျွန်တို့ကို အိပ်မက်တောင် မက်မှာ မဟုတ်ဘူး။ ခုများတောင် ကိုရင်တွန် ဓားထိလာလို့ ဝင်သာ။ အသွားတုန်းက ကြည့်ပ၊ အကျွန်တို့မှာဖြင့် သိတောင် မသိလိုက်ရပေါင်ပါ'ဟု ပြောရင်း အကယ်ဝမ်းနည်းပုံမျိုး ဖြင့် 'ကိုရင်ညို၊ တော့်ကိုလား... အကျွန် မကျေဘူးရှင့်၊ ဘယ်တော့ကမှ မကျေဘူး။ သည်ကဖြင့်...'ဟု ဆိုနေမှ 'ဟယ် သာက အသွားတုန်းမယ် သေနတ်ကိစ္စနဲ့ ပတ်သက်ပီး စိတ်စောနေလို့ပါဟဲ့။ နင်တို့ သတိမေ့သာ မဟုတ်ပေါင်ပါ'

'ဟင့်အင်း... တော် ပလီသာ၊ ပဇာပြောနေနေ အကျွန်တော့ မကျေဘူး။ အကျွန်ကဖြင့် ကိုရင်ညိုဆိုရင် ဘယ်တော့မှ မမေ့ဘူး။ သူတကာ ကြုံတိုင်း မေးနေရသာပဲ။ ယောကျ်ားလေးများဖြစ်ရင် ကိုယ်တိုင်လာသာ ကြာပီ၊ သိလားတော့'

'ငါလည်း သတိရပါသယ် ဟယ်'

'သတိရရုံတော့ သူတကာလည်း ရတတ်သာပဲ။ ပဇာမှ မဟုတ်သဲ့ နေပြည်တော် က ကိုရင်လွန်းတို့၊ တော့်ညီ ကိုရင်စို မိန်းမရှာတို့ကတောင် ရောက်အောင် လာသေး သတော်'

'ချင်းတို့က ချင်းတို့ကိစ္စနဲ့ လာသာ။ နင်တို့ဆီ သက်သက်ဝင်သာလား'

'တော်ကတော့ ကျုပ်တို့ဆီ လာဖို့ရာ တော့်အရေးလို့တောင် မထင်ဘူးပေါ့ ဟုတ်စရှင့်။ ခုခါတောင် ဟိုတစ်ယောက်က အနာဝင်လို့သာ လာသာ။ အနို့မို့ရင်....'ဟု ဇွတ်ပြောနေသဖြင့် မောင်ညိုက 'ကွာ အခု လာပီမဟုတ်လား အမိရဲ့။ လာလို့ ရောက်က ပီ'ဟု ဆိုမှ ခင်သွယ်တွင် ခေတ္တတွေနေပြီး 'ဟုတ်သယ်၊ သည်ကဖြင့် သူ့ကို အမြဲ သတိရနေရသာချည့်'ဟု ပြောရင်းမှ ခေါင်းကလေး ငုံ့သွားသည်။

မောင်ညိုတွင် ခင်သွယ် ရဲတင်းစွာ တကယ့် စိတ်တွင်း သဘောအတိုင်း ဖွင့်ဟ ပြောလိုက်သည့် စကားအတွက် လွန်မင်းစွာ စိတ်ထိခိုက်သွားသောကြောင့် သူပါ ခေတ္တ ကြောင်တက်တက် ဖြစ်သွားသည်။ ဟုတ်သယ်။

ဟုတ်သည်။ မောင်ညို၊ မင်း မတရားဘူး။ သင်းကလေးကို မင်း နည်းနည်းမှ

ကြီးပြင်းလာပြီ။ လင်ယူလျှင် သားသမီးသုံးယောက် အောက်ထစ် ထွန်းကားတော့မည်။ အလုံးအထည် ကျစ်လျစ် စိုပြည်လှသည်။ ငယ်ငယ်ကနဲ့ လုံးလုံး မတူတော့ဘူး။ “အိမ်း အိမ်း ညို၊ နင် အမှတ်မဲ့နေလာသာ ကြည့်စမ်းပ၊ ဟို အမိတည်သဲ့ ပုထိုး ထီးတင်ပွဲတုန်း က မင့်လက်အောက်က လျှိုပြီး ဆံထောက်ဖားနဲ့ ခင်သွယ်တောင် ခု မင့်ပခုံးလောက် မြင့်ပီး ထွားလိုက်သဲ့ မိန်းမကြီးတစ်ယောက် ဖြစ်နေပြီ။ မင်း မငယ်တော့ဘူး၊ မငယ်ဘူး။ မင့် မိဘနှစ်ပါးလည်း လွန်၊ မင့်ညီကလည်း မိုက်တွင်းနက်၊ မင်းလည်း အပျော်ကြီး သက်သက် လိုက်မီး နေသာပဲ။ မင့်ယာတွေ၊ ကိုင်းတွေ၊ မင့်လက်ထက်မယ် ဖြစ်ကြ ထွန်းကြပါရဲ့။ မင်းတို့ ညီအစ်ကို စားလို့ဖြင့် တစ်သက် မကုန်ပါဘူး။ သာပေသိ၊ မင့်မိဘလက်ထဲက မင်းလက်ထဲ ပေးခဲ့သလို မင်းလက်ထဲက တစ်ဆင့် မင်း အသူ့ ပေးခဲ့မတုံး။ ဘယ်မလဲ မင့်အရိုး မင့်အရိုက်အရာ။ မင့်ညီ ကြည့်ရသာလည်း ချင့်မယား လောင်း သူတကာလက် ပါသွားထဲက အိမ်ထောင်ပြုမဲ့ပုံ မပေါ်။ မင်းကလည်း သည်လို နောင်ရေးနောင်ရာအတွက် မတွေးတောဘဲ ခပ်ပေါ့ပေါ့နေ ဆိုရင်.....”

“မဖြစ်ဘူး၊ မဖြစ်ဘူး။ မင်း မယားယူဖို့ ကောင်းပီ။ မယားယူဖို့၊ ယူပီးရင် မင်းလို သားကလေး တစ်ယောက်၊ တစ်ယောက်က နှစ်ယောက် မွေးပီး...ဟု တွေးရင်း မောင်ညိုသည် ကြက်သီး စိမ့်ခနဲ ထ သွားသည်။ ပြီးမှ ဆက်လက်၍ “အိမ်း အခု ငါ့ အသက် သုံးဆယ်ပြည့်တော့မယ်။ အသက်သုံးဆယ်မှာမှ မယားမယူရင် မကောင်းဘူး။ ခုခါက ယူရင် ငါ့အသက် ငါးဆယ်လောက်လည်းကျော်ရော ငါက ပေါက်ပွားသဲ့ သားက အသက် နှစ်ဆယ် အစိတ်။ သာက အရေးမကြီးဘူး၊ ငါ အသူ့ ယူရမတုံး။ ဒွေးမယ်... ဒွေးမယ်...”

မောင်ညိုသည် ရုတ်တရက် ငြိမ်သက်သွားတော့သည်။

လုံးကြီးပေါက်လှ ဖြူဖြူဖွေးဖွေးကြီး၊ ရင်ခွင်တွင် တအားဖျစ်ညှစ် သွင်းလိုက် သောအခါ နွေးခနဲ ဖြစ်သွားပုံတွေကို ပြန်သတိရကာ ညိုသည် ဆေးလိပ်တိုကို နှုတ်ခမ်း တွင် တွဲလဲကျနှင့် ဘာမျှ မမြင် မကြားတော့ဘဲ တွေ၍ သွားမိသည်။

“ကိုညို၊ အကျွန့်ကို သည့်ပြင် ပြုချင်တိုင်း ပြုသွား။ အချစ်ကိုတော့ ထားရစ်ခဲ့ပါ။ ထားခဲ့သဲ့ အချစ်ဟာ အကျွန့်ကိုယ်ထဲ စိတ်ထဲမယ် သေအထိ ကျန်နေပါစေမယ် ကိုညို”

“သည်တစ်သက်မှာဖြင့် သင်းနဲ့ ညားရမယ် မထင်ဘူး”ဟု တွေးမိ၍ ရင်တွင်းမှာ ဟာ၍သွားကာ အသက်ရှူ မှားသွားမတတ် ဖြစ်ရင်းက ဓာချွေးတွေ ပြန်လာတော့သည်။ မိန်းမလည်း ယူမှ ဖြစ်မည်။ မယားယူမှ.....“သြော် ဒွေးမယ်ရယ်၊ နင် တစ်ယောက်ဟာ သယ်ခေါင်းမာသဲ့ မိန်းကလေးပါလားကွာ”

‘ရို့ သည်လူကြီး ပဓာတွေ တိုးတိုး တိုးတိုးနဲ့ ဂါထာစုတ်နေသာတုံးတော့’ဟု ခင်သွယ်က ရုတ်တရက် နောက်မှ အလစ်တွင် မေးလိုက်၏။ ညိုတွင် မျက်နှာကြီး တစ်မျိုးဖြစ်ကာ မနည်း ဣန္ဒြေဆောင်ထားလိုက်ရတော့သည်။

အမှတ်မရဘူး။ ခု ကြည့်စမ်းပ၊ ချင်းကလေး အကယ် စိတ်မကောင်းရှာလွန်းလို့၊ အေးလေ ... ချင်းလေးဟာ ဟိုတုန်းက ခပ်ငယ်ငယ် ဆံထောက်ဖားကလေးနဲ့ ရှိသေးသာပဲ'

"ကိုရင်၊ သင်းကလေး ငယ်လှပါသေးသယ်။ သတိထားပ"စသော အသံနှင့် "နံ့ပြည်စုတ်ကလေးပါနော"ဟူသော အောတောတော အသံဖျက်ပြီး နောက်လိုက်ကြသော အသံတွေမှာ ယခု ဤလှည်းပျက်ကြီးတစ်ဝိုက်မှ ရုတ်တရက် နားအုံအက်လုနီးနီး ပေါ်ထွက်လာသည်ဟုပင် မောင်ညို ထင်မိသည်။ သည်ကောင်မလေး မိခင်သွယ်တောင် မိန်းမတောင့်ကြီး ဖြစ်နေပြီ။

'ဟဲ့ ခင်သွယ်'ဟု ဆတ်ခနဲ ခေါ်လိုက်သည်။ ခင်သွယ်က ဖြုတ်ခနဲ ခေါင်းကလေး မော့ကြည့်သည်တွင် 'နင် မငယ်တော့ဘူး'ဟု ဆိုမိတော့၏။

'ရှင်'ဟု ထူးသည်တွင်ကျမှ မောင်ညိုမှာ ငါ ဘာသွားမေးမိပါလိမ့်ဟု တွေးမိသည့် အလား တစ်မျိုးကြီးဖြစ်သွားပြီး 'နင် မငယ်တော့ဘူး၊ ကြီးလှပီ'ဟု ပြောလက်စဖြင့် ပြောရပြန်၏။

'သာ ပဇာပြုတုံး၊ တော်ကတော့ ငယ်သေးပီး ကာလသား မြီးညှောင့်စို့မို့လား ရှင်ရဲ့'

'လင်ယူဖို့တောင် ကောင်းပီ'

'တော်လည်း မယားယူဖို့ တော်ပီတော့'ဟု ခင်သွယ်က ရဲရဲပင် ပြောသည်။ မောင်ညိုမှာ ခင်သွယ်ကို အံ့အားသင့်၍ ငေးကြည့်နေမိသည်။ ခင်သွယ်မှာ ရဲလှသည်။ အလွန်ရဲလှသည်။ ငယ်မူငယ်ရာ ဘယ်အခါကျမှ ပျောက်ပါ့မလဲ။ ပြောချင်ရာ စွတ်ပြီး ပြောနေသည်။

'အကျွန် လင်မယူသာတော့ ပြောသယ်၊ ကိုရင်ညို မယားမယူသာကတော့ ကြိုက်သာ မတွေ့သေးလို့လား။ ပဇာပြုလို့တုံး'ဟု ဆက်မေးနေသည်။ မောင်ညိုတွင် ရုတ်တရက် ပြန်မဖြေနိုင်သေးဘဲ ခေတ္တ တွေနေပြီးမှ 'နင့်လိုပေါ့၊ နင်ကော ပဇာမို့ မယူသေးတုံး။ နင့်မိဘဆီ စပ်ကြ ဟပ်ကြသူ မရောက်လို့လား'

'ဟုတ်ပေါင်တော်၊ လာကြသားပဲ'

'သာဖြင့် နင် ပဇာမို့ မယူတုံး'

'အကျွန် ကြိုက်သဲ့လူမှ မဟုတ်ဘဲ။ အကျွန်ကြိုက်သာ တစ်ယောက်တည်းရယ်'ဟု မျက်နှာကလေး ပြန်ငုံ့သွားသောကြောင့် 'ဟဲ့ အရူးမ၊ အသူလဲ ပြောစမ်း၊ ကိုရင်ညို့ကို ပြောစမ်း'ဟု မောင်ညိုက စိတ်ဝင်စားစွာ မေးသည်။

ခင်သွယ်က 'ပြောနိုင်ပေါင်၊ ပဇာမို့ တော်သိချင်ရတုံး'ဟု ခပ်ပြုံးပြုံး ပြန်ပြောသည်။ မောင်ညိုက 'အလိမ္မာသားနဲ့ကွယ်၊ ပြောပါ့ ခင်သွယ်ရယ်'ဟု ချော့သည့်တိုင် 'ပြောဘူးဆိုနေ၊ အဲသည် ယောကျာ်းကျမှ အကျွန်ယူမယ်ဆို ပီးရောပေါ့တော့'ဟုသာ တွင်တွင်သား ဆိုရင်းက မောင်ညို့အား 'အကျွန့်တော့ မေးနေသယ်၊ ကိုရင်ညိုရော့ ကြိုက်သာ မတွေ့သေးလို့ပေါ့ ဟုတ်စ။ အကြိုက်ကို မရသေးလို့၊ ယူမရလို့ ဟုတ်စ'ဟု

ပြုံးပြုံးကလေး မေး၏။ မေးပြီး သူ့မျက်လုံးတွေနှင့် စိန်းစိန်းကလေး ကြည့်နေရာ မောင်ညိုတွင် 'အိမ်း'ဟု ပြောမိတော့သည်။ ခင်သွယ်ကို လှီးလွှဲကျီစယ်ရန် စိတ်ကူးမျှ မထည့်ရဲပေ။ မိန်းမပျိုကလေး ဖြစ်လျက်နှင့် သူ့အား ဤမျှ ပွင့်ပွင့်လင်းလင်း ပြောပြနေလျှင် သူက အဘယ်ကြောင့် မပြောရဲနိုင်ရမည်နည်း။ ထို့ထက်လည်း စောစောကပင် ဒွေးမယ်ကို သတိရနေခဲ့သေးသည်။

'ကိုညို့ အလိုကို မလိုက်နိုင်ဘူးသဲ့'

'ဩော်'ဟု ခင်သွယ့် မျက်လုံးကလေးတွေ ကြည်လင်လာသည်။ တောက်ပလာသည်။

'ကိုညို့ကိုယူရင် ချင်းက ချစ်ရာ မကျဘူးသဲ့'ဟု မောင်ညို မျက်လုံးတွေ မှိုင်းစ ပြုရင်း တစ်စစ ပြောသည်ကို 'အသူများတုံး၊ အကျွန် သိချင်လိုက်သာ၊ ပြောပြစမ်းပါ ကိုရင်ညို'ဟု ရှေ့နားသို့ တိုးလာသည်။ မောင်ညို့မျက်စိများသည် လွမ်းငွေ့ဖြင့် မှိုင်းပြီး မနေလျှင် ခင်သွယ့်မျက်နှာ၌ ထူးထူးခြားခြား ရုတ်တရက် ပေါ်လွင်လာသော အမူအရာကို ထင်လင်းမြင်ရမည်။ ထိုအမူအရာမျိုးကား "မနာလိုစိတ်"တည်းဟူသော မည်သည့်မိန်းမမျှ မစွန့်လွှတ်နိုင်မည့် နိယာမ၊ သူတို့၏ ဓမ္မတာစိတ် ဖြစ်သည်။ အသက်ကို စွန့်လျှင် စွန့်မည်။ မည်သည့် အတန်းအစားက မိန်းမ မဆို ထိုမနာလိုစိတ်ကို မစွန့်လွှတ်နိုင်ကြပေ။ အသိဉာဏ်တိုးသည်၊ ပညာဉာဏ် ဗဟုသုတ ပွားသည်၊ ယဉ်ကျေးမှု တိုးတက်သည်ဟု မည်မျှဆိုဆို၊ ကမ္ဘာဦးမှ မိန်းမက ဆင်းသက်၍ ကမ္ဘာဆုံးမှ မိန်းမအထိ ထိုမနာလိုစိတ်ကို အမြဲ ကျွေးမွေးသုတ်သင် မွေးဖွားထားရစ် ထိန်းသိမ်းခဲ့မည် အမှန်ပင်။ မနာလိုစရာ ဖြစ်လောက်အောင် သူတို့နှစ်သက်သော ယောကျ်ားပေါ်တွင် ထားရှိသည့် မေတ္တာစိတ် ကြီးမားလေလေ၊ မနာလိုစိတ်ကလေးလည်း ပြင်းထန်လေလေ ဖြစ်တော့သည်။ မနာလိုစိတ်ကို ဖျောက်ပါဆိုလျှင် အသက်ကို စွန့်လျှင် စွန့်မည်၊ မနာလိုစိတ်ကိုကား စွန့်လွှတ်ကြမည် မဟုတ်ပေ။ မနာလို ချစ်သဝန်ကြောင်မှုသည်ပင်လျှင် မိန်းမ စိတ်၏ ပင်ရင်းပင်မ ဖြစ်သည်ဆိုလျှင် မမှားလှ။

မနာလိုစိတ်သည်ပင်လျှင် သူတို့၏ အရှုံးခံ ပစ္စည်းသက်သက် ဖြစ်သည်။ ဤအချက်ကိုလည်း သူတို့ သိကောင်း သိပေမည်။ သို့သော် ဆိုခဲ့ပြီးသည့် အတိုင်းပင် ခင်သွယ်မှာ မနာလိုစိတ်ဖြင့် မောင်ညိုကြီး တစ်လုံးချင်း ဖြည်းညင်းစွာ ပြောပြသရွေ့ကို လေယူလေသိမ်း သံနေသံထားမကျန် နားထောင်နေသည်။ နား"စိုက်"နေ၏။ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် မောင်ညိုကြီးက သက်ပြင်း ဟင်းခနဲချကာ 'အဲသာပဲ ခင်သွယ်၊ ချင်းက စုန်းမသမီးမို့ ငါ့ကို မယူနိုင်၊ ချင်းကို လုပ်ချင်တိုင်း လုပ်ပါ၊ အချစ်ကိုတော့ မထိပါနဲ့သဲ့။ အချစ်ဆိုသာ နင်သိလား အရှုးမ'ဟု မေးလေသည်။

ထိုသို့ မေးသောအခါ ခင်သွယ် မိန်းမသွက်သည် ထူးခြားစွာ အဖြေ ရုတ်ခြည်း မပေးဘဲ ငိုင်သွားပြီးမှ–

'အကျွန်ကတော့ မသိဘူး။ သင်း စုန်းမသမီးကတော့ သိသပေါ့လေ ဟုတ်စ'ဟု

မျက်နှာပျက်သယောင် သက်ပြင်းမှုတ်ပြီး နေရာမှ ဆတ်ခနဲ ထလိုက်သည်။ ရေအိုးမှာ ကံအားလျော်စွာ လှည်းကြမ်းပေါ် လိမ့်ကျပေ၍သာ၊ မြေပေါ်ကျလျှင် ကွဲသွားရှာမည်။ ခင်သွယ့်မျက်နှာကား နီမြန်းနေတော့သည်။ ညိုရဲရဲကလေး မျက်စိအရောင် တောက်နေသော ခင်သွယ့်အား မောင်ညိုက တစ်ကိုယ်လုံး သိမ်းကျုံးကြည့်ပြီး မည်သို့မျှ အဖြေမပေးနိုင်ဘဲ ခေတ္တ အံ့အားသင့်ရာကမှ–

'သည်လိုလည်း မဆိုလိုပါဘူးဟယ်'

'သည်လိုမဆိုရင် ကိုရင်ညို့စကားက ပဇာလို ဆိုသာလဲ။ သည်စုန်းမသမီးနဲ့မှ လာပိး အကျွန့်ကို နှိုင်းလားယှဉ်လား လုပ်ရက်သယ် ကိုရင်ညိုရယ်'ဟု အသံတုန်သွားသည်။ မောင်ညို ဤတွင်မှ ခင်သွယ့်အမူအရာကို နားလည်တော့သည်။ နားလည်သွား၏။ နားလည်သည်နှင့် တစ်ပြိုင်နက် နေရာမှ ဖြုန်းခနဲထကာ ခင်သွယ့်အနီးသို့ တိုးသွားသည်။ လှည်းပျက်ကြီးကား ကျွီခနဲ မြည်သွား၏။ ခင်သွယ်က လျင်မြန်စွာ မြေပေါ်သို့ ဆင်းရပ်နေလိုက်သည်။

ဤတွင်မှ 'ဘွာ....ဘွာ....ဘွာဗျာ'ဟု လှည်းပေါ်က ပြုံးဖြဲဖြဲကြီး ဆိုပြီးမှ 'စိတ်မဆိုးပါနဲ့ ခင်သွယ်ရာ၊ ကိုရင်ညိုက အမှတ်မထင် မေးမိသာပါ'ဟု ချော့မော့ရှာ၏။

ခင်သွယ် တွေတွေကလေး မျက်နှာအောက်ချ ရပ်နေသည်တွင်မှ စကားပြောင်းလွှဲရန် သဘောနှင့် 'ကိုင်း ကိုရင်ညို့အကြောင်းတော့ ပြောပီးပီ၊ နင့်အကြောင်း ပြောဖို့ အလှည့်ရောက်ပီ။ ပြောစမ်း၊ အစောတုန်းက ဆိုသဲ့ ယောကျ်ား အသူလဲ'ဟု မေးသည်ကို ခင်သွယ်က မောင်ညို့အား တွေတွေကလေးပင် မော့၍ ကြည့်သည်။ အတန်ကြာ စူးစူးစိုက်စိုက် ကြည့်နေသည်။ သူ့မျက်လုံးကလေးတွေမှာ ကြည်၍၊ ရွှဲ၍၊ အသနားခံ၍ နေသကဲ့သို့ ထင်ရသော်လည်း သူ့နှုတ်ခမ်းကလေးတွေကမူ စေ့၍ တင်းနေသည်။ မောင်ညိုက ခင်သွယ့် တစ်ကိုယ်လုံးကို စေ့စေ့ပေါက်ပေါက် ကြည့်ရင်းက နိမ့်ချည်မောင်းချည် ဖြစ်နေသော အထက်ဆင့် အောက်ပိုင်းမှ ရင်သားလေးနှင့် ခင်သွယ့်မျက်နှာကလေးကို အတန်ကြာ အကဲခတ်မိပြီး–

'ပြောစမ်း၊ အသူတုံးဆိုသာ'ဟု ထပ်မေးသည်ကို–

'အစ်ကိုညို့ စုန်းမသမီး သေပီးသဲ့ နောက်ကျမှ အကျွန် ပြောမယ်'ဟု နေရာမှ ရေအိုးကို လှမ်းဆွဲပြီး ငေါက်ခနဲ ထွက်သွားတော့သည်။ မောင်ညိုလည်း တွေတွေကြီး ဖြစ်ကျန်ခဲ့တော့သည်။

ထိုအချိန်မှ စ၍ ခင်သွယ်သည် ထိုစကားကို စပ်၍မျှ အပြောမခံ၊ အမေးမခံတော့ပေ။ တစ်စစနှင့် နဂိုက ရဲရဲတင်းတင်း ပျော်ပျော်ရွှင်ရွှင် နေတတ်သူ ဖြစ်သောကြောင့် မောင်ညိုကဲ့သို့ပင် ဝမ်းနည်းစရာတွေ့လျှင် ခဏသာ စိတ်ဆင်းရဲခံပြီးလျှင် မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ကြံဖန်နေထိုင်တတ်သဖြင့် သုံးရက်ခန့် ရှိသွားလျှင်ပင် မည်သို့မျှ မဖြစ်သကဲ့သို့ မောင်ညိုနှင့် ရယ်လားမောလား၊ နောက်လားပြောင်လား ယခင်အတိုင်း လုပ်နေတော့သည်။ နောက်ဆုံး ဆယ်ရက်ခန့်အကြာတွင် ငတွန့်ဒဏ်ရာ အနာကင်း

တက်လာသဖြင့် နှုတ်ခွန်းဆက်သကြသည်အထိ မောင်ညိုနှင့် ခင်သွယ်ကား ငယ်မူမပျက် အခင်မင်မလျော့ ပြန်လာခဲ့နိုင်တော့သည်။

နှစ်ဦးသား စစ်ကိုင်းတွင် စီးလာသော မြင်းနှစ်ကောင်ကို ရောင်းပြီး ရသမျှငွေကို နေပြည်တော် မဟာမြတ်မုနိဘုရားကြီး အလှူခံသေတ္တာသို့ ထည့်သွင်း လှူဒါန်းခဲ့လျက်၊ သို့ လှူဒါန်းရသော ကုသိုလ်အဖို့ကို ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်ရရှာသော မြင်းရှင်နှင့် အဖော်နှစ်ယောက်တို့အား စေတနာသုံးတန် ပြဋ္ဌာန်းပြီး အမျှပေးဝေပါသည်။ သစ်ရာပင်နှင့် ကန့်ဘလူကြားရှိ ကျောင်းပျက်ကြီးတွင် မှီတင်းနေထိုင်ရစ်သော အစိမ်း တစ္ဆေ ပြိတ္တာ အသူရကာယ် ဘဝမှ လျင်စွာထုတ်ချောက် လွတ်မြောက်ကြပါစေဟု သာဓု အနုမောဒနာ ပြုခဲ့ကြသေးသည်။

၁၂၄၆ ခု နတ်တော်လဆန်း ခုနစ်ရက်နေ့ ညနေတွင် တံတားဦးသို့ ဓားပို တစ်လက်စီနှင့် ချောချောမောမော ပြန်ရောက်ကြသည်။ သေနတ်မရခဲ့မှု၍ ငွေနက်တွင် ဖေါင်က အမာရွတ်ကြီး၊ မောင်ညိုတွင် မေးဖျားက ဓားဦး ခြစ်ရာကလေးတွေကို အသီးသီး ယူဆောင်ခဲ့ကြခြင်း ဖြစ်တော့သတည်း။

*

အနန္တော အနန္တ ငါးဝဂ္ဂဏ်ရည် ပြည့်စုံညီလှသော မိဘနှစ်ပါး ဟူသည် ရင်ဒွဲဖြစ်သော သားသမီးကို မုန်းရိုး မရှိခဲ့ပေ။ မည်မျှပင် ဆိုး၊ မည်မျှပင် စိမ်းလင့်ကစား ပစ်သည်မရှိ၊ ပယ်မည် မဟုတ်ပေ။

နံ့သာပွဲစားကြီး လင်မယားတွင် သမက်ရွေးကောင်းလှသဖြင့် သမီးတစ်ယောက် လုံးလုံးကြီး ဆုံးရသည်ကို ယူကျုံးမရ ဖြစ်ခဲ့သည်မှာ ယခုနှစ်ကို ထည့်စစ်တွက်လျှင် သုံးခါလည်တင်းတင်း ပြည့်ခဲ့ပေပြီ။ အိမ်မှဆင်းပြီး လင့်လက်သို့ ပါသွားကတည်းက သမီးမျက်နှာကို ဖြူသည်၊ မည်းသည်ဟု တစ်ကွက်ကမျှ မမြင်ရခဲ့ရှာ။ သမီးကိုယ်တိုင်က အဘယ်အလိမ္မာဖြင့် သံမက်စိမ်းသည်ကို သူ့ပါလိုက်၍ တိမ်းနေသည်ဟု မသိရသော် လည်း၊ ယောက္ခမအိမ်၌ သမီးကလေးခမျာ တစ်နေ့တစ်ရက် တစ်နံနက်မျှ စိတ်စက်မသော မျက်နှာငယ်ရှာသည်ကို သားဖြစ်သူထံမှ ကြားသိရစဉ်က စ၍ ဒေါ်စပယ်တွင် မိုးလွန် ထွန်ချ သမီးလှကို သမက်ကြွထံ အပေးမှားလေခြင်းဟု ယူကျုံးမရ တသသဖြစ်ကာ အသားစား၍ အရိုးမတင်၊ အရိုးစား၍ အသွေးမဝင်၊ အသွေးသောက်၍ အေးပေါက်မမြင် ဖြစ်ခဲ့ရရှာ၏။

ထိုသုံးနှစ်လုံးလုံးလည်း သမီး၏ သတင်းပလင်းကို လူကြုံမိတ်ကြုံနှင့်သာ တစေ့ တစောင်း မေးစမ်းယူရသည်။ မောင်နောင်နှင့် သူတို့မှာ တစ်ယောက်နှင့်တစ်ဖက် စကား လက်ဆုံ မဖြစ်ရဘဲနှင့် တစ်ဦးနှင့်တစ်ဦး အံမကိုက်၊ ထင်ကြေး မဆိုက်နိုင်မှန်း သိရသော ကြောင့် သစ်စိမ်းချိုးပင် အဖြတ်ခံထားရသည်။ သမက်ကို ချစ်လည်းမချစ်ချင်၊ အချစ် လည်း သမက်က မခံချင်မှန်း မာန်မာနကလေး တလူလူလွင့်နေသည်ကို သဘောမကျ နိုင်ပါဘဲ "ငနောင်လူမှ မဟုတ်ဘဲ"ဟု တစ်ထစ်ချ အတွင်းကျိတ် ယူဆထားခဲ့နိုင်သော်

လည်း ခင်မို့အတွက်ကား မာရဲ့လား၊ ချာရဲ့လား၊ ဘယ်ဆီနေလို့ ဘယ်ဆီထိုင်ပါလိမ့် စသော သတင်းကိုပင် အရေးတယူ ကြားမှတ်နေရ၏။ ဒေါ်စပယ်မှာကား သမီး တစ်ယောက်အတွက် ဤမျှ သံယောဇဉ် အပူမီးပွား၍ တရားနှင့် ဝေးရသဖြင့် ဘဝအဆက်ဆက် သံသရာစက်လည်သရွေ့ ကာလပတ်လုံး ဖြစ်လေရာရာ ဘဝတာတို့တွင် သားသမီး မထွန်းကားရသောသူ ဖြစ်ရပါလို၏ ဟုပင် ဆုတောင်းမိချင်တော့၏။

ယခုလည်း ထိုအပူမီးဖြင့်ပင် ကင်းဦးသို့ ဒေါ်စပယ်နှင့် မောင်လွန်း၊ သားနှင့် မိထွေး နှစ်ဦး ရောက်လာကြခြင်း ဖြစ်သည်။ မောင်ညိုတို့နှင့် လေးရက်မျှသာ လူချင်းလွဲသွားသည်။

'သည်သမီးအတွက် ရတက် မအေးရပါဘူး ပန်းပဲဆရာကတော်ရယ်၊ သည်စိတ်နဲ့ပဲ ကျုပ်ဖြင့် အသေဖြောင့်မယ် မထင်ပါဘူး ယောင်းမကြီးရယ်။ မနှစ်က တစ်နှစ်လုံး မတ္တရာမယ် နေသယ်တော့။ မိဘရယ်လို့ တစ်ခါတစ်ခေါက် မရောက်ပါဘူး။ သည့်ကလောက် မိုက်တွင်းနက်လှပါသယ်။ အဲသည်းတုန်းဆီကပဲ သင့်မယ် မရှိသေ့စကား ဟိုသင်းဖြစ်သယ်။ ကလေးက သုံးလေးလ၊ သားလည်း သားဦးဆိုတော့ အသက်နဲ့နီးသွားသယ် ဆိုပဲ။ အဲသလောက် သမီးဖြစ်သာတောင် သမက်ဆီက ကြားရသာ မဟုတ်ပေါင်ပါတော်။ သင်းတို့ခေါ်သဲ့ ဝမ်းဆွဲဒေါ်ချုပ်က ကျုပ်တို့လက်သည်မို့ တစ်ဆင့်စကား ဖောက်သယ်ချလို့ သိရသာပါ။ ကျုပ်က ကြားကြားချင်း ဆိတ်စာကမှ မစောင့်ဘဲ ထလိုက်မယ်ကြတော့ သင့်အဘကိုယ်တိုင်က "သည်သမီး ရှိသယ်လို့တောင် နာမည်တူ မခေါ်ရဘူး ပြောထားသဲ့ဟာ၊ မင်း သွားရဲရင် သွားစမ်းပ ရှင်စပယ်၊ ဟာသည် ကျုပ်ဓားနောက် ရှင့်အသက် ပါသွားမနော"လို့ ကျုံးဝါးလို့သာပ။ အဲသလောက် စိမ်းကြပါသယ်တော်'ဟု မျက်ရည်မဆည်နိုင်ရှာ။ တရှုပ်ရှုပ် ငိုယိုလျက်က 'အဲသည်ကလေး ပျက်စီးကတည်းက သင့်လင်က သင့်ကို သာလို့ပင် ညှဉ်းဆဲသယ် ဆိုပ။ အကြားပဲလေ့၊ အဲသည်လို ညှဉ်းဆဲသယ် ကြားရတော့ ကျုပ်အသည်း ကွဲနေပေါ့ ယောင်းမရေ့ နော။ ကျုပ်အသည်းကွဲလေလေပဲ။ ဟို...မတ္တရာမယ် ဆိုတော့ကာ ကျုပ်တို့ဆီနဲ့ တပြေးတည်းရယ်မို့ ထစ်ခနဲဆို ကျုပ်အသိ စောနိုင်သယ်။ ခုတစ်ခါ သည်ဘက် ရွှေဘိုကို သင်းတို့ ပြောင်းရမယ် ဆိုတော့ကာ ကျုပ်နားကွယ်ရာ မျက်စိကွယ်ရာမို့ စိတ်မချနိုင်ဘူး အမိရဲ့။

'သင်းတို့ မိုက်ပေသည့် ကျုပ် မပြတ်ဘူးတော့။ သည်တော့ ယောင်းမရယ်၊ သင်းတို့ သည်ဘက်ဆီနေတုန်း တတ်နိုင်သဲ့ဘက်က သတင်းပလင်းလေး ဆိတ်စာလောက် ကြိုးစားပီး နာယူ၊ ကျုပ်တို့ သိပါရစေ ပန်းပဲကတော်ရယ်။ သင့်ယောက္ခမကြီးကလည်း သေလုမြောပါး နာမကျန်းနေပေမင့် အင်တန်ဆိုး ဆိုပဲ။ သည်တော့ သင်းကလေးအတွက် ကျုပ် သာ၍ပင် စိတ်မချဘူး။ သင့်အတွက် ဗေဒင်ယာယီ အိပ်မက်နိမိတ်ကလည်း တစ်ကွက်ကမှ မကောင်း၊ အင်တန် ညှံ့ဖျင်းနေသယ် အဟောထွက်ထားလို့ တတ်နိုင်သဲ့ဘက်က ဖေးဖေးမမ လုပ်ပေးကြပါ တော်ရို့'ဟု ဒေါ်စပယ်ကိုယ်တိုင် ရင်သွေးအတွက် အထပ်ထပ် မှာကြားသွားသည်။

ခင်မှုံ့ကိုယ်တိုင်လည်း အဘယ့်ကြောင့်မသိ၊ သူ့အမိနှင့် မရှေးမနှောင်း မပေါက်စဖူး ပေါက်လာ၊ သူ့မိခင်အတွက် မျက်ရည်စက်လက် ဖြစ်သွားပြီးနောက် ခင်သွယ်ကိုလည်း သူနှင့်လိုက်၍ အတူနေခွင့်ပေးပါဟု တောင်းပန်နေသည့်အတွက် ခင်မှုံတို့ ရွှေဘိုသို့ ပြောင်းခဲ့ပြီး နှစ်လခန့် အကြာတွင်ပင် ခင်သွယ်ကိုယ်တိုင်ကို ခေတ္တခဏ အလည်အပတ် သွားပို့ ပေးခဲ့ရလေသည်။

## ၃၉ | ရွာသူ့ လက်ချက်၊ လူထု အမျက်

ခေတ်ပြောင်းချိန် ဖြစ်သည်။ ခေတ်ကြီး ပြောင်းနေသဖြင့် လူတွေပြောင်းသည်ဟု မထင်။ လူတွေကိုက ပြောင်း၍သာ လူ့နောက်က ခေတ်လိုက်၍ ပြောင်းသည်ဟု ဆိုချင်ပါသည်။

ယောက်ျားပီပီ လက်ရုံးရည်ဖြင့် ဇာနည်သွေးစက် မြေသို့သက်အောင် ဓားချင်း ယှဉ်ပြိုင်၍ ခုတ်သည့်ခေတ်သည် လျင်မြန်စွာ ကွယ်ပျောက် တိမ်ကောလုနီးပြီ။ လက်ရုံးမဖက်ဘဲ ဉာဏ်ဝှက်ဖြင့် အဝေးမှချိန်ပြီး လူချင်းမဆိုင် လက်နက်ချင်းသာ ပြိုင်ရဲသော ခေတ်သစ် အရောင်သည် တပြောင်ပြောင် လက်၍ လာတော့မည်ဟု တွန်တို့ မသိသေးပေ။ တွန်တို့ သိသည်မှာ သေနတ်ရရန် ဖြစ်သည်။

သေနတ် ရရန်အတွက်ပင် တွန်သည် မိုးကုတ်၊ မိုင်းလွယ်တို့သို့ ရောက်နေခဲ့သည်။ ရောက်သည်မှာ ဆယ်ရက်ခန့် ကြာခဲ့ပေပြီ။ သေနတ်နှင့်ပတ်သက်၍ကား သတင်း အစအနမျှ မရ။ ပြင်သစ်လုပ် သေနတ်တွေ အရှေ့ယိုးဒယား(ထိုင်း)၊ ဝနယ်မှ တိတ် တဆိတ် ဝင်လာသည်ဟူသော သတင်းကောင်းမှာ တွန် ရောက်သောအခါ သတင်း ဟောင်း ဖြစ်နေလေပြီ။ ပြင်သစ်သေနတ် ဆို၍ ပြောင်းဖူး ချိန်သီးကိုပင် မမြင်မိပေ။

'မိုင်းလွယ်မှာ စတည်းချ။ သေနတ်ရအောင် ရှာ။ တစ်လလောက်ရှာရင် ရရမယ် အမှန်။ မရရင် ပြန်ခဲ့။ နောက်ထပ် ဘယ်မှ မရှာတော့ဘူးကွာ။ စိတ်ကျေနပ်ပြီ။ သည်တစ် သက် တို့တစ်တွေနဲ့ သည်လက်နက် ရေစက် မဆုံစည်းပါကွာလို့ မှတ်လိုက်ရမယ်ဟော့။ ပီးတော့....'ဟု အတန်ကြာ တွန့်၏ မျက်နှာကို ရှက်ကိုးရှက်ကန်းကြီး ကြည့်ရင်း 'ဒွေးမယ်ဆီလည်း တစ်နေ့တစ်ခေါက် အနည်းဆုံး သွားကြည့်ခဲ့ပါ့ ငါ့လူရာ'ဟု မောင်ညို ကြီး မှာလွှတ်လိုက်သည်။ တပို့တွဲ တပေါင်း ရွက်ဟောင်းတွေကြွေ ရွက်သစ်တွေ ဝေလို့ ပေါက်လဲတွေ အင့်စီစီ ကင်းကြပြီဆိုလျှင် မောင်ညိုကြီးမှာ မြောက်ဘက်တစ်ခိုသို့ တငေးငေး တမျှော်မျှော် အလွမ်းနာ ပေါ်တတ်ပေသည်။ ထိုနေ့ကလည်း ဝါခင်းထဲမှ အပြန် ကျွဲစားကျက်ကလေး တစ်ကွက်အနီး၌ အနောက်တောင်ကွယ်သို့ နေစွယ်ကလေး ညိုးစတွင် ခပ်သုတ်သုတ် လမ်းလျှောက်နေရာမှ တုံ့ခနဲ ရပ်တွေပြီး မောင်တွန့်အား အထက်ကအတိုင်း မှာကြားခိုင်းစေခြင်း ဖြစ်ခဲ့လေသည်။

တစ်စစနှင့် မိုင်းလွယ်တစ်ဝိုက် ရွာကြီးရွာငယ်များနှင့် ကသဲ၊ မိုးမိတ်တို့တွင်မျှ မက မြောက်ဘက် မြစ်ဆုံအထိပင် လိုက်လံ စနည်းနာခဲ့ရသဖြင့် သေနတ်မရသော်လည်း

အချိန်ကား တစ်လတိတိ ကြာနှောင်းခဲ့လေပြီ။ ပြန်ရန် သင့်ပြီဟု စိတ်ကူးထားခဲ့သော မောင်တွန်သည် ပြန်မည် နှုတ်ဆက်ရန်သဘောနှင့် ဒွေးမယ်တို့ တဲကလေးဘက်သို့ အိမ်မှ ထွက်ခဲ့သည်။ အချိန်ကား မွန်းလွဲ နှစ်ချက်တီးခန့် ဖြစ်၏။

ဒွေးမယ်ကို စကားပြောဖို့ ဝေးစွ၊ မျက်နှာချင်းပင် မဆိုင်လိုအောင် အသည်းစွဲ တစ်ယူသန်ဖြင့် မောင်တွန်တို့က မျိုးနှင့်ချိ၍ မုန်းခဲ့ကြလေသည်။ ဒွေးမယ်ကလည်း သိသည်။ ဒေါ်နော်ဇာအတွက် ဥပါဒါန်ဖက်ကြမှန်းလည်း ဒေါ်နော်ဇာကိုယ်တိုင် သိချင်မှ သိမည်။ ထိုအချက်ကို ဒွေးမယ် ကောင်းကောင်းသိလေသည်။ အထက်ထက်က အဖက်ပြု၍ပင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖူးခဲ့ကြ။ အတူတကွ တစ်ရွာတည်းနေ၊ တရေတည်း သောက်ခဲ့ကြသော်လည်း လူမှန်းသိစဉ်မှ စ၍ ဖွဲ့ဖြင့် အတွင်းစိတ် ငြိုးခဲ့ကြသည်။

သို့စဉ်လျက် အလွန်ပင် ချစ်သော သူငယ်ချင်း မိတ်ဆွေဖြစ်သူအား သက်ညှာလျက် သဘောကြီးရသူနှင့် ချစ်သူထံမှ အထောက်အမေး လွတ်သည်ဟု အမုန်းကြီးဖြင့် မုန်းသမျှ အမုန်းကို အချစ်ဖြင့်ဖျောက်ရသူ တွန်နှင့် ဒွေးမယ်တို့မှာ 'ဩော် နင်လား'

'အိမ်း'ဟု တွန်က ကွမ်းတစ်ယာ၊ ဆေးတစ်လိပ်သောက်၊ တစ်ခါတစ်ရံ ထမင်းအိုး တစ်လုံးချက်ခန့် အိမ်ကပြင်တွင် သူ့ဘာသာ ထိုင်၊ ဒွေးမယ်ကလည်း လုပ်စရာရှိ သူ့ဘာသာ လုပ်နှင့် နေကြပြီး 'ပြန်မဟေ့'

'အိမ်း'ဟု နှုတ်ဆက်ပြန်ခဲ့သော အခြေသို့ ရောက်ခဲ့ကြတော့သည်။ သူတို့နှစ်ဦးမှာ ထိုမျှထက် ပို၍လည်း မပြော၊ ပြောစရာလည်း မရှိပေ။ ပြောလည်း မပြောချင်ကြပေ။

တစ်လကျော်ကျော် ကြာသောအချိန်အတွင်း မောင်တွန် မိုင်းလွယ်တွင်ရှိလျှင် ရှိသည့်နေ့တိုင်း တစ်ခေါက် အနည်းဆုံး မှန်မှန်သွားသည်။ အထက်ထက်က အကြောင်း သိ သူတို့က ထူးခြားလှချေ့ဟု ခနဲ့သည်ကိုလည်း ဂရုမစိုက်ပေ။ သူ ဂရုစိုက်ရန်မှာ ယုံကြည် လေးစားစိမ့်သောဌာ အထပ်ထပ်မှာကြားသော မိတ်ဆွေ၏စကားပင် ဖြစ်ပေသည်ဟု ခနဲ့သူတွေကို ဘာမျှပြန်မပြောဘဲ ပြုံးစေ့စေ့ နေခဲ့တတ်သည်။ ရွာတွင်းမှမှု ဒေါ်နော်ဇာ့ သတင်းကို အထူးတလည် ကြားရသည်။ ကြားရသမျှလည်း များစွာဆိုးရွား၍ ဒေါ်နော်ဇာ တစ်နေ့ထက်တစ်နေ့ ကြမ်းလာသည်။ တစ်ရွာလုံးလည်း ငြီးလွန်းလှပြီ။ ဒုက္ခရောက်မည့် နေ့တော့ နီးနေပြီ ဟူသည်တို့သာ ဖြစ်တော့၏။

သို့ နှုတ်ဆက်ရန် မောင်တွန်သည် ရွာလယ်မှဖြတ်ပြီး လျှောက်လာရာ ကြေးထမ်းကြီး အိမ်ရှေ့သို့ရောက်လျှင် ကြေးထမ်းကြီးက ခေါ်ပြီး စကားစမြည် ပြောနေသည်။ အဘိုးကြီးမှာ ယခင် မောင်ညိုနှင့် ဖြိုးတို့ မှူးမှူးရှူးရှူးနှင့် ရွာသို့ ပထမဆုံး တစ်ခေါက် ရောက်လာပြီး သူ့အား ကြေးထမ်းကြီး၊ ကြေးထမ်းကြီးဟု အာလုပ်သံကြီးဖြင့် နှုတ်ဆက် ပန်ကြားသွားသည်ကို ယနေ့တိုင် သဘောတွေ့၍ မဆုံးသူ ဖြစ်သောကြောင့် မောင်တွန်မှာလည်း မောင်ညိုနှင့်အတူ လိုက်နေသည်ကို သိထားပြန်ရာ မောင်ညိုကြီး သဘောကောင်း၊ ရက်ရော၊ ပျော်ပါး၊ ရဲရင့်ပုံတို့ကို စကားလက်ဆုံ တွန်နှင့် ကျနေ

တော့၏။ စကားကောင်းနေခိုက်တွင်ပင် ၎င်းအိမ်နှင့် မျက်စောင်းထိုး မကျတကျ ခားလွယ်ခုတ် အိမ်တစ်အိမ်သို့ လူဝင်လူထွက် များသည်ကို မောင်တွန် မြင်ရသည်။

'သာနဲ့ စကားမစပ်၊ ဟို ခွန်စံတို့အိမ်ဆီ ပဇာကိစ္စများ ဖြစ်နေတုံးဗျ။ တစ်နေ့က အရီးကတော့ သင့်သမီးလေး အတန်ပဲ ဖြစ်နေဆိုသာများ၊ ဖွ လွဲစေ ဖယ်စေ'ဟု ငတွန် အမှတ်မထင် မေးသဖြင့် လူကြီးမင်းက–

'ခက်သာပဲကွာ၊ ရွာမလည်း သင်းအတွက်က တစ်မျောင့်ကွယ့်။ ကြာလေ မျက်နှာထားရ ခက်လေပဲ။ သင့်သမီးလေး ကြားထဲက အနေခက်ရှာသယ်'ဟု ပြောသည်။ မောင်တွန်က လုံးလုံး နားမလည်သေးသည့်အတွက် 'ဗျာ'ဟု ဆိုပြီး–

'ပဇာတုံး၊ သင်းတို့လူနာ ရိုးရိုး မဟုတ်ဘူးလား ဗျာ'

'ရိုးရိုး မဟုတ်သမှ အတန်ကို ဆိုးနေသယ် ဆိုပဲ။ ဟိုဘက် ပျဉ်လေးပင်က အထက်ဆရာကြီးများ ဂိုဏ်းဝင် နာမည်ကျော် ဆရာတုတ်ကိုတောင် ပင့်ကုနေရသာပဲ။ ခါစာတို့၊ ပဇာတို့လည်း ကျွေးသယ်... စုံလို့ပဲ။ ရွာသူ ကပ်နေသယ် ဆိုပြီး ပညာနဲ့ ခါမေးသယ်။ မေးလည်း မေး မေးပဲ၊ ပညာတောင် ပြိုင်ချင်သေးလို့ ဆိုသွား ထင်ပါ့။ အဲသာနဲ့ ကနေ့တော့ တောင်းပန်လို့ ရရင်ရ၊ မေတ္တာနဲ့မှ ဆုံးမလို့ မရသဲ့ရင် အကြမ်းဖက် ပီး နိုင်ရာနဲ့ ကျိုးနွံအောင် သတ်ရမယ် ဆိုထားသာပဲကွယ့်'ဟု ပြော၍မှ မဆုံးမီ လူမမာ အိမ်သို့ တက်ဆင်း ဝိုင်းအုံနေကြသူတွေအားလုံး ရှဲခနဲဖြစ်သွားပြီး မရှေးမနှောင်းပင် တိတ်ဆိတ် ငြိမ်သက်နေသော ရွာကလေးအတွင်းသို့ အိမ်ကြမ်းပြင်ကို ကြိမ်ဖြင့် တရွှမ်းရွှမ်း လွှဲလွှဲ ရိုက်နှက်သံသည် ရုတ်တရက် ထိုးဖောက် ပျံ့လွင့်သွားတော့သည်။

'သွားကြည့်ချင်သေးစ'ဟု လူကြီးက နားစွင့်နေရာမှ မေးသည်ကို 'ကြည့်ချင်ပါဘူး လဗျာ'ဟု သက်ပြင်းကြီးချရင်း ဆက်လက်၍ 'အတန်လည်း ခက်ပါ့ဗျာ'ဟု ညည်းညူကာ နေရာမှ ထ ခဲ့ရသည်။

လေးလံသောစိတ်ဖြင့် မောင်တွန်သည် ခေါင်းငိုက်စိုက်ချပြီး ဒွေးမယ်တို့ တဲဝိုင်းကလေးသို့ ဝင်ခဲ့၏။ လူကြီးအိမ်မှ မြင်ခဲ့ရ၊ ကြားခဲ့ရသမျှကို သတိရနေသေးသော်လည်း ဒွေးမယ် မိခင်ကိုကား သီးခြား၍ အမှတ်မထင်ခဲ့ပေ။ သို့ မထင်ခဲ့သောကြောင့် မောင်တွန်သည် ရုတ်တရက်မြင်ရသော အခြင်းအရာအတွက် ဣန္ဒြေမဆည်နိုင်အောင် အံ့အားသင့်သွားတော့သည်။

'ရို့ ငတွန်၊ စောလှချေ့လား'ဟု ဒွေးမယ်က အိမ်ဘေး တမာပင်အောက်ရှိ လက်ဆေးပြင်ကလေးတွင် လက်ဆေးနေရာက မောင်တွန်အား လှမ်းနှုတ်ဆက်မှ မောင်တွန်သည် ဒွေးမယ်ကို မြင်ခြင်း ဖြစ်သည်။

ဒွေးမယ့်လက်တွင် နန္ဒင်းဖြင့် ဝါကြန်နေသည်ကို ငတွန် သွားတွေ့မိတော့၏။

မောင်တွန်သည် ပြန်၍မပြောနိုင်မီ ဒွေးမယ့်လက်တွေကို တွေတွေကြီး ငေးနေပြီးမှ ဒွေးမယ့်မျက်နှာကို စေ့စေ့ကြီးကြည့်ကာ 'နင့်အမိ ရှိလား'ဟု မေးလိုက်သည်။ ဒွေးမယ်က မောင်တွန့်အား စေ့စေ့ပင် ပြန်ကြည့်၍ ရေဆေးပြင်တွင် လက်မှ ရေကို ခါရင်း

'ရှိသားပဲ၊ ခုတွင် ကိုယ်လက်ကိုက်သယ်ဆိုလို့ ကျုပ် ချင်းစိမ်းနဲ့မိသလင်၊ နနွင်းတက်ကြိတ်ပီး လိမ်းပေးခဲ့ရသေး'ဟု ပြောသည်။

မောင်တွန် အသက်ရှူမှန်အောင် မနည်းကြိုးစားယူရသည်။ ခေတ္တသော် ဘာမျှမလုပ်ဘဲ နေရာတွင်ကြောင်ပြီး နေမိသည်။ ပြီးမှ ဒွေးမယ်က စတင်၍ မောင်တွန်ကို မျက်မှောင်လေးကုတ်ကြည့်လျက် 'ပဇာ လုပ်မလို့တုံး'ဟု မေးသည်။

'မလုပ်ပါဘူး၊ ငါ ပြန်ဖို့ နှုတ်လာဆက်သာပဲ'ဟု ဖြေရရှာ၏။

'ဟင် မြန်လှချေ့၊ ဘယ်တော့တုံး'ဒွေးမယ် မျက်ရည်စို့၍ လာသည်။ အသံလည်း တုန်သွားသည်။

'ပဇာ မှာချင်သေးတုံး'ဟု ဤတွင်မှ အသံမှန်သည်။ ပြီးမှ—

'နက်ဖြန်မနက် စောစောပြန်မယ်'

ဒွေးမယ်က ခေတ္တ တွေတွေလေး ရပ်နေသည်။

'ထူးထူးထွေထွေတော့ မှာစရာ မရှိပါဘူး။ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့၊ သူ့ကို တစ်နေ့မှ ဆိတ်စာမှ မမေ့ပါဘူးလို့'ဟု ဣန္ဒြေမဆည်နိုင်တော့ဘဲ မျက်ရည်တွေတွေ ကျကာ မောင်တွန့်ကိုလည်း မရှက်နိုင်တော့သလို ချုပ်တည်းမရရှာပေ။ မောင်တွန်လည်း ခေတ္တကြည့်နေရာက 'အိမ်း....ကောင်းပီ'ဟု ဆိုကာ နေရာမှ လှည့်ထွက်ခဲ့တော့သည်။

အိမ်အထိ သုတ်သုတ်ပြန်သွားလျက် လမ်းတွင် မည်သူ့မျှ စကားမပြောခဲ့။ အိမ်ရောက်လျှင်လည်း နက်ဖြန် ပြန်ရန်အတွက် အစစအရာရာ အရန်သင့်ဖြစ်အောင် ပြင်ဆင်ထုပ်ပိုးရင်း ညစာ စားသောက်၊ ရေမိုးချိုး၊ ဘုရားဝတ်ပြုပြီး အိပ်ရာသို့ ထိုးဝင်လိုက်တော့၏။

သက်ကြီးခေါင်းကျ အချိန်ခန့်ရောက်မှ အအိပ်ဆတ်သော မောင်တွန်သည် အိမ်ရှေ့ကပြင်မှနေ၍ တံခါးပုတ်ကာ နာမည်ကို ခေါ်နှိုးနေသူ တစ်ယောက်အသံကို ကြားရသည်။ နှိုးသူမှာ အရေးကြီးလှပုံဖြင့် ကမန်းကတန်းနိုင်လှပုံ ပေါ်သောကြောင့် အသံကို ကောင်းကောင်းမကျက်မိသော်လည်း ဓားဆွဲ၍ ထလျက် တံခါးဖွင့်ပေးလိုက်သည်။

အပြင်ဘက် လရောင်တွင် ငပုကို တွေ့ရသည်။ ငပုသည် တံခါးပွင့်သည်နှင့် တစ်ပြိုင်နက် ငတွန့်အား လက်မောင်းမှ ကိုင်ဆွဲကာ 'သုတ်သုတ် လုပ်ပါ၊ မြင်း....မြင်း...'ဟု ပြောသဖြင့် ဘာမျှနားမလည်သေးသော ငတွန်က လက်ကို ရုန်းဖြုတ်ရန် ကြိုးစား၍ 'ပဇာတုံးကွ ငပုရ၊ ပဇာ မြင်းရမတုံး'ဟု မေးရသည်။

'လုပ်ပါ၊ သတ်ကြတော့မယ်ဗျ'

'အို သည်အကောင် ပဇာဖြစ်လာပြန်တုံး။ သူတကာ အိပ်မောကျသဲ့ အချိန် မတော်မယ် ပဇာတုံးကွ၊ ပဇာ သတ်ကြမှာတုံး၊ မင့်ဟာ'ဟု စိတ်မရှည်တော့မှ—

'ဒွေးမယ်တို့ သားအမိ.....'

'ဟင်'

'ဒွေးမယ်တို့ သားအမိကို ရွာထဲက ခွန်စံတို့တစ်စု တောထဲ ခေါ်သွားကြပြီ။ မီးနဲ့ တိုက်သတ်မယ်သဲ့၊ မြန်မြန်လုပ်ပါ'ဟု ခြေမကိုင်မိ လက်မကိုင်မိ ပြောတော့သည်။

မောင်တွန်လည်း ဤတွင်မှ 'ဟော ဟုတ်စ'ဟု မေးပြီး ငပုက 'ဟုတ်သယ်၊ သုတ်သုတ် လုပ်ပါ ကိုရင်ရဲ့'ဟု ဆိုသည်နှင့်တစ်ပြိုင်နက် အတွင်းပြန်ဝင်၊ မျက်နှာသုတ် ပဝါ တစ်ထည်ပေါင်း၊ အရိုးဖြစ်သူကို နှိုး၍ တံခါးပိတ်ရန် မှာကာ၊ မြင်းကုန်းကို ဆွဲထုတ်ပြီးလျှင် မြင်းပြင်တော့သည်။

ငပုကို ညောင်းမှာထား၍ ငပုပြောရာ ပြရာသို့ အတင်းဒုန်းစိုင်းပြီး လိုက်ခဲ့သော မောင်တွန်တွင် နောက်က ငပု ပြောလိုက်လာသမျှကို နားထောင်ရင်း ရင်တဒုန်းဒုန်း ခုန်နေတော့၏။

'နေ့လယ်က ခွန်စံ့သမီးကို ကုသဲ့ အထက်လမ်း ဆရာက ရွာသူကို ကြိမ်နဲ့ရိုက် သယ်။ ရိုက်တော့ ရွာသူက နင်တို့ရိုက်လည်း အပိုပဲဟော့... မှားကြမနော၊ အတန်ကြာ ငါလက်လွှန်တော့ အဆိုးမဆိုနဲ့နော လို့ ကြုံးဝါးသသဲ့။

'ကြိမ်ရိုက်လည်း ပီးရော ကလေးလည်း အသက်ကုန်ရောသဲ့။ ဆရာရော ကလေးမိဘကရော ဒေါသဖြစ်သွားကြသယ်။ ခွန်စံကိုယ်တိုင် သင်း အသည်းစွဲချစ်သဲ့ သမီးကိုသတ်သဲ့ ရွာသူကို လက်စားချေမယ်၊ သူတကာလို ဆေးနဲ့ဝါးနဲ့တော့ မလုပ် နေတော့ဘူး ဆိုပီး ရွာသူလို့ သမုတ်သဲ့ အိမ်စေ့လိုက်ကြည့်သယ်။ ကြည့်တော့ကာ ဒွေးမယ့်အမိကို အိမ်ထဲမယ် နနွင်းတွေ လူးထားရက် တွေ့သဲ့အတွက် တစ်ခါတည်း ဒေါသူပုန် ထ သွားကြသယ်သဲ့ ကိုရင်ရ။

'အဲသာနဲ့ ညနေတုန်းက ခွန်စံတို့ ဆွေမျိုးစုရော၊ ရွာထဲက အနာဂတ်ထားသဲ့ လူတွေရော၊ စုစုပေါင်း သုံးလေးကျိပ်လောက် ရှိသဲ့လူတွေ ဒွေးမယ်တို့တဲကို တိတ်တဆိတ် ဝိုင်းပီး သင်းတို့သားအမိကို ဖမ်းဆီးခေါ်သွားကြသယ်။ အရှေ့ဘက် ချောင်းချိုး ညောင် သုံးပင် ကွက်လပ်မယ် မီးပုံရှို့ကြမယ်လို့ ဆိုပဗျာ။ အကျွန်လည်း စောစောကမှ သိရသယ်။ သိသိချင်း အစ်ကို့ဆီ ပြေးလာသာပဲ။ လုပ်ပါ ကိုရင် ... သုတ်သုတ်'ဟု ငပုသည် မြင်းညောင်း ဆောင့်သည်ကိုမျှ မနာနိုင်၊ တောထဲသို့ မှောင်နှင့်မည်းမည်း အရမ်းတိုး ဝင်ရသဖြင့် သစ်ကိုင်း၊ သစ်ရွက်၊ ဆူးချုံ စသည်နှင့် တိုက်မိ ခိုက်မိ ခြစ်မိသည်ကိုလည်း သတိမထားနိုင်အောင် ဇောနှင့် ပြောလိုက်ရှာသည်။

တပေါင်းလဆန်း ငါးရက်ညဥ့် ဖြစ်သောကြောင့် လခြမ်းကွေးကလေးမှာ ဝင်လု ဆဲဆဲဖြင့် တောတန်းလေးတွင် တဲတဲလေး တင်နေသည်။ တစ်တောလုံးကား ချည့်နဲ့သော လရောင် မဝင်နိုင်သဖြင့် ညို၍မည်းနေတော့၏။ နှင်းရည်များ ရွှဲပြီး အောက်သို့ လေးကိုင်း ညွတ်ကျနေသော သစ်ပင်ကြီးများမှာ မြင်းလည်ပင်းကို ကပ်ပြီး မျက်စိစုံပြူး၍ စီးရသော မြင်းစီးရှေ့မှ ကာလိုက်ဆီးလိုက်၊ တိုက်လိုက်ပုတ်လိုက် လုပ်ကြသည်။ ထိုထက်လည်း မောင်တွန်တို့ မြင်းဒုန်းစိုင်းနေသော တောင်နှာမောင်းကလေးပေါ်တွင် ထင်းရှူးပင်အုပ်များ ဖြစ်ထွန်းနေလေရာ ထင်းရှူးကိုင်းတွေမှ ဆူးချွန်တွေတွင် မျက်နှာ၊ လည်ပင်း၊ လက်မောင်း၊

ပေါင်၊ ရင်ဘတ် မကျန် တစ်ကိုယ်လုံး ခြစ်မိ ရှမိကြသည်။ လူတွင်မက မြင်းပင်လျှင် တစ်ခါတစ်ရံ အတင်း ပတတ်စုံ ထိုးထိုးရပ်တော့၏။ တောကောင်၊ သားကောင်တွေ အသံကိုလည်း မကြားမိ။ နှင်းအိနေသော သစ်ပင်သစ်ရွက် တောနံ့တောင်နံ့ကိုလည်း သတိမပြုမိဘဲ တွင်တွင်သားသာ ဒုန်းနှင်ခဲ့လေရာ မြင်းကြီးမှာ စီးသူနှစ်ယောက်နှင့် အတူ ညောင်သုံးပင် ချောင်းချိုးသို့ တရှဲရှဲ တရှူးရှူးရောက်သောအခါ ပထမဆုံး သစ်ပင် တွေထဲသို့ အတင်းထိုးဝင်နေလုနီးပါး မီးတောက်ရဲရဲကြီးကို တွေ့ကြရတော့သည်။

မောင်တွန်သည် မြင်းနှင့်ပင် မီးရောင်ရဲရဲကို နောက်ကျောခံလျက် မည်းမည်းကြီး မြင်သော လှုအုပ်အနီးထိ ဝင်ခဲ့သည်။ လှုအုပ်အနီးသို့ ရောက်မှ မြင်းကို ဇက်တုံ့၍ ထားသည်တွင် မြင်းကြီးလည်း ပတတ်စုံကန်ပြီး နောက်သို့ တစ်ပတ်မျှ လည်သွားသည်။ ငပုမှာ ငတွန့်ကုန်းကို အတင်း မြဲမြဲဆုပ်ထားပြီး မြင်းပေါ်မှ မကျအောင် ကိုင်ထားသည့် တိုင် လက်မမြဲသောကြောင့် ရောက်ရာမှာ အောက်သို့ လိမ့်ကျသွားရှာသည်။ အောက် ရောက်မှ မြင်းခြေထောက်နှင့် တက်မနင်းမိအောင် လျင်မြန်စွာ ရှောင်တိမ်းပြီး ရပ်ရ၏။

မောင်တွန်ကား ငပု ကျသွားမှန်းပင် မသိလိုက်ပေ။ မြင်ရသော အခြင်းအရာက စိတ်ကို ချက်ချင်း အာရုံဆွဲထားလိုက်သည်။

လူအုပ်ကြီးမှာ စိတ်အားဖြင့် လေးငါးဆယ်ထက် နည်းမည် မထင်။ အားလုံး လူစေ့တက်စေ့ ဓား၊ လှံ၊ တုတ်၊ ဝါးဆစ်ခေါင်းပိတ်၊ ဒူးလေး၊ နှစ်ဖက်ချွန်၊ လောက်လေး စသည့် လက်နက်စုံ၊ တစ်ကိုယ်တစ်လက် အနည်းဆုံး ကိုင်ဆောင်လျက် မျက်နှာတွင်ကား နီရဲသော မီးရောင်ဟပ်နေရာတွင် စိန်းစိန်းကြီးကြည့်ကာ ခက်တရော် ကြမ်းကြုတ်လှ သည်။ သူတို့အားလုံးမှာ ညောင်ပင်ကြီးသုံးပင် ဖိုခုံလောက်ဆိုင် ပေါက်နေသော ချောင်း ကလေး ထောင့်ချိုးချိုးကွေးရာ ကွက်လပ်ကလေးအပြည့် အလယ်က မီးပုံကြီးတစ်ပုံကို ဝိုင်း၍ မီးပုံအနီးရှိ အခြင်းအရာအား အာရုံစူးစိုက် ကြည့်နေကြ၏။

မီးပုံကြီးကား လှည်းနှစ်စီးစာမျှမြင့်သော တောထင်း သစ်ပင်ပေါက်စ အကိုင်း ကြီးများကို ချုံ ချိုင် ခုတ်ချိုး စုပုံ၍ ရှို့ထားသည်။ လူကြားမှ မြောက်လေဖေ့တိုင်း မီးတောက်ကြီးမှာ မီးလျှာ၊ မီးစွယ်၊ မီးညွန့်ကြီးတွေကို ဘယ်ညာတိမ်း၍ လေငြိမ်လျှင် ညောင်ပင် အလယ်ကိုင်းများခန့်အထိ မီးလျှာ လှမ်းလျက်နေသည်။ ညောင်ရွက်များမှာ မီးပုံဘက် အကိုင်းများမှ တချွတ်ချွတ် တချပ်ချပ် နွမ်းပြီး ကြွေနေသည်။

မီးပုံနှင့် ဝါးတစ်ရိုက်ခန့်တွင် လူခြောက်ယောက်ခန့် ဓားကိုယ်စီဖြင့် ဒွေးမယ်တို့ သားအမိအား တစ်စုံဟစ်ရာ ပြောနေသည်။

ငတွန်သည် ဒွေးမယ့်မျက်နှာကို ဦးစွာ တန်းခနဲ မြင်မိ၏။

ဖြူဖွေးသော မျက်နှာလေးမှာ မီးတောက်ဖြင့် ရဲချည် ဝင်းချည် အရောင်ရိုက် ကစားခံနေ၏။ မျက်လုံးလေးများကား ဝိုင်းစက်၍ နှုတ်ခမ်းကလေးစေ့ကာ တစ်ကိုယ်လုံး မှုန်းငြိမ်နေ၏။ မြင်လျှင်မြင်ချင်းပင် မောင်တွန် သတိပြုမိခြင်းကား ဒွေးမယ်မှာ ကြောက် သွေးဖြန်းနေသဖြင့် မျက်တောင်မျှ မခတ်ရဲအောင် ကြက်သေ သေနေရှာခြင်း ပေပင်။

ဒေါ်နော်ဇာကား မျက်လုံးတွေ မှိတ်ထား၏။ ဖြူဖွေးသော ဆံပင်မှာ ရင်ရှားထားသော မဲထဘီပေါ်တွင် မီးရောင်ရဲရဲဖြင့် ထင်းထင်းကြီး ဖြစ်နေသည်။ ဇေ့ကာ ကွေ့ကာ တိုက်နေသော မြောက်လေပြည်တွင် ဆံပင်တွေ ကပိုကရိုမှာ ဒေါ်နော်ဇာ၏ မျက်နှာပေါ်၌ ကျဲတိကျဲတောက် လွင့်၍ ဖုံးလွှမ်းနေသောကြောင့် သူ့မျက်နှာဟောက်ပက်ကို တွေ့နှ် ကောင်းကောင်း မမြင်ရပေ။ သူ့လက်ကိုသာ မြင်ရ၏။ မြင်ရသောလက်မှ လက်သီးဆုပ်နှစ်ဆုပ် ဖွင့်ချည်တင်းချည် ပြုနေသည်။

နှစ်ယောက်စလုံးကို သစ်ငုတ်တစ်ငုတ်စီတွင် မတ်ရပ် လက်ပြန် ရင်ခေါင်းမှ ခြေမျက်စိအထိ နွားချည်ကြိုးကြီးများဖြင့် ချည်တုပ်ထားသည်ကို တွေ့ရတော့သတည်း။

## ၄၀ | အငြိုး၊ အသက်နှင့် ကတိ

အလုံးစုံသော အခြင်းအရာကို စေ့စပ်စွာ ကြည့်ပြီးမှ မောင်တွန်သည် တွေတွေကြီးငေး၍ စဉ်းစားနေ၏။ စဉ်းစားပြီးလျှင် မြင်းပေါ်မှ ဆင်းလိုက်လေသည်။ ဤတွင်မှ ငပု မြင်းအောက် ရောက်နေနှင့်မှန်း သိရသဖြင့် ငပုထံ ဘာမျှ မပြောအားဘဲ မြင်းဇက်ကြိုးကိုသာ ထိုးအပ်၍ ကုန်းထိပ်မှတားကို ပခုံးတွင် ပြောင်းလွယ်ပြီးလျှင် 'မင်း သည်ဆီက စောင့်နေရစ်' ဟု ခိုင်းသည်။ ငပုတွင်လည်း အခြင်းအရာ အလုံးစုံကို မြင်ပြီး ဖြစ်လေရာ 'အကျွန်လည်း လိုက်မယ် ကိုရင်'ဟု ပြင်သည်။

'မလိုက်နဲ့၊ အပိုပဲ'ဟု ပြောရစ်ကာ လူအုပ်ကြားသို့ တိုးဝင်သွား၏။ မကြာမီ လူအုပ်အလယ် မီးပုံအနီးသို့ ရောက်သွားသည်။ ရောက်သည်နှင့်တစ်ပြိုင်နက် ဒွေးမယ်ကို ချည်ထားသော ငုတ်နှင့် မလှမ်းမကမ်းက ရပ်နေသည်။ ထိုနေရာမှာ မီးတောက်အရှိန်ဖြင့် ချက်ချင်း ပူရှိမ်းနေသည်။ ဒွေးမယ့်နဖူးမှ ချွေးသီးများ စီးကျ၍ ဝတ်ထားသော ဖျင်အင်္ကျီနှင့် မဲထဘီမှာလည်း မီးဖြင့် သွေ့၍ ကြွပ်နေသည်ဟု တွေ့န် ထင်မိ၏။

လူတစ်စုလုံးမှာ တွေ့န်အား ထူးထူးခြားခြား ဂရုမထားနိုင်ကြ။ တွေ့န်မှန်း သိသူလည်း သိကြမည်။ ထို သိသူများကပင် သူ့ထက် အရေးကြီးသော အခြင်းအရာတွင် သာ၍ အာရုံစိုက်နေကြသည်။ လူစုကြီးကား တွေ့န် ဒွေးမယ်နား ရောက်ပြီး မရှေးမနှောင်းပင် ရှို့တော့ဟော့၊ မီးထဲ ထည့်တော့၊ မီးကောင်းပီ စသည်ဖြင့် ဆူညံအော်ဟစ်စ ပြုကြသည်။

တစ်တောလုံးကား ထိုအသံများဖြင့် ပဲ့တင်ဟည်းသွားသတည်း။

မောင်တွန်သည် ဓားကိုင်၍ လက်ပိုက်ကာ ရောက်ရာတွင် တွေပြီး ရပ်နေရာ ဒွေးမယ်က သူ့ကို မြင်ဟန် မတူပေ။ သူ့ကိုမျှမက ဘာကိုမျှ မြင်မည်မထင်။ မှင်တက်မိနေသကဲ့သို့ ဖြစ်နေရှာသည်။

ခေတ္တနေမှ ခေါင်းကလေး ဆတ်ကာ မျက်တောင်ခတ်ပြီး ဟိုသည် ကြည့်သည်။ အိပ်မက်နေရာမှ လန့်နိုးသည်နှင့်မခြားလှပေ။ ထိုခဏတွင်ပင် ဆူညံစွာ ဟစ်ကြွေးနေသူ

တွေ ဘက်သို့ မီးပုံအနီးမှ လူစုက 'အိမ်း အိမ်း ထည့်တော့မယ်ဟော့၊ ထည့်တော့မယ်'ဟု ပြော၍ ဒေါ်နော်ဇာကို ချည်ထားသော ငုတ်အနီးသို့ ဝိုင်းအုံလာကြသည်။

မောင်တွန်သည် ဒွေးမယ်ကို မကြည့်နိုင်။ ဒေါ်နော်ဇာထံသို့ အသက်ပင့်၍ ကြည့်နေရသည်။ ဒေါ်နော်ဇာအား ကြိုးများဖြင့် တစ်ကိုယ်လုံး တင်းကျပ်နိုင်မြဲစွာ ချည်တုပ်ထားရာ သေးငယ်သော ကိုယ်ကလေးမှာ ငုတ်နှင့်တသားတည်း ညပ်ပြီး ကပ်နေသည်ဟု ထင်ရသည်။ ဆုပ်ချည် ဖွင့်ချည် နေသော လက်သီးဆုပ်နှင့် ဘယ်ညာ တိမ်းယိမ်းနေသော ခေါင်းဆံဖားဖားကြောင့်သာ အဘွားအို ခန္ဓာကိုယ်မှာ အသက်လှုပ်နေ သေးမှန်း သတိပြုမိနိုင်၏။

ဒေါ်နော်ဇာ့ အနီးတွင် လူစုက ငုတ်ကို အမြစ်ခြေမှ ဆွဲ၍ နုတ်ထုတ်ကာ ခေါင်းဘက်တစ်စု၊ ခြေဘက်တစ်စု ကိုင်မြှောက်၍ လူအုပ်ထံသို့ မပြီး ယူသွားသည်။ လူအုပ်ရှေ့နားတွင် တစ်ပတ်ခန့် လှည့်ပြပြီးမှ မီးပုံအနီးသို့ ပြန်ယူခဲ့ကြသည်။ ဒွေးမယ်သည် မီးပုံနားအထိ မိခင်အား စူးစိုက်ကာ လိုက်၍ကြည့်သေးသော်လည်း မီးပုံအနီးတွင် ပခက်လွှဲသကဲ့သို့ အားယူလွှဲနေသောအခါတွင် မျက်နှာကို တစ်ဖက်သို့လှည့်၍ ထားလိုက်တော့သည်။ ဒွေးမယ်မျက်နှာ လွှဲလိုက်သည်နှင့် တစ်ပြိုင်နက် လူစုထံမှ ငယ်သံပါအောင် ကြွေးကြော် အော်ဟစ်လိုက်သော အသံနှင့်အတူ ဒေါ်နော်ဇာအား ငုတ်နှင့်တကွ မီးတောက်ဝသို့ ပင့်ပြီး မြှောက်ထည့်လိုက်ကြတော့သည်။

မောင်တွန်သည် သက်မပင့်ပြီး ငြိမ်သက်စွာ ကြက်သေ သေနေသကဲ့သို့ လူစုကြီး တစ်စုလုံးလည်း ချက်ချင်း ငြိမ်သက်သွားလေရာ၊ လေဖြေ့ရာ၌ တဝုန်းဝုန်း အော်မြည် နေသော မီးတောက်ကြီး အသံသာလျှင် ညောင်သုံးပင် ချောင်းချိုးတွင် ပေါ်ထွက်နေတော့ သည်။

အတန်ကြာမှ တစ်စုံတစ်ယောက်က စ၍ အသံပြုသဖြင့် ကျန်လူတွေလည်း အသံပြုနိုင်ကာ သင့်သမီး၊ သင့်သမီးဟု အော်ဟစ်စ ပြုတော့သည်။ ထိုအသံနှင့် မရှေး မနှောင်းပင် ဒွေးမယ်အား ချည်ထားသော ငုတ်အနီးသို့ လူလေးငါးယောက်မျှ 'အိမ်း ယား သင့်သမီး၊ သင့်သမီး'ဟု ဆိုမြည်ကြော်ကြွေး ပြေးရောက်လာကြ၏။ သူတို့မျက်နှာ ကို အကဲခတ်မိရာ ၎င်းတို့မှာ ရည်ရွယ်ချက်မရှိဘဲ သွေးရူးသွေးတန်း ဖြစ်နေပုံသာ ပေါ်နေပါသည်။ အမှန်စင်စစ်လည်း ဤလူစုတစ်စုသည် လူအုပ်သင်း တစ်စုတဝေးအဖြစ် သာလျှင် လူ့စိတ်အောက်က ယဉ်ကျေးမှု ကင်းကွာသော ကမ္ဘာဦး လူရိုင်းစိတ်များဖြင့် ရိုင်းပျုညစ်ထည်း သွေးသောက် မျိုလွေးလိုသည့် စိတ်ကို မေးနေကြ၏။ အနီးသို့ ရောက် သည်နှင့် တစ်ပြိုင်နက် ဒွေးမယ်ငုတ်ကို အရင်းမှ ကိုင်သူကိုင်၊ ချည်ထားသော နွားချည်ကြိုး များကို တင်းသည်ထက် တင်းအောင် ထပ်၍ ထုံးသူထုံးနှင့် လုပ်ကြသည်မှာ ထိုစိတ်ဖြင့် ဖြစ်ဟန် တူပါသည်။

ဒွေးမယ်တွင် မိခင်ဖြစ်သူအား မသနား မညာတာ ရက်စက်စွာ မီးပုံတိုက်ပစ်ကြ သော လူစုထံ ကြောင်တောင်ကြီး ငေးကြည့်ကာ ပြုသမျှ ပါးစပ်ကလေး အဟောင်းသား

ဖြင့် ခံရရှာသည်။ တောင်းပန်ခယ၍လည်း ရကြမည်မဟုတ်။ တွန်းထိုး ရုန်းကန်၍လည်း အကျိုးမထူးတော့ပြီ။ ကယ်မည့်သူလည်း မတွေးယူဝံ့။ ကူမည့်သူလည်း ဝေးပါပြီဟု သူ့ကိုယ်နှင့် သူ့အသက်ကလေးကို ချွင်းချက်မချန် လူစုအား ဝကွက်၍ အပ်နှံထားသည်။ လူစုက ငုတ်ကိုကြွ၍ ချွတ်လိုက်ပြီး ငုတ်ကြွလာလျှင် မြေနှင့်ထောက်၍ ထောင်ထားကြမှ မျက်ရည်ပေါက်ကလေး တစ်ပေါက်စီ မျက်လုံးဝိုင်းကြီးတွေမှ လိမ့်ယိုစီးလာကာ အင့်ခနဲ တစ်ချက် ရှိုက်သံပြုမိတော့သည်။ ဤအခါကျမှ မောင်တွန်သည် လူစုအလယ်သို့ လျှင်မြန်စွာ ခုန်ထွက်လိုက်ကာ အနီးရှိ သုံးလေးယောက်ကို တွန်းဖယ်၍ ဒွေးမယ်အား ချည်ထားသော ကြိုးတွေကို သုံးလေးနေရာမှ သွက်လက်စွာ လက်ထဲရှိဓားဖြင့် ခုတ်ဖြတ်ပြီးလျှင် ဒွေးမယ်ကို ကျောကပ်၍ လက်တစ်ဖက်က ကာရံပြုထားလျက် ဓားဆကာ ရပ်လိုက်တော့သည်။

လူစုမှာ ရုတ်တရက် အံ့အားသင့်သွားကြပြီးမှ လျှင်မြန်စွာ အကြောင်းသိရသည်တွင် တွေန်နှင့် ဒွေးမယ်အား ဝိုင်းလိုက်ကြတော့သည်။

'ထည့်လေ၊ ထည့် ... ထည့်'ဟု အော်သံများလည်း တသဲသဲ ဆူလျက်ရှိကြရာ အချို့မှာ ထိုအခြင်းအရာကို နားမလည်လိုက်ကြသေးပေ။ တွေန်လည်း ဒွေးမယ်နှင့် ငုတ်ကိုပါ ဘယ်လက်ဖြင့် သိမ်း၍ နောက်ပြန် ပွေ့နိုင်သမျှ ပွေ့ထားကာ အံ့အားသင့်နေသော လူခြောက်ယောက်မျှကို ကြည့်နေသည်။

ထိုအခါကျမှ လူစုထဲရှိ ခွန်စံ ရှေ့သို့ တိုးထွက်လာသည်။ ဒေါသဖြင့် လျှမ်းနေသည့် မျက်နှာနှင့် လက်တွင် ဓားတစ်ဖက်၊ နှစ်ဖက်ချွန်တစ်ဖက် ကိုင်ထားသည်။ ဒေါသမွှန်နေသော အသံနှင့်ပင် ခွန်စံက ဓားကိုဆကာ 'ဖယ်ယော့'ဟု ပြော၏။ မောင်တွန်ကလည်း ဓားကို စင်းရင်းက အံခဲပြီး ခွန်စံကို စေ့စေ့ကြည့်၍ 'ဖယ်ဘူး'ဟု တိုးတိုးဆို၏။ ဤနေရာ ဤအခိုက်မှာ ဟန်ကိုယ့်ဖို့ လိုလှပေသည်။

'ဖယ်ကွာ'ဟု ခွန်စံက ထပ်ပြော၏။

'ဖယ်ဘူးဆို'ဟု တွေန် ဓားကိုရွယ်၍ ပြန်ဆိုသဖြင့် ခွန်စံသည် တွေန့်အား အံ့အားသင့်သွားဟန် ကြောင်ကြည့်ပြီးမှ 'ဖယ်ကွာ သူငယ်ချင်း၊ သင်းအမိ ငါ့သမီးကို သတ်တယ်ကွ'

'အိမ်း၊ သင့်အမိ မင်းသမီး သတ်သာနဲ့ သင်းနဲ့ ပဇာဆိုင်လို့တုံး'

ကျန် လူလေးငါးယောက်လည်း ဤတွင် အနီးသို့ တိုးပြီး ဖြစ်နေကြသဖြင့် မောင်တွန်က ခွန်စံကို ပြောပြီးလျှင် ကျန်လူတွေကိုလည်း လိုက်ကြည့်ကာ 'ဟုတ်ဘူးလား ဗျ၊ သင့်အမိ သတ်သာနဲ့ သင့်သမီး ပဇာဆိုင်လို့တုံး။ အမိလည်း ခင်ဗျားတို့ သဘောရှိ လုပ်ပီးကြပီဟာ'ဟု မေတ္တာရပ်ခံသည့် အမူအရာဖြင့် ပြောသည့်တိုင် ခွန်စံအသံနှင့်ပြိုင်၍ 'အို ကျုပ်ပြင်ခုတ်သဲ့နောက် ကျုပ်ငုတ်ကို ပဇာမို့ ချန်ရမတုံး။ ဖယ်ကွာ တွေန်'ဟု ရှေ့သို့ တိုးလာကြ၏။ လက်နက်တွေကို တဆဆဖြစ်နေသည်။ မောင်တွန်သည် မှုမပျက် လူစေ့တက်စေ့ လိုက်ကြည့်၏။ ဒွေးမယ်လည်း ဤအခါတွင် မျက်စိ ပေကလတ် ပေ

ကလတ်နှင့် တွေနှံ့တစ်လှည့်၊ လူတွေတစ်လှည့် ကြည့်နေသည်။ တွေနှံ့မျက်နှာကိုကား မမြင်ရ။ နားသယ်နှင့် ပါးတစ်ခြမ်းသာ မြင်ရ၏။ လုံမ၏ မျက်နှာတွင်ကား မျှော်လင့်ချက် မရှိလှပဲ အမူအရာ ပေါ်လွင်နေသေးသည်။

'ဖယ်ကွာ သူငယ်ချင်း'ဟု ခွန်စံက ပြောသည်။ ထိုအခိုက် လူအုပ်သည် တစ်စုံ တစ်ရာ ဖြစ်ပြီဟု ရိပ်မိသွားသည့်အလား၊ ရှေ့သို့ အနည်းငယ် တိုးလာကြပြီးလျှင် 'ခုထိ မထည့်သေးဘူးလား၊ သင့်သမီး၊ စုန်းမသမီးကို၊ ဒွေးမယ်ကို....ဒွေးမယ်....ဒွေးမယ်' ဟု အော်ဟစ် ဆူပူကြသည်။ ဒွေးမယ်သည် လူအုပ်ကြီးထံ ညှိုးငယ်သော မျက်နှာဖြင့် မော့ပြီး ကြည့်နေရှာလေပြီ။

'ဖယ်ဘူးဆို၊ သင်းကို လိုချင်ရင် ငါ့ အရင်သတ်ရလိမ့်မယ်'ဟု အံကြိတ်လျက်ပင် တည်တည်ကြီး ပြောသည်။ ခွန်စံနှင့်တကွ အနီးရှိ လူတွေမှာ အံ့အားသင့်သော အမူအရာ ကို မကွယ်မဝှက် ပြစပြုလေသည်။ သုံးလေးယောက်က ပြိုင်တူ 'မင့် ပဇာမို့ သတ်ရမတုံး၊ သင့် သတ်ချင်သာ'ဟု မောင်တွန်ကို နားမလည်ပါစဟု ဆိုလိုဟန်ဖြင့် ပြောသည်။

'သင့်ကို လက်ဖျားနဲ့တောင် အထိမခံဘူး'ဟု မောင်တွန်က ခပ်မာမာ မှုန်းမှုန်း ပြောလျက်၊ ပြောသည့်အတိုင်း လုပ်မည့် အမူအရာကိုလည်း နားလည်စေသည်။

ထိုအခိုက် ဝိုင်းထားသောလူစုမှ 'ပဇာလဲယော့ ပဇာလဲ၊ ရှို့သေးဘူးလား၊ ရှို့တော့ လေ'စသည် အော်ဟစ်ရင်း အနီးသို့ တိုးမှန်းမသိ တိုးတိုးလာကြပြီ။ ငပုပင်လျှင် ဘယ် နေရာတွင် မြင်းကို ဘယ်ကဲ့သို့ ထားရစ်သည်မသိ။ မီးပုံအနီး ဒွေးမယ်နှင့် တည့်တည့်သို့ ရောက်လာကာ ချက်ချင်းလိုပင် ဒွေးမယ်ကိုကြည့်ပြီး မျက်ရည်တွေတွေ ကျနေသည့်တိုင် မောင်တွန်တို့ရှေ့ရှိ ခွန်စံတို့က ငြိမ်သက်စွာ အကဲခတ်နေသေးသည်။ ထိုအခါ မောင်တွန် က–

'ပဇာမို့ သင့်ကို သတ်ချင်ကြတုံး။ သင်းအမိကို လုပ်ရရင် ကျေနပ်ကြရော့ပေါ့။ သင်းကို ရွာမယ် မထားချင်ရင် ကျုပ် အဝေးကို ခေါ်သွားမလေ့'ဟု ပြောလိုက်၏။ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ခွန်စံတွင် သာ၍ပင် ဒေါသထွက်လာဟန်ဖြင့် 'ပဇာ အဆေးတုံး၊ မင့်ဆရာ တံတားဦးသားဆိုလား'ဟု လျှင်မြန်စွာ မေးပြီး ကျန်လူစုကလည်း ဝိုင်းအုံ၍ သူတစ်ခွန်း ငါတစ်ခွန်းပင် 'သင်းတို့ စုန်းမျိုးကို ပဇာမို့ကြောင့် ကြာရှည်ကြာမြင့် အလိုလိုက်ထားချင်ရတုံး တွေနှံ။ သင်းတို့သားအမိ ရွာမယ်ရှိသဲ့အတွက် ဘယ်ကလောက် ဒုက္ခရောက်ကြသယ်ဆိုသာ မင်း မသိစ။ မင်းဘဲနဲ့ မင့်အစ်ကိုတွေ သင်းတို့သားအမိ သတ်လို့ သေရသယ်ဆိုသာ မင်း မေ့ပလား။ မင်းကို သာလောက် ဒုက္ခပေးသဲ့ သင်းကို သူတကာအတွက် လာပီး ကယ်သယ်ဆိုသာ တွေနှံရာ ရာဇဝင်ရိုင်းလှသကွယ်။ သာ့ ကလောက် မိုက်တွင်း မနက်နဲ့ကွယ် ...ဖယ်။ သူတကာ ကောင်းစားဖို့ ကိုယ့်ပေါ်မယ် မျိုးနဲ့ချိပီး ရန်ရှာထားသဲ့ အသက်ရန်စွယ်ကို ပဇာမို့ ဝင်ကယ်ချင်ရတုံး။ ဖယ်....ဖယ်.... ဖယ်ကွာ တွေနှံ'ဟု မောင်တွန်အား အတင်းဝင်၍ ဆွဲဖယ်ရန် ပြင်ကြသည်။

မောင်တွန်သည် တွေတွေကြီးပင် နားထောင်နေ၏။ မည်သို့မျှ ပြန်မပြောဘဲ

ပြောဆိုနေကြသည်ကို အစအဆုံး နားထောင်နေသည်။ သူတို့ပြောသမျှ သွေးထွက်အောင် မှန်ပေ၏။ ဒွေးမယ်အား ထိုအခိုက်အတန့်အထိ စိုးစေ့မျှ မေတ္တာမသက်ဝင်ပေ။ မျိုးနှင့်ချီပြီး ရန်ဘက်ပြုထားသည်ကို ထိုအခိုက်အတန့်ကလေးတွင် သာ၍ပင် သတိရနေသေးသည်။ သို့သော် မိမိတာဝန်ကား သူငယ်ချင်းစစ်၏ ရှေ့မှောက်၌ ဝန်ခံခဲ့သော ကတိကို အစွမ်းကုန် ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်သည်။ "ဒွေးမယ်ကို တစ်နေ့တစ်ခါက် ကြည့်ဖြစ်အောင် ကြည့်ပါ ငါ့လူရာ"ဟု မှာလိုက်သော ညီ့အသံကို ပြန်ပြီး ကြားယောင်ယောင်.....။

ညီ ဒွေးမယ်ကို သေမတတ် ချစ်၏။

တွေန် မောင်ညီ့ကို အသက်နှင့်လဲ၍ ချစ်သည်။ ချစ်ရိုးမှန်လျှင် ဘာပဲဖြစ်ဖြစ် တုံးတိုက်တိုက် ကမ်းရိုက်ရိုက် ဒွေးမယ်ကို မီးပုံထဲ မရှို့ဖြစ်အောင် ကာကွယ်မည်။ မောင်တွန်၏ သွေးတွေလည်း ဆူစ ပြုလာပြီ။ ထိုအခိုက်တွင် ဖြစ်ပေါ်နေသော စိတ်ဓာတ်အလျဉ်တွင် ဒွေးမယ်ကို လွတ်အောင် ကယ်ရမည်ဟူသော ဝတ္တရားပင် ဖြစ်သည်။ ဆိုဝတ္တရားအပြင် မောင်တွန် ဘာကိုမျှ မသိ၊ မမြင်၊ သတိမပြုမိခဲ့ချေ။ ထိုသို့ စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် မောင်တွန်သည် ဒွေးမယ်အား လက်ဖြင့် သာ၍ တင်းတင်းကလေး ဖက်ကွယ်ထားမိစ ပြုသည်။

ခွန်စံတို့မှာ မောင်တွန်၏ ထူးခြားသော အမူအရာအတွက် အံ့အားဆက်လက်သင့်နေကြ၏။ ဤမျှ အငြိုးကြီးခဲ့သော ရန်ဘက်တစ်ယောက်ကို သူငယ်ချင်းအတွက် အသက်နှင့်လဲ၍ မောင်တွန် ကယ်ဆယ်မည်လော။

'ဖယ်ကွာ သူငယ်ချင်း.....'ဟု ခွန်စံက ဒွေးမယ့်အား ချည်ထားသောဝတ်ကို လှမ်းကိုင်ရန် ပြင်သည်တွင် မောင်တွန်က ခွန်စံ့လက်ကောက်ဝတ်ကို ဓားနောင့်ဖြင့် လှမ်း၍ ပုတ်ချလိုက်သည်။ ခွန်စံ အံ့အားသင့် ဒေါသလှပုံဖြင့် 'ဖယ်ဆို တွေန်၊ မင်းနဲ့ ပဓာဆိုင်လို့တုံး'

'ဆိုင်သယ်'ဟု မောင်တွန်က ကိုယ်ကြီးကိုမတ်ပြီး ပြောသည်။ အသံတုန်မိပါသလော'

'ဟကောင်ရ၊ ရူးများနေသလား။ မင့်ဘကို သတ်သဲ့ ရန်သူတွေဟ'

'ပဓာပြုတုံး'

'ကွာ....တွေန်၊ သူတကာ ကောင်းစားဖို့ မင်း ကြားက ဓားစာခံ'ဟု ပြောပြန်၏။ ဘေးလူတွေကလည်း 'ဖယ်....ဖယ်ကွာ။ မဆိုင်သူ မရှုပ်ချင်နဲ့။ မင်း မငြိုးပေမင့် တို့ငြိုးသယ်၊ ဖယ်ဟေ့ ... သာပဲနော'ဟု လက်နက်တွေ တစ်ပြိုင်နက် ပြင်ကြသည်။ ချက်ချင်းလည်း ဝိုင်းလာသောလူစုမှ လေးငါးဆယ်ယောက်ပါ အနီးသို့ ပြေးဝင်လာကြသည်။ မျက်စိသူငယ်ဖြင့် ရင်တမိုမို မျက်ရည်စက်လက် တွေတွေကြီးရပ်နေသည့် ငပုမှာလည်း ကြိတ်ကြိတ်တိုး ဝိုင်းလာသူတွေကြား၌ ညပ်နေတော့၏။

တွေန်သည် လူတွေကို စေ့စေ့ကြီး လိုက်ကြည့်သည်။ အားလုံးမျက်နှာတွင်

သနားကရုဏာ အရိပ်အယောင်ဆို၍ တစ်ကွက်မျှ မမြင်ရ။ လက်နက်မျိုးစုံကို တဆဆ ချိန်ရွယ်၍ နေကြပြီ။ တစ်ယောက်နှင့်အများ မည်သည့်နည်းနှင့်မျှ မောင်တွန်သည် လက်ရုံးအားကိုး၊ ဓားအားကိုးပြု၍ ရမည် မဟုတ်ပေ။ သေရမည်ကို ကြောက်လှခြင်း မဟုတ်ပါ။ သေခြင်းဖြင့် အကျိုးမရှိ။ သူ အသက်သေခံလိုက်ခြင်းဖြင့် သူ့ချစ်ဆွေ၏ မိန်းမပျိုပါ အသက်အန္တရာယ် နီးကပ်လောက်သော ဤရန်သူအုပ်တွင်းသို့ ဝကွက်အပ်နှံမှု ကိုသာ ဖန်တီးနိုင်မည်။ သူ မသေချင်။ မသေဘဲ ရှင်ပါမှ သူ့အဆွေအတွက် ကတိ တည်ရာ ကျမည် မဟုတ်ပါလော။

ထိုအခိုက် လူစုက ရုတ်တရက် ရှေ့သို့ အတင်းတိုးကာ ဒွေးမယ်ကို သူ့လက်မှ လုယူစ ပြုတော့သည်။ မောင်တွန်လည်း ဒွေးမယ်အား ဖက်ထားရာမှ မလွှတ်ဘဲ အတင်း ပင် အားအင်ရှိသမျှ စိုက်၍ ဆွဲထားသည်။ လက်ထဲမှ ဓားဖြင့်လည်း မိရာရာကို လှမ်း၍ ခုတ်တော့၏။ သို့သော် ခဏသာ.....။

ချက်ချင်းလိုလိုပင် တွန့်အား မည်သူမည်ဝါ မသိ။ ခေါင်း၊ ချိစောင်း၊ နားသယ်၊ ပခုံး စသည်တို့သို့ တုတ်၊ ဓား စသည်ဖြင့် ဝိုင်းခုတ်၊ လက်ထဲမှ ဓားကိုလည်း လုသွားကာ အတင်းဝင်၍ ပူးဆွဲ ချုပ်တည်းထားရာ၊ မောင်တွန်တွင် သွေးခြင်းခြင်းဖြာလျက် လူ အလယ်တွင် မလှုပ်သာအောင် ဖြစ်သွားရှာလေ၏။ ဒွေးမယ်ကိုလည်း ချိမသွားကြတော့ သည်။

တွန့်လက်မှ ဒွေးမယ်ကို လုယူ၊ တွန့်ကို ရိုက်ကြ ခုတ်ကြသည်နှင့် တစ်ပြိုင် နက် တွန်သည် 'နေကြဦး၊ နေကြဦး'ဟု အရမ်းကာရော အော်လိုက်တော့သည်။ လူစုလည်း ရုတ်တရက် အံ့အားသင့်ပြီး ငြိမ်သွားကြမှ မောင်တွန် 'ဒွေးမယ်ကို မီးမရှို့ပါနဲ့ ဗျ'ဟု ထွက်နိုင်သမျှ အသံနာဖြင့် လှမ်းပြောလိုက်၏။ 'ရှို့မယ်၊ ရှို့မယ်'ဟူသော အသံများကား ဝက်ဝက်ကွဲသွားတော့သည်။ ဤတွင်မှ မောင်တွန်သည် 'မရှို့ပါနဲ့၊ သင်းကို ခု ဝင်ပီးကယ်သာ သူများအတွက် မဟုတ်ဘူး။ သင်းနဲ့ကျုပ် ယူတော့မလို့'ဟု လူစုအသံကို အုပ်မိအောင် အော်ပြောလိုက်တော့သည်။ ချက်ချင်းပင် အသံများ ငြိမ်သက် သွားကြပြီး မောင်တွန်အား မယုံကြည်နိုင်သော မျက်နှာထားတွေဖြင့် ဝိုင်းကြည့်ကြ တော့၏။ အတန်ကြာမှ ခွန်စံက–

'ဟင်....ပဇာပြောသယ်'

'သင်းနဲ့ကျုပ် ယူတော့မလို့'

'မင်းက သင်းနဲ့ ယူမလို့ ဟုတ်စ၊ ဟင် သူငယ်ချင်း တွန်'

'ဟုတ်သယ်'

'ဘယ်တုန်းက သင်းနဲ့မင်း ဖြစ်နေကြတုံး'

'မကြာသေးပေါင်'ဟု မောင်တွန်က မောသံကြီးဖြင့် ဖြေပြီး ဒွေးမယ့်ထံ တစ်ချက် မျှ စူးစိုက်ကြည့်လိုက်၏။

ဖြူဖွေးသော ဒွေးမယ်၏မျက်နှာကလေးတွင် မည်သို့မျှ ထူးခြားပြောင်းလဲခြင်း

မရှိသော်လည်း မောင်တွန့်ထံ မျက်လုံးဝိုင်းလေးတွေ ပြူး၍ လှမ်းကြည့်နေပုံမှာ ထူးခြား ဟန် ပေါ်လာသည်။

ခွန်စံသည် ခေတ္တ အကြံယူ၍ နေလိုက်ပြီ။ ထိုအခိုက် တစ်စုံတစ်ယောက်က တီးတိုးပြောသည်ကို နားထောင်နေသည်။ ပြီးလျှင် ခေါင်းညိတ်ပြခဲ့၍ သူ့ကို တွေ၍ အကဲခတ်နေသော တွန့်ထံ 'အကယ် ... မင်း ဒွေးမယ်ကို ယူမယ် ဟုတ်စ'

တွန့်က ခေါင်းဆတ်ပြ၏။

'မင်း သူတကာအတွက် လှည်းကျိုး ဝင်မထမ်းနဲ့ နော'

တွန့်က ဘာမျှ ပြန်မပြောပေ။ ဘာကိုကော ပြန်ပြော၍ ထူးတော့မှာမို့နည်း။ ဤတွင် လူလေးငါးယောက်က ဒွေးမယ်ကို မြေပေါ်သို့ ပြန်ချသည်။ ငုတ်ကိုကား မဖြည်သေးပေ။ မြေပေါ်ပြန်ရောက်မှ ဒွေးမယ်ထံ 'ဒွေးမယ်၊ နင် တွန့်နဲ့ ယူမယ်ဆို' ဟု မေးကြသည်။ ဒွေးမယ်က မည်သို့မျှ မဖြေရှာပေ။

ဤတွင် ထိုလူစုသည် ခေတ္တမျှ တစ်စုံတစ်ရာကို ပြန်၍ တိုင်ပင်ကြပြန်သည်။ မျက်နှာထားတွေလည်း တင်းလာကြသည်။ တိုင်ပင်ပြီးလျှင် 'အိမ်း ကောင်းပီ၊ မင်းတို့ ချင်း ယူမယ်ဆိုရင် မနက်ဖြန် မနက် စောစောကြီး တို့ကိုယ်တိုင် မင်းတို့နှစ်ယောက်ကို ပေးစားမယ်။ ပေးစားပီးသဲ့နောက်လည်း ရွာထဲမယ် ဆယ်ရက်တိတိ နေကြရမယ်'ဟု ပြောပြီးလျှင် တွန့်အား 'နေမယ် ... ဟုတ်စ'ဟု မေးသည်ကို အံကြိုးကြိတ်လျက်ပင် 'နေမယ်'ဟု လေသံဖြင့် မနည်းကြိုးစား ဖြေကြားလိုက်ရရှာတော့၏။

'သာဖြင့် ကောင်းပီ၊ ဖြေလိုက်ပော့ ...သတို့သမီးကို ချည်ထားသဲ့ကြိုး'ဟု ခွန်စံက ပြောပြီး သူကိုယ်တိုင် ကြိုးများကို ဓားဖြင့် ဖြေခုတ်ပေးသည်။

'သိကြရောပေါ့ တွန့်ရာ၊ မင်းဟာ ရွာကို အတော် မလေးမစား လုပ်သဲ့ အကောင်ပော့။ သည်တစ်ခါတော့ တစ်ရွာနဲ့ တစ်ယောက်ကွ။ ပြည်ညွှဲတော့ မင်း တောင် မခံနိုင်ဘူးသဲ့။ မင်းက တို့လုပ်သဲ့ အလုပ်ကို သက်သက်မဲ့ ဝင်ပီး သူတကာအတွက် လာဖျက်ဆီး နှောင့်ယှက်သာ။ ခု မင်းအပြစ်နဲ့မင်း၊ မင်းအတတ် မင်းပြန်စူးပီ။ စုန်းမ သမီးကို မင်း ယူရမယ်။ မျိုးနဲ့ချီပီး မုန်းသယ်ဆိုသဲ့ ဒွေးမယ်ကို မင်း ယူရမယ်၊ တွန်'ဟု ဝိုင်း၍ မကျေမနပ်ဖြစ်တိုင်း လက်ညှိုးတငေါ့ငေါ့ ပြောကြတော့သည်။ မကြာမီလည်း သူ့မြင်းနှင့်ပင် ကိုယ်တိုင် ဒွေးမယ်အား ကုန်းနှီးရှေ့မှ တင်ကာ လူအုပ်ကြီးနှင့်အတူ ရွာဘက်သို့ ပြန်ခဲ့ကြရသည်။ ဒွေးမယ်နှင့်ကား စကားတစ်ခွန်းမျှ မပြော။ တစ်ယောက်နှင့် တစ်ယောက်လည်း မျက်နှာချင်းဆိုင် မကြည့်နိုင်ရက်ပေ။

## ၄၁ | အရိုး... အရွက်ဖြင့် ဖိ

တစ်နေကုန် တစ်နေခန်း ကိုင်းတွေထဲ လှည့်လည် သွားရောက်လျက် ဝါကြီးကောက်ခြင်း၊ ပဲသိမ်းခြင်း စသော ကိစ္စများကို လိုက်လံဆော်ဩခဲ့ရ၊ ယာတွေထဲ ဝင်၍ နှမ်းလျှင် စိုက်ရန်အတွက် ယာထွန်မည့် သူရင်ငှားများကို အကြံဉာဏ်ပေး၊ အဝသို့ ဆင်းပြီး

ဝါ၊ ပြောင်း၊ ပဲ စသည် ရောင်းရန် ပွဲစား၊ ပွဲကြို၊ ကုန်သည်တို့နှင့် စကားပြောဆိုဖြင့်ပင် ညျိုကြီးမှာ ပင်ပန်းလှသည့်ပုံဖြင့် ရေမိုးချိုး အဝတ်လဲလှယ်နေသည်။ မြင်းစီးရလွန်းသဖြင့် တင်ပါးကြီးတွေလည်း ကျိန်းလှပေပြီ။

အသားကြီးတွေလည်း သပိတ်ရောင် ထလု နီးနေပေပြီ။ သျှောင်ကြီးဖွေ တစောင်းတွဲနှင့် ကုပ်ပိုးကြီးလည်း မည်း၍ အရစ်ထနေသည်။ လည်တိုင်နှင့် မေးသား ကလည်း တစ်ဆက်တည်း ဖြစ်လုနီးနီး။ မေးဖျားရှိ မင်းမွေးကလေးတွေလည်း လက် နှစ်လုံးခန့် ရှည်နေပြီ။ လက်သီးဆုပ်ကြီးတွေ ဖောင်း၍ လက်ချောင်းကြီးတွေ တုတ်လှ သည်။ နေပူခံလွန်း၊ နေရောင်ကျဲကျဲ ခရီးသွားလွန်း၍ မျက်ခွံမှေးပြီး ကြည့်ဖန်များသော ကြောင့် မျက်လုံးထောင့်စွန်းတွေတွင် အရည်ကြောင်းလေးတွေ ဖြစ်ပေါ်နေသည်။

မောင်ညိုသည် သျှောင်ကို ပြင်ထုံးရင်း သက်ပြင်းချကာ 'ဟင်း လယ်သမား ယာသမား ပေါ်သာ လူမြင်သယ်၊ ပန်းသာ လူမသိဘူးဟဲ့နော'ဟု ညည်းညည်းညူညူ ပြု၍ ပုဆိုးချက်ပြုတ်ချိတ်ပြီး 'ငါ့ညီတို့ပဲ ကောင်းသဟော့၊ ချင့်ခြံကလေး သီးစားပေးပီး နေချင်ရာ လျှောက်နေ၊ လုပ်ချင်ရာ လုပ်။ အိမ်း အငယ်ဖြစ်ရသာ နေရာတကာ သက်သာ သယ်။ ငါ့မယ်သာ ခုလည်း ချင်း ပဇာကိစ္စနဲ့ ရောက်နေပြန်ပလဲ မသိဘူး'ဟု သက်ပြင်း မှုတ်ကာ အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းခဲ့သည်။ လှေကားရင်းကျမှ 'ငဖြိုးရေ အမှင်းပွဲ ပြင်တော့ဟော့၊ ဒေါ်ငြိမ်းဖဲ့တို့ လင်မယား ပြောလိုက်ပါ့ကွာ'ဟု နောက်ဖေးဆောင် သို့ လှမ်းအော်လိုက်သည်။ မောင်ညို့အိမ်တွင် ဦးဝါနှင့် ဒေါ်အိုဇာတို့ကို လွန်ခဲ့သော သုံးနှစ်၊ မောင်စို့ အရှုပ်အရှင်းတွေ ဖြစ်ပြီးစဉ်မှ စ၍ မထားဘဲ နှင်ထုတ်ပစ်လိုက်ခဲ့ပြီးပေပြီ။

'ဩော် ငဖြိုး၊ မင့် ကိုရင်စို့အတွက်ပါ အမှင်းပွဲ ပိုပြင်ပါလို့'ဟု ပြောနေစဉ်ပင် မောင်စိုက 'နေပေ့စေ အစ်ကို၊ အကျွန် မစားဘူး။ နေပြည်တော်ကို မိုးမချုပ်ခင် အရောက် ပြန်မှ၊ နေပေ့စေ'ဟု အိမ်ရှေ့ဘက်မှ လှမ်းပြောသဖြင့် မောင်ညိုလည်း တဘက်ဖြူကို ကုပ်ပေါ်ပတ်ကာ အင်္ကျီမပါ ဗိုက်ရွှဲရွှဲနှင့် ငစိုရှိရာသို့ လာခဲ့သည်။ မောင်စိုကို ဆင်ဝင် ဇရပ်တာပြင်၌ ဖျင်ကုလားထိုင် တစ်လုံးမှာ ထိုင်လျက်သား တွေ့ရသည်။

နံ့သာရောင် ကိုယ်ကျပ်အင်္ကျီဝတ်၍ ဗလာပိုးပုဆိုး အဝါရင့်ဆီးကာ ကြက်ဥနှစ် ရောင် ခေါင်းပေါင်းစကလေးကို ဝဲဘက်နားရွက်ပေါ်မှ အိအိကလေး ချ၍ မောင်စိုမှာ အတော်ပင် လှပေသည်။ အင်္ကျီဗလာနှင့် အစ်ကိုက 'ပဇာမို့ မစားရမတုံး၊ စားပီးမှ သွားကွာ။ မင့်ဟာ ဆွဲ့သည်သွား၊ ဆွဲ့သည်ပြန်ချည့်ကပဲ။ ငါ့လခွီးလိုမှပဲ'ဟု အကယ် မကျေနပ်သလို ပြောသည်ကို မောင်စိုက ပြုံးပြုံးကလေး နေရာမှ 'အကျွန် နေ့ခင်းကတည်း က ရောက်သာ အစ်ကိုရ။ ယာထဲ သွားသယ်ဆိုလို့ ရေမိုးတောင် ချိုးပီး စောင့်နေသေးဗျာ။ ပီး နေ့လယ်က ငဖြိုးနဲ့ ထန်းသီးမုန့် အဝ စားထားသယ်'

'ပဇာ စားစားကွာ၊ အမှင်းအချိန်မယ် အမှင်းတော့ စားဦးမှပေါ့'

'နေပေ့စေဆို အစ်ကို၊ အကျွန် ကိစ္စ ရှိသေးသယ်ဗျ'

'မင့်ကိစ္စ ပဇာမို့လဲ၊ ငါသိပါကွာ ငစိုရာ'ဟု ညည်းညည်းညူညူ ဆင်ဝင်ခါးပန်း

မှ ခြေတွဲလဲချ ထိုင်ရင်း ထန်းလက်ယပ်တောင်ဖြင့် ယပ်ခတ်နေသည်။ မောင်ညိုမှာ ရေချိုးပြီးလျှင် ပြီးချင်းပင် ပြန်အိုက်တတ်သည်။ ရာသီကလည်း တန်ခူးလဖြစ်သော ကြောင့် တူးတူးချစ်ချစ် ပူကောင်းစဉ်ဖြစ်သည်။ ယပ်ခတ်နေရင်းက ညိုဖြစ်သူကို စေ့စေ့ စပ်စပ် ခြေဆုံးခေါင်းဖျား ကြည့်သည်။ မောင်စိုလည်း မည်းပြီး မိုက်ခွဲကြီး ထူစပြုသော အစ်ကိုအား ပြုံး၍ ပြန်ကြည့်နေသည်။ "ငါ့အစ်ကိုတော့ အကယ့်ဇနပုဒ်သား လယ်သမား ယာသမား ချက်မြုပ်ရိုးကပ်ကြီး ဖြစ်နေပြီ"ဟု စဉ်းစားနေ၏။ ခေတ္တနေမှ မောင်ညိုက-

'အမှင်းကျွေးသာလည်း မစား။ မင်းတော့ ငါ့ကို အတန်စိမ်းနေပေါ့ ဟုတ်စ'ဟု ဆိုကာ မကျေနပ်ပုံဖြင့် 'နို့ သာဖြင့် ပဇာမို့ လာသေးတုံး။ အစ်ကို မိဘအိမ် ဆိုပိး အမှင်းတစ်နပ်မှ မစားချင်သဲ့ အတူတူဖြင့် မလာသာက ကောင်းသေး'ဟု အကယ်ပင် စိတ်ပေါက်ပေါက်နှင့် ပြောသည်။

'နောင်တော့ စားပါ့မယ်လေ့ အစ်ကိုရ။ ခု လာသာက အစ်ကိုနဲ့ တိုင်ပင်စရာ ကိစ္စကလေး ရှိလို့။ အစ်ကို့ဆီ ခွင့်ပန်သဲ့ သဘောပေါ့လေ'ဟု ပြုံး၍ ကိုယ်ကိုမတ်ပြီး ဆိုမှ 'ပဇာ ကိစ္စများတုံးကွ'ဟု မေးရင်း မောင်ညို မျက်မှောင်ကုတ်သည်တွင်-

'အစ်ကို ...ကင်းဝန်ဦးကောင်း ဆိုသာ ကြားဖူးမှာပ'

'ကြားတော့ ကြားဖူးသားပဲ'ဟု ညို့မျက်နှာ ချက်ချင်းပြောင်းသွားသည်။ သဘောမကျပေ။ နိုင်ငံရေး၊ မင်းရေးစိုးရေးကို ပြောလာတော့မှာပါ။ သည်တိရစ္ဆာန် ပြောရင် သည်စကားတွေကပဲ၊ နွားဟု ဒေါထစပြုသည်။ မောင်ညို မကြိုက်။ ဤကိစ္စမျိုး ကို မလိုက်စားပါနဲ့ဟု တောင်းပန်ထားလျက်နှင့် ကဲသထက် ကဲလို့သာ လာပြီ။ 'အဲသာ ပဇာပြုတုံး' ဟု ခပ်မာမာ မေးသည်ကို မောင်စိုက ခပ်အေးအေးပင် 'အဲသည် ဦးကောင်းက နန်းတော်ကြီးမယ် ခစားဖို့ ရာထူးတစ်နေရာ ပေးနေသဗျ'

'အသူ့ကိုလဲ'

'အကျွန့်ကို'

'အလို မွေးမေ့ရေး... မင့်ကို ဟုတ်စ... ငစို'

'ဟုတ်ပါ့ဗျ'

ညို့တွင် အာစေးထည့်ထားသလို ငစို့စကားကို မယုံတယုံ ဖြစ်နေပြီး အတန် ကြာ ငြိမ်သွား၏။ ပြီးမှ အဖြေကို စောင့်နေသူထံ-

'မယူရဘူး'

'တော်ရုံလူ မရဘူး အစ်ကိုရဲ့။ အရိုက်အရာ မရှိရင် အတန်ခဲယဉ်းသဲ့ အခွင့် အရေးပါဗျ။ အကျွန် ယူစမ်းပါရစေ အစ်ကိုရာ'

'မယူရဘူး၊ မင်းအရိုက်အရာဟာ တံတားဦးက ဦးမြတ်စံ၊ ဒေါ်လှမယ်တို့ရဲ့ လယ်ယာကိုင်းကျွန်းကွ။ မေ့မနေနဲ့ဦး ငစို၊ ငါ့လူရေး'

'မယူရဘူးဆိုရင် ခက်သာပဲ၊ အကျွန် စကားတောင် အတန်လွန်ထားပီဗျာ'

'တန် ငစို၊ တန်၊ သည်မယ် နားထောင်၊ အဘဆုံးတုန်းကလည်း မင်း အသက်

မမိ၊ အမိဆုံးတုန်းကလည်း မင်း မရှိ။ မင်းမယ် သည်အရေးတွေချည့် ရှုပ်နေသာ။ အဘ ဆုံးတော့ ငါ့ကို အတန်တန် မှာသွားသယ်။ မင်းကို ငါ့ဆီမယ် ခေါ်ထားပြီး လယ်ယာကိုင်းကျွန်း အစစကို တစ်ဝက်ခွဲဝေပေး။ မန်လည်က ဦးရိုးခြံနဲ့ အိမ်ကို ရောင်းနိုင်း။ ရောင်းရသဲ့ဥစ္စာနဲ့ ချင်းကို မင်း တော်မယ်ထင်သဲ့ မယားတစ်ယောက် သုတ်သုတ် တောင်းပေးလိုက်လို့ ငါ့ကို သေသေချာချာ မှာသွားသယ်။ အဲသာ မင်းကိုခေါ်ပြီး အဘ မှာခဲ့သလို လုပ်မယ်ကြံတော့ကာ မင်းမယ် မင်းရည်ရွယ်ထားသဲ့ မဒီလုံမကိစ္စနဲ့ ဗျာများပြီး အကြေသွားနေ။ ငါလည်း ရှိစေလေ၊ ချင်းကလေး စိတ်စက် မချမ်းသာပါဘူး၊ ငါ အကျဉ်းအကျပ် လုပ်ပေးသိ ချင်း စိတ်မတူလို့ စိတ်ဆင်းရဲရင် ငါလည်း ချင်းကြည့်ပြီး စိတ်အေးရမှာ မဟုတ်ပါကလား ဆိုပြီး မင့်အလိုကို လိုက်ခဲ့သယ်။ အဘစကားတောင် မင့်ကိုညာပြီး ငါ ပယ်ခဲ့သယ်။

'သည်အထဲ မင်းကို တစ်နေ့ လိမ္မာနိုး၊ တစ်ရက် သိတတ်နိုး စောင့်ကြည့်နေသာ။ မင့်မယ် ငါ့ဆီလာတောင် မလာ။ မင့်ချက်မြှုပ် တံတားဦးဆိုသဲ့ ရွာနာမည်ဟာ ရှိသယ်တောင် မမှတ်လောက်သဲ့အောင် စိမ်းနေတော့ကာ ငါ့မယ် မင်းပစ္စည်းရော၊ ငါ့ပစ္စည်းရော နှစ်ပုံစလုံးအတွက် တစ်နေ့မှ မအားလပ်နိုင်အောင် ပင်ပန်းနေရသယ်။ မင့်မြင်သဲ့အတိုင်း နွားလိုရုန်းပြီး နေရသာပဲ။ ငါ့အတွက် ငါ့အဖို့နဲ့ ငါဆိုရင် ငါ့တပည့်လက်သားနဲ့ ပစ်ထားပြီး အိမ်မယ် အမှင်းဆီဆမ်းကို ငွေလင်ပန်းနဲ့ အကျသား စားနေနိုင်မှာပဲ။

'ဟုတ်သယ် ငစို၊ မင်းလည်း ငယ်တော့သာ မဟုတ်ပေါင်ပါ။ သည်လိုချည့် အလေဏတော လုပ်နေလို့ မဖြစ်တော့ဘူးကွယ့်။ မိဘနာမည်နဲ့ လိုက်အောင်၊ လူနဲ့သူနဲ့ တူအောင် နေသဲ့ဦးမှပါ့။ တေတုန်းက သေခဲ့ရပြီ၊ တို့ညီအစ်ကိုလောက် လေနိုင်ပေနိုင်ခဲ့သာ အဝ တံတားဦးမယ် အသူရှိတုံး။ ငါ့ကို လက်ညှိုးထိုးပြစမ်း။ အသူမှ မရှိဘူး ဟုတ်စ။ သည်တော့ကာ မိဘကျေးဇူးနဲ့ တို့တစ်တွေ ပေချင်တိုင်းလည်း ပေခဲ့ရပြီ ဥစ္စာ၊ ခုလို ချင်းတို့ မျက်နှာလွှဲသွားသဲ့နောက်မယ် ချင်းတို့ အရိုက်အရာကို မပျက်မစီးရအောင် ထိန်းသိမ်းလုပ်ကိုင်ပြီး ချင်းတို့ ပြုစုလှူဒါန်းသွားသဲ့ ကျောင်းကန်ဘုရား အဝဝကို အဆက်မပြတ် မတိမ်ကောမပျောက်ပျက် မညှိုးနွမ်းသဲ့အောင် တို့ညီအစ်ကိုက ဆက်ပြီး မွမ်းမံသွားမှ ချင်းတို့ရဲ့ ကုသိုလ်အဖို့ဟာ သာပြီး တိုးပွားလာလို့ ချင်းတို့မလည်း ကောင်းရာမွန်ရာကို သုတ်သုတ်နဲ့ ချက်တစ်ဖြုတ် ရောက်ကြမယ်၊ တို့မလည်း လူသာစ နတ်သာစခေါ်မယ် ဟုတ်စ'ဟု ရှည်လျားစွာပြောပြီး အသံများ တုန်လှုပ်အောင် 'သာကြောင့် ငါ့ညီရာ မမိုက်ပါနဲ့တော့ကွာ၊ မိုက်ဇာတ်သိမ်းပြီး အစ်ကိုနဲ့ ဒိုးတူပေါင်ဖက် လာလုပ်သဲ့စမ်းပါ့။ အစ်ကို လုပ်လာသာ ခုနစ်ငွေ ခုနစ်မိုး ရှိသွားပြီ၊ ဆိတ်စာလောက် နားချင်သေးကွာ'ဟု အဆုံးသတ်သည်။

မောင်စိုက ခေါင်းငိုက်စိုက်နှင့် နားထောင်နေသည်။ မည်သို့မျှ အင်း...အဲ... မလုပ်။ မလုပ်သေးသောကြောင့် မောင်ညိုကပင် 'ဘယ့်နဲ့ ငစို'ဟု ထပ်မေးသည်။

မောင်စို ခေါင်းကလေး ညင်သာစွာ ခါရင်း 'အကျွန် ယာသမား မလုပ်ချင်ဘူးဗျာ'ဟု ပြောတော့သည်။

ငစိုသည် မောင်ညို ချက်ချင်း ဒေါသထွက်ပြီး လက်ထဲရှိ ယပ်တောင်ကို ဆောင့်ချကာ နေရာမှ ဖြုန်းခနဲ ထလိုက်သည်ကို ဝမ်းနည်းစွာ ကြည့်နေ၏။ အစ်ကို့စိတ်ကို ထိခိုက်မည်ဟု သိပါသည်။ အစ်ကို့စိတ်ကြိုက်ကို လိုက်မပြောနိုင်သဖြင့် မောင်စို ဝမ်းနည်းလေသည်။ အတန်ကြာ မောင်ညိုတွင် ရှူးရှူးရှားရှား ဖြစ်မည်ပြင်ပြီးမှ မောင်စို့ရှေ့တွင် မားမားကြီးရပ်ကာ 'ငစို'ဟု ခေါ်ပြီး 'မင့်း ကင်းဝန်က ပေးမယ့်အလုပ်က ပဇာ လုပ်ရမတုံး'ဟု မေးတော့သည်။

'မင်းကြီးဆိက သိရသလောက်တော့ဖြင့် သီပေါမင်းရဲ့ နောင်တော်ကြီးတစ်ပါးကို ရွှေဘိုမယ် အကျယ်ချုပ်နဲ့ အိမ်နိမ့်စံတော်မူစေရာမယ် စောင့်ထိန်း ခစားရမယ့် တပ်ကြပ်ကလေး အလုပ်ပဲ'ဟု မောင်စို အသံအေးအေးဖြင့် ပြောသည်။

'ရွှေဘိုဆိုရင် ငနောင်နဲ့ နီးသာပေါ့၊ ချင့်နယ်ပဲ'ဟု အစ်ကို ဖြစ်သည့်အတိုင်း ချက်ချင်း ပြေး၍ ပူမိရှာသည်။

'ဟုတ်သယ်၊ သင်းနဲ့အတူတူ အမှုတော် ထမ်းရမှာပဲဗျ'

'ဟင် ငနောင်နဲ့ မင်းနဲ့ ဟုတ်စ၊ ငစို'ဟု မောင်ညိုတွင် မျက်နှာကြီး ရုတ်ခြည်း အိုသွားသည်ဟု ထင်ရသည်။ တောသားကြီးပီပီ သာမန်လူပြိန်းအမြင်ဖြင့် စိတ်ထင့်သွားခြင်း ဖြစ်လေသည်။ ပြီးမှ ဆက်လက်၍–

'ဖြစ်မှလည်း လုပ် ငါ့ညီရာ။ ချင်းနဲ့ငါဟာ အကယ့်ရန်ဘက်ကြီးကွယ့်။ ဟိုနတ်တော်လတုန်းက မင်းအိမ်က အပြန်မယ်တောင် ချင့်တပည့်လက်သား လေးငါးယောက်နဲ့ ငါ့ကို လမ်းမှာဆီးပီး အသတ်ခိုင်းသေးသယ်။ ကံသီလို့သာပ မောင်ရာ၊ အနို့မဟုတ်ရင် ငါ့လည်တိုင် တိတိပြတ်သယ်။ ကြည့်ပ သည်ဆီ'ဟု မေးထိပ်ရှိ အမာရွတ်ရေးရေးကို ပြ၏။ ပြပြီးလျှင် 'ချင်းနဲ့ဆိုရင် ငါ ဘယ်နှယ့် စိတ်ချနိုင်မတုံး ငစို'

'စိတ်မချလို့ သင်းနဲ့အတူတူ အမှုတော် မထမ်းချင်လို့လည်း မရဘူး။ သည်ရာထူး ရသဲ့အောင် ကင်းဝန်က တော်တော်ရယ်၊ ခန့်ရုံသာ ကင်းဝန်က ခန့်သာ။ ရွှေနားတော် ဖောက်ပေးသာက သင်းငနောင်က တစ်ဆင့် တိုင်တားက ဖောက်သာမို့....'

'တန်....တန် ငစို၊ သာ့ကြောင့် မင်းကို စိတ်မချဘူး ပြောသာ။ ခု မင်းပြောသလိုဖြင့် ချင်းကပဲ မင်းကို ရာထူးရအောင် ကြံဆောင်ပီး ချင့်မျက်စိအောက်မယ် မင်းကိုထားမယ် ကြံသာ။ မင်းနဲ့ ချင့်မယားဟာလည်း အစ ပြကတ္တူးက ပဇာလို ဖြစ်ဖူးမှန်းချင်း အသိ။ ပီး မင်း ဒုက္ခရောက်အောက်လည်း ချင်းကြံမှန်း မင်း အသိ။ မင့်တွင်မကဘူး၊ မင့်အစ်ကိုရင့်မကြီးရဲ့ အသက်ကိုလည်း ရက်ရက်စက်စက် ကြံစည်သာ ပဇာမှ မကြာသေးဘူး။ သည်တော့ကာ သည်လို အဘက်ဘက်က တို့ညီအစ်ကိုပေါ်မယ် ရန်ငြိုးထားနေသဲ့ချင်းက မင်းကို ကြည့်ရှုစောင်မမယ်ဆိုသာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ချင့်မျက်ကွယ်ရာမယ် မင်း ပဇာပြုထားသယ် မသိလို့ မင်းကို ချင့်မျက်စိအောက်မယ် ထားပီး၊

မင်းရဲ့မကောင်းကို ကြံပြီး မင့်ခြေလှမ်းအမှားကို စောင့်ဖမ်းမလို့နဲ့ တူသယ်။ ငါထင်ရင် လွဲခဲသယ် ငစို'ဟု ပြောသည်တိုင်၊ ငစိုက–

'အကျွန်လည်း သာတွေကို မသိလို့မှ မဟုတ်ကဘဲ ...သိပေါ့အစ်ကို။ အကျွန် သင်းဉာဏ်လောက်တော့ မမှုပါဘူး။ သင်းကို ယောသလို လုပ်နိုင်ပါသယ်'ဟု လက်ညှိုးနှင့် လက်မကို ခြေပွတ်ပြလျက် 'အရင် ငစိုယောင်း မဟုတ်ပေါင်ပါဗျာ။ ငစိုသစ်ပါ အစ်ကိုရ' ဟု ပြောသဖြင့် မောင်ညိုတွင် မကျေနပ်နိုင်တိုင်း 'ပဇာပဲ ဖြစ်ဖြစ်ကွာ၊ ငါ သဘောမတူဘူး ယော့'

'အနို့မို့ရင် ကင်းဝန်မင်းကြီးကို အကျွန် စကားလွန်ထားသာ ပဇာလုပ်မတုံး။ သင်းလို မင်းကြီးတစ်ပါးကို ကလိမ်းကလဲလုပ်လို့.....' ငစို စကားမဆုံးမီ မောင်ညိုကြီးက လျင်မြန်စွာ–

'အို မင်း မျက်နှာမထားတတ်ရင် ငါလိုက်ပီး လျှောက်ထားပေးမယ်။ ငါက သဘောမမျှဘူးလို့ ငါ့အတာသာ ပုံချလကွာ၊ ပုံသာချ။ ရှမ်းရှင်ပြုအလှယ်ကလေးပါ ငစိုရာ'

'မဖြစ်ဘူး ထင်သယ်ဗျ။ နှုတ်ကျွံတော့ ခက်သယ်၊ လှံကျွံရင် နုတ်ရသေး'ဟု ဆိုနေသည်တွင်ကား မောင်ညိုမှာ စိတ်မရှည်နိုင်တော့ပေ။ ထိုအခိုက် ငဖြိုးက 'အမှင်းပွဲ ပီးပီကိုရင်'ဟု လာပြောသည်ကိုပင် 'အိမ်း'ဟု တစ်ခွန်းတည်း ပြောထားနိုင်ပြီး 'ယော့ ငစို၊ တန်ကွာ့ တန်'ဟု ဒေါထရင်း 'ငါက မင်း သည်အလုပ်ကို မလုပ်ရဘူး ပြောသယ်။ အဲသာ မင်းမလုပ်ဘူး ပြောမလား၊ လုပ်မယ် ပြောမလား... တစ်ခွန်းတည်း လိုသကွာ။ ကြာသယ်'ဟု လက်ညှိုးတငေါက်ငေါက်ဖြင့် မေးသည်ကို မောင်စိုက ဖြည်းညင်းစွာ ထ လျက် "အစ်ကို့နဲ့နော် ပြောရခက်ပါဘိ"ဟု စိတ်ထဲမှ ကူးရင်း တစ်ဆက်တည်း အသံပျော့ပျော့ဖြင့် 'လုပ်မှ ဖြစ်မယ် အစ်ကို'ဟု ပြောတော့သည်။

မောင်ညိုတွင် တွေခနဲ ငြိမ်သွားသဖြင့် ငစိုက အားနာ ဝမ်းနည်းလှပုံဖြင့် ကြေကွဲစွာ 'လုပ်မှ အစ်ကို၊ ပဇာကြောင့် လုပ်မှလဲဆိုသာ အကျွန် နောင်ခါမှ.....'

'အို နောင်သခါ နောင်ခါ ဆက်မနေနဲ့၊ မင်း ငါ့စကား ငါ့ဩဇာကို နားမထောင်သာပ ဟုတ်စ။ အစ်ကိုကြီးတော့ အဖအရာဆိုသာ မင်းက ငါ့ကို ဆိတ်စာမှ မရှိသေမခံ့ညားသဲ့ဟာ၊ ငါ့ဩဇာ မတည်မင့်ဟာ၊ ငါ့ကို မညာမင့်ဟာ.....'ဟု တစ်စစ အသံကျယ်ကျယ်လာကာ မောင်စို့အား စားတော့ ဝါးတော့လုနီးနီး ဖြစ်သွားသော်လည်း 'မင်းထိုက်နဲ့ မင့်ကံပဲ၊ ငါတော့ ငါ့ဝတ္တရားကို ကျေပွန်အောင် တားမြစ် ဆုံးမပီးပီ။ သည်ကနေ့က စပီး ငါ့ညီ ငစို၊ မင်းကလေးဟာ ငါချစ်သလို ငါ့ကို မချစ်ဘူးလို့ ငါ မှတ်လိုက်ရမှာပဲကွာ။ ကိုင်း ကိုင်း... ကြွ ကြွ... ရွှေကိုယ်တော်၊ ဘုရင့်အကြပ်တော် လောင်းလျာ၊ မောင်မင်းကြီးသားနယ်... ကြွ ကြွတော်မူဗျား'ဟု အသံများ တမျှဉ်းမျှဉ်း တုန်ကာဖြင့် အိမ်ထဲသို့ ချာခနဲ လှည့်ဝင်ခဲ့ရှာတော့သည်။

ရာပြည့်စာအုပ်တိုက်

မောင်စိုလည်း ငဖြိုးထံ လက်ရိပ်ခြေရိပ်နှင့် ပြုံးပြပြီးလျှင် ဒေါထနေသော အစ်ကို မသိအောင် ခြေဖျားထောက်၍ ဆင်းသွားတော့သည်။

မောင်ညိုတွင် အသားတမှျဉ်းမှျဉ်း ရှအောင် ဒေါသဖြစ်လှသော်လည်း ညီလေးအား 'မိုက်သယ် မိုက်သယ်၊ မိုက်တွင်း နက်သယ်'ဟု တဖျစ်တောက်တောက် စိုးရိမ်နေရင်းသာ အိမ်ရှေ့ခန်းတွင် ဥဒဟို လမ်းသလားနေ၏။ လက်ပိုက်လိုက်၊ လက်သီးဆုပ်လိုက်နှင့် မောင်စို့အတွက် စိုးရိမ် ပူပန်လှစွာ စိတ်မချနိုင်အောင် ဖြစ်နေသည်။

ငဖြိုး ခမျာလည်း ဆရာ့ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ပြီး 'ကိုရင်ညို၊ အမှင်းပွဲ'ဟု စကားမဆုံးမီပင် 'ပဇာ အမှင်းပွဲတုံး၊ မင့်ဘိုးအေ အမှင်းပွဲလား၊ စားချင်ဘူး။ ဗိုင်းတာမသား'ဟု အကြောင်းမဲ့သက်သက် ညီကလေးအား မပြောရက်လေသမျှ တပည့်ကျော်ထံ လှည့်မဲနေသည်ကို ခံရသောကြောင့် ငဖြိုးလည်း ကုပ်ကုပ်ကလေး ထွက်လာကာ စားခန်းရှိ ထမင်းပွဲကို အုပ်ဖြင့် ဆောင်းထားခဲ့ရသည်။

အိမ်ရှေ့တွင် အတန်ကြာ လမ်းသလားပြီး နေကလေးလည်း ညိုလိုက်လာ၊ ခြံထဲမှ မန်ကျည်းပင်တွေပေါ်သို့ ကျီးတွေ၊ ဗျိုင်းတွေ အိပ်တန်းပျံရှာကြ၊ ဆက်ရက်တွေ တကျိုကျို အော်ကြသံ ကြား၍ အရှေ့ဘက် ခြံထောင့်ရှိ ထန်းသုံးပင်၏ ထန်းနို့၊ ထန်းလက်ကြားမှ ဥသြအော်သံ ကြားမှ မောင်ညို့စိတ်သည် အနည်းငယ် ပြေငြိမ်သွားသည့်အလား "အိမ်းလေ... ချင်းတို့ ဉာဏ်ကလိမ်ချင်တိုင်း ခံရသဲ့အောင် မင်းမဲ့တိုင်းပြည်မှ မဟုတ်ကပဲ။ ချင်းဝါသနာက သည်ဘက်ပဲ ထုံလှသာကိုး"ဟု စိတ်ဖြေပြန်သည်။ စိတ်ပြေသွားမှ ထမင်းပွဲသို့ လာထိုင်သည်။ အုပ်ဆောင်းမလှန်မီ စဉ်းစားခန်း ဝင်ပြန်သည်။

"အိမ်း.... ညီတစ်ယောက် ရှိပါ့၊ တော်တော့ ညီဇော် ဖြစ်နေ၊ သွားပီ၊ ချင်းသွားပီ။ ကနေ့ တန်ခူးလဆန်း သုံးရက်ကွယ့်"ဟု စိတ်တွင် အချိန်နေ့စွဲကို တေးထားနေရှာ၏။ အချိန် တေးထားရာမှ တစ်ဖန် "အိမ်း ငတွန် မိုင်းလွယ်တတ်သာလည်း အချိန်အတန်ကျွံနေပီ။ သေနတ်ပဲ ဖြစ်နေပီလား၊ သေနတ်ရမယ့် ပြင်သစ်မြို့ပဲ လိုက်သွားလား... သိပေါင်ကွာ"ဟု ငတွန့်ထံ အာရုံပြောင်းသွားပြန်၏။

စားမည်ပြင်သော ထမင်းပွဲကို လက်မနှိုက်နိုင်သေးပေ။ တစ်စုံတစ်ရာကို စဉ်းစားပြီး "ငတွန့်ကို ချင်း ပဇာများ မှာလိုက်ပါ့မတုံး"ဟု မျက်နှာထားကြီး တစ်စစ ပျော့လာသည်။

မောင်ညိုသည် ထမင်းပွဲတွင် တင်ပျဉ်ချိတ်ထိုင်ကာ အငွေ့တညင်းညင်း ငြိမ်စပြုသော ဝါရွက်ဟင်းချိုပန်းကန်ကို ကြေးဇွန်းဖြင့် မသောက်ဘဲ ခလောက်နေ၏။ မြေပန်းကန်နှင့် တည်ထားသော ဆိတ်သားကျော် ဟင်းခွက်မှ ဟင်းတစ်တုံးကို ကိုင်ကြည့်ပြန်သည်။ ကိုင်ပြီး မစားဘဲ ပြန်ချကာ လက်သုတ်ပဝါဖြင့် ယင်ကောင်တွေကို မောင်းနေပြန်သည်။ မစားနိုင်ပေ။ မောင်ညိုသည် ထမင်း ဒေါင်းလန်းခွက်ကို လက်သည်းဖြင့် ခေါက်

ရင်း တွေ့ရသောင်းပြောင်း တွေးတောလျက် အစစ အရာရာကို ပူပင်စိတ်စော နေပြန်၏။

မည်သို့ပင် စဉ်းစားစဉ်းစား၊ စိတ်ချရသည့်အကွက် တစ်ကွက်မျှ မမြင်ပေ။ ညှိအတွက်က ညှိအတွက်မို့၊ ထင်ရာမြင်ရာ လျှောက်လုပ်နေသည်ဟု စိတ်မချနိုင်။ မိမိကိုယ်ရေး ဆိုပြန်လျှင်လည်း ဣန္ဒြေရသည် မရှိသေး။ အိမ်ကြီးတစ်အိမ်လုံးမှာ ပန်းပွင့် မစိုက်သော ပန်းအိုးကဲ့သို့ မည်မျှပင် ပြည့်ပြည့်ဝဝ စုံစုံလင်လင် ရှိလင့်ကစား၊ မောင်ညှိတို့ လူစုချည့် သက်သက်နှင့် သာယာမြိုင်ဆိုင်မှု မရှိခဲ့ပေ။ အချိန်တန် အရွယ်ရောက်ပြီ ဖြစ်သဖြင့် လောကဓမ္မတာ အိမ်ရာထိန်းသိမ်းရန် ကြင်ရာမြောက်သား ရှာကြံယူရမည်မှာ လည်း ရရာမလို လိုရာမရ ဆိုသကဲ့သို့ စိတ်အလို မပြည့်နိုင်အောင် စိတ်ဆင်းရဲနေရသည် ဟု "ဩော် ညှို၊ နင်တစ်ယောက်ဟာ ငယ်ကကောင်း၊ ငယ်ကဲ လူသလောက် ကြီးကဲ ဆိုးလှချေ့လား"ဟုပင် လွတ်ခနဲ ညည်းညူကာ ထမင်းခုံပေါ်တွင် တံတောင်ဆစ်ကြီး နှစ်လုံး တင်၍ လက်ဖနောင့်ဖြင့် ပါးကြီးနှစ်ဖက် ထောက်ထားပြီး ရှေ့တည့်တည့်သို့ ငေးမောနေသည်။

သို့ ငေးကြည့်ရင်းက မောင်ညှိသည် မျက်စိကို မှိတ်ချည်ဖွင့်ချည် ပြုပြီး မျက်လုံး တွေကို ဝဲဘက် လက်ဖနောင့်ဖြင့် ပွတ်ကြည့်သည်။

ရှေ့တည့်တည့် အခန်းဝမှာ မပြုံးမရယ်ဘဲနှင့် တွေတွေကြီး ငြိမ်သက်ရပ်နေသော မဲပုဆိုးဆီး၊ ဖျင်အင်္ကျီ ရင်ဘတ်ယောင်းလောင်းဖွင့်နှင့် သဘက်ညစ် ပေါင်းထားသောသူမှာ တွန်ဟု သေသေချာချာ သိရတော့မှ မျက်နှာကြီး ကြည်လာကာ 'ရှိ... တွန်... ပါလားဟ'ဟု အားရပါးရ ခေါ်လိုက်သည်။ ခေါ်ပြီး ကိုယ်ကြီးမတ်မတ် ထောင်လိုက်ပြီးမှ 'တွန်'ဟု ထပ်၍ ဝမ်းသာအယ်လဲ ဖြစ်ရင်း 'အသံမပြု ပဓာမပြုနဲ့ ဘယ်တုန်းက မင်း ရောက်နေသတုံး'ဟု ကျေနပ်စွာ မေး၏။

'ခုနကတွင်ပဲ'ဟု တွန် အသံနိမ့်နိမ့်ဖြင့် ပြန်ပြောပြီး မျက်နှာကြီး တည်လှ သဖြင့် မောင်ညှိုက မျက်မှောင်တစ်ချက် ကုတ်မိကာ 'ကြာလှချည့်လားကွ၊ ရလားဟေ့ ...'ဟု အားပါးတရပင် မေးပြန်သည်။

'သေနတ်လား'

'အိမ်း၊ သေနတ်ပေါ့ဟ လူရ၊ ပီး ချင်းဆီက.....'ဟု ဆက်မေးနေသည်ကို တွန်က လျှင်မြန်စွာ 'မရဘူး'ဟု ဖြတ်ဆိုသလိုဖြင့် မောင်ညှိုက ခေတ္တစောင့်နေသည်။ သူက သိချင်သည်ကို တစ်ဆက်တည်း မေးပါလျက်နှင့် တွန်က တစ်ဆက်တည်း မဖြေ။ 'တွန်ရာ အ နိုင်ရန်ကောကွာ။ ဒွေးမယ်က ပဓာပြောလိုက်တုံး၊ မှာလိုက်တုံး'ဟု မောင်ညှိုတွင် ဣန္ဒြေမနည်းဆောင်နေရသောကြောင့် အားမလို အားမရဖြစ်ဖြစ်ဖြင့် 'သေနတ် မရ ရရ တစ်လပဲနေပါ၊ သုတ်သုတ် ပြန်လာပါ ဆိုလိုက်မင့်ဟာကွာ တွန်ရာ' ဟု ညည်းသလိုပြောရင်းက 'အနို့ သေနတ်မရဘဲနဲ့ ပဓာရမှာမို့ သာလောက်ကြန့်ကြာ နေရတုံးကွ လူရ။ သည်မယ် မင်းမရှိရင် ငါမနေတတ်ဘူးလို့ မမှာလိုက်ဖူးသဲ့လား

ဟင်'ဟု မေးတော့သည်။ တွန်သည် တွေတွေကြီးပင် ကြည့်လျက်မှ အသံအေးအေးနှင့် 'မယား ရလာလို့'ဟု ပြော၏။

'ဟေ နိပ်ဟာ၊ မယား ရလာသယ်၊ အသူတုံး'ဟု တင်ပျဉ်ချိတ်ကို ဖြေ၍ ထလာရန် ပြင်မှ တွန်က 'အသူရမလဲ... သည်မယ်'ဟု ကိုယ်ကို အနည်းငယ် တိမ်းပေးလိုက်သည်တွင် တွန့်နောက်ဘက်မှ ကျောတစ်ပြင်လုံး ကွယ်ရပ်နေသော ဒွေးမယ်နှင့် မျက်နှာချင်း သွားဆုံတော့သည်။

မောင်ညိုကြီးမှာ အသက်မရှူနိုင်ရအောင် အံ့အားသင့်သွားပြီး ပထမဆုံး တစ်ယောက်နှင့် တစ်ယောက် ပြေး၍ ဖက်ချင်လိုက်အောင် မျက်နှာကြီး ရွှင်ပျသွားကြပြီး 'ဒွေးမယ်'ဟု လွှတ်ခနဲ ခေါ်လိုက်မိပြီးမှ ချက်ချင်း တစ်စုံတစ်ရာကို ပြေးသတိရသွားသကဲ့သို့ 'တွန်'ဟု ဆိုသည်။ 'သာ မင့်မယားလား'ဟု လွှတ်ခနဲ အသံထွက်သွားပြီးသည့်နောက်တွင် မျက်လုံးထဲမှ ပျာခနဲ မိုက်သွားကာ လက်နှစ်ဖက်ဖြင့် မှေး၍ ဆုပ်ထားမိသော ထမင်းစားပွဲခုံပေါ်သို့ ကိုယ်ကြီးတစ်ခုလုံး ထိုးကျသွားမတတ်ဖြစ်၍ နှာခေါင်းကြီးပွ၊ နဖူးကြောကြီးများ ကြွတက်လာခိုက်၊ တွန်က 'ဟုတ်သယ်'ဟု ခပ်တိုးတိုး ပြောသည်တွင် တွန်အား တွေတွေကြီးပင် စိုက်ကြည့်ရာမှ ဘာမပြော ညာမဆိုနှင့် ကိုင်ထားသော ထမင်းတစ်ခုလုံးကို မ ပြီး တအား လွှဲပေါက်လိုက်တော့သည်။

ဇွန်းသံ၊ ပန်းကန်သံ၊ ခွက်သံ၊ ပလုံး ဒေါင်းလန်း ကျိုးပဲ့လွင့်စဉ်သံများနှင့်အတူ ထမင်းခုံသည် တွန့်ခြေထောက်အနီးတွင် သီ၍ ကျသွားတော့၏။ အသံများ မငြိမ်သက်မီပင် နှစ်ဦးသား မျက်လုံးတွေ ဓာတ်လိုက်ခံရသကဲ့သို့ စူးစူးစိုက်စိုက် ပြိုင်ကြည့်နေမိကြ၏။ အတန်ကြာ ထိုသို့ မောင်ညို တွန့်ထံ စားတော့ ဝါးတော့မတတ် ကြည့်နေပြီးမှ ရှေ့သို့ တစ်လှမ်းချင်း တိုးခဲ့၏။

ဒွေးမယ်ကား စားခန်းပေါက်ဝတွင် ခြေစုံရပ်နေ၏။ ဖျင်အင်္ကျီလက်ပွ၊ ယောထဘီပိန်း ဆီးကာ ဆံပင်နောက်တွဲထုံးနှင့် မျက်နှာမှာ ဖုန်တင်၍ ညစ်နေ၏။ ဘာမျှ မပြော။ မောင်ညို့ကိုသာ ကြည့်နေသည်။ မောင်ညိုကမူ ဒွေးမယ်ကို မကြည့်နိုင်သေး။

တစ်လှမ်းချင်းဖြင့် အံကြိတ်ခဲ၍ တွန့်ထံ မောင်ညို တိုးလာသော်လည်း တွန်ကမူ နေရာမရွေ့ပေ။ မျက်နှာချင်း တစ်တောင်နီးပါး နီးသွားမှ မောင်ညိုက မောင်တွန့်ရှေ့တည့်တည့်မှာ ရပ်ကာ–

'မင်းကုပ်ကောင်းလို့ ငါ့စားအောက် လျှိုပြီး စားတောင်းဝင်သပေါ့ ဟုတ်စ'ဟု မေးသည်။ မောင်တွန် တွေတွေပင် ပြန်ကြည့်နေသည်။ မည်သို့မျှ မပြောပေ။

'ချင်းကို ငါ ဘယ့်ကလောက် ချစ်သယ်ဆိုသာ မင်း သိရဲ့ဟုတ်စ'

'သိသားပဲ'

'သိရက်နဲ့ ယူရင် ငါ့စိတ်ကို ထိခိုက်မယ် ဆိုသာကော.....'

'သိသာပဲ'

'ပီး၊ ယူပြီး ငါ့အိမ် ငါ့ရှေ့ကို မင်း မခိုးမခန့်နဲ့ မင်းမို့ မျက်နှာပြောင်တိုက်ရဲလှသ

ကွာ' ဟု ပြောပြောဆိုဆို မောင်တွန့်မျက်နှာကို လက်ဝါးကြီးနှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန် အားရပါးရ တဖြန်းဖြန်းရိုက်သည်။ ရိုက်၍ အားရသောအခါ ရင်အုံ၊ လက်ရုံး စသည်ကို လက်သီးဖြင့် တအား လွှဲလွှဲထိုးပြန်သည်။ ထိုးပြီးလျှင် ချောင်ကို အတင်းလှမ်းဆွဲပြီး ပါးကိုရိုက်ပြန်သည်။ အတန်ကြာ စိတ်ရှိတိုင်း လုပ်ပြီးမှ အနည်းငယ် မောသွားသည်။

မောင်တွန်သည် လက်တွဲလဲထား၍ မောင်ညိုပြုသမျှ ငြိမ်ပြီး ခံသည်။ မျက်နှာကား မကောင်းတော့ပေ။ စိတ်ရှိတိုင်းပြုပြီးလျှင် မောင်ညိုက ထွီဟု တံတွေးထွေးရင်း 'မင့်လောက် သစ္စာမဲ့သဲ့ သတ္တဝါ လောကမယ် ရှိမထင်ဘူး'ဟု ပြောကာ'သွား ငါ့မျက်စိ အောက်က ထွက်သွားကြ၊ သွား....သွား....သွား'ဟု အသံကုန် ဖျစ်ညှစ်အော်တော့သည်။ မောင်ညို၏ အမူအရာကား ကြေကွဲစဖွယ် လွန်စွာ ဖြစ်နေတော့၏။

မောင်တွန်က မောင်ညို အအော်အမြည် ရပ်သည်အထိ နေရာမှ မရွှေ့ပေ။ မောင်ညိုသည် ခေတ္တတွေ၍ နေလိုက်ပြီး တစ်ဖန် 'ဟော့ ခွေးကောင်၊ သွားဆိုသာ မသွားသေးဘူးပေါ့ ဟုတ်စ၊ သယ်လေ'ဟု လက်နက်ကို ရှာတော့သည်တိုင်-

'မသွားဘူး ကိုရင်ညို၊ မသွားဘူး'

'ရှိ ရာရာစားစား မင်းက.....'

'မသွားဘူးဗျာ'

'ပဇာပြုမဲ့ မသွားရမတုံးကွ လူရ၊ မင့်မျက်ခွက် ငါမကြည့်ချင်မှန်း မင်း မသိရော လား'

'ပြောမှာကို နားထောင်ပါ ကိုညို'ဟု မောင်တွန်က လေအေးနှင့် ပြောသဖြင့်၊ ဤတွင်ကျမှ မောင်ညို အနည်းငယ် မျက်မှောင်ကုတ်၍ 'ပဇာများ ရွှေနှုတ်တော် မြွက်ဟ ချင်သေးပါလိမ့်နော'ဟု ခပ်ငေါ့ငေါ့ ပြောသည်တွင် မောင်တွန်က မောင်ညိုကို အမှတ် မထားဟန်ဖြင့် ဒွေးမယ်အား 'သွား၊ ဟို မြောက်ဘက်ခန်းမယ် ငဖြိုးဆိုသာ တွေ့လိမ့်မယ်။ သင်းနဲ့အတူ ပစ္စည်းတွေ၊ မြင်းတွေ နေရာချနှင့်'ဟု ခပ်လေးလေးပင် ခိုင်းလိုက်၏။ ဒွေးမယ်လည်း နေရာတွင် မောင်ညိုနှင့် မောင်တွန်အား စိတ်မချပုံဖြင့် တစ်လှည့်စီ တွေ၍ ကြည့်နေသေးသည်။ 'သွားလေ ဒွေးမယ်'ဟု မောင်တွန်က ထပ်ခိုင်းမှ လှည့်ထွက် သွားသည်။ ဒွေးမယ် သွားပြီး ခေတ္တကြာမှ မောင်တွန်က ကျဉ်ဖျဉ်းသွားသော ပါး နား စသည်ကို ပွတ်စမ်းရင်း-

'ကိုရင်ညို၊ ခင်ဗျား ကျုပ်ကို မစူးမစမ်း မမေးမြန်းဘဲ စိတ်လိုက်မာန်ပါ လုပ်သာ အင်တန် မှားသယ်'ဟု ပြောစ ပြုသည်ကို-

'အံမာ ကိုယ်တော်၊ မင်းကများ သူတကာကို မှားသယ်ဆိုနေသေး၊ ဟင် နိပ်ပေ့ ကွာ'ဟု မခိုးမခန့် ပြုသည်။

'ဟုတ်သယ်၊ မှားသယ်။ နားထောင်ဆို ... ကျုပ် ရှင်းပြမယ်'

'ရှင်းစမ်းပါဦး၊ ရှင်းစမ်းပါဦး ရွှေကိုယ်တော်ရာ၊ နဂိုက ရှုပ်ရှုပ်ကိုး... အင်း ဆိုစမ်း'

'ဟုတ်သယ်၊ နဂိုကိုက ခပ်ရှုပ်ရှုပ်ပဲ'ဟု မောင်တွန် အားမလို အားမရ လိုက်ပြော ပြီးမှ ဆက်လက်၍ 'ကျုပ် အစက ပြောပြမယ် နားထောင်ပါ။ ခင်ဗျားဆိက ပြာသို လဆန်း ထွက်သွားသာ မိုင်းလွယ်ကို လဆုတ်ဆယ့်လေးရက်နေ့ ရောက်သယ်။ ရောက်သဲ့ နေ့က စပီး ရွာမယ်နေသဲ့ အချိန်တွေမယ် သင်းတို့တဲကို တစ်နေ့တစ်ခေါက် မှန်မှန်သွား သယ်။ အဲသလို နေရာက တပေါင်းလဆန်း လေးရက်လား ငါးရက်လား မသိဘူး၊ အဲသည်နေ့ကျတော့ ပြန်မှပဲလေဆိုပီး နှုတ်ဆက်ဖို့ အသွား၊ ကြေးထမ်းကြီး လှမ်းခေါ် စကားလက်ဆုံကျနေတုန်း.....'ဟု အကျိုးအကြောင်း အစုံအလင်ကို အသံအေးအေး လေးလေးနှင့် ပြန်ပြောစ ပြုသည်။

မောင်ညိုသည် အစတွင် အာရုံမစိုက်နိုင်လောက်အောင် ဒေါသအမျက် ခြောင်း ခြောင်းထွက်နေသော်လည်း မောင်တွန်၏ အေးဆေးလေးလံသော စကားကို တစ်လုံးချင်း နားဝင်စ ပြုသည့် အခါတွင်ကား မျက်နှာထားကြီး တစ်စစ ပျော့ပျော့ လိုက်လာတော့ သည်။ ဤတွင်မှ မောင်တွန်က တွေတွေလေး ရပ်နေရင်းပင် 'အဲသာနဲ့ အကျွန်နဲ့ ဒွေးမယ်ကို မြင်းပေါ်တင်ပီး ရွာကို သင်းတို့ ခေါ်လာကြသယ်။ အကျွန့်မှာလည်း သင်းတို့ ဝိုင်းလုပ်ထားသဲ့ ဓားဒဏ်ရာတွေနဲ့ အစမယ် သွေးပူတုန်း ပဇာမှ မဖြစ်ပေမင့် တဖြည်းဖြည်းနဲ့ ခရီးတစ်ဝက်လောက်ရှိတော့ မျက်နှာပေါ် ကုပ်ပေါ်က သွေးတွေ တရွှဲရွှဲ စီးကျပီး တစ်ကိုယ်လုံး စိုရာက တစ်ခါတည်း လူမှန်းသူမှန်းမသိ သတိလစ်သွားသယ်။ အကျွန်တော့ သတိမပြုမိပါဘူး။ နောက်တစ်နေ့ ဆွမ်းခံပြန်ချိန်ကျမှ သတိရလာသယ်။

'သာနဲ့ သင်းတို့တစ်တွေပဲ ဒဏ်ရာတွေကို ဆေးသိပ်ပီး လူကြီးအိမ် ခေါ်၊ အကျွန်နဲ့ ဒွေးမယ်ကို ပေးစားကြသယ်။ အကျွန်လည်း ဝန်ခံကတိ ပြုသဲ့အတိုင်း သင်းတို့ ပြုသမျှ ခံရသယ်။ နောက်တစ်နေ့မယ် မင်္ဂလာဆွမ်းဆိုပီး အကျွန်တို့ကိုယ်တိုင် ရေစက်ချ လှူနိုင်းပြန်သယ်။ တစ်ရွာနဲ့ တစ်ယောက်မို့ အံကြိတ်ပီး ခံရသဲ့အထဲမယ် ငါးရက်တိတိပဲ သင်းတို့ရွှေမယ် နေခဲ့ပီးမှ သည်ကို ပြန်ခွင့်ပေးသယ်။ တစ်ရွာလုံးရဲ့ ဆန္ဒဆိုတော့ အသူမှ တစ်ခွန်း မဟာရဲဘူး။ အဲသည်တော့မှပဲ သည်ရွာဟာ အကျွန့်ပေါ်မယ် ဘယ်လို အနာဂတ်ထားသယ်၊ ဒွေးမယ့်အမိကို ဘယ့်ကလောက် စိတ်နာသယ်ဆိုသာ အကျွန် သိရတော့သယ်။ မိုင်းလွယ်က ထွက်လာသာ လမ်းမယ် ဘယ်ကမှ မဝင်ဘဲ သည် အရောက် တန်းပီး သုတ်သုတ်လာသာပဲ'ဟု အဆုံးသတ်တော့သည်။

ဤတွင်ကျမှလည်း မောင်ညို ယူကျုံးမရ ဖြစ်သွားတော့သည်။ ထိုအခါကျမှ လည်း သူ ထုထိုး၊ ရိုက်ပုတ်ထားသော လက် ငါးချောင်း၊ ဆယ်ချောင်းရာတွေအောက်မှ အနာဖေးကွာစ ဒဏ်ရာအချို့ကို မောင်တွန်၏ ပါး၊ နားသယ်၊ ကုပ်၊ နဖူး စသည်တို့တွင် ဝမ်းနည်းစွာ မြင်တွေ့ရလေသည်။

ချက်ချင်း လည်ချောင်းထဲ အစ်ဆို့ကြီး နေသွားတော့သည်။

ထိုနောက်ကျမှ မောင်တွန်က ဆက်လက်၍–

'အဲသာပဲ၊ ကိုရင်ညို့ဆီမယ် ခံသွားသဲ့ ကတိအတိုင်းကို ဒွေးမယ်ဟာ အကျွန်ရဲ့

မျိုးနဲ့ချိပြီး မုန်းသဲ့ ရန်သူရင့်မကြီး ဒွေးမယ်ကို လက်ထပ်ပြီး ကိုရင်ညို့မျက်နှာကြောင့် ကယ်လာရသာပဲ'ဟု ဆိုရာမှ 'လက်ထပ်ခဲ့လို့ သူတကာက လင်မယား ဆိုပေမင့် အကျွန် သင်းကို လက်ဖျားနဲ့တောင် မတို့ဘူး။ သင်းကလည်း အစ်ကိုညိုက လွဲရင် ဘာသူ့ကမှ ယောကျ်ား မထင်ဘူး။ သူတကာ ပေးစားလို့ ယူရပေမင့် စေ့စေ့ကြည့်တောင် မခံဘူးသဲ့။ အကျွန့်အကြိုက် ကျနေသာပဲ။ အကျွန်တို့ အချင်းချင်း ခုထိ မုန်းရက်ပဲ'ဟု ပြောသည်။

မောင်ညိုတွင် စိတ်ကို လွန်မင်းစွာ ထိခိုက်ရသည့်အလျောက် ဣန္ဒြေမဆည်နိုင် အောင် ဖြစ်သွားပြီး မောင်တွန့်ရှေ့တွင် ခေါင်းငိုက်စိုက်ကျကာ–

'ငတွန်၊ ငါ မှားပီကွာ'ဟု ပြောရင်း အသံကြီး တုန်လိုက်သွားသည်။

'မစူးစမ်း မဆင်ခြင်ဘဲ စိတ်လိုက်မာန်ပါ မင်းကို ကိုယ်ထိလက်ရောက် ပြစ်မှား မိသာပဲ၊ ငါ မှားသယ်ကွာ ငတွန်ရာ'

'ခင်ဗျ ရိုက်သာပုတ်သာ ကျုပ် ဂရုမစိုက်ပါဘူး။ ခင်ဗျာ့ရိုက်လို့ သွေးမစို့ပါဘူး။ သာပေသိ ကိုညို၊ ခင်ဗျား ခုလိုလုပ်ပုံမျိုး အကျွန့်ကို သူတကာ တစ်ရံဆံလုပ်ရင် အကျွန် နုပ်နုပ်စဉ်း မှုန်းပစ်သာ ကြာပေါ့ဗျာ၊ သိစ။ ခင်ဗျမို့ ကျုပ်စိတ်ကို သာ့လောက် ချုပ်ထားသာ။ ခင်ဗျား ခုနက လုပ်လိုက်သာဟာ သွေးထွက်သာထက် နာဖို့ ကောင်းသေး သယ်။

'ငါ လွန်သယ်၊ ငါ မှားသယ်လို့ တောင်းပန်ပါသယ် ငါ့လူရာ။ သာမှ မကျေ မချမ်းသေးဘူးပ ဆိုရင် မင့်ဓားနဲ့ ငါ့ကို ခု ပိုင်းသတ်၊ ငါ လည်စင်းပေးမယ်'

'မကျေ မရှိပါဘူး၊ ဝမ်းနည်းသာပဲ'ဟု မောင်တွန်သည် အသံတုန်စ ပြုလာရာမှ မချိတင်ကဲ ဖြစ်လှဟန်နှင့် 'သာ့ကလောက် အသက်ပေးပြီး ချစ်ခဲ့သဲ့ မိတ်ဆွေ သူငယ်ချင်း တွေ ဖြစ်ရက်ကနဲ့ မိန်းမတစ်ယောက်အတွက်နဲ့ကျတော့ ချစ်ခဲ့ ခင်ခဲ့သမျှတွေ၊ ဆိုးတူ ကောင်းဖက် နယ်မရွေး ဓားမရွေး ပြိုင်ပြီး စွန့်စွန့်စားစား ပေါင်းသင်းခဲ့သမျှတွေဟာ သဲထဲကျသဲ့ ရေစက်လိုပဲ အလကားမဲ့သက်သက် တစ်ခါတည်း ပျောက်ပျက်မေ့လျော့ ပစ်နိုင်သယ်။ သင်းဟာ ငါ့ကို သာ့လောက်ချစ်သဲ့ သူငယ်ချင်းပဲ။ သင်းကိုယ်တိုင်က ငါ့ရည်းစားသနံကို မယားလုပ်ခေါ်လာပီ ဆိုဦးတော့၊ အကြောင်းတစ်ခုခု ရှိတန့်သယ်။ သင်း ငါ့အပေါ်မှာ သစ္စာဖောက်မဲ့ကောင် မဟုတ်ပေါင်ပါ။ ငါ မေးဦးမယ်၊ မြန်းဦးမယ်။ အဲသာလို စိတ်ကောင်းမထား သဘောထား မကြီးနိုင်ဘူး။ ကိုရင်ညို့အတွက် အကျွန် စွန့်စားခဲ့သမျှတွေဟာ ကိုရင့်ရှေ့ကျတော့ အချည်းနှီးဖြစ်မှန်း သိရတော့သာပဲ။ ကိုရင်ညို၊ အကျွန် ခင်သလို ခင်ဗျား မခင်ပါဘူး။ ကိုရင်ညို့ အချစ်ဟာ မိန်းမတစ်ယောက်နဲ့ စမ်းကြည့်သဲ့ အစမ်းတောင်မှ မခံနိုင်ဘူး။ အဲသာ ဝမ်းအနည်းဆုံးပဲ'ဟု လှိုက်လှိုက်လှဲလှဲ ဖြစ်လာသောကြောင့် စကားပြတ်သွားတော့သည်။

မောင်ညိုသည် တွန့်အား ကြာရှည် ဆက်လက် အပြောမခံနိုင်တော့။ တွန့် လက်ရုံးကို ပြေးကိုင်ကာ 'ငါမှားသယ် လူရာ၊ ငါလွန်သယ်။ နောက် သာလို မဖြစ်ရစေ

ဘူး။ မင့်အကြောင်း ငါ မသိလို့မှ မဟုတ်ဘဲ။ မလိမ္မာ တစ်ခါမိုက်စမြဲပဲ သူငယ်ချင်းရာ၊ ငါ တောင်းပန်သယ်ကွာ။ နောက်နောင် သည်လို မဖြစ်ရစေဘူး။ ပြုမိသမျှ ကျေကွာနော။ ရန်သူတောင် လက်နက်ချရင် ကျေရသေးမင့်၊ ခု သူငယ်ချင်း အထင်လွဲမိသာလေးပဲဟာ။ ကျေကွာ၊ ကျေ...ကျေ နော'ဟု အတင်း ကိုယ်ကြီးလှုပ်လှုပ်၊ မျက်နှာကြီးအမ်းတမ်းနှင့် ကလေးဆိုးကြီးလို ပြောဆို တောင်းပန်ရင်း 'ကျေသယ်လို့ ဆိုစမ်းပါ လူရာ'ဟု အကယ် မချီတင်ကဲ အပြောခိုင်းနေတော့သည်။

မောင်တွန်သည် မောင်ညို့မျက်နှာကို စေ့စေ့ကြီး ကြည့်နေသည်။ အတန်ကြာမှ ပါးယောင်သို့ လက်တစ်ဖက်က ပွတ်ရင်း 'ကိုရင်ညို့ လက်ပြတ်ကြီးက အတန်ပြင်းသား'ဟု ဆိုမှ မောင်ညိုတွင် အကယ်ပင် ရှင်လန်းမြူးထူးစ ပြုလျက် 'ကျေပီဆိုကွာ... တွန်ရာ' ဟု ခိုင်းသဖြင့် တွန်က သွားကြီးတွေ ဖွေးသွားရင်း 'ကျေပါပီသဲ့ ကျန်ရစ်မင်းသားကြီး ရယ်' ဟု ပြုံးဖြီးဖြီးကြီး လုပ်လိုက်တော့သည်။

## ၄၃ | အကျင့် ချိုခဲ့ပြီ၊ အသင့် ကြိုလှည့် အတည်

ထိုအခါကျမှ မောင်ညိုသည် လုံးလုံးလျားလျား စိတ်ကျေနပ်သွားကာ 'ကိုင်း ကိုင်း မင်းတို့လင်မယား ခရီးပန်းလာသယ်၊ ရေမိုးချိုးချေယော့။ ဖြိုးကိုလည်း အမှင်းပွဲ ထပ်ပြင် ခိုင်း' ဟု ပြောသည်။ မောင်တွန်က နေရာမှ လှည့်ထွက်သွားပြီး တံခါးပေါက်ကျမှ တစ်စုံတစ်ရာကို သတိရပုံဖြင့် 'အနို့ ကျုပ်တို့ ဘယ်ဆိမယ် နေကြရမတုံး'ဟု မေးသည်ကို မောင်ညိုက စဉ်းစားရင်း–

'ဟို အနောက်ဆောင်မယ် နေကြသာပေါ့'

'တစ်ခန်းတည်းနဲ့ မရဘူးဗျာ့'

'ရို'

'နှစ်ခန်းမှ၊ သင်းက တစ်ခန်း'ဟု စကားဖြတ်ထားမှ မောင်ညိုတွင် အဓိပ္ပာယ်ကို တစ်စစ နားလည်သွားပုံဖြင့် ခေတ္တစဉ်းစား၍ 'မင့်မယား မင့်အခန်း ခေါ်သိပ်ပေါ့ကွ'ဟု ပြုံးပြုံးကြီး ပြောသည့်တိုင် တွန်က 'ကျားကိုက်ပါ့မယ် ကိုရင်ညို'ဟု ပြန်ပြုံးနေတော့မှ 'သာဖြင့် ချင်းကို ငါ့အမိ အဆောင် ပေးလိုက်ကွာ'ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက် တော့သည်။

ထမင်းပွဲ ထပ်ပြင်ပေးသောအခါ လကလေး ပြူး၍ ထွက်သာနေလေပြီ။ သုံးဦး သား စကားကောင်းကောင်း မပြောနိုင်။ စကားမပြောနိုင်၍လည်း ထမင်းကို ဟုတ်တိ ပတ်တိ မစားနိုင်ကြပေ။ တထူးတဆန်းကြီးတွေ ဖြစ်နေကြသည်။ ထမင်းပွဲသိမ်းပြီး အချိုတည်းကြစဉ်ကလည်း ထိုအတိုင်းပင်။ သို့နှင့်ပင် ညဉ့်ဦးကြက်ကလေး တောင်ပံ စမ်း၍ တွန်သံကို ကြားရတော့သည်။

တွန်သည် လက်ရှိကိစ္စကို မပြောဘဲ ယာကိစ္စ၊ ကိုင်းကိစ္စကိုသာ တဖောင်ဖောင်

မေးမြန်းပြီးလျှင် ညဥ့်လေအေးကလေး ဖျန်းစပြုလျှင် တအားအားသမ်းရင်းက 'အိပ်ချင်ပီဗျာ၊ ခင်ဗျားတို့ စကားပြောရစ်ကြ'ဟု နေရာမှ ဖြုတ်ခနဲ ထ ထွက်သွားသည်တွင် ဒွေးမယ်နှင့် ညီဖြို နှစ်ယောက်တည်း ကြောင်တက်တက် ကျန်ရစ်တော့သည်။

ငတွန် လှေကားရင်း မရောက်မိပင် မောင်ညိုကြီးက အမိ ပြေးလိုက်သွားကာ 'ရို့ ငတွန်၊ သာ ပဇာလုပ်သာတုံးကွ'ဟု မေးလေသည်။

'အိပ်မလို့လေ့၊ ပဇာလုပ်လို့တုံးဗျ'

'မင့် တစ်ယောက်တည်းလား၊ မင့်ဇနီးကော ချင့်အခန်း ပြပီးပလား'

'အကျွန့် ဇနီးကိုလား'ဟု ငတွန်က ပြုံးပြသည်။ လှေကားဆောင်တွင် ရေနံတိုင်မီးရောင် ဝေးနေသဖြင့် အနည်းငယ် မှောင်နေရာ တစ်ယောက်ကိုတစ်ယောက် အတော်မျက်နှာထား ခက်နေကြမည်။

'အစောတုန်းက ပြပီးပီ'ဟု ငတွန်က ပြောသဖြင့် 'ရို့ ကွာရဲ့ ငါ့လူရ'ဟု မောင်ညိုတွင် အသံတွေ အောစ ပြု၏။

'ဗျို့'

'မင့် ငါ့အကြောင်းလည်း သိသား... ဟုတ်စ'

'ပဇာပြုတုံး'

'သိသားနဲ့ မင့်ဇနီးကို ညကြီးမိုးချုပ် ငါနဲ့တစ်ယောက်ချင်း ထားရစ်လားကွာ'

'အို သာလား၊ အစ်ကိုညိုက တခြားလူမှ ဟုတ်ဘဲ'ဟု ပြောရင်း သွားကြီးတွေဖြဲနေပြီးမှ 'အကျွန့်သူငယ်ချင်းပဲ'ဟုဆိုကာ ခေတ္တစောင့်နေရာက လှေကားမှ 'ပီး အကျွန့်ဇနီးသေမင့်....'ဟု လှေကားမှ ခြေလှမ်းမြန်မြန်နှင့် သုံးလေးထစ် တက်သွားလျက် လှေကားကွေ့တွင် လက်ရန်းကို ကိုယ်ကြီး လေးကိုင်းညွှတ်မှီပြီး 'အစ်ကို မယား ပြုနိုင်ပါသယ်'ဟု ပြောရာ မောင်ညိုတွင် ဝူးဝူးဝါးဝါး ဖြစ်ကျန်ရစ်သည်ကို လှည့်မကြည့်ဘဲ အပေါ်သို့ တအား ပြေးတက်သွားတော့သည်။

မောင်ညိုသည် လှေကားထစ်တွင် နောက်သို့ ပြန်မလှည့်ရဲတော့ပေ။ တစ်ကိုယ်လုံး ပူထူသွားတော့သည်။ အပေါ်သို့ တက်လိုက်သွားရမည်လောဟု ခြေတစ်လှမ်းပြင်သည်။ အပေါ်တက်ပြီး အိပ်လိုက်တော့မည်ဟု စဉ်းစားပြီးမှ သက်ပြင်းချကာ နောက်သို့ ဖြည်းညင်းစွာ လှည့်ရသည်။ ရင်ကြီးတစ်ပြင်လုံး ပြည့်ကျပ်နေတော့၏။

လေးလံသည့် ကိုယ်ကြီးသည် တိတ်ဆိတ်နေသော အိမ်ကြီးကိုဖြတ်၍ ဒွေးမယ်ရှိရာသို့ သွားနေသော်လည်း စိတ်မှာကား နောက်သို့ ဆုတ်ပြေးရန် ကြိုးစားနေသည်။

ဒွေးမယ်သည် အိမ်ဇရန်တာတွင် ထွက်၍ လက်ရန်းကို ကိုယ်ကလေးမှီကာ အပြင်က လခြမ်းကလေးကို မော့ကြည့်နေသည်။ တိမ်စင်သာနေသည့် လရောင်ကလေးမှာ ခြံတစ်ခြံလုံးကို ရေးရေးမှေးမှေးလေး လင်းစေ၏။ ပုရစ် အော်သံ၊ ခင်ပုပ် စုတ်သံ၊ သစ်ပင်တွေ လေဖွေ့သံသာ ကြားရသည်။ တစ်အိမ်လုံး၊ တစ်ခြံလုံးကား တိတ်ဆိတ်လျက်....။

မောင်ညိုသည် ဆင်ဝင်ဆောင်အတွင်းမှ နေ၍ ဒွေးမယ်၏ တစ်တစ်အိအိ ဖိုပြည်လှသော ကိုယ်ကလေးကို ငြိမ်သက်စွာ အကဲခတ်နေသည်။ မတ္တရာထဘီ အနီကွက်ကလေးသည် ကြီးထွားပြည့်အိနေသော တင်ပါးကြီးတွေတွင် တင်းတင်းကလေး တင်နေသည်။ ဖျင်ပြာ လက်ပွ အပေါ်အင်္ကျီမှာလည်း ကိုယ်ကလေးတွင် ပွပွရွရွ မနေဘဲ တင်းနေသည်ဟု ထင်ရသည်။ မောင်ညို ဝင်လာသည်ကို သိဟန်မတူ။ ဒွေးမယ်သည် အပြင်သို့သာ ငြိမ်သက်စွာ ငေးနေသည်။ မောင်ညိုကလည်း အသံမပြုပေ။ ရင်အုပ်ကြီးမှာ ကြွချည် နိမ့်ချည် ဖြစ်နေ၏။

အတန်ကြာမှ ဒွေးမယ်သည် ဖြည်းညင်းစွာ လှည့်ပြီး သက်ပြင်းကလေးချကာ အိမ်ထဲသို့ ဝင်ခဲ့သည်။ ခါးပန်းကို တက်ပြီးမှ မောင်ညိုနှင့် မျက်နှာချင်း ဆိုင်မိတော့သည်။ ခေတ္တမျှ ငြိမ်သက်စွာ ကြည့်နေပြီး 'ရှိ … ကိုညို'

'ဒွေးမယ်'ဟု လွတ်ခနဲ ခေါ်ပြီး တစ်ယောက် ရင်ခွင်သို့ တစ်ယောက် လျင်မြန်စွာ ပြေးဝင် ဆွဲသွင်း မိလိုက်ကြတော့သည်။

ဒွေးမယ်ကို လက်မောင်းရင်းလေးမှ ကိုင်၍ လက်တစ်ဖောင်ခန့်သို့ ခွာထုတ်ရင်း စေ့စေ့ကလေးကြည့်ကာ 'ပဇာမို့ ငိုတုံး ဒွေးမယ်'ဟု အသံအောကြီးဖြင့် မေးသည်။ ဒွေးမယ်က မျက်ရည်လျှံနေသော မျက်လုံးဖြင့် ပြုံး၍ကြည့်ရုံသာ ကြည့်နေသည်။

'ဝမ်းနည်းလို့ … ဟုတ်တစ'

ဒွေးမယ်က ခေါင်းကလေး ညိတ်၏။ ခေါင်းလှုပ်သဖြင့် မျက်လုံးအိမ်ထဲမှ ပြည့်နေသော မျက်ရည်ပေါက်တွေသည် သူ့ပါးပြင်ပေါ်သို့ စီးဆင်းလာသည်။

'ပဇာ ဝမ်းနည်းရမတုံး၊ ကိုညိုနဲ့ ခု သာလို့တောင် နီးနီးကပ်ကပ် နေရသယ်။ နင့်မျက်စိအောက်မယ် အမြဲ မြင်နေရမယ်၊ ဟုတ်တစ။ သာကို ဝမ်းနည်းနေရသေးသလား၊ ဝမ်းသာစရာ ဟုတ်ဘူးလား'ဟု မေး၏။ ဒွေးမယ်သည် မောင်ညို့အား စူးစူးစိုက်စိုက် ကလေး တွေ၍ ကြည့်နေသည်။ မျက်ရည်ကိုကား မဆည်နိုင်ပေ။ ဟုတ်ပါသည်၊ မြင်နေရပါသည်။ မြင်ရုံသာ မြင်ရပါသည်၊ မကြင်ရပါကလား နော။ သြော် ပဇာဝဋ်ကြွေး ကံအကျိုးပေးမျိုး ပါလိမ့်နော့ဟု ဒွေးမယ် တွေးလေတွေးလေ ဆွေးမပြေနိုင်။ မျက်ရည် တဖြိုင်ဖြိုင် ကျရရှာတော့သည်။ မောင်ညိုက ဒွေးမယ် မည်သို့မျှ ပြန်မပြောနိုင်သေးသည် ကို စေ့စေ့ကြီးကြည့်ရာမှ လေသံလေးလေးကြီးနှင့် 'သည်လိုပါ ဒွေးမယ်ရာ၊ မသေခင် တစ်နေ့ တွေ့ရသဲ့ ကြုံရသဲ့ ဒုက္ခတွေပဲ။ တို့အကြောင်းက သည်လို ဆုံကြ ကြုံကြဖို့ ဖန်တီးလာသာကိုး၊ ဝမ်းနည်းနေလည်း အပိုပါ'ဟု အံကြီးတစ်ချက် ကြိတ်မိသေး၏။ သို့သော် လျင်မြန်စွာ မျက်နှာရွှင်ပျပစ်လိုက်ရင်းက 'ဝမ်းသာပေါ့ဟ၊ ဝမ်းသာနော'ဟု ဒွေးမယ့်ကိုယ်ကလေးကို လှုပ်လှုပ်ပြီး ပြောရာမှ 'ငိုပါနဲ့ဟာ'ဟု အသံတွေ သူ့ပါ တုန်သွားပြီးလျှင် 'ရယ်စမ်း ဒွေးမယ်၊ ရယ် …ရယ်၊ ကိုညို့ကို ရယ်ပြပါ ဒွေးမယ် … အချစ်'ဟု ဒွေးမယ့် မျက်လုံးကလေးတွေကို ပါးစပ်ကြီးဖြင့် ငုံ့ငုံ့စုပ်သည်။ ပါးကလေး တွေကို အတင်း ဆွဲငုံသည်တွင် ရေနံတိုင်အောက်ဌပင် ဒွေးမယ်၏ ပါးနှစ်ပြင်မှာ ရဲထွေး

နီတက် လာတော့သည်ကို မြင်ရသည်။ ဤတွင်မှ ဒွေးမယ်က ပါးစပ်ကလေး မဲ့ပြုံး ပြုံးပြသည်။ ပြုံးသာ ပြုံးသည်၊ မျက်ရည်ကိုကား မဆည်နိုင်။ အသံကလေး အစ်ခနဲ ထွက်သွားတော့သည်။

ဒွေးမယ်ကား ကြာရှည် ဣန္ဒြေမဆည်နိုင်တော့တိုင်း 'အို ကိုညိုရဲ့'ဟု လွတ်ခနဲ တိုးတိုး အသံကလေး တုန်ထွက်မိကာ မောင်ညို့ရင်ခွင်သို့ အတင်းဝင်ပြီး ငိုချင်သမျှကို မအောင့်အည်း မချုပ်တည်းတော့ဘဲ တွင်တွင်သား ရှိုက်၍ရှိုက်၍ တစ်ကိုယ်လုံး တုန်ခွေး လာအောင် လွမ်းပွဲ ဆင်ပစ်လိုက်တော့သတည်း။ မျိုသိပ်ထားသမျှ ဆွေးရေစင်ကို၊ လွမ်းရေစင်ကို ချစ်သူ၏ ရင်ခွင်မှနေ၍ နှလုံးကြားသို့ အစွမ်းကုန် ပက်ဖျန်းနေရှာတော့ သတည်း။

မောင်ညိုသည် ဒွေးမယ် ငိုလိုတိုင်း ငိုခွင့်ပေးကာ သက်ပြင်း တရှိုက်ရှိုက် သူလည်း ဖြစ်ရင်း ဒွေးမယ့်ကိုယ်ကလေးကို ကျစ်ကျစ်လေးနေအောင် ပွေ့ပိုက်၊ ကျော ကလေးကို လက်ဝါးကြီးဖြင့် ပုတ်ရင်းက ဒွေးမယ် အငိုစဲတော့မှ 'တိတ်ပါတော့ ဒွေးမယ် ရယ်၊ အချစ်ရာ... တိတ်ပါကွာ'ဟု ကိုယ်မှ ခွာထုတ်ပြီးလျှင် 'ကိုင်း အိပ်ချေတော့၊ ညဥ့်လည်း နက်လှပြီ'ဟု ဆိုကာ 'နင့်အခန်း သိသယ်နော'ဟု မေးသဖြင့် ဒွေးမယ်လည်း မျက်ရည်ကို မောင်ညို့ ရင်အုံ့သားကြီးဖြင့် ပွတ်၍ပွတ်၍ သုတ်ရင်း ခေါင်းညိတ်ပြလျှင် 'သာဖြင့် သွားအိပ်ချေ၊ အပြင်ထွက်ချင်သေးရင် ဒေါ်ငြိမ်းဇံကို နှိုးခေါ်သွားနော'ဟု ရင်ခွင်မှ ဒွေးမယ်အား ဖြည်းညင်းစွာ ထုတ်လိုက်တော့သည်။

ဒွေးမယ့်ခြေသံ ပျောက်သွားသည့်တိုင် မောင်ညိုသည် ထိုနေရာတွင် ငြိမ်သက်စွာ ရပ်နေသေး၏။ အတန်ကြီးကြာမှ ဇရန်တာရှိ ဖျင်ကုလားထိုင်တွင် ထွက်ထိုင်နေ၏။ ခြံတစ်ခြံလုံးကား လရောင်မရှိတော့သဖြင့် ကြယ်ရောင်ဖြင့် ရေးရေးသာ ဖြစ်သည်အထိ ငေးငိုင်နေရှာ၏။ ထိုအခိုက် ခေါင်းရင်းဆောင်မှ ငပြိုး၏ ဘုရား ဝတ်ပြုသံ၊ ကြေးစည် ရိုက်သံတို့ ညင်သာစွာ ထွက်ပေါ်လာလေသည်။ သို့သော်လည်း မည်သည့်အချိန်က ငပြိုး ဘုရားရှိခိုး ဆုံးသွားသည်ဟု မသိလိုက်ပေ။ မောင်ညိုသည် တစ်စုံတစ်ရာ နက်နက် နဲနဲ တွေးတော စဉ်းစားရင်း သက်ကြီးခေါင်းချ၊ လုလင်ပြန် စသော နာရီကြက်များ အလှည့်နှင့် ဝတ္တရားကျေပွန်ကြသံကို အမှတ်မထင် ကြားနေရစ်တော့၏။

မောင်ညိုသည် ဆင်ဝင်တံခါးကို စေ့ကာ တံခါးရွက်ကြား ပုဏ္ဏားကွယ်တွင် ချိတ်ထားသော ဓားနှင့် ဇရန်တာပြင်တွင် ထောင်ထားသော လှံကို တစ်ဖက်စီဆွဲ၍ အိမ်ပေါ်မှဆင်းပြီး ဝင်းခြံ၊ အိမ်တံခါး စသည်ကို ပြုရိုးပြုစဉ်အတိုင်း လိုက်လံ စစ်ဆေး ကြည့်ရှုလျက် ထင်းတဲ၌ ချည်ထားသော အင်းခွေးကြီး သုံးကောင်ကိုလည်း သံကြိုး ဖြုတ်ပေး၊ ခေါင်း အမြီး ပုတ်သပ် ယုယဆေးခဲ့ပြီးမှ အိမ်ပေါ်သို့ တက်ခဲ့သည်။ ခြေဆေး ပြီးလျှင် မောင်ညိုသည် တံခါးကို စေ့စပ်အောင် ပိတ်ဆို့၊ ဘဝင်မင်းတုပ် လျှိုထိုးပြီးလျှင် ရေနံတိုင်ကိုင်၍ အပေါ်သို့ လှေကားတစ်ထစ်ချင်း နင်း၍တက်ခဲ့၏။ လှေကားဦးသို့ ရောက်သောအခါ မီးတိုင်ကို ကိုင်၍ တွေပြီး ငြိမ်သက်စွာ ရပ်နေလျက် တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားနေပြန်သည်။

"အကျွန့်ဇနီး ပေမင့်....."

မောင်ညိုသည် အံကြိတ်ကာ တစ်ကိုယ်လုံး ပွန္နေးသွားသည်။ လက်ထဲမှ ရေနံတိုင်လည်း တတုန်တုန် ဖြစ်နေသော လက်ထဲတွင် မီးတောက်ကလေးသည် ဘယ်ညာ တိမ်းယိမ်းနေ၏။ မောင်ညို့ အသက်ရှူသံ ပြင်းပြင်းကိုပင် ကြားနိုင်၏။ တစ်အိမ်လုံးကား တိတ်ဆိတ်နေလျက်.....။

ဇရန်တာကို မှီ၍ ရပ်နေခဲ့သော ကျစ်လျစ်အိထွားသည့် ဒွေးမယ့်ကိုယ်ကလေးနှင့် ပွန္နေးစိုပြည်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့သည် မောင်ညို၏ မျက်လုံးတွေကို ရေနံတိုင်နှင့် ပြိုင်၍ တလက်လက် အရောင်ထွက် ပြောင်လက်နေစေသည်။

"အစ်ကို၊ မယားပြုနိုင်ပါသယ်"

တိတ်ဆိတ်နေသော အိမ်ကြီးတွင် တောင်ဘက်ဆောင်မှ တခေါခေါ ဟောက်နေသော ငတွန်၏ အိပ်မောကျနေသံ၊ အရှေ့ ဘုရားဆောင်ဆီမှ တကျိကျိ ကြိတ်နေသော ငဖြိုး၏သွားကြိတ်သံ၊ ဘုရားစင် မျက်နှာကြက်အပေါ်မှ တစ်ကောင်တစ်လှည့် အော်နေသော တောက်တဲ့မိသားငါးဦး၏ အသံ။ တောက်တဲ့တွေ အစက သုံးကောင်သာရှိသည်။ ယခုမူ သားသမီးသာမက မြေးပင် ပေါက်ဖွားနေကြပြီ။ ချင်းတို့ တစ်လှည့်စီ အော်မှုဖြင့် မဆုံးနိုင်တော့။ တိုင်၊ အခြင်၊ နဖူးစီး၊ တန်း၊ မြား၊ တရုတ်ကတ်တွေကြားမှ စုတ်ထိုးသော အိမ်မြှောင်တွေကလည်း ညိုကြီး၊ ညိုကြီးဟု ခေါ်နေကြသကဲ့သို့.....။

မောင်ညိုသည် ရင်ကြီးမို့ကာ မောက်ကာ တွေတွေကြီး မျက်တောင်မခတ်ဘဲ ရပ်နေ၏။ ဒွေးမယ့်အခန်းမှ တိတ်ဆိတ်နေသည်။ အခန်းတွင်း၌ ရေနံတိုင် မှိတ်တုတ်မှိတ်တုတ် ထွန်းထားသည်။

"ဟောသည်က ကိုညိုနဲ့ တံတားဦးကို လိုက်လာခဲ့ရင် ဟိုကျ မင်း ဘသူဘယ်ဝါဆိုသာ ချင်းတို့ သိမသဲ့လား။ ပီး ငါ့မယ် ငါ့မိ ငါဘလည်း မရှိကြတော့ဘူး။ ငါ့အိုး ငါ့အိမ်နဲ့ ငါလုပ်ချင်သာ လုပ်...နိုင် ... သာ... ပဲ"

ဒွေးမယ့်အခန်း နဖူးစီးရှိ နန္ဒင်းမကင်း ရာဇမတ်ကွက်ကြားမှ လင်းနို့ကလေး နှစ်ကောင်သည် မောင်ညို့ ရေနံတိုင်အရောင်ကို မြင်သောအခါ မောင်ညို့ခေါင်းပေါ်မှ သိ၍ ရှပ်၍ ဝဲပျံ ဝိုင်းပတ်နေသည်။ တစ်ခါ နှစ်ခါမျှ မောင်ညို့သျှောင်စောင်းဖြင့် လာ၍ တောင်ပံကလေး ခတ်မိသေးသည်။ လင်းနို့တွေ ပျံနေသည့် အတောင်ပံသံပင် အတိုင်းသား ကြားရသည်။

"တစ်သက်မယ် ကိုညိုကို အကျွန် အချစ်ဆုံးပဲ။ အကျွန့်အတွက် အခြား ယောကျာ်းသနာ ဆိုရင် ကိုညိုကလွဲပီး မရှိသဲ့ပေါင်ပါ"

"အနို့ ပဇာမို့ ငါ့အလို မလိုက်ချင်ရသာတုံး။ နင့် မြင်ရရင် ငါ့စိတ်ကို အတန် ထိန်းနေရသယ် ဆိုသာ မသိဘူးလား"

ထိုသို့သော စကားသံများကား ရှေးပဝေသဏီ ကမ္ဘာကြီးတည်စက ပြောခဲ့သံများလော။ ညို့နားဝတွင် ဥုသံ၊ ကလိုင်သံဖြင့် ပြန်၍ ဝဲစ သည်းစ ရွှဲစ ကြဲစ ပြုလာပါပြီ။

"အကျွန်တို့နှစ်ယောက် အချစ်ကို မြဲသထက်မြဲ ခွဲသထက် ခွဲစေချင်ရင် အကျွန်တို့ ကိုယ်တွေကို အလိုမလိုက်နဲ့။ အကျွန်လည်း ငယ်ငယ်ရွယ်ရွယ်ပဲ၊ ကိုညို့လို စိုစိုပြည်ပြည် ချစ်ချင်သာပဲ။ ကိုညို့ရင်ခွင်မယ် အမြဲမှီပြီး အိပ်နေချင်သာပဲ။ သာပေသိ၊ သည်စိတ်ကို အလိုလိုက်ရင် အချစ်ကို အလိုမလိုက်သာနဲ့ အတူတူပဲ"

မောင်ညိုသည် အတန်ကြာ ဆက်လက် စဉ်းစားနေပြန်သည်။ လှေကားဦးတွင် မလှုပ်မယှက်၊ မီးတိုင်တစ်ဖက် ဓားတစ်ဖက် ကိုင်၍ စဉ်းစားနေသည်မှာ ကွမ်းတစ်ယာကောင်းကောင်းညက်မက ကြာလေသည်။

မောင်ညိုသည် နောက်ဆုံး၌ နေရာမှ ဖြုန်းခနဲ မှင်တက်မိသူ ပြေသကဲ့သို့ ဆက်လက်လျှောက်ခဲ့ကာ တောင်ဘက်အဆောင်ရှိ သူ့အခန်းသို့ ဝင်သွားတော့သည်။ ယခင် မင်းသားကြီးနှစ်ပါးကို ဖုက်ထားဖူးသော အခန်းတွင်းမှ မောင်တွန့်ဟောက်သံသည် တစ်ချက်ချင်း မှန်မှန် ထွက်ပေါ်နေသည်။

မောင်ညိုသည် ရေနံတိုင်ကို တိုင်ခြေရင်းတွင် ချပြီး ဘုရားဝတ်ပြုသည်။ ပြီးလျှင် မီးတိုင်ကို ဟူးခနဲ မှုတ်လိုက်သည်။ "နက်ဖြန်ကျရင် ဒွေးမယ့်အမိကို ရည်စူးပြီး ဆွမ်းသွတ်အမျှဝေဖို့ ကိစ္စအတွက် ဒေါ်ငြိမ်းဇံကို တောင်မြို့ဆီ လွှတ်ဦးမှပဲ"ဟု အကြံယူရင်း အိပ်ပျော်သွားရှာသော မောင်ညိုကြီး၏ ဟောက်သံ တခေါခေါလည်း မကြာမိပင် တွေန့်ဟောက်သံနှင့်အတူ တစ်ချက်စီ စင်ပြိုင် ပေါ်ထွက်လာတော့သည်။ တံတားဦးရှာ တောသူဌေး ယာသမားကြီး မောင်ညို၏ အိမ်ကြီးကား တိတ်ဆိတ်အေးချမ်းသော ညဥ့်ရုံလွှာလေးအောက်တွင် ငြိမ်သက်စွာ အိပ်မောကျနေတော့သတည်း။

*

"သုနာပရန္တ၊ ခေါ်နိုင်းချိုးပ၊ တိုင်းချက်မ တွင်၊ အမရပူရ၊ အဝရွှေနန်း၊ ရှင်စံမြန်းရန်၊ တည်ထောင်ဖန်ဆန်း၊ တန်ခိုးလွှမ်းသည့်၊ ရွှေနန်းကြီးသခင်၊ မဟာဓမ္မရာဇာဓိပတိ၊ နာမတော် ဘွဲ့တံဆိပ်၊ ခတ်နှိပ်ကျော်ဝှမ်း၊ ဇမ္ဗူကျွန်းလုံး၊ လွှမ်းခြုံးစိုးအုပ်၊ မင်းမင်းများ အချုပ်၊ မင်းလုပ်တော်မူသော၊ ဆင်ဖြူများရှင်၊ သာသနာ့ဒါယကာ၊ ရွှေဘိုရောက်မင်းတြားကြီး၊ ခွန်းနှုတ်မြွက်ဆော်၊ အမိန့်တော် ထုတ်ပြန်လိုက်သည်၊ ဘုရင့်အမိန့်တော်....."

'တောက် အမိန့်တော်ကလည်း တော် တော်နိုင်ကွာ။ ရို့မင်းသားကြီး... အိပ်တုန်း ဖျ။ သူတကာ အိပ်ကောင်းသဲ့ အချိန်မယ်....'ဟု ရုတ်တရက် အော်ငေါက်လိုက်သော အသံ ထွက်ပေါ်လာသည့်တိုင်–

"ကန္နီ၊ သိပေါ၊ မိုးမိတ်၊ မိုကုတ်၊ ဗန်းမော်၊ ဗန်းမောက်၊ နယ်စွန်ရောက်အောင်၊ ပေါက်ရောက်တော်မူသည့်အတိုင်း၊ ပသျှူးယိုးဒယား၊ ကုလားပသိ၊ ရန်စွယ် သိသပ်သမျှကို၊ မလပ်အောင် စောင့်ထိန်းရန်၊ အရန်သုံးကျိပ်သုံးမြို့၊ အလုံးအဝန်း၊ လက်နက်စွမ်းပြင့်၊ ကိရိယာ ဆေးကြယ်၊ အစည်းအကြပ်နှင့်၊ လှံဖျား ကင်းဖျား၊ ကြည်းရေဆိုင်ရာ၊ တင် တပ်မှူးခန့်၍၊ သေချာခိုင်လုံအောင် စောင့်မြဲ စောင့်နေရမည်"

စွာစွာကျယ်ကျယ်ဖြင့် တစ်လုံးချင်း လေးလေးဆေးဆေး ထွက်ပေါ်လာသော လူတစ်ယောက်၏ အသံသည် တချွင်ချွင် တချွမ်ချွမ်မည်သော သံကွင်း၊ သံကြိုးတစ်ချောင်းနှင့် မာကျောသော သမံတလင်း ကြမ်းပြင်ကို ထိရိုက် ပွတ်တိုက်သံနှင့်အတူ တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ရုံလွှာသို့ ထွက်ပေါ်မြဲ ထွက်ပေါ်နေဆဲ ဖြစ်သည်။

အချိန်ကား လုလင်ပြန် ကြက်တွန်ပြီးစကလေးပင် ဖြစ်ပြီး၊ ကြယ်ရောင်မျှသာ ထွန်းတောက်နေသော အခိုက်အတန့်ဖြစ်၍ တစ်နေရာမှ အားခနဲ၊ အူးခနဲ၊ ဝါးခနဲ သမ်းလိုက်သော လက်နက်ကိုင် ကင်းသားများ အသံနှင့်အတူ တစ်ချက်ချင်း ဆွဲငင်အူဟစ်နေသော ခွေးသံ၊ သစ်ရွက် ထန်းရွက်ဖျားသို့ ညဥ့်လေ သုတ်သွားသံသာ ကြားရလေ၏။ ထိုအတွင်း–

'တောက် တပ်မှူး တပ်ကြပ်တွေ ခန့်နေပြန်ပြီ။ ကိုင်း သာ့ကလောက် တောင်းပန်ရက်က ကဲသဲ့ဟာ.....'ဟု အခြားတစ်ယောက်၏ အိပ်မှုန်စုံမွှားဖြင့် ခြိမ်းခြောက်သံနှင့် မရေးမနှောင်းပင် 'ကိုင်း ကိုင်း ပြန်ဦးဖျ အမိန့်တော်၊ ပြန်ဦး၊ ပြန်ဦး'ဟု အော်ကာငေါက်ကာ ပြောသော လူသံနှင့်အတူ တရွှမ်းရွှမ်း တဖြောင်းဖြောင်း ရိုက်နေသော ကြာပွတ်သံကြီးသည် ယခင် တိတ်ဆိတ်ရာမှ ခေတ္တ လှုးလွန့်နေသော ညဥ့်ရုံလွှာကြီးအတွင်းသို့ ရုတ်ခြည်း ထွင်းထိုး ဖောက်ဖျက်လာတော့သည်။

ကြာပွတ်သံနှင့် အတူပင် ခေတ္တကြာသော် 'အလိုလေးဗျာ မွေးမေလေလေ့၊ အရိုရို'ဟု ကြာပွတ်ဖြင့် ထရိုက်သူနှင့်ပင် တူသူ၏ စူးရှစွာ ဟစ်အော်လိုက်သည့် အသံသည် ထပ်မံ ပေါ်ထွက်လာတော့သည်။

မကြာမီလည်း ကင်းသားအချို့က အပြင်မှ လည်းကောင်း၊ အတွင်းမှလည်း လူအချို့ လျင်မြန်စွာ နိုးကြားထကြပြီး ပြေးလာကြသော ခြေသံ၊ မေးသံ၊ စကားပြောသံတွေသည် ယခင်က ငြိမ်သက်နေသော အရှုအခင်းသို့ ထိုအခန်းကလေး အတွင်းမှ တစ်ခဏချင်း ပေါ်ပေါက်လာခဲ့တော့၏။

ခေတ္တသော် ညည်းသူက ညည်းသံ၊ ကြွက်စိ ကြွက်စိနှင့် မေးသူက မေးသံဖြင့် ဗလုံးဗထွေး ဆူညံသွားသော်လည်း တစ်ဖန် ပြန်၍ ငြိမ်သွားသည်။ တစ်စုံတစ်ယောက်၏ အမိန့်တော် ပြန်တမ်းသည်လည်း ချက်ချင်း အဆုံးသတ် ပြတ်သွား၏။ ကြမ်းနှင့်သံကြိုး ထိရိုက် ပွတ်တိုက်သံလည်း ပျောက်သွားသည်။

အခန်းဆောက်ယံရှိ သံတိုင်ကြီးတွေကြားမှ အတွင်းက ရေနံချေးတိုင် မီးရဲရဲညည်သာ ငြိမ်သက်စွာ နားထောင်နေကြသော လက်နက်ကိုင် ကင်းသားများ၏ မောက်တိုနှင့် ချပ်နီများပေါ်သို့ ရဲရဲကလေး ထွေးကျနေသည်။ ညဥ့်လေအေးတွင် မှိုင်းမှိုင်းတွဲ့တွဲ့ ဆိုင်းသွဲ့သွဲ့ မြူထွေးကာ အထွတ်သုံးဆင့်နှင့် ဆင်ဝင်၊ ခန်းမ၊ လက်တီး စသည်ဖြင့် တောင့်တင်းခိုင်မာစွာ ဆောက်လုပ်ထားသော ထိုအဆောက်အအုံ မည်းမည်းကြီးဆီသို့ ငြိမ်သက်စွာ တစိမ့်စိမ့် သိုင်းဝိုင်း ပိတ်ဆို့နေတော့သည်။

အခန်းမှာ ဆယ်တောင်၊ ဆယ့်နှစ်တောင်ခန့် ပတ်လည် ကျယ်သော်လည်း အခင်းနံရံ အားလုံး အင်္ဂတေဖြင့် ဖြစ်သည်။ ပြင်ဘက်မှ တစ်တောင်ပတ်လည်၌ သံတိုင်ကြီးတွေ လက်သုံးလုံးကွာခန့် စိုက်စီထားသော ပြတင်းလေဝင်ပေါက် တစ်ပေါက်သာ ဖောက် ထားသည်။ ထိုပြတင်းပေါက်မှာလည်း ထွထဲသော နံရံအထက် လှူ့လက်လှမ်းမမီရာတွင် ဖြစ်သည်။ တစ်နေရာ၌ လေ့ကားသုံးထစ်ခန့် ရှိ၍ လေ့ကားထိပ်တွင် သံပြားထူကြီး ကာဆီးထားသော သံတံခါးကြီးတစ်ချပ် ပွင့်၍နေ၏။

အခန်းတစ်ထောင့်တွင် ကျွန်းသား ညောင်စောင်းတစ်လုံး နံရံကိုကပ်၍ ခင်းထား သည်။ ညောင်စောင်းမှာ သလွန် ပုံပန်းသဏ္ဍာန် အကြမ်းထည် ပြုလုပ်ထားသည်။ ၎င်းအပေါ်မှာ ကတ္တီပါတု မှိအုံး၊ အခင်း လဲမွေ့ရာပါး စသည်ရှိ၍ ကျားခေါင်းခံ ခြေ ထောက်တစ်ချောင်း ရှေ့တွင်ကား ကွမ်းကလပ်တစ်ခုနှင့် ရေတကောင်း တစ်လုံး၊ ရေမှုတ်နှင့် ရှိသည်။ သလွန်သဏ္ဍာန် ညောင်စောင်းခြေရင်းတွင် အုတ်နံရံ၌ မြှုပ်၍ သံကွင်းကြီး တစ်ကွင်းရှိကာ ထိုသံကွင်းမှ သံကြိုးကြီးတစ်ချောင်း သွယ်ထွက်နေသည်။

သံကြိုးတစ်စတွင် သံပြားကွင်းတစ်ကွင်းရှိပြီး သံပြားကွင်းထဲတွင် သေးသွယ် ပိန်လှီပြီး ဝဲစိုကလေးတွေ ပြည်မှည့်နေသော ခြေမျက်စိနှင့် ခြေဖမိုးတစ်ဖက် ရှိသည်။ ခြေထောက်ပိုင်ရှင်ကား ခြေထောက်ကဲ့သို့ပင် ပိန်လှီ ချည့်နဲ့လှသော အသက်လေးဆယ် ငါးဆယ်ခန့်၊ ဆံပင် သျှောင်ပေစုး ဖော့လုံးပေါင်းနှင့် လူတစ်ယောက် ဖြစ်သည်။ ဗလာ ပိုးကြီးပုဆိုး အနွမ်းအစုတ်၊ ဖျင်အင်္ကျီ ထိုင်မသိမ်းအပြဲကို ဝတ်ဆင်ထား၍ သေးကွေး ချည့်နဲ့သော ကျောပြင်မှ အင်္ကျီပိတ်သားသည် နေရာများစွာ၌ ဗရပွ စုတ်ပြတ်နေ၏။ အင်္ကျီစုတ်အောက်၌ အရိုး ခြင်းခြင်းနိနေသည်၊ မနိနေသည်ကို မှုန်တိမှုန်မွှား ရေနံချေးတိုင် မီးဖြင့် မသိနိုင်ပေ။ မင်းသားကြီးကား ကြာပွတ်ဒဏ်ဖြင့် မျက်တောင်စင်း၍ ကြမ်းပေါ်တွင် တစောင်းကလေး ခွေကျနေရှာသည်။

မင်းသားကြီးအေား၌ လူတစ်ယောက် ရပ်နေသည်။ လူဖလံ၊ ဂင်တို၊ ဗလဖီးဖီး၊ လက်တစ်ဖက်၏ လက်ကောက်ဝတ် အထက်နားတွင် ဟက်တက်ပြဲနေသော ဒဏ်ရာမှ သွေးသွင်သွင် စီးထွက်နေသည်။ မျက်နှာတွင် အံ့အားသင့်သည်၊ ဒေါသဖြစ်သည်၊ ကြောက်သည်၊ ဤအမူအရာ သုံးမျိုးစလုံး သမအောင် တစ်လှည့်စီ ပြနေသည်။ သူ့ ခြေထောက်ကြား၌ နွားယယ်သားရေမျှင် ကြာပွတ်ရှည်တစ်ချောင်း ကျနေသည်။ ကြာပွတ် လက်ကိုင်ကို မိန်းမတစ်ယောက် နင်းထား၏။ ကြာပွတ်ကြိုး ပြတ်နေသည်။

ထိုမိန်းမ၏ ယာလက်တွင် ဓားရှည်တစ်စင်း တင်းတင်းဆုပ်၍ ဓားရွက်တွင် သွေးအနည်းငယ် ကွက်ပေနေသည်။ ဓားတင်းတင်း ဆုပ်ထားသော မိန်းမ၏ ကိုယ်လုံး ကိုယ်ဖန်မှာ တောင့်တင်း၍ ညိုသော မျက်နှာသွယ်မှ မျက်လုံးတွေ မီးတောက်နေသည်။ ဆံပင်နောက်တွဲ ကပိုကရိုနှင့် မင်းသားကြီးအေားရှိ လူကို စူးစိုက်ကြည့်နေ၏။ ထိုလူက

အကြည့်ခံရမှ ထပ်မံ နာစပ်သွားသကဲ့သို့ 'အလိုရလေး လေ့ မွေးမေရာ၊ လက်ပြတ်ပါသေါ ဗျား'ဟု အသံအက်ကြီးဖြင့် ညည်းညူပြန်သည်။ ညည်း၍မှ မဆုံးမီ ဒုန်းဒိုင်းနှင့် ခြေသံ ပြင်းပြင်း ပြုကာ လူလေးငါးယောက် အပေါက်ဝတွင် တစ်နေသည့် ကြားမှ တိုးဝင် လာသော မောင်နောင်က–

'ရို့ ပဇာဖြစ်နေသာတုံး၊ ငါ့လခွီးမှုပဲ'ဟု မေးမြန်းရင်း 'ဟင် ခင်သွယ်'ဟု အံ့အားသင့်သွားသည်။ မောင်နောင်သည် ကိုယ်ကျပ် ဖျင်အင်္ကျီ၊ ဗလာပုဆိုးနွမ်းနှင့် သျှောင်တစောင်းပြေကာ ဆောင်ဓားဆွဲ၍ လက်ကောက်ဝတ် ဓားထိထားသူကို ကြည့်မေး မှ ထိုလူသည် ကြောက်လန့်လှသော အမူအရာဖြင့်–

'အကျွန်....ကျွန်....မင်းသားကြီး ထပိး အော် အော် နေသာကို ငြိမ်အောင် လုပ်တုန်း သင်း သင်း....'ဟု စကား ထစ်ထစ်ငေါ့ငေါ့ မပြောရဲ မဆိုရဲ ဖြစ်နေသည်တွင် ခင်သွယ်က မောင်နောင်နှင့် ထိုလူကြားသို့ လျှင်မြန်စွာ တိုးဝင်လိုက်ကာ ထိုလူအား 'ပဇာငြိမ်အောင် လုပ်သာတုံး။ လူမှန်းသူမှန်း မသိသဲ့ အရူးကျွန်ကို သာလို ကြာပွတ်နဲ့ အပြိုင်းပြိုင်း ရိုက်ဆုံးမရသလား'ဟု အော်ငေါက်ပြီးမှ ငနောင့်ထံ တည့်တည့်ကြည့်ပြီး 'ကျုပ်အခန်းမယ် ကျုပ် အိုက်သာနဲ့ လေသာဆောက် ထဖွင့်တုန်း သည်ဆီက အသံသဲ့သဲ့ ကြားလို့ ပြေးဆင်းလာတော့ မင်းသားကြီးကို သင်းက ကြာပွတ်နဲ့ မိုးမိုး ဆင့်ဆင့်ပီး နှိပ်စက်နေသာ တွေ့လို့ သင့်လက်ထဲက ကိုင်ထားသဲ့ သင့်ဓားကို ဝင်လုပီး ခုတ်လိုက်သာ ပဲ'ဟု ပြောသည်။ ပြောပြီး ဓားကို ကြမ်းပေါ်သို့ ပစ်ချလိုက်ကာ မောင်နောင်အား စေ့စေ့ကြီး ကြည့်၍ 'အဲသာပဲ တော်ရဲ့'ဟု အဆုံးသတ်လိုက်သည်။

မောင်နောင်သည် ခင်သွယ်၏ ထွားကျိုင်း တည်ကြည်သော ကိုယ်အင်္ဂါ အစိတ် အပိုင်း၊ မျက်စိမျက်နှာကို နှုတ်ခမ်းကလေး စေ့၍ မထေ့တထေ့ ကြည့်၏။ ခင်သွယ်က မျက်တောင်မျှ မခတ် 'အဲသာ ပဇာပြုတုံးတော့'ဟုပင် ထပ်မေးသေးသည်။

ဤအမူအရာမျိုးကို မောင်နောင် တော်တော်သဘောကျသည်။ သင်းကလေး ငါ့ကို နည်းနည်းမှ မရွံ့ဘူး၊ သတ္တိကလေးနဲ့၊ ချိုးပြမယ်။ အင်တန် ကြည့်လို့ကောင်းသဲ့ သင့်ကိုယ်ကလေးမယ် သည်သတ္တိကလေး ရှိနေသေးလို့၊ မရှိမျှား မရှိရင် ဘယ့်ကလောက် နေရာကျလိမ့်မတုံး။ မောင်နောင်က ခင်သွယ့်မျက်နှာမှ ဓားခုတ်ခံရသူထံ ပြောင်းကြည့် ရင်း 'ပဇာပြုရမတုံး၊ သည်က ငါ့သေနတ်သားရဲ့ ဝတ္တရား ဆောင်ရွက်သာကို အမိ လာနှောင့်ယှက်ရာ ကျသာပ'ဟု ပြောပြီး ဆက်လက်၍ 'သင်း ဝတ္တရားအတိုင်း မင်းသား ကြီး ငြိမ်သက်အောင် လုပ်သာကို....'ဟု ပြောနေသည့်ကြားမှ ဖြတ်၍ ခင်သွယ်က 'ခြေတစ်ဖက်ကို သံကြိုးကြီး ရောနန္တာခနဲ့ ထူးခတ်ထားသဲ့လို့ မလွန့်သာ မလှုပ်သာသဲ့ လူနာရွတ်တွကို သားရေကြာပွတ်နဲ့ ဗလကောင်းကောင်း သင်းက လွဲလွဲပီး ရိုက်သာဟာ သင်းရဲ့ ဝတ္တရားလား'ဟု လျှင်မြန်သွက်လက်စွာ မေးသည်ကို မောင်နောင်က ခင်သွယ့် အား စေ့စေ့ကလေး စောင်းကြည့်ရာမှ 'ဟုတ်သယ်' ဟု ဖြေသည်။ ခင်သွယ်သည် အစောင့်ကျနေသော စစ်သားအား ဓားနှင့် ဝင်ခုတ်စဉ်က မျက်နှာ မည်သို့ထားသည်၊

ခေါသထွက်သည်၊ မထွက်သည်ဟု မသိလိုက်နိုင်သော်လည်း မောင်နောင်ပြောသံ ကြားရလျှင် ကြားရချင်း မျက်နှာညိုကလေးသည် ရဲခနဲ ဖြစ်လာတော့သည်။

'ဟုတ်ရင် မတရားဘူးတော့'ဟု ခပ်ကျယ်ကျယ် အော်လိုက်မိပြီး တစ်ဖန် 'ဘာမှ မသိတတ်သဲ့ အရူးတစ်ယောက်ဖြစ်လို့ သာပီး မတရားရာ ကျသယ်တော်'ဟု ထပ်ပြောသည်။

'အရူးပေမင့် ကြာတော့ စိတ်မရှည်နိုင်လို့နဲ့ တူသယ်။ အရူး အရူးနဲ့ နန်းတော်ဦး ချေးတက်ယိုမယ် ကြံသာလည်း မေ့မနေနဲ့ဦး။ ပီး သူတကာ အိပ်ကောင်းသဲ့အချိန်....'

'သြော် အိပ်ပျက်အောင် လုပ်ရမလားလို့ပေါ့လေ့ ဟုတ်စရှင့်။ သာဖြင့် ပိုပီး မတရားဘူး။ သက်သက် နှိပ်စက်ကြံသာပ တော်တို့။ ဝတ္တရားဆောင်ရွက်သယ် ဆိုပေသိ ဝတ္တရားတွင်မက အိပ်ပျက်သာလည်း တစ်မှောင့်ကိုး နော၊ တော် တော်မူကြပါပေ့ရှင်ရဲ့' ဟု ရဲရဲနှင့်ရှင်းရှင်းပင် မေးသည်။ မောင်နောင် ဤတွင် စိတ်မရှည်တော့ပုံဖြင့် ခင်သွယ်ကို ကြည့်ပြန်သည်။ ထိုအခိုက် အခန်းသံတံခါးပေါက်မှ ခင်မှုံရောက်လာကာ ကြည့်နေသည်။ ဆံပင်များ ဖားလျားပြေ၍ ပိုးထဘီကွက်၊ ပိတ်အင်္ကျီပွပွနှင့် ခင်သွယ်တစ်လှည့်၊ လင်ဖြစ်သူ တစ်လှည့် အိပ်မှုန်စုံမွှား အကဲခတ် နားထောင်နေသည်။ အခြား အိမ်တော်စု အချို့လည်း ခေါင်းပြူ၍ ကြည့်ကြရင်း ခင်မှုံ ရောက်လာသောအခါ ခေါင်းငုံ့ပြီး ကိုယ်ကျို့ကာ နေရာ ရှဲဖယ်ပေးကြသည်။ မောင်နောင်က အံစေ့စေ့ကြိတ်ပြီး 'တို့တစ်တွေ ဝတ္တရားကို ဆောင်ရွက်ရာမယ် ပဇာမို့ အပြင်လူစုက ဝင်ဝင်ပီး နှောင့်ချင်ကြပါလိမ့် နော။ ဘီလူးစည်း လူ့စည်းဆိုသာ ထားကြဦးမှပေါ့၊ အနေသာကြီးကပဲ'ဟု ပြော၏။

'ဝတ္တရားကို အလွဲဆောင်ရွက်နေကြသာတော့ ကြည့်မနေနိုင်ပေါင်တော်'

'ပဇာလို ဆောင်ဆောင်လေ့၊ ဝတ္တရားဆောင်ရသူရဲ့ အလုပ်မယ် ပသို့မို့ ဝင်ဝင်ပါချင်ရတုံး။ ဘယ်နေရာမျိုးမယ်မဆို သည်လိုချည့်သဲ့၊ သာလို မလုပ်ကြပါနဲ့။ ကိုယ်နဲ့ မဆိုင်ရင် အေးအေးနေပါ အမိတို့ရာ'

'မနေနိုင်ဘူးရှင့်၊ သည်လိုချည့်သဲ့ မတရားလုပ်သာ များပီ။ ဟိုနေ့ကလည်း ပွဲတော်အုပ်ကို စားရက်တန်းလန်းက ပြန်ယူသွားကြသယ်။ တမြန်တစ်နေ့ကလည်း ဝတ်လဲတော် ဗရပွစုတ်ပီး ဣန္ဒြေတော်မဲ့နေသာ သည့်တိုင်း ကြည့်နေကြသယ်တော့'ဟု ခင်သွယ်က ဖွတ်ဆပြောရင်း 'နန်းတော်ကြီးက သင်း မင်းသားကြီးအတွက် ကိုရင်စိုကို လွှတ်မယ်ဆိုသာလည်း တော် ပဇာပြုလို့ မခေါ်သေးတုံး'ဟု မေးကာ 'သည်ကိုယ်တော်ကြီးတော့ ကိုရင်စို မလာမချင်း ဝင့်ကြွေးတော် ခံနေရရှာမှာပဲ ထင်ပါ့တော်'ဟု ဆိုသည်ကို မောင်နောင်က ခပ်ပြုံးပြုံးကလေးဖြစ်ရင်း ခင်သွယ်ကို ထေ့တေ့တေ့ကြည့်ကာ 'အိမ်း.... အိမ်း'ဟု ဆိုရာမှ 'ငစိုရောက်မှ သည်ကိုယ်တော်ကြီး သည်ဝင့်က ကျွတ်မှာပဲ'ဟု ပြောပြောဆိုဆို ဒဏ်ရာနှင့်လူထံ လှည့်၍ 'ဟဲ့ ဟိုကောင်၊ သွား.... အိမ်တော်မှူးဆီ ဆေးသွားသိပ်ချေ။ ဟဲ့ ဟိုတစ်ယောက်.... သည်ထဲ ဝင်စောင့်စမ်း။ ထွေးလိုက် သင့်ကို။ သင့်ကျောကို သိပ်ဖို့ တစ်ယောက်ယောက် ဆေးယူခဲ့ချေစမ်း။ ငြိမ်လောက်ပါပီ၊

ငြိမ်လောက်ပါပြီ။ ဟဲ့ကောင် ကြာပွတ်ကို ပြန်ဆက်လိုက်' ဆိုင်ရာဆိုင်ရာ မှာကြား ပြောဆိုပြီးလျှင် 'ကိုင်း ခင်သွယ်၊ သွားအိပ်ချေတော့ကွယ်။ သူတကာ အရေးချည့် ထထပါနေရင် ကိုယ့်အအိပ်တောင် ပျက်သယ် ဟုတ်စ။ ကိုင်း ကိုင်း....'ဟု အပေါက်သို့ ထွက်စပြုလျက် 'ဟင် ရှင်မှုံ'ဟု ခင်မှုံကို မြင်သဖြင့် အံ့အားသင့်သွားသည့် ပုံဖြင့် မျက်ခုံးပင့်သည်ကို ခင်သွယ်လည်း နေရာမှ မောင်နောင်နှင့် ရင်ပေါင်တန်း ထွက်ရာက ခင်မှုံကို တွေ့သောအခါ 'အို မမှုံပါလား၊ မမှုံတို့တောင် နိုးလာကြသကိုး'ဟု မေးသည်။ ငနောင်က လွတ်ခနဲ ဝင်၍ 'ဩော် .... ရှင်မှုံလား၊ သင်းက ညည အိပ်သာမှ မဟုတ်ဘဲ။ နေ့နေ့ကျမှ အိပ်သာ'ဟု ပြောလိုက်သည်။

ခင်သွယ် ဘာမျှနားမလည်သော်လည်း ခပ်ပြုံးပြုံးလေး ရယ်မိသည်ကို ခင်မှုံတွင် အဘယ့်ကြောင့်မသိ ရင်ထဲမှ ဒိတ်ခနဲ ခုန်သွားသည်။ မောင်နောင့်မျက်နှာကို ဖျတ်ခနဲ လှန်ကြည့်သောအခါ မောင်နောင်က ခင်သွယ်နှင့် ရောရှုပြိုးရာမှ အသံထွက်အောင် ဟားခနဲ ရယ်လိုက်သည်ကို မြင်ရ၏။ ခင်မှုံ့ကျောထဲမှ အေးခနဲ ဖြစ်သွားသည်။

အပြင်သို့ ရောက်သောအခါ ခင်သွယ်က သူ့အိပ်ခန်းဆောင်သို့ တစ်ယောက်တည်း ခွဲထွက်သွားသည်။

လင်မယားနှစ်ယောက်လည်း သူတို့အဆောင်ဘက်သို့ တွဲ၍ ဝင်သွားကြပြီး မောင်နောင်က တံခါးကြီးပိတ်နေ၊ ဓားကို ခေါင်းရင်းနံရံတွင် ချိတ်နေစဉ် ခင်မှုံသည် အိပ်ရာပေါ် တက်အိပ်နှင့်သည်။ နောက်မှ ငနောင် အိပ်ရာပေါ်တက်ပြီး ခင်မှုံ့ယာဘက်တွင် ကိုယ်တစောင်း လှဲချရာက စကားဆက် မရှိဘဲနှင့် ရုတ်တရက် 'ငစို ဘယ်နေ့ လာမသဲ့တုံး'ဟု မေးသည်ကို ခင်မှုံက ခေတ္တ လင့်မျက်နှာကို အကဲခတ်နေသည်။ ပြီးမှ အသံတိမ်ကလေးနှင့် 'လာမယ့် လပြည့်ကျော်တစ်ရက်သဲ့'ဟု ဖြေကာ "သင်းကပဲ ငါ့ကို ပြောသာပဲ။ ပဇာမို့ ငါ့ကို မေးနေပြန်ပလဲ" ခင်မှုံ မနည်း မျက်နှာပြင်ထား နေရရှာသည်။ မောင်နောင်က ထန်းရွက်ယပ်တောင် ဆေးရေးလှလှကလေးကို ဆွဲယူ၍ ယပ်ရင်းက တစ်ဖန် 'သည်ကနေ့ လဆန်း ဘယ်နှရက်ပါလိမ့်'ဟု မေးသည်။ ခင်မှုံက အမှတ်တမဲ့ ဖြစ်နေသောကြောင့် 'မသိဘူး၊ မေ့နေသယ်ရှင့်'ဟု ရက်စွဲကို စဉ်းစားနေစဉ် တွင်ပင် မောင်နောင်က ခေါင်းအုံး၌ ကိုယ်ကြီး လှဲမအုံးမိ ခုတင်ခေါင်းရင်းမှ မီးတိုင်ကို မှုတ်ပြီး 'နေ့စွဲရက်စွဲကလေးများလည်း သတိနဲ့ မှတ်သားထားဦးမှပေါ့။ အမှတ်မဲ့ မနေနဲ့ လေ၊ အချိန်ဆိုသာ လူကို မစောင့်ဘူးသဲ့ ရှင်မှုံရ'ဟု ပြောသည်။ ပြောပြီးလျှင် တစ်ဖက်သို့ တစောင်းလှည့်ခွေရင်း ယပ်ခတ်နေရာမှ ချက်ချင်းလိုပင် အံသက်ရှူသံ လေးလေးနှင့် အိပ်ပျော်သွားတော့သည်။

ခင်မှုံတွင် စကားအဆက်အစပ် မရှိဘဲနှင့် မေးသော လင်၏စကားကို နားမလည် နိုင်တိုင်း တောင်တွေးမြောက်တွေးနှင့် ခုတင်စွန်းတွင် တလူးလွန့်လွန့် မျက်လုံးကြီးတွေ ဝိုင်း၍ မျက်စေ့ကြောင်နေရှာတော့သည်။ အချိန်က လူကို မစောင့်ရအောင် ပဇာပြုလို့တုံး၊ ပဇာအချိန်လဲ ခင်မှုံ မသိပေ၊ မသိရှာနိုင်သေးပေ။

ခင်မှုကဲ့သို့ လောကလူတွေ အားလုံးပင် မှတ်ပါရစ်လေ၊ အမှတ်မဲ့ မနေပါနှင့် ဆိုသော အချိန်နှင့်ပတ်သက်သည့် သတိပေးစကားကို မသိ နားမလည်တတ်ကြပေ။

"လျှို့ဝှက်ကယ် တိုင်ပင်ပြုတဲ့ အမှုကို၊ အကြင်သူ ကြားသိ မြင်မူ၊ လိုမတူ ထိုသူ၏ ကျွန်ထုံး၊ တိုင်ပင်ပျက်မည် စိုးက မောက်မိုး မတော်လှန်နှင့်၊ သည်းခံကြဦး"ဟူ၍ စဉ့်ပါဆရာတော်၏ ဓမ္မနီတိချိုး ကာတဗ္ဗကထာ တွင် လာသည်။

သူတစ်ထူး၏ လျှို့ဝှက်မှုကို သိလိုမြင်လိုမူ ထိုသူ၏ ကျေးကျွန်ကဲ့သို့ပင် အောက်ကျို့ရမည်။ တော်လှန် မိုးမောက် မပြုရာ။ အစစတွင် သည်းခံရမည်ဟု ဆိုလိုပေရာ မောင်စိုသည် မတ္တရာတွင် မောင်နောင်တို့ နေစဉ်က မင်းသားကြီး အရေးတော်ပုံအတွက် ရန်ဘက် ပွားခဲ့ရခြင်းဖြင့် သူနှင့်သူမှာ ရန်သူပါတကားဟု ထင်ရှား ကြော်ငြာခဲ့ပြီးသည့် နောက်တွင် ယခုတစ်ဖန် မောင်နောင်၏ လက်အောက်၌ပင် အရာခံ တပ်ကြပ်ကလေး ရာထူးဖြင့် အမှုတော် ထမ်းရွက်ရန် လာရောက်ခဲ့ပြန်၏။ သို့ လာရောက်ပုံမှာလည်း ထင်ရှား ကြော်ငြာလျက်.....။

မရောက်မီ ရက်ကလေး အတွင်းက မည်သို့ ဖြစ်ပျက်သည်ကိုကား ငနောင်တို့ မသိပေ။

ယမန်ခါ ထိုနေ့က အိုးဘိုရှိ မင်းသားကြီး စံအိမ်တော်ဝင်းတွင် မောင်နောင်နှင့် သူ စားရေးဖြစ်ကြပြီးနောက် ဝင်းထဲမှ လူများ ဝန်းဝိုင်း ဖျန်ဖြေလိုက်သဖြင့် သူ နေပြည်တော်သို့ ပြန်လာသည်။

နေပြည်တော်ဝတွင် ဆိုသလိုပင် ထွန်းပေါ်နှင့် တွေ့သည်။ ထွန်းပေါ်က ကျပင်း မင်းသား အမေးတော်ရှိသည်ဟု ပြောသဖြင့် ကျပင်းထံ အခစားဝင်သည်တွင် မင်းသားက မောင်စိုအား များစွာ အပြစ်တော်တင်တော့သည်။ မောင်နောင်နှင့် ဖြစ်သော စားရေး သတင်းသည် ရုတ်ခြည်းပင် သက်ဆိုင်သူတစ်စုကြားသို့ ရောက်နှင့်နေလေပြီ။

ငစိုမှာ သူ ဝင်"ပါ"နေရသော လုပ်ငန်း၏ ကြီးမားခဲခက် လျှို့ဝှက်မှု အလုံး အရင်းကို ဤအထိ သဘောမပေါက်နိုင်သကဲ့သို့ ရှိခဲ့သည်နှင့်အမျှ အတွင်းပုဂ္ဂိုလ်တစ်စု မှာ သူ့အား မျက်ကြောပြတ် မခံ၊ အမြဲတစေ အကဲခတ် စောင့်စားနေပုံမှာ ထင်ရှားလှ ပေသည်။

မောင်စို့ ဝတ္တရားမှာ ငနောင်အား အမြဲ စောင့်ကြည့်နေရန် ဖြစ်သည်တွင် မောင်နောင်နှင့် ကွဲရန် ပြုခဲ့ခြင်းကို အပြစ်တင်ခံရခြင်း ဖြစ်သည်။

ထိုအခိုက်အတန့်ကလေးကား နိုင်ငံတော်တစ်ပြင်လုံး၏ ကံကြမ္မာကို လျင်မြန် စွာ ဖန်တီးနေသည့် အချိန်ကလေး ဖြစ်တော့သည်။ တစ်ဖက်တွင် ကင်းဝန် အကြံအစည် မှာ အထမြောက်လု နီးနေပြီ။ ဘင်္ဂလားရှိ သျှောင်ရမ်းမင်းသားနှစ်ပါးထံတော်သို့ ကင်းဝန် ထံမှ နောက်ဆုံး စာသဝဏ်လွှာကို ပေးပို့ပြီး ဖြစ်လေသည်။

ပေးပို့သော အလွှာကိုလည်း မင်းသားကြီးနှစ်ပါးထံမှ "သင့်လျော်သော အခါ ကောင်း အခါမြတ်တွင် နိုင်ငံတော်ကို လုပ်ကြံပါမည်။ သတိကြီးစွာ ပြုထားကြလေ"ဟု

ပြန်စာပို့ပြီး ဖြစ်သည်။ လက်နက်များလည်း နေရာများစွာတို့တွင် ထားသိုလှို့ဝှက်ပြီးပြီ။ အပေါင်းပါများ ထံသို့လည်း ပေးအပ်သင့်သူကို ပေးအပ်ပြီး ဖြစ်လေသည်။ မောင်စိုတို့ တစ်တွဲကိုယ်တိုင် အင်္ဂလိပ်လုပ် သေနတ်များကို မြင်ကွန်းမှတစ်ဆင့် ရွှေဘိုတစ်ဝိုက်တွင် ဖြန့်ဝေ လက်လှို့ပြီး ဖြစ်လေသည်။

သို့ ကင်းဝန်မင်းကြီး ဦးစီး၍ ကြံဆောင်သော လုပ်ငန်းကြီးမှာ အထမြောက်လု နီးနီး ရှိစဉ်တွင်ပင် နန်းတော်ကြီး၌ အင်္ဂလိပ်တို့၏ သစ်မှုကြီး ဖြစ်သည်မှ အစပြုကာ အကယ်၍ အင်္ဂလိပ်တို့နှင့် စစ်ဖက်ရသော် သင့် မသင့် တင်လျှောက်ရမည်ဟု မင်းတရား ကလေးက အမေးတော် ရှိခဲ့၏။

ဤတွင် အင်္ဂလိပ်တို့၏ လက်နက်အင်အား၊ လူအင်အားကိုလည်း မင်းကြီး ဦးကောင်းက သိထားနှင့်သည်။ သီပေါမင်း၏ ခမည်းတော် မင်းတုန်းမင်းတရားကြီး ရွှေလက်ထက်တော်ကပင် အနောက်နိုင်ငံသို့ လှည့်လည်ခဲ့ဖူးသည်။ ယခု မင်းသားကြီး နှစ်ပါးကို နန်းတင်ရန် အရေးတွင်လည်း အင်္ဂလိပ်နယ်မှ လူစု၏ အကူအညီကို ရနေ၏။ အကယ့်အကယ် အကြိတ်အနယ်ဖြစ်ရလျှင် မင်းသားကြီးဘက်မှနေ၍ အင်္ဂလိပ်က ကူညီ နန်းတင်ပေးမည်ဟု ကတိပေးဖူးသည်။ ထိုထက်လည်း ကင်းဝန်မင်းကြီး၏ ခြေလှမ်းမှာ အင်္ဂလိပ်နယ်ဘက်တွင် ဝှက်၍ မလှမ်းနိုင်။ မတတ်သာ တတ်သာ အရေးကြောင့် စာလွှာ သဝဏ် တံစိုးလက်ဆောင် အပေးအယူ စသည်များကို တစ်ခါတစ်ရံ အင်္ဂလိပ်များ ဖွင့်လှစ်ထားသော စာတိုက် စသည်မှ ပေးပို့ရသဖြင့် အင်္ဂလိပ်တို့ သိရှိ ပေါက်ကြားနေကြ သည်။ အကယ်တန္တိ သူတို့အကူကို မခံယူ၊ သူတို့အလွမ်းကို မလိုချင်လျှင် အင်္ဂလိပ်တို့က သီပေါမင်းအား ထိုသတင်းကို တစ်နည်းနည်းဖြင့် ပေါက်ကြားစေမည်ကိုလည်း မင်းကြီး ဦးကောင်း စိုးရိမ်ပူပန်၏။

စင်စစ်လည်း ဦးကောင်းနှင့် မောင်စိုတို့တစ်စုမှာ မလွဲမကင်းသာသော ထိုအချက် ကြောင့် မိမိတို့ ကြံစည် ပြုလုပ်နေကြသော ရာဇဝတ်မှု၊ လှို့ဝှက်မှုကြီးတွေကို အင်္ဂလိပ်တို့ အား အသိပေးထားရခြင်း ဖြစ်၏။ သို့ အသိပေးထားရသဖြင့် အင်္ဂလိပ်က ဦးကောင်းပေါ် ၌ ကြိုးကိုင်ကြိုးဆွဲလုပ်ရန် ကြိုးစားနေသေးသည်။ ကြိုးကိုင် မခံရအောင် အတန်တန် ဉာဏ်စိစစ်ပြီးလျှင် အင်္ဂလိပ်အား သူခိုး သေဖော်ညှိ ဆိုသကဲ့သို့ ပြုလုပ်ထားရသောကြောင့် ဦးကောင်းနှင့်အတူ တောင်ခွင်မင်းကြီး ဦးသိုင်း၊ ပေါက်မြိုင် အတွင်းဝန် ဦးလှဘူးနှင့် ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးတို့က အင်္ဂလိပ်တို့ လိုချင်သော တောင်းဆိုချက်များ ကို လိုက်လျော ပေးကမ်းပါရန် လျှောက်ထားရတော့သည်။

တိုင်တားမင်းကြီး ဦးဖိုးနှင့် အရှင်နှစ်ပါးက သဘောတော် မကျကြပေ။ မည်သို့ ဆိုစေ၊ တစ်စထက် တစ်စ ကဲလွန်း သဲလွန်းလာသော အင်္ဂလိပ်ကို မနိုင် နိုင်အောင် ခုခံတိုက်ခိုက်မည်ဟု မိန့်တော်မူဖူးသည်။ မိန့်တော်မူရုံမျှနှင့် ကျေနပ်တော်မမူသေးဘဲ သက်တော်လည်း ငယ်၊ စိတ်လည်း ထက်မြက်သော မိဖုရားကြီး ထိပ်စုဖုရားလတ်က ဦးကောင်းအား–

'သည်လောက် ကြောက်တတ်လျှင် ယောကျ်ားလုပ်မနေပါနှင့်၊ မိန်းမ လုပ်ပါ။ သီလရှင် လုပ်ပါတော့လား'ဟု ပြောဆိုပြီးလျှင် ဦးကောင်းထံသို့ နောက်တစ်နေ့တွင် ထဘီ၊ ယပ်တောင်၊ သနပ်ခါးတုံး၊ ကျောက်ပြင် စသော မိန်းမ အသုံးအဆောင်တို့ကို ဆေးပို့တော်မူဖူးလေသည်။

ထိုအတွင်း တိုင်တားတို့ လူစုသည် ပြင်သစ်လုပ် သေနတ်များကို မေမြို့ (ပြင်ဦးလွင်)လမ်း၊ ဗန်းမော်လမ်း၊ မြစ်ငယ်လမ်း စသည်တို့မှ တိတ်တဆိတ် သွင်းယူ သိုသိပ်စု ပြုနေသည်။ တစ်ဦးနှင့် တစ်ဦးလည်း အစွမ်းကုန် ငြိုးတူရန်ဖက် ပြုနေကြသည့် အခိုက်အတန့် ဖြစ်လေသည်။ အိမ်နိမ့်စံ မင်းသားအချို့လည်း ဦးကောင်း၏အကြံနှင့် နောင်တော် ညောင်ရမ်း၊ ညောင်အုပ်မင်းသား တစ်ပါးပါးကို နန်းပြောင်းတင်ရန် သဘော တော် ကျသဖြင့် တိတ်တဆိတ် ကူညီစိုင်းပြင်း အားပေးနေကြသည်။

ထိုအခြင်းအရေးများကိုလည်း တိုင်တားလူစုတို့က သိတန်သရွေ့ သိသော ကြောင့် မသက်သာသော မင်းသွေးတစ်စုကို ကျူးသွင်းပြီး ဖမ်းသကဲ့သို့ အမြဲစောင့်၍ ကြည့်ရှုနေကြသည်။

သို့ မသက်သာသည့် အိမ်နိမ့်စံတစ်စုတွင် မင်းသားကြီးကို သက်သေခံ အနိုင်အလုံ နှင့် လက်ပူးလက်ကြပ် ဖမ်းဆီးလိုသောကြောင့် အိုးဘိုဘက်ဆီတွင် ယခင် ဥပါယ်တံမျဉ် ကို အောင်မြင်စွာ အသုံးချကြခြင်း ဖြစ်ခဲ့၏။ တိုင်တားတို့ဘက်က သူ့အား တစ်ဖက်လှည့် ဖြင့် လှည့်စားခြင်း၊ သူ၏ အရေးကြီးသော စာရွက်စာတမ်း ပေရွက် ပုရပိုက် စသည်များ နောင်တို့ ရှာဖွေ ရရှိသွားသည်ဟု ဝမ်းနည်းစွာ သိရသောအခါ မင်းသားကြီးသည် တစ်စစဖြင့် အကြံပြုန်းရသည့်အတွက် ဉာဏ်တုံးကြီးဖြစ်ကာ ဦးနှောက်တော် ပျက်ပြား သွားရှာခြင်း ဖြစ်သည်။ ထိုနေ့မှစ၍လည်း အမြဲလိုပင် မင်းဟန်မင်းရေး ရေမြေသနင်း ပြည့်ရှင်မင်း၏ အဟန်အဆောင်ကိုသာ ပြုလုပ်နေရှာ၏။ ရာဇပလ္လင်ရှူး ရှူးနေရှာသည်။

ဤမင်းသားကြီးကို အမှီသဟဲပြု၍ နောင်တို့ လူစုသည် တိတ်တဆိတ် ကြံစည် စိုင်းပြင်းနေသည်ဟု သိထားရသောကြောင့် မောင်နောင့်အနီးတွင် မောင်စိုကို ထားရန် ကြိုးကိုင်တစ်စုက ကျပင်းမင်းသားမှတစ်ဆင့် စီစဉ်ခြင်း ဖြစ်တော့သည်။

ကျပင်းနှင့် နန်းတော်ကြီး အဝင်အထွက်ရှိလေရာ နန်းတော်ကြီး၏ အရိပ်အကဲ ကို ကျပင်းက စောကြော တည်းဖြတ်နေခိုက် မောင်စိုအား ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးထံ ကျပင်းမင်းသားက ညွှန်ကြား ကပ်ပါးစေ၏။ ဦးရွှေအိုးသည် ဦးကောင်း လူ ဖြစ်သော်လည်း တိုင်တားမင်းကြီး၏ သမက် ဖြစ်လေရာ သမက်ထံမှ တစ်ဆင့် ယောက္ခမထံ ကြံစည်ပေးခြင်းဖြင့် တစ်ဖက်က နန်းတော်ကြီးကို ဝင်ပြီး ကြံစည်သော ကျပင်းမင်းသား၏ လုပ်ငန်းမှာ လျင်မြန်စွာ အထ မြောက်သွားသည်။

ရာထူးကို ရိုက်ရာမရှိဘဲဖြင့် ဤသို့ ရရှိသည်နှင့် တစ်ပြိုင်နက် မောင်စိုသည် မောင်နောင့် လက်အောက်သို့ ဝင်ရောက် အမှုထမ်းခြင်း ဖြစ်တော့သည်။ အထက်ပါ

စဉ်ပါဆရာတော်၏ ဓမ္မနီတိချိုး အတိုင်းပင် အကြံတစ်ခုအတွက် ဝတ္တရားကို ဆောင်ရွက်နေရာ၌ သူနှင့် စားရေးပြိုင်ခဲ့သည်ကိုပင် လုံးလုံး မေ့ထားရတော့သတည်း။

## ၄၅ ။ ဖုံးမရသူရဲ့ အစ၏ အဆုံး

မင်းသားကြီး ရွှေစိတ်တော် ဖောက်ပြားစဉ်က စ၍ အိုးဘိုမှ ရွှေဘိုသို့ ပြောင်းရွှေ့၍ စံမြန်းစေခြင်းဖြစ်ရာ၊ အိမ်တော်ကြီးတွင် မောင်နောင်တို့ လင်မယားနှင့်တကွ သူတို့ အိမ်သားများဖြစ်သော ဦးမင်းဒန်၊ ဒေါ်ဒါလီတို့နှင့်အတူ ငစည်သူ၊ ဦးထင်တို့ပါ ပါလာကြသည်။ မင်းသားကြီးကား စံအိမ်တော် ပြောင်းရစဉ်မှ စ၍ သာလွန် ကြမ်းတမ်းဖောက်ပြန်တော်မူလာသောကြောင့် အိမ်တော်အောက်ထပ် အခန်းတစ်ခုတွင် တစ်ကိုယ်တည်း စံမြန်းစေရင်း ခြေတော်တစ်ဖက်တွင် သံကြိုးဖြင့် ထုံးတည်းထားရတော့သည်။ မင်း၏ အဆောင်အယောင်ကို ပေးရ၊ မင်း၏ အသုံးအနှုန်းကို ပြုရသည်။ သမားဟူးရားနှင့် ကြပ်မတ်ကုသ၍ကား မရတော့ပြီ။ သည်းခြေတော် ပျက်စီးနေပြီဟု ဝမ်းနည်းစွာ သိရတော့သည်။

မရှေးမနှောင်းပင် နာမကျန်းဖြစ်၍ ပါလာသော မောင်နောင်၏မိခင်လည်း ဤစံအိမ်တော်၌ပင် ဆုံးပါးသွားပြန်သည်တွင် မောင်နောင်မှာ သာ၍ပင် မျက်နှာ ခက်ထန်မောက်မာနေတော့သည်။ ဦးထင်မှာလည်း ခင်မှုံတို့ မိဘက သမီးကို စိတ်မချသဖြင့် လွှတ်ပို့ထားခြင်း ဖြစ်ရာမှ ငနောင်အား တွေ့ရသည်နှင့် တစ်ပြိုင်နက် သူ့လူ ကိုယ့်ဘက်သား လုံးလုံးလျားလျား ဖြစ်သွားလေသည်။ မျက်နှာတွင် ဓားရာ ကြက်ခြေခတ်နှင့် ဦးမင်းဒန်ကား မျက်နှာထား သာ၍ပင် ဆိုးရွားသလောက် သဘောလည်း ပုပ်လှတော့သည်။ သူတို့သုံးယောက် တွဲ၍ စိုးမိုး ချုပ်ချယ်နေသော ခင်မှုံတွင် မလှုပ်သာ မလှည့်သာ ဖြစ်နေ၏။

ခင်မှုံမျှသာမက အိမ်တော်သား အားလုံးပင် အကြောက်ကြီး ကြောက်နေကြရတော့သည်တွင် ခင်သွယ် တစ်ယောက်တည်းသာ နေရာတကာ၌ မတရားဘူး ထင်သရွေ့ မည်သူ့မျက်နှာမျှ မထောက်၊ မည်သူ့အရှိန်အဝါမျှ မကြောက် ပြောဆိုနေထိုင်သည်။ အိမ်တော်စုမှ ခင်သွယ်အား ကြိတ်ပြီး သဘောကျနေသူများလည်း ရှိကောင်းရှိပေမည်။

သို့သော် ခင်သွယ် သဘောမကျဆုံးကား မောင်စို ဖြစ်လေသည်။ မောင်စို ရောက်လာစဉ်မှ စပြီး မင်းသားကြီးအား မတရား မပြုနိုင်ခြင်းကိုသာ တွေ့ရ၍ အခြားမဲ့တွင်ကား ငစိုမှာ ငနောင်၏ အာဏာတန်ခိုး လွှမ်းမိုးခြင်းကို ငုံ၍ ခံနေရပုံမှာ ကြားထဲမှ ခင်သွယ် ကသောက်ကအိ ဖြစ်ချင်လောက်အောင် အကဲဖမ်းမိနိုင်၏။

ထိုက်သည့်အားလျော်စွာမျှ သူ့လက်ဝယ် ရရှိထားသော အာဏာကိုပင် အသုံးမပြုဝံ့။ ထိုထက်လည်း ခင်မှုံနှင့် မောင်စိုတို့၏ အမူအရာကို ခင်သွယ် လုံးလုံးမကြိုက်ပေ။ ကြိမ်ဖန်များစွာပင် သူတို့၏ အမူအရာသည် ဓမ္မတာထက် လွန်ဆန်ကြောကဲနေသည်ဟု

ထင်သည့်အတွက် မောင်စိုအား 'ကိုရင်စို၊ မမှုံမယ် လင်နဲ့ဆိုသာ သတိထားပါတော်'ဟု ဖြောင်ကြီးပြင်ပြင် တစ်ခါမက ပြောလိုက်ဖူးသည်။

ထိုအတွက်လည်း မောင်စိုသည် ခင်သွယ်အား အော့နှလုံး နာနေခဲ့ပြီ။ ဤအရိုင်းမ ဇနပုဒ်သူသည် အဘယ်ကြောင့် ဤစံအိမ်၌ သင်းပြောသည့် အရက်နှစ်ဆယ်ထက် ပိုပြီး နေထိုင်ပါသနည်းဟု နားမလည်ပေ။

ခင်သွယ်မှာ ဤသို့လျှင် ထိုစံအိမ်တော်တွင် ဆက်လက် နေထိုင်ခဲ့သည်။ စံအိမ်တော်ကြီးရှိ လူအားလုံး၏ သဘောသကာရ အကြံအစည် စိတ်နေစိတ်ထားများကို သိနားလည်မိသည်နှင့် တစ်ပြိုင်နက် ခင်မှုံအား အနည်းငယ်မျှ စိတ်မချနိုင်ပါပေ။ ကင်းဦးမှ လိုက်နေစဉ်က အရက်နှစ်ဆယ်ခန့်သာ နေမည်ဟု ပြောဖူးသည် မှန်သော်လည်း ထိုအိမ်ကြီး၏ ရှုပ်ထွေးသော အခင်းအရေးများပင်လျှင် ခင်သွယ်အား ဆွဲဆောင်ညှို့ငြိထားသည့် အလား တစ်လမျှမက ဆက်လက် ကြန့်ကြာနေမိ၏။

ယခုမှပင် ခင်မှုံသည် သူ့ကိုစို သူ့အား မည်မျှချစ်ခဲ့သည်။ ထိုမျှ ချစ်ခဲ့သော မှုရင်းအချစ်ကို အချိန်ဖြင့် စက်၍လည်းကောင်း၊ အတွေ့အကြုံဖြင့် စက်၍လည်းကောင်း၊ ဘဝဖြစ်စဉ်ဖြင့် ချိန်ထိုး၍လည်းကောင်း၊ ခံစားမှုဖြင့် မှတ်တင်၍လည်းကောင်း အစစ်ဆေး အစောကြောခံလျက် စွဲမြဲစွာ စောင့်ထိန်းခဲ့ပါတကားဟု သဘောပေါက်ခဲ့ပေပြီ။ ရှေးစဉ်ကာလတွင် သူတို့နှစ်ဦး အနေဝေးလေလေ တစ်ယောက်နှင့်တစ်ယောက် စိတ်မှန်ကူ၌ စိတ်တွေးထင်ယှသော ပုံသဏ္ဍာန်များသည် သန့်စင်မြင့်မြတ်ရမည့် နေရာ၌ အသွေး၏ အလို၊ အသား၏ အလိုသို့သာ ဖုံးလွှမ်းခွင့် ပေးခဲ့မိကြပြီ။ ယခု ဤစံအိမ်တော်၌ ခင်မှုံအတွက် မောင်နှောင် လင်ဖြစ်သူသည် ရှေးယခင်ကကဲ့သို့ ခရီးတာရှည် ထွက်ခွာခြင်းလည်း မပြု။ ထိုကြောင့် ခင်မှုံ မယားဖြစ်သူတွင် တခြားသို့ ထိုသို့လွှင့်ပါးသော စိတ်အာရုံပြားမှုကို ပြုခွင့် မရလှ။

မဟုတ်ပါပေ။ နားလည်မှုကြောင့် ဖြစ်ပါ၏။ ယခုမှ သူ့ပေါ်၌ စွဲမြဲနေသော အချစ်ကြောင့် သူ့ကိုစို၏ မူရင်းဘဝဖြစ်စဉ်သည် အသွင်တစ်မျိုး ပြောင်းခဲ့ရပြီတကားဟု နားလည်မှုကြောင့် ဖြစ်ပါသည်။ သူနှင့်မညားသောကြောင့် သူ့ကိုစိုသည် လက်ရှိဘဝနှင့် ပေါင်းဖက်ရရှာပါပေသည်။ သာမန် အသည်သား တောရွာဇနပုဒ်မှ လူရွယ်တစ်ဦးသည် "မ"အတွက်ကြောင့် နန်းတွင်းသပွတ်အူ အရှုပ်ကို အဟုတ်ထင်ကာ နိုင်ငံရေး လုပ်နေရပါသည်ဟု ကာယကံရှင် ခင်မှုံ ရိပ်ပတ်လည်မိ ပါတော့၏။

ထိုသို့ နားလည်မှုဖြင့် သူ့ကိုစိုထံမှ တစ်ခုတည်းသော တရားရပ်ကို ခင်မှုံ လက်ခံလိုက်တော့သည်။

ချစ်သောသူထံမှ ဝါဒ သဘောတရားသည် နားလည်မှုဖြင့် အထောက်အထား ပြုမိသောအခါ လျင်မြန်စွာ ခိုင်မာ စွဲမြဲနိုင်ပေသည်။

မောင်စို ပြုလုပ်နေရသော အထက်က တိတ်တဆိတ် ပေးအပ်ထားသည့် တာဝန်မှာ မည်မျှ ကြီးလေးသည်၊ ခက်ခဲသည်၊ အနှောင့်အယှက် ထွေပြားသည်၊ သက်နေ

နည်းလှသည်ကို ခင်မှူ သိသည်။ သိသောကြောင့် တာဝန်ဝတ္တရား အမြန်ပြီးစီးမှသာ အရပ်ရပ်ကိစ္စ ချောမောလျက် မောင်စိုလည်း စိတ်ရှင်းလက်ရှင်း ဖြစ်မည်ဟု တွေးဆကာ မောင်စိုအတွက် လိုမည်ထင်သော အကွက်အခင်းမှာ မိမိကိုယ်တိုင် အသက်ကို ပဓာန မထားဘဲ တာဝန်တာရေး ဖွလုံးဖေးမ ပေးမည်ဟု ဝမ်းတွင်းကျိတ် သန္နိဋ္ဌာန် ပြုထားလိုက်တော့သတည်း။

မောင်စိုအား ခင်မှူ ကူညီရန် ဆုံးဖြတ်ခြင်းသည် မောင်စိုအား မကူညီသူတွေထံမှ ဆန့်ကျင်ဘက် ဖိလာမှု ပြုရခြင်းဟုလည်း ခင်မှူ နားလည်၏။ ထိုနားလည်မှုဖြင့် သူ့ရင်ခွင်တွင် "လင်"အဖြစ် ရောက်ရှိနေခဲ့သော မောင်နောင်ကို "မြင်"စပြုလေသည်။ မောင်နောင်အား မိမိငယ်စဉ် အပျိုဖြန်းစိတ်ဖြင့် နှစ်သက်မိသည်၊ တပ်မက်မိသည်ကား အမှန်ဟု ဝန်ခံပါ၏။ သို့သော် အချိန်၊ နေရာ၊ အတွေ့အကြုံ စသည်တို့ဖြင့် လင်မယားဘဝ၏ အမှန်ကန်ဆုံးသော မှတ်ကျောက်ပြင်တွင် ဤလင်သည်သည် ထည်ဝါပြန့်ပြူး ထူးထူးကဲကဲ စွဲမြဲမြတ်နိုး အရိုးမြေကျ အချစ်လှသူ သစ္စာတင်းပြည့် ထူနိုင်စေသော ယောကျာ်း တစ်ဦးအဖြစ် ခင်မှူအတွက် ပေါ်လွင် ပြတ်သားခဲ့ပါသလော။

သူတို့ ထန်းတစ်ပင်ရွာ အဓိကရ အိမ်ဆွေးကြီးရှိ အခန်းတွင်းဝယ် မယားကို မတရား ကျင့်ခဲ့ဖူးသော ဘုရင့်တပ်မတော်သား ရင့်မကြီးတစ်ယောက် အနေဖြင့် ကြောက်စိတ် ပွေခဲ့ခြင်းကို ယခုတိုင် မမေ့နိုင်အောင် စိတ်သည်းနာမိရှာခဲ့ပြီ။

မှန်ပါ၏။ မောင်နောင်သည် မိမိ၏ တရားဝင်လင် ဖြစ်ပါသည်။ သို့သော် သူ့ပြုမူချက်များသည် မိမိပေါ်၌ တရားခဲ့ပါသလော။

မှန်ပါ၏။ မောင်နောင်သည် မာရဘင်သေနတ်စုတွင် ဘုရင့်သစ္စာတော်ခံ အရာရှိ တစ်ဦး ဖြစ်နေသောကြောင့် အုပ်ချုပ်မင်းလုပ်သော တရားမင်းမြတ်၏ လက်ဖျားလက်ရင်း။ သို့သော် သူ့ပြုမူချက်များသည် တရားပါသလောဟု တွေးတောစိစစ်တိုင်း သည် ရှင်ဘုရင်ကို နန်းချမှသာ တရားရာ ကျမည်ဟု ပြောလာသူကို ကြားနာပြီးခါမှ၊ နားလည်မှု ရပြီးခါမှ၊ သဘောတရား လက်ခံပြီးခါမှ.....။

အိုလေလေ ခင်မှူသည် ထိုသဘောတရားကို လက်ခံပြီးသည်၏ နောက်အဖို့၌ လူ့ပေါင်းသင်းဆက်ဆံရေး ထုံးတမ်းစဉ်လာသည်ကို လည်းကောင်း၊ သံသရာ တည်းဟူသော ဘာသာရေးဝါဒအရ ငရဲဝဋ်ကြွေး တင်ဆပ်ရမည်ဟု ကြားနာဖူးသမျှကို လည်းကောင်း၊ ပတ်ဝန်းကျင်၏ ဝေဖန်မည့် အခင်းအရေးကို လည်းကောင်း ပြတ်သားစွာ တွန်းဖယ် တော်လှန်ရန်ကိုသာ ဆုံးဖြတ်လိုက်တော့သတည်း။

ဘာသော ညာသော သောသောညံစေ၊ မောင်စို ပြုလုပ်သော "ကိစ္စ"သည် တရားမှုကို ဖန်ဆင်းရန်ဟူသော ဝါဒအရင်းခံဖြစ်လျှင် မိမိ ပြုလေလေသမျှမှာ ထိုကိစ္စ အတွက် အကူအပံ့သာ ဖြစ်ခဲ့ပါလျှင် တရားနည်းလမ်း ကျရမည်သာ။ ထိုထက်လည်း အချစ်ကို ယခုလို တစ်မျိုးတစ်ဖုံ ပြန်၍ မြင်စ ပြုပြီဖြစ်သော ခင်မှူသည်၊ အချစ်ဟောင်းကို အသွင်ဟောင်းမှ အသွင်သစ်သို့ မြင်စ ပြုပြီဖြစ်သော ခင်မှူသည်....။

သို့ စိတ်ပိုင်းဖြတ်ချက်သည် အချစ်စင်မြင့်တွင် မြင့်မြတ်သောနေရာမှ သွား၍ ပေါ်လွင်သည်ဟု ခင်မှုံ ထင်သည်၊ ယုံကြည်သည်။ ထိုယုံကြည်ချက်ဖြင့် ယခင် စိတ်ရိုင်း စိတ်မိုက်တည်းဟူသော ကူးလူး ဆက်ဆံမှုများကို စွန့်လွှတ်နိုင်ကြခြင်း ဖြစ်တော့၏။ ထိုအခါကျမှပင် လိပ်ပြာသန့်သွားဟန်ဖြင့် မောင်နောင်၏ မျက်နှာကို စေ့စေ့ကြည့်ရဲ၍ မောင်နောင်၏ ရှေ့မှောက်၌ပင် မောင်စိုနှင့် ခါတိုင်းထက် ရဲရဲဝံ့ဝံ့ ခေါ်ပြော ဆက်ဆံနိုင် လာ၏။ ဤသို့ သန့်စင် ပြုပြင်ထားသော မေတ္တာအလျဉ်သည် အဘယ်ကြောင့် ခင်မှုံနှင့် မောင်စိုတည်းဟူသော အချစ်စိုင်၊ အချစ်တုံး နှစ်တုံးကြားမှ တသွင်သွင် မစီးဆင်းနိုင်ပါအံ့ နည်း။ စီးဝံ့ စီးနေသည်သာ။

သို့ နေခဲ့ရာက တစ်ညနေတွင် ခင်သွယ်၊ ခင်မှုံနှင့် မောင်စိုတို့ သုံးဦးသား အိမ်တော်ဆောင် ပန်းခြင်းကလေးတွင် စုဝိုင်း စကားပြောနေစဉ် မောင်နောင်လည်း လာ၍ စကားပြောသည်။ ပြောနေသော စကားမှာ မင်းသားကြီး၏ ရောဂါတိုးပြီး တစ်နေ့ထက် တစ်နေ့ ကြမ်းတမ်းလာပုံပင် ဖြစ်သော်လည်း၊ စကားဝိုင်းသိမ်းပြီး နေရာမှ ထ ကြသော အခါ မောင်နောင်က သူ့ဇနီးအား–

'ခင်မှုံ၊ သည်ကနေ့ လဆုတ် ဘယ်နှရက်လဲ'ဟု မေးပြန်သည်။ ခင်မှုံက ရက် မမှတ်မိ၊ မသိမိသဖြင့် အမှုမဲ့ပင် 'မသိဘူးရှင့် ကိုနောင်၊ ပဇာ လုပ်မလို့တုံး။ နန်းတော်ကြီး အခစား ဝင်ရမှာမို့လား'ဟု ပြန်မေးသည်။

'မဟုတ်ပေါင်ပါ၊ နေ့စွဲရက်စွဲကို ရေရဲ့ တွက်ရဲ့လားလို့ သိချင်လို့ပဲ အမိရဲ့။ နေ့ရက်တွေကို အမှုမဲ့ မဖြုန်းပါနဲ့၊ မှတ်မှတ်ရရ ရေတွက်ထားပါ ရှင်မရေ့'ဟု အဓိပ္ပာယ် အကောက်ရ မလွယ်ဘဲ စကားလိမ် စကားဝှက်ဆင်ဆင် ဒုတိယ အကြိမ်မြောက် ပြောဖူး ပါ၏။ ခင်မှုံသည် ဤတစ်ကြိမ်တွင်မူ ပထမအကြိမ်က ကဲ့သို့ စိတ်ကို အနှောင့်ယှက် မခံပေ။ ခင်သွယ်က 'ပဇာများတုံး မမှုံ'ဟု မျက်မှောင်လေးကုတ် မေးသည်ကိုပင် ရယ်သွမ်း သွေးပစ်လိုက်ခဲ့သည်။

သို့နှင့် နေ့ရက်တို့သည်လည်း တရွေ့ရွေ့ ရှေ့သို့ တိုးခဲ့တော့ရာ ခင်သွယ်သည် မိဘရပ်ထံသို့ ပြန်ရန် ပြင်ရတော့သည်။ ပြန်မည် ရည်စူးထားသော အချိန်မတိုင်မီ တစ်နေ့တွင်ပင် လာမည့်နေ့မှာ မင်းသားကြီးအား ရွှေနန်းတော်အနီး နေပြည်တော်သို့ ပြန်၍ ဆောင်ကြဉ်းရတော့မည်ဟု နေပြည်တော်မှ ပြန်လာသော မောင်နောင့်ထံမှ ကြားသိရလေသည်။ အဘယ်ကြောင့် မင်းသားကြီးအား ရွှေနန်းတော်သို့ ပြန်ခေါ်မည် နည်းဟု ခင်သွယ် နားမလည်ပေ။

သတင်းကြားရသော နေ့တွင် ခင်သွယ်သည် ညဉ့်စာကို ကောင်းကောင်းစား၍ မရပေ။ မဖြစ်စဖူး ထူးကဲသော စိတ်၏ ပူပန်ခြင်းကို အလိုလို ခံစားနေမိ၏။ ခင်သွယ်မှာ မင်းသားကြီးအား အကြောင်းမဲ့သက်သက် ကြည်ညိုနေလေရာ မင်းသားကြီးအရေးကို တွေးရင်း ထမင်းပွဲ၌ လူကုန် မျက်နှာစေ့ လိုက်၍ အကဲခတ်နေ၏။

မောင်နောင့်မျက်နှာတွင် ထူးခြားသည့် အမူအရာကို အကဲခတ်၍ မရသော်လည်း၊ စိုးနှင့် ခင်မှုံကား မျက်နှာမှာ မကြည်သာ မရွှင်ပျပုံကို ဖော်ပြနေကြသည်။ ထမင်းပွဲသိမ်းသည်နှင့် တစ်ပြိုင်နက် မောင်စိုးအကဲကို တစေ့တစောင်း ကြည့်နေမိ၏။ မောင်စိုသည် ခင်မှုံနှင့် တစ်စုံတစ်ရာ တီးတိုးပြောပြီးလျှင် အိမ်တော်သားသို့ ထွက်သွားမှ ခင်သွယ်လည်း ရှေ့မှထွက်ကာ မောင်စို ရှိမည်ထင်သော နေရာသို့ နောက်ယောင်ခံလိုက်သွားသည်။

ခင်မှုံက ထမင်းပွဲမှအတူ လင်ဖြစ်သူနှင့် အိမ်ရှေ့ ဆင်ဝင်ဆောင်သို့ ထွက်ခဲ့သည်။ ဆင်ဝင်ဆောင်တွင် ကျွန်းကုလားထိုင်ကြီးတစ်လုံး ရှိရာ ၎င်းတွင် ဝင်ထိုင်၍ ခင်မှုံသည် အိမ်တော်ဝင်း တောင်ဘက်မျက်နှာစာသို့ တစေ့တစောင်း ကြည့်နေသည်။ မောင်နောင်ကမူ ငွေရိုးဖြင့် သွားကြားကလေးတွေ ထိုးရင်း နန်းတော်ကြီး သတင်းကိုသာ တသွင်သွင် ပြောနေသည်။

'အင်္ဂလိပ်နဲ့တော့ စစ်ဖြစ်ရဦးမှာပဲ၊ နီးပြီ ရှင်မှုံ။ သင်းတို့ကလည်း သစ်ခိုးသေးရဲ့၊ သင်းတို့ကပဲ စစ်တောင်းနေသယ်။ သည်ဘက် ရွှေနန်းတော်ကြီးလည်း ပြင်သစ်၊ အီတာလျံတွေနဲ့ ပင်းပြီး ရွှေလမ်းငွေလမ်းဖွင့်မယ် အကြံတော်ယူနေသာပဲ။ ပြင်သစ်ပိုင်သဲ့နယ်ကို ရွှေမြို့တော်ကနေ မီးရထားလမ်း ဖောက်မယ်လည်း ကြံစည်တော်မူသာပဲ။ အကြံတော်ထမြောက်မယ်၊ မမြောက်မယ်တော့ မသိဘူး။ နောက်ဆုံး သင်းတို့ အဝါးဝလာရင် မရှိ ရှိသဲ့လက်နက်နဲ့ ဘသားပီပီ ခုခံမှာပဲလို့ တိုင်တားမင်းကြီးက မိန့်တော်မူလိုက်သယ်။ သာလိုဆိုတော့ ကိုနောင်တို့ စစ်မြေကို ထွက်ရဦးမှာပဲ။ ရှင်မှုံတို့ အိမ်မယ်ရှိသဲ့ မယားတွေကို ခွဲပြီး.....'ဟု အကယ် ဝမ်းနည်းသွားဟန်ဖြင့် အသံတွေ တုန်သည့်တိုင် ခင်မှုံ့အာရုံ၌ ထိပါးသင့်သလောက် မထိပါးနိုင်ပေ။ ဝင်းပြင် တာလမ်းပေါ်သို့ မြင်းဇက်ကိုပုံပြီး ဒုန်းစိုင်းထွက်သွားသော မောင်စို့ထံသာ မျက်စေ့တစ်ဆုံး ကြည့်နေသည်။ မောင်နောင်သည် ခင်မှုံ မျက်နှာလှည့်နေရာသို့ တစေ့တစောင်း လိုက်ကြည့်ရာ မြင်းရွှေကြီးတစ်ကောင်လည်ဆံဖွားဖွားနှင့် အပြင်းစိုင်း၍ မြင်းပေါ်တွင် ချိတ်ပုဆိုး ခရမ်းရောင်နှင့် လူတစ်ယောက်ကို မြင်ရမှ ဟင်းခနဲ ဣန္ဒြေမပျက် သက်ပြင်းချသည်။

နေရောင်ပြယ်၍ တစ်စစ မှောင်လိုက်လာသဖြင့် ငနောင်သည် ထိုင်ရာမှ ဖြည်းညင်းစွာ ထ သည်။ ငွေရိုး (သွားကြားတံ)ကို ခါးပုံမှာ ပြန်သိမ်းပြီး 'ရှင်မှုံ၊ မဝင်သေးဘူးလား'ဟု ခေါ်သည်ကို ခင်မှုံက 'ဝင်နှင့်ပါ၊ အကျွန် ဖြည်းဖြည်းမှပဲရှင်'ဟု ပြောသည်။ မောင်နောင်က ခင်မှုံကို စေ့စေ့လေး ငုံ့ကြည့်ပြီး 'သာနဲ့ စကားမစပ် သည်ကနေ့လဆုတ် ဘယ်နှရက်ပါလိမ့်'ဟု လွတ်ခနဲ မေးပြန်သည်။ ခင်မှုံ တွေနေရာမှ မော့ကြည့်လျက် မည်သို့မျှ ပြန်မပြောနိုင်မီ မောင်နောင် အိမ်တွင်းသို့ ဝင်စပြုရင်း 'နေ့ရက်ကိုရေတွက် မှတ်သားထားပါဆိုသာ ခုထိ မမှတ်သေးဘဲကိုး။ သည်ကနေ့မှ စ မမှတ်သေးရင်တော့ အိမ်း အခါတော့ နှောင်းရော့ထင်ပါ့ကွယ်'ဟု ပြောပြောဆိုဆို အိမ်ထဲသို့ ဝင်သွား

သည်။ လင်တော်မောင်မှာ စစ်ထွက်ရမည့် နေ့ရက် ချိန်ခါကို အတိအလင်း ဖွင့်ဟ မပြောရက်သေးသဖြင့် ယခုလိုများ မသိမသာ ချစ်ကညာအား ပြောရှာနေခြင်းလော၊ ခင်မှုံ တွေးတောမရဘဲ တွေနေပြီးမှ ပြည်းညင်းစွာ ဝင်လိုက်ရှာသည်။

အိမ်တွင်းတွင်ကား ရေနံတိုင်များ ထွန်းစ ပြုနေပြီ။ မီးတိုင် မချိတ်သေးသော နေရာတို့တွင် မှောင်နှင်းမည်းမည်း ဖြစ်နေသည်။ အိမ်တော်ကြီးမှာ နှစ်ထပ်၊ အုတ်ရိုးခံ၊ ပျဉ်ထရံ အထက်ဆင့်နှင့် အလွန် ကျယ်ပြန့်ပေသည်။ အိမ်ဝင်း ပတ်လည်မှာလည်း မန်ကျည်းပင်ကြီးများ၊ ကုက္ကိုပင်ကြီးများ ဝင်းပြည့် ပိတ်ဆိုင်းနေလေရာ အပြင်မှ ဆည်းဆာနေပြောက် ကြယ်ရောင်တောက်နေသော ပြာနှမ်းနှမ်း အရောင်မှိုင်းလေးသည် အိမ်တော်တွင်းသို့ ထိုးမဝင်နိုင်ပေ။

ခင်မှုံသည် တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးတောရင်း မင်းသားကြီး အဆောင်တော်ဖြစ်သော အောက်ထပ်တိုက်ခန်းသို့ ခေတ္တသွားရောက် အကဲခတ် ခစားခဲ့ပြီးလျှင် အိမ်မကြီး အလယ်ဘက်ရှိ လှေကားမှ တစ်ထစ်ချင်း အပေါ်ထပ်သို့ တက်ခဲ့၏။ အပေါ်ရောက်လျှင် အိပ်ခန်းဘက်သို့ ခေတ္တမျှ သွားဦးမည် အကြံနှင့် ကွေ့သွားလေသည်။ သို့သွားရာ မင်းလမ်းမ တစ်ဖက်တစ်ချက်တွင် အခန်းဆောင်လေးများ သုံးလေးဆောင် ပွင့်နေသည်။ အခန်းဝတွေတွင် သက္ကလတ်စိမ်း ခန်းဆီးများကာ၍ ပြင်သစ်ပိုးစဖြင့် ပန်းပွားများ ချထားသည်။

အိပ်ခန်းသို့ မရောက်မီကလေးတွင် ထိုခန်းဆီး တစ်ချပ်ကြားမှ ခင်မှုံ့လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲထားပြီး လျင်မြန်စွာ လက်ဝါးထဲသို့ ဂုံစက္ကူတစ်ရွက်ကို အခေါက်လိုက် ပေးသွားသည်။ စက္ကူခေါက်ပေးပြီး လက်လည်း လိုက်ကာခန်းဆီးကြားသို့ဝင်ပျောက်သွားသည်တွင် ခင်မှုံသည် ရုတ်တရက် အံ့အားသင့်ပြီး နေရာတွင် တွေရပ်နေပြီးမှ သက္ကလတ်တင်းတိမ်ကို ဆွဲဖယ်ပြီး အခန်းတွင်းသို့ ဝင်လိုက်သွားသည်။ ထိုအခိုက် မျက်နှာတူရှုရှိ လေသာပြတင်းပေါက် မှန်ကူကွက်ဖော် တံခါးရွက်ကလေးသည် ကျွီခနဲ ပြန်စေ့ သွားသည်ကိုသာ ကြားရသည်။ ပြတင်းပေါက်ကို လျင်မြန်စွာ ပြေးဖွင့်ပြီး ကြည့်သောအခါ အောက်မြေပေါ်တွင် မည်းမည်း မည်းမည်းနှင့် ပြေးနေသော လူ တစ်ယောက်ကိုသာ မသဲမကွဲ မြင်ရတော့သည်။

ဤတွင်မှ ခင်မှုံသည် ရင်တလှပ်လှပ် ခုန်ကာ စာရွက်ကိုကိုင်ပြီး အခန်းပြင်သို့ ခြေသံဖော့ ထွက်သည်။ မင်းလမ်းတွင် အသံတိုတ်မြ် တိတ်နေသည်ကို သတိပြုမိမှ သူ့အခန်းသို့ အလျင်အမြန် ပြေးဝင်ကာ အတွင်းမှ တံခါးပိတ်ထားလိုက်သည်။ ရှိသမျှ ပြတင်းပေါက်တွေကိုလည်း ပိတ်၍ ခန်းဆီးကာလိုက်သည်။ ပြီးမှ မီးခတ်တံ၊ ပွတ်ခုံ၊ မှို့၊ ကျောက်သံ စသည်ကို လျင်မြန်စွာ ယူ၊ ကမန်းကတန်း မီးပွင့်အောင် ခတ်သည်။ အရေးထဲကျမှ နားတစွင့်စွင့် မီးခတ်ရသည့် အထဲ၌ မီးကျောက် ကောင်းကောင်း မပွင့်။ မှို့ကို အသက်ရှုထုတ်သော လေဖြင့် လွင့်သွားနှင့် ဖြစ်နေသည်။ မီးပွင့်လျှင် ရေနံတိုင်ကို

မီးကူညှိပြီး လက်ထဲမှ စာခေါက်ကို ဖြေဖွင့်သည်။ ခင်မှုံမှာ နားတစွင့်စွင့်နှင့် ဖတ်ရင်း ဇောချွေးတွေ တစ်ပေါက်ချင်း ကျနေတော့သည်။

စာမှာ လက်ရေးဝိုင်းကြီးတွေဖြင့် မှိုင်းဆီ မင်နက်နှင့် ရေးထားသည်။

**မှုံ**

**သက်ကြီးခေါင်းချ ကြက်တွန်လျှင် အောင်မြေဘုံသာ ကျောင်းဝင်းရှိ သိမ်တော်ကြီးနောက်သို့ လာပါ။**

**စို**

ပဇာမို့ ကိုစို အောင်မြေဘုံသာ ဝင်းကို တကူးတကန့် မှာရတုံး။ သည်ကျောင်း မယ် တောရဘုန်းကြီးတစ်ပါးတည်း သီတင်းသုံးသယ်။ သင်းနဲ့ ငါလည်း တစ်ခေါက် တည်း ချိန်းပီး ငွေ့ဖူးသယ်။ တွေ့တုန်းကတောင် သည်ကျောင်းကြီး ကြည့်ရသာ အင်တန် ခြောက်သွေ့သယ်။ ညဘက်ဆိုရင် အတန် တိတ်ဆိတ်ပီး ကြောက်ဖို့ ကောင်းမှာ ပဲလို့ ပြောဖူးသယ်။ အိမ်းလေ့....တိတ်ဆိတ်လို့လည်း သည်ကို ချိန်းဆိုသာပဲ ထင်ပ့ါ။ မင်းသားကြီး အရေးအတွက် ပဇာများ တိုင်ပင်မတုံး။ ထမင်းစားတုန်းကတော့ ငထွန်း ပေါ်နဲ့ တွေ့ဖို့ကလည်း ရှိသယ်၊ မင်းသားကြီး အရေးကလည်း ကပ်နေသယ်၊ ခက်သာပဲ လို့ ပြောထားသယ်။ သည်အရေးအတွက်များ အရေးကြီးလို့လား။ သည်လိုဆိုရင်လည်း တစ်ခါတည်း မှာသွားပါလား။ ပဇာမို့ တကူးတကန့် စာနဲ့ရေးမှာတုံး။ တစ်ခါမှ စာနဲ့ သည်လို မမှာဖူးပေါင်ပါ။ မမှာသာ ကြာပေါ့။

အိမ်းလေ....ငထွန်းပေါ်နဲ့ တွေ့မယ် ထင်သဲ့အတိုင်း သည်နားဆီမယ် အလွယ်နဲ့ တွေ့ပီး တစ်စုံတစ်ရာကြောင့် ငါ့ကို အကူခေါ်သယ် ထင်ပါရဲ့။ သွားရမှာတော့ ကြက်သီး ထသား။ သာပေမဲ့လေ.... ဟု ခင်မှုံသည် စာရွက်ကို မီးတင်ရှို့လိုက်သည်။ ပြာကိုခြေ၍ ပြတင်းပေါက်မှ ဖွင့်ပြီး လေပြည်သို့ လွှင့်ပစ်လိုက်သည်။ ပြီးလျှင် ခုတင်အောက်ရှိ ကျွန်းသေတ္တာထဲမှ မဲထဘီနှင့် ရှောစောင် အညိုတစ်ထည်ကို လျင်မြန်စွာ ဆွဲထုတ်ယူ လိုက်တော့သည်။

ခင်သွယ်သည် မောင်စို မြင်းနှင့် လျင်မြန်စွာ စိုင်းနှင်ထွက်သွားရာသို့ ခေတ္တမျှ ငေးမျှော်ပြီး ခြံဝင်းတွင် လမ်းလျှောက်နေသည်။ မင်းသားကြီး အတွက်များလားဟု စိုးရိမ်မိမှ မင်းသား ကြီးထက် အရေးကြီးသည်ဟု ပြောသံ ကြားခဲ့ရသည်။ မင်းသားကြီးအတွက် ပူပန်စရာ တယ်မရှိပေါင်ပါ။ နေပြည်တော် ရောက်သည့်တိုင် သင့်လူစုတွေ ရှိပါသေးသည်။ အစော် ကား အနှိပ်အစက် မခံရစေပေါင်ပါဟု မောင်စိုက ခင်သွယ်အား ပြောသွားခဲ့သည်။

သို့သော် မောင်နောင်က မောင်စို မရောက်မီ တစ်ကြိမ်က ငစိုရောက်ရင် မင်းသား ကြီးတော့ ဝဋ်တော်ကျွတ်မှာပ ဟု ပြောဖူးသည်။ သူ့မိခင် ဆုံးပြီးစဉ်မှစ၍ လူတကာအား စကားပြောတိုင်း မထေမဲ့မြင် ပြုတတ်၊ အငေါ်အထစ် လုပ်တတ်၊ အစောင်းအမြောင်း အချိတ်အဆက်နှင့် ပြောတတ်သည်။ စိတ်လည်း သာ၍မြန်၏၊ သိပ်လည်း ဉာဏ်များ

လာသည်ဟု ခင်သွယ် ထင်သည်။ ခင်သွယ်သည် လူတစ်ဖက်သားအား စည်းကမ်းလည်း မထား၊ အားလည်း မနာ၊ ရဲရဲနှင့် ရိုးရိုး အကဲခတ်တတ်ရာ အခြားသူများထက် လူရိပ်လူကဲကို သာလွန် မှန်ကန် လျင်မြန်စွာ တည်းဖြတ်မိလွယ်သည်။

မောင်နောင်သည် ငယ်စဉ်က အကြံအစည် ဝီရိယ လုံ့လ ပြည့်စုံခဲ့လျှင် ယခု အသက်သုံးဆယ် အရွယ်၌ အကြံအစည် ဝီရိယ လုံ့လ ပိပြား သိပ်သည်းနေလေပြီ။

မည်သို့ပင် တွေးတွေး မင်းသားကြီးအတွက် ပူပင်မိလေသည်။ မင်းသားကြီး၏ ကံကြမ္မာသည် ဤစံအိမ်တော် တံစက်မြိတ်စွန်းကို လွန်သည်နှင့် တစ်ပြိုင်နက် ယခုထက် ထူးခြားစွာ ပြောင်းလဲမည် အမှန်ဟု ခင်သွယ်သည် ဥပါဒါန် စွဲနေမိ၏။

ခင်သွယ်သည် စံအိမ်တော်သို့ ဝင်ကာ မင်းသားကြီး အဆောင်တော် အကျဉ်းခန်းသို့ သွားပြီး မင်းသားကြီးအား အကဲခတ်သည်။ ကိုယ်ကျပ်အင်္ကျီမှ အနို့တစ်စွန်း ပြုတ်နေသည်မှာ ကြည့်၍ မတင့်တယ်သဖြင့် ဆွဲဆုတ်ပေးခဲ့သည်။ ဩျှာင်ပေစူး ညိုညိုမှာလည်း ကျောခြောက်ကလေးပေါ် ပြေကျနေသောကြောင့် သူ့ခေါင်းမှ ဆင်စွယ်နှစ် ဘီးနှင့်ပင် ရှင်းလင်းပြီး ထုံးပေးခဲ့သည်။ မင်းသားကြီးမှာ မည်မျှပင် ကြမ်းတမ်းသည် ဆိုစေကာမူ အဘယ့်ကြောင့်မသိ၊ သူ့အား လျင်မြန်ဖျတ်လတ်စွာ ယုယုယယ ဘင်းတင်းကျပ်ကျပ် ဂရုတစိုက်ပြုသော ခင်သွယ့်ရှေ့တွင် နို့သက်မစင်သေးသည့် အကလေးငယ် ကဲ့သို့ ကြည်နူးစွာ ငြိမ်သက် နေတတ်တော်မူရှာသည်။

မင်းသားကြီးအခန်းမှ ထွက်ပြီး ခါတိုင်းကဲ့သို့ပင် မြောက်ဘက်ဆောင်သို့ ကူး၍ ခင်မှုံကို ရှာ၏။ မြောက်ဆောင်တွင် မတွေ့။ တစ်ဖန် အရှေ့ဆင်ဝင်သို့ ထွက်လာပြန်သည်၊ မတွေ့ပေ။ အထက်ထပ်သို့ တက်မည်ပြင်ခိုက် အပေါ်မှ ရေနံတိုင်ထွန်းပြီး ဆင်းလာသော အိမ်တော်သား တစ်ယောက်နှင့် လှေကားရင်းတွင် ဆုံသဖြင့် 'ဗိုလ်ကတော်လေး အပေါ်မယ် မြင်ခဲ့စ'ဟု မေးကြည့်ရာ 'မမြင်ရပါ'ဟု ပြောသည်။ ခင်သွယ်သည် နောက်ဘက် လက်တီးဆောင်ရှိ အိမ်တော်သားများ၏ သားမယား စသည်တို့ ဝိုင်းဖွဲ့၍ စကားစမြည် ပြောတတ်သော အခန်းသို့ သွားမေးသော်လည်း ခင်မှုံအား ထမင်းပွဲသိမ်းပြီးစက ဗိုလ်ကလေးနှင့်အတူ ဆင်ဝင်ဆောင်တွင် တွေ့လိုက်ရသည်မှာ ဘိတ်ဆုံးပင်ဟု ကြားလိုက်ရလေသည်။

ခင်သွယ့်စိတ်မှ တစ်စုံတစ်ရာ စနိုးစနောင့် ဖြစ်စ ပြုသည်။ ယခင် ရှာပြီးသား အိမ်တော်၏ အစိတ်အပိုင်းနှင့် သူ မရှာရသေးသော ကျန်အခန်းဆောင် ဇရန်တာ စသည်တို့သို့ လျင်မြန်စွာ လိုက်လံ ရှာဖွေ၊ တွေ့သမျှလူထံ မေးမြန်းသည်။ အချည်းနှီးပင်။ ထူးခြားစွာ မောင်နောင်ကိုပါ မတွေ့ရပေ။ သင်းတို့လင်မယား တစ်နေရာရာကိုများ ထွက်သွားကြသလော၊ မြို့တွင်းသို့ အလည်အပတ် သွားနေကြသလောဟု စဉ်းစားပြီး အပြင် ဆင်ဝင်အောက် ကျွန်းကုလားထိုင်ကြီးတွင် ထွက်ထိုင်နေပြန်သည်။ ထိုင်ရင်း ကွမ်းသီးဖက် ဆေးလိပ်တစ်လိပ် ကုန်အောင်သောက်နေသည်။ ထိုအခိုက် သက်ငယ်ခေါင်းချ ကြက်တွန်သံ ကြားရလေသည်။

ခင်မှုနှင့် မောင်နှောင်ကို အစအနမျှ မမြင်ရပေ။ ခေတ္တမျှ စောင့်နေပြီးမှ လျင်မြန်စွာ တစ်လိပ်ပြီး တစ်လိပ် ညှိသောက်နေသော ဆေးလိပ်တိုနှင့် ဆေးပြာများကို လေသာတွင် သွန်ပစ်ပြီး အိမ်တွင်းသို့ ဝင်ခဲ့ပြန်သည်။ ဝင်ခဲ့ပြီးမှ သူ့အဆောင်ခန်းသို့ သွားလေသည်။ နံနက်တွင် ပြန်မည်ဖြစ်သဖြင့် ပစ္စည်းပစ္စယကလေးများကို ထုပ်ပိုး ပြင်ဆင်မည်ဟု စိတ်ကူးဖြင့် လျှောက်ခဲ့ရာ အပေါ်ထပ်မှ ဖြည်းညင်းစွာ ဆင်းလာသော ဦးမင်းဒန်ကို တောင်ဘက် သူ့အဆောင်သို့ ဝင်သွားသည့်အခိုက် မြင်ရသောကြောင့် ခင်သွယ်သည် ခပ်သုတ်သုတ်လိုက်၍ ဝင်သွားသည်။

ဦးမင်းဒန်က အံ့အားသင့်နေပုံဖြင့် လှည့်နေခိုက် 'မမှုံ တစ်ယောက် မမြင်မိဘူးလားတော့'ဟု လျင်မြန်စွာ မေးလိုက်သည်။ 'မမြင်တော့ဘူး'ဟု ဦးမင်းဒန်က ခင်သွယ်အား တွေတွေကြီး ကြည့်၍ ပြော၏။

'မမြင်တော့ဘူး....'

## ၄၆ | ထိမ်ထားသဲ့ အပြစ်၊ သိမ်နားက အဖြစ်

ဦးမင်းဒန်သည် ခင်သွယ်အား စေ့စေ့ကြီး ကြည့်ပြန်သည်။ ခင်သွယ်က ခြေစုံရပ်ကာ ရုတ်တရက် နားမလည်ပုံနှင့် 'ရှင်'ဟု ပြန်မေးမှ 'ပဓာမို့ သင့်ကို တွေ့ချင်ရတုံး'ဟု မေးသည်။

'တစ်ညနေလုံး ရှာနေရသာ မောလှပီတော့'

'အိမ်းလေ ပဓာမို့ တွေ့ချင်ရတုံး'ဟု မေးပြီး ခင်သွယ် ပြန်မပြောနိုင်မီ ရှေ့နားသို့ တိုးလာခဲ့သည်။ ခင်သွယ်နှင့် လက်လှမ်းမီသည်အထိ ဦးမင်းဒန် တိုးလာရာ ခင်သွယ်က နေရာတွင်ပင် ရပ်နေသည်။ ဦးမင်းဒန်၏ မျက်နှာကား ထူးခြားစွာ ပြုံးစနဲ့နဲ့ ဖြစ်နေသည်။ သို့သော် ခါတိုင်း ဖြစ်ပေါ်နေကျ အမာရွတ် ကြက်ခြေ၏ အရှိန်ဖြင့် မျက်နှာထားသည် ပြုံးရုံမျှဖြင့် မထူးခြားပေ။ ခင်သွယ်သည် ဦးမင်းဒန်ကို ရဲတင်းစွာ ကြည့်နေမှ–

'ပဓာမို့ သင်းကို တွေ့ချင်ရတုံး။ သင်းနဲ့ နင်နဲ့ မတန်ဘူး။ နင်က အပျိုစင်စက်စက်၊ သင်းက လင်ငယ်မျောက်သား ထားနေသဲ့ မိန်းမယုတ်'ဟု လွှတ်ခနဲ ပြောသည်။

ခင်သွယ့်နားထဲမှ ပူခနဲ ဖြစ်သွားသည်။ ရင်ထဲမှ အေးသွားပြီး မျက်လုံးတွေပြာသွားအောင် အံ့အားသင့်သွားသည်။ "မဟုတ်ဘူး၊ မဟုတ်ဘူး၊ မမှုံကို သင်း သင်းတို့ ...."ဟု စဉ်းစား၍ မဆုံးမီပင် ခင်သွယ်သည် အသံအက်ကလေးဖြင့် 'တော် ပလီသာ'ဟု ဆိုလိုက်၏။

'ငစို အသိဆုံး၊ ငနောင် မေးကြည့်၊ ငထင် မေးကြည့်၊ ငစည်သူ့ မေးစမ်း။ ရှိမ္ဗကား ကိုင်းကျွန်းက ငကွမ် မေးစမ်းကြည့်၊ မုဆိုး အမဲလိုက်သယ်။ ကျောက်မြောင်းက လှေသူကြီး ငပန်းဖူးကို စုံစမ်း။ ဧရာဝတီမြစ်ကြီးလည်း မေးနိုင် မေးကြည့်၊ သင်းလည်း မြင်နိုင်သာပဲ'

ခင်သွယ် မည်သို့မျှ ပြန်မပြောနိုင်တော့ပေ။ တွေတွေကြီး ငေးနေရတော့သည်။

'သင်းတို့ အင်တန် မိုက်သယ်၊ အင်တန် အတင့်ရဲသယ်။ နင့်လို မလိမ္မာဘူး။ နင် အင်တန် လိမ္မာသယ်၊ ရဲသယ်'ဟု ပြောကာ ခင်သွယ့်ရှေ့သို့ တိုးလာ၍ မျက်လုံးကြီး တွေ မှေးပြီး ကြည့်နေ၏။ ဦးမင်းဒန် အသက်ရှူထုတ်သော လေသံကို အတိုင်းသား ကြားရသည်။ စူးရှသော အနံ့ကို အတိုင်းသား ရှူရသည်။

'ငနောင်က နင်ဟာ အင်တန် စိုပြည် ပြည့်ဝသယ်သဲ့။ ငထင်က နင်ဟာ အင်တန် လှသယ်သဲ့။ ငါက .....'ဟု ဦးမင်းဒန်သည် ခင်သွယ့်ခါးကို အတင်းလှမ်းဆွဲ၍ ရုတ်တရက် တင်းကျပ်စွာ ဖက်ထားလိုက်သည်။

ထိုအခြင်းအရာမှာ ခေတ္တခဏကလေး အတွင်းတွင် ရုတ်ခြည်း ဖြစ်ပျက်လိုက် သောကြောင့် ခင်သွယ်သည် ဦးစွာ အံ့အားသင့်၍ မည်သို့မျှ မပြုနိုင်မီ ဦးမင်းဒန်သည် ခင်သွယ့်ကိုယ်ကို မြောက်၍ ပါသွားအောင် ချီမ လိုက်သည်။

သို့သော် ရုတ်တရက် ခင်သွယ် သတိရလျှင် ရချင်း လျင်မြန်စွာ တွန်းထိုး ဆွဲဖဲ့ ကိုက်ကုတ်ရင်း အားအင်ရှိသမျှ ရုန်းကန်တော့သည်။ မရပေ။ ဦးမင်းဒန်သည် ခင်သွယ့်အား ပွေ့ချီပြီး သူအိပ်သော ကွပ်ပစ်အနီးသို့ ရောက်အောင် သွားနေခိုက် ခင်သွယ်လည်း အကြံယူနေသည်။ ကွပ်ပစ်ပေါ်သို့ တင်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးမင်းဒန်၏ သျှောင်ပေစူးကို တင်းကျပ်စွာ ဆွဲလျက် မျက်ခုံးမွေးထူကြီးတွေ အောက်မှ မျက်လုံးတွင်းသို့ လက်တစ်ဖက်ဖြင့် အတင်း အားကုန်ထိုး၍ နှိုက်လိုက်လေသည်။ ထိုအခိုက် ပွင့်နေသော တံခါးပေါက်မှ 'ခင်မှူး ခင်မှူး'ဟု ကျယ်လောင်စွာ အော်ဟစ်ဝင်လာ သော မောင်နောင့်အသံနှင့် အတူ 'ဦးမင်းဒန်၊ ရှင်မှူး တစ်ယောက် တွေ့မိစ'ဟု မေးပြီး ဝင်လာသော မောင်နောင်အား စားနှင့်မြင်ရမှ ဦးမင်းဒန် မျက်နှာမှ လက်ကိုဖြုတ်လိုက် သည့် ခင်သွယ်ကို ဦးမင်းဒန်ကလည်း လွှတ်လိုက်သည်။ လွှတ်ပြီး 'ဟီး သယ်သန်သဲ့ လုံမဟဲ့'ဟု သွားကြီးတွေ ဖြဲနေသည်တွင် ခင်သွယ်သည် လက်ဝါးကလေး နှစ်ဖက်ဖြင့် တအား လွှဲလွှဲပြီး ဦးမင်းဒန့် ပါးကို တဖြန်းဖြန်း ရိုက်လိုက်တော့သည်။

*

ညဦးဦးလကလေးသည် လုံးလုံးလျားလျား ဝင်သွားပြီးနောက် ကောင်းကင်တွင် ကြယ် ရောင်ဖြင့်သာ မှုန်မွှားမွှား တောက်နေသည်။ အောင်မြေဘုံသာ ကျောင်းဝင်းမှာ မြို့ မြောက်ဘက် တပ်ကုန်းဟောင်းရှိ တောအုပ်ကလေး ဘေး၌ တိတ်ဆိတ်စွာ တည်ရှိနေ သည်။ ထန်းပင်ကြီးများ တန်း၍စိုက်ထားရာ ထန်းအုပ်ကြားသို့ လေတိုးနေသံကို စွင့်စွင့် ကြားရသည်။

မန်ကျည်းပင်ကြီးများလည်း ရွက်နုတွေစုံကာ ပိတ်ပိန်းမှုန်နေသော အရိပ်မည်း များဖြင့် ကျောင်းဝင်းကလေးအား ခြုံလွှား၍ နေကြ၏။ ထန်းနှောင်း၊ တမာ၊ ကုက္ကို၊ သရက်ပင်ကြီးများလည်း ထို့အတူပင် မှောင်ရသည့် ညဦးအား မည်းအောင် ဖန်ဆင်းနေကြ သည်။

ခင်မှုံသည် ရှောစောင်ကလေး ပခုံးပေါ်လွှား၍ ခြေလှမ်းသွက်သွက်ကလေးဖြင့် မြင်းပေါ်မှ ဆင်းပြေးခဲ့ကာ ကျောင်းစည်းတန်းအဖြစ် စိုက်ပျိုးထားသော ကြခတ်ဆူးချုံ တစ်ချုံ အမြစ်တွင် စီးလာသော ပိန်းတန်းကလေးကို ချွတ်၍ ထားခဲ့သည်။

ကျောင်းဝင်းသို့ ဝင်ပြီး အတန်ကလေး သွားမိသောအခါ အုတ်စီ လမ်းတစ်လမ်းကို နင်းစမ်းမိ၏။ လမ်းကလေးအတိုင်း လျှောက်သွားရာ တောရဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးတော်မူသော ပျဉ်ထောင်ပျဉ်ခင်း ကျောင်းရှေ့သို့ ရောက်သောအခါ ကျောင်းဇရပ်တာပေါ် သောက်ရေအိုးစင်အနီးမှ ဘုန်းတော်ကြီး၏ ကြက်ဖကြီးသည် တောင်ပံပြင်းပြင်း ခတ်၍ အိပ်မှုန်စုံမွှားဖြင့် တွန်လိုက်သည်ကို ကြားရလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသည့်ကြားမှ အတောင်ပံဖြန့်၍ ခတ်သည့်အသံကိုပင် ခင်မှုံ ရုတ်တရက် ဒိတ်ခနဲ လန့်သွားသေးသည်။ ပြီးမှ ကြက်တွန်မှန်း သိရသဖြင့် တုံ့ခနဲ ရပ်နေမိရာက ဆက်လက်၍ လျှောက်ခဲ့သည်။ ဇရပ် တန်ဆောင်းကို မည်းမည်းကြီး မြင်ရသည်။ ဇရပ်ဘေး၌ ကြေးခေါင်းလောင်းကြီးတစ်လုံး ထူထားရာ မှောင်နှင့် မည်းမည်းတွင် ခင်မှုံ့ဒူးနှင့် သွား၍ တိုက်မိပြန်၏။ ဒိန်ခနဲ မြည်ပြီး ခပ်လေးလေးအုပ်အုပ် ကလိုင်သံလှိုင်း ပေါ်သွားသဖြင့် ဒူးခေါင်းနာသွားသည်ကိုပင် နာရမှန်း မသိအောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိရှာ၏။

ပြီးမှ ခေါင်းလောင်းတိုင်ကို စမ်း၍ လက်ဝဲဘက်သို့ ချိုးကွေ့လိုက်သည်တွင် သိမ်တော်ကြီး၏ ပန္နက်ခုံကို ခြေဖြင့် စမ်းမိလေသည်။ ထိုနေရာတွင် ခရေပင်ကြီးများ ကပ်၍ ပေါက်နေသောကြောင့် သာ၍ပင် မည်းမှောင်နေသေးရာ ခင်မှုံသည် သိမ်ကြီးနောက်ဘက်ပိုင်းသို့ ရောက်အောင် မနည်းစမ်း၍ သွားရသည်။

ဘာသံမျှလည်း မကြား၊ ဘာသံမျှလည်း မပြုရဲ၊ ဘာမျှလည်း မမြင်ရသော ဤအမှောင်ထုကြီးတွင်းသို့ ညကြီးမိုးချုပ်တွင် လာရရှာသော ခင်မှုံမှာ အသည်းဖိုလှိုက်အကြောက်ကြီး ကြောက်လန့်နေမိရှာသော်လည်း ချစ်သူအတွက် အာရုံဇောဖြင့်သာ ကြောက်သမျှ၊ လန့်သမျှကို ဖြေဖျောက်ပစ်ရရှာသည်။ တစ်စစ သွားရင်းပင် တစ်နေရာတွင် တစ်စုံတစ်ခုဖြင့် တိုက်မိပြန်သည်။ ယခုတစ်ကြိမ်တွင်မူ ခြေကို ခပ်ဖြည်းဖြည်း လှမ်းနေသောကြောင့် ခြေအနာရ သက်သာပါ၏။ လက်ဖြင့် ကိုင်စမ်းကြည့်ရာ သိမ်တော်ကြီး၏ သမုတ်မြေ သိမ်စည်းအရန်ထောင့်တိုင်ဖြစ်သော သံလျက်ထမ်း ဘီးလူးရုပ်ကလေးမှန်း သိရသည်။ ခင်မှုံသည် ထိုနေရာမှ တစ်ဖက်သို့ ချိုးကွေ့လိုက်ရာ စံပယ်ပန်းနံ့ကလေးကို ရသဖြင့် သိမ်တော်ကြီး နောက်ပိုင်းသို့ ရောက်မှန်း သိတော့သည်။

သိသည်နှင့် တစ်ပြိုင်နက် 'ကိုစို'ဟု အသံမျှဉ်းမျှဉ်းလေး ခေါ်လိုက်သည်။ "လာ ခင်မှုံ"ဟု ခေါ်သံကြားရမည်လော၊ နားစွင့်ထောင်သည်။

ခရေပင်ကြားမှ ဇီးကွက်တစ်ကောင် ထ ပျံသွားသည်ကိုသာ ကြားရသည်။

'ကိုစို .... စို'

ခင်မှုံသည် ရှေ့သို့ အနည်းငယ်တိုးပြီး အသံအနည်းငယ် မြှင့်၍ ခေါ်သည်။ တမျှဉ်းမျှဉ်း တိုက်နေသောလေနှင့် စံပယ်ရုံတွေ တိုးဝင် လှုပ်ရှားသံကိုသာ ကြားရ၏။

'ဘယ့်နှယ် ထူးသံလည်း မကြားရပါလား။ သာ သိမ်နောက်ဘက်မှ ဟုတ်ပါစ' ဟု မှောင်ထဲတွင် မျက်စိအားပြု၍ ကြည့်သည်။ အကျင့်ရစပြုသော မျက်လုံးက မည်းမည်းတွင် ဖွေးဖွေးကလေး ပွင့်နေသော စံပယ်ပွင့်ကလေးတွေကို မြင်ရသည်။

'ဟုတ်ပါသယ်၊ ပဇာကြောင့် မလာပါလိမ့်။ ခုနကပဲ သက်ကြီးခေါင်းချ တွန်သယ်။ အေးလေ့....' ငါ အလာစောလို့ ထင်ပါ့၊ ဆိတ်စာလောက် စောင့်ရင် ကိုစို ပေါက်လာမှာပ'ဟု တွေးကာ ခင်မှုံသည် စံပယ်ရုံကလေးဘေးမှ သိမ်တော်အောက်ဆုံး ပန္နက်ခြေ အုတ်ခုံပေါ်တွင် ခြေတွဲလဲလေး ထိုင်ချလိုက်သည်။

ညဉ့်လေကလေးမှာ တစ်နေ့လုံး ကျစ်ကျစ်လောင်လောင် ပူနေသော မြေပြင်ပေါ် ရှပ်၍ မြေငွေ့ကလေးတွေကို အအေးဓာတ်ဖြင့် သမအောင် ငွေ့ယမ်း ရောနှောက်နေသည်။ ရုတ်တရက်သော် သစ်ရွက်လှုပ်သံပင် မကြားရ။ သစ်ပင်ကြားမှ ပြာနှမ်းမည်းမှောင်သော ကောင်းကင်နှင့် မှိတ်တုတ်တုတ် အားနွဲ့နေကြသော ကြယ်ပွင့်ကလေးများကို ခင်မှုံသည် မသဒ္ဓါရေ သဒ္ဓါရေ မြင်ရသည်။ အတန်ကြာလျှင် ထန်းလက်ကြားမှ တဖုတ်ဖုတ် ထ ပျံသော ဒီးဒုတ်အော်သံ ပေါ်လာပြန်သည်။ ဒီးဒုတ်ကြီးသည် တအုတ်အုတ် အော်ရင်း ခရေပင်ဖျားမှ ကျော်ကာ တစ်နေရာသို့ မည်းမည်း မည်းမည်းနှင့် ပျံပျောက်သွားသည်။

'ကိုစို.... မှုံလေ.... မှုံ လာပေါ့'

ခင်မှုံသည် ကွမ်းတစ်ယာညက်ခန့်တွင် ထပ်၍ ခေါ်ပြန်သည်။ ဘာမျှ မကြားရ ပေ။ သူ့အသံသာလျှင် သိမ်ကြီးနံရံမှ ဂယက်ရိုက်ပြီး မတိုးမကျယ် ပေါ်ထွက်လာကာ ကြခတ်ချုံ၊ ထန်းပင်ကြားသို့ ပြေးဝင်သွားသည်။ ထိုအခိုက် စံပယ်ရုံကလေး ဘေးမှ လေပြည်လေး ခပ်သုတ်သုတ် ဝှေ့ဝင်ကာ စံပယ်ပွင့်လေးအချို့ကို မြေပေါ်သို့ ချွေချသွား သည်။ ခရေပင်အောက်ကိုင်းတွေ တဖျတ်ဖျတ်လှုပ်ပြီး အထက်ဖျားတွေမှာ ကြယ်ပွင့်လေး တွေကို ဂုက်ချည် ဖော်ချည်၊ ဖုံးလိုက် ဖွင့်လိုက်နေအောင် လေညာတွင် ဝဲယာ ထက် အောက် တိမ်းယိမ်းနေကြ၏။

ခင်မှုံသည် ကျောထဲမှ စိမ့်ခနဲ ဖြစ်သွားသောကြောင့် ခြုံစောင်ကလေးကို တင်း တင်း ဆွဲဖိမိ၏။ ကျောပြင်ကလေးမှ စိမ့်ခနဲ အေးသွားခြင်းမှာ အေးလှ၍ မဟုတ်ပါဘဲ သွေးမလှ၍ ဖြစ်ဟန်တူပါသည်။ အကြောင်းမဲ့ သက်သက် တစ်စုံတစ်ရာကြောင့် ကွက်ခနဲ ပြေးပြီး စိတ်ထင့်စ ပြုလာတော့ရာသည်။

'စို'ဟု ခင်မှုံ ခပ်ကျယ်ကျယ်လေး ခေါ်ပြန်သည်။ ထူးလိမ့်မည်ဟု မမျှော်လင့် တော့ပေ။ ထူးမည် မဟုတ်ဟုလည်း သိတော့သည်။ နေရာမှ ဖြုတ်ခနဲ လျှင်မြန်စွာ ထ လိုက်သည်။ ထိုအခိုက် ဖုတ်ခနဲ မြေပေါ်သို့ ထန်းသီးတစ်လုံး ကြွေကျပြီး ခရေပင် အောက်သို့ လိမ့်ဝင်လာသည်။

ခင်မှုံ့အသားများ ဆတ်ဆတ်တုန်သွားတော့သည်။ မှောင်နှင့် မည်းမည်းတွင်

မျက်လုံးပြူး၍ ကြက်သေကလေး သေနေမိသည်။ အတန်ကြာမှ ထန်းရွက်သံလည်း ကြားပါသယ်၊ ခရေပင်အောက်က မြေပေါ် လိမ့်ဝင်လာသံလည်း ကြားမိပါသယ်၊ ထန်းသီးမှည့် လေတိုက်လို့ ကြွေသာပါဟု ကိုယ့်စိတ်ကို ဖြေနေရာမှ ထ၍ ခြေလှမ်းစ ပြုသည်။ နောက်ဆုံးအကြိမ်အဖြစ် 'ကိုစို'ဟု ခေါ်လိုက်သေးသည်။ "သာ့ကလောက် မှောင်ကြီးမည်းမည်းထဲမယ် သည်လိုအချိန်မျိုး ငါ့ကို ကိုစို ချိန်းဆိုမယ် မထင်ပါဘူး။ ပီး သည်အောင်မြေဘုံသာ သိမ်တော်ကြီးဟာ အင်တန် ခြောက်သွေ့သာ၊ သင်း သိသား ကပဲ"ဟု တွေးကာ ခင်မှုံသည် ခြေလှမ်းသွက်သွက်ကလေးဖြင့် သိမ်ထောင့်သို့ အရောက် သွားရင်းမှ သူ့ဖြစ်အင်.... အထူးသဖြင့် ယခု ညနေဦးလေးမှ စပြီး ဤအချိန်၊ ဤအခါ၊ ဤအခိုက်အတန့်၊ ဤနေရာ၊ ဤအခင်းသို့ သူ ရောက်နေရသည့် ဖြစ်အင်ကို ခင်မှုံ ပြန်လည်စောကြော သုံးသပ်ကြည့်စ ပြုသည်။

သို့ ကြည့်မိရင်းကမှ မောင်စို ဤညနေ ပြုမူလုပ်ကိုင်ပုံနှင့် အခြားသူတစ်ယောက် ၏ ဤညနေအတွင်း ပြုမူလုပ်ကိုင်ပုံတို့ကို အကွင်းသား၊ အရှင်းသား သူ ယှဉ်နှိုင်းမိလာ တော့၏။

အိမ်အပေါ်ထပ် မှောင်နှင့်မည်းမည်းမှာ စာခေါက် လက်ထဲ ထည့်ပေးသူသည် သူ့ကိုစို လော၊ သူ့ကိုစို ဖြစ်နိုင်ပါ့မလား၊ အနို့ အသူပါလိမ့်၊ သူ့ကိုစို မြင်းနှင့် အပြင် ထွက်သွားသည် မဟုတ်လော၊ အနို့ အသူတုံး၊ အသူပါလိမ့်.... နော။

ခင်မှုံ ထိုအခိုက်ကျမှ နားဝတွင် ကြားစ ပြန်ပြုလာသော စကားများကား.... "ရှင်မှုံ၊ သည်ကနေ့ လဆုတ် ဘယ်နှရက်နေ့တုံး။ နေ့ရက်ကို ရေမှတ်ထားမှပေါ့ အမိရဲ့"

ရှင်မှုံ.....

သည်ကနေ့ လဆုတ်

ဘယ်နှရက်နေ့တုံး။

လဆုတ်.....လဆုတ်.....လဆုတ်.....လဆုတ် ဘယ်နှရက်နေ့တုံး၊ ရှင်မှုံ၊ လဆုတ်၊ ရှင်မှုံ၊ လဆုတ်.... လဆုတ်.....

ကိုနောင်ဟာ တစ်လျှောက်လုံး အဘယ့်မို့ကြောင့် နေ့စွဲရက်စွဲကို မေးစမ်းတိုင်း လဆုတ်ရက်ကိုချည်း တမင် မေးပါလိမ့်၊ နိုင်ငံတော် ပြည်အရေး မအေးလှသဲ့အတွက် အင်္ဂလိပ်နဲ့ စစ်ဆင်ဖို့ရာ စစ်ထွက်ဖို့ ရက်ချိန်းမယ် လဆုတ်ရက်ကို ရွေးချယ်ပီး အမိန့်တော် တိတ်တဆိတ် လျှို့ဝှက်ခံယူထားရလို့၊ ဇနီးသည်ကိုလည်း ဖွင့်မပြောရက်လို့ လဆုတ်ရက် ကို ချည်း မေး....မေးစမ်း သတိပေးနေရော့လား။ ချစ်ဇနီးမို့ စစ်ထွက်ရက်ကို စကားထာ ဝှက်ပြီး ချစ်ပုံကို အချက်ပေးလို့ စစ်ထွက်ရေးကို သတိပေးနေသာလား။

အို.... ဆားနဲ့သကြား လားလားမှ ဘက်မညီ။ ကိုနောင်.... ငါ့ကို ချစ်လွန်းလို့ ဆိုသာ မဖြစ်နိုင်၊ မဖြစ်နိုင်.....။

"ရှင်မှုံ၊ သည်ကနေ့ လဆုတ် ဘယ်နှရက်တုံး။ နေ့ရက်ကို ရေတွက်ထားမှပ"

ခင်မှုံ မှောင်သည်ကိုလည်း ဂရုမစိုက်၊ မည်းသည်ကိုလည်း ဂရုမပြု၊ တိတ်တ်ဆိတ်

သည်ကိုလည်း ဂရုမထား၊ ခရေပင်ကြားသို့ လေဝှေ့တိုက်သည်ကိုလည်း သတိမမူ၊ ထန်းပင်ပေါ်မှ ထန်းသီးကြွေသည်ကိုလည်း သတိမဆောင်၊ သိမ်ထောင့်ချိုး အမှောင်စွန်းကို လွန်အောင်သာ တအားသွန် ပြေးရှာတော့သတည်း။

ဂဝံကျောက်တုံးလေးများ၊ ထိကရုံး ဆူးပေါက်ပင်များ၊ ဆင်ငိုမြက်ဖုတ်ကြီးများနှင့် ထိမိ၊ တိုးမိ၊ တိုက်မိသည်ကိုလည်း မသိမိပေ။ မျက်လုံးဝိုင်းကလေး၊ မျက်နှာသို့သွယ်သွယ်ကလေး၊ ခါးကလေး သွယ်သွယ်၊ ရင်ကလေး ချီချီ၊ တင်ကလေး ကားကားနှင့် တစ်သားမွေး တစ်သွေးလှ၊ ယဉ်ပေါင်းစုံ ခနေသော ကိုယ်ကလေးတွင် ရှိသမျှ အားအင်ကို အစွမ်းကုန်ထုတ်ပြီး ပြေးရှာသည်။ ပြေးရင်းက သိမ်တော်ကြီး ထောင့်ချိုးတွင် ငုတ်တုတ်သား သူ့ဘာသာ သံလျက်ထမ်းပြီး ဒူးမြေချထိုင်နေသော ကျောက်ဘီလူးရုပ်ကလေးကို ခင်မှူ တအားကြီး ပြေးတိုက်လိုက်သည်။ ဘီလူးကလေး၏ ကြာမှောက် မောက်တိုဆောင်း ခေါင်းပိုင်းအား မိမိ ထဘီစဖြင့် အခိုင်အမြဲ တုပ်ငြိပြီးလျှင် ခင်မှူသည် ရှေ့မှောက်တွင် မိုင်းခနဲ အလျားထိုးကြီး လဲသွားရှာတော့သည်။

လဲရာမှ ခင်မှူခမျာ မထနိုင်တော့ပြီ။ သိမ်တော်ကြီး ပန္နက်ခုံ အပေါ်ဆုံး အုတ်ချပ်အထစ်မှ သိမ်နံရံကို ခိုကပ်၍ စောင့်နေသော မည်းမည်းသဏ္ဍာန်တစ်ခုသည် လဲကျသွားသော ခင်မှူ့ဘေးသို့ လေကို ကျောအောင်ပြေးသော မြင်းပမာ လျင်မြန်စွာ ခုန်ချလိုက်ပြီးလျှင် ခင်မှူ၏ ပြည့်ဖောင်း အိစက်နေသော ပါးကလေးနှစ်ပြင်ကို တရှူရှူ စမ်းသပ်နေသည်။

ခေတ္တကြာသော် ထိုသဏ္ဍာန်သည် နေရာမှ ရုတ်တရက် ထပြီးလျှင် ခရေပင်ကြီးများ အောက်သို့ လျင်မြန်စွာ တိုးဝင် ပျောက်ကွယ်သွားတော့သည်။ ကျောင်းဝင်းစည်းတန်းရှိ ကြခတ်ပင်ကြီး အမြစ်ခြေမှ ပိန်းတန်းတစ်ရန်နှင့် ကျောင်းဝင်းနှင့် တစ်ခေါ်ခန့်ကွာ ညောင်နံ့သာပင်ကြီး အောက်တွင် မြင်းကြီးတစ်ကောင် ဆွဲကာ ငြိမ်သက်စွာ ထိုင်နေသော ခင်မှူ အိမ်မှ တိတ်တဆိတ် ထွက်လာစဉ် အဖော်ပြုလာခဲ့သည့် စေညသူတို့ကား သွားလေသူကို ပြန်လာနိုးဖြင့် စောင့်ဆိုင်းနေဆဲ ဖြစ်တော့သတည်း။

နရဟော၊ ကရောတိ၊ ပါပနိ။

တောရဘုန်းတော်ကြီးကျောင်း ဇရပ်တာ သောက်ရေအိုးစင် အနီးမှ ကြက်ဖကြီးသည် တောင်ပံ တဖျပ်ဖျပ် ရိုက်ပြီးလျှင် အောက်....အီ....အီ....အွတ် ဟု ရှည်လျားပျင်းတွဲစွာ တွန်လိုက်သော အသံသည်ပင် တိတ်ဆိတ်သည့် ကျောင်းပရိဝုဏ် ဝင်းအတွင်း၊ ဝင်းအပြင်သို့ ပျံ့လွင့် တိုးရောက် ဆိတ်သုဉ်း ကွယ်ပျောက်သွားလေပြီ။

*

မန်လည်အနီး မီးအ ချောင်းသို့ အနောက်ဘက် ကမ်းခြေဘက်မှ စီးဆင်းနေသော ချောင်းလက်တက်ကလေး တစ်စင်းသည် မင်းချင်းတောင်တန်း၏ အဆွယ်အပွား တောင်ပူစာကလေးတစ်လုံး ခြေရင်းမှ တသွင်သွင် မြူးကွန့်နေသည်။

ချောင်းကလေးသည် တောင်ပူစာလေးမှ အရှေ့သို့ တည့်တည့် ထိုးထွက် စီးဆင်း

ရာ တစ်လျှောက်တွင် သရက်၊ ပိန္နဲ၊ နဂ္ဂါ၊ မာလကာ၊ သလဲ၊ ကျွဲကော စသော အသီးအနှံများ ပေါ်များသည့် ခြံကြီးများဖြင့် နှစ်ဖက်ဝဲယာ စည်ပင်သာယာ နေပေသည်။

မောင်စို၏ခြံနှင့် အိမ်အနီးသို့ ရောက်သောအခါ ချောင်းကမ်းပါးလေးသည် အနည်းငယ် ပြန့်ပြော၍ သွား၏။ ရေလည်း တိမ်သည်။ ရေစီးလည်း နှေးသွားလေသည်။ ထိုနေရာကို ဖြတ်၍ လှည်းလမ်းတစ်ကြောင်း ရှိသည်။

ချောင်းကမ်းရိုးလေး၌ သင်ပင်၊ ပေါင်းပင်၊ သမန်းချုံ စသည်တို့သည် ရေစပ်ကို နမ်းရာမှ တွင်းများခြေရင်းအထိ ပေါက်ရောက် ထူပျစ်နေသည်။ လှည်းလမ်း ဖြတ်ကူးသော နေရာတွင်ကား ရေအီရာ၊ လယ်ရာ၌ ကမ်းချင်းစပ်မိ ဖက်မိလုခမန်း ကြာပင်တွေ ပိန်းနေအောင် သောင်းကျန်းနေသည်။ ရှုခင်းကား အေးမြစိမ်းစို အလှပိုနေပေ၏။

ဝင်လုဆဲဆဲ နေလုံးရဲသည် အနောက်ဘက် တောင်ပူစာကို တစ်ခြမ်းကွယ်၍ မေးတင်နေသည်။

ချောင်းကလေးလည်း လှိုင်းထစ်ကလေးများ ထ ကာ ပုစွန်ဆီသွေး ဖျန်း၍ ကြာပွင့်၊ ကြာဖူး၊ ကြာရွက်တွေ တွင်လည်း ရွှေရောင် မြန်းနေသည်။ ရေစီးရာသို့ အဖျားညွတ်ကာ ညွတ်ကာ ခေါင်းညိတ်နေကြသော မြက်ပင်၊ ပိန်းပင်၊ ခရာပင်၊ သမန်းပင် များတွင်လည်း ရွှေနီရောင် လွှင်နေသည်။

လေပြည်လေး တိုက်သည်ဆိုရုံမျှ လှုပ်ရှား တိုက်ခတ်နေသည်။ စစ်စလီ၊ တစ်တီတူး၊ ဗွတ်ကလုံ၊ တိန်ညင်း စသော ငှက်ကလေးတွေလည်း ချောင်းစပ်တွင် ဝဲကြပျံကြသည်။ သို့သော် ခပ်လေးလေးပင် တောင်ပံဖြန့်၍ မြူးပေါက်ဝ၌ ငါးစောင့်နေသော ဗျိုင်းခြေတံရှည်ကြီးတွေ အနီးအနားတွင် ငါးတွတ်ပွဲ ကြည့်နေကြသည်။ တစ်ခဏသော် ထိုနေရာ၌ ရေစီးနေသော ဗလုံသံ၊ တစ်ချက်ချင်းစီ တိုးတိုးအော်ခေါ်ကြသော ငှက်သံတို့ကိုသာ ကြားရသည်။

အတန်ကြာလျှင် တောင်ပူစာခြေရင်းမှ ဖုန်တထောင်းထောင်းနှင့် လာနေသော နွားတွေ အုပ်နှင့်ချီကာ တွန်အော်သံ၊ နွား မ လာသော နွားကျောင်းသား၏ ဟေး၊ ဟဲ၊ တောက်၊ တက်ခေါက်ပြီး အော်ခေါ် မောင်းမဲသံသည် ချောင်းကလေးအနီးသို့ လှည်းလမ်းအတိုင်း မလှုပ်တလှုပ် တရွေ့ရွေ့ တိုးလာသည်။

နွားအုပ်ကြီး ချောင်းစပ်သို့ နီးလာသောအခါ ငှက်များ လန့်ပြီး ပျံကြသည်။ နွားတွေလည်း ရေထဲမှ တဖျတ်ဖျတ် ဖြတ်ကျော်ပြီး တစ်ဖက်ကမ်းသို့ တက်ကြသည်။ အချို့နွားတွေလည်း ချောင်းရေကို တပြွတ်ပြွတ် တဝတလင် သောက်ကြသည်။ နွားအော်သံ၊ အဲသံ၊ နွားတိုးသံ၊ နွားနင်းသံများသည် လှည်းလမ်းတစ်လျှောက် တထောင်းထောင်း ထ သွားသော ဖုန်တိမ်လုံး နီနီရဲရဲကြီး အတွင်းမှ ရုတ်ယီးရုတ်ရက် ပေါ်ထွက်ရင်းက မောင်စို့ရှေ့၌ ဖြည်းဆေးလေးကန် ဆူညံ ဖြတ်သန်းသွား၏။

မောင်စိုလည်း သာယာ ချမ်းမြေ့သော ရှုမျှော်ခင်းကို ငေးမော တွေးတောကြည့်နေရာမှ ဖုန်တွေ တထောင်းထောင်း ထ လာပြီး သဲတွေ၊ ဖုန်တွေ သူ့ခေါင်းပေါ်

ကျလာမည် ပြင်သောအခါ သက်ပြင်း ဟင်းခနဲ ချလျက် ပဝါတစ်ထည်ဖြင့် ပါးစပ်ပိတ်၍ ခြံဝမှ အိမ်ဘက်သို့ ဖြည်းညင်းစွာ ထ ပြန်ခဲ့သည်။

ဘွတ်.... အဲ၊ ဟေး....ဟဲ စသော အသံများပြု၍ နွားအုပ်ကြီးလည်း ရွာဘက်သို့ တရွေ့ရွေ့ ဝေး ဝေး သွားတော့သည်။

တောင်ပူစာကလေး တစ်ဖက်စွန်းမှ မြင်းစီးလေးယောက်လည်း ခြံစပ်မှ နေကို ကွယ်ကာ နွားအုပ်ကြီးထံသို့ ငေးမျှော်၍ နေလေသည်။

မောင်စိုသည် အိမ်ရှေ့သို့ ရောက်သောအခါ မာလကာပင်ခွကြားသို့ တက်ထိုင်၍ ချောင်းစပ်သို့ ပြန်ပြီး ငေးနေပြန်သည်။ မာလကာပင်တွင် စာဝတီးတစ်သိုက်ရှိရာ အိပ်တန်းဝင်မည် ပြင်သော စာဝတီးစုံတွဲမှာ သင်းတို့ အသိုက်ရှိသော မောင်စို ထိုင်နေသည့် သစ်ပင်ကိုပတ်၍ ကျေနပ်သော အမူအရာဖြင့် တကျစ်ကျစ် မည်ဟစ်နေကြ၏။

မောင်စိုကား ကြားမိဟန် မတူ။ တစ်တီတူးကလေး ငါးကောင်လည်း မြီးတံ ရှည်ကို လှုပ်ပြီးလျှင် ထိန်ပင်၊ ထန်းနောင်းပင်တို့တွင် ကူးလူး ပျံမြူးနေကြသည်။ ထိုအခိုက် နွားအုပ်ကြီးမှ အသံ တစ်စစ ပျောက်ကွယ်သွားပြီး ရွာဦးကျောင်းမှ ဝတ်တက် ခေါင်းလောင်းသံသည် ငြိမ်သက်သော လေသာသို့ ကြည်နူးစဖွယ် ပျံ့လွင့် ဝင်ပါလာတော့ သည်။

## ၄၇ | ဘုရင့်လူနှင့် ဘုရင့်ရန်သူ

ထိုနေ့ကား နှစ်ဟောင်းကြွေ၍ နှစ်သစ် ဈေးပြီးစ ဖြစ်သည်။ တစ်ဖက်သော ခြံစွန်းမှ တစ်ပင်တည်း ဖွင့်ဖွင့်ပေါက်နေသော ပိတောက်ပင်ကြီးမှ ရွှေနီရောင် ပန်းရနံ့သည် မောင်စို့ထံ ညင်းညင်းကလေး သင်းနေ၏။ မောင်စိုကား ထိုသာယာမှုကို မစံစား၊ ခံစား၍ နေသည်။

သွားလေသူကလေး၏ မျက်နှာသည်ကား မောင်စို့မျက်စိမှ တစ်နေ့တစ်ရက်မျှ ထုတ်ပယ် မေ့ပျောက်၍ မရပေ။ ကြည်လင်သော မျက်လုံး၊ သွယ်လှသော မျက်နှာ၊ မို့မောက် ကျစ်လျစ်သော ကိုယ်လုံးကလေးတွေကို အမြဲတစေ မြင်နေရှာသည်။ ကြည်လင် ပျံ့အေးသော အသံကိုလည်း စို....စို....နှင့် စို ကြားနေသည်။ သင်း မရှိသည့်နောက်တွင် ငစို မနေတတ်တော့ပေ။ နေ၍လည်း မပျော်ပိုက်၊ ပျော်ပိုက်ရန်ထက် နေ၍ ကောင်းအောင် ပင် မနေတတ်ပေ။

တန်ဆောင်မုန်း၊ နတ်တော် နှင်းဆိုင်းဆိုင်း မြူဝေဝေ အခါတွေတွင် အင်းကြီး တွေ၊ အိုင်ကြီးတွေမှာ နှင်းရည်ဖြင့် လူးနေသည့် ကြာဖူး ကြာပွင့်များမှ ကြာဆံကလေး တွေကို မ ဖို စုံတွဲ ဝဲတဲ့၍ ပျံကာ ကလိကလာ မြူးကာ စားကြသော ဟသာမောင်နှံနှင့် တူလေသည်။

အရုဏ် မတက်တတက် လူခြေတိတ်ဆိတ်နေစဉ် ဟသာမောင်နှံတွဲပြီး အိုင်ထဲ

မယ် ကျကြသယ်။ အဲသည်တုန်း အမဖြစ်စေ၊ အဖိုဖြစ်စေ ထိအောင်မှန်အောင် မြားနဲ့လေးနဲ့ ပစ်ပစ်၊ မိအောင် ညွှတ်ကွင်းနဲ့ ကျော့ဖမ်း ဖမ်း၊ တစ်ကောင်ရလျှင် နှစ်ကောင်လုံးအမိခံ၊ အဖိုသေ အမပါ အသေခံ၊ အမသေ အဖိုပါ အမနားမယ် လည်စင်းပြီး ခံသယ်သဲ့မှုံရဲ့။ သင်းတို့ဟာ လူကို အင်တန် ကြောက်သသဲ့။ သာပေသိ တစ်ကောင်ကောင်မိလို့ သေလို့ သွားယူရင်၊ ကောက်ရင် ကောက်သဲ့လူကို ဘယ့်ကလောက်ကြောက်ကြောက်ကြင်ဖော်အနီးက တစ်လှမ်းကမှ မခွာဘူးသဲ့။ သင့်ကို သနားလို့ မယူဘဲ ထားခဲ့သည့်တိုင်နေရာမယ် အစာငတ်၊ ရေငတ် အပင်ပန်း ဆင်းရဲခံပီး အသေခံသယ်သဲ့။ ခု စိုလည်းသည်လို ဖြစ်တော့မှာပဲ၊ မှုံ....မှုံ မရှိသဲ့နောက် စိုလည်း ကြာတော့မယ် မထင်တော့ပေါင်ကွယ်။

တန်ခူးလဆုတ် ငါးရက်၊ ငါးရက်။ အဲသည်တုန်းက၊ မှုံ အဲသည်နေ့က ထမင်းပွဲမယ် တွေ့ရသာဟာ နောက်ဆုံး တွေ့ရသာပဲလို့ ကိုစို သိရင် မှုံ့အနားက တစ်ဖဝါးမခွာသဲ့ပါဘူး။ စို .... မှုံ့အနားမယ် ရှိရင် မှုံ သာလို မဖြစ်ဘူးကွယ့်။

မှုံ့ကို ကိုစို ဆုံးမှာ မဟုတ်ဘူးကွယ့် နော။ ခုတော့ ဆုံးပီ။ စိုနဲ့မှုံ မတွေ့တမ်းကွဲရပြီ။ သြော် ချစ်ရယ်.... ချစ် ချစ် နေကောင်းတုန်း အရွယ်ကောင်းကလေး ကိုစိုနှမြောလှချေ့ကွယ်ရို့၊ နာကြည်းလှချေ့။

သည်လို ဖြစ်မယ်မှန်း မသိလို့သာ အဲသည်တုန်းက ငထွန်းပေါ်နဲ့ သွားတွေ့သာ။ ငထွန်းပေါ်ကလည်းလေ့ အဲသည်နေ့ကမှ အရေးတကြီးနဲ့ လက်ခုတ်ပင်မယ် ထားသဲ့သေနတ်တွေကို တိုင်တားတို့ ရိပ်မိသွားသယ် ထင်ရဲ့၊ သုတ်သုတ် နေရာပြောင်းကြစို့ရဲ့လို့လာတိုင်ပင်ရသယ်။ အခြားနေ့တွေတုန်းကတော့ သည်လို အရေးမကြီးဘူး။ သည်လိုဖြစ်မယ့်နေ့ကိုမှ ရွေးပြီး ဖုတ်ပူမီးတိုက် ကတိုက်ကရိုက် ဖြစ်သယ်ကွယ့်။ ကိုစိုလည်းနန္ဒာကန်တော်ကြီးက တာဝအထိပဲ သင်းနဲ့ လိုက်သွားပီး ဆိတ်စာမှ အချိန်မဖြုန်းဘဲကသုတ်ကလင် ပြန်ခဲ့သားပဲ။ သာ့ကလောက် မြန်မြန် ပြန်ခဲ့သားနဲ့တောင် မှုံနဲ့ လွဲရသေးသယ်ကွာ။ အဲသည်နေ့က စံအိမ်တော်အထွက်မယ် မြင်း လက်တစ်ဖက် ခေါက်သွားသယ်။ နန္ဒာ ကန်တော်ကြီးစောင်းကနေ ကန်ပေါင်ပေါ် တက်တော့ ခင်ပုပ်တစ်ချက်ထိုးသယ်။ ငထွန်းပေါ်နဲ့ စကားပြောနေတုန်းလည်း ညောင်ပင်ပေါ်က အိမ်မြှောင် စုတ်ထိုးသယ်။ ကိုစို့ ဝဲဘက် မျက်ရည်ခံလည်း တဆတ်ဆတ် လှုပ်သယ်ကွယ့်။ ဝဲလက်ရုံးဆိုသာလည်း တရှိန်းရှိန်း ပူလွန်းလို့ စိတ်လေးလေးနဲ့ 'ကွာ ငထွန်းပေါ်ရာ၊ အတိတ်နိမိတ်မသိုးမသန့် နိုင်လှသယ်'လို့တောင် ပြောမိသေးသယ်။

သင်းတို့ရန်စွယ်ကို မှုံ့အပေါ်မယ် သွားစူးမယ်၊ စိုက်မယ် မှုံရယ်လို့ ဆိတ်စာမှမထင်မိပေါင်ပါ။ ဆိတ်စာမှ မထင်မိဘူး။ သင်းတို့ ပိလှသကွယ်။ သာ့ကလောက်ပိကြသာ သင်းမျက်နှာက ပြောင်လည်း ပြောင်သကွယ့်။ ထွန်းပေါ်ဆီက အပြန် ကိုစိုအိမ်တော်ရောက်တော့ကာ သင်းနဲ့ ဆင်ဝင်ဆောင်မယ် တွေ့သယ်။ တွေ့တွေ့ချင်းသင်းက 'ရှင်မှုံ၊ ဘယ်ဆီမတုံး'သဲ့။ ကိုစိုလည်း အံ့အားသင့်သွားသပေ့ါ။ 'သိပေါင်ပါ'

ဆိုတော့ သင့်အနားက ဦးမင်းဒန်နဲ့ ခင်သွယ်က တစ်ဖက်စီ ကိုစိုးကို စားမတတ် ဝါးမတတ် စိုက်ကြည့်နေကြသယ်။ သင်းတို့ နောက်ဆီက ဦးထင်ကလည်း ကြည့်နေတော့ကာ ကိုစိုး စိတ်မထိန်းနိုင်တော့ဘူး။ 'ပဇာလို့မို့ မေးကြတုံး။ သင်း ဘယ်ဆီ ထွက်သွားလို့ တုံး'လို့ ပြန်မေးတော့ရင်–

ငနောင်က 'သိပေါင်ပါ'သဲ့။ ကိုစိုးများ သိမလားလို့ သဲ့။ ခုတွင် ဝင်းပြင်က ပြန်လာသဲ့ဟာကို အကျွန် ပဇာလို့ သိနိုင်မတုံးလို့ ဆိုတော့ သာဖြင့် သင်းပျောက်သာ အမှန်ပါ၊ ညနေစောင်းကတည်းက ရှာကြပါသယ်၊ ခုခါထိ မတွေ့သေးပေါင်ပါ ဆိုပြီး အားလုံး ထပ်ထွက်ရှာကြပါသယ်။ သက်ကြီးခေါင်းချ ကြက်သာ တွန်ရော.... မတွေ့ကြ။ နောက်ထပ် ည၌နက်သထက် နက်သွားပါမှ စေည်သူ မြင်းကြီးစီးပြီး ပြန်လာပါရော မှုံ့ရယ်....။

စေည်သူ့နောက်ကို သင်းရယ်၊ ဦးထင်ရယ်၊ ဦးမင်းဒန်ရယ်၊ စံအိမ်တော်မှူး ဦးသြဇာရယ်၊ ကိုစိုးရယ် လိုက်ကြသယ်။ ခင်သွယ်ကလည်း သင်းပါ လိုက်မသဲ့ ဆိုပြီး လာကြရော။ မီးရှူးမီးတိုင်တွေလည်း ယူခဲ့ကြသပေါ့။ တောရ ဘုန်းတော်ကြီးမလည်း ခြေတော်မကိုင်မိ၊ လက်တော်မကိုင်မိနဲ့ စုတ်တသပ်သပ်။ 'အိမ်း အိမ်း တလောက သည်က တကာလေးနဲ့ ငါ့ကျောင်းကို ဥပုသ်တစ်ခေါက် လာစောင့်သဲ့ တကာမလေး ဟုတ်စ။ သြော် သြော် အိမ်း ကရုဏာ သက်စရာကွာ၊ အိမ်း သတ္တဝါများ ဘယ်လို့မို့ တရားမဲ့ကြသကိုး။ အိမ်း အိမ်း သင်္ခါရ အစစ်ကြီးပါကလား၊ သင်္ခါရ သင်္ခါရနော'ဆိုသဲ့ပြီး အုန်းပုတီး တဂျောက်ဂျောက် ဆွဲပြီး ခဃဝယ ကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူရင်း အသံတွေ တုန်နေတော်မူရှာသယ် မှုံ့ရယ်။ အရှင်ဘုရား၊ အရှင်ဘုရား အဖို့မတော့ သင်္ခါရတရား အမြဲမရှိဘူး ဆိုနိုင်ပေသိ တပည့်တော်မှာတော့ သည်မီးကို ပဇာလို ငြိမ်းရမှန်း မသိပေါင်ပါ ဘုရား။ သြော် အချစ်၊ အချစ်.... ဘယ်လို့မို့ ပြင်းသဲ့ မီးပါကလား နော။

'ဘုန်းကြီးလည်း ကျိန်းနေရာက ဟောသည် တကာငယ် လာနှိုးမှ မီးတိုင်ထွန်းပြီး ကျောင်းဝင်းအနှံ့ ရှာပါသယ်။ သိမ်နောက်ကွယ်က ဘီလူးရုပ် ရှေ့ကျကမှ သင်းကလေး မရှုမလှ မြင်ရသာပါပဲ။ ဟဲ့ တကာလေး၊ တကာလေး ဆိုင်ရာပိုင်ရာ ပြောချေဟဲ့လို့။ ဘုန်းကြီးမလည်း အသက်မရှိမှန်း သိရကတည်းက ပဇာကမှ မလုပ်နိုင်ဘူးကွယ့်'သဲ့ မှုံ့ရဲ့။ ကိုစိုးတော့ မျက်ရည်တွေ စို့လာတော့သာပဲ။ အင်တန် စိတ်ခိုင်သဲ့ ခင်သွယ်တောင် တရှုပ်ရှုပ် ငိုရှာသယ်ကွယ်။ ငနောင် မင့်လင်ကတော့ မင်းကိုလေ ဖြုန်းခနဲ ပွေ့ပွေ့ပြီး မင့်ပါးတွေ၊ လည်ပင်းကလေးတွေ၊ မေးစေ့ကလေးတွေက အဖူးအရောင် အညိုအမည်း ကိုင်စမ်းရင်း သြော် မှုံ့ရယ်၊ မှုံ့ရဲ့နဲ့ တမ်းသယောင် တသပုံ ပူပုံပန်းပြသေးသပေါ့ကွယ်။

မောင်စိုသည် မာလကာပင်လေးပေါ်မှ လျှင်မြန်စွာ လျှောချလိုက်ရရှာသည်။ ပင်စည်ကို လက်ဖြင့် နောက်ပြန်ဖက်လျက် နီထွေးသော နေလုံးကြီးကို ကြည့်ကာ အသားတွေ တဆတ်ဆတ်တုန်၊ မျက်ရည်တွေ စို့နေတော့သည်။ ဤတွင်မှ စာဝတီးတွေလည်း အသိုက်သို့ ဝင်ကြရ၏။

သင်း ရင်ခွင်က ဦးမင်းဒန်က ဆွဲယူတော့ သင်းက သြော် ရှင်မှုံ့သဲ့၊ မိုက်တွင်း နက်လှချေရဲ့သဲ့ ဆိုပီး ကိုစို့ကို စိန်းစိန်းကြီး ကြည့်လို့။ ကိုရင်စိုသဲ့၊ ခင်မှုံ ဆုံးသာ ပဇာမို့ မပြောလဲသဲ့။ အို မှုံရဲ့၊ သင်းက စို့ကို မေးသယ်၊ သင်းက....သင်း....သင်း။

ကိုရင်စိုသဲ့၊ ညနေက မြင်းနဲ့ ဘယ်ကိုသွားသတုံးသဲ့၊ သင်းက...သင်း....သင်း။

ကိုစိုလေ .... မှားသယ် ပြောပြော၊ မှန်သယ် ဆိုဆို၊ သင်းကို ခုတ်သာတော့ အမှန်ပဲ။ သင်းကို တစ်ခါတည်း ပိုင်းသာပဲ။ လက်ထဲက ဓားကလည်း အရှန်သင့်၊ သင့်မျက်နှာကလည်း အရှန်သင့်၊ ခုတ်သာပဲ .... မထိဘူး။ သင်းက အံရှောင် လျင်လှ တယ်။ ကိုစိုလည်း တစ်ခါတည်း သတိလစ်သွားသာပါပဲ မှုံရယ်။ အဲသည်တုန်းက မှုံ့ရင်ခွင်ပေါ် ပုံကျပီး ပဇာမို့ မောင့်ဇာတ် သိမ်းသဲ့အောင် မဖန်တီးခဲ့တုံး ဟင် မှုံရဲ့။ မြို့က မခံလို့ မှုံ့အလောင်းကို သင်းတို့ တောရကျောင်းမယ်ပဲ ညသိပ်ရသယ်။ ကျောင်းဝိုင်း ထဲကပဲ သင်္ဂြိုဟ်သဲ့ဆီ ပို့ဆောင် သင်္ဂြိုဟ်သယ်ဆိုသာ နောက်မှ သိရတော့သယ်။

စို့ကို နန်းတော်ကြီးက ရာထူးပြန်သိမ်းပါတော့၊ ကြီးလေသဲ့ တာဝန်ကို သင့်စိတ် ကလေး နနနဲ့ မထမ်းဆောင်နိုင်ပါဘူးသဲ့။ ကိုစိုဟာ တစ်နေ့နေ့ မင်းသားကြီးလို ဖြစ်မှာပဲသဲ့။ ဖြစ်ပါစေ၊ သုတ်သုတ်ဖြစ်ပါစေ။ ဟိုတုန်းက စပီး ကိုစို စိတ်ကတောက် ကယက် ဖြစ်သာကို မဆွက ပဇာမို့ ကုစားလိုက်ကြပါလိမ့်နော။ သည့်အတိုင်း ပစ်ထား ကြရောပေါ့။ ပစ်ထားကြရင် ကောင်းသဲ့မှာ။ အစ်ကိုညိုဟာလေ အကျွန့်ကို ချစ်သာ မဟုတ်ပေါင်ပါ၊ နှစ်သာဗျ၊ ခင်ဗျကြီး ခေါ်သဲ့ ပင့်သဲ့ သည်းခြေကု ဆရာကြောင့် ကျုပ် သည်လို ခုထိ သည်ဝေဒနာ ခံစားနေရမှန်း သိနေရသာ။ အနို့မို့ရင် အကျွန် လည်း....။

ဦးသာပေါသည် အိမ်ရှေ့ကပြင်မှ နေ၍ မောင်စိုအား မချိတင်ကဲနိုင်လှပုံဖြင့် ကြည့်နေရှာ၏။ မောင်စို မန်လည်သို့ ပြန်ရောက်သည်မှာ နှစ်လခွဲ သုံးလနီးနီး ကြာသွားခဲ့ ပေပြီ။ အခါများစွာပင် ဤအတိုင်း မတုန်မလှုပ် မပြောမဆိုဘဲ တုဏှိဘောနှင့် နှုတ်ခမ်း ကလေး တရွရွ ဖြစ်နေရှာသည်။ သူတကာကမူ သည်အတိုင်း သွားလျှင် မောင်စို တစ်ယောက် ပစ်ရပြီဟု ဆိုကြသော်လည်း မောင်ညိုကြီးက 'တောက်တီး တောက်တက် ဗျာ၊ ကျုပ်တို့ထဲ တစ်ယောက်မှ သည်သွေးမပါဘူး။ သင်း ခုဖြစ်သာ တဏှာရူးဗျ၊ တန်ကြာကျ ပျောက်သွားမှာ။ ကြိုးစားပီး သင့်စိတ် ချမ်းသာအောင်သာ ပြုစုပါ့'ဟု ပြောထားသဖြင့်သာ ဦးသာပေါတွင် အနည်းငယ် စိတ်အေးနေသည်။

မောင်စိုသည် မာလကာပင် ဖက်၍ တွေဝေ မိန်းမောနေရာမှ ဦးသာပေါက အနီးသို့ လာကာ—

'ကဲ မောင်ရင်စို၊ အမှင်းစားရတဲ့အောင်'ဟု ဆိုမှ အိမ်ထဲသို့ ဝင်လာသည်။ သို့သော် ထမင်းပွဲကား ယင်တလောင်းလောင်း၊ ခါချဉ်နီ တရွရွဖြစ်ကာ နေလုံးကွယ် ပျောက် ညဥ့်ရောင်နှောင့်သည်အထိ မောင်စို့ရှေ့မှောက်၌ အရာမယွင်းပေ။ မည်မျှကြာ

အောင် ဆက်လက် တွေးတောနေသည် မသိ၊ အိမ်ဘေးဘက် ဇရက်တာမှ ခဲလုံးတစ်လုံး ချောက်ခနဲ မောင်စို့ တင်ပျဉ်ခွေကြားသို့ ရောက်လာမှ ခေါင်းထောင်ကြည့်သည်။

ဇရက်တာအောက်က လူတစ်ယောက် လက်ယပ်ခေါ်သဖြင့် ထမင်းပွဲမှ ထ သွားသည်။ ဇရက်တာရောက်မှ ငထွန်းပေါ်မှန်း သိရတော့၏။

မောင်စို့၏ မှိုင်တွေး လေးလံနေသော အမူအရာတွေလည်း ချက်ချင်း ပျောက် သွားတော့သည်။

'နောက်ဖေးပေါက်၊ နောက်ဖေးတံခါး'ဟု ပြောပြီး ငထွန်းပေါ်သည် အိမ်ဘေးကို မြှောင်ပြီး နောက်ဖေးပေါက်သို့ ပြေးမှ မောင်စို့လည်း အိမ်တွင်းမှ အပြေးကလေး ဖြတ်ပြေးကာ နောက်ဖေးတံခါးဘဝင် ဖြုတ်ပေးလိုက်သည်။ အပြင်မှ တံခါးရွက်ကို တွန်းဝင်ပြီး လျင်မြန်စွာ ပြန်ပိတ်နေကြသောအခါ ငထွန်းပေါ် တစ်ယောက်တည်း မဟုတ်ဘဲ ငနောက်ကိုပါ တွေ့ရလေသည်။ နှစ်ယောက်စလုံးကား ကရင်သင်တိုင်း ချပ်စောင်နီ ခေါင်းပေါင်းကြီးတွေဖြင့် ရုပ်ဖျက်ထားကြပြီး ချွေးတလုံးလုံး၊ ဖုန်အလူးလူး၊ ရင်တဟိုက်ဟိုက် ဖြစ်နေ၏။

'ခုနက နွားအုပ်ကြားက ပုပီး လိုက်ခဲ့ရသာ။ နွာခေါင်းတွေထဲဆိုသာ ဝင်လိုက်သဲ့ ဖုန်တွေ၊ သည်ခြံစီးတန်းရောက်မှ နွားခြေအောက်က ငုံ့ထွက်၊ သည်ထဲထိုးဝင်ပီး ပဒိုင်းချုံ ထဲက မှောင်သဲ့ထိ စောင့်နေရသာ။ အစ်ကို့ကို လေချွန်ခေါ်ပေသိ အစ်ကိုက လွမ်းနာနဲ့ ထိုင်းနေလို့ မကြားဘူး ထင်ပ့ါဗျာ'ဟု အသက်ရှူ မအားသလို ဆက်တိုက်ပြောပြီးမှ ငထွန်းပေါ်က သက်ပြင်းချ၏။ ငနောက်က ကြားဝင်၍ 'အစ်ကို စကားဖောင်မနေနဲ့၊ သင်းတို့မြင်းစု တောင်ပူစာ ခြေရင်းမယ်တွင် ကျန်ခဲ့သာ'ဟု ပြောမှ ငစိုက 'အသူတို့တုံး' ဟု လျင်မြန်စွာ မေးရင်း အံကလေး ကြိတ်ကာ 'ငနောင်ပေါ့ .... ဟုတ်စ'ဟု ဆိုသည်။ ငထွန်းပေါ်က 'အသူ ရှိဦးမလဲ၊ သာကြောင့် အရေးကြီးပါသယ်ဆို၊ ကောလင်းကိုယ်တော် ကြီး ဆီက မင်းကြီးဆီ ပေးသဲ့ ပေရွက်တွေ၊ သဝဏ်တွေလည်း ပါလာသယ်။ အဲသာတွေနဲ့ အမိခံလို့ မဖြစ်ဘူး။ လာ့ပါဦး အစ်ကို၊ အတွင်းဘက် စိတ်ချရသဲ့နေရာ မရှိဘူးလားဗျ'ဟု မေးမှ မောင်စို့လည်း ရင်တခုန်ခုန် နားထောင်နေရာက ရှေ့သို့ စ ထွက်ကာ အထက်ထပ် သူ အိပ်သောအခန်းသို့ တက်သွားကြ၏။

အပြင်တွင်ကား လျင်မြန်စွာ မှောင်စ ပျိုးနေပြီ။ မောင်စို့တို့ သုံးဦးသား အခန်း တွင်းသို့ ဝင်မိလျှင်ပင် ပြင်တင်းပေါက်တွေ အားလုံးပိတ်၊ တရုတ်ကပ်တွေကို ချပြီးလျှင် ဝင်လာသော တံခါးပေါက်ကိုလည်း ဘဝင်ထိုးလိုက်သည်။ ပြီးမှ မှောင်နှင့်မည်းမည်းတွင် စကားတီးတိုး ပြုကြ၏။ ယခုအခါတွင် မောင်စို့တို့မှာ ဝါရင့်ပြီးသား လျှိုသမားတွေ ဖြစ်နေပါပြီကော။

'သေနတ်တွေကော အားလုံး အပ်ပီးပီ ဟုတ်စ'

'အပ်ပီးပီ၊ သည်လက်နက်က အရေးမကြီးပေါင်ပါ။ မသကာ မိရင် ပေးလိုက်ရုံ၊ လက်ပူးလက်ကြပ် မိသဲ့လူ အဖမ်းခံရရုံပ။ ခုဟာက အင်တန် အရေးကြီးသဲ့ ပေရွက်

စာတမ်းတွေမို့ သင့်လက်ရောက်ရင် တစ်ယောက်မကတစ်အုံ တစ်မြုံလုံး အပြုံလိုက်ပေါ်မယ်။ ပုတ်သင်ဥတူးတော့ ညောင်မြစ်ပေါ်သလို နေမှာဗျ။ သာကြောင့် သည်ပေစာတွေနဲ့တော့ သင့်အဖမ်း မခံဘူး။ ပြေးလို့လည်း လွတ်ပေါက် မမြင်သေးဘူး။ မနေ့ညကတည်းက တောင်ပေါ်မယ် သင်းတို့နဲ့ သွားတိုးသာ။ ကျုပ်တို့ ကုသိုလ်ကပဲ ခေပါ့ဗျာ။ မနေ့ည၌ တစ်ညဥ့်လုံး၊ သည်ကနေ့ တစ်နေ့လုံး၊ တောင်ပေါ်မယ် ပုန်းနေရသာ။ ခရာတွေ၊ ချုံတွေ၊ သစ်ခေါင်းတွေ၊ ကျောက်တုံးကြားတွေမယ် အတန်တန် ကူးလူးပြေးလွှားပြီး အစာငတ် ရေငတ် တိမ်းရ ရှောင်ရ သာပ'ဟု ပြောသူရော နားထောင်သူပါ မျက်နှာကြီးများ ရဲရဲတောက်နေကြ၏။

'သင်းကလည်း ဖွဲကောင်းသယ်။ သင့်မလည်း သာကို မိရင် ရရင် အတန်အကျိုးရှိမှာကလား၊ ဖွဲကောင်းနိုင်သာပ။ တစ်ညဥ့်လုံး တစ်နေ့လုံး လိုက်သာပဲ။ သင်းကမြင်းနဲ့ ဆိုတော့ အပေါင်းအဖော်ဆီ လွတ်ပြီး အဘက်ဘက် အတန်တန်က ဆို့နိုင်ဆီးနိုင်သမို့ ကျုပ်တို့မယ် မတတ်သာ တတ်သာ အစ်ကို့ဆီအရောက် ကြံဖန်ပြေးခဲ့ရသာပဲ။ ကံကောင်းထောက်လို့ တောင်ခြေမယ် နွားအုပ်တွေ့လို့ အုပ်ကြားထဲဝင်ပြီး လိုက်ခဲ့သာ။ စဥ်းငယ်တော့ သင်းတို့ မျက်ခြည်ပြတ်သွားသာပ။ သည်သင်တိုင်းနဲ့ စောင်နီဆိုတော့ နွားရွှေကြီးတွေလိုလို ဖြစ်လာသာပ။ ဟောသည်က ငနောက်က နွားလို တွန်သာများပိပဗျာ။ သင်းတို့ မြင်းစုနဲ့ ခပ်လှမ်းလှမ်းက ဖြတ်ကျော်ရတော့ သင့်ချည့် တိုင်တည်ပြီး တွန်သာပဲ'ဟု ပြောပြရာက လေသံ တစ်ဆက်တည်းဖြင့် 'ကိုင်း ကိုရင်၊ ကျုပ်တို့ သည်ဆီနေလို့ မဖြစ်သေးဘူး'ဟု ဆိုစဥ် မောင်စိုက 'သည်မယ် သည်တစ်ညဥ့် မအိပ်ရဲဘူးလား'ဟု တားသည်ကိုပင် 'မဖြစ်ပေါင်ပါ၊ အားလုံး ဒုက္ခရောက်ပါလိမ့်မယ်။ ကျုပ်တို့ ဆာလွန်း ငတ်လွန်းလို့ ဝင်လာသာပါ။ အစာကလေးများလည်း ပေးပါဦး။ ပြီး အစာမပေးခင် သည်ပစ္စည်းတွေ ဖျောက်ဖျက်ရသဲ့အောင်လား'ဟု ပြောသည်။ မောင်စိုလည်း ဤတွင် မီးခတ်စုံကို ယူခဲ့ကာ ငထွန်းပေါ်က အတွင်းကိုယ်ကျုပ်ကြားမှ ထုတ်ပုံပေးသော ပေရွက်လေးရွက်နှင့် ဂုံစက္ကူနှစ်ရွက်၊ မှိုင်းခံ စက္ကူတစ်လိပ်ကို မီးတင်၍ ရှို့ကြသည်။ ပေရွက်စီးမီးကူးမှ ငထွန်းပေါ်တို့ကို သေသေချာချာ မြင်မိသည်။

မျက်လုံးဟောက်ပက်၊ မျက်နှာ ဖုန်နှင့် ဖွေးဖွေး၊ နားရွက်ကြား နှာခေါင်းကြားတို့တွင် ဖုန်တွေ ချပ်ခဲကြီး ကပ်နေ၊ လက်ခြေတို့တွင် ဖွေးဖွေးဖြူဖြူနှင့် သင်တိုင်းတွေ ညစ်ထည်းနေသည်။ မျက်နှာ၊ တံတောင်ဆစ်၊ ဒူးနှင့် ထိုးကွင်း မင်ကြောင် ပိန်းထနေသော ငထွန်းပေါ်၏ ပေါင်နှစ်ဖက်စလုံး ဆူးခြစ်ရာတွေ အပြိုင်းပြိုင်း ထ နေသည်။

မောင်စိုသည် အောက်ထပ်သို့ ဆင်းကာ သူ့အတွက် ပြင်ထားသော ထမင်းပွဲကို အောက်ခံ နှီးခုံ သုံးချောင်းထောက်ကပါ ကိုင်မပြီး ယူခဲ့၏။ လူနှစ်ယောက်လည်း ပထမ ပေရွက်မီးတောက်ဖြင့်၊ နောက် မှောင်အတိမည်းမည်း မီးခဲရဲရဲ အရောင်ဖြင့် ပလုတ်ပလောင်း စားကြသည်။ နောက်ထပ်လည်း မောင်စို ထမင်းဟင်း ထပ်ယူရလေရာ ထိုအခါ 'သည်မယ် ကိုရင်၊ အစာကျွေးသာတော့ ဟုတ်ပ၊ အဝတ်လည်း တစ်မျိုး

လဲဦးမှ။ သင်းတို့ သည်သင်တိုင်းကို မှတ်မိနေပီ။ အဝတ်ဟောင်းကလေး တစ်ထည်စီ....'ဟု တောင်းခံနေကြသဖြင့် ဦးသာပေါထံမှ ဝတ်စုံနှစ်စုံကို တောင်းယူခဲ့ရသည်။ မကြာမီလည်း ငထွန်းပေါ်တို့သည် အစားအစာ စားသောက်ပြီးသောအခါ ဝတ်စုံတစ်မျိုးစီ လဲလှယ်၍ သည်သင်တိုင်းတွေကို သည်တွင် ထားခဲ့ရန် မသင့်၊ ချောင်းထဲကျမှ မယောင်မလည် စွန့်ပစ်ခဲ့မည်ဟု ပြောကာ ပြန်ရန်ပြင်ကြသည်။ မောင်စိုလည်း နောက်ဖေးပေါက်အထိ လိုက်ပို့၏။ ငထွန်းပေါ်နှင့် ငနောက်လည်း 'သာပါ့လဗျာ၊ အကြံမအောင်ခင် ဆင်းရဲရသာ။ အသာစံချင်ရင် အနာခံရသာပ၊ ဟုတ်စ။ အရေးတော်ပုံသာ သုတ်သုတ်အောင်ပါစေ ဆုတောင်းရစ်ဗျနော'ဟု နှုတ်ဆက်ခဲ့ကာ ကုပ်ချောင်း ချွတ်နင်း၍ နှစ်ယောက်သား ခြံစည်းတန်း ပဒိုင်းချုံတွေကြား ကြယ်ရောင်တွေ အောက်သို့ ပျောက်ကွယ်သွားတော့သည်။

ဤအခါကျမှ မောင်စိုလည်း အပေါ်သို့ လျင်မြန်စွာ ပြန်တက်ကာ မီးကျွမ်းပြီးစ ဖေရွက်၊ စက္ကူရွက်၊ ပြာပုံများကို ရေနံမီးတစ်တိုင် အကူအညီဖြင့် တစ်နေရာတွင် စုပုံနိုင်အောင် တံမြက်စီးဖြင့် လှည်းကျင်းပြီးလျှင် မြေထွေးအင်တစ်လုံးမှာ ထည့်ပြီး အောက်ထပ်သို့ ယူခဲ့သည်။ အောက်ထပ် ရေသွန်ခန်းသို့သွား၍ ထွေးအင်ထဲ ရေထည့်ကာ အိမ်သာတွင် သွန်ချခဲ့သည်။ သွန်ပြီး အပေါ်မှ ဖွဲတောင်းရှိ ဖွဲအကုန် လောင်းချကာ အိမ်ထဲသို့ဝင်၊ ထွေးအင်ကို တစ်နေရာတွင် ထားလိုက်ပြီး ဦးသာပေါ်အား မည်သူလာလာ၊ မည်သို့မျှ မပေါက်ကြားရန် မှာကြား၊ အတန်တန် သတိပေး၍ သူကိုယ်တိုင်ကမူ အိမ်ရှေ့ခန်းတွင် သင်ဖျာတစ်ချပ် ခင်း၍ နီးခေါင်းအုံး အုံးလျက် မှိန်းနေသည်။ ထမင်းဟင်းကိုကား မေ့နေဆဲပင်။

အတန်ကြာ တိတ်ဆိတ် ငြိမ်သက်နေခိုက် မောင်စိုသည် ငထွန်းပေါ်တို့ လွတ်မှ လွတ်ကြပါ့မလား၊ မလွတ်လို့ မိရင်တော့ အခက်ပဲဟု တဖွဖွ တွေးတော ပူပန်နေသည်။ "လွတ်ပါစေ၊ လွတ်ပါစေ။ ကြည့်စမ်းပ၊ အစာငတ် ရေငတ်ခံပီး တောချုံအုံကြား သားရဲသားကောင်တွေကြားမယ် ညဉ့်မနား နေ့မအား အပင်ပန်း အဆင်းရဲခံပီး ဆောင်ရွက်ရသာ အသက်အန္တရာယ် ဘယ့်ကလောက် နီးလှ ကြီးလှသလဲ ဟင်။ သည်နိုင်ငံရေးဟာ သူတကာ ကောင်းစားဖို့၊ တစ်နိုင်ငံလုံး ကောင်းစားဖို့ သင်းတို့ သည်မျှ ဒုက္ခခံရ၊ အသက်စွန့်ရသာပဲ။ သင်းတို့နဲ့စာတော့ ငါက ပဓာဖြစ်သေးတုံး။ ငါ ဆောင်ရွက်ရသာက အပေါ်ယံရိကပါ။ မလောက်လေး မလောက်စား ရွက်ကြမ်းရေကျို နိုင်ငံရေးပဲ"ဟု စဉ်းစားနေခိုက် ဒုန်းစိုင်းပြီးလာသော မြင်းခွာသံများကို ခြံဝမှ စ၍ ကြားရသည်။ မောင်စိုသည် လှဲနေရာမှ လျင်မြန်စွာ လူးလဲ ထ ကြည့်သောအခါ မြင်းလေးငါးဆယ်စီးခန့် အိမ်ဆီ တူရှုသို့ ခြေကုန်နှင် ဝင်လာသည်ကို တွေ့ရသည်။ တွေ့ရလျှင် တွေ့ရချင်း ငနောင်တို့ပဲ ဟု အတပ်သိသောကြောင့် နေရာတွင် အသာပြန်၍ ဣန္ဒြေရရ လှဲနေလိုက်၏။

မြင်းသံများကား ချက်ချင်း အိမ်ရှေ့သို့ရောက်ကာ ခဏာတွင်းချင်း အိမ်ပတ်လည်

ဝိုင်းလိုက် ရံလိုက်ကြသည်ကို ရိပ်မိသည်။ မရှေးမနှောင်းပင် ဇရန်တာ လှေကားမှ ပြင်းထန်သော ခြေလှမ်းဖြင့် တက်လာသည့် ခြေသံများနှင့် အတူ အိမ်ပေါ်သို့ ပိုင်စိုးပိုင်နင်း လျင်မြန်စွာ တိုးဝင်လာကြသော မောင်နောင်နှင့် တပည့်လက်သား ခြောက်ယောက်၊ ခုနစ်ယောက်ခန့်ကို တွေ့ရလေသည်။

မောင်စိုသည် မှိန်းနေသောမျက်လုံး ဖွင့်သည်နှင့် မရှေးမနှောင်း မောင်နောင်ကို ဘေးတွင် ရပ်၍၊ ကျန်လူများက သေနတ်ကိုယ်စီ ချိန်၍ ဓားလွတ်လွယ်ကာ သူ့အား အဘက်ဘက်မှ ဝိုင်းထားသည်ကို မြင်မိလေသည်။ မောင်စို အံ့အားသင့်ဟန်ဖြင့် 'ရို'ဟု နေရာမှ လူးလဲထပြီး 'ဟင် ကိုရင်နောင်....'ဟု မောင်နောင့်ထံ လှမ်းကြည့်သည်။

မောင်နောင်ကမူ မောင်စိုအား စေ့စေ့ကလေး ကြည့်ပြီး အသံအေးအေးဖြင့် 'ငထွန်းပေါ်နဲ့ ငနောက်ကို ခေါ်လိုက်ပါ ကိုစို'ဟု ပြောတော့သည်။ မောင်စိုမှာ အံ့အားသင့် နားမလည်ပုံဖြင့် လူစေ့ လိုက်ကြည့်ရင်း 'ရို .... ဘယ်က ငထွန်းပေါ်တုံး'

'အို တန်ပါ ကိုရင်ရယ်၊ အိပ်ပျော်နေသဲ့သူ အနိုးရခက်သယ်။ ဟို ညောင်အုပ် ညောင်ရမ်းရဲ့ ကျွန်ယုံ၊ ကိုရင်နဲ့အတူ မင်းတရားလေး နန်းတက်ပီးစက မင်းသားကြီး နှစ်ပါးကို အကြေသတ်ော လိုက်ပို့သဲ့သူဟာကော။ ငနောက်ဆိုသာကတော့ ကျပင်းလူ လေ့'ဟု ပြောနေခိုက် မောင်စိုက တစ်စုံတစ်ရာ ငြင်းဆန်ဟန်ပြုသည်ကိုပင် အရေးမစိုက် ပုံဖြင့် 'အစောက တောင်ခြေမယ် တွေ့လိုက်သေး၊ နောက် နွားတစ်အုပ် ရှေ့ဆီက ဖြတ်သွားကတည်းက သင်းတို့ မျက်ခြည်ပြတ်သွားသာ။ နွားအုပ်ဟာ သည်ခြံဘက်ဆီ ထွက်နေရမှာပဲ'ဟု ပြောရာက 'ကိုင်း ကိုရင်၊ အချိန်လည်း မကောင်းဘူး။ ဘယ်ဆီမတုံး၊ သင်းတို့'ဟု တောင်းသည်။ မောင်စိုတွင် အသံကလေးထွက်အောင် ရယ်လိုက်ရတော့ သည်။

'ကြံကြီးစည်ရာ အစ်ကိုရယ်၊ ကျုပ် သည်ဆီ အေးအေးလူလူ စိတ်ပြေလက် ပျောက် နေနေသဲ့ဟာ ပဇာမင်းသား ကျွန်ယုံတော်တွေ ကျုပ်အိမ် ဝင်ပါ့မတုံးဗျာရဲ့'

'တောင်းတုန်း ထုတ်ပေးလေ့ အစ်ကို၊ ပြီးမှ ရှာလို့တွေ့ရင် အလကား ဒုက္ခ ရောက်နေမယ်နော။ ကျုပ်တို့ မရှာပါရစေနဲ့ဗျာ'

'ရှာချင်သပဆိုလည်း ရှာကြပေါ့။ ကျုပ်တော့ ဟောသည်ဆီ အိုက်အိုက်ရှိသာနဲ့ အသာမှိန်းနေတုန်း အစ်ကိုတို့ ကြွလာကြသာပဲ။ ရှာပါ၊ ရှာချေပါ'ဟု ပြောသည်တွင် မောင်နောင်က တွေတွေကလေး ဖြစ်သွား၏။ အတန်ကြာ မောင်စိုအား ခေတ္တ မျက်မှောင် ကုတ် ကြည့်နေ၏။ တစ်ခန်းလုံးကား လက်နက်ကိုင်အချို့၏ လက်မှ မီးတိုင်၊ မီးတုတ် အချို့ဖြင့် ထိန်ထိန်လင်းနေသည်။

'မဟုတ်ဘူးလေ၊ မရှာခင် ထုတ်ပေးရင် သာလို့ မကောင်းပေဘူးလား။ ရှာလို့ တွေ့ရမှ ကိုရင့်ကို ဒုက္ခပေးရရင် ကိုရင့်စိတ်က အနာဂတ်ဟောင်း ပြန်ပေါ်နေမှာ စိုးလို့ ပြောသာပ'

'သြော် ခွင့်ပြုပါရောလား၊ ရှာကြပါ ဆိုဗျာ။ မရှိပေါင် ဆိုသာမှ မနာယူမင့်ဟာ'

ဟုပင် ဖွတ်ခပ်ပေပေ ပြောသည့်အဆုံး၌ ငနောင်သည် တွေတွေလေး ကြည့်နေရာက ချာခနဲ လှည့်လိုက်ကာ–

'ဟော့ နှစ်ယောက်၊ သင့်အနား နေစမ်း'ဟု လက်နက်ကိုင် နှစ်ယောက်ကို မောင်စို့အနီးတွင် အစောင့်ချထားခဲ့ကာ နေရာမှ ထွက်သွားသည်။

မကြာမီအတွင်း ခြံ ဝင်း အိမ် အစစတွင် အဆောင်ခန်းမ၊ မျက်နှာကြက်၊ ကျပ်ခိုးစင်၊ ထင်းတဲ ပါမကျန် အနှံ့အပြား လိုက်လံရှာဖွေ လှန်လှောမွှေနှောက် နေကြသော လက်နက်ကိုင်များ၏ မီးရှူးမီးတိုင် အသံဗလံများဖြင့် တစ်နေရာမှ တစ်နေရာသို့ လျှင်မြန် သွက်လက်စွာ ကူးလူးပေါ်ထွက် ပြည့်နှက်နေတော့သတည်း။

## ၄၈ ။ ရှမ်းစက္ကူနှင့် ပေရွက်ဝါ၊ ထွေးအင်ပြင်က ပြာ

မောင်စို့လည်း သင်ဖျာပေါ်တွင် တင်ပျဉ်ထိုင်ချကာ အရိပ်အကဲ အသံဗလံများကို တစေ့တစောင်း နားထောင်နေသည်။ အိမ်ထဲတွင် ငနောင်တို့ ကြာရှည်လေးမြင့် ရှာလေလေ၊ ငနောက်၊ ငထွန်းပေါ်တို့အတွက် ပြေးရန် အချိန်ရလေလေ ဖြစ်သည်ဟု မောင်စို့သည် ကျေနပ်နေပုံကို မနည်း ဣန္ဒြေဆောင်နေရသည်။

အတန်ကြီး ကြာသောအခါ မောင်နောင်သည် မျက်မှောင်ကြုတ်၍ ခေါင်းကုတ်ပြီး မောင်စို့ထံသို့ ပြန်လာသည်။ မောင်နောင်မှာ မကျေနပ်သော မျက်နှာဖြင့် ဝဲယာကို ကြည့်လျက်ပင် ရှိသည်။

ကိုယ်ကျပ်အပြာ၊ ပုဆိုးခိုရောင်နှင့် မောက်တိုဆောင်း၍ မောင်နောင်သည် အတော် ခံ့ညားပေသည်။ မောင်စို့အနီး ရောက်မှ မကြည့်သေးဘဲ အသံအေးအေးဖြင့် 'အိမ်း၊ လူတွေတော့ မတွေ့ဘူး။ သာပေသိ၊ ကိုစို့ အပေါ်ထပ်က အခန်းမယ် အမှင်းစားသွားသဲ့ အရိပ်အခြည်နဲ့ တစ်ခုခုကို မီးပုံရှို့သွားသဲ့ သက်သေ အထောက်အထားတော့ တွေ့ခဲ့သယ်ဗျ'ဟု ပြောနေစဉ် မောင်စို့မှာ ရင်ခုန်စ ပြုသည်။ "အို သာ တွေ့ရသာနဲ့ ပြီးရောသဲ့လား၊ ပဓာပြုတုံး။ လူကိုမှ မတွေ့ကဘဲ"ဟု စိတ်ကို တင်းထားသည့် အခိုက် မောင်နောင်က ဆက်လက်၍ 'မီးရှို့သဲ့နေရာက ကြမ်းပြင်ဟာ နွေးတေးတေး ရှိသေး။ ပီး တံမြက်စည်း စမယ်လည်း ပေရွက်ပြာ အနည်းအကျဉ်း ကပ်နေသယ်'ဟု ပြောသည်။

မောင်စို့သည် ဖျတ်ခနဲ မျက်လုံးလှန်ကြည့်သောအခါ သူ့ကို လှည့်ကြည့်သော ငနောင်နှင့် မျက်လုံးချင်း သွားဆိုင်နေသည်။ မျက်လွှာမချမိအောင် မနည်း ဣန္ဒြေပြုထားရရှာသည်။ မောင်နောင်က အသံအေးနှင့်ပင် ဆက်လက်၍ မောင်စို့ကို စေ့စေ့ပင် ကြည့်ကာ 'နောက်ဖေးက ငှက်ပျောချုံနားမယ် အိမ်သာရှိသယ်။ အဲသည် အိမ်သာထဲမယ်လည်း ဖွဲတစ်တောင်းအပြည့် သွန်ချထားသယ်။ ဖွဲ့မှုန်တွေ အိမ်သာ ကြမ်းပြင်မယ် စဉ်းငယ် တင်နေသယ်'

မောင်စို့ မျက်လုံးထဲမှ နွေးစ ပြုလာလေပြီ။ 'သည်တော့ကာ တစ်ခုစဉ်းစားဖို့က

အပေါ်ထပ်အခန်းက ပြာဟာ ပဇာလိုလုပ်ပြီး အိမ်သာထဲက ဖွဲပုံအောက် ရောက်မလဲ။ တစ်ခုခုနဲ့ ထည့်ယူသွားပြီး သွန်လို့သာပ၊ ပဇာနဲ့ သွန်မတုံး'

ဤတွင်မှ မောင်စိုသည် မောင်နောင် သူ့ကို တမင်အနိုင်ကျင့်နေမှန်း သိစပြုတော့သည်။ အသက်ကြီးကြီးလာသော ငနောင်ကား ဉာဏ်ပညာ ထက်ထက်လာခဲ့သည်။ မောင်စို ဣန္ဒြေပျက်စ ပြုရှာတော့သည်။ ထိုအခိုက် မောင်နောင်က နောက်ဆောင်ဘက်သို့ မျက်နှာလှည့်ပြီး 'မတွေ့သေးဘူးလား ဟဲ့'ဟု လှမ်းအော်လိုက်သည်။ မကြာမီပင် လက်နက်ကိုင်တစ်ယောက် ထွေးအင်တစ်လုံးကို ကိုင်၍ ဝင်လာသည်။ လက်နက်ကိုင်၏ မျက်နှာတွင်ကား ကျေနပ်ခြင်းမက ကျေနပ်နေသော အမူအရာတွေ စုပေါင်း၍ ပေါ်လွင်နေတော့သည်။ မောင်နောင့်လက်သို့ ထွေးအင်ကို မပေးဘဲ 'ထွေးအင်နှုတ်ခမ်း အနားပန်းရစ်ကြားက ငံဟာသည် ပေရွက်တစ်စ တွေ့ပါသယ် ဗိုလ်လေး။ မီးရောင်မယ် ထောင်ကြည့်ရင် စာလုံးပေါ်ပါလိမ့်မယ်'ဟု ပြောပြီးမှ ပေရွက်စ ဆိုသည်ကို ပေးသည်။

မောင်စို လှမ်း၍ မျက်လုံးပြူးနေခိုက် မောင်နောင်သည် အမှုထမ်းသားတစ်ဦး၏ မီးတိုင်အနီးတွင် ပေရွက်မီးလောင်ပြီးသား လက်သုံးသစ်ခန့် တစ်စကို ထောင်ကြည့်သည်။ မောင်နောင် သူ့ထံ လှည့်မကြည့်မီ ဖြစ်ပေါ်နေသော မျက်နှာထားကို မြင်ရသော မောင်စိုသည် သူ့အတွက် မျှော်လင့်ချက် မရှိတော့ပြီဟု အတပ် သိထားနှင့်လေသည်။ ချွေးစီးထွက်စ ပြုလာတော့သတည်း။

မောင်နောင်သည် မီးမလောင်တလောင် မဲ့ညည်းနေသော ပေရွက်အစကို အသေအချာ ကြည့်ရှုစစ်ဆေးပြီးမှ မောင်စို့ထံ လှည့်ကြည့်သည်။ အားနာခြင်း၊ ဝမ်းနည်းခြင်း၊ မလွှဲသာ၍ ပြုရခြင်း စသော အမူအရာမျိုးကို ကြိုးစားပြီး ပြနေသော်လည်း မောင်စိုသည် မောင်နောင် ဤအခိုက်အတန့်က မည်မျှ ကျေနပ် ဝမ်းမြောက်နေသည်ကို ထင်းထင်းရှင်းရှင်းကြီး နားလည်လိုက်တော့သည်။

'ရှာလို့ မတွေ့သာနဲ့ အစ်ကို့လူ ဦးသာပေါ ဆိုသာကို မေးရသာကို ကျုပ်ဝမ်းမနည်းပါဘူး။ အစ်ကို့ကိုလည်း တတ်နိုင်ရင် ဒုက္ခဖြစ်အောင် မလုပ်ချင်ပေါင်ပါ။ သာပေသိ ခု ကျုပ်လက်ထဲ ရောက်နေသဲ့ သက်သေအထောက်အထား ပစ္စည်းတစ်ခုအတွက်နဲ့ အစ်ကို့ကို ဝတ္တရားရှိသဲ့အတိုင်း မပြဘဲ ထားရစ်ဖို့ဟာ မင်းတရား ရွှေဘုန်းတော်ကို မထေမဲ့မြင် ပြုရာ ရောက်နေပါ့မယ်။ ရွှေဘုန်းတော်ရိပ်ကို မတော်လှန်ရဲပေါင်ပါ။ အစ်ကိုတို့မယ်သာ မင်းတရားရဲ့ ဖဝါးတော်အောက်မယ်က မတရား လှို့ဝှက်တော်လှန်သူ အစုနဲ့ အပေါင်းပါနေသာကို အခိုင်အလုံ သိရပြီ ဖြစ်တဲ့အတွက်....'ဟု အသံမျှင်းမျှင်း ပြောစပြုသော စကားကို ရုတ်ခြည်းဖြတ်လိုက်ကာ မောင်နောင်သည် နောက်သို့ ရုတ်တရက် ဆုတ်လိုက်ပြီးလျှင် ဓားကို အိမ်မှ ချွတ်ကိုင်ရင်း–

'မင်းတရား အမိန့်တော်.... မာရဘင်တပ်စု၊ သင့် ငစိုကို အကျုပ်အတည်း အခိုင်အမာ ချက်တစ်ဖြုတ် ဖမ်းစေ'ဟု အသံ မာမာဆတ်ဆတ် ထန်ထန်မောက်မောက်

တင်းတင်းကြီးနှင့် မောင်စိုးအား ဖမ်းဆီးကြရန် မာရာဘင်ဗိုလ်မှူးငယ် တိုင်တားမင်းကြီး လက်သုံးတော်ကိုင်ဟောင်း မောင်နောင်က အမိန့်တော် ချမှတ် ဟစ်ကြွေးလိုက်တော့ သည်။

အမှတ်တရ ဖြစ်တိုင်း မောင်စိုးသည် သူ့အခန်းကလေးကို သူ သဘောကျနေသည်။ ဆယ်တောင်ပတ်လည်ခန့်၊ လေးဖက်အလုံ၊ အခင်း မျက်နှာကြက်ပါမကျန် အင်္ဂတေ အခိုင်အမာနှင့် လက်တစ်ဖောင်ခန့် သာသာတွင် အုတ်ထရံသားကို ထွင်း၍ သံတိုင် ကျားကွက်စိုက် လေသာပေါက်ငယ် နှစ်ပေါက်ရှိသည်။ အပြင်မင်းလမ်း ထွက်ရာသို့ သံတံခါးမှာ သံပြားအလုံ မဟုတ်ပေ။ ညဥ့်အခါတွင် ၎င်းမင်းလမ်းမှ ထိုးဝင်လာသော လေဟောင်းသည် လေသာပေါက်မှ ထွက်သွားနိုင်သည်။ နေ့အခါ လေသာပေါက်မှ လေသန့်လေကောင်းကလေး ဝင်နိုင်သည်။

နေ့အခါ အပြင်ဘက် ကောင်းကင်ပြာကို နောက်ရောင်ခံ၍ ပိတောက်ပင်နှင့် မန်ကျည်းပင် အဖျားကိုင်း အနည်းငယ်ကို မြင်နိုင်သည်။ မန်ကျည်းပွင့်ကလေးတွေ ပွင့်ရာမှ ကင်းကြပြီဟု ခန့်မှန်းနိုင်၏။ ညနေစောင်းလျှင် ဗျိုင်းတွေ တအောက်အောက် ရောက်လာကြသည်။ ကျီးတွေ တအားအား နားကြသည်။ ညဥ့်ကျလျှင် ကောင်းကင် ပြာနှမ်းနှမ်းတွင် ကြယ်တွေပေါက်နေသည်။ တစ်ခါတစ်ရံ လခြမ်းကလေးကို သစ်ကိုင်း နောက်မှ မြင်ရသည်။ တစ်ခါတစ်ရံ လပြည့်ဝိုင်းစက်စက်ကြီးကို မန်ကျည်းပင်ကလေး တွေ ကြားက မြင်ရသည်။ ကျီးသိုက်တွေ ဒီးဒုတ်နှိုက်ကြလျှင် ကျီးတွေ ပြိုကြသည့် အသံကို ကြားရ၍ ဇပဟိုစည်သံနှင့် ခေါင်းလောင်းသံကိုကား ငြီးသည်မရှိ၊ အမြဲ သာသာ ယာယာ ကြားရနိုင်ပါ၏။

လေသာပေါက်ကလေးသည် ထိုရေနာရီ ပဟိုရ်စည် ခေါင်းလောင်းသံသာသာကို သုတ်သွင်း ယူဆောင်လာသကဲ့သို့ အေးချမ်း တိတ်ဆိတ်သော ညဥ့်တို့တွင် လရောင်ကွက် ကလေးကို ယူသွင်း ဝင်ရောက်စေပြီး၊ မောင်စိုး၏ သစ်သားကွပ်ပျစ်ကလေး ခေါင်းရင်း နီးခေါင်းအုံးပေါ်တွင် ကျားကွက်အရိပ်ကလေးတွေ ဖော်ပေးတတ်သည်။

မည်သို့ဆိုစေ ရွှေဘိုတွင် မင်းသားကြီး စံမြန်းတော်မူရသော အခန်းထက် သာသည်ဟု မောင်စိုး ထင်မြင်ယူဆသည်။ ယခုလည်း ပဟိုရ်စည်သံ ရွမ်းတော့မည်။ ပဟိုရ်သံကို လေသာပေါက်ကလေးမှ သွင်းပေးတော့မည်။ မောင်စိုးက ရွမ်းတော့မည်ဟု ထင်လျှင် ရွမ်းသာပါပဲ။ ဟော နားထောင်ပ၊ ခေါင်းလောင်းသံလေးတွေ မသာစ။ တဒူဒူနဲ့၊ အဲသာက ရွှေမောင်းသံ ရှစ်ချက်။ နောက် တစ်ခါခါ တနောင်နောင်နဲ့ ခေါင်း လောင်းတော်ကြီး နှစ်ဆယ့်နှစ်ချက်ဆုံးရင် စည်ကြီးသံဝါဝါက ဒိုင်း ဒိုင်းနဲ့ နှစ်ကျိပ်နှစ်ချက် ပဲ တီးလိမ့်မယ်။ ခေါင်းလောင်းသံ သာသာနဲ့၊ စည်ကြီးသံ ဝါဝါနဲ့ အဲသလို ညင်းကြ သယ်။ မင်းသံ ဆိုသာ၊ မင်းသံ ဆိုသာ....။

မောင်စိုးတွင် အခြား ဘာမျှလုပ်စရာ မရှိပေါင်ပါ။ မောင်စိုး အနားယူဖို့ပဲ ရှိတော့

သယ်။ ရေနာရီအတွက် ရွှေဖလားထဲ ရေဝင်သလို၊ ရေဝင်လာသာကို မောင်စို သည်က နေပြီး မြင်ရပါသယ်။ စိတ်မှန်းနဲ့.... စိတ်မှန်းနဲ့။

ကျွတ် ကျွတ် ခြေဖမိုးက အရေဖောင်း မပေါက်သေးဘူးနော်။ စပ်ဖျဉ်းဖျဉ်းနဲ့ နာပါ့ဗျာ။ ခြေချောင်းကလေးတွေ ကြားကတော့ ပြည်ပေါက်နေပြီ။ အငွေ့တွေ တထောင်း ထောင်းနဲ့ ရေနွေးအိုးထဲ မွှန်လိုက်သဲ့ မီးသွေးမီး လွန်ရော။ အလိုလေးလေ့ မွေးမေလေ့၊ ပူသယ်ဗျ၊ ပူပါသယ်၊ ပူလှချေ့ဗျား။ ခြေဖျားလေးတွေ တဆတ်ဆတ် တုန်ပြီး၊ ခါပြီး၊ လူးပြီး အငွေ့တထောင်းထောင်းနဲ့ ရေနွေးပူတွေက ခြေဖျားက စပီး ခြေဖနောင့်၊ ခြေချင်း ဝတ်၊ ခြေသလုံးဖျားအထိ ကျဉ်ခနဲ ကျဉ်ခနဲ ပူလှချေရဲ့ဗျာတို့။ ပြော....ပြော....ပြောသဲ့၊ သာ့ကလောက် ပူနေရသဲ့အထဲ ပြောနိုင်ပါ့မလား။ မေးကြ မေး....မေး....မေး။ ပူလှပါပြီ မင်းကြီးတို့၊ ပူလှပါပြီ ကျွတ်....ကျွတ်။ အလိုလေးလေ့ ခြေထောက်တစ်ဖက်လည်း မလှုပ်နိုင်။ အဲသာမှ ခက်သာပဲ အရပ်ကတို့။ အာ ဒူးတစ်ဖက် လည်နေပေါ့။ အလို....လို သံပတ္တာ ညှပ်သာ၊ မွေးမေလေ့....အမိရာ....မိရာ ခုံညင်းကြေနေပီ ထင်ပါ့။ မှန်း၊ အို....အို လက်ဆစ်တွေ ကြေနေပြီ။ ဟင် ဘုရား....ဘုရား၊ ပြော ပြော ပြော....

သာက ပဟိုရ်စည်ကြီးပေါ့၊ အဲ အိမ်း အိမ်း နှစ်ကျိပ်၊ နှစ်ကျိပ်တစ်၊ နှစ်ကျိပ်နှစ်။ ကိုညို လာမယ် ဆိုသာပဲ၊ လာတော့မယ် .... အစ်ကို .... အစ်ကိုညို။

'ရှိ'ဟု မောင်စိုသည် အခန်းဝမှ သံတံခါးကို ဖြုတ်ပြီး ဝင်လာသော လူကို ပြုံး၍ နှုတ်ဆက်၏။ ထိုသူက မပြုံးပေ။ မပြုံးရက်သဖြင့် မပြုံးခြင်း ဖြစ်လေသည်။ မပြုံးရက်ပေ။ မောင်စို၏ နှုတ်ခမ်းတွေမှာ လက်တစ်လုံးခန့်ထူအောင် သီး၍ ထနေသည်။ ဝဲဘက် မျက်ခွံမှာ ဖူးရောင်၍ မျက်လုံး ပိတ်လုနီးနီး ဖြစ်နေသည်။ ပါးနှစ်ပြင်လုံး အညိုအမည်း မပျောက်သေးပေ။ ရေနွေးပူဖြင့် လောင်းထားသော ဒဏ်ရာမှာလည်း ခြေကြားလေးတွေ အားလုံး ပြည်မှည့်စ ဖြစ်သည်။ ခြေဖမိုးကား အဖူးအပိန့် မလျော့သေး ပေ။ ဒူး၊ တံတောင်ဆစ်၊ ခြေမျက်စိတို့တွင်ကား သံပတ္တာကွင်း၏ လက်နှစ်သစ်ခန့် အရာအတိုင်း အသားလတ်ကလေးတွင် ညို၍ ပတ်နေသည်။ ရောင်၍ ရမ်းနေ၏။

မောင်စိုအား သံကြိုးဖြင့် ထူးမခတ်နှင့်၊ သင့်အခန်းမှာ သင့်ဘာသာ လွတ်လွတ် လပ်လပ် နေခွင့်ပြု ဟု မာရဘင် ဗိုလ်ချုပ်၏ သက်ညှာစွာ ချမှတ်ထားသော အမိန့်သည် အပိုပင်။ သံကြိုးထူးထက်ပင် အရာရောက်သော အချုပ်အချယ်နှင့် မောင်စိုမှာ လွတ်သော် လည်း မလပ်၊ လပ်သော်လည်း မလွတ်နိုင်ရှာပေ။

'ထိုင်ဗျာ'ဟု ဆိုကာ မောင်စိုသည် သူ့ကိုယ်ကလေးကို လွန့်ပေးသည်။ သို့သော် ဝင်လာသူကိုယ်တိုင်က သူ့ကျောလေးကို အသာပွေ့၍ ရွှေ့ပြီးမှ ကွပ်ပျစ်တွင် တင်ပါး စောင်းတင်၍ ထိုင်သည်။

'အိမ်းဗျာ၊ သာလို ရွှေ့ထိုင်မှပဲ ရတော့မယ်၊ တင်ပါးရင်းက ခဲဆွဲထားသလိုပဲ လေးနေသာ'ဟု ပြောရင်း မောင်စို့ နှုတ်ခမ်းရောင်ကြီးက ပြုံးရန် ကြိုးစားသည်။

ထိုသူသည် မျက်စိမှေးကလေးတွေဖြင့် မောင်စို့တစ်ကိုယ်လုံးကို ကြည့်ရင်း

'ခြေထောက်အနာ ကိုက်သေးသယ် ထင်ပ။ မနေ့ညနေက ကျုပ်ပေးသဲ့ ဆီမန်း မလိမ်းဘူး ထင်သယ် ကိုရင်'ဟု မေးသည်။ အသံမှာ ပြတ်ပြတ်မာမာပင် ဖြစ်သော်လည်း ပြောသူသည် မနည်း စိတ်ကို အထိန်းခံ၍ ပြောခြင်း ဖြစ်ဟန်တူ၏။ ထိုသူမှာ အရပ်ပုပု၊ အသားမည်းမည်းနှင့် သွားတွေမှာ ကွမ်းစားလွန်းသဖြင့် ချိပ်ရောင် ထ နေသည်။ ယခုလည်း ပါးချောင်တွင် ကွမ်းငုံလျက်ပင်။ ခေါင်းတုံးကြီး ပြောင်နေ၍ ကုပ်တိုတို၊ ရင်ကျယ်ကျယ်၊ ခြေဆံ လက်ဆံ ကြီးထွားသည်။ ကုပ်တစ်ခြမ်းလုံး အမှတ်မည်းကြီးဖြင့် အတော်ပင် အရုပ်ဆိုးလှသည်။

'လိမ်းပါသယ်၊ ကိုရင့်တပည့် မောင်ဟိုသင်းလေ....'

'ငပေါတာလား'

'ဟုတ်ပ၊ ဟုတ်ပ.... သင့်ကိုယ်တိုင် ညဦးက ဝင်လိမ်းပေးသွားသာပဲ။ အကိုက် ဆိတ်စာလောက် လျော့သွားပါရဲ့ဗျာ'

နှစ်ယောက်သား စကားပြတ်သွားကြပြန်သည်။ ခေတ္တနေလျှင် မောင်စိုက ခေါင်းရင်းဆီသို့ မျက်လွှာလှန်ပင့်ရင်း 'အစ်ကို ဆေးသောက်ဗျာ'ဟု ပြောသည်။

'ရှိပါစေ၊ ကျုပ် ဆေးမသောက်အားသေးပါဘူး။ ကွမ်းငုံထားသယ်။ ကိုရင် သောက်မလား'ဟု မေးကာ မောင်စို မဖြေမီ ကွမ်းသီးဖက် ဆေးလိပ်တစ်တိုကို သူ့ခေါင်းပုံ ကြားမှ မီးခတ်ဖြင့် မီးညှိပြီး မောင်စို့နှုတ်ခမ်းတွင် တေ့ပေးသည်။ မောင်စိုသည် လက်တစ်ဖက်ကို ကြိုးစား၍ပင့်ပြီး ဆေးလိပ်ကိုကိုင်၍ ပက်လက်ပင် သောက်နေသည်။ အတန်ကြာမှ–

'သာနဲ့ မေးပါရစေဦး ကိုရင်'ဟု စကားစကာ ခေတ္တနေမှ–

'ကိုရင့်နာမည် မေ့ မေ့နေသယ်'

'ငပြောင်သဲ့'

'ကိုရင်ပြောင်၊ ကိုရင်ပြောင်'ဟု နှစ်ခါမျှ ခေါ်ရင်း 'သာနဲ့ မေးစမ်းပါရစေ ကိုရင်ပြောင်ရယ်။ အကျွန့်အိမ်က အဘိုးတစ်ယောက်လည်း ဖမ်းလာကြရဲ့။ တလောက မင်းကြီးဦးဖိုး စစ်ဆေးတော်မူတုန်းက တစ်ခါပဲ သင့်ကို ချက်တစ်ဖြုတ် မြင်ရသယ်။ သင့်ကော ကျုပ်ကိုလုပ်သလိုပဲ လုပ်ကြသေးလား။ လုပ်ရင်တော့ အဘိုးအို အိုကြီးအိုမ ချည့်နဲ့နဲ့နဲ့ သနားစရာ'ဟု မေးသည်ကို ငပြောင်က မည်သို့မျှ ပြန်မပြော၊ တွေတွေကြီး စဉ်းစား၍ နေသေးသောကြောင့် မောင်စိုတွင် ဦးသာပေါအတွက် စိတ်ပူပန်သထက် ပူပန်လာပုံဖြင့် နေရာမှ ခေါင်းထောင် ထရန် ကြိုးစားလျက်–

'ကိုရင်ပြောင်တို့ကတော့ သည်ထောင်ကြီးမယ် ပါးကွက်သား အကြီးတန်းတွေမို့ သင့်အကြောင်း သင့်အခြေအနေ သိမလားလို့ မေးရသာပဲဗျာ'ဟု ပွင့်နိုင်သော မျက်လုံးလေး တစ်လုံးဖြင့် ငပြောင်အား စူးစိုက်၍ ကြည့်ရှာ၏။

ငပြောင်ကမူ ကွမ်းဝါးမြဲ ဝါးရင်းနေရာက အတန်ငယ်ကြာလျှင် 'ကိုရင်'ဟု မောင်စိုကို မကြည့်သေးဘဲ တွေတွေကြီး ငေးရာမှ ခေါ်ပြီး 'အင်္ဂလိပ်နဲ့ ကနေ့ နက်ဖြန်

ဆိုသလို စစ်ဖြစ်တော့မယ်'ဟု ပြောသည်။ မောင်စိုက တွေတွေလေး ဖြစ်သွားရင်း 'သြော်'ဟု ကိုယ်ကို ပြန်လှဲချမှ 'မာရဘင်တပ်စုတွေ အားလုံး စစ်မြေပို့မယ်သဲ့'

'ဟုတ်စ'

'ဟုတ်သယ်၊ ဗိုလ်နောင်လည်း ကြည်းကြောင်းချီပြီး မင်းလှဆီ လိုက်ရမယ် သတင်းပြေးနေသယ်'

'သြော် ဟုတ်စ'ဟု မောင်စိုသည် စိတ်မဝင်စားတော့ပုံကို ပြနေသည်တွင် ငပြောင်က ဖျတ်ခနဲ မောင်စို့ထံ စေ့စေ့ကြည့်ပြီး 'ကိုရင်စို၊ သင်းတို့ သီချင်သာတွေ အားလုံး ဖွင့်ပြောလိုက်ပါတော့လားဗျာ။ တစ်ခါထက်တစ်ခါ ကဲကဲပြီး ရက်စက် နာကြည်းတဲ့အောင် နှိပ်စက်နေသဲ့ဟာ ကိုရင့်ကိုယ်လေး ပိစိညှောင့်ကလေးနဲ့။ ကြာရင် ....'ဟု စကားကို ကြာရှည်ဆက်၍ မပြောနိုင်။ ငပြောင်မှာ မည်သည့်အခါကမျှ၊ မည်သူ့ကိုမျှ ဤသို့ မပြောခဲ့ဖူးပေ။ မောင်စို့ကိုသာ မြင်မြင်ချင်း အမှတ်တရ ဖြစ်နေမိ သည်။ လွန်ခဲ့သောနှစ်က ငရန်မင်းတို့ အလောင်းတွေကို သုသာန်တွင် ပစ်ထားစဉ်မှစ၍ မောင်စိုနှင့် သူမှာ တစ်နေ့နေ့ တစ်နေရာရာတွင် ပြန်၍ ရင်းရင်းနှီးနှီး ကြာရှည်လေးမြင့်စွာ တွေ့ဆုံကြဦးမည်ဟု စိတ်ထဲက ထင့်ခနဲ ထူးဆန်းစွာ ထင်မြင်မိဖူးသည် မဟုတ်ပါလော။

ယခု မောင်စို အကျဉ်းခံရသည့် လေးလရာသီ အတောအတွင်းတွင် မောင်စိုအား နေ့စဉ်နှင့်အမျှ မြင်ရသည့် အခြင်းအရာသည် နှစ်ပေါင်းလေးဆယ်နီးနီး "သနား"ဆိုသော စကား နားမှလေသံ မဆက်ဆံခဲ့ဖူးသော ငပြောင် ပါးကွက်အာဏာသားကြီး၏ စိတ်ရိုင်း စိတ်စိုင် စိတ်တုံးကြီးကို အရည်ဖျော်၊ မှုန်း စိတ် ပွတ်တိုက်စ ပြုနေလေပြီ။

စကားဖြတ်ထားခြင်းမှာ မောင်စို့ မျက်နှာထားကြောင့်လည်း ဖြစ်သည်။ မောင်စို့ မျက်နှာက ဟန့်တားနေသည်ဟု ထင်သည်။ ငပြောင်သည် သက်ပြင်းချ၍–

'အိမ်းလေ ကိုရင်၊ ကိုရင်လည်း ဖွဲ့အတန်ကောင်းသားပဲ။ တော်ရုံလူဟာ ကိုရင့် ဖွဲ့မျိုး မထားနိုင်ဘူး'ဟု နေရာမှ ဖြည်းညင်းစွာ ထပြီး 'သူတစ်ပါးအတွက်နဲ့ ကိုယ့်အသား သာလောက် အနာခံသယ်ဆိုသဲ့ ဖွဲ့ဟာ နှယ့်နှယ့်ဖွဲ့ မဟုတ်ဘူး။ တော်တော့်လူလည်း သည်ဖွဲ့မျိုး မမွေးနိုင်ဘူးဆို။ မွေးနိုင်သဲ့ အချိန်ထိအောင်လည်း မနေရဘူး'ဟု နေရာမှ ထ သွားသည်။ မောင်စိုက ပြုံး၍ ခေါင်းဆတ်ပြ၏။

'အကျွန့်အစ်ကိုတစ်ယောက် လာမယ်ဆိုသာ ရောက်များ နေနှင့်ပြီလား မသိ ပေါင်ပါ။ ကိုရင် တစ်ဆိတ် သည်ဆီ လမ်းညွှန်လိုက်ပါဦးနော'ဟု မောင်စိုက ပြောတော့မှ ငပြောင်သည် သံတံခါးကို ကိုင်ရင်း 'ကောင်းပဗျာ'ဟု ပြောပြီးမှ 'ခုနက ကိုရင် မေးသဲ့ အဘိုးအို ပဇာမှ ဖြစ်ပေါင်ပါ။ သာပသီ ကိုရင်တို့ ရွှေဘိုက ဆိုသဲ့ မင်းသားရှူးကြီး တော့ သည်မနက်ပဲ နတ်ရွာလားတော်မူသွားရှာပြီ'ဟု ပြောပြီးနောက် မင်းလမ်းသို့ ထွက်သွားသည်။ သံတံခါးကို ကျိခနဲ စေ့ပိတ်ခဲ့သည်။

မောင်စို့ မျက်လုံးတွေလည်း မှိတ်ထားလိုက်မိသည်။ လေးလံသော စိတ်သည် အနည်းငယ် ပေါ့သွားသည်။ 'အိမ်း ဒုက္ခသည် တစ်ယောက်တော့ ဝဋ်ကျွတ်သွားကပ်'

အတန်ကြာလျှင် မင်းလမ်း၌ ခြေသံများကြားရပြီး သံတံခါး ပွင့်သံနှင့် မရှေး မနှောင်း သူ့ကွပ်ပျစ်စွန်းတွင် တစ်စုံတစ်ယောက် ဝင်ထိုင်သည်။ ထိုင်သည်နှင့် တစ်ပြိုင် နက် ကွပ်ပျစ်ကြီး အိသွားသည်။ ထိုင်နေသူသည် စကားမပြောသေးဘဲ အသက်ပြင်းပြင်း ကို မမှန်အောင် ရှူ၍ ငြိမ်သက်နေသော်လည်း မောင်ညိုဟု သူ သိလေသည်။ ခေတ္တ ကြာလျှင် မောင်စိုက မျက်ခွံဖွင့်ပြီး ပြုံးလိုက်သည်။

မောင်ညိုက မပြုံး။ ငပြောင်ကဲ့သို့ပင် မပြုံးရက်သဖြင့် မပြုံးခြင်း ဖြစ်သည်။

မောင်စို့ နဖူး၊ ဆံစ၊ ပါး စသည် စမ်းသပ်၍ ခြေထောက်ရှိ အနာများကို ကိုင်တွယ် ကြည့်ရှုပြီးမှ–

'ဖျားသေးလားကွ'

မောင်စို ပြုံးလျက်ပင် ခေါင်းခါပြ၏။

'ဆီမန်းဆိုသာနဲ့ သက်သာရဲ့လား'

မောင်စို ပြုံးလျက်ပင် ခေါင်းညိတ်ပြ၏။

'ငါ ပြန်သွားပီးသဲ့နောက် ဘယ်နခါ စစ်ကြသေးတုံး'

'သုံးခါဗျ'

'ဘသူတုံး၊ တိုင်တားတို့အစုပဲ ဟုတ်စ'

မောင်စို ပြုံးလျက်ပင် ခေါင်းညိတ်ပြ၏။

နောက်ထပ် မောင်ညို မမေးသေးဘဲ မောင်စို့ကို တွေတွေကြီး ကြည့်၍နေသည်။ မျက်နှာမည်းကြီးတွင် နဖူးရေများတွန့်၍၊ မျက်လုံးအိမ်တွေ ညို၍၊ သျှောင်တစောင်းတွဲ ကျကာ ပုဆိုးလည်း ညစ်လှပေပြီ။ ညို အစ်ကိုကြီး သာတွေကို ဂရုမစိုက်နိုင်ပေ။ သင်းကလေးကို မွေးမထုတ်ရရှာတစ်မည်၊ သင်းကလေး ငါ့လက်ထဲမယ် ဟို ငါးနှစ်သား လောက် .... ကြက်တောင်စီးလေး၊ နှာရည်တွဲလောင်းနဲ့ အရွယ်ထဲက ငါနဲ့ပဲ နေလာသာ။ ခု ကြည့်စမ်းပ၊ သင်း ....

မောင်စိုကမူ ဦးသာပေါ်အတွက် စိတ်ကူးနေသည်။ တိုင်တားမင်းကြီးရှေ့တွင် ငစိုကို နှောင်ကြိုးတွေ တည်းလျက်၊ လက်ခြေတွေ သံငုတ်ရိုက် စွပ်ပြီး ထားခိုက် အဘိုးကြီး အား လက်ပြန်ကြိုးချည်လျက်သား ခေါ်လာသယ်။ 'အဘိုးအို မှန်သာ ပြောနော။ ကျမ်း ကျိန်ထားသာကို အိုကြီးအိုမနဲ့ မေ့မသွားနဲ့ဦးဗျ။ အမှားပြောမိရင် ဖြစ်ရာဘဝတိုင်း တိရစ္ဆာန်စင်စစ် ဖြစ်ချင်တိုင်း ဖြစ်ပြီး တစ်ယူဇနာနက်သဲ့ မဟာအဝီစိ ငရဲမယ် ခုနစ်ကြိမ် မစေ့မချင်း ကျရောက်ပါစေသားလို့ ဆိုထားသနော။ ကိုင်း ပြောစမ်း၊ သင့်ငစို .... သင့်အိမ်မယ် ထွေန်းပေါ်နဲ့ ငနောက် သူပုန်နှစ်ယောက်ကို လက်ခံပီး အစာရေစာ၊ အဝတ်အထည် ထောက်ပံ့ကျွေးမွေး....'ဟု မေးမဆုံးမီ ဦးသာပေါ် သူ့ခမျာ 'မောင်ရင်စို၊ မောင်ရင်စို .... အလိုလေးလေး လူကလေးရယ်၊ ငါ့သားရယ် .... ဖြစ်မှဖြစ်ရလေ ရှိတို့' ဆိုတဲ့ပီး အဘိုးကြီး အိုကြီးအိုမ ပါးရေရွှတ်တွနဲ့ ငိုလိုက်သဲ့ဖြစ်ခြင်း၊ တရှုပ်ရှုပ် တဟင်းဟင်း။ 'ပြော .... ပြော .... ပြော'

အို ငါက ငယ်ငယ်ရယ်။ ပီး ငါ့သက်တမ်းမယ် ငါ ပြည့်အောင်နေရလည်း အကျိုးမရှိပါဘူး။ သင်းမယ်သာ အရွယ်အိုတော့ ကျောင်းကြိုကျောင်းကြား တရား ဘာဝနာ ပွားလို့ သံသရာ ခရီးစရိတ် သိပ်သိပ်သည်းသည်း စုဆောင်းဖို့အရွယ်မှာ ငါ့လို အညှဉ်းပန်း အနှိပ်စက်ခံရရင် ....'ပြောလိုက်ပါ ဦးသာပေါရယ်၊ ပြောလိုက်ပ'

မောင်စိုသည် ဆတ်ခနဲ သူ့ကို ကြည့်လိုက်သော အစ်ကို့ထံ အာရုံကို ပြန်၍ ထိန်းလိုက်ရရှာသည်။

## ၄၉ | ရွှေပင့်ကူ အိမ်ဖွဲ့ရော၊ ရေတိမ်နော့ နစ်တော့မယောင်

မောင်ညိုကြီးသည် ပက်လက်လှန်နေသော မောင်စို့သျှောင်ကို ပြင်ထုံးပေးပြီး အံတစ်ချက် ကြိတ်ရင်း–

'ငနောင် ပါသေးလား'

'ပါသယ် အစ်ကို'

'ပဇာ လုပ်သေးတုံး'

'ရေနွေးပူပဲ၊ သာပေသီ အနာပေါ်မကျသဲ့အောင် ငပြောင်က သုတ်သုတ် ဆေးဆိုလောင်းချသယ်။ သင်းတို့ မမြင်အောင်လည်း သူ့ခမျာ လုပ်ရသာ။ မြင်ရင် သင့်ကို....' ဟု မောင်စို စကားမဆုံးမီပင် မောင်ညိုက လျှင်မြန်စွာ ဖြတ်၍–

'သာနဲ့တောင် မင့် ပဇာမို့ ချင်းတို့ သိချင်သာ မဖြေသေးတုံး'ဟု မချင့်မရဲ နိုင်လှသဖြင့် 'ချင်း ငထွန်းပေါ်ဆိုသာ အသူမို့ မင်းက ကွယ်နေရတုံးကွယ့်'

'အကျွန့် အပေါင်းအသင်း မိတ်ဆွေပဲဟာ'ဟု ငစိုပြောသဖြင့် မောင်ညိုက စိတ်မရှည်ပုံနှင့် 'ပဇာ မိတ်ဆွေတုံး၊ သာ မိတ်ဆွေလား။ သည်လို မင့် အနှိပ်အစက် ခံရအောင် လုပ်သာ မိတ်ဆွေ ဟုတ်စ ထွိ'ဟု အသံကျယ်သွားသည်။ မောင်စို မည်သို့မျှ ပြန်မပြောပေ။ ပြီးမှ မောင်ညိုက 'ငါ သည်အရေးတွေ မြင်လို့ မဆွက ပြောသယ်။ သည်လိုလူတွေနဲ့ မပေါင်းဖော်နဲ့၊ သည်အရေးတွေ မလိုက်စားနဲ့ ဆိုသာ။ သည်လူတွေနဲ့ ပေါင်းပီး သည်အလုပ်တွေ လုပ်သဲ့အတွက် မင့် သည်လို ဒုက္ခရောက်သယ် ဆိုသာ မင်း ကျပ်ကျပ် နှာင်တရပါ ညီရာ'ဟု အသံတဖြည်းဖြည်း ငြိမ်လာပြီးမှ–

'မင်းတွင် မဟုတ်ဘူး၊ မင်းနဲ့ပတ်သက်ပီး ငါ့မလည်း ကြည့်စမ်း၊ နေရာတကာ မယ် ဖတ်သီဖတ်သီနဲ့။ ဘယ်တုန်းကမှ မရောက်ဖူးသဲ့ မင်းအိမ်၊ စိုးအိမ်၊ မင်းတိုင်း၊ မင်းခုံတွေလည်း ရောက်ရ။ ပဇာမှ မဟုတ်သဲ့ လူတွေဆီမလည်း မျက်နှာအောက်ကျို့ရနဲ့။ မင့်မယ် သည်ဆီ ထောင်ထဲမယ် ကိုယ်စိတ်နှလုံး ပင်ပန်းနေရသလို ငါ့မလည်း အပြင်မယ် နားရသယ် မရှိဘူး'ဟု ယူကျုံးမရ ဖြစ်သည်ကို မောင်စို စိတ်ဝင်စားစွာ နားထောင်နေသည်။ မောင်စို နားမလည်၍ မဟုတ်ပေ။ ထိုမျှခနဲ့တော့ သိတတ်၊ တင်စားတတ်မည် သာ။

'ငါ သည်အရေးတွေ ဖြစ်မှာမြင်လို့ ပြကတူးထဲက မင့်ကို ငါနဲ့ ဒိုးတူပေါင်ဖက်လာပြီးနေပါ၊ လုပ်ကိုင်ပါ အတန်တန် ပြောသယ်။ မင်း နားမထောင်ဘူး'ဟု အသံနိမ့်သွားပြီးမှ–

'နားမထောင်သာ မချစ်လို့ပေါ့ ငါ့ညီ။ မင်း ငါ့ကို ငယ်ငယ်ကလောက် မချစ်ဘူး' ဟု ဆိုကာ အသံတွေ တုန်သွားပြီးနောက် 'ဟုတ်စ'ဟု သိချင်နေတော့၏။

'ချစ်ပါသယ် အစ်ကိုရာ'ဟု မောင်စိုလည်း အသံတွေ လိုက်တိမ်နေသည်။

'ချစ်ရင် ပဇာမို့ ငါ့စကား နားမထောင်တုံး။ နားမထောင်လို့ သည်လို ဒုက္ခရောက်ရသယ် ဟုတ်စ'ဟု မကျေချမ်းနိုင်သေးဘဲ ဖြစ်လက်စက 'ချစ်သယ်ဆိုရင် နားထောင်ရသယ်ကွ ငစိုရ။ ကိုင်း နောက်နောက်က မလိမ္မာလို့ မိုက်ခဲ့ပီထားဦး၊ ခု လိမ္မာတော့ကွာ။ မင်းကို သာလိုတိုင်း ကြာရှည် ကြည့်မနေနိုင်ဘူး။ ချင်းတို့ သိချင်သဲ့ ငထွန်းပေါ်တို့၊ ငနောက်တို့ ဆိုသာ ဖွင့်ပြောလိုက်။ ချင်းတို့ မေးသဲ့အတိုင်း မင့်အိမ် ပြာပုံထဲက ရသယ်ဆိုသဲ့ ပေရွက် မီးလောင်စာ့ဟာ သည်ငထွန်းပေါ်တို့ လာရှို့ပစ်ခဲ့သယ်လို့ ဖွင့်ပြောလိုက်ပါလားကွ ငစိုရ'

အသံတွေကား တဆတ်ဆတ် တုန်နေသည်။ မောင်စိုကမူ အသံအေးအေးဖြင့် 'ပဇာမို့ ပြောရမတုံး အစ်ကိုရာ'ဟု ဆိုသည်။

'မပြောရင် ချင်းတို့နဲ့ ကြံရာပါ သူပုန်ဆိုပီး သူပုန်လို မင်းကို သုတ်သင်ကြမှာပေါ့' ဟု ဆိုပြီး 'ကွာ ငစိုရယ်၊ တို့မိ တို့ဘ တို့မျိုးရိုး အဆက်ဆက်မယ် ခုလို ရှင်ဘုရင်ကို တော်လှန်ပုန်ကန်သယ် ဆိုသဲ့လူ တစ်ဦးတစ်ယောက်ကမှ မထွန်းပေါက်ခဲ့ပါဖူးကွယ်။ မိရဲ့ ဘရဲ့ မျက်နှာကို ထောက်ပီး တော်ရုံကိုလည်း ဖွဲ့လျော့ဦးမှပေါ့ ဟ လူရ'မောင်စို မည်သို့မျှ မပြောဘဲ မောင်ညို့ထံ စဉ်းစား၍ ကြည့်နေသည်။ မောင်ညိုတွင် တဖြည်းဖြည်း အားမရနိုင်တော့သဖြင့် 'ပီး ခု ဖြစ်ရသာဟာ ဖြစ်သဲ့အမှုက တော်တော်ရယ်။ မင့်ကို ဖမ်းပီး စစ်နေတုန်း မင့်ထက် အရေးကြီးသဲ့ အဖိုးတန်သဲ့ လူတွေကို မိအောင် ဖမ်းဖို့ရာမယ် ချင့် ငနောင်ကြောင့် အမှုက ကြီးလာသာ မဟုတ်လား။ ချင်းဟာ ငါနဲ့မင်းကို အငြိုးကြီးငြိုးနေတော့ကာ ငါ့ကို မနိုင်တိုင်း မင့်ကို နိုင်သဲ့နည်းနဲ့ ညှဉ်းဆဲသာပဲ။ ချင့် ညှဉ်းဆဲသာက တို့ညီအစ်ကိုနှစ်ယောက် တစ်ဦးဦး အစတုံး ပျက်စီးစေ့အောင်၊ တကယ်လို့ မင့် ဖွလွဲစေ ပယ်စေ တစ်ခုခု ဖြစ်သွားသဲ့ရင် ချင့်အကြံအောင်ရာ ကျမနေပေဘူးလား။ ပီး တစ်ခု ငါစဉ်းစားပြီး စနိုးစနောင့် ဖြစ်သာက....'မောင်ညို မျက်မှောင်တစ်ချက် ကုတ်ပြီး 'မင့်ငထွန်းပေါ်တို့ ငနောက်တို့ ကိုယ်တိုင်က ချင်းနဲ့ အကြံတူ ဉာဏ်တူ တစ်ကျိတ်တစ်ဉာဏ်တည်းရယ်လို့၊ ချင့် အစီအမံအတိုင်း မင့်အိမ်ပေါ်လာပီး အမှုမဆင်ဘူးလို့ အသူ့ အတပ်ပြောနိုင်တုံး'ဟု မေးပြန်သည်။ မောင်စိုက လျှင်မြန်စွာ 'အို မဟုတ်သာ အစ်ကိုရာ၊ ကြံကြီးစည်ရာ။ အကျွန့် မိတ်ဆွေတွေပါဗျ'ဟု ကန့်ကွက်သည်။ မောင်ညိုတွင် စိတ်မရှည်ပုံဖြင့် 'အတန်လည်း ခေါင်းမာကွာ ငစိုရာ။ ကိုယ့်ဘေးလည်း ကိုယ်ကြည့်ဦးဟ။ အတ္တသမံ ပေမံ နတ္ထိသဲ့ကွ'ဟု ဆိုကာ နေရာမှထပြီး အခန်းကလေးတွင် လမ်း

'ငါ သည်အရေးတွေ ဖြစ်မှာမြင်လို့ ပြကတူးထဲက မင့်ကို ငါနဲ့ ဒိုးတူပေါင်ဖက်လာပြီးနေပါ၊ လုပ်ကိုင်ပါ အတန်တန် ပြောသယ်။ မင်း နားမထောင်ဘူး'ဟု အသံနိမ့်သွားပြီးမှ–

'နားမထောင်သာ မချစ်လို့ပေါ့ ငါ့ညီ။ မင်း ငါ့ကို ငယ်ငယ်ကလောက် မချစ်ဘူး' ဟု ဆိုကာ အသံတွေ တုန်သွားပြီးနောက် 'ဟုတ်စ'ဟု သိချင်နေတော့၏။

'ချစ်ပါသယ် အစ်ကိုရာ'ဟု မောင်စိုလည်း အသံတွေ လိုက်တိမ်နေသည်။

'ချစ်ရင် ပဇာမို့ ငါ့စကား နားမထောင်တုံး။ နားမထောင်လို့ သည်လို ဒုက္ခရောက်ရသယ် ဟုတ်စ'ဟု မကျေချမ်းနိုင်သေးဘဲ ဖြစ်လက်စက 'ချစ်သယ်ဆိုရင် နားထောင်ရသယ်ကွ ငစိုရ။ ကိုင်း နောက်နောက်က မလိမ္မာလို့ မိုက်ခဲ့ပီထားဦး၊ ခု လိမ္မာတော့ကွာ။ မင်းကို သာလိုတိုင်း ကြာရှည် ကြည့်မနေနိုင်ဘူး။ ချင်းတို့ သိချင်သဲ့ ငထွန်းပေါ်တို့၊ ငနောက်တို့ ဆိုသာ ဖွင့်ပြောလိုက်။ ချင်းတို့ မေးသဲ့အတိုင်း မင့်အိမ် ပြာပုံထဲက ရသယ်ဆိုသဲ့ ပေရွက် မီးလောင်စာဟာ သည်ငထွန်းပေါ်တို့ လာရှု့ပစ်ခဲ့သယ်လို့ ဖွင့်ပြောလိုက်ပါလားကွ ငစိုရ'

အသံတွေကား တဆတ်ဆတ် တုန်နေသည်။ မောင်စိုကမူ အသံအေးအေးဖြင့် 'ပဇာမို့ ပြောရမတုံး အစ်ကိုရာ'ဟု ဆိုသည်။

'မပြောရင် ချင်းတို့နဲ့ ကြံရာပါ သူပုန်ဆိုပီး သူပုန်လို မင်းကို သုတ်သင်ကြမပေါ့' ဟု ဆိုပြီး 'ကွာ ငစိုရယ်၊ တို့မိ တို့ဘ တို့မျိုးရိုး အဆက်ဆက်မယ် ခုလို ရှင်ဘုရင်ကို တော်လှန်ပုန်ကန်သယ် ဆိုသဲ့လူ တစ်ဦးတစ်ယောက်ကမှ မထွန်းပေါက်ခဲ့ပါဖူးကွယ်။ မိရဲ့ ဘရဲ့ မျက်နှာကို ထောက်ပီး တော်ရုံကိုလည်း ဖွဲလျော့ဦးမှပေါ့ ဟ လူရ'မောင်စို မည်သို့မျှ မပြောဘဲ မောင်ညို့ထံ စဉ်းစား၍ ကြည့်နေသည်။ မောင်ညိုတွင် တဖြည်းဖြည်း အားမရနိုင်တော့သဖြင့် 'ပီး ခု ဖြစ်ရသာဟာ ဖြစ်သဲ့အမှုက တော်တော်ရယ်။ မင့်ကို ဖမ်းပီး စစ်နေတုန်း မင့်ထက် အရေးကြီးသဲ့ အဖိုးတန်သဲ့ လူတွေကို မိအောင် ဖမ်းဖို့ရာမယ် ချင့် ငနောင်ကြောင့် အမှုက ကြီးလာသာ မဟုတ်လား။ ချင်းဟာ ငါနဲ့မင်းကို အငြိုးကြီး ငြိုးနေတော့ကာ ငါ့ကို မနိုင်တိုင်း မင့်ကို နိုင်သဲ့နည်းနဲ့ ညှဉ်းဆဲသာပဲ။ ချင့် ညှဉ်းဆဲသာက တို့ညီအစ်ကိုနှစ်ယောက် တစ်ဦးဦး အစတုံး ပျက်စီးစေအောင်၊ တကယ်လို့ မင့် ဖွလွဲစေ ပယ်စေ တစ်ခုခု ဖြစ်သွားသဲ့ရင် ချင့်အကြံအောင်ရာ ကျမနေပေဘူးလား။ ပီး တစ်ခု ငါစဉ်းစားပြီး စနိုးစနောင့် ဖြစ်သာက....'မောင်ညို မျက်မှောင်တစ်ချက် ကုတ်ပြီး 'မင့်ငထွန်းပေါ်တို့ ငနောက်တို့ ကိုယ်တိုင်က ချင်းနဲ့ အကြံတူ ဉာဏ်တူ တစ်ကျိတ်တစ်ဉာဏ်တည်းရယ်လို့၊ ချင့် အစီအမံအတိုင်း မင့်အိမ်ပေါ်လာပီး အမှုမဆင်ဘူးလို့ အသူ အတပ်ပြောနိုင်တုံး'ဟု မေးပြန်သည်။ မောင်စိုက လျင်မြန်စွာ 'အို မဟုတ်သာ အစ်ကိုရာ၊ ကြံကြီးစည်ရာ။ အကျွန့် မိတ်ဆွေတွေပါဗျ'ဟု ကန့်ကွက်သည်။ မောင်ညိုတွင် စိတ်မရှည်ပုံဖြင့် 'အတန်လည်း ခေါင်းမာကွာ ငစိုရာ။ ကိုယ့်ဆားလည်း ကိုယ်ကြည့်ဦးဟ။ အတ္တသမံ ပေမံ နတ္ထိသဲ့ကွ'ဟု ဆိုကာ နေရာမှထပြီး အခန်းကလေးတွင် လမ်း

လေးလံအိစက်၍ ကျလာတော့သည်။ နှစ်ရက်နှင့် သုံးညခွဲလုံးလုံး အသက်ကလေး ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေရှာသည်။

ဤနည်းနှင်နှင် တစ်ခါတစ်ရံ လုံးလုံးလျားလျား မေ့မျောသွား၍၊ တစ်ခါတစ်ရံ လည်း ကယောင်ချောက်ချားဖြင့် တအော်အော် တညည်းညည်း ဖြစ်နေသည်။ ရံခါလည်း မျက်မှောင်ကြီးကုတ်၍ သူ့အား စူးစူးစိုက်စိုက်ကြည့်ပြီး တစ်စုံတစ်ရာကို မေးနေသည်ဟု ထင်ရအောင် နှုတ်ခမ်းတွေလှုပ်နေသော မောင်ညို့မျက်နှာကို မြင်မိသကဲ့သို့ ထင်မိသည်။ ရံခါလည်း တိုင်တားဦးဖိုး၏ နှုတ်ခမ်းမွေးကားကားနှင့် ပြူးကြောင်တောက်ပသော မျက်လုံး၊ တစ်ခါတွင် နှုတ်ခမ်းမွေးလေးသက်သက်နှင့် နှာတံချွန်ကလေး၊ မျက်လုံးပြူး ကလေး စသော ငနောင်၏ မျက်နှာကို မြင်မိသလို ဖြစ်သွားတတ်ရာ ထိုအခါတို့တွင် မောင်စိုသည် တစ်ကိုယ်လုံး ရှိသမျှ၊ ကျန်သမျှ စုဆောင်းချုပ်တည်းပြီး ရသမျှ အားရုံဖြင့် မျက်လုံးတွေ စုံမှိတ်၍သာ နှုတ်ခမ်းကို တင်းနေအောင် စေ့ထားတတ်သည်၊ မှုဉ်းထား တတ်၏။

ထိုသို့အားဖြင့် မောင်စိုသည် အကျဉ်းခံရပြီး လေးလခန့် ကြာသောအခါတွင် ပင်ပန်းသော ဟန်၊ ယွင်းယိုသော ခန္ဓာနှင့် မတည်ငြိမ်သော စိတ်အာရုံတို့ဖြင့် မျှော်လင့် ချက် ဝေးအောင် တန့်ဆည်မရနိုင်ရှာ၊ ကိုယ်ရော စိတ်ပါ နွမ်းလျနေလေသည်။ မောင်ညို လည်း ကျပင်းမင်းသားနှင့်အတူ နန်းတော်ကြီးသို့ ရံခါရံခါ ဝင်ရောက် ဖူးမြော်၍ အဖြစ်သနစ်ကို လျှောက်ထားခွင့် ရပါ၏။ ကြိမ်ဖန်များစွာလည်း လွှတ်တော်ထက်တွင် ရာဇသတ်၊ ဓမ္မသတ် ကျမ်းတတ်ပုဂ္ဂိုလ် အကျော်အမော် ရှေ့နေတော်ကြီးများထံ တရားစရိတ်၊ ခုံစရိတ်၊ စာရေးတော်ကြီးများ၊ ကောက်ချက်ရေးများ၊ အစစ်ခံစာရေးငယ်၊ ဝန်ခံချက်ရေး စသော လွှတ်တော်သားများထံတွင် ဉာဏ်ပူဇော်ခမှ အစ ကွမ်းဖိုး၊ လက်ဖက်ဖိုး အဆုံး ငွေကို ရေကဲ့သို့သုံး၍ ညီ့အရေးအတွက် အေးကွက်ကို ရှာကြံစိုင်းပြင်း နေရရှာ၏။

ကျပင်းကိုယ်တော်ကလည်း မိတ်ဆွေဖြစ်သူအတွက် အမြဲတစေ ကြိုးစားတော်မူ သည်။ ဦးကောင်းကိုယ်တိုင်လည်း အကြံဉာဏ်ပေးကမ်း၍ အတန်တန် စောင့်ရှောက်သော် လည်း ထိုအခိုက် ထိုအခါကလေးကား နန်းတော်ကြီးတစ်ဝိုက်တွင် အင်္ဂလိပ်နှင့် စစ်ဆင် ရေးအတွက် ကြိမ်မီးအုံးရှိန် ဆူကြွမငြိမ် ဖြစ်နေချိန်နှင့် ကြုံဆုံနေခဲ့ပြီ။ ယင်းအရေးထက် မောင်စိုအရေးက မကြီးနိုင်။ ကမ္ဘာပျက်မီးနှင့် ဆီမီးခွက်ငယ်ကဲ့သို့ အမှတ်မထင်နိုင်။ နောက်ရောင်ကွယ်လျက် ဇာတ်မျောကာ တောင်တက်တွင် ဆိုင်းကြိုးပြတ်ဘနန်း အရာ မထင် မှောင်မည်းမည်း၌ အပ်စမ်းသလို ဖြစ်နေရတော့သည်။

ထိုထက်လည်း တစ်ဖက်က ငနောင်မှာ ထိုအခိုက်အတန့်လေးတွင် သူ့တစ်သက် တာ၏ အစဉ်အလာ တံထွာတစ်လျှောက် ဘုန်းအတောက်ဆုံး အချိန်လေး ဖြစ်နေ၏။ ရာထူးအားဖြင့် လည်းကောင်း၊ ဉာဏ်ပညာ ကြံရည်ဖန်ရည်ဖြင့် လည်းကောင်း၊ အပေါင်းအသင်း သမဂ္ဂ အဝန်းအသိုက် အားဖြင့်လည်းကောင်း တိုင်တားမင်းကြီး၏

ဘုန်းရှိန် သမ္ဘာရှိန်အောက်တွင် ရောင်ပြန်ဟပ်နေသကဲ့သို့ ရှိရင်းစွဲ စွမ်းပကားကလေးသည် ဆတက်ထမ်းပိုး တိုး၍နေလေရာ သူ၏ အစစ်ခံချက်၊ လှုံ့ဆော်ချက်တို့ဖြင့်ပင် တစ်ဖက်မှ မောင်ညိုတို့၏ ကြိုးပမ်းမှုသည် သဲသို့ ရေသွန်း အရာမစွန်း ဖြစ်နေ၏။ "သူပုန်" ဆိုသော စွဲချက်ကိုဌလည်း ရာဇပလ္လင်လှုပ်နေသော ရှင်ဘုရင်၏ ရွှေဉာဏ်တော်ကို တစ်မျိုးတစ်ဖုံ ဖြစ်လောက်ပြီး ကရုဏာတော်သုဉ်းသော အထင်မှားမှုဖြင့် ရစ်သိုင်းဖုံးလွှမ်း နေစေခဲ့ပေပြီ။

'ဒုက္ခရောက်လာသူ၊ အစာရေစာ ငတ်မွတ်လာသူကို မည်သူမဆို ကူညီမိပေမည်။ မင်းတရားကြီးအား တော်လှန် ပုန်ကန်လိုသော စိတ်ရင်းစေတနာ ရှိမည် မထင်ပါဖျာ။ သက်ညှာစွာ စဉ်းစားတော်မူပါဖျာ'ဟု မင်းတရား၏ စိတ်နှ စိတ်ပျော့လေးကို တင်စားအသားပေး၍ လျှောက်ထားကြသော ကျပင်းနှင့် ကောလင်းတို့၏အစွမ်းဖြင့် ယခုထိ မောင်စိုအား အဆုံးမစီရင်ဘဲ ထားခြင်းဖြစ်ဟန်တူရာ၊ မောင်စို၏မိတ်ဆွေ မင်းသားများမှာလည်း အသက်မသေလျှင် တော်လောက်ပေပြီဟု အကြံကုန် ကြိုးပမ်းနေခဲ့၍သာလျှင် တစ်နေ့နေ့ တစ်စစဖြင့် မင်းတရားကလေးမှာ မောင်စို့ပေါ်မှ အမျက်တော်ကို ပြေစပြုလာတော်မူသည်။ တစ်ခါကမူ မြောက်ဥယျာဉ်တွင် စံမြန်းတော်မူနေခိုက် မောင်ညိုကြီး၏ အဖူးအမြော်ကိုပင် ခံတော်မူသော အခြေသို့ ဆိုက်လာတော့သည်။

ထိုအတွင်း စစ်ရိပ်စစ်ငွေ့တွေလည်း တမည်းမည်း တညိုညို သမ်းပြိုလာခဲ့တော့သတည်း။

သက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ဆယ့်တစ်ရက်နေ့ နံနက်မွန်းတက် တစ်ချက်တီးအချိန်တွင် မောင်စိုအား စစ်ဆေးရန် ထုတ်ယူသွားကြပြန်သည်။

အခန်းမှာ အခါတိုင်း စစ်ဆေးနေကျ အခန်းပင် ဖြစ်သည်။ ထောင်ကြီးဝမှ သူ့အား နှောင်ကြိုးတည်း၍ တစ်ဖက်တစ်ယောက် ညှပ်ပြီး ဆောင်ကြဉ်းလာကြသော အကျဉ်းသားထိန်း နှစ်ဦးသည် တံခါးနီးအနီး ရောက်သောအခါ လက်နက်ကိုင် အမှုထမ်းလေးဦးလက်သို့ ပေးအပ်လိုက်သည်။ အမှုထမ်းလေးဦးက မင်းလမ်းမှ ဖြတ်ကာ ပါးကွက်သား လေးယောက်ထံ တစ်ဆင့်လက်ပြောင်းပြီး မင်းလမ်းထိပ်တွင် နေရစ်ခဲ့ကြ၏။

မောင်စိုသည် ဖြည်းဆေးလေးလံသော ခြေလှမ်းဖြင့် အစစ်ဆေးခံရာ အခန်းသို့ ဝင်ခဲ့ရ၏။ သူ့ခြေထောက်တွေမှ အနာများမှာ အနည်းငယ် ချပ်နေလေပြီ။ သူ့အား မစစ်ဆေးဘဲ ဥပုသ်နှစ်ပတ်ခန့် အနားပေးထားခဲ့လေသည်။ အစစ်မခံမီလည်း ပုဆိုးသစ်၊ အင်္ကျီသစ်ကို လဲလှယ် ဝတ်ဆင်ပေးကြသည်။ ရေချိုးခွင့် ရသည်မှာကား သုံးရက်ရှိလေပြီ။

ခါတိုင်းလိုပင် မောင်စိုသည် "သင်း"ကို ရှာသည်။ "သင်း" မရှိ။ "သင်း"ကို မမြင်ပေ။ ငပြောင် ပြောထားသကဲ့သို့ မင်းလှသို့ ကြည်းကြောင်း ချီတက်သွားပြီဟု မောင်စို ထင်သည်။

အခန်းမှာ အတောင် ငါးဆယ်ခန့် ရှည်၍ အတောင် သုံးဆယ်ခန့် ကျယ်သည်။ နှစ်ဖက်တွင် နံရံပိတ်၊ အဝင်ဘက် မင်းလမ်း၌ အပေါက်တစ်ပေါက်၊ ရှေ့တူရူတွင်

ကျွန်းပွတ်လုံးတိုင် မိကျောင်းလက်ရန်းနှင့် ရာဇမတ်ကာ မင်းခုံရှိသည်။ မင်းခုံတွင် သင်ဖျာအပြည့် ခင်းထား၍ တစ်နေရာ၌ ကတ္တီပါ ဖုံတစ်ချပ်ရှိသည်။ ကတ္တီပါဖုံပေါ်၌ တိုင်တားမင်းကြီး ထိုင်၍ မြင်းမြီးယပ်ကို ခတ်နေသည်။ မင်းကြီး ဝဲဘက် သင်ဖျာတွင် ရွှေးလက်ဝဲ ဗိုလ် ကွမ်းစား၍နေသည်။ မင်းကြီး ယာဘက်တွင် မာရဘင်ဗိုလ် ခပ်ခုံ့ခုံ့ ထိုင်နေ၏။ ကျန်လူစုကို မောင်စို မကြည့်နိုင်။ သတိ မထားနိုင်ပေ၊ ယပ်တော် ကျိုင်းတော်တွေ တလွင်လွင်၊ ဗောင်းတွေ မောက်တွေ တလူလူနှင့်။

အခန်းအလယ်တွင် ဖွဲကြမ်းခင်းထားသည်။ ဖွဲကြမ်းတွင် တလင်းပြောင်အောင် သရွတ်မံထားရာ ၎င်းနေရာ၌ မောင်စိုအား ထိုင်စေ၍ ခြေဆင်းခိုင်းပြီးလျှင် ခြေမျက်စိနှင့် ဒူးနှစ်နေရာမှ ခွ၍ တုံးခတ်ထားလိုက်ကြသည်။

၎င်းအား နေသားတကျ ပြုပြီးလျှင်ပင် မင်းလမ်းမမှ ဦးသာပေါ်ကို ထုတ်ယူလာကြ၏။ ဦးသာပေါ်အား ခါးလယ်မှသာ နှောင်တည်းထားသည်ကို တွေ့ရသော မောင်စိုသည် "အိမ်း တော်သေးရဲ့"ဟု စိတ်ဖြေမိသည်။ ဦးသာပေါ်က မင်းကြီးရှေ့၌ ပုဆစ်တုပ်ပြီး ထိုင်မိသည်နှင့် တစ်ပြိုင်နက် မင်းကြီးရှေ့နားရှိ နာခံတော် စာရေးကြီးက–

'အဘိုးကြီး၊ သည်ကျမ်း ကိုင်စမ်းဗျ'ဟု ကျမ်း ပုရပိုက် အိတ်နီကို လက်ထဲသို့ ထိုးပေးပြီး ကျမ်းကျိန်စေသည်။ ပြီးလျှင်–

'သင့် ၎င်းစိုဟာ ထွေန်းပေါ်၊ ၎င်းနောက် သူပုန်နှစ်ယောက်နဲ့ အတူ ပေရွက်၊ စာရွက်တွေကို မီးတိုက်ကြသယ်။ အဘိုးကြီးဆီက ဝတ်စုံနှစ်ထည် တောင်းပီး သူပုန်နှစ်ယောက်ကို ပေးသယ်။ အဘိုးကြီးကိုလည်း ပဇာမှ မပေါက်ကြားနဲ့၊ မပြောလေနဲ့လို့ သင့်၎င်းစိုက အတန်တန် မှာကြား သတိပေးသယ်၊ ဟုတ်စ'ဟု မေးသည်။ ဦးသာပေါ်သည် ပါးစပ် ဟ သော်လည်း အသံမထွက်ပေ။ တွန့်နေသော ပါးရေတွေ တတုန်တုန်ဖြင့် တစ်ကိုယ်လုံး ယိမ်းထိုးနေသည်။

'အဘိုးကြီး ထင်းတဲကို ကဲလားဒေါက်ချ ပိတ်နေတုန်း သူပုန်နှစ်ယောက် နွားအုပ်ကြားက ထွက်လာသယ်။ စည်းတန်းကျော်ပီး ပဒိုင်းချုံထဲမှာ ဝပ်ပုန်းနေသယ်။ အပေါ်မယ် သင့်၎င်းစိုနဲ့ တက်ပီး ပေရွက်တွေ မီးရှို့ပီးတော့ နောက်ဖေးဆောင် အဝမယ် အရေးတော်ပုံ မအောင်မြင်သေးသဲ့ အခိုက်သာပ၊ အသာစံချင်ရင် အနာခံရသယ်လို့ ပြောသယ်။ ဟုတ်စ'အဘိုးကြီးမှာ တုန်တုန်ယင်ယင်ပင် ဖြစ်နေလေရာ မာရဘင်ဗိုလ်က 'ပြောစမ်း အဘိုးအို'ဟု ငေါက်သည်။ ဦးသာပေါ်တွင် မောင်စိုကိုသာ ခေါင်းငဲ့၍ ကြည့်ရင်း ၎င်းစို၏ ဖြူဖွေးပြီး သွေးရောင်မရှိသော မျက်နှာကို မြင်ရသောအခါ 'လူလေး စို'ဟုသာ ဆိုပါလေသည်။

ထိုအခါ ပါးကွက်တစ်ယောက်က ဦးသာပေါ် တင်ပါးခွက်ကို ခြေဖြင့် ကျောက်လိုက်သည်။ 'ပြောစမ်းဆို၊ သယ် သည်အဘိုးကြီး ညတုန်းက ပြောသလို ပြောစမ်း'ဟု မာရဘင်က အသံမြှင့်၍ ငေါက်သည်။ ဦးသာပေါ်က ငေါက်သံကို မကြားပေ။ 'သားရယ်၊ ၎င်းစို လူလေး'ဟုသာ မတိုးမကျယ် ညည်းနေသည်တွင် ပါးကွက်တစ်ဦးက ထပ်၍

ကျောကို ဒူးနှင့် ဆတ်တိုက်လိုက်၏။ ဦးသာပေါ်မှာ မောင်စိုဘက် လှည့်နေခိုက် ဖြစ်သော ကြောင့် ကိုယ်တစ်ဖက် လဲသွားသောအခါ မင်းခုံစောင်း ပန်းလှစွန်းဖြင့် နားသယ်တစ်ဖက် ကို သွားတိုက်မိလေတော့သည်။ ဦးသာပေါ် ကိုယ်ကို ပြန်မဟန်နိုင်မီ–

'သည်လို နှိပ်စက် ညှဉ်းပန်းလို့ ပြောရသဲ့ စစ်ချက်ဆိုရင် အကျွန် တရားသယ် မခေါ်ဘူးဖျ။ အဘိုးအိုအစား အကျွန်ကပဲ မင်းကြီးများရဲ့ သက်သေ ထွက်ချက်ကို ကြားနာပေးပီ ထားပါရဲ့။ သင့်ကို မမေးဘဲ အကျွန့်ကို မေးတော်မူကြပါတော့ဖျ'ဟု စူးရှစွာ အော်ပြောလိုက်သည်။ ခေတ္တသော် မင်းကြီးများတွင် အံ့အားသင့်သွားသကဲ့သို့ တိတ်ဆိတ်နေကြသည်။ အတန်ကြာလျှင် ဦးသာပေါ်ကို အာဏာသားတစ်ယောက်က သျှောင်ပေစူးမှ ကိုင်၍ ဆွဲထူလိုက်ပြီးလျှင် ပခုံးစွန်းကို အတင်းလှည့်၍ ခပ်သုတ်သုတ် မင်းလမ်းသို့ ဆွဲထုတ်သွားကြတော့သည်။ မင်းကြီးများ၏ နှုတ်ခမ်းများကား ပြုံးစနဲ့နဲ့ ရှိတော်မူသည်။

## ၅၀ | ပန်းကလေး ညှိုးနွမ်းရှာလေပြီ

မောင်စိုအား တုံးခတ်၍ပင် ထားသည်။ ဦးသာပေါ်ကို ထုတ်ယူသွားပြီး အတန်ကြာမှ မင်းကြီးကိုယ်တိုင် 'ငစို၊ မေးရဖန်များလို့လည်း အာပေါက်တော့မယ်။ မင့်အမှုဟာ ဘယ့်ကလောက် ကြီးလေးသယ်ဆိုသာ ထပ်တလဲလဲ ပြောနေဖို့ မလိုတော့ဘူး'ဟု မိန့်တော်မူပြီး 'သင်းတို့နှစ်ယောက်ဟာ သူပုန်ဆိုသာ လှည်းနေလှေအောင်း မြင်းဓောင်း မကျန် သိနေကြပီ။ သည်အထဲမယ် မင့်က ထပ်ပီး အဲဟိုနေ့က သင်းတို့နှစ်ယောက်ပဲ ဆေးရွက်တွေ မီးရှို့သယ်လို့ ဝန်ခံလိုက်သဲ့ အချက်ဟာ သင်းတို့အပေါ်မယ် မထောင်းသာ ပါဘူးကွယ့် လူရဲ့။ မင်းဆီက အသစ်အလွင်ဖြစ်သဲ့ စစ်ချက်ရသဲ့အတွက် သင်းတို့ပေါ်မယ် အမှုကြီးလေးမယ် ဆိုရင်ဖြင့် မင့်မပြောဘဲ နေချင်နေနိုင်သေးရဲ့နော။ ဟုတ်စ ငါ မိန့်သာ'ဟု သားမြီးကို ယပ်ရင်းက 'တို့တစ်တွေ သိချင်သာကို ချက်တစ်ဖြုတ် ပြောလိုက် တဲ့ရင် မင့်မလည်း သည်ဒုက္ခတွေ အစတုံးရော။ တို့မလည်း မင်းကို မညှဉ်းပန်းချင်ဘဲနဲ့ မလွဲသာ မကင်းသာ ညှဉ်းပန်းနေရသာကို ချက်တစ်ဖြုတ်ပဲ ရပ်လိုက်နိုင်ရော'ဟု မိန့်ရင်း မောင်စို့ထံ စူးစိုက်၍ ရှုစားကာ အကဲတော် ခတ်လိုက်၏။

အတန်ကြာ ရှုစားပြီးလျှင် အသံအေးအေးဖြင့် 'ကိုင်း ငစို၊ ဖြေမယ် ဟုတ်စ'ဟု မေးတော်မူသည်။ မောင်စိုက မင်းကြီးထံ စေ့စေ့ပင် မော်၍ ကြည့်နေသည်။ မော်၍ ဖူးနေသည်။

'အဲသည်ညဦးက ငထွန်းပေါ်နဲ့ ငနောက် မင့်အိမ်ကို လာကြသယ် ဟုတ်စ'

မောင်စိုက ပါးစပ်ပင် မဟပေ။

'သင်းတို့နှစ်ဦးကို အစာရေစာ ပေးကမ်းထောက်ပံ့သယ်'

မောင်စိုက ပါးစပ်ပင် မလှုပ်ပေ။

'သည်ပေရွက်ဟာ သင်းတို့နဲ့အတူ မီးတိုက်သွဲ၊ မင်းတရားကို တော်လှန်ပုန်ကန်ဖို့ စိုင်းပြင်းသဲ့ အရေးနဲ့ ပတ်သက်သဲ့ စာရွက်စာတမ်း ပေရွက်အစအနတွေထဲက ထွေးအင်မှာ ရေနဲ့ ကပ်ကျန်နေရစ်သဲ့ အစ .... ဟုတ်စ'

မောင်စိုက ငုတ်တုတ်ပင် ငြိမ်နေသည်။ ပွတ်တိုင်နှင့် မိကျောင်းလက်ရန်းထံ မမြင်သော မျက်လုံးဖြင့် ငေးနေ၏။

'ပြောစမ်းပ လူရာ၊ သည်ပေရွက်စမယ် ထင်းထင်းကြီး ကျန်နေသဲ့စာတွေ အတိုင်းသားနဲ့ဟာ' ဟု မင်းကြီးသည် စာရေးတော်ကြီး လက်မှတစ်ဆင့် မောင်စိုအား ပေရွက်စကို ကြည့်ခိုင်းသည်။ မောင်စိုကမူ ပြသည့်ပစ္စည်းကို တွေဝေသော မျက်လုံးဖြင့် ငုံ့ကြည့်၏။

'ပြောပါ လူရ၊ မင့်ကိုလည်း လုပ်လည်း မလုပ်ချင်တော့ဘူး' ဟု ဆိုသည်။

မာရဘင်နှင့် ရွှေးလက်ဝဲကလည်း သံပြိုင်ပင် အသံပြင်းပြင်းဖြင့် 'ပြောဟာ လူမိုက်ရ' ဟု ခိုင်းကြသည်။ မောင်စို မကြားပေ။

တုံးဖိထားသော သူ့ခြေရင်းတွင် ပါးကွက်နှစ်ယောက် မုဆိုးထိုင် ထိုင်ချသည်။ တစ်ယောက်လက်၌ သင်တုန်းတစ်လက် ကိုင်၍၊ တစ်ယောက်ထံတွင် နှီးပလုံးတစ်လုံး ကိုင်ထား၏။ နှီးပလုံးကို အဘယ်ကြောင့် ယူလာပါလိမ့်ဟု စဉ်းစားနေစဉ်အခိုက် အထဲတွင် ရေပါလာမှန်း ရိပ်မိသည်။ မောင်စို ကြောင်ငေးနေစဉ်အတွင်း မလှမ်းမကမ်းဆီမှ ပါးကွက်ငယ်တစ်ဦး ဆားကို မြေအင်တုံတစ်ချပ်ဖြင့် ယူလာကာ ရှေ့မှာပင် နှီးပလုံးထဲသို့ သွန်ထည့်ပြီး လက်ဖြင့် ခြေမွှေ ခလောက်နေလိုက်သည်။

မင်းကြီးသည် ထိုလူစုထံ တစ်ချက်မျှ ရာဇမြွေရှိုရှို လှမ်းကြည့်တော်မူပြီးနောက်–

'ရို့ လူရဲ့၊ ငမိုက်ရဲ့၊ ပါးစပ်ပေါက် မပါရော့လား ဟရို့' ဟု ပြောသည်။

မောင်စိုသည် ဆားခွက်ဆီသို့သာ စူးစိုက်နေသည်။

ခေတ္တနေသော် အာဏာသားတစ်ဦး အပါးမှ မျက်နှာအောက်ချ ထွက်သွားပြီး၊ ကျန်နှစ်ဦးက ငစို့ခြေရင်းတွင် လှုပ်ရှားစ ပြုကြသည်။

'ပြောစမ်းပါ မောင်ရယ်'

အမေးနောက်မှ ဆိတ်ငြိမ်မှုသာ အဖတ်တင်နေတော့သည့် အဆုံး၌ ခြေဖဝါးပေါ်သို့ လက်ကြမ်းကြီးတစ်ခုဖြင့် အားခနဲ ရေဆွတ်လိုက်သည်ကို မောင်စို သတိပြုမိသည်။

'အင်တန် ခေါင်းမာသဲ့ သတ္တဝါနော'

မောင်စို ဘာမျှမပြောမိပင် ခြေဖဝါးတစ်ဖက်မှ စစ်ခနဲ ဖြစ်သွားသည်။ ပထမသော် မည်သို့မျှ မဖြစ်သကဲ့သို့ ရှိသော်လည်း မကြာမနှောင်းပင် ဖျဉ်းခနဲ စူးရှစွာ စပ်သွားသည်။

'ပြောပါဟဲ့ ငစိုရ'

အာဏာသားတို့ကား ခေါင်းမဖော်တော့ပြီ။ ငစို့နားဝတွင်လည်း ဖွဲခနဲ ဖွီခနဲ အသံများ မြည်စပြုတော့သည်။ စစ်ခနဲ၊ စိမ့်ခနဲ၊ ဖျဉ်းခနဲ၊ ဖျတ်ခနဲ သင်တုန်းပက်သံ၊

ဆားရည်ဖျန်းသံ စသော အသံနှင့်အတူ မောင်စိုး၏ ခြေသလုံးသား၊ ပေါင်သားတွေမှာ တဆတ်ဆတ် တုန်နေပါပြီ။ မျက်လုံးတွင် မျက်ရည်ဝိုင်းနေသည်။ တုံးရှေ့မှ ပါးကွက်နှစ်ဦးတွင်ကား ခါးတောင်းဖင်ကြားညှပ်နှင့်၊ ထိုးကွင်းဒူးကျနှင့်၊ တင်ပါးမည်းကြီးတွေ ထောင်ကာ ဖွေးဖွေးဖြူရာမှ ခြင်းခြင်းနီနေသော ငစိုး၏ ခြေဖဝါးနှစ်ဖက်မှာ ရွံ့ဖြင့် လုပ်ထားသည့်နှယ် ခေါင်းမထောင်ဘဲ လက်ကျ ညီနေကြသည်။

မောင်စိုးကား နာလှသည့်အတွက် ထူထုံနေလေပြီ။ မှိုင်းဝေရီနေသော မျက်လုံးဖြင့် အံကြိတ်တွေ ကြိတ်ခိုက် နေရာမှ ထ၊ တစ်ဦးက သင်တုန်းကို တုံးပေါ်တင်၊ တစ်ယောက်က ဆားရည်ကို ဖွဲကြမ်းပေါ် ပက်ချလိုက်သော ပါးကွက်နှစ်ယောက်ထံ ကြည့်နေမိသေး၏။ ငပြောင်တို့ မဟုတ်ပေါင်ပါ၊ ငပြောင် ဘယ်ဆီရောက်နေပ ဟု မောင်စိုးသည် စဉ်းစားရင်း အသက်ရှူမှန်ရန် ကြိုးစားနေသည်။

'သင်းတို့ ရှိ့သဲ့ ပေရွက် မဟုတ်လား'

မောင်စိုး မဖြေနိုင်သေးပေ။ ငပြောင်တို့ ဆရာတပည့်မှာ အကျဉ်းသားကို ညှာသည်၊ ဆေးကုသပေးသည်ဟု အပြစ်ရှာ၍ ရာထူးမှ လျှောချထားသည်ကို မောင်စိုး မသိနိုင်ပေ။

'ပြောကွာ၊ သင်းတို့တစ်တွေဟာ မင်းတရားဘုရားကို ပုန်ကန်တော်လှန်မယ့် လူစုထဲက အမှန်ပဲ။ မင်းဟာလည်း အဲသလို တော်လှန်ပုန်ကန်သဲ့ လူစုနဲ့ဆိုရင် အင်တန် ပေါင်းတတ် သင်းတတ်သယ်။ ဟို .... မင်းတရားလေး နန်းတက်ကတည်းက စပီး မင်းတရားလေးကို နန်းချဖို့ စိုင်းပြင်းသဲ့ လူစုနဲ့ မင်း ပတ်သက်လာသယ်။ မင်းတရားလေး ဘုရားကို မင်း အတန် မုန်းတီးလာသယ်'ဟု ပြောသံ ကြားသောအခါ ငစိုးက လွတ်ခနဲ 'မမုန်းပေါင်ပါ'ဟု အသံ အနည်းငယ် ထွက်လာသည်။ မင်းကြီးများ၏ ရွှေနားတော်ဝ တွင်ကား အမှတ်မထင်မိနိုင်တော်မူကြပေ။

'မမုန်းမယ့်သာ မမုန်းသာ၊ ဟိုတုန်းကတည်းက ညောင်ရမ်းမင်းသားကြီး ညီတော် နောင်တော် နှစ်ပါးကို မင့်တို့အိမ်မယ် ထိမ်ဝှက်ထားဖူးသယ်။ ပီး အဲသည် မင်းသားကြီးနှစ်ပါး အကြေစုံတော်မူရာမလည်း မင်းဟာ ကြံရာပါခဲ့သေးသယ်။ သာတွင် မကသေးဘူးကွ၊ မတ္တရာမယ် မင်းသားရှုးကြီးကို အိမ်နိမ့်ထားပီး အမှုတော်ကို ထောက် လှမ်းစဉ်ကလည်း ဥပါယ်တံမျဉ် အခင်းအရေးမယ် မင်းက မာရာဘင်မိုလ်ကလေး မောင်နောင်ကို ကလန်ကဆန် ပြုပီး သင်းနဲ့ စားရေး ဖြစ်ခဲ့ဖူးသေးသယ်။ အဲသည်တော့ ငစိုး၊ မင့် တစ်သက်လုံးမယ် သည်လိုအလုပ်မျိုး သူတကာ ကလန်ကဆန် လုပ်လာသာ ချည့်တဲ့။ ခုခါမှ သင်းတို့နဲ့ မပတ်သက်ဘူးဆိုလို့ ဖြစ်နိုင်ဖွယ်မရှိဘူး မောင်ရ။ ဆင်သေကို သားရေဖုံးသာနဲ့ အတန် တူသယ်ကွယ့်။ ပြော.... ပြောစမ်း'

မောင်စိုး မကြားနိုင်ပေ။ အတန်ကြာလျှင် မောင်စိုး လက်ကောက်ဝတ်ကို သံပတ္တာတွင် သွင်းကြသည်။ လက်ဝါးတစ်ဖက်စီကို ပါးကွက်တစ်ယောက်စီက ဖြန့်ချကြသည်။ ကျန်တစ်ယောက်က တရုတ်အပ် တစ်ချောင်းစီဖြင့် သစ်သားလက်ခတ် တစ်လက်

ကိုင်ပြီးလျှင် လက်သည်းကြားကလေးတွေတွင် အသာအယာ ခပ်ဆတ်ဆတ် ရိုက်သွင်းကြသည်။ သေးကွေး ကျစ်လျစ်သော မောင်စို့ ကိုယ်ကလေးမှာ တလင်းပြောင်တွင် တလွန့်လွန့် ဖြစ်နေသည်။ မျက်ရည်တွေတွေ ကျရှာသည်။ ရှိုက်သံ အင့်ခနဲ အော်မိသည်။

"ညီရယ်၊ ချင်း ငထွန်းပေါ်တို့က ပဇာမို့တုံး။ အတ္တသမံ ပေမံ နတ္ထိသဲ့ကွ"

မောင်စို့သည် မျက်စိကိုဖွင့်ရန် ကြိုးစားပြီးလျှင် မွေးမေရာ၊ အမိရာ၊ နာလှချည့်ဗျာဟု သုံးခွန်းသော စကားသံကို ပြုရှာ၏။ အံကြိတ်၍ မခံ၊ ကိုယ်ကို တောင့်၍မထား၊ ဝေဒနာကို ဝေဒနာအဖြစ် အစွမ်းကုန် ခံစားနေရှာသည်။ ထွက်ပေါ်လာသော အသံကား နှုတ်ခမ်းဖျားတွင် တိမ်မြုပ်သွားတော့သည်။

မည်မျှကြာသည် မသိပေ။ မောင်စို့ မျက်စိ ဖွင့်နိုင်သောအခါ သူ့ကိုယ်တွင် လက်တွေ ခြေတွေ မရှိတော့သကဲ့သို့ ဖြစ်နေသည်။ ထိုအခိုက်–

'မင့်မယ်သာ ဒသည်ဆိမယ် သည်လို အညှဉ်းပန်းခံနေ၊ သင်းတို့ကိုယ်တိုင်က ဖွင့်ပြောပြီးပြီ'ဟု ကြားရသောကြောင့် ခေါင်း ဆတ်ခနဲထောင်၍ ထ သည်။ မရပေ။ သူနှင့် တည့်တည့် မြင်းမြီးယပ်နှင့် မင်းကြီးကိုကား ဖော့လုံးစွန်းသာ မြင်ရသည်။

'အလကားမဲ့ သက်သက် လုပ်ကြံပြောသာ၊ သင်းတို့ ပဇာနည်းနဲ့ အမိခံမတုံး' ဟု ပြောလိုက်မိသည်။

မောင်စို့ပြောသံကိုမူ ဤတစ်ကြိမ်တွင် ကြားကြသည်။ မင်းကြီးလည်း မောင်စို့ ထံသို့ ကြွလာတော့သည်။ သင်တိုင်းရှည်၊ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့် ရွှေကျိုင်းတော် တဝင့်ဝင့်။ မောင်စို့ မျက်နှာပေါ်မှ မိုး၍ 'ငစို၊ သည်ပေရွက်ကို သင်းတို့ မီးတိုက်သယ် .... ဟုတ်စ'ဟု မေးတော်မူသည်။

မောင်စို့မျက်လုံးတွေကား ဖွင့်ထားရာမှ တဖြည်းဖြည်း ပိတ်သွားတော့သည်။ လည်ပင်းကြားသို့လည်း သံပတ္တာတစ်ခု ခတ်ကြသည်။ လက်နှစ်ဖက်လည်း သံကွင်းလျှိုကြသည်။ ပြီးလျှင် ခြေချောင်းလေးတွေ ဆယ်ချောင်းစလုံး၊ လက်ချောင်းလေးတွေ ဆယ်ချောင်းစလုံး မိမိရရဂုံ၍ သံညှပ်ဖြင့် ဖိကြသည်။

မောင်စို မခံနိုင်ပေ၊ မခံလိုပေ၊ မခံရဲပေ။ ကိုယ်ကလေးကို လွန့်လေသည်၊ လူးလေသည်၊ လှုပ်လေသည်။ ထိုအခိုက် လက်ဖျား ခြေဖျားမှ ကျဉ်ခနဲ မီးစဖြင့် ထိုးသကဲ့သို့ ပူသွားသောအရှိန်သည် ခေါင်းထဲသို့ ပြေးဝင်ဆောင့်လာ၏။

'ပြောစမ်းပ လူရာ၊ ဟုတ်သယ် တစ်ခွန်း ပြော၊ ခု ဒုက္ခက ငြိမ်းစေ့မယ်ကွယ့်'

အာဏာသား လေးဦးကား တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နေကြ၏။ တစ်ယောက်မှာ အရပ်မြင့်မြင့်၊ ရင်အုပ်ပြန့်ပြန့်၊ လက်ရုံးနှစ်ဖက် မို့မောက်နေသည်။ သူက ခြေတစ်ဖက် ရထားသည်။ သံညှပ် ညှပ်တိုင်း မောင်စို့မျက်နှာကို ကြည့်နေသည်။ မောင်စို့မျက်လုံးမှ မျက်ရည်သွင်သွင် ကျနေရာ ညှစ်ပစ်လျှင် မျက်ရည်လျှံကျသည်၊ လျှော့လိုက်လျှင် မျက်ရည် အိုင်ထွန်းနေ၏ဟု စူးစမ်း ဆင်ခြင်မိသည်။ ကတွတ်ပေါက်က

ရေလွှတ်နေသည့်အလား နောက်က ရေကို တွန်းပေးလျှင် ဟောသလို၊ ညှပ်ပေးလျှင် သည်နှယ်ဟု နှိုင်းယှဉ်နေသလား မသိပါ။

'နာလှချေ့နော၊ အရိုးတွေ ကြေကုန်ပါပြီ၊ ကြေပေါ့၊ ကြေပေါ့'

မောင်စိုသည် အတင်းကုန်းထရန် ကြံသည်။ တစ်ခါတည်း ကုန်းထပြီး တုံးတွေ ကန်ထုတ် ....။

'အလို.... လို.... လို လက်သူကြွယ်တစ်ချောင်း ပြတ်သွားပြီ။ အမိရာ၊ အမိ .... အမိ၊ နာသယ်နော အကျွန် မခံနိုင်ဘူး၊ ခံနိုင်ရည် မရှိတော့ဘူး ခင်ဗျ'

လူ၏သွေးသားမှာ ပြင်းပြသော ဝေဒနာကို ခံစားရဖန်များသောအခါ နာကြည်းသော အခြင်းအရာကို ဦးနှောက်ကြောသို့ ရောက်အောင် မပို့ဆောင်နိုင်ဟု ဆိုကြလေသည်။ ထိုကြောင့်လော မသိ၊ ငစိုသည် ခေတ္တသော် နာလွန်းသဖြင့် နာရမှန်း မသိနိုင်အောင် ထုံနေသည်။

ထုံနေရာမှ လွန်ခဲ့သောနှစ်က ပါးကွက်ကြီး ပြောင်နှင့် တွေ့သော ဇရန်မင်းတို့ အလောင်းထုတ်ပွဲကို သတိရပြန်သည်။ သတိရစဉ်က တစ်ဆက်တည်း ပြောင် ပြောဖူးသော–

"နိုင်ငံရေးနဲ့ကျသဲ့ အကျဉ်းသားဆို ရက်ရက်စက်စက် သတ်ရသယ်။ အသူမှ မသနားရဘူး၊ ဟုတ်သယ်"ဟု စကားသံလေးလေးကို ပြန်၍ ကြားမိပြန်သည်။

ထိုစဉ်က ပြောင် ပြောသော စကားတို့မှာ အမှတ်မထင် ပြောသော်လည်း ယခုမူ မောင်စို ကိုယ်တိုင် ခံစား ကြုံကြိုက်နေရပေပြီ။

ခံစားနေရသမျှမှာ မောင်စိုကဲ့သို့ ကိုယ်လုံးကိုယ်ထည် နုနယ်သူ မဆိုထားဘိ၊ တော်ရုံ လူ့ဗလကြီးများပင် လူးသွားလောက်ပေသည်။ ထိုအပေါ်တွင် ထိုစဉ်က ပြောင် ပြောသောအခါက ကြက်သီး ဖျဉ်းခနဲ ထဖူးသမျှ ပြန်၍ မြင်တွေ့ စဉ်းစားမိနေလေရာ ငစို့စိတ်တွင် ကြောက်သမျှကို ပိုမိုထိတ်လန့်စဖွယ် စိတ်ကို ချောက်ချားနေစေတော့သည်။ မောင်စို့စိတ်တွင် ကြောက်လောက်အောင် အကောင်အထည်ဖြင့် မြင်ဖူးလာခဲ့၊ ထိုအရေးကို စားမြုံ့ပြန်ခဲ့ ရလေရာ ယခုကဲ့သို့ ကိုယ်ထိလက်ရောက် ရက်စက်စွာ နှိပ်ကွပ်ခြင်းကို ခံရသောအခါ သူ့စိတ်ကို သူ မနိုင်တော့ပေ။

အကယ်၍ ထိုအခိုက်အတန့်တွင် သူ့အား လွှတ်လိုက်သည့်တိုင် သာမန် လူတစ်ယောက်အဖြစ်ဖြင့် အသက်ရှင်နေမည်ဟု မပြောနိုင်သော်လည်း ဦးနှောက်ပျက်၍ လောကကြီး၏ တာဝန်လေးကြီးတစ်ခု အဖြစ်သို့ကား အမှန်ရောက်ရှာမည်မှာ မလွဲပေ။ သို့နှင့် "ခင်ဗျားတို့ ညှစ်သာ တစ်ခါတည်း တစ်ခါတည်း အသည်းထဲ ရောက်ရောက်သွားသယ်၊ အသက်လည်း မရှုနိုင်ဘူး၊ အလို .... အလယ် .... လယ်လယ် ပေါင်တစ်လျှောက်လုံး ကျဉ်တက်လာလိုက်သဲ့ ဖြစ်ခြင်း၊ နာသယ်ဗျ နာသယ်"

"အစ်ကိုရယ်.... ချစ်ရင် .... အကျွန်ဟာ.... သူတကာကို ဒုက္ခ ရောက်အောင် ချည့်တဲ့ ....'

"အသက်ရှူလို့ မရတော့ဘူးနော။ မျက်လုံးတွေလည်း မမြင်ရတော့ဘူး။ ပြာနေပီနော၊ အကျွန် မခံနိုင်ဘူး.... နာသယ်ဗျ၊ နာသယ်"

"သည်တစ်ခါတော့.... စေတနာထားရာ ရောက်တဲ့အောင် သူတကာအတွက် အသက်နဲ့လဲ...."

"ရှိ.... ရှိ.... ရှိ နာပါသယ်ဆိုမှ အလိုလေးလေး မွေးမေ့ရာ နာလှပီဗျနော.... သားလေး ငစိုကို မကယ်တော့ဘူးလား ဗျာတို့"

"ပြော.... ပြော.... ပြော.... ပြောဟဲ့.... ပြော"

"သည်တစ်ချီတော့ စေတနာထားရာ ကျသဲ့အောင် နာပါစေ၊ ကြည်းပါစေ.... အကျွန် .... အသက်နဲ့ အကျွန်.... အကျွန်...."

"ပြောဟဲ့.... ပြော၊ ပြောစမ်းပ.... ငါ့လူရာ၊ ပြောဟ.... ပြော"

"အလိုလေးဗျ အစ်ကိုရာ၊ အကျွန့်ကို ပစ်လို့ထားသလား အစ်ကိုရဲ့။ အစ်ကိုရေ၊ ညီလေးငစို အကောင်မိုက်ကို စဉ်းငယ်ကလေး လာကြည့်ပါဦးဗျ။ အို....အစ်ကိုရဲ့"

"ပြောဟ....ပြောဟ....ပြော၊ ပြောစမ်းကွာ.... ပြော"

"အစ်ကိုရယ် ....သည်တစ်ခါတော့ အကျွန်လေ၊ အကျွန်.... အကျွန်.... အသက် .... အသက်နဲ့....လဲ....စွန့်ပီး....လဲ....လဲ...."

*

မောင်ညို ဘာမျှ မမြင်နိုင်။ မောင်ညို ဘာမျှ မကြည့်နိုင်။ မောင်ညို ဘာမျှ မပြောနိုင်။

'ညီလေး ငစို....စို.... ဟာလူရ၊ ငစို၊ ငစို ....ညီမောင် ညီလေး....ဟာ တောက်၊ ရိုင်းလိုက်လေ ဗျာတို့ရယ်၊ ရိုင်းလှလေဗျာ၊ လုပ်ရက်လေခြင်း နော.... တောက်....'

ဆောမှ အံ့အားသင့်ပြီး ကြောင်ငေးနေကြသော မင်းသားကြီးများ၊ စာရေးတော်လွှတ်ထိုင်များ၊ အစောင့်အနေ အာဏာသားများမှာ ဘဝင်ကြွအောင် မရှုင်ပျသည့် အရှုအခင်းတွင် သူတို့ပါ နစ်သွင်း ပါဝင်နေမိကြတော့သည်။ ကြေကွဲစဖွယ်၊ ညီမောင့်နဖူး၊ ဆံစ၊ မေး၊ ရင်အုံ့ စသည်ကို ကိုင်တွယ်စမ်းသပ်ပြီး တလှုပ်လှုပ်၊ အသံကြီး ချူချာပါအောင် မရှိတင်ကဲ မေးစမ်း ခေါ်တာ နေသော ညီုကြီးအား ငိုင်ငေး၍သာ.... ကြောင်ကြည့်နေကြသည်။

ဤအဆောင်၊ ဤနေရာသို့ သူ အဘယ်ကဲ့သို့ မြားပစ်သလို ရောက်လာသည်ကို အံ့အားသင့်ပြီး နေကြသည်။

ဤတွင်ကျမှ မောင်ညိုသည် ညီ့ထံမှ မင်းကြီးများထံ တစ်ဦးစီ တစ်ယောက်စီ ကြည့်စ ပြုတော့သည်။ မျက်ရည်ဖြင့် ဖုံးကွယ်ပူနွေးနေသော သူ့အကြည့်ဓာတ်ကား ယမမင်း၏ မျက်စောင်းထက် ဆယ်ပြန်ကဲမည်ဟု ထင်မိနိုင်သည်။ အသက်ရှူ ပြင်းပြင်းဖြင့် မနည်းကြီး စိတ်ထိန်းကာ အံကြိုးကြိတ်၍ လက်သီးကြီး ဆုပ်နေသည်ကို မြင်ရတော့မှ အာဏာသားတစ်ဦးနှင့် အစောင့်တပ်သားကျော်တစ်ဦး မောင်ညိုအား တလင်းပြင်ကြမ်း ပေါ်မှ တစ်နေရာသို့ ရွှေ့ယူရန် ဟန်ပြင်ကြသည်။ မောင်ညို ပေကန်ကန် ခံနေသဖြင့်

မနည်းအသံအုပ်ပြီး 'ကိုရင်၊ သဟာ လွတ်ခွင်နော၊ အကြောင်းမဲ့ ရာဇဝတ်သင့်ပါ့မနော်' ဟု အလိမ္မာဖက်၍ သတိပေးလျက် လက်ရုံးကိုလည်း အားတင်းတင်း မျှဉ်းပြီးဆွဲရန် ကြိုးစားတော့မှ မောင်ညိုလည်း လက်ထဲမှ မှန်စီရွှေချ ယွန်းပလွေကို ဖွဲကြမ်းပေါ်သို့ ပစ်ချပြီးလျှင် ညီအား ပါးကွက်လက်မှ အတင်း ဆတ်ခနဲ လုယူလိုက်နိုင်သည်။

မောင်စို့ နဖူးဆံစကလေးတွေတွင် ချွေးစေးလေးတွေ ပြူထွက်နေသည်။ မျက်လုံးလေးတွေ ပြူး၍ ဖန်ရောင်ထနေသည်။ ပါးစပ်ကလေးကား ပြုံးယောင်ယောင်နှင့် အနည်းငယ် ဟ နေကာ ဝဲဘက်ထောင့်မှ သွေးခဲထွေးထွေးလေးသည် ရဲနီသော သွေးမျှင်ကလေး ဖြင့် တန်း၍ တင်နေသည်။

မောင်ညိုသည် မောင်စို၏ အိစက်ပျော့ဖပ် ပေါ့ပါးသော ကိုယ်ကလေးကို ကျယ်ဝန်းသော ရင်အုပ်ကြားတွင် တင်းတင်းကြီး ဖက်ပြီးလျှင် မျက်ရည်တွေ ဝိုင်းနေရှာ၏။

မင်းကြီးသည် ကိုယ်တော်တိုင် ဖွဲကြမ်းပေါ်မှ ယွန်းပလွေကို ကောက်ယူပြီးလျှင် အတွင်းပါ စာလိပ်ကို ဖွင့်၍ ဖတ်နေသည်။ ပြီးလျှင်–

'တို့တစ်တွေလည်း သိပါသယ်။ အမိန့်တော်က သည်ကနေ့ ကျမယ်လို့သာ အတပ် မထင်သာကလား။ သာပေသိ ငနောင်က....'ဟု မင်းကြီး ဆုံးအောင် မမိန့်နိုင်မီ မောင်ညိုက လျှင်မြန်စွာ အသံအက်ကြီးဖြင့်–

'ငနောင်က စစ်တော်မူပါဦးလို့ တောင်းပန်လို့ ဆိုပါ့ဖျ'ဟု ပြောမိသည်။

မင်းကြီးလည်း မောင်ညို့စကားကို ကြားဖြတ်ပြီး 'အိမ်း.... သင်းက နောက်ဆုံး တစ်ခါတော့ စစ်ဆေးတော်မူပါဦးလို့ တောင်းပန်ရစ်ခဲ့လို့'ဟု မိန့်တော်မူသည်။

'သာဖြင့် နောက်ဆုံးအဖြစ် စစ်ဆေးသဲ့အတွက် အကျွန့်ညီ သည်လို ရေတိမ်နစ်ရသာပ။ ချင့်ကြောင့်....'မျက်ရည် တဖြိုင်ဖြိုင် ကျနေသော၊ မရှက်နိုင် မကွယ်နိုင် ညီကို ပွေ့ပြီး ငိုရစ်ရှာသော မောင်ညိုအား မင်းကြီးသည် ခေတ္တမျှ ရှုစားတော်မူပြီးလျှင် နေရာမှ ထွက်ခွာ ကြွမြန်းတော်မူသည်။ မင်းကြီးနောက်မှ ထီးတော်မိုးနှင့် ကွမ်းတော်ကိုင်တို့ ကပ်၍ လိုက်သွားကြသည်။ မာရဘင်နှင့် ရွှေလက်ဝဲလည်း သက်ပြင်း ဟင်းခနဲ ချလိုက်ကြပြီး 'မင်းရောက်သာ ဆိတ်စာလောက် နောက်ကျသယ်'ဟု ပြောကြသည်။

မောင်ညို့မျက်ရည်ပူတွေမှာ မောင်စို၏ သေးကွေးသော ရင်အုံကလေးပေါ်သို့ တစ်စက်ချင်း ကျနေခိုက် မောင်စို့ ချိတ်ပုဆိုး ခါးပုံစကလေးကား မင်းလမ်း တံခါးကြီးမှ ရုတ်တရက် တိုးဝင်လာသော လေပြည်သာ၌ လူးချင်တိုင်း လူး၊ လွန့်ချင်တိုင်း လွန့်၊ လူပ်ချင်တိုင်း လူပ်၊ ထ ချင်တိုင်း ထ၊ ကုန်းချင်တိုင်း ကုန်း၊ ကန်ချင်တိုင်း ကန်ကာ ဝဲကာ၊ ပျံကာ ရစ်သိုင်း နွဲ့နွေနေတော့သည်။

အချိန်ကား ရှေ့သို့ တိုးလျက်ပင်....။

ထိုအချိန်အခါတွင် အရှင်သီပေါဘုရင်သည် ပိတ်ဖြူအင်္ကျီ ဝတ်ဆင်လျက်၊ ပန်းရောင်နှင့် အဖြူကွက်ပါသော ခေါင်းပေါင်းပုဆိုးတို့ကို ဆင်ယင်၍ စံနန်းတော်ရှေ့

ပြင်ခန်း ကော်ဇောပေါ်တွင် ထိုင်လျက်နေ၏။ မင်းကြီးများနှင့် ဝန်ကြီးများသည် လက်ယာဘက်တွင် ပုဆစ်ဒူးချ၍ ခစားလျက် နေကြလေသည်။ လက်ဝဲဘက်နှင့် အရှေ့ဘက်အတောင် ၃၀ ခန့်က အင်္ဂလိပ်စစ်သားများ မလှုပ်မယှက် စီတန်းနေကြ၏။ အင်္ဂလိပ်စစ်ဗိုလ်က အရှင်သီပေါဘုရင်အား သင်္ဘောပေါ်သို့ လိုက်ပါရန် ပြောဆို လျှောက်ထားသောအခါ သီပေါမင်းတရားကြီးသည် စိတ်လက်မချမ်းမသာ အလွန်မရွှင်ပျသော မျက်နှာဖြင့် ‘မင်းကြီးများ၊ ကျွန်ုပ်သည် ရန်သူ့လက်သို့ ရောက်မှန်းမသိ ရောက်လေပြီ။ မင်းကြီးများနှင့် နောင်တစ်ဖန် ပြန်၍ တွေ့ရပါဦးမည်လော’ဟု မိန့်တော်မူပြီးလျှင် နောက်တော်သို့ မည်သူ လိုက်ကြမည်နည်းဟု မေးတော်မူရာ၊ တိုင်တားမင်းကြီးက လိုက်ပါမည့်အကြောင်း လျှောက်တင်လေ၏။ ကင်းဝန်မင်းကြီးမှာ စကားတစ်ခွန်းမျှ မတင်လျှောက်ဘဲ ခေါင်းငိုက်စိုက်ချ၍ နေလေ၏။ ထိုအခါ သီပေါမင်းတရားကြီးဘုရားက ကင်းဝန်မင်းကြီးကို အတန်ငယ် စိုက်ကြည့်ပြီးလျှင် ‘မင်းကြီး၊ လိုက်မည်လော’ ဟု မေးသည်တွင် ကင်းဝန် မင်းကြီးက လိုက်ပါမည် ဘုရားဟု တင်လျှောက်လေ၏။

အင်္ဂလိပ် စစ်ဗိုလ်ချုပ်၏ ကိုယ်ရံတော် နှစ်ယောက်တို့သည် သီပေါမင်းတရားကြီး ဘုရားကို တစ်ဖက်တစ်ချက် ညှပ်၍ လှေကားက ဆင်းပြီး တံခါးနီဆီသို့ ရောက်လျှင် စံနေတော်မူသော နန်းတော်ကြီးကို နောက်ဆုံးအကြိမ် လှည့်ကြည့်တော်မူပြီး မျက်ရည်ကျတော်မူလေ၏။

သီပေါမင်းတရားကြီးအား သင်္ဘောသို့ ယူဆောင်သော အစီအစဉ်မှာ(၁)ဗိုလ်ချုပ်ကြီး၊ (၂)အင်္ဂလိပ်အလံ၊ (၃)ကုလားခြေသည် စစ်သားများ၊ (၄)တိုင်တားမင်းကြီး၊ (၅)ထီးဖြူလေးစင်း စိုက်သော ဗိရိရထား၌ သီပေါမင်းတရားကြီး၊ မိဖုရားနှစ်ပါး၊ မယ်တော် [၎င်းဗိရိကို သေနတ်၊ လှံစွပ်စွဲ စစ်သည်တို့ ဝန်းရံလျက် လိုက်ကြလေသည်]၊ (၆)ဥရောပတိုက်သား စစ်သားများက ဘင်ခရာ တီးမှုတ်လျက် လိုက်ကြလေသည် [၎င်းတို့ သီဆိုကြသော သီချင်းမှာ “ပန်းကလေး ညှိုးနွမ်းရှာလေပြီ”ဆိုသော သီချင်းဖြစ်လေသည် *]။

မောင်စို အသက်ဖြင့်လဲ၍ နန်းမှချရန် ကြံရာပါ စိုင်းပြင်းမှု၏ ရလဒ်သည် မောင်စို အသက်ဆုံးရှုံးပြီး မရေးမနှောင်းမှာပင် အလုံးဒြပ် ဟပ်စပ် ပေါ်လွင်ခဲ့ပြီတကား။

## ၅၁ | ညောင်ရမ်းယောင်ယောင် ဘသန်းမောင်

ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ကာ နိုင်ငံတော်တစ်ဝန်း ကျွန်သပေါက်ဘဝသို့ သက်ရောက် ဆင်းကျရချေပြီ။

---

* ၁၃၀၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ.... မှ

လိုချင်သူသည် ရအောင်ယူမည် ဖြစ်သည်။ သုံးကြိမ်သုံးခါ တိုင်တိုင်လည်း ယူရန် ကြိုးစားခဲ့သည်။ နောက်ဆုံး ဤအကြိမ်တွင်ကား အလွယ်နှင့် ရခဲ့ချေပြီတကား။

နေပြည်တော်ကား သုသာန်တစပြင်ကဲ့သို့ သွေ့ခြောက်လျက် ကျီးနှင့် ဖုတ်လှိုက် ဖြစ်နေတော့သည်။ လမ်းကြီး လမ်းငယ် အသွယ်သွယ်တွင် ရှေးက လူသူ ဆင်မြင်း ခြေချင်းထပ်မျှ စည်ကားလှသည်။ ယခင် ယမန် အခါမှာ "ရွှေထီးက တဝါဝါ၊ ဝဲလက်ယာ ရွှေကျိုင်းနှင့်၊ သိုင်းဝင့်၍လာသော ဝန့်ရှင်တော်မဟာ ပြည်ရှာလို့ ရေအေး၏။" ရွှေဖောင်းတော်စတွေ၊ ရွှေဝေါ ညင်သာသာတွေအစား ကာကီရောင် ဘောင်းဘီ သစ်နှင့် ကုလားခြေသည်တော်များ ခြံရံလျက် အင်္ဂလိပ် စစ်ဗိုလ်၊ စစ်သားများနှင့်သာ လက်ညှိုးထိုး မလွဲ ဖြစ်နေသည်။

ခေါင်းလောင်းသံလည်း တိတ်၊ စည်ကြီးသံလည်း ဆိတ်ခဲ့ပေပြီ။ ကုလားတွေ စစ်ခရာတွတ်သံ၊ အမြောက်ပစ်သံ၊ အင်္ဂလိပ်စစ်သားတွေ ရင်ပေါင်တန်း၍ ဘွတ်ဖိနပ် ခြေညီချ၍ တကြော်ကြော် အော်မြည်သွားကြသံတွေကိုသာ ကြားရသည်။

နိုင်ငံသူ နိုင်ငံသားတို့ကား ပြည်နှင်း၍ မင်းကိုပါ အပ်လိုက်ရသည့် အဆုံးတွင် ဆူကြိုးသောနှလုံးဖြင့် မပြုံးနိုင်၊ ငိုမဲ့မဲ့ သဲ့သဲ့မျှလေသံဖြင့် မျက်နှာမလှန် ဆလံတသသ ကျွန်ဘဝ လမ်းခရီးအစ၌ စကားမျှ ဟ ဟ မပြောရဲ၊ သူရဲဘော နည်းနေကြရလေရာ လမ်းဆုံလမ်းခွတို့သည် ဟိုတစ်စု သည်တစ်စုဖြင့် ရှေးရေးနောက်ရေး မအေးသမျှကို တဖွဖွ စုရုံး ပြောဆို နေကြသည်။

အိမ်တော်ရာထီးကို ဆောင်းထားသော လုံမငယ်အား ဓားလွယ် ပခုံးချိတ်ဖြင့် လုလင်ပျိုက အနီးမှ ဗီရိုဖြတ်မောင်းသွားသည်ကိုမျှ မသိလိုက်ရတဲ့အောင် အေးအေးလူလူ စကားပြောခဲ့သော အမူအရာကိုလည်း မတွေ့ရပြီ။

ဆွမ်းစဉ် ကြွတော်မူသော ရွှေသင်္ကန်းဝါဝါတွေ၏ အရောင် အရိပ်သည်လည်း မဟိတ်မဟန်နိုင်တော့ပြီ။ မင်းသံ မင်းဟန်တွေမှာ မလာသောလမ်းသို့ ကြွမြန်းသွားကြလေပြီ။ သို့ပင်လျှင် နိုင်ငံတော်လုံးကို သိမ်းရုံးမြှုံကျက်မျိုခဲ့သော အပူမီးကြီး မနွေးသေးမီ ထိုသက္ကရာဇ်မည်သ တန်ဆောင်မုန်းလဆုတ် ရှစ်ရက်လွန် ရက်သတ္တပတ်အတွင်း တစ်နံနက်ခင်းတွင် မောင်ညိုနှင့် မောင်တွန်သည် မြင်းကိုယ်စီဖြင့် ရွှေမြို့တော်တွင်းသို့ တရွေ့ရွေ့ ဝင်ခဲ့ကြသည်။

နိုင်ငံတော် ပျက်ပြား၍ လက်ကြားမှ ရေယိုသလို ဥဒဟို ဆူပွက်နေသည့် လှိုင်းဂယက်ကိုမျှ သတိမပြုမိသည့်အလား မောင်ညိုကြီးသည် မအေးသော နှလုံး၊ နွေးလက်စ အသည်းဖြင့် အံတခဲခဲ ဖြစ်နေသေးသည်။ ပြည်ကြီး ပျက်စေ၊ တိုင်းကြီး ပျောက်စေ၊ ကမ္ဘာကြီး ပြုန်းစေ ငနောင်ကိုကား ချေမှုန်းရဦးမည်။ မချေ မပြီးမချင်း ကမ္ဘာမပြုန်းသေး၊ "သူ့စစ်" မဆုံးသေး။ ငနောင်နှင့် ရှင်းရဦးမည်။ "သူ့စစ်" ခင်း၍ မဆုံးသေး။

ရွှေမြို့တော်၌ တွေ့မည်ဟု မထင်ပေ။ သို့သော် တပ်ပျက်တွေ တရစပ်တွင်

ဘယ်နေရာ ဘယ်ရောက်၍ ဘယ်လျှောက်ပြီး ရှာရမည် မသိသောကြောင့် အရေးကြီး သွေးနီးရာ သူတကာ ပြည်ပျက်လျှင် ကိုယ့်ချက်မြုပ် ကိုယ့်ဌာနီကို သွားကြ ခိုကြသည့် အတိုင်း ချင်းလည်း ချင့်နယ်ကို ပြေးတန်ရဲ့ဟု ရွှေဘိုခရိုင်သို့ ရန်အနိုင် ရှင်းရန် သူငယ်ချင်း နှင့် တွဲလာကြခြင်း ဖြစ်သည်။

ညီကြား ညီဖြစ်သူ့အသက်ကို မိအောင် နန်းတော်ကြီးမှ ပါတော်မူဆဲဆဲ မင်းတရား၏ အမိန့်တော် စာပလွေကို ကိုင်ပြီးလျှင် ထောင်ကြီးသို့ အသုတ်နှင်ခဲ့လျက်နှင့် လက်မတင်ကလေး လွဲသွားရရှာ၏။ ညီအလောင်းကို နေ့ချင်းပေါက် တံတားဦးသို့ ယူဆောင်ပြီးလျှင် ရပ်နှင့်ရွာကို ကန်တော့ပွဲ၊ အုန်းပွဲ အစစ ပွဲမျိုးစုံနှင့် ခွင့်ပန်ပြီးလျှင် လုပသိုက်မြိုက်စွာ သင်္ဂြိုဟ်သည်။ ပြီးလျှင် အရိုးကို မိဘနှစ်ပါး၏ အုတ်ဂူခြေရင်းမှာ ဂူသွင်းခဲ့သည်။ မောင်စို့ ဂူဘေးတွင်လည်း လက်ထဲမှ မချဘဲ ကိုင်ဆောင်ထားသော ဓားဖြင့် မြေပေါ်၌ ကြက်ချေခြစ်ပြီးလျှင် 'ငစို၊ မင့်ကိုသတ်သဲ့ ငနောင်ဆိုသဲ့ တို့ညီအစ်ကို ရဲ့ ရန်သူကို ကလဲ့စား မချေရမချင်း ဟောသည်ဆီမယ် ငါ လာမသေသေးဘူးကွယ့်'ဟု အံကြိတ်၍ ပြောခဲ့ မှာခဲ့သည်။

ထိုနောက်လည်း ငနောင် ကြည်းကြောင်းချီသည် ဆိုသော မင်းလှဘက်သို့ အသုတ်နှင်ခဲ့သည်။ ငနောင်ကိုကား မတွေ့ရ။ မကွပ်နိုင် မကဲနိုင်သော တပ်ပြို တပ်ပျက် တွေကိုသာ တွေ့ခဲ့ရလေသည်။ တတ်နိုင်သမျှ သတင်းစ သတင်းနကို မီးခိုးကြွက် လျှောက် လိုက်ပြီး ရှာသော်လည်း အချည်းနှီးပင်။ ဤသို့ ကိုယ်ရေး ကြုံနေသောကြောင့် ပြည်ဆုံး မင်းပျောက် ကျွန်ဘဝ ရောက်ရသည့် အခြင်းအရာကို ကိုယ်ပါ စိတ်ရောက် မခံစားလိုက်ခဲ့ရခြင်း ဖြစ်ဟန် တူပါ၏။

ယခုမှ ကြေကွဲ ဝမ်းနည်းစဖွယ် မျက်မြင်တွေ့ရသော အခြင်းအရာကို တစိမ့်စိမ့် ကြုံရရင်း စကြာသီဟ ဘုရားကြီးရှေ့သို့ ရောက်ခဲ့ကြသည်။ ထိုနေရာသို့ ရောက်လျှင်ပင် လမ်းမကို ကန့်လန့်ဖြတ်၍ ကုလားစစ်သားအချို့ တားဆီး ပိတ်ပင်လျက် တစ်စုံတစ်ရာ သော အရေးကြောင့် လမ်းကို ခေတ္တ ပိတ်ထားသည်။ တစ်ဖက်သို့ ကူးလိုလျှင် တောင် ဘက်သို့ လှံစွပ်ဖြင့် ချိန်၍ တားထားသည်။ တစ်ဖက် ကွေ့ရလျှင် နှစ်ပြ၊ သုံးပြခန့် ကွာလှမ်းနေသောကြောင့် 'ပဇာ လုပ်မလို့တုံး၊ သည်ကပဲ စောင့်ချေမယ်'ဟု လက်ဟန် ခြေဟန်ဖြင့် မေးရာ ကုလားစစ်သားက လှံစွပ်ကြီး တလက်လက်ဖြင့် စစ်ဗိုလ်ကြီး တပ်တော် လာမည်ဟု မောင်ညိုတို့ နားလည်အောင် ခြေဟန်လက်ဟန်ပင် ပြမှ 'သာဖြင့် မင့်တို့ စစ်ဗိုလ်ဆိုသာ အဖြူလား၊ အမည်းလား သိရသဲ့အောင် သည်ကပဲ စောင့်မယ်'ဟု မြင်းနှစ်စီး ယှဉ်၍ စောင့်နေသည်။

သို့ စောင့်နေစဉ်ပင် မြင်းတစ်စီး အနီးသို့ ရောက်လာပြီး မောင်ညိုတို့ကို စေ့စေ့ ကြည့်သည်။ ထိုမြင်းနှင့် မြင်းစီးမှာ ချွေးတလုံးလုံးဖြင့် ဖြစ်နေ၏။ ခေတ္တ အကဲခတ်ပြီးလျှင်ပင် 'ကိုရင် တံတားဦးက ဟုတ်စ'ဟု အမောနှင့်မေးသဖြင့် မောင်ညို ကလည်း အကဲခတ်ရင်း 'ဟုတ်သယ်၊ ပဇာကိစ္စများတုံး'ဟု မေးရသည်။ ထိုသူမှာ

မောဟိုက်နေရုံမျှမက ဖုန်အလူးလူးနှင့် ညစ်ညမ်းနေသည်ဟု သတိပြုမိမှ 'ကိုရင်ညိုဆိုသာ ဟုတ်ပါစ'ဟု မေးပြန်သည်။ မောင်ညိုက ခေါင်းညိတ်ပြလျှင် ထိုသူသည် ကိုယ်ကျပ်အင်္ကျီကို ဟပြီးလျှင် အတွင်းမှ လက်တစ်ဝါးခန့် ကတ္တီပါနီ အထုပ်ကလေးတစ်ထုပ်ကို ထုတ်ကာ မောင်ညို့ အနီးသို့ တိုးရင်း 'သည်ပစ္စည်း ပေးဖို့ရာ အစ်ကို့အိမ်ကို အကျွန် ရောက်ခဲ့ပါသယ်။ အိမ်သားများက ရွှေမြို့တော် တက်သွားလေရဲ့၊ ရွှေမြို့တော်မယ် မတွေ့ရင် ရွှေဘိုဆီ ရှာချေပါ ပြောလို့ အကျွန် ချက်တစ်ဖြုတ် လိုက်ခဲ့ပါသယ်။ ဟိုဘက်ဆိက လူစုဆီ မေးရင်း သည်လမ်းဆုံမယ် ရှိကောင်းရဲ့ဆိုလို့.... ကံသီပေလို့ပဲ အစ်ကို၊ အနို့မို့ လွဲရချေ့' ပြောလျက် မောင်ညို့အား အထုပ်ကို ယုယုယယ တရိုတသေ တမြတ်တနိုး လှမ်းပေး၏။

ညိုသည် ထိုလူအား တွေတွေကြီး ငေးနားထောင်နေရာမှ လှမ်းပေးသော အထုပ်ကို မဖြေမီ မျက်နှာကို တစ်ချက် လှန်ကြည့်ပြီးမှ လျင်မြန်စွာ ဖြေတော့သည်။

အတွင်းတွင် ဂုံစက္ကူတစ်ရွက်ခေါက်လျက် တွေ့သည်။ ဂုံစက္ကူခေါက်အောက်တွင် မြလက်စွပ်တစ်ကွင်း မြင်ရသည်။ မောင်ညို မဖတ်မီ ဂုံစက္ကူကို ဖွင့်နေခိုက် မောင်တွန်က မြင်းရှေ့တိုးလာသကဲ့သို့ ထိုလူကလည်း 'ပဓာ ရေးထားသယ်ဆိုသာ အကျွန်လည်း သိပါရစေ အစ်ကို'ဟု ပြောပြီး ငြိမ်သက်စွာ စောင့်နေသည်။

မောင်ညိုသည် စာရွက်ဖတ်စဉ် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး စာရွက်ဖြန့်လျက်ပင် ထိုသူ့ထံ လှမ်းပေးသောအခါ စာရွက်ကလေးမှာ တဆတ်ဆတ် လှုပ်နေသည်။

ထိုသူက တစ်ဆင့် မောင်တွန့်လက်သို့ ပြန်ပေးသောအခါ ဟင်းခနဲ သက်ပြင်းချသကဲ့သို့ မောင်တွန်ကလည်း အံကြိတ်ပြီးမှ မောင်ညို့ထံ ပြန်ပေးသည်။ သုံးဦးသားသည် စာနှင့် လက်စွပ်ကို အတန်တန်ကြည့်ရှု တစိမ့်စိမ့် တွေးတော နေပြီးမှ ကတ္တီပါအိတ်နီကလေးသို့ ပြန်သွတ်ထည့်လျက် ကိုယ်ကျပ်အတွင်း သွင်းပြီးသည်အထိ ငြိမ်သက်နေမိကြသည်။

အတန်ကြာမှ မောင်ညိုက 'နို့ ကိုရင်က အသူတုံး'ဟု မေးသည်ကို-

'ငထွန်းပေါ်ပါသဲ့'ဟု ပြောလျှင်ပင် မောင်ညိုသည် မျက်နှာ အနည်းငယ် တင်းသွားသည်။ ပြီးမှ ဣန္ဒြေဆောင်ကာ 'မင်းကြီးဦးကောင်းတော့ အကြေပါသွားသယ်ဆို၊ သည်ဥစ္စာဟာ ဘယ်တုန်းက ပို့ခိုင်းသာတုံးဗျ'

'ကိုရင်စို ဆုံးသယ် ကြား ကြားချင်းပဲ ကိုရင့်နောက် လိုက်သာ အတန်တန် လွဲနေလို့။ သည့်ပေါ် ....'ဟု အသံတုန်ရင်းကမှ ဆက်လက်၍ 'အရေးတော် ပေါ်ပေါက်နေသာနဲ့ဗျ'ဟု သက်ပြင်းချလျက် 'မင်းကြီးကိုယ်တိုင် ဗျာပါတွေ များနေလို့ .... အကျွန်တို့ပါ မအားမလပ် ဖြစ်နေရမင့်ဟာ'ဟု ပြော၏။

'မင်းကြီး ပဓာကို ဗျာများစရာ ရှိလို့တုံး။ ချင်ကိုယ်တိုင် သည်အစီအစဉ်တွေ

ဖြစ်မယ်ဆိုသာ မသိဘူးသဲ့လား’ဟု မောင်ညိုက အသံဆတ်ဆတ်ပင် မေးသည်။ ငွေနန်း ပေါ်က မဖြေမိ တွေတွေကြီး ငေးနေသည်။

‘အစ်ကို မေးလည်း မေးစရာပ။ အိမ်း.... အိမ်း.... အစ်ကို့လိုပဲ သူတကာတွေ စိတ်မယ် မင်းကြီးကို အထင်လွဲမှာ အကျွန် မြင်သေးသယ်ဗျာ’

‘အထင်လွဲသာ မဟုတ်ပေါင်ပါ၊ သည့်အတိုင်းလည်း အမှန်ပဲ မဟုတ်လား။ အင်္ဂလိပ်ကို စစ်မတိုက်ရသဲ့အောင် မင်းတရားဘုရားနဲ့တောင် ချက်တစ်ဖြုတ် အယူအဆ လွဲကြသေးသယ်.... ဆို’

‘သည်လိုလေ့ အစ်ကို၊ သည်အရေးကို ရှင်းချင်ရင် အစ်ကို့ကို ပြကတူး မဆွက ပြန်ပီး ရာဇဝင်လှန်ပြရမလို ဖြစ်နေပီ။ သည်လို အစ်ကိုရဲ့။

‘အစောက သီပေါကို နန်းတင်ပေးသာ မင်းကြီးနဲ့ ဆင်ဖြူမရှင်မယ်တော်ကြီး ပဲ။ သာပေသိ နန်းရသာနဲ့ တစ်ပြိုင်တည်း မင်းတရားလေးက မင်းကြီးကို တယ်ပီး တင်စားတော်မမူဘူး။ တိုင်တားတို့၊ ရနောင် ကိုတုတ်တို့၊ ပင်းသာတို့နဲ့ များစွာ အလွန်း သင့်တော်မူပီး သင်းတို့ ကြိုးဆွဲရာသာ ပါတော်မူသယ်ဗျ။

‘မင်းသားတွေ သုတ်သင်သဲ့ အရေးကစပီး မင်းကြီးပေါ်မယ် အမျက်တော်ထားခဲ့ သာမယ် နောက်ဆုံး အင်္ဂလိပ်နဲ့ ရန်ပွားသဲ့ အထိပဲ။ မင်းကြီးကို တစ်ကြိမ်မက ရာထူးက ချတော်မူသယ်။ အဆောင်အယောင်တော့ မသိမ်းဘူးပ။

‘နောက်တစ်ချက်က မင်းကြီးဟာ နိုင်ငံရေးအမြင် ကျယ်သယ်၊ ဒေသန္တရ ဗဟုသုတ ပြည့်စုံသယ်၊ ရာဇဓမ္မ နှစ်ဌာနလုံးမယ် မင်းတရားလေးထက် သက်တော်ကြီးပီး ခမည်းတော် မင်းတုန်းမင်းတရားလက်ထက်ကတည်းက စွမ်းရည်ဆောင်ရည် ပြည့်ဝ ခဲ့သယ်ဆိုသာ အစ်ကိုတို့လည်း ကြားဖူးမှာပ။ သည်လို အရည်အချင်းတွေနဲ့ ကုံလုံပြည့်ဝ သဲ့ အလျောက် သက်တော်ငယ်ငယ်နဲ့ ရှင်ဘုရင်လုပ်ပီး အုပ်ချုပ်တော်မူရသဲ့ မင်းတရား လေးကို ပဲ့ပြင်ညွှန်ပြ တရားရာကျအောင် အတိုင်ပင်ခံအဖွဲ့ဆိုပီး အနောက်နိုင်ငံမယ် ရှိသဲ့ လွှတ်ရုံးများလို ဥပဒေစည်းကမ်းနဲ့ လွှတ်တော်ကြီးမျိုး ပြုလုပ်ဖို့ ဝက်မစွတ်စား ဦးဖိုးလှိုင်၊ မြို့သစ်ဝန်ထောက် ဦးအောင်ခိုတို့၊ ရေနံချောင်းဝန်ကြီး ဦးစိုတို့နဲ့ စိုင်းပြင်း လျှောက်ထားဖူးသယ်။ နာယူတော် မမူဘူး။ မနာယူသဲ့အပြင် မင်းကြီးကို အညှိုးတော် ထားခဲ့သေးသယ်။

‘အယေါင်းပါတွေပါ ရာထူးချ ခံရတော့ကာ မင်းကြီးမယ် စိတ်ပျက်စ ပြုလာသယ် ဗျ။ နိုင်ငံတော်ရဲ့ ကံကြမ္မာက အကွပ်အကဲ ကောင်းပါမှ နေရာကျမလို ဖြစ်နေသာမယ် ရှင်ဘုရင်က သင်းခွဲသလို လိုသူတစ်မျိုး မလိုသူတစ်မျိုးနဲ့ သဘောတော် နနေတော့ကာ ပြကတူးမှာတော့ မားထက်သဲ့ မင်းဖြစ်ရင် ဝန်ကြီးတွေ လွှမ်းမိုးမယ် ထင်ပါသယ်။ ခုခါမှ ရှင်ဘုရင် ပျော့ပျော့မှာ ပဲပြားပင်လို လေယူတိုင်း ယိမ်းနွဲ့နေပါကပီလို့ ဘင်္ဂလားက ညောင်အုပ်မင်းသားတွေ ပြန်ခေါ်ပီး နန်းပြောင်းတင်မှ ဟန်ကျမယ် ဆိုသဲ့ အကြံကို ယူရပြန်သယ်။

'သည်အကြံထဲမယ် ဆင်ဖြူမရှင်ဖုရားကြီးလည်း ပါသပေါ့။ သည်တော့ကမှ အကျွန်ုပ်ကို ကိုယ်တော်ကြီးတွေ လူယုံရယ်လို့ ဆင့်ခေါ်ပြီး အသုံးချသာပါပဲ။

'တိုတိုပြောကြစို့ ဆိုတော့ရင်ဗျာ အကျွန်လည်း မင်းကြီးရဲ့ အစီမံအတိုင်း အကြေမယ် လူယုံလွှတ်ထားပြီး ကိုယ်တော်ကြီးများနဲ့ တိတ်တဆိတ် ဆက်သွယ်၊ အရေးတော်ပုံ ဖြစ်ရင် သုံးဖို့ရာ ကိုရင်စိုနဲ့ နှစ်ယောက် ကွပ်ကဲပြီး လက်နက်တွေ စုဆောင်းသိုဝှက်လာကြသာ လေးနှစ်လုံးလုံးပဲ။ သာတွေ ပြောနေလည်း အပိုဖြစ်သွားပြီ'ဟု မောင်ညိုအား ထွေန်းပေါ်သည် အနှစ်နှစ်အလလ သက်ဦးဆံဖျား ပင်ပန်းစွာ စုဆောင်းသိုဝှက်ထားရသမျှ၏ အချည်းနှီးဖြစ်ရပုံ အဖုံဖုံ အဝဝတို့ကို တင်စားပါစ ဟု ကြည့်သည်။ ပြီးမှ သက်ပြင်းတစ်ချက် ရှိုက်သည်။ မောင်ညို စိတ်ဝင်စားစွာ ခေါင်းညိတ်ပြမှ ဆက်လက်၍ 'နိမ့်သောင် နောင်မှသိသယ်လေး ဆိုသဲ့ လှိုင်ထိပ်ခေါင်တင်ကလေးရဲ့ ဘောလယ်သွားလိုပေါ့၊ အမှားဆိုသာ နောင်မှ သိရပြီး တ ရလို့သာ နောင်တ ခေါ်ရသာ ကလား အစ်ကို'ဟု သက်ပြင်းမှုတ်ပြန်သည်။ နိမ့်သောင် .... နိမ့်သောင်သဲ့ဟုလည်း နှုတ်မှ တဖွဖွ တမ်းတနေသေးသည်။ ထိုအခိုက် သူတို့အနီးသို့ အခြား လူအစိတ်ခန့် တစ်စစ ရောက်လာကြရာ လမ်းတွင်စောင့်နေသော ကုလားစစ်သားများကလည်း လှံစွပ် တမြှမြှနှင့် အာဏာပါဏာ ပြနေသည်တွင် စုရုံး စုရုံး ဖြစ်နေကြသည်။ သုံးဦးသား ဘုရားတံတိုင်းကို ကပ်၍ စိန်ပန်းပင်ကြီးတစ်ပင် အရိပ်၌ ခိုနေကြရာမှ ထွေန်းပေါ်က ဆက်ပြီး 'မင်းတရားလေးကလည်း အနာဂတ်ထားတော်မူ၊ တိုင်တား အစရှိသဲ့ မှူးတွေ၊ ဝန်တွေ တစ်စုကလည်း ဓာတ်တူသားချင်း စားချင်နေကြတော့ကာ မင်းကြီးမယ် လျှို့ဝှက်ရမဲ့ အရေးကို သိုသိုသိပ်သိပ် များစွာ မဖြစ်နိုင်ရှာဘူး။ အကြေ ကုလားလက် ထဲမယ် မင်းကြီးရဲ့အရေးဟာ ဈေးစကား ဖြစ်လုဘနန်းပဲသဲ့။ သာလို ပေါက်ကြားသွားတော့ကာ သင်းတို့ ကြိုးဆွဲရာ ကရမလို ဖြစ်နေသာပ။ ကြိုးဆွဲတော့ မခံဘူး။ သူ့စိုး သေဖော်ညှိဆိုသာလို သင်းတို့ကိုလည်း အမိချုပ်မှ ဆိုပြီး အဖော်ညှိရသယ်။ အဖော်ညှိတော့ သင်းတို့ကလည်း နိုင်ငံတော်ကို ရအောင်သာ လုပ်ကြပါ၊ ဘဂ်လားက ကိုယ်တော်ကြီး နှစ်ပါးကို သုတ်သုတ်ခေါ်ခဲ့ပေးပါ့မယ်လို ကတိဝန်တာ ခံတယ်သဲ့ အစ်ကိုရဲ့။

'အဲသည် ကတိကြောင့်ပဲ သင်းတို့နဲ့ စစ်မတိုက်ပါနဲ့လို့ ရှင်ဘုရင် အကြံဆောင်း ခံစဉ်မယ် သံတော်ဦး တင်မိသယ်သဲ့။ မင်းတရားလေး ကိုယ်တော်တိုင်ကလည်း နန်းတော် ထဲ အင်္ဂလိပ်ဝင်သဲ့ အချိန်အထိ နိုင်ငံတော်လုပ်ကြံသဲ့ ရန်သူတွေရယ်လို့ သင်းတို့ကို မထင်ဘူးသဲ့။ ရာဇသံအတိုင်း စာချုပ်မလို့ လာသယ် အထင်နဲ့သာ ပါတော်မူသယ်သဲ့ အစ်ကိုရာ။

'အကျွန်တို့ လူစုကတော့ ကိုယ့်အကြံ အောင်ပြီထားသာ။ ထပြီး လက်ပန်းပေါက် တောင် ခတ်မိမလို့ လက်မတင်လေး။ အကြေက ပြန်လာသဲ့ မဇ္ဈိမဒေသ ဘုရားဖူး ဥပသကာ တကာတစ်ယောက်က ခု အင်္ဂလိပ်နဲ့ ပါလာသာ သင်းတို့ပြောသဲ့ ကိုယ်တော် ကြီး ဟုတ်မယ် မထင်ပါဘူး၊ ကိုယ်တော် ညောင်ရမ်းမင်းသားကြီးဟာ နတ်တော်လကပဲ

ဘင်္ဂလားမယ် နတ်ရွာလားသယ် ကြားခဲ့ရပါသယ်လို့ ပြောမှ သင်းတို့ သဘော်ကို အထောက် လွှတ်ကြည့်ရသယ်။

'မင်းတရားလေး ကိုယ်တော်တိုင်လည်း အထင်တော် မှားခဲ့ပါသယ်ဆို။ ဓါဝိန် ဆိပ်က သူရိယဆိုသဲ့ သဘော်ပေါ်ကျတော့မှ နောင်တော်ကြီး ပါလာသယ်ဆိုသဲ့ သတင်းဟာ လုံးဝ မမှန်မှန်း သိတော်မူရှာသတဲ့။

'အကျွန်ကိုယ်တိုင်က မအားလပ်လို့ အဲသည်နေ့က သဘော်ပေါ် လိုက်ကြိုသဲ့ လူစုနဲ့ ပါမသွားဘူး။ မင်းကြီးကိုယ်တိုင် ကိုယ်တော်ကြီးကို ဖူးမြော်ပါရစေ ဆိုတော့ သဘော်သေါ်က အင်္ဂလိပ်အရာရှိက ကိုယ်တော်ကြီး ကိစ္စတစ်စုံတစ်ရာကြောင့် အခြားသို့ ကြွမြန်းနေသယ်သဲ့။ အဲနောက် .... အခြားအရာရှိနဲ့ လွှတ်တော်က လူတစ်စု လိုက်သွားတော့လည်း ညနေ သုံးချက်တီးအထိသာ စောင့်ကြရသယ်၊ ကိုယ်တော်ကြီးကို မဖူးခဲ့ကြရဘဲ ပြန်ခဲ့ကြရသယ် သဲ့။

'ပြည်နှင်းလို့ မင်းအပ်ပီးမှ မင်းသားကြီး အနေနဲ့ ပါလာသာဟာ အကြေမော်လမြိုင်က သင်းတို့ရဲ့ စကားပြန် လုပ်လိုက်လာသဲ့ မွန်ဘာသန်း ဆိုသာမှန်း ယှကျုံးမရ သိရတော့သယ်။ သင်းတို့က အစသတ်တော့ ကိုယ်တော်ကြီးနဲ့ မင်းကြီးရဲ့ အဆက် အသွယ်ကို ကြားကဖြတ်ပီး မလိမ့်တပတ် လုပ်နေကြသာကိုး။

'နောက်ဆုံးအထိ ကိုယ်တော်ကြီးဆီက ကြွသာ ကြွနှင့်ပါ၊ လာနေပြီ ဆိုသဲ့ စာကိုပါ သင်းတို့က ပလီစိချောက်ချက်နဲ့ တစ်ပတ်ရိုက်သာပဲ။ သင်းတို့ရဲ့ ပရိယာယ် ဝေ့ဝစ် အစုတ်ထုပ်ဟာ အဲဟို ဘင်္ဂလားပြန် ဥပသကာဆီက သတင်းကြားရမှပဲ မှားမှန်း သိရအောင် ရုပ်လုံးပေါ်သာပဲ ဗျ။

'သည်တော့ကာ မင်းတရားလေး နန်းစံတစ်သက်လုံးမယ် မင်းကြီးဟာ တိုင်းပြည် ဆုံးရှုံးနစ်နာမှာ စိုးလို့ ဘယ်ကလောက် ဉာဏ်ကစားရသယ်ဆိုသာ လယ်ပြင်မယ် ဆင်သွားသလို ထင်ရှားပါသယ်။ တိုင်းပြည်ကောင်းစားဖို့ရာ ရှင်ဘုရင်ကိုတောင် တစ်ပါး မကောင်း တစ်ပါးပြောင်းပြီး နန်းတင်နိုင်အောင် ကြိုးစားသာပါပဲ။ တစ်နိုင်ငံလုံးရဲ့ ကံဇာတာကိုက ညှိုးမှိန်လေတော့ကာ မင်းကြီး ကြံသမျှဟာ အထမမြောက်ဘဲ လွဲမှားပျက်စီးပီး သင်းတို့အင်္ဂလိပ်ရဲ့ ဉာဏ်နီဉာဏ်နက်နဲ့ ဝေ့ဝစ်စိုးမိုးစရာ လုံးလုံးလျားလျား ဖြစ်သွားရသာပါပဲ အစ်ကိုရာ။

'တိုင်တားတို့က ဓားမချစတမ်း ခုခံမယ် ပြောသာတောင် သည်လိုဖြစ်မယ် မထင်လို့ မင်းတရားလေး ကိုယ်တော်တိုင် မြင်းခြံအထက်က စပြီး မြစ်စဉ်တစ်လျှောက် အဝ၊ စစ်ကိုင်း၊ သပြေတန်း စသဲ့ ခံမြို့တွေက ရှိသမျှ အလုံးအရင်း တပ်တော်တွေကို အမိန့်တော်နဲ့ ခေါက်သိမ်းတော်မူလိုက်ပါသေးသယ်။ အဲသာပါပဲ အစ်ကို'ဟု အဆုံးသတ်ပြီးမှ 'သာကိုမှ မင်းကြီးပေါ်မယ် သံသယ ဖြစ်နေသေးရင် မင်းကြီးရဲ့ကံပဲ ဆိုရမှာပ'ဟု ပြောတော့သည်။

မောင်ညိုသည် ပြောသမျှကို အားလုံး စေ့စေ့ငုငု နားထောင်လာခဲ့၏။ ငထွန်းပေါ်

စကားဆုံးသော အခါကျမှ သက်ပြင်းချသည်။ ပြီးမှ တွေတွေကြီးဖြစ်ရင်း 'သာဖြင့် ရေတိမ်နစ်သယ်ဆိုသာ သည်လို နစ်သာ ပြောသာကိုး'ဟု ဆိုဖော်ရလေသည်။

'ဟုတ်သယ်၊ ရေတိမ်မယ် အနစ်ခံရလို့လည်း ကိုရင့်ညီကို မင်းကြီး ထူးထူးခြား ခြား ယူကျုံးမရ ဖြစ်သွားရှာသာပါပဲ။ အသက်နဲ့လဲပြီး သင်း ဆောင်ရွက်သွားလေသမျှဟာ အဆုံးကျတော့ ယူကျုံးမရ ဖြစ်ရသာပါကလားလို့ ရှုံးမှာကို အဆုံးခံသွားရှာသယ် ဆိုပြီး နှမြောတော်မူသယ်သဲ့ အစ်ကိုရဲ့။ အကျွန်ကတော့ နှစ်မျိုး ဝမ်းသာ ဝမ်းနည်းသယ်။ ဝမ်းသာသဲ့ဟာက သင်းမသေမိက သင့် အသေခံရသဲ့အတွက် အရေးတော်ပုံ အောင်ပါစေ လို့ စွန့်လွှတ်သွားသဲ့နောက် ခုလို အချည်းနှီးဖြစ်မှန်း သိရသဲ့အခါ စိတ်ပျက်ရမဲ့အစား ခုလို သင်းမရှိတော့ စိတ်မပျက်ရသာပဲ။ ဝမ်းနည်းသာကတော့ ဘယ်အရေးတော်မယ် မဆို အနစ်နာခံကြသာချည့်ပဲ။ အနစ်နာခံကြသာချင်း တူပေမင့် အရေးတော် သာကြ အောင်ကြသဲ့ အခါမယ့်သာ အနစ်နာခံခဲ့သူတွေကို ပေါ်လွင် ချီးကျူးကြသယ်။ ခုလို အရေးတော် နိမ့်သဲ့အခါ ဆိုမှဖြင့် ဘယ်သူတစ်ယောက်ကမှ မတင်စား မချီးကျူးချင်ကြ သဲ့အတွက် သင့်ကို နှမြောသာပါပဲ။ အဲသာကြောင့်လည်း မင်းကြီးဟာ ခုနက ကတ္တီပါနီ ထုပ်က စာထဲမယ်-

> ဆုံးသူပါ ရှုံးရလေပြီ။ အရေးတော်ပုံ အောင်မြင်ရေးအတွက် သွေးဖြင့် စွန်းညွှတ် သွားသော မောင်ရင်အား ချွေးနှင့် မျက်ရည်ဖြင့် လွမ်းဆွတ် တသ နေရသည်။
>
> ဦးကောင်း

'အဲသာလို ကမ္ပည်းတော်တံဆိပ် ခတ်နှိပ်သွားသာပဲ။ အကျွန် ကျေနပ်ပါသယ်။ အကျွန် ကျေနပ်သလို အစ်ကိုလည်း ကျေနပ်ပါလို့ တောင်းပန်ချင်ပါသယ်'ဟု ငထွန်းပေါ် သည် တည်ငြိမ်သော ဣန္ဒြေဖြင့် ပြောသောအခါ ညီကြီးက-

'အကျွန့်ညီဟာ တရားသယ်ထင်ရင် သိကြားတားတောင် ဖွတ်ဖွဲကောင်းသာ တစ်ခုပဲ ပြကတူးက သိမိသယ်။ ခုမှ သင့်ကလေးသွေးဟာ ကျုပ်စားလုပ်သဲ့ သံထက် တောင့်မှန်း သိရပါသယ်။ ကျေနပ်နိုင်ပါပီ အစ်ကို'ဟု ပြောကာ မျက်ရည်နှင့် ထိုင်းနေ သော မျက်လုံးဖြင့် ငထွန်းပေါ်အား ကြည့်သည်။

အတန်ကြာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြတော့ပေ။ အတန် ကြီး ကြာမှလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိကာ မောင်ညိုက စတင်၍ 'သာပေသိ အစ်ကို၊ ချင့်ရဲ့ လက်စလက်နဟာ မသိမ်းရသေးဘူး။ လက်စသိမ်းပြီး ရှင်းဖို့ အကျွန့်မယ် တာဝန်ကျန်သေးသယ်။ နောင်ခါမှ အစ်ကိုနဲ့ အေးအေးလူလူ တွေ့ကြသေးသာပ'ဟု ပြောပြီး ပြုံးလေသည်။ ငထွန်းပေါ်ကလည်း ပြုံးလျက်ပင် 'အကျွန့် မလည်း ကိုရင်စိုရဲ့ လက်စ မသိမ်းရသေးပေါင်ပါ။ သိမ်းဖို့ ရှင်းဖို့ တာဝန် ကျန်ပါ သေးသယ်'ဟု ပြောလေသည်။ ထိုအခိုက် လမ်းဆုံသို့ အင်္ဂလိပ်စစ်ဗိုလ်တပ် ရောက်လာ လေသည်။

စုရုံးနေကြသော လူစုလည်း တရွှရွှဖြစ်သွားကြကာ ဘင်ခရာ တီးမှုတ် သီဆိုလာကြသော အင်္ဂလိပ်တပ်ကို မမြင်စဖူး တထူးတဆန်း စုပြုံ တိုးဝှေ့ ကြည့်ကြသည်။ မောင်ညိုနှင့် ထွေန်လည်း မြင်းခေါင်းလှည့်ကြ၏။ ထွေန်းပေါ်လည်း ဤသို့ပင် ကြည့်ရင်း ‘လာကြ ပေါ့ အစ်ကိုရာ.... လာကြပေါ့၊ မာယာတစ်သိန်း အပလိန်း အနန္တနဲ့ ဉာဏ်ကြီးရှင် ပါပကြီးတွေပေါ့။ သင်းတို့.... သင်းတို့ကိုပေါ့၊ တစ်ပြည်လုံးမက မင်းတရားလေးကပါ ယုံကြည်စိတ်ချတော်မူပြီး တစ်ဖက်ရှိ ပြင်သစ်က နောက်ဆုံး သင်းတို့ရောက်မှန်း သိလျှင် သိချင်း သင်းတို့နောက် မလိုက်ပါနဲ့၊ နန်းတော်ကြီးမယ် ပြင်သစ်အလံသာ ထူလွှင့်ပါ၊ သင်းတို့ ရန်မမူရဲပါဘူး၊ သာမှမဟုတ်လည်း ပြင်သစ်ဝင်းထဲ ဝင်ပြီး စံမြန်းတော်မူနေပါလို့ လျှောက်ထားသာတော့်င် အို.... သင်းတို့ ငါကိုယ်တော်ကို သာ့ကလောက် ရက်စက်ကြ မယ် မထင်ပါဘူးလို့ အယုံကြီး ယုံသွားသေးသာ။ အိမ်း သင်းတို့ .... သင်းတို့....’ဟု ပြောသည်။ ပြောပြီး ပြုံးသည်။ ပြုံးပြီး ရယ်လေသည်။ ရယ်ပြီးလျှင် မောင်ညိုတို့ရှေ့မှ တိုးထွက်သည်။

မောင်ညိုက ‘ဘယ်တုံး အစ်ကို၊ သင်းတို့ လမ်းပိတ်ထားသယ်’ဟု ပြောသည်ကို ကြားဟန် မတူပေ။ မောင်ညိုက ‘အစ်ကို သည်ကပဲ ကြည့်လေ၊ ဘယ်တုံး’ဟု ထပ်အော် ခေါ်မှ မောင်ညို့ထံ ခေါင်းငဲ့ကြည့်၍ ‘ကိုရင်စို့ဆီလေ့’ဟု ပြုံးပြသည်။ ပြုံးရာက ကုန်းထိပ် တွင် ချိတ်ထားသော ဓားကို နေရောင်၌ လက်ခနဲ ဝင်းသွားအောင် ဆွဲချွတ်လိုက်သည်။

‘ကိုရင်’ဟု မောင်ညို နောက်ထပ် ခေါ်သံကား အဆုံးမသတ်နိုင်တော့ပေ။

အင်္ဂလိပ်စစ်သားများမှာ ဘောင်းဘီဝတ်စုံ၊ ဖော့ဦးထုပ်ဖြင့် သေနတ်ထမ်းပြီး သဲလမ်းကြီးတစ်လျှောက် ဖုန်တထောင်းထောင်းနှင့် စစ်အလှ ချီလာကြသည်။ သူတို့၏ စစ်ချီသီချင်းကို သံပြိုင်ဆိုရင်း ရှစ်ယောက်တစ်တန်း ရင်ပေါင်ချီနေကြရာ မောင်ညိုတို့ နေရာမှ စစ်သားများ ခြေညီညီ လျှောက်သွားသည်ကို ကောင်းစွာ မြင်နိုင်သည်။ မြင်းဖြူကြီးတစ်စီးပေါ်တွင်ကား စစ်ဗိုလ်နှင့် တူသူသည် ဖော့ဦးထုပ်မြင့်မြင့် ဆောင်း၍၊ ပခုံးတွင် ရွှေရောင်ဒေါက် တပ်ဆင်ပြီး၊ ခါးမှာကား ငွေဓားကြီးတစ်လက် ချိတ်ကာ၊ ပစ္စတိုခေါ် သေနတ်ပြောင်းတို တစ်လက်လည်း ပါသည်။ သူက တစ်ဖက်သော လမ်း စောင်း စစ်တပ်၏ဘေးမှ မြင်းကို အသားကျ လှုလှုရွရွ စီးလာသည်။ ယခင်က မောင်ညို တို့ကို လမ်းပိတ်သော ကုလားခြေသည် နှစ်ယောက်လည်း သေနတ်ကို တောင့်ထား၍ အရှိအသေ ပြုနေသည်။ ကြည့်နေကြသူများထံမှကား အံ့အားသင့်ခြင်း၊ အထင်ကြီးခြင်းမှ အစပြု၍ တစ်စစ တစိမ့်စိမ့်နှင့် ကြောက်သွေးဖျန်းမည့် ဝါဒ လွှမ်းမိုးသည့် အရိပ် အယောင်ကို ပြစ ပြုနေကြပေပြီ။

ထိုအခိုက် ထွေန်းပေါ်၏ မြင်းရွှေကြီးသည် လူအုပ်ကြားမှ အတင်း တိုးထွက်ပြီး လျှင် ရှစ်ယောက်တစ်တန်း ရင်ပေါင်စီလာသော စစ်သားအမြောင်းနှစ်မြောင်းသို့ ရုတ်

တရက် ရောက်သွားသည်။ စစ်သားများ ဖရိုဖရဲ မဖြစ်မီပင် ထွန်းပေါ်၏ မြင်းရောင်သည် မြင်းနှင့်လူတွေ၏ ခြေထောက်ဖြင့် တထောင်းထောင်း ထသွားသော ဖုန်တောကြီးထဲတွင် တလက်လက် ပြောင်သွားသည်။ ရှေ့တန်းနှင့် နောက်နားဆီမှ စစ်ချီသီချင်းနှင့် ဘင်ခရာ သံမှာ ခေတ္တသော် အရှိန်နှင့် ဆိုမြည်နေပြီးမှ ချက်ချင်း တန့်ရပ်သွားသည်။ ထိုအတွင်း ထွန်းပေါ်၏ မြင်းကြီးသည် အင်္ဂလိပ်စစ်ဗိုလ်၏ မြင်းဖြူကြီးအနီးသို့ ကပ်နေသည်ကို မြင်ရမှ နောက်က စစ်တပ်၏ တစ်ခဲနက် ဟစ်အော်သံနှင့် မရှေးမနှောင်း၊ အမှတ်မထင် မျက်နှာရှေ့တူရှုကြည့်နေသော စစ်ဗိုလ်သည် ထွန်းပေါ်ဘက် လှည့်ကြည့်ကာ၊ လက်တစ်ဖက်က ပစ္စတိုပြောင်းတို ဆွဲဖြုတ်သည်ကို မြင်ပြီးလျှင် တဒိုင်းဒိုင်း မြည်သွားသံနှင့် အတူ မြင်းရော လူပါ နောက်သို့ လှည့်၍ လည်သွားသော ထွန်းပေါ်အား တွေ့ရလေသည်။

ထိုအသံနှင့် တစ်ဆက်တည်းလည်း ဖုန်လိုင်းကြီးတွေ တမှိုင်းမှိုင်း ထွေးတက်နေရာသို့ တဖြောက်ဖြောက် ပစ်သွင်းကြသော စစ်သားများ၏ သေနတ်သံကို နားကွဲလုဘနန်း ကြားလိုက်ရတော့သည်။

သေနတ်သံ စဲသွားပြီး ဖုန်တွေ ကွဲသွားသည်အထိ လူစုမှာ မှင်တက်မိသကဲ့သို့ ဖြစ်သွားလေသည်။ ပြီးမှ ပြေးသူပြေး၊ ခရာသံတွေ တရှိရှိ တွတ်သည်နှင့် မရှေးမနှောင်းပင် အရပ်လေးမျက်နှာမှ မြင်းနှင့်တစ်မျိုး၊ ခြေကျင်တစ်တန် လျင်မြန်စွာ ဝိုင်းဝန်းရောက်လာကြသော အင်္ဂလိပ်နှင့်ကုလား စစ်သားများကို မြေမှုန်ဖုန်မှိုင်းကြားမှ ကြားရ မြင်ရတော့သည်။

မောင်ညိုနှင့်တွန်မှာ မြင်းကို လည်စင်း၍ ကြောင်တက်တက် ငေးငိုက်နေမိရင်းက သတိပြု၍ ဘေးဘီသို့ ကြည့်မိမှ မိမိတို့မှာ အထပ်ထပ် ဝိုင်းရံထားသော အင်္ဂလိပ်စစ်တပ်တွေ အလယ်၌ ရောက်ရှိနေပြီဟု သိရလေသည်။ သို့သော် မျက်နှာတင်းတင်းနှင့်ပင် မှုမပျက် အကဲခတ်နေကြရသည်။

ယခင်က ဘင်ခရာ တီးမှုတ်သီဆို၍လာသော ဗြိတိသျှ အောင်တပ်တော်ကြီးမှာ ယခုသော် တိတ်ဆိတ်လျက် နေလေပြီ။ စစ်ဗိုလ်သည် သေနတ်ကိုမချဘဲ လက်ထဲတွင် တဆတ်ဆတ်နှင့် ပြူရင်း ကုလားစစ်သား နှစ်ယောက်အား မာန်မဲ စစ်ဆေးနေသည်။ ပြီးလျှင် အဘယ်နေရာက ရောက်လာသည် မသိသော တစ်ပါးကျွန် အကျိုးတော်ဆောင် ကောင်း အကြေသား စကားပြန်တစ်ယောက်နှင့်အတူ နေရာတွင် ညှပ်ပူးညှပ်ပိတ်မိပြီး ကြွင်းကျန်နေခဲ့သည့် ငညိုတို့ အစရှိသော လူအုပ်ထံ ငေါက်ငမ်းမေးမြန်း စုံစမ်းပြန်သည်။ ဘယ်သူလဲ၊ ဘယ်က ရောက်လာသလဲ၊ ဘယ်နေရာက ဝင်လာသလဲ အစရှိသော မေးခွန်းများကို မောင်ညိုတို့လည်း "ဘူး"တစ်လုံး ဆောင်လျက် ခေါင်းခါ လည်ခါသာ လုပ်လိုက်ကြသည်။ စစ်တပ်နောက်ဆုံးမှ လိုက်လာသော တပ်ကြပ်လည်း ငါးယောက်လုံးလုံး လျော့သွားပြီဖြစ်သော သူ့တပ်ကို လူစစ် မေးမြန်း မှတ်သားနေသည်။

အတန်ကြာမှ သူတို့ချင်း တစ်စုံတစ်ရာ တီးတိုးတိုင်ပင်ပြီးလျှင် ခေတ္တကြာသော်

မြင်းနှစ်ကောင် ဆွဲလာသော အမြောက်လှည်းတစ်စီးပေါ်သို့ စစ်သားများ၏ ခေါင်းတဲတဲ လည်တဲတဲ မျက်နှာစုတ်ပြတ် နားရွက်ပြတ်သတ်နေသော အလောင်းငါးလောင်းကို တင်၍ အလံအုပ်ကာ နေရာမှ တစ်တပ်လုံးခေါက်ပြီး ဝဲလှည့် ချီတက်သွားကြသည်။ ဘင်သံ ခရာသံလည်း သုဉ်းတိတ်သွားသည်။ နေပူကျဲကျဲမှာပင်လည်း ဦးထုပ်တွေ ချွတ်ကိုင်သွားကြရာ သူတို့၏ ပြောင်းဖူးမွေးရောင် ဆံပင်တွေနှင့် အလံ ကြက်ခြေခတ် သည်သာ ဖုန်တထောင်းထောင်းတွင် တဖတ်ဖတ် တလှုပ်လှုပ် မြုပ်ချည် ပေါ်ချည်နှင့် ဝေးလှမ်းသွားတော့သည်။

ထိုသို့ စစ်တပ်ဝေးသွားမှ ဖုန်ထဲတွင် ပစ်စလက်ခတ် ထားရစ်ခဲ့သော ငထွန်းပေါ် ထံ ဝိုင်းပြုံ တိုးခဲ့ကြသည်။ မောင်တွန်နှင့် ညီညိုလည်း မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းပြီး လူအုပ် မဝိုင်းမီခင်ပင် ငထွန်းပေါ်အလောင်းကို ပြေး၍ ပွေ့ကြသည်။ မျက်နှာ၊ ကျော၊ ရင်အုပ်တို့တွင် တိုးလျှိုပေါက် သွေးတဖွက်ဖွက် စီးစိမ့်နေသော ငထွန်းပေါ်၏ အလောင်း မှာ ရစရာမရှိအောင် ဖွတ်ဖွတ်ကြေ စုတ်ပြတ်နေလေသည်။ မောင်ညိုနှင့် တွေန်လည်း နေရာများစွာမှ စမ်းသပ်၍နေကြရာ သူတို့တစ်ကိုယ်လုံးတွေမှာ ချက်ချင်းပင် သွေးတွေ အလူးလူး ရွှဲစို နီကြင်နေတော့သည်။ မောင်ညိုသည် လျင်မြန်စွာ အလောင်းကို မြင်းနှင့် တင်ယူသွားရန် စိတ်ကူးရလေသည်။ တွေန်ကလည်း ထိုအကြံကို ပြိုင်တူတွေးမိသည့် အလား အချင်းချင်း တွေတွေကြီး မျက်နှာကဲခတ်ပြီးသည့်အဆုံး နှစ်ယောက်သား ပွေ့ချီမည် ပြင်မှ မြင်းခွာသံ တဖြောင်းဖြောင်းနှင့် ရောက်လာပြန်သော အင်္ဂလိပ်စစ်တပ်ကို မြင်ရသဖြင့် အကြံလျှော့သည့်ပုံနှင့် အလောင်းအနီးမှ မချီတင်ကဲ အားမတန် မာန်ရှဲပြီး ထ လိုက်ကြရတော့၏။

ဖုန်တောထဲရှိ သွေးအိုင်တွင် မလှုပ်မယှက် မှောက်လျက်နေသော ငထွန်းပေါ်၏ ယာလက်သီးဆုပ်တွင်ကား ဓားကိုဆုပ်လျက်ပင် တွေ့ရသည်။ သွေးစီးချောင်းကြီးသည် ရင်အုံအောက်မှ လက်သီးဆုပ်ရောက်အောင် စီးပြီးလျှင် ဓားရွက်တစ်လျှောက် စုအိုင်၍ ဝပ်နေလေရာ ပူပြင်းသောနေရောင်တွင် သွေးမှလက်သော သွေးရောင်နှင့် သံမှလက်သော သံရောင်သည် တပြောင်ပြောင် တောက်ပ ရောယှက်နေလေပြီ။

ရှူးသူတစ်ယောက် ဆုံးပြန်ချေပြီ။ ချက်ချင်းလိုပင် မြင်းအုပ်ရောက်လာကာ လှံစွပ်ဖြင့် ချိန်ရွယ်၍ မောင်ညိုတို့နှင့်အတူ စုရုံး ဝိုင်းအုံလာကြသော လူစုကြီးအား အတင်းအဓမ္မ မာန်မဲခြိမ်းခြောက် မောင်းနှင်ပစ်တော့သည်။ မောင်ညိုတို့လည်း မြင်းကို ဆွဲ၍ နောက်သို့ ခပ်လှမ်းလှမ်း ရှဲဖယ်ပေးပြီး ဘာလုပ်မည်နည်းဟု အကဲခတ်နေသည်။

မြင်းအုပ်သည် ထွန်းပေါ်အလောင်းကို ရုတ်တရက် ဝိုင်းရံလိုက်ပြီး မြင်းပေါ်မှ ကုလားစစ်သားနှစ်ယောက် လျင်မြန်စွာ ခုန်ဆင်းကာ ကျူတိုင်လေးတိုင် ထောင့်လေး ထောင့်ဆိုင် စိုက်၍ ကြိုးကာလိုက်သည်။ ပြီးလျှင် မြင်းပေါ်က မဆင်းဘဲနေသော အင်္ဂလိပ် တပ်ကြပ်နှင့် တူသူတစ်ယောက်က စက္ကူထူ ချပ်ပြားတစ်ချပ်တွင် ဆေးမည်းဖြင့်–

"သူပုန်"

ဟု ရေးထားသော ဆိုင်းဘုတ်ကမ္ပည်းချပ်ကို ကျူတိုင်ဖျားတွင် ချိတ်ဆွဲခဲ့ပြီး ထွက်ခွာသွားကြသည်။

မောင်ညိုသည် နားအုံကြောကြီးတစ်စင်းလုံး ခဲသွားအောင် ခေါင်းနားပန်းကြီးသွားလျက် အံကြီးတစ်ချက် ကြိတ်၍ တွေတွေကြီး ဖြစ်နေမိ၏။ အုပ်ထဲမှ လူစုအချို့တွင်ကား ခေတ္တသာ ငေးစိုက်ကြည့်ရင်း တစ်စစနှင့် နေရာမှ ကုပ်ချောင်းချောင်းဖြင့် ဆုတ်ခွာသွားကြသည်။ ပြည်ကိုလုသည့် သူခိုးက လူကို ဟစ်ချေပြီတကား။

အတန်ငယ်ကြာမှ 'ကိုရင်ညို'ဟု ခေါ်သံကြားရာသို့ လှည့်ကြည့်မိသည်တွင် 'ရှိ စေည်သူ'ဟု အားပါးတရ ဆိုမိပြီး မြင်းကို စေည်သူ့ထံ လှည့်သွားရင်း 'ဘယ်က လာသာတုံး၊ မင့်ကို အင်တန် တွေ့ချင်နေသာ'ဟု ပြောမဆုံးမီ စေည်သူကလည်း ညို့မြင်းဇက်ကို လှမ်းဆွဲရာမှ 'အစ်ကိုညို တွေ့ချင်သဲ့ကိစ္စ အကျွန်သိပါသယ်။ သင့်တပ်ပျက်ကတည်းက ပြန်မလာဘူးဗျ။ ဘယ်သွားသယ်လဲ မသိရဘူး။ ဦးထင်ကလည်း အကျွန့်ကို မပြောဘူး။ အစ်ကိုညိုကိုသာ တွေ့အောင် ရှာပါသဲ့'

'ဦးထင်က သိရို့လား'ဟု မောင်ညို မျက်မှောင်ကုတ် မေးသည်တွင် စေည်သူက 'သိသယ် မသိသယ်တော့ မပြောနိုင်ဘူး၊ ကိုရင်ညိုကို တွေ့အောင် ရှာခေါ်ချေလို့သာ နိုင်းသာပဲဗျ'

'ချင်း ဘယ်ဆီမလဲ၊ လာလေ သွားစို့'ဟု ပြောတော့သဖြင့် စေည်သူလည်း ဇက်စင်းပေးသော ညို့မြင်းပေါ်သို့ ခုန်တက်လိုက်ခဲ့သည်။ မောင်တွန်ကား စကားမပြောဘဲ စဉ်းစား၍ လိုက်ခဲ့သည်။ အတန်ကြာ သွားမိမှ စေည်သူက 'သင့် ကိုရင်ထွန်းပေါ်သည်လို တစ်နေ့နေ့ လုပ်မယ်လို့ အကျွန်ထင်သား။ ကိုရင်နောက်တော့ မာရဘင်တပ်စုနဲ့ သွားပေါင်းပီး အနောက်ဘက်ဆီက နေပီး အင်္ဂလိပ်ကို ခြားနားနေပေါ့လား'ဟု ပြောသည်။ မောင်ညိုက မျက်လုံးအရောင်တောက်သွားပြီး 'ဟုတ်စ' ဟုသာ ခွန်းတုံ့ပြန်၏။

'ဟုတ်သယ်၊ ကိုရင်ထွန်းပေါ်ကတော့ အကျွန်နဲ့တွေ့တုန်းက ငါတို့ဗိုက်ထားသဲ့ လက်နက်တွေလည်း လက်ကြားရေယို ဖြစ်ကုန်ပီ။ တို့လူတွေလည်း ဖရိုဖရဲ ဖြစ်နေပီ။ ငါ ပဓာမှ မလုပ်နိုင်တော့ဘူး။ သင်းတို့အင်္ဂလိပ် အင်တန် ပလီသယ်၊ မတရားလုပ်သယ်။ ယောကျ်ားပီပီ စစ်ကိုတောင်းပီး စစ်မြေမယ် ဓားစွမ်းပြ တိုက်ခိုက်ယှဉ်ရမဲ့အစား နိုင်ငံတော်တစ်ဝန်းလုံး စိတ်ဝမ်းမညီ စစ်သွေးမမွေး လက်နက်ခဲယမ်း မပြည့်မစုံနဲ့ စစ်မတိုက်နိုင်သေးမှန်း သိလျက်နဲ့ သက်သက် အနိုင်ဝင်စီးပီး မလိမ့်တပတ် ယူကြသာ ငါ အခဲမကျေဘူး။ သင်းတို့အောက်မယ် ရှင်နေရသာထက် သင်းတို့ကို တစ်ခေါင်းဖြစ်ဖြစ် ဖြတ်ပြီးမှ ငါ သေမယ်သဲ့။ ခုတော့ ငါးခေါင်းတောင် ဖြတ်သွားသာပဲ'ဟု ပြောလေသည်။

နောက်ထပ် မောင်စည်သူ မပြောတော့ပြီ။ နောက်ထပ်လည်း မောင်ညို မမေးတော့ပေ။ မေးစရာလည်း မလိုတော့။ သူတကာမယ် ကိုယ့်တာဝန်ကို ကိုယ်အဆုံးတိုင်

ပြီးပြီးပြတ်ပြတ် ကျေကျေပွန်ပွန် ဆောင်ရွက်သွားကြပေပြီ။ မောင်ညိုတစ်ယောက်သာ....။

မောင်ညိုသည် မြင်းနံကို ဖနောင့်တစ်ချက် ထောက်၍ တောက်တစ်ချက် ခေါက်ကာ 'ဘယ်ဆီမလဲကွ မင့်လူ'ဟု မေး၏။ အသံကား မွဲခြောက်ခြောက် ဖြစ်နေသည်။

စေည်သူ လမ်းပြသည့်အတိုင်း မကြာမီလည်း မောင်ညိုတို့ မြင်းနှစ်စီးသည် တရုတ်တန်းသို့ ရောက်ခဲ့ကြကာ အိမ်တစ်အိမ်ရှေ့တွင် ဖုန်တထောင်းထောင်းဖြင့် ထိုးရပ်လိုက်ရ၏။

'သည်အိမ်ပဲ'ဟု စေည်သူ ပြသောအိမ်မှာ အိုမင်းယွင်းယိုင်၍ ကျက်သရေမဲ့လှလေသည်။ တရုတ်စာတန်း ရေးသားထားသော သစ်သားချပ်ကြီးနှစ်ချပ်သည် လေသာဦ ယိမ်းခါနေသည်။ အနီးအနားရှိ အိမ်များကား တံခါးပိတ်ထားကြသည်။ တစ်ရပ်လုံးလည်း တိတ်ဆိတ် ခြောက်သွေ့နေ၏။ သူတို့ ဝင်ရမည့် အိမ်မှာလည်း တံခါးပိတ်ထားရာ မောင်ညိုက မြင်းပေါ်မှ ဆင်းပြီး စေည်သူက 'လာလေ ကိုရင်ညို'ဟု ခေါ်ကာ တံခါးကို လက်ခေါက်ဖြင့် ခေါက်လိုက်သည်။ ခေတ္တနေလျှင် တံခါးရွက်ကြီး အလယ်မှ တံခါးပေါက်ကလေးတစ်ခု ပွင့်လာပြီးနောက် ချက်ချင်း တံခါးဖွင့်ပေးသည်။ မောင်ညိုတို့လည်း ဤတွင်မှ မြင်းတွေကို အိမ်ရှေ့ ဆီးပင်ပုတစ်ပင်မှာ ချည်ရစ်ကာ အိမ်ထဲသို့ ဝင်ခဲ့ရသည်။ 'လက်စသတ်တော့ ဦးဇင်ဟာ ကွမ်းပုံကုမ္ပဏီကြီးကိုး'ဟု မောင်ညိုက တိုးတိုးဆိုမိ၏။ စေည်သူကမူ ရှေ့မှ လမ်းပြ၍ မှောင်အတိ မည်းသော အိမ်အတွင်းသို့သာ သုတ်သုတ်ခေါ်သွားတော့သည်။

## ၅၃ | အချစ်ကို မဖြုန်း၊ အစစ်ကို မုန်း

အဝတ်ပုဆိုးတို့တွင် သွေးအလူးလူး ဖုန်အထပ်ထပ် ပေကပ်နေသော မောင်ညိုနှင့်တွန်ကို ဦးထင်က မြင်မြင်ချင်းမှ စ၍ အံ့အားသင့်ခြင်း၊ ဝမ်းသာခြင်း စသော အမူအရာကို မပြပေ။

ထို့အတူ သစ်သားကွပ်ပျစ်တစ်ချပ်တွင် ပက်လက်လန်၍ အရိုးပေါ် အရေတင် မျက်လုံးဟောက်ပက်နေသော၊ အသက် ဖုတ်လိုက်ဖုတ်လိုက်မျှသာ ရှူနေသော ဦးထင်ကို မောင်ညိုတို့က အံ့အားလည်း မသင့်၊ ကရုဏာလည်း မသက်ပေ။

တစ်အိမ်လုံးကား တိတ်ဆိတ် ငြိမ်သက်နေသည်။ တစ်မြို့လုံး သုဉ်းနေသောအခါ မည်သည့်အိမ်သည် ပြုံးပါနိုင်အံ့နည်း။

ဦးထင်သည် မောင်ညိုတို့မလာမီက မျက်လုံးစုံမှိတ်၍ မှေးနေသည်။ ငြိမ်သက်စွာ မှိန်းနေသည်။ ကြွင်းကျန်သမျှ အာရုံဖြင့် မောင်ညို့ ခြေသံကို နားစွင့်နေခဲ့သည်။ မောင်ညို့ ခြေသံ ကြားလျှင်ပင် မျက်လုံးစုံ ဖွင့်ကြည့်ခြင်း ဖြစ်သည်။ မောင်ညိုမှန်း သိရလျှင် သိရချင်း မောင်ညို့ မျက်နှာကို စိန်းစိန်းကြည့်ရင်း–

'အရောက်လေးလှချည့်လား ညီ၊ မင့်ကို မသေဘဲ စောင့်နေရသဲ့ ငါ့အသက်ဟာ ထွက်ချင်နေလှပြီ'ဟု အသံတိမ်တိမ် ပြောသည်။ အသံတိမ်လှသောကြောင့် မောင်ညိုက ဖြုတ်၍ ကိုင်လာသောဓားကို ကြမ်းပေါ်သို့ ဂျောက်ခနဲ ထောက်ပြီး ကိုယ်ကြီးကိုင်း၍ နားထောင်မှ 'မသေခင် သင့်ကိုသတ်ဖို့ မင်းကို ခိုင်းသွားရမယ်။ သုတ်သုတ်လိုက်ကွယ့် နော်'ဟု အသံချက်ချင်း မာလာတော့မှ မောင်ညိုသည် ကိုင်းထားသောကိုယ်ကို ပြန်၍ မတ်သည်။ ဦးထင့် မျက်လုံးတွေကား အရောင်လက်နေသည်ဟု ထင်ရသည်။

'ဘယ်မတုံး ချင်း'ဟု မောင်ညို ခပ်မာမာ မေးသည်။ ဦးထင်က မောင်ညို့ငေါက်သံကို ဂရုမထားပုံဖြင့် 'ရမန်းကို သွားလေရဲ့။ သင်းနဲ့အတူ မင်းဒန်လည်း ပါသွားသယ်။ သင့်တပ်ပျက်က လူလေးယောက်လည်း ပါမယ်ထင်ပ၊ သုတ်သုတ်လိုက်၊ ရမန်းရောက်ရင် ရှမ်းပြည်နယ်ထဲ ဝင်ပြီး ခြေရာပျောက်သွားလိမ့် မနော။ သုတ်သုတ်လိုက်၊ သုတ်သုတ် သတ်စမ်းပါ့ သင့်ကို'

ပြောပြီးမှ ဦးထင် မောလာသည်။ နှုတ်ခမ်းခြောက်ကြီးကို လျှာနှင့်လျက်သည်။ ခေါင်းရင်းဘက်တွင် ရေတစ်ဝက်ခန့်ရှိသော နှီးမှုတ်တစ်လုံးရှိရာ ၎င်းကို ဦးထင်သည် မျက်လုံးလှန်ကြည့်ရင်း ကိုယ်နှင့်ကပ်နေသော လက်တစ်ဖက်ဖြင့် လှမ်းယူရန် ပြင်သည်။ လက်က ကိုယ်မှ မကွာပေ။ မောင်ညိုသည် ဓားအိမ်စွန်းဖြင့် နှီးမှုတ်ကို ဦးထင်မျက်နှာ အနီးသို့ တိုးပေးသည်။ လက်နှင့်ယူပြီး မတိုက်ပေ။ မျက်နှာအနီးသို့ပင် အရောက် မတွန်းပေးမိ 'နို့ ခင်ဗျနဲ့ ဘယ်လို သင်းကွဲကြသာတုံး'ဟု မောင်ညိုက သိချင်သည်တွင် ဦးထင်သည် ရေခွက်ထံ အာသာတငမ်းငမ်း ကြည့်နေရာမှ နောက်ဆုံး၌ အာတခြောက်ခြောက်ကို တံတွေးဖြင့်ဆွတ်ရန် ကြိုးစားပြီး 'သင်း ပဇာ ကျေးဇူးသိတတ်လို့တုံး။ သင့်ဆိမယ် နေရင်းက ငါကြိုက်တတ်သဲ့ ကွမ်းပုံဖိုးတောင် မှန်မှန်မပေးနိုင်ဘူး။ သင့်အတွက် ငါ ဘယ်ကလောက် ရှက်ဆောင်ပေးသလဲ၊ မင်း မသိဘူးကွယ့် အဂ္ဂမ သားကြီး ညီရဲ့'ဟု ပြောပြီး မောပြန်သည်။ 'ပဇာ ရှက်ဆောင်ပေးလို့တုံး'မောင်ညိုက မောမှန်း သိလျက်ဖြင့် မညှာပေ။

'ခင်မှုံကို သတ်ပေးသာ ဟာလေ....'ဟု လွတ်ခနဲ ပြောလိုက်၏။ မောင်ညို အံ့အားသင့်သွားသည်။ တွေသွားသည်။ 'သင့်ကိုယ်တိုင် သင့်မယားကို သတ်သာ မဟုတ်ဘူးပေါ့'ဟု မေးရတော့သည်။ မောင်တွန်ကလည်း ရှေ့သို့ တိုးလာမိ၏။

ဦးထင်သည် အသံ ခြောက်ကပ်ကပ်ကြီးဖြင့် အောတောတောကြီး ရယ်လေသည်။ အရိုး တငေါငေါနေသော ရင်အုံကြီးသည် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်လာသည်။ ရယ်ရာမှ နဖူးတွင် ချွေးစီးတွေ စို့လာပြီး အသက်မှန်မှန်ရှူရင်း 'အမိုက်မလေးနှယ်၊ မှောင်ကြီးမည်းမည်းမယ် မကြောက်မရွံ့ သင့်လင်ငယ်ကို ခေါ်လိုက်သာလေ တကြော်ကြော်နဲ့၊ စိုကိုလေ၊ မင့်ညီ မင့်ညီ'ဟု ဦးထင်သည် နှုတ်ခမ်းကို လျှာဖြင့် လျက်ပြန်သည်။ မောင်ညိုတို့က အံကြိတ်ပြီး စောင့်ကြည့်နေသည်။

'သိမ်ထရံမှာ ငါက စောင့်နေသာ၊ သင်း မသိဘူး။ ဘယ်သိမလဲ ....ကျောက်

ဘီလူးရုပ်နဲ့ တိုက်....'ဟု အသံတိမ်သွားသည်။ ညီ့တို့က အကဲခတ်နေ၏။ မျက်လုံး မှိတ်သွားသော်လည်း မျက်ခွံကြီးတွေ တဆတ်ဆတ် တုန်နေသေးသဖြင့် မသေသေးမှန်း သိရသည်။ အသက် မသေမချင်း ပြောခိုင်းဦးမည်ဟု စောင့်နေကြဟန် ပေါ်၏။ ဦးထင် ကိုယ်တိုင် ပြောမှ မဟုတ်ပါ။ သေခါနီး အသက်ငင်နေသူကို ညီ့တို့ လူကဲခတ်တတ် ပါ၏။

'ငါ မင့်ညီကို သာလောက် အ လိမ့် န လိမ့်မယ် မထင်ဘူး။ သင်း မျောက်မထား မလဲ အင်တန် အ သာပဲ၊ လက်ထဲကို စာထည့်သွဲ့ ကိုယ့်လင်မှ ကိုယ်မသိဘူး။ သင်းနဲ့ စကားပြောပြီး သင့်ရှေ့က ဝင်သွားသဲ့ ဟာမယ်ကွယ်....'ဟု မောင်ညို နားမလည်အောင် ဖြစ်နေမိပြီးမှ ဦးထင် ဆက်လက်ပြောသည်ကို နားစွင့်ယူရပြန်သည်။ ဦးထင်က ဟိ ....ဟိ .... ဟု ရယ်ပြန်သည်။ ပြီးမှ–

'သင့်မယား သင်းသတ်သာ ဟုတ်စသဲ့'ဟု ဆိုရာက 'သာလောက် စွမ်းရင် ငနောင် သည်လို မနေဘူးဟ လူရဲ့၊ သင်း စွမ်းသာ သင့်ကိုယ်သင်း အထင်ကြီးဖို့နဲ့ နိုင်သူကို ညှဉ်းဖို့ပဲ။ မင့်ညီကို လွှတ်ဖို့ စာချွန်ဟာကို မင့်လက်ထဲ မရောက်ခင် နောက်ဆုံး အစစ်ခိုင်းသွားသာ သင်းပဲ။ သင်း ပယောဂ။ အမိန့်တော်ကျမှန်း သင်း သိသွားသယ်။ သိလျက်နဲ့ ငြိုးချင်လို့ လက်မတင်လေး ရေတိမ်နစ်သဲ့အောင် ခြေပုန်းခုတ်သွားသာဟ။

'ငါ့ကိုလည်း သင်းအကြံတွေအားလုံး အောင်တော့ ပါးရိုက်ပီး နှင်ချသာ သင်းပဲ။ သင်းကို ငါမုန်းသယ်။ ခင်မှူးကို သတ်မဲ့အစား သင့်ကိုသတ်ရရင် ကောင်းမယ်။ ငါ မသတ်နိုင်ဘူး၊ မသတ်နိုင်မှန်းသိလို့ ငါ့ကို သင်း အနိုင်ကျင့်သာပဲ။ သင်း သေသယ်ကြားမှ သေချင်သယ်။ သာပေမဲ့ သင်းကို သတ်ချင်သဲ့ မင်းနဲ့ တွေ့ရရင် တော်ပီ'ဟု မျက်လုံးတွေ ပြာသွားသည်ကို မောင်ညို သိသည်။ ဦးထင် မျက်လုံးတွေမှာ ဖွင့်ထားသော်လည်း မမြင်ဟု အတပ်သိသည်။

'သင်းကို ငါမုန်းသယ်၊ မုန်းသယ်၊ မင့်ညီကိုလည်း မုန်းသာပဲ။ ခင်မှူးကိုတော့ ရွံသယ်။ ခင်မှူးဟာ ပါးသဲ့နေရာမှာ အင်တန် ပါးသယ်။ သင်း အပျိုပေါက်တုန်း ကတည်း က ပါးမှန်းသိသယ်။ ဟိုတုန်းက သင်းဟာ သည်လို အညာလွယ်မှန်း ငါမသိခဲ့ဘူး။ အနို့မိုရင်....'ဟု အသံတိမ်သွားပြန်သည်။ ပြီးမှ 'မင်းကိုလည်း ငါမုန်းသာပဲ။ ပဇာ ကြောင့်လဲ မသိဘူး၊ မုန်းသယ်။ ခု မင့်ကိုခေါ်သာ ချစ်လို့ မဟုတ်ပေါင်ပါ လူရာ။ မင်း လာသာလည်း ချစ်လို့လာသာ မဟုတ်နိုင်ပေါင်ပါ။ ငါ သိသယ်၊ ငါလည်း ခု ချက်တစ်ဖြုတ် သေမှာပဲ၊ မင်း သူ့ကို တွေ့အောင် ရှာနော်။ တွေ့တော့ သတ်နော'ဟု ဆိုကာ နားစွင့်၍ အမောဖြေနေပြန်၏။ နားစွင့်နေမှန်း မောင်ညို မသိသောကြောင့် ခေတ္တ ကြောင်၍ နေမိသည်။ ပြီးမှ 'သတ်မှာပ ဗျာ၊ စိတ်ချ' ဟု ပြောမိသည်။ ဤအခါကျမှ–

'သာဖြင့် ငါ သေတော့မယ်၊ မင်းလည်း မင်းဒန်နဲ့ တွေ့မှာပဲ။ သင့်ဆီမယ် မင်းဒန်နဲ့ အဖော်လေးဦး ပါသွားသယ်။ မင်း ငနောင်ကို သတ်နိုင်မှာပဲ။ မင်းကိုလည်း

....'ဟု ဦးထင် စကားသည် လမ်းခုလတ်တွင် အဆုံးသတ်သွားသည်။ ပါးကြီးတစ်ခြမ်း ရွဲ့ပြီး ခြေတစ်ဖက် လက်တစ်ဖက် ထောင့်တန်း တွန့်သွားသည်။ မောင်ညိုသည် နေရာမှ လှည့်ကာ 'လာ တွေ့ကြစို့ သင်း သေမှာပဲ။ ခွေးသေ သေသာ ကြည့်နေလို့ အပိုပဲ၊ သွားစို့' ဟု ဦးထင် အနီးမှ ထွက်ခဲ့ကြသည်။ စေည်သူကို အိမ်ရှေ့နားတွင် တွေ့သည်။ အိမ်ပြင်သို့ ထွက်လိုက်ကြသောအခါ အိမ်တွင်းမှ တိတ်ဆိတ်နေသော အခြင်းအရာတွင် နှီးမှုတ်လေးတစ်မှုတ် ကြမ်းပေါ်သို့ ရုတ်တရက် ခေါင်းခနဲ ကျသွားသည့် အသံတစ်သံ သည် ထိုးထွက် ပေါ်ပေါက်ခဲ့တော့သည်။

*

မြို့ပြင်ရောက်မှ စေည်သူက 'သိခဲ့ရလား အစ်ကို'ဟု ဆိုပြီး 'ဘယ်မတဲ့တုံး'ဟု မေးသည်ကို 'ရမန်းမယ်သဲ့'ဟု အံကြိတ်ပြောရင်း 'နို့.... မင်း ခု ဘယ်သွားမလို့တုံး'ဟု မေးမှ စေည်သူက 'အကျွန့် ချက်မြုပ်ပေါ့၊ ထန်းတစ်ပင်ဆီကိုလေ့'ဟု ဆိုကာ မြင်းပေါ်မှ ဆင်းရစ်ခဲ့တော့သည်။

'ရမန်းကို ကွယ့်၊ ရမန်းကို .... ရဲရမန်းကို ....'

မောင်ညိုနှင့် မောင်တွန်လည်း တံတားဦးသို့ ခြေတုံ့၍ လှည့်ခဲ့ကြလေသည်။ စိတ်ထဲတွင်ကား တစ်ခုတည်းသော အာရုံဖြင့် တစ်ခုတည်းသော ဇောသာလျှင် မွေးခဲ့လေပြီ။

သို့လာရာက တောင်မြို့သို့ ရောက်သောအခါ မမျှော်လင့်သော သတင်းကို ကြားရလေသည်။ ထိုသတင်းမှာ နေပြည်တော်တစ်ဝိုက်တွင် တပ်ပျက်များ သောင်းကျန်း၍ ကြွက်မနိုင်သောကြောင့် ကျီ မီးနှင့်ရှို့သကဲ့သို့ ရပ်ရွာများကို တိုက်ခိုက် လုယက်ကြ သည် ဟူသော ကောလာဟလ သတင်းဖြစ်လေသည်။ ဤတွင် မောင်ညိုသည် တစ်စုံ တစ်ရာကို ပြေးတွေး၍ စိုးရိမ်မိလိုက်သည်။ မောင်တွန်ကိုကား မည်သို့မျှ မပြောပေ။

နောက်တစ်နေ့ နံနက်စောစော တံတားဦးမှ ခရီးထွက်ရန် မြင်းနှင့် အထုပ်အပိုး စသည် ပြင်ဆင်ခါနီးကျမှ မောင်တွန်နှင့် ဒွေးမယ်အား အနီးသို့ ခေါ်ယူလေသည်။

ဒွေးမယ်လည်း မောင်ညို ထူးထူးခြားခြား ခေါ်ယူသဖြင့် ကြောင်တောင်တောင် လေး ငေးနေသည်တွင်မှ မောင်ညိုက မောင်တွန်အား–

'ငတွန် .. သူငယ်ချင်း၊ လမ်းမယ် ပဇာကြားခဲ့တုံး'ဟု လွတ်ခနဲ မေးတော့၏။ မောင်တွန်က တွေတွေကြီး ဖြစ်နေမှ–

'တပ်တော်ကြီး ပျက်ပြားပြီး ကွပ်လို့ကဲလို့မရသဲ့ တပ်စုကလေးတွေဟာ ရွာတွေ ဝင်ဝင် စီးနေကြသယ်။ လူသူ ကျွဲနွား ရသမျှ ဆွဲယူ လုယက်ကြသယ်ဆို၊ မဟုတ်စ'ဟု မေးမှ–

'အဲသာ ပဇာပြုတုံး။ သည်အိမ်မယ် ငဖြိုးတို့၊ ကိုရင်ဝါဖူးတို့၊ ကိုရင်ဖျော်တို့ အသိုက်အဝန်း လက်နက်အင်အား ကောင်းသားပဲဟာ'ဟု ပြောတော့သည်။ ဤတွင်မှာ လည်း 'သြော်.... ကိုညိုက အိမ်ကို စိတ်မချလို့ ဆိုပါတော့'ဟု ဒွေးမယ် ပြုံးပြုံးကလေး

ဝင်မေးသည်တွင် မောင်ညိုက ခေါင်းကြီး ညင်သာစွာ ခါရာမှ ဒွေးမယ်ထံ စေ့စေ့ကြည့်ကာ–

'ဟုတ်ပေါင်၊ အိမ်ကို ပဇာမို့ စိတ်မချရမတုံး။ လူ မသေရင် ငွေမရှားဘူး။ သည်အိမ် သည်ယာမျိုး ဆယ်လုံး ဆယ်ပွဲ ဆောက်နိုင်ပါသယ်။ မဟုတ်ဘူး.... မင့်ကို စိတ်မချသာ'

'အို အကျွန့်အတွက်ဖြင့် စိုးထောင့်ပူပင် မဖြစ်ပါနဲ့၊ စိတ်ချလို့သာ သွားပါ။ သည်က အိမ်သားတွေမယ်လည်း အကျွန့်ကို မှည့်တစ်ပေါက် အစွန်းခံမတဲ့လားရှင့်'ဟု ပြောသည်တိုင် မောင်ညိုတွင် မကျေနပ်နိုင်သေးပေ။ ဒွေးမယ်ကို စေ့စေ့ကြီး ကြည့်နေသေးသဖြင့် 'ငတွန် သူငယ်ချင်း၊ မင်း နေရစ်ကွာ'ဟု ပြောလေသည်။

ရုတ်တရက်သော် မောင်တွန်တွင် အံ့အားသင့်သွားမိ၏။ ပြီးမှ စိတ်ပျက်စပြုသော အမူအရာ၊ ဝမ်းနည်းသော အမူအရာကို တစ်စစ ပြလာရာမှ 'ကိုရင်ညို'ဟု အသံတိမ်တိမ် ခေါ်ရင်း 'ခု ကိုရင် သွားမှာ ဘယ်ကိုဆိုသာ အမှတ်ရပါစ'ဟု အသံတုန်လာသည်ကို မောင်ညိုလည်း သံမှန်ဖြင့် 'ရမန်းကိုလေ့'

'ပဇာကြောင့် သွားမှာတုံး'

'ချင်းကို သတ်ဖို့လေ့'

'သာနဲ့တောင် အကျွန့်ကို သည်မယ် နေရစ်သဲ့'ဟု မချိလှစွာ အသံတွေ အောလာလေသည်။ 'တကယ့်အရေးမှာမှ တကယ်ချန်ရစ်မယ် ကြံသယ်နော အစ်ကို'ဟု ဣန္ဒြေမဆည်နိုင်တော့ပေ။

'မဟုတ်ဘူး ငတွန်၊ သည်လိုလည်း အယူမသန်နဲ့လေ။ ချင်းအတွက်က ငါ့အရေး၊ ငါ့အရေး သက်သက်မို့ပါကွယ့် လူရဲ့'

'အစ်ကို့အရေးဟာ အကျွန့်အရေး မဟုတ်ဘူးပေါ့ ဟုတ်စ အစ်ကိုရယ်'ဟု ဤတွင်မှ မောင်တွန်တွင် လုံးလုံးလျားလျား စိတ်မကျေမချမ်း ဖြစ်လာတော့သည့်အတွက်–

'ဒွေးမယ် ဟာ.... မင်း လက်ထပ်ယူလာရသဲ့ မယား'

'မယားပေမှင့်'

'အို မယားဟာ မယားပဲ၊ ပဇာလိုနေနေ မင့်မယားပဲ။ မယားနဲ့လင်ဟာ သည်လို အခါပျက် ကာလပျက်၊ အခြေပျက် အနေပျက်မှာမှ မယားနား လင်မနေရင် ဘယ်ဖြစ်မတုံး'ဟု ပြောတော့သည့် မောင်ညိုကို ဤအခါကျမှ မောင်တွန်တွင် အမ်းတမ်းတမ်းကြီး ဖြစ်သွားသဖြင့် နှစ်ယောက်သား စကားလုံးလုံး ပြတ်သွားသည်။ အတန်ကြာ တစ်ဦးနှင့် တစ်ဦး စိတ်နှလုံး ယူကျုံးမရနှင့် အားမလို အားမရ ကြည့်ငေးနေကြမှ ဒွေးမယ်က 'ကိုညို'ဟု အသံတိမ်တိမ်နှင့် ခေါ်သဖြင့် မောင်ညိုသည် ဒွေးမယ်ထံ တွေတွေကြီး လှည့်ကြည့်သည့်အခါ–

'ကိုညို.... ငတွန့်ကို ခေါ်သွားပါ'ဟု ပြောလေသည်။

မောင်ညိုသည် ဒွေးမယ်အား စကားမှပြောနိုင်ဘဲ ငေးလျက်တွင် ဒွေးမယ်ကပင်–

'ခေါ်သွားပါ၊ တွေန့်ကို ကိုညို ခုခါမှ ခွဲထားရစ်ရင် သင့်စိတ် အင်တန် ထိခိုက်သွားပါ့မယ်'

'နင် မသိဘူးနော ဒွေးမယ်၊ ကာလပျက်မယ် တို့တစ်တွေ ယောကျ်ားရင့်မကြီးတွေက မထောင်းသာဘူး။ နင်တို့ သုံးတောင်ဝတ် မိန်းမတွေသာ.... အို....ဒွေးမယ်၊ နင့်ကို ငါ ချင်းကလွဲရင် အသူ့လက်မှာမှ စိတ်မချနိုင်ဘူးဟ၊ နင် မသိပါဘူး'

'အကျွန့်ကို မပူပါနဲ့ဆို။ ကိုညိုနဲ့ တွေန်သာ တစ်ဦးနဲ့တစ်ဦး မခွဲတမ်း ချစ်ခင်လာသာ။ အကျွန့်အတွက်နဲ့ကျမှ ခုလို အရေးကြီးသဲ့ အချက်မယ် သင်းနဲ့ ခွဲသွားမယ်ဆိုသာ အကျွန် စိတ်မကောင်းပါဘူးရှင့်။ ပီး....ကိုညို တွေန်မပါရင် ကိုညိုဟာ ကိုညိုမဟုတ်တော့ဘူး၊ ကိုညိုတို့ သူငယ်ချင်း နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ် နီးနီးဖြစ်နေသယ်ဆို။ ကိုညို့အရေးဟာ သင့်အရေးပဲ'

'ငါ့အရေးက ငါ ရှိပီ၊ နင့်အရေးအတွက် .... နင့်အရေး ....'

'သာဖြင့် အကျွန်ပါ လိုက်မယ်'

မောင်ညိုနှင့် တွေန် ဒွေးမယ်အား စုံပြိုင်၍ ကြည့်ကြသည်။

'ဟုတ်စ၊ အကျွန်ပါ လိုက်မယ်'ဟု ထပ်ပြောမှ မောင်ညိုက 'ကျားသားမိုးကြိုး' ဟု ခပ်ပြတ်ပြတ် ဆိုသည်။

'လိုက်မယ်၊ ကိုညိုက အကျွန့်စိတ်မချလို့ တွေန့်ကို ထားရစ်ချင်သယ်။ တွေန်က ကိုညို့စိတ်မချလို့ လိုက်ချင်သယ်။ အကျွန်ကလည်း ကိုညို့စိတ်မချလို့ မနေခဲ့ချင်ပေါင်။ သည်တော့ကာ အကျွန့်ကို ကိုညိုက ခေါ်၊ တွေန်ကလည်း အကျွန့်ကို စောင့်ရှောက်သဲ့အနေနဲ့ အကျွန့်နောက် လိုက်ခဲ့။ ယော နေရာမကျလား ရှင့်'ဟု ပြောတော့မှ မောင်တွေန်တွင် မျက်နှာကြီး ရွှင်ပျလာကာ 'ဟုတ်သယ်၊ ဟုတ်သယ်။ အစ်ကိုက ရှေ့က သွား၊ အစ်ကို့နောက်က အစ်ကို့ စိတ်မချရို့ လိုက်။ ဒွေးမယ်နောက်က အကျွန်က အစ်ကိုခိုင်းသဲ့ဝတ္တရားအတိုင်း ဒွေးမယ်ကို စိတ်မချရို့ လိုက်ရော။ ဟုတ်သယ်၊ ဟုတ်သယ်၊ အဲသည်နည်းဟာ အဟန်ဆုံးပဲ' ဟု သဘောတွင်တွင် ကျနေတော့သည့် အတွက် မောင်ညိုတွေတွေကြီး နေရာမှ မျက်နှာတစ်စစ ရွှင်ရွှင်လာပြီးလျှင်–

'သဘောတော်မြတ်များ အတိုင်းပါပဲဗျား'ဟု သွားကြီး ဖွေးခနဲ ဖြီပြရာမှ လုပ်လက်စ အဆင်အပြင်တွေကို ဆက်လက် ပြင်ဆင်၍ 'တို့သုံးယောက်လောက်ထူးဆန်းသဲ့ဟာတော့ လောကမယ် ရှိမယ် မထင်ပါဘူးကွာ'ဟု ညည်းသံကြီးဖြင့် ပြောသည်ကို ဒွေးမယ်က–

'ရှိသားပဲ'ဟု ဆိုသဖြင့်–

'ရှိမယ် မထင်ပါဘူးဆို နော'ဟု ပြောပြီး မောင်တွေန်ကလည်း 'ပဇာတုံး'ဟု မေး၍၊ ဒွေးမယ်က 'ဖိုခုံလောက်လေ့'ဟု ဆိုမှ ခွက်ထိုးခွက်လန် ရယ်လိုက်ကြရတော့သည်။

ရဲရမန်း....။

ရှမ်းပြည်နယ်နှင့် မြန်မာနယ်စပ်၊ တောင်ရိုးတောင်စွယ် အသွယ်သွယ်ဖြင့် စီခြယ် စိုပြည်လှသော ရမန်းနယ်ကား ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်၏ မြစ်ဝှမ်းတစ်လျှောက်တွင် တည်ရှိလေသည်။ ဟဲလယ်၊ နန်းဟူး၊ ကုန်းသာ၊ အုန်းကြော၊ သရက်ပင်၊ ဇရစ်ခဲ စသော ရွာကြီးရွာငယ် အသွယ်သွယ်တို့၏ အမည်များနှင့်ပင် ရှမ်းနှင့်မြန်မာ ရောယှက်ပေါင်းစပ်သည့် နယ်ခြားအရပ်ဟု သိသာလေသည်။

နတ်တော် ပြာသို နှင်းစိုစိုတွင် ခွာညိုသင်းစ ဆောင်းတွင်းလတွေ ဖြစ်သည့်အလျောက်လည်း တောင်စောင်း တောင်ခါးပန်းတို့တွင် နှင်းခဲ၊ နှင်းထွေးကြီးများဖြင့် ပိန်းပိတ်၍ ဆိုင်းနေသည်။ နေလည်း မပြူ၊ နှင်းတမြူမြူတွင် ရှေ့သို့ ဝါးတစ်ရိုက်မျှထက် ပို၍ မမြင်နိုင်ပေ။ အတက်အဆင်း အကွေ့အကောက် များရုံမျှ မက ကျောက်စရစ်၊ ဂဝံ၊ သလင်း၊ ဥူန်း စသော ကျောက်ရိုင်း ကျောက်တုံးများမှာလည်း တစ်တုံးနှင့်တစ်ခဲ မြဲမြဲလေးပင် မနေ၊ တဲတဲကလေး ကပ်နေတတ်ကြသဖြင့် မြင်းတွေ ခြေချော်၍ ချောက်ကမ်းပါးကြီးများထဲသို့ ဝီခေါ်ပြီး ကျသွားမည်ကိုလည်း စိုးရိမ်ရလေသည်။

နှင်းရည်ဖြင့် လေးအိနေသော တောပင် တောင်ပင်၊ ကျွန်း၊ အင်၊ မျောက်ချော၊ ညောင်၊ သရက်၊ ပိန္နဲ၊ တညင်း စသော အပင်ကြီးများနှင့် ၎င်းတို့မှ နွယ်ပတ် အိတွဲ၍ မြေသို့ဝဲနေသော နွယ်ပင် ပပြားပင်များ၊ ကြိမ်ပင်၊ ဝါးပင်ကြီးများကို တိုးဝှေ့တွန်းဖယ်လျက် လာနေသော မြင်းစုတစ်စုသည် ဇရစ်ခဲရွာကလေးနှင့် ကုန်းသာရွာကလေး နှစ်ရွာကြားရှိ ဆိဘူးကွဲ ခေါ် တောင်ခါးပန်းတစ်လျှောက်တွင် ငြိမ်သက်လေးကန်စွာ အရှေ့သို့ မျက်နှာမူ၍ တရွေ့ရွေ့ ပင်ပန်းလှဟန် ပေါ်ပေ၏။

အချိန်ကား နံနက် လင်းကြက်ဆော်ပြီးစ။ နေမင်းကြီးမှာ တောင်နဖူးမှ ပြူးတူးပြဲတဲ မရဲတရဲ ကြည့်လျက် နှင်းခဲလန့်နေစ အခါကလေး ဖြစ်လေသည်။ နေကိုယ်တိုင်က လန့်နေသည်ဟု ထင်ရသော နှင်းလုံး နှင်းပေါက်တွေမှာ မြင်းစီးတွေ မျက်နှာသို့ မိုးသီးမိုးပေါက်ပမာ သွန်းဖြာနေတော့သည်။ လူချင်းလည်း စကားမပြောကြပေ။

မြင်းနှင့်လူတွေ အသက်ရှူတိုင်း ထုတ်တိုင်း ၎င်းတို့ မျက်နှာတစ်ဝိုက်မှာ နှင်းခိုးရိုက်နေလေသည်။ မြန်မြန်စီးလျှင် ချွေးရမည်၊ မြင်း ခြေချော်မည်။ နှေးနှေးစီးပြန်လျှင် တောင်ငွေ့ဖြင့် မေးတခိုက်ခိုက် တုန်နေလေရာ လက်ချင်းပွတ်လိုက်၊ အာငွေ့ပေးလိုက်နှင့် ခေါင်းငိုက်စိုက် ရင်ဘတ်ပေါ် မေးတင်ပြီး လာခဲ့ကြရသည်။

ပုဆိုးဆီးထားလျှင် ဘယ့်ကလောက် ကောင်းပေမည်နည်း။ ပုဆိုး ခေါင်းမြီးခြုံလျက် ကုပ်လာလိုက်လျှင် နွေးနိုင်ဦးမည်။ သားမွေး ဝှမ်းထိုးအင်္ကျီ ဝတ်ထားရလျှင် ဤကိုယ်ကျပ် အင်္ကျီစိမ်းတွေထက်တော့ နွေးဦးမှာပဲဟု မောင်နောင်သည် ဝတ်ဆင်ထားသော သူ့ဝတ်စုံကို သူ စက်ဆုပ်နေသည်။

မောက်တို့မှ နားချပ်စကို ကုပ်ပေါ်ဆွဲဖိပြီး သက်ပြင်းချကာ ဓားကိုသာ စမ်းနေရသည်။ တပ်ပျက်ကို ထိန်းမနိုင် သိမ်းမရဖြစ်ပြီးလျှင် တစ်ကိုယ်ရေတစ်ကာယ လွတ်အောင်ပြေးလိုလှသော်လည်း တပ်သားလေးဦးနှင့် ဦးမင်းဒန်က ပက်ကျိကဲ့သို့ ကပ်နေကြသည်။ သူတကာတွင် နေပြည်တော်တစ်ဝိုက်၌ တပည့်လက်သား အစုံအလင်ဖြင့် စိတ်သွားတိုင်းကိုယ်ပါ လုပ်ချင်သာကို လျှောက်လုပ်နေကြသည်။ ငါ့မှာကား နေပြည်တော်တစ်ဝိုက်၌ မနေရဲ။ ရှေ့က အင်္ဂလိပ်၊ နောက်က ညီနှင့်၊ ဘယ်ဆီမှာမဆို ရှေ့နောက်မလုံ ဖြစ်ရချေပြီ။

ထို့ထက်လည်း အခြားအခြားသော မှူးစု၊ မတ်စု၊ ဗိုလ်စု၊ တပ်စုတွေမှာ အများအားဖြင့် ရှမ်းပြည်နယ်သို့ ပြေးဝင်ခိုကပ်၍ နေကြ၏။ အချို့လည်း ရန်သူကို ပြန်လည်ခုခံရန် စိုင်းပြင်းကြ၍၊ အချို့မှာ ရန်သူကို တော်လှန်ပုန်ကန်ရင်းဖြင့် တစ်စစနှင့် ပြေးလွှားရောက်လာကြခြင်း ဖြစ်လေရာ၊ ထိုလူစုတွေနှင့် ပေါင်းမိ စပ်မိလိုသော မောင်နောင်သည် ရမန်းမှဖြတ်၍ ရှမ်းပြည်နယ်သို့ ဝင်ရန် ပြင်နေခြင်း ဖြစ်ပါ၏။

ရဲရမန်းသို့ ရောက်သည့်တိုင် ပုန်ကန်ခြားနားသည့် လူစုနှင့် ပေါင်းမည်၊ သို့တည်းမဟုတ် အေးအေးလူလူ အခါပျက်အတွင်း ရှောင်ဖယ်နေကြသူ တစ်စုနှင့် ခေတ္တခဏပူးပေါင်း၍ နောင် အခါကောင်းလာလျှင် နေရပ်ဌာနေသို့ ပြန်ရမည်။ ဤနှစ်လီကို အတည်တကျ မတွေးရသေးပေ။ မောင်နောင် တွေးထားခြင်းကား မောင်ညို့ထံမှ ဝေးရန်ဖြစ်လေသည်။

မောင်ညိုသည် ပြည်ပွက်သော၊ တိုင်းပျက်သော အရေးမထား။ ဓားကိုမချဘဲ လိုက်နေသည်ဆိုသော သတင်းကို တောင်မြို့အဝင်တွင် ကြားမိစဉ်မှ စ၍ ရမန်းသို့အားသွန် ပြေးခဲ့ရခြင်း ဖြစ်၏။

မောင်ညိုအား ကြောက်၍ မဟုတ်ပေ။ ပြေးရင်းပင် စိစစ်မိ၏။ မောင်ညိုကိုသူ မကြောက်ပေ။ သို့သော် မောင်နောင့်စိတ်တွင် မောင်ညိုနှင့် မတွေ့လိုသေးပေ။ မည်သူနှင့်မျှလည်း မတွေ့လို။ မိမိဘာသာအလျောက် နေ၍ အထဲကြဲကြဲ သွားလာနေချင်သည်။ မောင်နောင်ကား စိတ်မငြိမ်၊ အတည်မကျ၊ အပျက်ကြီး ပျက်နေခြင်း ဖြစ်တော့သည်။

မောင်နောင့်ဘေးတွင် ဦးမင်းဒန် ပါလာလေသည်။ ဦးမင်းဒန်ကို ကြည့်ရသည်မှာလည်း မောင်နောင် စိတ်မချမ်းသာပေ။ ဦးမင်းဒန် မျက်နှာရှိ ဓားရာ ကြက်ခြေခတ်ကိုမြင်တိုင်း မောင်နောင် မကျေနပ်မိခြင်း ဖြစ်၏။ အကယ်၍သာ ဦးမင်းဒန်သည် ဓားရာကြက်ခြေခတ် မခံဘဲ ဓားရေးသာခဲ့လျှင် မောင်နောင် ယခုကဲ့သို့ မဖြစ်။ ယခုကဲ့သို့ ခွေးပြေး ပြေးရသော နှင်းရည်တရွှဲရွှဲ၊ နှင်းခဲ တအေးအေးနှင့် ဒုက္ခဘေးကို မဆိုင်ရ။ ဦးမင်းဒန် ပေါ့လျော့၍သာဟု စိတ်မျက်သည်။ စိတ်ပျက်၏။ စိတ်ပျက်ခဲ့သည့် အပေါ်၌ ဦးမင်းဒန်သည် ထိုကြက်ခြေခတ်ရာ ညီ၏ အမှတ်တံဆိပ် ခတ်ခံနိုင်လွတ်လိုက်သည့်

အချိန်မှစ၍ စကားပြော ပြင်းထန် ရိုင်းစိုင်းလှသည်။ ၎င်းကို မောင်နောင် မနှစ်သက်ပေ။ ထိုကြောင့်လည်း အတူပါလာသော ယောင်သားလေးဦးနှင့် မတည့်ခြင်း ဖြစ်သည်။

မောင်နောင်က ဖြည်းဖြည်းလေးလေးနှင့် တစ်ဖက်သားကို ထိအောင် မိအောင် အချက်ကျကျ ပြောစေချင်သည်။ ဟိတ်နှင့် ဟန်နှင့် တည်တည်ခံ့ခံ့ နေချင်သည်။ သူတို့က သည်လိုမဟုတ်။ မောင်နောင်နှင့် နေရာများစွာတွင် ဆန့်ကျင်ပြတတ်ကြ၏။

နေလုံးဝိုင်းကြီးသည် မြူဆိုင်းနောက်မှနေ၍ ကျွန်းပင်ကြီးများ အောက်ကိုင်း အနီးသို့ မြင့်တက်လာခိုက် ဆိဘူးကွဲတောင်ကို ကျော်တက်မိကြပြီး အတန်ကြာလျှင် တောင်ခြေသို့ ဆင်းစ ပြုလေသည်။ ရှေ့ဆုံးမှ မောင်နောင်က မြင်းဇက်နှင့်ကပ်၍ ခေါင်း ငိုက်စိုက် ချလာခဲ့သောကြောင့် တစ်နေရာတွင် ဦးမင်းဒန်က 'ရှိ. ငနောင်'ဟု ခေါ်ပြီး 'နေဦးလကွာ'ဟု ပြောသံကို ကြားရလေသည်။ ဦးမင်းဒန်အား အတန်တန် ပြောဖူးသည်။ ယောင်သားတွေရှေ့မှာ ငနောင်.... ငနောင်ဟု မခေါ်ပါနှင့်၊ အချင်းချင်း အိမ်ထဲတွင် ခေါ်သကဲ့သို့ မခေါ်ဘဲ ချေချေငံငံ ဖွယ်ဖွယ်ရာရာဖြစ်အောင် ခေါ်ဝေါ်ပြောဆိုပါ။ ကိုယ့်လူရင်းက ကိုယ့်ကို ချီးမြှင့်မြှောက်စားမှ တပည့်လက်သားများက အထင်ကြီးသထက် ကြီးပါမည်။ ရေးကြီးခွင့်ကျယ် မခေါ်ချင်သည့်တိုင် "မောင်ရင်နောင်"လို့ ခေါ်လျှင် တော်သေးရဲ့ဟု ဦးမင်းဒန်ကို မကြာခဏ တိုးတိုးတိမ်းတိမ်း ပြောဖူး၏။ ပြောဖူးသည် နှင့်အမျှ ယခုလိုချည်း လွှတ်ခနဲ ခေါ်သည်ကိုကား မောင်နောင် မကြိုက်။ 'ပဇာတုံး'ဟု အသံခပ်မာမာ ပြန်မေးသည်။

ဦးမင်းဒန် မျက်မှောင်ကုတ်ကြည့်သည်ကို မောင်နောင် မမြင်နိုင်ပေ။ နှင်းထဲမှ သူ့ထံ ထွက်လာသော အသံကို မာလှချေ့ ဟုသာ တွေးသည်။

'ပဇာမှ မဟုတ်ဘူးကွ၊ သည်ယာတဲထဲ ဝင်ကြဦးစို့လို့'

'ဘယ်မတုံး ခင်ဗျ ယာတဲ'

'တောင်ဘက်ဆီမယ်၊ အဲဟို ဝါးရုံပင် အောက်နားဘက်က'ဟု ပြောသံကြားမှ ထိုနေရာသို့ စူးစိုက်ကြည့်သည်တွင် ပထမ ဝါးရုံပင်၊ နောက် လမ်းဖွေးဖွေး ရေးရေးနှင့် ရှေ့နားဆီ၌ မည်းမည်းပုံ့ပုံ့လေးနှင့် တူသော ယာတဲဟု ထင်ရသည်ကို ဝိုးတိုးဝါးတား မြင်ရ၏။

'အိမ်း ယာတဲထဲ ဝင်ပြီး ပဇာလုပ်မလို့တုံး၊ မီးလှုံမလို့လား'ဟု ငနောင်၏ ဝါသနာသည် ရုတ်ခြည်းပေါ်လာသည်။ မငေါ့ရလျှင် မနေနိုင်ပေ။

'ဗိုက်ဟာသယ်ကွ'

'ဗိုက်ဟာရင် ရှေ့ရွာကျမှ တစ်ခုခု စားလဗျာ။ ဟိုရောက်သာနဲ့ နှင်းကွဲသာနဲ့ အဆင်သင့်နေမှာပ'

'ဗိုက်ဟာသာက နှင်းကွဲအောင် မစောင့်ဘူးကွယ့် လူရဲ့။ ညကလည်း အိပ်ပျက်ခဲ့၊ မနေ့ကလည်း ညစာတစ်နပ် ငတ်၊ ပြီး ခုမနက်လည်း အရက်မတက်ခင် ထခဲ့ကြရသာ' ဟု ပြောနေသောကြောင့် မောင်နောင်သည် ခေတ္တစဉ်းစားနေပြီး မြင်းကို နောက်သို့

လှည့်လိုက်သည်။ ဦးမင်းဒန် အနီးသို့ ရောက်မှ မောင်နောင်က တိုးတိုး 'ဟုတ်သယ်၊ အကျွန် သိပါသယ်။ အကျွန်လည်း သူတကာနည်းတူ အစာ ဆာ၊ အိပ်ရေး မဝပါဘူး။ သာပေသိ သင်းတို့ ရမန်းမယ် ရောက်နေကြပြီ ဆိုတော့ကာ....'ဟု ပြောသည်ကိုမျှ မစောင့်နိုင်ဘဲ ဦးမင်းဒန်က 'အို ဘယ်ကပဲ စောင့်စောင့်၊ ဆာသာဟာ ဆာသာပဲ'ဟု ပြောပြောဆိုဆို မြင်းကို မောင်နောင့်အနီးမှ ခွာလိုက်သည်တွင် ဘာတစ်ခွန်းမျှ မပြောဘဲ လိုက်ပါလာသော တပည့်လေးယောက်က ရှေ့မှ တိုး၍ ဝင်နှင့်ကြသည်။

ဦးမင်းဒန်၏ အသံသည် မောင်နောင့်နားဝ၌ ဝီခေါ်၍ ကျန်ခဲ့သေးရာ မောင်နောင်သည် အံတစ်ချက် ကြိတ်ရင်းက 'ရှိ့ ငတိုး၊ ရှိ့ ငပြုံး'ဟု ခေါ်သည်။ လူငါးယောက်၊ မြင်းငါးစီးက နှင်းတောထဲမှ ဖြတ်ပြီး ယာတဲသို့ သွားမြဲ သွားနေလျက်....။

'ငသာဝ'ဟု ခေါ်ပြန်၏။ နှုတ်ခမ်းတစ်ချက်ကိုက်၍ 'ငရွှေမှန်'ဟု ခေါ်လိုက်သည်။ ထိုအခိုက် ယာတဲနှင့်ရော၍ လူတွေပါ ပျောက်သွားလေရာ မောင်နောင်သည် မြင်းကို ဇက်တွန့်ပြီး တပည့်တွေနောက်သို့ လိုက်ရလေသည်။

ယာတဲဝ ကဲလားအနီးတွင် လူချင်းပေါင်းမိတော့မှ 'အိမ်း၊ ဗိုက်ပြည့်အောင် သုတ်သုတ်စားကြ' ဟုသာ ပြောရတော့သည်။

တပည့်ငါးဦးမှာကား ဆရာ့စကားကို မကြားသကဲ့သို့ပင် ကဲလားကို မကြည့်သည်။ အတွင်းတွင် မီးရောင်မြင်ရ၏။ ကဲလားလည်း အလွယ်နှင့် ပွင့်သွားသည်။ ငါးဦးသား ခေါင်းချင်းပြိုင်၍ အတွင်းသို့ ဝင်လိုက်ကြရာ နောက်သို့ မောင်နောင် လိုက်ဝင်ပြီး ကဲလားပြန်ချသောအခါ ကောက်ညှင်းပေါင်းအနံ့ သင်းသင်းကို ထောင်းခနဲ ရှူမိလေသည်။

သူတို့အားလုံး ဝင်ခဲ့သော အခိုက်အတန့်တွင် ယာတဲရှင်မိန်းမသည် ကောက်ညှင်းချိုပ်ကို ပေါင်းချောင်မှ ဒေါင်းလန်းထဲသို့ သွန်ထည့်နေခိုက် ဖြစ်သည်။ တစ်စလယ်ပေါင်းခန့် ကောက်ညှင်း အငွေ့တထောင်းထောင်းသည် လူငတ် လူကြမ်းကြီးတွေ ရှေ့၌ နတ်သုဓာနှင့်မခြား သွားရည်တများများ ကျစေတော့သည်။ တပည့်တစ်ယောက်မှာ အကယ်လည်း သွားရည်ယိုသွားသဖြင့် ရှီခနဲ ပါးစပ်စုပ်လိုက်ရ၏။

ကဲလားသံလည်း ကြားသည်။ နှင်းတွေလည်း အထဲသို့ ပက်ဝင်လာသည်ဟု တွေးမိသော တဲရှင်မိန်းမက ကောက်ညှင်းသွန်ရာမှ စကား တစ်စုံတစ်ရာ ပြောသည်။ ဝင်လာသော မြန်မာများက နားမလည်သောကြောင့် ဘာမျှ မပြောပေ။ အပြင် နှင်းတောမှာထက် မီးရောင်မီးရှိန်ဖြင့် နွေးနေသော တဲကလေးကို မျက်လုံးပြူး၍ ကျီးကန်းတောင်းမှောက် အကဲခတ်နေကြသည်။ တဲထဲတွင် မိန်းမတစ်ယောက်သာ ရှိသေးသည်။ တဲရှင်ကို မမြင်။ ကွပ်ပစ်ပေါ်၌ အိပ်ရာနှင့် စောင်တွေ ဗရပွ ကျဲနေ၏။ စောင်ခေါက်ထဲတွင် နှစ်ခါလည် သုံးခါလည်ခန့်အရွယ် ကလေးတစ်ယောက် အိပ်မောကျနေပြီး ကလေး၏ လက်ခြေကို စောင်ဖြင့် ထွေးထား၍ ကလေး၏ နားပန်းဆံလေးနှင့် ခေါင်းလေး၊ မျက်ခွက် ကလေးသာ မြင်ရသည်။ မိန်းမမှာ ကိုယ်ဝန်နှင့်။ တဲနောက်ဖေးဘက်ဆီမှ တစ်စုံ

တစ်ယောက်နှင့် တစ်ခုခု လုပ်နေသည်ကို သဲ့သဲ့ကြားရသည်။ ထိုအသံ ထွက်ပေါ်ရာ၌ မိန်းမခင်ပွန်း ရှိမည်။ ကြားရသည်မှာ ကောက်ရိုးစဉ်းနေသည့် အသံပင် ဖြစ်လေသည်။

ဤတွင်မှ မေးသည်ကို ပြန်မဖြေသောကြောင့် ခေါင်းထောင်ကြည့်သော မိန်းမက သူတို့ကို မြင်တော့သည်။ မျက်လုံးမှေးတွေမှာ ချက်ချင်းပြူးသွားပြီး လက်နှီးစကိုင်ထားသော လက်ဖြင့်ပင် ပါးစပ်ကို ပိတ်မိကာ နေရာတွင် ကြက်သေ သေနေတော့သည်။

ဤအခါကျမှလည်း ဦးမင်းဒန်က မျက်နှာချိုသွေးတော့သည်။ ကြက်ခြေခတ်နှင့် မျက်နှာကို ချိုလေ၊ အိုလေ ဖြစ်နေသည်ဟု သူ အမှတ် မရမိသေး။ 'ဟဲ....ဟဲ မကြောက်ပါနဲ့၊ မင်းကို နောင်ကြီးတို့ ပဇာမှ မလုပ်ပါဘူး....ဟဲ....ဟဲ'

တဲရှင်မိန်းမမှာ ထိုအခါကျမှ သာ၍ ကြောက်မိတော့သည်။ အဝတ်အစား ညစ်ညစ်စုတ်စုတ်နှင့် ဆံပင်ဖားလျား ကပိုကရို၊ ဓားတဝင့်ဝင့်နှင့် လူခြောက်ဦးအား မကြောက်ဘဲ နေနိုင်မည် မဟုတ်ရှာပေ။

အားလုံးထက် အဝတ်အစား အနည်းငယ် ခံ့သော်လည်း ညစ်နေ စုတ်နေသူထံ ခေတ္တ ကြောင်ကြည့်သည်။ ထိုသူ့လက်ထဲ၌ သေနတ်ကြီးတစ်လက် ပါလာသည်။ ထိုလူမှာ နှုတ်ခမ်းမွေးရေးရေး၊ နှာတံချွန်ချွန်၊ မျက်လုံးကောင်းသည်။ သူက အကြီးပဲ၊ ဗိုလ်ပဲ ထင်သယ်ဟု တွေးနေခိုက်မှာပင် မောင်နောင်က ရပ်နေရာမှ ရှေ့နားသို့ တိုးထွက်ခဲ့ပြီးလျှင် 'ကျုပ်တို့တစ်တွေအားလုံး မင်းတရားကြီး တပ်မတော်သားတွေပါ။ ရန်သူ့လက်က လွတ်အောင် ပြေးခဲ့ကြရလို့ လမ်းမယ် အစာရေစာ ငတ်လာကြပါသယ်။ ညကလည်း အမှင်း မစားရသေးလို့ ခုမနက် သည်ယာတဲက မီးရောင်မြင်သာနဲ့ ဝင်လာကြသာပါပဲဗျ' ဟု ပြောသည်။ အသံမှန်မှန်ပင်။ မိန်းမသည် မောင်နောင်အား တွေတွေလေး ငေးကြည့်နေမိ၏။ မောင်နောင်သည် တဲအခြေအနေကို လိုက်ကြည့်နေရာက မိန်းမမျက်နှာကို ပြန်ငေးကြည့်သည်တွင် 'ကျုပ်ယောကျ်ား သွားခေါ်ပါရစေဦး။ နွားစာ ခုတ်နေပါသယ်ရှင့်' ဟု အသံဝဲဝဲဖြင့် ပြောကာ နောက်သို့လှည့်မည် ပြင်၏။

သို့ ပြင်သည်နှင့်တစ်ပြိုင်နက် ဦးမင်းဒန်နှင့် ယခင် သွားရည်ယိုသူ သောဝတို့ နှစ်ယောက်သား လျင်မြန်စွာ ကောက်ညှင်းဒေါင်းလန်းရှိရာ လက်ဖက်ရည်ကြမ်းခုံသို့ ခြေတစ်လှမ်း ရွေ့ကြ၏။

မိန်းမက တုံ့ခနဲ ရပ်နေတော့၏။ ကောက်ညှင်းဒေါင်းလန်း တစ်ချက်၊ သူ့ကလေးသံ တစ်ချက်၊ ဦးမင်းဒန်တို့ထံ တစ်ချက်နှင့် ချက်ချင်းပင် မိန်းမခမျာမှာ မျက်စိမျက်နှာ ပျက်၍ ဘာကို လုပ်ရမည် မသိ၊ မတင်မကျ ဖြစ်နေရှာပြီ။ နောက်ဘက်မှ ကောက်ရိုးစဉ်းသံကား မှန်မှန်ပင်။

မိန်းမက မသွားဘဲ ပြန်ရပ်နေမှ ဦးမင်းဒန်တို့လည်း ခြေစုံပူး ရပ်မိကြကာ သွားကြီးဖြဲပြန်သည်။ 'ဟဲ....ဟဲ နင့်ကောက်ညှင်း အလကား မစားပါဘူး၊ ဒင်္ဂါးပေးပါ့မယ်' ဟု ခါးကြားသို့ စမ်းသည်တွင် မိန်းမက အသံတုန်တုန်နှင့်ပင် မျက်လုံးပြူးမပျက်

'ကျုပ် လင်ဖို့ရှင့်၊ ရှောင်းဖို့ မဟုတ်ဘူး'ဟု ပြော၏။ အသံက ဝဲရသည့်ပေါ် တုန်နေသော ကြောင့် မနည်း နားထောင်ယူရသည်။

'မရှောင်းရင်လည်း အလကား ကျွေးဟာ၊ တို့ ဗိုက်ဆာသယ်'ဟု အတင်း ရှေ့သို့ တိုးသောကြောင့် မိန်းမသည် ကောက်ညှင်းဒေါင်းလန်းကို လျင်မြန်စွာ ကောက် မ လိုက်သည်။ ဦးမင်းဒန်သည် နေရာတွင် မရပ်တန့်တော့ဘဲ မိန်းမအနီးသို့ တိုးသွားတော့ မှ မောင်နောင်က 'ဦးမင်းဒန်'ဟု ခေါ်လိုက်သည်။ ခေါ်ပြီး မိန်းမနှင့် ဦးမင်းဒန်ကြားသို့ ခပ်သွက်သွက် ဝင်ရပ်လိုက်ပြီးမှ ဦးမင်းဒန်ကို 'သည်လို ဗလက္ကာရ မလုပ်ချင်ပါနဲ့ဗျ'ဟု ပြောပြီး မိန်းမကိုကား အသံမာမာပင် 'ခင်ဗျ မရှောင်းရင်လည်း အလကားကျွေးပါ။ ကျုပ်တို့ ငတ်လွန်းလို့ တောင်းရသာပါ'ဟု ပြော၍ 'သည်ပေါင်းပြီးသားကို မကျွေးချင်ရင် အသစ် ထပ်ပေါင်းပါ။ ခင်ဗျကျေးဇူး မမေ့ပါဘူးဗျ'ဟု ခယဝတ်တွ ပြုသည့်တိုင် မိန်းမက 'ကျုပ်လင်ကို မေးပါရစေဦး'ဟု အတွင်းသား နောက်ဆုတ်နေသည်။ ဤတွင် မောင်နောင် က မိန်းမကို စေ့စေ့ကြည့်ပြီး 'ဘယ်နဲ့ဗျ'ဟု ထပ်မေးသည်။ မိန်းမ မည်သို့မျှ စကားမပြန် လျှင် တစ်ဖန်ထပ်၍ 'မကျွေးနိုင်ရင်၊ မကျွေးချင်ရင်၊ မကျွေးချင်ဘူး ပြောပါ။ ကျုပ်တို့ ခရီးနှောင့်နှေးပါသယ်'ဟု ဆိုသဖြင့် မိန်းမက ခေတ္တ တွေတွေလေး ငေးနေမိပြီးမှ လျင်မြန်စွာပင် 'မကျွေးနိုင်ပါဘူး'ဟု ပြောလေသည်။

'ကိုင်း.... သာဖြင့် သွားကြစို့'ဟု မောင်နောင် နေရာက လှည့်ပြီး ကဲလား အနီး ရောက်မှ နောက်သို့ ပြန်ကြည့်မိ၏။

တပည့် လေးဦးသားနှင့် ဦးမင်းဒန်ကား နေရာမှ တစ်ဖဝါးမျှ မရွေ့ကြ။ သူ့ထံ စိန်းစိန်းကြီး ကြည့်နေကြသည်။

'ကိုင်းလေ့.... လာကြ လူရို့ရဲ့၊ နှင်းကွဲရှော့မယ်'

မည်သူမျှ မလှုပ်။ သူ့ကို စောင်ပြီး ကြည့်နေကြသည်။ မောင်နောင်က သေနတ် ကို မြေထောက်ပြီး 'သောဝ.... လာလကွာ'ဟု သောဝကို ခေါ်မှ သောဝက အသံ ခြောက်ကပ်ကပ်ဖြင့် 'အကျွန်တို့ အမှင်းမစားရသာ သုံးရက်ရှိပီ ဗိုလ်လေး'

'စားရသား မဟုတ်လား၊ မနေ့ညစာ တစ်နပ်သာ....'

'စားရသမျှ ကျားလိုက်သဲ့ သမင်လို ကသောကမျောကြီးတဲ့ .... မဝခဲ့ပေါင် ပါဗျာ'ဟု ပြောနေခိုက် ဦးမင်းဒန်ကမူ မိန်းမထံသို့ တိုးပြန်သည်။ မိန်းမကလည်း ကောက်ညှင်း ဒေါင်းလန်းနှင့် နောက်သို့ ဆုတ်လေ၏။ 'ဦးမင်းဒန်'ဟု မောင်နောင်က ခေါ်ပြန်မှ မောင်နောင့်ထံ တွေ၍ လှည့်ကြည့်၏။

'လာလဗျာ'ဟု ခေါ်လိုက်လျှင် ဦးမင်းဒန်က လက်ထဲမှ ဓားကို ဆကိုင်ရင်း–

'ရို့ ငနောင်'ဟု ခပ်မာမာ အံကြိတ်ပြီး 'မင်းက မင့်မွေးထုတ်သဲ့ သားများ မှတ်နေသလား။ မာန်လား မဲလား၊ ဝေါက်လား ငမ်းလားနဲ့'ဟု မျက်နှာကြီး မဲ့ရွဲ့၍ မေးသည်။

'မဟုတ်ဘူးလဗျာ၊ မသဒ္ဓါသဲ့ ဥစ္စာ'

'မသဒ္ဓါရအောင် တို့က ဒင်္ဂါးပေးမယ် ပြောသဲ့ ဥစ္စာပဲ။ သင့်က သက်သက် ကတ်သီးကတ်သတ် လုပ်သာ။ အချိုနဲ့ တောင်းမရရင် ရသလိုနဲ့ ယူရလိမ့်မယ် မောင့်'ဟု ပြောသည်။ ထိုအခိုက် သောဝကလည်း ဓားကို ဆနေသည့်အတွက် ငနောင်တွင် လျှော့တော့ဖြင့် မပေးဘူးဟူသော အမူအရာကို မထိမ်ဝှက်ဘဲ 'သည်လိုလည်း ဖွတ်မလုပ်နဲ့လေ' ဟု ဆိုသည်။ ဦးမင်းဒန်မှာ ချက်ချင်း ဒေါသဖြစ်သွားပုံ ပေါ်၏။ ဆံသည်မှာ အမှန်ပင်၊ ငတ်သည်မှာ အဟုတ်ပင်။

'မင်း သဘောမကျရင် အပြင်က သွားစောင့်ချေကွာ ငနောင်ရာ'

'မစောင့်ဘူး။ ခု....လာ၊ မလာဘူးလား....လာမလား ခင်ဗျကြီး'ဟု သေနတ်ကို မောင်းတင်လေသည်။ ဦးမင်းဒန်သည် မျက်လုံးကလေး မှေး၍ မောင်နောင်အား ကြည့်စပြုလေပြီ။

'ဩော် မင်းက သည်အချိုးမျိုး ချိုးသကိုး။ ဟေ့ ငနောင်၊ သူတကာကို မင်း သည်လို ခြောက်လို့ လှန့်လို့ ရမယ်၊ ငါ့ကို မရဘူးကွ။ မင်းနဲ့ ငါဟာ တစ်ယောက်နဲ့ တစ်ယောက် အစဉ်းသိကွ။ မင့်ခြောက်ရုံနဲ့ ကြောက်သဲ့သတ္တဝါ မွေးတောင် မွေးမယ် မထင်သေးဘူး။ မင့်မယား ကြာခိုသဲ့ ငစိုတောင် မင့်ကို မကြောက်လို့ ပြောင်နှိုက်သာ မဟုတ်လား' ဦးမင်းဒန်က အေးအေးမာမာ ပြောသည်။ ငနောင့် နဖူးကြောကြီးတွေ ထောင်းခနဲ ထ သွားသည်။

'လာဗျာ ဦးမင်းဒန်'မောင်နောင့်အသံ အုပ်၍ အေးလှ၏။

'မလာဘူးဆိုနေ ထပ်ခေါ်နေပြန်ပီ။ ဟေ့ ငနောင်၊ သွား.... အပြင်ကို'ဟု အော်၍ ငေါက်သည်။ မောင်နောင် တွေ၍ နေ၏။

'မသွားဘူးလား၊ မင်း ဟောသည် ငါ့ဓားနဲ့ မင့်ကို လုပ်မိမနော။ လုပ်ရမှာတော့ ဓားသနမှာ စိုးပါရဲ့။ မင်းလို သတ္တဝါမျိုး လုပ်ရလို့ အပိုပ။ ဟိုတံတားဦးသား ညီကြိုတောင် မျက်နှာချင်းမဆိုင်ရဲလို့ ငါ့ကို ဓားစာခံ လွှတ်သဲ့ ကောင်မျိုး'ဟု ပြော၍ 'ထွီ'ဟု တံတွေး ထွေးသဖြင့် ငနောင်က သေနတ်ကို ခါးစောင်းခန့်သို့ တင်၍ ချိန်ရင်း 'တာန် ဦးမင်းဒန်၊ လာမလား....မလာဘူးလား၊ တစ်ခွန်းတည်း ပြောဗျ'ဟု ဆို၏။ ဦးမင်းဒန်တွင် အံ့အားသင့်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း စသော မချိတင်ကဲ ဖြစ်သမျှ စိတ်အဟုန်တွေဖြင့်–

'ငနောင်၊ မင်း ငါ့ကို သေနတ်နဲ့ချိန်သယ် ဟုတ်စ၊ ချိန်သယ်'ဟု အသံကြီး ပြာသွားပြီးသည်နှင့် မရှေးမနှောင်းပင် တစ်ကိုယ်လုံး အသားတဆတ်ဆတ် တုန်ရာမှ–

'မင့်အမိ စည်းစိမ်လည်းကုန်၊ ငါ့မလည်း ကြဲပေး စည်ပေး သင်ပေး ကြားပေး ရလို့ လူမှန်းများသဲ့ ကျေးဇူးတွေကို မင်းဆပ်သာပေါ့။ ဟုတ်စ'ဟု မောင်နောင့်ထံ တရွေ့ရွေ့ တိုးလာခဲ့သည်။ မောင်နောင်က ဦးမင်းဒန်ထံ တွေတွေကြီးပင် ကြည့်နေ၏။ မောင်နောင့် သေနတ်ပြောင်းနှင့် တစ်ထွာခန့်အထိ တိုးလာခဲ့ပြီးမှ 'ငနောင်၊ မင်း လွန်ပြီ ထင်သယ်'ဟု အသံတွေ တုန်ပြန်ရင်း 'လွန်သဲ့ယ်လို့ တောင်းပန်ကွာ'ဟု မျက်လုံးမှေး

ကြည့်သည်။ ငနောင်က 'လာဗျ ဦးမင်းဒန်၊ အလကား ကြာသယ်'ဟု ထပ်ခေါ်သည်။ 'မင်း ငါ့ကိုတောင် မတောင်းပန်ဘူးပေါ့'ဟု ဦးမင်းဒန်သည် လက်တွင် တဆဆ ကိုင်ထားသော ဓားဖြင့် မောင်နောင့်လည်ပင်းသို့ မှန်းကာ ပန်းကုံးပြတ် ခုတ်ချလိုက်သည်။ သို့သော် ထိုအခိုက် ဒိုင်းခနဲ မောင်နောင့်လက်မှ သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးလျှင် ဦးမင်းဒန်သည် ရင်အုံတစ်ဖက်ကို လက်ဖြင့်ဖိကာ ဘေးသို့ အနည်းငယ် ယိမ်းယိုင်ပြီးလျှင် မောင်နောင့်ခြေရင်းသို့ ပျော့ခွေ၍ ထိုးလဲသွားတော့သည်။

မောင်နောင်သည် ဘေးသို့ အနည်းငယ် ရှောင်ပေးလိုက်ပြီးလျှင် သေနတ်ပြောင်းဝမှ တငွေ့ငွေ့ထွက်နေသော မီးခိုးကလေး တလူလူကို ပါးစပ်ဖြင့် မှုတ်ရင်းက တပည့် လေးဦးအား မျက်လွှာကလေး လှန်ကြည့်နေသည်။ သေနတ်ကိုင်ထားသော လက်လည်း ဓားဖြင့် တုန်နေသည်။ တပည့်လေးဦးကမူ မောင်နောင်ကို ကွေတွေကြီး စူးစိုက် အကဲခတ်နေသည်။

## ၅၅ ။ ခေတ်ပြမှာမှ လက်ရဲသကို

ထိုအခိုက်တွင်ကျမှ မိန်းမသည် ကြက်သေ သေရာမှ လန့်ပြီး အော်လိုက်သည်။ အော်ပြီးသည်နှင့် တစ်ပြိုင်နက် အသံတွေထွက်အောင် ငိုနေတော့ရာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကလေးငယ်လည်း လူးလဲထကာ ဝဲယာကို ကြည့်ပြီး လက်ကလေးနှစ်ဖက် တန်းဆန့်လျက် ဘောက်ဘက်ဘောက်ဘက်နှင့် ထ လမ်းလျှောက်၍ ဟစ်ကြွေး အော်ငိုနေတော့သည်။

မိန်းမလည်း ကောက်ညှင်းဒေါင်းလန်းကို ဖြန်းခနဲ ပစ်ချပြီးလျှင် သားငယ်ကလေးထံ ပြေး၍ ကောက်ချီ၊ ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ဖက်ထားတော့သည်။ မောင်နောင်ကမူ 'ဘယ့်နဲ့'ဟု အသံမာမာနှင့် တစ်ခွန်းတည်း ပြောလိုက်သည်။

ထိုအခါ တပည့်လေးဦးသားသည် မောင်နောင့်လက်မှ သေနတ်ကို တစ်ချက်စိုက်ကြည့်ပြီး ကဲလားသို့ ကပ်လာကြသည်။ ကဲလားကို ဖွင့်လိုက်ကြလျှင်ပင် အပြင်မှ တစ်စုံတစ်ယောက် ကမူးရှူးထိုး ပြေးဝင်လာသည်။ အတွင်းသို့ ရောက်မှ ပါးစပ်ကြီးဟောင်းလောင်းနှင့် အံ့အားသင့်နေသော အိမ်ရှင်မှန်း သိကြရတော့သည်။

အိမ်ရှင်မှာ အသက်သုံးဆယ် ကျော်ကျော်ခန့်ပင် ရှိသေးသည်။ ခေါင်းတုံးပြောင်ကို သဘက်နီပေါင်း၍ ဘောင်းဘီပွ အမည်းကို ဆီးပြီး ဂွမ်းထိုးအင်္ကျီ အညစ်နှင့် နဖူးပြင်၊ လက်မောင်း၊ လည်ပင်းတို့တွင် ချွေးစို့နေသည်။ လက်ထဲတွင် အဖျားကားကား၊ အရွက်တိုတိုနှင့် အရိုးတွင် ကြိမ်ကွပ်ထားသော ဓားတစ်လက်ကို ကိုင်ထား၏။ ဓားရွက်တွင် ကောက်ရိုးစ၊ မြက်စ အနည်းငယ် ပေနေ ကပ်နေသည်။ ဖြစ်အင်ကို မြင်မိသော အိမ်ရှင်သည် အလောင်းကို မျက်တောင်မခတ်ဘဲ တွေ၍ ကြည့်နေသည်။ ဦးမင်းဒန် ရင်ညွှန့်တွင် အနီးကပ် ထိမှန်ထားသော သေနတ်အရှိန်ဖြင့် ယမ်းစ ယမ်းနတွေ ပေကျံ

နေသည်။ အင်္ကျီစိမ်းတွင်လည်း တစိမ့်စိမ့် ထွက်စို့စ သွေးဖြင့် ကွက်စ ပြုနေပြီ။ လက်ထဲတွင် ဆုပ်ကိုင်ထားသော ဓားမှာကား ရင်ဘတ်ပေါ် တစောင်းတင်နေသည်ကို တွေ့ရပြီးမှ အိမ်ရှင်သည် သေနတ်ကိုင်၍ ရပ်နေသော မောင်နှောင်အား လှမ်းကြည့်တော့သည်။ အိမ်ရှင် ဝင်လာသောကြောင့် ငနှောင်တို့လူစု အပြင်သို့ မထွက်ဘဲ ကြောင်ရပ်နေမိကြခြင်း ဖြစ်လေရာ အိမ်ရှင်က 'ခင်ဗျ သေနတ်နဲ့ ပစ်သတ်တာပဲ'ဟု ပြောသည်ကိုလည်း အားလုံး ဝိုင်းပြူး ကြည့်ကြသည်။ အိမ်ရှင်အသံမှာ ကြောက်အားဖြင့် တုန်နေ၏။ မောင်နှောင်ကမူ ဣန္ဒြေရရပင် 'ဟုတ်သယ်၊ ခင်ဗျမယားကို အဓမ္မ ရန်မူမှာမို့'ဟု အေးအေးလူလူပင် ပြောပြီး သေနတ်မောင်းနှင့် ခလုတ်ကို ဖြုတ်နေသည်တွင် အံ့အားသင့်နေသော လင်ထံ ကလေး တစာစာနှင့် မယားက ပြေးလာပြီး အတင်းဖက်ရာမှ မောင်နှောင်ကို ကြည့်ပြီး တစ်စုံတစ်ရာကို လှမ်း၍ပြောသည်။ အိမ်ရှင်က အိမ်ရှင်မအား ဖြည်းညင်းစွာ ဖယ်ခွာပြီးမှ—

'ဟုတ်သယ်၊ ခင်ဗျား သတ်သာသဲ့'ဟု ပြောပြန်သည်။

'ဟုတ်ပါသယ်၊ ကျုပ် ပစ်သာပါ။ ခင်ဗျားမယားကို အဓမ္မလုပ်မှာ စိုးလို့ဆို'ဟုပင် မောင်နှောင်က ထပ်ပြောပြီးမှ ဆက်လက်၍ 'ကျုပ် ဘုရင့်တပ်မတော်က မာရဘင် ဗိုလ်ကလေးပဲ'ဟု ပြောလေသည်။

အိမ်ရှင်သည် မောင်နှောင်ကို ရုတ်တရက် ခြေဆုံးခေါင်းဖျား ကြည့်လေသည်။ ကြည့်ပြီး မည်သို့မျှ မပြောပေ။ ကလေးနှင့် မယားကလည်း မငိုတော့ဘဲ မျက်တောင်မခတ် ကြည့်နေသည်။ ကလေးငယ်မှာ ဘာမျှ မသိရှာသောကြောင့် မိခင်လက်မှ ဖခင်လက်သို့ ကူးပြောင်းလိုသည့် အမူအရာဖြင့် ပြုံး၍ ပြုံး၍ လက်ကလေးတန်းလန်း လှမ်းပေးနေသည်။ အတန်ကြာ တိတ်ဆိတ်နေမှ မောင်နှောင်က 'ရို့ လူတွေ'ဟု ခေါ်ကာ 'သွားစို့လား၊ အတော် နေမြင့်နေပီ'ဟု ဆို၏။

အပြင်တွင် နှင်းလည်း ကွဲစပြုလေရာ အလင်းရောင်သည် တဲအတွင်းသို့ အမိုးအကာတို့မှ ထိုးဝင်လာစ ပြုပြီ။ တပည့်လေးဦးလည်း ကဲလားဖွင့်ရန် ပြင်ကြသည်။ ဤအခါကျမှ အိမ်ရှင်သည် မောင်နှောင့်ရှေ့နားသို့ တိုးခဲ့ပြီး ဦးမင်းဒန် အလောင်းအနီးတွင် ရပ်ကာ 'ဗို့ ဆရာ၊ ဘယ်သွားမလို့လဲ'ဟု မေးလေသည်။

'ကျုပ်တို့ခရီး ကျုပ်တို့ သွားမှာပ။ ခင်ဗျတဲထဲ မီးရောင်မြင်လို့ ဝင်သာ။ သည်မယ် ကောက်ညှင်းငချိပ် ပေါင်းပီးသား မြင်လို့ ကျုပ်တို့ စားပါရစေ တောင်းသယ်။ တောင်းသာ မပေးလို့ ခင်ဗျာ့မယားဆိက ဝယ်သယ်။ ဝယ်သာလည်း မရောင်းသာနဲ့ ပြန်ထွက်ကြမယ် ပြင်တုန်း ယောသည်လူက ခင်ဗျ မယားဆိ အတင်းဝင်လုမယ်ကြံသာနဲ့ ကျုပ်ပြောမရလို့ ပစ်သတ်သာပဲ၊ အဲသာပဲ။ ကျုပ်တို့ အဖြစ်အပျက်ကို ပြောပြပီးပီ။ ခင်ဗျာ့မယားလည်း မေးချင်မေးကြည့်ဦးဗျ'ဟု ပြောပြောဆိုဆို ကဲလားထံ သွားလျှင် အိမ်ရှင်က ကပျာကယာ မောင်နှောင့်ထံ ပြေးပြီး လက်မောင်းတစ်ဖက်ကို ဆွဲထားရာမှ 'ဗို့ဆရာ၊ မသွားရဘူး။ ခင်ဗျ အလောင်းကြီးနဲ့ ကျုပ်အိမ်မယ် အားလုံး ဒုက္ခရောက်နေမယ်' ဟု တားသည်။

'အို ပြောပါကော၊ ကျုပ် မာရာဘင်တပ် ဗိုလ်လေးပါဆို။ မေးရင် ပြော၊ မာရာဘင် ဗိုလ်နောင်လို့ ဟုတ်စ'ဟု အသံမာစ ပြုသည်။ သာဝလည်း ကဲလားတစ်ဖက်မှ ကိုင်၍ ကြည့်နေသည်။

'နောင်လား မနောင်လား ကျုပ် မသိဘူး။ ခင်ဗျ လူကြီးဆီ လိုက်ခဲ့ပါ။ အနို့မို့ရင် ကျုပ်နဲ့ စော်ဘွားကြီးလူ ဦးထုပ်နီတွေနဲ့ အရှုပ်အရှင်း ဖြစ်နေပေါ့မယ်'ဟု တွင်တွင်သား အကျုပ်ကိုင်နေလေရာ မောင်နောင်သည် အိမ်ရှင်ကို စေ့စေ့ကြည့်ရင်း နှုတ်ခမ်းကိုက်နေသည်။ တပည့်တွေလည်း အိမ်ရှင်နောက်မှ ပြုံ၍ တွေတွေကြီး ကြည့်နေကြရာ အိမ်ရှင်က ထပ်၍ 'လာ သွားမယ်၊ ကြေးထမ်းကြီးအိမ်ဆီ'ဟု ပြောပြန်သည်တွင် မောင်နောင်က ကိုင်ထားသော အိမ်ရှင်လက်ကို ဖြုတ်ရန် ကြိုးစားသည်။ အိမ်ရှင်ကလည်း မြဲမြဲဆွဲထားလေရာ သေနတ်ကိုင်ထားသော လက်ဖြင့် ဖြုတ်ရခြင်း ဖြစ်သောကြောင့် လက်ထဲက သေနတ် လွတ်ကျသွားသည့်တိုင် အိမ်ရှင်လက်မှ မလွတ်နိုင်သေးပေ။ မောင်နောင်တွင် စိတ်ကို မချုပ်တည်းနိုင်သဖြင့် ပခုံး၌ ချိတ်ထားသော ဓားကိုချွတ်ရင်းက 'လွှတ်နော်၊ ပဓာမှတ်လို့လဲ' ဟု ကြိမ်းမောင်းသည်။ အိမ်ရှင်က မလွှတ်ပေ။

'မလွှတ်နိုင်ဘူး၊ ကျုပ်တဲမယ် သည်အလောင်းကြီးနဲ့ ဘုမသိ ဘမသိ ဒုက္ခရောက်မှာဗျ။ မလွှတ်ဘူး၊ လာ'ဟု ဆွဲနေတော့သည်။ တပည့်တို့လည်း ကြောင်၍ကြည့်နေလျက် အိမ်ရှင်နှင့် မောင်နောင်မှာ ရုန်း၍မပြီးမီ အိမ်ရှင်မထံမှ စူးရှစွာ အော်ဟစ်လိုက်သည့် အသံနှင့်အတူ မောင်နောင့်ကို ကိုင်ထားသော အိမ်ရှင်သည် ကျောကြီးကော့ပြီး မောင်နောင့် ရှေ့သို့ ဒူးတံကောက်ကွေး တစ်ရှိန်တည်း ထိုး၍ ကျသွားတော့သည်။

မောင်နောင်တွင် ဦးမင်းဒန်အလောင်း ခြေရင်း၌ ကွေးကွေးကြီး ခွေပြီး တစ်ချက်၊ နှစ်ချက်မျှ တွန့်ရာမှ သွေးအိုင်ထွန်းလျက်နေသော အိမ်ရှင်ထံ ခေတ္တမျှ ကြောင်၍ ကြည့်နေမိသည်။ ပြီးမှ လျင်မြန်စွာ ကဲလားအပြင်သို့ မ ထွက်လိုက်ရသည်။

မည်ကဲ့သို့ မြင်းပေါ်ရောက်ပြီး မည်သို့ တောစပ်သို့ ပြန်ရောက်လာသည် မသိပေ။ ငါးဦးသားသည် မြင်းကို အတင်း ဒုန်းစိုင်း၍သာ နှင်ကြလေသည်။ အတန်ကလေး သွားမိမှ တစ်နေရာတွင် စုပြုံ ရပ်ကြသည်။

ရပ်သည်နှင့်တစ်ပြိုင်နက် မောင်နောင်သည် အသံတွေ တုန်နေရာမှ 'သာဝ၊ ရို့ သောဝ၊ ဘယ်မတုံး'ဟု မေးပြီး သူ့အား တွေတွေကြီး လှန်ကြည့်သော သာဝကို မြင်တော့မှ အသံမာဆတ်ဆတ် ဒေါသထွက်လှသည့်အတိုင်း စေ့စေ့ကြည့်ကာ 'မင့်လက် သယ်သွက်ပါလား။ အလကားမဲ့သက်သက် ပဓာမို့ ဓားရမ်းရသာတုံးကွ....ဟင်'ဟု မေးလေသည်။

သာဝက ဤတွင်မှ လက်ထဲ စင်းစင်းကိုင်လာသော ဓားရွက်ကို လက်နှင့်သပ်၍ ပေလာသော သွေးကို သုတ်သည်။ "တယ်ကောင်းသဲ ဓား။ အိမ်ရှင့်ကျောကလည်း ဟက်ပက်၊ ငါ့ဓားကျောကလည်း ထက်ထက်၊ ရှောခနဲ ဝင်သွားသာပဲ။ ရင်ဘတ်က ပြွတ်ခနဲ ဖောက်ထွက်သွားသာ ငှက်ပျောတုံးလား မှတ်ရသကွာ ဟိ....ဟိ"ဟု သူ့ဘာသာ

တတွတ်တွတ် တွေးနေသည်။ လူတစ်ယောက်၏ အသက်ကို ဆီးစေ့ခန့် ပမာဏမျှပင် ဂရုမစိုက်သော လူစားမျိုး။ အိမ်ရှင်တွင် အားကိုးရာမဲ့ အိမ်ရှင်မနှင့် လူမမည် သားကလေး တစ်ယောက် သနားစဖွယ် ကျန်ရစ်ရှာသည်။ မည်မျှ ယူကျုံးမရ ဖြစ်ဖွယ်ကောင်းသနည်း။ ပစ္စည်းဥစ္စာ လာဘ်သပ်ပကာကို ယူလို၍လည်း မဟုတ်။ သက်သက်မဲ့ သွား၍ အမှတ်မထင် ရက်စက်နိုင်ပါပေသည်။ သတ်ရသည့် လက်ဆ၊ လက်အရသာကိုသာ ဇိမ်ရှိရှိ ခံလိုက်သည်။ ပြီးလျှင် လူတစ်ယောက် သတ်သည်မှာ ထွက်သက် ဝင်သက် ရှူနေရသည်ထက် ပိုမိုထူးခြားခြင်း ရှိဟန် မတူတော့ပေ။ ထိုသို့သော တပည့်ကို ဆရာလုပ်လာသူ၊ ဗိုလ်လုပ်လာသူက 'ရို့ သောဝ၊ ဘာမို့ကြောင့် သွားသတ်ရသာတုံး'ဟု အားမလို အားမရ မေးနေပြန်သည်။ သာဝသည် ဓားမှ သွေးစင်သောအခါ မြင်းလည်ဆံဖြင့် ထပ်သုတ်နေရာက ငနောင့်ကို မကြည့်ဘဲ 'အလကားပဲ၊ လက်ထဲက ယားလာရို့'ဟု ခပ်ပေါ့ပေါ့ဆိုပြီးမှ 'ပြန်မယ့်ဟာ ကြန့်ကြာလို့ဗျ'ဟု အကြောင်းပြ၏။ ထိုအခိုက် နှင်း အတန်ငယ် ကွဲစပြုလေရာ မောင်နောင်မှာ သောဝ၏ မခိုးမခန့် မျက်နှာကို မြင်ရသဖြင့် သာလွန်ဒေါသဖြစ်သွားသည်။

'အိမ်း မင်းမတော့ မင့်ဝိနည်းနဲ့ မင်းသတ်သာပဲ။ မင့်အတွက်နဲ့ တို့တစ်တွေ အားလုံး ဒုက္ခရောက်တော့မယ်။ တို့နောက်က တစ်ရွာလုံး လိုက်လာကြပီ ဟုတ်စ။ အိမ်ရှင်မ အော်သံနဲ့အတူ နှင်းတောထဲကလူတွေ ဆူဆူညံညံနဲ့ လိုက်လာကြသာ ကြားခဲ့ရဲ့ မဟုတ်လား'ဟု မောင်နောင် ပြော၍မှ စကားမဆုံးမီပင် ဆူညံစွာ ဟစ်အော်လာကြသံများကို သဲ့သဲ့မျှ ကြားရပြန်သည်။ ခေတ္တသော် အားလုံး ကြက်သေ သေသွားပြီး ကယောင်ချောက်ချား ဖြစ်နေကြသည်။ ပြီးမှ 'ဘယ်နဲ့လုပ်မလဲ၊ အနားရောက်ကြပီ။ အခု အသံဟာ ဟိုဘက် တောင်ဆီက။ ဟင်....ဘယ့်နဲ့ လုပ်ကြမတုံး။ သင်းတို့နယ်မှာ တို့တစ်တွေက အရိုင်းသက်သက်၊ ဘယ်ဆီက ဘယ်လိုသွားရမှန်း အလျှင်း မသိဘူး။ သင်းတို့က....'ဟု ပြောခိုက်ပင် မြင်းစီးတစ်ယောက် မြင်းဇက်ကို ဆတ်ပေးလိုက်ပြီး တစ်ဖက်သို့ ထွက်သွားသည်ကို မြင်ရသဖြင့် ငနောင်က ထိုသူ့အား–

'ငရွှေမှန်၊ ဘယ်တုံး'

'ပြေးမယ်လေ့'

'ဟိုဘက်ဆီက အသံတွေ လာနေသဲ့ဟာ အဲသည် ပြေးလို့ သင်းတို့နဲ့ ရင်ဆိုင်တိုးမှာပ ဟ၊ ငနွားရ'

'အို အသံက တစ်ဖက်က လာသာပဲ။ တောင်ဘက်က တောနဲ့ ဂယက်ရိုက်ပြန်လာသာ။ ခင်ဗျ ပဇာသိလို့တုံး'ဟု သွားမြဲသွားရာသို့ ကျန်လူနှစ်ယောက်လည်း လိုက်သွားကြစ ပြုသည်။ သောဝကသာ ဓားကို မြင်းဇက်နှင့်ပုတ်ရင်း ရွှေမှန် ငနောင်အား ခပ်ခံခံ ပြောသွားသည်ကို ပြုံးစနဲ့နဲ့ အကဲခတ်နေသည်။ မောင်နောင်သည် ဒေါသထွက်စပြုရင်း 'ရို့ ငတိုး၊ ငပြုံး'ဟု လှမ်းခေါ်နေသည့် အတွင်းကပင် ရွှေမှန်တို့ သွားမြဲ သွားနေရာသို့ သောဝကပါ မြင်းလှည့်၍ လိုက်မည် ပြင်ပြန်သည်။ ဤတွင် မောင်နောင်က သာဝအနီးသို့

အနည်းငယ်တိုးလျက် 'ဘယ်တုံး'ဟု မေးသည်။ သောဝက မြင်းဇက်ကို မကောက်သေးဘဲ မြင်းလည်ဆံကို ဆွဲရင်းကမှ 'ဘယ်ဖြစ်ဖြစ်'ဟု ပြောသည်။

'မသွားနဲ့ကွ၊ သင်းတို့ သေမှာပဲ။ သင်းတို့ သွားချင် သွားကြပစေ။ မင်းငါနဲ့ လိုက်ခဲ့ရမယ်'

'ပဇာမို့ လိုက်ရမှာတုံး'ဟု သောဝက ခပ်မာမာ ငေါက်သည်။ မောင်နောင်တွင် သာ၍ပင် အံ့အားသင့်သွားသောကြောင့် ခေတ္တသော် စိတ်မဆိုးနိုင်သေးဘဲ 'ဟင် ပဇာ သာဝ'ဟု မျက်မှောင်ကုတ်ပြီး မေးရတော့သည်။ ဤအတွင်း လူသံတွေမှာ သဲသဲကွဲကွဲ ဆူဆူညံညံ ဖြစ်လာလေသည်။

'လာလကွယ်'ဟု မောင်နောင် ထပ်ခေါ်သည်။

'သွားပါလား၊ ခင်ဗျာဘာသာ၊ ခင်ဗျာ့ သွားလိုရာ။ ကျုပ် ပဇာမို့ ခင်ဗျာ့ဆီ လိုက်ရမတုံး'

'ဟာလူ ရ၊ ပဇာ ပြောသယ်'ဟု မောင်နောင်မှာ အသံနာစ ပြုလေသည်။

'ခင်ဗျဆီ ပဇာမို့ ကျုပ် လိုက်ရမတုံး။ ခင်ဗျလည်း လူ၊ ကျုပ်လည်း လူပဲဟာ။ ကျုပ် သွားချင်ရာ လုပ်ချင်ရာ သွားမှာ လုပ်မှာပ။ ခင်ဗျ ဩဇာပေးဖို့ မလိုပေါင်ပါ'

မောင်နောင်သည် အံ့အားသင့်သထက် ထပ်၍ သင့်စပြုပြန်၏။ ရုတ်တရက်သော်ကြောင့်၍ မည်သို့မျှ မပြောနိုင်ပေ။ ထိုအတွင်း သောဝက မြင်းနံကို ခြေဆောင့်ဖိပေးလိုက်သဖြင့် မောင်နောင်နှင့် အနည်းငယ် ကွာသွားတော့သည်တွင်ကျမှ 'ဟ သောဝ၊ ငါမင်းတို့ ဗိုလ်ဟ ....'ဟု အာဏာသံဖြင့် ပြောနေကျ ပုံပန်းအတိုင်း ပြော၏။

'ဗျာ .... ဗိုလ်၊ ဟား ....ဟား ....ပဇာ ဗိုလ်တုံး'အားရပါးရ ခွက်ထိုးခွက်လန် ရယ်မောလိုက်သော သောဝ၏ ရယ်သံနှင့် မြင်းခွာသံလည်း ချက်ချင်းလိုပင် မောင်နောင့် အနီးမှ ဝေးကွာ ခွဲထွက်သွားတော့သည်။ ဤတွင်မှ မောင်နောင်သည် နေရှိန်ဖြင့် တဖွဲဖွဲ ကွဲပျော်စပြုသော နှင်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်။

ဤသည်နှင့် မရှေးမနှောင်းလည်း လူသံတွေမှာ ရုတ်တရက် မနီးမဝေးမှ ထိုးထွက် ပေါ်ပေါက်လာလေရာ၊ မောင်နောင်သည် နေရာတွင် ကြောင်နေရစ်ရာမှ သတိရပြီး မြင်းကို ဇက်ပုံပေးပြီးလျှင် ဦးတည့်ရာသို့ ဒုန်းနှင့် သုတ်ခြေတင်ခဲ့ရတော့သည်။

ဆေးရာသို့ အနည်းငယ်ရောက်လျှင်ပင် သူ့ဘက်သို့ ပြေးလာသော မြင်းတစ်စီးကို ရိပ်ခနဲမြင်ရပြီး ထိုမြင်းစီးပင် ရုတ်တရက် မြင်းပေါ်မှ တလိမ့်ခေါက်ကွေး ကျသွားသည်ကို ထပ်တွေ့လိုက်ရသည်။ သို့မြင်ရလျှင်ပင် မောင်နောင်သည် မြင်းဇက်ပေါ်တွင် ရင်ဘတ်အပ်၍ မြင်းရောလူပါ ပုပြီး ခြေကုန်သုတ်စေတော့သည်။ မြင်းတင်ပါးနှင့် နံတောင်းကိုလည်း ဓားလွတ်ဖြင့် တဖြန်းဖြန်း ဆက်ကာ ဆက်ကာ ရိုက်နှင်လေရာ နှင်းတွေထဲတွင် အစိမ်းရောင်နှင့် အညိုရောင် လူနှင့်မြင်းသည် လေကို ကျောမတတ် လျှင်မြန်စွာ တရိပ်ရိပ် ပြေးရင်း ခွာသံ၊ လူသံချင်းလည်း ရှုပ်ထွေးနေတော့သည်။

ချက်ချင်းလို လူသံတွေ နောက်ဆီတွင် ကျန်ရစ်သကဲ့သို့ ထင်ရသော်လည်း

တောင်စောင်းလေးတစ်ချိုးသို့ တက်မိလျှင်ပင် ခေါင်းပေါ်မှ ဝီခနဲ ကြားရပြီး မရှေးမနှောင်းပင် ဆောင်းထားသော မောက်တိုမှာ နားချပ်စလေး တလွင်လွင်ဖြင့် တောင်စောင်းသို့ လွင့်ပါ လိမ့်ကျသွားသည်ကို သိရတော့သည်။ မောင်နောင်သည် မျက်လုံးမျက်ဆန် ပြူးကာ မြင်းတင်ပါးကို ဓားဦးဖြင့် ဆွဆွပေးတော့သည်။ မြင်းလည်း မျက်လုံးကြီးပြူး၊ နှာခေါင်းကြီး ပွ၍ ဦးတည့်ရာသို့ စုန်သုတ်ရှာသည်။ အမြီးကြီးတဖွားဖွား၊ လည်ဆံကြီး တဖားဖား တန်းပြီးလျှင် တောချုံအုံကြား၊ နွယ်ကြိုး နွယ်တန်းတွေ ကြားသို့ ဖွတ်ဝင် ဖွတ်တိုး၊ ဖွတ်ထွက် ဖွတ်ခုန်၊ ဖွတ်လျား ကသောကမျော ပြေးရှာသည်။

သို့သော် အချည်းနှီးပင်။ ရှေ့သို့ ခရီးများစွာ မပေါက်မိပင် မြင်းညောင်းသို့ ဝီခနဲ မြားတစ်စင်း လာစိုက်တော့သည်။ မောင်နောင်သည် ထိုမြားတံထ လှည့်ကြည့်၍မှ မပြီးမိ မြင်းကုန်းစွန်းကို ရုပ်၍ ကျောရိုးကြားသို့ နောက်တစ်စင်း စွပ်ခနဲ လာစူးပြန်လေရာ၊ မြင်းလည်း သုံး လေး လှမ်းမျှသာ လွှားခနဲ ကျောပေါက်တော့နိုင်ပြီး ချက်ချင်းလိုပင် ခြေနှေးရာမှ ရှေ့လက်နှစ်ဖက် ခေါက်ကာ နှစ်ဆွေ့ခုန် စသော ဆိတ်လူးမြားတွေမှာ ထိုအတွင်း တဝီဝီမြည်ဟီး၍ ဆက်တိုက် ဝဲပျံလာလေရာ၊ ကျောက်စရစ်ခဲတွေပေါ်တွင် လျှောခနဲ မြင်ဝံ့စရာ မရှိအောင် နှာခေါင်းကြီးမှ တခွီးခွီး ပွချည်ပိန်ချည် အငွေ့တထောင်းထောင်း မှုတ်ထုတ် အမြှုပ်စီနေသော မြင်းကို စေ့စေ့ပင် မကြည့်အားတော့ဘဲ၊ မောင်နောင်သည် မြေပေါ်မှ ခေါင်းပု၍ တောနက်သို့ အကာအကွယ်ယူ ပြေးဝင်သွားရရှာသည်။ တလှပ်လှပ် ခုန်နေသော ရင်ဘတ်ကို အနည်းငယ် ငြိမ်သက်ရန် အလို့ငှာ ဓားအိမ်မှ ဓားဆွဲချွတ်၊ မြဲမြဲကိုင်ပြီးလျှင် အနီးဆုံး အင်ပင်ကြီးတစ်ပင် အခေါင်းထဲသို့ လျှင်မြန်စွာ ပြေးဝင် ပုန်းအောင်းနေရသည်။ လူသံတွေကား တအောအောနှင့်၊ မြားသံတွေလည်း တဖျောဖျော ကြားနေရသေးသည်။

## ၅၆ | ပြေးသူနှင့် တွေ့သူ

နေမင်းအား အနိုင်ကျင့်ထားကြသော နှင်းထွေး နှင်းခဲတွေမှာ ယခုသော် ပျော်ကာ ကြေကာ ကွဲကာ ဖွဲကာ ဖွာ၍ ပြိုက်ကျစ ပြုလေပြီ။

တောင်စောင်း တောင်ခါးပန်းတို့မှ ဖော့ကာပတ်ကာ တိုက်ခတ်လာသော လေကလည်း နှင်းရည်ကို ဖော့၍ သိမ်း၍ ဆွဲသွင်းလာလေရာ မောင်နောင်သည် ခေါင်းငိုက်စိုက်ချ၊ ကိုယ်ကလေး ရှေ့သို့ကိုင်းကာ တစ်လှမ်းချင်း လျှောက်၍သာ နေရသည်။ ရှေ့သို့မျှော်၍ မကြည့်နိုင်ပေ။ တစ်ခါတစ်ရံ ခေါင်းနှင့် ဝင်ဖော့မိသော ချုံနွယ် ပိတ်ပေါင်းများကိုသာ ဒေါနှင့် မာန်နှင့် ဖယ်ရှင်း၍ လက်ထဲရှိ ဓားလွတ်ဖြင့် ခုတ်ရ ထွင်ရသည်။ နှင်းတွေ တဖွဲဖွဲ ကျနေသောကြောင့်လည်း ရှေ့ကို တစ်လံသာသာမျှ မမြင်ရ။ ချုံနွယ်တွေနှင့် အင်္ကျီစ၊ ဆံပင်စတွေ ငြိနေ တွယ်နေတော့မှ ချုံမှန်း နွယ်မှန်း သိရခြင်း ဖြစ်သည်။

အသက်ရှူ၍လည်း မဝ၊ မျက်လုံးကိုလည်း မှေးမှေးသာ ဖွင့်နိုင်အောင် နှင်းတွေ

မျက်နှာထံ ပက် ပက် တိုက်နေလေရာ ဘာမျှ မကြားနိုင်အောင်လည်း ဖြစ်နေသည်။ သို့သော် အခြား တောသံ တောင်သံ စသည်ကို မကြားရသော်လည်း သောဝ ရယ်သံကား ငနောင့် နားဝတွင် စွဲ၍ ကျန်ရစ်လေသည်။

"ဟား.....ဟား.....ပဇာ ဗိုလ်တုံး"

မောင်နောင်၊ မောင်နောင်၊ မာရဘင်ဗိုလ်မှူးလေး၊ တိုင်တားမင်းကြီး လက်သုံးတော်ကိုင်၊ နှယ်နှယ့်လူ မဟုတ်ခဲ့ပေ။ လူထူး၊ ထူးခြားသောလူ ဖြစ်သည်။ အသက်ကလေးကို အပြေးလေး စစ်လိုက်ပါမှ အရွယ်လေးက သုံးဆယ်ပြည့်၊ နှာတံလေးပေါ်ပေါ်၊ မျက်လုံးလေး ပြူးပြူး၊ အရုပ်အမောင်း အသားအရေ ဆိုဖွယ်မရှိ။ ယောကျ်ားချင်းတောင် ဆိတ်စာလောက် ငေးကြည့်ရတဲ့ ရုပ်ရည်ပါပဲ။

စွမ်းရည်ဆောင်ရည် ကြံရည်ဖန်ရည် ဆိုပြန်လည်း သူမတူ ရှားပါသယ်။ သာမန်လူ အခြေက ရွှေနန်းတော်တစ်ဝိုက်မယ် ကျက်စားနိုင်သယ်ဆိုသာ နှယ်နှယ့် အရည်အစွမ်း မဟုတ်ပေါင်ပါ။ ရွှေနန်းတော်ထက်မယ်များ ဖွားရရင် အို ငနောင်သဲ့ ....ငနောင်၊ ရွှေဘိုနယ် မြောက်ဘက်စွန်းက ထွန်းလင်းလို့ပြောင်မယ့် ယောကျ်ားပါနော။ ပြောင်ပါရဲ့၊ ပြောင်ခဲ့ပါရဲ့။

တော်ရုံလူ ငါ့လို မဖြစ်တဲ့နိုင်။ ငါ့လို ကြံရည်ဖန်ရည် အခွင့်အရေး ရှိသည် ထားဦး၊ ငါ့လို မဖြစ်တဲ့ပေါင်ပါ။ ငါ့မယ်သာ သူတကာနဲ့ မနှိုင်းယှဉ်နိုင်လို့ ငါ့လို ငါဟာ ငါပဲ ဖြစ်သာပ။ ငါနဲ့ ငါသာ နှိုင်းယှဉ်ရာပဲ၊ ငနောင်.... ငနောင် လူထူးရ။

ဟား.... ဟား.... ပဇာဗိုလ်တုံး သဲ့။

အိမ်း.... အိမ်း.... အိမ်း ပဇာဗိုလ်တုံး။ သည်လို လူ့အဥ္စန့် တလူလူနဲ့ နေလာသဲ့ ငါဟာ သူတကာကို မျက်ထောက်တောင် ကျိုးပြီး မခံခဲ့ဘူး။ နှမ်းတစ်ထောက်မျှ လောက်တောင် အတင်ကျော မခံခဲ့ဘူး။ အရိုက်အရာ အဆင့်အတန်းနဲ့ လက်ထဲမယ် တန်ခိုး အာဏာကို အလွယ်နဲ့ သုံးခဲ့သဲ့ လူပါ မောင်ရာ။ တန်ခိုးထလို့ တစ်မျိုးကြွခဲ့သဲ့ လူပါ မောင်ရဲ့။

မောင်နောင်သည် အံကလေး ကြိတ်၍ နှုတ်ခမ်းပါးပါး ပြာပြာကလေးကို ပေါက်လုမတတ် ခိုက်ခိုက်တုန်ခဲ့ပြီး တောင်တန်းလေးတစ်လျှောက် တရွေ့ရွေ့ လျှောက်နေသည်။

ခုတော့ ကြည့်ပ။ ဝမ်းကလည်း ဟာဟာ၊ အဖော်မပါ တစ်ကိုယ်တည်းနဲ့ တောတောင်အလယ်မယ် မျက်နှာငယ်နဲ့ အသားထိအောင် အဝတ်အကျီကို နှင်းရည်တွေ စိုပိလို့၊ ခြေဖဝါးတွေလည်း ရိရော့မယ်။ ခြော် ငနောင်၊ ငနောင်၊ ကြော့ကြော့နေလာခဲ့သဲ့ လူပါကလား ကွာရို့။

နှယ်နှယ့် အဆင့်အတန်းနဲ့ လူစားမဟုတ်ပေါင်ပါ။ သည်အဆင့်အတန်းကို ရောက်အောင် ပဇာလို အနစ်နာခံရသယ်၊ ပဇာလို စွန့်လွှတ်ခဲ့ရသယ်ဆိုသာ.... ငနောင်၊ မင်းအဖြစ်သနစ် မင်း အသိဆုံးပဲ။ အဲသလောက် စွန့်စားခဲ့သဲ့အတွက် လက်ဝယ်ရရှိသဲ့

အခွင့်အရေး တန်ခိုးအရှိန်အဝါဟာ သာပဲလားကွာ။ ခုလို နှင်းတောကြီး တဖြိုင်ဖြိုင်မယ် တငိုင်ငိုင် ဧးရင်း ဒုက္ခတွင်း ဆင်းနေရသာပဲလား၊ ဟုတ်စ။

ငါလိုလူကို ပဇာမိုလ်လဲသဲ့၊ သောဝလို သတ္တဝါစားက၊ မင့်က မွေးထုတ်သဲ့ သားလားသဲ့။ ဟို ဦးမင်းဒန်လို ညှို့ကိုမှ မနိုင်သဲ့ လူစားက။ ညှို၊ ညှို .... သင်း ရင်လည်း သေပါမှ၊ အနို့မဟုတ်ရင် သင်း.... သင်း....။ သည်ဆိမယ် သင်း ရောက် နေပီသဲ့။ သင့်အဖော် တွေန်ဆိုသာရယ်၊ သင်းတို့ နှစ်လင်ထဲမယား ဆိုသာရယ်။ မိုင်းလွယ်၊ မိုင်းလွယ်၊ ဟို သင်းနဲ့ ငါ စပီး ရန်စပွားသဲ့ နေရာဆိက မိန်းမသဲ့။ ပဇာလိုနေ ....ပဇာ ရုပ်ရည်မျိုးပါလိမ့်နော။

အိမ်း....အိမ်း ငါ သည်လို အခြေအနေမျိုး ရောက်သဲ့အတွက် ပဇာလုပ်ခဲ့နိုင် သလဲ။ အမိ...အမိ၊ အို.... အမိ၊ အသေစောသာပဲ။ အနို့မို့ရင် သင်း စွန့်စားခဲ့သမျှ သင်း ပြန်ပီး ခံစားသွားရမှာပ။ ဟုတ်သယ်၊ အမိ အသေစောလို့သာပ။ ခင်မှူ.... ထွိ၊ လင်ဆိုသာ ပဇာလိုဟာမျိုး ယူရသယ်မှ မသိတတ်သဲ့ မိန်းမပဲ။ ငါလို လင်မျိုး၊ ငါလို ရုပ်ရည်နဲ့ ငါလို အားခွန်ဗလနဲ့ လင်မျိုး ရထားသဲ့ကြားက ငါ့ရင်ခွင်ထဲ နေရင်းမှာ ငါ့မျက်နှာကြည့်ရင်း သင်း ငစို့ဆိ စိတ်ရောက်နေသာ.... ထွိ။

ငါ့သားကိုတော့ မမွေးချင်ဘူးသဲ့။ ကလေး မြေးငယ် မလိုချင်သေးပေါင်ပါ၊ အကျွန် လွတ်လွတ်လပ်လပ် နေပါရစေဦးသဲ့။ ပီးတော.... ထွိ လေ့သူကြီးတွေ အားလုံးက သင်းကို မမှတ်မိဘူးသဲ့လား။ ဆိပ်ခွန်ဗိုလ်ကတော် လုပ်ခဲ့သာကို သင်း လုံးလုံးမေ့နေသာ။ မေ့မှာပ၊ မေ့မှာပ၊ သင်းလင် ငစို့မျက်နှာကို.... ထွိ။ လင်ကလေး ခေါ်သယ်ဆိုတော့ မှောင်နဲ့မည်းမည်း၊ သင်းလင် သူပုန်လက်သီးပုန်းနဲ့ ပုဆိုးခြုံက လက်သီးပြသဲ့ လျှို၊ ဒလန်ဆိကိုလေ့၊ ဟိ.... ဟိ.... ထွိ။

ပါးသယ်၊ ပဇာ ပါးသာတုံး။ သင်း ဉာဏ်လောက်တော့၊ ဟင်း.... သင်းမိဘ ပစ္စည်း ထိပါးမှာစိုးတော့ သင်းမိ သင်းဘဆိကို သင်း အဝင်အထွက် မလုပ်ဘူး။ ဝင်ရင် ထွက်ရင် ငါနဲ့ နီးစပ်မယ်၊ နီးစပ်ရင် သင့်မိဘ ပစ္စည်းကို ထိပါးမယ်ပေါ့လေ့။ ဟင်း ....နံ့သာပွဲစား သမီးကြီး ပီသပါပေ့၊ ခင်မှူရာ။ သင်းကို ဖြတ်ပါ၊ ခွာပါသဲ့။ ပဇာရမတုံး။

သင်းတို့ ပါးသာလောက် သည်က လွှာနေသာပ။ ခေါင်းတုံးပေါ်က ထိပ်ကွက် သာပ။ သင်းနဲ့ကွာရင် သင်းလင်လေးနဲ့ အေးလေးလူလူ ပေါင်းမပေါ့ဗျာ။ ရွှေလည်တိုင် ဖော့ရိုးနှစ်ချောင်းကို အိပျောင်းချိတ်တွဲပီး တူစုံနွဲ့ကြမပေါ့။ ပဇာရမတုံး၊ တိရစ္ဆာန်တွေ ရယ်၊ ငါ အတန်တန် သတိပေးသယ်။ သတိပေးလျက်က သင်းသေနေ့၊ သင်းသေရက် ကိုမှ သင်း မတွက်တတ်၊ မရေတတ်သဲ့ မိန်းမညံ့ကပဲ။

တစိမ့်စိမ့် တမျှဉ်းမျှဉ်း ဇိမ့်ဆွဲပီး ငနောင်တို့က ညှဉ်းပြလိုက်သယ်။ ဟုတ်စ၊ ကောက်ရိုးမီးလို ဟုန်းဟုန်းညီးညီး ထပီးတောက်မယ် ထင်ကြသယ်။ ပဇာ တောက်မတုံး၊ ငစိုရာ၊ မင့်လည်း ညှို့ညီပဲ။ မင်းတို့ စွမ်းသာက တစ်မျိုးပ၊ ငါစွမ်းသာက မင်းတို့ အသည်းကလေးတွေ၊ အူကလေးတွေ၊ နှလုံးသည်းပွတ်ကလေးတွေ ကြားမယ် တရွရွ

တငွေ့ငွေ့ တမြည့်မြည့် တစိမ့်စိမ့် စွဲလောင်အောင် ဖွဲမီးနဲ့ တိုက်သာကွ၊ လူတွေရ။ ဖွဲမီး.... ဖွဲမီး သိကြပီ ဟုတ်စ၊ နားလည်ကြပီ ဟုတ်စ။ ဟင် ခင်မှူ၊ ရိပ်ပတ်လည်ကြပီ ဟုတ်စ။ ငနောင်သဲ့၊ မင့်ကိုယူသဲ့ ငနောင်သဲ့၊ မင့်ကို တစ်ခါတည်း ပိုင်းမသတ်ဘဲ ရေရှည်ဆွဲပီး ညှဉ်းဆဲမယ်လို့ ပြောဖူးသဲ့ ငနောင်လေ့။

ငနောင်သဲ့ ငနောင်၊ နှိုင်းခိုင်းစံယူ တူသူအကြွင်း ကျော်သည့်သတင်း ပျံ့တည်းညင်းနဲ့ ထူးခြင်းကြီး ထူးနိုင်သဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ၊ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ။ အဲသည် အရေးတွေ ဝင်နှောင့်နေလို့ သာပ။ စီးနေသဲ့ ရေအလျဉ်မယ် မြေကတုတ်တမန်ဆည်းလိုက်သလို၊ အနှောင့်အယှက် လာပေးသလို ဖြောင့်ဖြောင့်တန်းတန်း မစီးရလို့သာပ။ ငါ့ဘဝလေးဟာ အီသွား အိုက်သွားခဲ့သာပေါ့နော။ အဲသည် အဖြစ်သနစ်တွေ၊ အဲသည် သူယုတ်မာ ဇိုတို့၊ မိန်းမယုတ် မိမ့်တို့ကို အရေးမစိုက် လျစ်လျူရှုနိုင်မယ်ဆိုရင် ကိုယ့်ကြီးပွားရေး၊ ချမ်းသာရေးမယ် ဆတက်ထမ်းပိုး တိုးမှာ အမှန်ပဲ။ ရည်ရွယ်ချက်ကြီးကတော့ ပွဲဦးထွက် ကောင်းပါရဲ့။ ဇာတ်ရှုပ်ခံလွန်းသာနဲ့ အဆုံးသတ်မယ် ယော်သွား၊ ဟာသွားသာပါပဲ။ တို့တိုင်တားတို့၊ ကင်းဝန်တို့လိုပ။ ပဇာမှ မဟုတ်သဲ့ သဘောကွဲလွဲချက်တွေကို ဂရုစိုက်နေကြသာနဲ့ပဲ တိုင်းပြည် ဆုံးရသာပဲ။ နှစ်ဖက်စလုံး ဝါဒက ပြည်ချစ်တိုင်းချစ်ပါပဲ။ ကိုယ့်အချင်းချင်း ထစ်နေကြသာနဲ့ ရန်သူက ဝင်ပီး ကစ်သွားသာပေါ့။ အိမ်း.... အိမ်း အဓိကရ ငနောင်၊ အဓိကရ အိမ်ကြီးလိုပ။ အိမ်ပေါ်က ကြွက်၊ အိမ်အထက်က မိုး၊ အိမ်အောက်က ခြထိုးလက်စဟာ ထိုးလက်စ ပျက်လက်စပဲ။ ဖျက်ကြနိုင်ပီ၊ ဖျက်ကြတော့.... ဖျက်ကြတော့။

ငနောင်ဟဲ့ ငနောင်၊ သူမတူ ထူးခြားပါသဲ့ ရွှေဘိုငနောင်။ ထူးခြားတော့ ပဇာပြုတုံး။ မိဘရိုက်ရာလည်း ကုန်၊ ရသဲ့မယားလည်း လင်ငယ်မျောက်သားနဲ့ ဖောက်ပြား၊ သည့်အထဲမယ် နေသဲ့ လင်ငယ်လည်း တစ်ဖက်လှည့်နှင့် အသေသတ်ခဲ့။ အဲသာတွေကို ပိပိရိရိ စေ့စေ့စပ်စပ် စုံစုံလင်လင် သေသေသပ်သပ် အပ်ကျမပ်ကျ လုပ်ခဲ့ပီးသဲ့နောက်–

ပဇာမှ မဟုတ်သဲ့ သောဝက ပဇာဗိုလ်လဲသဲ့။ ပီး....ညျို ....ညျို....

ကြီးလိုက်သဲ့ အငြိုး၊ ကြဲလိုက်သဲ့ ဉာဏ်ရည်၊ ထက်လိုက်သဲ့ စွမ်းရည်၊ သုံးလိုက်သဲ့ လုံ့လ၊ အဲသာတွေ အားလုံးဟာ ငနောင်ဟဲ့။

ရွှေဘို ငနောင်သဲ့နော.... ဆိုသဲ့ တင်းလိုက်သဲ့ မာန၊ ထန်လိုက်သဲ့ စိတ်တွေနဲ့ ကျတော့ အပိုင်းပိုင်း အပြတ်ပြတ် အကွင်းကွင်း အကွက်ကွက် တရစက် တရစပ် စုတ်ပြတ်လွင့်ဖွာ ကုန်ကြသဟဲ့ နော။ ငနောင်.... ငနောင်၊ ဟယ် ပဇာလဲဟဲ့ ငနောင်၊ ငါဟဲ့ ငနောင်၊ သည် ငနောင်....။

မောင်နောင် နေရာတွင် တန့်ရပ်လိုက်ကာ ဝဲယာရှေ့နောက် ကြည့်လေသည်။ သူ ရပ်နေသည်မှာ ဆီးဘူးကွဲတောင်နှင့် ကျောက်ပုံတောင် နှစ်လုံးကြားရှိ ကုန်းကမူစွန်းကလေး ပေါ်တွင် ဖြစ်လေသည်။

နှင်းတွေမှာ မိုးစက်ကလေးများကဲ့သို့ သူ့ပခုံး၊ လက်ရုံး စသည်တို့တွင် ဖွေးဖွေး

ဖြူ ကပ်တွယ်နေကြသည်။ မည်းနက်သော မျက်ခုံးမွေးနှင့် ရေးရေးလေး ထင်နေရာမှ ထင်းထင်းကြီး ထွားလာသော နှုတ်ခမ်းမွေးအပြင် မနုတ် မပယ်နိုင်သော ပါးပုန်းကျင်စွယ် အငွေ့ငွေ့ အငေါငေါလေးတွေပေါ်၌ပါ မကျန် နှင်းစက်တွေ ရွှဲရွှဲတင်နေ၏။

ထိုအခိုက် လေတစ်ချက် ဝှေ့တိုက်လိုက်၏။ ဝိုင်းဝိုင်း ဝင်းဝင်းသာ မြင်ရသော နေမင်း အနွေးဓာတ်မှာ ငနောင့်ထံသို့ အရောက် မလာနိုင်ဟု ထင်ရ၏။ လက်ဖျား ခြေဖျားတို့တွင် ပဲကြီးခွံ ရေစိမ်ကဲ့သို့ တွန့်ထုံနေလေပြီ။ နွားသားရေ ခြေနင်းမှာလည်း တစ်နေရာတွင် စွန့်ပစ်ခဲ့ရချေပြီ။ ခြေဖဝါးတွေ၊ ခြေသည်းထိပ်တွေကလည်း ဆူးတွေ၊ ငုတ်တွေနှင့် နင်းမိ တိုက်မိရာမှ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသည်။ သွေးလည်း မထွက်နိုင်။ ခြေဖမိုး ဖွေးဖွေးဖြူ၍ ခြေသလုံးသားများပင် ပပ်နေလေရာ ဝှေ့ပြီး တိုက်လိုက်သော လေရှေ့တွင် မောင်နောင်မှာ ရိုးတွင်း ချဉ်ဆီအထိ စိမ့်ခနဲ တုန်ကျဉ်သွားမိရှာ၏။

ထိုအခါကျမှလည်း တောင်ခြေ မကျတကျ၌ တောင်စောင်းလေးကို ခိုနေသော ဇရပ်ကလေးတစ်လုံးကို ရုတ်တရက် မြင်ရလေသည်။ ဇရပ်ကို မြင်လျှင် မြင်ရချင်းပင် ငနောင်သည် နေရာမှ ချက်ချင်း သုတ်သုတ် ပြေးဆင်းခဲ့တော့၏။

ကျောက်တုံးတွေ၊ ကျောက်ခဲတွေ၊ ခရာတွေ၊ ဆူးတွေ၊ တစောင်းပင်တွေ၊ စိန်နားပန် ချုံတွေဖြင့် တိုးမိ ရှောင်မိသော်လည်း နာရမှန်း မသိပေ။ ဆာလောင် မွတ်သိပ်ခြင်းထက် ချမ်းခိုက်ခိုက် တုန်မှုက ဆိုးရွားလှသည်။ ရန်သူ ညီ့ထက် နှင်းရည်ကို ကြောက်မက်ဖွယ် ကောင်းပါဘိ။ အအေးဓာတ်ကို လုံအောင် ခြုံပေးမည့် ဇရပ်ငယ် သည်သာ အဏ္ဏဝါ အလယ်မှာ မေခလာ ကယ်သကဲ့သို့ ငနောင်၏ခိုကိုးရာ ဖြစ်တော့မည်။ ငနောင်သည် မြင်ရသော ဇရပ်ငယ်သို့ ရှေးရှုကာ တရမန်းကြမ်း ပြေးဆင်းသွားပေသည်။

ဇရပ်ဆောင်တွင် စကားဝါပင်ကြီးသုံးပင် ပေါက်နေ၏။ စကားပင်တွေ ရှေ့မှ ချောင်းကလေးတစ်စင်း ငြိမ်သက်စွာ စီးဆင်းနေသည်ကို တွေ့ရလေသည်။ ဇရပ်ကလေး လှေကားရင်းတွင် ကောက်ရိုးတစ်ထုံး တွေ့ရာ မောင်နောင်သည် ကောက်ရိုးကို အားပါး တရ ပြေးပွေ့ယူငင်ကာ ဇရပ်ပေါ်သို့ တက်ခဲ့တော့၏။ အမိုးသက်ငယ်၊ အင်တိုင် အင်ခင်း ဖြစ်၍ အနည်းငယ် ဆွေးနေလေပြီ။ ငနောင် တက်လာသည့်ဘက်တွင် နံရံမရှိသော်လည်း အခြားဘက်တွင် ဝါးထရံ တစ်ချပ်စီဖြင့် ကာထားသော အခန်းကလေးတစ်ခု တွေ့ရသည်။ ငနောင်သည် ထိုအခန်း ဖွဲ့ထားရာသို့ တအား ပြေးဝင်သွားသည်။

အတွင်း၌ ကောက်ရိုးတွေနှင့် ဖရုဖရာ ကြဲနေသည်ကို တွေ့ရသောအခါ မောင်နောင် ကွေးနေအောင် က နေလိုက်ချင်သေးသည်။ မေး တရိုက်ရိုက် ခိုက်ခိုက်တုန်နေသော ကိုယ်ကြီးကို ကောက်ရိုးတောထဲသို့ တအားပစ်သွင်း လှဲချလိုက်ပြီးလျှင် တစ်ကိုယ်လုံး ကောက်ရိုးဖြင့် ဆွဲဖုံးနေတော့သည်။ ကောက်ရိုးစတွေဖြင့် တရှရှ ယားရမှန်းလည်း မသိ။ နှင်းရိုက်ထားသော ကောက်ရိုးတွေမှာ ထိုင်းမှိုင်း၍ နောက်ချေးနံ့ တသင်းသင်း ထွက်နေသည်ကိုလည်း သတိမထား။ ထိုအခန်းကလေးကား နွားကျောင်းသား အချို့၏

ဘုံပစ္စည်း ကောက်ရိုးဘဏ္ဍာတိုက် ဖြစ်ဟန်တူသည်ကိုလည်း မတွေးတော။ ကောက်ရိုးနံ့လေးတွေ သင်းသည်၊ ကောက်ရိုးတွေ နွေးသည်ဟုသာ စဉ်းစားပြီးလျှင် မောင်နောင်သည် ဓားလွတ်ပိုက်ပြီး မျက်လုံးစုံမှိတ်ကာ နွမ်းလျခွေနုံး စိတ်ရောကိုယ်ပါ ချုံးချုံးကျ ပန်းအိရင်းဖြင့် မကြာမီ ငြိမ်သက်စွာ အိပ်ပျော်သွားရှာတော့သတည်း။

အိပ်ရာမှ နိုးသောအခါ မျက်နှာပေါ်သို့ နေရောင်ထိုးနေသည်ဟု သိရသည်။ မျက်လုံးကို မဖွင့်သေးပေ။ မျက်လုံးပေါ်ထိုးသော နေရောင်မှာ သစ်ပင်ကြားမှ ဖောက်ထွင်း၍ မျက်နှာပေါ် ကျနေသည်။ လေပြည်လေးတိုက်တိုင်း လှုပ်ရှားနေသော သစ်ကိုင်းက နေရောင်အား ကွယ်ချည် ပေါ်ချည် လုပ်နေသည်ဟု သိရသည်။ ခေတ္တ နေလျှင် ထိုနေပြောက်မှာ ထန်းတစ်ဖျားခန့် မြင့်သော နေရောင်ဖြစ်သည်ဟု အတပ် စဉ်းစားမိသည်။ အားခနဲ သမ်း၍ ခြေတွေလက်တွေ ဆန့်တန်းပြီးလျှင် အပျင်းကြောဆွဲ၊ အညောင်းကြော ဆန့်သည်။ ပြီးလျှင် ချက်ချင်း သူ့အား လူတစ်ယောက်သည် တစ်နေရာရာမှ စူးစိုက်၍ ကြည့်နေသည်ဟု သူ သိမိလာ၏။

မျက်စိ မဖွင့်သေးဘဲ၊ အသံမကြားဘဲ သူ့ထံ စူးစူးစိုက်စိုက် ငြိမ်သက်စွာ ကြည့်နေသူကို သူ အဘယ်နည်းဖြင့် သိသည်ဟု မပြောတတ်ပေ။ အနံ့ရ၍လော၊ သို့တည်းမဟုတ် လူတိုင်းတွင် ကိန်းအောင်းနေတတ်သော သတ္တမအာရုံ ခေါ် အသိဉာဏ်ကလေးက သတိပေး၍လော မဆိုနိုင်ပေ။ မောင်နောင်ကား လူမှန်းသူမှန်း သိစဉ်မှစ၍ ယခု အသက်သုံးဆယ် အရွယ်အထိ ဓားကိုင်၍ ကြီးပြင်းလာခဲ့သည်ကိုကား အမှန် ဆိုနိုင်ပါ၏။ သံကိုကိုင်၍ ကြီးပြင်းလာသူ့ သွေးက တစ်စုံတစ်ရာသော နည်းသင်္ကေတဖြင့် လည်းကောင်း၊ ဉာဉ်ဖြင့် လည်းကောင်း သူ့အနီး၌ လူတစ်ယောက် ရောက်နေပြီဟု သိစေခြင်းပင် ဖြစ်ဟန်တူသည်။

မောင်နောင်သည် ဓားကို အရိုးမှ ကိုင်၍ ငြိမ်သက်စွာ နားစွင့်နေသည်။ အသက်ကို မှန်မှန်ရှူ၍ စောင့်နေသည်။ ဟုတ်ပါသယ်၊ လူတစ်ယောက် ကျူထရံပေါက်ဝမှာ ရပ်နေပါသယ်၊ လူပါပဲဟု တွေးတောကာ မျက်နှာပေါ်မှ ကောက်ရိုးစတွေကို ရုတ်ခြည်းဖယ်ချပြီး မျက်လုံး ဖွင့်ကြည့်လိုက်၏။

ကြည့်ပြီးမှ အံ့အား သင့်နေတော့သည်။ လူမှန်း အတပ် ထင်ခဲ့သော်လည်း မောင်နောင်သည် သူ့အား မိန်းမတစ်ယောက်က ဤသို့ ငြိမ်သက်စွာ စူးစိုက်ကြည့်နေမည်ဟု လုံးဝ မထင်ခဲ့ပေ။ သူ ကောက်ရိုးဖယ်၍ ကြည့်သောအခါ မျက်တောင်လည်း မခတ်၊ အံ့အားလည်း မသင့်၊ ဘာမှုလည်း မထူးခြား၊ ရပ်မြဲ ရပ်၊ ကြည့်မြဲ ကြည့်နေသော မိန်းမကို မြင်လိမ့်မည်ဟု စိုးစဉ်မျှ မတွေးမိခဲ့။ ယခု မြင်ရမှ အံ့အားသင့်သွားခြင်းဖြစ်ရာ ထို့ကြောင့်ပင် 'ရှိ'ဟု ဆိုမိကာ ကောက်ရိုးထဲမှ ကျောကြီး မ ပြီး ထိုင်မိလေသည်။

'ရှိ'ဟု ဆိုပြန်သည်။ ထိုမိန်းမက ကြည့်မြဲ ကြည့်နေ၏။ မျက်တောင်ခတ်သော်လည်း မောင်နောင်သည် ပြေကျနေသော သျှောင်ကို ပြင်ထုံးသည့် လက်၊ ကိုင်ကျပ်အင်္ကျီ

စိမ်းအညစ်ကို ပြင်၍ သပ်သပ်ရပ်ရပ်နေအောင် ဆွဲဖြန့်သော လက်၊ ဓားကို ပြန်ဆုပ်နေသော လက်တို့ကို လိုက်၍သာ ကြည့်နေလေသည်။

ထိုမိန်းမ၏ မျက်လုံးတွေမှာ တန်းပေါ်တွင် လျှောက်ပြေးနေသည့် ပိုးဟပ်ကို လိုက်၍ကြည့်နေသော ကြောင်ကလေး၏ မျက်လုံးနှင့် လွန်စွာ တူပါ၏။

မောင်နောင် ထိုကြောင့် ထပ်ပြီး အံ့အားသင့်နေပြန်၏။ စဉ်းစားရကျပ်သည်။ နောက် ချက်ချင်းလည်း အကြည့်မခံချင်အောင် စိတ်ထဲ၌ ခိုးလိုးခုလု ဖြစ်မိပြန်၏။ သို့သော် ထိုမိန်းမထံမှ မျက်နှာကို လွှဲ၍မရပေ။

အသားဝါဝါ၊ မျက်နှာသွယ်ယောင်ယောင်၊ ပါးအို့ကလေးများမှာ နီနေသည်။ ဆံစလေးတွေတွင် ချွေးလေးတွေ တိတ်စ ဖြစ်သည်။ ဆံပင်နောက်တွဲ ထုံးထားသည်။ မျက်လုံးတွေ မပြူးလှ၊ ကျယ်သည်။ အားလုံး ခြုံကြည့်လျှင် မျက်နှာထား လှသည်။ ပြီး ရင်အုံကလေးတွေ မို့ပြီး မောက်နေလျက် ဖျင်အင်္ကျီအမည်းအောက်တွင် တင်းတင်းကြီး ဖောင်းနေသည်။ ငနောင်သည် ၎င်းအစိတ်အပိုင်းများကို စူးစိုက်၍ အတန်ကြာကြည့်နေမိသည်။ ထိုနေရာမှ တစ်ဖန် သေးသောခါးနှင့် အထက်ဆင့်နီ မဲထဘီသို့ မျက်လုံးရောက်သွားသည်။ ကြီးထွားသော တင်နှင့် တောင့်တင်းမည့် ပေါင်တံ။ မည်သို့ပင် ကြည့်ကြည့် "အင်တန် တောင့်သဲ့ မိန်းမပဲ" ဟု မောင်နောင် ဆုံးဖြတ်ချက် ချလေသည်။ ထိုမိန်းမသည် ငနောင် ကြည့်နေပုံကို မသိသကဲ့သို့ တွေပြီး ရပ်နေလျက် လက်နှစ်ဖက်ကို ကိုယ်နောက်မှာ ကွယ်ထားသည်။

ရှမ်းမပဲ။ သာယေသိ အစစ်တော့ မဟုတ်တန်ရာ။ နွားလာကျောင်းသဲ့ မိန်းမပဲ ထင်ပ။ ငနောင် ဖျတ်ခနဲ အပြင်သို့ လှည့်ကြည့်သည်။ မိန်းမထံမှ လွန်၍ မျှော်ကြည့်သည်။ နွားလည်း မမြင်၊ အဖော်အတွဲလည်း ပါလာပုံ မပေါ်ပေ။ အစဉ်းစားရ ကျပ်၏။

ငနောင် အပြင်လှမ်းကြည့်ခိုက်ကလေးမှာ မိန်းမသည် လက်နှစ်ဖက်ကို ရှေ့သို့ ထုတ်သည်။ သို့သော် မထုတ်မီ တစ်စုံတစ်ရာကို တင်ပါးဖြင့် မှေးထားပြီးမှ လက်ထုတ်ခြင်း ဖြစ်၏။ လက်တစ်ဖက်တွင် မဲပဝါတစ်ပိုင်း ပါလာရာ ၎င်းကို ခေါင်းတွင် ပေါင်းသည်။ ဣန္ဒြေရရ ဖြဲဖြဲပေါင်းသည်။ ပြီးလျှင် လက်နှစ်ဖက် နောက်သို့ ဖှက်လိုက်ပြန်၏။ ငနောင်တွင် တွေခနဲ လက်လှုပ်သမျှသာ အကဲခတ်မိသည်။

တစ်ယောက်တည်း အဖော်လည်း မပါဘူး၊ အင်တန် ချောသဲ့ မိန်းမ၊ လုံးကြီးပေါက်လှ၊ အရပ်အမောင်းလည်း ကောင်းသယ်၊ အိလို့ .... စိုလို့ပါကလားနော။

'ရှိ' ဟု ငနောင် ထပ်ဆိုပြန်သည်။ ပြီးလျှင် နှုတ်ခမ်းပါးလေးကို ဟရုံလေးပြုံးရင်းက 'ပဓာကြည့်သာတုံး အမိရဲ့' ဟု အချိုသာဆုံး မေးလိုက်၏။ မိန်းမက မည်သို့မျှ မဖြေပေ။

'ကောက်ရိုး ယူမလို့လားကွယ့်' မယူချင်ဟု ထင်လျက်က သက်သက်မေးခြင်း ဖြစ်သည်။ မိန်းမက ခေါင်း ညင်သာစွာခါမှ ငနောင် သွားကလေးတွေ ဖွေးသွားအောင် ပြုံးလက်စဖြင့် 'ချမ်းသယ်နော' ဟု အကယ်လည်း ကြက်သီးတစ်ချက် ထသွားသည်။

မိန်းမက ပါးစပ်ပင် မလှုပ်ပေ။ ခေတ္တ စဉ်းစားသကဲ့သို့ နေရင်း မောင်နောင်က မျက်ခုံးမွေး ရေးရေးထူထူလေးတွေကို ပင့်လျက် 'နှင်းတွေ ခုထိ မကွဲချင်သေးဘူး၊ ကြည့်စမ်းပ။ ချမ်းချမ်းရှိသာနဲ့ ကောက်ရိုးထဲ ဝင်ခွေနေသာပဲကွယ်'

ထိုမိန်းမက သူ့အား ကောက်ရိုးထဲတွင် ဝင်အိပ်နေရာမှ အဝတ်အစား ကပိုကရို ညစ်ညမ်းနေပုံကို အကဲခတ်နေသည် ထင်သောကြောင့် 'မနက်က နှင်းထဲမယ် အဝတ်တွေ စိုလာလို့ ခြောက်နေသာ'ဟု ဆိုရင်း 'သည့်ပေါ် ခရီးကလည်း ပန်းလာသယ်။ မင်းတရားလေး ကုလားလက် ပါကတည်းက ကျုပ်တပ်ပျက်ပီး ကျုပ်လည်း သည်ဆီ ပြေးလာသာပဲ အမိရဲ့၊ မာရဘင်ဗိုလ်လေးပေါ့'ဟု လေရှည်ရှည် ကိုယ်ရည်သွေး၏။ မာရဘင်ဗိုလ်ဟာ မာရဘင်ဗိုလ်ပဲ၊ သလွန်ပေါ် အိပ်အိပ်၊ ကောက်ရိုးပေါ် အိပ်အိပ်ပဗျာ၊ မိန်းမများဟာ လူကဲခတ် အင်တန်ညံ့သာ။ သင်းတို့မျက်စိတွေက သပ်သပ်ရပ်ရပ် နုနုနယ်နယ်မှ သဘောကျတတ်သာ။

မိန်းမက မာရဘင်ဗိုလ်လေးကို များစွာတင်စားပုံ မပေါ်ပေ။ မျက်လုံး အနည်းငယ် ဝိုင်းလာသည်ဟုသာ မောင်နောင် ထင်သည်။ မောင်နောင်က အားခနဲ သမ်းပြန်သည်။ သမ်းပြီးလျှင် မြလက်စွပ်ကလေး နှစ်ကွင်းဆင့် ဝတ်ထားသော လက်ဝါးဖြင့် ပါးစပ်ဝတွင် ဝါး....ဝါး၊ ဝါး....ဝါးဟု ခေတ္တလုပ်နေ၏။ ပြီးလျှင် မိန်းမထံ တွေတွေလေး ကြည့်ပြီး 'လာလေ သည်ဆီ'ဟု ကောက်ရိုးထဲတွင် နေရာပြင်ထိုင်ရင်းက မျက်ခုံးလေး ချီကာ 'ဟိုဆီ လေညာမယ် တစ်ယောက်တည်း မအေးဘူးလားကွယ့်'ဆိုပြီး 'တစ်ယောက်တည်း ဟုတ်စ'ဟု ထပ်၍ သေချာအောင် မေးသည်။

'ဟုတ်သယ်'ဟု မိန်းမက ပထမဆုံးအဖြစ် စကားပြန်စ ပြု၏။ အောင်လိုက်သဲ့ အသံကလေးဟဲ့ ဟု မောင်နောင် ချက်ချင်း သဘောကျလေသည်။ သဘောကျပြီး တစ်ဖန် ထပ်၍–

'ပဇာမို့ ရပ်နေရသလဲ၊ လာလေ.... ထိုင်ဦးဆို'ဟု ခေါ်သည်။ မိန်းမက ဘာမျှ ပြန်မပြောတော့ပေ။ မောင်နောင်သည် တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားလျက် နေရာမှ ထ လေသည်။

ခင်မှုံ .... ထွီ.... ငစိုနဲ့ပဲ တန်သယ်။ ထွီ....သင်းနဲ့သာ တစ်အိပ်ရာတည်း ခွဲဝေ အိပ်ရသယ်။ ထွီ.... မသတီခဲ့ပေါင်။ သာကြောင့် သင်းနဲ့ မအိပ်ခဲ့သာ ကြာပေါ့။

မောင်နောင်သည် မိန်းမထံ ထပ်၍ 'လာဆို ငါ့နမ'ဟု ခေါ်သောအခါ အသံ အနည်းငယ် အောတောတော ဖြစ်စ ပြုလာပြီ။ ရှေ့သို့ အနည်းငယ်တိုးပြီး 'လာပါ၊ ငါ့နမလည်း ခရီးသွားပဲ ထင်ပ။ နဖူးဆီမယ် ချွေးစလေးနဲ့၊ လာပါ.... အမောပြေလေး'

သူ့အသံတွေ တုန်နေသည်။ သူ့တစ်ကိုယ်လုံးလည်း ပူနွေးနေသည်။ တစ်တောလုံးလည်း တိတ်ဆိတ်နေသည်။ အပြင်က နေလေးလည်း သာယာလှသည်။ ငှက်ကလေးတွေလည်း တစာစာ။ စကားဝါပင်တွေကလည်း နေပြောက်တွေကို သိုင်းကွက်ကျကစားနေသည်။ သဘာဝ အရှုအခင်းကိုက သည်လိုဒုက္ခတွေ မျိုးသိပ်ခဲ့ရသူကို ကူညီ

နေပါပြီ။ ဇရပ်အနီးမယ် ပဇာမှ မရှိဘူး၊ လူခြေလည်း သိပ်ပြတ်သာ၊ နားထောင်ပ။ တောင်ကျချောင်းထဲမယ် ပလုံပစီနဲ့ ရေတွေ၊ ကျောက်စရစ်တုံးတွေ၊ ဂဝံတုံးတွေနဲ့ တိုက်ပြီး စီးနေသာဟု မောင်နောင်သည် လျင်မြန်စွာ စဉ်းစားရင်း လှပစိုမြန်း တောင့်တင်းသော မိန်းမလေးကို 'လာ.... ထိုင်ပါဆို ဟဲ့ လုံမ'ဟု အနီးသို့ လျင်မြန်စွာ တိုးခဲ့တော့သည်တွင်ကျမှ မိန်းမက–

'ရှင် .... ရွှေဘို ငနောင် မဟုတ်လားတော့'

လွှတ်ခနဲ မေးသည်။ အသံကလေး ဝဲသော်လည်း အေးသည်။ မောင်နောင်မှာ မျှားစွာ အံ့အားသင့်သွားသည်။ နေရာတွင် တုံ့ခနဲ ရပ်နေပြီး မိန်းမအား ခြေဆုံးခေါင်းဖျား အကဲပြန်ခတ်တော့သည်။

ဘယ်နေရာမှာမှလည်း မမြင်ဖူးပေါင်ပါ၊ သင်း ငါ့ကို ဘယ့်နဲ့ သိနေပါလိမ့်၊ ပဇာများ လုပ်မလို့ပါလိမ့်၊ တန်တော့ သိလို့ပဲ၊ ငါ့ဆီကို တစ်ကိုယ်တည်း ရဲရဲဝံ့ဝံ့ လာသာ၊ သည်လိုဆိုရင် ဟဲ....ဟဲ မစားခင်က မှည့်နေပြီးသားပေါ့ဟု စဉ်းစားကာ မောင်နောင်က မျက်စလေးပင့်၍ 'ဟုတ်ပါဗျာ'ဟု ဖြေပြီး လေသံတစ်ဆက်တည်းဖြင့် 'ငါ့နှမ၊ သည်က မောင်ကြီးကို ဘယ်လို သိနေပါလိမ့်'ဟု မေးမိသည်။ မေးပြီးလျှင် ပြီးချင်း အဘယ်ကြောင့် သူ့နာမည်ကို သိနေသည်ဟု မောင်နောင် ချက်ချင်း ရိပ်မိရတော့၏။

တိတ်ဆိတ်သော ဇရပ်ကလေးဆီသို့ ရှင်းလှသော မြင်းခွာသံ သဲ့သဲ့ကလေးသည် ရုတ်တရက် ပေါ်ပေါက်ပြေးရောက်ခဲ့သည်နှင့် တစ်ပြိုင်နက် မောင်နောင်နှင့်တူရှူ မိန်းမ နောက်ခိုင်းနေသော တောင်စောင်းတွင် မြင်းစီးတစ်ယောက်ကို ရေးရေးမြင်ရလေသည်။ ထိုရေးရေးမှပင် မြင်းပေါ်ရှိလူမှာ မည်သူမည်ဝါဟု သိသောကြောင့် မောင်နောင်သည် ကိုင်ထားသော ဓားကို ချက်ချင်း စင်းပြီး မိန်းမထံ တစ်ချက်မျှ စူးစိုက်၍ကြည့်သည်။ ကြည့်ပြီး ရှေ့သို့ တိုးခဲ့တော့သည်။ ယခင် အခိုက်အတန့်လေးက မျက်နှာထားမျိုး လုံးလုံးလျားလျား မဟုတ်တော့ပေ။

မချိုတော့ဘဲ အိုလှတော့၏။

မိန်းမကလည်း မြင်းခွာသံကို ကြားသည့်ပုံဖြင့် နားကလေး တစ်ဖက်သို့ စွင့်နေရာမှ မောင်နောင်ကို တွေတွေလေး ကြည့်နေသည်။ မောင်နောင် သူ့ထံ တိုးလာရာမှ လက်နှစ်တောင်ခန့်မျှ နီးကပ်လာသောအခါ–

'သည်ဇရပ်ပြင် ရှင် မထွက်ပါနဲ့'ဟု ပြောသည်။ အသံကား ရပ်ရည်ရူပကာနဲ့ လိုက်အောင် သွဲ့သွဲ့နှင့် တင်းလှပါပေ၏။

ငနောင် အံ့အားသင့်နေစဉ်တွင်ပင် ဒွေးမယ်သည် ကိုယ်နောက်မှ ယာလက်ကို ရှေ့သို့ ထုတ်လိုက်သည်။

ဒွေးမယ့် ထိုလက်ထဲ၌ ဓာဖြင့်ညည်းကာ လက်ပခုံးထိပ်ကလေးတွေ ဖြူဖွေးနေအောင် ဆုပ်ကိုင်ထားသော အဖျားသွယ်သွယ်၊ အရွယ်ကောင်းကောင်း ဓားတစ်လက်

သည် စကားဝါရွက်ကြားမှ ဖောက်ထွင်းကျဆင်းလာသော တက်နေရောင်၌ လက်နေ ပြောင်ရှင်း စင်းနေတော့သတည်း။

## ၅၇ ။ ပြေးသူနှင့် ရှာသူ

ဤတွင်ကျမှ ငနောင်သည် သူ့ရှေ့ရှိ မဲထဘီ အင်္ကျီနက်နှင့် မဲပဝါ ပေါင်းထားသော ဒွေးမယ်အား မည်သူမည်ဝါဟု သိတော့သည်။ ဒွေးမယ်တစ်ကိုယ်လုံးကို အားပါးတရ သိမ်းကျုံးကြည့်ပြီး နှုတ်ခမ်းပါးကလေးတွေမှာ ပြုံးလိုက်မိသည်။ ယခု ငနောင် ပြုံးပုံကား စောစောကနှင့် မတူတော့ပေ။ မျက်လုံးပြူးတွေမှလည်း အရောင်တလက်လက် ဖြာသွား လေသည်။

'ဖယ်.... နော'

ဒွေးမယ်သည် ငနောင် နှုတ် ဟရုံလေး အံကြားထဲမှ ထွက်လာသော အသံကို ကြားသောအခါ ကျူထရံပေါက်ဝ အလယ်ဗဟိုကျကျသို့ ရောက်အောင် ကိုယ်ကို ပြင်ရ၏။ ပိုးဟပ်ကြည့်သည့်ကြောင်ကလေးမျက်လုံးနှင့်တူသော ဒွေးမယ်၏ မျက်လုံးက ဓား ဆ နေသော ငနောင့် လက်သီးဆုပ်ကို စွေနေသည်။

သင်း....ဘယ်လိုကိုင်သလဲ၊ လက်သီးဆုပ်ထဲမယ် ဓားဟာ မိမိရရ ဆုပ်ရဲ့လား၊ ခွန်ထော်ပြောသလို လက်ကောက်ဝတ်နှင့် ဓားနှောင့် တစ်သားတည်း ဖြစ်နေရဲ့လားဟု ဒွေးမယ် အကဲခတ်နေ၏။ မောင်နောင် ဓားကို ဆ ရာမှ ရွယ်သောအခါလည်း သင်း ဓားရွက် ဘယ်လိုလာသလဲ၊ ခပ်ပက်ပက် လာရဲ့လား၊ လက်ယူသာ ဘယ်လိုတုံး၊ လက် သိမ်းသာ ဘယ်လိုလဲ၊ ခြေထောက်ထားသာကော.... မှန်းစမ်း၊ ဟုတ်ပီ၊ ခွန်ထော်က ဘယ်ခြေကို ကစား၊ ယာခြေက မြဲရမယ်သဲ့။ ခွန်ထော် သင်ထားသဲ့ နည်းတွေပဲ။ ဓားချက်ကို ဓားခွေးနဲ့ ထိအောင် အရင်းနဲ့ခံ.... ပီး သုတ်သုတ်နုတ်၊ ကိုယ်က ဓားချက် ဦးပါစေ။

ဒွေးမယ်သည် မောင်နောင်၏ဓားချက်ကို ဖျတ်ခနဲ လျင်မြန်စွာ ခံလိုက်သည်။ ဓားချင်း ချွမ်ဟု မြည်ပြီး မီးဖွားလေး သုံးလေးပေါက် ဖွာထွက်သွားသည်။ ဒွေးမယ့်မျက်နှာ က ပြုံးလည်း မပြုံးပေ။ မျက်နှာထားလည်း မပျက်။ မောင်နောင့်ခြေထံ တစ်ချက်၊ ဓားထံတစ်ချက် လျင်မြန်စွာ ကြည့်နေသည်။

ငနောင် အံ့အားသင့်သွားပြန်၏။ အနေအထား၊ အလှမ်းအသိမ်းကို ဆ ပြီး ငနောင်သည် ပါးကပ်ပြင်းပြင်းလေး ခုတ်လိုက်ခြင်း ဖြစ်သည်။ ဓားချက် လျင်လှ၏။ လျင်သည်နှင့်အမျှ တစ်ဖက်ဓားက ခံနိုင်သည်ကို တွေ့ရသောအခါ မောင်နောင် မျက် တောင်လေး တစ်ချက်၊ နှစ်ချက်ခတ်ပြီး ဓားကို မနုတ်သေးဘဲ တောင့်၍ထားသည်။ ပြီးမှ လျင်မြန်စွာ နုတ်လိုက်၏။

သို့သော် သူ့ထက်အလျင် ဒွေးမယ်က ဓားအသွင်း လျင်သွားသည်။ မပြော

စလောက်ကလေး ဦးသွားလေရာ ဒွေးမယ်ကလည်း ဘယက်လည်လျှောက် ဆတ်၍ သွင်းခြင်း ဖြစ်၏။ ငနောင့်မျက်နှာတွင် တစ်မျိုးလေးဖြစ်သွားသော အမူအရာကို မြင်ရမှ ဒွေးမယ်က ပြုံးယောင်ယောင် ပြုသည်။

ထိုအခိုက်လည်း မြင်းခွာသံမှာ တောထဲမှ ပဲ့တင်ရိုက်၍ လာလေပြီ ဖြစ်ရာ၊ မောင်နောင်သည် တစ်ဖက်သား၏ ဓားရည်ကိုလည်း စမ်းသင့်သလောက် စမ်းပြီး ဖြစ်သည့်အတိုင်း ဓားချက် ဆက်၍သွင်းစ ပြုတော့သည်။

'ဖယ်နော၊ ဖယ်.... အမိလှရဲ့၊ ကျုပ်ဓား.... ထိရှသွားမနော'

ဒွေးမယ် စကားမပြောပေ။ ဝင်သမျှဓားကို မှန်မှန်ခံသည်။ မှန်မှန်လှန်သည်။ မောင်နောင့်ဓားချက်တွေမှာ အတန်ပြင်းလာလေသည်။ သို့သော် ဒွေးမယ့်ဆရာ ခွန်ထော် ထက် များစွာ မပြင်းသေးပါ။ ဟောသည် လက်ပံတုံးကို ရွှေစမ်း....ရွှေ။ အချက်နှစ်ရာရွှေ၊ ရွှေသာရွှေ၊ ဓားရှိန် ကောင်းလာလိမ့်မယ်။ ဟုတ်ပီ။ ဟုတ်ပီဟု သွားကြီးတွေ ဖော်ပြီး ဒွေးမယ်ကို မျက်မှောင်ကုတ်၍ ကြည့်သော ခွန်ထော့်မျက်နှာကို မြင်မိသည်။ ရွှေသည်၊ ရွှေသည်။ အချက် ဘယ်လောက်ရပြီဟု မသိ။ တချွမ်းချွမ်း တချက်ချက်ဖြင့် မီးဖွားတွေ တပြိုးပြိုး တပြက်ပြက် ထွက်နေသည်။

'ဖယ်ဆို၊ ဖယ်သာ.... ဟုတ်ဘူး။ နင့်အသက်ကလေး နှမြောရင် ဖယ်ဟ.... မိန်းကလေးရဲ့'ဟု ငနောင် အပြော ပက်စက်လာလေပြီ။

ဒွေးမယ်သည် နေရာမှ မခွာပေ။ ခြေကွက်ကို မပြင်ပေ။ ယာခြေမြဲလျှင် ဘယ်ခြေ လှုပ်၍၊ ဘယ်ခြေမြဲလျှင် ယာခြေသုတ်ပြီး သေးငယ်သော ခါးကလေးကိုသာ နွဲ့နွဲ့၍ ခုတ်လေသည်။ မကြာမီလည်း နဖူးမှ ချွေးတွေ တဖြိုင်ဖြိုင် စီးကျလာလေသည်။ နှာတံလေး ဘေးမှ စီးသော ချွေးစက်ကလေးတွေပင် အံခဲထားသော နှုတ်ခမ်းကြားမှ ကြဲကြဲ ဖန်ဖန် ငန်ငြီငြီနှင့် ဝင်လာသည်။

'ဖယ်ဟ၊ နင့်လင် ညီကြီးအတွက် သာလောက် မမိုက်စမ်းနဲ့။ ငနောင်ဆိုသာ ကြားဖူးသေးဘူး ဟုတ်စ။ အပ်ကျမပ်ကျ မသိသေးဘူး ထင်ပ။ ဖယ်....ဖယ်....ဖယ်....'

မြင်းခွာသံမှာ တစ်စစနှင့် လျင်မြန်စွာ နီးကပ်လာလေသည်တွင် မောင်နောင်သည် ဓားကို လျှပ်ပြက်သည့်နှယ် အပြင်းသွင်းတော့သည်။ ဒွေးမယ်ကို ဝဲယာကွေ့ဝိုင်း၍၊ သိုင်း၍၊ သွင်း၍၊ သွဲ့၍၊ သမ်း၍၊ သုတ်၍ တသွင်သွင် ခုတ်လေသည်။

ဒွေးမယ့် မဲပဝါကလေးသည် ခေါင်းပေါ်မှ ပြေလာကာ ပခုံးတစ်ဖက်မှာ တဲတဲလေး တင်၍ ကျောပေါ်သို့ ကျနေသည်။ တသွင်သွင် သွင်းသမျှ ဓားချက်ကို အံကလေး ကိုက်၍ ကြိုးစားပြီး ခံလေသည်။ တစ်စစနှင့်လည်း ဒွေးမယ် သူရှုံးမည်ကို သိလေသည်။ အစ ဦးစွာကလည်း နိုင်မည် မထင်ပေ။ ယခု ရှုံးမည်ဟု သိရသောအခါ မောင်ညို အရောက်နှေးမှာကိုသာ စိုးရိမ်လေပြီ။ မောင်ညို အရောက်နှေးလျှင်....။

မောင်နောင်သည် မြင်းကြီးနှင့် ချောင်းကလေးကို လွှားခနဲ ကျော်လိုက်သော မောင်ညိုအား ရိပ်ခနဲ မြင်မိသည်။ ချောင်းကိုလွတ်အောင် မလွှားနိုင်ဘဲ တစ်ဖက်ကမ်း

စပ်တွင် ရေထဲသို့ ဗွမ်းခနဲ ကျသွားသံကိုလည်း ကြားရသည်။ ထိုအသံ မတိတ်မီပင် ငနောင်သည် ဒွေးမယ်၏ ဝဲဘက်ဘေးသို့ ကပ်မိအောင် ကြိုးစားတော့သည်။ ဒွေးမယ်လည်း မောင်နောင့်အကြံကို ရိပ်မိသည့်အလား ကျူထရံပေါက်တွင် လက်ယာဘက်သို့ မသိမသာ တိမ်းပေးပြီး ကိုယ်ကလေး အနည်းငယ် စောင်း၍ ခုတ်လေသည်။

မောင်နောင့်ဓားရွက်ကြီးမှာ စကြာလည်သကဲ့သို့ နေရောင်ပြောက်တွေတွင် တလက်လက် တရှိန်ရှိန် ဖြစ်နေတော့သည်။ လျင်မြန်လှသော ဓားချက်နှင့်လိုက်၍ ဒွေးမယ် မသွက်နိုင်၊ မမြန်နိုင်တော့ပေ။ ဓားဖျားကလေးသည် ဘယ်သို့ ဇော့ရာမှ အထက်သို့ ကျော့သွန်လာပြီး အနည်းငယ် ယိမ်းဇော့၍ ဒွေးမယ့်ရင်အုံတစောင်းသို့ မှျဉ်းမှျဉ်းကလေး ဝင်လာတော့၏။

ထိုအခိုက်ကလေးတွင် ဒွေးမယ်သည် ဇရပ်လှေကားလေးမှ လျင်မြန်စွာ ပြေးတက်လာသော ခြေသံကြီးကို ကြားရလေရာ ဝဲလက်ကလေးဖြင့် နံစောင်းကို လျင်လျင် ပိတ်ပြီး ယာလက်ရှိ ဓားဖြင့် သူ့ရှေ့မှ လွတ်ခနဲ ဖြတ်ပြေးသော ငနောင့်မျက်နှာကလေး အောက်သို့ ချိန်ရွယ်ကာ ကော့၍သွင်းလိုက်သည်။ ဒွေးမယ့်ဓားသည် ဋ္ဌမ်ခနဲ ငနောင့်ဓားရွက် အလယ်နှင့် ထိပြီးလျှင် ကောက်ရိုးပုံထဲသို့ တစောင်းကလေး တဝိဝိ လည်ပြီး ဖုတ်ခနဲ ကျသွားသည်။

မောင်ညိုတွင် ရိပ်ခနဲ ဖြတ်မြင်လိုက်ရသော ငနောင့်ခြေသံကို ကြားမိသော်လည်း ဓာကြီး မောကြီးဖြင့် ဒွေးမယ့်ထံ အပြေးကြီးသွားကာ ကျောဘက်မှ ဝင်ပွေ့လိုက်ရလေသည်။ ပြီးမှ ခေါင်းထောင်ကာ လှေကားဘက်သို့ လှည့်ကြည့်နိုင်၏။

မောင်နောင်သည် ဓားစင်း၍ လှေကားထစ်သို့ ခြေတစ်ဖက်ချ၊ ခြေတစ်ဖက် ကြမ်းပြင်ပေါ်တင်ပြီး မောင်ညို့ထံ ပြန်ကြည့်နေသေး၏။ ညို အံကြိုးကြိတ်ပြီး တစ်ချက်သာ လှန်ကြည့်နိုင်၏။ သူ့လက်ဝယ် ဓားရာထိပြီး အိကျစပြုသော ဒွေးမယ်ကို ငုံ့ကြည့်မိရာ ငနောင် ဇရပ်ပေါ် အလစ်တက်လာမည် ပြင်ပြီးမှ ရုတ်တရက် မတက်တော့ဘဲ ညို့ မချိတင်ကဲ ဗွေတစောင်းတွဲနှင့် မျက်နှာကြီးတစ်ခြမ်းကို ခေတ္တ တွေ့ကြည့်ရာက ဇရပ်အောက်သို့ လျင်မြန်စွာ ပြေးဆင်းသွားတော့သည်ကိုသာ ရိပ်ခနဲ သတိပြုထားလိုက်နိုင်ရှာ၏။

ငနောင် အဘယ်သို့ ပျောက်သွားမည်ကို မသိလိုက်။ ဒွေးမယ်အား ကျောက မှေးထားရင်း ခါးကလေးမှဆွဲပြီး ရင်အုံကြီးအတွင်းသို့ သွင်းလိုက်သည်။ ပြီးမှ ဒွေးမယ်၏ ဝဲဘက်လက်ကို ညင်သာစွာ ဆွဲခွာရာ ဒွေးမယ်က အခွာမခံဘဲ မောင်ညို့ထံ မျက်လွှာကလေး လှန်၍ မျက်လုံးလေးပြူးပြီး ပြုံးရှာ၏။ ပြုံးပါသည်။ နှုတ်ခမ်းလေး ပြုံးယောင်ယောင် ဖြစ်သွားပြီးလျှင် မောင်ညို့ဇက်ပေါ်သို့ ရောက်အောင် လက်တစ်ဖက်ကို တင်သည်။ မောင်ညိုက ဇက်ကြီးကိုင်းပေးရာမှ ချက်ချင်းပင် ဒွေးမယ့်နှာခေါင်းသို့ ရောက်အောင် နဖူးပြင်ကြီးကို ကပ်ပေးသည်။ သူ့မျက်နှာကမူ မပြုံးနိုင်တော့ပေ။ မျက်လုံးကြီး တလက်လက်ဖြင့် တောက်နေရာ ဒွေးမယ့် နှာခေါင်းကလေးဖြင့် မောင်ညို့နဖူးကြီး

ထိမိသည်နှင့် တစ်ပြိုင်နက် ဒွေးမယ့်လက်ကလေး နှစ်ဖက်သည် ဘေးသို့ ဖျတ်ခနဲ အိတွဲ ပြုတ်ကျ သွားရှာတော့သည်။

ဒွေးမယ်ကို ပွေ့လည်း မပွေ့၊ ချီလည်း မချီ၊ လှုပ်လည်း မလှုပ်၊ ထိုအတိုင်းပင် ခါးက တစ်ဖက်၊ နံတောင်းက တစ်ဖက်၊ ဒွေးမယ့်ချိုင်းကြားလေးမှ မွေးမှိုရင်းပင် ပါးစပ်တွင် ဓားကိုက်ပြီး တောင်ကျချောင်းကို လက်ပစ် ကူးဖြတ်နေသော ငနောင့်ထံ အံကြိတ်၍ ကြည့်နေသည်။ တွေတွေကြီး ကြည့်နေသည်။ မောင်နောင်သည် တစ်စစ နှင့် ချောင်းတစ်ဖက်ကမ်းသို့ ရောက်သွားသောအခါ ဇရပ်ကလေးဆီသို့ တစ်ချက်မျှ လှည့်ကြည့်ပြီး တောင်စောင်းလေးပေါ်သို့ အရှိန်နှင့် ပြေးတက်သွားသည်။ ချုံကြိုချုံကြား ကျောက်တုံး ကျောက်ခဲကြီးတွေကို လွှား၍လွှား၍၊ လွဲ၍လွဲ၍ ပြေးနေပုံကို နေရောင်ဖျော့ ဖျော့တွင် အတိုင်းသား မြင်နေရ၏။ မောင်ညိုသည် မြင်ရအောင်လည်း လိုက်ကြည့် နေခြင်း ဖြစ်ရာ ငတွန်က ဒွေးမယ်ကို ညို့လက်က အသာအယာ ဖြုတ်ယူတော့မှ ငတွန့်ထံ ငုံ့ကြည့်၏။ မည်သို့မျှ မပြောသေးဘဲ ခေတ္တ တွေတွေစိန်းစိန်းကြီး ကြည့်နေပြီး မှ 'ငတွန်'ဟု ဆိုလေသည်။ နောက်ထပ် မည်သို့မျှ မပြောတော့ပေ။ နှုတ်ခမ်းကလေး စေ့ကာ မေးစေ့ကလေးသို့ သွေးရဲရဲ ပို့အန်နေစပြုသော ဒွေးမယ်ကိုသာ အသက်မရှူဘဲ ငုံ့ကြည့်နေပြန်သဖြင့် ငတွန်က ဒွေးမယ်အား အရယူပွေ့ပြီးလျှင် 'ကိုရင်ညို'ဟု အသံတွေ တုန်ရင်း 'လိုက်လေ၊ အမိလိုက်ဗျ'ဟု ပြောရသည်။ ငတွန့်မျက်နှာကို တစ်ချက် မော့ကြည့် ပြီးလျှင် နေရာမှ ချာခနဲ လှည့်ထွက်သွားသည်။ လှေကားရင်းတွင် ဓားအိမ်လွတ်ကို ချောက်ခနဲ လွှတ်ချခဲ့ကာ ညိုသည် ချောင်းစပ်ကလေးသို့ ပြေးလေသည်။ ချောင်းဘေး တွင် ခါးစီးကြိုးဖြုတ်၍ ပုဆိုးကွင်းလိုက် ချွတ်ပုံခဲ့၏။ ဓားလွတ် ပါးစပ်တွင် ကိုက်ပြီး ချောင်းကလေးကို လက်ပစ်ကူးပြီးလျှင် တစ်ဖက်ကမ်းသို့ ရောက်သောအခါ ချုံကြား၊ ကျောက်တုံး ကျောက်ခဲတွေကြား၌ လွဲကာလွှားကာ မောင်နောင့်နောက်သို့ အားသွန်၍ ပြေးလိုက်လေတော့သည်။

ထိုဒေသသို့ ရောက်စ လူများက ဆိဘူးကွဲတောင်မှ ဆင်းပြီး ကျောက်ပုံတောင်ကို တက်ရသောအခါ ဆိဘူးကွဲတောင်ထက် ကျောက်ပုံတောင်က မြင့်သယောင်ယောင် ထင်ကြတတ်သော်လည်း အမှန်မှာ တစ်တောင်နှင့်တစ်တောင် အနိမ့်အမြင့် များစွာ မကွာခြားလှပေ။ နှစ်တောင်စလုံး စောက်စောက်မတ်မတ်ကြီးများပင် ဖြစ်ပါ၏။

ကျွဲတည်င်း၊ သောင်ညို၊ ကျွန်း၊ အင်၊ ပျဉ်းကတိုး၊ လက်ခုပ်ပင်များမှာ ပုဆိုး တစ်ပတ် နှစ်ပတ်စာမျှ ပင်စည် ဖိုင့်ဖိုင့်ကြီးတွေနှင့် မော့ကြည့်သူ၏ ခေါင်းပေါင်းကျွတ် ဘနန်း မားမားစွင့်စွင့်ကြီး မြင့်ကြပေသည်။ မျောက်ချောပင်ကြီးများမှာလည်း ပင်စည် ချောချောမွတ်မွတ် ဖြူဖြူကြီးတွေတွင် ညိုညိုနီနီ ပွေးအကွက်ကွက် ထ နေကြရာ၊ ပင်စည်ရင်းမှ ပင်လုံးဖက်ပြီး အထက်သို့ မော့ကြည့်လျှင် အဖျား မမြင်နိုင်အောင် မြင့်လည်း မြင့်၊ ဖြောင့်လည်း ဖြောင့်တတ်ပေသည်။ မျောက်ချောပင်တွေကြားတွင် ထင်းရှူးပင်တွေလည်း နှင်းရည်တရွှဲရွှဲဖြင့် ဟိုတစ်ပင် သည်နှစ်ပင် တွဲ၍ ပေါက်နေ

ကြသည်။ သစ်ပင်တွေကို နွယ်ပင်တွေ ကပ်တွယ်နေကြပြီး နွယ်ပင်တွေကြား၌ ကြောင်မြီး တူ၊ ဖယောင်းပန်း၊ သဇင် စသော တောပန်းတွေမှာ ဖွေးဖွေးဖြူဖြူ ဝါဝါပြာပြာ ပန်းဗျူဟာ ခင်းနေကြသည်။

သစ်ပင်ကြီးများ တစ်ပင်နှင့် တစ်ပင်ကြားတွင်ကား ချုံတွေ၊ ခရာတွေ၊ သင်ပင် တွေ၊ သမန်းတွေ၊ ပိန်းတွေ၊ ရှားစောင်းတွေ ပိန်းပိန်းပျစ်ပျစ်နေအောင် ပေါက်နေကြရာ ၎င်းတို့ကြား၌ ရေးရေးကလေး ထင်နေသော လူသွားလမ်းကလေးများ၊ မုဆိုးခြေရာ၊ သားခြေရာများကို လိုက်၍ မောင်နောင်သည် ဓားလွတ်ဆွဲပြီး ပြေးပွဲဝင်နေ၏။

တော်ရုံ ကမ္မကို တိုးမိ၍လည်း တိုးမိမှန်း မသိ။ တော်ရုံ ခလုတ်ကို တိုက်မိ၍ တိုက်မှန်း မသိ။ တော်ရုံ နွယ်ကို ငြိမိ၍ ငြိမိမှန်း မသိ။ လည်ပင်း၊ သျှောင်စောင်း၊ ပခုံးတွေနှင့် ကျော့မိလျှင် ကျော့လျက်က တွင်တွင်သား ရုန်းရင်း နွယ်ပြတ်မှ ဆက်ပြေး သည်။ တော်ရုံ ချုံကိုလည်း ချုံမှန်းမသိ၊ အတင်း တိုးဝင်တတ်သည်။ ရှေ့ဇောကြီး လောကြီးဖြင့်သာ ပြေး၏။ သူ ပြေးသော ရှေ့မှ သားကောင်လေးတွေ ခေါင်းထောင် လည်မော့၍ ကြည့်၊ ကြည့်ရာက နားရွက်ကလေးတွေ ပေ၊ ပေရာက သူ့ကို မြင်သော အခါ ရှဲခနဲ လျှောခနဲ တောနက်သို့ ရှောင်ရှား ပြေးလွှားကြသည်။

သူ့နောက်မှကား သူ့လိုပင် ခလုတ်တံသင်း ချုံပုတ်နွယ်ကြိုး စသည်ကို တိုက်မှန်း တိုးမှန်း၊ လှိုးမှန်း ငြိမှန်း အလျှင်းသတိမရနိုင်ဘဲ ပိန်းတစ်ရွက်၊ နွယ်တစ်မျှင်၊ သစ် တစ်ပင်မျှပင် မျက်ကွယ် မခံ၊ စိန်းစိန်းကြီး ကြည့်၍ အမိလိုက်နေသော မောင်ညိုသည် မောရမှန်း မသိ။ ဘောင်းဘီပွ ငွေကလနားသတ်ဖြင့် ဓားတဆဆ မြမြပြင်ကာ အတွင် သား မမိ မိအောင် လိုက်နေပြီ။

တစ်တော တစ်တောင်လုံးကား သူတို့နှစ်ဦး ပြေးသံ လိုက်သံနှင့် သူတို့အား လန့်ခုန် ပြေးလွှားကြသော သားကောင်ကလေးများ၏ ဖြောင်းဆန်သံဖြင့် တရှဲရှဲ တရှော ရှော တဖြောင်းဖြောင်း တဖျောဖျော ဖြစ်နေတော့သည်။

အတန်ကြာ ပြေးသူ ပြေး၊ လိုက်သူ လိုက်ရင်းက တစ်စစနှင့် နှစ်ယောက်စလုံး လေးလံနှေးကွေးစ ပြုလာလေသည်။ နှစ်ယောက်အနက်မှ ပြေးသူ ငနောင်မှာ အိပ်ရေး ကလည်း ပျက်၊ အစာကလည်း ငတ်၊ လူကလည်း ပန်းနေပြီ ဖြစ်လေရာ မကြာမီ ရှေ့သို့ ဆက်လက်ပြေးနေခြင်း၏ မထူးခြား အကျိုးမဲ့သော အခြင်းအရာကို လျင်မြန်စွာ တွေးတော်မိ၏။

ဤသည်နှင့် တစ်ပြိုင်နက် ဝဲယာကို တစိမ့်စိမ့် ကြည့်ပြီး လာခဲ့လေရာ တစ်နေရာ တွင် တောပြင်မှာ အနည်းငယ်ရှင်း၍ နေရောင်ဖျော့ဖျော့ကို နောက်ခံပြီး လင်းနေသည်ကို မြင်ရသည်။ မြင်ရလျှင်ပင် ထိုနေရာသို့ ရှေးရှုပြီး ပြေးတော့သည်။

နေရောင်လင်းနေရာသို့ အနည်းငယ် မော့မော့ကလေး ပြေးတက်ရသည်။ အတန်ငယ် ပြေးတက်မိလျှင်ပင် မောင်နောင် ထင်သည့်အတိုင်း ဖြစ်နေသည်ကို ကျေနပ် စွာ တွေ့ရလေ၏။

ထိုနေရာ၌ သစ်ပင် နွယ်ပင်ကြီးများ ရှင်း၍ တလင်းကဲ့သို့ ညီနေသည်။ ချုံပုတ်သုံးလေးအုံနှင့် သင်ပေါင်းမြက်တွေသာ ပေါပြီး၊ မရှန်းပင်နှင့် ကျွဲတည င်းပင်ပျိုကလေးသုံးလေးပင်သာ မိုးတိုးမတ်တတ် ပေါက်နေ၏။

မောင်နောင်သည် ရှေ့သို့ တွင်တွင်ပြေးပြီးမှ ကျွဲတညင်းပင်လေးတစ်ပင် အနီး၌ ရပ်လိုက်၏။ သူ မျှော်လင့်သည့် အတိုင်းပင် ကျွဲတညင်းပင်လေးမှာ လျှိုစောက်ကြီးတစ်ခု၏ ကမ်းပါးမှ စွင့်စွင့်ကလေး မြောင်နေသည်။

လျှိုကြီးထဲ၌ နေအရှိန်ဖြင့် ပျော်နေသော နှင်းတွေကို လေဝှေ့၍ တဖွဲဖွဲ မှိုင်းနေလျက် မြင်ရ၍ နှင်းအောက်မှာကား တသွင်သွင် စီးနေသော ရေသံကို သဲ့သဲ့ကြားရသည်။ ကမ်းပါးစွန်းတွင် မြရာပင်တွေ ပြူ၍ ပေါက်နေရာ အသီးညိုညိုတွေဖြင့် ပြွတ်သီနေသော အရိုးတံ၊ အညှာတံတွေမှာ လျှိုအောက်မှ တဝီဝီတက်နေသော လေပြင်တွင် တလှုပ်လှုပ်ဖြစ်နေကြ၏။ မြရာပင်များနှင့် ယှဉ်၍လည်း မြက်ပင်ကလေးတွေ၊ ထိကရုံးပင်လေးတွေ၊ ဥရင်ကောက်ပင်၊ ပဒိုင်း၊ ပိစပ်တွေ တငူငူ တငေါ်ငေါ် တောဖြစ်နေကြ၏။

မောင်နောင်သည် လျှိုကမ်းပါးစွန်းမှ ပြန်လှည့်ကာ ဝါးတစ်ရိုက်ခန့် ကွာသောနေရာ ခရာချုံ နှစ်ချုံကြားမှနေ၍ တွေတွေကြီး ရပ်၍ ဓားဆပြီးလျှင် မောင်ညိုအားစောင့်နေသည်။

မောင်ညိုသည် တလင်းစပ်၌ ရောက်ရောက်ရာတွင် တုံ့ခနဲ ရပ်လိုက်၏။ သူ့ထံပြန်လှည့်လာသော မောင်နောင်ကို မြင်သဖြင့် ဓားစင်း စောင့်နေသည်။ ပြီးမှ ငနောင်သူ့ထံ အရောက်မလာဘဲ ချုံနှစ်ချုံကြားမှ စောင့်နေသည်ကို မြင်ရသောအခါ စင်း၍ကိုင်ထားသော ဓားကို ဆ ရင်းက ငနောင့်ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် မျက်တောင်မခတ်ဘဲတိုးတက်တော့သည်။

## ၅၈ | ရန်ပင် ခုတ်ရှင်း၊ သွေးစုပ်ရင်း

လက်သုံးတော် ရွှေဓားနဲ့၊ ရေမြေများရှင်
ထက်မိုးခွင် ရွှေဘုံနန်း၊ မှန်းမျှော် လုလင်
ဆောင်နန်းရဲ့ အဝင်၊ ရန်ပင်က ဖွေး။
ရန်ပင် အမှန်ရှင်းအောင်
လက်သုံးတော် ရွှေသန်လျင်းနဲ့၊ နှိမ်နင်းမယ်လေး။

မောင်နောင်နှင့် တစ်လံကျော်ကျော်ခန့် ကွာသောနေရာသို့ ရောက်သောအခါ မောင်ညိုသည် ခြေတစ်လှမ်း တုံ့တန့်လိုက်ပြန်၏။ ငနောင်က နောက်သို့ တစ်လှမ်းခန့် ဆုတ်လိုက်၏။

ကြောက်၍ ဆုတ်ခြင်း မဟုတ်ပေ။ မောင်ညို့ကို လုံးလုံးလျားလျား မောင်နောင်ကြောက်ခဲ့သည် ဟူ၍ ဘယ်နံရောအခါမျှ မယူဆနိုင်ပေ။ ဘယ်သောအခါကမျှလည်း

မောင်ညို့ကို အထင်မကြီးခဲ့ပေ။ သည်သပိတ်ရောင် ထ နေသည့်၊ သည်မျက်နှာပြဲကြီးနှင့်၊ သည် ရင်အုပ်ကျယ်ကျယ်နှင့်၊ သည် သျှောင်တစောင်းတွဲနှင့် လူ့ငနွားကြီးမှာ နွားကြီး လိုပင် နေပူမိုးရွာမရှောင် ကွင်းတွေ၊ လယ်တွေ၊ ကိုင်းတွေ၊ ယာတွေထဲတွင် ရုန်းနေ ကန်နေရန်သာ ကောင်းသည်။ ရုန်းလည်း ရုန်း၊ ကန်လည်း ကန်ခဲ့သည်။ ပညာဉာဏ် အမြော်အမြင် ဗဟုသုတ လူရေးလူရာ နန်းရေးနန်းရာ မသိသော လူ့ငနွား၊ လူ့ဗာလ၊ လူညံ့။ သင်း ညီကြီး ငယ်စဉ်မှာ သင်းတို့ချက်မြှုပ်ဒေသနဲ့ နီးသော စလင်းတိုက်၊ ဗားကရာတိုက် စသဲ့ ကျောင်းတွေက ဦးပဥ္စင်းတွေဆီမယ် သင်ယူ တတ်မြောက်ခဲ့သဲ့ မားရေးလောက်ကို ငါ မမှုလောက်ဟုသာ အမြဲတစေ ထင်မြင် ယူဆခဲ့သည်။

သို့ ယူဆခဲ့သော ထင်မြင်ချက်တွေမှာ မျက်နှာက စိန်းစိန်းကြီး ကြည့်ရင်း သူ့ထံ တရွေ့ရွေ့လာနေသော မောင်ညိုအား မြင်ရတော့မှ ထူးခြားစွာ ပြောင်းလဲနေပြီဟု သိရလေသည်။ သို့ သိရသောကြောင့် နောက်တစ်လှမ်းဆုတ်ခြင်း ဖြစ်၏။ တစ်လှမ်း ဆုတ်ခြင်းမှာ နေရာကောင်း ဦးအောင် ပြင်ခြင်း ဖြစ်တော့၏။

မျက်နှာပြဲကြီးနှင့် လူမှန်းသူမှန်း မသိ၊ အလေဏာတောလိုက်ကာ ရွာစဉ် လျှောက်ပြီး ထန်းရည်ခါး တမြဲမြဲ နေခဲ့သည့် မောင်ညိုအား သူ့ထံ စိန်းစိန်းကြီးနှင့် တည်တည်ကြီး ကြည့်နေပုံကို မြင်ရပြီ။ ငနောင် ခြေလှမ်းပြင်သည်ကို ရပ်မြဲရပ်၍ ကြည့်နေသော မျက်နှာတွင် ဒေါသ အလျှံလျှံ ထနေမည်ဟု လည်းကောင်း၊ အံကြိတ်ခဲခဲ ကြိတ်နေမည်ဟု လည်းကောင်း မောင်နောင် ထင်ခဲ့ရာ ယခုမှ ထိုအမူအရာများ လုံးလုံး မရှိဘဲ သူ့ထံ မျက်တောင်ကြီးမှမခတ် စဉ်းစားသကဲ့သို့ တွေတွေကြီး ကြည့်နေသော မောင်ညိုကို တွေ့ရသည်။

မောင်ညိုကမူ ဓားကိုစင်း၍ ခြေပေါ် ဓားဦးလေး ချထောက်နေသည်။ ငနောင်က မူ သူ့ဓားကို အရှက်မှတစ်လျှောက် အဖျား၊ အခွေးထိ လက်ဖြင့်သပ်ရင်း စိတ်ထဲမှ–

"ဖေ့သား၊ သည်တစ်ပွဲမယ် မညံ့စေနဲ့နော၊ တစ်သက်လုံး သည်ပွဲကို စောင့်လာခဲ့ ရသာ။ သည်ပွဲ သိမ်းပြီးမှ ငါ့ရန်လည်း ငြိမ်းမယ်ကွယ့်။ ကိုင်း.... ဖေသား"ဟု တီးတိုး ရေရွတ် ပြောဆိုနေမိသည်။

ညိုသည် ငနောင့်ထံ တွေတွေကြီး ကြည့်နေရာမှ အသံကြီး အက်အက်ဖြင့်–

'....သည်အထိ မင်း ရက်စက်နိုင်ပါကလား၊ ငနောင်ရာ'ဟု ဆိုလိုက်၏။ ငနောင် ပြန်၍ တွေတွေကြီး ကြည့်နေသည်။ မောင်ညို့မျက်နှာမှာ မချိတင်ကဲ နှမြောလှပုံ ပေါ်နေတော့သည်။

'ကျုပ် မလုပ်ချင်လို့ ဖယ်ခိုင်းသာ သင်းက မဖယ်ဘူး ကိုရင်'ငနောင် ဤအထိ ယဉ်ယဉ်ကျေးကျေး ကြိုးစား၍ ဖွယ်ရာအောင်နှင့် ခပ်မာမာ ပြန်ပြော၍မှ မဆုံးမိ–

'ငစိုတို့၊ ခင်မှုံတို့နဲ့တွင် အားမရလို့ ဒွေးမယ်ကိုပါ မင်း သတ်ပွဲစာရင်းမှာ အဆစ်ထည့်သယ် ငနောင်'

'ကျုပ် ပြောပါပကော၊ ဖယ်ခိုင်းသာ ဖယ်ရင် သည်လို မဖြစ်သဲ့ပေါင်။ ပီးတော့

သင်းဟာ ကိုရင့်အလာ စောင့်ပီး ဓွတ်ပေကတ်လိမ့်မယ် ဘယ်ထင်မလဲ။ ကျုပ် လှန့်လိုက်ရင် လန့်ပီး ဖယ်မယ် ထင်သာ။ ခုတော့ သင်းက ကိုရင့်အတွက် သာ့ကလော်ကံ ရှုပ်ရှုပ်ချွံချွံ စွန့်စားမှန်း သိရတော့ကာ အကျွန်လည်း မညှာနိုင်ဘူးဗျာ’

‘မင်းဟာ ငါရဲ့ အရင်းနှီးဆုံး လူတွေကို သတ်သဲ့ လူသတ်သမား အစစ်ပဲကွာ’

‘ပြောပါကောဗျ ကိုရင်၊ အဖယ်ခိုင်းပါသယ်ဆို။ ခင်ဗျ လာသဲ့အထိ သည်လို ရဲရဲဝံ့ဝံ့ စွန့်စားမယ် မထင်ပါဘူးဆို။ ကိုရင်ညို၊ ဟဲ....ဟဲ သည်လိုနေရာမယ် ခင်ဗျ ကျုပ်ထက် ကံကောင်းသယ်ဗျနော’ဟု ရယ်သွမ်းသွေးကြည့်ပြန်၏။

‘ငနောင်၊ မင်း သည်အထိ ရက်စက်နိုင်သယ်ကွာ’ဟု မောင်ညို ပြောမြဲ ပြောနေလေသည်။ ပြောပြီးမှ အံကြိတ်လေသည်။ ဤအခိုက်ပင် မောင်နောင်သည် ရပ်နေရာမှ ရှေ့သို့ အတင်းတိုးဝင်ကာ ‘ကျုပ် ပြောပါသယ်၊ ဖယ်ခိုင်းပါသေးသယ်ဆို’ဟု ပြောရင်း လစ်ကရော အထင်ဖြင့် ဓားချက် သွင်းတော့သတည်း။

အစဦးက နေရာကောင်း ရွေးယူသည့် သတိတွေလည်း မရှိတော့၊ ဂရုမစိုက်တော့။ ရှူးခနဲ ထ သွားသော ဒေါဖြင့် ရှိသမျှအားကို သွန်၍ ဝင်ခဲ့ခြင်း ဖြစ်တော့သည်။ ငနောင် မျက်နှာချိုသွေးခြင်းမှာ မျိုသိပ်ထားရသော ဒေါသစိတ်တွေ၊ မနာလိုစိတ်တွေ ကြောင့်သာ ဖြစ်ပေ၏။

မောင်ညိုသည် မောင်နောင့်ဓားရွက်ကို သူ့ဓားဖျားဖြင့် ပက်၍ သွန်လိုက်သည့် အတွက် မောင်နောင်သည် မြက်ပေါ်တွင် လျှောခနဲ လွန်၍သွားသည်။ ချက်ချင်း ကိုယ်ကို ပြန်တုံ့လှည့်လိုက်သည်။ မြက်တွေမှာ နှင်းရည်ဖြင့် ထိုင်းပြီး ချောနေပုံကိုလည်း သတိပြုမိ၏။

နောက်ထပ် ဓားတစ်ချက် သွင်းပြန်သည်။ ပထမ ဓားချက်ကဲ့သို့ပင် မောင်ညို၏ အပက် အကော်ဖြင့် လန်၍ ပါလာသည်တွင် ငနောင်သည် အနီးသို့ ပူးပြီး ခုတ်စ ပြုတော့သည်။

လေး ငါးချက် ခုတ်မိလျှင် နှစ်ယောက်စလုံး သွေးပူစ ပြုလာကြ၏။ သူတို့ သွေးတွေမှာ သံ သံကြားလျှင် ဆွေးခနဲ ပူနေကျ ဖြစ်လေရာ သွေးပူသည်နှင့် တစ်ပြိုင်နက် ဓားသံလည်း ဆူစ ပြုတော့သည်။ ခေတ္တသော် အကြိတ်အနယ် သူသေ ကိုယ်သေ ခုတ်နေသည်ဟုပင် မထင်။ အပျော်တမ်း ဓားရေး ကစားနေကြရသည် ဟုပင် ထင်မိစရာ။ အထူးသဖြင့် မောင်နောင့်အတွက် ဓားသံ မကြားရသည်မှာ အတန်ကြာနေပြီ ဖြစ်သော ကြောင့် သွေးတောင်းနေလေသည်။

ပြီးမှ မောင်ညို့မျက်လုံးတွေကို ထပ်၍ သတိပြုမိတော့သည်။ မောင်ညို့ မျက်လုံး ကို မြင်ရလျှင် မြင်ရချင်း မောင်နောင့်ဓားချက်လည်း ပြင်းလာလေသည်။ ဓားရွက်ကလေး မှာ ပပြားပင်ကဲ့သို့ လေပြည်တွင် သိမ်း၍ ဖွေ့ကာ ပတ်ကာ လျင်မြန်လှသည်။ လက်နှင့် ဓား တစ်ကြောတည်း ဖြစ်နေသည်။ လက်အယူ၊ ကိုယ်အလှုပ် တစ်ဆက်တည်းဖြစ်ရာ ခြေသုတ်၊ ခြေသွင်း၊ ခြေပြင်၊ ခြေပြိုင်နှင့် သိုင်းကွက်ကျမြိုင်အောင် သွင်းသော မောင်နောင့်

ဓားမှာ ရှင်းလှတော့၏။ နှစ်ယောက်စလုံး မကြေညာ၊ စကားလည်း မဆိုကြ။ ဓားချင်း မီးကူးမတတ် ခုတ်ကြသည်။ ခုတ်ရင်းကပင် မောင်နောင့်ဓားရွက်မှာ မောင်ညို့ဓားရွက်ကို ပွတ်၍ သပ်၍၊ ပူး၍ ဖက်၍၊ လျက်၍ ယှက်၍သာ နေလေသည်။

မောင်ညိုမှာ ခုတ်သည်နှင့်တစ်ပြိုင်နက် အသွင်းဘက်မှ မဟုတ်ဘဲ အခံဘက်က နေတော့၏။ သူ့ကိုယ်ကြီးမှာ ငယ်ငယ်ကကဲ့သို့ မဟုတ်တော့မူ၍ လေးလံ အိတွဲနေလေပြီ။ မောင်နောင်မှာ အသက်နှင့်လိုက်၍ ကိုယ်လုံး သေးသေးသွယ်သွယ်ကလေးသည် တောင့်၍တင်း၍ နွဲ့နေနိုင်ခဲ့လေရာ၊ မောင်နောင့်ကိုယ်လေးမှာ သူ့လက်ရှိ ဓားကဲ့သို့ မောင်ညို့ကိုယ်ကြီးအား တစ်ဖက်ဖက်မှ ခုန်ချည် လွှားချည်၊ ငုံ့ချည် ပတ်ချည် ပြုနေသည်ဟု ထင်ရသည်။ အကယ်၍သာ ဓားရည်ညံ့ခဲ့လျှင် သွင်းသမျှ ဓားချက်သည် မောင်ညို့တစ်ကိုယ်လုံး သရက်သီးပိုးတီ မှွန်းသကဲ့သို့ ရှုရှုပွမ်းနေချေမည် မလွဲ။ လေးကွေးသော ကိုယ်ကြီးကို တင်းမာစွာ အားပြုပြီး ခြေလှမ်းမှန်မှန်နှင့် ဝင်သမျှဓားကို ရွှေ့ရုံကလေး ရွှေ၊ ဖယ်ရုံကလေး ဖယ်၊ လှန်ရုံကလေး လှန်နေရင်းဖြင့်သာ တစ်ဖက်သား ဓားကို အကွက်မှား စောင့်နေရ၏။

မောင်နောင်ကမူ ဓားရည်တူတစ်ယောက်နှင့် ကစားရပြန်ပြီဟု ကျေနပ်နေသည်။ ဓားရည်တူတစ်လက်နှင့် ခုတ်ရပြန်ပြီဟု သိရသောကြောင့်လည်း တတ်စွမ်းသမျှ ဓားရေးကို အစွမ်းကုန် ပေးနေတော့သည်။

အငြိုးတွေ၊ အမုန်းတွေ၊ အနာဂတ်တွေကြောင့် မဟုတ်တော့။ သူ့အသက် ကိုယ့်အသက်မှာ၊ သူ့သွေး ကိုယ့်သွေးမှာ၊ သူ့ဓား ကိုယ့်ဓား၊ သူ့သံ ကိုယ့်သံ၌ အခြေပြု၊ အမှီသဟဲပြု၍ တည်တံ့ချိမ့်မည်။ ဓားညံ့လျှင်၊ ချိမ့်သံညံ့လျှင် အသက်ကို မချိမဆံ့ ထွက်ခွင့်ပေးရမည်ဟု သက်ဆိုးရှည်ရေးအတွက် ဓားမိုးစွေကြရခြင်း ဖြစ်တော့၏။

မောင်နောင့်ဓား ဆက်တိုက်သွင်းလေသည်။ စဉ်တိုက်ခုတ်တော့သည်။ ပေးသမျှ ဓားတွေမှာ တချွမ်ချွမ် ပြန်နေသည့်အဆုံးတွင် သတိလုံးလုံးလွတ်ကာ နှုတ်ခမ်းမွှေးရေးရေး နှင့် နှုတ်ခမ်းလေးကို ကိုက်ရင်း မောင်ညို့ကို နေရာမှ ရွှေ့ယူတော့၏။ မရွှေ့ပေ။ တဝီဝီဖြစ်နေသော သူ့ဓားသာလျှင် ပန်းလျှလာတော့သည်တွင် မောင်ညိုအား လေးဖက် လေးတန်မှ ကွေ့ပတ်ပြီး ခုတ်ပြန်လျက် သူ့ "အမြန်" ဖြင့် ပိုင်းရန် "ကြံ" ကြည့်၏။

ဓားလည်း သွက်လာသည်။ ဓားကလည်း သွက်၊ ကိုယ်ကလည်း လျင်လှလေရာ မကြာမီ မောင်ညိုသည် မောင်နောင့်ဓားရွက်ကို နေရောင်၌ တဝိဝိလက်နေလျက်သာ မြင်ရသည်။ အရိုးအရွက် ခွဲခြား မမြင်မှန်းနိုင်တော့ပေ။ ဤတွင်မှလည်း ခံရာက သွင်းစ ပြုရလေသည်။

ဓားသံကား နားဝသို့ စူးခနဲ စိမ့်ခနဲ ဝင်ဝင်သွားကာ လေပြည်တွင် တချွင်ချွင် ဂယက်ရိုက်၍ တရှိရှိ တရှဲရှဲ သည်းနေတော့သည်။ နှစ်ယောက်သား လျင်လျင်ခုတ်နေရာမှ နောက်ဆုံးတွင် မောင်ညို့ဓားခွေးကို မောင်နောင် ပိုင်းချလိုက်သော ပန်းကုံးပြတ် ဓားချက် ဖြင့် ချောက်ခနဲ လာစဉ်ကာ မောင်ညို၏ လက်သီးဆုပ် စစ်ခနဲ ထိသွား၏။ ထိပြီးသည်နှင့်

မရှေးမနှောင်းပင် မောင်နောင် ဒေါင်းမြီးက ကလေး ဆွဲ၍ ဖွဲ့လိုက်သည်တွင် မောင်ညို လက်က ဓားကို တွန့်ခနဲ လွှတ်လိုက်မိသဖြင့် မောင်နောင့်ဓားရှက် အရှိန်နှင့်အတူ မောင်ညို့ဓား ပါသွားတော့သည်။ မောင်ညို့ဓားသည် သူတို့နှစ်ဦး ခေါင်းပေါ်မှ လွင့်စဉ် ခြောက်တက်သွားပြီးလျှင် လှိုဖွန်းတွင် တဲတဲကလေး သွား၍ စိုက်ထောင်နေတော့သည်။

ချက်ချင်းလည်း မောင်နောင်က နှုတ်ခမ်းပါးလေး ရေးရေးပြုံးရာမှ မျက်လုံး အရောင်တောက်လျက် မောင်ညို့ကိုယ်ကြီး ဓားဦးတေ့ပြီး လျင်မြန်သွက်လက်စွာ သွင်းထိုးလိုက်လေသည်။ မောင်နောင့်ဓားကို မောင်ညို့ရင်ညွန့်ဆီသို့ ချိန်သွင်းလိုက်ခြင်း ဖြစ်သော်လည်း မောင်ညိုက လျင်မြန်စွာ ကိုယ်ကို တိမ်းသေးလိုက်သည့်အတွက် အပေါ် အင်္ကျီဖားကြီး၏ နံစောင်းကို ဖြီးခနဲ စူးဝင်သွားတော့သည်။ မောင်နောင် မည်မျှအားအင် ဖြင့် ဖျစ်ညှစ်၍ ထိုးသွင်းသည်ကို အတပ်မပြောနိုင်သော်လည်း သူ့ဓားခွေးမှာ မောင်ညို့ ဝဲလက်မောင်းကြားအထိ ထိုးဝင်လာတော့သည်။ မောင်နောင် လျင်လျင်၊ မောင်ညို ကလည်း မြန်နိုင်သည့်အတိုင်း ဓားလွှတ်သွားသဖြင့် အားနေသော သူ့ယာလက်ဖြင့် မောင်နောင့်ဓားရိုးရော လက်ကိုပါ တင်းကျပ်စွာ မိမိရရ ဆုပ်ကိုင် ဖမ်းဆီးထားလေသည်။

တစိမ့်စိမ့် တမျှဉ်းမျှဉ်း ဖိနှိပ်ဆုပ်နယ်နေသော မောင်ညို့လက်သီးဆုပ်တွင် မောင်နောင့်လက်မှာ ဓားရိုးနှင့်ညှပ်၍ တဖျစ်ဖျစ်မြည်စ ပြုလေရာ လူချင်းလည်း ရင်ချင်း အပ်လုနီးပါး ကပ်နေသောကြောင့် တစ်ယောက် ရှူထုတ်သော လေပူကြီးတွေမှာ တစ် ယောက် မျက်နှာသို့ ပြေးပြေး ဟပ်နေတော့သည်။ နှစ်ယောက်စလုံးလည်း ချွေးတလုံးလုံး နှင့် မောဟိုက်နေကြပြီ ဖြစ်ရာ မောင်နောင်သည် ပိုင်လောက်ပြီဟု ပြုံးပြုံးကလေး နေသွားရာမှ ချက်ချင်း မျက်နှာပျက်စ ပြုတော့သည်။ မကြာမီပင် မောင်နောင့်လက်သီး ဆုပ်သည် မောင်ညို့လက်သီး အတွင်းတွင် တညှဉ်းညှဉ်း ကြေစ ပြုလာတော့၏။ နောက်ဆုံးတွင်ကား လက်ထိပ်တွေ၊ လက်ဆစ်တွေ၊ လက်ဖမိုးတွေတွင် မွေးညင်း တမည်းမည်း၊ ချွေးတဖွဲဖွဲနှင့် သန်မာလှသော ညို့လက်သီးဆုပ်ထဲရှိ မောင်နောင့်လက်မှ ဓားသည် မလွှတ်ရဲ လွှတ်ရဲ ပြုတ်ပြေကျစ ပြုလာတော့၏။

မောင်ညိုကမူ ဓား လုံးလုံးလျားလျား မလွှတ်မချင်း လက်ကို ဖျစ်ညှစ်ထားနေရာ ဓားလွှတ်ခါနီး မောင်နောင်သည် သူ့ခါးကြားမှ ဓားမြှောင်ကို လှစ်ခနဲ ဝဲလက်ဖြင့် ဆွဲလိုက်တော့သည်။ ချက်ချင်းပင် မောင်ညိုသည် မောင်နောင့်ယာကို ဆွဲပြီး တွန်းမလိုက် သည်တွင် ဓား လက်မှ လွှတ်သွားသည်။ လွှတ်သည်နှင့် တစ်ပြိုင်နက် မောင်ညို့ ဖျင်အင်္ကျီတွင် ဖောက်ဝင်နေရာက မြေပေါ်သို့ လျှောခနဲ ပြုတ်ပြီး အနှောင့်နှင့် ကျသည်။ ထိုအခိုက်တွင်ပင် ငနောင်၏ ဓားမြှောင်သည် မောင်ညို့ရင်အုံထဲသို့ ဝင်လာပြန်သည်နှင့် တစ်ပြိုင်နက် မောင်ညိုက ငနောင့်သျှောင်ကို ဆောင့်ဆွဲလိုက်သည်။ မောင်နောင်သည် ခြေလွှတ်လက်လွှတ် ဖြစ်သွားပြီးလျှင် မောင်ညို့နှင့် ထပ်လျက် အောက်မှ ပက်လက် မြေပေါ်သို့ ဗိုင်းခနဲ ကျသွားသည်။

သို့ကျသည်တွင်ပင် မောင်နောင်သည် ဓားမြှောင်ဖြင့် မောင်ညို့ရင်အုံသို့ ချိန်ရွယ်

၍ သွင်းစိုက်ရန် ကြိုးစားသည်ကို မောင်ညိုက လက်ကောက်ဝတ်မှ ဆီး၍ ဖမ်းချုပ်ထား၏။ မောင်နောင်လည်း ဤတွင် မောင်ညို့ လက်သီးဆုပ်မှ လွတ်ခါစ ယာလက်ဖြင့် မောင်ညို့လည်မျိုကြီးကို မိမိရရ ညှစ်တော့သည်။

တဖွဲဖွဲ ဆိုင်းမှိုင်းမှုန်ဝေနေသော နှင်းတွေထဲ၌ နေရောင်ဖျော့ဖျော့တွင် နှစ်ဦးသား အသက်ပြင်းပြင်း ရှူသံသာ ကြားရလေသည်။ မြောက်ဘက် ဆီဘူးကွဲတောင်ထွတ်ဆီမှ ဖေ့ပြီးတိုက်လိုက်သော လေပြည်လေးကလည်း သူတို့ဆံပင်တွေကို တမျှင်မျှင် ဖွာသွားအောင် မွှေ့ယမ်းခဲ့သည်။ မောင်နောင့်သျှောင်သည် ပြေကျရာမှ သူ့မျက်နှာကိုရော မောင်ညို့မျက်နှာကိုပါ ဖုံးနေတော့သည်။ မောင်ညိုသည် မောင်နောင့်ဆံပင်ကို အတင်းဆွဲကိုက်ထားရာ၊ မောင်နောင်ကလည်း မောင်ညို့လည်မျိုကို လက်ဖြင့် အားရှိသမျှ ဖျစ်ညှစ်လေသည်။ မောင်ညို့အကြံမှာ ဆံပင်ကို ဆွဲကိုက်ပြီး မောင်နောင့်လည်မျိုသို့ သူ့လက်မီအောင် ရွှေ့ရန်ဖြစ်သော်လည်း မောင်နောင်က အတင်း ခေါင်းမတ်ထားသည်။ မောင်နောင့် ယာလက်မှာလည်း မောင်ညို ညှစ်ထားသော ဒဏ်ဖြင့် မသန်လှပေ။

အတန်ကြာ သူတစ်ပြန်၊ ကိုယ်တစ်ပြန် အားပြုနေပြီးမှ မောင်ညိုသည် အကြံတစ်ခုဖြင့် လျင်မြန်စွာ ကိုယ်ကို တစောင်းလှိမ့်ချလိုက်၏။ သို့ လှိမ့်လိုက်သဖြင့်လည်း မောင်နောင်၏ ယာဘက်လက်ရုံးနှင့် လက်မောင်းသည် မောင်နောင့်ကိုယ်အောက်သို့ ညပ်ဝင်သွားလေရာ ဤတွင် မောင်ညိုသည် မောင်နောင်၏ သေးကွေးနွဲ့နောင်းသော ကိုယ်ပေါ်မှ သူ၏ လေးလံအိတွဲသော ကိုယ်ကြီးဖြင့် ခွဖိပြီး အတင်း ညှပ်ထားတော့သည်။

ညှပ်ထားရင်းက မောင်နောင့်ဓားမြှောင် ပါလာသော ဝဲလက်ကို အောက်သို့ တရွေ့ရွေ့ တွန်းချသည်။ မောင်နောင့်အောက်က ဝင်နေသော သူ့ဝဲလက်ကိုလည်း မောင်နောင့်ကျောဘက်မှ တွန်းပြီး ထုတ်ယူ၏။ မောင်ညို့အကြံကို မောင်နောင် မရိပ်မိမီပင် မောင်ညိုသည် ထိုလက်ဖြင့် မောင်နောင့်ဓားမြှောင်ကို ချွတ်ယူတော့သည်။ ဤတွင် မောင်နောင်သည် ကိုယ်ကို လွန့်ရာမှ မောင်ညို့လည်ပင်းက လက်ကို လွှတ်လိုက်တော့သည်။

မောင်ညိုလည်း မောင်နောင့်ပေါ်သို့ ကားရားကြီး ခွစီးကာ လျင်မြန်သော အရှိန်ဖြင့် ငနောင့်လည်မျိုကို ဓားမြှောင်ဖြင့် တအားကုန် ထိုးစိုက်လိုက်သည်။

ဓားမြှောင်စိုက်သော လက်မှာ ဝဲလက်ဖြစ်လေရာ မောင်နောင်တွင် မျက်လုံးတွေ ပြူးခနဲ ဖြစ်၍မှ မပြီးမီ မောင်နောင့်ကိုယ်ကို ကျောပြင်အောက်က ပွေ့ချီ၊ ဓားမြှောင်ကို ယာလက်ဖြင့် ဆွဲနုတ်လျက် မောင်နောင့်ကိုယ် တစ်ကိုယ်လုံးကို သူ့ရင်ခွင်ကြီးတွင်းသို့ ဆွဲသွင်းပြီးလျှင် ရင်ညွန့်ပေါ်သို့ တအားကြီး ထိုးစိုက်လိုက်ပြန်သည်။

ချက်ချင်းပင် မောင်နောင့်ကိုယ်ကလေးမှာ သူ့လက်ပေါ်တွင် တစ်ချက်၊ နှစ်ချက်မျှ တွန့်သွားသည်။ တွန့်ပြီး လက်နှစ်ဖက် ဖုတ်ခနဲ ဘေးသို့ အိတွဲ့ ပျော့ကျသွားစဉ် အခိုက်တွင်ပင် ရင်ညွန့်တွင် တန်းလန်းစိုက်နေသော ဓားမြှောင်ကို အနှောင့်အရိုးမှ

ကိုင်ကာ မောင်ညိုသည် ဟင်.... ဟင်.... ဟင်.... ဟင် ဟု အတင်းအဓမ္မ စိတ်ရှိလက်ရှိ ဒေါနှင့်မာန်နှင့် အားအင်ရှိသမျှ မွှေ့ မွှေ့ ယမ်းတော့သည်။

မောင်နောင့်ရင်ညွှန့်မှ ပွင့်ပြီး ပန်းထွက်သော သွေးတွေနှင့် မောင်ညို့မျက်နှာကြီး တစ်ပြင်လုံး နွေးခနဲ ပွသွားတော့မှ အမွှေရပ်ကာ မောင်နောင့်အား ကုပ်ပိုးမှ တစ်ဖက်၊ တင်ပါးဆုံမှ တစ်ဖက် လက်ဖြင့်မ၍ ခေါင်းပေါ်က ချီပင့်ပြီးလျှင် လှိုဏ်ကမ်းပါးစွန်းသို့ သွား၏။

ကမ်းပါးစွန်းတွင် စွင့်စွင့်လွင့် ပေါက်နေသော ကျွဲတညင်းပင်လေးအောက်သို့ ရောက်လျှင် လှိုဏ်အောက်သို့ ငုံ့ကြည့်၏။ တဖွေ့ဖွေ့ တဝဲဝဲ တိုက်ခတ်သည်းနေသော နှင်းဖွဲဖြင့် အိစိုနေသည့် လေပြည်ကလေးသည် မောင်ညို့ဆံပင် ဖားလျားကို ရစ်သိမ်း ဆွဲငင်နေခိုက်တွင်ပင် မောင်ညိုသည် ရင်ညွှန့် ဓားမြှောင်တန်းလန်းနှင့် ငနောင့် တစ်ကိုယ်လုံးကို လှိုဏ်ထဲသို့ ပစ်ချလိုက်သည်။

ဟူးဟူးတိုက်နေသော လေပြင်တွင် တလိမ့်ခေါက်ကွေး ကျသွားသော အစိမ်းရောင် ကိုယ်ကျပ်ကလေး နောက်သို့လည်း မောင်ညိုကြီး၏ စူးရှအက်ကွဲသော အသံနက်ကြီးသည် ဆက်တိုက်ကြီး ပါသွားတော့သည်။ ဘာကို သူ အော်သည်၊ ဆိုမိသည်ဟု သူကိုယ်တိုင် မသိမိပေ။ အား....အား....အီ....အီ ဟု နင်းကန် အော်ဟစ်ပြီးမှ–

'သွားရော့လဟယ်'ဟူသော အာမေဍိတ် နောက်ပိတ်ဆုံးဖြင့်သာ နိဂုံးချုပ်နိုင်တော့၏။

လှိုဏ်စွန်းရှိ မြက်ဖုတ်ကလေး အနီးတွင် တဲတဲကလေး စိုက်ထောင်နေသော ဓားမှာကား အသံနက်ကြီးဖြင့် အော်သော ဓားရှင်ထံသို့ ပါသွားသော်လည်း တလင်းပြင်ပေါ် ခရာချုံ နှစ်ချုံကြားရှိ ဓားတစ်လက်သည်ကား ဆောင်းကုန် နွေပြောင်း ရာသီတွေ ထပ်လောင်း ကြာမြင့်စွာ အထိပင် ယူမည့်သူ ဝေး၊ ဆောင်မည့်သူ ရှား၊ တအားငယ်ငယ် ဖြစ်နေရစ်ရှာတော့သတည်း။

## ၅၉ | ဆုံးပြီးသူအတွက် အရှုံး

ချောင်းကလေးကို လက်ပစ်ကူးပြီး မောင်တွန့်အနီးသို့ အပြေးကြီး ရောက်လာသော မောင်ညို့အဝတ်တွေမှာ ဗရပွာ စုတ်ပြတ်၍ ချောင်းရေ တစက်စက်ကျရင်း သူ့ ခြေထောက်ကြီး တစ်ဝိုက်တွင် အိုင်ထွန်းနေသည်။

မောင်ညို လာနေသည်ကို မောင်တွန့်သည် စိန်းစိန်းကြီး ကြည့်နေသည်။ ဒွေးမယ်ကို ရင်ခွင်ကြားတွင် တင်းတင်းကလေး ပွေ့ရာမှ မောင်ညို သူ့အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက်–

'မီခဲ့လားဗျ'ဟု မေးသည်။ မောင်ညိုက ခေါင်းညိတ်ပြသည်။ ထိုမျှပင်။ ထိုမျှနှင့်ပင် မောင်တွန့် ကျေနပ်စွာ နားလည်တော့သည်။ နောက်ထပ် မမေးအားမီပင် မောင်ညို

သည် ဒွေးမယ်ထံ တစ်ချက်၊ ဒွေးမယ်ကို ပွေ့ပိုက်ထားသော ငတွန့်ကို တစ်ချက် အကဲခတ်သကဲ့သို့ မချိတင်ကဲ ကြည့်နေသည်။

မောင်တွန့် ဖျင်အင်္ကျီ ရင်ဘတ်တစ်ခုလုံး၊ လက်မောင်းတွေနှင့် မဲပုဆိုးတွေမှာ ဒွေးမယ်ထံမှ သွေးဖြင့် စိုရွှဲနေလေပြီ။

ဤတွင်မှ မောင်ညိုသည် ဒွေးမယ့်ကိုယ်ကလေးကို ပြေး၍ ပွေ့တော့သည်။ မောင်တွန်လည်း ဒွေးမယ်၏ ပျော့ဖပ်အိစွဲ ရှော့ရဲရဲကိုယ်ကလေးကို မောင်ညို့လက်သို့ ယုယစွာ ပြောင်းပေးလိုက်ပြီးမှ သက်ပြင်း ဟင်းခနဲ ချကာ–

'အကျွန်က မြင်းသံကြားတော့ သင်း ငနောင်ပဲလို့ တစ်ထစ်ချ မှတ်သာ'ဟု ပြော၏။

'မဟုတ်ဘူး၊ ချင်းမယ် မြင်း မပါတော့ဘူး။ ဟို ကုန်းသာ အလွန်ကတည်းက ချင်းမြင်း မြားမှန်သယ်သဲ့'ဟု ဒွေးမယ်ကို ပွေ့ထားရင်းက တစိမ့်စိမ့်ကြည့်လျက် ငတွန့်ထံ မလှည့်ဘဲ ပြောသည်။ မောင်တွန်သည် မြင်းနှစ်ကောင်ကို လိုက်ဖမ်းပြီး ကုန်းနှီးပြင်နေသည်။ မြင်းကို နှစ်ယောက်စလုံး ချည်မထားနိုင်ကြ။ မြင်းပေါ်မှ ကပျာကသီ ခုန်ဆင်းကြရခြင်း ဖြစ်ခဲ့၏။ မြင်းများ ပြင်ဆင်ပြီးမှ–

'သာဖြင့် အစ်ကိုက ဆိဘူးကွဲဘက်က လိုက်သာကိုး၊ အကျွန်က ဟဲလယ်ဆိ ရောက်သွားသာ'ဟု စကားပြန်ကောက်မှ–

'အိမ်း .... မဆွတုန်းက ငါ မသိပေါင်ပါ။ တောင်ခြေရောက်မှ နှင်းထဲက သေနတ်သံတစ်ချက် ကြားလို့၊ ကြားသဲ့ဆီ စွတ်လိုက်ရင်းက ချင်းတို့ခြေရာကို ကောက်မိသာပဲ'ဟု ပြောရာမှ 'ချင်းလက်စွဲ ဦးမင်းဒန်လည်း ချင်းလက်ချက်နဲ့ပဲ သေပီကွယ့်'ဟု ဆိုသဖြင့် ငတွန်က မြင်းပါးချုပ် ပြင်ရာမှ–

'ဟင် .... ဟုတ်စ၊ အစ်ကို ကြက်ခြေခတ်လွတ်သဲ့ မျက်နှာဆိုးကြီးလေ့'ဟု အားပါးတရ ဖြစ်သွားပြီး မောင်ညိုက 'အိမ်း၊ ချင်းပစ်သဲ့ သေနတ်သံကြောင့် ချင့်တို့ရှိသဲ့ဆီ ငါ သွားမိသာပ'ဟု ပြောသည်။

'အင်တန် ရက်စက်သဲ့ ကောင်ပါကလား ဟင် .... အစ်ကို'

မောင်ညို မည်သို့မျှ မဖြေပေ။ မောင်တွန့်လက်သို့ ဒွေးမယ်ကို ခေတ္တပြန်ပေးပြီး သူ့မြင်းကြီးပေါ်သို့ တက်သည်။ မြင်းပေါ်ရောက်မှ ဒွေးမယ်ကို ပြန်ယူရန်ပြင်ရာ မောင်တွန်က မောင်ညို့ထံ ပြန်မပေးမီ ဒွေးမယ့်မျက်နှာကလေးကို စေ့စေ့ စိန်းစိန်းကလေး အံကြိတ်ပြီး ကြည့်နေသဖြင့် မောင်ညိုက ငတွန်ထံ တွေတွေကြီး အကဲခတ်နေ၏။ မောင်ညို ချောင်းစပ်သို့ ရောက်စဉ် ဇရပ်သို့ လှမ်းကြည့်သည့်အခါကလည်း တွန်သည် ဒွေးမယ်အား ယုယုယယ ပွေ့ပိုက်ငေးမောနေသည်ကို မြင်မိသည်။ မောင်တွန်သည် ဒွေးမယ်ကို ငေးကြည့်နေရာက မောင်ညို၏ 'ပေး.... ငတွန်'ဟု တောင်းသံကြားမှ လှမ်းပေးရာ မောင်ညိုက အပေါ်မှ လှမ်းဆီးပွေ့ရင်း 'ငတွန်'ဟု ထပ်ခေါ်ပြီး 'ဒွေးမယ်ကို မင့် မုန်းသေးလား'ဟု မေးရင်း အသံကြီး အက်သွားသည်ကို မောင်တွန် တွေတွေကြီး

မော့နေရာမှ ခေါင်းကို ညင်သာစွာ ခါရှာသည်။ မောင်ညိုသည် မြင်းအောက်မှ မလှုပ်မယှက် ရပ်နေသေးသော သူငယ်ချင်းကို ငုံ့ပြီး ကြည့်ရာက တစ်ဖန်–

'မင်းတို့ မျိုးနဲ့ချီပြီး မုန်းလာသဲ့ ဒွေးမယ်ကိုလေ့'

မောင်တွန်သည် မောင်ညို့ရင်ခွင်တွင် ခေါင်းကလေး တစောင်းထောင်ပြီး မျက်လုံးကလေး မှိတ်၊ နှုတ်ခမ်းကလေး ဟ နေရှာသော ဒွေးမယ်၏ အလောင်းမျက်နှာကို ခေတ္တမျှ တွေတွေကြီးပင် ငေးနေရာက–

'သည့်ကလောက် ချစ်တတ်သဲ့ ဒွေးမယ်ကို အကျွန် ဘယ့်နဲ့ မုန်းနိုင်ပါတော့မတုံး အစ်ကိုရာ'ဟု တွေနဲ့အသံကြီးတွေ ခြောက်ကပ်နေရှာ၏။ သူ့အသံမှာ နှလုံးသည်းပွတ် အသည်းအူကြားမှ ဖျစ်ညှစ်ထိုးထွက်လာဟန် တူလေသည်။

မောင်ညိုသည် ဤတွင်မှ မောင်တွန့်ကို ငေးငေးကြီး ကြည့်နေရင်းက တစ်ဖန် မည်သို့မျှ မပြောဘဲ ဒွေးမယ်အား ငုံ့ကြည့်နေသည်။ အတန်ကြာ၍ တွေနကဲ 'သွားစို့ အစ်ကို'ဟု ပြောသံကြားမှ မြင်းဇက်ကို ကောက်ကိုင်လိုက်ရတော့သည်။ ဇက်ကိုင်ထားသော လက်ရုံးဖြင့် စို့ထွက်လာသည့် မျက်ရည်ပူကြီးတွေကို အံကြိုးကြိတ်ပြီး မောင်တွန် မမြင်အောင် သုတ်ရှာသည်။ မောင်တွန်ကား မောင်ညို၏ ပြန့်ကျယ်သော ကျောပြင်ကြီး နှင့် ကုပ်ပိုးထူကြီးတွေကို နောက်မှ တစိမ့်စိမ့်ကြည့်လျက် သူပါ အံတင်းတင်းခဲ၍ လိုက်ခဲ့ရသည်။

တစ်လမ်းလုံး စကား ဆိတ်သုဉ်းခဲ့ကြပြီ။ ညိုသည် မြင်းကို ဇက်အလိုလိုက်ခဲ့ ရာက ညနေစောင်းလေးတွင် ဇရစ်ခဲသို့ ရောက်တော့သည်။

နေမညိုမိပင် မြူတွေဆိုင်း၍ တောင်ငွေ့တွေနှင့် မှိုင်းနေလေရာ ခွန်ထော် သည် မြင်းတွေရော လူတွေပါ ခေါင်းငိုက်စိုက် ဖြည်းညင်းစွာ ဝင်လာသည်ကို အံ့အား သင့်ပြီး ငေးကြည့်နေသည်။ ခွန်ထော်မိသားစုလည်း ထိုနည်းတူပင် ငေးနေကြရာ မြင်း နှစ်ကောင် ခေါင်းချင်း ယှဉ်ရပ်မိမှ ခွန်ထော်သည် မောင်ညို့ထံ သုတ်သုတ်လေး ပြေးကပ် သည်။

မည်သို့မျှ တွေးမရနိုင်မီပင် မောင်ညိုက ဒွေးမယ့်အလောင်းကို ခွန်ထော့်လက်သို့ လှမ်းပေးလိုက်သည်။ ခွန်ထော်သည် ဤတွင်ကျမှလည်း တောင့်တင်းပြီး နှင်းခဲပမာ အနည်းငယ် အေးစက်ဝင်းဝါနေပြီဖြစ်သော အလောင်းကို ပွေ့ကာ–

'ရှီ.... ကိုရင်ညို'ဟုသာ ပါးစပ်ကြီး အဟောင်းသား ဖြစ်သွားသည်။

'အို....ဓားဆရာရဲ့'ဟု မောင်ညို့အသံကြီး ကြောင်တောင်တောင် ခြောက်ကပ်စ ပြုပြီး 'ဓားဆရာ၊ ဓားသင်ကောင်းလို့ ခင်ဗျာတပည့်မ ရေတိမ်နစ်ပေါ့လားဗျ'ဟု မျိုသိပ် ထားသမျှကို မချိတင်ကဲ အသံကွဲကြီးဖြင့် ဆိုမိရှာတော့၏။

ခွန်ထော် မည်သို့မျှ မပြောနိုင်တော့ဘဲ တွေတွေကြီး ငေးနေမိမှ မောင်ညိုသည် မြင်းပေါ်က ဖြည်းညင်းစွာ ဆင်းခဲ့သည်။ အိမ်ရှေ့ တလင်းငှက်လေးတွင် နှင်းတဖွဲဖွဲ ပက်နေသည်။ ဆောင်းပတ်လည် တောကြီးတွေ တောင်ကြီးတွေလည်း ညို့မှိုင်းမှုန်ဝေနေ

သည်တွင် အနီးရှိ သစ်ပင်၊ ကိုင်းပင်လေးတွေထဲမှ ကျေးငှက်လေးတွေပင် ယှက်ကျူးမရ ဖြစ်လှဟန်ဖြင့် ငြိမ်သက် တိတ်ဆိတ်နေကြသည်။

ထိုနှင်းဖွဲထဲတွင် မောင်ညိုသည် ခွန်ထော့ရှေ့သို့ ဒွေးမယ်ကိုင်လာသော ခွန်ထော့ အားကို မြေပေါ်သို့ ဖုတ်ခနဲ ပစ်ချလိုက်၏။ ခွန်ထော်သည် အံကြိတ်ကြိတ်နေရာမှ 'အစ်ကို ညို' ဟု ခေါ်ကာ 'ကျုပ်ကို ပြောပြပါဦး'ဟု ဆိုတော့သည်။ ဤတွင် မောင်ညိုက အကျိုးအကြောင်း ပြန်ပြောင်း ပြောပြရတော့သည်။

'အဲသာပဲ၊ ဒွေးမယ်ကို ဇရပ်ရှေ့မယ် ရိပ်ခနဲ မြင်မိလို့ ငါလည်း တစ်ဖက် တောင်စောင်းက အမီလိုက်သာပဲ။ ငါရောက်တော့ ချင်းဓား ဦးသွားပီးသား ဖြစ်နေပီ'ဟု အဖြစ်အပျက် ဆုံးသကဲ့သို့ ပြောသူ့အသံလည်း မှိုသွားလေသည်။

ခွန်ထော် အတန်ကြာ ငိုင်နေသည်။ ထိုအခိုက် မောင်တွန်က မြင်းတွေကို ဆွဲယူသွားရာမှ မြင်းဇောင်းအနီးရှိ လက်ပံတုံးကြီးတစ်တုံးကို ကြောင်ငေးကြီး ငေးနေ သည်။ လက်ပံဖတ်တွေ အလွှာလွှာ နှင်းရည်ဖြင့် ထိုင်း၍စိုနေလျက်။ ငုတ်တုတ်။

မကြာမီလည်း အိမ်သားများသည် ခွန်ထော်နှင့် မောင်ညို့ထံ ပြေးထွက်လာကြ သည့် အခိုက် ခွန်ထော်က 'သာဖြင့် အစ်ကို့ကို စောင့်နေရင်း သင်းကို ဒွေးမယ်က တားထားသာပေါ့'ဟု မေးသည်ကို မောင်ညိုက 'ဟုတ်သယ်'ဟု အသံကြီးနာလျက်ပင် ပြောမှ 'အစ်ကို့အတွက် အသေခံရဲသာပေါ့'

'ဟုတ်သယ်'ဟုပင် ပြောနေသည်။ ဤတွင်ကျမှ ခွန်ထော်က–

'သာဖြင့် အကျွန့်တပည့်ဟာ အသက်နဲ့လဲပီး အနိုင်ယူသွားသာပ'ဟု ဆိုတော့ သည်။ ခွန်ထော့် အသံတုန်ကြီးကား ဒွေးမယ့်နာမည်ကို ခေါ်ပြီး မချိတင်ကဲ ဝမ်းနည်း ပူဆွေးလှသော စိတ်အာရုံ တဖျတ်ဖျတ် လှုံ့ဆော်မှုကို အနိုင်ပေးလျက် နှမြောတသ တမ်းတ ငိုကြွေးလိုက်ကြသော အိမ်သားများ၏ အသံကြားတွင် တိမ်မြုပ် ပျောက်ကွယ် သွားတော့သည်။

တွေ့ဆုံ ကြုံကွဲ ဓမ္မတာပဲဟု မလွဲသော သဘောတရားသည် သက်ရှိသက်မဲ့ အစုစုကို အမြဲတစေ လွှမ်းမိုးနေသည်။ မောင်ညိုသည် ချစ်သူ့အလောင်းကို ရပ်ရွာထံ လက်ခံသွင်းဆောင်သဂြိုဟ်ခွင့် ပန်ကြားပြီးလျှင် သိုက်မြိုက်စွာ ဖုတ်ကြည်းသဂြိုဟ်ပြီး ပြုဖွယ်လုပ်ရိုး ဒါနမျိုးစေ့ကိုချကာ သွားလေသူလေးအား တသသရည်မှန်းလျက် အမျှ အတန်း ပေးဝေသည်။ ချစ်သူသင်္ချိုင်းအနီးတွင်လည်း တစ်လကိုးသီတင်း ငိုင်ငေး မျှော်ခေါ် သည်းရော်ကွဲအက် မခွဲရက် မခွာနိုင် တမှိုင်မှိုင် တဆွေ့ဆွေ့ နေခဲ့ပြီးမှ ရပ်ရွာသို့ ပြန်ရန် ခွန်ထော်တို့ကို နှုတ်ခွန်းဆက်သ ခဲ့ရလေ၏။

မောင်ညိုတို့ ပြာသိုလဆန်းမှစ၍ ဟဲလယ်သို့ ရောက်လာကြခြင်း ဖြစ်သည်။ ခွန်ထော်တို့မှာ ရှေးအထက်ထက် ယယ်စဉ်တောင်ကျေးမှစပြီး မောင်ညိုတို့နှင့် သိကျွမ်း ခင်မင်၊ အလုပ်အကိုင် လယ်ယာ ကိုင်းကျွန်းတွင်လည်း ရောယှက် ပတ်သက်နေကြသည့် အပေါ်တွင် ဤကဲ့သို့ ရက်ရှည်လများ လာရောက်နေထိုင်သွားသည့် အတောအတွင်းတွင်

လည်း ယခုကဲ့သို့ ဒွေးမယ် ဆုံးပါးသွားရသည်ကို စိတ်လက်မပြေ ဖြေပါမနိုင် ဖျော်၍မရ တသသ ဖြစ်နေရစ်ကြသည်။ ခွန်ထော်တွင်ကား ရဲဖန်ရဲခါပင်–

'အိမ်း.... ငါ ဒွေးမယ်ကို ဓားရေး မသင်ပေးရင် သင်း သည်လို မဖြစ်ဘူး'ဟု လည်းကောင်း။

'အိမ်းလေ.... သင်းကလည်း အလကားနေရင် အလကားပဲ၊ ခုလို ခေတ်ပျက်ကြီး ထဲမယ် ကိုညိုကြီးနဲ့ ကျောချင်းကပ်ပြီး ဓားရည်ထက်နိုင်တဲ့ရင် ပိုမတဲ့လားလို့ ဇွတ် အသင်ခိုင်းသာကိုး'ဟု လည်းကောင်း တဖျစ်တောက်တောက် ဖြစ်နေတတ်တော့သည်။

ရဲရမန်းသို့ အဝင်တွင် သုံးဦး သုံးစားလှယ် စုရုံးပူးတွဲ ဝင်ရောက်လာကြရာက ယခုမူ တစ်ယောက်သောသူကို မချိတင်ကဲ ခွဲခွာထားရစ်ခဲ့ရပေပြီ။ ဒွေးမယ်ကား မွေးစဉ်ကလည်း တစ်ယောက်တည်းသာ၊ သေသောအခါလည်း တစ်ယောက်တည်း ခွဲထွက်သွားနိုင်ရက်သော်လည်း ရဲရမန်း၊ ရှမ်းပြည်နယ်နှင့် မြန်မာနယ်စပ်ကလေးမှ မြင်းချင်းယှဉ်ပြီး ထွက်ခွာလာကြသော ငတွန်နှင့် ညီညိုတို့မှာကား မြင်းနှစ်ကောင်ကြားမှ ပြုံးပြုံးရွှင်ရွှင်နှင့် လိုက်ပါလာခဲ့ဖူးသော မျက်နှာသွယ်သွယ်၊ အသားဝါဝါချောကလေးတစ်ယောက် ပါပဲ ပါသေးသလို၊ တာပဲ တာနေသယောင်၊ သာပဲ သာနေသယောင် တစ်တွေးတည်းတွေး၊ တစ်လွမ်းတည်း လွမ်းရင်းက လေးလံသော စိတ်မှိုင်းကြီးတွေဖြင့် မြူဆိုင်းမြူထွေး တောင်ငွေ့ဝေဝေ နှင်းထွေထွေကြားတွင် အနောက်သို့ မျက်နှာမူလျက် တိုင်းဆူတိုင်းပျက်တွင်းသို့ ပြန်လည် ချဉ်းနင်း ဝင်ရောက် ခဲ့ကြရတော့သည်။

ဆိဘူးကွဲတောင်၊ ကျောက်ပုံတောင်၊ နွယ်လှိုင်းတောင် စသော ညို့ဆိုင်းပြာမှောင် တောင်အထပ်ထပ် တောအခိုခိုကြားမှ ချောင်းဖျားချောင်းပေါက် ခံယူကာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ကြသော မြစ်ငယ် ချောင်းငယ်တို့ ဖြတ်သန်းကူးလူးသည့် မိုင်းပော်၊ ဟဲလယ်၊ နန်းဟူး၊ အုန်းသာ၊ အုန်းကြော စသော ရမန်းနယ် အဝင်အပါ ရွာကြီးရွာငယ် အသွယ်သွယ်၌ကား အချစ်ကို သေအထိ ထိန်းသိမ်းနေရစ်ရှာသူကလေး တစ်ယောက်သည် ကြေကွဲဖွယ်ရာ ကျန်ရစ်ရှာတော့ သကဲ့သို့။

ယင်းသည့်နယ်တွင်ပင်လျှင် ဓားမြှောင်ရှင်ညွှန့်၌ တငေါ်ငေါ်ဖြင့် ဧရာဝတီမြစ်ရေယဉ်ကြောတွင် စုန်ဆန်ကူးလူး မျောပါရာမှ တစ်စစနှင့် ယွင်းကြေ ပျက်စီးပြီးဖြစ်သော မာရဘင် ဗိုလ်ကလေး၊ တိုင်တားဦးဖိုး လက်သုံးတော်ကိုင်ဟောင်း၏ ကိုယ်ကျပ်အင်္ကျီအစိမ်းရောင်လေး တစ်ထည်သည် နေရောင်ဖျော့တွင် ပေါလောကလေး ယေါ်နေရစ်တော့သတည်း။

ချုပ်ချယ်မှု တည်းဟူသော အရသာကို မောင်ညိုသည် တံတားဦးသို့ ရောက်လျှင် ရောက်ချင်း မမျှော်လင့်ဘဲ ခံစားရတော့သည်။

နှံ့ချည့်ထိုင်းမှိုင်းသော ကိုယ်စိတ်နှစ်ဖြာဖြင့် နေရင်းရွာသို့ ပြန်လာသော မောင်ညို

သည် ကိုယ့်ဝင်း ကိုယ့်အိမ်သို့ပင် မဝင်ရတော့ပေ။ မောင်ညို၏ အိမ်နှင့်ဝင်းတွင်ကား အင်္ဂလိပ် အရာရှိတစ်ဦး စတည်းချနေသည်ကို တွေ့ရတော့သည်။

ထိုအရာရှိ၏ စကားပြန်က မောင်ညိုအား စစ်ဆေးမေးမြန်းရာက အိမ်ရှင်မှန်း သိရသောအခါ 'ခင်ဗျားအိမ်မယ် စစ်ဗိုလ်ကြီး ခေတ္တသာ နေပါမည်။ ယခု မင်းဘူးနယ်၊ မြင်းခြံနယ်၊ ပခုက္ကူနယ် တစ်ဝိုက်မယ် ထကြွသောင်းကျန်းနေသဲ့ မြန်မာတပ်ပျက်များ၊ တောကြောင် လူဆိုးသင်းများနဲ့ အည့ံမခံဘဲ တော်လှန်နေကြသဲ့ ဗိုလ်မင်းရောင်၊ ဗိုလ်ဗလ၊ ဗိုလ်ကြင် စသဲ့ လူတွေကို နှိမ်နင်းဖမ်းဆီးပြီးရင် ခင်ဗျာ့အိမ်ကို ပြန်ပေးပါလိမ့်မယ်။ ယခု ခေတ္တခဏ အတွင်းမယ်တော့ ခင်ဗျအဆွေအမျိုး မိတ်သင်္ဂဟတွေထံမယ် နေပါသဲ့' ဟု ပြောပြီး တစ်ဖန် ဆက်လက်၍ 'စစ်ဗိုလ်ကြီးက အများကြီး ဝမ်းနည်းပါသယ်သဲ့ ခင်ဗျ' ဟု ဆိုလေသည်။

'ခင်ဗျစစ်ဗိုလ်ကြီး အများကြီး ဝမ်းနည်းသာက ကျုပ် အိပ်နေသာလောက် ရှိပါသေးသယ်' ဟု လွှတ်ခနဲ ပြောမိသော မောင်ညိုကြီးကား မချိတင်ကဲ ခွင့်ပြုခဲ့ရပြီးလျှင် ရွာထဲသို့ ဆက်လက်ထွက်ခွာခဲ့ရသည်။ မျက်လှည့်သဖွယ်ပင်၊ အစက ကိုယ့်အိမ် ကိုယ့်ယာနှင့် နေခဲ့ကြရသော မောင်ညိုတို့မှာ လက်ခံကြည်ဖြူ နေခွင့်ပေးမည့်အိမ်ကို ဝမ်းနည်းစွာ လိုက်လံ ရှာဖွေရတော့သည်။

ကံအားလျော်စွာ ရွာထဲတွင် အချို့တစ်ဝက်သော အိမ်ထောင်စုများ ကျန်ကြွင်း နေသေးသောကြောင့်သာ မောင်ညိုတို့နှစ်ယောက်မှာ အမိုးအကာနှင့် အိပ်ရလေသည်။ အိမ်စောင့်ထားခဲ့သော ငဖြိုးတို့ လူစုကိုလည်း မောင်ညို ရောက်ပြီး သုံးရက်ကြာမှ ခြေဦးတည့်ရာက ပြန်ပြေးလာကြသည်ကို တွေ့ရလေသည်။

သို့ဖြင့် ငဖြိုးတို့အား အကျိုးအကြောင်း ဇာတ်စုံလှန်ပြောပြီးလျှင် တစ်စစနှင့် ရက်ရှည်လများ ထိအောင် တိုင်းကဲပြည်ကဲ ခတ်လျက် နေထိုင်ခဲ့ကြရ၏။

အင်္ဂလိပ်အစိုးရမှာ အုပ်ချုပ်မှုဦး ပွဲဦးထွက်မှစ၍ စေ့စပ်သေချာခဲ့ကြသော်လည်း မန္တလေးနေပြည်တော် တစ်ဝိုက်မှ စ၍ မြောက်သို့လားသော် နေပြည်တော်နှင့်နီးစပ်သော မတ္တရာတောကြီးမှ စပြီးလျှင် ရွှေဥတောင်၊ တန့်တည်၊ ဂန့်ဂေါ၊ မင်းချင်း၊ စကားတောင် စသည့် တောကြီး တောင်ကြီးများ၊ အနောက်တစ်ခိုတွင် မာလာ၊ ဖိုးတောင် စသော တောနက်ကြီးများနှင့် ပုပ္ပား၊ ကျောက်ဆည်၊ ရမန်း စသည့် တောင်ဘက်၊ အရှေ့ဘက်နယ် တွေပါ မကျန် တောကြီးတောင်ကြီးများကို အမှီသဟဲ ပြုပြီးလျှင် မြန်မာ့တပ်မတော်ကြီးမှ ကစဉ့်ကလျား ပျက်ပြားပြေးလွှားကြရသော တပ်တော်ကြီး အကြွင်းကျန်များသည် အင်္ဂလိပ်လက်အောက်သို့ သစ္စာတော်မခံ၊ ရမိရာ လက်နက်လူသူတို့ဖြင့် ဟိုတစ်ဖွဲ့၊ သည်တစ်ဖွဲ့ တော်လှန်ပုန်ကန် နေကြသေးသည်။ အချို့လည်း ဓားပြကြီးလျှင် သူပုန် ဆိုသကဲ့သို့ နိုင်ငံရေးဗန်းပြပြီး ခိုးတိုက် ကိုယ်ကျိုးရှာနေကြ၏။ အချို့လည်း အင်္ဂလိပ်ထံမှ လွတ်သော အထောက်၊ သံပျင်၊ ကလန်တို့၏ သွယ်ဝိုက်လှည့်ပတ် သိုင်းဝိုင်းခြင်းဖြင့် အင်္ဂလိပ်ထံ လက်နက်ချ၍ တပည့်တပန်းတို့နှင့်အတူ အည့ံခံကြသည်။ အချို့လည်း

ကိုယ့်အတွင်းလူများမှပင် သစ္စာဖောက်ကြ၊ သင်းခွဲကြပြီးလျှင် ကစဥ့်ကရဲ ဖြစ်ကြသော်လည်း အနည်းငယ်မျှသော လူတစ်စုမှာကား နောက်ဆုံး သွေးတစ်စက်၊ နောက်ဆုံး သံတစ်ချောင်း၊ ဓားတစ်လက်၊ ကျည်တစ်တောင့်အထိ ရန်သူအား ခုခံတော်လှန်မည်ဟူသော ဇွဲဖြင့် ချိုးနှိမ်၍ မရသော ဇာတိမာန်ကို ရက်ရှည်လများထား၍ ခြားနားနေကြသည်။ သို့သော် ရန်သူက တစ်ဖက်၊ တောကောင် သားကောင်က တစ်မျိုး၊ အစာရေစာက တစ်သွယ်၊ ရောဂါဘယ ဖိစီး နှိပ်စက်သည်က တစ်ဖုံကြောင့် တစ်စစဖြင့် ရွှေ့ပါး နွမ်းချိ တမြည့်မြည့် တဆွေးဆွေး ပျက်စီး ယွင်းသုဉ်းကြရလျက် အဖိုးတန် မွန်မြတ်သော၊ သူတို့၏ လွတ်လပ်သော ဘဝတွေကို ရန်သူ အင်္ဂလိပ်လက်အစား သေမင်းလက်သို့သာ ဝကွက် အပ်နှံလိုက်ကြသည်။

နောက်ဆုံးဖြစ်သော ဇာတိမာန်သွေးတစ်စက် ခန်းခြောက်သည်အထိ လွတ်လပ်ရေး မာန်ဖြင့် နှစ်ပေါင်း နှစ်ထောင်ကျော်ကျော်လုံးလုံး ထုထား၊ တေထား၊ နတ်ထား၊ စင်းထား၊ သွေးထား၊ ဆေးထားသော နောက်ဆုံး ဓားတစ်လက် တုံးသည်အထိ အင်္ဂလိပ်သည် သီပေါဘုရင်ကို ဖမ်းဆီးပြီးသည့် နောက်အဖို့၌ မချင့်မရဲ မြန်မာ့သွေး နီရဲရဲကို ဥပါယ်တံမျဉ် အလီလီနှောသော သူတို့၏အုပ်ချုပ်မှု ယန္တရားစက်ဖြင့် ဖွယ်ပြယ်ညှဲ့ကျဲအောင် ခုနစ်နှစ်တို့ ကာလပတ်လုံး အောင့်အည်း စောင့်ဆိုင်းနေရသေး၏။

သွေးကောင်း သံကောင်း သုဉ်းစေ တုံးစေသည့် အချိန်အတွင်းတွင်ပင် မြန်မာနိုင်ငံ တစ်ဝန်းလုံးကို ပေါင်းရုံး အုပ်ချုပ်လျက် တင်းမာသော ဥပဒေ၊ ကျယ်ဝန်းသော ဉာဏ်အမြော်အမြင်၊ ထက်မြက်သော တန်ခိုးဖြင့် အာဏာကုန် လွှမ်းမိုးနိုင်ခဲ့လေရာ မောင်ညိုတို့လူစုမှာ တစ်မင်းလက်မှ တစ်မင်းသို့ ရွှေ့လျော ပြောင်းသက်လာသည့် ခေတ်နှင့် လိုက်ကာ မချိသွားဖြ အနေဖြင့် အသားကျ ယူရတော့သည်။

## ၆၀ ။ နံ့ပြည်စုတ်ကလေးပါ .... နော

အမှု တောင့်မှ သီလစောင့်နိုင်မည်၊ ဆွမ်းရေးထက် ဝမ်းရေးက ပိုခက်သည် ဆိုထားလေရာ ဤမျှ လေးနက်ကြီးကျယ်သော ဒါန၊ သီလ၊ ဘာဝနာကိစ္စ အဝဝအတွက်ပင်လျှင် ဝမ်းရေး ဖူလုံမှဟု ပြောစမှတ် ပြုနေကြလေရာ မင်းပြောင်းမင်းလွဲအတွက် ခေတ်ကို တင်စားပြီး ငေးမော တွေးတောနေရန် အတွက်ကား အဘယ် ပြောဖွယ်ရှိတော့အံ့နည်း။

မည်သည့်မင်း အုပ်စိုးအုပ်စိုး၊ ချက်ချင်းလက်ငင်း အရေးမှာ သည်ကိုယ်တွင် သည်သက်မြဲအောင် မြဲအောင် ပြုဖို့သာ ပထမ အရေးကြီးသည်ဟု မောင်ညိုတို့ သိလာကြသည့် အချိန်မှစ၍ သူ့လက်ငုတ်လက်ရင်း မှန်သမျှကို လိုက်လံပေါင်းရုံး အထုံးပြေသရွေ့ စုရုံး ချည်နှောင်စ ပြုတော့သည်။

နိုင်ငံကို အုပ်ချုပ်ရသည့် အစိုးရသူ မင်းတွေ၊ မှူးတွေ၊ မတ်တွေနှင့် သင်းတို့၏ အမိန့်သြဇာအောက်တွင် သိုင်းဝိုင်းစုရုံးနေကြသည့် ကြည်းတပ်၊ ရေတပ် စသည်တို့က

သူတို့ တာဝန်ဝတ္တရားကိုမှ သူတို့နားမလည်၊ မဆောင်ရွက်၊ သူတို့၏ တန်ခိုး အာဏာ စက် တည်မြဲမှုအတွက် ခုခံကာကွယ် စောင့်ထိန်းမှုတွင် ညံ့ဖျင်း၍သာ နိုင်ငံကြီးတစ်ခုလုံး ဆုံးရပေပြီ။ ရန်သူက လိုချင်လျှင် ယူမည်ကို သိလျက်နှင့် ကိုယ့်ပိုင်နက်ကို ကိုယ်မစောင့် စည်းနိုင်လျှင် အယူခံရုံသာ ရှိပေမည်။

ရန်သူက လက်နက်သုံးလျှင် မိမိတို့ကလည်း လက်နက်ကို သုံးရန်၊ လက်နက် ချင်း ပြိုင်ရန်ပင် လုံးပန်းသင့်လှပါ၏။ လက်နက်လုပ်ရန် သံချက်ဝန်တွေ၊ သေနတ်ဝန်တွေ ခန့်ထားကြပါသည်။ ခဲယမ်းမီးကျောက်လည်း လုပ်တတ်ကြပါသည်။ ရေအောက်တွင်ပင် ပေါက်ကွဲသော လက်နက်တစ်မျိုးကို ထွင်နိုင်ခဲ့ကြပါသည်။ ဖန်ရည်ကြိုစက်ကြီးများ၊ ဒင်္ဂါးသွန်းလုပ်သည့် စက်ကြီးများပင် ရှိကြပါသည်။ သို့စဉ်လျက် ရသမျှ လူသူလက်နက် အစုအစည်းကို အရေးကြီးသော အခိုက်အတန့်တွင် အသုံးမချခဲ့ကြ။ အသုံး မချတတ်ကြ။ အခွင့်အရေးကို မသိကြ။ တစ်ယောက်ချင်းချင်း ဝါဒတူချင်း ပွဲပေါင်းလျက် သွေးစိတ် စိတ် ဖြာလေအောင်သာ ခွဲခဲ့ကြသည်။ နိုင်ငံတော်၏ ကံကြမ္မာ မေးမှိန်မည့် အချိန်ကလေး ကျမှပင် ရှင်ဘုရင် မလုပ်တတ်သော မင်းနှင့် တိုင်းပြည်ကို မမှုးတတ်၊ မမတ်တတ်သော မှူးမတ်တို့ ကြီးစိုး လွှမ်းမိုးခဲ့ကြလေသည်။

သူတို့ကြောင့် နိုင်ငံပါ ဆုံး၊ ဘဝ တုံးကြရပေသည်။ တို့ကြောင့် မဟုတ်၊ တို့ တိုင်းသားပြည်သူတွေကြောင့် မဟုတ်ပေါင်ပါ။ တို့တစ်တွေမှာကား သူ့ကျွန် ဖြစ်ရပေပြီ။ ကျွန်ဘဝကိုကား မကျရောက်ခဲ့ဖူးပေ။ ကျွန်ဘဝ၏ ဆိုးရွားမှုကို လုံးလုံးလျားလျား မခံစားရသေးပေ။ ကျွန်ဘဝ၏ ချို့တဲ့မှု၊ အချုပ်အချယ် များမှု၊ အောက်ကျမှု၊ အတားအဆီး အနှောင့်အယှက် များမှုကိုကား နားမလည်နိုင်ပါ။

ကျွန်ဘဝ မကောင်းကြောင်းကို မောင်ညို ချက်ချင်း သိခဲ့ပေပြီ။ ရမန်းမှပြန်၍ တံတားဦးသို့ ရောက်သည့်နေ့တွင်ပင် သိခဲ့လေပြီ။ သို့သော် ကျွန်ဘဝသို့ အလွယ်နှင့် ရောက်ရသည်နှင့်အမျှ ကျွန်ဘဝမှ လွတ်မြောက်ရန်ကား မလွယ်ကူလှသည်ကိုလည်း မောင်ညို သိရလေ၏။ ဤမျှ ဖရိုဖရဲ ဖြစ်နေသရွေ့၊ ဤမျှ အင်အားမဲ့နေကြသရွေ့၊ ဤမျှ အကွပ်အကဲ ညံ့ဖျင်းနေကြသရွေ့ သခင်ဘဝကို ရနိုင်ဦးမည် မထင်ပေ။ ရလိုလျှင် ယူတတ်မှ ဖြစ်ပေမည်။ ယူတတ်အောင်ကား မည်မျှ စောင့်ဆိုင်းရမည်နည်း။ ယူတတ် လျှင်လည်း ရအောင် မည်မျှ ကြာရှည်ဦးမည်နည်း။ မောင်ညို မတွေးတတ်။

မတွေးတတ်သောကြောင့် မတွေးတော့ပေ။ သို့သော် တရားမှုအတွက် သစ္စာရှိ သွားသော သူတစ်ဦး၏ သွေးနှင့် မြတ်နိုးခင်တွယ်မိသော ခေါင်းဆောင်တစ်ဦးထံမှ အမိန့်ဆန္ဒကို ရှုပ်ရှုပ်ချုံချုံ ဆင်ကန်းတောတိုး ပြုလုပ်ဝံ့သည့် ညီမောင်၏ စိတ်ဓာတ်နှင့်၊ မိမိအပေါ်တွင် အသက်နှင့်လဲ၍ အချစ်ကို စောင့်ထိန်းသွားသော သစ္စာရှိ ချစ်သူတစ်ဦး၏ ဖြစ်အင်တို့ကိုကား မောင်ညိုသည် ထာဝစဉ် စွဲမြဲမှတ်သား ထားမိရှာတော့သည်။

ထိုထိုသော စိတ်ဓာတ်အဟုန်များဖြင့် ဆေးကြောသန့်စင်ထားသော မောင်ညို ကြီးကား တွင်းပြင်နှစ်ဝ တစ်မျိုးကြီး ထူးခြားလှတော့သည်။ မျက်နှာပြင်ကြီးသည် တည်ငြိမ်

သော ဏှူးစွန်ကို ဆောင်သကဲ့သို့ ဖော်သမျှသော ခွဲ၊ စိတ်နှင့် တစ်သမတ်တည်း လိုက်၍ လည်း ကြီးထွားသန်မာသော ကိုယ်ကြီးသည် တကုပ်ကုပ်ဖြင့် အလုပ်သာ လုပ်နေတော့ သည်။

မင်းတရားကလေး ပါတော်မူသွားခြင်းဖြင့် နိုင်ငံတော်တစ်ပြင်၌ ခေတ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသကဲ့သို့ မောင်ညိုတွင်လည်း နီးစပ်သမျှ သူ၏ပတ်ဝန်းကျင် အတွေ့အကြုံတို့ဖြင့် လူတစ်မျိုးကြီး အဖြစ်သို့ ပြောင်းလဲနေတော့သည်။

သွားကြီးတွေ တဖွေးဖွေးနှင့် ဓားလွတ် တဝင့်ဝင့်၊ ထန်းရည် တမြမြ၊ ရွာစဉ် လျှောက်၍ ပျော်ပါးခဲ့သော အခွင့်အရေးများလည်း တစ်စစနှင့် ပျက်ပြုန်း စွန့်လွှတ်လိုက် ရလေပြီ။ သူ ချစ်သူတွေ၊ သူ မုန်းသူတွေ ဖြစ်သော ဒွေးမယ်၊ ငစို၊ ခင်မှုံ၊ မင်းဒန်၊ ငနောင် စသော သူ့ဇာတ်အိမ်မှ ဇာတ်ကောင်များ၏ ပုံပန်းသဏ္ဌာန်တို့သည်လည်း ထိုသို့ ပျက်ပြုန်း စွန့်လွှတ်လိုက်ရပြီးသော "သခင်ပြည်သား"ငညို့ ပုံပန်းသဏ္ဌာန်နှင့် အတူပင် လွင့်စဉ်မျောပါ သွားကြရှာလေပြီ။ ယခု ငညိုသည် ခေတ်သစ်တွင် လူသစ် အဖြစ် "ကျွန်ပြည်သား"အနေဖြင့်သာ သူ့ဘဝသစ်အတွက် လမ်းစဉ်သစ် ချခဲ့ပေပြီ။

သို့ အရာရာတွင် ပြောင်းခဲ့ သစ်ခဲ့သော မောင်ညို့ဘဝ၊ ဟောင်းရာမှ ပြောင်းခဲ့ ရသော မောင်ညို၏ စိတ်အာရုံတွင် မသစ်ဘဲ၊ မပြောင်းဘဲ ခွဲမြဲနှင့် စွဲနေသူ တစ်ယောက် သာ ရှိလေသည်။ ထိုတစ်ယောက်ကိုပါ၊ ထိုဇာတ်ရုပ်ကိုပါ သူသည် ဘဝဟောင်း၏ "ခေတ်ဟောင်း ဇာတ်သေတ္တာကြီး"အတွင်းသို့ ကြိုးရော ထဘီပါ ဆိုသလို လုံးထွေးပြီး သွင်းလိုက်မိသည်။ သွင်းပြီးမှ မောင်ညိုသည် သူ့"ဇာတ်သေတ္တာ အဟောင်းကြီး"ကို စိတ်ကူးယဉ် လှပ်ဖွင့်ပြီးလျှင် ကြိုးတစ်စ၊ ထဘီတစ်စမှ လျင်မြန်စွာ ကိုင်ဆွဲ၍ ထုတ်ယူ လိုက်ရလေသည်။

ထုတ်ယူလိုက်ရသော အခိုက်အတန့်ကား တံတားဦးရွာ စလင်းတိုက် ပရိဝုဏ် အတွင်း တက်တိုးအောင်မြေ ပုထိုးပွဲတော်တွင်ပင် ဖြစ်လေသည်။ မောင်ညိုသည် မိမိ အရိုက်အရာကို ကြိုးကြိုးစားစား ရယူလုပ်ကိုင်ခဲ့ရင်းဖြင့် တပည့်တပန်း အသိုက်အဝန်းဖြင့် စည်ကားသိုက်မြိုက်စွာ တင့်တယ်လာခဲ့သည်။ ထိုအတွင်းလည်း မိဘနှစ်ပါး၏ ကုသိုလ် တော်ကို နှစ်စဉ်မပြတ် မွမ်းမံပြုစု လာနိုင်သည်။

သို့ မွမ်းမံ ပြုစုမြဲဖြစ်သည့် ပုထိုးပွဲတော်ကျမှပင်လျှင် ပုထိုးထီးတင်စဉ်က တည်ထွင်းစိုက်ထူထားခဲ့သော မော်ကွန်းကျောက်စာတိုင်ကို ဆေးကြောပြုပြင်မိလေရာ ကျောက်စာပါ မော်ကွန်းကို ဖတ်သည်နှင့် တစ်ပြိုင်နက် ရှေးရှေး ဝေးလံကြာမြင့်လှသော ဘဝဟောင်းက အဖြစ်အပျက်ကလေး တစ်ရပ်ကို အစမထင် ပြေး၍ သတိရမိတော့ သည်။

သတိရခြင်းပင်လျှင် မောင်ညို့စိတ်တွင် ဥပါဒါန်စွဲအောင် ဖြစ်မိခြင်း ဖြစ်သည်။ အစ မထင်မိနိုင်သော ကာလကပင် သူ့အား လှည်းပျက်ကြီးတစ်စင်းပေါ်တွင် ထဘီ ရင်ရှားနှင့် တစ်စုံတစ်ယောက်သော သူ၏ ပြောစကားကို ယခု ပြန်လည် ကြားယောင်

နေမိတော့သည်။ သို့သော် ယခင် မောင်ညိုမျိုး မဟုတ်တော့သောကြောင့် စိတ်သွားတိုင်း ချက်ချင်း ကိုယ် မပါနိုင်တော့ပေ။

ပဲသိမ်း၊ နှမ်းသိမ်း အလုပ်ကိစ္စ ငြိမ်းသည်အထိ စောင့်ဆိုင်းပြီးမှသာ စိတ်အလိုကို လိုက်နိုင်ခဲ့သည်။

"နှံပြည့်စုတ်ကလေးပါ.... နော"

"အကျွန်ကြိုက်သဲ့ လူမှ မဟုတ်ဘဲ၊ အကျွန်ကြိုက်သာ တစ်ယောက်တည်းရယ်"

"ပြောစမ်း.... အသူတုံးဆို သာ"

"အစ်ကိုညို့ စုန်းမသမီး သေပြီးသဲ့ နောက်မှ"

၅၁ ခုနှစ် တန်ခူးလဆန်းတွင် မောင်ညိုသည် ကင်းဦးသို့ ရောက်ခဲ့သည်။

ဦးအင်နှင့် ဒေါ်မိုးသူတို့အား ယမန်ခါ ရှေးတုန်းက အတိုင်းပင် ဖော်ဖော် ရွှေရွှေ ပျော်ပျော်ရွှင်ရွှင် တွေ့ရသည်။ အဘွားကြီးတွင် ဆံပင်တွေ ဖြူစ၊ သွားနဲ့စ ပြုနေသော်လည်း အဘိုးကြီးမှာကား လက်ရုံးသားတွေ လျော့ရိလျော့ရဲ လျော့ရုံ၊ နဖူးရေ ဒူးရေ တွန့်ရုံမျှသာ ထူးခြားလျက် တပည့်လက်သား အစုံအလင်နှင့် လုပ်မြဲကိုင်မြဲပင် တွေ့ရ၏။

ရောက်မဆိုက်ပင် အူယားဖားယား ဆီးကြိုလျက် ခေတ်ပြောင်းခေတ်လွဲကာ အဖြစ်အပျက်တို့ကို ပြန်ပြောင်း မေးမြန်း ပြောဆိုနေကြရတော့သည်။ သူတို့ထံ ရောက်ရ ခြင်းသည်ပင် ခေတ်ဟောင်းက "ဇာတ်သေတ္တာဟောင်းကြီး"ကို ဖွင့်ပြီး အရုပ်ဟောင်းတွေ ကို ထုတ်ယူရသည်နှင့် အလွန် တူလှပေသည်။

ခေတ်ဟောင်းက အဖြစ်အပျက်မျိုးစုံကို ဇာတ်စုံ ခင်းကျင်းကြရပြန်သည်။ သို့ကြောင့်ပင် ဦးအင်၊ ဒေါ်မိုးသူတို့ ရွယ်တူထဲမှ နံ့သာပွဲစားကြီး လင်မယားတို့သည် နေပြည်တော်မှ မုံရွာသို့အပြေး ခေတ်ပျက်ထဲတွင် မသူတော်တို့ လက်ချက်ဖြင့် ဆုံးပါး သွားကြသည်။ သူတို့၏သား မောင်လွန်းမှာလည်း မုံရွာတွင်ပင် လူ့ဘောင်ကိုငြီး ရိပ်ထီး နိုလုံ့ ရွှေဝါသက်န်းကို ခြုံလျက်နေသည်မှာ လာမည့်တစ်ဝါဆိုလျှင် လေးဝါမျှ ရနေပေပြီ။ ကျပင်းကိုယ်တော်ကလေးနှင့်တကွ အချို့မင်းသားများလည်း မင်းတရားကလေး နန်းရ စက အသက်မသေအောင် ကယ်ဆယ် လွတ်မြောက်စဉ်ကဲ့သို့ပင် ခေတ်ပျက်တွင် သက်န်း ဆီးနေကြ၏။ ကျပင်း၏လူ ငနောက်လည်း အင်္ဂလိပ်ကို တော်လှန်ရင်း သူ့ရဲဘော်တွေ နောက်သို့ သေရွာကိုဖြတ်ပြီး လိုက်ပါသွားသည်ဟု ကြားသိရသည်။

ခင်သွယ်လည်း အပျိုကြီးဖားဖားပင်။ လုံးကြီးပေါက်လှ ထွားထွားကြီး ဝနေ သည်ကို ရင်တဒိတ်ဒိတ်ခုန်ရင်း မောင်ညိုကြီး ကျေနပ်စွာ ပြန်တွေ့ရလေသည်။

ခင်သွယ်မှာ အသက်အစိတ်ခန့်တွင် ညိုညိုပြည့်ပြည့်ကြီး စိုပြည်နေတော့သည်။ မောင်ညိုကို ယခင် ငယ်မူငယ်ရာများဖြင့် အရောတဝင် မလုပ်သော်လည်း ရဲရဲဝံ့ဝံ့ပင် ခေါ်ပြော ဖော်ရွေနေသည်ကို တွေ့ရ၏။ ထိုထက်လည်း သူ့တွင် သူပိုင် ကိုင်းတစ်ကွက်၊ ယာနှစ်ပြင်ဖြင့် မအားလပ်သည်ကို တွေ့ရလေရာ၊ မောင်ညိုမှာ ခင်သွယ်တို့အိမ်တွင်

ရောက်နေသော်လည်း ချက်ပြုတ်လုပ်ကိုင်နေသော အိမ်ရှင်နှင့် စကား၀၀ မပြောရသေးပေ။ သူငယ်ချင်းဖြစ်သူ၊ မပါလျှင် မဖြစ်သူ ငတွန်နှင့်သာ ယခင် သိယောင်းကျွမ်းယောင်းစသည်တို့ထံ ထွက်ဝင်လည်ပတ်ရင်း အချိန်ဖြုန်းနေရသည်။

ရောက်ပြီး တစ်လနီးပါးကြာမှ မောင်ညိုသည် ခင်သွယ်ရှိတတ်သော ယာတဲသို့ လိုက်သွားလေသည်။ ယာထဲတွင် ခင်သွယ်အား နှမ်းကောက်သူ၊ ပဲပျိုးသူ၊ ဆေးစိုက်သူ၊ သူရင်းငှား လေးငါးဦးတို့နှင့် ပဲချွတ်သူ မိန်းမဖော်တစ်စုပါ အတူ ရယ်မောလုပ်ကိုင်နေသည်ကို တွေ့ရသောကြောင့် သူပါ ရောယောင်ပြောဆို ရယ်မောနေရသည်။

သို့ရယ်မောလျက်ပင် ခင်သွယ်သည် မောင်ညိုကြီး၏ မရိုးသော အကြည့်ကို နားလည်ထားလေရာ နှစ်ယောက်အတူ ယာခင်းမှ အိမ်သို့ ပြန်သည်အထိ စကားမပြောဘဲ တစ်မျိုးကြီး ဖြစ်နေလေသည်။

ရွာစည်းတန်းသို့ ရောက်ခါနီးကျမှ မောင်ညိုက 'ရို့ ခင်သွယ်ရ၊ မြန်လှချေ့လား။ အသူကများ ဆီးကြိုမှာမို့ သာလောက် သုတ်ခြေတင်နေရသာတုံး အမိရဲ့'ဟု ခနဲ့သည်။ ခင်သွယ်တွင် ရုက်ကိုးရုက်ကန်း ဖြစ်မိသော်လည်း ချက်ချင်း ဣန္ဒြေဆည်၍ 'ကြိုသူမရှိပေါင်ပါတော်၊ အမှင်းဆာလို့ပါ ကိုညိုရဲ့' ဟု မှင်တည်တည် ပြန်ဖြေပြီး လေသံတစ်ဆက်တည်းနှင့် 'ရှမ်းပြည်နယ်မယ် ခြေကုန်မောလာသဲ့ လူမို့ သည်က ခြေလှမ်းကို ပန်းသယ် ထင်ရင်တော့ ပြောတတ်ဖူးတော်။ အနေ့သွားစေချင်သာ ဘာလုပ်ဖို့တုံးရှင့်'

'မလုပ်ပေါင်ပါဗျာ၊ အမိ လမ်းသွားမြန်လွန်းလို့ပါ'

'ဟုတ်ပါဘူးတော်၊ ပဇာလဲ မသိဘူး.... မေးမလို့ ဟုတ်စ'ဟု ဤတွင်မှ ခင်သွယ်က ရဲရဲတင်းတင်းပင် မေးတော့သည်။

သူတို့နှစ်ယောက်မှာ ယာခင်းစပ်နှင့် ရွာကြား တလင်းကလေး တစ်ပြင်၏ဆား၊ ကသစ်ပင်ကြီးတစ်ပင် အောက်တွင် ရောက်နေကြ၏။ သိကြားနှင့် အသူရာ စစ်ဗျူဟာခင်းချိန် ဖြစ်သည့်အတိုင်း ကသစ်တွေ ဝေနေအောင် ပွင့်ကြဲကြနိုက် ဖြစ်လေသည်။

နှစ်ယောက်သား ငိုင်ငေးကြီး ကြည့်နေကြပြီးမှ မောင်ညို သွားကြီးဖြဲစ ပြုတော့သည်။ သွားကြီး မဖြဲရသည်မှာ ကြာခဲ့လေပြီ။ ခင်သွယ့် အမေးနှင့် သူ သွားကြီးဖြဲသည့် အနိုက်အတန့်မှာ အတန်ကလေး ကွာခြားသော်လည်း 'အိမ်း'ဟု ပြောသောအခါ ခင်သွယ်က မျက်စလေးပင့်၍ ပြုံးနေသည်။

ဤတွင်မှ မောင်ညိုက 'ခင်သွယ်'ဟု ထပ်ခေါ်ကာ 'ဒွေးမယ်ကို သိသေးရဲ့လား အမိ'

'မှတ်မိသေးရဲ့လား.... မေးပါတော့်'

'အိမ်း.... အိမ်း မှတ်မိသေးလား'

မောင်ညိုကြီး မပြုံးဘဲ ခပ်တည်တည် မေးသည်ကို ခင်သွယ်ကလည်း သဘက်ကို ပြင်ပေါင်းရင်း ပြောသည်။

'မှတ်မိသားပဲ၊ တော့် ရည်းစားမ'ဟု ပြောကာ မောင်ညို့ထံ မျက်စိထောင့်ကပ်

အကဲခတ်ပြီး မထေ့တထေ့ ကြည့်၏။ မောင်ညိုက ခင်သွယ့်အမူအရာကို မမြင်ဟန်ဖြင့် 'အိမ်း'ဟု ဆိုကာ—

'ချင်းလေး ဆုံးသွားရှာပီ ဟယ်.....'

'တော်ပဲ ပြောသာပဲ၊ ငနောင့်စားနဲ့ သေသယ်လို့။ အဲသာ ပဇာပြုတုံးရှင့်'ဟု ဤတွင်မှ ခင်သွယ်က သဘက်ပေါင်းသည်ကို အစသတ်၏။

'ဟိုတုန်းက တစ်ခါ နင့်ကို ငါမေးထားသာ ရှိဖူးသယ်။ ခု ချင်းလေး သေရှာပီလေ၊ သေရှာသာ နင်သိသားနဲ့ ငါမေးထားသာ ဘာပြုမယ့် မဖြေသေးတုံး'ဟု ပြုံးပြုံးကြီး ကြည့်မေးသည်။

မောင်ညိုက အကဲပြန်စမ်းခြင်း ဖြစ်သည်။ မောင်ညို ဘာကို ဆိုလိုသည်ဟုလည်း ခင်သွယ် အမှတ်ရပြီး ချက်ချင်းသိလေသည်။ သိသော်လည်း မျက်စိမလကလတ်လုပ်ရင်း 'တော် ပဇာ မေးထားလို့တုံး'ဟု နားမလည်ဟန်ဖြင့် ပြန်ကြည့်၏။ မပြုံးဘဲကား မနေနိုင်ရှာ။ တဒိတ်ဒိတ်နှင့် နှစ်ဦးစလုံး ရင်ခုန်နေကြသည်။

'အာမာ.... နင်က မသိယောင် ဆောင်မနေစမ်းနဲ့ ခင်သွယ်ရာ၊ တော့်ရည်းစား သေတော့ ပြောမယ်ဆိုသာလေ့၊ အခု သေပီ .... ဟုတ်စ'

'တော့်နဲ့နော အရင်းမရှိ အဖျားမရှိ ပဇာတွေ လျှောက်မေးနေသာတုံး။ တော် တံတားဦးက လာသာ သည်ပုစ္ဆာတွေ မေးဖို့ ကိစ္စပဲလား။ တော် သည်လိုချည့် လုပ်မနေနဲ့၊ တော် မယားယူဖို့ ကောင်းပီ'ဟု ခင်သွယ် မျက်နှာထား တည်ဟန်ပြု ပြောသည်ကို မောင်ညိုကလည်း အားကျမခံ 'နင်လည်း လင် ပဇာမို့ မယူသေးတုံးဟဲ့ .... ဟင် အမိ၊ အပျိုဟိုင်းကြီး ဖြစ်နေပီ'ဟု ခနဲ့သည်။ သူတို့နှစ်ယောက်မှာ ငယ်မူငယ်ဟန်ကို ပြနေကြခြင်း ဖြစ်သည်။ သူတို့ချင်း အနေဝေး၊ အတွေ့အမြင် နည်းနေကြသဖြင့်သာ အတွင်းစိတ်တွေကို ဣန္ဒြေနှင့် ထိန်းသိမ်းနေကြရခြင်း ဖြစ်ဟန် တူပါ၏။

'ကျုပ် ယူမယ့်လင် ကိုယ်နှိုက်က ကျုပ်ကို မတောင်းသေးဘဲနဲ့ ကျုပ်က သင်းကို ပဇာလိုလုပ် ယူရမတုံးတော့။ သည်ကိစ္စဟာ မိန်းမဘက်က စ ကြရသလားတော်'ဟု မသိရိုးမှုဟန် မျက်နှာပေးမျိုးဖြင့် မေးနေရှာ၏။ ညိုတွင် အဖြေရ ခက်နေ၏။

'အဲသည် နင့်လင်လောင်းကိုပဲ ငါ မေးနေသာ။ နင် တကယ်ပဲ ချင်းကို ယူဖို့ရာ ခုထိ စောင့်ရင်းနဲ့ သည်အဟိုင်းအသိုး ဖြစ်နေသာပေါ့ ဟုတ်စ.... မိခင်သွယ်'

'ဟုတ်ပါ့ရှင့်၊ သင့် မရမချင်း ကျောက်ပြင်ရွက်သဲ့ပီး စောင့်နေမှာ အမှန်ပဲ တော့်'

'ဩော်'ဟု ညို မျက်ခုံးပင့်သဖြင့် ခင်သွယ်ကပင် 'သိပလားတော့် ကိုရင်ညို' ဟု မေးနေလိုက်သေးသည်။ မေးပြီးမှ ရှက်ကိုးရှက်ကန်းဟန် ခေါင်းငုံ့သွားသည်တွင် ညိုက 'အိမ်း အင်တန် ကသိုလ်ထူးသဲ့ ကိုရင်ဖြစ်မှာပဲ ဟော့။ ယူချင်သဲ့ မိန်းမသူက မရမချင်း ဖွဲနပဲနဲ့ စောင့်မယ်ဆိုရေ့ အာဂ ပါရမီကုသိုလ်ထူးပဲဗျ နော'ဟု သူ့ဘာသာ

ချိုးမွှမ်းနေဟန် တိုးတိုးဆိုရာက 'အိမ်း နော်၊ အဲသည် နင့်လူဟာ ဘယ်ဆီက အသူမျှားတုံး။ ငါနဲ့ မိတ်ဖြစ်ဆွေဖြစ် မတွေ့ရဘူးလား အမိရာ'ဟု မေးလိုက်သည်။

'ရှီး.... ခင်သွယ် မသိရဘူးလားကွယ့် .... အသူမျှားတုံး'

ခင်သွယ် ကသစ်ပွင့်လေးတစ်ပွင့် လေဟုန်စီး ကျလာသည်ကို လက်ဖြင့် ဖမ်းယူနေပုံကို ကြည့်၍ ထပ်မေးမှ–

'တော် အကယ် သိချင်သလား'

'သိချင်သာပ အမိရ၊ ဘယ်မတုံး မင့်လူ'

'အကယ် တော် သိချင်သယ်၊ တွေ့ချင်သယ် ဟုတ်စ'

'အိမ်း'ဟု ပြောပြီး 'ပြစမ်းပါ ခင်သွယ်'ခေတ္တ ငြိမ်သွားကြပြီးမှ ခင်သွယ်က မျက်လုံးစွေကြည့်သည်။ 'ပြောလေ အမိ၊ အသူလဲ ဆိုနေ'

'သည်မလေ တော်ရဲ့'ဟု ညို့ထံ မရဲတရဲ လှည့်ကြည့်ပြီး ဆိုတော့သည်။ ကသစ်ပွင့်လေးကို လက်ထဲတွင် ဆုပ်နယ်ချေမွနေရာမှ နားရွက်ဖျားလေးတွေ နီမြန်းနေရှာသော ခင်သွယ်အား စိုက်ငေးနေမိ၏။ ခင်သွယ် နောက်ထပ်လည်း ဘာမျှ မပြောတော့၊ ခေါင်းလည်း မဖော်တော့မှ ညိုက သူ့ဘာသာ တီးတိုး တစ်လုံးချင်း 'သည်.... မ....လေ....တော်.... ရဲ့'ဟု ဆိုမိရင်းကျမှ အဓိပ္ပာယ် နားလည်သွားတော့သည်။

နားလည်သည်နှင့် တစ်ပြိုင်နက် 'သာဖြင့် ခွေးလေးမိုး ပြောလိုက်မယ် ဟုတ်စ'ဟု တဲ့တိုးကြီး မေးတော့သည်ကို ခင်သွယ်က ခေါင်းငုံ့ရာမှ–

'သဘောလေ'ဟု ဆိုတော့သည်။

မောင်ညိုတွင် ဣန္ဒြေကို မဆောင်နိုင်တော့ပေ။ ခင်သွယ်အား တံကောက်ကွေးမှ ချီ မ လိုက်တော့၏။

ချီချီပြီး မ နေတော့မှ ခင်သွယ်က ဆားဘီသို့ လိုက်ကြည့်ရင်း ရွာစပ်မှ နားပန်းဆံနှင့် ကလေးတစ်ယောက်၊ ကြက်တောင်စီးနှင့် ကလေးနှစ်ယောက်၊ သျှောင်ပေစူးနှင့် ကလေးတစ်ယောက်၊ သူတို့ထံ ဝိုင်းအုံငေးကြည့် နေကြသည်ကို မောင်ညို့အား ပြရင်း–

'တော် သိပ်ရမ်းမနေနဲ့၊ ဟိုကလေးတွေက နံ့ပြည်စုတ်ကလေးပါနော သဲ့'ဟု မောင်ညို့ပခုံးပေါ်မှ လွန့်လူး လျှောချပြီးလျှင် ညို နားမလည်နိုင်မီ ရွာစည်းတန်းကို ကျော်မိအောင် ရှေ့က ပြေးတော့သည်။ မောင်ညိုလည်း နေရာတွင် ကြောင်တက်တက်ကြီး ငေးကျန်ရစ်ရာမှ 'ဟာ.... သည်ကောင်မလေး အင်တန် ဉာဏ်များသယ်' ဟု ခင်သွယ့်ကို အမိလိုက်ရတော့သည်။

ပန်းပဲဖိုရှေ့မှ ဖြတ်ပြီး အိမ်ကပြင်သို့ တက်လာကြသော မောင်ညိုနှင့် ခင်သွယ် နှစ်ယောက်စလုံးပင် ရှေ့စဉ်နောက်ဆက် အိမ်ခါးပန်းကို ခလုတ်တိုက်မိကြတော့သည်။

သက္ကရာဇ် ၁၂၅၂ ခုနှစ် ကဆုန်လဆန်း ဆယ့်တစ်ရက်နေ့တွင် ခင်သွယ်နှင့် မောင်ညို တို့၏ လက်ထပ်မင်္ဂလာ အခမ်းအနားကို ကင်းဦးရွာ ဦးအင်၊ ဒေါ်မိုးသူတို့အိမ်၌ ကြီးကျယ် သိုက်မြိုက်စွာ ခင်းကျင်း ဆောင်နှင်းခဲ့လေသည်။

နှစ်ဖက် မိတ်သင်္ဂဟ ဉာတကာ ဆွေမျိုးတစ်စု၏ ကြည်ဖြူစိတ်စော မေတ္တာ နော၍ ချီးမြှင့်ကြခြင်းဖြင့် များစွာ စည်ကားလှပေသည်။ ကျက်သရေမင်္ဂလာ အခါကောင်း တွင် တင့်တယ်စွာ အထမြောက်သွားခဲ့သော ခင်သွယ့်မင်္ဂလာဆောင် အကြောင်းချင်းတ ကို နှစ်ရှည်လများ ထိုကင်းဦး၊ ထန်းတစ်ပင်၊ ရေဦး၊ ကာဘိုး၊ ရွှေဘိုနယ် တစ်ဝိုက်တွင် နှုတ်တိုက်တဖွဖွ ပြောနေရစ်ကြသေးသည်။

တံတားဦးမှ ဖြိုး၊ တွေန် စသော မောင်ညို့လက်စွဲတော်နှင့် တပည့်ရင်းအပြင် မောင်ကြူ၊ မောင်ဝါဖူး၊ မောင်ဖျော် စသည့် အပေါင်းအသင်းတို့ပါ မင်္ဂလာပွဲသို့ ပါလာကြ ရာ မင်္ဂလာအခမ်းအနားတွင် မောင်ဖျော်နှင့် မောင်ဝါဖူးတို့က သတို့သားရှင် လူကြီးမိဘ နေရာမှ သတို့သမီးအား တောင်းရမ်းပေးကြရသည်။

ဤအခိုက်အတန့်ကလေးတွင်သာ ခေတ်ယောင်းရှေ့မှ ကွယ်လွန်ကြပြီဖြစ်သော မိဘနှစ်ပါးနှင့် ညီဖြစ်သူကလေးကိုပါ တရေးရေးပြေးမြင် အောက်မေ့မိရှာသေးသော သတို့သားမှာ ဟယ် .... ဟု စိတ်ကို တင်းလိုက်ရသည်။

မောင်ဖျော်နှင့် မောင်ဝါဖူးမှာ လူကြီးလုပ်ကြသဖြင့် လူကြီးပိုင်းတွင်ပင် ဣန္ဒြေကို ဆည်၍ နေသည့်အခိုက်၌ ကျန် တွေန်၊ ဖြိုးတို့ တစ်စုမှာကား သတို့သမီး၏ အပျိုရန်များ နှင့် တသောသော ပျော်ရွှင်ဆူညံ နေကြရသည်။

သို့နှင့်လည်း အခမ်းအနား ဧည့်ခံပွဲထိုင် ကိစ္စအဝဝ အပြီးသတ်လျက်က သတို့ သား၊ သတို့သမီး မောင်နှံအား အိပ်ရာခမ်းနား အပ်နှင်းချိန်သို့ ရောက်ခဲ့တော့သည်တွင် နောက်သူ နောက်၊ ရွှတ်သူ ရွှတ်နေသည့်ကြားမှ တွေန်သည် သတို့သားကြီးကို သတို့ သမီးနှင့် အတူ ရှိုးတိုးရှန့်တန့် ထိုင်နေရာမှ တစ်ယောက်တည်း ဆွဲခေါ်လာသည်။

မောင်ညိုသည် အချိတ်လွန်းကြီး ပုဆိုးဖက်ဖူး၊ ဘိလပ်ပိုးပဝါ ဖက်ဖူးကြယ် ဖောက်၊ ပိတ်ခါသာ အချောသားကိုယ်ကျပ် စသည်နှင့် တစ်ကိုယ်လုံး ချွေးတွေသံတွေနှင့် ပွအိုက်နေသည်တွင် တွေန့်အနီးသို့ ရောက်သောအခါ တွေန်က သူ့ပါးမည်းကြီးကို ရှေ့တိုးပေးရင်း 'အစ်ကိုညို .... နမ်းစမ်းဗျာ'ဟု ခိုင်းလေသည်။

မောင်ညိုက ဘုမသိ ဘမသိ ဆိုသကဲ့သို့ ယောင်တောင်တောင်ကြီး ဖြစ်လျက် ဝတ်ထားရသော ပုဆိုးအင်္ကျီတွေကလည်း အနေကျပ်၊ အသက်ရှူရ ကျဉ်းကျပ်နေစေ သဖြင့် ကသိကအောက် ဖြစ်နေရာမှပင် တွေန့်ပါးနှစ်ပြင်ကို တတွင်တွင် နမ်းရလေသည်။ သို့ နမ်းပြီးသည်အထိ စောင့်နေပြီးမှ တွေန်က–

'အဲသာ လူပျို့ပါးပဲဗျ၊ ဝအောင် နမ်းလိုက်သယ် ဟုတ်စ'ဟု သွားကြီးတွေ

ဖွေးပြသဖြင့် မောင်ညိုက 'ဝအောင် မနမ်းရင် မင့်ပါးတွေ ပုပ်တော့မှာမို့လား။ မင်းဟာ ပဇာတုံး တွေန်ရ'ဟု မေးယူရသည်။ ဤတွင်မှ တွေန် မျက်နှာကြီးတည်ရာက–

'အကျွန်လည်း အိုတော့မှာပ။ အစ်ကိုတောင် မယားယူသွားပြီဟာ'ဟု ဝမ်းနည်းသံ ပါလာသောကြောင့် မောင်ညိုတွင် ခေတ္တသော် လည်ပင်းထဲမှ တစ်ဆို့ကြီး နေသွားသည်။ ပြီးမှ အသံတုန်တုန်ဖြင့်–

'မင်း အကယ် အိုတော့ မရို့လား၊ အသူနဲ့တုံး'

'အိုတော့မှာပ၊ အစ်ကို့ချည့်ပဲ စောင့်သူရှိသာ လိုက်လို့'ဟု ဆိုနေသေးမှ အသံမှန်လာနိုင်ကာ လျင်မြန်စွာ 'အသူနဲ့တုံး.... ဆိုနေ'ဟု မေးသည်ကို တွေန်က ပိန်းပိုးပုဆိုးစဖြင့် ချွေးသုတ်ရင်း–.

'အစ်ကို အကယ် မသိဘူးလား'

'မသိလို့ မေးသာပေါ့ကွ ....လူရ'

'သိသားနဲ့ဗျာ၊ အစ်ကို ပြန်တွေးရင် သတိရလိမ့်မယ်။ တပို့တွဲ တပေါင်း ရွက်ဟောင်းကလေးတွေ ကြွေလို့ ရွက်သစ်တွေ ဝေပီး မြောက်လေကလေး ဖြူးပီဆိုမှဖြင့် အစ်ကို့မယ် အရှုးကြီးလို တဖျတ်ဖျတ်ဖြစ်ဖြစ်ပီး မသွားရရင် မနေနိုင်ဘဲ သွားရသဲ့နေရာကို မရောက်ခင် တစ်နေရာကဗျာ'ဟု ဆိုသဖြင့် မောင်ညို မျက်စိမျက်နှာ ချက်ချင်း ပျက်သွားမိသည်။ ပြီးမှ အသံအောကြီးဖြင့်–

'ဟလူရ.... အသူတုံးကွ၊ မင့်ဟာက အချိုးတွေ အဇော်တွေနဲ့ စကားထာလာဝှက်နေပြန်ပေါ့'ဟု အကယ် နားဝေးနေဟန် ပေါ်နေသည်တွင် တွေန်က အသံမှန်ပြီး ပျော့တော့တော့ 'အေးမယ်လေ့ အစ်ကိုရာ'ဟု ပြောသည့်တိုင် မောင်ညို မျက်မှောင်ကုတ်နေသေးသဖြင့် တွေန်ကလည်း မခံချိ မခံသာ ပုံပန်းမျိုးဖြင့်–

'လုပ်ပြီ အစ်ကို့မယ်၊ ဟို မိုးကုတ်က'ဟု စကားစမှ–

'သြော် သြော် သိပီ၊ သိပါပြီကွာ၊ သိပါပြီ။ ငါက ချင့်နဲ့ အဆက်ပြတ်နေပီထင်နေသာ ဟ'

'ကနဦးကတော့ ပြတ်နေသယ်။ ခုခါတော့ သင့်အဘလည်း တမြန်နှစ်က ဆုံးသွားသယ်။ သင့်အမိကလည်း အလုပ်အကိုင်ကို အုပ်အုပ်စီးစီး လုပ်မယ့်သူ မရှိဘူး။ တွေန်တစ်ကောင်လည်း ဘယ်ဆီ ရောက်နေသယ် မသိဘူးလို ညည်းသတဲ့'

'အာမာ.... မင်းက ဟိုမိုးကုတ်က ညည်းသံကို တံတားဦးကနေ ကြားရသကို၊ တန်ကွာ'

'ကြားသာပ၊ တံတားဦးနဲ့ မိုးကုတ် အိမ်ဦးနဲ့ ကြမ်းပြင်လို နေသဲ့လူတွေ အနတက္ကမရယ်။ အစ်ကို့နှယ် ခရုမလည်း အဆံနဲ့ ၊ လူ့မလည်း.....'မောင်တွေန့်စကားကို လုပြီး 'လူ့မလည်း အကြံနဲ့၊ အိမ်းပါ သုတ်သုတ်သာယူ။ ငါတောင် အယူနှောင်းလို့ နောင်တ ရနေသယ်။ အနို့မို့ရင် ကလေးသုံးယောက်လောက် အောက်ထစ်'ဟု ပြောတော့မှ တွေန်လည်း မောင်ညို့ရှေ့မှ ကျောပြီး 'ဟုတ်ပါသယ်၊ ဟုတ်ပါသယ်၊ ယုံပါ

သယ်။ သာပေသိ၊ အစ်ကိုတော့ ကလေးတစ်ယောက်လောက် ရသာနဲ့ပဲ ဝပ်နေမှာ မြင်မိသေးဗျား'

'အံမာ တွေနာ၊ သာ့ကလောက် အထင် မနဲ့စမ်းပါနဲ့၊ ညီပြပါသဲ့ကွ လူရ'

'အိမ်းပါ၊ အဲသည် ညီပဲ အတန်ကြာ ခင်သွယ့်အောက်က ပြားနေမှာ ကြည့်ကြ သေးသာပ'ဟု ပြောပြီးမှ 'မှန်း အစ်ကို့ပါးကြီး၊ မယားမနိုင်ခင် ဝတဲ့အောင် နမ်းထား ရအောင်'ဟု ပြောကာ မောင်ညို့ပါးကြီးတွေကို အားရပါးရ ဆွဲဆွဲနမ်းသွားပြန်တော့၏။ မောင်ညိုကြီးလည်း ဟဲ.... ဟဲ ဟု သွားကြီးဖြဲပြီး ကျန်ရစ်တော့သည်။

*

ပြာနှမ်းနှမ်း ကောင်းကင်တွင် ပြုံးပြုံးသာနေသော ထန်းနောင်းပင်ကြားမှ လရောင်ကလေး သည် ဘီလပ်ပွင့်ရိုက် ခန်းဆီး အစိမ်းနုကလေးပေါ်မှ ကျော်လွှားပြီး အခန်းတွင်းသို့ ကျနေသည်။

တစ်အိမ်လုံးကား တိတ်ဆိတ်ငြိမ်သက်လျက်။ အိမ်မြှောင်လေးတွေပင် စုတ် တစ်ချက် မထိုးပေ။ ထန်းနောင်းပင်ပေါ်ရှိ စာဝတီးလေးတွေမှာလည်း ဘူးတောင်းလေး တွေ ထဲတွင် ငြိမ်သက်စွာ အိပ်မောကျနေကြသည်။ ညင်းညင်းလေး တိုက်နေသော လေပြင်တွင် စာဘူးတောင်းများသည် ထန်းနောင်းကိုင်းတွေနှင့်အတူ တလှုပ်လှုပ် ယိမ်းနွဲ့ နေကြ၏။

ထန်းနောင်းပင် အမြစ်ခြေ မြက်တောထဲတွင် မြူးထူးဟစ်ကြွေးနေသော ပုရစ် များ၏ အသံနှင့် စည်းတန်းဆော်ရှိ ထန်းပင်ပေါ်မှ ထန်းလက်ကို ယီးလေးခို၍ လရောင်ထဲ ခေါင်းမော့ပြီး အော်နေသော ဥသြကလေး တွန်သံကိုသာ ကြားရသည်။

ထန်းလက်ကြီးများ တရှဲရှဲမြည်ပြီး ခေါင်းချင်းပူးသွားအောင် တိုက်ခတ်သွားသော မိုးခေါ်လေကလေးသည် ဘီလပ် ပိတ်ခန်းဆီးစိမ်းကလေးကို တို့ကနန်း ဆိတ်ကနန်း တွန်းဖယ် လှုပ်ရှားသွားသည်။

မောင်ညိုကြီးသည် ခန်းဆီးနဖူးပေါ်မှ ကျော်ပြီး ဝင်လာသော လရောင်ဖြင့် ခင်သွယ်၏ နဖူးပြင်ကလေးကို ငုံ့နမ်းရင်းက 'ခင်သွယ်'ဟု ခေါ်သည်တွင် ခင်သွယ်က မောင်ညို့ရင်အုံကြီးပေါ်မှ လက်ကလေးကို အသာအယာ ကြွပြီးလျှင် မောင်ညို့နဖူးမှ ဆံစလေးတွေနှင့် ချွေးစက်ကလေးများကို လက်ဖနောင့်လေးဖြင့် သိမ်းပေးရင်း 'ရှင်....' ဟု တိုးတိုးကလေး ထူးသည်။ ထူးမှ မောင်ညိုက ခင်သွယ့်မျက်နှာလေးကို စိန်းစိန်းကြည့် ရင်း:-

'နင်နဲ့ငါ ညားသာဟာ....'ဟု စကားစသည်ကို ခင်သွယ်က 'ညားတော့ ပဇာပြုတုံးတော့်၊ ခု ညားသာပဲ မဟုတ်လား'ဟု အသံကလေး ပင့်သည်။ မောင်ညိုက 'ဟုတ်သယ်လေ့၊ ညားသာဟာ ကလေးတစ်ယောက်လောက် ရရင်ပဲ ငါဟာ ဝပ်နေရမှာ ပဲ သဲ့' ဟု ပြောမှ ခင်သွယ် မျက်ခုံးလေးချီပြီး မောင်ညို့ရင်ဘတ်ကြီးကို လက်ဖြင့် အသာတွန်း၍ 'ပဇာကြောင့် ရှင်ရယ်'ဟု မေးလေသည်။

'အဲသည်အခါကျရင် နင့်အောက်မှာ ငါပြားနေမယ်သဲ့ ဟဲ့'ဟု ဆက်ပြောတော့မှ 'ရှင် နားကြားလွဲလာသာ ထင်ပါတော်'ဟု ဆိုသည်။ ပြီးမှ လေသံတစ်ဆက်တည်းဖြင့် 'အသူကတုံး တော့.... ခုလို ပြောလိုက်သာ'

'တွေန်က'

'ကိုညိုရာ ကလေးတစ်ယောက်လောက် ရသာနဲ့တစ်ပြိုင်နက် တော့်ကို နိုင်ချင်လို့ တောင် နိုင်ရဖို့ အချိန်ရပါ့မလား'ဟု ပြောပြီး ခင်သွယ်က မောင်ညို့ကုပ်ပိုးကြီးကို အတင်းလှမ်း၍ ဆွဲနှိမ် ဖက်တွယ် ထားလိုက်တော့သည်။

*

ခင်သွယ်တို့ လင်မယားသည် မိဘများထံတွင် ဝါဆိုလဆန်းအထိ နေကြပြီးလျှင် တံတားဦးသို့ ပြန်ခဲ့ကြလေသည်။ ဖြေးနှင့်အတူ ဖျော့် အစရှိသော သူတို့က ကင်းဦးမှ ကဆုန် လကုန်ထဲက ပြန်သွားနှင့်ကြရာ မောင်ညိုတို့ လင်မယားထံတွင် တွေန်တစ်ယောက်တည်း သာ ချန်ရစ်၏။ နေပြည်တော်တွင် ခေတ္တခဏ မောင်မယ်တူစုံ ဘုရားပုထိုး ဖူးမြော်နေကြ ပြီးမှ ဝါခေါင်လကွယ်နေ့ တံတားဦးသို့ ရောက်ကြသည်။

တံတားဦးတွင် တော်သလင်းလဆန်း နှမ်းလျှင်ဖျိုးပြီးစအချိန်၊ နှမ်းသံစ်ဖော်ချိန် အထိ နေကြပြီး တစ်ဖန် မိုးကုတ်သို့ တွေန့်အား မယားတောင်းပေးရန် လိုက်သွားကြပြန် သည်။ တွေန်နှင့် အေးမယ်တို့မှာလည်း သူတို့ ဇနီးမောင်နှံကဲ့သို့ပင် အချင်းချင်း နှစ်ရှည် လများ သစ္စာရှိရှိ စောင့်ဆိုင်းလာကြရသူများ ဖြစ်ပေ၏။

တွေန်တို့ နေသားတကျ ရှိသွားပြီးမှ သူတို့လင်မယား တံတားဦးသို့ ပြန်ခဲ့ကြ လေသည်။ လင်နှင့်မယားမှာ စိတ်ရောကိုယ်ပါ သွင်ပြင်တူကြလေရာ နှစ်ဦးစလုံးလည်း လယ်ယာ ကိုင်းကျွန်း အလုပ်အကိုင်ကို ဝါသနာ ပါကြလေသည်။ ကင်းဦးရှိ ခင်သွယ့် ကိုင်းနှင့် ယာကို မိဘများအား သီးစားအဖြစ် ကန်တော့ခဲ့သည်တွင် ခင်သွယ်သည် လင်နှင့်အတူ လင့်ပစ္စည်း အစုစုကို ဖြေး၊ ဝေါဖူး၊ ဖျော့် စသော အရန်အဝိုင်းနှင့် သိုင်းသိုင်းဝန်းဝန်း ဒိုးတူပေါင်ဖက် လုပ်ကိုင်နိုင်တော့သည်။

ဤသို့လျှင် ဆံရစ် ဆံထောက်ဘဝ၊ ဖို့ရှုယ်လွတ်လပ်သည့် ဘဝမှစ၍ အဖြစ် အပျက် ဓာတ်အိမ် ဓာတ်ကွက် အမျိုးမျိုးတွင် အဘက်ဘက်က စွမ်းဆောင်ခဲ့ကြရသူ နှစ်ဦးသားမှာ နှစ်ပြားရွှေကို တစ်ပါးဂယော စပ်မိသကဲ့သို့ တင့်တယ်စွာသော အခြေသို့ သိုက်မြိုက်စွာ ဆိုက်ရောက်ခဲ့ကြရပေ၏။

ထိုအခြေသို့ မရောက်မီ အချိန်ကာလ သမယကို ပြန်ဆ တွေးတောမိပါမူ ပျော်သည့်နေရာ ပျော်၊ လွမ်းသည့်နေရာ လွမ်းခဲ့၊ ဆွေးတစ်လှည့် အေးတစ်ခါ အလီလီ အလာလာ စုန်ဆန်ကြုံကြိုက် ဓာတ်ကွက်ရိုက်ခဲ့ကြရင်း ကိုယ့်ထီး၊ ကိုယ်ကြငှန်း၊ ကိုယ့် နန်း၊ ကိုယ့်ဘုံဖြင့် တင့်တယ်စွာ ခံစားခဲ့ရသော အတန်းအစားမှ တိုင်းတစ်ပါးခြား ကုလားနယ်တွင် ရွှေမျက်နှာတော် ငယ်ငယ်နှင့် စံပယ်တော်မူရသော ဘဝရှင်မင်းတရား

ဘုရား ကိုယ်တိုင်တော်မှ မလွန်မဆန်နိုင်သော သုံးလူ့ထွတ်ထား မြတ်ဘုရား၏ မိန့်ကြားဗျာဒိတ်တော်အတိုင်းပင်–

ခြသေ့်သားငယ်၊
နဂါးကြယ်၊
နန်းနွယ်ထီးရိုး ဆက်လိမ့်မည်။
နဂါးစံရာ၊
နန်းယဉ်သာ၊
မိစ္ဆာလူမျိုး ဖျက်လိမ့်မည်။

ဟူသည်နှင့်အညီ ပြောင်းလွဲမည် ဖြစ်သဖြင့် ပြောင်းလဲသောခေတ်၏ အဟုန်ကို ဘုန်းသမ္ဘာတော် အရှိန်ဖြင့် မဟန့်တားတော်မူနိုင်ခဲ့လေ။

ရေမြေသနင်း ပြည့်ရှင်မင်းပင်လျှင် မလွန်ဆန်နိုင်သော ခေတ်အလျဉ်ဖြင့် ဆွေးမှုအား အုပ်၊ ပူမှုကို အုပ်ချုပ်၍ ဖြစ်ရာဘဝ၌ ဖြစ်သလို ပျော်ခဲ့ကြရလေသည်။

ပုထုဇဉ်ဖြစ်သည့် အတိုင်းကား အယောင်းတွေကို မကြာမကြာ သစ်မိကြသော်လည်း ဖြစ်မိသည့် သနစ်စုံကို အနုလုံ ပဋိလုံ မစိတ် မခွဲဘဲသော အယောင်းမှ အကောင်းတွေကို စိစစ်ထုတ်နုတ် နေထိုင်ခဲ့ရင်းက သမ္မဇဉ်မပြတ် မလစ်လပ်ခဲ့သော ဘမိရိုက်ရာ ပုထိုးပွဲ မင်္ဂလာကို ချိန်ခါမလင့် ပြုပြင်ကျင်းပရသော ၁၂၅၄ ခုနှစ် တပို့တွဲလသို့ နာရီစက်တံ ရောက်ခဲ့ပြန်တော့သည်။

အချိန်ကား ညနေစောင်းကလေး ဖြစ်လေသည်။ တိမ်နီမိလ္လာ တိမ်ဝါနော၍ ကောင်းကင်တစ်ပြင်လုံးမှာ ကြည်လင်တောက်ပနေသည်။ လေပြည်လာ သာညင်းညင်းဖြင့် ကျောင်းဝင်းတွင်းသို့ သုတ်သွင်းဆော်လာသော လေရှေ့တွင် ထန်းလက်ကြီးများ၊ မန်ကျည်းကိုင်းများ၊ ထိန်ပင်ဖျားမှာ၊ ဖျောက်ဆိပ်ရွက်ဖျား၊ ကုက္ကို၊ စိန်ပန်း၊ ပိတောက်ပင်ကြီး များမှာ အိတွဲ့ လှုပ်တိမ်းနေကြသည်။ ပွဲလမ်းသဘင် ဆိုင်တန်း ဈေးတန်း ပွဲခင်းတို့တွင်လည်း ဆူညံဟစ်ပျော် နေကြသံများဖြင့် သောသောညံ နေကြလေရာ ခင်သွယ်တို့ သားအမိ သားအဘ သုံးယောက် ငြိမ်သက်စွာ ရပ်နေကြသော ဆော်ကွန်းကျောက်တိုင်အနီးတွင်သာ အနည်းငယ် တိတ်ဆိတ်ငြိမ်သက်နေသည်။

ခင်သွယ်နှင့် ဆောင်ညို လင်မယားနှစ်ယောက်တို့သည် နှစ်ခါလည် နီးပါးခန့် အရွယ်ရှိ မည်းမည်းတုတ်တုတ် နားပန်းဆံကလေးနှင့် သားငယ်လေးကို အလယ်မှထားပြီး လက်ချင်းတွဲကာ ကျောက်စာကို ဖတ်နေကြသည်။ ဖတ်နေရင်းကပင် ယခင့်ယခင်က အဖြစ်သနစ်ယောင်းများကို တရေးရေး တစိမ့်စိမ့် တွေးတောမိကြပြန်လေရာ အတန်ကြာ ငေးမော တွေးတောနေမိ၏။ ကျောက်စာတိုင်ကို လွန်လျက် ထန်းနောင်းပင်ကြီးတွေ ကြားမှ အနောက်ဘက် ယာစပ် တောတန်းညို့ညို့လေးပေါ်မှ ဝင်လုဆဲဆဲ နေလုံး နီရဲရဲကြီးကို ကြည့်နေကြသည်။ နှစ်ခါလည်ရွယ် လူမမည် သားကလေးမှာကား မိဘ နှစ်ပါးကြားမှ လူးလွန့်ထွက်ပြီးလျှင် သဲပြင်တွင် ကစားနေသည်။

ပုစွန်ဆီရောင် တိမ်တောင်ကြက်သွေး ရောထွေး ယှက်သန်းနေသည်ကို ကြည့်ရင်းက နှစ်ဦးသား၏ စိတ်တွင် ဤနေရာ ဤအချိန်မျိုးကလေးမှ စတင်၍ အမျိုးမျိုး အဖုံဖုံ ဆုံကြုံခဲ့ရသော အဖြစ်သနစ် ရှေးဟောင်းနောက်ဖြစ်ကို ပြန်ပြောင်း မတွေးတောဘဲ မနေနိုင်ကြပေ။

ထိုအဖြစ်အပျက်များသည်ပင်လျှင် တိုင်းကြီးပြုန်းပျက် ကျွန်တွင်းသို့ သက်ဆင်းလိုက်ရသော အဖြစ်အပျက်နှင့် ရောထွေးယှက်သန်း ဖန်ဆင်း ပါဝင်နေကြပေသည်။ ရာထောင်မက အနှစ်နှစ်က စနစ်ကျစွာ၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် တင့်ရှန်းစွာ စိုးမိုးပိုင်သခဲ့ရုံမျှ မက မြန်မာ့တန်ခိုး တက်ဖြိုးဝေဝေ ရေမြေရပ်ခြား တိုင်းတစ်ပါးသို့ပင် တံခွန်စိုက်ထူ အနိုင်ယူခဲ့သည့် ဘဝမှ မျက်ဝါးထင်ထင် ရှုမြင်ရသော အခြေအနေကို ကြေကွဲသော စိတ်၊ ဆူကျူးသော မနောအလျဉ်ဖြင့် ဓာဘဝင် မငြိဘဲ မနေနိုင်ပေ။

ဤအခြေ၊ ဤအနေ ရောက်အောင် ဖန်တီးလာစဉ်က တွေ့ကြုံဆုံလိုက်ရသော ကိုယ်ရေး ဖြစ်စဉ်များကို သတိရတိုင်း နှလုံးပူဆာ မသာယာမိ သကဲ့သို့ပင် ချစ်ခင်လေးစား ယုယပိုက်ထွေးခဲ့သူ ညီလေးငစို၊ အချစ်ဦး ဒွေးမယ်၊ နှမလေးကဲ့သို့ သံယောဇဉ်ငြိမိသူ ခင်မှူ အစရှိသူတို့ကို ထားဘိဦး....။

သက်ဦးဆံပိုင် ဓားကစားပြီးလျှင် ကိုယ်ရည်ကို သွေးခဲ့ရသော ရန်သူ ရင့်မကြီး အငြိုးကြီး ငြိုးခဲ့ရသူ ရွှေဘိုင်နောင်၊ ဦးမင်းဒန်နှင့် ဦးထင် စသော ဓားချက် တလျှပ်လျှပ်ကြားမှ ပြတ်သားစွာ မြင်နေနိုင်သေးသူတို့ကိုပင်လျှင် ပြန်လည် တသ ထူမ၍ရလျှင် သက်သွင်းဖုတ်ကာ ခေတ်ဟောင်းကမ္ဘလာအောက်မှ ရုတ်ခြည်း ချက်တစ်ဖြုတ် လှန်လှော၍ ထုတ်လိုက် မိချင်သေးတော့သည်။

မည်သို့ဆိုစေ ညီအို့တို့ လူ စပြီး ဖြစ်လာကြရသော ကုန်းဘောင်ခေတ် ကုန်ချိန်ကလေးတွင်း၌ပင်လျှင် ဇာတိမာန်ဖြင့် ရစ်ထန်သိမ်းကျုံး ဘုန်းအဆူဆူ ကိုယ်ရည်ကို တလူလူ လွှင့်နိုင်ခဲ့သေးသည်။ လွတ်လပ်သော အရဏ်၊ ရင့်ရဲသော စိတ်၊ တင့်မြဲသော လက်ရုံးရည်နှင့် ဓားလွတ်ကို ကိုင်၊ မြင်းကောင်းတွင် ထိုင်ကာ၊ ဆိုင်ပိုင်ရာ ကိုယ်ရေးကို သတ္တိဖြင့် သွေးနိုင်သေးသည်။ ယောကျ်ားတို့သည် ကျားနိုင်ခဲ့ကြပါ၏။ သံကို ဓားလုပ်၊ ဉာဏ်ကို အားကုတ်ပြီးလျှင် ဗျတ္တိကို ချုပ်၊ သတ္တိကို သွေးသုတ်၍ လွတ်ရေး ဇာတ်ထုပ်များကို ခင်းကျင်းနိုင်ကြသည်။

ထိုခေတ်နှင့် ထိုမင်းကို ချဉ်းနင်းဝင်ရောက် မွှေနှောက် သုတ်သင်လိုက်ကြသူတို့မှာ ကုန်းဘောင်ဆယ့်တစ်ဆက် သီပေါဘုရင်လက်ထက်၌ ကြွေလတ္တံ့သော သစ်သီးမှည့်ကို အလွယ်နှင့် ခြွေချိုင်သွားသည်ဟု ယူကျုံးမရ ဖြစ်လိုက်မိသော်လည်း အကယ့်အကယ်နက်နဲသေချာစွာ ဖွေလှစ် ဝေဖန်သည့် အခါတွင်မူကား ဆီးဘန်နီဆရာတော်၏ ရတုအလာ–

ဖြစ်က ပျက်မြဲ၊ မလွဲ စသာ၊ ကြုံကြလာသား၊ သံသရာ သဘော၊ တွေ့ရ

ဩဟု၊ စိတ်ဇော သိမ်မွေ့၊ တထေ့ထေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ် ပွား၍၊ တရားသံဝေ ယူကြလေ ....ဟူ၍ လည်းကောင်း။

ညောင်ပင်သာ ဦးပုည လင်္ကာလာ သကဲ့သို့-

အတ္တနော ကမ္မေ၀၊ အာဂ မိဿတိ၊ မိမိကံသာ၊ ဖန်ဆင်းရာသည်၊ ပဋ္ဌာနေရင်း၊ မှန်စင်းစင်းတည့်၊ ပမာနိူင်းယူ၊ ယခုမူလည်း၊ မည်သူကိုမျှ၊ ပြစ်မချသင့်။ ငါး၀ကမ္ဘာ၊ ကပ်များစွာတွင်၊ ဘယ်ရွာဘယ်ပြည်၊ ဘယ်သည် ဘယ်တိုင်း၊ စံနိူင်းဖွေနည်၊ ဖြစ်ပျက်သည်ကို၊ ကြံစည်မရ၊ ပျက်ကုန်ကြ၏။ မြန်မာ့ပြည်သာ၊ မဟူပါတည့်၊ သခ်ါရမင်း၊ သူလက်တွင်းက၊ မကင်းသမျှ၊ အနိစ္စဟု၊ မုချမှတ်ပါ၊ ဖွင့်ပြမှာသည်၊ နောင်လာသိဖို့ နိဒါန်းတည်း.... ဟူ၍ လည်းကောင်း။

သာသနာပိုင် တောင်ခွင် မဟာသံဃရာဇာ သာသနာပြု ဆရာတော်ဘုရား၏ "လုဒ္ဒန ပလုဒ္ဒန တေန လောကော" ချီ မန္တလေးပျက် တမ်းချင်းကြီး၌-

ရှေးကံပုဗ္ဗ၊ ကုန်ချိန်ကျ၍
ကမ္မသကာ၊ ဒေသနာနှင့်
ဆံလွှာမခွ၊ ညီမောလှလျက်
သူ့ဇာတက၊ တေဇမဖြိုး
စန်းလင်္ဂညိုး၍၊ ထီးကျိုးစည်ပေါက်
ပျက်ကိန်းရောက်သည်
မှတ်လောက် အတိတ် လာတည့်လေး။
မြန့်တိုင်း တောင်သေလာ တည့်လေး။ ။

ဟု ဆိုတော်မူသကဲ့သို့ပင်-

စက်သံသာဝယ်၊ မျက်နှာရှေးရှု၊ ဝေ့သသူတို့၊ မြူအနုတိုင်၊ ဘယ်တည်ကြည်နိုင် ပါ့မယ်။ မခိုင်ခြင်းရာ၊ မငြင်းသာဘု၊ ဗြဟ္မာကျွမ်းဆောက်၊ လူ့ကျွန်းသို့ ရောက်တော့သပ၊ တောက်မစဲသံ၊ ဒေါသငယ် ခြံ၊ ကံအရင်းပေ၊ ဉာဏ်တင်းကာ ဖြေရမည်။ မြန်မြေလုံး လူ့ဗိုလ်မှာ၊ တရားကိုယ် ထင်အလင်းငယ်နှင့်၊ ရှင်းတော့နော် နော့.... ဟု စာဆိုတော် ဦးမောင်ကလေးနှင့်အတူ သမ္မဇဉ် ရှေးရှု၍ ဒေါသထုကို တရားနှင့်ချေ ဉာဏ်နှင့် ဖြေနိုင် ခဲ့သော်လည်း....။

ဖြစ်သည်မှာ ဖြစ်၊ ပျက်သည်က ပျက်ခဲ့သရွေ့ကိုကား မမေ့နိုင်ကြသည်တွင် ဝင်လုဆဲဆဲ နေလုံးရဲကြီးကို ကြည့်ရင်း သစ်ပင်ကိုင်းဖျား အသိုက်အအုံများသို့ ခွန်းထောက် တီတာ တစာစာနှင့် ပြန်လာကြသည့် သာရကာ ကျေးငှက်တို့၏ တေးကွက် သံဆန်းများကို ကြားနာဆွေ့စွင့် လွမ်းဇာတ်ကို ပြန်ပြောင်းပြီး ဖွင့်လျက်....

တန်ဆောင်းတော် ပြအိုးနဲ့
မြို့ရိုးမြင့် နီကြန်ကြန်
ကျုံးပတ်လို့ ရံ။

မင်းမင်းတို့စံ၊ မှန်ပေသည့် မြို့ကျေး။
ခေါင်းလောင်းသံ သာသာနှင့်
စည်ကြီးသံ ဝါဝါနှင့်
ယမန်ခါ သည်လို ညင်းတယ်

မင်းသံတဲ့ လေး။* ဟု လွန်လေပြီးသော ခေတ်ဟောင်းသံတွေကိုပါ ရောထွေးယှက်တင် ကြားချင်ချင် ဖြစ်မိရှုမှုမက မောင်ညိုကြီးတွင် တစိမ့်စိမ့် တရေးရေး တွေးတောမှန်းဆ ဇာတိမာန်တွေ ကြွ၊ ရဲသွေးတွေ ထ လာမိရင်းက ထိုခေတ်ဟောင်း အဟုန်တွင် တူစုံစီး၍ လာခဲ့သော ဖနီးချစ်၏ ခါးကလေးတောင့်တောင့်ကို သူ့လက် မောင်းကြီးဖြင့် ယုယသိမ်းကျုံး ဖက်တွယ်ထားပြီးလျှင်–

ရွှေထီးက တဝါဝါ။
ဝဲလက်ယာ ရွှေကျိုင်းနှင့်
သိုင်းဝင့်လို့ လာ။
ဝန့်ရှင်တော် မဟာ၊ ပြည်ရွာလုံ့ ရေအေး။
ရွှေဗောင်း တင်ဆင်ကာနဲ့
ရွှေဝေါ် ညင်သာသာနဲ့
ယခင်ခါ သည်လိုခင်း

မင်းဟန်တဲ့ လေး။ ။* ဟု တရေးရေး မြင်ယောင် ထင်ယောင်မိသမျှ မင်းဟန်မင်းသံ အဝဝကို တသမျှော်မှန်း ကြားယောင်မြင်ယောင် နေမိသေးလေရာ ထိုထို အလီလီ စိတ်မအီသာ ရတက်ဖြာသမျှကို တွေးတိုင်း ထွေထွေ ဆွေးပင်လယ် ဝေဖို့သာ ဖြစ်မှာပဲဟု စိတ်ကိုတင်းဖြတ် အာရုံကို ညှဉ်းသတ်ပြီးမှ တစ်ယောက်နှင့် တစ်ယောက် အနိုင်နိုင် ကြိုးစား၍ မျက်နှာချင်းဆိုင် ပြုံးကြရတော့သည်။

ဤတွင်မှလည်း ခင်သွယ်သည် အဟောင်းအမြင်းက အလွမ်းမှိုင်းဖြင့် ခပ်ထိုင်း ထိုင်း ဖြစ်နေသမျှ ပျောက်ပြယ် လွင့်သွားပါစေတော့ ဟူသော အကြံဖြင့် ပြုံးရာမှပင် 'တော်ပါဦး တော်ပါဦး၊ အခု ဖတ်ပီးသမျှကိုပဲ ကျူပ် နားမလည်လို့ ပြန်ပြောစမ်းပါဦး'ဟု ရယ်သွမ်းသွေးသည်ကို မောင်ညိုလည်း အလားတူပင် စိတ်ကို ကြာရှည် အထိုင်းမခံတတ် သည့် အလေ့အထ အတိုင်းပင် 'အဟမ်း'ဟု ချောင်းတစ်ချက် ဟန့်ပြီးမှ သွားကြီးဖြိုကာ 'အဟမ်း.... ခုနက ဖတ်ပြသဲ့ အတိုင်းပဲ၊ ရှင်မရဲ့'ဟု ပြောတော့သည်။ ပြောပြီးမှ ခင်သွယ်နှင့်အတူ အသံတွေ တခစ်ခစ်ထွက်အောင် ရယ်မိလေရာ ဘာမျှ နားမလည် သေးသော နားပန်းဆံနှင့် သားလေးကပါ မိဘနှစ်ပါးထံ မော့ကြည့်လျက် အဟိ.... ဟု မညီမညာ ငုတ်တုတ်ပေါက်နေသော သွားလေးတွေ ပေါ်အောင် ရယ်သည်။ ဤတွင်–

---

* ဂန္ထလောက၊ အတွဲ ၂၃၊ အမှတ် ၁၅၄၊ နိုဝင်ဘာ ၁၉၃၇ မှ "ယခင်ခါ"ကဗျာ။

'ဩ ဘသား၊ နားလည်လား'ဟု မောင်ညိုကြီးက အတည်ကြီး မေးသည်ကို ကလေးက ဘုမသိ ဘမသိပင် နားပန်းဆံလေးနှင့် သင်တိုင်းကလေး ခါသွားအောင် ခေါင်းရော ကိုယ်ပါ ညိတ် ညိတ်ပြမှ–

'အိမ်း.... ကလေးတောင် နားလည်သယ်၊ ကလေးအမိက နားမလည်ဘူးသဲ့။ ပြောလိုက်ကွ သား၊ ခင်ဂျား ပဇာမှ နားအလည်ပေါင်.... လို့'ဟု ပြောကာ သားကို ပွေ့ချီ နမ်းရှုပ်နေတော့သည်။ ထိုအခါကျမှ ခင်သွယ်ကလည်း ရောယောင် ရယ်မောရင်း 'လာ ကိုညို၊ သွားစို့တော်။ မဏ္ဍပ်ထဲမယ် အလှူရှင်တွေ မရှိ၊ ဘယ်ဆီ သွားပုန်းနေလို့လဲ လို့ သောသောညံ နေဦးမယ်ရှင့်၊ လာ'ဟု နေရာမှ ထွက်သဖြင့် ဇနီးနောက်က သားပိုက်၍ လိုက်ခဲ့ရသည်။ လေးငါးဆယ်လှမ်းခန့် သွားမိလျှင် လက်ပေါ်မှ ကလေးက ဝါးဝါး၊ ဝါးဝါးဟု ဆုတ်ကန်ဆုတ်ကန် လျှာချနေသဖြင့် 'ပဇာတုံးသား သား၊ ဟင်'ဟု ငုံ့မေးပြီး နေသော မောင်ညို့ထံ ခင်သွယ်က လှည့်ကြည့်လျက် 'ဩ ဟုတ်သားပဲ၊ ကလေးတော့ ချိလာသယ်၊ သင်း ကစားစရာ ပစ္စည်းတော့ ထားရစ်သာကိုးတော့'ဟု ဆိုတော့မှ–

'ဩော် ပြောမှပေါ့ကွ သားရ'ဟု မြေပေါ်သို့ ပြန်ချပေးရင်း 'ရှင်သွယ် အသာနေ၊ ချင့် ပစ္စည်း ချင်း သွားယူပစေ။ ဟောဟို ကျောက်တိုင်နားမယ် ချင်းဓားနဲ့ ကျွဲရုပ်ရှိသယ်။ ဓားဆွဲမလား၊ ကျွဲဆွဲမလား ကြည့်ရသဲ့အောင်'ဟု သားအား လွှတ်ပေးလိုက်သည်။

သားကလေးသည် ရွှေခြေကျင်းနန်းလုံး ဝင်းဝင်းစိုစိုလေး တချွမ်ချွမ်မြည်အောင် ခြေကလေး ဘောက်ဆတ်ဘောက်ဆတ်နှင့် သူ့ကစားစရာများ ကျန်ရစ်ရာသို့ တဖြည်းဖြည်း သွားနေတော့မှ မောင်ညိုက အသံတွေ တစ်မျိုးကြီးဖြစ်ရာက 'ရှင်သွယ်ရ၊ ချင်းတို့ ခေတ်နဲ့ တို့တစ်တွေခေတ်နဲ့ ဆိတ်စာမှ တူသာ မဟုတ်ဘူးကွယ့်။ တို့ခေတ်တုန်းက လွတ်လွတ်လပ်လပ်နဲ့ လုပ်ရဲခုတ်ရဲ သတ္တိနဲ့ ဇွတ္တိကို ထုတ်ရဲသယ်။ ချင်းတို့ခေတ်ကတော့ တို့လို အရှင်နဲ့ သခင်နဲ့ ခေတ်မဟုတ်ဘဲ ကျွန်ခေတ်မို့ ချင်းတို့စိတ် ဘယ်လိုလာကြလဲ သိရသဲ့အောင် ချင်းတို့သွေးကို စမ်းကြည့်သာကွယ့်'ဟု ပြောထားသည်။

ခင်သွယ်ကလည်း ထိုတွင်မှ လင်ဖြစ်သူ၏ မျက်နှာမည်းပြံပြံကြီးနှင့် ကုပ်ပိုး ထူကြီး၊ ရင်အုံကျယ်ကြီးတွေကို အားရပါးရ ကြည့်ပြီး 'တော်က မွေးသဲ့သားပဲ၊ တော် လည်း မဟုတ်မခံ၊ သံတခေါင်ခေါင် မြည်သံကြားရင် သွေးတခြင်းခြင်း နိုလာသာပဲဟာ'

'အိမ်း နင်လည်းပဲ နယ်နယ့်မိန်းမ မဟုတ်ပေါင်ပါ။ မတ္တရာမယ် မင်းသားရှုးကြီး အိမ်နိမ့်ထားတုန်းက အမှုထမ်းသဲ့ ငနောင့်လှကိုတောင် ဓားနဲ့ ဝင်ခုတ်ရဲသာပဲ။ နင်နဲ့ငါက မွေးထုတ်သဲ့ တို့သားကျတော့.....'ဟု မောင်ညို စကားကိုဆုံးအောင် မပြောနိုင်ဘဲ ကျောက်တိုင်ရှေ့သို့ တရွေ့ရွေ့ နီးကပ်နေသော သားကလေးထံ ရင်တဒိတ်ဒိတ်နှင့် မျက်တောင်မခတ် ကြည့်နေမိ၏။

ကျောက်တိုင်ခြေရင်း သဲပြင်ကလေးပေါ်တွင် ထန်းလက်ဖြင့် လုပ်ပြီး သင်ကြိုး တစ်စဖြင့် ချည်ထားသော ကျွဲရုပ်တစ်ရုပ်နှင့် ထန်းလက်ဓားကလေးတစ်စင်း ကျ ကျန်ရစ် ခဲ့လေရာ မောင်ညို့သားကလေးသည် ထိုနေရာအထိ သွားပြီး နောက်က အာရုံတမျှင်းမျှင်

ဖြစ်နေကြသော မိဘတွေ ဟင်းခနဲ ပြိုင်တူ သက်ပြင်းမှုတ်မိအောင် ကျွဲရုပ်ကလေးကို ကိုယ်ကလေးကိုင်း၍ ကောက်ယူကာ သင်ကြိုးစမှ ကိုင်၍ 'ဟီး `.... ယိုး.... ယိုး.... ယိုး' ဟု ကျွဲမောင်းလာတော့ရှာသည်။ ကျွဲရုပ်ကား မော့မော့နှင့် သဲပေါ် တရွတ်တိုက်လာသည်တွင် မောင်ညို ဟင်းခနဲ သက်ပြင်းချပြီး နေရာက သုတ်သုတ် လျှောက်သွားကာ သဲပေါ်၌ ကလေးမယူဘဲ ချန်ထားရစ်သော ထန်းလက်စားကလေးကို လျင်မြန်စွာ ကောက်ယူ၊ အပိုင်းပိုင်းဖြစ်အောင် သူ့လက်ကြီးတွေဖြင့် ချိုးခြေပစ်ခဲ့သည်။

စိတ်တွင် လွန်မင်းစွာ ထိခိုက်သွားသဖြင့်လည်း 'တောက်'ဟု တစ်ချက်ခေါက်ပြီး 'ချင်းကြည့်ရသာ အားမရပါဘူး၊ ချင်းဦးလေးနဲ့ သယ်တူ။ ငါလုပ်ပေးသဲ့ စားမှန်ရင် အကုန်ပစ်ထားသာပဲ။ ငါ့လခွီး၊ ချင်း သောက် ကျွဲရုပ်၊ နွားရုပ်မှ....'ဟု ပြောနေသေးသည်ကို ခင်သွယ်ကလည်း မောင်ညို မည်မျှ စိတ်ထိခိုက် ခံနေရသည်ကို နားလည်သွားသည့် အတွက်–

'တော်ကလည်းနော.... သင်း ငယ်သေးသဲ့ အရွယ်ပဲဟာ။ သင်း ဦးလေးဖြိုးတို့၊ ဦးလေးဝါဖူးတို့နဲ့ ယာထဲ ကိုင်းထဲချည့် လိုက်နေဖန်များလို့ ယာစိတ်ကိုင်းစိတ် ပေါက်နေသာပါတော့'ဟု ပြောသည်။ ခင်သွယ် သို့ပြောသည်ကိုပင် မကျေနပ်နိုင်သေးသဖြင့် မောင်ညိုတွင် သားကိုသာ ပြန်ပြီး ချိရသည်။

'ရှင်သွယ်ရာ၊ သည်လိုဆို တို့ခက်ကရောပေါ့။ လူမှန်းသိပီး ယာလုပ် ကိုင်းလုပ် လာသဲ့ ကြားထဲကပဲ မဟုတ်လား၊ သံ သံ.... ချွင်ခနဲ ကြားသာနဲ့ တစ်ပြိုင်နက် တို့သွေးများတော့ နွေးခနဲ ပွက်လာသာပဲ'ဟု ပြောနေသေးသည်ကို ခင်သွယ် တွေတွေကလေး မျက်နှာချို ပေးရာမှ 'အို ကိုညို့နှယ်၊ သင်း ငယ်သေးလို့ဆို၊ တော်နဲ့ ကျုပ်က မွေးထုတ်သဲ့ သားပဲ၊ ညံ့ပါ့မလား တော့။ ပီး တော်လုပ်ပေးသဲ့ စားက သံမှ မဟုတ်ဘဲ။ ထန်းလက်စားမို့ သင့်သွေးကို မဆွနိုင်သာနဲ့ တူပါသယ်။ အကယ့် သံစားကိုင်ရတော့ သင့်သွေးက နွေးရုံမကဘူး၊ ကျိုက်ကျိုက်ဆူလာမှာ တော်ရဲ့'ဟု ပြောဆို နှစ်သိမ့် စေရရှာသည်။

ဖခင်အား မိခင်က နှစ်သိမ့်စေသကဲ့သို့ မိခင်ကိုယ်တိုင်လည်း အကယ် နှစ်သိမ့်နိုင်ပါစေသားဟု တောင့်တ မျှော်မှန်း နေမိရှာတော့သတည်း။

ဟုတ်ပါသည်။ ယခုကဲ့သို့ ဇာတ်ဆောင်သူ ဤအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ အကြင်လင်မယားဘဝသို့ သိုက်မြိုက်စွာ ဆိုက်ရောက်လာကြပြီးကာ သားလေး ရတနာ ထွန်းကားလာလျက် မိရိုးဖလာ မြန်မာအနေဖြင့် နေကြ၊ တွေးကြ၊ ဆွေးကြ၊ ပျော်ကြ၊ ရွှင်ကြပုံဖြင့် သဘာဝကျသော နိဂုံးနှင့် ဇာတ်လုံးဖော်ခဲ့ပေပြီ။

သို့သော် ဤမိသားတစ်စု ရှေးရှုပြီး နေထိုင်ကြရမည့် ဘဝမှာလည်း စည်ထီးခရိုင်မြိုင်ဆိုင်တင့်ဝေ ထီးနန်းဗွေစင် ကိုယ့်ဘုရင် ကိုယ့်အရှင်ဖြင့် တင့်တောင့်တင့်တယ် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်သူပြည်သားများ မဟုတ်တော့မူ၍ သူ့ဖဝါးအောက် ကျွန်သပေါက်တုံးသို့ သုဉ်းရှုံးကျရောက်ပြီးဖြစ်သော ဝမ်းနည်းစဖွယ် အခြေဆိုး "အဆုံး"အတွက် "အစ" ဖြစ်ခဲ့ချေလျက်–

ကျွန်ဘဝ၏ နံ့ချာမှုတွေကို ကျွန်ဖြစ်ဖူးမှသာ တင်စားနိုင်သကဲ့သို့ ကျွန်ဘဝ ညွှန်နစ်မှ ဖျစ်ဖျစ်မြည်မြည် လွတ်ရန် ရည်ရွယ်မှုကို အထောက်အပံ့ ပေးရန်မှာလည်း–

လွတ်လပ်စဉ် ခေတ်အခါက လူတွေ နေပုံ ထိုင်ပုံ၊ ကြံပုံ လုပ်ပုံ သရုပ်သကန်ကို ထုတ်ပြန်စေစား မျှော်မှန်းကြည့်မှုပင် ဖြစ်လေ၏။

ထိုသို့ တပြီးကား၊ ကျွန်ဘဝမှ လွတ်မြောက်မှုကို စေစားကြံတွေး အားနေသော ဇာတိသွေးကို နွေးရန်မှာ အဓိက ဖြစ်ပါသည်ဟု ယုံကြည်ခဲ့သော်–

ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းမှု၏ အထွဲတ်အထိပ်သည် အင်္ဂလိပ် ဖမ်းသွားသော ရှင်ဘုရင်ကို သော်လည်းကောင်း၊ အင်္ဂလိပ် မဖမ်းဘဲ တိုင်းခြားရပ်ရွာ တစ်နေရာတွင် ရောက်ရှိနေသည်ဟု ယုံကြည်ရသော ညောင်ရမ်းညီနောင် အနွယ်တော် တစ်ပါးပါးကို သော်လည်းကောင်း ပြန်လည်ကြွရောက် ထီးနန်းကောက်ပါရန် လုံးပန်း ဒြပ်ဖော်မှု ဖြစ်ပါသလော။

ညီ၊ ခင်သွယ်တို့နှင့်တကွ သူတို့၏ သားစဉ်မြေးဆက် မြန်မာ့ မြန်မာအများ ကြုံကြိုက်ခဲ့ပြီးသော ကျွန်ဘဝ၏ အဆုံးသတ်သည် အင်္ဂလိပ်ကို မောင်းပြီး ရှင်ဘုရင်ကို နန်းသိမ်းစေမှုဖြင့် ပြည့်ဝကုံလုံသည်ဟု ယူဆပါသလော။ မြန်မာပြည်အတွက် မြန်မာ ရှင်ဘုရင် ပြန်ရလျှင် မြန်မာများ သခင်ဘဝသို့ ပြန်ရောက်မည်လော။

လေးနက်စွာ စေစားဖို့ ဖြစ်လာပေပြီ။

ဘုရင်ရှိသော ခေတ်တွင် ဖြစ်ပျက်လေ့ရှိသော အဖြစ်သနစ်များကို ဆင်တူရိုးမှား ပြုကာ–

မွန်အား ဘုရင့်တပ်မတော်သားများက တရားလက်လွတ်(ဝါ) တရားဥပဒေကို မိမိတို့လက်သို့ ဆွဲသိမ်းကာ စားစားကျွေးမှုသည် လည်းကောင်း၊ လူ့ယဉ်ကျေးမှု အခွင့်အရေး (ဒီမိုကရေစီ)စနစ်ဖြင့် ဘုရင့်ခုံရုံးအထိ ဖမ်းဆီးပေးပို့ပြီး စစ်ဆေးလျှောက်လဲခွင့် ပေးပါဟု တောင်းပန်မှုကို လျစ်လျူရှုပုံသည် လည်းကောင်း။ ပဒေသရာဇ် စနစ်အရ မြေပိုင်ယာပိုင်ရှင် သားများသည် တစ်နှစ်တွင် တစ်လခန့် အလုပ်ဝင်ပြီး ကျန်အချိန်များကို လည်ကာပတ်ကာ သောက်စားပျော်ပါးစွာဖြင့် လည်းကောင်း။ ကျမ်းဖတ်သည်၊ ကျမ်းမှတ်သည်ဟု ဆိုကာ နယ်တကာ လျှောက်သွား၊ ပေါ့ပါးစွာ နေနိုင်မှုကို အသားပေး ယူငင်နိုင်ခြင်းသည် လည်းကောင်း။ တော်ရုံ မကျေနပ်မှု၊ သဘောကွဲလွဲမှု၊ အတွေးအခေါ် မညီညွတ်မှုအတွက် အသက်ကို သွေးဖြင့်လဲပြီး ဓားပွဲဆင် ခုတ်ကြ ထစ်ကြ၊ သတ်ကြ ပုတ်ကြ၊ ငြိုးကြသည်ကို လည်းကောင်း။ သဘောကြိုက် နှလုံးခိုက်လောက်ပါတကား ဟူ၍ အထင် ရှိနေပါလျှင် ရှင်ဘုရင်ဖြင့် လွတ်လပ်ရေးသဏ္ဌာန် ထူလွှင့်ကြရန်သာ ဖြစ်ပါသည်။

ယင်းသည့်ခေတ်နှင့် ဆိုင်လျက် ထီးပြိုင်နန်းပြိုင် တိုင်းတစ်ပါးများ၌ လောကဓာတ် ပညာရပ်များစွာ ထိုးထွက် ပေါ်ပေါက်ပြီးလျှင် ယန္တရားခေတ်သစ် ဖြစ်ထွန်းနေခိုက်မှာ မြန်မာလူထု အများသည် စုန်း ကဝေ တစ္ဆေ စသော အယူဝါဒများကို အခြေပြုလျက်

လူထု အခွင့်အာဏာကို အလွဲမှား သုံးစွဲ၍ အကာအကွယ်မဲ့သော အဘွားအိုရွတ်တွအား မိးတောက်ညီးညီးဖြင့် ရှို့မြိုက် သတ်ဖြတ်ကြပုံကို လည်းကောင်း။ အလိုမတူသော လုံမပျိုနှင့် လုလင်ပျိုအား အဓမ္မ အိမ်ရာဘက်သား ပြုစေမှုသည် လည်းကောင်း အားရ စဖွယ်ဟု အထင်ရှိပါကလည်း ထိုခေတ်ကဲ့သို့ ယောင်းစေရန် ပြောင်းရန်သာ ရှိပါ၏။

အိမ်နီးချင်းနိုင်ငံ အိန္ဒိယတွင် ဗြိတိသျှက ခြေကုပ်မြဲပြီးလေပြီ။ အင်ဒိုချိုင်းနား၌ ပြင်သစ်က သြဇာစွဲပြီးလေပြီ။ ထိုလက်နက်နိုင်ငံကြီး နှစ်နိုင်ငံက မြန်မာပြည်ကို မိမိတို့ လက်ဝယ်သို့ အသီးသီး ဆွဲယူသိမ်းသွင်းရန် စိုင်းပြင်းစ ပြုနေလေပြီ။

ထိုသို့ အသည်းယားစရာ ခေတ်အခါတွင် ရွှေနန်းတော်တိုင်ဘေး၌ ခွေးမိုက်စွာစွာ အသံဆာဆာ ပြုသကဲ့သို့ အချင်းချင်း ရန်စောင် ငြူစူနေကြသော လူနှစ်စု ကွဲပြား ခြားနားနေကြသည်။ ရှင်ဘုရင် ဆိုသူကလည်း မယားစကား ပါပါ၊ အပြောဦး အလျှောက် ဦးသူ ထံပါးသို့ မစူးမစမ်း ညွတ်လွယ်သောပုဂ္ဂိုလ် ဖြစ်နေလေသည်။

မည်သို့ဆိုစေ အဆိုပါ နိုင်ငံကြီးနှစ်နိုင်ငံ၏ ဘေးအန္တရာယ်ကို မြန်မာဘုရင်နှင့် သူ၏ အစိုးရသည် ထိုခေတ်က ကြံကြံခံနိုင်ဖွယ် မရှိလေ။ တစ်ဦးဦးထံ ချစ်ကြည်ရေးပြုရန် သာ မျှော်လင့်ချက်ရှိသည် မဟုတ်လော။

သို့ကား မလုပ်ခဲ့။ ဉာဏ်မသုံးဘဲ ဓားတုံးဖြင့် ကန်မိသောကြောင့် နန်းစံ သုဉ်းရှာ လေပြီ။

တိုင်းသားပြည်သူ စုရုံး စည်းလုံးမှု အလျှင်း မရှိ။ ပညာဉာဏ် ဗဟုသုတ ခေါင်းပါး၊ စိတ်ဓာတ်ချောက်ချား၊ အင်အားချည့်နဲ့၊ ရှင်ဘုရင်ပျော့စိနဲ့၊ မှူးမတ်တစ်စု သဘောနုကြသည်။ ထိုအတွင်း ထိုအခင်းသို့ စားကြွင်းစားခွက် ဝက်ဝက်ကွဲကွဲ နယ်ချဲ့ စနစ် အလစ်သုတ်သော ဗြိတိသျှ သွေးစုပ်ဘီလူး လာလိုက်ခြင်းဖြင့် ကျွန်တွင်း လုံးဝ ကျခဲ့ရခြင်းမျှ ဖြစ်သည်။

ကွဲနေကြတိုင်း၊ ကွာနေကြတိုင်း အုပ်ချုပ်သူ ရှင်ဘုရင်ဖြစ်စေ၊ အဓိပတိဖြစ်စေ၊ သမ္မတဖြစ်စေ၊ နန်းရင်းဝန်ဖြစ်စေ၊ နန်းဖျားဝန်၊ ဝန်ကြီးချုပ်၊ ဝန်လေးချုပ် ဖြစ်စေ ညံ့လျှင်၊ ပျော့လျှင်၊ နော့လျှင်၊ ဆော့လျှင် ....

လူထုအဆင့်အတန်း ညံ့တိုင်း
လူထုစည်းရုံးမှု ပျက်ပြယ်တိုင်း
နန်းသုဉ်း ထီးကျိုး
အမျိုးကောလုနီးပါး

လွတ်လပ်မှု အခွင့်အရေး အချုပ်အခြာအာဏာစုသည် လူထုလက်မှ လက်လွတ် စပယ် ဝေးဖွယ်ရာသာ ရှိပါ၏။

လွတ်လပ်မှုသည် ရှင်ဘုရင် ပြန်ရဖို့လည်း မဟုတ်လှ။

နန်းတော်တိုင် ပြန်ထူဖို့လည်း မဟုတ်သေး။

လူ့အခွင့်အရေး စည်းဝိုင်းအတွင်းမှာ လူအဖြစ်ဖြင့် စိတ်သွားတိုင်း ကိုယ်ပါ၊ လိုရာကို လွတ်လွတ်ကျွတ်ကျွတ် ကျင့်ကြံလုပ်ဆောင်ရန် အရေးသာလျှင် ဖြစ်သည်။

ညီဖြနှင့် သူ့ချစ်ဇနီး သွယ်လေးခင်တို့ နှစ်ဦးက ကျွန်ဘဝ လမ်းအစမှာ သူတို့ ရင်နှစ်သည်းချာအား ထန်းသားဖြင့် လုပ်သော ဓားကိုပင် မကိုင်ချင်ရစကောင်းဟု စိတ်ခဲမကျေ ဖြစ်ခဲ့ရှာချေပြီ။

သွယ်လေးခင်က–

"ကိုညီဖြရယ်၊ သင်းလက်မယ် အကယ့် သံနဲ့လုပ်သဲ့ဓား ကိုင်ရတော့ သင်းသွေးက နွေးရုံမဟုတ်ဘဲ ကျိုက်ကျိုက်ဆူပွက်လာမှာပါ"သဲ့။

အားနေသောသွေး ကျိုက်ကျိုက် ဆူလာသောအခါ–

သွေးနှင့်သံ တွေ့ကြသောအခိုက်–

သံနှင့်သွေး ဆုံရသော ဘဝ၌–

အဘယ်မည်သော လွတ်လပ်ရေးသင်္ကေတကို ဆောင်ကြပါမည်နည်း။ ထွင်းကြ၊ ထုကြ၊ ဖော်ကြအံ့နည်း။ ။

ရာဇပလ္လင်နှင့် ရွှေနန်းတော်ကို ဖော်ထုတ်ပြုပြင် ဖန်ဆင်းရန်လော။

များလှဗိုလ်ချေ လူထုတွေအတွက်–

အိမ်နေ ယာခင်း တည်ရှင်း ဆောက်လုပ်ရန်ပါလော။

အချိန်သည် သာလျှင် "ရာဇဝင်"၏ အတိုင်းအတာဖြစ်လျက် ထိုအတိုင်းအတာဖြစ်သော ရာဇဝင်၏ "ရလဒ် စုကြွင်း"သည်သာ "အစ"အတွက် "အဆုံး"စင်စစ် သနစ်ကောက် မှန်ပေမည်။

သံနှင့်သွေး လွေးကြ ဆုံကြသည်အထိ ငံ့မျှော် စောင့်လင့်ကြစို့လေ ဟူသော အမြဲတစေစိတ်ဓာ ကပ်မှုအတွက် အလုံးခြပ် သင်္ကေတ အထည်မှာကား–

တံတားဦးမည်သ ထို၌ာနရှိ မဟာတက်တိုးအောင်မြေ ပုထိုးတော်အတွက် ထူစိုက်ထားသော ကမ္ပည်း ကျောက်စာတိုင်ဘေးမှ သားငယ်ကို လက်ဆွဲ၊ ကိုယ်စီ လက်ယှက် ယှဉ်တွဲကာ တဆွေးဆွေး တဖြည်းဖြည်းဖြင့် ထန်းနောင်းပင်ရိပ်သို့ ရွေ့လျားလျက် နေကြသော မောင်ညီဖြနှင့် ခင်သွယ်တို့ မိသားသုံးဦးပင် ဖြစ်ပေတော့သတည်း။

ထန်းနောင်းပင်အုပ်အနီး ဆီးပင်ဖုတ် အကွယ် ယာကွက်အလယ်မှာ တမျှဉ်းမျှဉ်း ဆာ....

လေပြည်လာ....သာညင်းညင်း။



သံနှင့်သွေး